
မြို့ပြင်ကြီးဆရာတော်သည်အရပ်ရပ်မေးလျှောက်တောင်း
ပန်သောပုဂ္ဂိုလ်တို့၏ကောင်းမြတ်သောအလိုဆန္ဒအဇ္ဈာသယကို
ပြည့်စုံစေလျက်ရဟန်းရှင်လူ သူခပ်သိမ်းတို့၏ကြည့်ရှု
မှတ်သားနားလည်သိမြင်နိုင်ခြင်းအစရှိသောပစ္စုပ္ပန်
သံသရာလောကီလောကုတ္တရာများစွာသော
အကျိုးစီးပွါးရှိမည်ကိုရည်သန်တောင့်တ
သဖြင့် ပရိယတ္တိဝိသာရဒ သုတဓရ
သုတသန္နိစ္စယတိက္ခဂမ္ဘီရ
ဉာဏ်အစရှိသောဂုဏ်နှင့်ပြည့်
စုံသောပုဂ္ဂိုလ်တို့နှင့်တိုင်ပင်ညှိနှိုင်း၍
ထိုထိုပါဠိအဋ္ဌကထာဋီကာဂန္ထန္တရတို့မှထုတ်
နုတ်ဆောင်ပြအပ်သောများစွာသောနည်းတို့ဖြင့်
နှိုင်းညှိဆုံးဖြတ်စီရင်အပ်သော ပုစ္ဆာဗျာကရကျမ်း။
စက္ခာဒိဉပ္ပတ္တိဒီပကကျမ်း။ သီလသမာဒါနဝိနိစ္ဆယကျမ်း။
သရဏာသဂ္ဂုပါဒိဒဿနကျမ်းတို့ကိုတအုပ်ထည်းပေါင်းစု၍
ပုံရိုက်လုပ်ဆောင်အပ်သော

# မြို့ပြင်ကြီး၄စောင်တွဲကျမ်း။

ရန်ကုန်မြို့။
ဟံသာဝတီသတင်းစာတိုက်။
၁၈၉၈ ခုနှစ်။



မြို့ပြင်ကြီးဆရာတော်ဘုရား။

# နိဒါန်း။

အမရပူရမြို့ပြည်တိုက်ပြည်ဆရာတော်ဘုရားကြီးအထံဝယ်။ ခုနစ်နှစ်ပတ်လုံးမှီနေဆည်းကပ်ကျမ်းဂန်သင်ကြားသဖြင့်။ ၎င်းဆရာတော်ဘုရားကြီးနှင့်တကွ နောင်ကြီးအိုင်ဆရာတော် ရွှေဂူဆရာတော် အစရှိသောဆရာမြတ်တို့၏အထံမှရအပ်သောနယူပဒေသရှိသော။ ။ပလိပ်ရွာ၏တောင်မျက်နှာသာယာသန့်ရှင်းသော မြေခင်းဝယ်။ မန္တလေးရတနာပုံမြို့တည်နန်းတည်ပဋ္ဌမသင်္ဂါယနာတင်မင်းတရားကြီးဆောက်လုပ်လှူဒါန်းအပ်သောကျောင်းတော်။ မြို့သစ်မြို့၊ မြို့ပြင်ကြီးရွာအနောက်ဘက်ဓမ္မာသောကမင်းတရားကြီး၏ ကောင်းမှုရွှေမုဋ္ဌောစေတီတော်ကြီး၏အနီး၌ ၎င်းရွာဒါယကာတို့ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း။ ၎င်းရွာမှမြောက်အနီးအဋ္ဌသာလိနီယောဇနာ။ သမ္မောဟဝိနောဒနီယောဇနာ။ သမန္တပါသာဒိကပါရာဇိကဏ်ယောဇနာ။ အဘိဓမ္မာ ၇ ကျမ်းအဋ္ဌကထာ၏ဂဏ္ဌိပုဒ်ဖြစ်သောအဘိဓမ္မဂုဠှတ္ထဒီပနီ။ ပါတိမောက္ခဂဏ္ဌိပုဒ်။ ကစ္စည်းကျမ်း၏အဖွင့်ဖြစ်သောရူပဒီပဏီကျမ်း။ နေတ္တိဝိဘာဝနာကျမ်း။ အစရှိသောများစွာသောကျမ်းဂန်တို့ကိုရေးပြုစီရင်တော်မူသောသာဋ္ဌကထတိပိဋကဓရဖြစ်တော်မူသော အရှင်ဉာဏကိတ္တိအစရှိသောလဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိဆေကဂုဏ်နှင့် ပြည့်စုံတော်မူကုန်သော အဆက်ဆက်သော ဆရာ မြတ်တို့ သီတင်းသုံးတော်မူရာ ပနသာ ရာမကျောင်းတိုက်အရပ်ဟူ၍အ များထင်မှတ်သမုတ်အပ်သော ရန်ညင်းစေ့ပမာဏပုလဲအဆင်းရှိသောသရီရဓါတ်မွေတော်မြတ် ၁၇ ဆူနှင့်တကွများစွာသောဓါတ်မွေရုပ်ပွါးတော်မြတ်တို့ကိုဌာပနာရာ သကျမဉ္ဇူစေတီတော်။ ရတနာရံသီစေတီတော်တို့ကိုတည်ထားကိုးကွယ်ရာ။ ထက်ဝယ်တော်သဏ္ဌာန် ရောင်လျှံတော်ကျန်အရပ်ခြောက်တောင်ပမာဏရှိသောဝိသာသပေါင်း အထောင်မကသောကြေးစင်တို့ဖြင့် သွန်းလုပ်အပ်သောသကျမာရဇိန် ကြေးရုပ် ရှင်တော်မြတ်၏ ကိမ်းဝပ် သီတင်းသုံးတော်မူရာ။ ထိုစေတီတော်ရုပ်ပွါးတော်တို့ဖြင့် အလွန်တင့်တယ် မွေ့လျော်ဘွယ်ရှိသောမြစည်းခုံကျောင်းတိုက်ကြီးဝယ်၎င်းရွာဒါယကာတို့ဆောက်လုပ်လှူဒါန်းအပ်သောကျောင်း။ ပဋ္ဌမသင်္ဂါယနာတင်မင်းတရား

# နိဒါန်း။

ကြီး၏ရိုးရင်းတော်ဘက် ရွှေမြို့တော်ဝန်မြို့သာမြို့စားမင်းကြီးမဟာမင်းလှမင်းခေါင်သူရိန်ဝန်ကတော်မရွှေမြင့် ဇနီးမောင်နှံတို့ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအစရှိသောပြာသာဒ်စနူးဆောင်တို့ဖြင့် ခြံရံအပ်သောဘုံ ၃ ဆင့် ၄ ဆင့် ၅ ဆင့် စသည်ရှိသော ထိုထိုကျောင်းရပ်တို့၌ အလှည့်အလည်သီတင်းသုံးနေသဖြင့်။ များစွာသော တပည့်သံဃာ ပရိသတ်တို့အား တတ်စွမ်းသည်အလျောက် ပရိယတ္တိဓမ္မကိုပို့ချတော်မူသော။ ။မန္တလေးရတနာပုံ ရွှေမြို့တော် ဝန်းကျင်အရှေ့ ပြင်တောင်ပြင်လမိုင်းလကျာ်တော်အမရပူရမြို့ ပလိပ်တဘက်ဆွဲမှစ၍ ဒုန္နာဝတီမြစ်ငယ်ဝဲယာမြို့ရွာရှိ ကျောင်းတို့၌ သီတင်းသုံး နေကျန်သော သံဃာတော် ၂၀၀၀ ကျော်တို့၏ဂဏာစရိယဂဏာပါမောက္ခဖြစ်သော။ ။အမ္ဘသာလိနီနိဒါန်းဂဏ္ဌိသစ်။ပဋ္ဌိစ္စသမုပ္ပါဒနယဒီပနီ။ ဒိဗ္ဗဘေဒပကာသနီ။ကုက္ကုစ္စဝိနိစ္ဆယ။ဖလဗ္ဗဘေဒဒီပနီ။ရူပဝိထိပကာသနီ။သမ္မောဟာဆေဒနီ။အဘိဓမ္မတ္ထသရူပဒီပက။ပုဏ္ဏာဗျာကရဏ။ စက္ခာဒိဥပ္ပတ္တိဒီပက။သီလသမာဒါန ဝိနိစ္ဆယ။ သရဏာသရူပါဒိဒသနကျမ်းတို့ကို ရေးပြုစီရင်တော်မူသောပရိယတ္တိဝိသာရဒခန္တီသောရစ္စအစရှိသောဂုဏ်နှင့် ပြည့်စုံသော အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော မြို့ပြင်ကြီးဆရာတော်သည်။ ဟံသာဝတီ ရန်ကုန်မြို့ တိကုံစေတီတော်ကြီး၏ အရှေ့မျက်နှာ အနီးပစ္စမသင်္ဂါယနာတင်မင်းတရားကြီး၏ကျောင်းတော်ရာမြေဖြစ်၍၊ ကျောင်းတော်ရာဟု ထင်ရှားသော မြေရပ်ဝယ်။ ဗင်္ဂလားဆရာတော်ကျောင်းတိုက်အတွင်းရန်ကုန်မြို့ပွဲစါးစံကျေါင်းဒါယကါမောင်ဘေသိန်း စံကျောင်းအမ မယ်ကြင် ဇနီး မောင်နှံတို့ ဆောက်လုပ် လှူဒါန်းအပ်သောကျောင်း၌ ၁၂၅၉ ခုနှစ်၊ ၆၀ ပြည့်နှစ်အတွင်း သီတင်းသုံးနေတော်မူသောအခါ။ ၎င်းဆရာတော်ဘုရား ရေးသားပြုစုအပ်သော ကျမ်းဂန်များအနက်။အထက်ကာလပုံရိုက်လုပ်ဆောင်ခြင်းကိုမပြုဘူးသေးသော• ပုဏ္ဏာဗျာကရဏ။ စက္ခာဒိ ဥပ္ပတ္တိဒီပက။ သီလသမာဒါန ဝိနိစ္ဆယ။ သရဏာသရူပါဒိဒသနကျမ်းတို့ကိုပုံနှိပ်လုပ်ဆောင်ခြင်း၌ သပြေကန်မြို့ဘားကူးရွာနေ ကျောင်းဒါယကာဦးနု။ ကိုဘိုးမင်းအစရှိသောကျေးရွာလူကြီးတို့ စတင်အားထုတ်သဖြင့်။ ရန်ကုန်မြို့ ပဇွန်ထောင် ပွဲစားကြီးမောင်စံထွန်းကဒင်းရပ်နေပွဲစားကြီးများနှင့် တိုင်ပင်စဉ်းကြပ်အရပ်ရပ်ပြောကြားသင့်သောသူတို့ကိုပြောကြားနှိုးဆော်အါးထုတ်၍။ရန်ကုန်မြို့

# နိဒါန်း။

ဟံသာဝတီပုံနှိပ်တိုက်ဝယ်။ ရင်းပုဏ္ဏာဗျာကရဏစသော ၄ ကျမ်းတို့ကို တအုပ်ထည်းပေါင်းရ၍ဌားရမ်းပုံရိုက်လုပ်ဆောင်ရာ။ ဆရာတော်ဘုရား ဆုံးဖြတ်ရေးသား မိန့်ကြားတော်မူရင်းအတိုင်း။ ပိုက်သေးပိုက်မမှစ၍ ပုဒ်အက္ခရာတို့ကို ပိုလွန် ယုတ်လျော့ ဘောက်ပြန်တိမ်းချွတ် မရှိစေရ ရင်းဆရာတော်ဘုရားကြီး၏ သဒ္ဒါဝိဟာရိက တပည့်ဖြစ်ကုန်သော ရဟန်းတော်ဦးဥေယျ ဦးအာစာရအရှင်နှစ်ပါးတို့ မှန်ကန်သေချာစွာတည်း ပြာင်၍သုတ်သင်ပြင်ဆင်၍ပုံရိုက်လုပ်ဆောင်အပ်သော ဤကျမ်းစာအုပ်၌ ပါရှိသောအရပ်ရပ်ဝိနိစ္ဆယများကို အလွယ်တကူ ကောက်နှုတ်ယူကြည့်ရှုကြနိုင်စေခြင်းဌာမျက်နှာကြောင်းရေဂဏန်းနံပါတ်နှင့်တကွ ဝိနိစ္ဆယအချက်မာတိကာများကိုပြထားပေအံ့။

( က )

မာတိကာ။

| မျက်နှာနံပါတ် | ကြောင်းရေ | |
|---|---|---|
| ၃ | ၂၅ | ဝိတ္ထာရပထဝီ ကမ္မဇ ပထဝီ နှစ်ပါး တို့၏ ဆိုခိုက် ခြင်းကြောင့်အက္ခရာ ဖြစ်ရာ၌ ကမ္မဇပထဝီ အရကို ယူ။ ပဏ္ဏတ်ငါးမျိုးတွင်ပက္ခပဏ္ဏတ်၏သဘောကိုယူပြရာ။ |
| ၁၇ | ၃၀ | ဝိညာတ်၏ဝိတ္ထာနုပရိဝတ္တိဖြစ်ပုံ။ အနိပ္ဖန္နရုပ်တို့၏ဥပါဒ်ဌီဘင်မရှိကြောင်း။ယင်းတို့၏အသက်ကာလ။ယင်းတို့၏ပရိစ္ဆေဒဝိညတ်ဝိကာရလက္ခဏာမည်ကြောင်း။ပရိစ္ဆေဒရုပ်လက္ခဏာရုပ်တို့ကို ကလာပ် မဖွဲ့သင့်ကြောင်း။ ဝိညတ်ရုပ်ဝိကါရရုပ်တို့ကိုကလာပ်ဖွဲ့စည်းရကြောင်းစသည်ကိုပြရာ။ |
| ၂၅ | ၁ | ပရိစ္ဆေဒဝိညတ်စသောရုပ်ဆယ်ခုတို့၏ပရမတ္ထအါးဖြင့်ရှိမရှိ။ပရိနိပ္ဖန္နသပစ္စယသင်္ခတဟုတ်မဟုတ်။ရုပ်ဟုတ်မဟုတ်များကိုဝိစစ်ပြဆိုရာ။ |
| ၄၂ | ၁ | အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၊ မဏိသာရမဉ္ဇူသာ၊ ပရမတ္ထဝိန္ဒုစာကို၊ ၎င်းဋီကာတို့ အလိုအားဖြင့် မရဏာသန္နကာလ၌ဟာသိတုပ္ပါဒ်စိတ်ကိုမရသင့်ကြောင်း၊ အဋ္ဌကထာ၏အလိုအားဖြင့်ရသင့်ကြောင်းကိုပြရာ။ |
| ၄၈ | ၂၀ | ပရိနိဗ္ဗာန်လေးပါးတွင်ဈာနသမနန္တရပရိနိဗ္ဗာန်၊ ဈာနင်္ဂပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်နှစ်ပါးကိုပြရာ။ |
| ၆၁ | ၃ | အဘိညာဏ် ဈာန် နိရောဓ သမာပတ် ရှေးအနန္တရ စတုတ္ထာရုပ္ပဈာန်မှ တပါး ဈာနဝိထိ ဟူသမျှ၌ ဈာနင်္ဂပစ္စဝေက္ခနာဝိထိနှင့်မကင်းကြောင်းကိုပြရာ။ |
| ၆၆ | ၂၅ | မဂ္ဂါဒိပစ္စဝေက္ခနာ သမနန္တရ ပရိနိဗ္ဗာန်နှင့်စပ်၍ သမသီသိပုဂ္ဂိုလ်အပြားကိုပြရာ။ |
| ၈၇ | ၁၂ | ရုတိစိတ်ကိုဘဝင်စိတ်ဟုဆိုကြောင်းစသည်ကိုပြရာ။ |

## မာတိကာ။


| စာမျက်နှာပါတ်။ | ကြောင်းရေ။ | |
| --- | --- | --- |
| ၁၀၄ | ၁၄ | ပဋ္ဌဝိညာဏ်၏မှီရာ ပသာဒကိုပြဆိုရာ ဝယ်မန္တာယုက အမန္တာယုက မဇ္ဈိမာယုက ပသာဒအရကိုပြဆိုသော အဘိဓမ္မဋ္ဌ ဝိကာသနီဋီကာ စကားကို မှီ၍ သင်္ခေပ ဝဏ္ဏနာဋီကာ၊ မဏိသာရ မဉ္ဇူသာ တို့နှင့် မန္တာယုက ပသာဒစသည့်အရကို အသီးအသီး ကောက်ယူ ဆုံးဖြတ်ကြသည်ကိုပြရာ။ |
| ၁၃၁ | ၁၀ | နာမရူပါဒိသမသနသမနန္တရ ပရိနိဗ္ဗာန်ကိုပြရာဝယ်မဂ္ဂဝိထိနောင်ပစ္စဝေက္ခနာဝိထိတို့အပြည့်အစုံ ဖြစ်ပုံမဖြစ်ပုံကိုပြရာ။ |
| ၁၄၆ | ၁၀ | ခီဏာသဝ ပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာနာသန္နဝိထိစိတ်တို့၏ အသီး အသီး အရပဟတ္တမဂ်အရပဟတ္တဖိုလ်နိဗ္ဗာန်ပယ်ပြီး ကိလေသာ၊ပညတ်ရုပ်နာမ်ဈာန် အင်္ဂါ တို့ကိုအာရုံပြုကြောင်း။သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဟူသမျှတို့ ပရိနိဗ္ဗာနာသန္နဝိထိစိတ်၏ရူပကြိယာ စတုတ္ထဈာန်အင်္ဂါကေက္ကတာကို အာရုံ ပြုကြောင်း၊ ၎င်းဝိထိစိတ်သည် နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်ကိုအာရုံပြု၏ဟုယူသော ဆရာတို့ဝါဒ မသင့်ကြောင်း။ အနေဇော သန္တိမာရဗ္ဘ ဝယ်သန္တိမာရဗ္ဘ ကိုနိဗ္ဗာန်အာရမ္မဏံကတွာဟု ဘွင့်ပြ၍။ စတုတ္ထဈာနာဝုဋ္ဌဟိတွာ သမနန္တရာဘဂဝါ ပရိနိဗ္ဗုတောဝယ် စတုတ္ထဈာန်အရကို အရပဟတ္တဖိုလ် စတုတ္ထဈာန်ကို ယူ၍ မြတ်စွာ ဘုရား သည် နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗါန်ပြုတော်မူကြောင်းကို ပြဆိုသော ထေရဂါထာအဋ္ဌကထာ၏ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်နှင့်မညီကြောင်းကိုပြရာ။ |
| ၁၆၀ | ၁၁ | ပညတ်အသင်္ခတ ဖြစ်သော သဥပါဒိသေသနိဗ္ဗာန်အနုပါဒိသေသနိဗ္ဗာန်တို့ကိုပြရာ။ |
| ၁၆၉ | ၂၄ | ပရမတ်အသင်္ခတ ဖြစ်သော နိဗ္ဗာန်၏ သဥပါဒိသေသနိဗ္ဗါန်အနုပါဒိသေသနိဗ္ဗါန်မည်ကြောင်း။ကိလေသာတို့ |

မာတိကာ။

| မျက်နှာနံပါတ်။ | ကြောင်းရေ။ | |
|---|---|---|
| | | ၏အဘာဝခန္ဓာတို့၏အဘာဝကိုပညတ်ဟူ၍၎င်းအတ္ထပညတ်ဟူ၍၎င်း။အသင်္ခတဟူ၍၎င်း ဆိုသင့်ကြောင်း။ ပရမတ္ထသဘာဝကိုသိနားလည်အောင် အားထုတ်သင့်ကြောင်းတို့ကိုပြရာ။ |
| ၁၇၀ | ၄ | ကိလေသာကို ပယ်ရာနိုက် ဉာဏ်သုံးပါး၏ သတ္တိ ထူးကြောင်း။ပုထုဇဉ်တို့၏နိဗ္ဗာန်ကို အနုမာနအားဖြင့် သိကြောင်း၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်အရိယမဂ်ဝင်္ဂ ဥပါးပြတ်ခြင်းတို့၏အကြောင်းအကျိုးအဖြစ်ဖြင့်တပါးနှင့်တပါးမကင်းကြောင်း၊ ထိုငါးပါးတွင် တပါးပါးကို ပင်ပဌနာပြုသော်လည်းအလုံးစုံကိုရကြောင်းကိုပြရာ။ |
| ၁၀၇ | ၄ | ဆုတိရတ်ပါဠိတော်၌လာသော သဉပါဒိသေသ နိဗ္ဗာန အရကိုအရဟတ္တဖိုလ်ဟူ၍။အနုပါဒိသေသနိဗ္ဗာနအရကိုရဟန္တာတို့စုတိခန္ဓာဟူ၍ ကောက်ယူသော ဝါဒ၏ မသင့်ကြောင်း။အရဟတ္တဖိုလ်၏နိဗ္ဗာန၊ သဉပါဒိသေသနိဗ္ဗာန၊ကိလေသပရိနိဗ္ဗာန၊ အနုပါဒါပရိနိဗ္ဗာန၊ ရာဂက္ခယစသည်မည်ကြောင်း။ ရဟန္တာတို့ စုတိခန္ဓာ၏ အနုပါဒါပရိနိဗ္ဗာန။ အပစ္စယ ပရိနိဗ္ဗာန စသည် မည်ကြောင်းကိုပြရာ။ |
| ၁၉၀ | ၂၉ | ဒိဏ္ဏာသဝပုဂ္ဂိုလ်ဟူသမျှတို့၏ စုတိစိတ်သည် ကံကမ္မနိမိတ် ဂတိနိမိတ်တို့ကို အာရုံမပြုပြီ။ ပရိနိဗ္ဗာနသသန္ဓိ ဝိထိစိတ်တို့ကဲ့သို့ ထိုခဏ ထင်တိုင်းသော ရုပ်နာမ်စသောတရားကိုသာအာရုံပြုသည်ဟုယူသောဝါဒ။မြတ်စွာဘုရား၏စုတိစိတ်သည်လည်းကံကမ္မနိမိတ်စသည်ကိုအါရုံမပြုမူ၍နိဗ္ဗာန်ကိုသာအာရုံပြုသည်ဟုယူသော ဝါဒတို့၏မသင့်ကြောင်းကိုပြရာ။ |
| ၂၀၄ | ၂၄ | မြတ်စွာဘုရား၏စုတိစိတ်သည် ဂတိနိမိတ်ကို အာရုံပြုသည်ဟုယူသောဝါဒ၏ သင့်လျော်ဟုတ်မှန်ကြောင်းကိုပြရာ။ |

## မာတိကာ။


| မျက်နှာနံပါတ်။ | ကြောင်းရေ။ | |
|---|---|---|
| ၂၁၈ | ၂၆ | ဝတ္ထာရမ္မဏ နိဿယပစ္စည်းပစ္စယုပ္ပန်အရကိုပြရာဝယ် ပစ္စည်းအရကိုဗုတိစိတ်မှစ၍ရှေးသတ္တရသမ စိတ်နှင့် အတူဥပါဒ်သော ဟဒယ ဝတ္ထုကို ကောက်ယူသော မဏိမဉ္ဇူစသည်တို့ဝါဒကိုပြရာ။ |
| ၂၃၅ | ၈ | မဏိမဉ္ဇူစသည်၌ပြဆိုသောဝိနိစ္ဆယသည်၊သာဓိပတိ ဃဋနာဝါရ ပါဠိတော်၊ သစ္စဝိဘင်း မူလဋီကာတို့နှင့် ဆန့်ကျင်သည်ဟုဆိုသောဆရာတို့ဝါဒကိုပြရာ။ |
| ၂၃၈ | ၁၇ | ထိုဆန့်ကျင်၏ဟု ဆိုသောဆရာတို့ဝါဒကိုပယ်၍မဆန့် ကျင်ကြောင်းကိုပြရာ။ |
| ၂၅၂ | ၁၆ | မရဏာသန္နကာလဝယ်အဘိညာဏ်ကိုရသင့်ကြောင်း ကိုပြရာ။ |
| ၂၆၄ | ၄ | ဝတ္ထာရမ္မဏ နိဿယပစ္စည်းအရကိုမရဏာသန္နကာလ ၌ဖြစ်သောဟဒယဝတ္ထုကိုယူ၍ပစ္စယုပ္ပန်အရကိုကော ယူရာအဘိညာဏ်နှင့်တကွ ကောယူသော ဆရာ တို့အာဘော်ယင်းနှင့်တကွမကောက်မယူသောဆရာ တို့အာဘော်ကိုပြရာ။ |
| ၂၇၀ | ၂၀ | ဝတ္ထာရမ္မဏ နိဿယပစ္စည်းပစ္စယုပ္ပန်အရကိုပဝတ္တိကာ လဖြင့်ပြဆိုဆုံးဖြတ်သောဆရာတို့ဝါဒကိုပြရာ။ |
| ၂၀၀ | ၁၅ | ပဝတ္တိကာလဖြင့် ပြဆိုဆုံးဖြတ်သော ဆရာတို့ဝါဒ၏မ သင့်ကြောင်းကိုပြရာ။ |


## စက္ခာဒိဥပ္ပတ္တိဒီပကကျမ်း၌မာတိကာ။


| | | |
|---|---|---|
| ၂၆၄ | ၆ | လူဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကလလအဗ္ဗုဒပေသိ၊ ဃန၊ပဉ္စပသာခတို့၏ဖြစ်ရာကာလဖြစ်စဉ်တို့ကိုပြရာ။ |
| ၂၆၆ | ၁၇ | ဝင်းပုဂ္ဂိုလ်တို့အားဆံအမွေးစသည်တို့၏ ဖြစ်ရာကာလ ကိုပြရာ။ |
| ၃၀၂ | ၂၇ | အဋ္ဌကထာ မူလဋီကာဆရာနှစ်ပါးလုံး၏ အလိုအားဖြင့် |

# မာတိကာ။


| စာမျက်နှာပါတ်။ | ကြောင်းရေ။ | |
|---|---|---|
| | | စက္ခု၊သောတ၊ဃာန၊ဇိဝှါ ၄ ပါးတို့၏ ဂေါ့စရ ဖြစ်ကုန်၏ဟု ယူကြောင်း။ပဉ္စက္ခာဘဝ၌ဖြစ်လတ့်သောစက္ခုဓါတ်စသည်တို့၏ဥပါဒ်ကို အဋ္ဌါပစ္စုပ္ပန်၌ အကျုံးဝင်သော ကြောင့် အနာဂတ်ဟူ၍မဆိုသင့်ကြောင်း။ အဋ္ဌကထာဆရာ မူလဋီကာဆရာနှစ်ပါးတို့ဝါဒမကွဲကြောင်းကိုပြရာ။ |
| ၃၁၉ | ၂၄ | ရဟန္တာမိန်းမတို့အား ပရိနိဗ္ဗာန်ပြုခါနီး ကာလဝယ် အမြဲ ပင်လိင်ပြန်ရသည်ဟု ယူသောဝါဒ၏မသင့်ကြောင်းကိုပြရာ။ |
| ၃၃၀ | ၉ | စက္ခုသောတဃာနဇိဝှါတို့ သတ္တမသတ္တာဟကစ၍ အစဉ်အတိုင်းဖြစ်၏ဟု ဋီကာကျော်ဆရာစသည်တို့ ဆိုကြကြောင်းကိုပြရာ။ |
| ၃၃၇ | ၁၇ | စက္ခုသောတစသည်တို့အစည်အတိုင်းဖြစ်ကြောင်းကိုပြသောစကားကို။ ကမေနဥပသုဿမာနေသရိရေနိ ရုဒ္ဓေသုစက္ခာဒိသုဇ္ဇာန္တြိယေသု။ အစရှိသောအဋ္ဌကထာကိုမှီ၍မဆိုသင့်ကြောင်းကိုပြရာ။ |
| ၃၄၆ | ၆ | ဂဗ္ဘသေယကဝသေနဝါပုရိမံ အနုပုဗ္ဗပဝတ္တိဒိပနတော။ ဟူသောအဋ္ဌကထာကိုမှီ၍လည်း မဆိုသင့် ကြောင်းကိုပြရာ။ |
| ၃၈၈ | ၁၈ | စက္ခုဒသကပါတု ဘာဝတော သတ္တာဟာ တိက္ကမေနသောတဒသကံ။ အစရှိသောစကား၏ သဘ္ဘိုဟ်ကျမ်းကိုမှီသော်လည်းမှီရာမရောက်ကြောင်းကိုပြရာ။ |
| ၃၈၈ | ၁၈ | သီလသမာဒါနပိဋ္ဌိယကျမ်းကိုပြရာ။ |
| ၄၃၉ | ၁၁ | သရဏသရုပါဒိဒသနကျမ်းကိုပြရာ။ |

အရပ်ရပ်နိုင်ငံမြို့ရွာဒေသများ၌ စေ့နှံ့ပြန့်ပွါး အများရဟန်းရှင်လူတို့အလွယ်တကူရရှိကြည့်ရှုမှတ်သားနိုင်ကြစေရန် ပုံရိုက်လုပ်ဆောင်ပါသည်။ ဇင်းစာအုပ်ကို ရရှိကြည့်ရှုကြသော ကာလ ဌာဝရအရှည်တည်စိမ့်သောငှါပေထက်တင်ထား ရေးသားကူးယူသောပုဂ္ဂိုလ်တို့ ပေထက်တင်ထားသော ကာလတို့၌ ဤစာအုပ်ဝယ် အနည်းငယ်ပါရှိသောအမှားအမှန်ပြင်ဆင်ရန်အချက်များကို နေရာကျပြင်ဆင်ကြည့်ရှုကူးယူနိုင်ကြစေခြင်းငှါအမှားအမှန်ပြင်ဆင်ရန်အချက်များကို မျက်နှာနံပါတ်ကြောင်းရေဂဏန်းနံပါတ်နှင့်တကွထုတ်ဆောင်ပြထားသည်။

| | ကြောင်းရေ။ | အမှား။ | အမှန်။ |
|---|---|---|---|
| ၅ | ၁၉ | သဏ္ဍာန် ... ... | သဏ္ဌာန် ... ... |
| ၅ | ၂၃ | သဏ္ဍာန် ... ... | သဏ္ဌာန် ... ... |
| ၁၃ | ၂ | သဏ္ဍာန် ... ... | သဏ္ဌာန် ... ... |
| ၁၃ | ၂ | သဏ္ဍာန် ... ... | သဏ္ဌာန် ... ... |
| ၄၂ | ၂၀ | စိတ္တက္ခဏောဥပ္ပန္နံ ... | စိတ္တက္ခဏောဟိဥပ္ပန္နံ ... |
| ၄၉ | ၄ | ကိစ္စမပြ ... ... | ကိစ္စကိုမပြု ... ... |
| ၈၃ | ၂၅ | နှစ်ပါး၏သမဝါရ ... | နှစ်ပါး၏ကုံခြင်းသမဝါရ |
| ၁၂၈ | ၉ | တသ္မိံယေဝအာရမ္မ ... | တသ္မိံယေဝအာရမ္မဏေ |
| ၁၁၆ | ၇ | သဒိုဋ္ဌိုင်း ... ... | သမ္ပဒိုဋ္ဌိုင်း ... ... |
| ၁၃၅ | ၂၂ | အဗျာဝသေယျ ... | အဇ္ဈာဝသေယျ ... |
| ၁၁၇ | ၁၉ | ဝိညာဏံတဏ္ဍာဟိ ... | ဝိညာဏံ။တဏ္ဍှဟိ ... |
| ၁၄၂ | ၄ | ကိလေသာမေဝ ... | ကိလေသမေဝ ... |
| ၁၄၄ | ၁၃ | အစဉ်အားနိဗ္ဗာန် ... | အစဉ်အားဖြင့်နိဗ္ဗာန် ... |
| ၁၄၉ | ၁၅ | အနုပါဒိသေသနိဗ္ဗာန။ | အနုပါဒိသေသနိဗ္ဗာနံ။ |
| ၁၇၀ | ၃၀ | ကဇရုပ် ... ... | ကမ္မဇရုပ် ... ... |
| ၁၇၇ | ၂၇ | ကြွားနာရ။ ... ... | ကြွားနာရခဲ။ ... ... |

| စာမျက်နှာ | ကြောင်းရေ | အမှား။ | အမှန်။ |
|---|---|---|---|
| ၁၉၀ | ၁၉ | နိဗ္ဗာနန္တိ။ကထေန္တိ။ … | နိဗ္ဗာနန္တိကထေန္တိ။ … |
| ၁၉၀ | ၂၉ | ပရိနိဗ္ဗာနန္တိဟူ၍။ … | ပရိနိဗ္ဗာနဟူ၍။ … |
| ၁၉၃ | ၂၂ | ထိုပါဒိသေသ … | ထိုဉပါဒိသေသ … |
| ၂၁၃ | ၂ | ဇမ္ဗူဒီ၊ုပါ … … | ဇမ္ဗူ၊ဒီပါ … … |
| ၂၂၁ | ၁၆ | စိတ်တိုင်သော … | စိတ်တိုင်အောင်သော |
| ၂၃၆ | ၃ | တံဝဍ္ဍုဂရုံ … … | တံဝဍ္ဍုံဂရုံ … … |
| ၂၅၉ | ၂၂ | နိရာဓါ … … | နိရောဓါ … … |
| ၂၆၁ | ၄ | ငါ၏သန္တာဒ္ဓ … … | ငါ၏သန္တာနန္ဒ … … |
| ၂၆၄ | ၄ | ရုပိစိတ်မှ … … | ရုတိစိတ်မှ … … |
| ၂၇၉ | ၁၁ | လက္ခယေပိ။ … … | လက္ခယေတိ။ … … |
| ၂၈၀ | ၂၂ | ဝဍ္ဍတို့၏ … … | ဝဍ္ဍုတို့၏ … … |
| ၂၈၂ | ၉ | နိသယထာ … … | နိသယတာ … … |
| ၂၈၃ | ၂၄ | ဝဍ္ဍုံ။ … … | ဝဍ္ဍု။ … … |
| ၂၈၄ | ၁ | ဖြိထိ ဏ္ဍဥနံ။ … … | ဥဏ္ဍရုဏ္ဍရာနံ … … |
| ၂၈၄ | ၁ | စိဏ္ဍပ္ပါဒ … … | စိဏ္ဍုပ္ပါဒ … … |
| ၂၈၄ | ၂၃ | စိဏ္ဍပ္ပါဒ် … … | စိဏ္ဍုပ္ပါဒ် … … |

ပုဗ္ဗာဗျာကရဏာကျမ်း၌အမှားအမှန်ပြင်ချက်ပြီး၏။

| စာမျက်နှာ | ကြောင်းရေ | အမှား။ | အမှန်။ |
|---|---|---|---|
| ၃၀၀ | ၄ | လွှယ်၍သွားရ … | လွှယ်၍ဘွားရ … |
| ၃၀၀ | ၂၀ | ဝိကပ္ပနဝလေန။ … | ဝိကပ္ပနဝသေန။ … |
| ၃၀၁ | ၁၉ | မာသဇာတော … | မာသဇာတတော … |
| ၃၀၁ | ၂၃ | သတ္တမာသဇာတော … | သတ္တမာသဇာတတော |
| ၃၁၅ | ၁၇ | သက်န်းယာလ … | သက်န်းကာလ … |
| ၃၂၅ | ၂၂ | ပရိဗ္ဗာယန္တိတိ … | ပရိနိဗ္ဗာယန္တိတိ … |
| ၃၂၅ | ၂၆ | ပရိနဗ္ဗာယိသန္တိ။ … | ပရိနိဗ္ဗာယိသန္တိ။ … |
| ၃၃၀ | ၉ | ပြဆိုရင်း … … | ပြဆိုလိုရင်း … … |
| ၃၃၅ | ၁၅ | ဉက္ကမေနဝါ … … | ဉပက္ကမေနဝါ … … |
| ၃၄၉ | ၅ | ဒိသုယောနိသု … | ဒွိသုယောနိသု … |

| မျက်နှာ။ | ကြောင်းရေ။ | အမှား။ | | အမှန်။ | |
|---|---|---|---|---|---|
| ၃၅၉ | ၂၈ | ဂန္ဓရဂန္ဓဇာတ် ... | ... | ဂန္ဓန္တရဂန္ဓဇာတ် ... | ... |
| ၃၆၅ | ၂၃ | ဝိဘင်္ဂါပါဠိယဋ္ဌ | ... | ဝိဘင်္ဂပါဠိယဋ္ဌ | ... |
| ၃၆၆ | ၂၉ | ပဋိက္ခပတိ။ ... | ... | ပဋိက္ခိပတိ။ | ... |
| ၃၇၀ | ၁၁ | ပြဆိုသော် ။ | ... | ပြဆိုသော။ ။ | ... |
| ၃၇၂ | ၂၃ | စက္ခုသော .. | ... | စက္ခုကိုသော ' | ... |
| စက္ခာဒိဥပ္ပတ္တိဒိပကကျမ်း၌အမှားအမှန်ပြင်ချက်ပြီး၏။ | | | | | |
| ၄၀၁ | ၂၃ | အဆုံးသော ... | ... | အဆုံးရှိသော | ... |
| ၄၀၁ | ၂၄ | ဤ၌ကိုအမှကတ္တား | ... | ဤ၌အမှကတ္တား | ... |
| ၄၀၆ | ၉ | ဝေတ္တာတာဟိ | ... | ဇွတ္တာဝတာဟိ | ... |
| ၄၀၆ | ၁၆ | သိက္ခာဒါပန်ပိ | ... | သိက္ခာပဒဒါနံပိ | ... |
| ၄၀၈ | ၁၇ | သိက္ခာပဒါနမ္ပိ။ | ... | သိက္ခာပဒဒါနမ္ပိ။ | ... |
| ၄၀၈ | ၂၂ | ကုရုဓအဓ္ဓကထာ | ... | ကုရုန္ဒိအဓ္ဓကထာ | ... |
| ၄၁၀ | ၂၂ | သည်လာလျှင် | ... | သည်သာလျှင် | ... |
| ၄၁၁ | ၂၃ | အာယတိသံဝရေ | ... | အာယတိံသံဝရေ | ... |
| ၄၁၂ | ၄ | ပိဋ္ဌေကွာ ... | ... | ပိဋ္ဌေတွာ ... | ... |
| ၄၂၈ | ၉ | ဝုဋ္ဌပါတိဏာတိ | ... | ဝုဋ္ဌတိပါဏာတိ | ... |
| ၄၄၀ | ၂၆ | တဒဓိဂတော | ... | တဒမိဂတေ | ... |
| ၄၄၂ | ၆ | တဒေတံဇော | ... | တဒေတံတံဇော | ... |
| ၄၄၅ | ၄ | ခန္တိ ... ... | ... | ခန္တိ ... ... | ... |
| ၄၄၈ | ၆ | ဇကောဘာဝိတ | ... | ဇကော။ဘာဝိတ | ... |
| ၄၆၂ | ၁၉ | နစ်သော ... | ... | နစ်စေသော ... | ... |
| ၄၆၄ | ၁၂ | အဝိစ ... | ... | အပိစ ... | ... |
| ၄၆၄ | ၁၆ | ခနာကရော ... | ... | ခနကရော ... | ... |
| ၄၈၃ | ၂၁ | စတ္တာလီသမေ | ... | ဇကစတ္တာလီသမေ | ... |
| ၄၈၄ | ၁၄ | စတ္တာလီသမေ | ... | ဇကစတ္တာလီသမေ | ... |
| ၄၈၄ | ၁၄ | လေးဆယ်မြောက် | ... | လေးဆယ်တခုမြောက် | |

# ပုဏ္ဏောဝါဒသုတ် ဗျာကရဏကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဇိနံနတွာနန္တဉာဏံ။ ဓမ္မံမောဟန္တနာသကံ။ သံဃံသံတိဏ္ဏကင်္ခါဟံ။ ဗျာကရိဿံသုပုဏ္ဏတံ။ ။အဟံ။သည်။ အနန္တဉာဏံ။ ဉာဏ်ဉာဏ်မျှရှိ၏ဟု တိုင်းဆ ပြီးပြေအောင် ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် အလွန် များ ပြောင်သော အနန္တအပရိမာန ဖြစ်သောဉာဏ်ရှိတော် မူထသော။ ဝါ။ ဉပါဒ်၊ဌီ၊ဘင်အားဖြင့်၊ အဆုံးအပိုင်းအခြားပင်ရှိသော်လည်း၊ အဆုံးအ ပိုင်း အခြားမရှိသော ဉေယျတရားလျှင် အာရုံရှိခြင်းကြောင့် အဆုံးအ ပိုင်းအခြားမရှိသောဉာဏ်ရှိတော်မူထသော။ဇိနံ။မြတ်စွာဘုရားကို။ဝါ။ မာရ်ငါးပါးကို အောင်တော်မူပြီးသောမြတ်စွာဘုရားကို။ နတွာနမာမိ။ ရှိခိုးပါ၏။နတွာ။၍။မောဟန္တနာသကံ။ ခပ်သိမ်းသောတရားတို့၏၊ ဟုတ် မှန်တိုင်းသောသဘောကို၊ မသိမမြင်မထင်နိုင်အောင်၊ လွှမ်းစွာဖုံးလွှမ်း တတ်သောမောဟတည်းဟူသော အမိုက်တိုက်ကိုထိုက်သဉ်အားလျော် စွာ ဖျက်ပယ် ပြတ်ကင်းစေတတ်သော။ ဓမ္မံ။တရားတော်ကို။ နတွာန မာမိ။၏။ နတွာ။ ၍။ သံတိဏ္ဏကင်္ခံ။ အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက် အပ်သည်ဖြစ်၍၊ ကောင်းစွာ လွန်မြောက်ပြီးသော၊ ယုံမှားခြင်း သံသ ယရှိသော။ သံဃံ။ သံဃာတော်ကို။ နတွာနမာမိ။ ၏။ နတွာ။၍။ သုပုဏ္ဏ တံ။ဩဝါဒမကင်း၊ ယုံမှားခြင်းကိုပယ်ဖျောက်ပြတ်ကင်းရခြင်းအကျိုးငှာ၊ ဝိမတိဝိစ္ဆေဒနာပုဏ္ဏာဖြင့် ကောင်းစွာ မေးလျှောက် အပ်သောပုဏ္ဏ စ

ကားကို။ဗျာကရိုသံ။ ထင်လင်းသိသာအောင် ကောင်းစွာ ဝေဘန်ပိုင်းခြား၍၊ ဝိဘတ္တဗျာကရဏာအားဖြင့်ဖြေကြားပေအံ့။

၁၂၅၈–ခုကဆုန်လဆန်း–၁၅–ရက်နေ့ထျောက်ထားရင်းစကား။

တောင်ငူပျဉ်းမနားမြို့ပဌာန်းဓမ္မာရုံဘုရားဝတ်တက်အသင်း။ ဓမ္မကထိကဆရာမောင်ဆောင်မှစ၍ အသင်းလူကြီးအများတို့ရိုသေစွာလျှော်ထားအသနား တော်မြတ် ခံပါသည် ဂဏာစရိယ ဂဏပါမောက္ခဖြစ်တော်မူသောဆရာတော်မြတ်ဘုရား။တပည့်တော်များမှာ။ဆရာတော်ဘုရားရေးသား စီရင်တော်မူအပ်သော၊ မြို့ပြင်ကြီးငါးစောင်တွဲနှင့် တကွ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဒီပကကျမ်းများကို ရှာကြံဝယ်ယူနေ့ညဥ့်မပြတ်သုံးသပ်ဖွေနည်။ ကြံစည်စဉ်းစား ထောက်ထား သဟဲး တကဲပြု၍၊ ဗဟုသသုတအရာလွန်စွာအထူး။ဆည်းဖူးလေ့လာ။သို့ဖြစ်ပါလည်း။ပညာသုတ။ မန္ဒဗုဒ္ဓိန်။ သေးသိနိုငယ်နုစေ့ငုခြင်းရော။ စွမ်းသမျှကြံပါလည်း ဧကဂ္ဂတာမစော။ သဘောမပိ ရှိပါသောအရပ်ရပ်စကားများကို လျှော်ထားအသနားတော်မြတ် ခံလိုပါသည်ဖြစ်၍။အဘိဓမ္မတ္ထဥာဏစက်လွှာ။ ရိန္တမာကို။ မကွာကြီးရင့်။ အသင့်နှုလုံး။ယူကျုံးသွင်းထား ရှိကြောင်းများကို။ နားအဆင့်ဆင့် ကြားသိပါရသော ဆရာတော်ဘုရား ဖြစ်တော် မူပါသည်အတိုင်း။ ကျမ်းဂန်မှထုတ်နုတ်ရေးသား၍။ ဖြေကြားတော်မူစေလိုကြောင်း။

တိဒသဒွါရအစရှိသည်ဖြင့် နုတ်မြွက်ခေါ် ဆိုခြင်းစသော ဝစီဘေဒကိုပြုတတ်သော၊စိတ်လျှင်ဖြစ်ကြောင်းရှိသော၊ စိတ္တဇပထဝီဓါတ်နှင့်၊ အ၊ အာစသော အက္ခရာတို့၏ဖြစ်ရာ လည်ချောင်း အာခေါက် အစရှိသော ဌာန်၌တည်သော ကမ္မဇပထဝီဓာတ်တို့၏ ထိခိုက်ခြင်းကြောင့်။ က၊ ခ စသော၊ ဝစီဘေဒသဒ္ဒ ဖြစ်သည်ဟူရာ၌။ လည်ချောင်း အာခေါက် စသောဌာန်၌တည်သောကမ္မဇပထဝီဓာတ်ဟူသည်။ ကမ္မဇကလာပ် ၉ စည်းတို့တွင်ကာယဘာဝရုပ်ကလာပ်နှစ်စည်းတို့သါတကိုယ်လုံးကိုပျံ့နှံ့လျက်တည်သည်သာဖြစ်၍၊ ထိုကလာပ်နှစ်စည်းတို့တွင်။ မည်သည့်ကလာပ်၌ပါရှိသောပထဝီဓာတ်သို့ထိခိုက်ခြင်းကြောင့် အသံဖြစ်သည်။ သို့မဟုတ်ကလာပ်နှစ်စည်းတို့၌ ပါရှိသောပထဝီဓာတ်သို့ ထိခိုက်ခြင်းကြောင့် အသံဖြစ်သည်များကို ကျမ်းဂန်လာတိုင်း သေချာစွာသိမှတ်လို့

ပါသည်။ သူအချို့ကလည်းဇီဝိတနဝကကလာပ်တွင် ပါသည့် ပထဝီသို့ ထိခိုက်သည်ဟူ၍လည်းပြောဆိုကြပါကြောင်း။

စိတ္တဇရုပ်သတ္တရသတို့တွင် ဝိညတ်ဒွေသာစိတ်ဖြစ်မှဖြစ်သည် ဖြစ်၍ စိတ်သို့အစဉ်လိုက်သော တရားမည်ကြောင်းကိုဟောတော် မူသော စိတ္တာနုပရိဝတ္တိနောဓမ္မာ။ ဟူသောပါဠိတော်၌။စိတ်သို့အစဉ်လိုက်၏ဟူသည်။ စိတ်နှင့်ဥပါဒ်၊ ဌီ၊ဘင်ဟူသောခဏတ္တယအားဖြင့်လိုက်သည်။ သို့မဟုတ် ဝိညာတ်ဒွေဟူသည် စိတ္တဇရုပ်တို့၏ ဝိကာရမျှသာဖြစ်၍ စိတ္တဇရုပ်ချုပ်မှ ချုပ်ခြင်းဟူသောသတ္တရသာယုကအား ဖြင့်လိုက်သည်။၍ စိတ္တာနုပရိဝတ္တိအရမည်ကဲ့သို့၊ စိတ်သို့လိုက်သည်များကို။ အမိပ္ပါယ်အကျယ်အရနှင့်တကွ။သန္နိဋ္ဌာန်ကျသိမှတ်လိုပါကြောင်း။

ဝတ္ထုရူပမ္မဏပုရေဇာတအရာ၌။ မရဏာသန္နအခါ စုတိစိတ်မှ အထက် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူဥပါဒ်သော၊ ဟဒယဝတ္ထုသည်ပစ္စည်း။ မနောဒွါရာဝဇ္ဇန်း။ ကာမဇော တချယုတ် သုံးဆယ်တဒါရုံကောဒသ။အဘိညာဉ်ဒွေ၊ ရူသော၊မဂ္ဂရိယ၊ကုက္ကုစ္စ၊ဝိရတိ၊အပ္ပမညာ၊ကြည်သောစေတသိက် ၄၄ ခုတို့သည်၊ပစ္စယုပ္ပန်။ဟုပြဆိုသော ဝတ္ထုရူပမ္မဏ ပုရေဇာတနိဿယ ပစ္စည်း၌။ အကျိုးပစ္စယုပ္ပန် ဖြစ်ကုန်သော၊ အဘိညာဉ်ဒွေ ဟသိတုပ္ပါဒ် တို့သည်။ အဘာယ်ကာလ အဘာယ်ပုဂ္ဂိုလ်အားအဘာယ်သို့သောအခြင်းအရာအားဖြင့်ဖြစ်သည်ကို။ ဝိတ္ထိချုပ်နှင့်တကွ သိမှတ်လိုပါကြောင်း လျှောက်ထားအသနားတော်မြတ် ခံပါသည်။ ဂဏာစရိယဂဏပါမောက္ခ ဖြစ်တော်မူသော ဆရာတော်အရှင်မြတ်ဘုရား။

စိတ္တဇပထဝီ၏ ကမ္မဇပထဝီနှင့်ထိခိုက်ခြင်းကြောင့်သဒ္ဒဖြစ်ရာ။မည်သည့် ကလာပ်၌ ပါသောကမ္မဇ ပထဝီ ဖြစ်မည် မေးလျှောက်ရာ၌ အကြောင်းနှင့်တကွပြဆို့။

ကမ္မဇကောနိရုပ် ၉ ခုတွင်ကာယပသာဒသည် ပါစကတ္တေဇော ဟူသောကမ္မဇတေဇော၏တည်ရာအစာသစ်အိမ်၊ ဆံများ၊ အမွေးများ၊ ခြေသည်း၊လက်သည်းများ၊ သွား၊အရေခြောက်တို့မှတပါး ကိုယ်အားလုံးကိုပျံ့နှံ့၍ တည်ကြောင်း။ ရူပ္ပိန္ဓေ၊ပုရိသိန္ဓြေဟူသော ဘာဝရုပ်သည်လည်းကာယကဲ့သို့ပင်ပြဆိုခဲ့ပြီးသောအရပ်ကိုချန်လှပ်၍၊ ကိုယ်အားလုံး

ကိုပျံ့နှံ့၍ တည်ကြောင်းကိုဋီကာကျော်၌။ ။ဏူတရံပနဥပေတွာကမ္မဇ တေဇောဿပတိဋ္ဌာနဥါနံကေသဂ္ဂလောမဂ္ဂနခဂ္ဂသုက္ခစမ္မာနိစဇ္ဇာဝသေသံ သကလသရီရံ ဖရိတွာ ပဝတ္တတိ။ ။ဟူ၍ဋီကာ။ ။တံပနေတံကာ ယိန္ဒြိယံဝိယသကလသရီရံဖရိတွာတိဋ္ဌတိ။ ။ဟူ၍ဋီကာပြဆိုသည်။ ။ ပန။ အစိတ်အစိတ်သောကိုယ်အရပ်၌တည်သော ရုပ်မှတပါးကိုယ်အား လုံး၌တည်သောရုပ်ကိုပြဦးအံ့။ ဏူတရံ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါမှတ ပါးသောကာယသည်။ကမ္မဇတေဇော။၏။ပတိဋ္ဌာနဥာနဠ။တည်ရာအ စါသစ်အိမ်ကိုဋီကာ။ကေသဂ္ဂလောမဂ္ဂနခဂ္ဂသုက္ခစမ္မာနိစ။ဆံဖျား၊ အမွေး ဖျား၊ခြေသည်း၊ လက်သည်းဖျား၊ အရေခြောက်တို့ကိုဋီကာ။ ဥပေတွာ။ချန် လှပ်လွှတ်ထား၍။အဝသေသံ။ချန်ထားအပ်သောအရပ်မှကြွင်းသော။ သ ကလသရီရံ။အလုံးစုံသောကိုယ်ကို။ဖရိတွာ။ပျံ့နှံ့၍။ပဝတ္တတိ။ဖြစ်၏။ ။ တံဇတံပန။ထိုဘာဝရုပ်သည်ကား။ ကာယိန္ဒြိယံဝိယ။ ကာယိန္ဒြေကဲ့သို့။ သကလသရီရံ။ အစာသစ်အိမ်စသည်မှကြွင်းသောကိုယ်အားလုံးကို။ဖ ရိတွာ။၍။တိဋ္ဌတိ။တည်၏။ ။ဇီဝိတိန္ဒြိယရုပ်မူကား။ကာယဘာဝတို့မ တည်မရောက်နိုင်သော၊ ပါစကတေဇေါနှင့်တကွသောဥပါဒိန္နကကိုယ် အါးလုံး၌ပင်ပျံ့နှံ့၍တည်ကြောင်းကို။ ။ဇူဒံပနသဟပါစနဂ္ဂိနာအနဝသေ သံ ဥပါဒိန္နကကာယံဗျာပေတွာပဝတ္တတိ။ ။ဇူဒံပန။ဤဇီဝိတိန္ဒြေသည် ကား။ သဟပါစ နဂ္ဂိနာ။ ပါစကတေဇောနှင့် တကွ။ အနဝသေသံ။ အ ကြွင်းအကျန်မရှိသော။ဥပါဒိန္နကကာယံ။ ကမ္မဇဖြစ်သော ကိုယ်ကို။ ဗျာ ပေတွာ။ ပျံ့နှံ့၍။ ပဝတ္တတိ။ ၏။ ။ဟုဋီကာဋီကာကျော်၌ ပြဆို သော့ ကြောင့်။ဤဇီဝိတရုပ်သည်။ကာယ၊ ဘာဝတို့ထက်ပင်အရာကျယ်၏။ ။ ဤရုပ် ၃ ခုတွင်ဇီဝိတရုပ်သည်။ ဇီဝိတဖြင့်မှတ်အပ်သောဇီဝိတပြဋ္ဌာန်း သောရုပ် ၉ ခုအပေါင်းဟူသော ဇီဝိတနဝကကလာပ်၌သာ ပါရှိသည် မဟုတ်။ ကမ္မဇကလာပ် ၉ စည်းလုံး၌ပင် ပါရှိသော့ကြောင့်။ ထိုပါရှိ သော ဇီဝိတသာမညကိုရည်၍၊ အရာကျယ်သည်ဟု ဆိုရသည်။ ဇီဝိ တနဝက ကလာပ်မူကား။ ကာမပုဂ္ဂိုလ်တို့အား။ အစာသစ်အိမ်၌ သာ တည်သည်။ ကိုယ်အားလုံးကိုနှံ့၍ မတည်ရကား။ ထိုကာမပုဂ္ဂိုလ်တို့ အားအက္ခရာဖြစ်ရာလည်ချောင်းစသည်တို့၌ ထိုဇီဝိတနဝက ကလာပ် မရှိသောကြောင့်၊ ကာမပုဂ္ဂိုလ်တို့အား။ ဝိတ္တဇပထဝီ၏ကမ္မဇပထဝီနှင့် ထိခိုက်ခြင်းကြောင့်၊ သဒ္ဒဖြစ်ရာဝယ်။ ကမ္မဇပထဝီ အရကို။ ဇီဝိတနဝ ။

ကကလာပ်၌ပါရှိသော၊ ကမ္မဇပထဝီဟုမယူသာ။ ။ကာယဘာဝနှစ်ပါးတွင်မူကား။ ကာယပသာဒသည် ကာယဒသက ကလာပ်၌သာ ပါရှိသည်။ ထိုကာယဖြင့် မှတ်အပ်သော ကာယပြဓာန်းသော ရုပ်ဆယ်ခုအပေါင်းကိုသာလည်း။ ကာယဒသက ကလာပ်ခေါ်သည်။ ဘာဝရုပ်သည် ဘာဝဒသကကလာပ်၌သာပါရှိသည်။ ထိုဘာဝရုပ်ဖြင့် မှတ်အပ်သောဘာဝပြဓာန်းသောရုပ်ဆယ်ခုအပေါင်းသာလည်းဘာဝဒသကကလာပ်မည်သည်ဖြစ်၍၊ ထိုကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်တို့သည်လည်း။ ကာယပသာဒရုပ် ဘာဝရုပ်တို့ကဲ့သို့ ပြဆိုခဲ့ပြီးသောကိုယ်အားလုံးကိုပင်ပျံ့နှံ့၍ တည်ကုန်ရကား။ ထိုကလာပ်နှစ်ပါးလုံးပင် အကျရာဖြစ်ရာလည်ချောင်းစသည်၌ရှိကောင်း၏။ ထိုသို့ရှိကောင်းသော်လည်း။ ဘာဝရုပ်၊ ဘာဝဒသက ကလာပ်တို့သည် ပဏ္ဍုက် ငါးမျိုး တို့တွင် နပုံသကပဏ္ဍုက်၌ ပဋိသန္ဓေအခါမှစ၍ စုတိတိုင်အောင် အသက်ထက်ဆုံးပင်မရှိကုန်။ ထိုသို့ပင်မရှိကုန်သော်လည်းထိုပဏ္ဍုက်တို့လည်း မိန်းမယောကျ်ားတို့ကဲ့သို့စကားပြောဆိုခြင်း စသောဝစီဘေဒ သဒ္ဒကို ဖြိုပြင်စွာပြုနိုင်ကြကုန်သည်ချည်းပင်ဖြစ်သည်။ ကာယပသာဒရုပ်၊ ကာယဒသကကလာပ်တို့မူကား ကာမဘုံဝယ်ကာယပသာဒချို့သောပုဂ္ဂိုလ်ဟူ၍၊ တခါတရံတစုံတယောက်မျှမရှိကောင်း။ ပဋိသန္ဓေအခါမှစ၍ စုတိကာလတိုင်အောင် တသက်ပတ်လုံးအစဉ်ထာဝရအမြဲနိစ္စနိယမအားဖြင့်ရှိသည်ဖြစ်၍ ကာမပုဂ္ဂိုလ်တို့သန္တာန်ဝယ် ထိုကလာပ်နှစ်မျိုးတို့တကိုယ်လုံးကိုပျံ့နှံ့၍ဖြစ်ကြခြင်းတည်းသော်လည်း။ စိတ္တဇပထဝီ၏ထိခိုက်ရာကမ္မဇပထဝီအရကို ကာယဒသကကလာပ်၌ပါသော၊ ကမ္မဇပထဝီကိုသာ ယူသင့်ရာသည်။ ။ကာယဘာဝနှစ်ပါးစုံ ရှိကောင်းသောမိန်းမယောကျ်ားတို့သန္တာန်ဝယ်ထိုကလာပ်နှစ်မျိုးလုံးပင်လည်ချောင်းစသည်၌ရှိသည်ချည်းဖြစ်၍ မိန်းမယောကျ်ားတို့၌သော် ထိုကလာပ်နှစ်မျိုးတို့တွင်အခွင့်သင့်ရာအားကြီးရာတပါးပါး၌ ပါသောပထဝီနှင့်ထိခိုက်ခြင်းကြောင့်သဒ္ဒဖြစ်သည်ဟူ၍ ယူသော်လည်း ယူသင့်ရာပေ၏။ ။ယခင်ပဏ္ဍုက်ငါးမျိုးတို့တွင်။ ။ဧကစ္စောပန အကုသလာနုဘာဝေန ကာလပက္ခေပဏ္ဍကောဟောတိ။ ဇုဏှပက္ခေပနဿပရိဠာဟော ဝူပသမတိ။ အယံပက္ခပဏ္ဍကော။ ။ဟူသောဝိနည်းမဟာဝါအဋ္ဌကထာနှင့်အညီ။ ကာမေသုမိစ္ဆာစာရစသော အကုသိုလ်၏အကျိုးဖြစ်သော အာနုဘော်

ကြောင့်လဆုတ်ပက္ခတိုင်း၌ လွန်စွာကာမရာဂ ပူပန်ထိုးကျင့် နှိပ်စက်သောအားဖြင့် ပဏ္ဍုက်ဖြစ်၍ လဆန်းပက္ခတိုင်း၌ ထိုပူပန် နှိပ်စက်ခြင်းမှငြိမ်းသောပဏ္ဍုက်သည်ပက္ခပဏ္ဍုက်မည်၏။ ။ဧကစ္စောပန။အချို့သောသူသည်ကား။ အကုသလဝိပါကာနုဘာဝေန။ အကုသလဝိပါက်ဖြစ်သောအာနုဘော်ဖြင့်။ဝါ။ကာမေသုမိစ္ဆာစာရစသော အကုသိုလ်ကံသည်ဖြစ်စေအပ်သောမကောင်းကျိုးကို ခံစားရသောအားဖြင့်။ ကာလပက္ခေ။ဆုတ်ပက္ခတိုင်း၌။ ပဏ္ဍကော။သည်။ဟောတိ။၏။ ဇုဏှပက္ခေပန။လဆန်းပက္ခတိုင်း၌ကား။အဿ။ထိုသူအား။ပရိဠာဟော။ ကာမရာဂဖြင့်ထိုးကျင့်နှိပ်စက် ပူပန်ခြင်းသည်။ ဝူပသမတိ။ငြိမ်း၏။ အယံ။ဤပဏ္ဍုက်သည်။ပက္ခပဏ္ဍကော။ပက္ခပဏ္ဍုက်မည်၏။ ။အဋ္ဌကထာဆရာသည် ပက္ခ ပဏ္ဍုက်အား ဆုတ်ပက္ခ၌ ပဏ္ဍုက်ဖြစ်၍ ဆန်းပက္ခ၌ ရာဂပူပန်ခြင်း ငြိမ်းကြောင်းကိုသာ ပြဆိုတော်မူသည်။ ထိုပက္ခပဏ္ဍုက် သည်ယောကျ်ားဖြစ်သည်။ မိန်းမဖြစ်သည်ဟု အထူး ပြဆိုတော် မမူ။ ဥဘတောဗျည်းအား။မိန်းမဥဘတောဗျည်း။ ယောကျ်ားဥဘတောဗျည်းဟုနှစ်ပါးရှိသကဲ့သို့။ဤပဏ္ဍုက်သည်လည်း။မိန်းမပက္ခပဏ္ဍုက်။ ယောကျ်ားပက္ခပဏ္ဍုက်ဟူ၍နှစ်ပါးပင်ရှိကောင်းလေသလောဟူဘွယ်ရှိ၍၊ ဝိမတိဝိနောဒနီဋီကာ၌။ ။ပဏ္ဍကဝတ္ထုမှိအာသိတ္တဥဿုယပက္ခပဏ္ဍကာတယောပိပုရိသာပုရိသဘာဝလိင်္ဂါဒိယုတ္တာအဟေတုကပဋိသန္ဓိကာ။တေစကိလေသပရိယုဋ္ဌာနဿ ဗလဝတာယနပုံသကပဏ္ဍကာ သဒိသတ္တာပဏ္ဍကာတိဝုတ္တာ။ ။ဟုပြဆိုတော်မူ၏။ ။ပဏ္ဍကဝတ္ထုမှိအာသိတ္တဥဿုယပက္ခပဏ္ဍကာတယောပိပုရိသာ။ သာပဝေန။ ။ဥဘတောဗျည်း၌မိန်းမယောကျ်ားနှစ်ပါးရှိကောင်းသော်လည်း။ ပက္ခပဏ္ဍုက်၌မရှိကောင်း။ပက္ခပဏ္ဍုက်၌သါမဟုတ်။အာသိတ္တ၊ ဥဿုယ၊ ပက္ခပဏ္ဍုက် ၃ ပါးလုံး၌ပင်မိန်းမယောကျ်ားဟုနှစ်ပါးမရှိကောင်း။ထိုပဏ္ဍုက် ၃ မျိုးတို့သည်ယောကျ်ားတို့ချည်းသာဟူလို။ ။ဗြဟ္မာတို့အားဘာဝရုပ်နှစ်ပါးလုံးပင်မရှိကောင်းဖြစ်၍၊ ပုရိသဘာဝရုပ်မရှိပါပဲလျက်။ ။အဋ္ဌာနမေတံ အနဝကာသော။ ယံဣတ္ထီ သက္ကတ္တံကရေယျ မာရတ္တံကရေယျ ဗြဟ္မတ္တံကရေယျ။နေတံဌာနံဝိဇ္ဇတိ။ ။ယံပုရိသောသက္ကတ္တံကရေယျ မာရတ္တံကရေယျဗြဟ္မတ္တံကရေယျ။ဌာနမေတံဝိဇ္ဇတိ။ ။ဟူ၍ရူပါဝစရဗြဟ္မာ၌မိန်းမသာမရှိမူ၍ ယောကျ်ားဗြဟ္မာရှိကြောင်းကိုဟောတော်

မှုရာ၌ကဲ့သို့။ ဤ၌လည်းပဏ္ဏာက် ၃ မျိုးတို့ကို ယောကျ်ားဟုပြဆိုရာ။ထို ပဏ္ဏာက်တို့သည်။ ပုရိသဘာဝ၊ ပုရိသလိင်္ဂစ သည်မှ ကင်းလျက်ပင် ယောကျ်ားဖြစ်လေကုန်သလော ဟူဘွယ်ရှိ၍။ ။ပုရိသဘာဝလိင်္ဂါ ဒိယုတ္တာ။ ။ကိုဆိုပြန်ရသည်။ပုရိသဘာဝ၊ပုရိသလိင်္ဂစသည်မှကင်း လျက်။သဏ္ဍာန်မျှဖြင့်သာယောကျ်ားဖြစ်သည်မဟုတ်။ပုရိသဘာဝ၊ပုရိ သလိင်္ဂစသည်နှင့် ပြည့်စုံကုန်သည်ပင်ဟူလို။ ။ဤ၌လိင်္ဂစသည်အရ ကို။ ။တတ္ထဣတ္ထိယာ အင်္ဂဇာတံဣတ္ထိလိင်္ဂံ။သရာဓိပ္ပါယာဣတ္ထိနိမိတ္တံ။ဣတ္ထိ တိသဉ္ဇာနနသာ ပစ္စယဘာဝတော။ အဝိသဒမုတ္တာနဂမနနိသဇ္ဇာဒိ ဣတ္ထိ ကုတ္တံ။ဣတ္ထိသဏ္ဌာနံဣတ္ထာကပ္ပေါ။ ။ပုရိသလိင်္ဂါဒီနိပိဝုတ္တနယေနဒဋ္ဌဗ္ဗာ နိ။ ။အဋ္ဌကထာယံပနအညထာဣတ္ထိလိင်္ဂါဒီနိဝဏ္ဏိတာနိ။တံပနဇေဝံသင် ဟေတဗ္ဗာဝဒန္တိ။ ။လိင်္ဂံဟတ္ထာဒိသဏ္ဌာနံ။ နိမိတ္တံမိဟိတာဒိကံ။ ကုတ္တံ သုပ္ပါဒိနာကီဠာ။ အာကပ္ပေါဂမနာဒိကန္တိ။ ။ဟူ၍ဋီကာကျော်၌ပြဆို သည့်အတိုင်းမှတ်။ ။တတ္ထ။ထိုလိင်္ဂစသည်တို့တွင်။ဣတ္ထိယာ။တို့၏။အင်္ဂဇာ တံ။သည်။ဣတ္ထိလိင်္ဂံ။မည်၏။ဣတ္ထိယာ။တို့၏။သရာဓိပ္ပါယ။အသံအလိုတို့ သည်။ ဣတ္ထီတိသဉ္ဇာနနသ။ဤသူကားမိန်းမတည်းဟုသိခြင်း၏။ ပစ္စ ယဘာဝတော။အကြောင်း၏အဖြစ်ကြောင့်။ ဣတ္ထိနိမိတ္တံ။မည်၏။ အဝိသ ဒမုတ္တာနဂမနနိသဇ္ဇာဒိ။မသန့်ရှင်းသောရပ်ခြင်း၊သွားခြင်း၊ထိုင်ခြင်းစသည် သည်။ ဣတ္ထိကုတ္တံ။မည်၏။ ဣတ္ထိသဏ္ဌာနံ။ မိန်းမသဏ္ဌာန်သည်။ဣတ္ထာ ကပ္ပေါ။ဣတ္ထိအာကပ္ပမည်၏။ ။ပုရိသလိင်္ဂါဒီနိပိ။တို့ကိုလည်း။ဝုတ္တနယေ န။ဣတ္ထိလိင်္ဂစသည်တို့၌ပြဆိုခဲ့ပြီးသောနည်းအားဖြင့်။ဒဋ္ဌဗ္ဗာနိ။ကုန်၏။ ။ အဋ္ဌကထာယံပန။အဋ္ဌသာလိနီအဋ္ဌကထာ၌ကား။ ဣတ္ထိလိင်္ဂါဒီနိ။တို့ကို။ အညထာ။ငါပြဆိုအပ်သောအခြင်းအရာမှတပါးသော အခြင်းအရာအား ဖြင့်။ဝဏ္ဏိတာနိ။ ဖွင့်ပြအပ်ကုန်၏။ တံပန။ ထိုအကျယ် ဧရဏ္ဏိယအားဖြင့် ဖွင့်ပြအပ်ပြီးသောစကားကိုကား။ လိင်္ဂံ။လ။ဂမနာဒိကန္တိ။ကံဟူ၍။ဇေဝံ။ ဤသို့။သင်္ဂဟေတဗ္ဗာ။ ဂါထာဖွဲ့ကုံးအကျဉ်းချုံး၍။ ဝဒန္တိ။ဆိုတော်မူကုန် ၏။ ။ဟတ္ထာဒိသဏ္ဌာနံ။လက်ခြေစသောသဏ္ဌာန်သည်။လိင်္ဂံ။မည်၏။ မိဟိတာဒိကံ။ပြုံးရယ်ခြင်းစသည်သည်။ နိမိတ္တံ။မည်၏။သုပ္ပါဒိနာ။မန်း ငယ်စသည်ဖြင့်။ ကီဠာ။ ကစားခြင်းသည်။ကုတ္တံ။မည်၏။ ဂမနာဒိကံ။ သွားခြင်းစသည်သည်။အာကပ္ပေါ။မည်၏။ ။ပြဟ္မာတို့အားမရှိသောပု ရိသလိင်္ဂစသည်ကို ထိုက်သည်အားလျော်စွာယူ။ ။လိင်္ဂစသည်၌အ

ကျယ်ကို အဘိဓမ္မတ္ထသင်္ဂဟဒီပက ၌ပြဆိုခဲ့ပြီ။ ။ဤပဏ္ဏတ်တို့ကို။ အဏ္ဍဇ၊ဇလာဗုဇ၊သံသေဒဇ၊ဥပပါတ်ဟူသောယောနိလေးပါးလုံး ကို ရကောင်းသော၊ နိဗ္ဗာနမတဏှာ ကမှတပါးသော ပြိတ္တာ၊ တိရစ္ဆာန်၊ လူ ဘုမ္မသိတနတ်၊ တို့၌သာရကောင်းသည်။ ထိုတွင် ပြိတ္တာ တိရစ္ဆာန်တို့ မှာ အကုသလ ဝိပါက် သန္တီရဏ စိတ်ဖြင့်သာ ပဋိသန္ဓေ နေကုန် ရ ကား။ အကုသလ ဝိပါက် ဟူက လည်း ကေန္တ အဟိတ်သာ ဖြစ်သော ကြောင့် သဟိတ် ပဋိသန္ဓေ ရှိလေကုန်သလောဟု တွေးတော ယုံမှား ဘွယ်မရှိ။လူ၊ဘုမ္မသိတနတ်တို့မူကား။အဟိတ်၊ သဟိတ်ပဋိသန္ဓေနှစ် ပါးရှိကောင်းသောကြောင့်။ဤပဏ္ဏတ္တိဝတ္ထုန္ဒြွလည်းလူဖြစ်သော်ပဏ္ဏတ် တို့ကိုပြဆိုသော အရာဖြစ်ရကား။ထိုအာသိတ္တဥဿုယျပက္ခပဏ္ဏတ် ၃ မျိုးတို့သည်။ သဟိတ်၊အဟိတ်ပဋိသန္ဓေ နှစ်ပါးဖြင့်ပင် ပဋိသန္ဓေနေ သောသူတို့ဖြစ်လေကုန်သလောဟူဘွယ်ရှိ၍။အဟောတုကပဋိသန္ဓိကာ ကိုဆိုပြန်ရသည်။ ။ဒွိဟိတ်ဩမကဖြစ်သောမဟာကုသိုလ်စေတနာ ကံ၏အကျိုးဖြစ်သောကုသလဝိပါက်သန္တီရဏစိတ်ဖြင့်သာ ပဋိသန္ဓေ နေသော သူတို့ချည်းဖြစ်၍၊ ၃ မျိုးလုံးပင် အဟိတ် ပဋိသန္ဓေသာရှိကုန် သည်ဟူလို။ ။နပုံသကပဏ္ဏတ်၌လည်းဤအတိုင်းပင်။ ။ဩပက္ကမိက ပဏ္ဏတ်မူကား။ ပဝတ္တိကာလသို့ရောက်မှ။ မိမိပယောဂဖြင့်သော်ငင်း။ သူတပါးပယောဂဖြင့်သော်ငင်း။ တစုံတခုသောအနာရောဂါဖြင့်သော် ငင်း။ပျက်စီးသောဗီဇရှိသောသူကိုသာ။ဩပက္ကမိကပဏ္ဏတ်ဟူအပ်ရ ကား။သဟိတ်၊ အဟိတ်ပဋိသန္ဓေနှစ်ပါးပင်ရှိကောင်းပေရာ၏။ ။ထို ပဏ္ဏတ် ၃ မျိုးတို့သည် ယင်းသို့ ပုရိသဘာဝ၊ ပုရိသလိင်္ဂစသည်နှင့် ပြည့်စုံပါလျက်။ အဘယ့်ကြောင့် ထိုသူတို့ကို ယောကျ်ားဟူ၍ မဆိုပဲ ပဏ္ဏတ်ဟုဆိုအပ်ရလေသနည်းဟူဘွယ်ရှိ၍။ ။တေစကိလေသပရိ ယုဋ္ဌာနဿ ဗလဝ တာယ နပုံသကပဏ္ဏက သဒိသတ္တာ ပဏ္ဍကာတိ ဝုတ္တာ။ ။ကိုပြဆိုပြန်ရသည်။ ။နပုံပဏ္ဏတ်အား ကိလေသာဖြင့် ထိုးကျင့်နှိပ်စက်ပူပန်ခြင်းအားကြီးသကဲ့သို့အားကြီးသောကြောင့်၊ ကိ လေသာဖြင့်ပူပန်နှိပ်စက်ခြင်း အားကြီးသည်၏ အဖြစ်ဖြင့် နပုံပဏ္ဏတ် နှင့်တူသည်၏အဖြစ်ကြောင့်ပဏ္ဏတ်ဟုဆိုအပ်သည်ဟူလို။ ။ပဏ္ဍက ဝတ္ထုသို့။ပဏ္ဍကဝတ္ထုန္ဒြွ။ အာသိတ္တဥဿုယျပက္ခပဏ္ဍကာ။ အာသိတ္တ ပဏ္ဏတ်ဥဿုယျပဏ္ဏတ်ပက္ခပဏ္ဏတ်ဟူကုန်သော်။တယောပိ။၃ မျိုး

လုံးလည်း ဖြစ်ကုန်သော ပဏ္ဏက် တို့သည်။ ပုရိသာ။ ယောကျ်ားတို့
ချည်းတည်း။ ပုရိသဘာဝလိင်္ဂါဒိယုတ္တာ။ ပုံဘောပုံလိင် စသည်တို့နှင့်
ယှဉ်ကုန်၏၊ အပေါတုကပဋိသန္ဓိကာ။ အဟိတ် ပဋိသန္ဓေဖြင့်သာ ပဋိ
သန္ဓေနေကုန်၏။ စ။ထိုသို့ပင်ပုရိသဘာဝပုရိသလိင်္ဂစသည်တို့နှင့်ပြည့်
စုံသော ယောကျ်ားပင်ဖြစ်ကုန်သော်လည်း။ကိလေသပရိယုဋ္ဌာနသာ။
ကိလေသာဖြင့်ပူပန်နှိပ်စက်ခြင်း၏။ဗလဝဘာဝတာယ။အားကြီးသည်၏
အဖြစ်ကြောင့်။ ဝါ။အဖြစ်ဖြင့်၊နပုံသကပဏ္ဍကသဒိသတ္တာ။နပုံမပဏ္ဍက်
နှင့်တူသည်၏အဖြစ်ကြောင့်။တေ။ ထိုသူတို့ကို။ပဏ္ဍကာတိ။ ပဏ္ဍက်
တို့ဟူ၍။ဝုတ္တာ။ဟောတော်မူအပ်ကုန်၏။ ။ထိုပဏ္ဍက် ၃ မျိုးတို့တွင်
အာသိတ္တဥဿုယပဏ္ဍက်နှစ်ပါးတို့အား ကိလေသာဖြင့်နှိပ်စက်ပူပန်
ခြင်းကို ယောနိသော မနသိကာရစသော အကြောင်းတို့ဖြင့် လွန်ကြူး
ခြင်းမှတားမြစ်ဆို့ပိတ် မျိုသိပ် သည်းခံခြင်းငှါ တတ်ကောင်းတတ်နိုင်
ရကား။ထိုနှစ်ဦးသောပဏ္ဍက်တို့ကိုရှင်ပြုအပ်ရှင်ပြုကောင်း၏ဟုဟော
တော်မူကြောင်း။ပက္ခပဏ္ဍက်အါးကားလဆုတ်ပက္ခတိုင်း၌ပင်ရှူးဘိသ
ကဲ့သို့ကိလေသာဖြင့်ပူပန်ခြင်းသည် ဘိစီးနှိပ်စက်လွှမ်းမိုး၍ လာသည်။
လွန်ကြူးခြင်းသို့ရောက်မှ လွန်ကြူးခြင်းကို ရမှသာလည်းပူပန်ခြင်း ဆုတ်
နစ်ငြိမ်းအေးသည် ဖြစ်ရကား။ ထိုပက္ခပဏ္ဍက်ကို ပဏ္ဍက် ဖြစ်ခိုက်
သောလဆုတ်ပက္ခတို့၌ရှင်မပြုအပ်မပြုကောင်းဟုဟောတော်မူကြောင်း
ကို။ဋင်းဋိကာ၌ပင်။ ။တေသုအာသိတ္တဥဿုယပဏ္ဍကာနံဗွိန္နံကိလေ
သပရိယုဋ္ဌာနံယောနိသော မနသိကာရာဒိဟိပိတိက္ကမတေနိဝါရေတုံ
ပိသက္ကာ။တသ္မာတေပဗ္ဗာဇေတဗ္ဗာဝုတ္တာ။ ပက္ခပဏ္ဍကဿပနကာလ
ပက္ခေသုဥမ္မာဒေါဝိယကိလေသပရိဠာဟော အဝတ္ထရန္တော အာဂစ္ဆတိ။
ဝီတိက္ကမံပတွာ ဧဝစနိဝတ္တတိ၊ တသ္မာသော တသ္မိံပက္ခေန ပဗ္ဗာဇေ
တဗ္ဗောဝုတ္တော။ ။ဟုပြဆိုတော်မူ၏။ ။တေသု။ထို ၃ မျိုးသော
ပဏ္ဍက်တို့တွင်။ဗွိန္နံ။ နှစ်ဦးကုန်သော။ အာသိတ္တဥဿုယပဏ္ဍကာနံ။
တို့အား။ကိလေသပရိယုဋ္ဌာနံ။ကိလေသာဖြင့်ပူပန်နှိပ်စက်ထိုးကျင့်ခြင်း
ကို။ယောနိသောမနသိကာရာဒိဟိ။အသင့်အားဖြင့်နှလုံးသွင်းခြင်းအစရှိ
သောအကြောင်းတို့ဖြင့်။ဝိတိက္ကမတော။ လွန်ကြူးခြင်းမှ။ နိဝါရေတုံပိ။
သည်းခံမျိုသိပ်ဆို့ပိတ် တားမြစ်ခြင်းငှါလည်း။ သက္ကာ။ တတ်ကောင်း
တတ်နိုင်ကုန်၏။တသ္မာ။ကြောင့်။တေ။ ထိုအာသိတ္တဥဿုယပဏ္ဍက်

နှစ်မျိုးတို့ကို။ပဗ္ဗာဇေတဗ္ဗာ။ရှင်ရဟန်းပြုအပ်ကုန်၏ဟူ၍။ဝုတ္တာ။ ဟော
တော်မူအပ်ကုန်၏။ ပက္ခပဏ္ဍကာသပန။အားကား။ကာလပက္ခေသု။လ
ဆုတ်ပက္ခတို့၌။ဥမ္မာဒေါဝိယ။မေ့လျော့ရစ်မှုးရူးဘိသကဲ့သို့။ ကိလေသ
ပရိဠာဟော။ကိလေသာဖြင့်ပူပန်ခြင်းသည်။အဝတ္ထရန္တော။ အလွန်အား
ကြီးဘိစီး လွှမ်းမိုးလျက်။ အာဂစ္ဆတိ။လာ၏။ဝိတိက္ကမံ။ လွန်ကျူးခြင်းသို့။
ပတ္တာဝေ၀။ ရောက်၍သာလျှင်လည်း၊ ရောက်ရမှ သာလျှင်လည်း။ နိ
ဝတ္တတိ။ဆုတ်နစ်ပြေငြိမ်း၏။တသ္မာ။ကြောင့်။သော။ထိုပက္ခပဏ္ဍုက်ကို။
တသ္မိံပက္ခေ။ ထိုပဏ္ဍုက် ဖြစ်ခိုက်သော လဆုတ် ပက္ခ၌။ နပဗ္ဗာ ဇေ
တဗ္ဗော။ ရှင်ရဟန်းမပြုအပ်ဟူ၍။ ဝုတ္တော။၏။ ။ပက္ခပဏ္ဍုက်အား
ပဏ္ဍုက်ဖြစ်ခိုက်သော လဆုတ်ပက္ခ၌သာ ရှင်အဖြစ် ရဟန်းအဖြစ်ကို
တားမြစ်သည်၊ ဟူသောကြောင့်။ပဏ္ဍုက်မဟုတ်သောလဆန်းပက္ခ၌သော်
သာမဏေအဖြစ်၊ ရဟန်းအဖြစ် နှစ်ပါးလုံးကိုပင် ရကောင်း၏ဟု သာ
မညအားဖြင့်ပြဆိုရာရောက်သော်လည်း။ ထိုနှစ်ပါးလုံးကိုရ၏ဟုမမှတ်
အပ်သေး။ ထိုပဏ္ဍုက်မဟုတ်သောလဆန်းပက္ခ၌သော်လည်းသာမဏေ
အဖြစ်မျှကိုသာ ရသည်။ ဥပသမ္ပဒအဖြစ်မူကား။ ထိုလဆန်းပက္ခ၌ သော်
လည်းမအပ်ကြောင်း၊ ထိုပဏ္ဍုက်မဟုတ်ခိုက်သော လဆန်းပက္ခ၌ရအပ်
သောသာမဏေအသွင်ကို၊ပဏ္ဍုက်ဖြစ်ခိုက်သောလဆုတ်ပက္ခသို့ရောံ
သောအခါအသွင်တပါးလည်းလှယ်သော်အားဖြင့်ဖျက်ဆီးအပ်ကြောင်း
ကိုလည်း။ ရင်းငြိကာ၌ပင်။ ။တသ္မိံယေဝပက္ခေပဗ္ဗဇ္ဇာဝါရိတာတိ
ဋ္ဌေပနအပဏ္ဍကပက္ခေပိပဗ္ဗဇ္ဇာမတ္တမေဝလဗ္ဘတိ။ ဥပသမ္ပဒါပနတဒါပိ
နဝဋ္ဋတိ။ပဏ္ဍကပက္ခေပနအာဂတေလိင်္ဂနာသနာယနာသေတဗ္ဗာတိဝေ
ဒိတဗ္ဗာ။ ။ဟုပြဆို၏။ ။ပန။အထူးကိုပြဦးအံ့။ တသ္မိံယေဝပက္ခေ
ပဗ္ဗဇ္ဇာဝါရိတာတိဋ္ဌေ။ ဝါရိတာဟူသောစကား၌။အပဏ္ဍကပက္ခေ
ပိ။ပဏ္ဍုက်မဟုတ်သောလဆန်းပက္ခ၌သော်လည်း။ပဗ္ဗဇ္ဇာမတ္တမေဝ။သာမ
ဏေရပဗ္ဗဇ္ဇာမျှကိုသာလျှင်။ လဗ္ဘတိ။ရ၏။ ဥပသမ္ပဒါပန။ ပဉ္စင်အဖြစ်မူ
ကား။တဒါပိ။ထိုပဏ္ဍုက်မဟုတ်ခိုက်သောလဆန်းပက္ခ၌လည်း။ နဝဋ္ဋတိ။
မအပ်။တသ္မိံပက္ခေ။ထိုပဏ္ဍုက်ဖြစ်သောလဆုတ်ပက္ခသည်။အာဂတေ။
လါသည်ရှိသော်။လိင်္ဂနာသနာယ။ပဏ္ဍုက်မဟုတ်စဉ်လဆန်းပက္ခ၌ရအပ်
သော သာမဏေ အသွင်ကို၊ အသွင်တပါး လည်းလှယ်ဖျက်ဆီးသော
အားဖြင့်။နာသေတဗ္ဗာ။ ဖျက်ဆီးအပ်၏။ဣတိ။သို့။ ဝေဒိတဗ္ဗာ။၏။ ။

ဝဇိရဗုဒ္ဓိဋီကာ၌ကား။ ။ဘိက္ခုနိယာဣတ္ထိလိင်္ဂန္တရဓါနေနဘိက္ခုဿ
ဝါပုရိသလိင်္ဂန္တရဓါနေနပက္ခ ပဏ္ဍကဘာဝေါဘဝေယျ။ နသာဘိက္ခုနီ
ဟိနာသေတဗ္ဗာ။ ဘိက္ခုဝါဘိက္ခူဟိ။ ပုနပကတိဘာဝါပတ္တိသမ္ဘဝါ။ ။
ဟူ၍လိင်ပြန်ရာဝယ်အဆုံးဖြစ်သော ပကတိဣန္ဒြေနှင့်ပြိုင်၍၊ ချုပ်သော
စိတ်၏၊ နောက်အနန္တရဖြစ်သောစိတ်၏၊ ဥပါဒ်ခဏာ၌။ အသစ်ဖြစ်သောဝိ
သဘာဂဣန္ဒြေဖြစ်မြဲဖြစ်၍၊ ဤသို့မဖြစ်ဘဲ။ ဘိက္ခုနီမအားဣတ္ထိလိင်ကွယ်
သည့်နောက်ပုရိသိန္ဒြေမဖြစ်ရှိခဲ့အံ့။ ရဟန်းယောကျ်ားအားလည်းပုရိသ
လိင်ကွယ်သည့်နောက်ဣတ္ထိလိင်မဖြစ်ရှိနေခဲ့အံ့၊ ပက္ခပဏ္ဍုက် ဖြစ်ရာခဲ့
သည်။ ယင်းသို့ပက္ခပဏ္ဍုက်ဖြစ်ကလည်းပက္ခစေ့ရောက်သည်ကါလပ
ကတိဖြစ်မြဲလိင်ပင်ဖြစ်လာပေါ်လာပြန်ကောင်းသော သဘောရှိသော
ကြောင့်။ ပေါင်းဘော်ခြင်းသံဝါသကို မဖျက်သင့်သေးကြောင်းကိုပြဆို
တော်မူ၏။ ။ဘိက္ခုနိယာ။ အား။ ဣတ္ထိလိင်္ဂန္တရဓါနေန။ ဣတ္ထိလိင်ကွယ်
ခြင်းကြောင့်။ ဘိက္ခုဿဝါ။ အါးမူလည်း။ ပုရိသလိင်္ဂန္တရဓါနေန။ ကြောင့်။
ပက္ခပဏ္ဍကဘာဝေါ။ ပက္ခပဏ္ဍုက်အဖြစ်သည်။ ဘဝေယျ။ ဖြစ်ရာ၏။ ဖြစ်
ငြားအံ့။ ပုန။ တဖန်။ ပကတိ ဘာဝါပတ္တိသမ္ဘဝါ။ ပကတိရှေးရှိမြဲသော
ဘောသို့ ရောက်ပြန်ကောင်း သော သဘောရှိသောကြောင့်။ သာ။ ထို
ဣတ္ထိလိင်ကွယ်သည့်၏ အခြားမဲ့၌ ပုရိသလိင်မဖြစ်မပေါ်သော ရဟန်း
မိန်းမကို။ ဘိက္ခုနီဟိ။ တို့သည်။ နနာသေတဗ္ဗာ၊ ပကတိပေါင်းဘော်မြဲ
သံဝါသကိုမဖျက်အပ်။ ဘိက္ခုဝါ။ ပုရိသလိင်ကွယ်သည့်၏ အခြားမဲ့၌
ဣတ္ထိလိင်မဖြစ်သောရဟန်းယောကျ်ားကိုလည်း။ ဘိက္ခူဟိ။ တို့သည်။
နနာသေတဗ္ဗော။ အပ်။ ။ဤဝဇိရဗုဒ္ဓိ ဋီကာ အလိုသော်။ ဤပက္ခ
ပဏ္ဍုက်၌လည်း ဥဘတောဗျည်း၌ မိန်းမဥဘတောဗျည်း၊ ပုရိသဥဘ
တောဗျည်းဟုနှစ်ပါးရှိသကဲ့သို့။ ဣတ္ထိပက္ခပဏ္ဍုက်၊ ပုရိသပက္ခပဏ္ဍုက်
ဟုနှစ်ပါးရှိကောင်းသည်ဟူ၍ဝင်း၊ ပဏ္ဍုက်မဟုတ်သောပက္ခကာလ၌
သာဘာဝရုပ်ရှိ၍၊ ပဏ္ဍုက်ဖြစ်ခိုက်သောပက္ခ၌ဘာဝရုပ်မရှိသောသူကို
သာပက္ခပဏ္ဍုက်ဟု ဆိုအပ်သည်ဟူ၍ ဝင်းယူတော်မူလို၏။ ။သာ
ရတ္ထဒီပနီဋီကာ၌ကား၊ လဆုတ်ပက္ခတိုင်း၌မိန်းမဖြစ်၍ လဆန်းပက္ခတိုင်း၌
ယောကျ်ားဖြစ်သောသူကိုပက္ခပဏ္ဍုက်ဟု ကေစိဆရာတို့ဆိုကြောင်း
ကိုပြ၍။ အဋ္ဌကထာဝယ်။ ။ကာလပက္ခေကာလပက္ခေပဏ္ဍကောဟော
တိ။ ဇုဏှပက္ခေပနဿပရိဠာဟောဝူပသမတိ။ ။ဟူ၍ပဏ္ဍုက်မဟုတ်

သောပက္ခ၌ကိလေသါရာဂဖြင့်ပူပန်ခြင်းငြိမ်း၍၊ ပဏ္ဍုက်ဖြစ်ခိုက်သော
လဆုတ်ပက္ခ၌ထိုပူပန်ခြင်းအားကြီးသောသူကိုသာပက္ခပဏ္ဍုက်ဟုဆို
အပ်ရကား၊ ထိုကောစိဝါဒကိုမမှတ်အပ်ကြောင်း။ပဏ္ဍုက်ဖြစ်ခိုက်သော
လဆုတ်ပက္ခတိုင်း၌။ ပူပန်ခြင်း အားကြီး၍ ပဏ္ဍုက် မဟုတ်သောသွန်း
ပက္ခတိုင်း၌ပူပန်ခြင်းငြိမ်းသောသူသည်ပက္ခပဏ္ဍုက်မည်၏ဟု၊ ဆိုအပ်
သောအဋ္ဌကထာစကားကိုသာ၊ သါရအားဖြင့်မှတ်အပ်ကြောင်းကို။ ။
ပဏ္ဍကဝတ္ထုမှိယောကာလပက္ခေကာလ ပက္ခေ ဥုဿိုဟောတိ။ ဇုဏှ
ပက္ခေပုရိသော။ အယံပက္ခပဏ္ဍကောတိကေစိဝဒန္တိ။ အဋ္ဌကထာယံပန
ကါလပက္ခေကါလပက္ခေပဏ္ဍကောဟောတိ။ဇုဏှပက္ခေပနဿပရိဠာ
ဟောဝူပသမတိတိအပဏ္ဍကပက္ခေ ပရိဠာဟဝူပသမသောဝဒတ္တတ္တာ
ပဏ္ဍကပက္ခေဉဿန္နပရိဠာဟတာပဏ္ဍကဘာဝါ ပတ္တိတိဝိညာယတိ။
တသ္မာဋ္ဌကထာဒမေဝေတ္ထသာရတောပစ္စေတဗ္ဗံ။ ။ဟုပြဆိုတော်မူ၏။ ။
ပဏ္ဍကဝတ္ထုမှိ။ ၌။ယော။ အကြင်ပဏ္ဍုက်သည်။ ကာလပက္ခေကာလ
ပက္ခေ။လဆုတ်ပက္ခတိုင်းလဆုတ်ပက္ခတိုင်း၌။ဥုဿိ။သည်။ဟောတိ။၏။
ဇုဏှပက္ခေ။ လဆန်းပက္ခ၌။ ပုရိသော။ သည်။ ဟောတိ။ ၏။အယံ။ ဤ
ပဏ္ဍုက်သည်။ပက္ခပဏ္ဍကော။၏။ဣတိ။သို့။ကေစိ။ အချို့သောဆရာတို့
သည်။ဝဒန္တိ။ဆိုကုန်၏။ပန။ ထိုသို့ပင်ကေစိဆရာတို့ဆိုကုန်သော်လည်း။
အဋ္ဌကထာယံ။၌။ ကာလပက္ခေကာလပက္ခေပဏ္ဍကောဟောတိ။ဇုဏှ
ပက္ခေပနဿပရိဠာဟော ဝူပသမတိတိ။ ဝူပသမတိဟူ၍။ အပဏ္ဍက
ပက္ခေ။ပဏ္ဍုက်မဟုတ်သောပက္ခ၌။ပရိဠာဟဝူပသမသော့ဝ။ပူပန်ခြင်း
ငြိမ်းခြင်းမျှကိုသာလျှင်။ ဝဒတ္တတ္တာ။ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့်။
ပဏ္ဍကပက္ခေ။ပဏ္ဍုက်ဖြစ်သောပက္ခ၌။ဥဿန္နပရိဠါဟတာ။ ပျော့များ
အားကြီးသော ပူပန်ခြင်းရှိသည်၏ အဖြစ်သည်။ ပဏ္ဍကဘာဝါ ပတ္တိ။
ပဏ္ဍုက်အဖြစ်သို့ရောက်ခြင်းပင်တည်း။ဣတိ။သို့။ ဝိညာယတိ။၏။တသ္မာ။
ထိုသို့ပျော့များအားကြီးသောပူပန်ခြင်းရှိသည်၏ အဖြစ်သည်သာလျှင်
ပဏ္ဍုက်အဖြစ်သို့ရောက်ကြောင်းဖြစ်သောကြောင့်။ဋ္ဌကထာဒမေဝ။ သွန်းပက္ခ
တို့၌၊ ရာဂပူပန်နှိပ်စက်ခြင်းပျော့များအားကြီး၍သွန်းပက္ခတို့၌၊ ထိုပူပန်
ခြင်းငြိမ်းသော်ပဏ္ဍုက်သည်ပက္ခပဏ္ဍုက်မည်၏၊ ဟုပြဆိုသော၊ ဤအဋ္ဌက
ထာစကားကိုသာလျှင်။ဧတ္ထ။ဤပက္ခပဏ္ဍုက်အရာ၌။သာရတော။အားရှိ
သောအားဖြင့်။ဝါ။အနှစ်သာရအားဖြင့်။ဝါ။အမြတ်အားဖြင့်။ ပစ္စေတဗ္ဗံ။

ယုံကြည်အပ်ယုံကြည်သင့်ယုံကြည်ထိုက်၏။ ။ဤကားကာမပုဂ္ဂိုလ်တို့သဏ္ဍာန်၌ ဖြစ်ခိုက်ကို ရည်၍သာ၊ ရူပါဝစရ ဗြဟ္မာတို့ သဏ္ဍာန်၌သော် ထိုဗြဟ္မာတို့အား ကာယပသာဒ ရုပ်ကာယဒသက ကလာပ်တို့ မရှိခြင်းကြောင့်။ ကာယဒသကကလာပ် ပြုရမည့်ကိစ္စဖြစ်သော ကိုယ်ထည်၊ ဒြဗ်ကို ပြုခြင်းဟူသော ကိစ္စကိုပြုလျက်ဇီဝိတနဝက ကလာပ်သည်ကာယဒသကကလာပ်၏ အစားဖြစ်ရကြောင်းကို။ ။ဇီဝိတနဝကန္တိကာယာဘာဝတောကာယဒသကဌာနိယံဇီဝိတနဝကံ။ ။ဟုဋီကာကျော်၌ပြဆိုသည်။ ။ဇီဝိတနဝကန္တိ။ဇီဝိတနဝကဟူသည်ကား။ ကာယာဘါဝတော။ဗြဟ္မာတို့အားကါယပသါဒရုပ်၏ မရှိခြင်းကြောင့်။ ကာယဒသကဌာနိယံ။ ကာယဒသကကလာပ်ပြုရမည့် ကိစ္စဖြစ်သော ကိုယ်ထည် ဒြဗ်ကိုပြုခြင်း ကိစ္စကို ပြုသောအားဖြင့် ကာယဒသကကလာပ်၏တည်ရာဌာန ဖြစ်သောကိုယ်အားလုံးဟူသော တည်ရာဌာနရှိသော။ဇီဝိတနဝကံ။ဇီဝိတနဝကကလာပ်သည်။ ။ဤသို့ဗြဟ္မါတို့အါး ဇီဝိတနဝကကလာပ်သည်။ ပဋိသန္ဓေအခါကစ၍ ရုတ်တိုင်အောင်ပင် ကိုယ်အားလုံးကိုပျံ့နှံ့၍တည်ရကားလည်းချောင်းအာစောက်စသည်တို့၌ရှိသည်သာဖြစ်၍၊ ဗြဟ္မာတို့၌သော်စိတ္တဇပထဝီ၏ကမ္မဇပထဝီနှင့်ထိခိုက်ခြင်းကြောင့်သဒ္ဒဖြစ်ရာဝယ် ကမ္မဇပထဝီအရကို ဇီဝိတနဝကကလာပ်၌ပါသော ပထဝီဓါတ်ကိုသာယူလေ။ ။သင်္ဂြိုဟ်သကျမ်း၏အဖွင့်ဖြစ်သော သံပျင်ဋီကာ၌ကားဤစကားကို ဆိုအံ့ဟုကြံသောပုဂ္ဂိုလ်အါးဆိုအပ်လတ့ံသောစကါး၏အနက်အားလျော်သော်ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သောစိတ်သည်မိမိ၏ဥပါဒ်ခဏ၌ပင်ပထဝီ၊ တေဇော၊ အာပေါ်ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသောရုပ်ဂရုတို့ကိုလည်းချောင်းအာစောက်စသောအက္ခရာဖြစ်ရာဌာန် ၅ပါးတွင်ထိုက်သည်အားလျော်စွာတပါးပါးသော ဌာန၌ဖြစ်စေ၏။ ဝစီဘေဒသဒ္ဒကို ဖြစ်စေခြင်းငှါရအပ်သောအခွင့်ရှိသော ရှေးရှေးဘဝကာလတို့၌ လေ့ကျက်မှီဝဲပြုကျင့်အပ်သောကံဟောင်းသည်လည်းထိုစိတ္တဇဝစီဘေဒသဒ္ဒ၏ဖြစ်ရာဌာန်၌ ထိုရုပ် ၈ ခုတို့ကိုပင်လျှင်ဖြစ်စေကြောင်း၊ ထိုကလာပ် ၂ စည်းတို့၌အကျုံးဝင်သောစိတ္တဇပထဝီ၊ ကမ္မဇပထဝီ ၂ ပါးတို့၏ထိခိုက်ခြင်းကြောင့် ဝစီဘေဒသဒ္ဒဖြစ်ကြောင်းကို။ ။ဗုဒ္ဓိဝက္ခာမိတိစိန္တေန္တဿဝစနိယတ္ထာနုရူပသဒ္ဒသသမုဋ္ဌာပကံစိတ္တံဥပ္ပဇ္ဇတိ။တံဥပ္ပဇ္ဇမာနမေဝအတ္တနောဥပ္ပါ

ဒုက္ခဏောပထဝီအာပေါတေဇောဝါယော ဝဏ္ဏောဂန္ဓောရသောဩဇာ တိအဋ္ဌရူပါနိ ကဏ္ဍူဗြဟ္မာဒီသုအညတရသ္မိံဌာနေသမုဋ္ဌာပေတိ။ တတြေဝ ဌာနေလဒ္ဓေါကာသံပုရိမာနုစိဏ္ဏံ ကမ္မဇာတာနေဝအဋ္ဌရူပါနိနိဗ္ဗတ္တေတိ။ တတြစိတ္တဇပထဝီဓါတုကမ္မဇပထဝီဓါတုံသံဃဋ္ဋေတိ။ ဇေဝံဒွိသုကလာပေသုသမာဘိနိ ဝိဓ္ဓာနံဒွိန္နံ ပထ ဝီဓါတူနံအညမည သံဃဋ္ဋနေနကဏ္ဍူဗြဟ္မာဒိသုသောသသဒ္ဒေါဇာယတိ။ ။ဟုပြဆိုတော်မူ၏။ ။ဋီကာ။ဤစကားကို ဝဏ္ဏာမိ။ဆိုအံ့။ဉာတိ။သို့။စိတ္တေနွသည်။ကြံသောပုဂ္ဂိုလ်အား။ ဝစနိယတ္ထာနုရူပသဒ္ဒသည်။ဆိုအပ်လတ့်သော်စကား၏အနက်အားလျော်သောဝစီဘေဒသဒ္ဒကို။သမုဋ္ဌာပကံ။ဖြစ်စေတတ်သော်။စိတ္တံ။စိတ်သည်။ဥပ္ပဇ္ဇတိ။ဖြစ်၏။တံ။ထိုစိတ်သည်။ ဥပ္ပဇ္ဇမာနမေဝ။ ဖြစ်ဆဲဖြစ်၍သာလျှင်။အတ္တနော။ မိမိ၏။ ဥပ္ပါဒက္ခဏေ။ ဥပ္ပါဒက္ခဏ၌။ ပထဝီ။လ။ ဩဇာတိ။ ပထဝီ။လ။ ဩဇာဟုကုန်သော။အဋ္ဌရူပါနိ။ရှစ်ပါးသောရုပ်တို့ကို။ကဏ္ဍူဗြဟ္မာဒီသု။လည်ချောင်းစသောဌာန်တို့တွင်။အညတရသ္မိံဌာနေ။ အမှတ်မရှိတခုခုသောဌာန်၌။သမုဋ္ဌာပေတိ။ ဖြစ်စေ၏။လဒ္ဓေါကာသံ။ ရုပ်ကိုဖြစ်စေခြင်းငှါရအပ်သောအခွင့်ရှိသော။ပုရိမာနုစိဏ္ဏံ။ ရှေးရှေးသောဘဝကာလတို့က ပြုကျင့်ဆည်းပူးလေ့ကျက်ခဲ့ဘူးသော။ ကမ္မံ။ ကံဟောင်းသည်လည်း။ တတြေဝဌာနေ။ ထိုအက္ခရာဖြစ်ရာ လည်ချောင်းစသောအရပ်နှုက်ပင် လျှင်။တာနေဝအဋ္ဌရူပါနိ။ထိုစိတ်သည်ဖြစ်စေအပ်သော ရုပ်ရှစ်ခုတို့နှင့် တူသောအဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့ကို ပင်လျှင်။ နိဗ္ဗတ္တေတိ။ ဖြစ် စေ၏။ တတြ။ ထိုစိတ်ကြောင့်ဖြစ်သောရုပ်ရှစ်ခု၊ ကံကြောင့်ဖြစ်သောရုပ်ရှစ် ခုတွင်။ စိတ္တဇပထဝီဓါတု။သည်။ကမ္မဇပထဝီဓါတုံ။ကို။သံဃဋ္ဋေတိ။၏။ ဇေဝံ။သို့။ ဒွိသုကလာပေသု။ စိတ္တဇကလာပ် ကမ္မဇကလာပ် ၂ စည်းတို့ ၌။ သမာဘိနိဝိဓ္ဓာနံ။ အကျုံးဝင်ကုန်သော။ ဒွိန္နံပထဝီဓါတူနံ။ ၂ ပါးကုန် သောစိတ္တဇပထဝီ ကမ္မဇပထဝီ ဓါတ်တို့၏။ အညမညသံဃဋ္ဋနေန။ အ ချင်းချင်းထိခိုက်ခြင်းကြောင့်။ကဏ္ဍူဗြဟ္မာဒီသု။ ကဏ္ဍူစသောဌာန်တို့၌။သော သဒ္ဒေါ။သည်။ ဇာယတိ။၏။ ။ဤ၌ကိုကာ၌ကံကြောင့်ဖြစ်သော ရုပ်ရှစ်ခု အရကို။ ကာယဘာဝဇီဝိတမဖက်သက်သက် အဝိနိဗ္ဘောဂရုပ်ရှစ်ခုကို သာရည်၍ဆိုခဲ့သော်။ကမ္မဇကလာပ်သည်စက္ခုဒသက၊ သောတ၊ ဃာ န၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဝတ္ထုဒသက၊ ဇီဝိတနဝကအားဖြင့် ကလာပ် ၉ စည်းသာရှိသည်ဖြစ်၍။ သုဒ္ဓဋ္ဌကကလာပ်ဟုမရှိသော်ကြောင့်။

ထိုစကားမသင့်ရာ။မိန်းမယောကျ်ား နပုံသကဗြဟ္မာတို့၌ထိုက်သည်
အားလျော်စွာကာယဘာဝဇီဝိတ ရုပ်တို့နှင့်တကွဖြစ်သော ကာယဒသ
ကဘာဝဒသကဇီဝိတနဝကကလာပ်တို့၌ အကျုံးဝင်သောအဝိနိဗ္ဘောဂ
ရုပ်ဂဏကိုရည်၍ဆိုသည်ဟုယူသော်သင့်ရာ၏။ ။တာနေဝအဇ္ဈရူပါနိ
ဟု သာမည အားဖြင့်သာ ဆိုခဲ့သော် စက္ခု ဒသက စသော ကလာပ်
၉ စဉ်းမှတပါးသက်သက်သုဒ္ဓဋ္ဌကကလာပ်ကိုသာယူရာသောဝိရောဓိ
ဒေါသ။ ကာယဘာဝဇီဝိတတို့ ကျန်လွတ်ရာသောအဗျာပိတ ဒေါသ။
စက္ခုသောတစသောကမ္မဇကော် ၉ ခုလုံးကိုယူရာသောအတိဗျာပိတ
ဒေါသ မကင်းရာဖြစ်၍ ဤသို့မဆိုဘဲ။ ။မိန်းမ ယောကျ်ားနပုံဗြဟ္မာ
တို့၌ထိုက်သည်အားလျော်စွာဖြစ်သောကာယဒသက၊ ဘာဝဒသက၊ ဇီ
ဝိတနဝကကလာပ်တို့၌ အကျုံးဝင်သောပထဝီဓါတ်ဟု သိသာထင်ရှား
အောင်။ ။တဝေြဝဇ္ဈာနေလဒ္ဓေါကာသံပုရိမာနုဗိဏ္ဏာကမ္မဇ္ဇ။ယထာနု
ရူပံကာယိန္ဒြိယဇ္ဈတ္တိန္ဒြိယပုရိသိန္ဒြိယဇီဝိတိန္ဒြိယေဟိသဒ္ဓိံ။တါနေဝအဇ္ဈ
ရူပါနိနိဗ္ဗတ္တေတိ။ ။ဟူ၍ဆိုပါမူကားသိသါထင်ရှားရာ၏။ ။ကံဟောင်း
သည် ထိုစိတ္တဇ ကလာပ်ဖြစ်ရာ ကဏ္ဍတာလု စသော ဌာန်၌။ မိန်းမ
ယောကျ်ား စသည် တို့၌ ထိုက်သည်အား လျော်စွာ မိန်းမဖြစ်အံ့ ကာ
ယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ဇီဝိတိန္ဒြေတို့နှင့်တကွသော အဝိနိဗ္ဘောဂရုပ် ဂ ခုတို့
ကို။ယောကျ်ားဖြစ်အံ့ ကာယိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေတို့နှင့်တကွထို
ရုပ်ဂဏတို့ကို။ နပုံသကဖြစ်အံ့ကာယိန္ဒြေ၊ ဇီဝိတိန္ဒြေတို့နှင့်တကွ ထို
ရုပ် ဂဏတို့ကို။ ဗြဟ္မာဖြစ်အံ့ဇီဝိတိန္ဒြေနှင့်တကွထိုရုပ် ဂဏတို့ကိုဖြစ်စေ
၏ဟုထိုက်သည်အားလျော်စွာအသီးသီးယှဉ်၍ယူ။ ။သဒ္ဒတ္ထဘေဒ
စိန္တာဋီကာ၌ကား။ စိတ္တဇပထဝီ၏ ကမ္မဇပထဝီနှင့် ထိခိုက်ခြင်းကြောင့်
•အက္ခရာဖြစ်သည်ကိုမည်သည့်ပုဂ္ဂိုလ်ဟု အထူးမမှတ်ဘဲသာမညအား
ဖြင့်ပြဆိုသော အရာဝယ်။ အကျိုးကမ္မဇရုပ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်
သောရအပ်သော အခွင့်ရှိသော ရှေး၌လေ့ကျက် ပြုကျင့်ဆည်းပူးခဲ့ဘူး
သောကံသည်အက္ခရာဖြစ်ရာလည်ချောင်း အစရှိသောအရပ်၌ပင်လျှင်ဇီ
ဝိတိန္ဒြေနှင့်တကွသောအဝိနိဗ္ဘောဂရုပ်ဂဏတို့ကိုဖြစ်စေကြောင်းကို။ ။
တဝေြဝဇ္ဈာနေလဒ္ဓေါကာသံပုရိမာ ဝိဏ္ဏာကမ္မဇ္ဇဇီဝိတိန္ဒြိယ ရူပေနသ
ဟတာနေဝအဇ္ဈရူပါနိနိဗ္ဗတ္တေတိ။ ။ဟုပြဆို၏။ ။လဒ္ဓေါကာသံ။ရုပ်
ကိုဖြစ်စေခြင်း၌ရအပ်သောအခွင့်ရှိသော။ ပုရိမာဝိဏ္ဏာ။ရှေးရှေးဘဝ

ကာလတို့ကပြုကျင့်လေ့ကျက်ခဲ့ဘူးသော။ကမ္မဒ္ဓ။ကံဟောင်းသည်လည်း။
တခြေဝဌာနေ။ထိုအကျွရာဖြစ်ရာလည်ချောင်းစသောအရပ်၌ပင်လျှင်။
ဇီဝိတိန္ဒြိယရူပေန။ ဇီဝိတိန္ဒြေရုပ်နှင့်။သဟ။တကွ။ တာနေဝအဓ္ဓရူပါနိ။
ထိုမိတ်သည်ဖြစ်စေအပ်သောရုပ်ဂရုတို့နှင့်တူသောအဝိနိဗ္ဘောဂရုပ် ဂ
ခုတို့ကိုပင်လျှင်။နိဗ္ဗတ္တေတိ။ဖြစ်စေ၏။ ။ဤသို့ဆိုသောသဒ္ဒတ္ထဘေဒ
ဝိန္တာဋီကါဆရာ၏အလိုသော်။ဇီဝိတနဝကကလာပ်သည်အကျွရာဖြစ်ရာ
လည်ချောင်း၊အာစေါက်စသောအရပ်တို့၌ဖြစ်၏ဟုယူလို၏။ယင်းသို့ယူ
သဖြင့်ထိုဇီဝိတ နဝကကလာပ်သည်။ ကာယဒသက ဘာဝဒသကက
လာပ်တို့ကဲ့သို့ကိုယ်အားလုံးကိုနှံ့၍တည်သည်ဟူ၍ငင်း၊ ဝိတ္တဇပထဝီ၏
ထိုလည်ချောင်းစသည့်၌ တည်သောဇီဝိတနဝက ကလာပ်နိုက်အကျုံး
ဝင်သောကမ္မဇ ပထဝီနှင့် ထိခိုက်ခြင်းကြောင့် အကျွရာ ဖြစ်သည်ဟူ၍
ငင်းယူလို၏။ ။အကယ်၍ဤဋီကာဆရာယူသည်အတိုင်း ဟုတ်မှန်ခဲ့
သော်။ဇီဝိတနဝကကလာပ်သည် ကာယဒသကကလာပ်စသည်ကဲ့သို့
ကာမပုဂ္ဂိုလ်တို့အါးပဋိသန္ဓေခဏကာလကစ၍ဖြစ်ရာခဲ့သည်။ယင်းသို့
ဖြစ်ကလည်း။ ။ရူပီဗြဟ္မေသုတာဝဩပပါတိကယောနိကေသုစက္ခု
သောတဝတ္ထုဒသကာနံဇီဝိတနဝကာသဿစာတိ စတုန္နံကလာပါနံဝသေ
နတိံသစနဝစပဋိသန္ဓိဝိညာဏေနသဟာရူပါနိဥပ္ပဇ္ဇန္တိ။ ။တာဝ။ရှေးဦး
စွာ။ဩပပါတိကယောနိကေသု။ဥပပါတ်ပဋိသန္ဓေ နေခြင်းရှိကုန်သေါ။
ဝါ။ အဏ္ဍဇဇလာဗုဇသံသေဒဇဥပပါတ်ဟူသော ယောနိလေးပါးတွင်
ဥပပါတ်ယောနိသာရှိကုန်သော။ ရူပီဗြဟ္မေသု။ အသညသတ်မှတပါး
ကုန်သော၊ရူပါဝစရဗြဟ္မာတို့၌။စက္ခုသောတဝတ္ထုဒသကာနဉ္စ။စက္ခု
ဒသကသေါတဒသကဝတ္ထုဒသကကလာပ်တို့၏ငင်း။ဇီဝိတနဝကဿ
စ။ဇီဝိတနဝကကလာပ်၏ငင်း။ဣတိ။ သို့။ စတုန္နံကလာပါနံ။လေးစည်း
သောကလာပ်တို့၏။ဝသေန။ဖြင့်။တိံသရူပါနိစ။ ၃၀ သောရုပ်တို့သည်
ငင်း။နဝရူပါနိစ။ ၉ ခုသောရုပ်တို့သည်ငင်း။ ပဋိသန္ဓိဝိညာဏေန။ ပဋိ
သန္ဓေစိတ်နှင့်။သဟ။အတူတကွတပြိုင်တည်း။ဥပ္ပဇ္ဇန္တိ။ဖြစ်ကုန်၏။ ။
ဤသို့အစရှိသည်တို့ဖြင့် သမ္မောဟဝိနောဒနီအဋ္ဌကထာအစရှိသည်တို့၌
ရူပါဝစရဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ဖြစ်သော ရုပ်ကလာပ်တို့ကိုရေ
တွက်ပြဆိုသောအရာဝယ်။ စက္ခု၊ သောတ၊ ဝတ္ထုဒသကကလာပ် ၃
စည်း။ ဇီဝိတနဝကကလာပ်တစည်းအားဖြင့် ကလာပ်လေးစည်း။ ရုပ်

၃၉ ခုတို့ဖြစ်ကြောင်းကို ဇီဝိတနဝကကလာပ်နှင့်တကွ ရေတွက်ပြဆို သကဲ့သို့။ ကာမပုဂ္ဂိုလ်တို့ပဋိသန္ဓေခဏ၌ဖြစ်သောကလာပ် ရုပ်တို့ကို ရေတွက်ပြဆိုရာ။ ဇီဝိတနဝကကလာပ်နှင့်တကွ ရေတွက် ပြဆိုရရာ သည်။ ဤသို့ကားအဋ္ဌကထာဋီကာ အရပ်ရပ်တို့တွင်တစုံတရာ၌မျှရေ တွက်ပြဆိုခြင်းကိုမပြုကြကုန်။ကာမပုဂ္ဂိုလ်တို့တွင်ပြည့်စုံသောအာယ တနရှိသော သံသေဒဇ ဥပပါတ်တို့အား ပဋိသန္ဓေခဏကာလ၌စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဝတ္ထု၊ ဘာဝ၊ ဒသကအားဖြင့်ကလာပ် ၇ စည်း၊ ရုပ် ၇၀ တို့ဖြစ်ကြောင်း။ ဂဗ္ဘသေယကတို့အား ယောကျ်ားမိန်းမ တို့မှာကာယ၊ ဘာဝ၊ ဝတ္ထု၊ ဒသကအားဖြင့်ကလာပ် ၃ စည်း၊ ရုပ် ၃၀ တို့ ဖြစ်ကြောင်း။နပုံပဏ္ဍုက်တို့မှာကာယ၊ ဝတ္ထု၊ ဒသကကလာပ် ၂ စည်း၊ ရုပ် ၂၀ တို့ ဖြစ်ကြောင်း ကိုသာရေတွက်ပြဆိုတော် မူကြကုန်သည်။ ထို့ကြောင့် ဇီဝိတနဝကကလာပ်သည်လည်ချောင်း၊အာစောက်စသည် ၌ရှိသည်ဟူ၍ရင်း။စိတ္တဇပထဝီ၏ ဇီဝိတနဝကကလာပ်၌ပါသော ကမ္မ ဇပထဝီနှင့် ထိခိုက်ခြင်းကြောင့်။ အက္ခရာဖြစ်သည်ဟူ၍ရင်း။ သဒ္ဒဖြစ် ကြောင်း သာမညကိုပြဆိုသောအရာ၌ ယူသောဋီကာဆရာ၏ အယူကို မသင့်သောအယူဝါဒသာဖြစ်သည်ဟုမှတ်အပ်၏။ ။ကာမပုဂ္ဂိုလ်တို့ အား ဇီဝိတနဝက ကလာပ်သည် ကိုယ်အားလုံးကို နှံ့၍မဖြစ်။ ပါစက တေဇော၏တည်ရာ အစာသစ်အိမ်၌သာဖြစ်သည်။ ။ကာမပုဂ္ဂိုလ် တို့အားဇီဝိတနဝကကလာပ်၏စ၍ဖြစ်ရာကာလဖြစ်ရာဌာနတို့ကို။ ရူပဝိ ထိပကာသနီ၌ပြဆိုခဲ့ပြီ။ ။ဤဋီကာဆရာ၏ စကားကိုပြဆိုခဲ့သည်အ တိုင်းနိတ္တမယူမူ၍ မိန်းမယောကျ်ား နပုံပဏ္ဍုက် ဗြဟ္မာတို့၌ထိုက် သည်အားလျော်စွာမိန်းမယောကျ်ားဖြစ်အံ့ကာယဒသကကလာပ်။ဘာ •ဝဒသက ကလာပ် ၂ စည်းတို့၌ အကျုံးဝင်သော ဇီဝိတိန္ဒြေနှင့် တကွ သောရုပ် ၈ ခုတို့ကို။နပုံ ပဏ္ဍုက်ဖြစ်အံ့ကာယဒသကကလာပ်၌အကျုံး ဝင်သောဇီဝိတိန္ဒြေနှင့် တကွသောရုပ်ရှစ်ခုကို။ ဗြဟ္မာဖြစ်အံ့ဇီဝိတနဝ ကကလာပ်၌အကျုံးဝင်သောဇီဝိတိန္ဒြေနှင့်တကွသောရုပ်ရှစ်ခုကိုရည် ၍။ ။ဇီဝိတိန္ဒြိယရူပေနသဟတာနေဝအဋ္ဌရူပါနိ။ဟူသောစကားကိုဆို သည်ဟူ၍ သန္ဓာယဘာသိတ နေယျတ္ထအားဖြင့် ယူသော် သင့်ရာပေ သေး၏။ ။ဤတွင်ပဌမပုစ္ဆာ၏ဝိသဇ္ဇနာပြီး၏။

ဝိညတ်ဒွေသည် စိတ်သို့အစဉ် လိုက်၍ဖြစ်သည်။ဟူရာဝယ်မည်သို့

လိုက်သည်ဖြစ်မည် မေးလျှောက်ရာ၌ အစည်လိုက်ဟန်ကိုပြဦးအံ့။ ။ ဝိညတ်ရုပ်မှာဖြစ်ခြင်းဥပါဒ်၊ချုပ်ခြင်းဘင်။ ထိုဥပါဒ်ဘင်တို့ဖြင့်ပိုင်းခြားအပ်သောဌီအားဖြင့်ဥပါဒ်ဌီဘင်မရှိ။ဝိညတ်၌သာမဟုတ်သေး။ပရိစ္ဆေဒရုပ် ဝိညတ်နှစ်၊ ဝိကာရရုပ် ၃ ခု၊ လက္ခဏာရုပ် ၄ ခုအားဖြင့် အနိပ္ဖန္နရုပ် ၁၀ ခုလုံး၌ပင်ဥပါဒ်ဌီဘင်ဟူ၍မရှိ။ ။ထိုဆယ်ပါးတွင်ရုပ်ကလာပ်တို့ကို တပါးနှင့်တပါးရောရှက်ခြင်း မရှိရအောင် ပိုင်းခြားတတ်ပိုင်းခြားကြောင်း၊ရုပ်ကလာပ်တို့၏အပိုင်းအခြားဖြစ်သောအာကာသဓါတ်သည် ပရိစ္ဆေဒရုပ်မည်၏။ ။ဤရုပ်ကို ရုပ်ကလာပ်တို့ကို ဥပါဒ်ကစ၍ ဘင်တိုင်အောင်ပိုင်းခြားခြင်းကို ပြုတတ်သောကြောင့် ရုပ်ကလာပ်၌အကျုံးဝင်သော နိပ္ဖန္နရုပ်တို့ကဲ့သို့ သင်္ခတရသာယုကရှိသည်ဟူ၍ ပင်ဆိုရလေသည်။ ။စိတ္တဇရုပ်တို့၏ပုဂ္ဂိုလ်တို့၏အလိုကိုသူတပါးကိုသိစေတတ် မိမိကိုသူတပါးတို့သိအပ်၍ဝိညတ်မည်သောထိုစိတ္တဇရုပ်တို့၏ အခြင်းအရာအထူးဟူသော ဂုဏ်ဝိကာရသည် စိတ္တဇကလာပ်ရုပ်တို့၌တည်မှီရှိနေသောကြောင့်။ ထိုကလာပ်ရုပ်သည် ယင်း၏မှီရာ။ ဝိသယဂေါစဝိကာရဝန္တဖြစ်ရကား။ ထိုဝိညတ်သည်စိတ္တဇရုပ်ကလာပ် ဖြစ်သည်နှင့် တကွနက်ပင် ထင်ရှား ပါရှိသည်။ ထိုကလာပ်ရုပ်တို့ ချုပ်သည် တိုင်အောင်ကားမလိုက်မပါနိုင်။ စိတ္တက္ခဏာတချက်ခန့်စိတ်ခဏငယ် ၃ ချက်ခန့်မျှသာ လိုက်နိုင်ပါနိုင် သောကြောင့် စိတ္တက္ခဏာ တချက်ခန့် သာ အသက်ရှိသည်။ သင်္ခတရသာယုကမပြည့်နိုင်။ ။ရုပ်သည် ဌီသို့ရောက်မှ အားရှိသည် ဖြစ်၍ ဌီသို့ရောက်မှ ရုပ်ကိုဖြစ်စေ နိုင်သည်။ စိတ်မူကား ဥပါဒ် ခဏ၌သာ အားရှိသည်ဖြစ်၍ ရုပ်ကိုဖြစ်စေနိုင်သော စိတ်သည် မိမိဖြစ်သည်နှင့် တပြိုင်နက်ပင် ရုပ်ကို ဖြစ်စေသော ကြောင့်။ ထိုစိတ်ကြောင့်ဖြစ်သောစိတ္တဇရုပ်သည်။ မိမိကိုဖြစ်စေသောစိတ်နှင့်ဥပါဒ်ပြိုင် ၍ပင်ဖြစ်ရကား။ထိုစိတ္တဇရုပ်၏ဂုဏ်ဝိကာရဖြစ်သောဝိညတ်သည်။ထို ရုပ်ကိုဖြစ်စေသော စိတ်၏ ဥပါဒ်နှင့်ပြိုင်၍ပင် ဂေါစဝိသယဝိကာရဝန္တ ဖြစ်သောစိတ္တဇရုပ်၌ပါရှိ၍။ ၎င်းစိတ်၏ဘင်ခဏနှင့်ပြိုင်၍ပင် ကုန်ပျောံ ပြတ်ကင်း လေသောကြောင့်။ ၎င်းစိတ်သို့ အစဉ်လိုက်၍ ဖြစ်သကဲ့သို့ ဖြစ်ရကား။ ဝိညတ် နှစ်ကို စိတ္တာနု ပရိဝတ္တိ တရားဟူ၍ ဟောတော်မူသည်။ ။အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌။ မနောဒွါရာဝဇ္ဇန်၊ ကာမဇော တခုရုပ် ၃၀။ အဘိညာဏ်နှစ်တို့၏ ဝိညတ်ရုပ်ကို ဖြစ်စေကြောင်း

ကို။ ။ဝေါဒ္ဓဗ္ဗနကာမာဝစရ ဇဝနာဘိညာပန ဝိညတ္တိမ္ဗိဇနေနွှ။ ။ ဟုပြဆိုရာ၌။ထိုစိတ်တို့သည်ဖြစ်စေအပ်သောဝိညတ်သည်။ ထိုစိတ်တို့တွင်။ မနော ဒွါရာဝဇ္ဇန် ကြောင့် ဖြစ်သော ဝိညတ်သည် ထိုစိတ်ချုပ်သည်တိုင်အောင်သာလိုက်နိုင်သည်၊ ပဋ္ဌမဇောကြောင့်ဖြစ်သောဝိညတ်သည်လည်း ပဋ္ဌမဇောချုပ်သည်တိုင်ရုံသာလိုက်နိုင်သည်။ဤသို့စသည်ဖြင့် ဝိညတ်သည် စိတ္တဇရုပ်ကို ဖြစ်စေတတ်သော စိတ်၏ဥပါဒ်ခဏ၌ထင်ရှားပါရှိ၍။ ထိုစိတ်ချုပ်သည်တိုင်ရုံသာ လိုက်နိုင်ပါနိုင်သည်။ ။ ကတမေဓမ္မာစိတ္တာနုပရိဝတ္တိနော။ ဝေဒနက္ခန္ဓော သညာက္ခန္ဓောသင်္ခါရက္ခန္ဓောကာယဝိညတ္တိဝစီဝိညတ္တိ ဣမေဓမ္မာစိတ္တာနုပရိဝတ္တိနော။ ။ ကတမေဓမ္မာ စိတ္တသဟဘုနော၊ ဝေဒနက္ခန္ဓော သညာက္ခန္ဓောသင်္ခါရက္ခန္ဓော။ ကာယဝိညတ္တိဝစီဝိညတ္တိ။ ဣမေဓမ္မာစိတ္တသဟဘုနော။ ။ ဟူ၍စေတသိက်ခန္ဓာ ၃ ပါးနှင့်ဝိညတ်ဒွေကို စိတ်သို့အစဉ်လိုက်၍ ဖြစ်တတ်သောကြောင့် စိတ္တာနုပရိဝတ္တိတရားစိတ်နှင့်အတူတကွဖြစ်တတ်သောကြောင့်။ စိတ္တသဟဘူတရား၏အဖြစ်ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်၌ဟောတော် မူသည်၊ ။အနက်လွယ်၏။ ။ထိုတွင် စေတသိက်ခန္ဓာသုံးပါးကို ဧကုပ္ပါဒဧကနိရောဓ ဧကာလမ္ဗဏ ဧကဝတ္ထုက ဟူသောစေတောယုတ္တ လက္ခဏာလေးပါးနှင့် ပြည့်စုံသည်ဖြစ်၍။ သဟဇာတသံသဋ္ဌအားဖြင့်စိတ်သို့အစဉ်လိုက်သည်။ စိတ်နှင့်အတူတကွဖြစ်သည်ကိုအကြောင်းပြု၍ စိတ္တာနုပရိဝတ္တိဓမ္မစိတ္တသဟဘူဓမ္မဟူ၍ဟောတော်မူသည်။ ဝိညတ်ဒွေကို မူကား စိတ်နှင့်ခဏငယ် ၃ ချက်အသက်ကာလရှိခြင်း တူကာမျှကို အကြောင်းပြု၍ စိတ္တာနုပရိဝတ္တိဓမ္မစိတ္တသဟဘူဓမ္မဟူ၍ဟောတော်မူသည်။ ဤသို့ အထူးကိုမှတ်။ ။ဝိကာရရုပ် ၃ ခုတို့သည် ပစ္စုပ္ပန်အကြောင်းကိုငဲ့၍သာဖြစ်ကုန်သည်။ အတိတ်အကြောင်းကိုငဲ့၍မဖြစ်ကုန်။ ရုပ်ကိုဖြစ်စေ တတ်သော အကြောင်းလေးပါး တွင်လည်း စိတ်ဥတုအာဟာရတို့သည်ပစ္စုပ္ပန်အကြောင်း။ကံသည်အတိတ်အကြောင်း ဖြစ်ရကား ထိုဝိကာရရုပ် ၃ ခုတို့သည်စိတ်ဥတုအာဟာရဟူသောပစ္စုပ္ပန်အကြောင်းတို့ကြောင့်သာဖြစ်ကုန်သည်။ကံဟူသောအတိတ်အကြောင်းကြောင့် မဖြစ်ကုန်။ အကယ်၍ကံဟူသော အတိတ်အကြောင်းကြောင့် ဖြစ်ကုန်ခဲ့အံ့။ စက္ခုသောတ စသည်ကဲ့သို့ အခါ ခပ်သိမ်းအမြဲဖြစ်ကုန်ရာခဲ့သည်။ ဖြစ်ကားမဖြစ်ပါကုန်။ ထို့ကြောင့် ကံဟူ

သောအတိတ်အကြောင်းကြောင့်မဖြစ်ကုန်သည်သာဟုမှတ်အပ်၏။ ဤ
ဝိကာရရုပ် ၃ ခုတို့သည် စိတ်ဥတုအာဟာရတို့ကြောင့် ဖြစ်ကုန်သည်
ဟူသော်လည်းရုပ်အားဖြင့်ဖြစ်ကုန်သည်မဟုတ်။ စိတ္တဇဥတုဇအာဟာ
ရဇတို့၌အကျုံးဝင်သော၊ နိပ္ဖန္နရုပ်တို့၏ထူးသော အခြင်းအရာ ဝိကာရ
ဂုဏ်ဖြစ်၍။ ထိုနိပ္ဖန္နရုပ်လျှင်တည်ရာရှိသောဂုဏ်ဝိကာရဝိသယီဖြစ်ရ
ကား ဝိကာရဝန္တဂုဏေဝိသယဖြစ်သောနိပ္ဖန္နရုပ်တို့၏စိတ်ဥတု အာဟာ
ရတို့ကြောင့် ဖြစ်သည်၏ အဖြစ်ကို စွဲ၍။ ယင်းရုပ် ၃ ခုကိုလည်း စိတ်
ဥတုအာဟာရတို့ကြောင့်ဖြစ်သည်ဟုဆိုရလေသည်။ ။ထိုရုပ် ၃ ခု
တွင်ဥတုသပ္ပါယ ဘောဇနသပ္ပါယ စသည်ကို ရသဖြင့် စိတ္တဇဥတုဇ
အာဟာရဇကလာပ်တို့၌ အကျုံးဝင်သောနိပ္ဖန္နရုပ်တို့၏ပေါ့ပါးသည်၏
အဖြစ်တည်းဟူသောဝိကာရသည်လဟုတာ။ ထိုရုပ်တို့၏နူးညံ့
ပျောင်းပြေ့ သည်၏ အဖြစ်ဟူသော ဝိကာရ သည် မုဒုတာ။
ယင်းတို့၏ ထိုထိုအမှု၌ခန့်သည်၏ အဖြစ်တည်းဟူသော ဝိကာရသည်
ကမ္မညတာမည်၏။ ။ဤရုပ် ၃ ခုကိုစိတ္တက္ခဏ ၁၇ ချက် အ
သက်ကာလရှိသော ဂုဏေဝိကာရဝန္တ ဖြစ်သော တိဇကလာပ်ရုပ်တို့
ဥပါဒ်ခဏကစ၍ဘင်ခဏတိုင်အောင်မကွေမကွာ အတူတကွသာတည်
လျက်ထင်ရှားပါရှိသောကြောင့် စိတ္တက္ခဏ ၁၇ ချက်အသက်ကာလရှိ
သည်ဟူ၍ပင်ဆိုရလေသည်။ ။တိဏ်ိမာနိဘိက္ခဝေသင်္ခတဿသင်္ခတ
လက္ခဏာနိဥပ္ပါဒေါပညာယတိဝယောပညာယတိဌိတဿ အညထတ္တံ
ပညာယတိ။ ။ဟူ၍အင်္ဂုတ္တိုရ်ပါဠိတော်၌ ခန္ဓာငါးပါး စတုဘူမက
တရားတို့၏ဥပါဒ် ဌီဘင်ခဏ ၃ ပါး၏ ထိုစတုဘူမက သင်္ခါရတရား
တို့ကိုမှတ်ကြောင်းဖြစ်၍ သင်္ခတလက္ခဏာမည်ကြောင်းကိုဟောတော်
မူသည်။ ။ဤအရာ၌ကား သင်္ခတ ဖြစ်သော ရုပ်တရားတို့ကို မှတ်
ကြောင်းဖြစ်၍ လက္ခဏာမည်သောနိပ္ဖန္နရုပ်တို့၏ဥပါဒ်၊ ဌီ၊ ဘင်ခဏာ၃ပါး
တွင်ရုပ်ဖြစ်ထိုက်သမျှသောသတ္တဝါတို့အား တခုသောဘဝ၌ မိမိတို့ဖြစ်
ထိုက်ရာ ကာလဝယ် ရှေးဦးအစစွာဖြစ်သော စတုဇကလာပ်ရုပ်တို့၏
ဥပါဒ်ခဏာသည် ဥပစယမည်၏။ ထိုဘဝဆုံးသည်တိုင်အောင် နောက်
အဆင့်ဆင့်ဖြစ်သမျှသော ထိုစတုဇ ကလာပ်ရုပ်တို့၏ ဥပါဒ်ခဏာသည်
သန္တတိမည်၏။ ထိုစတုဇနိပ္ဖန္န ကလာပ်ရုပ်တို့၏ ဌီခဏာသည် ဇရတာ
မည်၏။ယင်းရုပ်တို့၏ဘင်၊ ခဏာသည် အနိစ္စတာမည်၏။ ။နာမက္ခန္ဓာ

လေးပါးတို့၏ဥပါဒ်၊ဌီ၊ဘင်ခဏ ၃ ပါးရုပ်တို့၏ဥပါဒ်ခဏ၊ဘင်ခဏ၊နှစ်
ပါး။ ဤငါးပါးသည် အသက်ကာလတူမျှကြရကား ဥပစယ၊ သန္တတိ၊
အနိစ္စတာဤ ၃ ပါးသည် စိတ်ခဏငယ် တချက်ခန့် အသက်ကာလ ရှိ
၏။ ။နိပ္ဖန္နရုပ်တို့သည် စိတ္တက္ခဏ ၁၇ ချက် ခဏငယ် ၅၁ ချက်အ
သက်ရှိသည်ဖြစ်၍။ ထို ၅၁ ချက်တွင် ဥပါဒ်အတွက်၊ ဘင်အတွက်နှစ်
ချက်ကို နှုတ်သော် ၄၉ ချက်ကျန်ရကား ဌီရတာသည် စိတ္တက္ခဏ ၁၆
ချက်နှင့်ခဏငယ်တချက်အသက်ကာလရှိ၏။ ။ထိုအနိပ္ဖန္နရုပ်ဆယ်ခု
တွင်ပရိစ္ဆေဒရုပ်သည်စတုဇရုပ်ကလါပ်တို့၏အပိုင်းအခြားမျှဖြစ်၍ထိုက
လာပ်ရုပ်တို့နှင့်ရောရှက်ခြင်းမရှိ အလွတ်အခြားဖြစ်၍ ရုပ်အစုအပေါင်း
ဖြစ်သောကလာပ်၏အစိတ်မဟုတ်၍ ကလာပ်ဖွဲ့စည်းရာ အသီးမထည့်
သွင်းမရေတွက်ရလေသည်။ ။လက္ခဏာရုပ်တို့သည်လည်း ကလာပ်
ရုပ်ဟူသမျှတို့၏မှတ်ကြောင်းဥပါဒ်၊ ဌီ၊ဘင်မျှဖြစ်၍ ရုပ်ကလာပ်တို့၏အ
စိတ်မဆိုရ။ ရုပ်ကလာပ်တို့ကို အထူးမပြုနိုင်သော့ကြောင့် ကလာပ်ဖွဲ့
စည်းရာသွင်း၍မဖွဲ့စည်းမရေတွက်ရလေသည်။ ။ဝိညတ်ရုပ်၊ ဝိကာ
ရရုပ်တို့ကို ကလာပ်ဖွဲ့စည်းရာ ထည့်သွင်းဖွဲ့စည်း လေသည်ကား။ အ
ကယ်၍ထိုရုပ်တို့ကို ကလာပ်ရုပ်တို့၌ ထည့်သွင်းရေတွက် ဖွဲ့စည်းခြင်း
ကိုမပြုပဲပြဆိုခဲ့အံ့။ ။ဝိညတ္တိဒွယံစိတ္တဇမေဝ။ ။ဟုဝိညတ်ဒွေ၏စိတ်
ကြောင့်ဖြစ်ကြောင်း။ ။လဟုတာဒိတ္တယံဥတုစိတ္တာဟာရေဟိသမ္ဘော
တိ။ ။ဟုဝိကာရရုပ် ၃ ခုတို့၏ဥတု၊ စိတ်၊ အာဟာရတို့ကြောင့် ဖြစ်
ကြောင်းကိုသင်္ဂြိုဟ်ကျမ်း၌ပြဆိုသောကြောင့်။ စိတ္တဇကလာပ်တို့ကိုပြ
ရာ ဝိညတ်ကို အသီးပင် မပြဆိုသော်လည်း။ ထိုဝိညတ်သည် စိတ္တဇ
ကလာပ်တို့၌အမြဲပင်ပါ၏ဟူ၍ရင်း။ဥတုဇ၊စိတ္တဇ၊ အာဟာရဇကလာပ်
တို့ကို ပြရာ ဝိကာရ ရုပ်ကို အသီးပင် မပြဆို သော်လည်း ထိုဝိကာရ
ရုပ်သည် တိဇ ကလာပ်တို့ ဖြစ်လေတိုင်း အမြဲပင်ပါ၏ ဟူ၍ရင်း။ အ
ချို့ပုဂ္ဂိုလ်တို့ မှတ်ထင်ရာခဲ့သည်။ အချို့ပုဂ္ဂိုလ်တို့အားလည်း ဝိညတ်၏
စိတ်ကြောင့်ဖြစ်ကြောင်း။ဝိကာရရုပ် ၃ ခုတို့၏ဥတု၊စိတ်။ အာဟာရတို့
ကြောင့်ဖြစ်ကြောင်းကိုပင်ပြဆိုသော်လည်း။ ထိုဝိညတ်ဝိကာရတို့သည်
စိတ္တဇရုပ်၊ တိဇရုပ်တို့၏ဂုဏ်ဝိကာရမျှသာဖြစ်၍စိတ္တဇရုပ်၊ တိဇရုပ်တို့
ကို ကလာပ်ဖွဲ့စည်းရာ ကလာပ် အစိတ်အဖြစ်ဖြင့် မထည့်သွင်းသင့်မ
ပါသင့်။ ထိုကလာပ်တို့ဖြစ်လေသမျှ၌ပင်မပါဟူ၍ မှတ်ထင်ရာခဲ့သည်

ဖြစ်၍ ထိုပုဂ္ဂိုလ်တို့၏ မှတ်ထင်ယုံမှားခြင်းကို ပယ်ဖျက်လို ပြတ်ကင်းစေလိုသောကြောင့်ငင်း။ ဝိညာတ်ခွေသည် စိတ်ကြောင့်ဖြစ်၏ ဟူသော်လည်း ဝိညာတ်ကိုဖြစ်စေတတ်သော စိတ်ဖြစ်လေသမျှ၌ အခါခပ်သိမ်းဖြစ်သည်မဟုတ်။ လဟုတာစသောရုပ် ၃ ခုသည်လည်း ဥတု၊ စိတ်၊ အာဟာရတို့ကြောင့် ဖြစ်သည်ဟူသော်လည်း ထိုဥတု၊ စိတ်၊ အာဟာရတို့ဖြစ်လေတိုင်းအခါခပ်သိမ်းဖြစ်သည်မဟုတ်။ ဝိညာတ်ရုပ် ၂ ခုတွင်ကာယဝိညာတ်သည်လက်ရုပ်ခြင်းလက်ပြခြင်း၊ ဦးခေါင်းညိတ်ခြင်း၊ ဦးခေါင်းခါခြင်းစသောကိုယ်အမူအရာတို့ကိုဖြစ်စေသောအခါ၌သာဖြစ်သည်။ ဝစီဝိညာတ်သည်လည်းခေါ်ထူး၊ မေးကြား၊ စကားပြောသောအခါ၌သာဖြစ်သည်။ လဟုတာ စသော ၃ ခု သည်လည်း လျှောက် ပတ်သော ဥတုဘောဇဉ်စသည်ကို ရသောအခါ၌သာဖြစ်သည်။ ဤသို့သောအထူးကို သိစေလိုပြလို၍ငင်း။ ထိုဝိညာတ်ရုပ်၊ ဝိကာရရုပ်တို့ကို ကလာပ်ဖွဲ့စည်းရာ ထည့်သွင်းဖွဲ့စည်းရသေသည်။ ။ထိုကလာပ်တို့တွင်။ စိတ်သည်ရုပ်ကိုဖြစ်စေရာ၌ဝိညာတ်ဝိကာရတို့ကိုမဖြစ်စေဘဲသက်သက်အဝိနိဗ္ဘောဂရုပ်ရှစ်ခုကိုသာ ဖြစ်စေသည်ကို ရည်၍ စိတ္တဇကလာပ် ၆ စည်းအနက် သုဒ္ဓဋ္ဌကကလာပ်ကို။ ကာယဝိညာတ်နှင့် တကွ ငင်းရုပ်ရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ ကာယဝိညတ္တိနဝကကလာပ်ကို။ ဝစီဝိညာတ်သဒ္ဒနှင့်တကွငင်းရှစ်ခုကိုဖြစ်စေသည်ကိုရည်၍ဝစီဝိညတ္တိဒသကကလာပ်ကို။ လဟုတာ ဒိတ္တယနှင့်တကွ ငင်းရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ လဟုတာဒေကာဒသကကလာပ်ကို။ ကာယဝိညာတ်လဟုတာဒိတ္တယတို့နှင့်တကွငင်းရုပ်ရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်ကို။ ဝစီဝိညာတ်သဒ္ဒလဟုတာ ဒိတ္တယနှင့်တကွ ငင်းရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ ဝစီဝိညတ္တိလဟုတာ ဒိတေရသကကလာပ်ကို ပြဆိုတော်မူသည်။ ။ဥတုသည်ရုပ်ကိုဖြစ်စေရာ၌။ သက်သက်အဝိနိဗ္ဘောဂရုပ်ရှစ်ခုကိုသာ ဖြစ်စေသည်ကိုရည်၍ ဥတုဇကလာပ် လေးစည်းအနက် သုဒ္ဓဋ္ဌက ကလာပ်ကို သဒ္ဒနှင့် တကွ ငင်းရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ သဒ္ဒနဝကကလာပ်ကို။ လဟုတာဒိတ္တယနှင့်တကွ ငင်းရှစ်ခုကို ဖြစ်စေသည်ကိုရည်၍ လဟုတာဒေကာဒသက ကလာပ်ကို။ သဒ္ဒလဟုတာဒိတ္တယနှင့်တကွ ငင်းရှစ်ခုကိုဖြစ်စေသည်ကိုရည်၍ သဒ္ဒလဟုတာဒိဒွါဒသကကလာပ်ကိုပြဆိုသည်။ ။အာဟာရဇ၌လည်း မှီ

၍သိလေ။ ။အတုတကွတပေါင်းတစုတည်းဖြစ်ကြသောရုပ်ကလာပ်တို့၏သဘာဝုတ္တိလက္ခဏာကို။ ။ကျေပ္ပါဒါကေနိရောဓါကေနိဿယာဟူ၍ အချင်းချင်းတပြိုင်တည်း အတူဖြစ်ခြင်း။ တပြိုင်တည်းအတူချုပ်ခြင်း ကလာပ်တူမဟာဘုတ် ဟူသော တူသောမှီရာရှိခြင်း ဤ ၃ ပါးရှိ ေ ႑မည်ဟု ပြဆိုရာဝယ် ဝိကာရရုပ် ငါးခုလုံး၌ပင် နိပ္ဖန္နရုပ်တို့ကဲ့သို့ စင်စစ် ဥပါဒ်အားဖြင့်ဖြစ်ခြင်း။ ဘင်အားဖြင့်ချုပ်ခြင်း။ မဟာဘုတ်ကိုမှီခြင်းမရှိသည်ဖြစ်၍ ကျေပ္ပါဒကေနိရောဓ ကေနိဿယဟူသော သဘာဝုတ္တိလက္ခဏာ ၃ ပါးတွင် တပါးပါးကိုမျှမရပါပဲလျက် ထိုဝိကာရရုပ်ငါးခုတို့ကိုအဘယ်ကြောင့် ကလာပ်ဖွဲ့စည်းရာ ထည့်သွင်းရေတွက်ဖွဲ့စည်းရလေသနည်းဟူမူ။ ။ထိုရုပ်ငါးခုတို့သည်စိတ္တဇတိဇ ဖြစ်သောအဝိနိဗ္ဘောဂရုပ်တို့၏ဂုဏ် ဝိကာရနိဿိတဖြစ်၍ ယင်းတို့၏တည်မှီရာဂုဏောဝိကာရဝန္တနိဿယဖြစ်သော ထိုအဝိနိဗ္ဘောဂရုပ်တို့၌ ဖြစ်ခြင်း။ ချုပ်ခြင်းမဟာဘုတ်ကို မှီခြင်း ရှိသည့်သာဖြစ်၍ ကျေပ္ပါဒအစရှိသောသဘာဝုတ္တိလက္ခဏာကို စင်စစ်ရသည့်သာဖြစ်ရကား ထိုအဝိနိဗ္ဘောဂရုပ်တို့၌မှီသောဂုဏ်ဝိကာရဖြစ်သော ဝိကာရရုပ်တို့၌လည်းထိုကျေပ္ပါဒစသော သဘာဝုတ္တိလက္ခဏာ ၃ ပါးရှိ၏ဟူ၍ပင် ဆိုသင့် သောကြောင့် ကလာပ်ဖွဲ့စည်းရာကလာပ်အစိတ်အဖြစ်ဖြင့်ရေတွက်ထည့်သွင်းဖွဲ့စည်းရလေသည်ဟူလေ။ ။တည်မှီရာနိဿယဂုဏောဝိကာရဝန္တဖြစ်သောထိုအဝိနိဗ္ဘောဂ ရုပ်တို့၌ ကျေပ္ပါဒစသော သဘာဝုတ္တိ လက္ခဏာရှိသည်ကိုစွဲ၍ဂုဏ်ဝိကာရနိဿိတဖြစ်သောဝိကာရရုပ်တို့၌လည်း ထိုကျေပ္ပါဒစသောသဘာဝုတ္တိလက္ခဏာကိုရသည်ပင်ဟူ၍ ဆိုရသည်။ဟူခဲ့သော်။ လဟုတာ စသောရုပ် ၃ ခုမှာ ဝိကာရဝန္တဖြစ်သော တိဇ အဝိနိဗ္ဘောဂရုပ်တို့ဥပါဒ်သည်ကစ၍ ဘင်တိုင်အောင် တည်မှီပါရှိသောကြောင့်။ ကျေပ္ပါဒ ကေနိရောဓ ကေ နိဿယ ဟူသော သဘာဝုတ္တိ လက္ခဏာ ၃ ပါး ပြည့်စုံသည် ဆိုသင့်သောကြောင့် ကလာပ်ဖွဲ့စည်းရာရေတွက်ထည့်သွင်းသော်၊ ထည့်သွင်းသင့်တန်စေ။ ဝိညတ်ရုပ် ၂ ခုသည်ဂုဏောဝိကာရဝန္တတည်ရာစိတ္တဇအဝိနိဗ္ဘောဂရုပ်တို့ချုပ်သည်တိုင်အောင်မလိုက်မပါနိုင် စိတ္တက္ခဏ တချက်၊ ခဏငယ် ၃ ချက်ခန့်မျှသာလိုက်နိုင်ပါနိုင်သောကြောင့်။ သဘာဝုတ္တိ လက္ခဏာ ၃ ပါတွင် ကျေပ္ပါဒကေနိဿယ ၂ ပါးသာရှိ၍ကေနိရောဓလက္ခဏာမရှိသောကြောင့် လက္ခဏာ ၃ ပါး

မရုံရကား ကလာပ်ဖွဲ့စည်းရာကလာပ်ရုပ်အစိတ်အဖြစ်ဖြင့် မရေတွက် မထည့်သွင်း မဖွဲ့စည်းသင့်သည်သာမဟုတ်ပါလော။ဟူပြန်ခဲ့အံ့။ ။ ရုပ်ကလာပ်တို့၏သဟာဝုတ္တိလက္ခဏာကို ၃ ပါးပြဆိုသည်မှာ။ ယေဘုယျသို့ လိုက်၍သာ။ အပ္ပက အားဖြင့်ကား စေတသိက်တို့၏ စေတောယုတ္တလက္ခဏာကို ဧကုပ္ပါဒဧကနိရောဓ ဧကာရမ္မဏ ဧကဝတ္ထုကဟုလေးပါးပြဆိုသော်လည်း။ ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့်ပယ်ခွါအပ်ပြီးသောရုပ်ရှိသော အရူပဗြဟ္မာတို့အား ရုပ်ဟူသမျှပင် မဖြစ်ကောင်းသော့ကြောင့် ဝတ္ထုရုပ် မရှိ ဖြစ်၍ ထိုဗြဟ္မာတို့ သန္တာန်၌ ဖြစ် သောနာမ်တရားတို့သည်ဝတ္ထုရုပ်ကိုမမှီမူ၍သာဖြစ်ကြလေရကား အရူပဘုံ၌ဖြစ်ခိုက် ဖြစ်သော ဖဿအစရှိသော တရားတို့သည် စေတောယုတ္တလက္ခဏာလေးပါးတွင်စိတ်နှင့် တပြိုင်တည်းအတူဖြစ်ခြင်း၊ ထိုစိတ်နှင့်ထပြိုင်တည်းအတူချုပ်ခြင်း၊ ထိုစိတ်နှင့်တူသောအာရုံရှိခြင်းဟူသောဧကုပ္ပါဒဧကနိရောဓဧကာလမ္ဗဏလက္ခဏာ ၃ ပါးမျှသာရှိ၍ဧကဝတ္ထုကလက္ခဏာမရှိပဲလျက် စေတသိကဖြစ်ကုန် မည်ကုန်သကဲ့သို့။ ဧကနိရောဓလက္ခဏာမရှိပဲဧကုပ္ပါဒဧကနိဿယလက္ခဏာနှစ်ပါးမျှဖြင့်ပင် ဝိညတ်ကို ကလာပ်ဖွဲ့စည်းရာ ထည့်သွင်း ရေတွက် ဖွဲ့စည်းရလေသည်။ဟူလေ။ ။သဟာဝုတ္တိ လက္ခဏာ ၃ ပါးတို့တွင်။ ကလာပ်တူ ရုပ်တို့နှင့် ဧကုပ္ပါဒဧကနိဿယလက္ခဏာနှစ်ပါးမျှကိုသာရ၍ ဧကနိရောဓ လက္ခဏာကို မရပဲလျက် ကလာပ်ဖွဲ့စည်းရာပါသော၍ဝိညတ်ရုပ်ကိုရည်၍ပင်။ဓွယ်စုံကျော်ထင်ကျမ်း၌။ ။တပြိုင်နက်စပ်။ မချုပ်အပ်။ကလာပ်ဆို၏ ဘယ်ရုပ်နည်း။ ။ဟူသောပုစ္ဆာကိုပြဆိုတော်မူသည်။ ။ ကလာပ်ဖွဲ့စည်း ရခြင်း၏ အကြောင်း ဖြစ်သော သဟာဝုတ္တိ လက္ခဏာ ၃ ပါးတွင် ဖြစ်ဘော်ကလာပ်တူ ရုပ်တို့နှင့်တကွနက် တူသောဖြစ်ခြင်းဟူသော ဧကုပ္ပါဒလက္ခဏာ၊ တကွနက်တူသော မှီရာရှိခြင်း ဟူသောလက္ခဏာ နှစ်ပါးမျှကိုသာရ၍ တကွနက် စပ်ချုပ်ခြင်းဟူသော ဧကနိရောဓလက္ခဏာကို မရပဲလျက် ကလာပ်ဖွဲ့စည်း ရသော ရုပ်ကား အဘယ်ရုပ်နည်း။ဟူလို။ ။၎င်းရုပ်တို့ကိုကလာပ်ဖွဲ့စည်းရပုံမှာ ပြဆိုခဲ့သည့်အတိုင်းပင်တည်း။ ။၍ကား။ ဝိညတ္တိဒွယံစိတ္တဇမေဝ။ ဟူသောအဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာကို မူလပဓာနအရင်းထား၍ ပြဆိုအပ်သောဝိနိစ္ဆယတည်း။ ။

အဓ္ဓသာသလိနီအဓ္ဓကထာ၌ကား။ ထိုဝိညာဏ်၏စိတ်ဟူသောအကြောင်း ကြောင့်မဖြစ်ကြောင်းကို။ ။သာအဓ္ဓရူပါနိဝိယနစိတ္တသမုဋ္ဌာနာ။ ။ ဟုပြဆိုတော်မူ၏။ ။အဓ္ဓရူပါနိ။ ရှစ်ပါးသော အဝိနိဗ္ဘောဂ ရုပ်တို့ သည်။စိတ္တသမုဋ္ဌာနာနိ။စိတ်ကြောင့်ဖြစ်ကုန်သည်။ဟောန္တိဝိယ။ ဖြစ်ကုန် ဘဲကဲ့သို့။ သာဝိညတ္တိ။ သည်။ စိတ္တသမုဋ္ဌာနာ။ စိတ်ကြောင့်ဖြစ်သည်။ နဟောတိ။မဖြစ်။ ။ရုပ်ကိုဖြစ်စေတတ်သောတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ လေးပါးရှိသည်။ ဤ၌စိတ်အရကို ပဓာနနည်းအား ဖြင့် ပြဆိုသော အရာဖြစ်၍ စိတ်မျှကိုသာမယူပဲ။ ။ဟောတုဟောတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာ နဉ္စရူပါနံ ဟေတု ပစ္စယေန ပစ္စ ယော။ ။စသည်ဖြင့်လောဘစသော ဟိတ်တရားတို့၏လည်း ရုပ်ကို ဖြစ်စေကြောင်းကိုဟောတော်မူသည်ကိုထောက်သဖြင့် သမ္ပယုတ်စေ တသိက်နှင့်တကွယူ။ ။ထိုတွင်။ ကံသည်အတိတ်အကြောင်း။ စိတ်ဥ တုအာဟာရတို့ကား ပစ္စုပ္ပန်အကြောင်း။ ။ထိုအကြောင်း လေးပါးတို့ တွင်ဝိညတ်သည်ကံဟူသောအတိတ်အကြောင်းကြောင့်မဖြစ်။ ။ကံ ကြောင့်မဖြစ်သည်ကိုအဘယ်ကြောင့်သိသနည်းဟူမူ။ ။အကယ်၍ ကံကြောင့်ဖြစ်အံ့။ ကံသာလျှင်ဖြစ်ကြောင်းသမုဋ္ဌာန်ရှိ၍ကမ္မဇကေန်ဖြစ် သောပသာဒဘာဝဟာဒယ ဇီဝိတဟူသောရုပ် ၉ ခုတို့သည် တခုသော ဘဝ၌ မိမိတို့ဖြစ်သင့် ဖြစ်ထိုက်သော ကာလကို အစပြု၍ သတ္တဝါတို့ သန္တာန်ဝယ်အခါ မပြတ်အမြဲဖြစ်ကုန်သကဲ့သို့။ အမြဲမပြတ်ဖြစ်ရာသည်။ ဖြစ်ကားမဖြစ်သောကြောင့်သိသည်။ ဟူလေ။ ။ဥတုကြောင့်လည်း မဖြစ်။အကယ်၍ဥတုကြောင့်ဖြစ်သည်ဟူခဲ့အံ့။ ဥတုဟူသော တေဇော သည်ဣန္ဒြိယဗဒ္ဓဖြစ်သော သတ္တဝါတို့၏သန္တာန်၌သာဖြစ်သည်မဟုတ်။ အနိန္ဒြိယဗဒ္ဓဖြစ်သော ကျောက်တောင်သစ်ပင်စသည်တို့၌လည်း ဖြစ် ကောင်းသောကြောင့် ထိုဝိညတ်သည်ကျောက်တောင်ရေမြေသစ်ပင် စသော အနိန္ဒြိယဗဒ္ဓသန္တာန်၌လည်းဖြစ်ရာခဲ့သည်။ ဖြစ်ကားမဖြစ်သည် သာဖြစ်ရကားဥတုကြောင်းလည်းမဖြစ်ဟူ၍သိသာသည်။ ။အာဟာ ရကြောင့်လည်းမဖြစ်။အကယ်၍ အာဟာရကြောင့် ဖြစ်သည် ဟူခဲ့အံ့။ ဖြဟ္မာတို့အားကဗဠီကာရဗဟိဒ္ဓါဟာရကိုစားသောက်သုံးဆောင်ခြင်း မရှိသည်သာဖြစ်၍။ ထိုရူပါဝစရ ဖြဟ္မာတို့သန္တာန်၌ဖြစ်သော အဇ္ဈတ္တာ ဟာရသည် ဗဟိဒ္ဓါဟာရမှ အထောက်အပံ့ကိုမရသောကြောင့်ရုပ်ကို

မဖြစ်စေနိုင်သည်သာ ဖြစ်ရကား ထိုဗြဟ္မာတို့အား ဝိညတ်ပင်မဖြစ်ရာ မရှိရာ။ရှိကားရှိသည်သာဖြစ်သောကြောင့် အာဟာရကြောင့်လည်း မဖြစ်ဟူ၍သိသာသည်။ ။ဤသို့ဝိညတ်သည်ကံဥတုအာဟာရတို့ကြောင့် မဖြစ်သည်သာဖြစ်၍ စိတ်ဟူသော အကြောင်း ကြောင့်သာ ဖြစ်သော် ဖြစ်ရာခဲ့သည်။ ဤ၌ကားဝိညတ်၏စိတ်ကြောင့်မဖြစ်သည်ကို ။ ။သာ၊ အဋ္ဌရူပါနိပိယနစိတ္တသမုဋ္ဌာနာ။ ဟုပြဆိုတော်မူသောကြောင့်။ ဝိညတ်၏စိတ်ကြောင့်မဖြစ်သည်ကိုပြဆိုကြောင်းဖြစ်သောဤနစိတ္တသမုဋ္ဌါနာ ဟူသော်စကားဖြင့် ဝိညတ်ဟူသည်၏ ပရမတ္ထအားဖြင့် မရှိသည်၏အဖြစ်ကိုအဋ္ဌကထာဆရာပြတော်မူကြောင်းကို။၎င်းမူလဋီကာ၌။ ။နစိတ္တသမုဋ္ဌာနာတိဧတေနပရမတ္ထတောအဘာဝံဒဿေတိ။နဟိရူပံအပစ္စယံအတ္ထိ။နစနိဗ္ဗာနဝဇ္ဇောအညောနိစ္စောအတ္ထိ။ ။ဟူ၍ပြဆိုတော်မူ၏။ ။နစိတ္တ။ လ။ဒဿေတိ။သာပဓာန။ ။ဝိညတ်သည်ကံဥတုအာဟာရတို့ကြောင့် မဖြစ်သည်သာဖြစ်၍ဝိညတ်၏ စိတ်ကြောင့် မဖြစ်သည်ကိုပြသောနစိတ္တသမုဋ္ဌာနာ ဟူသောစကားဖြင့် ဝိညတ်၏ပရမတ္ထအားဖြင့်မရှိသည်၏အဖြစ်ကိုအဋ္ဌကထာဆရာပြသည်ဟူ၏။ထိုဝိညတ်သည်ကံစသော အကြောင်း လေးပါးတွင် တစုံတခုသော အကြောင်းကြောင့်မျှမဖြစ်သည်ပင်ဖြစ်စေ။ တစုံတခုသောအကြောင်းကြောင့် မဖြစ်သောအကြောင်းမရှိသောအပစ္စယရုပ်မည်သည်ရှိကောင်းခဲ့သော်။ဖြစ်ကြောင်းမရှိရုံမျှနှင့်ဝိညတ်သည်ပရမတ္ထအားဖြင့် မရှိဟုမဆိုသင့်ရာပါ။ ယင်းသို့မဆိုသင့်ကလည်း။ နစိတ္တသမုဋ္ဌာနာဟူသော်စကားဖြင့် ဝိညတ်၏ပရမတ္ထအားဖြင့် မရှိသည်၏အဖြစ်ကိုအဋ္ဌကထာဆရာပြကြောင်းကိုပြဆိုသော။ နစိတ္တ။ လ။ ဒဿေတိဟူသောဆရာစကား မသင့်မမှန်ရာသည်သာမဟုတ်ပါလော။ ဟူဘွယ်ရှိ၍။မိမိစကား၏ဟုတ်မှန်သည်၏အဖြစ်ကို ယုတ္တိအားဖြင့် မြဲမြံ စေလိုသော ကြောင့်။ ။နဟိရူပံ အပစ္စယံအတ္ထိ။ ။ကိုဆိုပြန်ရသည်။ ။ဇနကအကြောင်းမရှိသော တစုံတခုသောပရမတ္ထရုပ်မည်သည်မရှိကောင်း သည်သာဖြစ်၍။ ဝိညတ်သည်ကံဥတုအာဟာရတို့ကြောင့်လည်းမဖြစ်ရကား ဝိညတ်၏ စိတ်ကြောင့်မဖြစ်သည်ကိုပြဆိုသော။နစိတ္တသမုဋ္ဌာနာဟူသောစကါးဖြင့် ဝိညတ်၏ပရမတ္ထအားဖြင့်မရှိသည်၏ အဖြစ်ကို အဋ္ဌကထာ ဆရာပြ၏ဟု ငါဆိုသောစကားသည် ဟုတ်မှန်သောစကား ဖြစ်ပါ၏ဟူလို။ ။အရှင်မို

ကာဆရာ ဇနက အကြောင်း မရှိသော ပရမတ္ထ ရုပ်ဟူ၍ မရှိ ရကား ဝိညတ်၏ဇနကအကြောင်းမရှိသည်ကိုပြဆိုသော။ နစိတ္တသမုဋ္ဌာနာဟူ သောစကားဖြင့် ဝိညတ်၏ပရမတ္ထအားဖြင့်မရှိသည်၏အဖြစ်ကိုအဋ္ဌက ထာဆရာပြတော်မူ၏ ဟူသောစကားဟုတ်မှန်သည်ဟု ဆိုတော်မူ၏။ နိရောသမာပတ်ဖြစ်သောနိဗ္ဗာန်သည် တစုံတခုသော အကြောင်းကြောင့် မှုမဖြစ်သည်ဖြစ်၍ ဇနကအကြောင်းမရှိဘဲလျက် အမြဲထာဝရ ပရမတ္ထ အားဖြင့်ရှိသည်သာဖြစ်၍ ထိုနိဗ္ဗာန်ကဲ့သို့ဇနကအကြောင်း မရှိဘဲလျက် အမြဲထာဝရပရမတ္ထအားဖြင့်တည်နေသောရုပ်မည်သည် ရှိကောင်းခဲ့ သော် ဇနကအကြောင်းမရှိရုံမျှနှင့် ဝိညတ်သည် ပရမတ္ထအားဖြင့် မရှိ သည်မဖြစ်ရာပါ။ ယင်းသို့မဖြစ်ကလည်း ဇနကအကြောင်းမရှိသည်ကို ပြကြောင်းဖြစ်သော။နစိတ္တသမုဋ္ဌာနာ ဟူသောစကားဖြင့်ဝိညတ်၏ပရ မတ္ထအားဖြင့်မရှိသည်၏အဖြစ်ကိုအဋ္ဌကထာဆရာပြ၏ဟူသောဆရာစ ကားမသင့်ရာသေးပါ။ဟူဘွယ်ရှိ၍။ ။နစနိဗ္ဗာနဝဇ္ဇောအဇ္ဈတ္တနိဗ္ဗာ အတ္တိ။ ။ဟူသောစကားကိုဆိုတော်မူရပြန်သည်။ ။ဇနကအကြောင်း မရှိဘဲ အမြဲထာဝရပရမတ္ထအားဖြင့် တည်နေသော နိရောသမာပတ် ဖြစ် သောနိဗ္ဗာန်တရားရှိသော်လည်း။ ထိုနိဗ္ဗာန်ကိုချန်လှပ်လွှတ်ထား၍ယင်း သည့်နိဗ္ဗာန်မှတပါး ဇနကအကြောင်းမရှိဘဲ အမြဲထာဝရပရမတ္ထအား ဖြင့်တည်နေသော တစုံတခုသော သဘော တရားဟူ၍ မရှိသည်သာ ဖြစ်သောကြောင့် ပြဆိုခဲ့ပြီးသည်အတိုင်းဝိညတ်၏ ပရမတ္ထအားဖြင့်မရှိ သည်၏အဖြစ်ကို အဋ္ဌကထာဆရာပြဆို၏ဟု ငါဆိုသော စကားသည် စင်စစ်ဧကန် ဟုတ်မှန်သည်သာဟူလို။ ။နစရူပံ အပစ္စယံအတ္တိ။ ဟူ သောယုတ္တိဒဏ္ဍီပြရှေ့ဝါကျစကားဖြင့် မိမိ၏စကားကိုလုံးလုံးပိုင်ပိုင် ခန့် ခိုင်ပြတ်စဲ မြဲစေခြင်းငှါမစွမ်း နိုင်သောကြောင့် ကြန့်ခိုင်မြဲမြံစေခြင်းငှါ ယုတ္တိဒဏ္ဍီတချက်၊ဆင့်တက်ပြဆိုပြန်ရသော ဤနစနိဗ္ဗာနဝဇ္ဇေါစသော နောက်စကားသည်ဥပမာသာ။ ။နစိတ္တသမုဋ္ဌာနာတိဧတေန။ဝိညတ်၏ စိတ်ကြောင့်မဖြစ်သည်ကို ပြဆိုကြောင်းဖြစ်သော ဤနစိတ္တသမုဋ္ဌာနာ ဟူသေါစကားဖြင့်။ဝိညတ္တိယာ။၏။ပရမတ္ထတော။အါးဖြင့်။အဘာဝံ။မရှိ ခြင်းကို။မရှိသည်၏အဖြစ်ကို။ဒသေတိ။ အဋ္ဌကထာဆရာပြတော်မူ၏။ ဟိသစ္စံ။နစိတ္တသမုဋ္ဌာနာဟူသောစကားဖြင့်ဝိညတ်၏ပရမတ္ထအါးဖြင့် မရှိခြင်းကိုအဋ္ဌကထာဆရာပြ၏ဟုငါဆိုသောစကားမှန်၏။ အပစ္စယံ။ဇ

နကအကြောင်းမရှိသော။ရူပံ။ပရမတ္ထရုပ်မည်သည်။ နအတ္ထိ။မရှိ။နိဗ္ဗာန
ဝဇ္ဇော။နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်ကြဉ်အပ်သော။ နိစ္စော။ ဇန
ကအကြောင်းမရှိဘဲ ထာဝရ အမြဲတည်သော။ အတ္တောစ။ ပရမတ္ထသ
ဘောတရား သည်လည်း။ နအတ္ထိ။မရှိ။ ။တာနည်းလည်း။ အပစ္စယံ။
သော။ရူပံ။သည်။ ယသ္မာ။ အကြင့်ကြောင့်။ နအတ္ထိ။ မရှိ။ နိဗ္ဗာနဝဇ္ဇော။
သော။နိစ္စော။သော။ အတ္တောစ။သည်လည်း။ယသ္မာ။ အကြင့်ကြောင့်။န
အတ္ထိ။မရှိ။တသ္မာ။ ထိုသို့ဇနကအကြောင်းမရှိသော ရုပ်မည်သည် မရှိ
ခြင်းနိဗ္ဗာန်ကိုကြဉ်ထား၍နိဗ္ဗာန်မှတပါးဖြစ်ကြောင်းမရှိဘဲအမြဲထာဝရ
ရှိနေသောသဘောတရားဟူ၍လည်း မရှိခြင်းကြောင့်။ တံဝစနံ။ဝိညတ်
၏ဖြစ်ကြောင်း မရှိသည်ကို ပြကြောင်း ဖြစ်သော နစိတ္တသမုဋ္ဌာနာဟူ
သောစကားဖြင့်ဝိညတ်၏ပရမတ္ထအားဖြင့်မရှိခြင်းကို။အဋ္ဌကထာဆရာ
ပြတော်မူ၏ဟုငါဆိုသောထိုစကားသည်။ဟိသစ္စံ။ဟုတ်မှန်၏။ ။နစိတ္တ
သမုဋ္ဌာနာဟူသောစကါးဖြင့်ဝိညတ်၏ပရမတ္ထအားဖြင့်မရှိခြင်းကိုအဋ္ဌ
ကထာဆရာပြတော်မူသည်ဟု။ မူလဋီကာဆရာဆို၏။ ထိုစကားကိုအ
ဘယ်သို့နှလုံးထား၍ဆိုတော်မူလေသနည်း။ပရမတ္ထမှလွတ်သော ခန္ဓာ
ထိုက်သောရုပ်မည်သည်မရှိ။ခန္ဓာ့ဖွဲ့ထိုက်သောရုပ်ဟူသမျှပင်ပရမတ္ထ
ချည်းသာဖြစ်သော်ကြောင့်ဝိညတ်ဟူသည်ရုပ်မဟုတ်ဟူ၍ပင်နှလုံးထား
၍ ဆိုတော်မူလေသလော။ဟူဘွယ်ရှိ၍။ ။သနိဒဿန သပ္ပဋိဃာဒ
ယောဝိယမဟာဘူတာနံ အဝတ္ထာဝိသေသမတ္တံ သောအာကာရ ဝိသေ
သောတိပရမတ္ထတောနတ္ထိဟောတိပရမတ္ထတောအဘာဝံဒဿေ
တီတိအာဟ။ ။ဟူသောစကားကိုအနုဋီကာဆရာပြဆိုတော်မူသည်။ ။
ပရမတ္ထတောနတ္ထိ။လ။အာဟ။ သာပဓာန။ ။ဝိညတ်ဟူသည်ပရ
မတ္ထအားဖြင့်တစုံတခုမျှ ညွှန်ပြစရာရှိသည်မဖြစ်ဟူ၍သာ နှလုံးထား၍
ဆိုသည်။ရုပ်မဟုတ်ဟုနှလုံးထား၍ဆိုသည်မဟုတ်။ဟူလို။ ။အဘယ်ရုပ်
တရားတို့သည် ပရမတ္ထအားဖြင့်သရုပ်သီးခြား ညွှန်ကြားစရာ ရှိသကဲ့
သို့မရှိလေသနည်း။ဟူဘွယ်ရှိ၍။ ။သနိဒဿနသပ္ပဋိဃာဒယောဝိယ
ကိုဆိုပြန်ရသည်။ ။ရူပါရုံဟူသော သနိဒဿနသပ္ပဋိဃရုပ် စသည်
တို့သည် ပရမတ္ထအားဖြင့်သရုပ်သီးခြားညွှန်ကြားစရာရှိကုန်သကဲ့သို့မ
ရှိပါသည်။ဟူလို။ ။သနိဒဿနသပ္ပဋိဃာဒယော၌ အာဒိသဒ္ဒါဖြင့်အနိ
ဒဿနသပ္ပဋိဃရုပ်တို့ကိုယူ။ ။ထိုဝိညတ်ဟူသောအခြင်းအရာအထူး

သည် ရုပ်ဖြစ်ပါလျက် အဘယ်ကြောင့် ပရမတ္ထအားဖြင့် တစုံတရာမျှ ညွှန်ကြားစရာမရှိဖြစ်ရလေသည်။ဟူဘွယ်ရှိ၍။ ။မဟာဘူတာနံ အဝတ္ထာဝိသေသမတ္တံသောအာကာရ ဝိသေသောတိ။ ။ကိုပြဆိုရပြန်သည်။ ။ဝိညတ်နှစ်ပါးတွင် ကာယဝိညတ်ဟူသောအခြင်းအရာအထူးသည် စိတ္တဇဝါယောဓာတ်ဟူသော မဟာဘုတ်၏အခိုက်အတန့်အထူးမျှသာဖြစ်သည်။ဝါ။ ဝါယောဓာတ်လွန်ခြင်းရှိသော စိတ္တဇမဟာဘုတ်လေးပါးတို့၏အခိုက်အတန့်အထူးမျှသာဖြစ်သည်။ ဝစီဝိညတ်ဟူသောအခြင်းအရာအထူးသည်လည်း စိတ္တဇပထဝီဓာတ်ဟူသော မဟာဘုတ်၏ ဝါ။ပထဝီဓာတ်လွန်ကဲခြင်းရှိသော စိတ္တဇမဟာဘုတ်လေးပါးတို့၏ အခိုက်အတန့် အထူးမျှသာ ဖြစ်သည်။ထိုသို့ထိုဝိညတ် ဟူသော အခြင်းအရာအထူး၏အစဉ်အတိုင်း စိတ္တဇဝါယောဓာတ်၊ စိတ္တဇပထဝီဓာတ် ဟူသော မဟာဘုတ်တို့၏ အခိုက် အတန့် အထူးမျှသာ ဖြစ်သည်၏ အဖြစ်ကြောင့်ထိုအခိုက်အတန့်အထူးမှတပါး ပရမတ္ထအားဖြင့်သရုပ်သီးခြား တစုံတရာညွှန်ကြားစရာရှိသည်မဖြစ်သည်။ဟူလို။ ။သာအဓ္ဓရူပါနိဝိယနစိတ္တသမုဋ္ဌာနာဟူသောစကားဖြင့်ဝိညတ်သည်သက်သက်စိတ်ဟူသော အကြောင်းနှင့် မစပ်သောကြောင့် ထိုဝိညတ်၏ စိတ်ဟူသော အကြောင်းကြောင့်ဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ တားမြစ်တော်မူအပ်လေသလော။ဟူဘွယ်ရှိ၍။ ။ပရမတ္ထတောစိတ္တသမုဋ္ဌာနာ ဘာဝေါပဋိသေဓိတော။ ။ကိုဆိုတော်မူသည်။ ။မဘောက်မပြန်ဟုတ်မှန်တိုင်းသောရချသဘောအားဖြင့် စိတ်ကြောင့်မဖြစ်သည်ကို ရည်၍ သာဝိညတ်၏စိတ္တသမုဋ္ဌာနအဖြစ်ကိုတားမြစ်တော်မူအပ်လေသည်။ ထိုဝိညတ်သည်စိတ္တဇဖြစ်သော အဝိနိဗ္ဘောဂရုပ်၏။ဝါ။အစဉ်အတိုင်းစိတ္တဇဝါယောဓာတ် စိတ္တဇပထဝီဓာတ် ဟူသောမဟာဘုတ်၏ အခြင်းအရာ အထူးဖြစ်သောကြောင့် ထိုဝိညတ်ဟူသော ဝိကာရ၏ ဝိကာရဝန္တ ဖြစ်သောအဝိနိဗ္ဘောဂရုပ် မဟာဘုတ်တို့၏ မဘောက်မပြန်ဟုတ်မှန်တိုင်းသောရချသဘောအားဖြင့် စိတ္တသမုဋ္ဌာနဖြစ်သည်၏အဖြစ်ကြောင့် ထိုဝိကာရဝန္တ ဖြစ်သောအဝိနိဗ္ဘောဂရုပ် မဟာဘုတ်၏ စိတ်ကြောင့် ဖြစ်သည်၏အဖြစ်ကို အစွဲအမှီအကြောင်းပြု၍ သော်ကား ထိုစိတ္တဇဝိကာရဝန္တအဝိနိဗ္ဘောဂရုပ်မဟာဘုတ်တို့၏ဝိကာရဖြစ်သော ဝိညတ်ကိုလည်း ပရိယာယ်အားဖြင့် စိတ်ကြောင့်ဖြစ်သည် စိတ်လျှင်ဖြစ်ကြောင်းရှိသည်

ဟူ၍ပင်ဆိုကောင်းပေသည်။ဟူလို။ ။နစိတ္တသမုဋ္ဌာနာဟူ၍ပိဉ္စတ်၏ စိတ္တသမုဋ္ဌာန အဖြစ်ကိုသာ အဋ္ဌကထာဆရာပယ်မြစ်၍ ကမ္မသမုဋ္ဌာန အဖြစ်၊ဥတုသမုဋ္ဌာနအဖြစ်၊အာဟာရသမုဋ္ဌာနအဖြစ်ကိုမတားမြစ်လေ သည်ကား ကမ္မသမုဋ္ဌာနအဖြစ်စသည်ကို ခွင့်ပြုလို၍မဟုတ်။ ပိဉ္စတ် သည်ကံ၊ဥတု၊အာဟာရဟူသောအကြောင်းတို့နှင့်အလျှည်းပင်မဆက် ဆံသောကြောင့်ကံ၊ဥတု၊အာဟာရတို့ကြောင့်ဖြစ်လေသလောဟုတွေး တောရန်သံသယပသင်္ဂဖြစ်ဘွယ်မရှိ၍သာမတားမြစ်ကြောင်းကို။ ။ ကမ္မသမုဋ္ဌာနာဒိဘာဝသသပနသင်္ကာဝေါယောဝနတ္ထိတိ။ ။ဟုအနုဋီကာ ဆရာ ပြဆိုလေသည်။ ။သောအာကာရ ပိကာရော။ ထိုပိဉ္စတ်ဟူ ဟောအခြင်း အရာအထူးသည်။ မဟာဘူတာနံ။ စိတ္တဇ ဝါယောဓာတ်၊ စိတ္တဇပထဝိဓာတ်ဟူသော မဟာဘုတ်တို့၏။ အဝတ္ထာဝိသေသမတ္တံ။အ ခိုက်အတန့်အထူးမျှသည်။ဟောတိ။၏။ဣတိတသ္မာ။ထိုသို့ကါယပိဉ္စတ် ဝစိပိဉ္စတ်ဟူသောအခြင်းအရာအထူး၏ အစဉ်အတိုင်း စိတ္တဇဝါယော ဓာတ်၊ စိတ္တဇပထဝိဓာတ်ဟူသောမဟာဘုတ်တို့၏အခိုက်အတန့်အထူး မျှသာဖြစ်သည်၏အဖြစ်ကြောင့်။ သနိဒဿနသပ္ပဋိဃာဒယော။ ရူပါရုံ ဟူသောသနိဒဿနသပ္ပဋိဃရုပ်အစရှိကုန်သောရုပ်တို့သည်။ ပရမတ္ထ တော။ပရမတ္ထအားဖြင့်။ဝါ။မဘောက်မပြန်ဟုတ်မှန်တိုင်းသောသဘော အားဖြင့်။ အတ္ထိဝိယ။ ရှိကုန်သကဲ့သို့။ ပရမတ္ထတော။ မဘောက်မပြန် ဟုတ်မှန်တိုင်းသောသဘောအားဖြင့်။ကိဥ္စိ။ မဟာဘုတ်တို့၏အခြင်းအ ရာအထူးမှတပါး အသီးအခြား ညွှန်ကြားရန် တစုံတခုသော သဘော သည်။ နဟောတိ။ရှိသည်မဖြစ်။ဣတိ။ဤသို့နှလုံးပိုက်၍။ ပရမတ္ထတော အဘာဝံဒဿေတိတိ။ပရမတ္ထတောအဘာဝံဒဿေတိဟူသောစကား ကို။အာဟ။မူလဋီကာဆရာဆိုတော်မူ၏။ ပရမတ္ထတော။အားဖြင့်။ စိတ္တ သမုဋ္ဌာနဘာဝေါ။ပိဉ္စတ်၏စိတ်ကြောင့်ဖြစ်သည်၏အဖြစ်ကို။ ပဋိသေ ဓိတော။ အဋ္ဌကထာဆရာ ပယ်ရှားတားမြစ်တော်မူအပ်၏။ ကမ္မသမု ဋ္ဌာနာဒိဘာဝသ။ပိဉ္စတ်၏ကမ္မသမုဋ္ဌာန်စသည်၏အဖြစ်၏ကား။ သင်္က ဝေါယောဝ။ဖြစ်သင့်ခြင်းသည်ပင်လျှင်။နတ္ထိ။မရှိ။ ။မဝုသာရတ္ထဒိပနီ ဋီကာ၌။ပိဉ္စတ်၏မဘောက်မပြန်ဟုတ်မှန်တိုင်းသော သဘောအားဖြင့် မရှိခြင်းကိုပြကြောင်းဖြစ်သော။ ။နစိတ္တသမုဋ္ဌာနာတိ ဇတေန ပရ မတ္ထတော အဘာဝံဒဿေတိ။ ဟူသောစကားဖြင့် ပိဉ္စတ်၏ရုပ်စစ်မ

ဟုတ်။မဟာဘုတ်၏အခိုက်အတန့်အထူးမျှသာဖြစ်သော အခြင်းအရာအ
ထူးမျှသာဖြစ်သည်၏အဖြစ်ကို မူလဋီကာဆရာပြကြောင်းကို။ ။ပရ
မတ္ထတော ါအဘာဝဒဿနေနပိညတ္တိယာရူပါဘာဝံဒဿေတိ။ ။ဟုပြ
ဆိုတော်မူ၏။ ။ပရမတ္ထတောအဘာဝဒဿနေန။ ပိညတ်၏ပရမတ္ထ
အားဖြင့်မရှိသည်၏အဖြစ်ကိုပြကြောင်းဖြစ်သော။ နစိတ္တသမုဋ္ဌာနာတိ
ဧတေန။ ပရမတ္ထတောအဘာဝံဒဿေတိဟူသောစကားဖြင့်။ ပိညတ္တိ
ယာ။၏။ရူပါဘာဝံ။ရုပ်မဟုတ်သည်၏အဖြစ်ကို၊ ရုပ်စစ်မဟုတ်သည်၏
အဖြစ်ကို။ ဒဿေတိ။ မူလဋီကာဆရာပြတော်မူ၏။ ။ဤ အဋ္ဌကထာ
ဋီကာတို့၌ပိညတ်၏ စိတ္တသမုဋ္ဌာန်မဟုတ်သည်၏အဖြစ်။ ပရမတ္ထအား
ဖြင့်မရှိသည်၏အဖြစ်အစရှိသည်ကိုဆိုတော်မူကြလေသည်ကား။နိပ္ပရိ
ယာယမုချအားဖြင့် မရကောင်းသည်ကိုရည်၍ ဆိုတော်မူကုန်သည်။
ပရိယာယဥပစာရအားဖြင့်သော်ကား ထိုပိညတ်ကိုစိတ္တသမုဋ္ဌာနဟူ၍
ပင်ဆိုအပ်၏၊ထိုကြောင့်အဋ္ဌသာလိနီ၌။ ။ယထာပနအနိစ္စာဒိဘေဒါ
နံဓမ္မာနံ ဇရာမရဏတ္တာ။ ဇရာမရဏံ ဘိက္ခဝေအနိစ္စံ သင်္ခတန္တိအာဒိ
ဝုတ္တံ။ ဧဝံစိတ္တသမုဋ္ဌာနာနံ ရူပါနံပိညတ္တိတာယသာပိစိတ္တသမုဋ္ဌာနာနာ
မဟောတိ။ ။ဟူ၍ပိညတ်၏ စိတ္တသမုဋ္ဌာန် မည်ကြောင်းကို ပြဆို
တော်မူသည်။ ။ပန။မုချနိပ္ပရိယာယအားဖြင့်ပိညတ်၏စိတ္တသမုဋ္ဌာန်
မမည်သည်မှတပါး ဥပစာရ ပရိယာယအားဖြင့် စိတ္တ သမုဋ္ဌာန်မည်
သည်ကိုပြဆိုဦးအံ့။အနိစ္စာဒိဘေဒါနံ။ အနိစ္စစသည်အပြားရှိကုန်သော။
ဝါ။အနိစ္စသဘော၊သင်္ခတသဘော၊ ပဋိစ္စသမုပ္ပန္နသဘောအပြားအထူး
ရှိကုန်သော။ဓမ္မာနံ။စတုဘုမ္မကသင်္ခါရတရားတို့၏။ ဇရာမရဏတ္တာ။ဇြ
ဟူသော ဇရာ၊ ဘင်ဟူသော မရဏ၏ အဖြစ်ကြောင့်။ ဇရာ မရဏံ
ဘိက္ခဝေအနိစ္စံသင်္ခတန္တိအာဒိ။ဇရာ။လ။သင်္ခတံဤသို့အစရှိသည်ဟူ၍။
ဝါ။အစရှိသောစကားကို။ဝုတ္တံယထာ။ ဟောတော်မူအပ်သကဲ့သို့။ ဧဝံ။
ဤအတူ။စိတ္တသမုဋ္ဌာနာနံ။စိတ်ကြောင့်ဖြစ်ကုန်သော။ရူပါနံ။အဝိနိဗ္ဘော
ဂရုပ် မဟာဘုတ် တို့၏။ ပိညတ္တိတာယ။ အခြင်းအရာ အထူးဟူသော
ပိညတ်၏အဖြစ်ကြောင့်။သာပိ။ထိုပိညတ်သည်လည်း။ စိတ္တသမုဋ္ဌာနာ
နာမ။စိတ်ကြောင့်ဖြစ်သည်ပင်မည်သည်။ဟောတိ။၏။ ။အဓိပ္ပါယ်
ကား။ ခပ်သိမ်းသောစတုဘုမ္မက သင်္ခါရတရားတို့၏ ဇြဟူသောဇရာ
သဘော၊ ဘင်ဟူသောမရဏသဘောတို့သည်အနိစ္စသဘော၊သင်္ခတ

သဘောရှိသော တရားတို့၏ မှတ်ကြောင်း အနိပ္ဖန္န လက္ခဏာ သင်္ခတ လက္ခဏာမျှသာဖြစ်၍မိမိတို့မှာအနိပ္ဖန္နသဘော၊ သင်္ခတသဘောမရှိခြင်း ကြောင့်စင်စစ်မချပင် အနိပ္ဖန္နတရား၊ သင်္ခတတရားမဟုတ်သော်လည်း ဥပါဒ်ဌီဘင်ဖြစ်သော ဇာတိဇရာမရဏ ဟူသော ခဏအစိတ်ရှိသော ခဏတ္တယသမင်္ဂီဖြစ်သော အနိပ္ဖန္နသဘော ရှိသောတရား၊ သင်္ခတသဘောရှိသောတရားတို့၏ ဇရာမရဏပင်ဖြစ်သောကြောင့် ထိုဇရာမရဏဟူသောခဏအစိတ်ကိုလည်းဥပစာရပရိယာယအားဖြင့် အနိပ္ဖန္နသင်္ခတဟူ၍ပင်ဆိုထိုက်ရကား ထိုဇရာမရဏ၏အနိပ္ဖန္နသင်္ခတမည်ကြောင်းကို။ ဇရာမရဏံဘိက္ခဝေအနိပ္ဖန္နံသင်္ခတံဟု ဟောတော်မူသည်ဖြစ်၍အနိပ္ဖန္နသင်္ခတမည်သကဲ့သို့၊ ဝိညတ်ဟူသောဝိကာရသည်လည်းစိတ္တသမုဋ္ဌာန်ဖြစ်သေါအဝိနိဗ္ဘောဂရုပ်တို့၏အခြင်းအရာအထူးမျှသာဖြစ်၍စင်စစ်မချနိပ္ပရိယာယအားဖြင့်စိတ်ကြောင့်ဖြစ်သောစိတ္တသမုဋ္ဌာန ရုပ်မဟုတ်သော်လည်း ထိုဝိညတ်ဟူသော အခြင်းအရာအထူးရှိသောဝိကာရဝန္တဖြစ်သော စိတ္တသမုဋ္ဌာန ရုပ်တို့၏၊ ဝိကာရပင် ဖြစ်သောကြောင့်၊ ထိုဝိညတ္တိဝိကာရကိုလည်းဥပစာရပရိယာယအားဖြင့် စိတ္တသမုဋ္ဌာနဟူ၍ပင်ဆိုသင့် ဆိုထိုက် ရကား စိတ္တ သမုဋ္ဌာနပင် မည်ပါသေး၏။ စိတ်ကြောင့်ဖြစ်သည်ပင် မည်ပါသေး၏ဟူလို။ ။ထိုဝိညတ်၏စိတ္တသမုဋ္ဌာနအဖြစ်ကိုသာအလိုရှိအပ်သည်မဟုတ်သေး။ဝိညတ်သည်ဝိကာရမျှသာဖြစ်၍ စင်စစ်ပင်စိတ်ကြောင့် ဖြစ်သောတရား မဟုတ်သော်လည်း ဝိကာရဝန္တဖြစ်သော စိတ္တသမုဋ္ဌာနရုပ်တို့၏ဝိကာရဖြစ်သည်၏အဖြစ်ကြောင့်ဝိညတ်၏စိတ္တသမုဋ္ဌာနအဖြစ်ကို အလိုရှိအပ်သကဲ့သို့။ ဝဏ္ဏ၊ ဂန္ဓ အစရှိသောဥပါဒါရုပ်တို့သည်မဟာဘုတ်ကို မှီကုန်သည်နှင့်အတူ။ စင်စစ်ပင်မဟာဘုတ်ကို မမှီသော်လည်း မှီသောရုပ်မဟုတ်သော်လည်း။, ဝိကာရဝန္တဖြစ်သောစိတ္တဇမဟာဘုတ်၏ဝိညတ္တိဝိကာရဖြစ်သည်၏အဖြစ်ကြောင့်ဥပါဒါရုပ်အဖြစ်ကိုလည်းအလိုရှိအပ်ကြောင်းကို။ ။စိတ္တသမုဋ္ဌာနဘာဝေါ ဝိယမဟာဘူတဝိကာရတာယ ဥပါဒါရူပဘာဝေါစ အဓိပ္ပေတောတိဝေဒိတဗ္ဗော။ ။ဟူ၍မူလဋီကာ၌ပြဆိုတော်မူ၏။ ။ စိတ္တသမုဋ္ဌာနဘာဝေါ။ဝိညတ်၏စိတ္တသမုဋ္ဌာနအဖြစ်ကို။ အဓိပ္ပေတော ဝိယ။အလိုရှိအပ်သကဲ့သို့။ မဟာဘူတဝိကာရတာယ။ ဝိကာရဝန္တဖြစ် သောစိတ္တဇမဟာဘုတ်တို့၏ဝိညတ္တိဝိကာရ၏ အဖြစ်ကြောင့်။ ဥပါဒါရူ

ပဘာဝေါစ။ဝိညတ်၏ဥပါဒါရုပ်အဖြစ်ကိုလည်း။အဓိပ္ပေတော၊။၏။ဣတိ။ သို့။ဝေဒိတဗ္ဗော။၏။ ။ဤမူလဋီကာဝယ် စိတ္တသမုဋ္ဌာနဘာဝေါဝိယ။ ဟူသောဥပမာစကားဖြင့်ဝိညတ်၏ စိတ္တသမုဋ္ဌာနအဖြစ်၊ ဥပါဒါရုပ်အဖြစ်သည်ဥပစာရအားဖြင့်ပြီး၏ဟုဋီကာဆရာပြတော်မူကြောင်းကို။ ။ စိတ္တသမုဋ္ဌာနဘာဝေါဝိယာတိဝိညတ္တိယာစိတ္တသမုဋ္ဌာန ဥပါဒါရူပဘာဝေါဥပ့စာရသိဒ္ဓေါတိဒဿေတိ။ ။ဟုအနုဋီကာ၌ပြဆိုတော်မူ၏။ ။ စိတ္တသမုဋ္ဌာန ဘာဝေါဝိယာတိဣမိနာဝစနေန။ ဟူသောဤစကားဖြင့်။ ဝိညတ္တိယာ။၏။စိတ္တသမုဋ္ဌာနဥပါဒါရူပဘာဝေါ။ စိတ္တသမုဋ္ဌာန်ရုပ်မည် သည်၏အဖြစ်၊ဥပါဒါရုပ်မည်သည်၏အဖြစ်သည်။ဥပစာရသိဒ္ဓေါ။ဥပစာရ အားဖြင့်ပြီး၏။ဣတိ။သို့။ဒဿေတိ။ ဋီကာဆရာပြတော်မူ၏။ ။မရဋီ ကာ၌လည်း ဝိညတ်၏စိတ္တသမုဋ္ဌာနအဖြစ်ကို ဥပစာရ၏အစွမ်းဖြင့်ဆို အပ်သကဲ့သို့ဥပါဒါရုပ်မည်သည်၏အဖြစ်ကိုလည်း ဥပစာရ၏ အစွမ်း ဖြင့်ပင်ဆိုအပ်၏ဟုပြခြင်းငှါ။ စိတ္တသမုဋ္ဌာနဘာဝေါဝိယစသောစကား ကိုမူလဋီကာဆရာဆိုတော်မူကြောင်းကို။ ။ဝိညတ္တိယာစိတ္တသမုဋ္ဌာ နဘာဝေါဥပစာရဝသေနဝုတ္တော။ ဧဝံဥပါဒါရူပဘာဝေါပိတိ ဒဿေ တုံစိတ္တသမုဋ္ဌာနဘာဝေါဝိယာတိအာဒိဝုတ္တံ။ ။ဟုပြဆိုတော်မူ၏။ ။ ဝိညတ္တိယာ။၏။စိတ္တသမုဋ္ဌာနဘာဝေါ။ကို။ဥပစာရဝသေန။ ဥပစာရ၏ အစွမ်းဖြင့်။ဝုတ္တော။ယထာ။ဆိုအပ်သကဲ့သို့။ဧဝံတထာ။ထိုအတူ။ဝိညတ္တိ ယာ၊။၏။ဥပါဒါရူပဘာ၊ဝေါပိ။ကိုလည်း။ဥပစာရဝသေန။ဖြင့်။ဝုတ္တော။၏။ ဣတိ။သို့။ဒဿေတုံ။ငှါ။ စိတ္တသမုဋ္ဌာနဘာဝေါဝိယာတိအာဒိ။ ဝိယဤ သို့အစရှိသောစကားကို။ဝုတ္တံ။မူလဋီကာဆရာဆိုတော်မူအပ်၏။ ။ ဤဋီကာတို့၌။ ပြဆို အပ်သော ဥပစာရအရကို ဝိကာရဝန္တ ဖြစ်သော စိတ္တဇရုပ်သည်။ ဝိညတ္တိဝိကာရ၏တည်ရာဖြစ်၍ဌာန။ ဝိညတ္တိဝိကာရ ကား ထိုဝိကာရဝန္တရုပ်လျှင် မှီရာရှိ၍ဌာနီ ဖြစ်ရကား ဌာနဖြစ်သောဝိ ကာရဝန္တရုပ်၏စိတ္တသမုဋ္ဌာနဟူသောအမည်၊ဥပါဒါရုပ်ဟူသောအမည် ကိုဌာနီဖြစ်သော ဝိညတ္တိဝိကာရ၌တင်စား၍ ထိုဝိညတ္တိဝိကာရကိုစိတ္တ သမုဋ္ဌာနဥပါဒါရူပဟုခေါ်ဆိုအပ်လေသောကြောင့်၊ မဉ္စာဃောသန္တိစ သည်မှာကဲ့သို့။ဌာနူပစာရဟုယူလေ။ ။ဤဝိညတ်၌ပြဆိုခဲ့ပြီးသော နည်းကိုအစည်းမှီသဖြင့်။ ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿ ကမ္မညတာဟူသောဝိကာရရုပ် ၃ ခုတို့၌ထိုဝိကာရရုပ် ၃ ခုတို့၏စိတ္တ

ဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့၏ပေါ့ပါးသည်၏အဖြစ်၊ နူးညံ့သည်
၏အဖြစ်၊ အမှု၌ ခန့်သည်၏အဖြစ်ဟူသော အခြင်းအရာအထူးမျှသာဖြစ်
၍စင်စစ်မချကေန္တအားဖြင့်စိတ္တသမုဋ္ဌာန်မဟုတ်သည်၏အဖြစ်၊ ဥတုသ
မုဋ္ဌာန်မဟုတ်သည်၏အဖြစ် အာဟာရသမုဋ္ဌာန်မဟုတ်သည်၏ အဖြစ်
ဥပါဒါရုပ်မဟုတ်သည်၏ အဖြစ်တို့ကိုငြင်း။ ထိုဝိကာရဝန္တတိသမုဋ္ဌာနိ
ကရုပ်တို့၏သာလျှင်ပေါ့ပါးသည်၏ အဖြစ်စသောဝိကာရပင်ဖြစ်၍ ဌာ
န၏အမည်ကိုဌာနီ၌တင်စား၍ ခေါ်ဝေါ်ခြင်းဟူသော ဌာနူပစာရအား
ဖြင့်စိတ္တသမုဋ္ဌာနဥတုသမုဋ္ဌာနအာဟာရ သမုဋ္ဌာန ဥပါဒါရုပ်ဟူ၍ပင်
ခေါ်ဝေါ်အပ်သည်၏အဖြစ်ကိုငြင်းထိုက်သည်အားလျော်စွာသိလေ။ ။
ဤဝိညတ်သည်မချအားဖြင့်စိတ္တသမုဋ္ဌာနရုပ်၊ ဥပါဒါရုပ်သာမမည်သည်
မဟုတ်သေးတစုံတခုသောအကြောင်းကြောင့်မျှမဖြစ်။ တစုံတခုသော
အကြောင်းသည်မျှမပြီးစေအပ်သောကြောင့်ပရိနိပ္ဖန္နလည်းမမည်၊ အပ
ရိနိပ္ဖန္နသာမည်သည်။ ဤဝိညတ်သာအပရိနိပ္ဖန္နမည်သည် မဟုတ်။ ပ
ရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ်အားဖြင့် ဤရုပ်ဆယ်ပါး
လုံးပင်အပရိနိပ္ဖန္န မည်ကုန်သည်။ ဤရုပ်ဆယ်ခုတို့၏ အပရိနိပ္ဖန္နမည်
ကြောင်းကိုလည်း အဋ္ဌသာလိနီ၌ ။အပရိနိပ္ဖန္နန္တိ ဒသရူပါနိအပရိ
နိပ္ဖန္နာနိနာမ။ ။ဟူ၍၊ အဘိဓမ္မတ္ထသင်္ဂဟ၌လည်း။ ။ပရိစ္ဆေဒေါစ
ဝိညတ္တိ။ ဝိကာရောလက္ခဏာန္တိစ။ အနိပ္ဖန္နာဒသာစေတိ။ ။ဟူ၍မိန့်ဆို
တော်မူကြကုန်သည်။ ။အပရိနိပ္ဖန္နဟူသည်နှင့် အနိပ္ဖန္နဟူသည်အ
တူတူ။ ။ဤရုပ်ဆယ်ခုသည်အကယ်၍ အပရိနိပ္ဖန္နဖြစ်ခဲ့အံ့၊ တစုံတခု
သော အကြောင်းသည်မျှ မပြီစေအပ်သည် ဖြစ်၍၊ တစုံတခုသောအ
ကြောင်းကြောင့်မျှမဖြစ်သောတရားသည်အပရိနိပ္ဖန္နမည်ရကား။ သင်္ခ
တ၊ အသင်္ခတနှစ်ပါးတွင်လည်း။ တစုံတခုသောအကြောင်းသည်မျှမပြု
ပြင်မစီရင်အပ်၍ဇနကအကြောင်းမရှိသောတရားကိုသာ အသင်္ခတဟု
ဆိုအပ်သောကြောင့်အသင်္ခတမည်ရာခဲ့၏ဟူငြားအံ့။ ။အသင်္ခတမ
ဟုတ်၊ သင်္ခတပင်ဖြစ်ပါသည်ဟူလေ။ ။သင်္ခတဖြစ်သည်ဟူ၏။ အ
ကယ်၍ပြဆိုခဲ့သည်အတိုင်း ဤရုပ်ဆယ်ခုသည် စင်စစ်အပရိနိပ္ဖန္နသာ
ဖြစ်ခဲ့မူသင်္ခတမဖြစ်နိုင်ရာ။ အသင်္ခတသာဖြစ်ရာပါသည်။ ထိုသို့အသင်္ခ
တဖြစ်ရာလျက်အဘယ့်ကြောင့်အသင်္ခတမဖြစ်ပဲ သင်္ခတသာဖြစ်ရလေ
သနည်းဟူပြန်မူ။ ။ဤရုပ်ဆယ်ခုလုံးပင်ပရိနိပ္ဖန္နချည်းဖြစ်လေသော

ကြောင့်သစ်တသာ ဖြစ်သည်ဟုလေ။ ။ပရိနိပ္ဖန္နဖြစ်သောကြောင့် သစ်တသာဖြစ်သည်ဟူ၏။ ဤရုပ်ဆယ်ခုတို့၏အပရိနိပ္ဖန္နမည်ကြောင်းကို။ဒသရူပါနိအပရိနိပ္ဖန္နာနိနာမ။ ဟုပြဆိုခဲ့ပြီးဖြစ်ပါသည်မဟုတ်လောဟူမူ။ ။ထိုသို့အပရိနိပ္ဖန္နမည်သည့်၏အဖြစ်ကို ပြဆိုခဲ့ပြီးသည်အမှန်ပင်ဖြစ်သော်လည်း။ဤရုပ်ဆယ်ခုတို့၏အပရိနိပ္ဖန္နမည်ကြောင်းကိုပြဆိုအပ်သည်မှာ။ဤရုပ်ဆယ်ခုတို့သည်။ ဘူတ၊ ပသာဒ၊ ဝိသယ၊ ဘာဝ၊ ဟဒယ၊ ဇီဝိတအာဟာရဟူသောရုပ်ဝဂခုတို့သည် ထိုက်သည်အားလျော်စွာစင်စစ် မချကြေနွှအားဖြင့် ကံ၊စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းကြောင့်ဖြစ်ကုန်သကဲ့သို့။ ထိုကံစသော အကြောင်းတို့တွင်တရုံတခုသော အကြောင်းကြောင့်မျှ မဖြစ်သောကြောင့် မချနိပ္ဖရိယာယအားဖြင့်ပရိနိပ္ဖန္နမဟုတ်သည်ကိုရည်၍သာပြဆိုအပ်သည်။ ပရိယာယဥပစာရအားဖြင့်သော်။ ထိုပရိနိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏ ကာယဝိကာရသည်ပင်ကာယဝိညတ်။ ဝစီဝိကာရသည်ပင်ဝစီဝိညတ်။ အပေါက်အကြားသည်ပင် အာကာသဓါတ်။ ပေါ့ပါးသည့်၏ အဖြစ်သည်ပင်လဟုတာ။ နူးညံ့သည့်၏အဖြစ်သည်ပင်မုဒုတာ။အမှုခံနိုင်သည့်၏အဖြစ်သည်ပင်ကမ္မညတာ။ တခုသောဘဝ၌ရှေးဦးအစစွာ ဖြစ်ခြင်းဥပါဒ်သည်ပင်ဥပစယ။ နောက်အဆင့်ဆင့်ဖြစ်ခြင်း ဥပါဒ်သည်ပင် သန္တတိ။ ရင့်ရော်သည့်၏အဖြစ်ဟူသောဌီသည်ပင်ဇရတာ။ဖြစ်ပြီး၍ ကုန်ပျက်ခြင်းချုပ်ခြင်းဟူသောဘင်ခဏသည်ပင်အနိစ္စတါမည်သည်ဖြစ်၍ ထိုရုပ်ဆယ်ခုတို့သည်ထိုက်သည်အားလျော်စွာ၊ ကံစသောအကြောင်းကြောင့်ဖြစ်သောဝိကာရဝန္တပရိနိပ္ဖန္နရုပ်တို့၏ အခြင်းအရာအထူးဟူသောဝိကာရပင်ဖြစ်သောကြောင့်ထိုဝိကာရ၏တည်ရာဌာနဝိကာရဝန္တရုပ်တို့၏ပရိနိပ္ဖန္နဟူသောအမည်ကိုဝိကာရဝန္တရုပ်လျှင် တည်ရာရှိ၍ဌာနီဖြစ်သောဝိကာရရုပ်၌တင်စား၍ခေါ်ဝေါ်ခြင်းဌာနူပစာရအားဖြင့် ပရိနိပ္ဖန္နပင်မည်ပါသည်ဟုလေ။ ။ဤအဓိပ္ပါယ်ကို။ ။အပရိနိပ္ဖန္နာ နာမ ဒသရူပါနိအပရိနိပ္ဖန္နာနိနာမ။ယဒိအပရိနိပ္ဖန္နာအသင်္ခတာနာမဘာဝေယျုံ။ တေသံယေဝပနရူပါနံကာယဝိကာရောကာယဝိညတ္တိနာမ။ ဝစီဝိကာရောဝစီဝိညတ္တိနာမ။ဆိဒ္ဒံဝိဝရံအာကာသဓါတုနာမ။ လဟုဘာဝေါလဟုတာနာမ။ မုဒုဘာဝေါမုဒုတာနာမ။ကမ္မညဘာဝေါကမ္မညတာနာမ။နိဗ္ဗတ္တိဥပစယောနာမ။ပဝတ္တိသန္တတိနာမ။ ဇီရဏာကာရောဇရတာနာမ။ ဟုတ္ဝာအဘာ

ဝေါအနိစ္စတာနာမာတိသဗ္ဗံပရိနိပ္ဖန္နံသင်္ခတမေဝဟောတိတိ။ ။ဟူ
သောအဋ္ဌသါလိနီကိုမှီ၍ဆိုလိုက်သည်။ ။အပရိနိပ္ဖန္နန္တိဠ္ဌေ။အပရိနိပ္ဖန္န
ဟူသော၍အဘိုဋ္ဌ။ ဒသရူပါနိ။ပရိစ္ဆေဒဝိညတ်၊ ဝိကာရ၊ လက္ခဏ၊ဟူ
သောရုပ်ဆယ်ခုတို့သည်။အပရိနိပ္ဖန္နာနိနာမ။တစုံတခုသောအကြောင်း
ကြောင့်မှုမပြီးသည်မဖြစ်သည်ဖြစ်၍ အပရိနိပ္ဖန္နမည်ကုန်၏။ ဣမာနိဒ
သ။၍ရုပ်ဆယ်ခုတို့သည်။အပရိနိပ္ဖန္နာ။ တစုံတခုသောအကြောင်းသည်
မှုမပြီးစေအပ်ကုန်သည်။ယဒိသိယျုံ။အကယ်၍ဖြစ်ကုန်ခဲ့အံ့။ ဧဝံသန္တေ
သု။၍သို့မပြီးစေအပ်ကုန်သည်ရှိသော်။အသင်္ခတာနာမ။အသင်္ခတမည်
ကုန်သည်။ဘဝေယျုံ။ ဖြစ်ကုန်ရာခဲ့၏။ပန။ စင်စစ်သော်ကား။ တေသံ
ယေဝရူပါနံ။ထိုပရိနိပ္ဖန္နရုပ်တို့၏သာလျှင်။ကာယဝိကာရော။သည်။ကာ
ယဝိညတ္တိနာမ။မည်၏။ဝစီဝိကာရော။သည်။ ဝစီဝိညတ္တိနာမ။ ၏။ဆိဒ္ဒံ။
အပေါက်သည်။အပြတ်သည်။ဝိဝရံ။အခေါင်းအကြားသည်။ အာကာသ
ဓါတုနာမ။မည်၏။လဟုဘာဝေါ။ပေါ့ပါးသည်၏အဖြစ်သည်။လဟုတါ
နာမ။၏။မုဒုဘာဝေါ။နူးညံ့သည်၏အဖြစ်သည်။မုဒုတာနာမ။၏။ကမ္မညဘါ
ဝေါ။အမှုဌကောင်းသည်၏အဖြစ်သည်။ကမ္မညတာနာမ။၏။နိပ္ဖတ္တိ။ ရှေး
ဦးအစစွာဖြစ်ခြင်းသည်။ ဥပစယောနာမ။၏။ ပဝတ္တိ။ နောက်၌အဆင့်
ဆင့်ဖြစ်ခြင်းသည်။သန္တတိနာမ။၏။ဇီရဏာကာရော။ ရင့်ရော်သောအ
ခြင်းအရာသည်။ဇရတာနာမ။၏။ဟုတွာ။ ဖြစ်ပြီး၍။အဘာဝေါ။ မရှိခြင်း
သည်။အနိစ္စတာနာမ။၏။ ဣတိတသ္မာ။ ထိုသို့ပရိနိပ္ဖန္နရုပ်တို့၏ကာယဝိ
ကာရစသည် သည်ပင် ကာယဝိညတ် စသည် မည်သည်၏ အဖြစ်
ကြောင့်။သဗ္ဗံ။ ပရိစ္ဆေဒဝိညတ်၊ ဝိကာရ၊လက္ခဏဟူသောရုပ်ဆယ်ခု
လုံးသည်။ပရိနိပ္ဖန္နံ။ပရိနိပ္ဖန္နပင်ဖြစ်ပြန်မည်ပြန်၍။ သင်္ခတမေဝ ။သင်္ခတ
ဖြစ်သည်သာလျှင်။သင်္ခတမည်သည်သာလျှင်။ဟောတိ။၏။ ။အရှင်
ငိုကာဆရာအမ္ဘကထာဆရာသည် ဝိညတ်စသည်တို့၏ အပရိနိပ္ဖန္နမည်
ကြောင်းကို။ ။ဒသရူပါနိ အပရိနိပ္ဖန္နာနိနာမ။ ဟုပြဆိုတော်မူ၏။အ
ကယ်၍ဝိညတ်စသည်၏ အပရိနိပ္ဖန္နအဖြစ်ကိုဆိုအပ်သည်ဖြစ်အံ့။ တစုံ
တခုသောဇနက အကြောင်းကြောင့်မဖြစ်။ ဇနကအကြောင်းသည်မပြီး
စေအပ်သောသဘောတရားကိုသာအပရိနိပ္ဖန္နဟုဆိုအပ်ရကား။ ဇနက
အကြောင်းကြောင့်မဖြစ်။ ဇနကအကြောင်းသည်မပြီးစေအပ်ကလည်း
ဇနကအကြောင်းမရှိသောကြောင့် ထိုဝိညတ်စသော တရားဆယ်ပါး

သည်နိဗ္ဗာန်ပညတ်တို့ကဲ့သို့။ အပစ္စယသာဖြစ်ရာသည့် သပစ္စယမဖြစ်ရာ။ခန္ဓာငါးပါး၊ ရုပ်နာမ်တရားဟူသမျှကိုလည်း သပစ္စယဓမ္မဟူ၍သာ ဟောတော်မူသည်။ အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာ၌လည်း။ရုပ် ၂၈ ခုလုံး၏ပင်သပစ္စယမည့်ကြောင်းကို။ ။သဗ္ဗဥ္စပနေတံရူပံအဟေတုကံသပစ္စယံသင်္ခတံ။ ။အစရှိသည်ဖြင့်ပြဆိုတော်မူသည်ဖြစ်၍။သပစ္စယကရားသာဖြစ်ရာသည်။ အပစ္စယရုပ်ဟူ၍ရှိသည် မဖြစ်ရာသော ကြောင့်၊ထိုပညတ်အစရှိသည်၏ အပရိနိပ္ဖန္နအဖြစ်ကိုဆိုခဲ့က။„ဒသရူပါ နိဟူ၍ယင်းတို့၏ရုပ်အဖြစ်ကိုမဆိုသင့်ရာ။ ရုပ်အဖြစ်ကိုဆိုကလည်း။အပရိနိပ္ဖန္နာနိနာမ။ဟူ၍အပရိနိပ္ဖန္နအဖြစ်ကိုမဆိုသင့်ရာ။ နှစ်ပါးလုံးကိုပင်ဆိုတော်မူသည်ဖြစ်၍။အဘယ်သို့သောအကြောင်းကြောင့်၊ ထိုပညတ်စသည်၏ အပရိနိပ္ဖန္နအဖြစ်ကို ဆိုသည်၊ အဘယ်သို့သောအကြောင်းကြောင့်ကား၊ရုပ်အဖြစ်ကိုဆိုသည်ဟူ၍။ ဒသရူပါနိအပရိနိပ္ဖန္နာနိနာမ။ ဟူ၍ယင်းတို့၏ အပရိနိပ္ဖန္နအဖြစ်ရုပ်၏ အဖြစ်ကို ဆိုသော အဋ္ဌကထာ ဆရာ၏အာဘော် အလိုတော်ကို ဟုတ်မှန်သည်အတိုင်း နေရာကျပြဆိုတော်မူပါလောဟုစောကြောလျှောက်ထားဘွယ်ရှိသောကြောင့်။ ။ ရူပရူပါနံ ဝိကာရာဒိ မတ္တဘာဝတော။ အပရိပ္ဖန္နတာဝုတ္တာ။ တေသံဟိ ဝိကာရာဒိဘာဝတော ရူပတာတိအဓိပ္ပါယော။ ။ဟူ၍အဋ္ဌကထာ ဆရာ၏အာဘော် အလိုတော်ကို မူလဋီကာ ဆရာပြဆိုတော်မူရလေသည်။ ။ရူပရူပါနံ။မဟာဘုတ်အစရှိသောရူပရူပရုပ်တို့၏။ဝိကာရာဒိ မတ္တဘာဝတော။ အခြင်းအရာအထူးစသည်မျှ၏အဖြစ်ကြောင့်။ အပရိနိပ္ဖန္နတာ။ပညတ်စသည်တို့၏ အပရိနိပ္ဖန္နအဖြစ်ကို။ဝုတ္တာ။ အဋ္ဌကထာဆရာဆိုတော်မူအပ်၏။ တေသံဟိတေသံဧဝ။ ထိုရူပရူပရုပ်တို့၏သာလျှင်။ဝိကာရာဒိဘာဝတော။ ဘောက်ပြန်သော အခြင်းအရာ အထူးစသည်၏အဖြစ်ကြောင့်။ရူပတာ။ ပညတ်စသည်၏ရုပ်အဖြစ်ကို။ ဝုတ္တာ။ ၏။ဣတိအယံ။ ဤသည်ကား။ အဓိပ္ပါယော။ အဋ္ဌကထာဆရာ၏ အလိုတော်တည်း။ ။အဓိပ္ပါယ်ကား။ ပညတ်စသော ဤတရားဆယ်ပါးသည်ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့်ဖြစ်တတ်ပျက်တတ်သောတရားမဟုတ်၍ သရုပ်သီးခြားမရှိ။ ဝိကာရဝန္တဖြစ်သောနိပ္ဖန္နရုပ်တို့၏ထူးသောအခြင်း အရာဝိကာရစသည်မျှသာဖြစ်သောကြောင့်၊ ထိုဝိကာရဝန္တဖြစ်သော ရုပ် ၁၈ ခုတို့သည်ထိုက်သည်အားလျော်စွာ ကံစသောအကြောင်းတို့

ကြောင့်ဖြစ်ကုန်သကဲ့သို့ကံစသည်တွင် တစုံတခုသောအကြောင်းဖြင့် မှုမဖြစ်သည်ဖြစ်၍ထိုဝိညတ်စသည်၏ အပရိနိပ္ဖန္နအဖြစ်ကိုအဋ္ဌကထာဆရာဆိုတော်မူသည်။ ယင်းသို့ပင်သရုပ်သီးခြားမရှိဝိကာရမျှသာဖြစ်သော်လည်း။ ထိုဝိကာရသည်တပါးသောတရားတို့၏ဝိကာရမဟုတ်။ ထိုရူပရူပရုပ် ၁၈ခုတို့၏သာဝိကာရဖြစ်သောကြောင့်၊ရုပ်ဟူ၍ပင်ခေါ်ဝေါ်ထိုက်သေးရကား၊ယင်းတို့၏ရုပ်အဖြစ်၊ရုပ်ဟူသော်အမည်ကိုလည်းဆိုတော်မူသည်။ဟူလို။ ။အရှင်ဋီကာဆရာဝိညတ်စသည်တို့၏အပရိနိပ္ဖန္နအဖြစ်ကို ပြဆိုသော အဋ္ဌကထာဆရာသည် သက်သက်အပရိနိပ္ဖန္နအဖြစ်ကိုသာမဆိုဘဲအဘယ်အကျိုးငှါယင်းတို့၏ပရိနိပ္ဖန္နအဖြစ်ကိုလည်း။ဆိုတော်မူပြန်လေသနည်းဟူဘွယ်ရှိ၍။ ။ရူပဝိကာရာဒိဘာဝတော ဧဝပနရူပေသတိသင်္ခတအသတိ နသင်္ခတိအသင်္ခတ ဘာဝနိဝါရဏတ္ထံပရိနိပ္ဖန္နတာဝုတ္တာတိ။ ။ကိုဆိုရပြန်သည်။ ။အသင်္ခတဘာဝနိဝါရဏတ္ထံစသည်သာပဓါန။ ။သက်သက်အပရိနိပ္ဖန္နအဖြစ်ကိုသာဆိုချေသော်။ဝိညတ်စသည်တို့သည်ပညတ်၊ နိဗ္ဗာန်တို့ကဲ့သို့အသင်္ခတဖြစ်လေရာသောကြောင့်။ ထိုဝိညတ်စသည်၏အသင်္ခတအဖြစ်ကိုတားမြစ်ရခြင်းအကျိုးငှါ ယင်းတို့၏ ပရိနိပ္ဖန္န အဖြစ်ကိုဆိုတော်မူသည်။ဟူလို။ ။ဝိညတ်စသည်၏ပရိနိပ္ဖန္နအဖြစ်ကိုဆိုအပ်သည်ဟူ၏။ထိုဝိညတ်စသည်တို့သည် အဘယ်သို့သောအကြောင်းကြောင့် ပရိနိပ္ဖန္နမည်သနည်း။အကြောင်းမဲ့ဘဲပင်မည်လေသလော။ဟူဘွယ်ရှိ၍။ ။ရူပေသတိသင်္ခတအသတိနသင်္ခတိ။ကိုဆိုပြန်ရသည်။ ။ဝိညတ်စသည်တို့သည်ခဏတ္တယသမင်္ဂီဖြစ်သောရုပ်ကိုမှီ၍သာတည်သည်ဖြစ်၍ ခဏတ္တယသမင်္ဂီဖြစ်သောရုပ်ရှိသော်သာမိမိတို့ရှိ၍။၎င်းရုပ်မရှိခဲ့သော် မိမိတို့မရှိသောကြောင့် ဝိကာရဝန္တဖြစ်သောရုပ်တို့ပရိနိပ္ဖန္နဖြစ်သဖြင့် ယင်းတို့ပရိနိပ္ဖန္နဖြစ်သည်။ဟူလို။ ။ဝိညတ်စသည်တို့သည်ရုပ်ရှိပါသော်သာရှိကုန်သည်။ ရုပ်မရှိသော်မရှိကုန်ဟူ၏။ အဘယ်သို့သော အကြောင်းကြောင့်ရုပ်မရှိသော်မိမိတို့မရှိဘဲရုပ်ရှိမှရှိရလေသနည်း။ ယင်းတို့၏ရုပ်မရှိသော်မရှိဘဲရုပ်ရှိမှရှိရာ၌အကြောင်းသည် အထက်၌ပြဆိုခဲ့ပြီးသောဝိညတ်စသည်ကိုရုပ်ဟုခေါ်ဝေါ်ရခြင်း၏အကြောင်းမှ၊ တပါးသောအကြောင်းဖြစ်လေသလော။ ဟူဘွယ်ရှိ၍။ ။ရူပဝိကာရာဒိဘာဝတော ဧဝ။ကိုဆိုပြန်ရသည်။ ။အခြားအကြောင်းမဟုတ်။ ဝိညတ်စသည်ကို*

ရုပ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းဖြစ်သော ဝိကာရဝန္တ ခဏတ္တယရှိ ကောင်းသောရူပရူပရုပ်၏ကာယဝိကာရစသော အခြင်းအရာအထူး၏ အဖြစ်စသည်ဟူသောအကြောင်းကြောင့်ပင်လျှင်။ ထိုရုပ်မရှိသော်မိမိ တို့မရှိဘဲထိုရုပ်တို့ရှိမှရှိရလေသည်။ဟူလို။ ။ပန။အပရိနိပ္ဖန္နအဖြစ်ကို ဆိုခြင်း၏အကြောင်းမှတပါး ပရိနိပ္ဖန္နဟုဆိုရခြင်း၏အကြောင်းကိုပြဦး အံ့။ ။နိဝါရဏတ္ထံဟူ၍ရင်း။ နိဝါရေန္တောဟူ၍ရင်းဝတ္တိဋ္ဌာအားဖြင့်ဆို လိုရာဆိုရ၍ဆိုလိုက်သည်။ ။ရူပဝိကာရာဒိဘာဝတောဝေ။ရူပရူပရုပ် တို့၏ဝိကာရစသည်မှု၏အဖြစ်ကြောင့်သာလျှင်။ ရူပေ။ရူပရူပရုပ်သည်။ သတိ။ရှိသော်။ဝိညတ္တိအာဒယော။ဝိညတ်စသည်တို့သည်။သန္တိ။ရှိကုန် ၏။အသတိ။မရှိသော်။နသန္တိ။မရှိကုန်။ဣတိတသ္မာ။ထိုသို့ရုပ်ရှိမှမိမိတို့ရှိ ၍ရုပ်မရှိသော်မရှိသည်၏အဖြစ်ကြောင့်။အဖြစ်တည်းဟူသောအကြောင်း ကြောင့်။အသင်္ခတဘာဝနိဝါရဏတ္ထံ။အပရိနိပ္ဖန္နဟူခဲ့ကဝိညတ်စသော ရုပ်ဆယ်ခု၏အသင်္ခတဖြစ်ရာသည်၏အဖြစ်တည်းဟူသော အဖြစ်ဒေါ သကိုတားမြစ်ပယ်ရှားရခြင်းအကျိုးငှါ။ပရိနိပ္ဖန္နတာ။ဝိညတ်စသည်၏ ပရိနိပ္ဖန္နအဖြစ်ကို။ဝုတ္တာ။၏။ဣတိ။ဤသို့မှတ်အပ်၏။ ။ယုန်ချို၊လိပ်မွေး ပုဇွန်သွေးဟူသည်ကို သရုပ်အထည်ဒြဗ်အားဖြင့် တစုံတခုမျှရှာ၍မရ ကောင်းသကဲ့သို့။ အပရိနိပ္ဖန္နတရားဟူသည်ကို ပရမတ္ထသဘောအား ဖြင့် တစုံတရာရှာ၍ မရအပ် မရကောင်း သည်၏ အဖြစ်ကြောင့် ထို ဝိညတ်စသည်ကိုအပရိနိပ္ဖန္နဟူ၍သာ သက်သက် တဖက်သတ်ဆိုချေ သော်။တစုံတခုသောဇနကအကြောင်းသည်မပြီးစေအပ်သော တရား ကိုအပရိနိပ္ဖန္နဟုဆိုအပ်ရကား ထိုဝိညတ်စသောတရားဆယ်ပါးသည် တစုံတခုသောအကြောင်းသည်မျှမပြုပြင် မစီရင်အပ်သော တရားဖြစ် သော ကြောင့် အသင်္ခတ မည်သည် ဖြစ်ရာ၏ဟု ဖြစ်သော ယုံမှား သံသယပသင်္ဂကိုပယ်ရှားတားမြစ်သည်၏အစွမ်းဖြင့်။အသင်္ခတဘာဝ နိဝါရဏတ္ထံပရိနိပ္ဖန္နတာဝုတ္တာ။ ဟူသောစကားကို မူလဋီကာဆရာဆို ကြောင်း။တနည်း။ ခဏတ္တယရှိသောဝိကာရဝန္တရုပ်တို့၏ဝိကာရစသည် ၏အဖြစ်ကြောင့်။ဝိညတ်စသည်၏ရုပ်အဖြစ်သည်ဖြစ်သကဲ့သို့။ ဝိညတ် စသည်တို့သည်ရုပ်ရှိသော်သာမိမိတို့ရှိကုန်သည်။ ရုပ်မရှိသော်မိမိတို့ မရှိကုန်သည်ဖြစ်၍ ပရိနိပ္ဖန္န ဖြစ်သော ရူပရူပရုပ်တည်း ဟူသော အ ကြောင်းဝိကာရဝန္တကိုစွဲမှီ၍ဖြစ်သည်၏အဖြစ်ဖြင့်ပြီးသောပဋိစ္စသမုပ္ပါဒ်

အဖြစ်သည် ပြီးစေအပ်သောအကြောင်းတို့သည် ပြီးစေအပ်သည်၏ အဖြစ်တည်းဟူသောဝိညတ်စသည်၏ ပရိနိပ္ဖန္နအဖြစ်သည် ထိုဝိညတ်စသည်တို့၏သင်္ခတအဖြစ်ကိုပြီးစေလျက်။ထိုဝိညတ်စသည်၏အသင်္ခတအဖြစ်ကိုတားမြစ်ခြင်းအကျိုး၄ါဖြစ်၏ဟုမှလုံးပြု၍။ အသင်္ခတဘာဝနိဝါရဏတ္ထံပရိနိပ္ဖန္နတာဂဟဏ္ဏာ။ဟူသောစကားကိုမူလဋီကာဆရာဆိုတော်မူကြောင်းကိုအနုဋီကာ၌။ ။အသင်္ခတဘာဝနိဝါရဏတ္ထံပရိနိပ္ဖန္နတာဂဟဏ္ဏာတို့ ဇာဒိအပရိနိပ္ဖန္နဿ သဘာဝတောအလဗ္ဘမာနတာယ သဿဝိဿာဏံ ဝိယကေနစိနသင်္ခတန္တိ အသင်္ခတံနာမသိယာတိဇာမိဿာအာသင်္ကာယနိဝတ္တနတ္ထံ။အထဝါ။ ရူပဝိကာရာဒိဘာဝတော ရူပဘာဝေါဝိယ ရူပေသတိသန္တိ အသတိနသန္တီတိသိဒ္ဓါယ ပဋိစ္စသမုပ္ပန္နတာယသာဓိတာပရိနိပ္ဖန္နတာတေသံသင်္ခတဘာဝံသာဓေန္တိအသင်္ခတဘာဝ နိဝါရဏတ္ထံ ဇာယတိတိဂဟဏ္ဏံ အသင်္ခတဘာဝ နိဝါရဏတ္ထံ ပရိနိပ္ဖန္နတာဂဟဏ္ဏာတိ။ ။ဟူ၍ပြဆိုတော်မူ၏။ ။အသင်္ခတဘာဝနိဝါရဏတ္ထံပရိနိပ္ဖန္နတါဂဟဏ္ဏာတိ။ဂဟဏ္ဏာဟူသေါ။ဇာဒိဝစနံ။ကို။သဿဝိဿါဏံ။ယုန်၏ဦးချိုမည်သည်ကို။အနုပလဗ္ဘတိဝိယ။ဤသည်ပင်တည်းဟုသရုပ်အထဉ်ကိုယ်ဖြဗ်အားဖြင့်ပြကြားရန်တစုံတရာမျှမရအပ်သကဲ့သို့။ အပရိနိပ္ဖန္နဿ။အပရိနိပ္ဖန္နရုပ်မည်သည်၏။ဝါ။မည်သဉ်ကို။သဘာဝတော။ပရမတ္ထသဘောအားဖြင့်။အနုပလဗ္ဘမာနတာယ။ ဤသည်ပင်တည်းဟုပြကြားစရာရှာ၍မရအပ်သည်၏ အဖြစ်ကြောင့်။တံ။ ထိုအပရိနိပ္ဖန္နရုပ်သည်။ဝါ။ကို။ကေနစိ။ တစုံတခုသောအကြောင်းသည်။ နသင်္ခတံ။မပြုပြင်အပ်။ဇာတိတဗ္ဗာ။ ထိုသို့တစုံတခုသောအကြောင်းသည်မှ မပြုပြင်အပ်သည်၏အဖြစ်ကြောင့်။အသင်္ခတံနာမ။အသင်္ခတမည်သည်။သိယာ။၏။ဇာတိဇာမိဿာအာသင်္ကာယ။ဤသို့သော တွေးတောယုံမှားခြင်းကို။နိဝတ္တနတ္ထံ။နစ်စေသဉ်၏အစွမ်းဖြင့်။ဂဟဏ္ဏံ။မူလဋီကါဆရာဆိုတော်မူအပ်၏။အထဝါ။တနည်းကား။ရူပဝိကာရာဒိဘါဝတော။ နိပ္ဖန္နရုပ်တို့၏ထူးသောအခြင်းအရာ၏အဖြစ်ကြောင့်။ဝါ။ တို့၏ ဝိကာရဆိဒ္ဓဉပါဒ်၊ဌီ၊ဘင်၏အဖြစ်ကြောင့်။ရူပဘာဝေါ။ဝိညတ်စသည်၏ရုပ်အဖြစ်သည်။ သိဒ္ဓေါ ဝိယ။ပြီးသကဲ့သို့။ရူပေ။ပရိနိပ္ဖန္နရုပ်သည်။သတိ။ရှိသော်သာ။ သန္တိ။မိမိတို့ရှိကုန်၏။ရူပေ။သည်။ အသတိ။ မရှိခဲ့သော်။နသန္တိ။ မိမိတို့မရှိကုန်။ဇာတိဇာမိနာသဘာဝေန။ဤသို့ပရိနိပ္ဖန္နရုပ်တို့ရှိပါသော်သာမိမိတို့ရှိခြင်း

မရှိသေ်ာမရှိခြင်းဟူသောသဘောဖြင့်။သိဒ္ဓါယ။ပြီးသော။ ပဋိစ္စသမုပ္ပန္န
တာယ၊အကြောင်းကိုစွဲ၍ဖြစ်သည့်၏အဖြစ်တဉ်းဟူသောပဋိစ္စသမုပ္ပန္န
အဖြစ်သည်။သာဓိတာ။ ပြီးစေအပ်သော။ ပရိနိပ္ဖန္နတာ။ အကြောင်းတ
ရားတို့သည်ပြီးစေအပ်သည့်၏အဖြစ်တဉ်းဟူသောပရိနိပ္ဖန္နအဖြစ်သဉ်။
တေသံ။ ထိုအပရိနိပ္ဖန္န ရုပ်တို့၏။ သင်္ခတ ဘာဝံ။ သင်္ခတ အဖြစ် ကို။
သါဓေန္တီ။ပြီးစေလျက်။အသင်္ခတဘါဝနိဝါရဏတ္ထံ။ ဝိညတ်စသဉ်တို့၏
အသင်္ခတအဖြစ်ကိုတားမြစ်ရခြင်းအကျိုးငှါ။ ဓာယတိ။ဖြစ်၏။ ဣတိ။ဤ
သို့နှလုံးပြု၍။ အသင်္ခတဘာဝနိဝါရဏတ္ထံပရိနိပ္ဖန္နတာဂဟဏံတိ။ ဂဟဏံ
ဟူသောစကားကို။ ဂဟဏံ။ မူလဋီကာဆရာဆိုတော်မူအပ်၏။ ။ဤ
တွင်ရွေ့ဒုတိယပဉ္စသဗ္ဗ၏ဝိသဇ္ဇနာပြီး၏။

## ပုစ္ဆာဗျာကရဏကျမ်း။

အာရမ္မဏပုရေဇာတနိဿယဝိပ္ပယုတ္တအတ္ထိအဝိဂတ ခြောက်ပစ္စည်း ပြိုင်၍ကျေးဇူးပြုရာဝယ်အကြောင်းပစ္စည်းအရကိုမရဏာသန္နအခါစုတိ စိတ်မှပြန်၍ရေသော်စိတ္တက္ခဏာ ၁၇ ချက်မြောက်စိတ်နှင့်ဥပါဒ်ပြိုင်၍ဖြစ် သောဟဒယ ဝတ္ထုကိုပစ္စည်းယူ၍။အကျိုးပစ္စယုပ္ပန်တရားအရကိုထို ၁၇ ချက်မြောက်စိတ်နှင့်ဥပါဒ်ပြိုင်၍ ဖြစ်သောဟဒယဝတ္ထုကို မှီ၍ထိုဝတ္ထု ကိုပင်အာရုံပြု၍ဖြစ်သောမနောဒွါရာဝဇ္ဇန်းကာမဇောတခုယုတ် ၃၀။ တ ဒါရုံကောဒသအဘိညာဏ်ဒွေဣဿာမစ္ဆရိယကုက္ကုစ္စဝိရတိအပ္ပမညာ ကြည်သောစေတသိက် ၄၄ ခုတို့ကိုကောက်ရာ။ ဟသိတုပ္ပါဒ်ဇောအ ဘိညာဏ်ဇောတို့သည်အဘယ်ကာလအဘယ်ပုဂ္ဂိုလ်အား အဘယ်သို့ ဖြစ်သည်ဟူရာမှာ။ ။ကာမဘုံဝယ်အလုံးစုံသောပုဂ္ဂိုလ်တို့အားစုတိ စိတ်မှစ၍ပဋိလောမအားဖြင့်ရေသော် ၃၂ ချက်မြောက်သောစိတ်ကစ ၍ကာယသင်္ခါရ အသစ်မဖြစ်ပြီ။ ထိုကာယသင်္ခါရမဖြစ်ရာ ဒွတ္တိံသမ စိတ်ကစ၍ပင် စိတ္တဇရုပ် မဖြစ်ပြီ။ အဆုံးစွန်ကာယ သင်္ခါရ၏ ဖြစ်ရာ တေတ္တိံသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သောအဆုံးစွန်စိတ္တဇရုပ်သည်စုတိ စိတ်မှစ၍ ရှေ့သတ္တရသမစိတ်နှင့်ပြိုင်၍ ချုပ်သည်ဟု ဆရာတို့ဆိုကြ ကြောင်းကို။ ။အဘိဓမ္မတ္ထဝိဘာဝနီဋီကာမဏိသာရမဉ္ဇူသာဋီကာ တို့၌။ ။ကုတောပနပဋ္ဌာယစိတ္တဇရူပံနုပ္ပဇ္ဇတီတိ။ယတောပဋ္ဌာယကာ ယ သင်္ခါရော နုပ္ပဇ္ဇတိ။ ကဒါ စကာယ သင်္ခါရော နုပ္ပဇ္ဇတီတိ။ စုတိ တောပုဗ္ဗေဒွတ္တိံသမ စိတ္တက္ခဏတော ပဋ္ဌာယနုပ္ပဇ္ဇတိ။ တေတ္တိံသမ စိတ္တက္ခဏေဥပ္ပန္နံပစ္ဆိမသောဠသမတော ပုရေတရ မေဝ နိရုဇ္ဈတီတိ ဝဒန္တိ။ ။ဟုပြဆိုတော်မူကြကုန်၏။ ။ကုတောပန။အဘယ်အခါမှ ကား။ပဋ္ဌာယ။စ၍။စိတ္တဇရူပံ။သည်။နုပ္ပဇ္ဇတိ။မဖြစ်သနည်း။ ဣတိ။ဤသို့ မေးမူ။ယတော။အကြင်အခါမှ။ပဋ္ဌာယ။၍။ကာယသင်္ခါရော။ထွက်သက် ဝင်သက်လေဖြစ်သော စိတ္တဇ ဝါယောဓါတ်ဟူသော ကာယ သင်္ခါရ သည်။နုပ္ပဇ္ဇတိ။ မဖြစ်။တတော။ ထိုကာယသင်္ခါရမဖြစ်သောအခါမှ။ ပဋ္ဌာယ။၍။နုပ္ပဇ္ဇတိ။စိတ္တဇရုပ်မဖြစ်။ဣတိ။ဤသို့ဖြေကြားအပ်၏။ကဒါစ။ အဘယ်အခါကစ၍ကား။ ကာယသင်္ခါရော။သည်။ နုပ္ပဇ္ဇတိ။ မဖြစ်သ

နည်း။ဉာတိ။ဤသို့မေးပြန်မူ။ဇုတိတော။ဇုတိစိတ်မှ။ပုဗ္ဗေ။ရှေး၌။ဒွတ္တိံသ မဟဂ္ဂတကုသလာတော။ဇုတိစိတ်မှစ၍ရေသော ၃၂ ချက်မြောက်ဖြစ်သော စိတ်၏ဥပါဒ်ခဏာမှ။ ပဋ္ဌာယ။၍။ နုပ္ပဇ္ဇတိ။မဖြစ်။ဉာတိ။ ဤသို့ဖြေအပ်၏။ ဟိသစ္စံ။၏။ တေတ္တိံသမဟဂ္ဂတကုသလာ။ ဇုတိစိတ်မှပြန်၍ရေသော ၃၃ ချက်မြောက်ဖြစ်သောစိတ်၏ ဥပါဒ်ခဏာ၌။ ဥပ္ပန္နံ။ဖြစ်သော။ ဝိတ္တဇရူပံ။ သည်။သောဠသမတော။ ဇုတိစိတ်မှစ၍ ရေသော ၁၆ ချက်မြောက် သောစိတ်မှ။ပုရေတရမေဝ။ရှေးမဆွဖြစ်သောပဋိလောမအားဖြင့်ဇုတိ စိတ်မှစ၍ရေသော ၁၇ ချက်မြောက်သောစိတ်၏ဘင်ခဏာ၌သာလျှင်။ နိရုဇ္ဈတိ။ချုပ်၏။ဉာတိ။သို့။အာစရိယာ။ တို့သည်။ ဝဒန္တိ။ဆိုကုန်၏။ ။ ဤဆရာတို့အလိုအားဖြင့်။ ရဟန္တာတို့ဇုတိစိတ်သာရုပ်ကို မဖြစ်စေနိုင် သည်မဟုတ်။ခပ်သိမ်းသောပုထုဇဉ်သေက္ခတို့၏ဇုတိစိတ်သည်လည်း ရုပ်ကိုမဖြစ်စေနိုင်။ဇုတိစိတ်သာမဟုတ်သေး။ဇုတိစိတ်မှပြန်၍ရေသော ၃၂ချက်မြောက်သောစိတ်ကစ၍ပင်ရုပ်ကို မဖြစ်စေနိုင်။ထို ၃၂ ချက် မြောက်သောစိတ်၏ဥပါဒ်ခဏာကစ၍ပင်ဝိတ္တဇရုပ် အသစ်မဖြစ်ပြီ။ဇုတိ စိတ်မှရှေ့ ၃၃ ချက်မြောက်စိတ်နှင့်အတူဥပါဒ်သော ထိုဘဝနောက်ဆုံး ဝိတ္တဇရုပ်သည်ဇုတိစိတ်မှရှေ့ ၁၇ ချက်မြောက်သောစိတ်နှင့်ပြိုင်၍ချုပ် ရကား။ ၁၆ ချက်မြောက်စိတ်ကစ၍ဇုတိတိုင်အောင်သောစိတ်တို့ဖြစ် သောအခါဝိတ္တဇရုပ်ပင်မရှိရာပြီ။ ဝိညတ္တိဝိကာရဟူကလည်းဝိတ္တဇရုပ် တို့၏ဝိကာရသာဖြစ်၍ ဝိကာရဝန္တဖြစ်သော ဝိတ္တဇရုပ်ပင် ထိုအခါ၌မ ဖြစ်ရကား။ပြုံးရယ်ခြင်းဟူကလည်း ဝစီဝိညတ်နှင့်မကင်းကောင်းသော ကြောင့်ပြုံးရယ်ခြင်းကိုဖြစ်စေတတ်သောဟသိတုပ္ပါဒ်ကိုမရဏာသန္န အခါမရကောင်းရာ။ ။ခီဏာသဝတို့၏ဇုတိစိတ်သည်သာလျှင်အနမ တဂ္ဂသံသရာကာလပတ်လုံးဖြစ်သမျှသောစိတ်တို့၏ အဆုံးစွန်စိတ်ဖြစ် သောကြောင့်။ ။ယဿဝါပနဝစီသင်္ခါရော နိရုဇ္ဈိဿတိ။ တဿ ကာယသင်္ခါရော နိရုဇ္ဈိဿတီတိ။ ကာမာဝစရာနံပစ္ဆိမစိတ္တဿဥပ္ပါ ဒက္ခဏေ။ ယဿစိတ္တဿအနန္တရာကာမာဝစရာနံ ပစ္ဆိမစိတ္တံဥပ္ပဇ္ဇိဿ တိ။ရူပါဝစရေအရူပါဝစရေပစ္ဆိမဘဝိကာနံ။ ယေစရူပါဝစရံ အရူပါဝ ရံဥပပဇ္ဇိတွာပရိနိဗ္ဗာယိဿန္တိ။ တေသံဝစ္စသာနံတေသံဝစီသင်္ခါရောနိ ရုဇ္ဈိဿတိ။ နောစတေသံ ကာယသင်္ခါရောနိရုဇ္ဈိဿတိ။ ။ဟူ သောသင်္ခါရယမိုက်ပါဠိတော်ဝယ်။ ပစ္ဆိမစိတ္တဿဖြင့်ရဟန္တာတို့၏ဇု

တိစိတ်ကိုသာယူအပ်သည်။ ထိုပုဂ္ဂိုလ်တို့၏ စုတိစိတ်သာလျှင် ထိုရ
ဟန္တာတို့အားငြိမ်းပြီးသောဝဋ်ရှိသည်၏ အဖြစ်ကြောင့်ရုပ်ကို မဖြစ်စေ
နိုင်သည်။ပုထုဇဉ်သေက္ခတို့၏စုတိစိတ်မူကားထိုပုဂ္ဂိုလ်တို့အား မငြိမ်း
သေးသောဝဋ်ရှိသည်၏အဖြစ်ကြောင့်ရုပ်ကိုဖြစ်စေသည်သာ။ ထိုစုတိ
စိတ်ကြောင့်ဖြစ်သောရုပ်သည် သတ္တရသာယုကရုပ်ဖြစ်၍ စုတိကမ္မဇ
ရုပ်တို့ချုပ်ပြီးနောက်အလောင်းရုပကာယ၌စိတ္တက္ခဏ ၁၆ ချက်ခန့်ကာ
လတည့်၍ချုပ်၏။ ။ကာမာဝစရာနံ။လ။ နနိရုဇ္ဈိဿတိ။ ဟူသော
စကားကိုလည်း စုတိစိတ်၏ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်၊
အဿာသပဿာသကို မဖြစ်စေနိုင်သည်၏အဖြစ်ကိုသာရည်၍ ဟော
တော်မူသည်။အဋ္ဌကလာပ်ရုပ်မဖြစ်စေနိုင်သည်ကိုရည်၍ ဟောတော်
မူသည်မဟုတ်။ဤသို့အဋ္ဌကထာဆရာအလိုတော်ကိုမရဂိုကာ၍ ။အ
ယံပနေတ္ထအဋ္ဌကထါဓိပ္ပါယောပစ္ဆိမစိတ္တဿာတိဇောတနအရဟတော
စုတိစိတ္တံဂဟေတဗ္ဗံ။ သဗ္ဗပစ္ဆိမတ္တာ တဉ္စဝဋ္ဋဿ ဝူပသန္တတ္တာရုပံနဇ
နေတိ။အညေသံပနစုတိစိတ္တံရုပံသမုဋ္ဌာပေတိ။ ဝဋ္ဋဿအဝူပသန္တတ္တာ။
တံပနရုပံကဋ္ဌေဝရေနိရုဒ္ဓံ။ယဉ္စကာမာဝစရာနံ။လ။ နောစ တေသံကာ
ယသင်္ခါရော နနိရုဇ္ဈိဿတီတိဝုတ္တံ။ တံစုတိစိတ္တဿအတိဒုဗ္ဗလတ္တာ
အဿာသပဿာသာနံအဇနကတ္တံသန္ဓာယဝုတ္တံ။နအဋ္ဌကလာပရူပဿ
အဇနကတ္တံသန္ဓာယဝုတ္တန္တိဒဋ္ဌဗ္ဗံ။ ။ဟူဖြဲ့ဆိုတော်မူ၏။ ။ပန။အ
ဋ္ဌကထာဆရာ၏ အာဘော်အလိုတော်ကိုပြဦးအံ့။ ပစ္ဆိမစိတ္တဿာတိ
ဇောတန။ကာမာ ဝစရာနံပစ္ဆိမ စိတ္တဿ ဥပါဒက္ခဏေ အစရှိသောပါဠိ
တော်၌ပစ္ဆိမစိတ္တဿဟူသောဤစကားဖြင့်။အရဟတော။ ဘုရားပစ္စေ
ကဗုဒ္ဓါအရိယာသာဝကဟူသော ရဟန္တာ၏။စုတိစိတ္တံ။ စုတိစိတ်ကို။ဂ
ဟေတဗ္ဗံ။ ယူအပ်၏။ ကသ္မာ။ အဘယ်ကြောင့်။ ဂဟေတဗ္ဗံ။ ပစ္ဆိမ
စိတ္တဿဟူသော စကားဖြင့်ရဟန္တာတို့၏ စုတိစိတ်ကိုသာ ယူအပ်သ
နည်းဟူမူကား။တဿေဝ။ ထိုရဟန္တာတို့စုတိစိတ်၏သာလျှင်။သဗ္ဗပစ္ဆိ
မတ္တာ။အနမတဂ္ဂသံသရာကာလပတ်လုံး ဖြစ်သမျှသော စိတ်တို့တွင်အ
လုံးစုံတို့၏နောက်ဆုံးစိတ်ဖြစ်သည်၏ အဖြစ်ကြောင့်။ ဂဟေတဗ္ဗံ။ယူ
အပ်၏။တဉ္စ။ ထိုရဟန္တာတို့၏စုတိစိတ်သည်လည်း။တေသံ။ ထိုရဟန္တာ
တို့အား။ဝဋ္ဋဿ။ဝဋ်၏။ဝူပသန္တတ္တာ။ ငြိမ်းပြီးဖြစ်သည်၏အဖြစ်ကြောင့်။
ရုပံ။ကို။နဇနေတိ။ မဖြစ်စေနိုင်။အညေသံ။ ရဟန္တာမှတပါးသောပုထု

ဇဥ်သောကဿတို့၏။ ရတိဝိဂ္ဂံပန။ ရတိစိတ်မူကား။ တေသံ။ ထိုပုထုဇဥ်
သောကဿတို့အား။ ဝဋ္ဋသ။၏။ အဂုပသန္တတ္တာ။ ငြိမ်းငြိမ်းမဟုတ်သည်၏အ
ဖြစ်ကြောင့်။မငြိမ်းသေးသည်၏အဖြစ်ကြောင့်။ရူပံ။ကို။ သမုဋ္ဌာပေတိ။
ဖြစ်စေ၏။တံပန ရူပံ။ထိုပုထုဇဥ်သောကဿတို့၏ရတိစိတ်ကြောင့်ဖြစ်သော
ရုပ်သည်ကား။ကဋ္ဌေဝရေ။ဝိညာဉ်ကမ္မဇရုပ်မှကင်းသော ရူပကာယအ
လောင်းကောင်၌။နိရုဒ္ဓံ။ ချုပ်၏။ကာမာဝစရာနံ။ လ။ နိရုဇ္ဈတီတိ။
ကာမာဝစရာနံ။လ။ နိရုဇ္ဈတီတိဟူသော။ ယံဝစနံ။အကြင်စကားကို။
ဝုတ္တံ။ဟောတော်မူအပ်၏။တံဝစနံ။ကို။ ရတိစိတ္တဿ။ ရတိစိတ်၏။အတိ
ဒုဗ္ဗလတ္တာ။အလွန်အားနည်းသည်၏အဖြစ်ကြောင့်။အဿါသပဿာသာနံ။
တို့ကို။အဇနကတ္တံ။မဖြစ်စေနိုင်သည်၏အဖြစ်ကို။သန္ဓာယ။ရည်၍။ဝုတ္တံ။
၏။အဋ္ဌကလာပရူပဿ။ အဋ္ဌကလာပ်ရုပ်ကို။ အဇနကတ္တံ။ မဖြစ်စေနိုင်
သည်၏အဖြစ်ကို။သန္ဓာယ။ရည်၍။နဝုတ္တံ။ ဟောတော်မမူအပ်။ ဣတိအ
ယံအဋ္ဌကထာဓိပ္ပါယော။ဤသို့သောအဋ္ဌကထာအလိုကို။ ဒဋ္ဌဗ္ဗော။မှတ်
အပ်၏။ ။ဤအဋ္ဌကထာစသောဆရာတို့၏အလိုတော်အတိုင်းခီဏာသ
ဝပုဂ္ဂိုလ်တို့အားရတိစိတ်သာရုပ်ကိုမဖြစ်စေနိုင်သည်။ရတိစိတ်၏ရှေ့
အနန္တရတိုင်အောင်သောစိတ်တို့မူကား ရုပ်ကိုဖြစ်စေ၏ဟူ၍ပင် ဆိုစေ
ကာမူ။ထိုခီဏာသဝတို့၏စုတေခြင်းဟူသောပရိနိဗ္ဗာန်ပြုခြင်းသည်ဈာန်
ကိုဝင်စား၍ထိုမှထသည်၏အခြားမဲ့ဝယ် ပရိနိဗ္ဗာန်ပြုခြင်း ဟူသောသ
မာပတ္တိသမာပဇ္ဇနပရိနိဗ္ဗာန် တေဘူမကသင်္ခါရတရားတို့ကိုအနိစ္စစ
သည်ဖြင့်သုံးသပ်သောဝိပဿနာဇောဝိထိ၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုခြင်း
ဟူသောသင်္ခါရသမ္မသနပရိနိဗ္ဗာန်။ဈာန်အင်္ဂါတို့ကိုရှုဆင်ခြင်သောပစ္စ
ဝေက္ခနာ။မဂ်ဖိုလ်နိဗ္ဗာန်ပယ်အပ်ပြီးသော ကိလေသာတို့ကို ရှုဆင်ခြင်
သောပစ္စဝေက္ခနာဟူသောပစ္စဝေက္ခနာဇောဝိထိတပါးပါး၏အခြားမဲ့၌
ပရိနိဗ္ဗာန်ပြုခြင်းဟူသော ပစ္စဝေက္ခနာ ပရိနိဗ္ဗာန်အားဖြင့် ၃ ပါးသာရှိ
ကြောင်းကိုပြဆိုသော။ ။သမာပတ္တိသမာပဇ္ဇနသင်္ခါရသမ္မသနပစ္စ
ဝေက္ခနေဟေဝပရိနိဗ္ဗာယန္တော။ ။ဟူသောမဏိမဉ္ဇူဆရာ၏အ
လိုအားဖြင့်လည်း။ သမာပတ္တိသမာပဇ္ဇနပရိနိဗ္ဗာန်၌ရူပါဝစရကြိယာစ
တုတ္ထဈာန်စိတ်သာ။ သင်္ခါရသမ္မသနပရိနိဗ္ဗာန် ပစ္စဝေက္ခနာပရိနိဗ္ဗာန်
တို့၌လည်းမဟာကြိယာစိတ်သာပရိနိဗ္ဗာနသန္တစိတ်ဖြစ်ရကား ခီဏာ
သဝပုဂ္ဂိုလ်တို့၏ မရဏာသန္နအခါ ဟသိတုပ္ပါဒ်စိတ်မဖြစ်ရာ။ သောမ

နသသသဟဂုတ်လောဘမူစိတ်အဟိတ်ကြိယာဇောမဟာကုသိုလ်စိတ် မဟာကြိယာစိတ်အားဖြင့်ပြီးရယ်ခြင်းကိုဖြစ်စေတတ်သောစိတ် ၁၃ ခုတို့တွင်အဟိတ်ကြိယာဇောတခုသာလျှင်ပြီးရယ်ခြင်းမှတပါးအခြား ကိစ္စမပြုတတ်သောကြောင့်ဟသိတုပ္ပါဒ်မည်သည် ပြီးရယ်ခြင်းဟူက လည်းပကတိကာလ၌သာဖြစ်သည်မရဏာသန္န ကာလတို့၌ မဖြစ်ရာ မန္ဒာမရဏာသန္န၌ဖြစ်သောဇောသည်လည်း ၅ ကြိမ် ၆ ကြိမ်မျှသာ ဖြစ်နိုင်သည် ၇ ကြိမ်ပြည့်မျှအောင်မဖြစ်နိုင်သည်ဖြစ်၍ဤဟသိတုပ္ပါဒ် ဇောသည် ၅ ကြိမ် ၆ ကြိမ်ဖြစ်သောမည်သည်မဖြစ် ၇ ကြိမ်သာဖြစ် သောကြောင့်ထိုဟသိတုပ္ပါဒ်စိတ်၏ ၇ ကြိမ်သာဖြစ်ကြောင်းကို ပရမတ္ထ ဗိန္ဒု၊စာကို၌။ထုပေစ်ဟူ၍။ ။ဝင်းဋီကာ၌။ထုပေစ်တိဋ္ဌသတ္တက္ခတ္တုံ ပဝတ္တမေကံ စိတ္တံနာမ ဟသိတုပ္ပါဒစိတ္တမေကံဝ။ တမ္ပိဟိအရဟန္တေသု ယေဝဥပ္ပဇ္ဇိတွာဟသိတုပ္ပါဒနကာလေဇဝနကိစ္စဝသေနသတ္တက္ခတ္တုံဇာ ယတိ။ ။ဟူ၍ပြဆိုသောကြောင့် ဤပရမတ္ထဗိန္ဒု၊စာကို။ ဝင်းဋီကာ ဆရာတို့အလိုအားဖြင့်လည်းဤဟသိတုပ္ပါဒ်စိတ်ကို မရဏာသန္နအခါမ ရကောင်းရာ။ ။ပေစ်။ဟသိတုပ္ပါဒ်စိတ်တခုသည်။ထု။ ၇ ကြိမ်သာ ဖြစ်၏။ ။ထုပေစ်တိဋ္ဌ။၌။ဌံ။သို့။ အဋ္ဌာ။ကို။ ဝေဒိတဗ္ဗာ။၏။ သတ္တက္ခတ္တုံ။၇ ကြိမ်။ပဝတ္တံ။ သော။ဧကံ။တခုသော။ စိတ္တံနာမ။ကား။ဧ ကံ။သော။ဟသိတုပ္ပါဒစိတ္တမေဝ။ ဟသိတုပ္ပါဒ်စိတ်တခုသါလျှင်တည်း။ ဟိသစ္စံ။၏။တမ္ပိ။ထိုဟသိတုပ္ပါဒ်စိတ်သည်လည်း။ အရဟန္တေသုယေဝ။ ရဟန္တာပုဂ္ဂိုလ်တို့၌သာလျှင်။ဥပ္ပဇ္ဇိတွာ။ဖြစ်၍။ဟသိတုပ္ပါဒနကာလေ။ပြီး ရယ်ခြင်းကိုဖြစ်စေသောကာလ၌။ဇဝနကိစ္စဝသေန။ဇောကိစ္စ၏အစွမ်း အားဖြင့်။သတ္တက္ခတ္တုံ။၇ ကြိမ်။ဇာယတိ။ဖြစ်၏။ ။ဤအဘိဓမ္မတ္ထဝိကာ သနီဋီကာမဏိသာရမဉ္ဇူသာစသောဆရာတို့အလိုသော်ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း၏ပစ္စယုပ္ပန်တရားကိုကောက်ယူသောဤအ ရာ၌ဟသိတုပ္ပါဒ်ကိုပင်မကောက်ယူသင့်ရာ။ ။မနောဒွါရာဝဇ္ဇန်ကာ မဇော ၂၉ ခုအဘိညာဏ်ဒွေတို့သည် ရုပ်ကိုဖြစ်စေ ဣရိယာပုတ်ကိုခိုင် စေရုံသာမကဝိညတ်ဒွေကိုလည်းဖြစ်စေကြောင်း။ဤကာမဇော ၂၉ ခု တွင်သောမနဿသဟဂုတ်ဇော ၁၃ ခုသည်ရုပ်ကိုဖြစ်စေ ဣရိယာပုတ် ကိုခိုင်စေ ဝိညတ်ကိုဖြစ်စေရုံသာမက ပြီးရယ်ခြင်းကိုလည်း ဖြစ်စေ ကြောင်းကိုပြဆိုသော။ ။ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာဘိညာဏ်

ဝိညတ္တိံ ဝိသမုဋ္ဌာပေန္တိ။ သောမနဿသဟဂတဇဝနာနိပနေတ္ထတေရ
သဟာသနံပိဇနေန္တိ။ ။ဟူသောအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌။ဒွါရ
ခြောက်ပါးတွင်မည်သည့် ဒွါရ၌ဖြစ်သော ဇောဟုအထူးမှတ်၍မဆိုပဲ
ပြားမဲ့သာမညအားဖြင့်ပင် ဆိုသော်လည်း။ ပဉ္စဒွါရိကဇောတို့သည်ထို
ဇော၏ထက်ဝန်းကျင်အလွန်အားနည်းသည်၏ အဖြစ်ကြောင့်ဝိညတ်ကို
မဖြစ်စေနိုင်ပြုံးရယ်ခြင်းကို မဖြစ်စေနိုင်။ မနောဒွါရိကဇောတို့သာထို
ဝိညတ္တိဟာသနတို့ကိုဖြစ်စေနိုင်ကြောင်းကို။ ။အဝိသေသဓစနေပိပ
နေတ္ထမနောဒွါရိကပဝတ္တာနေဝဇဝနာနိ ဝိညတ္တိသမုဋ္ဌာပကာ
နိ။တထာဟာသဇနကာနိစ။ ပဉ္စဒွါရပဝတ္တာနံပရိဒုဗ္ဗလဘာဝတောတိဒ
ဋ္ဌဗ္ဗံ။ ။ဟူ၍ဋီကာကျော်၌ပြဆို၏။ ။ပန။အထူးကိုပြဆိုဦးအံ့။ဧတ္ထ။
ဤဝိညတ္တိကာမာဝစရဇဝနာ ဘိညာပနအစရှိသောစကား၌။ အဝိသေ
သဝစနေပိ။မည်သည့်ဒွါရဟုအထူးမမှတ်ပဲဒွါရ ၆ ပါးလုံးနှင့်ဆက်ဆံ
သောသာမညစကားဖြင့်ပင်ဆိုသော်လည်း။ပဉ္စဒွါရပဝတ္တာနံ။ပဉ္စဒွါရ၌
ဖြစ်ကုန်သောဇဝနဇောတို့၏။ပရိဒုဗ္ဗလဘာဝတော။ထက်ဝန်းကျင်အ
ဘို့အားဖြင့်အားနည်းသည်၏အဖြစ်ကြောင့်။ မနောဒွါရိက ပဝတ္တာနိ။မ
နောဒွါရ၌ဖြစ်ကုန်သော။ ဇဝနာနိဧဝ။ ဇဝနဇောတို့သည်သာ
လျှင်။ဝိညတ္တိသမုဋ္ဌာပကာနိ။ ဝိညတ်ကိုဖြစ်တတ်ကုန်သည်။ ဟောန္တိ။
ကုန်၏။ တထာ။ ထိုအတူ။ ဟာသဇနကာနိစ။ ပြုံးရယ်ခြင်းကိုဖြစ်စေ
တတ်ကုန်သည်လည်း။ဟောန္တိ။ကုန်၏။ ပဉ္စဒွါရပဝတ္တာနိ။ ကုန်သော။
ဇဝနာနိ။ တို့သည်။ ဝိညတ္တိသမုဋ္ဌာပကာနိစ။ ကုန်သည့်ရင်း။
ဟာသဇနကာနိစ။ရင်း။န ဟောန္တိ။ကုန်။ဣတိ။ သို့။ဒဋ္ဌဗ္ဗာနိ။ကုန်၏။ ။
ဤဋီကာ၌ပဝတ္တိအခါ၌ပင် ဇဝနဇောတို့၏ ပဉ္စဒွါရ၌ ဖြစ်ခိုက်ကာယ
ဝိညတ်ဝစီဝိညတ်ပြုံးရယ်ခြင်းတို့ကိုမဖြစ်စေနိုင်သည်၏ အဖြစ်ကိုသာ
ပြ၏။ ပဉ္စဒွါရ၌ယင်းစိတ်တို့ မဖြစ်ကောင်းဟုပြသည်မဟုတ်။ ၎င်းစိတ်
တွင်ဟသိတုပ္ပါဒ်၏ပင်ပဉ္စဒွါရ၌ဖြစ်ကြောင်းကိုအဋ္ဌသာလိနီ၌ပြဆို၏။ ။
ဆိုဟန်ကိုပြဦးအံ့။ခီဏာသဝပုဂ္ဂိုလ်သည်ကမ္ဘဋ္ဌာန်းဘာဝနာကိုပွါးများ
ခြင်းငှါလျှောက်ပတ်သော အရပ်ကိုမြင်၍ ဤဟသိတုပ္ပါဒ်စိတ်ဖြင့်ဝမ်း
မြောက်သောအခါဤစိတ်သည်စက္ခုဒွါရ၌ဖြစ်၏။ ဘဏ္ဍာကိုဝေဘန်ရာ
ကျယ်စွာသောအသံဖြင့်မက်မက်မောမောခံယူကြသည်ရှိသော် ဤသို့
သဘောရှိသောလောလုပ္ပတဏှာကိုငါပယ်ခွါနိုင်ပေပြီဟုဝမ်းမြောက်

သောအခါသောတဒ္ဓါရဉ္စဖြစ်၏။ နုံသောပန်းစသည်တို့ဖြင့် စေတီတော်ကိုပူဇော်၍ဝမ်းမြောက်သောအခါ ဃာနဒွါရဉ္စဖြစ်၏။ အရသာနှင့်ပြည့်စုံသောခဲဘွယ်ဘောဇဉ်စသည်တို့ကိုရ၍သတင်းသုံးဘော်တို့နှင့်ဝေဘန်သုံးဆောင်သဖြင့် သာရဏိယ တရားကို ဖြည့်ကျင့်ရပေသည်ဟုဝမ်းမြောက်သောအခါဇိဝှါဒွါရဉ္စဖြစ်၏။အဘိသမာစာရိကဝတ်ကိုပြု၍ဝတ်ပြည့်ပေသည်ဟုဝမ်းမြောက်သောအခါကာယဒွါရဉ္စဖြစ်၏။ ။ဤပဉ္စဒွါရဉ္စဖြစ်သောအခါ ပြီးရယ်ခြင်းကိုကားမဖြစ်စေနိုင်။ မနောဒွါရဉ္စပြီးရယ်ခြင်း၏အကြောင်းဖြစ်သောဝမ်းမြောက်သော အခြင်းအရာသောမနသသမှုကိုသာ ဖြစ်စေနိုင်သည်။ ။အဋ္ဌကထာဆရာအလိုတော်အတိုင်းရဟန္တာတို့အားရုတိစိတ်၏ရှေ့အနန္တရတိုင်အောင်သောစိတ်သည်ရုပ်ကိုဖြစ်စေ၏ဟူ၍ပင် ယူသော်လည်း။ ပဉ္စဒွါရိကဇောတို့သည် ပရိဒုဗ္ဗလဖြစ်၍ဝိညတ် ပြီးရယ်ခြင်းတို့ကို မဖြစ်စေနိုင်သကဲ့သို့။ ဤဟသိတုပ္ပါဒ်စိတ်သည် မရဏာသန္နအခါမနောဒွါရဉ္စ ဖြစ်ခိုက်ပင် ဖြစ်သော်လည်းစိတ္တက္ခဏ အများကို လွန်သဖြင့် ချုပ်ခါနီးလှ၍ အတိဒုဗ္ဗလဖြစ်သောဝတ္ထုကိုသာမှီရ၍ ကြံခိုင်စေ့အောင်မှုမဖြစ်နိုင်သော ငါးကြံမှုသာဖြစ်သောအတိဒုဗ္ဗလစိတ်ဖြစ်၍ပြီးရယ်ခြင်းကို မဖြစ်စေနိုင်ရုံသာ။ မရဏာသန္နအခါ၌လည်းဝမ်းမြောက်ခြင်း သောမနဿအားဖြင့်ဖြစ်၏ဟုယူသော် ဤဝတ္ထုရမဏာပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ကိုကောက်ရာ၌ဟသိတုပ္ပါဒ်နှင့်တကွပင်ကောက်ယူသင့်သည်။

တနည်း။ ဤဟသိတုပ္ပါဒ်စိတ်သည် ကုန်ပြီးသောအာသဝေါရှိကုန်သောဘုရားပစ္စေက ဗုဒ္ဓါအရိယာသာဝက ဖြစ်ကုန်သော ခီဏာသဝပုဂ္ဂိုလ်တို့သန္တာန်၌သာဖြစ်သည်။ထိုခီဏာသဝပုဂ္ဂိုလ်တို့၏ရုတေခြင်းဟူသော ပရိနိဗ္ဗာန်သည်လည်း။ ဈာန်၏အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းဟူသောဈာနသမနန္တရပရိနိဗ္ဗာန်။ဈာန်အင်္ဂါကိုဆင်ခြင်သောပစ္စဝေက္ခဏာဝိထိ၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုခြင်းဟူသောဈာနင်္ဂပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်။ မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးသောကိလေသာတို့ကို ဆင်ခြင်သောပစ္စဝေက္ခဏာလေးဝိထိတို့တွင်တပါးပါး၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုခြင်းဟူသောမဂ္ဂါဒိပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်။ နာမ်ရုပ်စသောတရားတို့တွင်တပါးပါးကို အာရုံပြု၍ ဖြစ်သောဝိထိ တပါးပါး၏ အခြားမဲ့၌ပရိနိဗ္ဗာန်ပြုခြင်းဟူသောနာမရူပါဒိ သမ္မသနသမနန္တရပရိနိဗ္ဗာန်ဟူ၍လေး

ပါးအပြားရှိသည်။ ဤ၌၎င်းဝိထိတို့နောင်ဝိထိတပါး မခြားမချပ်ပဲ စုတိ
စိတ်ကျသည့်ကိုသမနန္တရဆိုသည်။ ။ထိုလေးပါးတို့တွင်ဈာနသမနန္တ
ရဈာနင်္ဂပစ္စဝေက္ခနာသမနန္တရ ပရိနိဗ္ဗာန်နှစ်ပါးကို သုတ်မဟာဝါမဟာ
ပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။ ဗြဟ္မသံယုတ် အဋ္ဌကထာတို့၌ ပြဆိုသည်။
မဂ္ဂါဒိပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်ကိုပုဂ္ဂလပညတ်အဋ္ဌကထာမာရ
သံယုတ်ဂေါဓိကသုတ် အဋ္ဌကထာတို့၌ပြဆိုသည်။နာမရူပါဒိသမ္မသန
သမနန္တရပရိနိဗ္ဗာန်ကိုဋီကာကျော်၌ပြဆိုသည်။ ။အစဉ်အတိုင်းယင်း
တို့၌ဆိုဟန်ကိုပြလိုက်ဦးအံ့။ ။စတုတ္ထဈာနာဝုဋ္ဌဟိတွာသမနန္တရာဘ
ဂဝါပရိနိဗ္ဗုတောတိ ဧတ္ထဈာနသမနန္တရံပစ္စဝေက္ခနာ သမနန္တရန္တိ ဒွေ
သမနန္တရာနိ။တတ္ထစတုတ္ထဈာနာဝုဋ္ဌာယဘဝင်္ဂေါတိဏ္ဏဿတတ္ထေဝ
ပရိနိဗ္ဗာနံဈာနသမနန္တရံနာမ။ စတုတ္ထဈာနာဝုဋ္ဌဟိတွာပုနဈာနင်္ဂါနိပစ္စ
ဝေက္ခိတွာဘဝင်္ဂေါတိဏ္ဏဿတတ္ထေဝပရိနိဗ္ဗာနံပစ္စဝေက္ခနာသမနန္တ
ရံနာမ။ဣမာနိဒွေသမနန္တရာနိနာမ။ ။မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။
ဗြဟ္မသံယုတ်အဋ္ဌကထာ။ ။စတုတ္ထဈာနာဝုဋ္ဌဟိတွာသမနန္တရာဘဂ
ဝါပရိနိဗ္ဗုတောတိဧတ္ထ။စတုတ္ထ။လ။ နိဗ္ဗုတောဟူသောဤပါဠိတော်၌။
သမနန္တရာနိ။သမနန္တရတို့သည်။ ဈာနသမနန္တရံ။၎င်း။ ပစ္စဝေက္ခနာသမ
နန္တရံ။၎င်း။ဣတိ။သို့။ဒွေ။တို့သည်။ဟောန္တိ။ကုန်၏။တတ္ထ။ထို၂ပါးတို့တွင်။
စတုတ္ထဈာနာ။စတုက္ကနည်းအါးဖြင့်ရူပါဝစရကြိယာစတုတ္ထဈာန်မှ။ဝုဋ္ဌါ
ယ။၍။ ဘဝင်္ဂံ။ သို့။ဩတိဏ္ဏဿ။ သက်သော ခီဏာသဝ ပုဂ္ဂိုလ်၏။
တတ္ထေဝ။ထိုဘဝင်သို့သက်ရာ၌ပင်လျှင်။ပရိနိဗ္ဗာနံ။သည်။ဈာနသမနန္တရံ
နာမ။မည်၏။စတုတ္ထဈာနာ။မှ။ ဝုဋ္ဌဟိတွာ။၍။ပုန။တဖန်။ ဈာနင်္ဂါနိ။ထိုစ
တုတ္ထဈာန်၌ရှိသောဈာန်အင်္ဂါတို့ကို။ပစ္စဝေက္ခိတွာ။အစဉ်အတိုင်းအသိး
အသိးရှုဆင်ခြင်ပြီး၍။ဘဝင်္ဂံ။သို့။ ဩတိဏ္ဏဿ။၏။တတ္ထေဝ။၌ပင်လျှင်။
ပရိနိဗ္ဗာနံ။သည်။ပစ္စဝေက္ခနာသမနန္တရံ။၏။သမနန္တရာနိ။ တို့သည်။ဣ
မာနိဒွေ။တို့တည်း။ ။အဓိပ္ပါယ်ကားငါတို့မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု
တော်မူရာကာလဝိသေသကိုပြရာ။ဤစတုတ္ထဈာနာ။လ။ပရိနိဗ္ဗုတော၌
သမနန္တရကိုဈာနလာဘီခီဏာသဝအများ၏ပရိနိဗ္ဗာန်နှင့်ဆက်ဆံသော
သမနန္တရသာမညအားဖြင့်ယူ၍ခွဲဝေသော်ဈာနသမနန္တရပစ္စဝေက္ခနာ
သမနန္တရဟုနှစ်ပါးရှိသည့်တွင်။ သမာပတ္တိလာဘီခီဏာသဝပုဂ္ဂိုလ်၏ပ
ရိနိဗ္ဗာန်ပြုတော်မူခါနီးကာလဝယ် ရူပါဝစရကြိယာ စတုတ္ထဈာန်မှထ

သည့်၏အခြားမဲ့၌ဘဝင်သို့သက်သောအခါဝိထိတပါးမခြားပဲပရိနိဗ္ဗာန်ပြုခြင်းသည် ဈာနသမနန္တရပရိနိဗ္ဗာန်မည်၏။ စတုက္ကနည်းအားဖြင့်ရူပသမာပတ်လေးပါး အရူပ သမာပတ် လေးပါးနိရောဓ သမာပတ် အားဖြင့် ၉ ပါးသောသမာပတ်တို့ကို အနုလောမ ပဋိလောမအားဖြင့် ကြိမ်ဖန်များစွာ အခါခါ ဝင်စား၍။ အဆုံးစွန် ဝါရဝယ် ရူပါဝစရ ကြိယာစတုတ္ထဈာန်မှထ၍။ထိုဈာန်၌ရှိသောဥပေက္ခာဝေဒနာတာဟူသော ဈာန်အင်္ဂါတို့ကိုအစဉ်အတိုင်းဆင်ခြင်၍ ဝေဒနာကိုဆင်ခြင်သောဒုတိယပစ္စဝေက္ခဏာဝိထိ၏အခြားမဲ့ဝယ်ဘဝင်သို့သက်သောအခါ၌ပရိနိဗ္ဗာန်ပြုခြင်းသည်ဈာနင်္ဂပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်မည်၏။ဟူလို။ ။ထိုနှစ်ပါးတို့တွင်ငါတို့မြတ်စွာဘုရားသည်အဘယ်ပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူသနည်းဟူမူ။ ။မြတ်စွာဘုရားသည် အစဉ်အတိုင်း ဝင်စားအပ်၍နဝါနုပုဗ္ဗဝိဟာရဟုဆိုအပ်သော ရူပသမာပတ်လေးပါးအရူပသမာပတ်လေးပါး နိရောဓသမာပတ်အားဖြင့် ၉ ပါးသော သမာပတ်တို့ကိုအနုလုံပဋိလုံအါးဖြင့်အခါခါအပြန်ပြန်ကြိမ်ဖန်များစွာကုဋေအရေအတွက်အားဖြင့်ကုဋေနှစ်သန်းလေးသိန်းသောသမာပတ်တို့ကို။ထိုသမာပတ်တို့၌ထိုက်သည်အားလျော်စွာပါရှိသောဈာန်အင်္ဂါတို့ကို ဆင်ခြင်သောပစ္စဝေက္ခဏာကာမဇောဝိထိခြားခါခြားခါဝင်စားတော်မူ၍ အဆုံးစွန်သောဝါရဝယ်ရူပါဝစရပထမဈာန်ကိုဝင်စား၍ထိုမှထပြီးသော်ထို၌ရှိသောဝိတက်ဝိစာရပီတိ သုခဝေဒနာတာဟူသော ဈာန်အင်္ဂါငါးပါးတို့ကိုအစဉ်အတိုင်းအသီးအသီးပစ္စဝေက္ခဏာငါးဝါရတို့ဖြင့်ဆင်ခြင်၍။ဒုတိယဈာန်ကိုဝင်စား၍။ ထိုမှထပြီးသော်ထို၌ရှိသော ပီတိစသောဈာန်အင်္ဂါ ၃ ပါးတို့ကိုပစ္စဝေက္ခဏာ ၃ ဝိထိတို့ဖြင့်ဆင်ခြင်ပြီး၍ တတိယဈာန်ကိုဝင်စားတော်မူ၏။ ထိုနောင်ပစ္စဝေက္ခဏာ ၂ ဝိထိခြားလျက် စတုတ္ထဈာန်ကိုဝင်စားတော်မူ၏။ထိုရူပါဝစရစတုတ္ထဈာန်မှထပြီးသော်ပြဆိုခဲ့ပြီးသောသမာပတ္တိဝိထိပစ္စဝေက္ခဏာဝိထိဟူသမျှ၌ပင် ဝိထိတခုနှင့်တခုအကြားဘဝင် ၂ ကြိမ်စီခြားသဖြင့်ဘဝင် ၂ ကြိမ်ခြား၍ထိုဈာန်၌ရှိသောဥပေက္ခာဝေဒနာတာတို့ကိုအစဉ်အတိုင်းဆင်ခြင်၍ဝေဒနာကိုဆင်ခြင်သောဒုတိယ ပစ္စဝေက္ခဏာဝိထိ၏အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုတော်မူသောကြောင့်မြတ်စွာဘုရားသည် ဈာနင်္ဂပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု မှတ်ယူသင့်၏။ ဟူလေ။ ။ဤ၌ဘဝင် ၂

ကြိမ်ဟူသောစကားကို ဝိထိတခုနှင့်တခု အကြား ဘဝင်ခြား၍ဖြစ်ရုံမြ။ ခြားရာတွင်ကားအခေဿာတလျှင်ပြုအပ်သောအဇ္ဈာယိကကာလစသည် ဝယ်နည်းစွအဆုံးမြတ်စွာဘုရားအားဘဝင် ၂ ကြိမ်။ အလွန်ပညာထက် လျှင်သော အရှင် သာရိပုတြာအား ၁၆ ကြိမ် ဖြစ်ကြောင်း ကို ပြဆို သော။ ။ဒွေဘဝင်္ဂါနိဗုဒ္ဓဿ။သာရိပုတ္တဿသောဠဿ။အညေသံပန သတ္တာနံ။ဘဝင်္ဂါနိဗဟူနိပိ။ ။ဟူသောမဏိဒီပဂါထာကိုအမှီပြု၍ဆို လိုက်သည်။ ။ဝိထိစိတ် ဖြစ်ကောင်းသော သစိတ္တကပုဂ္ဂိုလ်ဟူသမျှ တို့သန္တာန်ဝယ်ပင်ဝိထိစိတ်ဖြစ်လိုလတ်သော်ပကတိဘဝင် အစဉ်မှလှုပ် ရှားသောဘဝင်ဟူသောဘဝင်္ဂစလန။ ပြတ်သောဘဝင်ဟူသောဘဝင်္ဂု ပစ္ဆေဒဟုဘဝင် ၂ ကြိမ်ဖြစ်ပြီးမှဝိထိစိတ်ဖြစ်နိုင်သောကြောင့် ဘဝင် ၂ ကြိမ်ဟူသည်ကိုဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒမှတပါးသီးခြားဖြစ်သော် ပကတိဘဝင်အစဉ်ကိုယူသင့်ရာသည်ဖြစ်၍။ဤသို့ယူခဲ့မူမြတ်စွာဘုရား ၌ပင်ဝိထိတခုနှင့် တခုအကြား ဘဝင်လေးကြိမ် ဖြစ်သည်ဟုယူရာ၏။ ဆရာတို့ကား။ဒွေဘဝင်္ဂါနိအရကိုဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒနှစ်ခုကိုပင် ယူကြကုန်၏။ ။ဤအဓိပ္ပါယ်ကို။ ။ဘဂဝါပန ဈာနံ သမာပတ္တိတွာ ဈာနာဝုဋ္ဌာယဈာနင်္ဂါနိပစ္စဝေက္ခိတွာဘဝင်္ဂစိတ္တေနအဗျာကတေန ဒုက္ခ သစ္စေနပရိနိဗ္ဗာယိ။ ။ဟူသောသုတ်မဟာဝါအဋ္ဌကထာသံယုတ်အဋ္ဌ ကထာတို့ကိုမှီ၍ဆိုသည်။ ။ပန။သမာပတ္တိလာဘီ ခီဏာသဝပုဂ္ဂိုလ် သာမည်နှင့်ဆက်ဆံသောသမနန္တရပရိနိဗ္ဗါန်နှစ်ပါးတွင်။စတုတ္ထဈာနာ ဝုဋ္ဌဟိတွာသမနန္တရာဘဂဝါပရိနိဗ္ဗုတော။ဟူသော ဤပါဠိတော်ဝယ် လိုရင်းဖြစ်သော်ငါတို့မြတ်စွာဘုရား၏ပရိနိဗ္ဗါန်ဝိသေသကိုပြဦးအံ့။ဘဂ ဝါ။သည်။ဈာနံ။ပရိနိဗ္ဗါန်စံတော်မူခါနီးကာလဝယ်ဝင်စားအပ်သော်ကုဋေ နှစ်သန်းလေးသိန်းအရေအတွက်ရှိသော သမာပတ်တို့၏ အဆုံးစွန်ဖြစ် သောရူပါဝစရကြိယာစတုတ္ထဈာန်ကို။သမာပတ္တိတွာ။၍။ ဈာနာ။ ရူပါ ဝစရကြိယာစတုတ္ထဈာန်မှ။ ဝုဋ္ဌာယ။ ၍။ ဈာနင်္ဂါနိ။ ထိုဈာန်၌ ရှိသော ဥပေက္ခာဧကဂ္ဂတာဟူသောဈာန်အင်္ဂါ ၂ ပါးတို့ကို။ ပစ္စဝေက္ခိတွာ။ အ စဉ်အတိုင်းအသီးအသီးရှုဆင်ခြင်ပြီး၍။ဒုက္ခသစ္စေန။ဒုက္ခသစ္စာဖြစ်သော။ အဗျာကတေန။သော။ဘဝင်္ဂစိတ္တေန။ဖြင့်။ပရိနိဗ္ဗာယိ။ ဧကဂ္ဂတာကိုဆင် ခြင်သော်ဒုတိယပစ္စဝေက္ခနာဝိထိ၏အခြားမဲ့၌ပရိနိဗ္ဗာန်စံတော်မူ၏။ ။ တနည်း။ဘဝင်္ဂစိတ္တေန။သော။ အဗျာကတေန။သော။ ဒုက္ခသစ္စေန။ဖြင့်။

ပရိနိဗ္ဗာယိ။၏။ ။သီလသမာဓိစသောဂုဏ်တို့ဖြင့်ဤသူနှင့်တူ၏ဟုစံ
ပြုပြိုင်နိုင်းရန်ဗြဟ္မာနတ်လူတွင်တသူတယောက်မျှတူသောသူ ရှိတော်
မမူသည်ဖြစ်၍ အပဋိပုဂ္ဂလ အတုလ ဖြစ်တော်မူသော မြတ်စွာဘုရား
သည်။ ။မဂ္ဂါနံအဋ္ဌင်္ဂိကောသေဋ္ဌော။သစ္စာနံစတုရောပဒါ။ဝိရာဂေါ
သေဋ္ဌောဓမ္မာနံ။ ဒွိပဒါနဉ္စစက္ခုမာ။ ။ယာဝတာဘိက္ခဝေသတ္တာ အ
ပဒါဝါဒွိပဒါဝါစတုပ္ပဒါဝါ။တထာဂတောတေသံအဂ္ဂမက္ခာယတိ။ ။
အစရှိသောပါဠိတော်တို့နှင့်အညီလူနတ်ဗြဟ္မာသတ္တဝါခပ်သိမ်းတို့ထက်
အလွန်အကြူး အထူးသဖြင့် ချီးမွမ်းအပ် မြင့်မြတ်လှသော ပုဂ္ဂိုလ် ဖြစ်
တော်မူ၍မြတ်စွာဘုရား၏ စုတေခြင်းဟူသော ပရိနိဗ္ဗာန်သည် တပါး
သောပုဂ္ဂိုလ်တို့၏ စုတေခြင်းပရိနိဗ္ဗာန်ပြုခြင်းတို့နှင့်မတူတန်ရာ။ အရ
ဟတ္တဖလသမာပတ် ကိုကြိမ်ဖန်များစွာ အခါခပ်သိမ်း အလိုရှိတိုင်းဝင်
စားတော်မူနိုင်၍ စိတ်တော်ကိုအစိုးရသောစိတ္တိဿရိယ ပုဂ္ဂိုလ်မြတ်
ဖြစ်တော်မူသည်အားလျော်စွာအရဟတ္တဖိုလ်စိတ်ဖြင့်ပရိနိဗ္ဗါန်ပြုတော်
မူသည်ဖြစ်ရာ၏ဟူ၍ အချို့သောပုဂ္ဂိုလ်တို့ယုံမှားရန် ရှိသောကြောင့်။
ဒုက္ခသစ္စေနဖြင့်ထိုသို့သောယုံမှားခြင်းကို အဋ္ဌကထာဆရာပယ်တော်
မူသည်။ ။အရဟတ္တဖိုလ်ကား သစ္စာလေးပါးမှ အလွတ်သစ္စ ဝိမုတ်
ဖြစ်၍ဒုက္ခသစ္စေနဖြင့်ယင်းကိုနစ်စေနိုင်သည်။ ။မြတ်စွာဘုရားသည်
စတုတ္ထဈာန်၌တည်၍ စတုတ္ထဈာန်သမာပတ်အတွင်း၌ပင် ပရိနိဗ္ဗာန်ပြု
တော်မူ၏ဟုမှတ်ထင်ကုန်၍။ထိုစတုတ္ထဈာန်အရကိုလည်းရူပါဝစရကြိ
ယာဈာန်ကိုယူ၍မြတ်စွာဘုရားသည်အာနေဉ္ဇသမာပတ်၌တည်၍ ထို
ရူပါဝစရကြိယာစတုတ္ထဈာန်စိတ်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု ဥတ္တရာ
ပထတိုင်းသား ရဟန်းတို့၏အယူကဲ့သို့အချို့ပုဂ္ဂိုလ်တို့ ယူကြောင်းကို။
ကထာဝတ္ထုအဋ္ဌကထာ၌။ ။ဘဂဝါ စတုတ္ထဈာနေဌိတော ပရိနိဗ္ဗာ
ယီတိသလ္လက္ခေတွာအရဟာအာနေဉ္ဇေဌိတောပရိနိဗ္ဗာယတီတိယေသံ
လဒ္ဓိ။ သေယျထာပိ ဧကစ္စာနံ ဥတ္တရာပထကာနံ။ ။ဟုပြဆိုတော်မူ
သည်။ ။ဘဂဝါ။သည်။စတုတ္ထဈာနေ။ရူပါဝစရကြိယာစတုတ္ထဈာန်
၌။ဌိတော။တည်လျက်။ တည်စဉ်။ ပရိနိဗ္ဗာယိ။ ထိုရူပါဝစရ ကြိယာ
စတုတ္ထဈာန်စိတ်ဖြင့်ပရိနိဗ္ဗာန်စံတော်မူ၏။ဣတိ။၍သို့။ သလ္လက္ခေတွာ။
ထင်မှတ်၍။အရဟာ။ရဟန္တာသည်။အာနေဉ္ဇေ။အာနေဉ္ဇသမာပတ်ဟူ
သောရူပါဝစရကြိယာစတုတ္ထဈာန်၌။ဌိတော။စဉ်။ပရိနိဗ္ဗါယိ။၏။ဣတိ။

သို့။ဥတ္တရပထကာနံ။ဥတ္တရာပထတိုင်းသားဖြစ်ကုန်သော။ ကေစွာနံ။အ
ချို့ကုန်သောရဟန်းတို့၏။လဒ္ဓိသေယျထာပိ။အယူကဲ့သို့လည်း။ယေသံ။
အကြင်ပရဝါဒီပုဂ္ဂိုလ်တို့၏။လဒ္ဓိ။သဉ္။ဟောတိ။၏။ ။ဤသို့သမာပတ်
အတွင်း၌ထိုသမာပတ်စိတ်ဖြင့်ပင်ပရိနိဗ္ဗာန်ပြုသည်ဟုယူ၍ငင်း။ ထိုသ
မာပတ်အရကို။ ။နိဗ္ဗာနာရမ္မဏံစတုတ္ထဈာနဖလသမာပတ္တိံ သမာ
ပဇ္ဇိတွာ။ ။ဟုစတုတ္ထဈာန်အရကို စတုတ္ထဈာန်အရဟတ္တဖိုလ်ကို ယူ
သောထေရဂါထာအဋ္ဌကထာမှာကဲ့သို့စတုတ္ထဈာန်အရကို အရဟတ္တ
ဖိုလ်စတုတ္ထဈာန်ကိုကောက်ယူ၍ငင်း။ ထိုဖလသမာပတ်ကိုဝင်စားစဉ်
အခါထိုဖိုလ်စိတ်ဖြင့်ပင်ပရိနိဗ္ဗာန်ပြုတော်မူ၏ဟုအချို့ပုဂ္ဂိုလ်တို့ ယူမှား
ရာ သောကြောင့်။ ဒုက္ခသစ္စေနဖြင့် တို့ကို နစ်စေသည်ဟု ပြဆိုလိုက်
သည်။ ။တနည်းလည်း။ခီဏာသဝပုဂ္ဂိုလ်တို့သန္တာန်ဝယ် စုတိစိတ်၏
ရှေ့အနန္တရစိတ်တိုင်အောင်အစမထင်သော သံသရာကာလပတ်လုံးဖြစ်
သမျှသောစိတ်သည်ချုပ်သည်ရှိသော်သံသရာစက်ရဟတ် မပြတ်သေး
သည်ဖြစ်၍မိမိ၏အခြားမဲ့ဝယ် ဖြစ်ရလတ္တံ့သော နောက်အနန္တရ စိတ်
အားအနန္တရသမနန္တရစသောသတ္တိဖြင့်ကျေးဇူးပြု၍ ချုပ်သောကြောင့်
ငင်း။ပုထုဇဉ်သေက္ခတို့၏ စုတိစိတ်သည် ထိုပုထုဇဉ်သေက္ခ တို့အား
အဝိဇ္ဇာတဏှာဟူသော ဝဋ်ခြေဝဋ်မြစ်တို့ကိုအကြွင်းမဲ့ အကုန်အစင်မ
ဖျက်ပယ်နိုင်သေးသည်ဖြစ်၍ ထိုပုဂ္ဂိုလ်တို့သန္တာန်ဝယ်ရှေးရှေးကာလ
တို့၌ဖြစ်ခဲ့သမျှသော ကုသိုလ်ကံအကုသိုလ်ကံတို့သည် ဥပါဒ်ဌီဘင်ဟူ
သော်ခဏတ္တယသို့ရောက်၍ချုပ်ပျောက်ကုန်ကင်းမရှိခြင်းသို့ရောက်ပြီး
ပင်ဖြစ်သော်လည်းတဏှာတည်းဟူသောအဖေါ်အားပေး အစေးမခန်း
ခြောက် မကုန်ကင်းသေးသည်ဖြစ်၍ အကျိုးကိုဖြစ်စေခြင်းငှါ စွမ်းနိုင်
သောအစွမ်းသတ္တိ ရှိသေးသည်သာ ဖြစ်သောကြောင့် ကုန်သည် မရှိ
သည်မ မည်ရကား အဝိဇ္ဇာနှ သယသည် ခြံရံအပ်သော တဏှာနှသ
ယတည်းဟူသောပဋိသန္ဓေကိုဖြစ်စေရာ၌ အားပေးသဟဲ တကဲမှုလရှိ
သောကုသိုလ် အကုသိုလ်စေတနာဟူသော ကံတို့တွင်တခုခုသည် အ
ကြောင်း အခွင့်သင့်သည် အားလျော်စွာ အနန္တရဘဝ၌ ပဋိသန္ဓေ ဟူ
သောအကျိုးကိုဖြစ်စေလတ္တံ့သည်သာဖြစ်၍ထိုပဋိသန္ဓေစိတ်အားအနန္တရ
စသောသတ္တိဖြင့်ကျေးဇူးပြု၍ချုပ်သော်ကြောင့်ငင်း။ထိုစုတိစိတ်၏ရှေ့
အနန္တရစိတ်တိုင်အောင် ခီဏာသဝပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော စိတ်

တို့၏ချုပ်ခြင်းသည်ရင်း။ပုထုဇဉ်သေက္ခတို့သန္တာန်၌ဖြစ်သောစုတိစိတ်၏ချုပ်ခြင်းသည်ရင်း လက်စသတ် အပြတ် ချုပ်ငြိမ်းသော ချုပ်ငြိမ်းခြင်းမဟုတ်။ ခီဏာသဝ ပုဂ္ဂိုလ်တို့၏ စုတိစိတ်မူကား ထိုခီဏာသဝ ပုဂ္ဂိုလ်အားအနုသယ၏အစွမ်းဖြင့် သန္တာန်သို့အစဉ်လိုက်၍ဖြစ်သည်ဖြစ်၍ကိန်းဆဲဟုခေါ်ဆိုအပ်သောတထောင်ငါးရာသော ကိလေသာတို့ကိုလေးတန်သော အရိယမဂ်တို့ဖြင့် ကြွင်းမဲ့ကုန်စင် အောင်မြင်ပယ်ဖျက်အပ်သည်ဖြစ်၍ထိုကိလေသာတို့၏ ထိုခီဏာသဝတို့သန္တာန်ဝယ် တဖန်အသစ်မဖြစ်ကောင်းသောအားဖြင့်မဖြစ်ခြင်းဟူသောကုန်ခြင်း ကိလေသက္ခယ။ချုပ်ခြင်း ကိလေသ နိရောဓ။ ငြိမ်းခြင်းကိလေသ ပရိနိဗ္ဗာန်။ ပြတ်ခြင်း ကိလေသဝဋ္ဋုပစ္ဆေဒဖြစ်၏။ ဤသို့ဝဋ်သုံးပါးတွင် ကိလေသဝဋ်ပြတ်သဖြင့် မီးဖြင့်ဖုတ်လှော်အပ်သော သစ်စေ့သည် အဆီအစေးခန်းခြောက်သည်ဖြစ်၍ အညှောက်အညွန့်ကိုဖြစ်စေနိုင်သော မျိုးသတ္တိကင်းပျက်သကဲ့သို့။ အရဟတ္တမဂ်တည်းဟူသောမီးဖြင့် ဖုတ်မြိုက်အပ်သည်ဖြစ်၍ကိလေသာတဏှာဟူသော အဖေါ်သဟဲ တကဲအစေးခန်းခြောက်သဖြင့်ထိုထိုဘဝကာလတို့ကပြုအပ်ခဲ့သေါကုသိုလ်အကုသိုလ်စေတနာကံ၏ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော အကျိုးကိုပေးနိုင်ဖြစ်စေနိုင်သောအစွမ်းသတ္တိအဟုန်ကင်းကုန်သောအါးဖြင့်ကမ္မဝဋ်ပြတ်ခြင်းဖြစ်၏။ကမ္မဝဋ်ပြတ်သဖြင့်လည်း။ မျိုးမပျက်သောအောင်သောမျိုးစေ့ရှိသော်သာ အညှောက်အညွန့် အပင်အခက် အရွက်အပွင့်အသီးတို့ဖြစ်နိုင်၍။ မျိုးစေ့မရှိသော်အညှောက်အညွန့်စသည်တို့ မဖြစ်သကဲ့သို့။အကျိုးကို ဖြစ်စေနိုင်သော ကံတည်းဟူသော အကြောင်းရှိသော်သာဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော အကျိုးပဋိသန္ဓေဖြစ်၍။ အကြောင်း ကံ မရှိသော် အကျိုးဝိပါက် မဖြစ်နိုင်သည်သာ ဖြစ်သောကြောင့်ပုထုဇဉ်သေက္ခတို့စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌အကျိုးပဋိသန္ဓေဖြစ်သကဲ့သို့။ခီဏါသဝတို့စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌အကျိုးပဋိသန္ဓေဝိပါက်နာမက္ခန္ဓာကတတ္တာရုပ်ဟူသော ခန္ဓာငါးပါးတို့တဖန်မဖြစ်နိုင်သောမဖြစ်ခြင်းဟူသောကုန်ပျက်ချုပ်ငြိမ်းခြင်းခန္ဓပရိနိဗ္ဗာန်ဖြစ်လတ့ံ။ ဝိပါကဝဋ် ပြတ်ခြင်းဖြစ်လတ့ံ။ အကျိုးပဋိသန္ဓေ မဖြစ်လတ့ံသည်သာဖြစ်ရကား။ခီဏာသဝပုဂ္ဂိုလ်တို့၏စုတိစိတ်သည် တစုံတခုသောစိတ်တစုံတခုသောခန္ဓာအား အနန္တရသတ္တိစသော တစုံတခုသောပစ္စည်း

ဖြင့်ကျေးဇူးမပြုပြီဖြစ်သောကြောင့် ထိုစုတိစိတ်၏ချုပ်ခြင်းသည်သာ
အပြီးလက်စသတ်အဆုံးစွန်ချုပ်ပြတ်ကျန်ငြိမ်းခြင်းဖြစ်၍ပရိနိဗ္ဗာနမည်
သည်။ဤအဓိပ္ပါယ်ကထာဝတ္ထု။ တဗ္ဗေဒပရိနိဗ္ဗာနံဣဓပရိနိဗ္ဗာနအရ။ ဘဂဝါ
ပန။လ။ပရိနိဗ္ဗာယိဋ္ဌအနုတ္တဖြစ်သောပရိနိဗ္ဗာနအရသည်လည်း ထိုစုတိ
ဘင်္ဂက္ခဏပင်ဖြစ်သည်ဖြစ်၍ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဟူသည်။
ဤဋ္ဌပရိနိဗ္ဗာနဟုပြဆိုအပ်သောစုတိဘင်္ဂက္ခဏပင်ဖြစ်ရာ၏။ယင်းသို့ဖြစ်
ကလည်း။မြတ်စွာဘုရားသည် နိရောဓသစ္စာဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ
သည်ဖြစ်ရာ၏ဟုမှတ်ထင်သောသူတို့၏ မှတ်ထင်ယုံမှားခြင်းကို ပယ်
ခြင်းငှါ ဒုက္ခသစ္စေနကို ဆိုတော်မူသည်။ ။ယင်းဖြင့် မဂ်ဖိုလ်တို့၏
အာရုံ နိရောဓသစ္စာဟူသည် ဤစုတိဘင်္ဂက္ခဏပင် တည်းဟု ယူမှား
သောသူတို့၏အယူကိုပယ်သည်။ ။ဤစုတိဘင်္ဂက္ခဏကိုထိုထိုအရာ
ဝယ်ထိုက်သည်အားလျော်စွာနိဗ္ဗာနဟူ၍၎င်း။ ပရိနိဗ္ဗာနဟူ၍၎င်း။အနု
ပါဒါပရိနိဗ္ဗာနဟူ၍၎င်း။အပစ္စယပရိနိဗ္ဗါနဟူ၍၎င်းဆိုအပ်သော်လည်း။
ထိုခဏဿဝတို့၏ စုတိဘင်္ဂက္ခဏသည် မဂ်ဖိုလ်တို့၏အာရုံ နိဗ္ဗာန် မ
ဟုတ်။နိရောဓသစ္စာမဟုတ်။ ။တိဏိမာနိဘိက္ခဝေသင်္ခတဿ သင်္
ခတလက္ခဏာနိ ဥပ္ပါဒေါပညာယတိဝယောပညာယတိ။ ဌိတဿအည
ထာတ္တံပညာယတိ။ ။ဟူ၍သင်္ခတတရားတို့၏ဥပါဒ်ဌီဘင်ခဏ ၃ ပါး
၏သင်္ခတလက္ခဏာမည်ကြောင်းကိုဟောတော်မူသောကြောင့်သင်္ခတ
လက္ခဏာသာဖြစ်သည်။သင်္ခတလက္ခဏာဖြစ်ကလည်း။ ။ဇရာမရဏံ
ဘိက္ခဝေအနိစ္စံ သင်္ခတံပဋိစ္စသမုပ္ပန္နံ။ ။ဟူ၍သင်္ခတ၏ဌီဟူသောဇရာ။
ဘင်ဟူသော မရဏ၏သင်္ခတ မည်ကြောင်းကို ဟောတော် မူသော
ကြောင့်သင်္ခတပင်ဖြစ်ပြန်ခဲ့သည်။သင်္ခတဖြစ်ကလည်း။ ။အနိစ္စာဝတ
သင်္ခါရာ။ဥပ္ပါဒဝယဓမ္မိနော။ ။သဗ္ဗေသင်္ခါရာအနိစ္စာ။ ယဒါပညာယ
ပဿတိ။ ။သဗ္ဗေသင်္ခါရာဒုက္ခာ။ ။အစရှိသဖြင့် ယင်း၏အနိစ္စဒုက္ခ
အနတ္တအဖြစ်ကိုဟောတော်မူသောကြောင့် တပါးသော ဒုက္ခသစ္စာဖြစ်
သောသင်္ခတတရားတို့ကဲ့သို့ဒုက္ခသစ္စာသာဖြစ်သည်။ဟူလို။ ။ဒုက္ခ
သစ္စာဖြင့်ပရိနိဗ္ဗာန်ပြုတော်မူသည်ဟူ၏။ဒုက္ခသစ္စာအရသည်၊ လောကီ
စိတ်ဇေကာသိတ်။ လောဘကြည်သောစေတသိက်ဇေ ပညာသရုပ်အဓိ
ပ္ပါယ်သဖြစ်၍။ ထိုတွင်-အမှတ်မဲ့တပါးပါးဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေသ
လော။ဟူဘွယ်ရှိ၍။အဗျာကတေနကိုဆိုပြန်ရသည်။ ။အဗျာကတ

ဖြစ်သောဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်ပြုသည်ဟူ၍။ အဗျာကတအရသည် ရုပ်နာမ်ဖြစ်ရကား–ထိုတွင်–ရုပ်ဖြင့်ပရိနိဗ္ဗာန်ပြုလေသလော။ ဟူဘွယ်ရှိ၍။ ဝိဘင်္ဂအဋ္ဌကထာမှာ ဤသို့ ဆိုပြန်ရသည်။ ။ကမ္မဇရုပ်နာမက္ခန္ဓာတို့သာ စုတိစိတ်နှင့်တပြိုင်တည်းချုပ်၍တိဇရုပ်သည်အဋ္ဌကထာအလိုအားဖြင့်စုတိခဏ၌မချုပ်မကုံသေးသောကြောင့် အဗျာကတဒုက္ခသစ္စာအရကို ရုပ်ကိုမယူမူ၍စိတ်ကိုသာယူပါလေ။ဟူလို၊ ။ဒုက္ခသစ္စာအဗျာကတစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုသည်ဟူ၍။ ထိုဒုက္ခသစ္စာအဗျာကတစိတ်အရသည်လည်း လောကီဝိပါက် ကြိယာဟု ၂ ပါးရှိချေသေးရကား–ထိုတွင်–ကြိယာစိတ်ကိုယူရအံ့လော။ ဝါ။ထိုဝိပါက်ကြိယာတို့တွင် အမှတ်မဲ့တပါးပါးကိုယူရအံ့လော။ ဟူဘွယ်ရှိ၍။ ဘဝင်ဟူသော ဝိသေသနကို ဆိုရပြန်သည်။ ။ထိုထိုဒွါရအာရုံအားလျော်စွာဖြစ်သောစိတ်ဝိထိတို့သည်ဝိထိတပါးနှင့်တပါးစပ်ဆက်၍မဖြစ်ကောင်း။ နိရောဓသမာပတ္တိသမာပဇ္ဇနအခါမှတပါးသစ္စကပုဂ္ဂိုလ်တို့ သန္တာန်ဝယ် စိတ်ဝိညာဏ် ပြတ်ကင်းချေကဥပပတ္တိဘဝပြတ်သဖြင့်စုတိခြင်းသာဖြစ်သောကြောင့် ဥပပတ္တိဘဝကိုပျက်စီးခြင်းမရှိစေရ စောင့်ရှောက်သော အားဖြင့်ယင်းဘဝ၏အကြောင်းအစိတ်ဖြစ်၍ဘဝင်မည်သောမူလ ပကတိပဋိသန္ဓေစိတ်နှင့်ဘုမ္မိဇာတိသမ္ပယုတ္တဓမ္မသင်္ခါရအာရုံအားဖြင့်တူသော စိတ်ကိုသာယူလေ။ ဟူလို။ ။ဤအလိုသော်ဒုက္ခသစ္စေနကိုပဓါနထား၍။ ။ဘဝင်္ဂစိတ္တေန။ သော။အဗျာကတေန။သော။ဒုက္ခသစ္စေန။ဖြင့်။ ။ဟုအနက်ယောဇနာလေ။ ။တနည်းလည်း။ ။ဘဝင်္ဂစိတ္တေနဖြင့်ရှေးနည်းရုပ်ကိုနှစ်စေသည်။ ။ကိစ္စ ၁၄ ပါးတွင်ဘဝင်ကိစ္စမှတပါးအသီးအခြားစုတိကိစ္စတပ်သောစိတ်ကိုပင်ဤအရာ၌ဘဝင်ဟုဆိုသည်ကို ထောက်၍ဥပပတ္တိဘဝမပြတ်ခြင်း၏အကြောင်းအစိတ်ဖြစ်သည်ကိုရည်၍ပဋိသန္ဓေနောင်ဖြစ်သေါစိတ်ဟူသမျှကိုပင်သာမညအားဖြင့်ဘဝင်စိတ်ဟုမှတ်ထင်ရန်ရှိသောကြောင့်ရင်း။ ခယေဉာဏ်အနုပ္ပါဒေဉာဏ်၌ကိလေသာတို့ကိုသမုစ္ဆေဒ ပဟာန်အားဖြင့်အကြွင်းမဲ့ကုန်ခန်း စေတတ်သောကြောင့်အရဟတ္တမဂ်ကိုခယဟုဟောတော်မူသကဲ့သို့။ ကိလေသာတို့ကိုသမုစ္ဆေဒအားဖြင့်ထက်ဝန်းကျင်အကြွင်းမဲ့ငြိမ်းစေတတ်သောကြောင့် အရဟတ္တမဂ်ကိုပရိနိဗ္ဗာနဟုဆိုသင့်သောကြောင့်ရင်း။ ဘဝင်္ဂစိတ္တေနအရကိုအရဟတ္တမဂ်ကိုယူ၍ပြတ်စွာဘုရားသည် အရဟတ္တမဂ်စိတ်တည်းဟူသော၊

ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေသလောဟုမှတ်ထင်ရန်ရှိသော
ကြောင့်ထိုကိုနစ်စေခြင်းငှါအဗျာကတေနကိုဆိုတော်မူရသည်။ ။
အရဟတ္တမဂ်စိတ်ကား ကုသိုလ်သာဖြစ်၍ အဗျာကတေနဖြင့်ယင်းကို
နစ်စေနိုင်သည်။ ။အရဟတ္တဖိုလ်စိတ်သည်အဗျာကတပင်ဖြစ်သော
ကြောင့်ဧင်း။ ။ဥပ္ပန္နသမနန္တရာအပတ္တံဝါဝေမဇ္ဈံ အနန္တရာဝကိလေသ
ပရိနိဗ္ဗာနံအရဟတ္တံပတ္တော အနန္တရာပရိနိဗ္ဗာယိနာမ။ ။ဟူရာ၌အရ
ဟတ္တဖိုလ်ကိုပင်ကိလေသပရိနိဗ္ဗာန်ဟုဆိုအပ်သောကြောင့်ဧင်း။ အဗျာ
ကတဖြစ်သောအရဟတ္တဖိုလ် စိတ်ဟူသောပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြု
လေသလော။ဟူဘွယ်ရှိ၍။ဒုက္ခသစ္စေနကိုဆိုရပြန်သည်။ ။အရဟတ္တ
ဖိုလ်စိတ်ကားသစ္စ ဝိမုတ်ဖြစ်၍ဒုက္ခသစ္စေနဖြင့် ယင်းစိတ်ကိုနစ်စေနိုင်
သည်။ ။ဤအလိုသော်ဘဝင်စိတ္တေနကိုပဓါနထား၍။ ။ဒုက္ခသစ္စေ
န။သော။အဗျာကတေန။သော။ ဘဝင်စိတ္တေန။ဖြင့်။ ။ဟုယောဇနာ
လေ။ ။ဝိသေသနဝိသေသိတဗ္ဗဘာဝေါပနယထာကာမံ ဟောတိ။ ။
မူလဋီကာ။ ။ဝိသေသနဝိသေသိတဗ္ဗဘာဝေါပန။ အထူးပြုကြောင်း
ဖြစ်သေါအပဓါန ဝိသေသနအဖြစ်၊ အထူးပြုအပ်သော ပဓါနဝိသေသျ
၏အဖြစ်မည်သည်။ယထာကာမံ။ဆိုလိုသောပုဂ္ဂိုလ်၏ အလိုအားလျော်
စွာ။ဟောတိ။၏။ ။ဤပရိဘာသာနှင့်အညီ ဝိသေသနဝိသေသျ၏အ
ဖြစ်သည်ဝဒန္တုပုဂ္ဂိုလ်၏ အလိုအားလျော်စွာဖြစ်ကောင်းရကား။ ဘဝင်
စိတ္တေနစသည်၌ဝိသေသျပဓါနအရကိုနှစ်နည်းယူ၍ အနုလုံပဋိလုံအား
ဖြင့်နှစ်နည်းပြလိုက်သည်။ ။နီလုပ္ပလံဟူရာ၌နီလဟူသောဝိသေသန
သည် ၊အနီအပြုစသောဂုဏ်တပါးကိုနစ်စေ၍အညိုဂုဏ်ဖြင့်ကြာဒြဗ်ကို
အထူးပြုသောကြောင့်ဗျဝစ္ဆေဒဝိသေသန ဖြစ်သကဲ့သို့။ ဤ၌လည်း၊ဗျ
ဝစ္ဆေဒဝိသေသနဖြစ်သည်။ ။တနည်းလည်း။သမ္မာသမ္ဗုဒ္ဓမြတ်စွာ
ဘုရားမှစ၍ချမိုးရွက်တိုင်အောင်သေါပုဂ္ဂိုလ်ခပ်သိမ်းနှင့်ဆက်ဆံသော
စုတေခြင်းကို ပြရာ၌သော်လည်း။ ဘဝင်စိတ္တေန အဗျာကတေန ဒုက္ခ
သစ္စေနဟူ၍ပင် ဆိုတော်မူသည်ကိုထောက်၍။ ကုဋိလတုဏ္ဍ ိလောသု
ဝေါ။စသည်၌ကုဋိလတုဏ္ဍ ိလောဟူသောဝိသေသနသည်ကျေးသတ္တ
ဝါဟူကမကောက်သောနှုတ်သီးရှိသေ၁မည်သည် တရံတခါစ်မျှ မရှိ
ကောင်း။ကောက်သော နှုတ်သီးရှိသည်ချည်းသာဖြစ်၍ထိုကျေး၏ဟုတ်
မှန်တိုင်းသောဂုဏ်ကိုပြခြင်းငှါသာဆိုသောယထာဘူတကထနဝိသေ

သနသာဖြစ်သကဲ့သို့။ ဤအဗျာကတေန ဒုက္ခသစ္စေန ဟူသော ပိသောသန သည်ဘဝင်စိတ်ဟူကအဗျာကတ ဒုက္ခသစ္စာချည်းသာဖြစ်၍ နစ်စေရန် အနက်တပါးမရှိသော်လည်း ထိုဘဝင်စိတ်၏ ဟုတ်မှန်တိုင်းသော သ ဘောကိုပင်ထင်စွာပြခြင်းငှါ ဆိုသောကြောင့် ယထာဘူတ ကထနပိ သောသနဟူ၍ပင်ယူ။ ။ပုဂ္ဂိုလ်အမြတ်အယုတ်အမြင့်အနိမ့်သို့လိုက်၍ အထူးထူးသောစိတ်ဖြင့်စုတေခြင်းအထူးဖြစ်ကောင်းရာပါသည်။ ယင်း သို့ဖြစ်ကောင်းကလည်း။ မြတ်စွာဘုရားသည်ဤ‌ရွေဤမျှဟု ရေဆချင့် တွက်ခြင်းငှါမတတ်နိုင်သော အနန္တအပရိမာနဖြစ်သော သီလသမာဓိ ပညာစသောဂုဏ်တော်တို့နှင့်ပြည့်စုံသော လူနတ်ဗြဟ္မာ သတ္တဝါခပ် သိမ်းတို့ထက် ကြီးကဲလွန်မြတ်ဇေဋ္ဌ သေဋ္ဌအတုလ ဖြစ်တော်မူသော ပုဂ္ဂိုလ်ထူးဖြစ်၍ ပုဂ္ဂိုလ်တပါးတို့နှင့်မတူတန်ရာ။ ပြဆိုခဲ့ပြီးသောအရ ဟတ္တမဂ်စိတ်စသည်တို့ဖြင့်ပရိနိဗ္ဗာန်ပြုခြင်းဖြစ်ရာပါသည်မဟုတ်လော။ ယင်းသို့ဖြစ်ကလည်းမြတ်စွာဘုရားသည်ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြု၏ ဟူသောစကားမသင့်ရာ။ ဟူဘွယ်ရှိ၍။ ။ယေကေစိဗုဒ္ဓါဝါပစ္စေက ဗုဒ္ဓါဝါအရိယသာဝကာဝါအန္တမသော ကုန္ထကိပ္ပိလိကံဥပါဒါယသဗ္ဗေ ဘဝင်္ဂစိတ္တေနအဗျာကတေန ဒုက္ခသစ္စေန ကာလံကရောန္တိ။ ။ဟူ၍ မြတ်မြင့်သည်ဖြစ်စေယုတ်နိမ့်သည်ဖြစ်စေပရမတ္ထ သဘာဝမှသည် ယုတ်မြတ်ကြီးငယ် ရွေးချယ်ထူးခြားမရှိ ဓမ္မနိယာမ စိတ္တနိယာမအား ဖြင့်သာဖြစ်မြဲဖြစ်သောကြောင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားနှင့် တကွ ခပ်သိမ်းသောသတ္တဝါဟူသမျှတို့သည် ဤဘဝယူခဲ့သော်ပဋိသန္ဓေစိတ် နှင့်ဘုံဇာတ်သမ္ပယုတ်သင်္ခါရအားဖြင့်တူသောစိတ်ဖြင့်သာ စုတေကြ မြဲဖြစ်သည်။ ပဋိသန္ဓေစိတ်ဟူသမျှလည်း ဝိပါက်အဗျာကတသာဖြစ် သည်ဖြစ်၍မြတ်စွာဘုရားသည်ပြဆိုခဲ့သည်အတိုင်းဒုက္ခသစ္စာအဗျာက တဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ပြု၏ဟု ဆိုသော စကားသင့်ကြောင်းကို။ သုတ်မဟာဝါအဋ္ဌကထာသံယုတ်အဋ္ဌကထာတို့၌ပြဆိုသည်။ ။ပန သဗ္ဗံ။မှန်၏။ယေကေစိ။အကြွင်းအမှတ်မရှိအလုံးစုံကုန်သော။ဗုဒ္ဓါဝါ။တို့ သည်၎င်း။ ပစ္စေကဗုဒ္ဓါဝါ။တို့သည်၎င်း။ အရိယသာဝကာဝါ။တို့သည် ၎င်း။အန္တမသော။ယုတ်သော်အပိုင်းအခြားအားဖြင့်။ ကုန္ထကိပ္ပိလိကံ။ချပုံး ပိုးရွက်ကို။ ဥပါဒါယ။အစပြု၍။သဗ္ဗေ။ကြွင်းမဲ့ဥဿုံကုန်အောင်စုံသော သတ္တဝါခပ်သိမ်းတို့သည်။ဒုက္ခသစ္စေန။ သော။အဗျာကတေန။ သော။ဘ

ဝင်္ဂစိတ္တေန။ဖြင့်။ ကာလံ။ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကို။ ကရောန္တိ။ပြု
ကုန်၏။ ဝါ။ ကာလံ။ သေခြင်းကို။ ကရောန္တိ။ ပြုကုန်၏။ဝါ။ ကာလံက
ရောန္တိ။သေကုန်၏။ ။ဤ ၃ နည်းတွင်ပထမ၌ကာလသဒ္ဒါသည်အဒ္ဓါ
သဒ္ဒါသမယသဒ္ဒါ ဝေလာသဒ္ဒါစသည်ကဲ့သို့ ကာလ သာမန်ကို ဟော
သည်။ဤ၌ကားအရောသို့လိုက်၍ ကာလအရကိုပစ္စုပ္ပန်ဘဝ၏အဆုံးကာ
လကိုယူ။ဒုတိယ၌ကာလသဒ္ဒါမစ္စုပရိယာယ်။ တတိယ၌သေခြင်းကိုပြု
သေါဟူသည်သေခြင်းအခြားပြုခြင်းအခြားမဟုတ်ပြီ။သေသည့်ကိုပင်
ဆိုသည်ဟုပြသည်။ ။မြန်မာဝေါဟာရ၌ရတေသည် သေသည်
နတ်ရွာစံသည် ပြန်တော်မူသည် ပရိနိဗ္ဗာန်စံသည် ဟူသည် ခေါ်ဝေါ်
ခြင်းဝေါဟာရမျှဖြင့်သာထူးသည်။ အနက်အရအားဖြင့်မထူးသကဲ့သို့။
မာဂဓဝေါဟာရ၌လည်းစုတောဟူသည်မတောဟူသည် ဒေဝင်္ဂတော
ဟူသည်ပရိနိဗ္ဗုတော ဟူသည် ဝေါဟာရ ပရိယာယ်မျှဖြင့်သာ ထူး
သည်။အနက်အရအားဖြင့်မထူးအတူတူသာဖြစ်သည်။ ယင်း၏အရလည်း
စုတိဘင်္ဂက္ခဏသမင်္ဂီအခိုက်ဖြစ်သောပုဂ္ဂိုလ်ကိုယူ။ ။ဘုရားပစ္စေ
ကဗုဒ္ဓါအရိယာသာဝကမှစ၍ချိုးငှက်မလွတ်သတ္တဝါဟူသမျှနှင့်ဆက်
ဆံသောစုတေကြပုံကိုပြရာဤဝါကျ၌ ကာလံကရောန္တိဟု ကာလံကရ
ဏကြိယာဖြင့် အဋ္ဌကထာဆရာ ဆိုတော်မူသည်ကို ထောက်၍ ဍင်း။
မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုပုံပိသေသကိုပြသောအရာ၌ပင်။ ။နာဟု
အဿာသပဿာသော။ ဌိတစိတ္တဿ တာဒိနော။ အနေဇော သန္တိမာ
ရဗ္ဘ။ယံကာလမကရီမုနိ။ ။ဟူ၍သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်
ပါဠိတော်၌ ကာလံကရဏကြိယာဖြင့် အရှင်အနုရုဒ္ဓါ မထေရ် ဟော
တော်မူသည်ကိုထောက်၍ဍင်း။စုတေသည်သေသည် ပရိနိဗ္ဗာန်စံသည်
ဟူသောစကား၏ဝေါဟာရပရိယာယ်အားဖြင့်သာ ထူးခြား၍အနက်အ
ရအားဖြင့်ထူးခြားကွဲပြားမရှိတူသည်၏အဖြစ်။ကာလံကရောန္တိဟူသော
ကြိယာ၏ဗါဟိရတ္ထ ကတ္တားအရသည် စုတိစိတ္တ ဘင်္ဂက္ခဏ သမင်္ဂီ
ပုဂ္ဂိုလ်ဖြစ်သောကြောင့်။တတ္ထဝပရိနိဗ္ဗာနံဟူသောယခင်အဋ္ဌကထာ
၌ပရိနိဗ္ဗာနအရ။ပရိနိဗ္ဗုတောပရိနိဗ္ဗာယိတို့၌အန္တတ္ထဖြစ်သောပရိနိဗ္ဗာ
နအရသည်ပရမတ္ထအားဖြင့် ခီဏာသဝပုဂ္ဂိုလ်တို့၏ စုတိစိတ္တဘင်္ဂက္ခ
ဏဖြစ်သည်၏အဖြစ်။ထိုဘင်္ဂက္ခဏကိုပရိနိဗ္ဗာန်ဟု ခေါ်ဝေါ်အပ်သည်
၏အဖြစ်တို့ကို စင်စစ်မှတ်အပ်၏ ။ဤ၌ပရိနိဗ္ဗာနအရကို စုတိစိတ္တ

ဘင်္ဂဏာကို ကောက်သင့်သော အရာဖြစ်၍သာ အရာအားလျော်စွာ ယင်းခဏာကိုကောက်ယူသည်။ ဤ၌ပရိနိဗ္ဗာနအရကို ဝုတိစိတ္တဘင်္ဂဏာကိုကောက်ယူသည်ကိုကားဟုအရာခပ်သိမ်း၌ပင် ဤဘင်္ဂဏာကိုသာကောက်ယူရသည်ဟုမမှတ်ထင်ကြပါကုန်လင့်။ ။ပရိနိဗ္ဗာနသရုပ်အရကားများစွာ၏။အရာအားလျော်စွာသာယူရသည်။ ။ဤအဋ္ဌကထာဝယ်။ ဈာနံသမာပဇ္ဇိတွာ ဈာနာဝုဋ္ဌာယ။ ဟူ၍ဈာနသာမညအားဖြင့် ဆိုသော်လည်း ဤစကားသည်။ ။စတုတ္ထဈာနာဝုဋ္ဌဟိတွာသမနန္တရာဘဂဝါပရိနိဗ္ဗုတော။ ။ဟူသောပါဠိတော်၏အနက်အရကိုပြဆိုသောစကား ဖြစ်ရကားဈာနအရကို စတုတ္ထ ဈာန်ကိုသာယူ။ ။လောကီဈာန်လောကုတ္တရာဈာန် ၂ ပါးတွင် လောကုတ္တရာ ဈာန်မှထသည်၏အခြားမဲ့ဝယ်ဈာန်အင်္ဂါကိုဆင်ခြင်သောမည်သည်မရှိ။ လောကီဈာန်မှ ထသည်၏ အခြားမဲ့၌သာ ဆင်ခြင် မြဲဖြစ်၍။ ဈာနင်္ဂါနိပစ္စဝေက္ခိတွာဖြင့်ထိုစတုတ္ထဈာန်၏ လောကီဈာန်အဖြစ်ကိုပြသည်။ ယင်းကိုပြသဖြင့်။ ထေရဂါထာအဋ္ဌကထာ ဆရာကဲ့သို့ စတုတ္ထဈာနာ ဝုဋ္ဌဟိတွာသမနန္တရာဘဂဝါပရိနိဗ္ဗုတော၌ စတုတ္ထဈာန်အရကိုအရဟတ္တဖိုလ်စတုတ္ထဈာန်ကိုကောက်ယူသောဆရာတို့၏ ဝါဒကိုနစ်စေတော်မူသည်။ ။ပရိနိဗ္ဗုတောသည် ဒဗ္ဗပဓါနပုဒ်မဟုတ်။ ကြိယာပဓါနဖြစ်သည်ဟုသိစေလို၍နိဗ္ဗုတော ဟူသောကိတ်ပုဒ်ကို ပရိနိဗ္ဗာယိဟုအာချာတ်ပုဒ်ဖြင့်လည်း၍ပြသည်။ ။ပရိနိဗ္ဗာန်သည်ကိလေသာတို့၏အကြွင်းမဲ့ကုံငြိမ်းခြင်းဟူသော ထိုကုံငြိမ်းလေပြီးသော ကိလေသာတို့မှကြွင်းကျန်သောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသောဥပါဒိနှင့်တကွဖြစ်သောကိလေသပရိနိဗ္ဗာန်ဟူသောသဥပါဒိသေသနိဗ္ဗာန်။ ထိုဝိပါက်နာမက္ခန္ဓါကမ္မဇရုပ်တို့၏အကြွင်းမဲ့ ကုံငြိမ်းခြင်းဟူသော် ဥပါဒိသေသမရှိသောခန္ဓပရိနိဗ္ဗာန်ဟူသော အနုပါဒိသေသနိဗ္ဗာန်။ အနန္တရစသောပစ္စယသတ္တိဖြင့်တစုံတခုသောတရားအားကျေးဇူးပြုခြင်းမရှိပြီဖြစ်၍အပစ္စယပရိနိဗ္ဗာန်မည်သော ဝုတိပရိနိဗ္ဗာန်ဟူ၍ သုံးပါးရှိသည်တွင်အနုပါဒိသေသနိဗ္ဗာန်သည်ဝုတိ ပရိနိဗ္ဗာန်၏အခြားမဲ့၌ဖြစ်သည်။ ဤ၌ကားပစ္စဝေက္ခနာ၏အခြားမဲ့၌ဖြစ်သောပရိနိဗ္ဗာန်ဖြစ်၍။ ပရိနိဗ္ဗုတော၏အနန္တတ္တဖြစ်သောပရိနိဗ္ဗာန်အရကိုဝုတိပရိနိဗ္ဗာန်ကိုယူလေဟု ဘဝင်စိတ္တေနစသည်ဖြင့်ပြသည်။ယင်းသို့ပြသဖြင့်ဤသမနန္တရာပရိနိဗ္ဗုတော၌ပရိနိဗ္ဗာ

နအရကိုအနုပါဒိသေသနိဗ္ဗာန်ကိုကောက်ယူသော်ထေရဂါထာအဋ္ဌကထာကဲ့သို့ယူသောဆရာတို့၏ဝါဒကိုတားမြစ်တော်မူသည်ဟုမှတ်။

စတုတ္ထဈာနာဒုဋ္ဌဟိတ္ဝာသမနန္တရာဘဂဝါပရိနိဗ္ဗုတော။ ။ဟူ၍ စတုတ္ထဈာန်သမာပတ်မှထသည်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုကြောင်းကို ဟောတော်မူပါလျက်။ထိုသမာပတ်မှထသည်၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုတော်မူသည်ဟူ၍သာ ဆိုတော်မမူဘဲ။ ၎င်းသမာပတ်မှ ထသည်နောက် ထိုဈာန်၌ရှိသောဈာန်အင်္ဂါတို့ကိုဆင်ခြင်၍ထိုပစ္စဝေက္ခနာ၏အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ဟုအဋ္ဌကထာဆရာပြဆိုတော်မူ၏။ ထိုသို့သမာပတ်မှထသည်နောက် ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသည်၏အဖြစ်။ဈာနင်္ဂပစ္စဝေက္ခနာ၏အခြားမဲ့ကါလသို့ ရောက်မှပရိနိဗ္ဗာန်ပြုတော်မူသည်၏အဖြစ်ကိုအဘယ်ကြောင့်အဋ္ဌကထာဆရာသိလေသနည်း။ဟူခဲ့မူ။ ။ပါဠိတော်ဝယ်၌စတုတ္ထဈာန်မှထသည်နောက် အခြားမဲ့ကာလ၌ဖြစ်သောဈာနင်္ဂပစ္စဝေက္ခနာတို့ကိုသာဟောတော်မမူသည် မဟုတ်။ အထခေါဘဂဝါပထမံဈာနံ သမာပဇ္ဇိ။ပထမဈာနာ ဝုဋ္ဌဟိတွာဒုတိယံဈာနံသမာပဇ္ဇိ။ လ။ နေဝသညာနာသညာ ယတန သမာပတ္တိယာ ဝုဋ္ဌဟိတွာသညာဝေဒယိတနိရောဓံသမာပဇ္ဇိ။ ။ဟူ၍ဈာနသမာပတ်တို့ကိုအနုလောမအားဖြင့်ဝင်စားသောအရာ၌လည်း ပထမဈာန်သမာပတ်စသည်မှထသည်၏အခြားမဲ့၌ပင်ဒုတိယဈာန်စသည်ကို ဝင်စားသကဲ့သို့ ဟောတော်မူသည်။ပဋိလောမအားဖြင့်ဝင်စားသောအရာ၌လည်း။ ။ အထခေါဘဂဝါသညာ ဝေဒယိတနိရောဓါဝုဋ္ဌဟိတွာ နေဝသညာနာသညာယတနသမာပတ္တိံသမာပဇ္ဇိ။နေဝသညာနာသညာယတနသမာပတ္တိယာဝုဋ္ဌဟိတွာအာကိဉ္စညာယတန သမာပတ္တိံသမာပဇ္ဇိ။ လ။ဒုတိယဈာနာဝုဋ္ဌဟိတွာပထမံဈာနံသမါပဇ္ဇိ။ ။ဟူ၍နေဝသညာနာသညါယတနသမာပတ်စသည်မှထသည်၏အခြားမဲ့၌ပင်အာကိဉ္စညာယတန သမာပတ်စသည်ကို ဝင်စားသကဲ့သို့ဟောတော်မူသည်။စင်စစ်သော်လောကီဈာန်ဟူသမျှတို့မှာမဆွရဦးစအာဒိကမ္မိကကာလ၌သာ ရသည်၏အခြားမဲ့၌ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည်မဟုတ်။ ခပ်သိမ်းသောဈာနလာဘီပုဂ္ဂိုလ်တို့အားခပ်သိမ်းသော်ကာလ၌ပင်ရပြီးသောသမာပတ်တို့ကိုဝင်စားလျှင်။ ထိုသမာပတ်မှထသည်၏အခြားမဲ့ဝယ် ယင်း၌ရှိသောဈာန်အင်္ဂါတို့ကိုဆင်ခြင်မြဲပင်ဖြစ်ရကား မြတ်စွာဘုရားသည်လည်း၌

ပရိနိဗ္ဗာန်ပြုခါနီးအနုလုံပဋိလုံအားဖြင့်မိမိတို့ရထိုက်သောတရားကိုအာရုံပြု၍ အသီးအသီးဝင်စားအပ်သော ကုဋေနှစ်သန်းလေးသိန်း အရေအတွက်ရှိသောသမာပတ်တို့၌လည်းထိုသမာပတ်မှထသည်၏အခြားမဲ့ဝယ်ယင်းတို့၌ရှိသောဈာန်အင်္ဂါတို့ကိုအသီးအသီးဆင်ခြင်တော်မူသည်ပင်ဖြစ်သည်။ဈာနင်္ဂပစ္စဝေက္ခနာဟူကဈာနသမာပတ်နှင့် မကင်းရာမကင်းကောင်းသည်သာဖြစ်၍အဝိနာဘာဝသုဝိညေယျပါကဋဖြစ်သောကြောင့်သာထိုပစ္စဝေက္ခနာတို့ကို သီးခြားဟောတော်မမူသည်ဖြစ်ရကား ဤအဆုံးစွန်စတုတ္ထဈာန်မှထသည်၏အခြားမဲ့ဝယ်ယင်း၌ရှိသောဈာန်အင်္ဂါတို့ကိုဆင်ခြင်တော်မူသည်၏အဖြစ်။ဈာနင်္ဂပစ္စဝေက္ခနာ၏ အခြားမဲ့ကာလသို့ရောက်မှပရိနိဗ္ဗာန်ပြုတော်မူသည်၏ အဖြစ်ကိုသိတော်မူပါသည်။ဟူလေ။ ။အဘိညာဏ်ကိစ္စတပ်ခိုက်သောရူပါဝစရကုသိုလ်ကြိယာဇောနောင်သာသဝအနာသဝပုဂ္ဂိုလ်တို့၌ထိုက်သည့်အားလျော်စွာ မဟာကုသိုလ်မဟာကြိယာဇောတို့သည်ထိုအဘိညာဏ်၏ အာရုံကိုသာအာရုံပြု၍ဖြစ်ကုန်ရကားထိုအဘိညာဏ်ဈာန်၌ရှိသောဈာန်အင်္ဂါတို့ကိုအာရုံပြု၍ဆင်ခြင်သောပစ္စဝေက္ခနာတို့မဖြစ်ကုန်ပြီ။ နိရောဓသမာပတ်၏ရှေ့အနန္တရဖြစ်သောနေဝသညာနာသညာယတန ကုသိုလ်ကြိယာဇောတို့၏နောက်၌လည်း ထိုဇောတို့ချုပ်သည်၏ နောက်အနန္တရ၌ပင်စိတ်စေတသိက်စိတ္တဇရုပ်တို့ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့သာ ရောက်ကုန်ရကားဈာန်အင်္ဂါကိုဆင်ခြင်သောပစ္စဝေက္ခနာဇောဝါရတို့မဖြစ်ကုန်ပြီး ထိုအဘိညာဏ်အရာ နိရောဓသမာပတ် အရာမှတပါးသော ဈာနသမာပတ်အရာဟူသမျှ၌ကားဈာန်မှထသည်၏အခြားမဲ့ဝယ်ထိုဈာန်၌ရှိသောဈာန်အင်္ဂါတို့ကိုအသီးအသီးဆင်ခြင်သောပစ္စဝေက္ခနာဇောဝီထိတို့ဖြစ်ကုန်မြဲသာဖြစ်ကုန်သည်။ ထိုပစ္စဝေက္ခနာဇောတို့သည်ပုဂ္ဂိုလ်ခပ်သိမ်း၌ပင်ပကတိအခါ ၇ ကြိမ်။မရဏာသန္နအခါဖြစ်မူငါးကြိမ်သာဖြစ်ကုန်၏။ အထူးအားဖြင့်မြတ်စွာဘုရားအါးမီးလျှံအစုအစိုင်ရေလျှံအစုအစိုင်တို့ကိုတပြိုင်တည်းအစုံထွက်သကဲ့သို့ဖြစ်သောတန်ခိုးပြာဋိဟာကိုပြတော်မူရာကာလစသည်၌။မွေးတွင်းတေါတခုမှမီးလျှံရောင်ခြည်ထွက်စိမ့်သောငှါအဘိဉာဏ်ကိုဝင်စား လိုလတ်သော်။ ရှေးဦးစွာ အဓိဋ္ဌာန ပါဒကဖြစ်သောတေဇော ကသိဏ်းလျှင် အာရုံရှိသောသမာပတ်ကို ဝင်စားပြီး၍ယင်း၌ရှိသောဥပေက္ခာဧကဂ္ဂတာဟူသောဈာန်အင်္ဂါတို့ကိုအသီးအသီး

ဆင်ခြင်ပြီးနေသံငါ၏တခုသောမွေးတွင်းမှမီးလျှံရောင်ခြည်ထွက်စေသ
တည်းဟု အဓိဋ္ဌာန်ပြုသောကာမဇောဝိထိတကြိမ်။ ထိုနောင်အဘိညာ
ပါဒကဈာနသမာပတ္တိဝိထိကိုဝင်စား၍ ထပြီးသော် ထိုဥ္ရှိသောဈာန်
အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာနှစ်ဝိထိဖြစ်ပြီးမှ အဘိညာဏ်ဝိထိ
ဖြစ်သည်။၊ဤအဘိညာဏ်ဖြင့်မီးလျှံရောင်ခြည်ထွက်ပြီးနောက်တခုသော
မွေးတွင်းတော်မှ ရေလျှံရောင်ခြည်ထွက်စိမ့်သော၎ါ အဓိဋ္ဌာနပါဒက
ဖြစ်သောအာပေါကသိဏ်းလျှင်အာရုံရှိသော ရူပါဝစရကြိယာဈာန်တ
ဝိထိ။ယင်းနောင်ပစ္စဝေက္ခဏာနှစ်ဝိထိ။အဓိဋ္ဌါန်ဇောတဝိထိ။အဘိညာပါ
ဒကဈာန်တဝိထိ။ပစ္စဝေက္ခဏာနှစ်ဝိထိ။အဘိညာဏ်ဇောဝိထိအားဖြင့်အ
စဉ်အတိုင်း ဝိထိတခုနှင့်တခုအကြား ဘဝင်နှစ်ကြိမ်စီခြား၍။ ၀ါ။လေး
ကြိမ်စီခြားလျက်ဝိထိ၅စ်ပါးတို့ဖြစ်ပြီးနောက်မှရေလျှံရောင်ခြည်တော်
ထွက်သည်။ ဤသို့မီးလျှံရေလျှံရောင်ခြည်နှစ်ပါးဘဝင်ဝိထိအများခြား
လျက်ခြားလျက်ထွက်သော်လည်းတပြိုင်တည်းစုံ၍ထွက်သကဲ့သို့ထင်
ရအောင် အလွန်လျှင်သော ယမကပါဋိဟာရိယ တန်ခိုးတော်ပြသော
ကာလတို့၌ဈာန်အင်္ဂါကိုဆင်ခြင်သော မနောဒွါရိကပစ္စဝေက္ခဏာကာမ
ဇောဝိထိတို့၌ပစ္စဝေက္ခဏာဇောစိတ်တို့သည်အချို့ဝိထိ၌လေးကြိမ်အချို့
ဝိထိ၌ငါးကြိမ်။ဝတ္ထုဒုဗ္ဗလဖြစ်သော မရဏာသန္နအခါ၌ငါးကြိမ် ပက
တိအခါ၌ ၇ ကြိမ်ဖြစ်သည်။ဤသို့မြတ်စွာဘုရားအားသော်လည်းယမက
ပါဋိဟာရိယကာလစသည်ဝယ် စိတ်ဝိထိတို့လျင်စွာဖြစ်သော အခါ၌
ပင်သော်လည်း ဈာနသမာပတ္တိဝိထိနောက်ဘဝင်စိတ်ဇောစိတ်တို့ အ
ခြားကာလ၌ကဲ့သို့ အကြိမ်အရေအတွက် အားဖြင့်သာ မပြည့်ပဲယုတ်
လျော့၍ဖြစ်ကုန်သည်။ ဈာနင်ပစ္စဝေက္ခဏာမဖြစ်သော မည်သည်ကား
မရှိ။ပုဂ္ဂိုလ်ခပ်သိမ်း၌ပင်ဧကန္တဖြစ်မြဲသာဖြစ်သည်ဟု မှတ်အပ်၏။ ။
ဤအဓိပ္ပါယ်ကို။ ။ဘဂဝတောပနယမကပါဋိဟာရိယ ကာလာဒိသု
လဟုကပဝတ္တိယံစတ္တာရိပဉ္စဝါပစ္စဝေက္ခနစိတ္တာနိဘဝင္ဂ္ဂတိဝဒန္တိ။ ။
ဟူသောအဘိဓမ္မတ္ထသင်္ဂဟာအဋ္ဌကထါ။ ။ဘဂဝတောပန။လ။ဝဒန္တိတိ
ဘဂဝတောယမကပါဋိဟာရိယကာလာဒိသု ဉဒကက္ခန္ဓအဂ္ဂိခန္ဓပဝတ္တ
နာဒိအတ္ထံဝိသုံဝိသုံပါဒကဈာနံသမာပဇ္ဇိတွာတတောဝုဋ္ဌာယ ဈာနင္ဂေ
ဝိသုံဝိသုံအာဝဇ္ဇန္တဿ အာဝဇ္ဇနဝသိတာယ မတ္တကပတ္တိယာ အာဝဇ္ဇန
တပ္ပရောဝစိတ္တာဘိနီဟာရေဟေါတိတိယထာဝဇ္ဇိတ[illegible]ဈာနင်္ဂါရမ္မဏာနိ

စတ္တာရိပဉ္စဝါပဉ္စဝေက္ခနဇဝနစိတ္တာနိပဝတ္တန္တိတိဝဒန္တိ အဋ္ဌကထာစရိယာ။ ။ဟူသော အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာ တို့ကို မှီ၍ ဆိုလိုက်သည်။ ။ပန။အထူးကိုပြဦးအံ့။ဘဂဝတော။အား။ယမကပါဋိဟာရိယကာလာဒိသု။ ရေအလျှံ အစုအစိုင် မီးအလျှံ အစုအစိုင် တို့ကို တပြိုင်တည်းအစုံထွက်စေသောတန်ခိုးပြာဋိဟာတို့ကို ပြရာကာလစသည်တို့၌။ လဟုကပဝတ္တိယံ။စိတ်ဝိထိတို့ လျင်စွာဖြစ်သောအခါ၌။ စတ္တာရိဝါ။ လေးကြိမ်မှုလည်းဖြစ်ကုန်သော။ပဉ္စဝါ။ကုန်သော။ ပဉ္စဝေက္ခနစိတ္တာနိ။ ပဉ္စဝေက္ခနာဇောစိတ်တို့သည်။ ဘဝန္တိ။ဖြစ်ကုန်၏။ဣတိ။ဤသို့။ ဝဒန္တိ။ အဋ္ဌကထာဆရာတို့ဆိုကုန်၏။ ။ဘဂဝတောပန။ လ။ဝဒန္တိတိ။ ကား။ ဘဂဝတော။အား။ ယမကပါဋိဟာရိယကာလာဒိသု။ တို့၌။ ဥဒကက္ခန္ဓအဂ္ဂိခန္ဓပဝတ္တနာဒိအတ္ထံ။ ရေလျှံ ရောင်ခြည်အစုမီးလျှံ ရောင်ခြည်အစုတို့ကိုဖြစ်စေခြင်းစသောအကျိုးငှါ။ ဝိသုံဝိသုံ။အသီးအသီး။ပါဒကဈာန်။ အဘိဉ္ဉာပါဒက အဘိဉ္ဉာပါဒက ဖြစ်သောဈာန်ကို။ သမာပဇ္ဇိတွာ။၍။ တတော။ထိုပါဒကဈာန်မှ။ဝုဋ္ဌာယ။ ထ၍။ဈာနဓမ္မေ။ ဈာန်တရားတို့ကို။ ဝိသုံဝိသုံ။အသီးအသီးတပါးစီ။အာဝဇ္ဇန္တဿ။ဆင်ခြင်တော်မူသောမြတ်စွာဘုရားအား။ အာဝဇ္ဇနဝသိတာယ။ အာဝဇ္ဇနဝသီဘော်၏။ မတ္တကပတ္တိယာ။ အထွဋ်အထိပ်သို့ ရောက်သည်၏အဖြစ်ကြောင့်။ စိတ္တာဘိနိဟာရော။စိတ်ကိုအာရုံသို့ဆောင်ခြင်းသည်။အာဝဇ္ဇနတပ္ပရောဝ။ မရှေးမနှောင်း ယုတ်ခြင်း ဆောင်နိုင်သည် ဖြစ်၍ အာဝဇ္ဇန်ပြဋ္ဌာန်း သည်သာလျှင်။ဟောတိ။၏။ ဣတိတသ္မာ။ ထိုကြောင့်။ ယထာဝဇ္ဇိတဈာနင်္ဂါရမ္မဏာနိ။ အကြင်အကြင် ဆင်ခြင်အပ်သော ဈာန်အင်္ဂါလျှင် အာရုံရှိကုန်သော။ စတ္တာရိ ဝါ။ ကုန်သော။ ပဉ္စဝါ။ ကုန်သော။ ပဉ္စဝေက္ခန ဇဝနစိတ္တာနိ။ပဉ္စဝေက္ခနာဇောစိတ်တို့သည်။ပဝတ္တန္တိ။ကုန်၏။ ဣတိ။သို့။အဋ္ဌကထာစရိယာ။တို့သည်။ဝဒန္တိ။ကုန်၏။ ။ဤအထွဋ်အထိပ်သို့ ရောက်သောအာဝဇ္ဇနဝသီရှိသည်၏အဖြစ်သည် မြတ်စွာဘုရား၏ ယမကပါဋိဟာရိယကာလ၌ရင်း။မြတ်စွာဘုရားမှတပါးကုန်သော ပုဂ္ဂိုလ်တို့၏ ဤသို့သဘောရှိသောတန်ခိုးဖန်ဆင်းသောအခါ၌ရင်း ထင်ရှားဖြစ်ကြောင်းကို။ ။အယဉ္စမတ္တကပတ္တာဝသိတာဘဂဝတော ယမကပါဋိဟာရိယကာလေ။ အညေသံပါဋိဝေရူပေကာလေ။ ။ဟုအဋ္ဌကထာ၌ ဆိုသောကြောင့်ဤသဂြိုဟ်ကျမ်း၌။ဘဂဝတော်ဟုဆိုသောစကားသည် နိဒဿန

မျှသာဖြစ်သည်။ ထက်သောပညာလျင်သောတန်ခိုးရှိသောအရှင်သာရိပုတြာအရှင်မောဂ္ဂလာန်အစရှိသောပုဂ္ဂိုလ်တို့အားလည်း ဆောလျင်စွာတန်ခိုးဖန်ဆင်းခြင်းကိုပြုသောကာလ၌ ဈာနင်္ဂပစ္စဝေက္ခနာဇောတို့ရံခါလေးကြိမ်ရံခါငါးကြိမ်ဖြစ်သည်သာ ဖြစ်ကြောင်းကို။ ။ဘဂဝတော တိစ္ဆာဒိနိဒ္ဒေသနယတ္တံ။ အညေသံပိဝသီဘာဝပတ္တာနံ ဝေဂုပေ အစ္စာယိကကာလေ အပရိပုဏ္ဏဇဝနာနံ ပဝတ္တနတော။ တထာစဝုတ္တံ အဋ္ဌကထာယံ။အယမ္ပိမတ္တကပတ္တာ ဝသိတာဘဂဝတော ယမကပါဋိဟာရိယကာလေ။အညေသံဝါဝေဂုပေကာလေတိ။ ။ဟူ၍ဋီကာကျော်၌ ပြဆို၏။ ။အညေသံ။ မြတ်စွာဘုရားမှ တပါးကုန်သော။ ဝသီဘာဝပတ္တာနံပိ။ တရားစစ်သူကြီးဖြစ်သောအရှင်သာရိပုတြာစသော ပုဂ္ဂိုလ်တို့အားလည်း။ ဝေဂုပေ။ ဤသို့ယမကပါဋိဟာရိယ ကာလကဲ့သို့သောသဘောရှိသော။အစ္စာယိကကာလေ။တန်ခိုးဖန်ဆင်းခြင်းစသော ဆောလျင်စွာပြုရသောကာလ၌။အပရိပုဏ္ဏဇဝနာနံ။ ၇ ကြိမ်မပြည့်ပဲ ၄ ကြိမ် ၅ ကြိမ်မျှသောပစ္စဝေက္ခနာဇောတို့၏။ပဝတ္တနတော။ ဖြစ်ခြင်းကြောင့်။ ဘဂဝတောတိစ္ဆာဒိဝစနံ။ဘဂဝတောဟူသောဤစကားသည်၊ နိဒ္ဒေသနယတ္တံ။ဈာနင်္ဂပစ္စဝေက္ခနာဇော ၄ ကြိမ် ၅ ကြိမ်ဖြစ်ကောင်းသေါပုဂ္ဂိုလ်ကိုဥပမာသာဓကဥဒါဟရဏ်မျှဖြင့်အရှင်အနုရုဒ္ဓါဆရာဆောင်ပြသောစကားသာတည်း။တထာစတတောဝေ။ထိုသို့ဝသီဘာဝပတ်ဖြစ်သောအရှင်သာရိပုတြာစသည်တို့အားလည်း ၇ ကြိမ်မပြည့်မူ၍ ၄ ကြိမ် ၅ ကြိမ်မျှသောဈာနင်္ဂပစ္စဝေက္ခနာဇောတို့ဖြစ်ကုန်သောကြောင့်သာလျှင်။ အဋ္ဌကထာယံ။၌။ဘဂဝတော။အား။မတ္တကပတ္တာ။ အထွဋ်အထိပ်သို့ရောက်သော။အယံဝသိတာ။ ဤအာဝဇ္ဇနဝသီရှိသည်၏အဖြစ်သည်။ ယမကပါဋိဟာရိယ ကာလေ။၌။ အညေသံဝါ။ မြတ်စွာဘုရားမှ တပါးသောပုဂ္ဂိုလ်တို့အားလည်း။ဝေဂုပေ။ ဤယမကပါဋိဟာရိယကာလကဲ့သို့သဘောရှိသော။ကာလေ။ဆောလျင်စွာပြုအပ်သောကာလ၌။ဟောတိ။၏။ဣတိ။သို့။ဝုတ္တံ။ ဆိုတော်မူအပ်၏။ ။စက္ခုဒွါရိပဋ္ဌဝါဟူသောစကားကိုအစဉ်အတိုင်းတိက္ခိန္ဒြိယ မုဒိန္ဒြိယပုဂ္ဂိုလ်၏အစွမ်းဖြင့် ယူအပ်ကြောင်းကိုအရှင်ဝသီပါလဆရာ ဆိုတော် မူသောကြောင့် မြတ်စွာဘုရားသည်လည်း ထက်သောဣန္ဒြေရှိသောပုဂ္ဂိုလ်ဟူသမျှ တို့ထက် အလွန်ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ် ဖြစ်တော်မူရကား။ လဟုက ပဝတ္တိအခါ

ဗျာနင်္ဂပဋ္ဌဝေက္ခနာဓောဘ တို့သည် မြတ်စွာဘုရားအား လေးကြိမ်သာ။ တပါးပုဂ္ဂိုလ်တို့အားလေးကြိမ်ငါးကြိမ်ဖြစ်ကုန်၏ဟုယူသင့်သည်ထင်ကြောင်းကို။ ။စတ္တာရိပဉ္စဝါတိစပနေတံတိက္ခိန္ဒြိယ မုဒိန္ဒြိယဝသေန ဂဟေတဗ္ဗန္တိ၊ အာစရိယဓမ္မပါလ ထေရေနဝုတ္တံ။ တဿာဘဂဝတော စတ္တာရိ။ အညေသံပဉ္စပိတိယုတ္တံဝိယဒိဿတိ။ ။ဟူ၍ဋီကာကျော်၌ပင်ပြဆို၏။ ။ပန။ အထူးကိုပြဦးအံ့။ စတ္တာရိပဉ္စဝါတိစဣတံ။ စတ္တာရိ ပဉ္စဝါ၊ ဟူသောဤစကားကိုလည်း။ တိက္ခိန္ဒြိယ မုဒိန္ဒြိယဝသေန။အစဉ်အတိုင်းတိက္ခိန္ဒြိယမုဒိန္ဒြိယပုဂ္ဂိုလ်၏အစွမ်းဖြင့်။ဂဟေတဗ္ဗံ။ ယူအပ်၏။ ဣတိ။သို့။အာစရိယ ဓမ္မပါလထေရေန။များစွာသောသုတ္တန်အဋ္ဌကထာနှင့် တကွသစ္စသံခေပကျမ်းအနုဋီကာကျမ်း ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းတို့ကိုရေးပြုစီရင်တော်မူသောဆရာအရှင်ဓမ္မပါလမထေရ်သည်။ဝုတ္တံ။ ၏။တဿ။ ထိုသို့စတ္တာရိ ပဉ္စဝါ ဟူသော အဋ္ဌကထာ၌ အစဉ်အတိုင်း တိက္ခိန္ဒြိယပုဂ္ဂိုလ်၏အစွမ်းဖြင့်လေးကြိမ်။မုဒိန္ဒြိယပုဂ္ဂိုလ်၏ အစွမ်းဖြင့် ငါးကြိမ်ဟု ယူအပ်ကြောင်းကို ဝိသုဒ္ဓိမဂ်ဋီကာဆရာ ဆိုတော်မူသောကြောင့်။ဘဂဝတော။ အား။ဗျာနင်္ဂပစ္စဝေက္ခနဇဝနာနိ။တို့သည်။ စတ္တာရိ။လေးကြိမ်တို့သည်။ ဟောန္တိ။ ကုန်၏။အညေသံ။တို့အား။ ပဉ္စပိ။ ငါးကြိမ်တို့သည်လည်း။ဟောန္တိ၊ ကုန်၏။ဣတိ။ ဤသို့ယူသော်သာ။ယုတ္တံ ဝိယ။သင့်မည်ကဲ့သို့။ဒိဿတိ။ ထင်၏။ ။ဋီကာကျော် ဆရာသည် ဝိသုဒ္ဓိမဂ်ဋီကာဆရာ၏အလိုကိုနှစ်သက်သည်။ဋီကာဆရာနှစ်ပါးတို့အလိုအားဖြင့်လဟုကပဝတ္တိအခါ မြတ်စွာဘုရားအား လေးကြိမ်သာ။ တပါးပုဂ္ဂိုလ်တို့အား လေးကြိမ်ငါးကြိမ် ဖြစ်သည်ဟုလို၏။ ။ဘဂဝတော ပနဟူ၍ရင်း။ အညေသံဝါ ဝေဠုပေကာလေ ဟူ၍ရင်း ဆိုသော အဋ္ဌကထာဆရာနှစ်ပါးတို့ အလိုသော်မြတ်စွာဘုရားအားလည်းလေးကြိမ်ငါးကြိမ်ပင်ဖြစ်သည်။ဟုလို၏။

မဂ္ဂါဒိပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်ကို ဇီဝိတသမသီသိပုဂ္ဂိုလ်တို့၏ပရိနိဗ္ဗာန်ဖြင့်ပြဆိုသင့်ရကား။ ထိုဇီဝိတသမသီသိ ပုဂ္ဂိုလ်နှင့်စပ်လျဉ်းသောအားဖြင့်သမသီသိပုဂ္ဂိုလ်အပြားကိုပြဦးအံ့။ ။သမသီသိနာမတိဝိဓေါဟောတိဣရိယာပထသမသီသိရောဂသမသီသိဇီဝိတသမသီသိတိ။ တတ္ထယောဌာနာဒိသုဣရိယာပထေသု အညတရံအဓိဋ္ဌာယဣရိယမာနောဝ ဝိပဿနံပဋ္ဌပေတွာဝအရဟတ္တံပါပုဏာတိသောမိတိ ဝိပဿနံပဋ္ဌပေတိ။

အထဿအရဟတ္တပတ္တိစ ဣရိယာပထကောပနဉ္စဧက ပဟာရေနေဝ ဟောတိ။ အယံဣရိယာ ပထသမသီသီနာမ။ ယောပနစက္ခုရောဂါဒီသု အညတရသ္မိံ သတိဣတောအနုဋ္ဌိတောဝအရဟတ္တံ ပါပုဏိဿာမီတိဝိ ပဿနံပဋ္ဌပေတိ။ အထဿအရဟတ္တပတ္တိစရောဂတောဝုဋ္ဌာနဉ္စဧကပ ဟာရေနေဝဟောတိ။အယံရောဂသမသီသီနာမ။ ။ဟူသောသဂါထ ဝဂ္ဂသံယုတ်ဂေါဓိကသုတ်အဋ္ဌကထာနှင့်အညီ။ သမသီသီပုဂ္ဂိုလ်သည်ဣ ရိယာပထသမသီသီရောဂသမသီသီဇီဝိတသမသီသီဟူ၍သုံးပါးရှိသည်။ ထိုတွင်အကြင်ပုဂ္ဂိုလ်သည်သွားခြင်းရပ်ခြင်းထိုင်ခြင်းလျောင်းခြင်း ဟူ သောဣရိယာပုတ်လေးပါးတွင်တပါးပါး၌တည်၍။ဤဣရိယာပုတ်ကိုမ ဖျက်ဘဲ။ဤဣရိယာပုတ်မပျက်မီပင်လျှင်အရဟတ္တဖိုလ်သို့ ရောက်စေအံ့ ဟုနှလုံးထားသဖြင့် အနိစ္စစသည်ဖြင့်ရှုသောဝိပဿနာကိုပွါး၍ ဖြစ်စေ ၏။ ထိုသို့သောနှလုံးထားဖြင့်ဝိပဿနာကို ဖြစ်စေပွါးစေသောအခါထို ပုဂ္ဂိုလ်အားအရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်၎င်း။ ထိုဣရိယာပုတ်၏ ပျက်ခြင်းသည်၎င်းမရှေးမနှောင်းတပြိုင်နက်တည်းပင်ဖြစ်၏။ ဤပုဂ္ဂိုလ် သည်ဣရိယာပထ သမသီသီပုဂ္ဂိုလ်မည်၏။ အကြင်ပုဂ္ဂိုလ်သည်စက္ခု ရောဂါစသည်တွင် တပါးပါးသော ရောဂါစွဲရောက်သည် ရှိသော်ဤ ရောဂါမှ မထမြောက် မီပင် အရဟတ္တဖိုလ်သို့ ရောက်စေအံ့ဟု နှလုံး ထား၍ဝိပဿနာကိုဖြစ်စေ၏။ ထိုအခါထိုပုဂ္ဂိုလ်အားအရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်၎င်းထိုရောဂါမှကင်းလွတ် ထမြောက်ခြင်းသည်၎င်း မရှေးမနှောင်းတပြိုင်နက်တည်းပင်ဖြစ်၏။ ဤပုဂ္ဂိုလ်သည်ရောဂသမသီ သီပုဂ္ဂိုလ်မည်၏။ ။သမသီသီနာမ။ မည်သည်။ ဣရိယာပထသမသီ သီ။သီပုဂ္ဂိုလ်၎င်း။ရောဂသမသီသီ။၎င်း။ဇီဝိတသမသီသီ။၎င်း။ဣတိ။သို့ တိဝိဓော။သည်။ဟောတိ။၏။တတ္ထ။ထို ၃ ယောက်သောသမသီသီပုဂ္ဂိုလ် တို့တွင်။ယော။အကြင်ပုဂ္ဂိုလ်သည်။ဌာနာဒီသု။ရပ်ခြင်းအစရှိကုန်သော။ ဣရိယာပထေသု။လေးပါးသောဣရိယာပုတ်တို့တွင်။အညတရံ။ တပါး ပါးသောဣရိယာပုတ်ကို။ အဓိဋ္ဌာယ။ဆောက်တည်၍။ ဣမံ။ဤဣရိယာ ပုတ်ကို။အဝိကောပေတွာဝ။မပျက်စေမူ၍သာလျှင်။အရဟတ္တံ။သို့။ပါပု ဏိဿာမိ။ရောက်စေအံ့။ ဣတိ။ ဤသို့နှလုံးပြု၍။ ဝိပဿနံ။ကို။ ပဋ္ဌပေ တိ။ ဖြစ်စေ၏။အထ။ ထိုဝိပဿနာကိုဖြစ်စေသောအခါ၌။ အဿ။ထို ပုဂ္ဂိုလ်အား။အရဟတ္တပတ္တိစ။ အရဟတ္တဖိုလ်သို့ရောက်ခြင်းသည်၎င်း။

ဇ္ဈရိယာပထကောပနဥ္စ။ ဣရိယာပုတ်၏ပျက်ခြင်းသည်၎င်း။ ဧကပဟာ
ရေနေဝ။တပြိုင်နက်တည်းသာလျှင်။ဟောတိ။၏။အယံ။ ဤပုဂ္ဂိုလ်သည်။
ဣရိယာပထသမသိသိနာမ။မည်၏။ပန။ ဣရိယာပထသမသိသိမှတပါး
ရောဂသမသိသိကိုပြဦးအံ့။ယော။သည်။ စက္ခုရောဂါဒိသု။ မျက်စိရော
ဂါစသည်တို့တွင်။အညတရသ္မိံ။ တပါးပါးသောအနာရောဂါသည်။သ
တိ။ကပ်ရောက်စွဲငြိရှိလတ်သော်။ ဣတော။ဤရောဂါမှ။ အနုဋ္ဌိတောဝ။
မထမြောက်မီသာလျှင်။ အရဟတ္တံ။ သို့။ ပါပုဏာသာမိ။အံ့။ဣတိ။၍။ဝိ
ပဿနံ။ကို။ပဋ္ဌပေတိ။၏။အထ။၌။ အဿ။အား။အရဟတ္တပတ္တိစ၊သည်
၎င်း။ရောဂတော။မှ။ ဝုဋ္ဌာနဉ္စ။ထမြောက်ကင်းလွတ်ခြင်းသည်၎င်း။ဧက
ပဟါရေနေဝ။လျှင်။ဟောတိ။၏။အယံ။သည်။ ရောဂါသမသိသိနာမ။ မည်
၏။ ။ပုဂ္ဂလပညတ်အဋ္ဌကထာ၌ကား။ ။တတ္ထ ယောစက်မန္တော၀ဝိ
ပဿနံပဋ္ဌပေတွာ အရဟတ္တံပတွာစက်မန္တော၀ ပရိနိဗ္ဗာတိ ပဒုမထေ
ရောဝိယ။ဌိတကောဝဝိပဿနံပဋ္ဌပေတွာအရဟတ္တံပတွာ ဌိတကော၀
ပရိနိဗ္ဗာတိကောဠပပ္ပတဝိဟာရဝါသီတိဿထေရောဝိယ။ နိသိန္နော၀
ဝိပဿနံပဋ္ဌပေတွာအရဟတ္တံပတွာနိသိန္နော၀ပရိနိဗ္ဗာတိ။ နိပ္ပန္နော၀ဝိ
ပဿနံပဋ္ဌပေတွာအရဟတ္တံ ပတွာနိပ္ပန္နော၀ပရိနိဗ္ဗာတိ။ အယံဣရိယာ
ပထသမသိသိနာမ။ ယောပနဧကံ ရောဂံပတွာ အန္တောရောဂေယေ၀ဝိ
ပဿနံပဋ္ဌပေတွာအရဟတ္တံပတွာတေနေဝရောဂေနပရိနိဗ္ဗာတိ။ အယံ
ရောဂသမသိသိနာမ။ဟူ၍တမျိုးဆိုတော်မူ၏။ ။တတ္ထ။ထို၃ပါးသော
သမသိသိပုဂ္ဂိုလ်တို့တွင်။ ယော။ အကြင်ပုဂ္ဂိုလ်သည်။ စင်္ကမန္တော၀။
စင်္ကြံကြွစဉ်သာလျှင်။ဝိပဿနံ။ကို။ပဋ္ဌပေတွာ။၍။အရဟတ္တံ။သို့။ပတွာ။
၍။စင်္ကမန္တော၀။လျှင်။ပရိနိဗ္ဗာတိ။ ပရိနိဗ္ဗာန်ပြု၏။ ကောဝိယ။ အဘယ်
ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ။ ပဒုမထေရောဝိယ။ ပဒုမထေရ်ကဲ့သို့ တည်း။
ယော။သည်။ဌိတကော၀။ရပ်နေစဉ်ပင်လျှင်။ဝိပဿနံ။ကို။ပဋ္ဌပေတွ၊
၍။အရဟတ္တံ။သို့။ပတွာ။၍။ဌိတကော၀။လျှင်။ပရိနိဗ္ဗာတိ။၏။ ကောဝိယ။
ကား။ကောဠပပ္ပတဝိဟာရဝါသီတိဿထေရောဝိယ။ ကောဠတောင်
ဝယ်ဆောက်လုပ်အပ်သောကျောင်း၌သီတင်းသုံးနေသောတိဿထေရ်
ကဲ့သို့တည်း။လ။ယောပန။သည်ကား။ဧကံရောဂံ။ တခုသောအနာရော
ဂါသို့။ပတွာ။ ရောက်၍။ အန္တောရောဂေယေ၀။ ရောဂါ၏ အတွင်း၌ပင်
လျှင်။ ။အဓိပ္ပါယ်ကားအကြင်ပုဂ္ဂိုလ်သည် ပဒုမထေရ်ကဲ့သို့စင်္ကြံ

ကြွစည်ဝိပဿနာကိုဖြစ်စေ၍အရဟတ္တဖိုလ်သို့ရောက်၍စင်္ကြံကြွစည် ပင်ပရိနိဗ္ဗာန်ပြု၏။အကြင်ပုဂ္ဂိုလ်သည်ကောဋ္ဌတောင်၏အနီးကျောင်း၌ သီတင်းသုံးနေသော တိဿထေရ်ကဲ့သို့ ရပ်နေစည်ဝိပဿနာကိုအား ထုတ်၍အရဟတ္တဖိုလ်သို့ရောက်၍ရပ်နေစည်ပင်ပရိနိဗ္ဗာန်ပြု၏။အကြင် ပုဂ္ဂိုလ်သည်ထိုင်နေစည် ဝိပဿနာကိုပွါးစေလျက် အရဟတ္တဖိုလ်သို့ ရောက်၍ ထိုင်နေစည်ပင်လျှင် ပရိနိဗ္ဗာန် ပြု၏။ အကြင် ပုဂ္ဂိုလ်သည် လျောင်းနေစည်ဝိပဿနာကိုပွါးစေသဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ လျောင်းလျက်ပင်ပရိနိဗ္ဗာန်ပြု၏။ဤပုဂ္ဂိုလ်အလုံးစုံသည်ဣရိယာပထသ မသိသိမည်၏။အကြင်ပုဂ္ဂိုလ်သည်တစုံတခုသော ရောဂါကပ်ရောက် ၍ထိုရောဂါမှမထမြောက်မီအတွင်း၌ဝိပဿနာကိုဖြစ်စေ၍ အရဟတ္တ ဖိုလ်သို့ရောက်၍ထိုရောဂါဖြင့်ပင်ပရိနိဗ္ဗာန်ပြု၏။ ဤပုဂ္ဂိုလ်သည်ရောဂ သမသိသိမည်၏။ဟူလို။ ။သံယုတ်အဋ္ဌကထာဆရာကား။ ဤပုဂ္ဂလ ပညတ် အဋ္ဌကထာ၌ ဆိုသကဲ့သို့ ဆိုသော ဝါဒကို မနှစ်သက်သော ကြောင့်။ ။ကေစိပနတသ္မိံယေဝဣရိယာပထေတသ္မိံယေဝရောဂေ ပရိနိဗ္ဗာနဝသေနဣတ္ထသမသိသိတံပညပေန္တိ။ ။ဟုကေစိဝါဒအဖြစ် ဖြင့်ပြဆိုတော်မူ၏။ ။ပန။အယူထူးကိုပြဦးအံ့။ကေစိ။ အချို့ကုန်သော ဆရာတို့သည်။ တသ္မိံယေဝဣရိယာပထေ။ ထိုဣရိယာပုတ်၌ပင်လျှင်။ တသ္မိံယေဝရောဂေ။ ထိုရောဂါ၏အတွင်း၌ပင်လျှင်။ ပရိနိဗ္ဗာနဝသေန။ ပရိနိဗ္ဗာန်ပြုခြင်း၏အစွမ်းဖြင့်။ဣတ္ထ။ ဤဣရိယာပထသမသိသိအရာရော ဂသမသိသိအရာ၌။သမသိသိတံ။ သမသိသိမည်သည်၏ အဖြစ်တည်း ဟူသောသမသိသိဟူသောအမည်ကို။ပညပေန္တိ။ ပညတ်မှည့်ခေါ်ကုန် သိစေကုန်၏။ ။အကယ်၍ဤကေစိဆရာတို့ဆိုသကဲ့သို့ ယူခဲ့သော်အ ရဟတ္တမဂ်သို့ ရောက်၍ ကိလေသာသီသ ဖြစ်သောအဝိဇ္ဇာ၏ ကုံပြိမ်း ခြင်းစုတေခြင်းဟူသော ပရိနိဗ္ဗာန်ပြုခြင်းဖြင့် ပဝတ္တသီသဖြစ်သောဇီဝိ တိန္ဒြေ၏ကုံခြင်း တပြိုင်နက်တည်းဖြစ်၍ သမသိသိမည်သည်ဟုဆိုရာ ရောံချေရကား ဣရိယာပထသမသိသိရောဂ သမသိသိနှစ်ပါးတို့သည်ဇီ ဝိတသမသိသိမှမထူးရာပြီ။ဟူလို၏။ ။သံယုတ်အဋ္ဌကထာဆရာကား။ ပရိနိဗ္ဗာန်ပြုခြင်းဖြင့်မမှတ်လို။ အရဟတ္တဖိုလ်သို့ရောက်၍ကိလေသာတို့ ပြတ်ဆုံးခြင်းဣရိယာပုတ်၏ ပြတ်ဆုံးခြင်းတပြိုင်နက်တည်းဖြစ်သည်ကို စွဲ၍ဣရိယာပထသမသိသိ။ အရဟတ္တဖိုလ်သို့ရောံ၍ ကိလေသါတို့ပြတ်

ငြိမ်းခြင်းရောဂါ၏ပြတ်ငြိမ်းခြင်းပြိုင်မိကြသည်ကို စွဲ၍ရောဂသမသိသိ
မဉ်သည်ဟူ၍သါယူသင့်သည်။ဟူလို၏။ ။ပုဂ္ဂလပညတ်အဋ္ဌကထာဆ
ရာ၏အလိုသော်။ ဇီဝိတသမ သိသိအရာ၌ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ၏
ကုံခြင်းစုတိစိတ်ဖြင့် ဇီဝိတိန္ဒြေ၏ကုံ ခြင်းဟူသော သိသနှစ်ပါး၏ကုံ
ခြင်းသည် အရဟတ္တမဂ္ဂ ဝိထိ နောက် ပစ္စဝေက္ခနာဝိထိ မျှသာ ခြား၍
ငင်းနှစ်ပါး၏ ကုံခြင်းဝါရတူမျှပြိုင်ဆိုင်မိသည်ကိုစွဲ၍ ဇီဝိတသမသိသိ
မည်သည်။ ဤဇ္ဈရိယာပထသမသိသိ ရောဂသမသိသိအရာ၌ကား။ ထို
သိသနှစ်ပါး၏ ကုံခြင်းသည် နာရီဘွားစသည် ကာလ ကွာခြားသော်
လည်းတခုသောဣရိယာပုတ်၌ တည်စည်အတွင်း တခုသောရောဂါ၌
တည်စည်အတွင်းကျသည်ဖြစ်သည်ကိုစွဲ၍ သမသိသိမည်သည်ဖြစ်၍
ဤသမသိသိနှစ်ပါးသည်ဇီဝိတသမသိသိမှထူးပါ၏ဟူလို၏။ ဇီဝိတသ
မသိသိအရာဝယ်သံယုတ်အဋ္ဌကထာ၌။ ။ယဿပနအာသဝက္ခယော
စဇီဝိတက္ခယောစ ဧကပဟာရေနေဝဟောတိ။ အယံဇီဝိတသမသိသိ
နာမဝုတ္တံပိဟောတံ။ ယဿပုဂ္ဂလဿအပုဗ္ဗံအစရိမံ အာသဝပရိယာဒါ
နဉ္စဟောတိ ဇီဝိတပရိယာ ဒါနဉ္စ။ အယံဝုစ္စတိ ပုဂ္ဂလောသမသိသိတိ။
ဧတ္တစပဝတ္တသိသံကိလေသသိသန္တိ ဒွေသိသာနိ။ တတ္ထပဝတ္တသိသံနာမ
ဇီဝိတိန္ဒြိယံ။ ကိလေသသိသံနာမအဝိဇ္ဇာ။ တေသုဇီဝိတိန္ဒြိယံစုတိစိတ္တံ
ခေပေတိ။အဝိဇ္ဇံမဂ္ဂစိတ္တံ။ ဒွိန္နံစိတ္တာနံဧကတောဥပ္ပါဒေါနတ္ထိ။မဂ္ဂါနန္တရံပ
နဖလံ။ဖလာနန္တရံဘဝင်္ဂံ။ဘဝင်္ဂတောဝုဋ္ဌါယပစ္စဝေက္ခနံ။တံပရိပုဏ္ဏံဝါ
ဟောတိအပရိပုဏ္ဏံဝါ။တိခိနေနအသိနာသိသေဆိဇ္ဇန္တေပိဟိဧကောဝါ
ဒွေဝါပစ္စဝေက္ခနာအဝဿံဥပ္ပဇ္ဇန္တိယေဝ။ စိတ္တာနံပနလဟုပရိဝတ္တိတာ
ယအာသဝက္ခယောစ ဇီဝိတပရိယာ ဒါနဉ္စဧကက္ခဏေ ဝိယပညာယ
တိ။ ။ဟုပြဆိုတော်မူ၏။ ။ပန။ဣရိယာပထသမသိသိရောဂသမ
သိသိပုဂ္ဂိုလ်တို့မှတပါး ဇီဝိတသမသိသိပုဂ္ဂိုလ်ကိုပြဦးအံ့။ ယဿ။အ
ကြင်ပုဂ္ဂိုလ်အား။အာသဝက္ခယောစ။ အဝိဇ္ဇာသဝ၏ကုံခြင်းသည်ငင်း။
ဇီဝိတပရိယာဒါနဉ္စ။ ဇီဝိတိန္ဒြေ၏ ကုံခြင်းသည်ငင်း။ ဧကပဟာရေနေ
ဝ။တပြိုင်နက်တည်းဖြင့်သာလျှင်။ဟောတိ။၏။အယံ။ဤတပြိုင်နက်တဦး
အာသဝ ကုံခြင်းဇီဝိတိန္ဒြေ ကုံခြင်းရှိသော ပုဂ္ဂိုလ်သည်။ ဇီဝိတသမ
သိသိနာမ။မည်၏။ဟိသစ္စံ။၏။ယဿပုဂ္ဂလဿအပုဗ္ဗံအစရိမံအာသဝ
ပရိယာဒါနဉ္စဟောတိဇီဝိတပရိယာဒါနဉ္စ။ အယံဝုစ္စတိပုဂ္ဂလောသမသိ-

သိတိ။ယသာ။လ။သိသိဟူသော။ဇောဝနံ။ကို။ဘဂဝတာပိ။ သဉ်လည်း။
ဝုတ္တံ။ပုဂ္ဂလပညတ်၌ဟောတော်မူအပ်၏။ ။ယဿပုဂ္ဂလဿ။အား။
အပုဗ္ဗံအစရိမံ။ရှေ့မကျနောက်မကျ။မရှေးမနှောင်း။အာသဝပရိယာဒါ
နဉ္စ။ အာသဝေါ၏ ကုံခြင်းသည် ၎င်း။ ဇီဝိတပရိယာဒါနဉ္စ။ သည်၎င်း။
ဟောတိ။၏။အယံပုဂ္ဂလော။ ကို။သမသိသိတိ။ ဟူ၍။ဝုစ္စတိ။ ၏။ ။စ။
ဆက်၍ဆိုလိုက်ဦးအံ့။ဧတ္ထ။၌ဇီဝိတသမသိသိဟူရာ၌။ သီသာနိ။သီသ
တို့သည်။ပဝတ္တသီသံ။သ၎င်း။ကိလေသသီသံ။၎င်း။ဣတိ။သို့။ဒွေ။ နှစ်ပါး
တို့တည်း။တတ္ထ။ထိုနှစ်ပါးသောသီသတို့တွင်။ ပဝတ္တသီသံနာမ။သမည်
သည်။ ဇီဝိတိန္ဒြိယံ။တည်း။ ကိလေသသီသံနာမ။မည်သည်။ အဝိဇ္ဇာ။
တည်း။ တေသု။ ထိုဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ပဝတ္တ၏
ဥက္ကောင်းသဖွယ်ဖြစ်၍ ပဝတ္တသီသမည်သော ဇီဝိတိန္ဒြေ။ ကိလေသာ
တို့၏ ဥက္ကောင်းသဖွယ်ဖြစ်၍ ကိလေသ သီသမည်သော အဝိဇ္ဇာဟူ
သောသီသနှစ်ပါးတို့တွင်။ဇီဝိတိန္ဒြိယံ။ကို။ စုတိစိတ္တံ။သည်။ ခေပေတိ။
ကုံစေ၏။အဝိဇ္ဇံ။ကို။မဂ္ဂစိတ္တံ။သည်။ခေပေတိ။ ၏။ဒွိန္နံစိတ္တာနံ။တို့၏။ဧက
တော။ တယောက်ထည်းသော ပုဂ္ဂိုလ်သန္တာန်ဝယ် တပြိုင်နက်တခါ
တည်း။ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။နတ္ထိ။မရှိ။ပန။ စင်စစ်သော်ကား။ မဂ္ဂါ
နန္တရံ။ ကိလေသသီသဖြစ်သော အဝိဇ္ဇာကိုကုံခန်းစေသော အရဟတ္တ
မဂ်စိတ်၏အခြားမဲ့၌။ဖလံ။အရဟတ္တဖိုလ်စိတ်သည်၊ဟောတိ။၏။ ဖလာ
နန္တရံ။အရဟတ္တဖိုလ်စိတ်၏အခြားမဲ့၌။ဘဝင်ံ။သည်။ဟောတိ။၏။ဘဝင်
တော။မှ။ဝုဋ္ဌာယ။ ထ၍။ပစ္စဝေက္ခနံ။ မဂ်စသည်ကိုရှုဆင်ခြင်သောပစ္စ
ဝေက္ခနာသည်။ ဟောတိ။၏။ ပန။အထူးကိုပြဦးအံ့။ တံ။ ထိုပစ္စဝေက္ခနာ
သည်။ပရိပုဏ္ဏံဝါ။ အစည်အတိုင်းမဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးကိလေသာတို့
ကိုအသီးအသီးရှုဆင်ခြင်သော ပစ္စဝေက္ခနာ လေးပါးလုံးပြည့်စုံသည်
သော်လည်း။ ဟောတိ။ ၏။အပရိပုဏ္ဏံဝါ။ လေးပါးလုံးမပြည့်စုံသည်
သော်လည်း။ဟောတိ။၏။ဟိသစ္စံ။၏။တိခိနေန။ထက်လှစွာသော။ အသိ
နာ။ထားသန်လျက်ဖြင့်။သိသော။ ဥက္ကောင်းကို။ဆိဇ္ဇန္တေပိ။ဖြတ်အပ်သော်
လည်း။ဧကောဝါ။ မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခနာဝါ ရတပါးသော်
၎င်း။ ဒွေဝါပစ္စဝေက္ခနာ။မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခနာဖိုလ်ကိုဆင်
ခြင်သောပစ္စဝေက္ခနာအားဖြင့် နှစ်ပါးကျန်သော ပစ္စဝေက္ခနာတို့သော်
၎င်း။အဝသိံ။မချွတ်။ဥပ္ပဇ္ဇန္တိယေဝ။ဖြစ်သေးကုန်သည်သာတည်း။ ပန။

ထိုသို့ပင်မဂ်စိတ် ဖလစိတ်တို့၏ အကြားဖိုလ်ဘဝင်ပစ္စဝေက္ခနာဇောပိ ထိတို့ ဖြစ်ကုန်သေး်လည်း။ ဝိတ္တာနံ။တို့၏။ လဟုပရိဝတ္တိတာယ။ လျင်သောဖြစ်ခြင်းရှိသည့်၏အဖြစ်ကြောင့်။ အာသဝက္ခယောစ။ သည်၎င်း။ ဇီဝိတပရိယာဒါနဥ္စ။သည်၎င်း။ဧကက္ခဏေဝိယ။ တခုတည်းသောခဏကာလ၌ကဲ့သို့။ပညာယတိ။ထင်ရ၏။ ။အဓိပ္ပါယ်ကား ၃ ပါးသောသမသိသိတို့တွင် အကြင်ပုဂ္ဂိုလ်အားအနုသယ၏ အစွမ်းဖြင့်သန္တာန်သို့အစည့်လိုက်၍ဖြစ်သော အာသဝေါတရား၏ မိမိသန္တာန်ဝယ်တဖန်အသစ်မဖြစ်နိုင်သော မဖြစ်ခြင်းဟူသောကုံခြင်းသည်၎င်း။ ဇီဝိတိန္ဒြေ၏ အဆုံးစွန်သော ဘင်ခဏ၏အစွမ်းဖြင့် ချုပ်ခြင်းသည်၎င်း။ တပြိုင်နက်တည်းပင်ဖြစ်၏။ ဤတပြိုင်နက်တည်း အာသဝေါ၏ကုံခြင်းဇီဝိတိန္ဒြေ၏ကုံခြင်းရှိသော ပုဂ္ဂိုလ်သည် ဇီဝိတသမသိသိပုဂ္ဂိုလ်မည်သည်။ ဟူလို။ ။ဤသမသိသိဟူရာ၌သိသသည်ပဝတ္တသိသ ကိလေသသိသဟု နှစ်ပါးရှိသည်။ ထိုတွင်ဇီဝိတိန္ဒြေသည် ပဝတ္တသိသ။.အဝိဇ္ဇာသည်ကိလေသသိသမည်၏။ အဘယ်ကြောင့်ဇီဝိတိန္ဒြေသည်ပဝတ္တသိသမည်သနည်း။ဟူမူ။ ။သတ္တဝါတို့အားဥက္ကောင်းပြတ်သည်နှင့်တပြိုင်နက်သေဆုံးခြင်းဖြစ်သကဲ့သို့။ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသောပဝတ္တသည် ဇီဝိတိန္ဒြေ ချုပ်ပျက်ကုံခန်းသည်နှင့် တပြိုင်နက် ကုံပျက်ရချုပ်ရချေရကား ထိုပဝတ္တမည်သော ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် တို့၏ ဥက္ကောင်းနှင့်တူသောကြောင့် ပဝတ္တသိသမည်သည်။ဟူလေ။ ။အဘယ်ကြောင့်ကါးအဝိဇ္ဇာသည်ကိလေသသိသမည်သနည်းဟူမူ။ ။အနုသယ၏ အစွမ်းဖြင့်သန္တာန်သို့အစည့်လိုက်၍ ဖြစ်သောကိလေသာ၏ တဖန်အသစ်မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ကုံပျက်ခြင်းသည် အဝိဇ္ဇာချုပ်ပျက်သဖြင့် ချုပ်ရပျက်ရသောကြောင့် အဝိဇ္ဇာသည် ကိလေသာတို့၏ ဥက္ကောင်းသဖွယ်ဖြစ်၍ ကိလေသသိသမည်သည်။ ဟူလေ။ ။အဝိဇ္ဇာသည်၎င်း ဇီဝိတိန္ဒြေသည်၎င်း မရှေးမနှောင်းတပြိုင်နက်တည်းကုံသည်ဟူရာ၌ ထိုတရားတို့သည် အကြောင်းမရှိဘဲမိမိတို့လျောက်လျှား ဘာသာပင် ကုံသလော။ အကြောင်း ကြောင့် ကုံသည်ဟူခဲ့လျှင်လည်း အဘယ် သို့သော အကြောင်းကြောင့် ကုံသနည်း။ အဘယ်တရားသည် ထိုတရားတို့ကို ကုံစေသနည်း။ဟူမူ။ ။ထိုတရားတို့သည် အကြောင်းမဲ့ပဲလျောက်လျှားဘာသာကုံသည်မဟုတ်။ ထိုနှစ်

ပါးတွင်အဝိဇ္ဇာသည် သမုဒ္ဒေဿ အားဖြင့် အရဟတ္တမဂ် ပယ်ခြင်းဟူသောအကြောင်းကြောင့်ကုံရသည်။ ဇီဝိတိန္ဒြေသည် စုတိစိတ်ချုပ်ခြင်းဟူသောအကြောင်းကြောင့် ကုံရသည်။ အဝိဇ္ဇာကိုအရဟတ္တမဂ် စိတ်ကုံစေသည်။ ဇီဝိတိန္ဒြေကိုစုတိစိတ်ကုံစေသည်။ ဟူလေ။ ။ဇီဝိတသမသီသိပုဂ္ဂိုလ်အား ကိလေသသီသ ဖြစ်သော အဝိဇ္ဇာ၏ ကုံခြင်းပဝတ္တသီသဖြစ်သော ဇီဝိတိန္ဒြေ၏ ကုံခြင်းသည် မရှေးမနှောင်း တပြိုင်နက်တည်းသာဖြစ်သည်ဟုဆို၏။ ထိုနှစ်ပါးတွင် အဝိဇ္ဇာကို အရဟတ္တမဂ်စိတ် ကုံစေသည်ဇီဝိတိန္ဒြေကို စုတိစိတ်ကုံစေသည်ဟူ၍လည်း ဆို၏။ထိုအဝိဇ္ဇာဇီဝိတိန္ဒြေတို့ကိုကုံစေသော အရဟတ္တမဂ်စိတ် စုတိစိတ်နှစ်ပါးတို့သည် ထိုဇီဝိတသမသီသိပုဂ္ဂိုလ်သန္တာန်ဝယ် အတူတကွ တပြိုင်နက်တခါတည်းမဖြစ်ပါသည်သာ။ဖြစ်ခြင်းမရှိပါသည်သာမဟုတ်လော။ယင်းစိတ်နှစ်ပါးတို့ အတူတကွဖြစ်သောကြောင့်ပင် ထိုအဝိဇ္ဇာဇီဝိတိန္ဒြေတို့၏ ကုံခြင်း တပြိုင်နက်တည်း ဖြစ်သည်ဟု ဆိုရ လေသလော။ဟူမှု။ ။ထိုအရဟတ္တမဂ်စိတ်စုတိစိတ်နှစ်ပါးတို့၏တပေါင်းတရတည်း။တခါတပြိုင်နက်တည်းဖြစ်ခြင်းကားမရှိပေ။ထိုသို့မရှိကောင်းသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ ကုံခြင်းသည်လည်းတပြိုင်နက်တည်းဧကက္ခဏအားဖြင့်မဖြစ်ကောင်းပါပေ။ ထိုသို့မဖြစ်သောကြောင့်ထိုနှစ်ပါး၏ ဧကက္ခဏအားဖြင့် တပြိုင်နက်တည်းသာဖြစ်သည်ကိုရည်၍အဝိဇ္ဇာ၏ရင်းဇီဝိတိန္ဒြေ၏ရင်း ထိုပုဂ္ဂိုလ်အားတပြိုင်နက်တည်းကုံခြင်းဖြစ်သည်ဟုမဆိုပေ။ဟူလေ။ ။အရဟတ္တမဂ်စိတ်စုတိစိတ်တို့တပြိုင်နက်တည်းဖြစ်ခြင်းမရှိဟုဆို၏။ ယင်းသို့မဖြစ်သော်အရဟတ္တမဂ်စိတ်နောက်စုတိစိတ်မဖြစ်မီအကြားဝယ် အဘယ်စိတ်တို့ခြား၍ဖြစ်ကျန်သေးသနည်း။ ယင်းတို့ခြား၍ ဖြစ်ပုံကိုပြပါဦးလော။ဟူခဲ့မှု။ ။အရဟတ္တမဂ္ဂဝီထိဝယ် မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံဂေါ္တြဘူ အရဟတ္တမဂ်စိတ်တို့ အစဉ်အတိုင်းဖြစ်၍ အရဟတ္တမဂ်စိတ်၏အခြားမဲ့၌ အရဟတ္တဖိုလ်စိတ်ဖြစ်သည်။ ယင်း၏အခြားမဲ့၌ ထိုက်သည်အားလျော်စွာဘဝင်ဖြစ်သည်။ယင်းနောက်ဘဝင်မှထ၍မိမိရသောအရဟတ္တမဂ်ကို ရှုဆင်ခြင်သော ပထမ ပစ္စဝေက္ခဏာဇောဝီထိ ဖြစ်သည်။ ယင်းနောက်ဘဝင်ခြား၍ ထိုမဂ်၏အကျိုးဖြစ်သော အရဟတ္တဖိုလ်ကိုရှုဆင်ခြင်သောဒုတိယပစ္စဝေက္ခဏာဇောဝီထိဖြစ်သည်။ ထိုနောက်ဘဝင်

ခြားပြန်၍ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်ကိုဆင်ခြင်သောတတိယပစ္စဝေက္ခနာဇောဝီထိဖြစ်သည်။ ထိုနောင်လည်း ဘဝင်ခြားပြန်၍ထိုမဂ်သည်ပယ်ဖျက်အပ်သောကိလေသာတို့ကိုရှုဆင်ခြင်သော စတုတ္ထပစ္စဝေက္ခနာဇောဝီထိဖြစ်သည်။ ထိုစတုတ္ထဝီထိအဆုံးဇော၏ အခြားမဲ့ကာလသို့ရောက်မှစုတိစိတ်ဖြစ်သည်။ဟူလေ။ ။ပစ္စဝေက္ခနာဝါရတို့ဖြစ်သည်ဟူရာ၌ အရဟတ္တမဂ္ဂ ဝီထိနောင် ဖြစ်ကောင်းသော အစဉ်အတိုင်းမဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးကိလေသာတို့ကိုဆင်ခြင်သောပစ္စဝေက္ခနာဝါရတို့သည်ပုဂ္ဂိုလ်ဟူသမျှတို့အားအခါခပ်သိမ်းအမြဲပင် လေးဝါရလုံးဖြစ်ရလေသလော။ဟူမူ ။ ။လေးဝါရလုံး အမြဲပင်ဖြစ်ရသည်မဟုတ်။ အချို့အားလေးဝါရလုံးအပြည့်အစုံပင်ဖြစ်၏။အချို့အားအပြည့်အစုံမဖြစ်ဘဲမဂ်ဖိုလ်နိဗ္ဗာန်ကိုဆင်ခြင်သောသုံးဝါရသာ။အချို့အားမဂ်ဖိုလ်ကိုဆင်ခြင်သောနှစ်ဝါရသာ။ အချို့အားမဂ်ကိုဆင်ခြင်သောဝါရတပါးတည်းသာဖြစ်သည်။ဟူလေ။ ။ဇီဝိတသမသီသီပုဂ္ဂိုလ်အားစုတိစိတ်မဖြစ်မီပင်အရဟတ္တမဂ်စိတ် နောင်ဖိုလ်စိတ်ဘဝင်ပစ္စဝေက္ခနာတို့ဖြစ်ရသေးသည်ဟူ၏။တစုံတယောက်သောရန်သူသည်တိတ်တဆိတ်ပုန်းချောင်း၍ထက်လှစွာသောသန်လျက်ဖြင့်ဦးခေါင်းကိုဖြတ်အပ်သည်ရှိသော်။ထိုဝေဒနာကိုခွါ၍ဝိပဿနာကိုအားထုတ်သဖြင့်အရိယမဂ်သို့ရောက်သောပုဂ္ဂိုလ်အားအလွန်နီးသောသေခြင်း ရှိသောကြောင့်။ အရိယမဂ်သည်ပစ္စက္ခဘဝ၌ မြဲသောအကျိုးကို ဖြစ်စေခြင်း သဘောရှိသော သံဒိဋ္ဌိကတရား။ စိတ်ခဏငယ်တချက်ခန့်ကာလမျှဆိုင်းတွလင့်ငန့်မရှိ မိမိ၏အခြားမဲ့ကာလ၌မြဲသော အကျိုးပေးခြင်းရှိသော အကာလိက တရားဖြစ်သောကြောင့် အရဟတ္တဖိုလ်စိတ်မှာ အရဟတ္တမဂ်စိတ်၏ အခြားမဲ့၌မချွတ်ဖြစ်မြဲစိတ်ဖြစ်၍ ဖြစ်ပါစေတော့။ ဘဝင်စိတ် ပစ္စဝေက္ခနာစိတ်တို့မဖြစ်နိုင်တန်ရာပါ။ မဂ္ဂါနန္တရအရဟတ္တဖိုလ်စိတ်၏ အခြားမဲ့၌ပင် စုတိစိတ်ဖြစ်ကောင်း ရာပါသည်။ ယင်းသို့ဖြစ်ကောင်း ခဲ့သော် ဘဝင်စိတ်ပစ္စဝေက္ခနာစိတ်တို့၏ဖြစ်ကြောင်းကိုဆိုသောစကား မသင့်ရာပါဟူခဲ့မူ။ ။ထိုသို့ထက်စွာသောသန်လျက်ဖြင့်ပုန်းချောင်း၍ဦးခေါင်းကိုဖြတ်၍သတ်အပ်သည်ပင်ဖြစ်သော်လည်း။ထိုပုဂ္ဂိုလ်အားဝိပဿနာကိုပွါးစေ၍အရိယမဂ်သို့ရောက်သည်ရှိသော် အလွန်နည်းသောသေခြင်းပင်ရှိသည်ဖြစ်စေ မဂ္ဂါနန္တရဖိုလ်၏ အခြားမဲ့၌စုတေခြင်းမဖြစ်နိုင်။ မဖြစ်ကောင်း။

ဖြစ်ရရိုးမရှိ။မဂ္ဂဝိထိနောက် ဧတိစိတ်မဖြစ်မီအတွင်းပစ္စဝေက္ခဏာ လေးဝိထိလုံးပင်မဖြစ်နိုင်သော်လည်းမဂ်ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိနှစ်ဝါရတို့သော်ရင်း။မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိတပါးတည်းသော်ရင်း။ မချွတ်ဧကန်ပင်ဖြစ်ရမြဲသာဖြစ်၍ အရဟတ္တမဂ်စိတ်နောင်ဧတိစိတ်မဖြစ်မီပင်ဖိုလ်ဘဝင် ပစ္စဝေက္ခဏာတို့ဖြစ်သည်ဟူသော စကားဟုတ်မှန်ပါ၏။ဟူလေ။ ။အရဟတ္တမဂ်စိတ်နောင် ဧတိစိတ်မဖြစ်မီဖိုလ်ဘဝင်ပစ္စဝေက္ခဏာဝိထိစိတ်တို့ဖြစ်မြဲဖြစ်၍ အဝိဇ္ဇာကိုရုံစေသောမဂ်စိတ်ဇီဝိတိန္ဒြေကို ကုံစေသောဧတိစိတ်တို့တပြိုင်နက်တည်းမဖြစ်နိုင်။ထိုသို့မဖြစ်နိုင်သောကြောင့်။ အဝိဇ္ဇာ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ကုံခြင်းလည်း ရချအားဖြင့် တပြိုင်နက်တည်း မဖြစ်နိုင် ပေဟု ဆို၏။ ယင်းသို့မဖြစ်နိုင်ပါပဲလျက်ကိုအဘယ့်ကြောင့် ထိုပုဂ္ဂိုလ်အားအဝိဇ္ဇာ၏ကုံခြင်းဇီဝိတိန္ဒြေ၏ကုံခြင်းသည် တပြိုင်နက်တည်းသာဖြစ်၏ ဟုဆိုရလေသနည်း။ ဟူမူ။ ။အဝိဇ္ဇာဇီဝိတိန္ဒြေတို့၏ကုံခြင်းသည် စင်စစ်တပြိုင်နက်တည်းပင် မဖြစ်သော်လည်း ယင်းနှစ်ပါးတို့၏ကုံခြင်း တခုတည်းသော ကာလဝယ် တပြိုင်တည်းပင် ဖြစ်သကဲ့သို့ ထင်ရသောကြောင့်အဝိဇ္ဇာ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ ကုံခြင်းသည် မရှေးမနှောင်းတပြိုင်နက်တည်း ဖြစ်၏ဟု ဆိုရလေသည်။ ဟူလေ။ ။စင်စစ်တပြိုင်တည်း မကုံပါဘဲလျက် အဘယ့်ကြောင့် တခုတည်းသော ကာလဝယ်တပြိုင်တည်းပင် ကုံသကဲ့သို့ထင်ရလေသနည်း။ ဟူခဲ့ပြန်မူ။ ။စိတ်တို့၏လျင်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ထင်ရလေသည်၊ ဟူလေ။ ။အန္တရာသဃာတခဏောနအနေကကောဋိသင်္ခါယစိတ္တပ္ပဝတ္တိယာပဝတ္တနတော။ ။ဟူ၍။ အနုဋီကာဝယ်လက်ဖြစ်တတွက်ခန့်ခဏကာလ၌ပင်ကုဋေမကများလှစွာသော အရေအတွက်ရှိသောစိတ္တုပ္ပါဒ်တို့ဖြစ်ကြောင်းကိုပြဆိုသည်ကိုထောက်၍။စိတ်တို့၏ဖြစ်ခြင်းလျင်ပုံကိုလည်းသိလေ။ ။ဤပြဆိုခဲ့ပြီးသည်ကါးသဂါထဝဂ္ဂသံယုတ်ဂေါမိကသုတ်အဋ္ဌကထာ၌လာသောနည်းတည်း။

ပုဂ္ဂလပညတ်အဋ္ဌကထာ၌လာသောနည်းကိုပြဦးအံ့။ ။တဿ ကိလေသသီသံအဝိဇ္ဇံ အရဟတ္တမဂ္ဂေါ ပရိယာဒိယတိ။ ပဝတ္တသီသံ ဇီဝိတိန္ဒြိယံစုတိစိတ္တံပရိယာဒိယတိ။အဝိဇ္ဇာပရိယာဒါယကံစိတ္တံဇီဝိတိန္ဒြိယံပရိယာဒါတုံ နသက္ကောတိ။ ဇီဝိတ ပရိယာဒါယကံ စိတ္တံအဝိဇ္ဇံပရိယာ

ဒါတုံနုသက္ကောတိ။အဝိဇ္ဇာပရိယာဒါယကံစိတ္တံအညံ၊ဇိဝိတပရိယာဒါယကံအညံ။ ယာသာစေတံသိသဒွယံသမံ ပရိယာဒါနံ ဂစ္ဆတိ။ သောဇိဝိတသမသိသိနာမ။ ကထမိဒံသမံ ဟောတိတိ။ ဝါရသမတာယ။ ယသ္မိံဟိ ဝါရေမဂ္ဂဝုဋ္ဌာနံဟောတိ။သောတာပတ္တိမဂ္ဂေပဉ္စပစ္စဝေက္ခဏာနိသကဒါဂါမိမဂ္ဂေပဉ္စအနာဂါမိမဂ္ဂေပဉ္စအရဟတ္တမဂ္ဂေ စတ္တာရိတိဧကူနဝိသတိ မေပစ္စဝေက္ခဏဉာဏော ပတိဋ္ဌာယ ဘဝင်္ဂြဩတရိတ္ဗာပရိနိဗ္ဗါယတိ။ဣမာယဝါရသမတာယ ဣဒံဉဘယသိသ ပရိယာဒါနံသမံဟောတိ နာမ။ တေနာယံပုဂ္ဂလော ဇိဝိတသမသိသိတိဝုစ္စတိ။ အယမေဝ ဣဓအဓိပ္ပေတော။ ။ပုဂ္ဂလပညတ်အဋ္ဌကထာ။ ။ထတ္တ။ထို ၁၃ ပါးသော သိသတို့တွင်။ကိလေသသိသံ။သော။အဝိဇ္ဇံ။ ကို။အရဟတ္တမဂ္ဂေါ။သည်။ ပရိယာဒိယတိ။ အကြွင်းမဲ့ကုံစေ၏။ ပဝတ္တသိသံ။သော။ ဇိဝိတိန္ဒြိယံ။ ကို။ စုတိစိတ္တံ။သည်။ပရိယာဒိယတိ။၏။ အဝိဇ္ဇာပရိယာဒါယကံ။ အဝိဇ္ဇာကိုကုံစေတတ်သော။ စိတ္တံ။ အရဟတ္တမဂ်စိတ်သည်။ ဇိဝိတိန္ဒြိယံ။ကို။ပရိယာဒါတုံ။ ကုံစေခြင်းငှါ။နသက္ကောတိ။ မစွမ်းနိုင်။ ဇိဝိတိန္ဒြိယပရိယာဒါယကံ။ ဇိဝိတိန္ဒြေကိုကုံစေတတ်သော၊ စိတ္တံ။စုတိစိတ်သည်။ အဝိဇ္ဇံ။ ကို။ပရိယာဒါတုံ။ငှါ။နသက္ကောတိ။နိုင်။အဝိဇ္ဇာပရိယာဒါယကံ။ အဝိဇ္ဇာကို ကုံစေတတ်သော။ စိတ္တံ။ သည်။အညံ။ တခြား တပါး တည်း။ ဇိဝိတိန္ဒြိယပရိယာဒါယကံ။ သော။စိတ္တံ။ သည်။အညံ။တည်း။ ယာသာစ။အကြင်ပုဂ္ဂိုလ်အားလည်း။ဧတံသိသဒွယံ။ ထိုကိလေသသိသဖြစ်သောအဝိဇ္ဇာပဝတ္တသိသ ဖြစ်သော ဇိဝိတိန္ဒြေဟူသော သိသနှစ်ပါး အပေါင်းသည်။ သမံ။ မရှေး မနှောင်း တပြိုင်တည်း။ ပရိယာ ဒါနံ။ ကုံခြင်းသို့။ ဂစ္ဆတိ။ရောက်၏။သောပုဂ္ဂလော။သည်။ဇိဝိတသမသိသိနာမ။မည်၏။ကထံ။အဘယ်သို့သော အကြောင်းကြောင့်၊ ဣဒံပရိယာဒါနံ။ ဤအဝိဇ္ဇာ၏ကုံခြင်း ဇိဝိတိန္ဒြေ၏ ကုံခြင်းနှစ်ပါးသည်။ သမံ။ တူမျှပြိုင်ဆိုင် မိသည်။ ဟောတိ။ဖြစ်သနည်း။ဣတိ။ ဤသို့ဟူငြားအံ့။ဝါရသမတာယ။ဝါရတူမျှသည့်၏အဖြစ်ကြောင့်။သမံ။သည်။ ဟောတိ။၏။ဟိ။ ထိုစကားကိုထင်ရှားပြဦးအံ့။ယသ္မိံဝါရေ။အကြင်ဝါရ၌။မဂ္ဂဝုဋ္ဌာနံ။မဂ်၏ထမြောက်ခြင်းသည်။ဖြစ်ခြင်းသည်။ဟောတိ။၏။တသ္မိံဝါရေ။၌။ သောတာပတ္တိမဂ္ဂေ။၌။ပဉ္စပစ္စဝေက္ခဏာနိ။မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးကိလေသာကြွင်း ကိလေသာတို့ကိုအစဉ်အတိုင်းအသီးအသီးရှုဆင်ခြင်သော ငါးပါးသောပစ္စဝေက္ခ

နာဝတ္ထိရင်း။ သကဒါဂါမိမဂ္ဂေ။ ဍ္ဓိ၊ ပဌမပစ္စဝေက္ခဏာနိ။ တို့ရင်း။ အနာဂါမိမဂ္ဂေ။ ဍ္ဓိ။ ပဌမပစ္စဝေက္ခဏာနိ။ရင်း။ အရဟတ္တမဂ္ဂေ။ ဍ္ဓိ၊ စတ္တာရိပစ္စဝေက္ခဏာနိ။ တို့ရင်း။ဏ္ဍတိ။ဤသို့။ ဧကူနဝီသတိမေ။တခုယုတ်နှစ်ဆယ်မြော်ဖြစ်သော။ ပစ္စဝေက္ခဏ ဥာဏော။ ပစ္စဝေက္ခဏာဉာဏ်ဍ္ဓိ။ ပတိဋ္ဌာယ။တည်၍ ဘဝင်္ဂ။သို့။ဩတရိတွာ။ သက်၍။ ပရိနိဗ္ဗာယတိ။၏။ ဍ္ဓမာယဝါရသမတာယ။ ဤသို့ဝါရတူသည်၏ အဖြစ်ကြောင့်။ ဍ္ဓဒ်ဥဘယသီသပရိယာဒါနံ။ဤအဝိဇ္ဇာဇီဝိတိန္ဒြေဟူသော သီသနှစ်ပါး၏ကုံခြင်းသည်။သမံ။မရှေးမနှောင်း တူမျှပြိုင်ဆိုင်မိသည်။ ဟောတိ နာမ။ ဖြစ်သည် မည်၏။ တေန။ ထိုသို့သီသနှစ်ပါးတပြိုင်တည်း ချုပ်သည် မည်သောကြောင့်။ အယံပုဂ္ဂလော။ ကို။ဇီဝိတသမသီသိတိ။ဟူ၍။ဝုစ္စတိ။၏။ အယမေဝ။ ဤဇီဝိတသမသီသိပုဂ္ဂိုလ်ကိုသာလျှင်။ဍ္ဓမ။ဤသမသီသိနိဒ္ဒေသဍ္ဓိ။အဓိပ္ပေတော။၏။ ။အဓိပ္ပါယ်ကား။ သီသသည်သာမညအားဖြင့် တဆဲ့သုံးပါးဟူသော ပလိဗောဓသီသ။ မာနဟူသောဗန္ဓနသီသ။ ဒိဋ္ဌိဟူသောပရာမာသသီသ။ ဥဒ္ဓစ္စဟူသော ဝိက္ခေပသီသ။ အဝိဇ္ဇာဟူသောကိလေသသီသ။ သဒ္ဓါဟူသော အဓိမောက္ခသီသ။ ဝီရိယဟူသောပဂ္ဂဟသီသ။ သတိဟူသောဥပဋ္ဌာနသီသ။ သမာဓိဟူသော အဝိက္ခေပသီသ။ ပညာဟူသော ဒဿနသီသ။ဇီဝိတိန္ဒြေဟူသောပဝတ္တသီသ။ဝိမောက္ခဟူသောဂေါစရသီသ။ နိရောဓဟူသောသင်္ခါရသီသဟူ၍ ၁၃ ပါးရှိသည်။ထိုတွင်ပါဠိတော်ဍ္ဓိ။ ယဿပုဂ္ဂလဿအပုဗ္ဗံ အစရိမံအာသဝပရိယာဒါနဉ္စဟောတိ ဇီဝိတပရိယာဒါနဉ္စအယံဝုစ္စတိသမသီသီ။ ။ဟူ၍ အာသဝ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ ကုံခြင်းကိုသာဟောတော် မူသောကြောင့်။ ကိလေသသီသပဝတ္တသီသနှစ်ပါးကိုသာ ဤဇီဝိတသမသီသိအရာဍ္ဓိအလိုရှိအပ်သည်။ ထိုနှစ်ပါးတို့တွင် ကိလေသသီသဖြစ်သော အဝိဇ္ဇာကို အရဟတ္တမဂ်ကုံစေ၏။ ပဝတ္တသီသဖြစ်သော ဇီဝိတိန္ဒြေကို စုတိစိတ်ကုံစေ၏။ အဝိဇ္ဇာကိုကုံစေတတ်သော စိတ်သည် ဇီဝိတိန္ဒြေကို မကုံစေနိုင်။ ဇီဝိတိန္ဒြေကို ကုံစေ တတ်သော စိတ်သည် အဝိဇ္ဇာ ကို မကုံစေနိုင်။ အဝိဇ္ဇာကို ကုံစေသော စိတ်သည် ဇီဝိတိန္ဒြေကို ကုံစေသော စိတ်မှတပါး တခြား။ ဇီဝိတိန္ဒြေကို ကုံစေသော စိတ်သည်လည်း အဝိဇ္ဇာကို ကုံစေသောစိတ်မှတပါးတခြား ဖြစ်သည်။ ထိုသို့ပင်ဖြစ်သော်လည်းအကြင် ပုဂ္ဂိုလ်အား အဝိဇ္ဇာဇီဝိတိန္ဒြေဟူသော သီသနှစ်ပါးသည် တပြိုင်နက်

တည်းပင် ကုံခြင်းသို့ရောက်၏။ ထိုပုဂ္ဂိုလ်သည်ဇိဂိတသမသိသိမည်
သည်။ ဟူလို။ ။ဤတွင်။ ။အပုဗ္ဗံအစရိမံအာသဝပရိယာဒါနဉ္စ
ဟောတိဇီဝိတပရိယာဒါနဉ္စ။ ဟူ၍အဝိဇ္ဇာသဝဇီဝိတိန္ဒြေတို့၏ မရှေးမ
နှောင်း တပြိုင်တည်းကုံကြောင်းကို ဟောတော် မူသောကြောင့်။ ထို
သိသ ၂ ပါးကို စိတ်တခုတည်း သည်ပင် ကုံစေသည်ဖြစ်ရာ၏။ ဟု
မှတ်ထင်ဘွယ်ရှိသည်ဖြစ်၍။ ။အဝိဇ္ဇာပရိယာဒါယကံစိတ္တံအညံ။ ဇီဝိ
တပရိယာဒါယကံအညံ။ ။ကိုဆိုရသည်။ ။ယင်းသို့ အခြားစိပင်
ဖြစ်စေ။ တပြိုင်တည်းပင်ကုံကြောင်းကိုသာ ဟောတော်မူရကား အ
ဝိဇ္ဇာကိုကုံစေသောစိတ်ပင် ဇီဝိတိန္ဒြေကို ကုံစေနိုင်သည်။ ဇီဝိတိန္ဒြေ
ကို ကုံစေသော စိတ်ကလည်း အဝိဇ္ဇာကိုလည်း ကုံစေနိုင်သည် ဖြစ်
ရာ၏။ပဓါနအပဓါနစသည်ဖြင့်သာထူးရာသည်ဟုထင်မှတ်ရန်ရှိသော
ကြောင့်။ ။အဝိဇ္ဇာပရိယာဒါယကံ စိတ္တံ ဇီဝိတိန္ဒြိယံပရိယာဒါတုံ န
သက္ကောတိ။ ဇီဝိတိန္ဒြိယပရိယာဒါယကံ အဝိဇ္ဇံပရိယာဒါတုံ နသက္ကော
တိ။ ။ကိုဆိုပြန်ရသည်။ ။ယင်းတို့ကို ကုံစေတတ်သော စိတ်ဟူ
သည် အမှတ်မဲ့ တပါးပါးမဟုတ်ဟု ပြခြင်းငှါ။ ။တတ္ထ ကိလေသ
သီသံ အဝိဇ္ဇံအရဟတ္တမဂ္ဂေါ ပရိယာဒိယတိ။ ပဝတ္တသီသံ ဇီဝိတိန္ဒြိယံ
စုတိစိတ္တံပရိယာဒိယတိ။ ။ကိုဆိုပြန်ရသည်။ ။အသီးအသီး သီသ
နှစ်ပါးကိုကုံစေတတ်သော၊စိတ်အခြားစိဖြစ်ပါလျက်၊အဘယ်ကြောင့်
ထိုသီသနှစ်ပါး၏ကုံခြင်းဘပြိုင်နက်တည်းဖြစ်ရလေသနည်း။ဟူမူ။ ။
ဝါရတူသည်၏အဖြစ်ကြောင့်တပြိုင်နက်ဖြစ်ရလေသည်။ ဟူလေ။ ။
တူသောဝါရရှိသည်၏အဖြစ်ကြောင့် သီသနှစ်ပါးတို့၏ကုံခြင်း တပြိုင်
တည်းဖြစ်သည်ဟူရာ၌ဝါရတူပုံ။ ထိုသို့တူသောဝါရရှိသောကြောင့်။
သီသနှစ်ပါး၏ကုံခြင်း တပြိုင်တည်းဖြစ်ပုံကို ထင်ရှားသိသာအောင်ပြ
ပါဦးလော။ ဟူမူ။ ။ဝိပဿနာယောဂီပုဂ္ဂိုလ်အားအကြင်ဝါရ၌မဂ်၏
ထမြောက်ခြင်း ဖြစ်ခြင်းဟူသော အစဉ်အတိုင်း မဂ်လေးပါးသည်ဖြစ်
၏။ သောတာပတ္တိမဂ်၌ ထိုမဂ္ဂဝိထိနောင်မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီး ကိလေ
သာ ကျန်ကိလေသာတို့ကို အစဉ်အတိုင်း ဆင်ခြင်သော ပစ္စဝေက္ခနာ
ဉာဏ်ငါးပါး။ သကဒါဂါမိမဂ်၌ထိုအတူငါးပါး။ အနာဂါမိမဂ်၌ငါးပါး။
ကျန်ကိလေသာမရှိရကားအရဟတ္တမဂ်၌ ၄ ပါးအားဖြင့် ၁၉ ပါးသော
ပစ္စဝေက္ခနာဉာဏ်တို့တွင် အရဟတ္တမဂ်ပယ်အပ်သော ကိလေသာတို့

ကိုအာရုံပြု၍ ရှုဆင်ခြင်သော ၁၉ ကြိမ်မြောက်ဖြစ်သော ပစ္စဝေက္ခနာဉာဏ်၌တည်၍ထို ၁၉ ကြိမ်မြောက်ဖြစ်သော ပစ္စဝေက္ခနာဝိထိအဆုံးဓာ၏အခြားမဲ့၌ပင် ပရိနိဗ္ဗာန် ပြုရကား။ အဝိဇ္ဇာ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ကုံခြင်းသည် တူသောဝါရရှိ၏။ ဤသို့တူသောဝါရရှိသော ကြောင့် အဝိဇ္ဇာ ဇီဝိတိန္ဒြေဟူသော သိသနှစ်ပါး၏ ကုံခြင်းသည် တပြိုင်တည်းပင်ဖြစ်သည်မည်ပါသည်။ ဟူလေ။ ။ဤကား ပုဂ္ဂလပညတ်အဓ္ဓကထာ၌ပြဆိုအပ်သောနည်းတည်း။

ဤအဓ္ဓကထာဝယ်ပသက်ဖြစ်သင့်သောအရာများ၌မူလဋီကာဆရာပေါ် ပြဖြေကြားသောအချက်တို့ကိုဋီကာလာတိုင်းပြဆိုလိုက်ဦးအံ့။ ။အဓ္ဓကထာဆရာသည်ပဝတ္တသိသဖြစ်သောဇီဝိတိန္ဒြေကို စုတိစိတ်ကုံစေရကြောင်းကို။ ။ပဝတ္တသိသံဇီဝိတိန္ဒြိယံ စုတိစိတ္တံ ပရိယာဒိယတိ။ ။ဟုပြဆိုတော်မူ၏။ အရဟတ္တမဂ်သည် ကိလေသာဟူသမျှကိုသမုစ္ဆေဒပဟာန်အားဖြင့်အကြွင်းအကျန်မရှိဖျက်ပယ်အပ်သည် ဖြစ်၍ကိလေသာအလုံးစုံအကြွင်းမဲ့ကုံရကား ကိလေသဝဋ်မှထမြောက်ခြင်းဖြစ်၏။ယင်းသို့ကိလေသာအလုံးစုံကုံသဖြင့်လည်း ရှေးရှေးဘဝကာလတို့ကပြုခဲ့ဘူးသောကံသည် ကိလေသာဟူသော သဟဲအထောက်အကူမှကင်းသည်ဖြစ်၍အကျိုးကို ဖြစ်စေနိုင်သောအစွမ်းသတ္တိအဟုန်ကုံကင်းရကားကံဟူသမျှကုံသည်ပင် ဖြစ်သောကြောင့် ကမ္မဝဋ်မှလည်းထမြောက်ကင်းပြတ်၏။ယင်းသို့ကံဟူသမျှကုံကင်းကလည်း အကြောင်းရှိမှသာအကျိုးဖြစ်သည်။အကြောင်းမရှိသော်အကျိုးမဖြစ်သောကြောင့်ထိုကံ၏အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာ၊ ကမ္မဇရုပ်တို့မဖြစ်နိုင်။ ကုံကင်းရသည်သာဖြစ်ရကား ဝိပါကဝဋ်မှလည်းထမြောက်၏။ ဤသို့ဝဋ်သုံးပါးလုံးမှပင်ထမြောက်ပါသည်။ ထိုသို့ထမြောက်သောကြောင့်ထိုဝဋ်သုံးပါးမှထမြောက်သောအရဟတ္တမဂ်သည်ရဟန္တာပုဂ္ဂိုလ်တို့ စုတိကျပြီးသည်မှအထက်ဖြစ်သောနောက်ကာလ၌ထိုဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသောဝိပါကဝဋ်ဖြစ်သော ပဝတ္တတရားကိုမဖြစ်နိုင်အောင် ပြုသည်၏အစွမ်းဖြင့်ကုံစေရကားဇီဝိတိန္ဒြေသည်လည်း ဝိပါကဝဋ်ဖြစ်သော ပဝတ္တ၌အကျုံးဝင်သော တရားပင်ဖြစ်၍။ ထိုဇီဝိတိန္ဒြေဟူသောပဝတ္တသိသကိုလည်းကုံစေသည်ပင်မဟုတ်ပါလော။ ယင်းသို့ကုံစေကလည်း ထိုအရဟတ္တမဂ်သည်ကိလေသသိသဖြစ်သော အဝိဇ္ဇာကိုသာအကြွင်း

မွဲ့ကုံစေသည်မဟုတ်။ပဝတ္တသိသဖြစ်သောဇိဝိတိန္ဒြေကိုလည်း ကုံစေသည်ပင် ဖြစ်သောကြောင့်။ ။ပဝတ္တသိသံဇိဝိတိန္ဒြိယံ စုတိစိတ္တံပရိယာဒိယတိ။ ။ဟူ၍ပဝတ္တသိသဖြစ်သောဇိဝိတိန္ဒြေကို စုတိစိတ်ကုံစေရကြောင်းကိုအသီးမဆိုသင့်ရာပါပြီ။ ထိုသို့မဆိုသင့်လျက်အဘယ်ကြောင့်အသီးဆိုတော်မူလေသနည်း။ဟူမူ။ ။သင်မှတ်ထင်သည်အတိုင်းဝဋ်သုံးပါးမှထမြောက်သောအရဟတ္တမဂ်သည် စုတိစိတ်ချုပ်ပြီးသည်မှအထက်ဖြစ်သော နောက်ကာလ၌မဖြစ်ရ မဖြစ်နိုင်သည်ကိုပြုသည်၏အစွမ်းဖြင့်ပဝတ္တသိသဖြစ်သောဇိဝိတိန္ဒြေကိုလည်းကုံစေသည်အမှန်ပင်ဖြစ်ပါပေသည်။ ထိုသို့ပင်သင်မှတ်ထင်သည်အတိုင်းမှန်သော်လည်းထိုဇိဝိတိန္ဒြေသည် ရဟန္တာအား စုတိသို့ မရောက်မီ ကာလ၌ ပစ္စက္ခဘာဝ၌ ဖြစ်သင့်ဖြစ်နိုင် ချေသေးသောကြောင့် ပဝတ္တ သိသဖြစ်သောဇိဝိတိန္ဒြေကိုစုတိစိတ်ကုံစေသည်ဟုဆိုသင့်သောကြောင့်။ ။ပဝတ္တသိသံဇိဝိတိန္ဒြိယံစုတိစိတ္တံပရိယာဒိယတိ။ဟုဆိုတော်မူသည်။ဟူလေ။ ။ပဝတ္တသိသံပိဝဋ္ဋတောဝုဋ္ဌဟန္တောမဂ္ဂေါ စုတိတောဥဒ္ဓံအပဝတ္တိကရဏဝသေနယဒိပိ ပရိယာဒိယတိ ယာဝပနစုတိ၊ တာဝပဝတ္တိသမ္ဘဝတောပဝတ္တသိသံဇိဝိတိန္ဒြိယံ စုတိစိတ္တံ ပရိယာဒိယတီတိ အာဟ။ ။ဟူသောမူလဋီကာကိုမှီ၍ဤစကားတို့ကိုဆိုလိုက်သည်။ ။ဝဋ္ဋတော။ ကိလေသကမ္မဝိပါက ဝဋ်ဟူသော သုံးပါးသောဝဋ်မှ။ ဝုဋ္ဌဟန္တော။ထမြောက်သော။ဝါ။ထမြောက်သောကြောင့်။မဂ္ဂေါ။အရဟတ္တမဂ်သည်။စုတိတော။ ရဟန္တာပုဂ္ဂိုလ်တို့စုတေသည်မှ။ဥဒ္ဓံ။အထက်ဖြစ်သောနောက်ကာလ၌။အပဝတ္တိကရဏဝသေန။ ဝိပါကဝဋ်ဖြစ်သောပဝတ္တတရား၏ မဖြစ်နိုင်သည်ကိုပြုသည်၏အစွမ်းဖြင့်။ ပဝတ္တသိသံပိ။ပဝတ္တသိသဖြစ်သောဇိဝိတိန္ဒြေကိုလည်း။ယဒိပိပရိယာဒိယတိ။အကယ်၍ကားကုံစေ၏။ပန။ ထိုသို့ပင်ကုံစေသော်လည်း။ယာဝ။ အကြင်မျှလောက်။စုတိ။ရဟန္တာ၏စုတိသည်။ဝါ။စုတေသောကာလသည်။အတ္ထိ။ရှိ၏။တာဝ။ ထိုသို့ရဟန္တာ၏စုတိတိုင်အောင်။ပဝတ္တိသမ္ဘဝတော။ ဇိဝိတိန္ဒြေ၏ဖြစ်ခြင်း ဖြစ်သင့်သောကြောင့်။ ပဝတ္တသိသံဇိဝိတိန္ဒြိယံ စုတိစိတ္တံပရိယာဒိယတီတိ။ပဝတ္တ။လ။ ယတိဟူသောစကားကို။အာဟ။ အဋ္ဌကထာဆရာဆိုတော်မူ၏။ ။အပိစ္ဆာဇိဝိတိန္ဒြေဟူသောသိသနှစ်ပါးတို့၏ကုံခြင်းသည်မရှေးမနှောင်းတပြိုင်တည်းပင်ဖြစ်သည်ဟုဆိုရကြောင်းကို

ပြသော။ ဝါရသမတာယဟူသောစကားကိုဆိုသောအဋ္ဌကထာဆရာ
၏အာဘော်အလိုတော်ကို ပြကြောင်းဖြစ်သော။ ။ကိလေသပရိယာ
ဒါနေနပနအတ္တနောအနန္တရံပိယနိပ္ဖါဒေတဗ္ဗာပစ္စဝေက္ခနဝါရာစ ကိလေ
သပရိယာဒါနဿေဝဝါရာတိဝတ္တဗ္ဗတံအရဟတ္တံ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ
ဉာဏံဟောတီတိဝစနတောတိပစ္စဝေက္ခနပရိသမာ ပနေနကိလေသပ
ရိယာဒါနံသမာပိတံနာမဟောတိ။တံပနပရိသမာပနံစုတိစိတ္တေနဟော
တိ။တေနေဝဇီဝိတပရိယာဒါန ပရိသမာပနဉ္စဟောတီတိ ဣမာယံဝါရ
သမတာယကိလေသပရိယာဒါ နဇီဝိတပရိယါဒါနာနံအပုဗ္ဗာစရိမတာ
ဟောတီတိအာဟ။ ဝါရသမတာယာတိ။ ။ဟူသောမူလဋီကာ၌အ
နက်အဓိပ္ပါယ်တို့ကိုပြဆိုလိုက်ဦးအံ့။ ။အရှင်ဋီကာဆရာအဋ္ဌကထာ
ဆရာသည်။အပိဇ္ဈာ၏ကုံခြင်းဇီဝိတိန္ဒြေ၏ ကုံခြင်းဟူသောသီသနှစ်ပါး
၏ကုံခြင်း၏တူသောဝါရရှိသည်၏ အဖြစ်ကြောင့်၊ ၎င်းသီသနှစ်ပါး၏
ကုံခြင်းတပြိုင်နက်တည်းပင်ဖြစ်သည်ဟူ၍ သီသနှစ်ပါးကုံခြင်းတပြိုင်
တည်းပင်ဖြစ်၏ဟုဆိုရခြင်း၏အကြောင်းကို။ဝါရသမတာယ။ ဟုပြဆို
တော်မူ၏။ အပိဇ္ဈာကုံခြင်းဇီဝိတိန္ဒြေကုံခြင်းကို ပြရာ၌ထိုက်သည်အား
လျော်စွာ။ကိလေသါအချို့ကိုသာကုံစေ၍အပိုင်းအခြားရှိသောအားဖြင့်
၎င်း။အလုံးစုံကိုကုံစေ၍အပိုင်းအခြားမရှိသော်အားဖြင့်၎င်းအရိယမဂ်ဖြင့်
ကိလေသာကိုကုံစေပြီးနောက်။ အသီးအသီးပစ္စဝေက္ခနာဝါရတို့ဖြစ်ကုံ
၍၁၉ကြိမ်မြောက်သောပစ္စဝေက္ခနာဝါရအဆုံးဇော၏အခြားမဲ့ဝယ်၊ပ
ရိနိဗ္ဗာန်ပြုကြောင်းကိုပြဆိုသောကြောင့် ကိလေသာတို့ကိုကုံစေသော
အရိယမဂ်ဇီဝိတိန္ဒြေကို ကုံစေသော စုတိစိတ်တို့၏ အကြားဝယ် ပစ္စ
ဝေက္ခနာဝါရအများခြားလျက်ဖြစ်၍ အပိဇ္ဈာ၏ ကုံခြင်းဇီဝိတိန္ဒြေ၏ကုံ
ခြင်းနှစ်ပါးသည်တူသောဝါရရှိသည်မဖြစ်တန်။အသီးအသီးသောဝါရ
ရှိသည်သာဖြစ်ရာပါသည်၊ ထိုသို့လျက်အဘယ်ကြောင့် ထိုကုံခြင်းနှစ်
ပါး၏ တပြိုင်တည်းဖြစ်ကြောင်းကို ပြရာဝယ်ဝါရသမတာယ။ ဟုဆို
တော်မူလေသနည်း။ဟူဘွယ်ရှိ၍။ ကိလေသပရိယာဒါနေန ပနစသော
စကားကိုဋီကာဆရာဆိုတော်မူသည်။ ။ပစ္စဝေက္ခနပရိယောသာပ
နေနကိလေသပရိယာဒါနံ သမာပိတံနာမဟောတိ။ ဣတိဣမာယဝါရ
သမတာယကိလေသပရိယာဒါန ဇီဝိတပရိယာဒါနာနံအပုဗ္ဗာစရိမတာ
ဟောတီတိအာဟ။ဝါရသမတါယာတိ။ ။ဟူသည်သာပဓါန။ ။ပစ္စ

ဝေက္ခနာ၏ပြီးဆုံးခြင်းသည်ကိလေသာ၏ကုံခြင်းကိုပြီးဆုံးစေအပ်သည် မဉ်သော်ကြောင့်ကိလေသာ၏ကုံခြင်းဇီဝိတိန္ဒြေ၏ကုံခြင်းသည်တူသော ဝါရရှိသည်။ဤသို့တူသောဝါရရှိသည်၏ အဖြစ်ကြောင့်ကိလေသာ၏ကုံ ခြင်းဇီဝိတိန္ဒြေ၏ကုံခြင်းတို့၏ မရှေးမနှောင်း တပြိုင်တည်း ဖြစ်သော ကြောင့်။ဝါရသမတာယ။ဟူသောစကားကို အဋ္ဌကထာဆရာဆိုတော် မူသည်။ဟူလို။ ။ပစ္စဝေက္ခနာ၏ပြီးဆုံးခြင်းသည်ကိလေသာ၏ကုံခြင်း ကိုပြီးဆုံးစေသည် ဟူ၏။ကိလေသာကုံသောကာလတခြား။ ပစ္စဝေက္ခနာ ပြီးဆုံးသောကာလ တခြားဖြစ်ပါလျက် ထိုပစ္စဝေက္ခနာ၏ ပြီးဆုံးခြင်း သည်အဘယ်ကြောင့်ကိလေသာ၏ကုံခြင်းကို ပြီးဆုံးစေအပ်သနည်း။ဟူ ဘွယ်ရှိ၍။ ။ပစ္စဝေက္ခနဝါရာစကိလေသပရိယာဒါနသောဝါရာတိ ဝတ္တဗ္ဗတံအရဟန္တိ ဉာတိ။ ။ကိုဆိုပြန်ရသည်။ ။သက်သက်ကိလေ သာ၏ကုံဆဲခဏကာလကိုသာ ကိလေသာ ကုံခြင်း၏ဝါရခဏကာလ ဟုဆိုအပ်သည်မဟုတ်။ ပစ္စဝေက္ခနာဝါရကာလကိုလည်း ကိလေသာ ကုံခြင်း၏ဝါရကာလဟူ၍ပင်ဆိုထိုက်သောကြောင့် ပစ္စဝေက္ခနာ၏ပြီး ဆုံးခြင်းသည်ကိလေသာကုံခြင်းကိုပြီးဆုံးစေသည်မည်ပါ၏။ဟူလို ၊ ။ ပစ္စဝေက္ခနာဝါရကိုကိလေသပရိယာဒါန၏ဝါရဟူ၍ပင်ဆိုထိုက်သည် ဟူ၏။ အဘယ့်ကြောင့်ထိုပစ္စဝေက္ခနာဝါရကို ကိလေသပရိယာဒါန၏ ဝါရဟူ၍ဆိုထိုက်လေသနည်း။ဟူဘွယ်ရှိ၍။ ။ကိလေသပရိယာဒါ နေနအတ္တနောအနန္တရံဝိယနိပ္ဖါဒေတဗ္ဗာ။ ။ကိုဆိုပြန်ရသည်။ ။ကိ လေသာ၏ကုံခြင်းသည်မိမိ၏အခြားမဲ့ကိုကဲ့သို့ပြု၍။ဝါ။ အခြားမဟုတ် သကဲ့သို့ပြု၍ ပစ္စဝေက္ခနာဝါရကိုပြီးစေအပ်သည်၏ အဖြစ်ကြောင့်ပစ္စ ဝေက္ခနာဝါရကိုလည်း ကိလေသပရိယာဒါန၏ ဝါရဟူ၍ပင် ဆိုထိုက် သည်။ဟူလို။ ။ပစ္စဝေက္ခနာဝါရတို့ကို ကိလေသာကုံခြင်းတို့သည် ပြီးစေအပ်သည်၏အဖြစ်။ထိုသို့ပြီးစေအပ်သောကြောင့် ထိုပစ္စဝေက္ခနာ ဝါရတို့ကိုကိလေသာကုံခြင်း၏ ဝါရဟူ၍ပင်ဆိုထိုက်သည်၏အဖြစ်ကို အဘယ့်ကြောင့်သိပါသနည်း။ပစ္စက္ခအားဖြင့်ပင်သိသလော။ ဟူဘွယ်ရှိ ၍။ ။ဝိမုတ္တသ္မိံ ဝိမုတ္တမိတိဉာဏံ ဟောတီတိဝစနတော။ ။ကိုဆိုပြန် ရသည်။ ။ဝိမုတ္တသ္မိံ စသည်ကိုဟောတော်မူသောကြောင့်ယင်းပါဠိ တော်ကိုမြင်သဖြင့်ကာရိယဉာပကအားဖြင့်သိပါသည်။ဟူလို။ ၂။မဂ် လေးပါးတို့နောက်အသီးအသီးဖြစ်သော ပစ္စဝေက္ခနာ ဝါရတို့ကိုအသီး

အသီးသောမဂ်တို့ ပယ်အပ်သော ကိလေသာတို့ ကုံခြင်းသည်ပြီးစေ
အပ်သည်ဟုယူ။ ။ဩဓိသောစအနောဓိသောစကိလေသပရိယာဒါ
နေသတိသိဏှမာနာပစ္စဝေက္ခနဝါရာတေနနိပ္ဖါဒေတဗ္ဗာတိဝုတ္တာ။ ။ဟူ
သောအနုဋီကာကိုထောက်။ ။ဩဓိသောစ။ ထိုက်သည်အားလျော်
စွာအောက်မဂ်သုံးပါးသည်အချို့သောကိလေသာကိုသာပယ်အပ်သည်
ဖြစ်၍အပိုင်းအခြားရှိသောအားဖြင့်၎င်း။အနောဓိသောစ။ အရဟတ္တမဂ်
သည်ကိလေသာတို့ကိုအကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ အပိုင်းအခြားမရှိ
သောအားဖြင့်၎င်း။ ကိလေသ ပရိယာဒါနေ။ ကိလေသာတို့၏ကုံခြင်း
သည်။သတိ။ရှိသော်။သိဏှမာနာ။ပြီးကုန်သော်။ပစ္စဝေက္ခနဝါရာ။တို့ကို။
တေန။ထိုကိလေသာတို့၏ကုံခြင်းသည်။နိပ္ဖါဒေတဗ္ဗာတိ။ပြီးစေအပ်ကုန်
၏ဟူ၍။ဝုတ္တာ။ဆိုအပ်ကုန်၏။ ။ကိလေသာ၏ကုံခြင်းကိုပစ္စဝေက္ခနာ၏
ပြီးဆုံးခြင်းသည်ပြီးဆုံးစေအပ်သည် မည်သောကြောင့် ကိလေသာ၏
ကုံခြင်းဇီဝိတိန္ဒြေ၏-ကုံခြင်းနှစ်ပါးသည် တူသော ဝါရရှိသည် ဟူ၏။
ယင်းသို့ပစ္စဝေက္ခနာ၏ပြီးဆုံးခြင်းပရိသမာပနသည်ကိလေသာကုံခြင်း
၏အဆုံးကိုပြုခဲ့သော်။ ဇီဝိတိန္ဒြေကိုစုတိစိတ်သာ ကုံစေရကား။ စုတိ
စိတ်သည်လည်း ပစ္စဝေက္ခနာ ဆုံးသည်နောက်မှဖြစ်သောကြောင့်ကိ
လေသာကုံခြင်း၏ ခဏကာလဟူသော ဝါရအခြား ဇီဝိတိန္ဒြေကုံခြင်း
ခဏကာလဟူသောဝါရအခြားဖြစ်ရာသောကြောင့် သီသနှစ်ပါး၏ကုံ
ခြင်းသည်တူသောဝါရရှိသည်မဖြစ်ပါ။ဟူဘွယ်ရှိ၍။ ။တံပနပရိသ
မာပနံစုတိစိတ္တေနဟောတိ။တေနေဝစဇီဝိတပရိသမာပနဉ္စဟောတိ။ ။
ကိုဆိုပြန်ရသည်။ ။ထိုကိလေသာကုံခြင်းခဏကာလဝါရ၏ပြီးဆုံး
ခြင်းဟူသော ပစ္စဝေက္ခနာဝါရ၏ ပြီးဆုံးခြင်းသည် စုတိစိတ်ဖြင့် ဖြစ်
သည်။ ဇီဝိတိန္ဒြေကုံခြင်း၏ပြီးဆုံးခြင်းသည်လည်း ထိုစုတိစိတ်ဖြင့်ပင်
ဖြစ်သည်ဖြစ်၍ကိလေသာ၏ကုံခြင်းဇီဝိတိန္ဒြေ၏ကုံခြင်းသည်တူသော
ခဏကာလဟူသောဝါရရှိပါ၏ဟူလို။ ။ပန။သီသနှစ်ပါး၏သမဝါရ
ဖြစ်ကြောင်းကိုပြဦးအံ့။ ကိလေသပရိယာဒါနေန။ ကိလေသာ၏ကုံခြင်း
သည်။အတ္တနော။မိမိဟူသောကိလေသာကုံခြင်း၏။အနန္တရိယ။အခြား
မဲ့၌ကဲ့သို့။ဝါ။ အခြားမဟုတ်သကဲ့သို့။ကတွာ။ပြု၍။နိပ္ဖါဒေတဗ္ဗာ။ပြီးစေ
အပ်ကုံသော။ဝါ။သောကြောင့်။ပစ္စဝေက္ခနဝါရာစ။ တို့သည်လည်း။ဝါ။
တို့ကိုလည်း။ကိလေသပရိယာဒါနဿ။ကိလေသာကုံခြင်း၏။ဝါရာဝေ။

ခဏာဝါရတ္တိဟူ၍သါလျှင်။ ဝတ္တဗ္ဗတံ။ ဆိုအပ်သည့်၏အဖြစ်ကို။ ဝိရုတ္တ
သို့ဝိရုတ္တ မှိတိ ဥာဏံ ဟောတိတိ။ ဝိရုတ္တ သို့။ လ။ ဟောတိ ဟူ၍။
ဝစနတော။ ဟောတော် မူသော ကြောင့်။ အရဟတ္တ။ ထိုက် ကုန်၏။
ဋ္ဌတိတသ္မာ။ ထိုသို့ပစ္စဝေက္ခနာ ဝါရကိုလည်း ကိလေသာ ကုံခြင်း၏
သာလျှင် ဝါရဟူ၍ဆိုထိုက်သည့်၏ အဖြစ်ကြောင့်။ ပစ္စဝေက္ခနာ ပရိ
သမာပနေန။ ပစ္စဝေက္ခနာ၏ပြီးဆုံးခြင်းဖြင့်။ဝါ။ ခြင်းသည်။ ကိလေသ
ပရိယာဒါနံ။ ကိလေသာ၏ကုံခြင်းကို။သမာပိတံနာမ။ ပြီးစေအပ်သည်
မည်သည်။ဟောတိ။၏။တံပနပရိသမာပနံ။ ထိုကိလေသာကုံခြင်း၏ပြီး
ဆုံးခြင်းဖြစ်သော ပစ္စဝေက္ခနာဝါရ၏ ပြီးဆုံးခြင်းသည်လည်း။ ဝါ။ကို
လည်း။စုတိစိတ္တေန။ဖြင့်။ပရိနိဗ္ဗာနံ။ ပြတ်သည်။ဝါ။ ဖြတ်အပ်သည်။ဟော
တိ။၏။ဇီဝိတပရိယာဒါနဥ္စ။ ဇီဝိတိန္ဒြေ၏ကုံခြင်းသည်လည်း။ တေနေဝ
စုတိစိတ္တေန။ဖြင့်သာလျှင်။ဟောတိ။၏။ ဋ္ဌတိတသ္မာ။ ထိုသို့ကိလေသာ
ကုံခြင်း၏ခဏကာလဟူသောဝါရကိုပစ္စဝေက္ခနာ၏ပြီးဆုံးခြင်းဖြင့်ပြီး
ဆုံးစေအပ်သည့်၏အဖြစ်။ထိုပစ္စဝေက္ခနာဝါရပြီးဆုံးခြင်း၏လည်းစုတိ
စိတ်သည်။ဝါ။စုတိစိတ်ဖြင့်ပိုင်းဖြတ်အပ်ပြတ်သည့်၏အဖြစ်။ ဇီဝိတိန္ဒြေ
ကုံပြတ်ခြင်း၏လည်းစုတိစိတ်ဖြင့်သာဖြစ်သည့်၏အဖြစ်ကြောင့်။ ဋ္ဌမာ
ယဋ္ဌဒိသာသာယ။ ဤသို့သဘောရှိသော။ ဝါရသမတာယ။ ကိလေသာကုံ
ခြင်းဇီဝိတိန္ဒြေကုံခြင်း၏တူသောဝါရရှိသည့်၏အဖြစ်ကြောင့်။ ကိလေ
သပရိယါဒါနဇီဝိတပရိယာဒါနာနံ။ကိလေသာကုံခြင်းဇီဝိတိန္ဒြေကုံခြင်း
တို့၏။အပုဗ္ဗာစရိမတာ။ မရှေးမနှောင်း တပြိုင်တည်း၏ အဖြစ်သည်။
ဟောတိ။၏။ဋ္ဌတိ။ဤသို့နှလုံးပြု၍။ဝါ။ဋ္ဌတိတသ္မာ။ ထို့ကြောင့်။ဝါရသ
မတာယာတိ။ဟူ၍။ဝါ။ဟူသောစကားကို။ အာဟ။အဋ္ဌကထာဆရာဆို
တော်မူ၏။ ။စုတိစိတ္တေနဟောတိတိ ဋ္ဌဒံယထာဝုတ္တသကိလေသ
ပရိယာ ဒါန သမာပန ဘူတဿ ပစ္စဝေက္ခနာ ဝါရဿ စုတိစိတ္တေန
ပရိနိဗ္ဗုတ္တာဝုတ္တံ။ တသ္မာစုတိစိတ္တေနပရိစ္ဆေဒကေနပရိနိဗ္ဗုံ ဟောတိတိ
အတ္ထော။ ။ဟူသောအနုဋီကာနှင့်အညီ။ တံပနပရိသမာပနံဟောတိ။
ဟူသောမူလဋီကာ၌ ပါဌသေသနှင့်တကွ ပြည့်စုံအောင် သမ္ဗန်လိုက်
သည်။ ။စုတိစိတ္တေနဟောတိတိဋ္ဌဒံ။ ဟူသောဤစကားကို။ ယထာ
ဝုတ္တဿ။ ဆိုအပ်ခဲ့ပြီးသောအပြားရှိသော။ ကိလေသပရိယာဒါနသမာ
ပန ဘူ တ ဿ။ ကိ လေ သာ ကုံခြင်း၏ ပြီး ဆုံးခြင်း ဖြစ်၍ ဖြစ်သော။

ပစ္စဝေက္ခနဝါရသာ။ပစ္စဝေက္ခနာဝါရ၏။ဝါ။ ကို။ရုတိစိတ္တေန။ ဖြင့်။ဝါ။
သည်။ပရိစ္ဆိန္နတ္တာ။ပိုင်းခြားအပ်ဖြတ်အပ်သည်၏အဖြစ်။ပြတ်သည်၏အ
ဖြစ်ကြောင့်။ဝုတ္တံ။ဋီကာဆရာဆိုအပ်၏။ တသ္မာ။ ကြောင့်။ ရုတိစိတ္တေန
ဟောတိတိဧတ္တ။ ဟောတိဟူသော၌ဝါကျ၌။ ပရိစ္ဆေဒကေန။ ကိလေ
သာကုံခြင်းကို ပြီးဆုံးစေတတ်ပိုင်းခြားတတ်သော ပစ္စဝေက္ခနာဝါရ၏
ပြီးဆုံးခြင်းကိုပိုင်းခြားတတ်သော။ ရုတိစိတ္တေန။ ဖြင့်။တံပရိသမာပနံ။
ထိုပစ္စဝေက္ခနာဝါရ၏ပြီးဆုံးခြင်းသည်။ ပရိစ္ဆိန္နံ။ပိုင်းခြားအပ်သည်။ဖြတ်
အပ်သည်။ ဟောတိ။ ၏။ ဣတိအတ္ထော။ ဤသို့သော အနက်ကို။* ဝေဒိ
တဗ္ဗော။၏။ ။သင်္ခေပလိုရင်းအချုပ်မှာ။ ပုဂ္ဂလပညတ် အဋ္ဌကထာ
ဋီကာဆရာတို့အလိုအားဖြင့်။အရိယမဂ်သည်ပယ်အပ်သောကိလေသာ
တို့၏ကုံခြင်းသည် အသီးအသီးပစ္စဝေက္ခနာ ဉာဏ်တို့ဖြစ်ပြီးမှပြီးဆုံးရ
ကားထိုပစ္စဝေက္ခနာဝါရတို့ကို ကိလေသာကုံခြင်း၏ပင်ခဏကာလဟူ
သော ဝါရဟုယူ၍ ထိုပစ္စဝေက္ခနာဝါရတို့၏ ပြီးဆုံးခြင်းကိုလည်း ဇီဝိ
တိန္ဒြေကိုကုံစေတတ်သော ရုတိစိတ်ဖြင့်ပိုင်းခြားအပ်လေသောကြောင့်
အရဟတ္တမဂ္ဂဝိတိနောင်စတုတ္ထပစ္စဝေက္ခနာဝါရအဆုံး၌ အခြားမဲ့
၌ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်ကိုတပြိုင်တည်းပင်ကိလေသသီသဖြစ်သော
အဝိဇ္ဇာ။ ပဝတ္တသီသဖြစ်သောဇီဝိတိန္ဒြေဟူသောသီသနှစ်ပါးကုံခြင်းရှိ
သောကြောင့် ဇီဝိတသမသီသိပုဂ္ဂိုလ်ဟု ဆိုအပ်သည်။ ဟူလို၏။ ။
သံယုတ်အဋ္ဌကထာအလိုသော်အစဉ်အတိုင်းဖြစ်ကုံသောအရဟတ္တမဂ်
စိတ်အရဟတ္တဖိုလ်စိတ်ဘဝင်စိတ်ပစ္စဝေက္ခနာစိတ် ရုတိစိတ်တို့သည်
အသီးအသီးမိမိတို့ကိစ္စကိုပြု၍အသီးအသီးသောဝါရရှိကြသည်ပင်ဖြစ်
သော်လည်းအရဟတ္တမဂ်သည်ကုံစေအပ်သောကိလေသသီသဖြစ်သော
အဝိဇ္ဇာ၏ကုံခြင်း။ရုတိစိတ်သည်ကုံစေအပ်သောပဝတ္တသီသဖြစ်သော
ဇီဝိတိန္ဒြေ၏ကုံခြင်းဟူသော သီသနှစ်ပါး၏ ကုံခြင်းသည်အသီးအသီး
သော်ခဏကာလဝါရပင်ရှိသော်လည်းစိတ်တို့၏လက်ဖြစ်တတွက်လျှပ်
တပြက်မျက်စိတမှိတ်ခန့်ကာလ၌ပင်ကုဋေမကအကြိမ်များစွာဖြစ်သည်
ဖြစ်၍လျှင်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်တခုတည်းသောခဏ
ကာလ၌ပင်တပြိုင်တည်းဖြစ်သကဲ့သို့ထင်ရသည်ဖြစ်၍ထိုသို့ပရိနိဗ္ဗာန်
ပြုသောပုဂ္ဂိုလ်ကို မရှေးမနှောင်း တပြိုင်တည်းသီသနှစ်ပါးကုံခြင်းရှိ
သောကြောင့်ဇီဝိတသမသီသိဟုဆိုအပ်သည်။ဟူလို၏။ ။အရဟတ္တ

မဂ်ကိုရပြီးနောက်ဖြစ်သော ပစ္စဝေက္ခနာသသာ လိုရင်း ဖြစ်လျက်ပုဂ္ဂလ ပညတ်အဋ္ဌကထာ၌ပစ္စဝေက္ခနာ ၁၉ ဝါရလုံးကို ပြသောကြောင့်ပုထု ဇဉ်အဖြစ်၌တည်၍ဝိပဿနာကိုအါးထုတ်သဖြင့်အစဉ်အတိုင်းမဂ်လေး ပါးတို့ကိုရ၍ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်၏အစွမ်းဖြင့်ဇီဝိတသမ သီသိအ ရကိုယူသည်။သံယုတ်အဋ္ဌကထါ၌အရဟတ္တမဂ်ကိုရပြီးမှနောက်၌ဖြစ် သောပစ္စဝေက္ခနာကိုသာပြသောကြောင့် ပုထုဇဉ်အဖြစ်၌ တည်၍ဖြစ် စေ။ သောတာပန်သကဒါဂါမ်အနာဂါမ်အဖြစ်၌တည်၍ဖြစ်စေဝိပဿ နာကိုအားထုတ်သဖြင့်အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်၏အစွမ်း ဖြင့်ယူသည်။ ။ဤ၌သမသီသိဟူသောပုဒ်ကို။ ။သီသသဿပရိယာ ဒါနံသီသံ။ ဟုဥတ္တရပဒလောပဆဋ္ဌီတပ္ပုရိသ်သမာသ်ပြုပြီးမှ။ သမံသီ သံဧတဿာတိသမသီသီ။ ဟုစတုတ္ထိဗဟုဗ္ဗိဟိ သမာသ်ပြု။ ။သီ သဿ။ အဝိဇ္ဇာဟူသော ကိလေသသီသ။ ဇီဝိတိန္ဒြေဟူသော ပဝတ္တ သီသနှစ်ပါး၏။ပရိယါဒါနံ။ကုံခြင်းတည်း။သီသံ။၏ကုံခြင်း။ဧတဿ။ထို ပုဂ္ဂိုလ်အား။သမံ။မရှေးမနှောင်းတပြိုင်တည်းတူမျှသော။ သီသံ။အဝိဇ္ဇာ ဟူသော ကိလေသသီသ၏ကုံခြင်း ဇီဝိတိန္ဒြေဟူသော ပဝတ္တသီသ၏ ကုံခြင်းသည်။အတ္ထိ။ရှိ၏။ဇာတိတသ္မာ။ကြောင့်။သော။ ထိုပုဂ္ဂိုလ်သည်။ သမသီသိ။ သိမည်၏။ ။ဇ္ဈရိယာပထသမသီသိစသည်ကို ပုဂ္ဂလပ ညတ်အဋ္ဌကထာ အလိုအားဖြင့်။ ။ဇ္ဈရိယာ ပထေဋ္ဌိတောသမသီသိ ဇ္ဈရိယာပထသမသီသိ။ ရောဂေဋ္ဌိတောသမသီသိရောဂသမသီသိ။ ဟု ပြု။ ။ဇ္ဈရိယာပထေ။ဇ္ဈရိယာပုတ် ၄ ပါးတွင်တပါးပါးသော ဇ္ဈရိယာ ပုတ်၌။ဌိတော။တည်စဉ်။ သမသီသိ။မရှေးမနှောင်းတပြိုင်တည်းအဝိဇ္ဇာ ဇီဝိတိန္ဒြေဟူသောသီသနှစ်ပါး၏ကုံခြင်းရှိသောပုဂ္ဂိုလ်သည်။ ဇ္ဈရိယာ ပထသမသီသိ။ သိမည်၏။ ရောဂေ။ တပါးပါးသောအနာရောဂါ၌။ ဌိ တော။စဉ်။သမသီသိ။သည်။ ရောဂ သမသီသိ။သိမည်၏။ ။သံယုတ် အဋ္ဌကထာအလိုသော်။ ။ဇ္ဈရိယာပထသသပရိယာဒါနံဇ္ဈရိယာပထေါ။ ရောဂဿပရိယာဒါနံရောဂေါ။ ဟု၊ဥတ္တရပဒလောပတပ္ပုရိသ်ပြု။သီသ သဒ္ဒါကိုလည်း။သီသဿပရိယာဒါနံသီသံဟုရှေးနည်းပင်ပြု။သီသအရ ကိုကား။အဝိဇ္ဇာဟူသောကိလေသသီသကိုယူ၍။ ဇ္ဈရိယာပထေနသမံ သီသံဧတဿါတိဇ္ဈရိယါပထသမသီသိ။ရောဂေနသမံသီသံဧတဿါ တိရောဂသမသီသိ။ ဟုပြု။ ။ဧတဿ။အား။ဇ္ဈရိယာပထေန။ဇ္ဈရိယ္ယာ

ပုတ်၏ကုံပြတ်ပြီးဆုံးခြင်းနှင့်။ သမံ။ မရှေးမနှောင်း တပြိုင်တည်းတူမျှ
သော။သိသံ။အပိဇ္ဇာဟူသောကိလေသာသိသ၏ပြီးဆုံးခြင်းသည်။ အဓ္ဓိ။
၏။ ဉာတိတဿာ။ ကြောင့်။သော။သည်။ ဉာရိယာပထသမသိသိ။ ၏။ဧ
တဿ။အား။ရောဂေန။စွဲရောက်သော ရောဂါ၏ကင်းငြိမ်းကုံပြတ်ခြင်း
နှင့်။သမံ။ သော။သိသံ။သည်။အဓ္ဓိ။၏။ ဉာတိတဿာ။ ကြောင့်။ သော။
သည်။ရောဂသမသိသိ။သိမည်၏။ ။ဇီဝိတသမသိသိ၌လည်း။ ။ဇီ
ဝိတမေဝသိသံ၊ဇီဝိတံ။ဇီဝိတဿပရိယါဒါနံဇီဝိတံ။ဟုရှေးနည်းဥဒ္ဒရ
ပဒလောပပြု၍။ ဇီဝိတေနသမံသိသံဧတဿာတိဝိတသမသိသိ။ ဟူ၍
ပင်ပြု။ ။ဧတဿ။အား။ ဇီဝိတေန။ ဇီဝိတိန္ဒြေဟူသောပဝတ္တသိသ၏
ကုံခြင်းနှင့်။ သမံ။သော။ သိသံ။သည်။အဓ္ဓိ။၏။ ဉာတိတဿာ။ ကြောင့်။
သော။သည်။ဇီဝိတသမသိသိ။သိမည်၏။

ဤပုဂ္ဂလပညတ်အဋ္ဌကထာ၌ဘဝဂ်ံဩတရိတွာဝယ်ဘဝဂ်အရကို
စုတိစိတ်ကိုယူ။ ထိုကိုယူသင့်သည်ကိုလည်း။ ။ဘဝဂ်ံဩတရိတွာ
ပရိနိဗ္ဗာယတိတိ ဧတ္ထ ပရိနိဗ္ဗာနစိတ္တမေဝဘဝင်္ဂေါ တရဏာ ဘာဝေန
ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။ဟူသောရင်းမူလဋီကာကိုထောက်၍သိလေ။ ။ဘ
ဝဂ်ံဩတရိတွာပရိနိဗ္ဗာယတီတိဧတ္ထ။ ယတိဟူသောဤစကား၌။ ပရိ
နိဗ္ဗာနစိတ္တမေဝ။စုတိစိတ်ဟူသောပရိနိဗ္ဗါနစိတ်ကိုသာလျှင်။ဘဝင်္ဂေါ
တရဏာဘာဝေန။ ဘဝင်သို့သက်သည်၏အဖြစ်ဖြင့်။ ဝုတ္တံ။ အဋ္ဌကထာ
ဆရာဆိုတော်မူအပ်၏။ဣတိ။သို့။ဒဋ္ဌဗ္ဗံ။၏။ ။ယခင်ပြဆိုခဲ့သော။ ။
ဘဝင်စိတ္တေန အဗျာကတေနဒုက္ခသစ္စေနပရိနိဗ္ဗာယိ။ ။ဘဝင်စိတ္တေ
နအဗျာကတေနဒုက္ခသစ္စေနကာလံကရောတိ။ ။ဟူသောသုတ်မဟာ
ဝါမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာဝယ်ဘဝင်စိတ္တေန၌ ဘဝင်စိတ္တအရ
ကိုလည်းစုတိစိတ်ကိုပင်ယူ။ထိုကိုယူသင့်သည်ကိုကား။ ပရိနိဗ္ဗာယိဟူ
သောကြိယာ၊ ကာလံကရောတိဟူသောကြိယာတို့၏ ကရိဏ်းထား၍
ဆိုတော်မူသည်ကိုထောက်၍သိလေ။ ။အရဟာပကတိစိတ္တေ၌တော
ပရိနိဗ္ဗာယိ။ ။အရဟာ၊ ရဟန္တာသည်။ဝါ။ ရဟန္တာဖြစ်သောမြတ်စွာ
ဘုရားသည်။ပကတိစိတ္တေ။ ဘဝင်စိတ်ဟူသောပကတိစိတ်၌။ဝါ။ပက
တိစိတ်ဟူသောစုတိစိတ်၌။ဌိတော။တည်တော်မူသည်ဖြစ်၍။ပရိနိဗ္ဗာ
ယိ။ပရိနိဗ္ဗာန်ပြုသလော။ ။ဤကထာဝတ္ထုပါဠိတော်၌ စုတိစိတ်ကို
ပင်၊ ပကတိစိတ်ဟူ၍လည်း ဟောတော်မူသည်။ ။ဤပါဠိတော်၌

ပကတိစိတ္တအရကို ဘဝင်စိတ် ရုတိစိတ်ဟု ယူရမည်ကို အဘယ်ကို
ထောက်၍သိပါသနည်း။ဟူမူ။ ။ပကတိစိတ္တေတိဘဝင်္ဂစိတ္တေ။သမ္ဗေ
ဟိသညီနောသတ္တာဘဝင်္ဂ စိတ္တေဋ္ဌိတာ ဘဝင်္ဂပရိယောသာနေန ရုတိ
စိတ္တေနကာလံကရောန္တိ။ ။ဟူသော ကထာဝတ္ထု[အဋ္ဌကထာ။ ။
ဘဝင်္ဂစိတ္တေတိ ဘဝင်္ဂပရိယော သာနတ္တာ ရုတိစိတ္တံ ဘဝင်္ဂစိတ္တန္တိအာ
ဟ။ ။ဟူသောရင်းမူလဋီကာ။ ။သမ္ပယုတ္တ ဓမ္မာ ရမ္မဏာဒိတော
ဘဝင်္ဂသဒိသတ္တာရုတိစိတ္တံဘဝင်္ဂန္တိအာဟ။ ။ဟူသောရင်းအနုဋီကာ
တို့ကိုထောက်၍သိပါသည်။ ဟူလေ။ ။ပကတိစိတ္တေတိ။ ဟူသည့်
ကား။ဘဝင်္ဂစိတ္တေ။ဋ္ဌ။ဟိသစ္စံ။ပကတိစိတ်ဟူသည်ဘဝင်စိတ်ဟု ငါဆို
သောစကားမှန်၏။ သညီနော။သညာရှိကုန်သော။ သဗ္ဗေ။ ကုန်သော။
သတ္တာ။ အသညသတ်ပုဂ္ဂိုလ်မှတပါးသော သတ္တဝါတို့သည်။ ဘဝင်္ဂ
စိတ္တေ။ ဋ္ဌ။ဋ္ဌိတာ။၍။ ဘဝင်္ဂ ပရိယောသာနေန။ ဥပပတ္တိဘဝ၏မပြတ်မ
ပျက်ကြောင်း။ဥပပတ္တိဘဝ၏အစိတ်ဖြစ်၍ဘဝင်္ဂမည်သောစိတ်တို့တွင်
အဆုံးစွန် ဘဝင်စိတ်ဖြစ်သော။ ဝါ။ ဘဝင်စိတ်နှင့် ဘုံဇာတ်သမ္ပယုတ်
သင်္ခါရအာရုံအားဖြင့်တူ၍ ဘဝင်္ဂမည်သော အဆုံးစွန်စိတ်ဖြစ်သော။ရု
တိစိတ္တေန။ဖြင့်။ကာလံကရောန္တိ။သေကုန်၏။ ။ဘဝင်္ဂစိတ္တေတိဣတ္တ။
ဋ္ဌ။ဝါ။ဘဝင်္ဂစိတ္တေတိဤမိနာ။ဖြင့်။ဘဝင်္ဂပရိယောသါနတ္တာ။ဥပပတ္တိဘဝ
၏မပြတ်ကြောင်းဥပပတ္တိဘဝ၏အစိတ်ဖြစ်သောစိတ်တို့တွင်။ဝါ။ တို့၏
အဆုံးစွန်စိတ်ဖြစ်သည်၏အဖြစ်ကြောင့်။ရုတိစိတ္တံ။ကို။ဘဝင်္ဂန္တိ။ ဘဝင်္ဂ
ဟူ၍။ အာဟ။ အဋ္ဌကထာဆရာဆိုတော်မူ၏။ ။သမ္ပယုတ္တဓမ္မာရမ္မ
ဏာဒိတော။ သမ္ပယုတ္တဓမ္မအာရုံစသော အားဖြင့်။ဝါ။ သမ္ပယုတ်အာရုံ
ဘုံဇာတ်သင်္ခါရအားဖြင့်။ ဘဝင်္ဂသဒိသတ္တာ။ ဘဝင်စိတ်နှင့်တူသည်၏
အဖြစ်ကြောင့်။ရုတိစိတ္တံ။ကို။ ဘဝင်္ဂန္တိ။ဟူ၍။အာဟ။ အဋ္ဌကထာဆရာ
ဆိုတော်မူ၏။ ။ဤအဋ္ဌကထာဋီကာတို့၌အဓိပ္ပါယ်ကိုပြဦးအံ့။ ။စ
တုက္ကနည်းအားဖြင့်ရူပါဝစရစတုတ္ထဈာန်စိတ် ၃ ခု။ပဉ္စကနည်းအားဖြင့်
သော်ရူပါဝစရပဉ္စမဈာန် ၃ခု။အရူပစိတ် ၁၂ ခု။ဤစိတ် ၁၅ခုတို့သည်တုန်
လှုပ်ခြင်းကင်းသောကြောင့် အာနေဉ္ဇမည်ကြကုန်သည်ချည်း။ ထိုတွင်
ဝိပါက်ကြိယာဖြစ်သောစိတ် ၁၀သည်အဗျာကတဖြစ်၍အကျိုးကိုမဖြစ်
စေတတ်သောကြောင့် အာနေဉ္ဇာဘိသင်္ခါရကားမမည်။ ရူပကုသိုလ်
စိတ်သည်လည်းအာနေဉ္ဇအဖြစ်ဖြင့်မိမိနှင့်တူသောရူပဝိပါက်၊မိမိနှင့်မ

တူသောကမ္မဇရုပ်အားဖြင့်တူမတူသော အကျိုးကိုဖြစ်စေတတ်သော ကြောင့်အာနေဉ္စာဘိသင်္ခါရမမည်။ အရူပကုသိုလ်စိတ်၄ခုတို့မှကားမိ မိတို့နှင့်အနေဉ္စအဖြစ်ဖြင့်တူသောအရူပဝိပါက်ဟူသော အကျိုးကိုသာ ဖြစ်စေတတ်သောကြောင့် အာနေဉ္စာဘိသင်္ခါရမည်ကုန်သည်။ မြတ်စွာဘုရားသည်ပရိနိဗ္ဗာန် ပြုတော်မူခါနီးကာလဝယ် ရူပါဝစရကြိယာ စတုတ္ထဈာန်သမာပတ်ကိုဝင်စားတော်မူ၍ထိုသမာပတ်ကိုဝင်းစားစဉ် သမာပတ်၌တည်၍။ ၎င်းရူပကြိယာဈာန်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ သည်ဟုမှတ်ထင်၍။ ထိုရူပကြိယာစတုတ္ထဈာန်စိတ်သည်လည်းပြဆိုခဲ့ သည်အတိုင်းအာနေဉ္စမည်ရကားမြတ်စွာဘုရားသည် အာနေဉ္စသမာ ပတ်ကိုဝင်စားစဉ်။ ထိုအာနေဉ္စဈာန်၌တည်၍၎င်းစိတ်ဖြင့်ပရိနိဗ္ဗာန်ပြု တော်မူ၏ဟုအယူရှိသော ဥတ္တရာပထတိုင်းသား အချို့သောရဟန်းတို့ ကဲ့သို့ယူ၍။အရဟာအာနေဉ္စေဌိတောပရိနိဗ္ဗာယိ။ ။ဟုပြောလေ့ရှိ သောပရဝါဒီပုဂ္ဂိုလ်တို့၏ အယူဝါဒကို ပယ်မြစ်ခြင်းငှါ မြတ်စွာဘုရား သည်ပကတိစိတ်၌ တည်၍ ပရိနိဗ္ဗာန်ပြုကြောင်းကို ပြရာဝယ်ပကတိ စိတ္တေဟုဟောတော်မူသောကြောင့်ထိုအာနေဉ္စဖြစ်သောရူပကြိယာစ တုတ္ထဈာန်စိတ်သည်၏ ဘဝယူခဲ့ရင်းမူလ ပဋိသန္ဓေစိတ်နှင့် ဘုံဇာတ် သမ္ပယုတ်သင်္ခါရအာရုံအားဖြင့်မတူသောကြောင့် ဝိကတိစိတ်သာမည် သည်ဟုဆိုရာရောက်သည်။ ယင်းသို့ပဋိသန္ဓေစိတ်နှင့်ဘုံဇာတ်စသည် တွင်တပါးပါးမတူသောစိတ်ကိုဝိကတိစိတ်ဟု ဆိုအပ်ကလည်း၏အာ နေဉ္စဖြစ်သောရူပကြိယာစတုတ္ထဈာန်ကဲ့သို့ ပဋိသန္ဓေစိတ်နှင့်ဘုမ္မိဇာ တိသမ္ပယုတ္တဓမ္မသင်္ခါရအာရုံတို့တွင်တပါးပါးမတူသည်သာဖြစ်သော် ဝိထိစိတ်ဟူသမျှသည်ပင်ပဋိသန္ဓေစိတ်မှထိုဘုံဇာတ်စသည်ဖြင့် မတူ ကွဲပြားထူးခြား ဖောက်ပြန်သော ဖြစ်ခြင်းရှိသောကြောင့် ဝိကတိစိတ် မည်သည်ဖြစ်၍ထိုဝိထိစိတ်တို့မှ တပါးအခြားစိတ်ဟူက ဘဝင်စိတ်စု တိစိတ်တို့သာဖြစ်သည်။ထိုဘဝင်စုတိစိတ်တို့သည်လည်းမူလရင်းပဋိ သန္ဓေစိတ်နှင့်ဘုံဇာတ်သမ္ပယုတ်သင်္ခါရအာရုံအါးဖြင့်အလုံးစုံတူသည် သာဖြစ်၍တစုံတရာထူးထွေဖောက်လွဲ ကွဲပြားမရှိပကတိမူလရင်းပဋိ သန္ဓေအတိုင်းဖြစ်သောကြောင့် ပကတိစိတ္တေ၌ ပကတိစိတ်အရကိုဘ ဝင်စိတ်ကိုယူလေဟုပြတော်မူလိုသောအဋ္ဌကထာဆရာသည်။ပကတိ စိတ္တေကိုဘဝင်္ဂစိတ္တေ။ဟုဖွင့်ပြတော်မူသည်။ ။အရှင်အဋ္ဌကထာ

ဆရာ။ပကတိစိတ္တေတိဘာဝင်္ဂစိတ္တေ။ ဟုပကတိစိတ်အရကိုဘဝင်စိတ်ကိုယူသင့်ကြောင်းကိုပြဆိုတော်မူ၏။ ဂင်္ဂါဝါလုသဲစုမကပွင့်တော်မူလေသမျှသောသဗ္ဗညုမြတ်စွာဘုရားဟူသမျှသည် ရူပါဝစရကြိယာစေတုတ္ထဈာန်ဟူသောအာနေဉ္စသမာပတ်၌ တည်၍သာပရိနိဗ္ဗာန်ပြုမြဲဖြစ်ခဲ့သော်ငါတို့မြတ်စွာဘုရားသည် ရှေးသဗ္ဗညုရှင်တော်ဘုရားတို့ ပရိနိဗ္ဗာန်ပြုနေကြပကတိစိတ်၌တည်၍ ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု ယူခဲ့သော်ပုရဝါဒီတို့ဆိုသည်အတိုင်း ပကတိစိတ်အရသည်လည်း ရူပါဝစရကြိယာစတုတ္ထဈာန်ပင်ဖြစ်ရာခဲ့၏။ ယင်းသို့ဖြစ်က။ ပကတိစိတ်အရကိုဘဝင်စိတ်ကိုယူ၍ပကတိစိတ္တေတိဘာဝင်္ဂစိတ္တေ။ဟုဖွင့်ပြသော်ဆရာစကားမသင့်မမှန်ရာ။ဟူဘွယ်ရှိ၍။ သဗ္ဗေဟိစသောစကားကိုဆိုပြန်ရသည်။ ။သဗ္ဗာဟိ ဘဝင်္ဂစိတ္တေဌိတာ ကာလံကရောန္တိ။ သာဆိုလိုရင်း။ ။သတ္တဝါတို့သည်ဘဝင်စိတ်၌တည်၍စုတေမြဲဖြစ်ရကားငါ့စကားသင့်ပါဟုတ်မှန်ပါ၏။ဟူလို။ ။သတ္တဝါတို့သည်ဘဝင်စိတ်၌တည်၍စုတေမြဲဖြစ်သောကြောင့်မြတ်စွာဘုရားသည်လည်း သတ္တဝါ၌အကျုံးဝင်သောပုဂ္ဂိုလ်ပင်ဖြစ်ရကား ပကတိစိတ်၌တည်၍ပရိနိဗ္ဗာန်ပြုကြောင်းကိုပြရာဝယ်ပကတိစိတ္တေအရကိုဘဝင်္ဂစိတ္တေဟုကောက်ယူခြင်းသည်သင့်မှန်သည်သာဖြစ်သည်ဟု။ ။သဗ္ဗာဘဝင်္ဂစိတ္တေဌိတါ ကာလံကရောန္တိ။ ဟူသောယုတ္တိဒင္ဂိစကားကိုအဋ္ဌကထာ ဆရာဆို၏။ မြတ်စွာဘုရားမူကား။ ။ရူပေခေါရာဓယောရာဂေါယောဆန္ဒောယာနန္ဒိ။ တတြသတ္တောတတြဝိသတ္တောတသ္မာသတ္တောတိဝုစ္စတိ။ ဝေဒနာယခေါရာဓ။လ။ သညာယခေါရာဓ။လ။သင်္ခါရေသုခေါရာဓ။လ။ဝိညာဏေခေါရာဓယောရာဂေါယောဆန္ဒောယာနန္ဒိ။ တတြသတ္တောတတြဝိသတ္တော တသ္မာသတ္တောတိ ဝုစ္စတိ။ ။ရာဓ။ ရာဓ။ ရူပေ။ ရုပ်၌။ရူပက္ခန္ဓာ၌။ယောရာဂေါ။အကြင်တပ်မက်မောခြင်းသည်။ ယောဆန္ဒော။အကြင်လိုချင်ခြင်းသည်။ ယာနန္ဒိ။အကြင်နှစ်သက်ခြင်းသည်။ အတ္ထိ။၏။ ယောပုဂ္ဂလော။သည်။ ယသ္မာ။ကြောင့်။ တတြတသ္မိံ ရူပေ။ ၌။တေနရာဂေန။ထိုတပ်မက်မောခြင်းဟူသော တဏှာလောဘဖြင့်။ တေနဆန္ဒေန။ဖြင့်။တာယနန္ဒိယာ။ ဖြင့်။သတ္တော။ တွယ်တာကပ်ငြိတတ်၏။ တတြတသ္မိံ ရူပေ။၌။ဝိသတ္တော။အထူးသဖြင့်ကပ်ငြိတတ်၏။တသ္မာ။ ကြောင့်။သောပုဂ္ဂလော။ကို။သတ္တောတိ။သတ္တဟူ၍။ဝုစ္စတိ။၏။ ။တတြတာယ

ဝေဒနာယ။ ၌။ လ။ တတြတာ်ယသညာယ။ ၌။ လ။ တတြတေသုသင်္ခါရေသု။ တို့၌။ လ။ တတြတသ္မိံဝိညာဏေ။ ၌။ လ။ ဟူ၍ခန္ဓာငါးပါးတို့၌တဏှာဖြင့်တွယ်တာကပ်ငြိတောင့်တနှစ်သက်တတ်သော ပုဂ္ဂိုလ်ကိုသာသတ္တဟုခေါ်ဆိုအပ်ကြောင်းကိုဟောတော်မူသည်။ ခန္ဓာငါးပါးတို့၌ တွယ်တာကပ်ငြိတောင့်တနှစ်သက်ခြင်းလောဘသည်လည်းဆန္ဒရာဂမကင်းသေးသောပုထုဇန် သေက္ခဟူသောသဆန္ဒရာဂပုဂ္ဂိုလ်၌သာရှိသည်။ နိဿန္ဒရာဂဖြစ်သောခီဏာသဝပုဂ္ဂိုလ်တို့၌မရှိ။ ယင်းသို့မရှိကာသဆန္ဒရာဂဖြစ်သော ပုထုဇန်သေက္ခတို့သာ သတ္တမည်ရာသည်။ နိဿန္ဒရာဂဖြစ်သောခီဏာသဝပုဂ္ဂိုလ်တို့သတ္တမမည်ရာ။ ယင်းသို့မမည်ကလည်းသတ္တဝါတို့ကားဘဝင်စိတ်၌တည်၍စုတေကုန်သည်ပင်ဖြစ်သော်လည်း။ နိဿန္ဒရာဂဖြစ်သောမြတ်စွာဘုရားသည် ဘဝင်စိတ်၌တည်၍ ပရိနိဗ္ဗာန်ပြုတော်မူသည်မဖြစ်ရာ။ ယင်းသို့မဖြစ်ကလည်းပရဝါဒီတို့ ယူသည် ဆိုသည် အတိုင်းရူပါဝစရကြိယာ စတုတ္ထဈာန်ဟူသော အာနေဉ္ဇ စိတ်၌တည်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏ဟူသောစကားသည်အမှန်ပင်ဖြစ်ရာ၏။ ယင်းသို့မှန်ကလည်း မြတ်စွာဘုရားသည် ပကတိစိတ်၌တည်၍ ပရိနိဗ္ဗာန် ပြုတော်မူကြောင်းကို ပြရာပကတိ စိတ္တေအရကို ဘဝင်စိတ္တေဟု ပြဆိုသောစကား၏ ဟုတ်မှန်ခိုင်ခန့်မြဲမြံသည်၏ အဖြစ်ကို ပြီးစိမ့်သောငှာ။ သတ္တာပဟိဘဝင်စိတ္တေဌိတာကာလံကရောန္တိ။ ဟူသောယုတ္တိဒဋ္ဌိစကားဖြင့်ပြီးစေသော်လည်း ရည်ရွယ်သည်အတိုင်း မပြီးရာသည်သာ ဖြစ်၍။ ပကတိစိတ္တေကိုဘဝင်စိတ္တေဟု ဖွင့်ပြသောအဋ္ဌကထာဆရာ၏စကားသည်မသင့်ရာသည်သာဖြစ်ပါပေသည်မဟုတ်လော။ယူခဲ့မူ။ ။ရူပါဒီသုသတ္တာဝိသတ္တာတိသတ္တာ။ တဿာပနပညတ္တိယာ ခန္ဓသန္တာနေနိရုဠှဘာဝတောနိဿန္ဒရာဂါပိ သတ္တာတိဝုစ္စန္တိ။ ။ယေပုဂ္ဂလာ။ တို့သည်ရူပါဒီသု။ ရုပ်စသည်တို့၌။ ဝါ။ ရုပ်ဝေဒနာ သညာသင်္ခါရဝိညာဏ်တို့၌။ သတ္တာဝိသတ္တာ။ တဏှာဖြင့်သာယာတပ်မက် လိုချင်နှစ်သက်တတ်ကုန်၏။ ဣတိတသ္မာ။ ကြောင့်။ တေပုဂ္ဂလာ။ တို့သည်။ သတ္တာ။ သတ္တမည်ကုန်၏။ ပန။ စောဒနာဖွယ်ကိုပယ်ဦးအံ့။ ပန။ ထိုသို့ခန္ဓာငါးပါး၌ တပ်မက်နှစ်သက်သောကြောင့် သတ္တမည်သည်ဟူခဲ့ကာသဆန္ဒရာဂပုဂ္ဂိုလ်တို့သာ သတ္တမည်ကုန်ရာသော်လည်း။ တဿာပညတ္တိယာ။ ထိုသတ္တဟူသော နာမပညတ်၏။ ခန္ဓသန္တာနေ။ မည်သူခန္ဓာဟုရွေးချယ်မရှိသာမညသဗ္ဗ

သာဓာရဏဖြစ်သော ခန္ဓာအစဉ်ဟူသော အံတ္တပညတ် အနက် ဒြဗ်၌။ နိရုဋ္ဌဘာဝတော။ ထင်သည်၏ အဖြစ်ကြောင့်။ နိဿန္ဒရာဂါပိ။ကင်းပြီးသော ဆန္ဒရာဂ ရှိကုန် သော နိဿန္ဒ ရာဂ ခီဏာသဝ ပုဂ္ဂိုလ် တို့ကိုလည်း။ သတ္တာ တိ။ အထင် ရုဠှီ အတွင် ရုဠှီ အ တင် ရုဠှီ ဟူ သော ရုဠှီ ၃ ပါး တွင် အထင်ရုဠှီ အားဖြင့် သတ္တ မည်ကုန်၏ ဟူ၍။ ဝုစ္စန္တိ။ကုန်၏။ ။ဤသို့ မူလ ဋီကာ၌ ဆိုသော ကြောင့်။ ရူပေခေါ်ရာဝ အစရှိသည်ဖြင့်ခန္ဓာငါးပါးတို့၌နှစ်သက်မက်မောတတ်သောပုဂ္ဂိုလ်ကိုသတ္တ ဟုဆိုအပ်ကြောင်း ဟောတော်မူသည် အမှန်ပင်ဖြစ်သော်လည်းသတ္တ ဟူသောနာမပညတ်၏ သဆန္ဒနိဿန္ဒရာဂမဟူ သာမည ခန္ဓာအစဉ်ဟူသောအတ္တပညတ် အနက်ဒြဗ်၌သာထင်သည်ဖြစ်၍ သဆန္ဒရာဂပုဂ္ဂိုလ်တို့သာသတ္တမမည်ဘဲ။သဆန္ဒရာဂနိဿန္ဒရာဂရှိသမျှ ပုဂ္ဂိုလ်အားလုံးပင်သတ္တမည်ပါကုန်၏။ ။ဘူတပုဗ္ဗဂတိယာဝါသတ္တတာဝေဒိတဗ္ဗာ။ ။ဝါ။ မူလဋီကာဆရာပြဆိုသော အထင်ရုဠှီနည်းမှတပါး။ အတွင်ရုဠှီဟူသောဘူတပုဗ္ဗဂတိကနည်းတပါးကိုဆိုအံ့။ဘူတပုဗ္ဗဂတိယါ။သကတ်ရှိစဉ်ရှေးကာလ ရအပ်သောအမည်၏ သကတ်ကင်းသည့်တိုင်အောင် တွင်ခြင်းဟူသောအတွင်ရုဠှီဖြစ်သော ဘူတပုဗ္ဗ ဂတိကနည်းအားဖြင့်။ သတ္တတာ။ နိဿန္ဒရာဂ ပုဂ္ဂိုလ်တို့၏သတ္တ မည်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ။၏။ ။ဤအနုဋီကာအလိုအားဖြင့်လည်း။ ရူပက္ခန္ဓာ စသည်တို့၌ တဏှာဖြင့် တောင့်တတပ်မက် နှစ်သက်တွယ်တာ ကပ်ငြိတတ်သော ကြောင့်သဆန္ဒရာဂပုဂ္ဂိုလ်တို့သာ မုချအားဖြင့် သတ္တမည်ရင်းဖြစ်သော်လည်း။ အတွင်ရုဠှီနည်း ဘူတ ပုဗ္ဗဂတိက နည်းအားဖြင့် သဆန္ဒရာဂ ပုဂ္ဂိုလ်လက်ထက်၌ရအပ်သောသတ္တဟူသောဝေါဟာရနာမပညတ်၏ ဆန္ဒရာဂကင်းပြီးသော နိဿန္ဒရာဂ လက်ထက်တိုင်အောင် လိုက်၍တွင်သောကြောင့်နိဿန္ဒရာဂပုဂ္ဂိုလ်တို့လည်းသတ္တမည်ပါကုန်၏။ ။ထိုသို့ မူလဋီကာ အလိုအထင်ရုဠှီအားဖြင့် အနုဋီကာအလိုဘူတပုဗ္ဗဂတိကနည်း အတွင်ရုဠှီအားဖြင့် နိဿန္ဒရာဂဖြစ်သော ခီဏာသဝတို့လည်း သတ္တမည် ကုန်သည် သတ္တဝါ၌ အကျုံးဝင်ကုန်သည်သာ ဖြစ်ရကား။ သတ္တာဟိ ဘဝဂ်စိတ္တေဌိတာကာလံကရောန္တိ။ ဟူသောယုတ္တိဒဋ္ဌိစကားဖြင့် ပကတိစိတ္တေကိုဘဝဂ်စိတ္တေဟုဖွင့်ပြခြင်း၏ ဟုတ်မှန်သင့်မြတ်သည်၏ အဖြစ်ကိုပြီးစေခြင်းသည် သင့်ပါပေသည်သာ။ ဟူလေ။ ။သတ္တဝါတို့

သဉ်ဘဝင်စိတ်၌တည်၍ရတေမြဲအရိုးဖြစ်၍ မြတ်စွာဘုရားသည်လည်း သတ္တမဉ်သဉ်သတ္တဝါ၌အကျိုးဝင်သဉ်ပင်ဖြစ်ရကားဘဝင်စိတ်၌တည် ၍ပင် ပရိနိဗ္ဗာန် ပြုရသောကြောင့် ပကတိစိတ်၌တည်၍ ပရိနိဗ္ဗာန်ပြု ကြောင်းကို ပြရာဝယ် ပကတိစိတ်အရကို ဘဝင်စိတ်ကိုယူ၍ ပကတိ စိတ္တေကိုဘဝင်္ဂစိတ္တေဟုဘွင့်ပြခြင်းသဉ်သင့်မြတ်ဟုတ်မှန်သဉ်ဟူ၏။ ။ သာမညဝစနဿပိ ဝိသေသေအဝဋ္ဌာနတော ဝိသေသတ္ထိ ကောနဝိသေ သောပယောဇိယတိ။ ။ဟူသောပရိဘာသာနှင့်အညီသာမညဖြစ်သော အနက်ကို ဟောသောသဒ္ဒါသည်ဝိသေသအရာ၌ တည်ရကား အနက်ဝိ သေသကိုအလိုရှိသောပုဂ္ဂိုလ်သည်ဝိသေသအနက်ကိုယှဉ်အပ် ယူအပ် ယှဉ်နိုင်ယူနိုင် သောကြောင့် သတ္တသဒ္ဒါ သတ္တဝါသာမန်နှင့် ဆက်ဆံ သော်လည်း ဤအရာဝယ်သတ္တအရကို ဘုရားမှတပါးသော ပုဂ္ဂိုလ်ကို သာယူ၍ဘုရားမှတပါးသောပုဂ္ဂိုလ်တို့သာ ဘဝင်စိတ်၌တည်၍ရတေ ကုန်သည်။မြတ်စွာဘုရားမူကားရူပကြိယာစတုတ္ထဈာန် စိတ်၌တည်၍ သာ ပရိနိဗ္ဗါန် ပြုတော်မူသည်ဟု ယူခဲ့သော် ပကတိစိတ်အရကိုရူပ ကြိယာစတုတ္ထဈာန်စိတ်ကိုမယူဘဲ ဘဝင်စိတ်ကိုယူ၍။ ပကတိစိတ္တေ တိ ဘဝင်္ဂ စိတ္တေ။ ဟု ဖွင့်ဆို သော စ ကား မ သင့် ရာ။ ဟူဘွယ်ရှိ၍။ သဗ္ဗေပိကိုဆိုပြန်ရသည်။ ။ဤအရာ၌ဝိသေသအားဖြင့်မယူအပ်။ဘုရား ပစ္စေကဗုဒ္ဓါမှစ၍သတ္တဝါဟူသမျှအလုံးစုံသည်ပင်ဘဝင်စိတ်၌တည်၍ သာရတေမြဲဖြစ်၍ ပကတိစိတ္တေကိုဘဝင်္ဂစိတ္တေဟု ဖွင့်ဆိုသောစကား သင့်သည်သာ။ဟူလို။ ။သဗ္ဗသည်အကြွင်းအကျန်မရှိ အလုံးစုံအကုံ ဖြစ်သောအနက်ကို ဟောသော အနဝသေသ သဗ္ဗ။ အကြွင်းအကျန် ရှိ သောအနက်ကိုသာ ဟောသော သာဝသေသ သဗ္ဗဟု နှစ်ပါးရှိသည် တွင်။ ။ကရုဏာဝိယသတ္တေသု။ ပညာယဿမဟေသိနော။ ဉေယျ ဓမ္မေသုသဗ္ဗေသု။ပဝတ္တိတ္ထယထာရုစိ။ ။ဟူသောအဋ္ဌသာလိနီဂါထာ ၌သတ္တေသုဉေယျဓမ္မေသုတို့၏ဝိသေသနဖြစ်သော သဗ္ဗေသု၌သဗ္ဗသည်။ မဟာကရုဏာတော်ဖြင့် အာရုံမပြုနိုင်သော သတ္တဝါမည်သည်တစုံတ ယောက်မျှမရှိ။ အလိုတော်အားလျော်စွာအလိုတော်ရှိတိုင်း အလုံးစုံကို အကုံပြုနိုင်သည်။ သဗ္ဗညုတဉာဏ်ဖြင့် အာရုံမပြုနိုင်သော တရားမည် သည်တစုံတခုမျှမရှိ။အလိုတော်အားလျော်စွာအလိုတော်ရှိတိုင်းဉေယျ ဓမ်အလုံးစုံကိုအကုံပြုနိုင်သည်ဖြစ်၍ သတ္တဝါအလုံးစုံဉေယျဓမ္မအလုံးစုံ

ကုံရကားအနဝသေသသဗ္ဗ။ သဗ္ဗေသတ္တာမရိသနိဒ္ဒေသဗ္ဗလည်းမသေ
လတ့်ံသောသတ္တဝါမည်သည် တစုံတယောက်မျှမရှိ။ သတ္တဝါဟူသမျှ
မချွတ်သေရလတ့်ံချည်းသာဖြစ်၍သတ္တဝါအလုံးစုံကုံသောကြောင့် အန
ဝသေသသဗ္ဗပင်။ ။သဗ္ဗေတသန္တိဒဏ္ဍဿ။သဗ္ဗေဘာယန္တိမစ္စုနော။
အတ္တာနံဥပမံကတွာ။ နဟနေယျနဃာတယေ။ ။ယသ္မာ။ ကြောင့်။
သဗ္ဗေ။ ခပ်သိမ်းကုန်သော။ သတ္တာ။ တို့သည်။ ဒဏ္ဍဿ။ကြိမ်ဒဏ်ကြိမ်
ဒဏ် တန်းထောင်ဒဏ် ဥစ္စာဒဏ်စသောဒဏ်မှ။ ဒဏ်ထိအံ့ သင့်အံ့ကျ
ရောက်အံ့သည်မှ။တသန္တိ။ထိတ်လန့်ကုန်၏။ သဗ္ဗေ။တို့သည်။မစ္စုနော။
သေခြင်းမှ။ သေရအံ့သည်မှ။ဘာယန္တိ။ ကြောက်ကုန်၏။တသ္မာ။ထိုသို့
သတ္တဝါဟူသမျှဒဏ်သင့်အံ့သည်မှ ထိတ်လန့်သေရအံ့သည်မှကြောက်
လန့်ကြကုန်သည်ချည်းဖြစ်သောကြောင့်။ အတ္တာနံ။ မိမိကိုယ်ကို။ ဥပမံ
ကတွာ။ ဒဏ်ဘေးသေဘေးမှငါထိတ်ကြောက်သကဲ့သို့သူတပါးလည်း
ထိတ်ကြောက်ပေလိမ့်မည်ဟုနှိုင်းဆပုံပြုဥပမာထား၍။ကိဉ္စိ။ တစုံတ
ယောံသောသတ္တဝါကို။ နဟနေယျ။တတောင်လက်ဆုတ်ကြိမ်တုတ်စ
သည်ဒဏ်ဖြင့်မနှိပ်စက်မညှည်းဆဲရာ။နဃာတယေ။မသတ်ရာ။ ။ဤ
၌သဗ္ဗသည် ဒဏ်စသည်မှ ထိတ်လန့်ကြောက်ရွံ့ခြင်းသည် ဧဒေသဖြင့်
သာဖြစ်သည်။ ဧဒေသဟူသမျှကိုလည်း အနာဂါမိမဂ်သည်ပင် အကြွင်း
မဲ့ပယ်ဖျက်ပြီးဖြစ်၍အနာဂါမ်ရဟန္တာကျန်ရကားသာဝသေသသဗ္ဗ။ ။
ဤသဗ္ဗေသတ္တာဘာဝင်စိတ္တေဌိတာကာလံ ကရောန္တိ၌ သဗ္ဗသည်လည်း
အသညသတ်ပုဂ္ဂိုလ်ဟူက အစိတ္တကသာဖြစ်၍ ဘဝင်စိတ်၌တည်၍ စု
တေခြင်းမဖြစ်ကောင်းသောကြောင့် အသညသတ်ပုဂ္ဂိုလ်ကျန်ရကား။
သာဝသေသသဗ္ဗသာဖြစ်သည်ဖြစ်၍။ သဗ္ဗေတသန္တိစသည်နှိုက်အနာ
ဂါမ်ရဟန္တာမပါ ကြွင်းကျန်သကဲ့သို့ရင်း။ သဗ္ဗေဒေဝါ ပဒိသန္တိ။ ဌပ
ယိတွါအရူပိနော။ဌစက္ခုပိညေယျမဟုတ်၍သဗ္ဗေဒေဝါဝယ်အရူပဗြဟ္မါ
မပါကြွင်းကျန်သကဲ့သို့ရင်း။ အသညသတ်ဗြဟ္မာမပါကြွင်းကျန်ရကား
ထိုဗြဟ္မာမှကြွင်းသော သစိတ္တကသတ္တဝါတို့ကိုသာ ယူလေဟု ပြခြင်း
ဌါ။သညိနောကိုဆိုပြန်ရသည်။ ။သတ္တဝါတို့သည်ဘဝင်စိတ်၌တည်
၍စုတေကုန်၏ဟူသော်ဘဝင်စိတ်ဖြင့်ပင်စုတေကုန်သလော။ဟူဖွယ်ရှိ
၍။စုတိစိတ္တေနကိုဆိုပြန်ရသည်။ ။ဘဝင်စိတ်၌တည်၍စုတိစိတ်ဖြင့်
စုတေသည် ဟူ၏။ စုတိစိတ်ဖြင့် စုတေသည် မှန်ခဲ့သော် စုတိစိတ်၌

တည်၍သာစုတေရာသည်။ဘဝင်စိတ်၌တည်၍စုတေခြင်းမဖြစ်ရာ။ဘ
ဝင်စိတ်၌တည်၍ စုတေသည်မှန်ကလည်း ဘဝင်စိတ်ဖြင့်သာ စုတေ
ခြင်းဖြစ်ရာပါသည်။စုတိစိတ်ဖြင့်စုတေခြင်းမဖြစ်ရာပါ။ထိုသို့လျှက်အ
ဘယ်ကြောင့်ဘဝင်စိတ်၌တည်၍စုတိစိတ်ဖြင့်စုတေသည်ဟုဆိုရလေ
သနည်း။ဟူဖွယ်ရှိ၍။ ဘဝင်္ဂပရိယာယသာနေနကိုပြဆိုပြန်ရသည်။ ။
စုတိစိတ်ဟူသည် အခြားမဟုတ် ဘဝင်စိတ်ပင်ဖြစ်သည်။ တခုသော
ဘဝ၌ဖြစ်သမျှဘဝင်တို့တွင်အဆုံးစွန်ဘဝင်ဖြစ်သောကြောင့်သာစုတိဟု
ဆိုအပ်သောကြောင့်။ ဘဝင်္ဂစိတ္တေဋ္ဌိတာဘဝင်္ဂစိတ္တေနကာလံကရောန္တိ
ဟူ၍သော်ငြင်း။စုတိစိတ္တေဋ္ဌိတါစုတိစိတ္တေနကါလံကရောန္တိဟူ၍သော်
ငြင်းမဆိုပဲ။ ဘဝင်္ဂစိတ္တေဋ္ဌိတာ စုတိစိတ္တေနကာလံ ကရောန္တိဟု ဆိုပါ
သည်။ဟူလို။ ။အဋ္ဌကထာ၌အဓိပ္ပါယ်။ဋီကာ၌အဓိပ္ပါယ်ကိုပြအံ့။ ။အ
ရှင်ဋီကာဆရာ။အဋ္ဌကထာဆရာသည်ပကတိစိတ္တေဟူသောပါဠိတော်၌
ပကတိစိတ်အရကို ဘဝင်္ဂစိတ္တေဟုပြဆို၍။ ဤဘဝင်္ဂစိတ္တေဟူသောစ
ကားကို။ ပဋိသန္ဓိကိစ္စဘဝင်္ဂအာဝဇ္ဇနဒဿနသဝနဃာယနသာယနဖုသ
နသမ္ပဋိစ္ဆနသန္တီရဏဝေါဋ္ဌဗ္ဗန ဇဝနတဒါရမ္မဏ စုတိကိစ္စ ဟူသော
၁၄ ပါးသောကိစ္စဖြင့် စိတ်တို့ကို ၁၄ စုပြု၍ ပြရာပါသော အသီးဘဝင်
ကိစ္စတပ်သော စိတ်ကို ရည်၍ပင် ဆိုတော်မူလေသလော။ ဟူဖွယ်ရှိ
၍။ ။ဘဝင်္ဂစိတ္တေတိစုတိစိတ္တံဘဝင်္ဂစိတ္တန္တိအာဟ။ ။ကိုဆိုတော်
မူသည်။ ။အသီးဘဝင်ကိစ္စတပ်သော စိတ်ကိုရည်၍မဆို။ ဤအရာ၌
စုတိစိတ်ကိုဘဝင်စိတ်ဟုဆိုတော်မူသည်။ဟူလို။ ။စုတိစိတ်ကိုဘ
ဝင်စိတ်ဟုဆိုသည်ဟူ၍။ ယင်းသို့ပကတိ စိတ်အရကို စုတိစိတ်ကိုယူ
သင့်သော်။ ပကတိစိတ္တေတိစုတိစိတ္တေဟူ၍သာ စုတိစိတ်ကိုစုတိစိတ်
ဟူ၍သာဆိုအပ်ပါလျက်ဤသို့မဆိုပဲ။ အဘယ်ကြောင့်ပကတိစိတ္တေတိ
ဘဝင်္ဂစိတ္တေဟု စုတိစိတ်ကိုဘဝင်စိတ်ဟုဆိုလေသနည်း။ ဟူဖွယ်ရှိ၍။
ဘဝင်္ဂပရိယာယသာနတ္တာကိုဆိုတော်မူသည်။ ။ဥပပတ္တိဘဝ၏အစိတ်
ဖြစ်၍သာမညအားဖြင့် ဘဝင်မည်ကောင်းသောစိတ်တို့တွင် အဆုံးစွန်
ဘဝင်စိတ်ဖြစ်သောကြောင့်စုတိစိတ်ကိုဘဝင်စိတ်ဟုအဋ္ဌကထာဆရာ
ဆိုတော်မူလေသည်။ဟူလို။ ။အနုဋီကာအလိုအဓိပ္ပါယ်ကား။ ပကတိ
စိတ္တေတိစုတိစိတ္တေဟုဆိုအပ်လျက် စုတိစိတ်ဟူသမျှသည် ထိုဘဝဖြစ်
သောဘဝင်စိတ်နှင့် ဘုမ္မိဇာတိသမ္ပယုတ္တဓမ္မသင်္ခါရအာရုံတို့ဖြင့် အလုံး

ရုံ့တူသော ကြောင့်ပကတိစိတ္တေတိဘဝင်္ဂစိတ္တေဟူ၍သဒ္ဒိသူပစာရအား
ဖြင့်ရတိစိတ်ကိုပင်ဘဝင်စိတ်ဟုအဋ္ဌကထာဆရာဆိုတော်မူသည်။ ဟူလို
၏။ ။ခပ်သိမ်းသော်သစိတ္တကသတ္တဝါသည်၏ဘဝမိမိယူခဲ့ရင်းပဋိသန္ဓေ
စိတ်နှင့်ဘုံဓာတ်စသည်ဖြင့် ထူးထွေကွဲပြားမရှိ အားလုံးရုံတူသောစိတ်
ဖြင့်သာရတေမြဲပကတိဖြစ်၍ရတိစိတ်သာပကတိစိတ်မည်သည်။ဟူလို
သည်။ ။မူလဋီကာအလိုသော်။၏ဘဝယူခဲ့ရင်းပဋိသန္ဓေစိတ်နှင့်ဘုံဓါတ်
စသည့်ဖြင့်တရုံတရာထူးထွေကွဲပြားခြားနားမရှိပကတိအတိုင်းဇင်းဘ
ဝဠ်ဖြစ်သောဘဝင်စိတ်သည်ပကတိစိတ်မည်သည်။ဟူလို၏။ ။ဘဝင်္ဂ
ကို။ဘဝဿအင်္ဂံဘဝင်္ဂံ။ဟုပြု၍ဘဝအရကို။ မိမိတို့ကိုဖြစ်စေသောအ
ကြောင်းကံအားလျော်စွာအဟိတ်ဒွိဟိတ်စသည်ဖြင့် ထိုထိုဘုံအလျော်
ပဋိသန္ဓေခဏ၌ဖြစ်သောဝိပါက်စိတ်။ ယင်းနှင့်ရှည်သော စေတသိက်
ဟူသော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပပတ္တိဘဝကိုယူ။ ထို
တွင်ကမ္မဇရုပ်သည် ပဋိသန္ဓေ ဥပါဒ်ခဏကစ၍ ရတိစိတ်မှ ပြန်၍ရေ
သော် ၁၇ ချက်မြောက် ဖြစ်သောစိတ်၏ ဥပါဒ်တိုင်အောင် စိတ်တို့၏
ဥပါဒ်ဌီဘင်ခဏငယ် ကာလတိုင်းပင် အစဉ်မပြတ်ဖြစ်၏။ ဝိပါက် နာ
မက္ခန္ဓာတို့မူကား ဝီထိစိတ်တို့၏အကြားအကြားဝယ် ထိုက်သည်အား
လျော်စွာသာ ဖြစ်ကုန်သည်။ ။အင်္ဂသဒ္ဒါကား။ ။အင်္ဂေါဒေသော ဝ
ပုမှင်္ဂံ။ တထာဝယဝဟေတုသု။ ။ဟူသော အဘိဓါန်၌ နပုံလိင်အင်္ဂ
သဒ္ဒါအဝယဝအနက်ဟေတုအနက် နှစ်ပါးလုံးကိုပင်ဟော၏။ထိုတွင်အ
ကြောင်းဟောယူခိုက်။ ပဝတ္တိကာလဝယ်ဖြစ်သော စိတ်ဝီထိတို့သည်
ဝီထိတပါးနှင့် တပါးတဆက်တစပ်တည်းမဖြစ်ကောင်းသောကြောင့်
အကြားအကြားဝယ် ၏ဝိပါက်စိတ်ဝင်ချပ်၍ဖြစ်ရသည်။အကယ်၍ဝီထိ
တို့၏အကြား၌ ၏စိတ်မဖြစ်ခဲ့အံ့။ ။အာယုဥသ္မာစ ဝိညာဏံ။ ယဒါ
ကာယံဇဟန္တိမံ။ အပဝိဒ္ဓေါတဒါသေတိ။ နိရတ္ထံဝကလိင်္ဂရံ။ ။အာ
ယုစ။အသက်ဟူသောဇီဝိတိန္ဒြေသည်ရင်း။ဥသ္မာစ။ကမ္မဇတေဇောဟူ
သောကိုယ်ငွေ့သည်ရင်း။ ဝိညာဏဉ္စ။ စိတ်ဝိညာဏ်သည်ရင်း။ဣမေ။
၏တရားသုံးပါးတို့သည်။ယဒါ။အကြင်အခါ၌။ဣမံကာယံ။ ၏ရူပကာယ
ဟူသော ကိုယ်ကို။ ဇဟန္တိ။ စွန့်ကုန်၏။ တဒါ။ ထိုတရား သုံးပါးတို့
စွန့်လွှတ် ကင်းကွာသောအခါ၌။ ကလိင်္ဂရံ။ သူကောင်ဖုတ်၍ တပိုင်း
ကြွင်းသောထင်းတုံးကို။နိရတ္ထံ။တရုံတရာအသုံးမဝင်အကျိုးမထင်သို့

ဖြစ်၍။အပဝိဒ္ဓံ ဋ္ဌဝ။သုသာန်တစ သဖြိုင်းဝဌ်ပစ်ချစွန့်ထားအပ်သကဲ့သို့။
အယံကာယော။တရားသုံးပါးကင်းကွာစွန့်သွားလေပြီးသော ဤရူပကာ
ယကိုယ်ကောင်ကို။ ဝါ။သည်။နိရတ္ထော။၍။အပဝိဒ္ဓေါ။သုသာန်ပြင်ဝယ်
လူရှင်အများစွန့်ထားအပ်သည်ဖြစ်၍။ သေတိ။ တုံးလုံးအိပ်နေသကဲ့သို့
ဖြစ်ရလေ၏။ ။ဟူသည်နှင့်အညီ ဥပပတ္တိဘဝပြတ်ကင်းသဖြင့် သေ
ခြင်းသို့ရောက်ရာခဲ့သည်ဖြစ်၍။ဥပပတ္တိဘဝကို မပြတ်မပျက်ရအောင်
စောင့်ရှောက်သောအားဖြင့်ဝိထိတို့၏အကြားအကြား၌ဖြစ်သည်ဖြစ်၍
ဥပပတ္တိဘဝမပြတ်မပျက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဘဝင်
မည်သည် ဟုယူ။ ။အင်္ဂသဒ္ဒါကို အစိတ်ဟော ယူခိုက်။ ပြဆိုခဲ့ပြီး
သည်အတိုင်း ပဋိသန္ဓေခဏကစ၍ဖြစ်သော ဝိပါက်နာမက္ခန္ဓာကမ္မဇ
ရုပ်ဟူသောခန္ဓာငါးပါးအပေါင်းသည် ဥပပတ္တိဘဝမည်ရကားထိုဥပ
ပတ္တိဘဝ၌အကျုံးဝင်သော ဝိပါက်စိတ်သည် ယင်းဘဝ၏ အစိတ်ဖြစ်
သောကြောင့်ဘဝင်မည်သည်ဟုယူ။ ဤသို့ယူသော် ဘဝင်ကိစ္စရုတိ
ကိစ္စတပ်သော စိတ်နှစ်ပါးလုံးပင် သာမညအားဖြင့် ဘဝင်မည်သည်
ဖြစ်၍ တခုသောဘဝ၌ အဆုံးဖြစ်သောစိတ်ကို စုတိစိတ်ဟု ဆိုအပ်ရ
ကားဤပကတိစိတ္တေ၌တောပရိနိဗ္ဗာယိ။ ၌လည်းစုတိစိတ်ကို ဟောပြ
တော်မူသေါ်အရာဖြစ်၍ပကတိစိတ္တေကိုစုတိစိတ္တေဟုဖွင့်ဆိုသင့်လျက်
ထိုစုတိစိတ်သည်ပြဆိုခဲ့သည်အတိုင်းသာမညအားဖြင့်ဥပပတ္တိဘဝ၏မ
ပြတ်ကြောင်းဥပပတ္တိဘဝ၏အစိတ်ဖြစ်၍ ဘဝင်မည်သောစိတ်တို့တွင်
အဆုံးစွန်ဘဝင်ပင်ဖြစ်သောကြောင့်။ပကတိစိတ္တေတိဘဝင်စိတ္တေဟုစု
တိစိတ်ကိုဘဝင်စိတ်ဟုအဋ္ဌကထာဆရာဆိုတော်မူသည်။ဟူလို၏။ ။
စုတိစိတ်ကိုဘဝင်စိတ်ဟု အဋ္ဌကထာဆရာဆိုရာ၌အကြောင်းကို။ ဘ
ဝင်္ဂပရိယောသာနတ္တာ။ ဟုမူလဋီကာဆရာပြဆိုတော်မူသည်။ ။အနု
ဋီကာဆရာကား။ သမ္ပယုတ္တဓမ္မာရမဏာဒိတောဘဝင်္ဂသဒိသတ္တာ။ ဟု
ပြဆိုတော်မူသည်။ ၊စကားနှစ်ရပ်တွင် မူလဋီကာစကားသည်။ ။
ဘဝင်္ဂ ပရိယော သာနေန စုတိစိတ္တေနကာလံ ကရောန္တိ။ ဟူ၍ဘဝင်္ဂ
ပရိယောသာနေနဟူသော ဟေတုမန္တဝိသေသနဖြင့် ဆိုတော် မူသော
အဋ္ဌကထာနှင့် လျော်၏။ ။အချို့ဆရာတို့ကား မဟာပရိနိဗ္ဗာနသုတ်
အဋ္ဌကထာ ဖြပဟ္ဗာသံယုတ်အဋ္ဌကထာတို့၌ ဈာနသမနန္တရပစ္စဝေက္ခနာ
သမနန္တရ ပရိနိဗ္ဗာန်တို့ကိုပြရာ။ ဈာနာ ဝုဋ္ဌာယဘဝင်္ဂ ဩတိဏ္ဏာသ

တတ္တေဝပရိနိဗ္ဗာနံ့ရှာနသာမနန္တ ရံနာမ။ ဝယ်ဘဝင်ဂြိတိတ္ထာသည်၌ ဘဝင်သဒ္ဒါဖြင့်ပကတိဘဝင်စိတ်ကိုယူ၍စုတိတွဲရှာနပမ္မထသည်၏အခြားမဲ့ဝယ် ဘဝင်သို့သက်၍ အဆုံးရှာန်ဇောနောင်ဘဝင်တကြိမ် ဖြစ်ပြီးမှ ယင်း၏အခြားမဲ့၌ ပရိနိဗ္ဗာနစုတိစိတ်ဖြစ်သည်ဟူ၍ရင်း။ ။ရှာနင်္ဂါနိ ပစ္စဝေက္ခိတွာဘဝင်ဂြိတိတ္ထာသတေ ဝပရိနိဗ္ဗါနံ ပစ္စဝေက္ခနာသာမနန္တရံနာမ၌လည်းရှေးနည်း ပကတိဘဝင်ကိုယူ၍ရှာနင်္ဂဒုတိယပစ္စဝေက္ခနာဇော၏အခြားမဲ့ဝယ် ဘဝင်သို့သက်၍ အဆုံးပစ္စဝေက္ခနာဇောနောင်ဘဝင်တကြိမ်ကျပြီးမှစုတိပရိနိဗ္ဗာနစိတ်ဖြစ်သည်ဟူ၍ရင်း။ ။ကျေနဝိသတိမေပစ္စဝေက္ခနဥာဏော ပတိဋ္ဌာယဘဝင် ဂြိတရိတွာ ပရိနိဗ္ဗာယတိ။ ။ဟူသောပုဂ္ဂလပညတ်အဋ္ဌကထာဝယ်ဘဝင် ဂြိတရိတွာ၌ ဘဝင်သဒ္ဒါဖြင့်ပကတိဘဝင်ကိုယူ၍။၁၉ ကြိမ်မြောက်၌ဖြစ်သောပယ်ပြီးကုံပြီးကိလေသာကိုဆင်ခြင်သောပစ္စဝေက္ခနာဝိထိ၏ အခြားမဲ့ဝယ် ဘဝင်သို့သက်၍။ရင်းအဆုံး ဇောနောင်ဘဝင်တကြိမ်ကျပြီးမှ ယင်း၏အခြားမဲ့၌စုတိစိတ်ဖြစ်သည်ဟူ၍ရင်း။ ။သဗ္ဗေပိဟိသညိနော သတ္တာ ဘဝင် စိတ္တေ ဌိတာ ဘဝင်ပရိယော သာနေန စုတိ စိတ္တေန ကာလံ ကရောန္တိ။ ။ဟူသောကထာဝတ္ထုအဋ္ဌကထာ၌။ ဘဝင်စိတ္တေဌိတာ ဝယ်ပကတိဘဝင်ကိုယူ၍အဆုံးစွန်မရဏာသန္နဝိထိ၏အခြားမဲ့၌ဘဝင်သို့သက်၍အဆုံးဇောနောင်ဘဝင်တကြိမ် ဖြစ်ပြီးမှယင်း၏ အခြားမဲ့၌စုတိစိတ်ဖြစ်သည်ဟူ၍ရင်း။ယူ၍။ ဘဝင်ပရိယောသာနေန စုတိစိတ္တေန ကာလံကရောန္တိဝယ်ဘဝင်ပရိယောသာနေနကို။ ဘဝင်အဆုံးရှိသည် ဖြစ်၍ဘဝင်၏အဆုံး၌ဖြစ်သော။ဟုမြန်မာပြန်ကုန်၏။ ။ဘဝင်ပရိယောသာနတ္တာ။ဟူသောမူလဋီကာကိုလည်း။ ဘဝင်၏အဆုံး၌ဖြစ်သည်၏အဖြစ်ကြောင့်။ဟုမြန်မာပြန်ကုန်၏။ ။အကယ်၍ထိုဆရာတို့ယူသည့်အတိုင်းမှန်ခဲ့အံ့။ ။သဗ္ဗေပိဟိသညိနောသတ္တာဘဝင်စိတ္တေဌိတာအစရှိသဖြင့်ကထာဝတ္ထုအဋ္ဌကထာ ဝယ်သစိတ္တက သတ္တဝါဟူသမျှတို့၏စုတေပုံကိုပြသောအရာ၌ ဘဝင်စိတ်၌တည်၍ စုတေကြောင်းကို ပြဆိုသောကြောင့်ခပ်သိမ်းသော်သတ္တဝါတို့၌ပင်ဘဝင်၏အခြားမဲ့၌သာစုတိစိတ်ဖြစ်ရာခဲ့သည်။ဇော၏အခြားမဲ့တခါရံ၏ အခြားမဲ့တို့၌စုတိစိတ်ဖြစ်သောမည်သည်မရှိရာပြီ။ ရှိကားရှိသည်သာဖြစ်သောကြောင့်။ ။ သုတ်မဟာဝါမဟာပရိနိဗ္ဗါနသုတ်အဋ္ဌကထာ။သဂါထဝဂ္ဂဖြဟ္မသံယုတ်

အဋ္ဌကထာတို့၌။ ။ဘဂဝါပန ဈာနံ သမါပဇ္ဇိတွာ ဈာနာ ဝုဋ္ဌာယ ဈာနင်္ဂါ နိ ပစ္စဝေက္ခိတွာ ဘဝင်္ဂ စိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ပရိနိဗ္ဗာယိ။ ။ဟူ၍ ရင်း။ ။ယေ ကေစိ ဗုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ အရိယ သာဝကာ ဝါ အန္တမသော ကုန္ထ ကိပ္ပိလိကံ ဥပါဒါယ သဗ္ဗေ ဘဝင်္ဂ စိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ကာလံ ကရောန္တိ။ ။ဟူ၍ ရင်း ပရိနိဗ္ဗာယိ ကာလံ ကရောန္တိ ဟူသော ကြိယာ တို့၏ ကရိုဏ်း ဖြစ်သော စုတိ စိတ်ကို ဘဝင်္ဂ စိတ္တေန ဟု တိုက်ရိုက် ပင် ဘဝင်္ဂ သဒ္ဒါ ဖြင့် ဆိုတော်မူ သည်ကို ထောက်သဖြင့် ပြဆိုခဲ့ သော အဋ္ဌကထာ တို့ ဝယ်။ ဘဝင်္ဂံ ဩတိဏ္ဏာ သာ။ ဘဝင်္ဂံ ဩတရိတွာ။ ဘ ဝင်္ဂ စိတ္တေ ဌိတာ။ တို့၌ ဘဝင်္ဂ သဒ္ဒါ ဖြင့် စုတိ စိတ်ကို ယူ သင့်သော ကြောင့် ရင်း။ ။ဇွာနပိ သတိ မေ ပစ္စဝေက္ခနဉာဏော ပတိဋ္ဌာယ ဘဝင်္ဂံ ဩတ ရိတွာ ပရိနိဗ္ဗာယတိ။ ။ဟူသော ပုဂ္ဂလ ပညတ် အဋ္ဌကထာ၌ ဘဝင်္ဂံ ဩ တရိတွာ ဟူ၍ စုတိ ပရိနိဗ္ဗါန စိတ်ကို ပင် ဘဝင်္ဂ ဩတရဏာ၏ အဖြစ်ဖြင့် အ ဋ္ဌကထာ ဆရာ ဆိုတော်မူ ကြောင်း ကို။ ။ဘဝင်္ဂံ ဩတရိတွာ ပရိနိဗ္ဗာ ယတီတိ ဧတ္ထ ပရိနိဗ္ဗာန စိတ္တမေဝ ဘဝင်္ဂေါ တရဏာ ဘာဝေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။ဟူ၍ ရင်း မူလ ဋီကာ၌ ပြဆိုသော ကြောင့် ရင်း။ ထို ဆရာ တို့ အယူ စကား ကို ကေန်မယူ သာ။ ထိုက်သည် အား လျော်စွာ ဇောနောင် ရင်း။ တ ဒါရုံ နောင် ရင်း၊ ဘဝင် နောင် ရင်း အခြားမဲ့၌ စုတိ စိတ် ဖြစ် ကောင်း၏ ဟူ၍ သာ ယူ။ ။ဇောနောင် ဖြစ် ကောင်း ကြောင်း ကို လည်း။ ယခင် ပြဆိုခဲ့ သော ရူပါဝစရ ကြိယာ စတုတ္ထ ဈာန် အဆုံး ဇော ၏ အခြားမဲ့။ ဈာနင်္ဂ ပစ္စဝေက္ခနာ ဝီထိ အဆုံး ဇော ၏ အခြားမဲ့၌ ပရိနိဗ္ဗာန စုတိ စိတ် ဖြစ် ကြောင်း ကို ဆိုသော မဟာ ပရိနိဗ္ဗာန သုတ် အဋ္ဌကထာ ပြဟ္မသံယုတ် အဋ္ဌကထာ။ ။ဇွာနပိ သတိ မပစ္စဝေက္ခနာ ဝီထိ အဆုံး ဇော ၏ အခြားမဲ့၌ ပရိနိဗ္ဗါန် စုတိ စိတ် ဖြစ် ကြောင်း ကို ပြဆိုသော ပုဂ္ဂလ ပညတ် အဋ္ဌကထာ။ ရင်း မူလ ဋီကာ အနု ဋီကာ တို့ကို ထောက် သဖြင့် ရင်း။ ။တတ္ထ ပဝတ္တ သီသံ နာမ ဇီဝိတိန္ဒြိယံ။ ကိလေ သ သီသံ နာမ အဝိဇ္ဇာ။ တေသု ဇီဝိတိန္ဒြိယံ စုတိ စိတ္တံ ခေပေတိ။ အဝိဇ္ဇံ မဂ္ဂ စိတ္တံ။ ဒွိန္နံ စိတ္တာနံ ဧကတော ဥပ္ပါဒေါ နတ္ထိ။ မဂ္ဂါနန္တရံ ပန ဖလံ။ ဖလာနန္တရံ ဘ ဝင်္ဂံ။ ဘဝင်္ဂတော ဝုဋ္ဌာယ ပစ္စဝေက္ခနံ။ တံ ပရိပုဏ္ဏံ ဝါ ဟောတိ အပရိပုဏ္ဏံ ဝါ။ တိခိဏေန အသိနာ သီသေ ဆိန္ဒန္တေ ဝိယ ဧကာဝဇ္ဇနေ ဝါ ပစ္စဝေက္ခနာ အဝသာနေ ဥပ္ပဇ္ဇန္တိ ယေဝ။ စိတ္တာနံ ပန လဟု ပရိဝတ္တိ တာယ အာသဝက္ခယော စ ဇီဝိတ ပရိယာ ဒါနဉ္စ ဧကက္ခဏော ဝိယ ပညာယတိ။ ။ဟူ၍ သဂါထဝဂ္ဂ

မါရသံယုတ်ဂေါဓိကာသုတ်အဋ္ဌကထါ၀ယ်ဇိဝိတသမသီသိပုဂ္ဂိုလ်အါး ကိလေသသီသဖြစ်သောအဝိဇ္ဇာ။ပ၀တ္တသီသဖြစ်သောဇီဝိတိန္ဒြေတို့ကုံ ခြင်းတပြိုင်နက်တည်း ဖြစ်သည်ဟုဆိုရသည်ကို ပြဆိုသောအရာ၌။အ ဝိဇ္ဇာကိုကုံစေသော အရဟတ္တမဂ်စိတ်။ ဇီဝိတိန္ဒြေကိုကုံစေသောစုတိ စိတ် ဤစိတ်နှစ်ခုတို့သည် တပြိုင်တည်း မဖြစ်နိုင်မဖြစ်ကောင်း။ အရ ဟတ္တမဂ်၏အခြားမဲ့၌ အရဟတ္တဖိုလ်။ ထို၏အခြားမဲ့၀ယ်ဘဝင်ကျ၍တ ဖန်ဘဝင်မှထပြီးနောက်ပစ္စဝေက္ခနာဝိထိလေးပါးအပြည့်အစုံသော်ငင်း။ မပြည့်စုံပဲ ပစ္စဝေက္ခနာဝိထိသုံးပါးနှစ်ပါးတပါးမျှပင် သော်ငင်းမချွတ် ဖြစ်ပြီးမှသာစုတိပရိနိဗ္ဗာနစိတ်ဖြစ်သည်။ ဤသို့မဂ်စိတ်စုတိစိတ်တို့၏အ ကြား၀ယ်ဖိုလ်စိတ်ဘဝင်စိတ်ပစ္စဝေက္ခနာစိတ်တို့ခြားသော်လည်းစိတ် တို့၏ လျင်သောဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်အဝိဇ္ဇာ၏ကုံခြင်း ဇီဝိ တိန္ဒြေ၏ကုံခြင်းနှစ်ပါးတပြိုင်နက်တည်းဖြစ်သကဲ့သို့ထင်ရသည်။ ထိုသို့ ထင်ရသည်ကိုစွဲ၍ ဇီဝိတသမသီသိပုဂ္ဂိုလ်အား အဝိဇ္ဇာ၏ကုံခြင်းဇီဝိ တိန္ဒြေ၏ကုံခြင်းတပြိုင်နက်မရှေးမနှောင်းဖြစ်ကြောင်းကို ဟောတော်မူ သည်။ဤအဋ္ဌကထါ၀ယ်မဂ်စိတ်စုတိစိတ်တို့၏အကြား၌ဖြစ်သေါစိတ်အ ရကိုပြရာဘ၀င်စိတ်ကိုအဆုံးထား၍မပြပဲ။ဖိုလ်စိတ်ကစ၍ပစ္စဝေက္ခနာ ဇောစိတ်ကိုအဆုံးထား၍ပြတော်မူသည်ကိုထောက်သဖြင့်ရင်း။ ။အ ရိယမဂ်ကိုရရာ၌ကုံပြီးကိလေသာကို ဆင်ခြင်သောပစ္စဝေက္ခနာကိုအ ဆုံးထား၍။ ။ဝိမုတ္တသ္မိံဝိမုတ္တမိတိဉာဏံဟောတိ။ ။ဟုဟော တော်မူသောကြောင့် အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့်ပယ်အပ် သည်ဖြစ်၍ကိလေသာတို့၏ကုံခြင်းအလှည့်အကြိမ်ကာလသည် မိမိ၏ အခြားမဲ့၌ကဲ့သို့ပြီးစေအပ်သောပစ္စဝေက္ခနာတို့၏ အလှည့်အကြိမ်ကာ လဟူသောဝါရကိုလည်းကိလေသာကုံခြင်း၏ အလှည့်အကြိမ်ကာလ ဝါရဟူ၍ပင် ဆိုထိုက်သောကြောင့် ကိလေသာ၏ ကုံခြင်းအလှည့်အ ကြိမ်ကာလကိုပစ္စဝေက္ခနာ၏ပြီးဆုံးခြင်းသည်ပြီးဆုံးစေအပ်သည်။ပစ္စ ဝေက္ခနာ၏ပြီးဆုံးခြင်းကိုလည်းစုတိစိတ်ဖြင့်မိုင်းဖြတ်အပ်ရကါးထိုပစ္စ ဝေက္ခနာ၏ ပြီးဆုံးခြင်းသည် စုတိစိတ်ဖြင့်ဖြစ်၏။ ဇီဝိတိန္ဒြေ၏ ပြီးဆုံး ခြင်းသည်လည်းထိုစုတိစိတ်ဖြင့်ပင်ဖြစ်၏။ ဤသို့ကိလေသာ၏ကုံခြင်း ဇီဝိတိန္ဒြေ၏ကုံခြင်းဝါရတူမျှသည်ဟု။အဝိဇ္ဇာဟူသောကိလေသသီသ ဇီဝိတိန္ဒြေဟူသောပ၀တ္တသီသနှစ်ပါး၏ ကုံခြင်းတူမျှသည်၏အဖြစ်ကို

ပြသော။ ။ကိလေသပရိယာဒါနေန အတ္တနော အနန္တရံ ဝိယ နိပ္ဖာဒေ
တဗ္ဗာ ပစ္စဝေက္ခနဝါရာစ ကိလေသပရိယာဒါနဿေဝ ဝါရာတိ ဝတ္တဗ္ဗ
တံ အရဟတ္တ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတီတိ ဝစနတော တိ ပစ္စ
ဝေက္ခနပရိသမာပနေန ကိလေသပရိယာဒါနံ သမာပိတံ နာမ ဟောတိ။
တံ ပန ပရိသမာပနံ စုတိစိတ္တေန ဟောတိ။ တေနေဝ ဇီဝိတပရိသမာပနဉ္စ
ဟောတီတိ ဣမာယ ဝါရသမတာယ ကိလေသပရိယာဒါန ဇီဝိတပရိယာ
ဒါနာနံ အပုဗ္ဗာစရိမတာ ဟောတီတိ အာဟ ဝါရသမတာယာတိ။ ။ဟူ
သော ပုဂ္ဂလပညတ်မူလဋီကာကို ထောက်သဖြင့် ရှင်းသိအပ်၏။ ။ဇော်နောင့်
စုတိကျဟန်ကို ပြရန်သော စကားအများပင်ရှိ၏။ ။အချို့ဆရာတို့ကား
ဈာနသမာပတ္တိဝီထိ။ ဈာနက်ပစ္စဝေက္ခနာဝီထိ။ မဂ္ဂါဒိပစ္စဝေက္ခနာဝီထိတို့
၏အခြားမဲ့၌ ပရိနိဗ္ဗာန်မပြုကောင်း အရိုးအစဉ်ရှိသည့်အတိုင်း ထိုဝီထိတို့
နောင်မရဏာသန္န ဝီထိတကြိမ်ဖြစ်ပြီးမှ ယင်း၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြု
ခြင်းဟူသော စုတေခြင်းဖြစ်သည်ဟု ဆိုကုန်၏။ ။ထိုဆရာတို့စကား
ကိုပြဆိုခဲ့ပြီးသော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။ မာရသံယုတ်ဂေါ
ဓိကသုတ်အဋ္ဌကထာ။ ပုဂ္ဂလပညတ်အဋ္ဌကထာ။ ရှင်းမူလဋီကာ။ ကထာ
ဝတ္ထုအဋ္ဌကထာ။ ရှင်းမူလဋီကာ အနုဋီကာတို့နှင့် မညီသောကြောင့် ရှင်း။
ပြဆိုပြီးသော ဈာနဝီထိ ဈာနက်ပစ္စဝေက္ခနာစသော ဝီထိတို့နောင်မရဏာ
သန္နဝီထိတကြိမ်ဖြစ်ပြီးမှ ပရိနိဗ္ဗာန်ပြုသည်ဟု ပြဆိုသောစကား ပါဠိအ
ဋ္ဌကထာ ဋီကာဂန္ထန္တရတို့၌ အရိပ်အမြွက်မျှ မလာမရှိသောကြောင့် ရှင်း
မှတ်အပ်။ ။ဤအဋ္ဌကထာဋီကာတို့ကို အောက်၌ မြန်မာပြန်ဆိုပြီးဖြစ်
၍။ ဤ၌ပါဠိမျှကိုသာ ပြဆိုလိုက်သည်။ ။တဒါရုံ၏အခြားမဲ့၌ စုတိစိတ်ဖြစ်
ကောင်းကြောင်းကိုလည်း။ ။အပရဿ မရဏာသန္နယေဝုတ္တပ္ပကာရ
ကမ္မဝသေန နရကာဒိသု အဂ္ဂိဇာလဝဏ္ဏာဒိကံ ဒုဂ္ဂတိနိမိတ္တံ မနောဒွါရေ
အာပါတမာဂစ္ဆတိ။ တဿ ဒွိက္ခတ္တုံ ဘဝင်္ဂေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ တံ အာရမ
ဏံ အာရဗ္ဘ ဧကံ အာဝဇ္ဇနံ မရဏဿ အာသန္နဘာဝေန မန္ဒီဘူတဝေ
ဂတ္တာ ပဉ္စဇဝနာနိ ဒွေ တဒါရမဏာနီတိ တီဏိ ဝီထိစိတ္တာနိ ဥပ္ပဇ္ဇန္တိ။ တ
တော ဘဝင်္ဂဝိသယံ အာရမဏံ ကတွာ ဧကံ စုတိစိတ္တံ။ ဧတ္တာဝတာ ဧကာဒ
သ စိတ္တက္ခဏာ အတီတာ ဟောန္တိ။ အထ အဝသေသ ပဉ္စစိတ္တက္ခဏာယု
ကေ တသ္မိံယေဝ အာရမဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။ ။အပရဿ မရ
ဏာသန္နယေဝ ပဉ္စန္နံ ဒွါရာနံ အညတရသ္မိံ ဒွါရေ ရာဂါဒိဟေတုဘူတံ ဟီနာရ

မဏ္ဍံအာပါတမာဂစ္ဆတိ၊ တဿယထာက္ကမေနဥပ္ပန္နဝေါ ဋ္ဌဗ္ဗနာဝသာ
နေမရဏာသန္နာသန္နဘာဝေနမန္ဒီဘူတ ဝေဂတ္တာပစ္ဆိမဇဝနာနိဒွေတဒါ
ရမဏာနိစဥပ္ပဇ္ဇန္တိ။ တတောဘဝင်္ဂဝိသယမာရမဏံ ကတွာဇော်စုတိ
စိတ္တံ။ ဧတ္တာဝတာဒွေဘဝင်္ဂါနိအာဝဇ္ဇနံဒဿနံသမ္ပဋိစ္ဆနံသန္တီရဏံဝေါ
ဋ္ဌဗ္ဗနံပဉ္စဇဝနာနိဒွေတဒါရမဏာနိဇော်စုတိစိတ္တန္တိ ပဉ္စဒသစိတ္တက္ခဏာ
အတီတာဟောန္တိ။အထအဝသေသဧကစိတ္တက္ခဏာယုကေတသ္မိံယေ
ဝအာရမဏေပဋိသန္ဓိစိတ္တံဥပ္ပဇ္ဇတိ။ ။ဟူသောသမ္မောဟဝိနောဒနီပ
ဋိစ္စသမုပ္ပါဒဝိဘင်အဋ္ဌကထာကိုထောက်၍သိလေ။ ။အပရဿ။တ
ဦးသောပုဂ္ဂိုလ်အား။ မရဏသမယေ။သေခါနီးကာလ၌။ ဓာတ္တုပ္ပကာရ
ကမ္မဝသေန။ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော အနန္တရဘဝ၌ပဋိသန္ဓေ
ကိုဖြစ်စေလတ့်သောကံ၏အစွမ်းဖြင့်။နရကာဒိသု။ငရဲအစရှိသည်တို့၌။
အဂ္ဂိဇာလဝဏ္ဏာဒိကံ။ငရဲမီးလျှံအဆင်းအစရှိသော။ ဒုဂ္ဂတိနိမိတ္တံ။ဒုဂ္ဂတိ
နိမိတ်သည်။မနောဒွါရေ။၌။အာပါတံ။ထင်ခြင်းရှေ့ရှုကျခြင်းသို့။အာဂစ္ဆ
တိ။၏။ တဿ။ ထိုပုဂ္ဂိုလ်အား။ ဘဝင်ေ။ သည်။ ဒွိက္ခတ္တုံ။ နှစ်ကြိမ်။
ဥပ္ပဇ္ဇိတွာ။၍။ နိရုဒ္ဓေ။ချုပ်ပြီးသည် ရှိသော်။ တံအာရမဏံ။ ထိုမီးလျှံစ
သောဒုဂ္ဂတိနိမိတ်အာရုံကို။အာရဗ္ဘ။၍။ဧကံ။တကြိမ်။အာဝဇ္ဇနံ။မနောဒွါ
ရာဝဇ္ဇန်းစိတ်ဇင်း။ မရဏဿ။ ၏။ အာသန္နဘာဝေန။ နီးသည်၏အဖြစ်
ကြောင့်။မန္ဒီဘူတဝေဂတ္တာ။ နုံ့နဲ့သည်ဖြစ်၍ဖြစ်သောအဟုန်ရှိသည်၏အ
ဖြစ်ကြောင့်။ပဉ္စဇဝနာနိ။တို့ဇင်း။ ဒွေ။နှစ်ကြိမ်ကုန်သော။တဒါရမဏာနိ။
တို့ဇင်း။ ဉ္စတိ။သို့။ တိဏိဝိထိစိတ္တာနိ။ သုံးမျိုးသောဝိထိ စိတ်တို့သည်။
ဥပ္ပဇ္ဇန္တိ။ကုန်၏။ တတော။ ထိုဒုတိယတဒါရုံစိတ်ချုပ်ပြီးသည်မှ။ ပရံ။
နောက်အခြားမဲ့၌။ဘဝင်္ဂဝိသယံ။ဘဝင်၏အာရုံကို။အါရမဏံကတွာ။၍။
ဧကံ။တကြိမ်။စုတိစိတ္တံ။သည်။ဥပ္ပဇ္ဇတိ။၏။ ဧတ္တာဝတာ။ ဤမျှအတိုင်းအ
ရှည်ရှိသောကာလဖြင့်။ဧကာဒသစိတ္တက္ခဏာ။ ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေ
ဒမနောဒွါရာဝဇ္ဇန်ဇော ငါးကြိမ်တဒါရုံနှစ်ကြိမ် စုတိစိတ်တကြိမ်အား
ဖြင့်တဆယ်တချက်သောစိတ္တက္ခဏတို့သည်။အတီတာ။လွန်ကုန်သည်။
ဟောန္တိ။ ကုန်၏။အထ။ ထိုသို့စိတ္တက္ခဏာ၁၁ချက်အသက်ကာလလွန်ပြီး
သည်ရှိသော်။အဝသေသပဉ္စစိတ္တက္ခဏာယုကေ။စိတ္တက္ခဏငါးချက်မျှအ
သက်ကြွင်းရှိသော။ တသ္မိံယေဝအာရမဏေ။ ၌ပင်လျှင်။ပဋိသန္ဓိစိတ္တံ။
သည်။ဥပ္ပဇ္ဇတိ။၏။ ။အပရဿ။အား။မရဏသမယေ။၌။ပဉ္စန္နံဒွါရာနံ။

စက္ခုဒွါရစသောငါးပါးသောဒွါရတို့တွင်။ အညတရသ္မိံ ဒွါရေ။၌။ရာဂါ
ဒိဟေတုဘူတံ။ ရာဂစသည်တို့၏အကြောင်းဖြစ်၍ဖြစ်သော။ ဟီနာရမ
ဏံ။ယုတ်ညံ့သောအာရုံသည်။အာပါတံ။သို့။အာဂစ္ဆတိ။၏။တသ္မိံ။အား။
ယထာက္ကမေန။ ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်စသောအစဉ်
အားဖြင့်။ ဥပ္ပန္နေ ဝေါဋ္ဌဗ္ဗနာဝသာနေ။ ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌။ မရ
ဏဿ။၏။အာသန္နဘာဝေန။ကြောင့်။ မန္ဒီဘူတဝေဂတ္တာ။ကြောင့်။ပဉ္စ
ဇဝနာနိစ။တို့သည်၎င်း။ဒွေတဒါရမဏာနိစ။တို့သည်၎င်း။ဥပ္ပဇ္ဇန္တိ။နိ၏။
တတော။ ထိုဘဝင်္ဂစလနအစဒုတိယတဒါရုံအဆုံးရှိသောစိတ်တို့ဖြစ်ပြီး
သည်မှ။ပရံ။၌။ ဘဝင်္ဂဝိသယံ။ကို။အာရမဏံကတွာ။၍။ ဧကံ။တကြိမ်။
စုတိစိတ္တံ။သည်။ဥပ္ပဇ္ဇတိ။၏။ ဧတ္တာဝတာ။ ဖြင့်။ဒွေ။နှစ်ကြိမ်ကျန်သော။
ဘဝင်္ဂါနိ။ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒတို့၎င်း။အါဝဇ္ဇနံ။ပဉ္စဒွါရာဝဇ္ဇန်၎င်း။
ဒဿနံ။စက္ခုဝိညာဏ်၎င်း။ သမ္ပဋိစ္ဆနံ။၎င်း။သန္တီရဏံ။ ၎င်း။ဝေါဋ္ဌဗ္ဗနံ။
၎င်း။ပဉ္စဇဝနာနိ။တို့၎င်း။ဒွေတဒါရမဏာနိ။တို့၎င်း။ ဧကံစုတိစိတ္တံ။၎င်း။
ဣတိ။သို့။ပဉ္စဒသစိတ္တက္ခဏာ။ ၁၅ ချက်သောစိတ္တက္ခဏတို့သည်။အတိ
တာ။ကုန်သည်။ ဟောန္တိ။နိ၏။အထ။ထိုသို့စိတ္တက္ခဏ ၁၅ ချက်လွန်ပြီး
သည်မှနောက်၌။အဝသေသဧကစိတ္တက္ခဏာါယုကော။စိတ္တက္ခဏတချက်
မျှအသက်ကြွင်းရှိသော။ တသ္မိံ ယေဝအာရမဏော။ ၌သာလျှင်။ပဋိသန္ဓိ
စိတ္တံ။သည်။ဥပ္ပဇ္ဇတိ။၏။ ။ဤအဓိကထာ၌။ ဧကာဒသစိတ္တက္ခဏာအ
တီတာဟောန္တိ။ပဉ္စဒသစိတ္တက္ခဏာအတီတာဟောန္တိ။ဟူသောစကား
တို့ကိုဝိထိစိတ်ဖြစ်ခြင်းအားကျေးဇူးပြုတတ်သည့်၏ အဖြစ်အားလျော်
သောဘဝင်လှုပ်ခြင်း၏ အကြောင်းဖြစ်သောဒွါရ၌ ထင်ခြင်းသို့ရောက်
သောခဏကစ၍ရေတွက်သည့်၏အစွမ်းဖြင့်သာဆိုသည်။ ပစ္စုပ္ပန်ဖြစ်
သောရုပ်သည် နည်းယုတ်စွအံဆုံး စိတ္တက္ခဏတချက်လွန်မှသာ ဒွါရ၌
ထင်ခြင်းသို့ ရောက်နိုင်ရကား ဤ၌စိတ္တက္ခဏ တချက်လွန်သောအာရုံ
ဖြစ်၍ဥပါဒ် ခဏကစ၍ ရေတွက်သော်။ ဒွါဒသစိတ္တက္ခဏာ အတီတာ
ဟောန္တိ။ သောဠသစိတ္တက္ခဏာ အတီတာဟောန္တိ။ ဟုဆိုရမည်မှတ်
လေ။ ။ဤဧကာဒသစိတ္တက္ခဏာအတီတါပဉ္စဒသစိတ္တက္ခဏာအတီတါ
ဟူသောစကားကို အမှီပြု၍ရုပ်သည်စိတ္တက္ခဏ ၁၆ ချက်သာအသက်ရှိ
သည်ဟုမယူအပ်။ ။ယတ္ထပနသောဠသစိတ္တက္ခဏာနေဝပညာယန္တိ။
တတ္ထစိတ္တပဝတ္တိယာပစ္စယ ဘာဝယောဂျက္ခဏဝသေနယောနိတော။

ဟောန္တိမကောဒိုယာဟိကေစိတ္တက္ခဏံပိအတိက္ကန္တံသောဝရူပသံအာပါ
တဂမနသါမတ္တိယန္တိ။ ။ငိုကါကျော်။ ။ယတ္တပန္။အကြြင်ပဋိစ္စသမုပ္ပါဒ
ဝိဘင်းအဋ္ဌကထာအတီတာရမဏာရတိနောင်ပစ္စုပ္ပန္နာရမဏာပဋိသန္ဓေ
ဖြစ်သည်ကိုပြသောအရာ၌ကား။သောဠသစိတ္တက္ခဏာနေဝ။ ၁၆ ချက်
သောစိတ္တက္ခဏတို့သည်သာလျှင်။ပညာယန္တိ။ထင်ကုန်၏။တတ္တ။ထိုအ
ရာ၌။စိတ္တပဝတ္တိယာ။ဝိထိစိတ်ဖြစ်ခြင်းအား။ ပစ္စယဘာဝယောဂျက္ခဏ
ဝသေန။ ကျေးဇူးပြုသည်၏အဖြစ်အားလျော်သောခဏ၏ အစွမ်းဖြင့်။
နယော။ရေတွက်နည်းကို။ နိတော။ဆောင်အပ်၏။ ဟိသစ္စံ။၏။ ဟောန္တိမ
ကောဒိုယာ။အောက်အကျဆုံးနည်းယုတ်စွ အဆုံးအပိုင်းအခြားအားဖြင့်။
ဧကေ စိတ္တက္ခဏံ။ တခုသော စိတ္တက္ခဏကဲ့သို့သော ခဏကာလကို။အ
တိက္ကန္တသာ။လွန်သော။ ရူပသောဝ။ရုပ်၏သာလျှင်။ အာပါတဂမနသာ
မတ္တိယံ။ ဒွါရ၌ထင်ခြင်းသို့ရောက်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်။
ဟောတိ။၏။ဣတိ။ဝံ့။ဥဒ္ဓဗ္ဗံ။၏။

ပဋိစ္စသမုပ္ပါဒဝိဘင်အဋ္ဌကထာဝယ် ပြဆိုအပ်သောမရဏာသန္နအ
ခါဖြစ်သော ပဉ္စဒွါရိကဝိထိနှင့်စပ်လျဉ်သောအားဖြင့် ပဉ္စဝိညာဏ်၏မှီ
ရာပဉ္စပသာဒရုပ်အရကိုအသီးအသီးဆရာတို့ကောက်ယူပုံ။ မန္ဒာယုက၊ အ
မန္ဒာယုက၊ မဇ္ဈိမာယုကယူပုံမတူကွဲပြားကြသည်ဖြစ်၍ ထိုယူပုံကိုပြဆို
လိုက်ဦးအံ့။ ။ထိုတွင်အဘိဓမ္မာဝတာရအဋ္ဌကထာ၏အဘွင့်ဖြစ်သော
အဘိဓမ္မတ္ထဝိကာသနီမည်သောဋီကာသစ်၌လာသောဝါဒကို ရှေးဦးစွာ
ပြအံ့။ ။ဧတ္တာဟစက္ခုဝိညာနုပ္ပတ္တိသမယေသမ္ဘဝန္တေသုမန္ဒာမန္ဒမဇ္ဈိမာ
ယုကေသုဧကူနပန္နာသစက္ခူသု ကတမံစက္ခုဝိညာဏသ အာခာရ
ဘာဝံပစ္စုနုဘောတီတိ။ ဝုစ္စတေ။ပဋိသန္ဓိ စိတ္တသ ဥပါဒက္ခဏေဥပ္ပန္နံ
ဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယဒုတိယဘဝင်္ဂံဥပ္ပဇ္ဇတိ။ တေနသဒ္ဓိံ
ဥပ္ပန္နံဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယတတိယဘဝင်္ဂံဥပ္ပဇ္ဇတိ။ ဧဝမိ
နာနယေနယာဝတာယုကံစိတ္တပဝတ္တိ ဝေဒိတဗ္ဗာတိ မဂ္ဂါမဂ္ဂဉာဏနိဒ္ဒေ
သေဝုတ္တနယေန ဧကစိတ္တက္ခဏာတီတံစက္ခုရူပေ ဃဋ္ဋိတွာ ဝိညာဏ
ဿနိဿယောဟောတိ။ တဗ္ဗာဒ္ဓိသုဘဝင်္ဂစလနေသုပုရိမဿအနန္တရ
ပစ္စယဘူတေနဘဝင်္ဂစိတ္တေနသဟဥပ္ပန္နံတံ အယမတ္တော ဇာဒသိဟဠသံ
ဝဏ္ဏနာယံဝိသုဒ္ဓိမဂ္ဂဿသီဟဠသံဝဏ္ဏနာ ယဉ္စဝုတ္တော။ တလာကဂါမ
မူလဝါသိဒါဌာနာဂထေရေန ပနအာဝဇ္ဇနေန တဿအနန္တရ ပစ္စယဘူ

တေနဘာဝင်္ဂေနဝါသဟာဥပ္ပန္နံစက္ခုတိဝုတ္တံ။ တံဒုဝုတ္တံ။ ဝေံဟိသတိအညာ ဿွံ ဃန္တဝတေအညံစက္ခုဝိညာဏာသ နိသယော ဟောတိ တိဝုတ္တံ ဟောတိ။ ဝေဠုဘာဝင်္ဂစလနတောဟေဋ္ဌာတတိယ စတုတ္ထေဟိ ယာဝ တေရသမစိတ္တေန သဟာဥပ္ပန္နမ္ပိနိသယော ဟောတိတိအာပဇ္ဇေယျ။ န စေံဝတ္တဗ္ဗံ။တတိယစတုတ္ထစိတ္တတောပဌာယဟိဥပ္ပန္နံ ကေသဥ္စိဝိထိ စိတ္တာနံဥ္ပါရဘာဝံ နဂစ္ဆတိ။နိရုဒ္ဓတ္တာ။ မနောဒွါရသနိရုဒ္ဓေသာဝ ဥ္ပါရ ဘာဝသ ဧသနတောစ။ ယဒိသိယာပဋိသန္ဓိ စိတ္တသဥပ္ပါဒက္ခဏေ ဥပ္ပန္နံ ဝတ္ထုံနိသသာယ ဒုတိယဘာဝင်္ဂ ဥပ္ပဇ္ဇတိတိ အာဒိဝစနတော ဧက စိတ္တက္ခဏါတိတမေဝနိသယောတိအဓိပ္ပေတန္တိ။ဏူဒမ္ပိဧကစိတ္တက္ခဏါ တိတံနိသယောတိယုဇ္ဇတိတိ။ ဝေံသတိတဿအနန္တရပစ္စယာဘူတေန ဘာဝင်္ဂေနာတိဝစနံနယုဇ္ဇေယျ။တေနစိတ္တက္ခဏဒွယါတိတံပိနိသယော တိဝဋ္ဋိညာတံသိယာ။ တဿွာနာယံထေရဿအဓိပ္ပါယောတိ ဒိဿတိ။ ဧကစိတ္တက္ခဏာ တိက္ကမောတိစ အနတိတေက စိတ္တက္ခဏာဿဒုဗ္ဗလ ဘာယဧကစိတ္တက္ခဏာတိက္ကမေနတဿဗလဝဘါဝဒဿနတ္ထံဝုတ္တံ။နပ နိုတိစတုစိတ္တက္ခဏါတိတာနံနိသယဘာဝါဘာဝတော။ဝေဠုကတွာ ဝုတ္တံအာစရိယဓမ္မပါလထေရေနသမ္ပဋိစ္ဆနာဒိနိဿရတိအာသန္နာနိ တဒုဒ္ဒံ ကမ္မဇရူပဿအနုပ္ပဇ္ဇနတောကေသိဥ္စိယော ဟူဒယဝတ္ထုံဥ္စိဝတ္တန္တိတိ။ ဘာဿွာတံထေရဿမနောရထမေဝါတိနသာရတောပစ္စေတဗ္ဗံ။ ။ အဘိဓမ္မတ္ထပိကာသနိဂိုကာ။ ။ဇွေတ္တဌာနေ။ ဤအရာ၌။ဌတွာ။ တန့်ရပ် ၍။စေါဒကော။သည်။အာဟ။၏။ကိံအာဟ။ အဘာယ်သို့ဆိုသနည်းဟူမူ ကား။စက္ခုဝိညာဏုပ္ပတ္တိသမယေ။စက္ခုဝိညာဏ်ဖြစ်ဆဲကာလ၌။ သမ္ဘာ ၁ န္တေသု။ထင်ရှားရှိကုန်သော။မန္ဒာမန္ဒမဇ္ဈိမာယုကေသု။မန္ဒာယုက အ မန္ဒာယုကမဇ္ဈိမာယုကဖြစ်ကုန်သော။ ဧကူန ၁ ဏ္ဏာသစက္ခုသု။ တခု သုတ် ၅၀ သောစက္ခုပသာဒတို့တွင်။ ကတမံ။ အဘာယ်စက္ခု ပသာဒ သည်။စက္ခုဝိညာဏာသ။စက္ခုဝိညာဏ်၏။အာဓါရဘာဝံ။ တည်ရာ၏ အဖြစ်ကို။ ပစ္စနုဘောတိ။ခံစားသနည်း။ဝါ။တည်ရာ၏အဖြစ်သို့။ ပစ္စနု ဘောတိ။ ရောက်သနည်း။ဣတိ။သို့။ စေါဒကော။သည်။ အာဟ။၏။ပရိ ဘာရော။အဖြေကို။မယာ။ငါသည်။ဝုစ္စတေ။ပြဆိုဦးအံ့။ ပဋိသန္ဓိစိတ္တဿ။ ပဋိသန္ဓေစိတ်၏။ဥပ္ပါဒက္ခဏေ။ဥပါဒ်ခဏ၌။ဥပ္ပန္နံ။သော။ဌာနပတ္တံ။ဌီသို့ ရောက်သော။ပုရေဇာတံ။ ရှေး၌ဖြစ်သော။ဝါ။ပုရေဇာတပစ္စည်းတပ်

သော။ဝတ္ထုံ။ ဟာဒယဝတ္ထုကို။နိဿာယ။၍။ ဒုတိယာဘဝင်္ဂံ။ ပဋိသန္ဓေ
စိတ်မှထောက်၍ ၂ ခုမြောက်ဖြစ်သောပဌမဘဝင်စိတ်သည်။ဥပ္ပဇ္ဇတိ။
၏။တေန။ထိုဘဝင်စိတ်နှင့်။သဒ္ဓိံ။ကွ။ဥပ္ပန္နံ။သော။ဌာနပတ္တံ။သော။ပုရေ
ဇာတံ။သော။ဝတ္ထုံ။ကို။နိဿာယ။၍။တတိယာဘဝင်္ဂံ။ ပဋိသန္ဓေစိတ်မှ
ထောက်၍ ၃ ခုမြောက်ဖြစ်သောဒုတိယဘဝင်စိတ်သည်။ ဥပ္ပဇ္ဇတိ။၏။
ဧတ္တမိနာနယေန။ ဤနည်းဖြင့်။ ယာဝတာယုကံ။ အသက်ထက်ဆုံး။ စိတ္တ
ပဝတ္တိ။ ရုတိစိတ်မှ ပြန်၍ ရေသော် ၁၆ ချက်မြောက်သော စိတ်တိုင်
အောင်သောစိတ်တို့၏ရှေးရှေးအနန္တရစိတ်နှင့်အတူ ဥပါဒ်သောဟာဒယ
ဝတ္ထုကိုမှီ၍ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ။ ၏။ဇာတိ။ သို့။မဂ္ဂါမဂ္ဂဉာဏနိဒ္ဒေ
သေ။ ဝိသုဒ္ဓိမဂ်ဝယ်မဂ္ဂါမဂ္ဂဉာဏနိဒ္ဒေသ၌။ ဝုတ္တနယေန။ဆိုအပ်သော
နည်းဖြင့်။ ဧကစိတ္တက္ခဏာတီတံ။ တခုသော စိတ်၏ခဏကဲ့သို့သော
ခဏကိုလွန်ခြင်းရှိသော။စက္ခုံ။စက္ခုပသာဒသည်။ရူပေ။ရူပါရုံ၌။ဃဋ္ဋိ
တွာ။ထိခိုက်၍။ဝိညာဏဿ။စက္ခုဝိညာဏ်၏။နိဿယော။ မှီရာသည်။
ဟောတိ။၏။တသ္မာ။ထိုသို့ရူပါရုံနှင့်ထိခိုက်သောစက္ခုပသာဒသည်သာ
စက္ခုဝိညာဏ်၏မှီရာဖြစ်သည့်၏ အဖြစ်ကြောင့်။ ဒွိသုဘဝင်္ဂစလနေသု။
ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒဟူကုန်သော ဘဝင်္ဂစလန ၂ ခုတို့တွင်။ ပုရိ
မဿ။ရှေးဖြစ်သော။ ဘဝင်္ဂစလနဿ။ ၏။အနန္တရပစ္စယဘူတေန။ အ
နန္တရပစ္စည်းဖြစ်၍ဖြစ်သော။ဝါ။ပုရိမဿ။အား။ အနန္တရပစ္စယဘူတေ
န။ အနန္တရသတ္တိဖြင့်ကျေးဇူးပြုသည်ဖြစ်၍ဖြစ်သော။ ဘဝင်္ဂစိတ္တေန။အ
တိတဘဝင်စိတ်နှင့်။သဟ။ ကွ။ဥပ္ပန္နံ။သော။ စက္ခုံ။သည်။ စက္ခုဝိညာ
ဏဿ။၏။နိဿယဘာဝံ။မှီရာ၏အဖြစ်သို့။ဂစ္ဆတိ။ရောက်၏။ဇာတိအယံ
အတ္တော။ ဤသို့သောအနက်သဘောကို။ ဇာဒသီဟာဋ္ဌသံဝဏ္ဏနာယဥ္စ။ဤ
အဘိဓမ္မာ ဝတာရ အဋ္ဌကထာ၏သီဟာဋ္ဌ သံဝဏ္ဏနာ ဖြစ်သော ဋီကာ
ဟောင်း၌ရင်း။ဝိသုဒ္ဓိမဂ်သ။၏။ သီဟာဋ္ဌသံဝဏ္ဏနာယဥ္စ။ သီဟာဋ္ဌသံဝဏ္ဏ
နာဖြစ်သောဋီကာဟောင်း၌ရင်း။ဝုတ္တော။၏။ပန။ အယူတပါးကိုပြဦးအံ့။
တလာကဂါမမူလဝါသိဒါဌာနာဂထေရေန။ တဘက်ဆည့်ကန်၏အနီး
ဖြစ်သောရွာကျောင်း၌နေလေ့ရှိသောဒါဌာနာဂမထေရ်သည်။ အာဝဇ္ဇ
နေနဝါ။ ပဉ္စဒွါရာ ဝဇ္ဇနှင့် သော်ရင်း။ တဿ။ ထိုပဉ္စဒွါရာဝဇ္ဇန်၏။ အ
နန္တရပစ္စယဘူတေန။ သော။ဝါ။တဿ။အား။ အနန္တရပစ္စယဘူတေန။
သော။ဘဝင်္ဂေနဝါ။ ဘဝင်္ဂုပစ္ဆေဒနှင့်သော်ရင်း။သဟ။ကွ။ဥပ္ပန္နံ။သော။

စက္ခု။သည်။စက္ခုဝိညာဏဿ။၏။အာဓါရဘာဝံ။သို့။ဂစ္ဆတိ။၏။ ဋ္ဌတိ။ သို့။ဝုတ္တံ။၏။တံ။ ထိုဒါဠှနာ၁ဂမထေရ်ဆိုအပ်သောစကားသည်။ဒုဝုတ္တံ။ မကောင်းသဖြင့်ဆိုအပ်သောစကားတည်း။ ဟိသစ္စံ။မှန်၏။ဇေ၀ံ။ ဤသို့ ပဉ္စဒွါရာဝဇ္ဇန်နှင့်တကွဖြစ်သောပဿာဒကိုသော်ငင်းပဉ္စဒွါရာဝဇ္ဇန်၏အ နန္တရဖြစ်သောဘဝင်စိတ်နှင့်တကွဖြစ်သေါပသါဒသည်သော်ငင်းစက္ခု ဝိညာဏ်၏မှီရာဖြစ်၏ဟုဆိုခဲ့သည်။ သတိ။ ရှိသော်။ အညသ္မိံ။တပါး သောစက္ခုပသာဒသည်။ဃန္နိ၀တေ။ ရူပါရုံနှင့် ထိခိုက်သည် ရှိသော်။ အညံ။ ထိခိုက်သောပသာဒမှ တပါးသော ပသာဒသည်၊ စက္ခုဝိညာ ဏဿ။၏။ နိဿယော။မှီရာသည်။ ဟောတိ။၏။ ဋ္ဌတိ။သို့။ဝုတ္တံ။ဆိုရာ ရောက်သည်။ဟောတိ။၏။ ဧဝဉ္စသတိ။ ဤသို့အာရုံ၏ထိခိုက်ရာပသာဒ တခြားဝိညာဏ်၏မှီရာပသာဒ တခြားဖြစ်၏ဟုဆိုခဲ့သည်ရှိသော်။ ဘ ဝင်္ဂစလနတော်။ရှေ့ဘဝင်္ဂစလနမှ။ပုဗ္ဗာ။ရှေ့ဖြစ်သေါအောက်၌။တတိ ယစတုတ္ထေဟိ။ ဘဝင်္ဂစလနမှစ၍ ရေသော် ၃ ချမြောက် ၄ ချမြောက် ဖြစ်ကုန်သော ဘဝင်စိတ်တို့မှ။ ပဋ္ဌာယ။၍။ ယာဝတေရ သမစိတ္တေန။ ၁၃ ချမြောက် တိုင်အောင်သော ဘဝင် စိတ် နှင့်။သဟ။ကွ။ဥပ္ပန္နမ္ပိ။ဖြစ် သော ပသာဒ ၃၆ ချသည်လည်း။ နိဿယော။ ပဉ္စ ဝိညာဏ်၏ မှီရာ သည်။ဟောတိ။၏။ဋ္ဌတိ။ ဤသို့ဆိုသည်မည်သည်။အာပဇ္ဇေယျ။ဖြစ်ရာ ခဲ့၏။ဇေ၀ံစ။ ဤသို့ တတိယစတုတ္ထ ဘဝင်မှစ၍ တေရသမ ဘဝင်တိုင် အောင်သော စိတ် ၁၂ ချတို့နှင့် တကွဖြစ်သော ပသာဒ ၃၆ ချတို့တွင် တချချ သည် ပဉ္စဝိညာဏ်၏ မှီရာ ဖြစ်သည် ဟူ၍ လည်း။ နဝတ္တဗ္ဗံ။ မဆိုအပ်ခဲ့။ ကသ္မာ။ ကြောင့်။ဇေ၀ံ။ သို့။ နဝတ္တဗ္ဗံ။ မဆိုအပ်သနည်း။ဟိ ယသ္မာ။ ကြောင့်။ တတိယစတုတ္ထစိတ္တတော။မှ။ ပဋ္ဌာယ။ ၍။ဥပ္ပန္နံ။ဖြစ် သော စက္ခုပသာဒသည်။ ကေ သန္တိ၀။ အချုပ်ကုန်သော။ဝိထိ စိတ္တာနံ။ဒု တိယတဒါရုံစသေါဝိထိစိတ်တို့၏။ဒွါရဘာဝံ။သို့။နဂစ္ဆတိ။မရောက်နိုင်။ ဋ္ဌတိတသ္မာ။ ထိုသို့တတိယစတုတ္ထစိတ်မှစ၍ဖြစ်သောပသာဒ၏ အချုပ် သောဝိထိစိတ်တို့၏ဒွါရအဖြစ်သို့မရောက်သည်၏အဖြစ်ကြောင့်။ ဇေ၀ံ။ ဤသို့တေရသမတိုင်အောင်သော စိတ်နှင့်တကွဖြစ်သော ပသာဒကိုမှီ ၏ဟူ၍။နဝတ္တဗ္ဗံ။အပ်။ကသ္မာ။ကြောင့်။ တတိယစတုတ္ထတော။မှ။ ပဋ္ဌာ ယ။၍။ဥပ္ပန္နံ။သည်။ ကေသန္တိ၀ိထိစိတ္တာနံ။တို့၏။ ဒွါရဘာဝံ။သို့။နဂစ္ဆတိ။ မရောက်သနည်း။တသ္မာ။ထိုဘဝင်္ဂစလနမှရှေ့တတိယစတုတ္ထစိတ်မှစ၍

ဖြစ်သောပသာဒ၏။နိရုဒ္ဓတ္တာစ။ အချုပ်သောဝိထိစိတ်တို့မဖြစ်မီ ချုပ်နှင့်
သည့်၏အဖြစ်ကြောင့်ဇင်း။ မနောဒွါရဿေဝ။ ဘဝင်္ဂုပစ္ဆေဒဟုဆိုအပ်
သောမနောဒွါရ၏သာလျှင်။ ဝါ။ ကိုသာလျှင်။ နိရုဒ္ဓဿ။ နိရုဒ္ဓဿေဝ။
ချုပ်ပြီးဖြစ်၍သာလျှင်။ဝါ။ နိရုဒ္ဓဿေဝ။ ချုပ်ပြီးသာလျှင် ဖြစ်သော။မ
နောဒွါရဿေဝ။၏သာလျှင်။ဝါ။ ကိုသာလျှင်။ ဒွါရဘာဝဿ။ ဝိထိစိတ်
တို့၏ ဒွါရအဖြစ်ကို။ ဒဿနတောစ။ အဋ္ဌကထာတို့၌ ပြဆို ခြင်းကြောင့်
ဇင်း။့တတိယစတုတ္ထတော။မှ။ပဉ္စာယ။ ၅၊။ဥပ္ပန္နံ။ သည်။ ကောသဠ္ဌ၀ိထိ
စိတ္တာနံ။တို့၏။ဒွါရဘာဝံ။သို့။ နဂစ္ဆတိ။ မရောက်။ ပဋိသန္ဓိစိတ္တဿဥပ္ပါ
ဒက္ခဏေဥပ္ပန္နံဝတ္ထုံ နိဿာယဒုတိယဘဝင်္ဂံဥပဇ္ဇတိတိအာဒိဝစနတော၊
ဥပ္ပဇ္ဇတိစသောစကားကို မဂ္ဂါမဂ္ဂဥာဏနိဒ္ဒေသ၌ ဆိုတော်မူအပ်သည်
၏အဖြစ်ကြောင့်။ ဧကစိတ္တက္ခဏာတီတံ။ တခုသောစိတ်၏ခဏကဲ့သို့
သောခဏကိုလွန်ခြင်းရှိသောဟဒယဝတ္ထုသည်သာလျှင်။ နိဿယော၊
စိတ်၏မှီရာသည်။ဟောတိ။၏။ဇာတိ။သို့။ အဓိပ္ပေတံ။၏။ဇာတိတသ္မာ။ထို
သို့တခုသောစိတ္တက္ခဏကိုလွန်ခြင်းရှိသောဟဒယဝတ္ထုကိုသာဝိညာဏ်
၏မှီရာဟူ၍ အလိုရှိအပ်သည်၏အဖြစ်ကြောင့်။ ဧကစိတ္တက္ခဏာတီတံ၊
သော။ ဇာဒမ္ဘိ။ ဤပဉ္စဒွါရာဝဇ္ဇန်နှင့် အတူဖြစ်သော စက္ခုပသာဒသည်
လည်း။ နိဿယော။ စက္ခုဝိညာဏ်၏မှီရာသည်။ ဟောတိ။ ၏။ ဇာတိ
တသ္မာ။ကြောင့်။ထေရဿ။ ဒါဌာနာဂမထေရ်၏။ ဝစနံ။ ပဉ္စဒွါရာဝဇ္ဇန်
နှင့်အတူဖြစ်သောပသာဒသည်စက္ခုဝိညာဏ်၏မှီရာဖြစ်၏ဟုဆိုသော
စကားသည်။ယုဇ္ဇတိ။ သင့်ပါပေသည်မဟုတ်လော။ဇာတိ။သို့။ဝုတ္တော။
တစုံတယောက်သောပုဂ္ဂိုလ်သည်ဝင်၍ ဆိုအပ်သည်။ ယဒိသိယာ။ အ
ကယ်၍ဖြစ်အံ့။ဧဝံသတိ။ ဤသို့ပဉ္စဒွါရာဝဇ္ဇန်နှင့် တကွဖြစ်သောပသာဒ
သည်စက္ခုဝိညာဏ်၏မှီရာဖြစ်၏ဟု ပြဆိုကြောင်းဖြစ်သော။အာဝဇ္ဇနေ
နသဟာဥပ္ပန္နံ စက္ခုဝိညာဏဿနိဿယဘာဝံဂစ္ဆတိ။ ဟူသောမထေရ်
၏စကားသင့်ခဲ့သည်ရှိသော်။ တဿအနန္တရပစ္စယဘူတေနဘဝင်္ဂေနသ
တိဝစနံ။ဟူသောစကားသည်။နယုဇ္ဇေယျ။ မသင့်ရာ။တေန။ ထိုတဿ
အနန္တရပစ္စယဘူတေနဘဝင်္ဂေနဟူသောစကားဖြင့်။ စိတ္တက္ခဏဒွယာတိ
တမ္ပိ။စိတ္တက္ခဏ ၂ ချက်ကိုလွန်ခြင်းရှိသောပသာဒသည်လည်း။ နိဿ
ယော။စက္ခုဝိညာဏ်၏မှီရာသည်။ဟောတိ။၏။ဇာတိ။သို့။ပဋိညာတံ။ဝန်ခံ
အပ်သည်မည်သည်။ သိယာ။ ဖြစ်ရာ၏။ တသ္မာ။ ထိုသို့တဿအနန္တရ

ပစ္စယဘူတေနဘဝင်္ဂေနဝါစသောစကားဖြင့်စိတ္တက္ခဏ ၂ ချက်ကိုလွန်ခြင်းရှိသော ပသာဒသည်လည်းစက္ခုဝိညာဏ်၏မှီရာဖြစ်၏ဟုဝန်ခံရာရောက်သည်၏အဖြစ်။တခုသောစိတ္တက္ခဏလွန်ခြင်းရှိသော ပသာဒ၏စက္ခုဝိညာဏ်၏မှီရာဖြစ်သည်ကို ပြဆိုကြောင်းဖြစ်သော အာဝဇ္ဇနေန သဟာဥပ္ပန္နံအစရှိသော စကားသင့်ခဲ့သော် စိတ္တက္ခဏ ၂ ချက်ကို လွန်ခြင်းရှိသောပသာဒသည်လည်းပစ္စုဝိညာဏ်၏မှီရာဖြစ်၏ဟုဝန်မခံသင့်သည်ဖြစ်၍ တဿအနန္တရ ပစ္စယဘူတေန ဘဝင်္ဂေနဝါ အစရှိသောစကား၏မသင့်သည်၏အဖြစ်ကြောင့်၊ အယံအဓိပ္ပါယော။ ဤယခုသင်ပြဆိုအပ်သောအလိုသည်။ထေရဿ။ ဒါ္ဌာနာဂမထေရ်၏။ အဓိပ္ပါယောတိ။အလိုဟူ၍။နဒိဿတိ။မထင်။ ဧကစိတ္တက္ခဏာတိက္ကမေသုတိစ။ စိတ်တို့၏မှီရာ ဟာဒယ ဝတ္ထုကိုပြသော ထိုထိုအရာတို့၌ တခုသော စိတ္တက္ခဏကို လွန်ကြောင်းကို ပြဆိုသော စကား ကိုလည်း။ အနတိတေကစိတ္တက္ခဏာဿ။စိတ္တက္ခဏတချက်ကိုမျှ မလွန်သေးသော စိတ္တက္ခဏရှိသောဖြစ်ဆဲသော ဟာဒယဝတ္ထု၏။ ဒုဗ္ဗလတာယ။ အားနည်းသည်၏အဖြစ်ကြောင့်။ဧကစိတ္တက္ခဏာတိက္ကမေန။ တခုသော စိတ်၏ခဏကဲ့သို့သောခဏကာလကိုလွန်သဖြင့်။တဿ။ ထိုဟာဒယဝတ္ထု၏။ ဗလဝဘာဝဒဿနတ္ထံ။ အားကြီးသည်၏အဖြစ်ကိုပြခြင်းအကျိုးငှါ။ ဝုတ္တံ။၏။ ဒွိတိစတုစိတ္တက္ခဏာတီတာနံ။ ၂ချက် ၃ ချက်၄ချက်သောစိတ္တက္ခဏကိုလွန်ခြင်းရှိကုန်သောဟာဒယဝတ္ထုတို့၏။နိဿယဘာဝါဘါဝတော်။မှီရာ၏အဖြစ်မဖြစ်သောကြောင့်။နဝုတ္တံ။မဆိုအပ်။ဝေဠုကတွာ။ ဤသို့ မလွန်သေးသောစိတ္တက္ခဏရှိသော ဟာဒယဝတ္ထု၏အားနည်းသည်၏အဖြစ်ကြောင့် တခုသောစိတ္တက္ခဏကိုလွန်ခြင်းဖြင့် ထိုဟာဒယဝတ္ထု၏ အားရှိသည်၏အဖြစ်ကိုပြခြင်းငှါသာဧကစိတ္တက္ခဏာတိတေနစသည်ဖြင့် တခုသောစိတ္တက္ခဏကို လွန်ကြောင်းကိုဆိုတော်မူ၍ စိတ္တက္ခဏ ၂ ချက် ၃ ချက်စသည်ကိုလွန်သော ဟာဒယဝတ္ထု၏စိတ်၏မှီရာမဖြစ်သည်ကို ပြခြင်းငှါ ဆိုအပ်သည် မဟုတ်သောကြောင့်။ အာစရိယမ္မေပါလ ထေရေန။ ဆရာဓမ္မပါလ မထေရ်သည်။ စုတိ အာသန္နာနိ။စုတိစိတ်လျှင် အနီးရှိကုန်သော။ ဝါ။ စုတိကာလ၏အနီး၌ ဖြစ် ကုန် သော။သမ္ပဋိစ္ဆနာ ဒီနိ။ သမ္ပဋိစ္ဆိုင်းအစရှိသောမရဏာသန္နဝိထိစိတ်တို့သည်။တဒုဒ္ဓံ။ထိုစုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ် ခဏမှအ

ထက်ဖြစ်သောနေ့ခံကာလ၌။ ကမ္မဇရူပဿ။ ၏။ အနုပ္ပတ္တိတော။ မဖြစ်ခြင်းကြောင့်။ ကေသို့ံ ယေဝဟာဒယဝတ္ထုသို့ံ။စုတိစိတ်မှပြန်၍ရေသော် ၁၇ ခုမြေခံသောစိတ်၏ဥပါဒ်ခဏ၌ဖြစ်သောဟာဒယဝတ္ထုတခုတည်း၌သာလျှင်။ ဝတ္တန္တိ။ မှီ၍ဖြစ်ကုန်၏။ ဣတိ။ သို့။ဝုတ္တံ။၏။ တဿ။ကြောင့်။ တံ။ ထိုပဋ္ဌာနပါဠိရပဝစ္ဆန်နှင့် အတူ ဥပါဒ်သောပသာဒ။ ထိုပဋ္ဌာနပါဠိရပဝစ္ဆန်ရှေ့ အနန္တရဖြစ်သောဘဝင်စိတ်နှင့်အတူဥပါဒ်သောပသာဒကို ပစ္စဝိညာဏ်မှီ၏ဟူသောစကားသည်။ထေရဿ။ ဒါဌာနာဂမထေရ်၏။ မနောရထမေဝ။ နှလုံးသွင်းစိတ်အလိုမျှသာတည်း။ ဣတိတဿ။ ထိုသို့မထေရ်၏အလိုမျှသာဖြစ်သောကြောင့်။တံ။ထိုမထေရ်၏ဝါဒကို။ သာရတော။အနှစ်သာရအားဖြင့်။နပစ္စေတဗ္ဗံ။မယုံကြည်အပ်။ ။ဤဒိုကာ၌အဓိပ္ပါယ်ကိုပြဆိုလိုက်ဦးအံ့။ ။ဋ္ဌောဝါဟ။လ။ပဋ္ဌာနဘောတိတိဖြင့်။စက္ခုဝိညာဏ်ဖြစ်သောကာလဝယ်ထင်ရှားရှိကောင်းသောထိုက်သည်အားလျော်စွာ မန္ဒ အမန္ဒ မဏ္ဍိမာယုကမည်သော ပသာဒ ၄၉ ခုတွင်အဘယ်ပသာဒကိုစက္ခုဝိညာဏ် မှီသနည်းဟုကထေတု ကမျတာပုစ္ဆာဖြင့် မေးဦး၍ဝုစ္စတေစသည်ဖြင့်ဖြေသည်။ ။ဋ္ဌိသုဘဝင်စလနေသု ပုရိမဿအနန္တရပစ္စယဘူတေန ဘဝင်စိတ္တေနသဟဥပ္ပန္နံ။ သာသိုလိုရင်းပဓာန။ ။ ပုစ္ဆာစကားမှ။ စက္ခုဝိညာဏဿ အာဓာရဘာဝံ ပဋ္ဌာနဘောတိ။ ကိုဆောင်၍ဥပ္ပန္နံကိုယင်း၌စပ်။ ။ဘဝင်စလန ၂ ခုတို့တွင် ရှေ့ဘဝင်စလနအားအနန္တရသတ္တိဖြင့်ကျေးဇူးပြုတတ်သောအတီတဘဝင်စိတ်နှင့် အတူဥပါဒ်သောစက္ခုပသာဒသည် စက္ခုဝိညာဏ်၏ မှီရာ၏ အဖြစ်သို့ရောက်သည်။ဟူလို။ ။ရှေ့ဘဝင်စလန၏ ရှေ့အနန္တရဖြစ်သောဘဝင်နှင့်အတူဥပါဒ်သောစက္ခုပသာဒကိုစက္ခု ဝိညာဏ်မှီသည်၏အဖြစ်ကိုအဘယ့်ကြောင့်သိပါသနည်း။ဟူဘွယ်ရှိ၍။ ။ ကေစိတ္တက္ခဏာတိတံ စက္ခုရူပေဟင္ခေ့တွာဝိညာဏဿနိဿယောဟောတိ။တသ္မာ။ ။ကိုဆိုပြန်သည်။စိတ္တက္ခဏ တချက်ခန့်ကာလကို လွန်သောစက္ခု ပသာဒသည်ရူပါရုံ၌ထိခိုက်သည်။ထိုထိခိုက်သောပသာဒလျှင်စက္ခုဝိညာဏ်၏မှီရာ၏အဖြစ်သို့ရောက်သည်ဖြစ်သောကြောင့်သိပါသည်။ဟူလို။ ။ စိတ္တက္ခဏတချက်ခန့်ကာလကိုလွန်သောစက္ခုပသာဒသည်ရူပါရုံ၌ထိခိုက်၏၊ ထိုထိခိုက်သော စက္ခုပသာဒကိုသာ စက္ခုဝိညာဏ်မှီ၏ဟုပြဆိုသောနည်းကို အဘယ်သို့သော နည်းကိုအမှီပြု၍ အဘယ်သို့သော

နည်းဖြင့် ဆိုပါ သနည်း။ ဟူဘွယ်ရှိ၍။ ။မဂ္ဂါ မဂ္ဂဉာဏာ နိဒ္ဒေသေ ဝုတ္တနယေန။ကိုဆိုပြန်ရသည်။ ။ဝိသဒ္ဓိမဂ်အဋ္ဌကထာ၀ယ်လာသော မဂ္ဂါမဂ္ဂဉာဏာနိဒ္ဒေသ၌ ဆိုအပ်သောနည်းကိုမှီ၍။ ယင်းသည့်နည်းအား ဖြင့်ဆိုပါသည်။ ဟူလို။ ။မဂ္ဂါမဂ္ဂဉာဏာနိဒ္ဒေသ၌ အဘယ်ဘို့ဆိုအပ် သနည်း။ဆိုဟန်ကိုပြပါဦးလော။ ဟူဘွယ်ရှိ၍။ ။ပဋိသန္ဓိစိတ္တသဒ္ဓ ပါဒက္ခဏော။လ။ စိတ္တပ၀တ္တိဝေဒိတဗ္ဗာတိ။ကိုဆိုပြန်ရသည်။ ။ပြဆို ခဲ့ပြီးသောအကြောင်းကြောင့် ပုရိမဘာ၀င်စလနဖြစ်သော ဘ၀င်စိတ်နှင့်အတူဥပါဒ်သော စက္ခုပသာဒကို စက္ခုဝိညာဏ်မှီသည် ဟူသော၍အနက်သဘောကိုဆရာ၏ အလိုအားဖြင့်ပြဆိုအင်သလော။ ဟူဘွယ်ရှိ၍။ ။ဇာတိအယမတ္ထော ဇာဒသိဟဠ သံ၀ဏ္ဏနာယံ။ ဝိသုဒ္ဓိ မဂ္ဂသသိဟဠ သံ၀ဏ္ဏနာယဥ္စဝုတ္တော။ ကိုဆိုပြန်ရသည်။၍အနက်သ ဘောကို အဘိဓမ္မာ ဝတာရ ဋီကာ ဟောင်း၌ ၎င်း။ ဝိသုဒ္ဓိမဂ် ဋီကာ ဟောင်း၌၎င်း ပြဆိုအပ်သည်ဖြစ်၍ ထိုဋီကာဆရာတို့နည်းကိုမှီ၍။ ၎င်း ဆရာတို့နည်းအားဖြင့် ဆိုအပ်ပါသည်။ ဟူလို။ ။ဋီကာ၀ါဒမှတပါး ထေရဝါဒကိုပြပြန်ခြင်းငှါ။တလာက။လ။စက္ခုတိဝုတ္တံ။ ။ကိုဆိုပြန်ရ သည်။ တဘက်ဆည်ကန်ရွာနီးကျောင်းတိုက်၌သီတင်းသုံးနေသောဒါ ဌာနာဂမထေရ်မူကား ပစ္ဆဇ္ဇါရာဝဇ္ဇနနှင့်အတူ ဥပါဒ်သောစက္ခုပသာဒ ကိုသော်၎င်း။ ထိုပစ္ဆဇ္ဇါရာဝဇ္ဇန်၏ ရှေ့အနန္တရဖြစ်သောဘာ၀င်ုပစ္ဆေဒ နှင့်အတူဥပါဒ်သောပသာဒကိုသော်၎င်းစက္ခုဝိညာဏ်မှီ၍ဖြစ်၏ဟုဆို တော်မူသည်။ဟူလို။ ။ထိုမထေရ်၏စကားသည်ကောင်းစွာဆိုအပ် သောစကားပင်ဖြစ်လေသလော။ဟူဘွယ်ရှိ၍။ ။တံဒုဝုတ္တံ။ကိုဆိုပြန်ရ သည်။ ။ထိုစကား၏ဒုဝုတ္တအဖြစ်ကိုထင်စွာပြခြင်းငှာ။ ။ဇိဝံဟိသ တိ။လ။ဝုတ္တံဟောတိ။ကိုဆိုပြန်ရသည်။ ။စက္ခုဝိညာဏ်သည်ပစ္ဆဇ္ဇါ ရာဝဇ္ဇန်နှင့် သော်၎င်း။ ဘာ၀င်ုပစ္ဆေဒနှင့် သော်၎င်း အတူဥပါဒ်သော စက္ခုပသာဒကိုမှီသည်ဟုဆိုခဲ့သည်ရှိသော်။ တပါးသောစက္ခုပသာဒ သည်ရူပါရုံနှင့် ထိခိုက်သည်ရှိသော်။ တိုထိခိုက်သော ပသာဒမှတပါး အခြားစက္ခုပသာဒသည်စက္ခုဝိညာဏ်၏ မှီရာဖြစ်၏ဟုဆိုသည်မည် ရာခဲ့သည်။ဆိုရာရောက်ခဲ့သည်။ဟူလို။ ။ရူပါရုံ၌ထိခိုက်သောပသာ ဒအခြား။စက္ခုဝိညာဏ်၏မှီရာ စက္ခုပသာဒတခြားဖြစ်၏ဟုဆိုရာ၌။အ ဖြစ်မရှိသော်ဆိုရပါစေတော့လော။ ဟူဘွယ်ရှိ၍။ ။ဝေဋ္ဌသတိ။လ။

နိဿယယောဟောတိတိအာပဇ္ဇေယျ။ ။ကိုဆိုပြန်ရသည်။ ရူပါရုံနှင့်ထိ
ခိုက်သောစက္ခုပသာဒတခြား။စက္ခုဝိညာဏ်၏ မှီရာစက္ခုပသာဒတ
ခြားဖြစ်၏ဟုဆိုခဲ့ကလည်း။ ပုရိမဘဝင်္ဂစလနမှ ရှေ့ဖြစ်သောအောက်
၃ ကြိမ်မြောက် ၄ ကြိမ်မြောက်ဖြစ်သော စိတ်တို့နှင့် အတူဖြစ်သောပ
သာဒမှစ၍ ၁၃ ကြိမ်မြောက်ဖြစ်သောစိတ်နှင့် တကွဖြစ်သောစက္ခုပ
သာဒတိုင်အောင်သော်ပသာဒသည်လည်း။စက္ခုဝိညာဏ်၏မှီရာဖြစ်၏ဟု
ဆိုရာရောက်ခဲ့သည်။ဟူလို။ ။ဤသို့ဆိုရာရောက်သည့်ပင်ဖြစ်စေတတိ
ယ စဘုတ္တစိတ်မှစ၍ တေရသမ တိုင်အောင်သော စိတ်နှင့်တကွ ဖြစ်
သောပသာဒသည်လည်း။စက္ခုဝိညာဏ်၏မှီရာဖြစ်၏ဟုဆိုသင့်သော်ဆို
ရပါစေတော့လောဟူဘွယ်ရှိ၍။ ။နစေဝံဝတ္တဗ္ဗံ။ကိုဆိုပြန်ရသည်။ ။
ဤသို့တတိယစတုတ္ထစိတ်မှစ၍ တေရသမစိတ်တိုင်အောင်သောစိတ်
၁၂ ခုတို့နှင့်အတူဖြစ်သောစက္ခုပသာဒ ၃၆ ခုတွင်တခုခုကိုမှီ၍စက္ခုဝိ
ညာဏ်ဖြစ်သည့်ဟူ၍လည်းမဆိုအပ်မဆိုသင့်သည်။ဟူလို။ ။ဘဝင်္ဂစလ
နမှစ၍ ရှေသော်၃ကြိမ်မြောက် ၄ ကြိမ်မြောက် ဖြစ်သော်စိတ်စသည်
တို့နှင့်တကွဖြစ်သော စက္ခုပသာဒကို စက္ခုဝိညာဏ်၏မှီရာ ဖြစ်၏ဟု
အဘယ့်ကြောင့်မဆိုအပ်သနည်း။ဟူဘွယ်ရှိ၍။ ။မဆိုသင့်ခြင်း၏အ
ကြောင်းကိုပြခြင်းငှာ။ ။တတိယစတုတ္ထတော။လ။ နဂ္ဃတိ။ကိုဆို
ပြန်သည်။ဘဝင်္ဂစလနမှရှေ့တတိယစတုတ္ထစိတ်မှစ၍ဖြစ်သောပသာဒ
သည်အချို့သောဝိထိစိတ်တို့၏ ဥါရအဖြစ်သို့ မရောက်သောကြောင့်မ
ဆိုအပ်သည်။ဟူလို။ ။အဘယ့်ကြောင့်ကား ဘဝင်္ဂစလနမှရှေ့တတိ
ယဘဝင်စသော စိတ်တို့နှင့်အတူ ဥပါဒ်သောစက္ခုပသာဒ သည်အချို
သောဝိထိစိတ်တို့၏ ဥါရအဖြစ်သို့ မရောက်နိုင်ရလေသနည်း။ဟူဘွယ်
ရှိ၍။ ။နိရုဒ္ဓတ္တာ ဟူသောပါတ်ကို ဆိုပြန်ရသည်။ ယခင်တတိယစ
တုတ္ထတောဟူသောစကားကို ဘဝင်္ဂစလနမှစ၍ရေတွက်သည်ကိုစွဲ၍
သာဆိုသည်။ပဌမအတိတဘဝင်ကစ၍ ရေတွက်သည်ကိုစွဲ၍ သော်ဒု
တိယတတိယစိတ္တတော ဟုဆိုသင့်သည်။ ။ဒုတိယဘဝင်နှင့်တကွ
ဖြစ်သောပသာဒသည်ဒုတိယ တဒါရုံမဖြစ်မီ ချုပ်သည်။တတိယဘဝင်
နှင့်တကွဖြစ်သောပသာဒသည်ပဌမတဒါရုံ မဖြစ်မီသတ္တမဇောနှင့်ပြိုင်
၍ချုပ်သည်။စတုတ္ထဘဝင်နှင့်တကွဖြစ်သောပသာဒသည်သတ္တမဇော
မဖြစ်မီ ဆဋ္ဌဇော နှင့်ပြိုင်၍ ချုပ်သည်။ ဤသို့ဒုတိယ တတိယ စတုတ္ထ

ဘဝင်စသည်တို့နှင့်အတူ ဥပါဒ်သောပသာဒသည် အစဉ်အတိုင်းသတ္တရသာယုကစေ့သဖြင့် ဒုတိယတခါရုံ ပဥ္စမတခါရုံသတ္တမဇောစသော အချို့သော ဝိထိစိတ်တို့မဖြစ်မီ ချုပ်နှင့်လေသော ကြောင့်။ ထိုချုပ်ပြီးသော ဒုတိယဘဝင် စသောစိတ်တို့၏ ဥပါဒ်ခဏ၌ ဖြစ်သော ပသာဒသည် ဒုတိယတခါရုံ ပဥ္စမတခါရုံ သတ္တမ ဇောစသော အချို့သောဝိထိစိတ်တို့၏ဒွါရအဖြစ်သို့မရောက်နိုင်သည်။ ဟူလို။ ။ဒုတိယတတိယစသောဘဝင်စိတ်တို့နှင့်အတူဥပါဒ်သော ပသာဒသည်အချို့ဝိထိစိတ်တို့မဖြစ်မီကပင် ချုပ်နှင့်သောကြောင့်။ထိုချုပ်ပြီးမှဖြစ်သောအချို့သောဝိထိစိတ်တို့၏ဒွါရအဖြစ်သို့မရောက်နိုင်ဟုဆို၏။ဝိထိစိတ်တို့မဖြစ်မီချုပ်နှင့်ပြီးသာဖြစ်သောဘဝင်ု ပစ္စေ့ဒဟူသော မနောဒွါရသည် မနောဒွါရာဝဇ္ဇန်းဇော အစရှိသော ဝိထိစိတ်တို့၏ ဒွါရဖြစ်သည်၏ အဖြစ်ကိုအဋ္ဌကထာတို့၌ပြဆိုအပ်သကဲ့သို့ချုပ်ပြီးသော်ပသာဒတို့၏လည်းဝိထိစိတ်တို့၏ဒွါရဖြစ်သည်၏အဖြစ်ကို အဋ္ဌကထာတို့၌ ပြဆိုအပ်ခဲ့သော်။ ထိုပသာဒသည်အချို့သော်ဝိထိစိတ်တို့မဖြစ်မီချုပ်နှင့်ပြီးပင်ဖြစ်သော်လည်းမိမိချုပ်သည်နောင်မှဖြစ်သောတခါရုံဇောအစရှိသောအချို့သော်ဝိထိစိတ်တို့၏ဒွါရ၏အဖြစ်သို့ရောက်ရာပါသည်မဟုတ်လော။ဟူဘွယ်ရှိ၍။ ။မနောဒွါရသနိရုဒ္ဓသောဝဒွါရဘာဝသဒဒသနတော။ ။ဟူသောဟိတ်ကိုဆိုပြန်ရသည်။ ။ပသာဒ၏မိမိချုပ်ပြီးမှနောင်၌ဖြစ်သောဝိထိစိတ်တို့၏ ဒွါရဖြစ်သည်၏အဖြစ်ကိုအဋ္ဌကထာတို့၌မပြပါ။ချုပ်ပြီးသောဘဝင်ုပစ္စေ့ဒဟူသောမနောဒွါရ၏သာ မိမိချုပ်ပြီးနောက်ဖြစ်ကုန်သော မနောဒွါရာဝဇ္ဇန်းစသောဝိထိစိတ်တို့၏ဒွါရဖြစ်သည်၏အဖြစ်ကိုသာပြသောကြောင့် ဒုတိယ၊တတိယစသောဘဝင်စိတ်တို့နှင့်အတူဥပါဒ်သောပသာဒသည် မိမိချုပ်ပြီး နောင်ဖြစ်သောအချို့သောဝိထိစိတ်တို့၏ဒွါရ အဖြစ်သို့မရောက်နိုင်လေသည်။ဟူလို။ ။ဒါဌာနာဂမထေရ်၏ရှေ့ဆောင်ပြုလုပ်၍ပဉ္စဒွါရာဝဇ္ဇန်နှင့်အတူဥပါဒ်သောပသာဒကိုစက္ခုပြဉာဏ်မှီ၍ ဖြစ်သည်ကိုပြဆိုကြောင်းဖြစ်သော။ အာဝဇ္ဇနေနသဒ္ဓိံဥပ္ပန္နံစက္ခုပြဉာဏသ အာဓါရဘာဝံပစ္စနုဘောတိ။ ။ဟူ၍ဒါဌာနာဂမထေရ်ဆိုအပ်သောစကားသည်သင့်ရာပေသည်သာမဟုတ်လောဟုမေးလိုသော့ကြောင့်။ ယဒိသိယာ။ လ။ယုဇ္ဇတိကိုဆိုလေသည်။ ။အဘယ့်ကြောင့်။အာဝဇ္ဇနေနသဒ္ဓိံအစရှိသောမထေရ်၏စကားသင့်ရာသနည်း။ဟူဘွယ်ရှိ၍။ ။ဣဒမ္ပိကေစိတ္တက္ခ

ဏာတီတံနိဿယောတိ။ ။ဟူသောစကားကိုဆိုလေသည်။ ။မိမိဖြစ်သည့်နောက်စိတ္တက္ခဏာတချက်ခန့်ကာလကိုလွန်ပြီးသော စက္ခုပသာဒသည်စက္ခုဝိညာဏ်၏မှီရာဖြစ်သော့ကြောင့်။အာဝဇ္ဇနေနသဒ္ဓိံစသော်စကား၏သင့်သည်၏အဖြစ်ကိုသိပါသည်။ဟူလို။ ။စိတ္တက္ခဏာတချက်လွန်ခြင်းရှိသောစက္ခုပသာဒ၏စက္ခုဝိညာဏ်၏ မှီရာဖြစ်သည်၏အဖြစ်ကိုအဘယ့်ကြောင့်သိပါသနည်း။ဟူဘွယ်ရှိ၍။ ။ဧကစိတ္တက္ခဏာတီတမေဝနိဿယောတိအဓိပ္ပေတန္တိ။ ။ကိုဆိုပြန်ရသည်။ ။စိတ္တက္ခဏာတချက်ခန့်ကာလကိုလွန်ခြင်းရှိသောဟဒယဝတ္ထုကိုသာ၊ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့မှီ၏ဟု အလိုရှိအပ်သောကြောင့်။ စိတ္တက္ခဏာတချက်ကိုလွန်ခြင်းရှိသောစက္ခုပသာဒ၏စက္ခုဝိညာဏ်၏မှီရာဖြစ်သည်၏အဖြစ်ကိုသိပါသည်။ဟူလို။ ။စိတ္တက္ခဏာတချက်ကိုလွန်ခြင်းရှိသောဟဒယဝတ္ထုကိုသာစိတ်တို့၏ မှီရာဖြစ်၏ဟုအလိုရှိအပ်သည်၏အဖြစ်ကိုအဘယ့်ကြောင့်သိပါသနည်း။ဟူဘွယ်ရှိ၍။ ။ပဋိသန္ဓိစိတ္တေန။လ။ဝစနတော။ကိုဆိုပြန်ရသည်။ ။ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ဖြစ်သောဟဒယဝတ္ထုကိုပဌမဘဝင်မှီသည်။ ယင်းဘဝင်၏ဥပါဒ်ခဏ၌ဖြစ်သောဝတ္ထုကိုဒုတိယဘဝင်မှီသည် အစရှိသည်ဖြင့် မဂ္ဂါမဂ္ဂဥာဏနိဒ္ဒေသ၌ဆိုသောကြောင့်သိပါသည်။ဟူလို။ ။ဤ၌ပဌမဘဝင်ကိုပဋိသန္ဓေစိတ်ကိုပဌမထား၍ရေတွက်သောကြောင့်၊ ဒုတိယဘဝင်ံဟုဆိုသည်။ ရှေ့၌လည်းဤနည်းမှတ်။ ။ကေနစိဆရာသည်ဒါဠှာနာဂမထေရ်၏အလိုဟုပြဆိုသောအဓိပ္ပါယ်၏၊ ၎င်းမထေရ်၏အလိုမဟုတ်ကြောင်းကိုပြလိုသောဋီကာဆရာသည်။ဓေံသတိ။လ။ဒိသတိ။ကိုဆိုတော်မူသည်။ ။ဤယခုကေနစိဆရာပြဆိုသော အလိုသည် ဒါဠှာနာဂ မထေရ်၏အလိုဟုတ်မည်မထင်။ဟူလို။ ။ကေနစိဆရာပြဆိုသောအလို၏၎င်းမထေရ်၏အလိုမဟုတ်ရာသည်၏ အဖြစ်ကိုအဘယ့်ကြောင့်သိပါသနည်း။ ဟူဘွယ်ရှိ၍၊ ။ယဒိသိယာဓေံသတိ တဿအနန္တရ ပစ္စယာဘူတေနဘဝင်္ဂေနာတိဝစနံနယုဇ္ဇေယျ။တဿာ။ ။ကိုဆိုပြန်ရသည်။ ။ကေနစိဆရာဆိုသည်အတိုင်းတရသော စိတ္တက္ခဏာကို လွန်ခြင်းရှိသောပစ္စုဒ္ဒါရာဝဇ္ဇန်နှင့်အတူဥပါဒ်သော စက္ခုပသာဒကို စက္ခုဝိညာဏ်မှီသည်ကိုပြဆိုကြောင်းဖြစ်သောအာဝဇ္ဇနေနသဒ္ဓိံဥပ္ပန္နံစသော စကားသင့်သည်ရှိသော်။ တဿအနန္တရပစ္စယာဘူတေနစသော စကားသည် မသင့်ရာ

သောကြောင့်သိပါသည်။ဟူလို။ ။ထိုတဿအနန္တရပစ္စယဘူတေန စသောစကား၏မသင့်သည်၏ အဖြစ်ကိုအဘယ့်ကြောင့်သိပါသနည်း။ ဟူဘွယ်ရှိ၍။တေနဟိစိတ္တက္ခဏဒွယာ တိတံပိနိဿယေတိပဋိညာတံ သိယာ။ကိုဆိုပြန်ရသည်။ တဿအနန္တရပစ္စယဘူတေနစသောစကား ဖြင့်စိတ္တက္ခဏတချက်လွန်သောစက္ခုပသာဒကိုသာ စက္ခုဝိညာဏ်မှီ သည်မဟုတ်။စိတ္တက္ခဏ ၂ ချက်လွန်ခြင်းရှိသောစက္ခုပသာဒကိုလည်း စက္ခုဝိညာဏ်မှီ၏ဟုဝန်ခံရာ ရောက်သည်။ ယင်းသို့ဝန်ခံကလည်းစိတ္တက္ခ ဏတချက်ခန့်ကိုလွန်သောပစ္ဆုဇ္ဇာဝဇ္ဇနနှင့်အတူဥပါဒ်သောပသာဒကို စက္ခုဝိညာဏ်မှီ၏ဟုဆိုသောစကားမသင့်ရာ။ ထိုပစ္ဆုဇ္ဇာဝဇ္ဇနနှင့် အ တူဥပါဒ်သောပသာဒကို စက္ခုဝိညာဏ်မှီ၏ ဟူသော စကားသင့်က လည်း။စိတ္တက္ခဏ ၂ ချက်ကာလကိုလွန်သော ပသာဒကိုလည်းစက္ခု ဝိညာဏ်မှီ၏ဟုဝန်ခံခြင်းသည်မသင့်ရာသည်သာဖြစ်သော်ကြောင့်ထို တဿအနန္တရပစ္စယဘူတေနစသောစကားမသင့်ရာသည်။ဟူလို။ ။

ပဋိသန္ဓိစိတ္တဿဥပ္ပါဒက္ခဏေဥပ္ပန္နံဝတ္ထုနပစ္ဆုံပုရေဇာတံဝတ္ထုံနိဿာယ ဒုတိယဘဝင်္ဂဉပ္ပဇ္ဇတိ။ စသည်ဖြင့်မနောဓါတ်မနောဝိညာဏဓါတ်တို့ သည်မိမိရှေ့အနန္တရဖြစ်သောစိတ္တက္ခဏတချက်ခန့်ကါလကိုလွန်သော် ဟဒယဝတ္ထုကိုသာ မှီရကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ပြဆိုသော နည်းကိုမှီ၍ စက္ခုဝိညာဏ်သည်မိမိရှေ့အနန္တရဖြစ်သောပစ္ဆုဇ္ဇာဝဇ္ဇန် နှင့်အတူဥပါဒ်သောစက္ခုပသာဒကိုမှီ၍ ဖြစ်သည်ကိုပြဆိုကြောင်းဖြစ် သော။ အာဝဇ္ဇနေနဉပ္ပန္နံအစရှိသောဒါဌာနာဂမထေရ်၏စကားသင့်ရာ ပေသည်သာမဟုတ်လော။ဟူဘွယ်ရှိပြန်သောကြောင့်။ကေစိတ္တက္ခဏာ တိက္ကန္တမေဝါတိစ။လ။နိဿယဘာဝါဘာဝတော။ကိုဆိုတော်မူသည်။ ။

မနောဓါတ်မနောဝိညာဏဓါတ်တို့၏ စိတ္တက္ခဏတချက်လွန်သောဟဒ ယဝတ္ထုကိုမှီကြောင်းကိုပြရာ။ကေစိတ္တက္ခဏာတိတဟူသော်စကားကို တခုသောစိတ္တက္ခဏကိုမျှမလွန်သေးသောဟဒယဝတ္ထု၏အားနည်းသည် ၏အဖြစ်ကြောင့် တခုသောစိတ္တက္ခဏကို လွန်သဖြင့်သာလျှင် ထိုမှီရာ ဟဒယဝတ္ထု၏ အားရှိသည်၏ အဖြစ်ကို ပြခြင်းငှါသာ ဆိုအပ်သည်။ စိတ္တက္ခဏ ၂ ချက်ခန့်၊ ၃ ချက်ခန့်၊ ၄ ချက်ခန့်ကာလကို လွန်သောဟဒယ ဝတ္ထု၏၊ မနောဓါတ်၊ မနောဝိညာဏ ဓါတ်တို့၏ မှီရာ၏ အဖြစ်မဖြစ် ကောင်းသော့ကြောင့်၊ဆိုသည်မဟုတ်သော့ကြောင့်မသင့်။ဟူလေ။ ။

မနောဓါတ်၊ မနောဝိညါဏဓါတ်တို့သည်စိတ္တက္ခဏတချက်လွန်သော်ဟာဒယဝတ္ထုကိုသာမှီသည်မဟုတ်။ ၂ ချက်၊ ၃ ချက်စသည်ကိုလွန်သောဟာဒယဝတ္ထုကိုလည်းမှီ၍ဖြစ်ကြောင်းကို အဘယ့်ကြောင့်သိပါသနည်း။ ဟူဘွယ်ရှိ၍။ဝေဠုကတ္ဓာ။လ။ဝတ္ထုန္တိ။ကိုဆိုပြန်ရသည်။ ထိုသို့မနောဓါတ်၊မနောဝိညာဏဓါတ်တို့၏စိတ္တက္ခဏ ၂ ချက်၊ ၃ ချက်စသည်ကိုလွန်သော ဟာဒယဝတ္ထုကို မှီ၍ဖြစ်သော့ကြောင့် မရဏာသန္နကာလ၌ဖြစ်သောသဒ္ဒိုမ္ဗန္ဓိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊တဒါရုံ၊ ဘဝင်၊စုတိစိတ်တို့၏စုတိစိတ်မှ ပြန်၍ရေသော်။ ၁၇ ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော တခုတည်းသော ဟာဒယဝတ္ထုကို သာမှီ၍ဖြစ်ကြရကြောင်းကို။ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ဆရာမြွေပါလမထေရ် ဆိုတော်မူသည်ကိုထောက်၍ သိပါသည်။ဟူလို။ ။မရဏာသန္န ကာလ၌ဖြစ်သောစိတ်တို့သည် သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သောဟာဒယဝတ္ထုကိုသာအဘယ့်ကြောင့်မှီ၍ဖြစ်ကြရကုန်သနည်း။ဟူဘွယ်ရှိ၍။ ။တဒ္ဓံ ကမ္မဇရူပသသအနုပ္ပတ္တိတော။ကိုဆိုပြန်ရသည်။ မရဏာသန္နကာလဝယ်စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက် သောစိတ်၏ဥပါဒ်ခဏမှအထက်ဖြစ်သော ထိုသတ္တရသမစိတ်၏ ဋ္ဌိခဏမှစ၍နောက်ကာလ၌ကမ္မဇ ရုပ်မည်သည် အလျှင်းပင် မဖြစ်ကောင်း သောကြောင့်။ထိုကမ္မဇရုပ်၌အကျုံးဝင်သော ဟာဒယဝတ္ထုသည် ထိုဋ္ဌိခဏမှစ၍မဖြစ်ရကား။မရဏာ သန္နအခါဖြစ်သော သမ္ပဋိစ္ဆိုင်းစသောစိတ်တို့သည်ထိုသတ္တရသမစိတ်နှင့် အတူဥပါဒ်သောဟာ ဒယဝတ္ထုတခုတည်းကိုသာမှီ၍ဖြစ်ကြရကုန်သည်။ဟူလို။ ။ထိုပြဆိုခဲ့ပြီးသောစကား၏လဒ္ဓနေါသကိုပြခြင်းငှာ။ ။တဿာတံ ထေရဿ မနောရထ မေဝါတိနသာရတောပဋ္ဌေတဗ္ဗံ။ကိုဆိုတော်မူသည်။ ။အာဝဇ္ဇနေန တဿအနန္တရ ပစ္စယာဘူတေနစသည်ဖြင့် စက္ခုဝိညာဏ်သည် ပဉ္စဒွါရာဝဇ္ဇန် နှင့်အတူဥပါဒ်သောစက္ခုပသာဒကိုသော်၎င်း။ ထိုပဉ္စဒွါရာဝဇ္ဇန်၏ ရှေ့အနန္တရဖြစ်သောဘဝင်ုပစ္ဆေ ဒနှင့်အတူ ဥပါဒ်သောပသာဒကို သော်၎င်းမှီ၍ဖြစ်သည်ဟုဆိုရာ၌ပြဆိုခဲ့ပြီးသည့်အတိုင်း မျှားစွာအပြစ် ရောက်သည်ဖြစ်၍ထိုအာဝဇ္ဇနေနတဿအနန္တရပစ္စယာဘူတေနဝါ။စသောစကားကိုအဋ္ဌကထာ ဋီကာတို့နှင့်မညီ။ မိမိအလိုမျှဖြင့်သာ ဆိုသောစကား ဖြစ်သောကြောင့်သာရအားဖြင့်မယုံကြည်အပ်။ဟူလို။ ။ဤအဘိဓမ္မတ္ထဝိ

ကာသနီဋီကာဆရာသည် ဒါဌာနာဂမထေရ်၏အယူနှင့်သာ အဖြစ်ကိုပြ ဆို၍ အဘိဓမ္မာဝတာရဋီကာဟောင်း ဝိသုဒ္ဓိမဂ်ဋီကာ ဟောင်းတို့၏အ လိုနှင့်တစုံတရာကိုမျှမဆိုသောကြောင့် ထိုဋီကာဆရာနှစ်ပါးတို့၏အယူ ကိုအတည် အမှန် ပြုတော်မူသည် ဟုယူအပ်၏။ ထိုကြောင့်ထိုဋီကာ ဆရာသည်ပင်စီရင်ရေးပြုအပ်သော ဋီကာကျော်ကျမ်း၌။ ။တေပန ဘဝင်္ဂစလနဿအနန္တရပစ္စယဘူတေန ဘဝင်္ဂေနသဒ္ဓိံ ဥပ္ပန္နာ။အာဝဇ္ဇ နေနသဒ္ဓိံ ဥပ္ပန္နာတိအပရေ။ ။ဟူ၍ဋီကာဟောင်း ဆရာ ၂ ပါးတို့၏ အယူဝါဒကို သန္နိဋ္ဌာန်ထား၍ဒါဌာနာဂမထေရ်၏ဝါဒကိုအပရေ ဝါဒအ ဖြစ်ဖြင့်ပြဆိုတော်မူလေသည်။ ။တေပန။ထိုပဉ္စဝိညာဏ်၏မှီရာဖြစ် သောပသာဒတို့သည်ကား။ဘဝင်္ဂစလနဿ။ပုရိမဘဝင်္ဂစလန၏။အနန္တ ရပစ္စယဘူတေန။သော။ဘဝင်္ဂေန။နှင့်။သဒ္ဓိံ။ကွ။ဥပ္ပန္နာ။ ဖြစ်သောပသာ ဒတို့တည်း။အပရေ။တပါးသောဆရာတို့သည်။တေ။ထိုပဉ္စဝိညာဏ်၏ မှီရာပသာဒတို့သည်။ အာဝဇ္ဇနေန။ ပဉ္စဒွါရာဝဇ္ဇန်းနှင့်။ သဒ္ဓိံ။ကွ။ဥပ္ပန္နာ။ တည်း။ဣတိ။ သို့။ဝဒန္တိ။ကုန်၏။ ။သင်္ခေပဝဏ္ဏနာ ဋီကာဆရာအလို ကိုပြဦးအံ့။ ။စက္ခုဝိညာဏုပ္ပတ္တိသမယေသန္တ ဝန္တေ သမန္တအမန္တမဏ္ဍ မာယုကေသုဧကူနပညာသစက္ခုသုကတမံစက္ခုံနိဿာယစက္ခုဝိညာ ဏံဥပ္ပဇ္ဇတီတိ။ အမန္တာယုကာနံပဉ္စဝိသတိ စက္ခူနံမဇ္ဈေဘူတံယံစက္ခု အတီတဘဝင်္ဂစိတ္တေနသဟုပ္ပန္နံတိ။ တံနိဿာယဥပ္ပဇ္ဇတိ စက္ခုဝိညာ ဏံတတ္ထာပိ စုတိကာလေ စုတိယာသဒ္ဓိံ နိရုဇ္ဈမာနဝတ္ထုနာ စုတိနိ ဿယဘာဝဿစ ပဋိသန္ဓိကာလေ ပဋိသန္ဓိယာသဟဇာတ ဝတ္ထုနာ ပဋိသန္ဓိနိဿယဘာဝဿစ ဒဿနတော စက္ခုဝိညာဏေနသဒ္ဓိံ နိရုဇ္ဈ မာနစက္ခုဒွိတေနသဟဇာတစက္ခုဒွိ အဇ္ဈတ္တဘာဝေနဂဟေတွာဧကူန ပညာသစက္ခုသုသံသယောဇာတော။တသ္မာစက္ခုဝိညာဏုပ္ပာဒေနသ ဟဇာတစက္ခုပသာဒတောပဋ္ဌာယ ယာဝပဉ္စဝိသတိ စက္ခုနိအမန္တာယု ကာနိ။တတောပုဗ္ဗေဘင်္ဂက္ခဏေဇာတံစက္ခုပသာဒံမဇ္ဈိမာယုကံ။တ တောပုဗ္ဗေဌိတိက္ခဏေဇာတစက္ခုပသာဒတောပဋ္ဌာယတေဝိသတိ စက္ခုပသာဒါနိမန္ဒာယုကာနိ။ ဧတ္ထစက္ခုဝိညာဏုပ္ပာဒံပဋိစ္စမဇ္ဈိမာယု ကံဂဟေတဗ္ဗန္တိ။ကထံပနအတီတ ဘဝင်္ဂေနသဟဇာတ စက္ခုံနိဿာ ယဥပ္ပန္နာတိစက္ခုဝိညာဏာနိဇာနိတဗ္ဗာနိ။ ရူပါရမ္မဏေန သဟဇာနိနပ သာဒေသုစက္ခုဝိညာဏဿအာဓာရဘာဝဂတတ္တာဇာနိတဗ္ဗာနိ။ ။

သင်္ခေပဝဏ္ဏနာဒီပိကာ။ ။စက္ခုပ္ပိဒညာဏရုပ္ပတ္တိသမယေ။ စက္ခုပ္ပိဒညာဏ်ဖြစ်သောအခါ၌။သဗ္ဗသ ဝဏ္ဏေသု။ ထင်ရှားရှိကုန်သော။ မန္တအမန္တမဇ္ဈိမာယုကေသု။မန္တာယုကအမန္တာယုက၊ မဇ္ဈိမာယုက ဖြစ်ကုန်သော။ဧကူနပညာသစက္ခုသု။တရှေ့ဆ္ဆော့ ၅၀ သောစက္ခုပသာဒတို့တွင်။ ကတမံစက္ခုံ။ကို။နိဿာယ။၍။ စက္ခုပ္ပိဒညာဏံ။ သည်။ဥပ္ပဇ္ဇတိ။နည်း ။ဇ္ဇတိ။ဤကားအမေးတည်း။အမန္တာယုကာနံ။အမန္တာယုကဖြစ်ကုန်သော။ပဉ္စဝီသတိစက္ခုနံ။ ၂၅ ပါးသော စက္ခုတို့၏။ မဇ္ဈေဘူတံ။ အလယ်ဖြစ်၍ဖြစ်သော်။ယံစက္ခု။ သည်။ အတီတဘဝင်္ဂစိတ္တေန။နှင့်။ သဟ။ အတူတကွ။ ဥပ္ပဇ္ဇတိ။၏။တံစက္ခုံ။ထိုအတီတဘဝင်နှင့် ဥပါဒ်ပြိုင်၍ဖြစ်သောစက္ခုပသာဒကို။နိဿာယ။၍။ စက္ခုပ္ပိဒညာဏံ။ သည်။ဥပ္ပဇ္ဇတိ။၏။ ဇ္ဇတိ။ဤသို့ဖြေအပ်၏။ဟိ။ ချဲ့ဦးအံ့။ တတ္ထ။ထို ၄၉ ခုသောစက္ခုတို့တွင်။ ဌိတိကာလေ။ရတေသောကာလ၌။ဌိတိယာ။ဌိတိနှင့်။သဟ။တွ။နိရုဇ္ဈမာနစက္ခုသု။ ချုပ်သောစက္ခု၏။ ဌိတိနိဿယဘာဝဿစ။ဌိတိစိတ်၏မှီရာ၏အဖြစ်ကိုရင်း။ ပဋိသန္ဓိကာလေ။၌။ ပဋိသန္ဓိယာ။နှင့်။ သဟဇာတဝတ္ထုဿ။၏။ပဋိသန္ဓိနိဿယဘာဝဿစ။ ပဋိသန္ဓေစိတ်၏မှီရာ၏ အဖြစ်ကိုရင်း။ဒဿနတော။ အဓ္ဓကထာ၌ပြတော်မူအပ်သည့်၏ အဖြစ်ကြောင့်။ စက္ခုပ္ပိဒညာဏေန။နှင့်။သဒ္ဓိံ။ကွ။ နိရုဇ္ဈမာနစက္ခုံစ။ ချုပ်သောစက္ခုကိုရင်း။တေန။ ထိုစက္ခုပ္ပိဒညာဏ်နှင့်။ သဟဇာတစက္ခုံစ။ ကိုရင်း။အာဇ္ဈတ္တဘာဝေန။အစအဆုံး၏အဖြစ်ဖြင့်။ဂဟေတွာ။၍။ဧကူနပညာသစက္ခုသု။တို့၌။ဝါ။တို့တွင်။သံသယော။အဘယ်ကိုမှီလေသနည်း ဟူသောယုံမှားခြင်းသည်။ ဇာတော။ဖြစ်၏။ တသ္မာ။ ကြောင့်။ စက္ခုပ္ပိဒညာဏုပ္ပါဒေန။ စက္ခုပ္ပိဒညာဏ်၏ဥပါဒ်နှင့်။သဟဇာတစက္ခုပသာဒတော။မှ။ပဋ္ဌာယ။စ၍။ ယာဝပဉ္စဝီသတိစက္ခုနို။ ၂၅ ခုတိုင်အောင် သော စက္ခုတို့သည်။ အတ္ထိ။၏။တာဝ။ထိုစက္ခုပ္ပိဒညာဏ်၏ ဥပါဒ်ခဏ၌ဖြစ်သော စက္ခုမှစ၍ ပဉ္စဒွါရာဝဇ္ဇနမှစ၍ ပဋိလောမအားဖြင့် ရေသော်ရှစ်ချမြောက်စိတ်၏ ဥပါဒ်တိုင်အောင်သောခဏငယ်ကာလတို့၌ဖြစ်သော ၂၅ ခုသောစက္ခုတို့သည်။အမန္တာယုကာနိ။မည်ကုန်၏။ တတော။ထိုအမန္တာယုက စက္ခု ၂၅ ခုတို့မှ။ ပုဗ္ဗေ။ ရှေး၌။ ဘင်္ဂက္ခဏော။ ပဉ္စဒွါရာဝဇ္ဇနမှစ၍ ရေသော်ကိုးချမြောက်စိတ်၏ဘင်ခဏ၌။ဇာတံ။သော။စက္ခုပသာဒံ။သည်။ မဇ္ဈိမာယုကံ။မည်၏။တတော။ထိုပဉ္စဒွါရာဝဇ္ဇနမှစ၍ရေသော် ၉ ချမြောက်

ဖြစ်သောစိတ်၏ ဘင်ခဏ၌ဖြစ်သောမဇ္ဈိမာယုက စက္ခု။မှ။ပုဗ္ဗေ။ရှေး
ဖြစ်သော။ ဌိတိက္ခဏေ။ ထိုနဝမစိတ်၏ ဌီခဏ၌။ ဇာတစက္ခုပသာဒ
တော။ဖြစ်သော စက္ခုပသာဒမှ။ပဋ္ဌာယ။စ၍။တေဝီသတိစက္ခုပသာဒါ
နိ။ ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ရေသော် ၉ ခုမြောက်ဖြစ်သောစိတ်၏ဘင်ခဏ
၌ဖြစ်သော မဇ္ဈိမာယုကစက္ခုမှ။ပုဗ္ဗေ။ ရှေးဖြစ်သော။ ဌိတိက္ခဏေ။
ထိုနဝမစိတ်၏ဌီခဏ၌။ဇာတစက္ခုပသာဒတော။ဖြစ်သောစက္ခုပသာ
ဒမှ။ ပဋ္ဌာယ။စ၍။ တေဝီသတိစက္ခု ပသာဒါနိ။ ပဉ္စဒွါရာဝဇ္ဇန်းမှ စ၍ရေ
သော် ၁၉ ခုမြောက်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော စက္ခုပသာဒတိုင်
အောင်သော ၂၃ ခုသောပသာဒတို့သည်။ မန္ဒာယုကာနိ။ မည်ကုန်၏။
ဧတ္ထ။၌မန္ဒ၊အမန္ဒ၊မဇ္ဈိမာယုကဟု ရွေးချယ်ရာ၌။ စက္ခုဝိညာဏုပ္ပါဒံ။
စက္ခုဝိညာဏ်ဖြစ်ခြင်းကို။ဖြစ်ရာကာလကို။ ပဋိစ္စ။စွဲ၍။မဇ္ဈိမာယုကံ။
ကို။ဂဟေတဗ္ဗံ။၏။ဣတိ။ ဤသို့မှတ်အပ်၏။ ကထံပန။အဘယ်သို့သော
အကြောင်းဖြင့်လျှင်။အတီတဘဝင်္ဂေန။ အတီတဘဝင်နှင့်။ သဟဇာတ
စက္ခုံ။အတူတကွဖြစ်သောစက္ခုကို။နိဿာယ။၍။စက္ခုဝိညာဏံ။ သဉ်။
ဥပ္ပဇ္ဇတိ။၏။ဣတိ။ဤသို့။ဇာနိတဗ္ဗံ။သိအပ်သနည်း။ ဣတိ။ဤသို့မေးငြား
အံ့။ရူပါရမ္မဏေန။နှင့်။သဟဃဋ္ဋနပသာဒဿ။တကွထိခိုက်သောပသါ
ဒ၏။စက္ခုဝိညာဏဿ။၏။အာဓါရဘာဝဂတတ္တာ။တည်ရာ၏အဖြစ်သို့
ရောက်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ ဇာနိတဗ္ဗံ။သိ
အပ်၏။ ။စက္ခုဝိညာဏ်သည်မိမိဥပါဒ်ဆဲကာလထင်ရှားရှိသောစက္ခုပ
သာဒတို့တွင်ပဋိသန္ဓေစိတ်၏မိမိနှင့်ဥပါဒ်ပြိုင်၍ဖြစ်သောဝတ္ထုရုပ်ကိုမှီ
ကြောင်းကိုအဋ္ဌကထာ၌ ပြဆိုသည်ကိုထောက်၍ မိမိနှင့်ဥပါဒ်ပြိုင်၍ဖြစ်
သောစက္ခုပသာဒကိုမှီလေသလောဟု သံသယဖြစ်ဘွယ်ရှိသဉ်။ဇတိ
စိတ်၏မိမိနှင့်ပြိုင်၍ချုပ်သောဝတ္ထုရုပ်ကိုမှီသည်၏အဖြစ်ကို ပြဆိုသဉ်
ကိုထောက်၍။ မိမိနှင့်အတူချုပ်သော ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ရှေ့သော ဋ္ဌသမ
စိတ်နှင့် အတူဥပါဒ်သောစက္ခုပသာဒသည်လည်းမိမိဟူသော စက္ခုဝိ
ညာဏ်နှင့်အတူချုပ်ရကားထိုသောဋ္ဌသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော
ပသာဒကိုအစ။ စက္ခုဝိညာဏ်၏ဥပါဒ်ခဏ၌ဖြစ်သောစက္ခုပသာဒကို
အဆုံးထား၍။ ယင်းပသါဒတို့၏အတွင်းအကြား၌ဖြစ်သောပဉ္စဒွါရာဝဇ္ဇန်း
မှစ၍ ရှေ့သောဋ္ဌသမစိတ်၏ ဌီခဏမှသည် ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်ခဏ
တိုင်။စိတ်ခဏငယ် ၄၇ ခုတို့နှင့်အတူဖြစ်သော၊စက္ခုပသာဒ ၄၇ ခုတို့

နှင့်တကွဖြစ်သော ၄၉ ခုသောပသာဒတို့တွင်အဘယ်ပသာဒကိုမှီလေသနည်း။ဟူမူ။ထို၄၉ ခုသောပသါဒတို့တွင်စက္ခုဝိညာဏ်၏ဥပါဒ်ခဏမှစ၍၊ ပဉ္စဒွါရာဝဇ္ဇန်မှစ၍ရေသော် ရှေ့ရှစ်ချမြေဲသောစိတ်၏ဥပါဒ်ခဏတိုင်ခဏငယ် ၂၅ခုတို့နှင့်အတူဥပါဒ်သော်စက္ခုပသာဒ ၂၅ခုတို့သည်စက္ခုဝိညာဏ်ဖြစ်သောအခါ မိမိတို့ဌီအဖြစ်ဖြင့် တည်သင့်သော အသက်ထက်ဝက်ကာလသို့မရောက်သေး။အသက်ကာလ အကြွင်းများ၍အားကြီးသော အသက်ရှိသော့ကြောင့် အမန္ဒာယုကမည်ကုန်၏။ ပဉ္စဒွါရာဝဇ္ဇန်မှစ၍ရေသော် နဝမစိတ်၏ဘင်ခဏ၌ဖြစ်သော စက္ခုပသာဒသည်စက္ခုဝိညာဏ်ဖြစ်ဆဲအခါဌီအဖြစ်ဖြင့်တည်သင့်သော ခဏငယ် ၄၉ ချက်အသက်ကာလအနက် ထက်ဝက်အလယ်ကာလသို့ ရောက်ဆဲဖြစ်၍မန္ဒါမာယုကမည်၏။ ၎င်းနဝမစိတ်၏ဌီခဏမှစ၍ထိုနဝမစိတ်၏အခြားမဲ့စိတ်မှစ၍ ရှေ့ချနှစ်ချမြောက်စိတ်၏ဥပါဒ်ခဏတိုင်။ ခဏငယ် ၂၃ ခုတို့နှင့်အတူဥပါဒ်သောစက္ခုပသာဒ ၂၃ ခုတို့သည်စက္ခုဝိညာဏ်ဖြစ်သောအခါမိမိတို့ဌီအဖြစ်ဖြင့်တည်သင့်သေါ အသက်ကာလအနက်ထက်ဝက်ကာလကိုလွန်ပြီးဖြစ်ရကား။ အသက်ကြွင်းနည်းပါးအားငယ်သည်ဖြစ်၍မန္ဒာယုကမည်ကုန်၏။ ထိုသုံးမျိုးသောစက္ခုပသာဒတို့တွင်စက္ခု ဝိညာဏ်သည် အမန္ဒာယုက ၂၅ ခုတို့တွင် ရှေ့နောက် ၁၂ ခုစီသောပသာဒတို့၏အလယ်ဖြစ်သော ဘဝင်စလန ရှေ့အနန္တရဘဝင်နှင့်အတူဥပါဒ်ပြိုင်၍ဖြစ်သော စက္ခုပသာဒကိုမှီ၏။ဟူလို။ ။မဏိမဉ္ဇူ။ နိုက်လာသောနည်းကိုပြဦးအံ့။ ။ပသာဒရုပ်တို့သည် ပဉ္စဝေါကာရဘုံဝယ်ပြည့်စုံသောဇ္ဈတ္တေ၌ရှိသေါပုဂ္ဂိုလ်တို့သန္တာန်ဝယ်မိမိတို့ဖြစ်ထိုက်ဖြစ်သင့်သောကာလကို အစပြု၍ရတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်ဖြစ်သော စိတ်၏ဥပါဒ်ခဏတိုင်အောင်စိတ်တို့၏ဥပါဒ်၊ ဌီ၊ဘင်ခဏတိုင်းဖြစ်သည်ဖြစ်၍များစွာရှိကုန်သည်တို့တွင် ပဉ္စဝိညာဏ်စိတ်ဖြစ်ခိုက်ထင်ရှားရှိသောပသာဒကိုသာမှီရာသည်။ပဉ္စဝိညာဏ်စိတ်ဖြစ်သောခဏ၌လည်းပဉ္စဝိညာဏ်စိတ်မှစ၍ပဋိလောမအားဖြင့်ရေသော်၊ ၁၈ ကြိမ်မြောက်ဖြစ်သော ဘဝင်စိတ်၏ ဌီခဏမှစ၍ ပဉ္စဝိညာဏ်၏ဥပါဒ်ခဏတိုင်ခဏငယ်၊ ၅၁ ချက်တို့နှင့်အတူဥပါဒ်သော ပသာဒရုပ်၊ ၅၁ ခုတို့ရှိကုန်၏။ထို ၅၁ ခုတို့တွင်ပဉ္စဝေါကာရဘုံ၌ပဋိသန္ဓေစိတ်တခုသာမိမိနှင့်အတူဥပါဒ်သော၊ဖြစ်ဆဲဝတ္ထုရုပ်ကိုမှီနိုင်သည်။ ပဋိသန္ဓေ

မှတပါးသောစိတ်တို့သည် ဌီခဏသို့ရောက်သော ဝတ္ထုရုပ်ကိုသာ မှီနိုင်ကုန်သည်။ပဋိသန္ဓေခဏ၌ဖြစ်သော ဟဒယဝတ္ထုတရသာ မိမိဖြစ်ဆဲခဏ၌စိတ်၏မှီရာဖြစ်နိုင်သည်။ ပဋိသန္ဓေခဏမှ တပါးသောခဏ၌ဖြစ်သောဝတ္ထုရုပ်တို့သည် ဌီခဏသို့ရောက်မှစိတ်၏မှီရာ ဖြစ်နိုင်ကုန်သည်ဖြစ်၍။ ပစ္စုပ္ပန်ညာဏ်၏ဥပါဒ်ခဏ၌ဖြစ်သောပသာဒသည် မိမိကပင်ဖြစ်ဆဲမျှသာဖြစ်၍ပစ္စုပ္ပန်ညာဏ်၏မှီရာမဖြစ်နိုင်။ အဗ္ဘာရသမစိတ်၏ဌီခဏ၌ဖြစ်သောပသာဒသည်လည်း စိတ္တက္ခဏ၊၁၇ ချက်၊ ခဏငယ်၅၁ ချက်အသက်ကာလစေ့သည်ဖြစ်၍ပစ္စုပ္ပန်ညာဏ်စိတ်၏ဥပါဒ်ခဏ၌ချုပ်ရကားမိမိကပင်ချုပ်ဆဲဖြစ်၍ ပစ္စုပ္ပန်ညာဏ်၏မှီရာ မဖြစ်နိုင်သောကြောင့်ပစ္စုပ္ပန်ညာဏ်သည် ထိုမိမိတို့ဥပါဒ်ခဏ၌ဖြစ်သောပသာဒ။ မိမိတို့ဥပါဒ်ခဏ၌ချုပ်ဆဲဖြစ်သော အဗ္ဘာရသမစိတ်၏ ဌီခဏ၌ဖြစ်သောပသာဒတို့ကိုမှီသေသလောဟု သံသယပသင် ဖြစ်ဘွယ်မရှိ။ အဗ္ဘာရသမစိတ်၏ဘင်ခဏ၌ဖြစ်သော ပသာဒသည် ပစ္စုပ္ပန်ညာဏ်၏ဌီခဏသို့ရောက်မှချုပ်သည်ဖြစ်၍။ပစ္စုပ္ပန်ညာဏ်ဖြစ်သောအခါ ဌီအဖြစ်ဖြင့်ခဏငယ်တချက်ခန့်တည်မှီသေးသည်။ သတ္တရသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သောပသာဒသည်ပစ္စုပ္ပန်ညာဏ်၏ ဘင်ခဏသို့ရောက်မှ ချုပ်သည်ဖြစ်၍။ဌီအဖြစ်ဖြင့်ခဏငယ် ၂ ချက်ခန့် တည်မှီသေးသည်။ ပစ္စုပ္ပန္နာရဝဇ္ဇန်၏ဘင်ခဏ၌ဖြစ်သောပသာဒသည်ပစ္စုပ္ပန်ညာဏ်ဖြစ်သောအခါဌီအဖြစ်ဖြင့်ခဏငယ်တချက်ခန့် ကာလသို့ရောက်ပြီ။ ပစ္စုပ္ပန္နာရဝဇ္ဇန်၏ ဌီခဏ၌ဖြစ်သောပသာဒသည်ဌီအဖြစ်ဖြင့်ခဏငယ် ၂ ချက်ခန့်ကာလသို့ ရောက်ပြီဖြစ်၍၊ ပစ္စုပ္ပန္နာရဝဇ္ဇန်၏ ဌီခဏ၌ဖြစ်သော ထိုပစ္စုပ္ပန်ညာဏ်မှစ၍ ရေသော်ရှေ့အဗ္ဘာရသမစိတ်၏ဘင်ခဏ၌ဖြစ်သောပသာဒမှစ၍ ပစ္စုပ္ပန္နာရဝဇ္ဇန် ၏ဘင်ခဏ၌ဖြစ်သောပသာဒတိုင်။၄၉ ခုသောပသာဒတို့ဖြင့်သာ သံသယပသင်ဖြစ်သင့်ရာသည်။ ။စိတ္တက္ခဏတချက်ခန့် လွန်ရုံမျှနှင့် ပစ္စုပ္ပန္နာရဝဇ္ဇန်ထင်ခြင်း၊ ကျခြင်း၊ ရှေ့ရှုတော်ခြင်းသို့ရောက်သော ရူပါရုံစသောပစ္စုပ္ပန္နာရုံကိုသာဒွါရ၌ ထင်ပြီးနောက် စိတ္တခဏ ၁၆ ချက် အသက်ကြွင်းရှိသေးသည်ဖြစ်၍ အလွန်များသော အသက်ကြွင်းရှိသောအာရုံဖြစ်သောကြောင့်၊အတိမဟန္တာရုံခေါ်သည်။ ထိုအာရုံ၌ဖြစ်သောပစ္စုပ္ပန္နာရီကဝိထိကိုသာ အတိမဟန္တာရုံဝိထိခေါ်သည်ဖြစ်၍၊ ဤ၌အတိမဟန္တာရုံဝိထိဖြင့်ပြဆိုအပ်သည်ဖြစ်၍ ဤအရာဝယ်ထိုပစ္စုပ္ပန္နာရုံသည် မိမိဖြစ်သည်

မှစ၍ဋ္ဌါရဠ္ဌမထင်မိလွန်နှင့်သော အတီတဘဝင် ဘခု၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ပဉ္စဒွါရာဝဇ္ဇန်၊ပဉ္စဝိညာဏ်၊သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်အားဖြင့်စိတ္တက္ခဏ ၁၇ ချက်၊ ခဏငယ်၅၁ ချက်အသက်ကာလစေ့သည်ဖြစ်၍ဒုတိယတဒါရုံနှင့်ပြိုင်၍ချုပ်၏။ ထိုပြဆိုခဲ့ပြီးသော ပဉ္စဝိညာဏ်မှစ၍ရေသော်၊ ၁၈ ချက်မြောက်သောစိတ်၏ဘင်ခဏဠ္ဌဖြစ်သော ပသာဒမှစ၍ အတီတဘဝင်၏ ရှေ့အနန္တရဖြစ်သောစိတ်၏ဘင်ခဏဠ္ဌဖြစ်သောပသာဒတိုင်အောင်၊ ၃၇ ခုသောပသာဒရုပ်တို့သည် ပဉ္စာရုံချုပ်သည်တိုင်အောင် မလိုက်နိုင်။ ပဉ္စာရုံမချုပ်မီချုပ်သော့ကြောင့်၊ထိုပဉ္စာရုံအောက်အသက် တိုလျော့နည်းငယ်သကဲ့သို့ဖြစ်၍မန္ဒာယုကမည်ကုန်၏။အတီတဘဝင်တချက်လွန်၏ ဌီခဏဠ္ဌဖြစ်သောပသာဒမှစ၍ ပဉ္စဒွါရာဝဇ္ဇန်၏ ဘင်ခဏဠ္ဌ ဖြစ်သော ပသာဒတိုင်အောင်၊ ၁၁ ခုသောပသာဒတို့သည်ပဉ္စာရုံချုပ်ပြီးသည်နောက်မှ ချုပ်သော့ကြောင့်။ထိုပဉ္စာရုံထက်အသက်ရှည်လျားအါးကြီးသကဲ့သို့ဖြစ်၍အမန္ဒာယုကမည်ကုန်၏။အတီတဘဝင်၏ဥပါဒ်ခဏဠ္ဌဖြစ်သောပသာဒသည်ပဉ္စာရုံနှင့်အတူဒုတိယတဒါရုံ၏ဘင်ခဏဠ္ဌချုပ်သော့ကြောင့် မကြီးမငယ်အလယ်အလတ်ဖြစ်၍ ပဉ္စာရုံနှင့်အသက်တူမျှသကဲ့သို့ဖြစ်၍မဇ္ဈိမာယုကမည်၏။ပဉ္စဝိညာဏ်သည်ထိုပသာဒ ၃ မျိုးတွင်မိမိ၏အာရုံဖြစ်သောပဉ္စာရုံချုပ်သည်မှရှေးဦးချုပ်နှင့်သည်ကိုစွဲ၍မန္ဒာယုက။နောင်မှချုပ်သည်ကိုစွဲ၍အမန္ဒာယုကမည်သောပသာဒနှစ်မျိုးကိုမမှီမူ၍ ထိုပဉ္စာရုံနှင့်အဖြစ်၊အချုပ်ပြိုင်ဆိုင်မိ၍အသက်အယွယ်မကြီးမငယ်အလယ်အလတ်သဘောရှိသကဲ့သို့ဖြစ်သောမဇ္ဈိမာယုကပသာဒကိုမှီသည်။ ။ဤအတိမဟာဋ္ဌကာရုံပိထိဋ္ဌပြဆိုခဲ့ပြီးသောနည်းကိုမှီးသဖြင့် မဟန္တာရုံ ၂ ဝိထိ။ပရိတ္တာရုံ ၆ ဝိထိတို့ဋ္ဌလည်းထိုက်သည်အားလျော်စွာသိလေ။ ။ဤကား။ ။ဌပ္ပောဟကတမေကျုန ပညာသစက္ခာဒိပဉ္စပသာဒါ ဌေတေသုကတမေ မန္ဒာယုကာကတမေ အမန္ဒာယုကာကတမေ မဇ္ဈိမာယုကာတိ။ ဝုစ္စတေ။ ပဉ္စဒွါရာဝဇ္ဇနတောပဋ္ဌာယပဋိလောမ ဝသေနဂဏိယ မာနေသုသတ္တရသစိတ္တေသုအာဒိဘဝင်စိတ္တဿဉပ္ပါဒဋ္ဌိ တိက္ခဏေသုဉပ္ပန္နေပဉ္စပသာဒေပဉ္စဝိညာဏဉ္ပတ္တိသမယေအဝိဇ္ဇမာနတ္တာဠပေတွာတဒုပ္ပတ္တိသမယေဝိဇ္ဇမာနတ္တာ။သေသေသုဇကျုနပညာသခဏေသုဉပ္ပန္နာပသာဒါဇကျုနပညာသစက္ခာဒိပဉ္စပသာဒါနာမ။ အတီတဘဝင်ဿဉပ္ပါဒက္ခဏေ

ဥပ္ပန္နာပဉ္စပသာဒါ မဇ္ဈိမာယုကာနာမ။ ဒုတိယတဒါလမ္ဗဏေန သဒ္ဓိံ နိ
ရုဇ္ဈနတော တတောပုရိမခဏေသု ဥပ္ပန္နာ သတ္တတိံ သစက္ခာဒိပဉ္စပသာ
ဒါမန္ဒာယုကာနာမ။ဒုတိယတဒါလမ္ဗဏာနိရောဓတောပုဗ္ဗေနိရုဇ္ဈနတော။
တတောပစ္ဆိမခဏေသုဥပ္ပန္နာကောဒ္ဒသစက္ခာဒိ ပဉ္စပသာဒါအမန္ဒာယု
ကာနာမ။ဒုတိယတဒါလမ္ဗဏာနိရောဓတောပစ္ဆာနိရုဇ္ဈနတော။သဗ္ဗေပ
တေပနပဉ္စာ ရမ္မဏေဟိသဟုပ္ပန္နာတေဟိ ဃဋ္ဋိတာပဉ္စပသာဒါမဇ္ဈိ
မာယုကာနာမ။တတောပုရိမုပ္ပန္နာမန္ဒာယုကာနာမ။တတောပစ္ဆိမုပ္ပန္နာ
အမန္ဒာယုကာနာမ။ ယထာဝုတ္တ ကာရဏေဟိတိ။ အယံတာဝ အတိမ
ဟန္တာရမ္မဏေပိနိစ္ဆယော။ ။မဟန္တာရမ္မဏေပန ဒွိစိတ္တက္ခဏာတီတ
ဝသေနအာပါတဂမနေပဉ္စမာတီတဘဝင်္ဂဿဥပ္ပါဒက္ခဏေ ဥပ္ပန္နာပဉ္စ
ပသာဒါမဇ္ဈိမာယုကာနာမ။ တထာဒုတိယတဒါရမ္မဏဌာနေဥပ္ပန္နဘ
ဝင်္ဂေနသဟနိရုဇ္ဈနတော။ တတောပုရိမုပ္ပန္နာမန္ဒာယုကာနာမ။ ယထာ
ဝုတ္တနိရောဓတောပုဗ္ဗေနိရုဇ္ဈနတော တတောပစ္ဆိမုပ္ပန္နာ အမန္ဒာယုကာ
နာမ။ တတောပစ္ဆာနိရုဇ္ဈနတော။ တိစိတ္တက္ခဏာတီတဝသေနအာပါ
တဂမနေပိပဉ္စမာတီတဘဝင်္ဂဿဥပ္ပါဒက္ခဏေဥပ္ပန္နာမဇ္ဈိမာယုကာ
နာမ။ဒုတိယတဒါလမ္ဗနဌာနေဥပ္ပန္န သတ္တမဇဝနေနသဟ နိရုဇ္ဈနတော။
တတောပုရိမုပ္ပန္နာမန္ဒာယုကာနာမ။ယထာဝုတ္တဇဝနနိရောဓတောပုဗ္ဗေ
နိရုဇ္ဈနတော။ တတောပစ္ဆိမုပ္ပန္နာအမန္ဒာယုကာနာမ။ တတောပစ္ဆာနိ
ရုဇ္ဈနတောတိပိနိစ္ဆယောဝေဒိတဗ္ဗော။ ။ဟူသောမဏိသာရမဉ္ဇူ။
သာအလို။ ။ဧတ္ထဌာနေ။ဤအရာ၌။ဌတွာ။တန့်ရပ်၍။စောဒကော။သည်။
အာဟ။၏။ကိံ အာဟ။ အဘယ်သို့ဆိုသနည်းဟူမူကား။ ဧကူနပညာသ
စက္ခာဒိပဉ္စပသာဒါ။တခုယုတ်၅၀သောစက္ခုစသောပသာဒ၅ပါးတို့ဟူ
သည်။ကတမေ။အဘယ်တို့နည်းဟူမူ။ဧတေသု။ထိုတခုယုတ် ၅၀သော
ပသာဒ ၅ ပါးတို့တွင်။မန္ဒာယုကာ။တို့သည်။ကတမေ။နည်း။အမန္ဒာယု
ကာ။တို့သည်။ကတမေ။နည်း။မဇ္ဈိမာယုကာ။ တို့သည်။ကတမေ။တို့
နည်း။ဣတိ။သို့။ အာဟ။၏။ပရိဟာရော။ ကို။မယာ။သည်။ ဝုစ္စတေ။အံ့။
ပဉ္စဒွါရာဝဇ္ဇနတော။ ဇွန်မှ။ ပဋ္ဌာယ။၍။ ပဋိလောမဝသေန။ အားဖြင့်။ဂ
ဏိယမာနေသု။ ရေတွက်အပ်ကုန်သည် ရှိသော်။ သတ္တရသစိတ္တေသု။
၁၇ ချက်သောစိတ်တို့၌။ဝါ။တို့တွင်။အာဒိဘဝင်္ဂစိတ္တဿ။ အစဖြစ်သော
သတ္တရသမဘဝင်စိတ်၏။ဥပ္ပါဒဋ္ဌိတိက္ခဏေသု။ ဥပါဒ်ခဏ ဌီခဏတို့၌

ဥပ္ပန္နေ။ကျန်သော။ ပစ္စုပ္ပသာဒေ။တို့ကို။တေသံ။ ထိုသတ္တဝါသမစိတ်၏
ဥပါဒ်ခဏဌီခဏ၌ ဖြစ်ကျန်သောပသာဒတို့၏။ ပစ္စုပ္ပိညာ ဏုပ္ပတ္တိသမ
ယေ။ ပစ္စုပ္ပိညာဏ်စိတ်ဖြစ်သောအခါ၌။ အဝိစ္ဆမာနတ္တာ။ ချုပ်ပြီးဖြစ်၍
ထင်ရှားမရှိသည့်၏အဖြစ်ကြောင့်။ ဌပေတွာ။ ချန်လှပ်လွတ်ထား၍။ တ
ဒုပ္ပတ္တိသမယေ။ထိုပစ္စုပ္ပိညာဏ်ဖြစ်သောကါလ၌။ဝိစ္ဆမာနတ္တာ။ထင်ရှား
ရှိသည့်၏အဖြစ်ကြောင့်။သေသေသု။ကြွင်းကျန်သော။ ဇေကူနပညာသသခ
ဏေ<sup></sup>သု။တခုယုတ်၅၀သောခဏတို့၌။ဥပ္ပန္နာ။ကျန်သော။ပသာဒါ။ပသာ
ဒတို့သည်။ဇေကူနပညာသစက္ခာဒိပစ္စုပသာဒါနာမ။တခုယုတ် ၅၀ သော
စက္ခုစသောပသာဒ၅ပါးတို့မည်ကျန်၏။အတီတဘဝင်္ဂသ။ ဘဝင်္ဂစလ
န၏ရှေ့အနန္တရဖြစ်သောအတီတဘဝင်၏။ ဥပ္ပါဒက္ခဏေ။ ၌။ဥပ္ပန္နာ။ကျန်
သော။ပစ္စုပသာဒါ။တို့သည်။မဇ္ဈိမာယုကာနာမ။ကျန်၏။ကသ္မာ။ ကား။
ဒုတိယတဒါရမ္မဏာနန္တရ။ နှင့်။ သဒ္ဓိံ။ကွ။ နိရုဇ္ဈနတော။ ချုပ်ခြင်းကြောင့်
တည်း။တတော။ ထိုအတီတဘဝင့်၏ဥပါဒ်ခဏမှ။ ပုရိမခဏေသု။ရှေး
ဖြစ်သောခဏတို့၌။ဥပ္ပန္နာ။ကျန်သော။ သတ္တတိံသစက္ခာဒိပစ္စုပသာဒါ။
၃၇ခုသောစက္ခုစသောပသာဒ၅ပါးတို့သည်။မန္ဒာယုကါနာမ။ ကျန်၏။
ကသ္မာ။ကား။ဒုတိယတဒါရမ္မဏာနိရောဓတော။ဒုတိယတဒါရုံစိတ်ချုပ်
သည်မှ။ပုဗ္ဗေ။၌။နိရုဇ္ဈနတော။ကြောင့်တည်း။တတော။ ထိုအတီတဘ
ဝင်၏ဥပါဒ်ခဏမှ။ ပစ္ဆိမခဏေသု။ နောက်ဖြစ်သောခဏတို့၌။ ဥပ္ပန္နာ။
ကျန်သော။ ဧကာဒသစက္ခာဒိပစ္စုပသာဒါ။ တဆဲ့တခုသောစက္ခုအစရှိ
သော ၅ ပါးသောပသာဒတို့သည်။အမန္ဒာယုကာနာမ။ကျန်၏။ကသ္မာ။
ကား။ ဒုတိယတဒါ ရမ္မဏာနိရောဓတော။ မှ။ပစ္ဆာ။ နောက်မှ။ နိရုဇ္ဈန
တော။တည်း။ပန။အကျယ်မှတပါးအကျဉ်းကိုဆိုအံ့။သင်္ခေပတော။အါး
ဖြင့်။ ယထာဝုတ္တ ကာရဏောဟိ။ ဆိုအပ်ခဲ့ ပြီးသော အပြားရှိသောအ
ကြောင်းတို့ဖြင့်။ပစ္စာရမ္မဏောဟိ။၅ပါးသောအာရုံတို့နှင့်။ သဟုပ္ပန္နာ။တ
ကွဖြစ်ကျန်၍။တေဟိ။ထို၅ပါးသောအာရုံတို့နှင့်။ဃဋိတာ။ ထိခိုက်အပ်
ကျန်သော။ပစ္စုပသာဒါ။တို့သည်။မန္ဒာယုကာနာမ။ကျန်၏။ဣတိအယံ။ဤ
ဆိုအပ်ခဲ့ပြီးသည်ကား။တာဝ။ စွာ။အတိမဟန္တာရမ္မဏော။ အတိမဟန္တာ
ရုံ၌။ဝိနိစ္ဆယော။တည်း။မဟန္တာရမ္မဏေပန။မဟန္တာရုံ၌ကား။ ဒွိစိတ္တက္ခ
ဏာတီတဝသေန။စိတ္တက္ခဏ ၂ချက်ကိုလွန်သောအစွမ်းဖြင့်။ အာပါတ
ဂမနေ။ထင်ခြင်းသို့ရောက်သောအာရုံ၌။ပဌမာတီတဘဝင်္ဂသ။ ဘဝင်္ဂ

စလနရှေ့ ၂ ခုမြောက်ဖြစ်သောပဌမအတိတဘဝင်၏။ဥပ္ပါဒက္ခဏေ။၌။ ဥပ္ပန္နာ။ကျန်သော။ပစ္စုပသာဒါ။ တို့သည်။မဇ္ဈိမာယုကာနာမ။ ကျန်၏။ ကသ္မာ။ကား။တသာ။ ထိုပဌမအတိတဘဝင်၏ဥပါဒ်ခဏ၌ဖြစ်သောပ သာဒ၏။ဒုတိယတဒါရမ္မဏဌာနေ။ အတိမဟန္တာရုံဝိထိဝယ်ဒုတိယတ ဒါရုံဖြစ်သင့်သောဌာန၌။ ဥပ္ပန္နဘဝင်္ဂေန။ဖြစ်သောဘဝင်နှင့်။သဟ။ကွ။ နိရုဇ္ဈနတော။ကြောင့်တည်း။တတော။ ထိုပဌမအတိတဘဝင်နှင့်အတူ ဥပါဒ်သောပသာဒမှ။ ပုရိမုပ္ပန္နာ။ ရှေး၌ဖြစ်ကျန်သောပသာဒတို့သည်။ ယထာဝုတ္တနိရောဓတော။ ဆိုအပ်ပြီးသောအပြားရှိသောဒုတိယတဒါရုံ အရာ၌ဖြစ်သောဘဝင်စိတ်ချုပ်သည်မှ။ပုဗ္ဗေ။၌။နိရုဇ္ဈနတော။ ကြောင့်။ မန္ဒာယုကာနာမ။ကျန်၏။တတော။ထိုပသာဒမှ။ပစ္ဆိမုပ္ပန္နာ။နောက်၌ဖြစ် ကျန်သောပသာဒ ၁၄ ခုတို့သည်။တတော။ထိုဒုတိယတဒါရုံအရာ၌ဖြစ် သောဘဝင်ချုပ်သည်မှ။ပစ္ဆာ။၌။နိရုဇ္ဈနတော။ကြောင့်။ အမန္ဒာယုကာ နာမ။ကျန်၏။တိစိတ္တက္ခဏာတီတဝသေန။စိတ္တက္ခဏ ၃ ချက်လွန်သည် ၏အစွမ်းဖြင့်။အာပါတဂမနေပိ။ ထင်ခြင်းသို့ရောက်သော်အာရုံ၌လည်း။ ပဌမာတီတ ဘဝင်္ဂသေဝ။ဘဝင်္ဂစလနမှရှေ့ ၃ ခုမြောက်ဖြစ်သောပ ဌမအတိတဘဝင်၏သာလျှင်။ဥပ္ပါဒက္ခဏေ။၌။ဥပ္ပန္နာ။ကျန်သော။ပသာ ဒါ။တို့သည်။ ဒုတိယတဒါရမ္မဏဌာနေ။ အတိမဟန္တာရုံဝိထိဝယ်ဒုတိယ တဒါရုံဖြစ်သင့်သောအရာ၌။ဥပ္ပန္နသတ္တမဇဝနေန။ဖြစ်သောသတ္တမဇော နှင့်။သဟ။ ကွ။နိရုဇ္ဈနတော။ ကြောင့်။ မဇ္ဈိမာယုကာနာမ။ကျန်၏။တ တော။ ထိုပဌမအတိတဘဝင်နှင့်အတူဥပါဒ်သောပသာဒမှ။ပုရိမုပ္ပန္နာ။ ရှေး၌ဖြစ်ကျန်သောပသာဒ ၁၁ ခုတို့သည်။ယထာဝုတ္တဇဝနနိရောဓတော။ ဆိုအပ်ပြီးသောအပြားရှိသောသတ္တမဇောချုပ်သည်မှ။ ပုဗ္ဗေ။၌။နိရုဇ္ဈန တော။ကြောင့်။မန္ဒာယုကာနာမ။ ကျန်၏။တတော။ ထိုပဌမအတိတဘ ဝင်နှင့်အတူဥပါဒ်သော ပသာဒမှ။ပစ္ဆိမုပ္ပန္နာ။ နောက်၌ဖြစ်ကျန်သောပ သာဒ ၁၇ ခုတို့သည်။တတော။ထိုသတ္တမဇောချုပ်သည်မှ။ပစ္ဆာ။၌။နိရုဇ္ဈ နတော။ကြောင့်။အမန္ဒာယုကာနာမ။ကျန်၏။ဣတိအယံပိနိဿယော။ဤသို့ သောအဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော။၏။ ။ထိုသင်္ခေပဝဏ္ဏနာဋီကာ။ မဏိသာရမဉ္ဇူသာဋီကာဝါဒနှစ်ရပ်တို့တွင် ရှေ့သင်္ခေပ ဝဏ္ဏနာဋီကာ ဝါဒ၌ စက္ခုပ္ပသာဒ၏ ဥပါဒ်ခဏမှစ၍ ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ရှေ့ ၁၆ ခု မြောက်စိတ်၏ဥပါဒ်ခဏတိုင်ခဏငယ်၊ ၄၉ ခုတို့နှင့်အတူဥပါဒ်သော

စက္ခုပသာဒ၊၄၉၊ ခုတို့ဖြင့်စက္ခုဝိညာဏ်၏မှီရာ ပသာဒအရကိုသံသယပြုသည်။နောက်မဏိသာရမဉ္ဇူသာ့ဋီကာဝါဒ၌ပဋိသန္ဓိရာဝဇ္ဇနဲ၏ဘင်ခဏမှစ၍၊ ပဋိသန္ဓိရာဝဇ္ဇနဲမှစ၍ရှေ ၁၇ ချက်မြောက်စိတ်၏ ဘင်ခဏတိုင်ခဏငယ် ၄၉ ခုတို့နှင့်အတူဥပါဒ်သောစက္ခုပသာဒ ၄၉ ခုတို့ဖြင့်စက္ခုဝိညာဏ်၏မှီရာကိုသံသယပြုသည်။ ။ရှေ့အလိုစက္ခုဝိညာဏ်၏ဥပါဒ်ကာလဖြင့်မှတ်၍စက္ခုဝိညာဏ်ဖြစ်ဆဲခဏ၌ ငြိအဖြစ်ဖြင့်တည်သင့်သောခဏငယ် ၄၉ ချက်အသက် ကာလတွင် စက္ခုဝိညာဏ်ဖြစ်သောအခါ ထက်ဝက် ကာလကိုလွန်ပြီးသော ပသာဒကို မန္ဒာယုက။ ထက်ဝက်ကာလသို့မရောက်သေးသောပသာဒကိုအမန္ဒာယုက။ ထက်ဝက်ကာလသို့ရောက်ဆဲသော ပသာဒကိုမဇ္ဈိမာယုကဟုအမည်ပေးသည်။နောက်အလိုမန္ဒာယုက အမန္ဒာယုက၊မဇ္ဈိမာယုကအဖြစ်ကိုအာရုံ၏ချုပ်ရာကာလဖြင့်မှတ်၍ အာရုံမချုပ်မီချုပ်သောပသာဒကိုမန္ဒာယုက။အာရုံချုပ်ပြီးမှချုပ်သောပသာဒကိုအမန္ဒာယုက။ အာရုံနှင့်အတူပြိုင်၍ချုပ်သောပသာဒကိုမဇ္ဈိမာယုကဟုအမည်ပေးသည်။ ။ရှေ့အလိုမန္ဒာယုက၊ အမန္ဒာယုကတို့အရေအတွက်မြဲ၏။ မဇ္ဈိမာယုကလည်းအမည်ဌာနမြဲ၏။ဝိထိ ၉ ပါးလုံး၌ပင်မန္ဒာယုက ၂၃ ခုစီ။အမန္ဒာယုက ၂၅ခုစီအညီအမျှသာရှိ၏။ပဋိသန္ဓိရာဝဇ္ဇနဲမှစ၍ရေသော် ၉ ခုမြောက်နဝမစိတ်၏ဘင်ခဏ၌ဖြစ်သောပသာဒသာ၊ မဇ္ဈိမာယုကဖြစ်၏။ နောက်အလိုမန္ဒာယုက၊အမန္ဒာယုကအရေအတွက်အရမမြဲ။ မဇ္ဈိမာယုကလည်းအမည်ဌာနမမြဲ။ အတိမဟန္တာရုံတဝိထိ။မဟန္တာရုံ ၂ ဝိထိ။ပရိတ္တာရုံ ၆ ဝိထိအားဖြင့်စက္ခုဝိညာဏ်ပါကောင်းသောဝိထိ ၉ ပါးတို့ဝယ် အစဉ်အတိုင်း။ ၁၁ ခု၌၊ ၃ ခုစီတိုး၍အမန္ဒာယုက ၁၁ ခု။၁၄ခု။ ၁၇ခု။၂၀။၂၃ခု။၂၆ခု။၂၉ခု။ ၃၂ခု။၃၅ခု အရေအတွက်ရှိသည်။မန္ဒာယုကလည်း ၃၇ ခုမှ၊ ၃ခု စီလျော့၍ ၃၇ခု။၃၄ခု။၃၁ခု။၂၈ခု။၂၅ခု။ ၂၂ခု။၁၉ခု။၁၆ခု။၁၃ခု အရေအတွက်ဖြစ်၏။ မဇ္ဈိမာယုကလည်းပဋိသန္ဓိရာဝဇ္ဇနဲ၏ ဘင်ခဏ၌ဖြစ်သောပသာဒမှစ၍ရှေ့၁၂ ခုမြောက်။တဆဲ့ငါးခုမြောက်။၁၈ခုမြော်။၂၁ ခုမြောက်။ ၂၄ ခုမြောက်၊ ၂၇ ခုမြောက်။ ၃၀မြောက်။ ၃၃ခုမြောက်။ ၃၆ခုမြောက်ဖြစ်သောပသာဒသည်မဇ္ဈိမာယုကဖြစ်၏။ ။ရှေ့အလိုပဋိဝိညာဏ် ဥပါဒ်ဆဲအခါငြိ၏ အသက် ထက်ဝက် အလယ်ကာလသို့ရောက်ဆဲဖြစ်သော ပသာဒဖြစ်၍မဇ္ဈိမာယုကဟုဆိုသည်။ နောက်အ

လိုအာရုံနှင့်ဖြစ်ရာချုပ်ရာကာလတူမှုပြိုင်ဆိုင်မိ၍မနန္တရယုက၊ အမနန္တရယုကပစ္စယ ၂ ပါးတို့၏အလယ်အကြားဖြစ်သောပစ္စယဖြစ်၍မနန္တရမဟုယုကဟုဆိုသည်။ ။ဤသို့ဝါဒ ၂ ပါး၏အထူးကိုမှတ်အပ်၏။ ။ဤသင်္ခေပဝဏ္ဏနာဋီကာဆရာ။မဏိသာရမဉ္ဇူသာဋီကာဆရာ ၂ ပါးလုံးပင်။ပြဆိုခဲ့ပြီးသောဝိသုဒ္ဓိမဂ်ဋီကာဟောင်း။ အဘိဓမ္မာဝတာရဋီကာဟောင်း။ အဘိဓမ္မတ္ထဝိဘာဝနီမည်သောရင်းဋီကာသစ်။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော်တို့စကားကိုအမှီပြု၍၊ပဋ္ဌိဝိညာဏ်၏မှီရာပစ္စယအရကိုအသိ၊ အသိးပြဆိုတော်မူကြကုန်သည်။ ထိုတွင်၊ သင်္ခေပဝဏ္ဏနာဆရာသည်။ ဣသုဘဝင်စလနေသုပုရိမသသအနန္တရပစ္စယဘူတေနဘဝင်စိတ္တေနသဟာဉပ္ပန္နံ။ ဟူသောစကားဖြင့်ပဋ္ဌိဝိညာဏ်စိတ်ဖြစ်ကောင်းသောအတိမဟန္တာရုံတဝိထိ။ မဟန္တာရုံ ၂ ဝိထိ။ပရိတ္တာရုံ ၄ ဝိထိအားဖြင့်ဝိထိ ၉ ပါးလုံး၌ပင်ပဋ္ဌိဝိညာဏ်သည်ဘဝင်စလန၏ရှေ့အနန္တရဖြစ်သောအတိတဘဝင်စိတ်နှင့်အတူ ဥပါဒ်သောပစ္စယကိုသာမှီ၏ ဟူ၍ဋီကာဆရာတို့ပြသည်ဟုယူသည်။မဏိသာရမဉ္ဇူသာဆရာကားအတိမဟန္တာရုံဝိထိတခုတည်း၌ ဖြစ်သောပဋ္ဌိဝိညာဏ်၏မှီရာပစ္စယကိုယင်းစကားဖြင့်ဥပလက္ခဏာအားဖြင့်ပြသည်။ မဟန္တာရုံ၊ ပရိတ္တာရုံဝိထိတို့၌အကျုံးဝင်သောပဋ္ဌိဝိညာဏ် ၈ ခုတို့သည်ဘဝင်စလနမှရှေ့ ၂ ခုမြောက်သောစိတ်မှစ၍ ၉ ခုမြောက်တိုင်အောင်သောစိတ်တို့နှင့်အတူ ဥပါဒ်သောပစ္စယ ၇ ခုတို့ကို အစဉ်အတိုင်းမှီ၍ဖြစ်၏ဟု၊ ယင်းဖြင့်ပင်ပြသည်ဟုယူသည်။ ။ပဋ္ဌာရုံသည်မိမိဥပါဒ်ပြီးနောက်ဒွါရ၌ထင်ခြင်းသို့မရောက်မီစိတ္တက္ခဏ တချက်မှစ၍ ၉ ချက်တိုင်အောင်သော စိတ္တက္ခဏတို့ကိုလွန်ပြီးနောက်ဌီအဖြစ်သို့ စိတ္တက္ခဏတချက်ကာလ ရောက်ပြီးသောဘဝင်စလန၏ရှေ့အနန္တရဖြစ်သော ဘဝင်စိတ်နှင့်အတူဥပါဒ်သော ပစ္စယနှင့်သာ၊ထိုက်သည်။ ထိုထိုက်သောပစ္စယကိုသာဝိထိ ၉ ပါးလုံး၌အကျုံးဝင်သော ပဋ္ဌိဝိညာဏ်စိတ်သည် အမြဲနိယမအားဖြင့် မှီသည်ဟုသင်္ခေပဝဏ္ဏနာဆရာယူသည်။ ။မဏိမဉ္ဇူဆရာမူကားအာရုံနှင့်အတူဥပါဒ်၍ဒွါရ၌ထင်ခြင်းသို့ မရောက်မီစိတ္တက္ခဏ တချက်လွန်လျှင်လွန်ခြင်း။လ။ ၉ချက်လွန်လျှင်လွန်ခြင်း၊ ဌီအဖြစ်သို့ရောက်ရာကာလတူ၍ ဒွါရ၌ထင်ခြင်းသို့ရောက်သော ဘဝင်စလန၏ရှေ့အနန္တရ ဘဝင်မှစ၍ ၉ ခုမြောက်သောဘဝင်တိုင်အောင်သောစိတ် ၉ ခုတို့၏ဥပါဒ်ခဏ၌ဖြစ်

သောပသာဒ ၄ ခုကို ပဉ္စဒွါရိက ဝီထိ၌အကျုံးဝင်သော ပဉ္စဝိညာဏ် စိတ်သို့ အစဉ်အတိုင်းမှီသည်ဟု ယူသည်။ ။အပရဿမရဏာသမ ယေပဉ္စန္နံဒွါရာနံအညတြသ္မိံဒွါရေရောဂါဒိဘေဒ ဘူတံဟီနာရမ္မဏံအာ ပါထမာဂစ္ဆတိ။တဿ ယထာက္ကမေနဥပ္ပန္နေဝေါဋ္ဌဗ္ဗနာဝသာနေမရဏ သဿအာသန္နဘာဝေန မန္ဒီဘူတ ဝေဂတ္တာ ပဉ္စဇဝနာနိဒွေတဒါရမ္မဏာ နိဥပ္ပဇ္ဇန္တိ။တတောဘဝင်္ဂဝိသယမါရမ္မဏံကတွာ ဧကံစုတိစိတ္တံ။ဧတ္တာ ဝတာဒွေဘဝင်္ဂါနိအာဝဇ္ဇနံဒဿနံသမ္ပဋိစ္ဆနံသန္တီရဏံ ဝေါဋ္ဌဗ္ဗနံ ပဉ္စဇ ဝနာနိဒွေတဒါ ရမ္မဏာနိဧကံ စုတိစိတ္တန္တိ ပဉ္စဒသ စိတ္တက္ခဏာ အတီ တာဟောန္တိ၊ အဝသေသာ ဧကစိတ္တက္ခဏာ ယုကေတသ္မိံ ယေဝ။ အာရမ္မဏေ ပဋိသန္ဓိ စိတ္တံဥပ္ပဇ္ဇတိ။ ။ဟူ၍ *ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ သမ္မောဟဝိနောဒနီ ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာတို့၌ပြဆိုအပ်သော ပဉ္စဒွါရဝီထိအရာဝယ်စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်၏ဌီခဏမှစ၍ ကမ္မဇရုပ်အသစ်မဖြစ်ကောင်းသည်သာ ဖြစ်သော ကြောင့်ဘဝင်္ဂစလနရှေ့အနန္တရစိတ်ဖြစ်သောစုတိစိတ်မှရှေ့သောဠသမ စိတ်၏ဥပါဒ်ခဏ၌ ဖြစ်သောပသာဒမည်သည် မရှိသည်သာဖြစ်၍ပဉ္စ ဝိညာဏ်သည်ဘဝင်္ဂစလနမှရှေ့ စိတ္တက္ခဏတချို့ခြားသောသတ္တရသမ စိတ်နှင့်အတူဥပါဒ်သော ပသာဒကိုသာ မှီရကား။ ပဉ္စဝိညာဏ်သည် ဘဝင်္ဂစလန၏ရှေ့အနန္တရဖြစ်သော စိတ်နှင့်အတူဥပါဒ်သောပသာဒကို မှီ၏ဟု သင်္ခေပဝဏ္ဏနာ၌ ပြဆိုသော စကားကို ယေဘုယျအားဖြင့် ဆို သည်ဟုမှတ်အပ်၏။ ။၎င်းဝီထိဝယ်ပဉ္စဝိညာဏ်၏ အာရုံသည်စုတိ စိတ်ချုပ်သည်နောက်စိတ္တက္ခဏတချက်အသက်ကြွင်းရှိသေးသည်ဖြစ် ၍ထိုမရဏာသန္နပဉ္စဒွါရိကဝီထိ၏ အာရုံဖြစ်သောပစ္စုပ္ပန်အာရုံကိုအာရုံ ပြု၍ပဋိသန္ဓေ စိတ်ဖြစ်ကြောင်းကို ပြဆိုသောကြောင့် ထိုအာရုံသည်စု တိစိတ်မှ ရှေ့သောဠသမစိတ်နှင့်အတူ ဥပါဒ်သော အာရုံဟူ၍ သိသာ သည်။ ကမ္မဇရုပ်တို့သဘောသည်လည်း စုတိစိတ် ချုပ်သည့်နောက် ခဏငယ်တချက်ခန့်မျှသော်လည်း တည်လိုက်မြဲမဟုတ် အဆုံးစွန်ကမ္မ ဇရုပ်သည်စုတိစိတ်နှင့်ပြိုင်၍ချုပ်မြဲသာဖြစ်ရကား ထိုစုတိစိတ်နှင့်ပြိုင် ၍ချုပ်သောပသာဒသည်စုတိစိတ်မှ ရှေ့သတ္တရသမစိတ်၏ဥပါဒ်ခဏ၌ ဖြစ်သော ပသာဒဟု သိသာသည်။ ပဉ္စဝိညာဏ်သည်လည်း အာရုံနှင့် ဥပါဒ်ပြိုင်၍ဖြစ်သော၊ သောဠသမစိတ်၏ ရှေ့အနန္တရဖြစ်သော သတ္တရ

သမ္မိတ်၏ဥပါဒ်ခဏာ၌ဖြစ်သောပသါဒသာဖြစ်သည်ဖြစ်၍ပဋိသန္ဓေဉာဏ်
သည်မိမိ၏အာရုံနှင့်ဥပါဒ်ပြိုင်၍ ဖြစ်သောပသာဒကိုသာ မှီကြောင်းကို
ပြဆိုသောမဏိမဉ္ဇူ စကားကိုလည်း ယေဘုယျအားဖြင့်သာ ဆိုသည်
ဟူ၍ မှတ်အပ်သည်။ ။ပဋ္ဌာနသာရဒီပဏီ၌လည်း ပဋိသန္ဓိရာဝဇ္ဇန်၏
ဘင်ခဏာ၌ဖြစ်သောပသာဒမှစ၍ ပဋိသန္ဓိရာဝဇ္ဇန်ရှေ့သတ္တရ သမ္မိတ်၏
ဘင်ခဏာတိုင်၊ခဏာငယ် ၄၉ တို့၌ ဖြစ်သော ပသာဒ ၄၉ ခုကို မဇ္ဈိမာ
ယုက။ ၎င်းသတ္တရသမ္မိတ်၏ ဌီခဏာမှစ၍ ၎င်းသတ္တရသမ္မိတ်မှရှေ့
သတ္တရသမ္မိတ်၏ ဌီခဏာတိုင်ခဏာငယ် ၄၉ ခုတို့၌ ဖြစ်သောပသာဒ
၄၉ ခုကိုမန္ဒါယုက။ပဋိသန္ဓေဉာဏ်၏ ဥပါဒ်ခဏာမှစ၍၊ ၎င်းပဋိသန္ဓေဉာဏ်မှ
နောက် ၁၇ ခုမြောက်သောစိတ်၏ ဥပါဒ်ခဏာတိုင် ခဏာငယ် ၄၉ခုတို့၌ ဖြစ်
သောပသာဒ၄၉ခုကိုအမန္ဒါယုကဟုယူ၍။ထို၃မျိုးသောပသါဒတို့တွင်
မဇ္ဈိမာယုက ၄၉ ခုကို မဇ္ဈိမမန္ဒါယုက။ မဇ္ဈိမအမန္ဒါယုက။ မဇ္ဈိမ
မဇ္ဈိမာယုကဟု ၃ါး ခွဲပြန်၍။ အတိမဟန္တာရုံဝိထိဝယ် ပဋိသန္ဓိရာဝဇ္ဇန်၏
ဘင်ခဏာမှစ၍ဘဝင်စလန၏ ရှေ့အနန္တရ အတိတဘဝင်စိတ်၏ ဌီခဏာ
တိုင်ခဏာငယ် ၁၁ ခုတို့၌ဖြစ်သော ပသာဒ၁၁ခုတို့၏ မဇ္ဈိမအမန္ဒာယု
ကမည်ငေး။ထိုအတိတဘဝင်၏ဥပါဒ်ခဏာ၌ဖြစ်သောပသါဒ၏မဇ္ဈိမမဇ္ဈိ
မါယုကမည်ငေး။ထိုအတိတဘဝင်မှရှေ့အနန္တရစိတ်၏ဘင်ခဏာမှစ၍ဘ
ဝင်စလနမှရှေ့ ၁၄ ခုမြောက်ဖြစ်သောစိတ်၏ဘင်ခဏာတိုင်ခဏာငယ် ၃၇ခု
တို့၌ဖြစ်သောပသာဒ ၃၇ ခုတို့၏ မဇ္ဈိမမန္ဒါယုကမည်ငေး၊ပဋိသန္ဓေဉာဏ်
သည် ပဋိသန္ဓိရာဝဇ္ဇန်၏ ရှေ့အနန္တရအတိတ ဘဝင်စိတ်၏ ဥပါဒ်ခဏာ၌ဖြစ်
သောမဇ္ဈိမမဇ္ဈိမာယုကမည်သောပသာဒကိုမှီငေးစသည်ကို။ ။၉
တေသုနာနါပ္ပကာရေသုမန္ဒါယုကေကျူနပညာသါမန္ဒါယုကေကျူနပညာ
သမဇ္ဈိမါယုကေကျူနပညာသသခ်ါတေသုတီသုကောဋ္ဌာသေသုမဇ္ဈိ
မါယုကာဘူတမဇ္ဈိမ အမန္ဒါယုကေကါဒသ မဇ္ဈိမမန္ဒါယုကာသတ္တတိံ
သမဇ္ဈိမ မဇ္ဈိမါယုကေကာသခ်ါတေသုတီသု ကောဋ္ဌာသေသုမဇ္ဈိမ
မဇ္ဈိမါယုကာသခ်ါတံစက္ခုဒွါရ ဝိထိယံအတိတဘဝင်္ဂသ ပုပ္ပါဒေစက္ခု
ပဝတ္တစက္ခုပသါဒသခ်ါတံ ပဋိဝေါကါရေအရိယါနရိယပုဂ္ဂလါနံ စက္ခု
ဝတ္ထုဒွိန္နံစက္ခုဝိညာဏ ဓါတူနံ ယထာရဟံ ပုရေဇာတနိဿယပစ္စယေ
နဥပကာရကံ။ ။စသည်ဖြင့်ပြဆို၍မဏိမဉ္ဇူနှင့်အတူပင်ယူ၏။ ။နာနပ္ပ
ကာရေသု။အထူးထူးသော အပြားရှိကုန်သော။ မန္ဒါယုကေကျူနပညာ

သာမန္တါယုကောကျွန ပညာသမတ္တိမာယုကောကျွန ပညာသသင်္ခါတေ
သု။မန္တါယုက တခုယုတ် ၅၀ အမန္တာယုက တခုယုတ် ၅၀ မတ္တိမာယု
ကတခုယုတ် ၅၀ ဟုဆိုအပ်ကုန်သော။ဧတေသုတိသုကောဋ္ဌာသေသု။
ထို ၃ါး သောပဿာဒအစုတို့တွင်။ မတ္တိမာယုကာဘူတမတ္တိမအမန္တာယု
ကေကာဒ သမတ္တိမမန္တာယုက သတ္တတိံသ မတ္တိမမတ္တိမာယုကေက
သင်္ခါတေသု။မတ္တိမာယုကဖြစ်၍ဖြစ်သောမတ္တိမအမန္တါယုကတဆယ့်
တခု၊မတ္တိမမန္တာယုက ၃၇ ခု၊မတ္တိမမတ္တိမာယုက တခုဟု ဆိုအပ်ကုန်
သော။ တိသုကောဋ္ဌာသေသု၊ ၃ါး သော ပဿာဒအစုတို့တွင်၊ မတ္တိမ
မတ္တိမာယုကာသင်္ခါတံ။မတ္တိမမတ္တိမာယုကဟုဆိုအပ်ကုန်သော။စက္ခု
ဒွါရဝိထိယံ။၌။အတီတဘာဝင်္ဂသာ။၏။ဥပ္ပါဒေ။၌။ပဝတ္တစက္ခုပသါဒသင်္ခါ
တံ။ဖြစ်သောစက္ခုပသာဒဟုဆိုအပ်သော။ပဉ္စဝေါကာရေ။ပဉ္စဝေါကာ
ရဘုံ၌။အရိယာနရိယပုဂ္ဂလာနံ။ အရိယာပုဂ္ဂိုလ်ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား။
စက္ခုဝတ္ထု။စက္ခုပသာဒဝတ္ထုသည်။ဒွိန္နံ။နှစ်ပါးကုန်သော။ စက္ခုဝိညာ
ဏခေတ္တန်။ ကုသလဝိပါက်အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ
ခေတ်တို့အား။ယထာရဟံ။ထိုက်သည့်အားလျော်စွာ။ ပုရေဇာတနိဿ
ယပစ္စယေန။ ပုရေဇာတနိဿယပစ္စည်းဖြင့်။ဥပကာရကံ။ ကျေးဇူးပြု
သည်။ ဟောတိ။၏။ ။ပဉ္စဝိညာဏ်၏မှီရာပဿာဒကို ပဉ္စဝိညာဏ်၏
ဥပါဒ်ခဏမှစ၍ ဘဝင်္ဂစလနမှ ရှေ့တေရသမစိတ်၏ ဥပါဒ်ခဏ တိုင်
အောင် ၄၉ ခုသော ခဏငယ်တို့၌ ဖြစ်သော ပဿာဒ ၄၉ ခုတို့ဖြင့် သံ
သယပြု၍၊ ပြဲဆိုသောသင်္ခေပဝဏ္ဏနာဋီကာဆရာ၏စကားသည်။ အဘိ
ဓမ္မတ္ထဝိကာသနီဋီကာ၌။ ။ဝေဉ္စဘာဝင်္ဂစလနတောဟောဋ္ဌာ တတိယ
စတုတ္ထေဟိယာဝတေရသမစိတ္တေနသဟာဥပ္ပန္နံပိ နိဿယော ဟောတိ
တိအာပဇ္ဇေယျ။ ။ဟူ၍အာရုံ၌ ထိခိုက်သောပဿာဒတခြား။ ပဉ္စဝိ
ညာဏ်၏မှီရာပဿာဒတခြားဖြစ်ခဲ့သော်ပဉ္စဝိညာဏ်သည် ဘဝင်္ဂစလ
နမှ ရှေ့တေရသမဘာဝင်နှင့်အတူဥပါဒ်သော ပဿာဒတိုင်အောင်သော
ပဿာဒ သည်လည်း ပဉ္စဝိညာဏ်၏မှီရာ ဖြစ်ရာခဲ့၏ ဟုအပြစ် တင်ဆို
သောစကားနှင့်ညီ၏။ ။မန္တာယုက၊အမန္တာယုက၊ မတ္တိမာယုကပဿာ
ဒအရကိုပဉ္စဝိညာဏ်၏ဥပါဒ်ခဏဖြင့်မှတ်၍ ပဉ္စဝိညာဏ်၏ဥပါဒ်ခဏ
ကာလ၌ငြိအဖြစ်ဖြင့်တည်သင့်သော အသက်ကာလအနက် ထက်ဝက်
ကာလကိုလွန်ပြီးသောပဿာဒကိုမန္တာယုက။ထက်ဝက်ကာလသို့မရောက်

သေးသောပသာဒကိုအမန္တာယုက၊ ထက်ဝက်ကာလသို့ ရောက်ဆဲဖြစ်သောပသာဒကိုမဇ္ဈိမာယုကဟုဆိုခြင်းသည်လည်း၊ မန္တာယုက၊ အမန္တာယုက၊ မဇ္ဈိမာယုကဟူသောအမည်တို့နှင့်လျော်သကဲ့သို့ရှိ၏။ ။မဏိမဉ္ဇူဆရာကားထိုသခေ်ပဝဏ္ဏနာဋီကာကိုမတွေ့မြင်၊ မကြည့်ရှုမရှိတန်ရာ၊ ကြည့်ရှုတွေ့မြင်လျက်ထိုဋီကာဝါဒသို့မလိုက်ဘဲသီးခြားပြဆိုတော်မူသောကြောင့်၊ ထိုဝါဒကိုနှစ်သက်တော်မမူသည်ဖြစ်ရာသည်။ ။ပဋ္ဌာနသာရဒီပဏီဆရာ။ ဝိထိလက်ရိုးဆရာအစရှိကုန်သောနောက်နောက်ဆရာတို့သည်လည်း မဏိမဉ္ဇူအတိုင်းသာ ဆုံးဖြတ်ရေးသား ပြောဟောကြကုန်သည်။ ။

ဋီကာကျော်၌ လာသော နာမရူပါဒိ သမ္ဘသန သမန န္တရပရိနိဗ္ဗာန်ကိုပြအံ့။ ။ကတ္တစိပန အနုပ္ပဗ္ဗမာနသဘာဝိတာသာဝသာယထောပဋ္ဌိတံနာမရူပမမ္ဘာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံဂ န္တ တိ။နကမ္မကမ္မနိမိတ္တာဒယော။ ။ဋီကာကျော်။ ။ပန။အထူးကို ဆိုဦးအံ့။ ကတ္ထစိ။တစုံတခုသောဘုံဘဝ၌။ အနုပ္ပဗ္ဗမာနသာ၊ မဖြစ်ရလတ့်သော။ ဝိထာသဝသာ။ကုံပြီးသော အာသဝေါရှိသော ဘုရားပစ္စေကဗုဒ္ဓာအရိယာသာဝကဟူသောဝိထာသဝပုဂ္ဂိုလ်အား။ယထောပဋ္ဌိတံ။ အကြင်အကြင်ထိုခဏ ထင်တိုင်းသော။ နာမရူပမမ္ဘာဒိကမေဝ။ နာမ်ရုပ်တရားစသည်သည်သာလျှင်။ စုတိပရိယောသာနာနံ။ ပရိနိဗ္ဗာနသဘာဝအခါဖြစ်သမျှသောဝိထိစိတ်တို့တွင်စုတိစိတ်နှင့်အနီးဆုံး နောက်ဆုံးဖြစ်သောဝိထိ၏နောက်၌ဝိထိတပါးမခြားမချပ်ဘဲအဆုံး၌ စုတိစိတ်ဖြစ်လတ့်ဖြစ်၍အဆုံး၌စုတိစိတ်ရှိကုန်သော။စိတ္တာနံ။ ပရိနိဗ္ဗာနသဘာဝမနေဒွါရိကဝိထိစိတ်တို့၏။ဂေါစရဘာဝံ။အာရုံ၏အဖြစ်သို့။ဂစ္ဆတိ။ရောက်၏။ကမ္မကမ္မနိမိတ္တာဒယော။ကံကမ္မနိမိတ်စသောအာရုံတို့သည်။ ဂေါစရဘာဝံ။သို့။နဂစ္ဆန္တိ။မရောက်ကုန်။ ။အဓိပ္ပါယ်ကား။ အာသဝေါမကုံသေး၍ပဋိသန္ဓေနေရခြင်းမှ မကင်းသေးသော ပုထုဇန်သေက္ခတို့အား မရဏာသန္နဝိထိ၏အာရုံဖြစ်ထိုက်ကုန်သောကံကမ္မနိမိတ် ဂတိနိမိတ်ဟူသောအမည်ကို ရကုန်သော အာရုံ ၃ မျိုးတွင် အနန္တရဘဝ၌ ပဋိသန္ဓေ ဟူသောအကျိုးကိုဖြစ်စေလတ့်ပေးလတ့်သော ကုသိုလ်အကုသိုလ်စေတနာသာ၏အရာ၌ကံမည်သည်။ ထိုကံကိုပြုစဉ်အခါထိုကံ၏ အာရုံသည်ရင်း။ထိုကံပြီးမြောက်ကြောင်းအဆောက်အဦသည်ရင်း ကမ္မနိမိတ်မည်

သည်။ဖြစ်လတံ့အနန္တရဘဝ၌ရလတံ့ ခံစံရလတံ့သောဂန္ဓ သေယက ဖြစ်လတံ့ပုဂ္ဂိုလ်အားကမ္ဘလာနီအဆင်းရှိသော အမိဝမ်းရေသားအိမ်၌ တည်သောရူပါရုံ။ငရဲ၌ဖြစ်လတံ့ပုဂ္ဂိုလ်အားငရဲအိုး ငရဲထိမ်းငရဲမီး လျှံစသည်၌တည်သောရူပါရုံ။ နတ်ပြည်၌ ဖြစ်လတံ့ပုဂ္ဂိုလ်အားနတ်သမီးနတ် ဗိမာန် ပဒေသာပင် ဥယျာဉ် စသည်၌ တည်သော ရူပါရုံအစရှိသောရူပါရုံသည် ဂတိနိမိတ်မည်သည်ဖြစ်၍ အရဟတ္တမဂ်ဖြင့်ကိလေသာအလုံးစုံကို အကုံပယ်ဖျက်ပြီးသော ရဟန္တာအား။ ။ခီဏံပုရာနံ နဝနတ္ထိသမ္ဘဝံ။ဟူ၍၎င်း။တေခီဏဗီဇာဟူ၍၎င်း ဟောတော်မူသည်အတိုင်းကံဟောင်းလည်းကုံ ကံသစ်လည်းဖြစ်ခြင်းမရှိပြီ။ ကုံပြီးသောပဋိသန္ဓေဝိညာဏ် ဟူသောမျိုးစေ့ မရှိသည်လည်းဖြစ်ရကား တစုံတခုသောဘုံဘဝ၌မျှပဋိသန္ဓေမနေရမဖြစ်ရလတံ့သာဖြစ်သောကြောင့်ထိုရဟန္တာတို့ပရိနိဗ္ဗာနသန္တအခါဖြစ်သောစုတိစိတ်၏ အာရုံကိုကံကမ္မနိမိတ်ဂတိနိမိတ်ဟူ၍မခေါ်ဆိုထိုက်။ကံကမ္မနိမိတ်ဂတိနိမိတ်မည်သောအာရုံသည်ထိုရဟန္တာတို့အားမရှိပြီဖြစ်ရကား ထိုပရိနိဗ္ဗာနသန္တစုတိစိတ်တို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ကို အာရုံမပြု။ ထိုခဏထင်တိုင်းသောစိတ်စေတသိက်ရုပ်နိဗ္ဗာန်ပညတ်ဟူသောတစုံတခုသောတရားကိုသာအာရုံပြုသည်။ဟူလို။ ။နာမရူပဓမ္မာဒိကမေဝ၌နာမသဒ္ဒါဖြင့်နိဗ္ဗာန်ပါယူနိုင်သောကြောင့် အာဒိသဒ္ဒါဖြင့် အနိစ္စဒုက္ခအနတ္တလက္ခဏာပညတ် တို့ကိုယူ။ ။ရှိသမျှခီဏာသဝ ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံသောပရိနိဗ္ဗာနသန္တစုတိစိတ်တို့၏အာရုံကိုပြဆိုသောစကားဖြစ်၍ဤဋီကာကျော်စကားဖြင့်အထက်၌ ပြဆိုခဲ့ပြီးသောဈာနသမနန္တရပရိနိဗ္ဗာန်ဈာနင် ပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်မဂ္ဂါဒိ ပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်နှင့်တကွ နာမရူပါဒိသမ္မသနသမနန္တရ ပရိနိဗ္ဗာန် အားဖြင့်ပရိနိဗ္ဗာန်လေးပါးလုံးကိုပင်ယူနိုင်သည်။ ။အရိယာပုဂ္ဂိုလ်တို့သည်အရိယမဂ်ကိုရပြီးသောခဏကာလ၌ပင် မိမိတို့ရသောမဂ်ကို၎င်း။ ထိုမဂ်၏အကျိုးဖြစ်သောဖိုလ်ကို၎င်း။ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သောနိရောဓသစ္စာနိဗ္ဗာန်ကို၎င်း။ထိုမဂ်သည် သမုစ္ဆေဒအားဖြင့်ဖျက်ပယ်အပ်သည်ဖြစ်၍ကုံပြီးသော ကိလေသာကို၎င်း။ မပယ်နိုင်သေး၍ ကြွင်းကျန်ရစ်သော ကိလေသာကို ၎င်း ဤငါးပါးတို့ကို ငါးတန်သော ပစ္စဝေက္ခနာဉာဏ်တို့ဖြင့်ဆင်ခြင်ကြည့်ရှုတော်မူကြကုန်သည်။ အရဟတ္တမဂ်အရာ

၌ကားထိုအရဟတ္တမဂ်ဖြင့်မပယ်နိုင်သောကိလေသာမည်သည်မရှိ။အ
လုံးစုံကို အကုံအစဉ် ပယ်သောကြောင့်ကြွင်းကျန်သောကိလေသာဟူ
၍ဆင်ခြင်ဖွယ်မရှိပြီဖြစ်၍ မဂ်လေးပါးတို့ဝယ် ၁၉ ပါးသောပစ္စဝေက္ခ
နာဝါရတို့ဖြစ်ကုန်သည်။ ထိုသို့ဖြစ်ရာတွင်။ ။တံပရိပုဏ္ဏံဝါအပရိ
ပုဏ္ဏံဝါ။ တိဒိနေန အသိနာသိသေ ဆိစ္ဆန္တေပိဟိ ကောဝါ ဒွေဝါပစ္စ
ဝေက္ခနာအဝသံဉပ္ပဇ္ဇန္တိယေဝ။ ။ဟူသောသဂါထ ဝဂ္ဂသံယုတ်ဂေါ
ဓိကာသုတ်အဋ္ဌကထာအလိုအားဖြင့် ဇီဝိတသမသီသိပုဂ္ဂိုလ် အရှေ့ဝယ်
အလွန်နီးသောစုတေခြင်းရှိသော ပရိနိဗ္ဗာနသသန္တအရာဖြစ်၍အရဟတ္တ
မဂ်ကိုရပြီးနောက်၌ ပစ္စပေက္ခနာလေးဝါရလုံးတို့ အပြည့်အစုံဖြစ်သည်
သော်လည်းရှိ၏။လေးဝါရလုံးမပြည့်စုံဘဲ အချို့ပုဂ္ဂိုလ်အား ၃ ဝါရ။အ
ချို့ပုဂ္ဂိုလ်အားနှစ်ဝါရ။အချို့ပုဂ္ဂိုလ်အား မဂ်ကိုဆင်ခြင်သောပစ္စဝေက္ခ
နာဝါရတပါးတည်းသာဖြစ်သည်သော်လည်းရှိ၏။လုံးလုံးမဖြစ်ဘဲအရ
ဟတ္တဖိုလ်၏အခြားမဲ့၌ ကားစုတိစိတ် မဖြစ်ကောင်း။ ယုတ်စွအဆုံးပစ္စ
ဝေက္ခနာဝါရ တပါးမျှသော်လည်း မချွတ်ဖြစ်ပြီးမှသာလျှင်ပရိနိဗ္ဗါန်ပြု
ကောင်းသည်။ဟူလို၏။ ။ကထမိဒံသမံဟောတိတိ။ဝါရသမတာယ
ယသ္မိံဟိဝါရေမဂ္ဂဝုဋ္ဌာနံဟောတိသောတာပတ္တိမဂ္ဂေပဥ္စပစ္စဝေက္ခနာနိ
သကဒါဂါမိမဂ္ဂေပဥ္စ အနာဂါမိမဂ္ဂေပဥ္စအရဟတ္တမဂ္ဂေစတ္တာရီတိဧကူန
ဝီသတိမေ ပစ္စဝေက္ခနာဉာဏေ ပတိဋ္ဌာယဘဝင်္ဂံဩတရိတွာပရိနိဗ္ဗာ
ယတီတိဧဝံဝါရသမတာယ ဇာနဉ္စာဘယသီသပရိယာဒါနံ သမံ ဟောတိ
နာမ။ ။ဟူသောပုဂ္ဂလပညတ်အဋ္ဌကထာ။ ။ကိလေသပရိယာဒါနေနပ
နအတ္တနောအန န္တရံဝိယနိပ္ပာဒေတဗ္ဗာ ပစ္စဝေက္ခနဝါရာစ ကိလေသပရိ
ယာဒါနသေဝဝါ ရာတိဝတ္တဗ္ဗတံ အရဟန္တိ။ ဝိရုတ္တသ္မိံဝိရုတ္တမှိတိဉာ
ဏံဟောတိတိဝစနတောတိ ပစ္စဝေက္ခနဝါရပရိသမာပနေနကိလေသ
ပရိယာဒါနံ သမာပိတံနာမဟောတိ။ တံပနပရိသမာပနံ စုတိစိတ္တေန
ဟောတိ။တေနေဝဇီဝိတိန္ဒြိယပရိယာဒါန ပရိသမာပနဥ္စ ဟောတိတိဇာ
မာယဝါရသမတာယ ကိလေသ ပရိယာဒါန ဇီဝိတပရိ ယာဒါနာနံအ
ပုဗ္ဗာစရိမတာဟောတိတိအာဟဝါရသမတာယာတိ။ ။ဟူသောမူ
လဋီကာတို့အလိုသော်။ ။ဝိရုတ္တသ္မိံဝိရုတ္တမှိတိဉာဏံဟောတိ။ ။
ဟူ၍ကုံပြီးကိလေသာကိုဆင်ခြင်သောပစ္စဝေက္ခနာဝါရကိုအဆုံးသတ်
ထား၍ ဟောတော်မူသည်ကို ထောက်သဖြင့် ကိလေသာကုံခြင်းဟူ

သောကိလေသပရိယာဒါနသည် ပြီးစေအပ်သော ပစ္စဝေက္ခနာဝါရတို့ကိုလည်း ကိလေသ ပရိယာဒါန၏ ဝါရဟူ၍သာ ဆိုထိုက်ရကားကိလေသာ ကုံခြင်း၏ ဝါရဟူသော အလှည့်ခေတ် ကာလကို။ ကုံပြီးကိလေသာကိုဆင်ခြင်သောစတုတ္ထ ပစ္စဝေက္ခနာဝါရ၏ ပြီးဆုံးခြင်းသည်ပြီးဆုံးစေအပ်သည် မည်သောကြောင့်။ ဤသို့သဘောရှိသောပရိနိဗ္ဗာနာသန္နအခါ၌သော်လည်းပစ္စဝေက္ခနာ ဂါရတို့အပြည့် အစုံဖြစ်ပြီးမှကျေနပ်သဘြိမ ပစ္စဝေက္ခနာဝါရဝိထိ၏အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုသည်။ ဟူလို၏။ ။အဘိဓမ္မတ္ထသင်္ဂဟာအဋ္ဌကထာ၌ကား။ ကုံပြီးကိလေသာကျန်ကိလေသာတို့ကိုအချို့ပုဂ္ဂိုလ်သာဆင်ခြင်၍အချို့မဆင်ခြင်ကြောင်းကို။ ။မဂ္ဂံဖလဉ္စနိဗ္ဗာနံ။ ပစ္စဝေက္ခတိပဏ္ဍိတော။ ဟီနေကိလေသေ သေသေစ။ပစ္စဝေက္ခတိဝါနဝါ။ ။ဟုပြဆိုတော်မူ၏။ ဤအဋ္ဌကထာအလိုသော်ပရိနိဗ္ဗာနာသန္နအခါ၌သာအချို့ပုဂ္ဂိုလ်အား ပစ္စဝေက္ခနာဝါရတို့အပြည့်အစုံ။အချို့အားမပြည့် မစုံဖြစ်သည်မဟုတ်သေး။ ပကတိပဝတ္တိအခါ၌သော်လည်းအချို့အား အပြည့်အစုံ။အချို့အား မပြည့်မစုံပင် ဖြစ်သည်။ ပယ်ပြီးကိလေသာ ကျန်ကိလေသာတို့ကို အချို့ပုဂ္ဂိုလ်ဆင်ခြင်၏။အချို့ပုဂ္ဂိုလ်မဆင်ခြင်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုကားပုဂ္ဂိုလ် အားလုံးပင်ဆင်ခြင်မြဲသာ။ ဟူလို၏။ ။ပဏ္ဍိတော။ အရိယမဂ်ပညာဖြင့် ပညာရှိသောပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ။ကိုငှင်း။ ဖလဉ္စ။ကိုငှင်း။နိဗ္ဗာနဉ္စ။ ကိုငှင်း။ ပစ္စဝေက္ခတိ။အမြဲပင်ဆင်ခြင်၏။ဟီနေ။ ပယ်အပ်ကုန်ပြီးသော။ ကိလေသေစ။တို့ကိုငှင်း။သေသေ။ကြွင်းကျန်ကုန်သော။ကိလေသေစ။ တို့ကိုငှင်း။ပစ္စဝေက္ခတိဝါ။ ဆင်ခြင်သည်သော်လည်းရှိ၏။ နဝါပစ္စဝေက္ခတိ။ မဆင်ခြင်သည်သော်လည်းရှိ၏။ ။အသေက္ခပုဂ္ဂိုလ်အား ကြွင်းကျန်သောကိလေသာဟူ၍မရှိပြီ။ သေက္ခပုဂ္ဂိုလ်တို့အားသာရှိကောင်းသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီး ကိလေသာတို့ကို၊ ပစ္စဝေက္ခတိဟူသောကြိယာ၏ကံခံခိုက်။ပဏ္ဍိတောဟူသော ကတ္တားအရကို သေက္ခအသေက္ခနှစ်ပါးလုံးကိုယူ၍ ကြွင်းကျန်သောကိလေသာကို ကံခံခိုက်သေက္ခပုဂ္ဂိုလ်ကိုသာယူသင့်သောကြောင့်။ ။ဇာမေနာမကိလေသာ အဝသိဋ္ဌာတိ အဝသိဋ္ဌကိလေသေ ပစ္စဝေက္ခတိဝါနဝါ။ ကောစိသေခါပစ္စဝေက္ခတိ ကောစိနပစ္စဝေက္ခတိ။ ။ဟူ၍ဋီကာကျော်ဝယ်ကြွင်းကျန်သောကိလေသာကိုဆင်ခြင်သောအရာ၌ သေက္ခပုဂ္ဂိုလ်ကိုသာ ကောက်ယူတော်မူ

သည်။ ။မေ။ငှါ။အား။ဏ္ဏမေနာမကိလေသာ။ ဤမည်သောကိလေသာတို့သည်။အဝသိဋ္ဌာ။ ကြွင်းကျန်ကုန်ချေသေး၏။ ဏ္ဏတိ။သို့။ အဝသိဋ္ဌကိလေသေ။တို့ကို။ပစ္စဝေက္ခတိဝါ။ရှိ၏။ နဝါပစ္စဝေက္ခတိ။၏။ကောစိ။အချို့သော။သေခေါ။ သေခပုဂ္ဂိုလ်သည်။ ပစ္စဝေက္ခတိ။ဆင်ခြင်၏။ကောစိ။အချို့သော။သေခေါ။သည်။နပစ္စဝေက္ခတိ။မဆင်ခြင်။ ။ပကာတိပဝတ္တိအခါ၌ပင်။ပစ္စဝေက္ခနာတို့အချို့ပုဂ္ဂိုလ်အါး အပြည့်အစုံ အချို့အားမပြည့်စုံဖြစ်ကြောင်းကိုသိသါထင်ရှားအောင်မူလပဏ္ဏာသမဟာနါမသုတ်ပါဠိအဋ္ဌကထာဋီကာတို့ကိုထုတ်ဆောင်ပြဆိုဦးအံ့။ ။ဒီဃရတ္တာဟံဘန္တေဘဂဝတော ဧဝံဓမ္မံဒေသိတံအာဇာနာမိ။ လောဘောစိတ္တဿ ဥပက္ကိလေသော ဒေါသောစိတ္တဿ ဥပက္ကိလေသောမောဟော စိတ္တဿ ဥပက္ကိလေသောတိ။ ဧဝံပါဟံဘန္တေဘဂဝတောဓမ္မံဒေသိတံအာဇာနာမိ လောဘောစိတ္တဿဥပက္ကိလေသော ဒေါသောစိတ္တဿဥပက္ကိလေသော မောဟောစိတ္တဿ ဥပက္ကိလေသောတိ၊ အထစပနမေဧကဒါလောဘဓမ္မာပိစိတ္တံပရိယာဒါယတိဋ္ဌန္တိ။ ဒေါသဓမ္မာပိစိတ္တံပရိယာဒါယတိ ဋ္ဌန္တိ မောဟဓမ္မာပိစိတ္တံပရိယာဒါယတိဋ္ဌန္တိ။ တဿမယှံဘန္တေဧဝံဟောတိ ကောသုနာမမေဓမ္မော အဇ္ဈတ္တံအပဟီနော ယေနမေဧကဒါလောဘဓမ္မာပိ စိတ္တံပရိယာဒါယတိဋ္ဌန္တိ။ ဒေါသဓမ္မာပိစိတ္တံပရိယာဒါယတိဋ္ဌန္တိ။ မောဟဓမ္မာပိစိတ္တံ ပရိယာ ဒါယတိဋ္ဌန္တိ။ သောဧဝခေါတေမဟာနာမ ဓမ္မော အဇ္ဈတ္တံအပဟီနော။ ယေနတေဧကဒါလောဘဓမ္မာပိစိတ္တံပရိယာဒါယတိဋ္ဌန္တိ ဒေါသဓမ္မာပိစိတ္တံ ပရိယာဒါယတိဋ္ဌန္တိ။ မောဟဓမ္မာပိစိတ္တံပရိယာဒါယ တိဋ္ဌန္တိ။ သောစတေ မဟာနာမ ဓမ္မောအဇ္ဈတ္တံ ပဟီနောအဿဝိဿ။နတွံအဂါရံအဇ္ဈာဝသေယျ။နကာမေပရိဘုဉ္ဇေယျာတိ။ ။မူလပဏ္ဏာသ မဟာနာမသုတ် ပါဠိတော်။ ရူဋ္ဌဒုက္ခက္ခန္ဓသုတ်လည်း မည်၏။ ။ဘန္တေ။အရှင်ဘုရား။လောဘော။ သည်။စိတ္တဿ၊ စိတ်၏။ဥပက္ကိလေသော။ညစ်ညူးကြောင်းတည်း။ ဒေါသော၊သည်။စိတ္တဿ။၏။ ဥပက္ကိလေသော။ တည်း။ မောဟော။သည်။ စိတ္တဿ။ ၏။ ဥပက္ကိလေသော။တည်း။ဏ္ဏတိ။သို့။အဟံ။အကျွန်ုပ်သည်။ဒေသိတံ။ဟောတော်မူအပ်သော။ဓမ္မံ။ကို။ဒီဃရတ္တံ။သကဒါဂါမိမဂ်ကိုရပြီးနောက်နေ့ညဉ့်ရှည်စွါကာလပတ်လုံး။အာဇာနာမိ၊သိပါ၏။ဘန္တေ။ရား။ လောဘော။ သည်။စိတ္တဿ။၏။ ဥပက္ကိလေသော။တည်း။ဒေါသော။သည်။ စိတ္တဿ။၏။ ဥပက္ကိလေ

သော။တည်း။မောဟော။သည်။ စိတ္တာသ။၏။ဥပက္ကိလေသော။ တည်း။ ဣတိ။သို့။ ဘဂဝတော။၏။ ဒေသိတံ။သော။ဓမ္မံ။ကို။ဝေံပိ။ ဤသို့ဟော တော်မူသည်အတိုင်းလည်း။အဟံ။သည်။အာဇာနာမိ။၏။ အထစပန။ထို သို့ဟောတော်မူတိုင်းသိပါလျက်။မေ။အကျွန်ုပ်အါး။ဧကဒါ။တခါတခါ။ လောဘဓမ္မာပိ။ လောဘတရားတို့သည်လည်း။စိတ္တံ။ ကုသိုလ်စိတ်ကို။ ပရိယာဒါယ။ ကုံခန်းစေလျက်။တိဋ္ဌန္တိ။ တည်ကုန်၏။ ဒေါသဓမ္မာပိ။တို့ သည်လည်း။ စိတ္တံ။ကို။ပရိယာဒါယ။၍။တိဋ္ဌန္တိ။ကုန်၏။ မောဟဓမ္မာပိ။ လည်း။စိတ္တံ။ကို။ ပရိယာဒါယ။၍။ တိဋ္ဌန္တိ။ကုန်၏။ ဘန္တေ။ရှေး။ တသဿ မယှံ။ ထိုအကျွန်ုပ်အား။ဃေန။ အကြင်အကြောင်းကြောင့်။ မေ။ငအား။ ဧကဒါ။တခါတခါ။လောဘဓမ္မာပိ။လည်း။စိတ္တံ။ကို။ ပရိယာဒါယ။၍။တိ ဋ္ဌန္တိ။ကုန်၏။ဒေါသဓမ္မာပိ။လည်း။စိတ္တံ။ကို။ပရိယာဒါယ။၍။တိဋ္ဌန္တိ။ကုန် ၏။ မောဟဓမ္မာပိ။လည်း။ စိတ္တံ။ကို။ ပရိယာဒါယ။၍။ တိဋ္ဌန္တိ။ ကုန်၏။ တေန။ ထိုသို့လောဘဒေါသမောဟတရားတို့တပည့်တော်၏ကုသိုလ် စိတ်ကို နှိပ်စက်ကုံခန်းစေ၍ တည်ခြင်းကြောင့်။ မေ။ငါ၏။ ဝါ။သည်။ အဇ္ဈတ္တံ။အဇ္ဈတ္တသန္တာန်၌။အပဟီနော။ မပယ်အပ်သေးသော။ ကောသု နာမဓမ္မော။အဘယ်မည်သောတရားသည်။အတ္ထိ။ ရှိသေးလေသနည်း။ ဝေံ။ဤသို့သောအောက်မေ့ကြံစည်ခြင်းသည်။ဟောတိ။၏။ ဣတိ။သို့။မ ဟာနာမော။မဟာနာမမင်းသည်။ ဘဂဝန္တံ။မြတ်စွာဘုရားကို။ပုစ္ဆတိ။ မေးလျှောက်၏။မဟာနာမ။ မဟာနာမ်။ယေန။ကြောင့်။တေ။ သင်အား။ ဧကဒါ။တခါတခါ။ တရံတရံ၌။လောဘဓမ္မာပိ။လည်း။ စိတ္တံ။ကို။ပရိယာ ဒါယ။၍။တိဋ္ဌန္တိ။ကုန်၏။ဒေါသဓမ္မာပိ။လည်း။ စိတ္တံ။ကို။ပရိယာဒါယ။၍။ တိဋ္ဌန္တိ။ကုန်၏။မောဟဓမ္မာပိ။လည်း။စိတ္တံ။ကို။ ပရိယာဒါယ။၍။တိဋ္ဌန္တိ။ ကုန်၏။တေန။ကြောင့်။ တေ။သင်သည်။ဝါ။၏။အဇ္ဈတ္တံ။၌။ အပဟီနော။ မပယ်အပ်မပယ်နိုင်သေးသော။ ဓမ္မော။ လောဘဒေါသမောဟတရား သည်။သောဝေခေါ။ထိုအနာဂါမိမဂ်သည်။ဝါ။ အထက်မဂ်နှစ်ပါးသည် ပယ်အပ် ပယ်ထိုက်သော လောဘ ဒေါသမောဟ တရားသာတည်း။ မဟာနာမ။မဟာနာမ်။ တေ။သင်သည်။ဝါ။အား။ဝါ။၏။ သောစဓမ္မော။ ထိုအနာဂါမိမဂ် အရဟတ္တမဂ်တို့သာ ပယ်အပ်ပယ်နိုင်သော လောဘ ဒေါသမောဟတရားသည်လည်း။ ဝါ။ကိုလည်း။ အဇ္ဈတ္တံ။၌။ ပဟီနော။ ပယ်အပ်ပြီးသည်။အဘဝိဿ။အကယ်၍ဖြစ်သည်ဖြစ်အံ့။တွံ။ သင်သည်။

အဂါရံ။အိမ်ကို။ဝါ။အိမ်၏အစီးအပွါးကို။ နအဇ္ဈာဝသေယျ။ စိုးအုပ်၍မ
နေရာ။ကာမေ။ ကာမဂုဏ်တို့ကို။ နပရိဘုဉ္ဇေယျ။ မသုံးဆောင်မခံစား
ရာ။ဣတိ။သို့၊ဘဂဝါ။သည်။အာဟ။၏။ ။ဒိဿရတ္တန္တိမယှ သကဒါဂါ
မိဖလပတ္တိတောပဋ္ဌာယစိရရတ္တံပဗ္ဗာနာမိတိဒဿေတိ။ လောဘဓမ္မာ
တိလောဘ သဠိတာ ဓမ္မာ။ နာနာပ္ပကာရကံ လောဘံ ယေဝ သန္ဓာ
ယဝဒတိ။ ဣတရေသုပိဋ္ဌိသုဗေသဝနယော။ ပရိယာဒါယတိဋ္ဌန္တီတိ ခေ
ပေတွာတိဋ္ဌန္တိ။ ဣဒံဟိပရိယာဒါနံနာမ။ သဗ္ဗ ဟတ္ထိကာ ယံပရိယာဒိယိ
တွာသဗ္ဗ အဿကာယံသဗ္ဗံ ရထကာယံသဗ္ဗံ ပတ္တိကကာယံ ပရိယာ
ဒိယိတွာဇိဝဂ္ဂံ ယေဝနံအဂ္ဂဟေသီတိ ဧဝ္ဝဂဟဏေအာဂတံ။ အနိစ္စသ
ညာဘိက္ခဝေဘာဝိတာဗဟုလိကတာသဗ္ဗ ကါမရာဂံပရိယါဒိယတီတိ
ဧတ္ထခေပနေ။ ဣဓါပိခေပနေအဓိပ္ပေတော။ တေနဝုတ္တံပရိယာဒိယိတွာ
တိခေပေတွာတိ။ယေနမေ ဧကေဒါလောဘဓမ္မာပိတိယေနမယှ ဧကေ
ကသ္မိ ကာလေ။လောဘဓမ္မာပိစိတ္တံပရိယာဒါယတိဋ္ဌန္တိတိပုစ္ဆတိ။အယံ
ကိရစာသကဒါဂါမိ မဂ္ဂေန လောဘဒေါသမောဟာ နိရဝသေသာ
ပဟီယန္တီတိသညီအဟောသိ။ အထပိအပဟီနံ မေအတ္ထိတိဇာနာတိ အပ
ဟီနကံ ဥပါဒါယပဟီနကံပနပုစ္ဆိတုံ ဝဋ္ဋတိတိသညီဟောတိ။ အရိယ
သာဝကဿဝေံသန္ဒေဟောဥပ္ပဇ္ဇတိတိ။အာမဥပ္ပဇ္ဇတိ။ကသ္မာ။ ပဏ္ဏတ္တိ
ယာအကောဝိဒတ္တာ။ အယံကိလေသော အသုကမဂ္ဂေနဝဇ္ဈာတိ ဣမိ
ဿာပဉ္ဉတ္တိယာအကောဝိဒဿဟိ အရိယသာဝကဿပိဧဝံဟောတိ
တိ။ ကိ တဿပစ္စဝေက္ခနာနတ္ထိတိ။အတ္ထိ။ သာပနနသဗ္ဗေသံပရိပုဏ္ဏာ
ဟောတိ။ဧကောဟိပဟီနကိလေသမေဝပစ္စဝေက္ခတိ။ ဧကောအဝသိဋ္ဌ
ကိလေသမေဝ။ဧကောမဂ္ဂမေဝ။ဧကောဖလမေဝ။ ဧကောနိဗ္ဗာနမေဝ။
ဣမာသုပန ပဉ္စသုပစ္စဝေက္ခနာသု ဧကံဝါ ဒွေဝါ နောလဒ္ဓုံ နဝဋ္ဋတိ ဣတိ
ယဿပစ္စဝေက္ခနာန ပရိပုဏ္ဏာ။ တဿမဂ္ဂဝဇ္ဈကိလေသ ပဏ္ဏတ္တိယာ
အကောဝိဒတ္တာဧဝံဟောတိ။သောဝေခေါတေတိသော ယေဝလော ဘော
ဒေါသောမောဟောစ တဝသန္တာနေအပဟီနော။ တွံပနပဟီနသညီ အ
ဟောသိတိဒဿေတိ။ ။ငင်းသုတ်အဋ္ဌကထာ။ ။ဒိဿရတ္တန္တိ။ ဟူ
သည်ကား။မယှ ။အကျွန်ုပ်၏။သကဒါဂါမိဖလပတ္တိတော။ သကဒါဂါမိ
ဖိုလ်သို့ရောက်ပြီးသည်မှ။ပဋ္ဌာယ။စ၍။စိရရတ္တံ။ရှည်ကြာစွာသောနေ့ညဉ့်
ကာလပတ်လုံး။ပဇာနာမိ။၏။ဣတိ။သို့။ဒဿေတိ။၏။ ။ယင်းဖြင့် ဒိဿ

ရဏ္ဍံဟုသာမညဆိုသော်လည်းသက္ကဒါဂါမ်ဖြစ်ပြီးသည်မှ နောက်အဖို့ကာလကိုသာယူဟုပြသည်။ ။လောဘာဓမ္မာတိ။ကား။ လောဘာသဉ်္ဂါတာ။လောဘဟုဆိုအပ်ကုန်သော။ဓမ္မာ။ တရားတို့သည်။ ။ယင်းဖြင့်။ ဗဟုမှိဝတ္တဗ္ဗေဗဟုဝစနံ။ ဟူ၍အနက်အများကို ဟောဆိုအပ် ဟောဆိုထိုက်ဟောဆိုလိုသော်ဗဟုဝုစ်ဝိဘတ်ဖြင့် ဆိုရကြောင်းကိုပြဆိုသည်နှင့်အညီ ဤ၌ဗဟုဝုစ်ဝိဘတ်ဖြင့်ဆိုသောကြောင့် ဤလောဘာ ဓမ္မာဟူသောပုဒ်၏အနက်အရဖြစ်သော တရားသည် အများဖြစ်ရာ၏။ ယင်းသို့များခဲ့ကလည်းလောဘဟူသည် တပါးတည်းသာ ရှိရကား ဒုင်းပုဒ်အရကိုလောဘကိုမယူတန်ရာ။ လောဘနှင့်သမ္ပယုတ်ဖြစ်သောတရားတို့ကိုယူသည်ဖြစ်ရာ၏။ ယင်းသို့ယူကလည်း။ လောဘာဓမ္မာဟူသော ပုဒ်ကို။ လောဘေနသမ္ပယုတ္တာဓမ္မာလောဘာဓမ္မာဟူ၍ မဇ္ဈေလောပီတတိယာတပ္ပုရိသ်သမာသ်ပြုသင့်ရာ၏ဟုမှတ်ထင်ဘွယ်ရှိရာသော်ကြောင့် ဖယင်း ကိုပယ်မြစ်၍ ကမ္မဓာရယ် သမာသ် ပြုအပ်သည်၏ အဖြစ်ကိုပြသည်။ ။သဉ်္ဂါတသဒ္ဒါစသည် ထည့်လောင်း၍ပြသော်။ ကမ္မဓာရယ်သမာသ်ပြု။ ။ဟုတ္တွာသဉ်္ဂါတ။ ဘူတတထေ္တ။ ဝေဏ္ဍတိ။ သဒ္ဒါရှိက။ မှတ်သိကမ္မဓါရယာ။ ။နိယာမ်။ ။နာနာပ္ပကာရကံ။ထိုထိုအခိုက်အတန့်အထူးအားဖြင့် ဖြစ်သော အခြင်းအရာအပြားရှိသော။ဝါ။ ရှိသောကြောင့်။ ။ဟေတုမန္တပိသေသန။ ။လောဘံယေဝ။ လောဘကိုပင်လျှင်။သန္ဓာယ။ရည်၍။ ဝဒတိ။ လောဘာဓမ္မာဟုဗဟုဝုစ်ဝိဘတ်ဖြင့်မဟာနာမမင်းရွတ်ဆို၏။ ဉာတရေသု။ ဤလောဘာဓမ္မာ ဟူသောပုဒ်မှ တပါးကုန်သော။ဣိသုပိ။ ဒေါသဓမ္မာ မောဟာဓမ္မာဟူသော နှစ်ပုဒ်တို့၌လည်း။ ဧသေဝနယော။ ဤလောဘာဓမ္မာ၌ ဆိုအပ်ပြီးသော နည်းသာလျှင် နည်းရှိ၏။ ။ဤသို့တုလျာဓိကရဏကမ္မဓာရယ်ပင်ပြုအပ်စေကာမူ လောဘာဓမ္မာဟုဗဟုဝစနန္တဖြင့်ဆိုသောကြောင့် ယင်းဖြင့်လောဘတပါးတည်းကိုရည်၍ မဆိုတန်ရာ။ဥပလက္ခနနည်း နိဒ္ဒသန နည်းအားဖြင့် အကုသလမူလ ၃ ပါးလုံးကို ရည်၍ ဆိုလေ သလော။ ဟူဖွယ်ရှိ၍။ ။လောဘံယေဝသန္ဓာယဝဒတိ။ ။ကိုဆိုတော်မူသည်။လောဘတပါးတည်းကိုပင်ရည်၍ဆိုသည်။ ဟူလို။ ။ယင်းသို့ လောဘကိုသာ ရည်၍ဆိုသော်လောဘဟူသည် တခုတည်းသာရှိသောကြောင့်။ ဧကမှိဝတ္တဗ္ဗေ ဧကဝစနံ။ဟူသည်နှင့်အညီ လောဘာဓမ္မာပိဟု ဧကဝုစ်ဝိဘတ်ဖြင့် မဟာ၊

နာဝ် မင်း ဆိုရာ ပါသည်။ ယင်းသို့ လျက် အဘယ် ကြောင့် ဗဟု ဝုစ်ဖြင့်ဆိုလေသနည်း။ဟူဘွယ်ရှိ၍။ နာနာပ္ပကာရကံ ဟူသောဟေတုမန္တဝိသေသနကို အဋ္ဌကထာ ဆရာဆိုလေသည်။ ။နာနာပ္ပကာရကန္တိ လောဘဓမ္မာတိဗဟုဝစနဿနိမိတ္တံဝဒတိ။လောဘောဟိတေနတေနအဝတ္ထာဝိသေသေနပဝတ္တိ အာကာရဘေဒေန ဆန္ဒောရာဂေါတဏှာအာသတ္တိ အပေက္ခာတိ အာဒိနာအနေကပ္ပဘေဒေါ။ လုဗ္ဘနလက္ခဏေနပန လောဘောတွေဝဝုစ္စတိ။တေနာဟနာနာပ္ပကာရကံ လောဘံယေဝါတိ။ တထာဒေါသောပဋိဃံကောဓော ဥပနာဟောဝိရောဓောတိ အာဒိနာမုယှနံအသမပေက္ခနံ အပစ္စဝေက္ခနာဒုမ္မဇ္ဈံ ဗာလျန္တိအာဒိနာစဒေါသမောဟာနံနာနာပ္ပကာရ တံသန္ဓာယာဟ။ ဣတ ရေသုပိဒွီသု ဧသေဝနယောတိ။ ။၎င်းသုတ်ဋီကာ။ ။နာနာပ္ပကာရကန္တိဣမိနာ။ ဟူသောဤပုဒ်ဖြင့်။လောဘဓမ္မာတိဗဟုဝစနဿ။ လောဘဓမ္မာဟု ဗဟုဝုစ်ဖြင့်ဆိုခြင်း၏။နိမိတ္တံ။အကြောင်းကို။ဝဒတိ။အဋ္ဌကထာဆရာဆို၏။ ။လောဘောဟိစသည်ဖြင့်လောဘ၏ နာနာပ္ပကာရအားဖြင့်ဖြစ်ပုံကိုပြသည်။ ။ဟိ။ထိုလောဘ၏နာနာပ္ပကာရဖြစ်ဟန်ကိုပြအံ့။ လောဘော။သည်။တေနတေနအဝတ္ထာဝိသေသေန။ ထိုထိုအခိုက်အတန့် အထူးဖြင့်။ ပဝတ္တိအာကာရဘေဒေန။ ဖြစ်သောအခြင်းအရာ အပြားအားဖြင့်။ ဆန္ဒော။လိုခြင်းတတ်သောလောဘ။ ရာဂေါ။ တပ်နှစ်သက်တတ် သောလောဘ။ တဏှာ။တောင့်တတတ်သောလောဘ။အာသတ္တိ။ကပ်ငြိတတ်သောလောဘ။အပေက္ခာ။ ငဲ့ကွက်တတ်သော လောဘ။ဣတိအာဒိနာ။ ဤသို့အစရှိသည်ဖြင့်။ အနေကပဘေဒေါ။ များသောအပြားရှိ၏။ပန။ ထိုသို့ပင်အာကာရအားဖြင့် ပြားသော်လည်း။ လုဗ္ဘနလက္ခဏေန။ လုဗ္ဘနလက္ခဏာအားဖြင့်။လောဘောတွေဝ။ လောဘဟူ၍သာလျှင်။ဝုစ္စတိ။၏။တေန။ထိုကြောင့်။နာနာပ္ပကာရကံ လောဘံယေဝါတိ။ ဟူ၍။ဝါ။ဟူသောစကားကို။အာဟ။ အဋ္ဌကထာဆရာဆိုတော်မူ၏။ ။တထာ။ ထိုအတူ။ ဒေါသော။ဖြစ်မှားတတ် ဖျက်ဆီးတတ်သောတရား။ ပဋိဃံ။ထိပါးနှိပ်စက်တတ်သောတရား။ကောဓော။ အမျက်ထွက်တတ်သောတရား။ ဥပနာဟော။ ရန်ငြိုးဖွဲ့ထား တတ်သောတရား။ ဝိရောဓော။ ဆန့်ကျင် တတ်သောတရား။ဣတိအာဒိနာစ။ ဤသို့အစရှိသည်ဖြင့်၎င်း။မုယှနံ။ တွေဝေခြင်း။အသမပေက္ခနာ။ မညီမညွတ်ရှုခြင်း။ အပစ္စဝေက္ခနာ။ မဆင်ခြင်ခြင်

ခြင်း။ဒုမ္မေဓ္ဓံ။ပညာမဲ့သောသူ၏ အဖြစ်။ဗာလျံ။မိုက်သောသူ၏ အဖြစ်။ဣ
တိအာဒိနာစ။ဖြင့်၎င်း။ ဧဝံသမောဟာနံ။တို့၏။ နာနာပ္ပကာရတံ။အထူး
ထူးသောအပြားအားဖြင့်ဖြစ်သည့်၏အဖြစ်ကို။သန္ဓာယ။၍။ဣတရေသုပိ
ဒွိသုဧသေဝနယောတိ။ ဟူသောစကားကို။အာဟ။အမှ ကထာဆရာဆို
၏။ ။ပရိယာဒါယတိဋ္ဌန္တီတိ။ဟူသည့်ကား။ ခေပေတွာ။ကုံခန်းစေ၍။
တိဋ္ဌန္တိ။တည်ကုန်၏။ဟိ။ ပရိယာဒါနသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုပြဦးအံ့။ဣဓပ
ရိယာဒါနံနာမ။ ဤပရိယာဒါနမည်သည်။သဗ္ဗံ။ အလုံးစုံသော။ဟတ္ထိကာ
ယံ။ဆင်စစ်သည်အပေါင်းကို။ပရိယာဒိယိတွာ။သိမ်းယူ၍။သဗ္ဗံ။ သော။
အဿကါယံ။မြင်းစစ်သည်အပေါင်းကို။ပရိယာဒိယိတွာ။၍။သဗ္ဗံ။သော။
ရထကာယံ။ ရထားစစ်သည်အပေါင်းကို။ ပရိယာဒိယိတွာ။ ၍။သဗ္ဗံ။
သော။ပတ္တိကကာယံ။ခြေသည်စစ်သည်အပေါင်းကို။ ပရိယာဒိယိတွာ။
၍။ဇီဝန္တံ့ယေဝ။ အသက်ရှင်စဉ်ပင်လျှင်။နံ။ထိုမင်းကို။ အဂ္ဂဟေသိ။လက်
ရဘမ်းယူ၏။ဣတိဧတ္ထ။ဤပါဠိဥဒါဟရဏ်၌။ ဂဟဏေ။ယူခြင်းအနက်၌။
အာဂတံ။လာ၏။ အနိစ္စသညာဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာသဗ္ဗံ
ကာမရာဂံပရိယာဒိ ယတီတိဧတ္ထ။အနိစ္စ။လ။ ယတီဟူသောဤပါဠိ၌။ခေ
ပနေ။ကုံခန်းစေခြင်းအနက်၌။ အာဂတံ။၏။ဘိက္ခဝေ။တို့။ ဘာဝိတာ။ပွါး
စေအပ်သော။ ဗဟုလီကတာ။ ကြိမ်ဖန် များစွာ လေ့လာ ပြုလုပ်အား
ထုတ်အပ်သော။အနိစ္စသညာ။အနိစ္စဟုရှုမြင်မှတ်ထင်သောပညာသည်။
သဗ္ဗံ။သော။ ကာမရာဂံ။ကာမဂုဏ်၌ တပ်မက်တတ်သောရာဂကို။ပရိ
ယာဒိယတိ။ကုံခန်းစေ၏။ဣဓာပိ။ဤပရိယာဒိယိတွာတိဋ္ဌန္တိ၌လည်း။ခေ
ပနေ။၌။အဓိပ္ပေတော။လိုအပ်၏။တေန။ထိုသို့ဤပရိယာဒိယိတွာ၌ ခေပန
အနက်ကိုအလိုရှိအပ် သောကြောင့်။ ပရိယာဒိယိတွာတိ ခေပေတွာတိ။
တွာဟူ၍။ ဝုတ္တံ။ ငါဖွင့်ဆိုအပ်၏။ ယေနမေဧကေဒါ လောဘာ ဓမ္မာပိတိ။
ဟာရအားဖြင့်။သဉပါဒိသေသနိဗ္ဗာနဓါတုစ။ဝ၊င်း။ အနုပါဒိသေသနိဗ္ဗာ
နဓါတုစ။ဝ၊င်း။ဣတိ။သို့။ဒုဝိဓံ။သည်။ဟောတိ။၏။ ။ကိလေသပရိနိဗ္ဗာ
နဟေတုတောသဟဉပါဒိ သခ်ါတေန သေသေနခန္ဓေနာတိ သဉပါဒိ
သေသာ။နိဗ္ဗာနဓါတု။ ခန္ဓပရိနိဗ္ဗာန ဟေတုတာယ ခန္ဓသခ်ါတဉပါဒိ
သေသေနဝိရဟိတတ္တာအနုပါဒိသေသာတိပိ ဇေံကာရဏဝေါဟာရေ
န။ ။ဟူသောသဂြိုဟ်ဋီကာဟောင်းနှင့်အညီပြန်ဆိုလိုက်သည်။ ။
ကိလေသပရိနိဗ္ဗာနဟေတုတော။ သဉပါဒိသေသဖြစ်သောကိလေသ
ပရိနိဗ္ဗာန်၏အကြောင်းဖြစ်ခြင်းကြောင့်။ ဝါ။ အကြောင်းဖြစ်သည်၏အ
ဖြစ်ကြောင့်။ယာနိဗ္ဗာနဓါတု။ အကြင်ပရမတ္ထအသိတဖြစ်သောနိဗ္ဗာန
ဓါတ်သည်။ ဉပါဒိသခ်ါတေန။ ဉပါဒိဟုဆိုအပ်သော။ သေသေန။ကုံ
ချုပ်ပြီးကိလေသာတို့မှမချုပ်မကုံသေးမူ၍ကြွင်းကျန်ရစ်သော။ ခန္ဓေန။
ဝိပါကနာမက္ခန္ဓါကမ္မဇရုပ်ဟူသောါခန္ဓါနှင့်။သဟ။တကွ။ဝတ္တတိ။ဖြစ်၏။
ဣတိတသ္မာ။ကြောင့်။သာနိဗ္ဗာနဓါတု။ သည်။သဉပါဒိသေသာ။သဉပါဒိ
သေသမည်၏။ နိဗ္ဗာနဓါတုပရမတ္ထအသိတဖြစ်သောနိဗ္ဗာနဓါတ်ကိုရ
၏။ခန္ဓပရိနိဗ္ဗာနဟေတုတာယ။အနုပါဒိသေသ မည်သောခန္ဓပရိနိဗ္ဗာန်
၏ အကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ခန္ဓသခ်ါတဉပါဒိသေသေန။ဝိ
ပါကနာမက္ခန္ဓာကမ္မဇရုပ်ဟုဆိုအပ်သောါသေသဉပါဒိမှ။ဝိရဟိတတ္တာ။
ကင်းသည်၏အဖြစ်ကြောင့်။အနုပါဒိသေသာပိ။ အနုပါဒိသေသလည်းမည်၏

၏။နိဗ္ဗာနဓါတု။ကိုပင်ရ၏။ဝေါ်ကါရဏဝေါဟာရေန။ဤသို့ပရိနိဗ္ဗာန်နှစ်ပါး၏အကြောင်းဖြစ်သည်ကိုစွဲ၍ရအပ်သောအမည်ဝေါဟာရအားဖြင့်။ ။ အရဟတ္တမဂ်သည်အသင်္ခတဓါတ် ပရမတ္ထနိဗ္ဗာန်ကို အာရုံပြု၍သာကိလေသာတို့ကိုအကြွင်းမဲ့ပယ်ဖျက်ချုပ်ငြိမ်းစေနိုင်ရကား ထိုအရဟတ္တမဂ်၏အာရုံဖြစ်သော နိဗ္ဗာန်သည်ကိလေသဝဋ် ပြတ်ခြင်းဟူသောသဉပါဒိသေသမည်သောကိလေသပရိနိဗ္ဗာန်၏ဥပနိဿယအကြောင်းဖြစ်သည်။ ကိလေသဝဋ်ပြတ်သဖြင့် ကမ္မဝဋ်ပြတ်သည်။ ကမ္မဝဋ်ပြတ်သဖြင့်လည်းဝိပါကဝဋ်ပြတ်ခြင်းဟူသော အနုပါဒိသေသမည်သောခန္ဓပရိနိဗ္ဗာန်ဖြစ်သည်ဖြစ်၍အနုပါဒိသေသမည်သော ခန္ဓပရိနိဗ္ဗာန်၏လည်းအကြောင်းဖြစ်သည်ကိုစွဲ၍ အသင်္ခတဓါတ်ပရမတ္ထနိဗ္ဗာန်ကိုပင်သဉပါဒိသေသ အနုပါဒိသေသဟုခေါ်ဝေါ်အပ်ရကား ပရိနိဗ္ဗာန်နှစ်ပါး၏ အကြောင်းဖြစ်သည်ကိုစွဲ၍ရအပ်သော အမည်ဝေါဟာရအားဖြင့် နှစ်ပါးပြားသည်။ဟူလို။ ။ကာရဏပရိယာယေနာတိသဉပါဒိသေသာဒိဝသေနပညာပနေကာရဏဘူတဿဉပါဒိသေသ ဘာဝါဘာဝဿလေသေန။ ။ဟူသောအဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော်အလိုသော်။

ကာရဏပရိယာယေန။ သဉပါဒိသေသ အနုပါဒိသေသဟုပညတ်ခေါ်ဝေါ်ရခြင်း၌အကြောင်းဖြစ်သော ကိလေသာမှ ကြွင်းသော ဝိပါကက္ခန္ဓာကမ္မဇရုပ်ဟူသောဉပါဒိမည်သောခန္ဓာ၏ ရှိခြင်း မရှိခြင်း၏အမြွက်လေသအားဖြင့်။ဝါ။ ရှိခြင်းမရှိခြင်းကိုလေသ အမြွက်ပြုသောအားဖြင့်။ဟုပေး။ ။ကာရဏပရိယာယေနာတိ။နဟူသည်ကား။ သဉပါဒိသေသာဒိဝသေန။အသင်္ခတဓါတ်ပရမတ္ထနိဗ္ဗာန်ကိုပင်သဉပါဒိသေသဟူသောအမည်စသည်တို့၏အစွမ်းဖြင့်။ဝါ။သဉပါဒိသေသဟူသောအမည်၊အနုပါဒိသေသ ဟူသော အမည်တို့၏ အစွမ်းဖြင့်။ ပညာ ပနေ။ ပညတ်ခေါ်ဝေါ်ရခြင်း၌။ကါရဏဘူတဿ။ အကြောင်းဖြစ်၍ဖြစ်သော်။ ဥပါဒိသေသဘာဝါဘာဝဿ။အရဟတ္တမဂ်ပယ်ဖျက်အပ်သည်ဖြစ်၍အကြွင်းမဲ့ကုံပျက်ချုပ်ငြိမ်းပြီးသောကိလေသါမှမကုံပျက်မချုပ်ငြိမ်းသေးပဲကြွင်းကျန်ရစ်သောဝိပါကက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပါဒိရှိခြင်းမရှိခြင်း၏။လေသေန။အမြွက်အားဖြင့်။ ။အရဟတ္တမဂ်ခဏ၌ကိလေသါဟူသမျှအကြွင်းမဲ့ကုံပျက်ချုပ်ကင်း ပျက်စီးအေးငြိမ်းခြင်းသို့ ရောက်၍ အလျှင်းပင်မရှိပြီ။ ထိုကိလေသာတို့မှကြွင်းသောဝိပါကက္ခန္ဓာက

ဇရုပ်ဟူသောဥပါဒိခန္ဓာတို့သော်ကား စုတိစိတ်ဖြစ်သည့်တိုင်အောင်ရှိ
သေးဖြစ်သေး၍စုတိဘင်္ဂက္ခဏ၏အခြားမဲ့ကာလသို့ရောက်မှပဋိသန္ဓေ
ကိစ္စတတ်၍မဖြစ်နိုင်သောမဖြစ်ခြင်းဟူသောကုံပျက် ချုပ်ကင်းပြတ်စဲ
အေးငြိမ်းခြင်းသို့ရောက်သဖြင့်မရှိခြင်းသို့ရောက်သည်ဖြစ်၍မဂ်ဖိုလ်တို့
၏အာရုံဖြစ်သော အသင်္ခတဓါတ်ပရမတ္ထ နိဗ္ဗာန်ကိုပင်ထိုဥပါဒိခန္ဓာတို့
ရှိသောအခိုက်ကာလကို အကြောင်းပြု၍ သဥပါဒိသေသ။ ယင်းတို့မရှိ
သောကာလကို အကြောင်းပြု၍အနုပါဒိသေသဟု သရုတ်ပညတ်မှည့်
ခေါ်အပ်လေရကား ထိုကိလေသာမှကြွင်းသော ထိုဥပါဒိခန္ဓာတို့၏ ရှိ
ခြင်းမရှိခြင်းကို အမြွက် လေသထား၍။ သဘာဝ လက္ခဏာ အားဖြင့်
တပါးတည်းသာဖြစ်သော ထိုအသင်္ခတ ပရမတ္ထ နိဗ္ဗာန်သည်ပင်သ
ဥပါဒိ သေသ နိဗ္ဗာန် အနုပါဒိ သေသ နိဗ္ဗာန် ဟု နှစ်ပါး ပြားသည်။
ဟူလို။ ။ဤအဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ဋီကာတို့၌ပရမတ်အ
သင်္ခတနိဗ္ဗာန်ကို သဥပါဒိ သေသ နိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်ဟုပြ
ဆိုသည်။ ဣတိဝုတ်ပါဠိတော်ဝင်း အဋ္ဌကထာတို့၌ ပညတ် အသင်္ခတ
ဖြစ်သောနိဗ္ဗာန်ကိုသဥပါဒိသေသနိဗ္ဗာန်အနုပါဒိသေသနိဗ္ဗာန်ဟုဟော
ပြတော်မူသည်။ ဤသို့သောအထူးကိုမှတ်သား၍ယခင်အနေဇောသင်္ဂြိ
မ်ဝါရဏ္ဏ။ ဟူသောပရိနိဗ္ဗာနသုတ် ပါဠိတော်။ ဖြဟ္မသံယုတ် ပါဠိတော်
ထေရဂါထာပါဠိတော်တို့၌သင်္ခြိအရ။ ။သင်္ခြိမ်ဝါရဏ္ဏာတိ အနုပါဒိ
သေသနိဗ္ဗာနံအာရဏ္ဏပဋိစ္စသန္ဓာယ။ ။ဟူသော မဟာပရိနိဗ္ဗာနသုတ်
အဋ္ဌကထာ၌အနုပါဒိသေသနိဗ္ဗာနံအရကိုဣတိဝုတ်၌လာသော ကိလေ
သာမှကြွင်းသောဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသောဥပါဒိခန္ဓာတို့၏
ခိဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ပဋိသန္ဓေကိစ္စအားဖြင့်
မဖြစ်ခြင်းအေးငြိမ်းခြင်းဟူသော ပညတ်အသင်္ခတနိဗ္ဗာန်ကိုယူရမည်။
ဟုမှတ်လေ။ ။ရာဂစသည့်တို့၏မဖြစ်ခြင်းဟူသော ကုံခြင်းမရှိခြင်း
ဟူသောအဘာဝကိုနိရောဓသစ္စာဖြစ်သောနိဗ္ဗာန်ဟုယူ၍။ တိတ္ထိတို့ကြံ
ဆ၍ယူအပ်သောအတ္တမည်သည်ကိုရင်း။ ယုန်၏ဥချိုမည်သဉ်ကိုရင်းဤ
သည်ပင်တည်းဟု ပရမတ္ထအားဖြင့် ညွှန်ကြားပြဆိုရန် တစုံတရာမရ
ကောင်းသကဲ့သို့။ထိုရာဂက္ခယစသည်မည်သောနိဗ္ဗာန်ဟူသည်ကို ဤ
တရားပင်တည်းဟု ပရမတ္ထအားဖြင့်ညွှန်ကြားပြဆိုစရာ သရုပ်တပါး
သီးခြားမရအပ်မရကောင်းသောကြောင့်နိဗ္ဗာန်မည်သဉ် ပရမတ္ထအား

ဖြင့်သဘောတပါးသီးခြားမရှိကြောင်းကို။ ။နပရမတ္ထတော နိဗ္ဗာနံ နာမဧကောသဘာဝေါအတ္ထိ။တိတ္ထိယာနံအတ္တာဝိယသသဝိသာဏံ ဝိယ စာနုပလဗ္ဘနီယတော။ ။ဟုပြဆိုကြောင်းနှင့် အဘိဓမ္မာဝတာရအဋ္ဌကထာဝယ် ပြဆိုလာရှိသော ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်၏နှလုံးသွင်းအလိုအာဘော်ကို။နိဗ္ဗာန်ဟူသည်ရာဂစသည်တို့၏ မဖြစ်ခြင်းဟူသော ကုံငြိမ်းခြင်းမရှိခြင်းအဘာဝပညတ်မျှသာဖြစ်သည်။ ယင်းသည်ပညတ်မှတပါးပရမတ္ထအားဖြင့် သီးခြားတပါးမရှိဟုဆိုလိုသည်ဟုပြသော။ ၇။နပရမတ္ထတောအတ္ထိ။ အညတြပညတ္တိမတ္တတောတိ အဓိပ္ပါယော။ ။ဟူသောအဘိဓမ္မတ္ထဝိကာသနီမည်သောအဘိဓမ္မာဝတာရဋီကာ၌ ရာဂစသည်တို့၏မဖြစ်ခြင်းဟူသော မရှိကုံငြိမ်းခြင်းအဘာဝကိုပညတ်ဟုဆိုသည်ကိုထောက်၍၎င်း။ ။တံပနေတံပကတိဝါဒီနံပကတိဝိယတိတ္ထိယာနံအတ္တာဝိယသသဝိသာဏံ ဝိယစာဝိဇ္ဇမာနံအတ္ထပညတ္တိမတ္တံ နိဗ္ဗာနန္တိစေ။ ။ဟူ၍ဝိတဏ္ဍာဝါဒီတို့စောဒနာရာသည်ကိုပြသောအဘိဓမ္မာဝတာရအဋ္ဌကထာ၌ထိုအဘာဝကို အတ္ထပညတ်ဟုဆိုသည်ကို ထောက်၍၎င်း။ ။နသက္ကာပဗန္ဓသပညတ္တိသဘာဝသ အသင်္ခတသ ဌိတိ တတ္ထဝတ္တာတိဝိညာတုံ။ ။ဟူ၍အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ ပညတ်ကိုအသင်္ခတဟုဆိုသည်ကိုထောက်၍၎င်း။ ။ရာဂအစရှိသောကိလေသာတို့၏၎င်း။ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပါဒိသေသသန္ဓာငါးပါးတို့၏၎င်း တဖန်မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်းဟူသော မရှိခြင်းကုံငြိမ်းခြင်းအဘာဝဖြစ်သော ဇာတိဂုတ်ပါဌ်အဋ္ဌကထာတို့၌ လာသောသဉပါဒိသေသနိဗ္ဗာနဓါတ်အနုပါဒိသေသနိဗ္ဗာနဓါတ်ကိုပညတ်ဟူ၍၎င်း။ အတ္ထပညတ် ဟူ၍၎င်း။ အသင်္ခတဟူ၍၎င်း ဆိုသင့် မှတ်ယူသင့်သည်ကိုသိလေ။ ။တိတ္ထိယာနံ။သာသနာတော်မှအပ အညတိတ္ထိယတို့၏။အတ္တာ။ကြံဆ၍ယူအပ်သောအတ္တမည်သည်ကို။ ပရမတ္ထတော။ အားဖြင့်။ အနုပလဗ္ဘတိဝိယစ။ဤသည်ပင်တည်းဟူ၍ ညွှန်ကြားပြဆိုစရာသရုပ်သီးခြားတပါးမရအပ် မရကောင်းသကဲ့သို့၎င်း။ သသဝိသာဏံ။ယုန်၏ဦးချိုမည်သည်ကို။ပရမတ္ထတော။ဖြင့်။အနုပလဗ္ဘတိဝိယစ။သို့၎င်း။နိဗ္ဗာနသ။ရာဂက္ခယစသည်ဟူသောနိဗ္ဗာန်၏။ပရမတ္ထတော။ဖြင့်။ အနုပလဗ္ဘနီယတော။ ဤသည်ပင်တည်းဟူ၍ညွှန်ကြားပြဆိုစရာသရုပ်တပါးသီးခြားမရအပ်မရကောင်းသည်၏အဖြစ်ကြောင့်။ ပညတ္တိမတ္တ

တောပညတ္တိမတ္တံ။ရောဂစသည့်တို့၏မဖြစ်ခြင်းဟူသောမရှိကုံငြိမ်းခြင်း အဘာဝပညတ်မျှကို။အညတြ။ထား၍။ဝါ။ပညတ္တိမတ္တတော။မျှမှ။ အညတြအညော။ တပါးသော။ပရမတ္ထတော။အားဖြင့်။ဧကော။ တခုသော။ နိဗ္ဗာနံနာမ။နိဗ္ဗာန်မည်သော။သဘာဝေါ။သဘောတရားသည်။နတ္ထိ။ မရှိ။ ဣတိအယံ။ ဤပြဆိုအပ်ပြီးသည့်ကား။ အဓိပ္ပါယော။ ဝိတဏ္ဍဝါဒီအလို တည်း။ ။အဋ္ဌကထာပါဌ်၍သမ္ဗန်လိုက်သည်။ ။ပညတ္တိသဘာဝသော။ ပညတ်သဘောရှိသော။အသင်္ခတဿ။ အသင်္ခတဖြစ်သော။ ပဗန္ဓဿ။ပဗန္ဓဖြစ်သောသန္တာန်၏။ဌိတိ။ဌိကို။တတ္ထ။ထိုတိဏ်မာနိဘိက္ခ ဝေသင်္ခတဿသင်္ခတလက္ခဏာဝံနိ။ဥပ္ပါဒေါပညာယတိဝယောပညာယ တိဌိတဿအညထတ္တံပညာယတိဟူသောသုတ္တန်ပါဠိတော်၌။ ဝုတ္တာ။ ဟောတော် မူအပ်၏။ ဣတိ။သို့။ ဝတ္တုံ။ ဆိုခြင်းငှါ။ နသက္ကာ။ မတတ် ကောင်း။ ။ဤသို့ပြဆိုခဲ့ပြီးသည်အတိုင်းအနုပါဒိသေသနိဗ္ဗာန်၏ပညတ် အသင်္ခတဖြစ်သော အနုပါဒိသေသနိဗ္ဗာန် ပရမတ်အသင်္ခတဖြစ်သော အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်ပါးရှိသည်ကို သိလေ။ ။ဤသို့ အနုပါဒိ သေသနိဗ္ဗာန်၏ပညတ်ပရမတ်အားဖြင့် နှစ်ပါးအပြားရှိသည်ကိုအထူး သတိမပြုပဲ။ ။တဿဇ္ဈုခေဝသဗ္ဗဝေဒယိတာနိအနဘိနန္ဒိတာနိသီတိ ဘဝိဿန္တိ။ အယံဝုစ္စတိအနုပါဒိသေသာ နိဗ္ဗာနဓါတု။ ။ဟူ၍ဣတိ ဝုတ်ပါဠိတော်။ ။သီတိဘဝိဿန္တီတိအစ္စန္တဝူပသမေနသင်္ခါရဒရထ ပဋိပဿဒ္ဓိယါသီတလီဘဝိဿန္တိ။အပဋိသန္ဓိကနိရောဓေနနိရုဇ္ဈိဿန္တိ တိအတ္ထော။ ။ဟူ၍ဝင်းအဋ္ဌကထာ၌ဟောပြတော်မူအပ်သောဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်ဟူသောဥပါဒိသေသခန္ဓာငါးပါး၏တဖန်မဖြစ်နိုင် သောအားဖြင့်မဖြစ်ခြင်းဟူသေါမရှိကုံပျက်ချုပ်ငြိမ်းခြင်းအဘါဝအတ္ထ ပညတ် အသင်္ခတဓါတ်ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်ကိုပရမတ် အ သင်္ခတနိရောဓသဘာမဂ်ဖိုလ်တို့ အာရုံနိဗ္ဗာန်ဟု မှတ်ထင်မှား၍။ ထိုအ ဘာဝအတ္ထပညတ် အသင်္ခတဓါတ်ဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်၏ ရဟန္တာတို့ခန္ဓာပျက်ကြွေသေဆုံးခြင်း ပရိနိဗ္ဗာန်ပြုခြင်းဟူသော စုတိ ဘင်္ဂက္ခဏ၏ နောက်အဖို့ကာလ၌ ဖြစ်ကြောင်းကို ဟောတော် မူအပ် သော။ ။အနုပါဒိသေသာသမ္ပရာယိကာ။ ။ဟူသောဣတိဝုတ်ပါဠိ တော်။ ။သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ။ ။ဟူသော ဝင်း အဋ္ဌကထာ စကားကို။ ပရမတ် အသင်္ခတ

နိရောဓသစ္စာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ဖြစ်ရာ ကာလကို
ဟောပြသောစကားဖြစ်သည်ဟု မှတ်ထင်မှားသဖြင့်ပရမတ်အသံတ
နိရောဓသစ္စာ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အနုပါဒိသေသနိဗ္ဗာန်သည်
ရဟန္တာတို့ပစ္စက္ခဘာဝမျက်မှောက်ကာလ၌မဖြစ်သေးမရှိသေးရဟန္တာ
တို့ခန္ဓာပျက်ခြင်းပရိနိဗ္ဗာပြုခြင်းဟူသော စုတိဘင်္ဂက္ခဏာမှ နောက်အဖို့
ကာလ၌သာဖြစ်သည်ရှိသည်စသည်ဖြင့် ယူမှားပြောဆိုခြင်း စသည်
ကိုမပြုမိကြပါစေကုန်လင့်။ ။မယူသင့်မယူထိုက်မယူကောင်းသည်
ကိုယူသောပုဂ္ဂိုလ်တို့၏အယူဝါဒတို့ကိုအမြွက်မျှပြလိုက်အံ့။ ။ပရမတ်
အသံတ နိရောဓသစ္စာဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်သည် ထို
နိဗ္ဗာန်ကိုရမည့်ခီဏာသဝပုဂ္ဂိုလ်တို့မျက်မှောက် ပစ္စက္ခဘာဝကာလ၌မ
ဖြစ် မပေါ်လာသေး။ ၎င်းပုဂ္ဂိုလ်တို့ ခန္ဓာကိုယ်ပျက် စုတေကွယ်လွန်ပြီး
သည်နောက်မှဖြစ်ပေါ်လာသည်။ဟုယူသောဝါဒ။ ။ထိုသို့ခီဏာသ
ဝတို့သေလွန်သည်နောက်မှ ဖြစ်ပေါ်လာသောတရားဖြစ်၍အရိယာတို့
သန္တာန်ဝယ်မဂ်ဖိုလ်တို့ဖြစ်သောအခါ၎င်းနိဗ္ဗာန်မရှိသေး။ထိုမဂ်ဖိုလ်တို့
သည်စုတေပြီးသည်နောက်မှဖြစ်လတ့ံနိဗ္ဗာန်ကိုရှေ့ရမ်းမြှော်လှမ်း၍
အာရုံပြုရသည်ဟုယူသောဝါဒ။ ။ထာဝရအမြဲတည်နေသောနိဗ္ဗာန်
မည်သည်မရှိ။ ရဟန္တာတို့ မစုတေမီ ရှေးကာလမဖြစ်သေးသော ထို
ပုဂ္ဂိုလ်တို့စံနေရန်နိဗ္ဗာန်သည်ထိုပုဂ္ဂိုလ်တို့ စုတေပြီးမှတခါတည်းဖြစ်
ပေါ်လာသည်။ ထိုသို့ဖြစ်ပေါ်လာသည်မှစ၍ သော်ကားမပျက်မစီးဘဲ
အမြဲတည်နေသည်။ ထိုသို့သေပြီးနောက် ဖြစ်ပေါ်လာသည်မှစ၍အမြဲ
တည်နေသည့်ကိုအစွဲပြု၍သာ နိဗ္ဗာန်ကိုနိစ္စဓုဝသဿတ ဖြစ်သည်ဟု
ဆိုရသည်။ ထိုနိဗ္ဗာန်ရသော်ခီဏာသဝတို့မစုတေမီက ရှေ့စဉ်ဆက်အ
မြဲရှိ၍နိစ္စဓုဝသဿတအဖြစ်အားဖြင့်တည်နေသည်မဟုတ်။ ဟုယူသော
ဝါဒ။ ။ပုဂ္ဂိုလ်တဦးမျက်မှောက်ပြုအပ် သိအပ်ရအပ်သောနိဗ္ဗာန်နှင့်
ပုဂ္ဂိုလ်တဦးရအပ်သောနိဗ္ဗာန် အတူတူတပါးတည်းမဟုတ်။တပါးတ
ခြားစီသာဖြစ်သည်ဟုယူသောဝါဒ။ ။ရဟန္တာတို့မျက်မှောက်ပြုအပ်
ရအပ်သော နိရောဓသစ္စာ နိဗ္ဗာန်သည် ထိုပုဂ္ဂိုလ်တို့ မစုတေမီမဖြစ်
သေး။ဖြစ်လတ့ံသာဖြစ်သောကြောင့်ယင်းနိဗ္ဗာန်ကို အနာဂတ်နိဗ္ဗာန်ဟူ
၍ဆိုရသည်။အဋ္ဌပဒိုသမ္ဘိဒါဉာဏ်သည် အနာဂတ်ဖြစ်လတ့ံနိဗ္ဗာန်ကို
အာရုံပြုသည်ဟုယူသောဝါဒ။ ။ရဟန္တာတို့မစုတေမီ ထိုပုဂ္ဂိုလ်တို့ရ

မည်နိရောဓသစ္စာနိဗ္ဗာန်မရှိသေး။ရုတေပြီးသည်မှနောက်ကာလ၌သာ ရှိသောကြောင့် ထိုနိဗ္ဗာန်သည် ရံခါသာရှိသည် ရံခါမရှိဟုယူသောဝါဒ။ ။ပရမတ္ထအသခ်တနိရောဓသစ္စာဖြစ်သောနိဗ္ဗာန်မှာအဆုံးသာမရှိသည်။အစရှိ၏ဟုယူ၍ထိုနိဗ္ဗာန်သည်သောတာပတ္တိမဂ်ရှေ့ဂေါတြဘုခဏကစ၍ဖြစ်သည်ဟုယူသောဝါဒ။ ။ဤအတူအစရှိ၏ဟုယူ၍ထိုနိဗ္ဗာန်သည် ခိဏာသဝတို့ စုတိဘဂ်ကျွဏာ၏ နောက်ကာလမှစ၍ဖြစ်သည်ဟုယူသောဝါဒ။ ။ထိုနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်အကြောင်းနှင့် ကင်း၍ မဖြစ်နိုင်။ အကြောင်းအများ စုံလင်မှသာဖြစ်သောကြောင့်ဒါနသီလစသောပါရမီဗိပဿနာမဂ်ဖိုလ် ဟူသောအကြောင်းတို့ကြောင့်ဖြစ်သည်။ ထိုပါရမီဗိပဿနာ မဂ်ဖိုလ်တို့လည်း ၎င်းနိဗ္ဗာန်ကိုဖြစ်စေတတ်သောဇနကအကြောင်းဖြစ်သည်ဟုယူသောဝါဒ။ ။ထိုပရမတ္ထ နိရောဓသစ္စာဖြစ် သောနိဗ္ဗာန်သည် ထိုပါရမီဗိပဿနာစသောအကြောင်းတို့ကြောင့် ဖြစ်သည်ဖြစ်၍ အကြောင်းတရားတို့သည်ပြုပြင်စီရင်အပ်သော သခ်တတရားပင်ဖြစ်သည်။ ထိုသို့ပင်သခ်တဖြစ်သော်လည်းသခ်တနိမိတ်အရိပ်မထင်သခ်တပုံမပေါ်၍သာ အသခ်တဟုဆိုရသည်ဟုယူသောဝါဒ။ ။လောကဟူသောဒုက္ခသစ္စာ။လောကသမုဒယဟူသောသမုဒယသစ္စာ။ လောကနိရောဓဂါမိနီ ပဋိပဒါဟူသောမဂ္ဂသစ္စာတို့ကဲ့သို့ လောကနိရောဓဖြစ်သောနိရောဓသစ္စာနိဗ္ဗာန်သည်လည်းခန္ဓာနှင့်စပ်သည်သာဟူသည်ကိုအစွဲပြု၍ခန္ဓာနှင့်စပ်သောဟူသည် ရဟန္တာတို့ စုတိခန္ဓာချုပ် သည်နောက် ထိုစုတိခန္ဓာနှင့်စပ်ဆက်၍။၎င်းစုတိဘဂ်ကျွဏာ၏အခြားမဲ့ဝယ် စိတ်ခဏငယ်တချက်ခန့်မျှမခြားဘဲနိဗ္ဗာန်ဖြစ်သည်ဟုယူ၍ ထိုနိဗ္ဗာန်သည်ခန္ဓာနှင့်စပ်သည်ဟုဆိုရသည်ဟုယူသောဝါဒ။ ။၎င်းစကားကိုပင်အစွဲပြု၍ဒုက္ခသမုဒယမဂ္ဂသစ္စာသုံးပါးတို့သည်ခန္ဓာတို့၏အစိတ်ဖြစ်၍ အပေါင်းခန္ဓာနှင့်အစိတ်အပေါင်း၏ အဖြစ်ဖြင့်စပ်သကဲ့သို့။ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်လည်း အပေါင်းခန္ဓာ၏ အစိတ်အဖြစ်ဖြင့် စပ်သည်ဟုမှတ်ထင်၍အနုပါဒိသေသနိဗ္ဗာန်အရကို ရဟန္တာတို့၏စုတိစိတ်ကိုကောက် ယူသောဝါဒ။ ။ဤသို့အစရှိသောဝါဒတို့ကိုမယူအပ် မယူသင့်မယူထိုက်မယူကောင်းသောဝါဒတို့ချည်းသာဟုမှတ်ရမည်။ ။ထိုအယူဝါဒတို့၏မဟုတ်မမှန်ဖောက်ပြန်မှားယွင်းသောအယူဝါဒသာဖြစ်သည်၏အဖြစ်ကို။

အဘိဓမ္မတ္ထသင်္ဂဟဒီပကကျမ်းကိုပုံနှိပ်လုပ်ဆောင်ရာမပါကြွင်းကျန်ရစ်သောဂင်းကျမ်း၏ စတုတ္ထကဏ္ဍ ဖြစ်သော နိဗ္ဗာနသင်္ဂဟဒီပက ကဏ္ဍဝယ်ထုတ်ဆောင်ပြဆို၍များစွာသောပါဠိအဋ္ဌကထာဋီကာဂန္ထန္တရအာဂမ်သာဓကတို့၏ဟုတ်မှန်တိုင်းသောသဘောကိုပြ၍ အသီးအသီးပယ်ဖျက်သုတ်သင်ပြဆိုပြီးဖြစ်၍ ဤ၌အမြွက်မျှသာပြဆိုလိုက်သည်။ ။ စိတ်စေတသိက် ရုပ်နိဗ္ဗာန်ဟူသောပရမတ္ထ သဘာဝဓမ္မသဘောသည် အလွန်သိမ်မွေ့နက်နဲခဲခက်လှသောသဘောဖြစ်၍ ထိုပရမတ္ထသဘာဝဓမ္မတို့ကိုဟောပြတော်မူရာ အဘိဓမ္မာဒေသနာကို အလုံးစုံသောဥေယျဓမ်တို့ကိုအလိုရှိတိုင်းကြွင်းမဲ့ကုန်စင်သိမြင်နိုင်သောအစွမ်းသတ္တိ။ဟောအပ်ဟောသင့်ဟောထိုက်သော ဒေသေတဗ္ဗအပြားကိုသိစွမ်းနိုင်သောသတ္တိ။ဓမ္မပဋိဂ္ဂါဟက ဝေနေယျတို့၏ အလိုဆန္ဒ အဇ္ဈာသယ နှလုံးသွင်းကိုသိခြင်းထင်ရှားပြခြင်း၌စွမ်းနိုင်သောသတ္တိဟူသောသုံးပါးသောအစွမ်းသတ္တိအာနုဘော်ရှိသော သဗ္ဗညုတဉာဏ်တော်၏ထိုသုံးပါးသောအားအစွမ်းသတ္တိ အာနုဘော်ဖြင့်သာ ဖြစ်စေနိုင် ဟောနိုင်သည်။ ထိုသဗ္ဗညုတ ဉာဏ်သည်လည်းနည်းစွအဆုံး နိယတဗျာဒိတ်ကိုရပြီးနောက်လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံးပါရမီကိုဖြည့်ကျင့်နိုင်မှဘုရားအဖြစ်သို့ရောက်သော သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားရှင်တို့အားသာရှိသည်ဖြစ်ရကား၊ ဤအဘိဓမ္မာဒေသနာကို ဟောနိုင်ခြင်းသည်သမ္မာသမ္ဗုဒ္ဓသဗ္ဗညုရှင်တော်ဘုရားတို့၏သာ အရာဖြစ်သည်။ အရှင်ပစ္စေကဗုဒ္ဓါ သာဝကတို့၏ အရာမဟုတ်။ သဗ္ဗညုမြတ်စွာ ဘုရား၏ ဒေသနာတော်နည်းကို အစည်မှီးသဖြင့် မြတ်စွာဘုရား သာသနာတော်တွင်း၌သာအဘိဓမ္မာ သဘောကို ဟုတ်မှန်စွာသိနိုင် ပြောဟောနိုင်ကြသည်။ သာသနာတော်မှ အပကာလ၌ ပစ္စေကဗုဒ္ဓါအရှင်တို့မှတပါး ဟုတ်မှန်စွာသိမြင်နိုင်သောပုဂ္ဂိုလ်မရှိ။ ။ဤသို့သမ္မာသမ္ဗုဒ္ဓသဗ္ဗညုရှင်တော်ဘုရားတို့သာ သဗ္ဗညုတဉာဏ်တော်၏သုံးပါးသော အစွမ်းသတ္တိအာနုဘော်ဖြင့် ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာ။ အလွန်သိမ်မွေ့နက်နဲခဲခက်စွာလှသောပရမတ္ထသဘာဝဓမ္မ၏ ဤသို့အလွန်ကြားနာရ ။ ပြောဟောနိုင်ရခဲ။ ဟုတ်မှန်စွာသိနိုင်ရခဲလှသည်၏ အဖြစ်ကြောင့်ထိုအဘိဓမ္မာဒေသနာ ပရမတ္ထ သဘာဝ ဓမ္မတို့ကို အပတ်တကုတ် ကြိုးအားထုတ်၍သင်နာဆောင်ရွက်လေ့ကျက်မှတ်သား၍သိနားလည်အောင်ကြိ

စည်ဆွေးနွေးမေးမြန်းပြောဟောခြင်းများကို ပြုသင့်လှသည်အတိုင်းပြု ကြပါလေ။ ။

ပရမတ္ထတရား ၄ ပါးတွင်လည်း ပရမတ္ထအသံတနိရောဓ သစ္စာဖြစ် သောနိဗ္ဗာန်တရားသည်လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့နှင့်ပြည့် စုံသောအရိယါသခင်အရှင်တို့သါအရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်ဒိဋ္ဌ ပစ္စက္ခမြင်နိုင်သိနိုင်၍ ပုထုဇနတို့မှာ ဒေသနာနယာနုသာရနယဂ္ဂါဟတို့ ဖြင့်သာသိရသိနိုင်သဖြင့်ပစ္စက္ခအားဖြင့်မသိမြင်နိုင်အောင်အလွန်အထူး သဖြင့်နက်နဲ ခဲခက်သည်ထက် အထူးသဖြင့်နက်နဲ ခက်ခဲလှသောအတိ သုခုမသုဒုဒ္ဒသသုနိပုဏ။ သင်္ခတသင်္ခတရှိသမျှဓမ္မတို့ထက်မြတ်သော တရားဖြစ်၍ထိုနိဗ္ဗာန်၏ဟုတ်မှန်တိုင်းသောသဘောကိုအလွန်အကြူးအ ထူးသဖြင့်ပင်သိခြင်းငှါခဲခက်လှသည်။ ။ဤအသင်္ခတပရမတ္ထဖြစ် သောနိဗ္ဗာန်တရားသည်ကမ္ဘာစည်ဆက်ဖြစ်သည်ပျက်သည်ဟူ၍မရှိ ဌာဝရ အမြဲတည်နေသော နိစ္စဓုဝသဿတ သဘော တရားပင် ဖြစ် သော်လည်း ဘုရားရှင်တို့ ဖြစ်ပွင့် တော်မူရာ မဟုတ် သော ဗုဒ္ဓသုည ကမ္ဘာတို့၌ထိုနိဗ္ဗာန်ကိုသိမြင်နိုင် ဟောပြနိုင်သော ပုဂ္ဂိုလ်ဟူ၍ တစုံတ ယောက်မျှမရှိ။ ဘုရားဖြစ် ပွင့်တော်မူရာကမ္ဘာ၌သော်လည်း သာသနာ တော်မှအပကာလဝယ် ပစ္စေကဗုဒ္ဓါ အရှင်တို့မှတပါး ပစ္စက္ခမျက်မှောက် ပြုနိုင် မြင်သိနိုင်သော ပုဂ္ဂိုလ် ဟူ၍မရှိ။ သာသနာတော်တွင်း၌ သော် လည်းသာသနာတော်တည်ထွန်းရာမဟုတ်သော နိုင်ငံမြို့ရွာဒေသတို့၌ သိမြင်ပြောဟောနိုင်သောပုဂ္ဂိုလ်မရှိ။သာသနာတော်တည်ထွန်းရာဒေ သ၌သော်လည်း ထိုနိဗ္ဗာန်၏သဘောကိုဟုတ်မှန်စွာသိမြင်ရအောင်ကြိ စည်အားထုတ်သူအလွန်နည်းပါး၏။ ကြိစည်အားထုတ်ပါသော်လည်း ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ ဟောပြလာရှိသည်အတိုင်းမြတ်စွာ ဘုရားအလိုတော် အဋ္ဌကထာ ဋီကာဆရာတို့ အလိုတော်နှင့် ညီညွတ် ဟုတ်မှန်သင့်လျော်အောင်နားလည် သိကျွမ်းပြောပြနိုင်သူ အလွန်နည်း ပါးလှသည်။ ။နိဗ္ဗာန်ဟူသောဝေါဟာရ။ နိဗ္ဗာန်ရှိ၏ဟူသောအမှတ် သညာ။ နိဗ္ဗာန်သို့ရောက်လိုသောပုဂ္ဂိုလ်တို့သော်ကား သာသနာပကာလ များ၌ပင်ရှိ၏။နိဗ္ဗာန်၏အရ နိဗ္ဗာန်၏သဘောကို ဟုတ်မှန်စွာမသိသော ကြောင့်ကား။ နိဗ္ဗာန်မဟုတ်သော တရားကို နိဗ္ဗာန်ဟုယူမှားမိကြကုန်

သည်။ပရမဒီဣဓမ္မ နိဗ္ဗာနဝါဒငါးပါးကိုပြရာ၌။စကြာမန္တတ်သိကြားသု ယာမသံတုသိတနိမ္မာနရတိပရနိမ္မိတဝသဝတ္တိနတ်မင်းတို့၏ စည်းစိမ် ဖြစ်သောကာမဂုဏ်ကိုငင်း။ပထမဈာန်ဒုတိယဈာန်တတိယဈာန်စတုတ္ထ ဈာန်တို့ကိုငင်းနိဗ္ဗာန်ဟုမှတ်ထင်ယူများကြောင်းကိုပြဆိုသည်။ ဤသို့အစ ရှိသည်ဖြင့် နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ဟု မှတ်ထင် ယူမှားကြကုန် သည်။ ။နိဗ္ဗာန်ကိုအလိုရှိ၍ ကျင့်ဆောင်အားထုတ်ပြုလုပ်ကြသော် လည်းနိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကောင်းလမ်းမှန်ကိုမသိကုန် သည်ဖြစ်၍နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟုမှတ်မှားကြသဖြင့်အပါယ် လားကြောင်းမကောင်းမမှန်သောလမ်းများဖြစ်သောကာမသုခလ္လိကာ နုယောဂအတ္တ ကိလမထာနုယောဂ ဂေါဝတကုက္ကုရဝတတို့ကိုကျင့် ခြင်းယဇ်ပူဇော်ခြင်း မီးနတ်ပူဇော်ခြင်း အစရှိသော အကျင့်တို့ကိုကျင့် များ၍အပါယ်လေးပါးသို့ လားကြရကုန်သည်။ ။လူနတ်ဗြဟ္မာတို့ စည်းစိမ်ကိုပင်ရသော်လည်း ထိုစည်းစိမ်သည် ခယဝယသဘောရဒုက္ခ သဘောသာဖြစ်၍ဒုက္ခကိုရသည်ပင်မည်သည်။ ။အဝိဇ္ဇာတဏှာ ဟူသော ဝဋ်မြစ်မူလ မကင်းမကုံ မငြိမ်းသေးသမျှ ပဋိသန္ဓေ နေခြင်း အိုခြင်း နာခြင်းသေခြင်း ဒုက္ခတို့ မကင်းမငြိမ်းနိုင်။ ထိုအဝိဇ္ဇာ တဏှာ စသောကိလေသာတို့ကုံငြိမ်းမှကုံငြိမ်းသည်။ ။ကိလေသာတို့ကိုကုံ ငြိမ်း စေတတ်သော တရားကား ကာမကုသိုလ်ဥာဏ် မဟဂ္ဂုတ်ကု သိုလ်ဥာဏ် အရိယမဂ်ဥာဏ်သာတည်း။ ထိုတွင်ကာမကုသိုလ်ဥာဏ် သည်သဗ်တ တရားကို အာရုံပြု၍ ကိလေသာကို ဖျက်ပယ် ရသော ကြောင့်တဒင်္ဂမျှဖြင့်သာ ကုံငြိမ်းစေနိုင်သည်။ ထိုထက်လွန်၍မကုံငြိမ်း စေနိုင်။ မဟဂ္ဂုတ်ကုသိုလ်ဥာဏ်သည်လည်းပညတ်ကိုအာရုံပြု၍ဖျက် ပယ်ရသောကြောင့်ဝိက္ခမ္ဘနမျှဖြင့်သာ ကုံငြိမ်းစေနိုင်သည်။သမုစ္ဆေဒ အားဖြင့်မကုံငြိမ်းစေနိုင်။ အရိယမဂ်ဥာဏ်မူကားနိဗ္ဗာန်ကိုအာရုံ ပြု၍ ဖျက်ပယ်ရသောကြောင့် နောင်တဖန်မဖြစ်နိုင်အောင် သမုစ္ဆေဒ အားဖြင့် ကုံငြိမ်းစေနိုင်သည်။ ။ထိုသို့ငြိမ်းစေရာ၌ လောကူပမာဖြင့် ထင်စွာပြဆိုလိုက်ဦးအံ့။ ။လောက၌ရန်သူကို နှိပ်စက်သောသူသည် တပြာကြိမ်လုံးမျှဖြင့်ရိုက်ခတ်ညှဉ်းဆဲနှိပ်စက်သည်ရှိသော် အဖိုးအစင်း ထင်ရုံမျှသာ နာကျင်အောင် နှိပ်စက်နိုင်သည်။ ထိုထက်နာကျင်အောင် မနှိပ်စက်နိုင်။တုတ်လက်နက်ဖြင့်ရိုက်နှက်ညှဉ်းဆဲနှိပ်စက်သောသူသည်

လည်းကျိုးပဲ့ပေါက်ပြတ်ရုံသာ နှိပ်စက်နိုင်သည်။ ဦးခေါင်းပြတ်၍သေဆုံးခြင်းသို့တိုင်ရောက်အောင်မနှိပ်စက်နိုင်။ ထားသန်လျက်လက်နက်ဖြင့်ဦးခေါင်းကိုဖြတ်၍နှိပ်စက်သည်ရှိသော် အသက်သေဆုံးရသည်တိုင်အောင်နှိပ်စက်နိုင်သည်။ ။ရန်သူနှင့်ကိလေသါတူ၏။ရန်သူကိုနှိပ်စက်သေါသူနှင့်ဉာဏ်တူ၏။နှိပ်စက်ကြောင်းလက်နက်နှင့်အာရုံတူ၏။တပြာကြိမ်လုံးမှုဖြင့်ရန်သူကို နှိပ်စက်သောသူနှင့် သဲတတရားကိုအာရုံပြု၍ကိလေသါတို့ကိုငြိမ်းစေသေါကါမကုသိုလ်ဉါဏ်တူ၏။ကြိုးသေါတုတ်ဖြင့်ရန်သူကိုရိုက်နှက်နှိပ်စက်သောသူနှင့် ပညတ်တရားကိုအာရုံပြု၍ကိလေသါကိုငြိမ်းစေသေါမဟဂ္ဂုတ်ကုသိုလ်ဉာဏ်တူ၏။ထားသန်လျက်ဖြင့်ရန်သူကို ခုတ်ဖြတ်နှိပ်စက်သောသူနှင့် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာကိုငြိမ်းစေသေါအရိယမဂ်ဉာဏ်တူ၏။ တပြာကြိမ်လုံးမှုကိုကိုင်၍၊ ရန်သူကိုနှိပ်စက်သော သူသည် အဖိုးအစင်း ထင်ရုံထရုံမှုဖြင့်သာ နှိပ်စက်နိုင်သကဲ့သို့။ သဲတတရားကိုအာရုံပြု၍ ကိလေသာကို ငြိမ်းစေသောကာမ ဉာဏ်သည် တဒင်မှုဖြင့်သာ ကိလေသာကို ငြိမ်းစေနိုင်သည်။တုတ်လက်နက်ကိုကိုင်၍နှိပ်စက်သောသူသည်ကျိုးပဲ့ပေါက်ပြတ်ရုံမှုဖြင့်သာနှိပ်စက်နိုင်သကဲ့သို့။ပညတ်ကိုအာရုံပြု၍ကိလေသာကိုငြိမ်းစေသော မဟဂ္ဂုတ်ဉာဏ်သည် ဝိက္ခမ္ဘနမှုဖြင့်သာ ငြိမ်းစေ နိုင်သည်။ ထားသန်လျက်လက်နက်ကိုကိုင်၍ခုတ်ဖြတ်နှိပ်စက်သောသူသည်ရန်သူကိုဦးခေါင်းပြတ်၍အသက်သေဆုံးအောင်နှိပ်စက်နိုင်သကဲ့သို့။ နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်ကို အာရုံပြု၍ကိလေသာတို့ကို ငြိမ်းစေသောအရိယ မဂ်ဉာဏ်သည် ကိလေသာတို့ကို နောင်တဖန် မဖြစ်စေရ ဆုံးခန်းရောက်အောင်သမုစ္ဆေဒအားဖြင့် ကုံငြိမ်းစေနိုင်သည်။ တပြာကြိမ်လုံးနှင့်သဲတအာရုံ။တုတ်လက်နက်နှင့် ပညတ်အာရုံ။ ထားသန်လျက်နှင့်နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်အာရုံတူ၏။ ဤသို့ဥပမာဥပမေယျဟပ်၍သိပါလေ။ ။ဤအဓိပ္ပါယ်ကိုပုထုဇန်တို့၏နိဗ္ဗာန်ကိုအနုမာနအားဖြင့်သာသိနိုင်သည်ကိုပြဆိုသောအရာ၌ပြဆိုအပ်သော။ ။ဏ္ဍမိနာကလျာဏပုထုဇနာနံ နိဗ္ဗာနသဿအနုမာန သိဒ္ဓတာဒဿိတာဟောတိ။ သဗ္ဗညုဝစနာနုသာရေနအရိယမဂ္ဂဖလာနံ သမုတိသဲတဝိပရိယာ လမ္ဗဏပစ္စယဘာဝေနဇာနိတဗ္ဗတော။ ။ဟူသောသပြိုဟ်ဋီကာဟောင်း။ ။မဂ္ဂဖလာန မာလမ္ဗနဘူတန္တိ ဏ္ဍမိနာကလျာန ပုထုဇနာနံ အနုမာနသိဒ္ဓတံ။

သင်္ခတဓမ္မာရမ္မဏံဟိပညတ္တာလမ္ဗဏံဝါ ဉာဏံကိလေသာနံသမုစ္ဆေဒ
ပဋိပဿမ္ဘနေ အသမတ္ထံ။ အတ္ထိစလောကေ ကိလေသ သမုစ္ဆေဒါဒိ။
တသ္မာအတ္ထိသင်္ခတ သမုတိဓမ္မဝိပရိတော ကိလေသာနံသမုစ္ဆေဒပဋိ
ပဿဒ္ဓိကရောနံ မဂ္ဂဖလာနံအာရမ္မဏာဘူတော နိဗ္ဗာနံနာမဓေကောဓမ္မော
တိသိဒ္ဓံ။ ။ဟူသောဋီကာကျော်တို့ကိုမှီ၍ပြဆိုလိုက်သည်။ ။ဉာမိ
နာ။မဂ္ဂဖလာနမာလမ္ဗဏာဘူတံဟူသော ဤစကားဖြင့်။ ကလျာဏပုထု
ဇနာနံ။တို့အား။နိဗ္ဗာနဿ။၏။သဗ္ဗညုဝစနာနုသာရေန။ ထိုထိုအရာဝယ်
များစွာလာရှိသောသဗ္ဗညုမြတ်စွာဘုရားစကားတို့ကို အစည်လျောက်
သဖြင့်၊မဂ္ဂဖလာနံ။တို့၏။ သမုတိသင်္ခတဝိပရိယာလမ္ဗဏာပစ္စယဘာဝေ
န။ပညတ်ဖြစ်သောအာရုံ သင်္ခတဖြစ်သောအာရုံတို့မှ ပြန်သောပညတ်
သင်္ခတမဟုတ်သော အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုတတ်သောတရား
၏အဖြစ်ဖြင့်။ ဇာနိတဗ္ဗတော။ သိအပ်သိနိုင်သည်၏အဖြစ်ကြောင့်။ အနု
မာနသိဒ္ဓတာ။ ပါဠိတော်ကိုထောက်ဆသော အနုမာနအားဖြင့်ထင်ရှား
သည်၏ အဖြစ်ကို။ ဒဿိတာ။ ရှင်အနုရုဒ္ဓါဆရာ ပြတော်မူအပ် သည်။
ဟောတိ။၏။ ။မဂ္ဂဖလာနမာလမ္ဗဏာ ဘူတန္တိ ဉာမိနာ။ တံဟူသောဤ
စကားဖြင့်။ ကလျာဏပုထုဇနာနံ။တို့အား။ နိဗ္ဗာနဿ။၏။အနုမာနသိဒ္ဓ
တံ။အနုမာနအားဖြင့် ထင်ရှားသည်၏အဖြစ်ကို။ ဒဿေတိ။၏။ဟိသစ္စံ။
၏။ ဟိဝိတ္ထာရေမိ။အံ့။ သင်္ခတဓမ္မာရမဏံ။ သင်္ခတတရားလျှင်အာရုံရှိ
သော။ဉာဏံဝါ။ ကာမာဝစရကုသိုလ်ဉာဏ် ဒုတိယာရုပ္ပ စတုတ္ထာရုပ္ပ
ကုသိုလ်ဉာဏ်သည်၎င်း။ ပညတ္တာလမ္ဗဏံ။ ပညတ်တရားလျှင် အာရုံရှိ
သော။ ဉာဏံဝါ။ မဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည်၎င်း။ ကိလေသာနံ။တို့
ကို။ သမုစ္ဆေဒပဋိပဿမ္ဘနေ။ အကြွင်းမဲ့ ဖြတ်ပယ်ခြင်း တဖန်ငြိမ်းစေ
ခြင်း၌။အသမတ္ထံ။ မစွမ်းနိုင်သည်။ဟောတိ။၏။ လောကေ။၌။ကိလေသ
သမုစ္ဆေဒါဒိ။ ကိလေသာတို့ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့
ပယ်ဖြတ် တတ်သော အရိယာမဂ်ဉာဏ် အစရှိသည်သည်။ အတ္ထိစ။ရှိ
လည်းရှိခဲ့၏။ တသ္မာ။ ထိုသို့သင်္ခတ တရားလျှင် အာရုံရှိသော ဉာဏ်
ပညတ်တရားလျှင် အာရုံရှိသော ဉာဏ်၏ကိလေသာတို့ကို သမုစ္ဆေဒ
အားဖြင့်ကောင်းစွာအကြွင်းမဲ့ ပယ်ဖြတ်ခြင်း ပဋိပဿဒ္ဓိအားဖြင့်တဖန်
ငြိမ်းစေခြင်း၌မစွမ်းနိုင်သည်၏အဖြစ်။အရိယာပုဂ္ဂိုလ်ဟူသောလောက
၌ကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ကောင်းစွာ ဖြတ်ပယ်

နိုင်သော အရိယ မဂ်ဉာဏ် စသည်၏ လည်းရှိသည်၏ အဖြစ်ကြောင့်၊ သင်္ခတ သမုတိဓမ္မပိပရိတော။ စိတ် ၈၉ စေတသိက် ၅၂ ရုပ် ၂၈ ဟူသောသင်္ခတ အာရုံတရား ပထဝီကသိုဏ်း အစရှိသော-အလုံးစုံသော ပညတ်အာရုံတရားတို့မှပြန်သော။ ကိလေသာနံ။ တို့ကို။ သမုစ္ဆေဒပဋိပဿဒ္ဓိကရာနံ။ အကြွင်းမဲ့ကောင်းစွာ ပယ်ဖြတ်ခြင်းတဖန်ငြိမ်းစေခြင်း တို့ကိုပြုတတ်ကုန်သော။မဂ္ဂဖလာနံ။တို့၏။အာရမ္မဏဘူတော။အာရုံဖြစ် ၍ဖြစ်သော။ နိဗ္ဗာနံနာမ။သော။ ဧကော။သော။ ဓမ္မော။သဘောတရား သည်။ အတ္ထိ။ရှိ၏။ ဣတိ။သို့။ဝါ။ ဤသို့သောအနုမာနအားဖြင့်။ သိဒ္ဓံ။က လျာဏ ပုထုဇဉ်တို့အား ထင်ရှားသည်။ ဟောတိ။၏။ ။ယာဝ တာ ဘိက္ခဝေဓမ္မာသင်္ခတာဝါ အသင်္ခတာဝါ။ ဝိရာဂေါတေသံအဂ္ဂမက္ခာယ တိ။ ။ဘိက္ခဝေ။ တို့။ ယာဝတာ ယတ္တကာ။ အကြင်မျှလောက်ကုန် သော။သင်္ခတာ။သင်္ခတဖြစ်ကုန်သော။ဝါ။ ကံစသောအကြောင်းတရား တို့သည် ပြုပြင်အပ်ကုန်သော။ ဓမ္မာဝါ၊ စိတ်စေတသိက်ရုပ်တရားတို့ သည်ရင်း။အသင်္ခတာ။ကံစသောအကြောင်းတရားတို့သည်မပြုပြင်အပ် ကုန်သော။ဓမ္မာဝါ။ ပညတ်တရားတို့သည်ရင်း။သန္တိ။ရှိကုန်၏။ တေသံ။ ထိုသင်္ခတအသင်္ခတရှိသမျှကုံအောင်စုံသောတရားတို့ထက်။ ဝိရာဂေါ။ ကင်းသောရာဂရှိသော။ ဝါ။ရာဂမှကင်းသော နိဗ္ဗာန်တရားကို၊ ဝါ။ကိ လေသာခပင်း၏ကင်းရာကင်းကြောင်းဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ။မြတ်၏ ဟူ၍။အက္ခာယတိ။ ဆိုအပ်၏။ ငါဘုရားဟောအပ်၏။ ။ဝိဂတောရာ ဂေါဧတသ္မာတိဝိရာဂေါ။ ရာဂတောဝိဂတောတိဝါ။ ဝိရဇ္ဇန္တိသဗ္ဗကိ လေသာဧတ္ထ ဧတေနာတိဝါ ဝိရာဂေါ။ ဟူ၍ဝစနတ္ထပြု။ ။ဝိရာဂေါ သေဋ္ဌောဓမ္မာနံ။ ။ဝိရာဂေါ။သည်။ဓမ္မာနံ။ သင်္ခတအသင်္ခတရှိသမျှတရား တို့ထက်။သေဋ္ဌော။မြတ်၏။ ။နိဗ္ဗာနံပရမံဝဒန္တိဗုဒ္ဓါ။ ။ဗုဒ္ဓါ။ဂင်္ဂါ ဝါလုသဲစုမကပွင့်တော်မူသမျှသောမြတ်စွာဘုရားတို့သည်။နိဗ္ဗာနံ။ကို။ ပရမံ။ သင်္ခတာ သင်္ခတရှိသမျှ တရားတို့ထက် အမြတ်ဆုံးဟူ၍။ ဝဒန္တိ။ ဟောတော်မူကုန်၏။ ။ဤသို့အစရှိသော ဒေသနာတော်ကို အစည် လျှောက်၍ ထောက်မှီသော အားဖြင့်။ သင်္ခတလည်း မဟုတ်။ ပညတ် လည်းမဟုတ်သောမဂ်ဖိုလ်တို့၏အာရုံဖြစ်သောတခုသောတရားသည် ရှိ၏။ ထိုတရားကားနိဗ္ဗာန်ပင်တည်းဟု ကလျာဏပုထုဇဉ်တို့အား ထင် ရှားသည်။ဟူလို။ ။ဋီကာဟောင်း။ ။သင်္ခတတရားလျှင်အာရုံရှိ

သောဉာဏ်ပညတ်တရားလျှင် အာရုံရှိသောဉာဏ်သည်ကိလေသာတို့ကိုသမုစ္ဆေဒပဟာန်ပဋိပဿဒ္ဓိပဟာန်တို့ဖြင့်ပယ်ခြင်းငှါမစွမ်းနိုင်။ကိလေသာတို့ကိုအကြွင်းမဲ့ပယ်ဖြတ်ခြင်း။ တဖန်ငြိမ်းစေခြင်းမဉ်သဉ်လည်းထင်ရှားရှိခဲ့သည်သာ ဖြစ်သောကြောင့် သင်္ခတလည်းမဟုတ်ပညတ်လည်းမဟုတ်သော ကိလေသာတို့ကို သမုစ္ဆေဒ အားဖြင့် ပယ်ဖြတ်တတ်သောအရိယမဂ်တရား။ ထိုအရိယမဂ်သည်ပယ်ဖြတ်အပ်ပြီးသောကိလေသာတို့ကိုအငွေ့အသက်အခိုးအကင်းမျှမကြွင်းစေမူ၍တဖန်ငြိမ်းစေတတ်သောဖိုလ်တရားတို့၏ အာရုံဖြစ်သော တခုသောသဘောတရားမည်သည်ရှိ၏။ ဤတရားကားနိဗ္ဗာန်ပင်တည်းဟူ၍ ကလျာဏပုထုဇန့်တို့အားအနုမာနအားဖြင့်ဉာဏ်အားထင်ရှားသည်။ဟူလို။ ။ငိုကာကျော်။ ။ယထာပိဥဏှေ ဝိဇ္ဇမာနေ။ အပရံဝိဇ္ဇတိသီတလံ။ ဧဝံတိဝဂ္ဂိဝိဇ္ဇမာနေ။နိဗ္ဗာနံဣစ္ဆိတဗ္ဗကံ။ ။လောကေ။ ဣ။ဥဏှေ။အပူသည်။ဝိဇ္ဇမာနေ။ရှိသည်ရှိသော်။အပရံ။အပူမှတပါးသော။သီတလံ။ ချမ်းအေးခြင်းမည်သည်။ဝိဇ္ဇတိ။ယထာ။ရှိသကဲ့သို့။ဧဝံ။ဤအတူ။တိဝဂ္ဂိ။ရာဂဒေါသမောဟဟူသောသုံးပါးအပြားရှိသောမီးသည်။ဝိဇ္ဇမာနေ။သော်။နိဗ္ဗာနံ။ရာဂဒေါသမောဟဟူသောမီးသုံးပါး၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ဣစ္ဆိတဗ္ဗကံ။ ရှိ၏ဟုအလိုရှိအပ်၏။ ။လောက၌အပူရှိက ထိုအပူ၏ဆန့်ကျင်ဘက်ဖြစ်သောအအေးမည်သည်ရှိမြဲဖြစ်သကဲ့သို့ရာဂဒေါသမောဟဟူသောမီးသုံးပါးထင်ရှားရှိချေကထိုမီး၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သောနိဗ္ဗာန်ဟူသောသဘောတရားကို မချွတ်ရှိ၏ဟူ၍သာအလိုရှိအပ်ရာသည်။ဆင်းရဲခြင်းဒုက္ခရှိခဲ့သော် ချမ်းသာခြင်းသုခမည်သည်ရှိသကဲ့သို့။ကာမ ရူပအရူပဘဝသုံးပါးရှိခဲ့က ထိုဘဝ၏ကင်းရာကင်းကြောင်းဖြစ်သောနိဗ္ဗာန်မည်သည်ရှိရာ၏။ ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်းဟူသော သံသရာရှိခဲ့သော် ထိုသံသရာ၏ ကင်းရာကင်းကြောင်းဖြစ်သောနိဗ္ဗာန်တရားမည်သည် ထင်ရှားရှိသည်ဖြစ်ရာ၏။ ဤသို့စသည်အနုမာနဉာဏ်ဖြင့်ဆ၍ ငါတို့မြတ်စွာဘုရားအလောင်းတော်ရှင်သုမေဓာသည် နိဗ္ဗာန်ရှိသည်၏ အဖြစ်ကို သိတော် မူသည်။ ။ဒုက္ခေ ဝိဇ္ဇမာနမှိ။သုခံနာမ။ဝိဇ္ဇတိ။ဘဝေ ဝိဇ္ဇမာနေ။ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော။ ။ဥဏှေ ဝိဇ္ဇမာနမှိ။ ဗုဒ္ဓဝံသအဋ္ဌကထာ။

ပုနဗ္ဘဝေါနာမ။ မိမိပြုအပ်သောကံသည် ဂတိငါးပါးတွင် ထိုက်သည် အားလျော်စွာတပါးပါးသောဂတိ၌ပဋိသန္ဓေနေခြင်းအား ဖြင့်တဖန် ဘဝသစ်၌ ဖြစ်ရခြင်းမည်သည်။ ဒုက္ခာ။ ဆင်းရဲ၏။ သဒိ ရသာ။ပဋိသန္ဓေစွဲနေကမချွတ်သေရလတ့်ဖြစ်၍ ပဋိသန္ဓေအားဖြင့်ဖြစ် ပြီးသောခန္ဓာကိုယ်၏။ဘေဒနဥ္စ။အကျိတ်အခဲအမြဲမတည်ပျက်စီးရတော သေဆုံးရခြင်းသည်လည်း။ဒုက္ခံ။၏။ ဇရာယ။အိုခြင်းသည်။ အဘိမဒ္ဒနံ။ နှိပ်စက်အပ်သည်ဖြစ်၍။ဝါ။အပ်သော။ သံဝေ့ာဟမရဏဥ္စ။တွေတွေဝေ ဝေသေရ ခြင်းသည်လည်း။ ဒုက္ခံ။၏။ ယသ္မာစ။ ကြောင့်လည်း။ သဟံ သောအဟံ။ ထိုငါသည်။ ဇာတိဓမ္မော။ပဋိသန္ဓေစွဲနေရခြင်းသဘောရှိ သည်ဖြင်း။ ဇရာဓမ္မော။ အိုခြင်း သဘော ရှိသည်ဖြင်း။ ဗျာဓိဓမ္မော။ နာ ခြင်းသဘောရှိသည်ဖြင်း။ အမ္ဘိ။ဖြစ်ချေ၏။ တသ္မာ။ထိုသို့ပဋိသန္ဓေနေရ ခြင်းနာရအိုရ သေရခြင်း၏ ဆင်းရဲသည်၏အဖြစ်။ ငါအားလည်းထိုပဋိ သန္ဓေနေရခြင်းနာရခြင်းအိုရခြင်းသေရခြင်းဆင်းရဲတို့ရှိသည်၏အဖြစ် ကြောင့်။အဇရံ။ မအိုရာမအိုကြောင်းဖြစ်သော။ အမတံ။မသေရာမသေ ကြောင်း ဖြစ်သော။ ခေမံ။ ဘေး ဒုက္ခဟူသမျှ ကင်းငြိမ်းရာ ကင်းငြိမ်း ကြောင်းဖြစ်သော။နိဗ္ဗုတိံ။နိဗ္ဗာန်ကို။ပရိယေသိဿာမိ။ရအောင်ရှာအံ့။ ဣတိ။သို့။တဒါ။ ထိုသုမေဓာဖြစ်သောအခါ၌။ အဟံ။ သုမေဓာဖြစ်သော ငါဘုရားသည်။စိန္တေသိံ။ကြံပြီ။ ။ဤသို့စသည်ဖြင့် သူတော်ကောင်း တို့ကြံစည်ဆင်ခြင်သကဲ့သို့ အဖန်ဖန်ပဋိသန္ဓေနေရခြင်းဇာတိဒုက္ခ။အိုရ ခြင်းဇရာဒုက္ခ။နာရခြင်းဗျာဓိဒုက္ခ။သေရခြင်းမရဏဒုက္ခ ဖြတ်နိုးစုံမက် နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းကွဲပြားရခြင်း ပိယ ဝိပ္ပယောဂဒုက္ခ။ မချစ်မနှစ်သက်အပ်မုန်းအပ်သော ရန်သူစသောသတ္တ ဝါသင်္ခါရတို့နှင့်တွေ့ကြုံပေါင်းဆုံရခြင်းအပိယသမ္ပယောဂဒုက္ခ။အလိုရှိ အပ် တောင့်တအပ်သော ဝတ္ထုကို မရခြင်းဣစ္ဆိတာလာဘဒုက္ခ။ သား မယားဆွေမျိုးတို့၏သေဆုံးပျက်စီးခြင်းဟူသောဉာတိဗျသန။ရပြီးသော စည်းစိမ်ဥစ္စာရာထူး၌ာနစသည်မှဆုတ်ယုတ် ရွေ့လျော့ပျက်စီးခြင်းဟူ သောဘောဂဗျသန။ အနာရောဂါစွဲရောက်နှိပ်စက်ခြင်းဟူသောရောဂ ဗျသနစသည်ကိုစွဲ၍ အဖန်တလဲလဲ စိုးရိမ်ပင်ပန်းရခြင်း သောကဒုက္ခ။ သားမယားဆွေမျိုးဥစ္စာစည်းစိမ်စသည်ပျက်ခြင်းကြောင့်ငိုကြွေးမြည် တမ်းရခြင်း ပရိဒေဝဒုက္ခ။ ငရဲသူတို့တွေ့ရောက် ခံစားရသောဆင်းရဲ

ပြိတ္တာ တိရစ္ဆာန်အသူရကာယ်တို့ တွေ့ရောက်ခံစားရသောဆင်းရဲဟူသောအပါယိကဒုက္ခဤသို့အစရှိသောဒုက္ခတို့ကို၎င်း။ မိမိ၏ထိုဒုက္ခတို့မှမကင်းလွတ်သေးသည်၏ အဖြစ်ကို၎င်း။ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သို့မျက်မှောက်ပြုသောအားဖြင့် မရောက်သေးသမျှ ကာလပတ်လုံးထိုဒုက္ခတို့စီးကမ်း အပိုင်းအခြားမရှိ လက်စသတ် မပြတ်မစဲ မဆုံးနိုင်။ ထိုနိဗ္ဗာန်သို့ရောက်မှသာ ပြတ်စဲကုံငြိမ်းနိုင်မည်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းကောင်းသောအကျင့်ကို ကျင့်ဆောင်အားထုတ်ရာသည်။ အရိယမဂ်ကိုနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော နိရောဓဂါမိနီပဋိပဒါဟူ၍ဟောတော်မူသည်။ ယင်းကိုသာမဟုတ်ဒါနသီလစသောပါရမီဝိပဿနာတို့ကိုလည်းနိဗ္ဗာန်ရောက်ကြောင်းအကျင့်နိရောဓဂါမိနီပဋိပဒါဟူ၍ပင်ပြတော် မူသည်ဖြစ်၍။ ဒါနသီလ စသော တရားကိုအားထုတ်ကျင့်ဆောင်ရာသည်။ ထိုဒါနစသော တရားသည် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဖြစ်သည်ဟူသော်လည်းမဂ်ဖိုလ် နိဗ္ဗာန်တို့ကိုတောင့်တရည်ရော်၍ပြုသော ဝိဝဋ္ဋနိဿိတ ဝိဝဋ္ဋူပနိဿယဖြစ်သော ကုသိုလ်ဖြစ်မှသာနိဗ္ဗာန်သို့ ရောက်စေ နိုင်သည်။ လူနတ်စည်းစိမ်မျှကို တောင့်တ ရည်ရော်၍ပြုအပ်သောဒါနစသော ကုသိုလ်သည်ဝဋ္ဋနိဿိတဖြစ်၍ လူနတ်တို့စည်းစိမ်မျှကိုသာ ပေးနိုင် ဖြစ်စေနိုင်သည်။ နိဗ္ဗာန်သို့ မရောက်စေနိုင်။ ယင်းသို့လူနတ်စည်းစိမ်မျှကိုသာ ရကလည်းမမြဲသောဂတိရှိသည်ဖြစ်၍ပြဆိုခဲ့ပြီးသောဒုက္ခတို့မှ မလွတ်မကင်းနိုင်။ ထိုဒုက္ခသို့ ကျရောက်မြဲသာကျရောက်သည်ဖြစ်၍။ ထိုဒုက္ခဟူသမျှမှကင်းလွတ်ရခြင်းငှါမဂ်ဖိုလ်နိဗ္ဗာန်ကိုတောင့်တ၍ ဝိဝဋ္ဋူပနိဿယဖြစ်သောဒါနစသည်ကိုသာပြုရာသည်။ ယင်းသို့ပြုမှသာ နိရောဓ သစ္စာ ဖြစ်သော နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်။ ၎င်းနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သောပုဂ္ဂိုလ်သည်နိရောဓသစ္စာဟူကအရိယမဂ်ဟူသော နိရောဓဂါမိနီပဋိပဒါနှင့်မကင်းကောင်း သောကြောင့် အရိယမဂ်ကိုလည်းရ၏။ ယင်းသို့မဂ်ကို ရကလည်းထိုအရိယမဂ်သည်သမုစ္ဆေဒအားဖြင့် ကိလေသာတို့ကိုအကြွင်းမဲ့ပယ်ဖျက်ကုံငြိမ်းစေသောကြောင့် ကိလေသာတို့၏အကြွင်းမဲ့ကုံငြိမ်းပြတ်စဲ ခြင်းဟူသော သဥပါဒိ သေသနိဗ္ဗာန် ကိလေသ ပရိနိဗ္ဗာန်ဖြစ်သောကိလေသဝဋ်ပြတ်ခြင်းဟူသော အကျိုးကိုလည်းရ၏။ ကိလေသဝဋ်ပြတ်ကလည်းတဏှာဟူသော သဟဲအားပေးအစေးမှ ခန်းချောက်

သဖြင့်ကုသိုလ်ကံ အကုသိုလ်ကံဟူသမျှ ပဋိသန္ဓေကိုဖြစ်စေနိုင် သောအစွမ်းသတ္တိ အဟုန်ကုံမဲ့ ကင်းပြတ်ခြင်းဟူသော ကမ္မဝဋ် ပြတ်ခြင်းအကျိုးကိုလည်းရ၏။ ကမ္မဝဋ် ပြတ်ကလည်း အကြောင်း ရှိမှ အကျိုးဖြစ်သည်အကြောင်းကံမရှိသော် အကျိုးဝိပါက်စသည်တို့ မဖြစ်ကောင်းရကားဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးဝိပါကဝဋ်တရား၏ဇာတိဘဂ်ကျွဏနောင် ပဋိသန္ဓေကိုဋ္ဌတပ်၍ မဖြစ်နိုင်သောမဖြစ်ခြင်းဟူသောကုံပျက်ပြတ်ကင်းချုပ်ငြိမ်းခြင်း အနုပါဒိသေသနိဗ္ဗာန် နိရုပဓိသေသနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်ဖြစ်သော ဝိပါကဝဋ်ပြတ်ခြင်း ဟူသောအကျိုးကိုလည်းရ၏။ ။နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်အရိယမဂ်ကိလေသဝဋ်ပြတ်ခြင်း ကမ္မဝဋ် ပြတ်ခြင်း ဝိပါကဝဋ် ပြတ်ခြင်း တို့သည်အကြောင်း အကျိုးအားဖြင့် တပါးနှင့်တပါး မကင်းကောင်း။ အရိယမဂ်သည်နိဗ္ဗာန်ကိုအာရုံပြုရ၍သာကိလေသာတို့ကိုကုံပြတ်စေနိုင်သည်။ကိလေသာဝဋ်ပြတ်မှလည်း ကမ္မဝဋ်ပြတ်သည်။ ကမ္မဝဋ်ပြတ်မှသာလည်းဝိပါကဝဋ်ပြတ်သည်ဖြစ်၍ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်အရိယမဂ်အားအာရမဏသတ္တိဖြင့် ကျေးဇူးပြုသည်။ဝဋ်သုံးပါးပြတ်ခြင်းအားဥပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုသည်။ ။တစုံတခု ဒါနစသောကောင်းမှုကိုပြု၍ ဤကောင်းမှုကြောင့် ပဋိသန္ဓေနေခြင်းအိုခြင်းနာခြင်းသေခြင်းဆင်းရဲမှကင်းရပါလို၏။ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ရပါလို၏။နိရုပဓိသေသနိဗ္ဗာန်သို့ရောက်ရပါလို၏။ခန္ဓပရိနိဗ္ဗာန်သို့ရောက်ရပါလို၏။ ဝိပါကဝဋ်ပြတ်ခြင်းသို့ရောက်ရပါလို၏။ ဤသို့စသည်ဖြင့်ဝိပါကဝဋ်ပြတ်ခြင်းကို တောင့်တ ဆုပန်သော်၎င်း။ ဤကောင်းမှု ကြောင့်ကမ္မဝဋ် ပြတ်ခြင်းသို့ ရောက်ရပါလို၏။ ဤသို့စသည်ဖြင့် ကမ္မဝဋ်ပြတ်ခြင်းကိုတောင့်တဆုပန်သော်၎င်း ဤကောင်းမှုကြောင့် ကိလေသာကုံငြိမ်းရပါလို၏။ ကုံငြိမ်းခြင်းသို့ရောက်ရပါလို၏။ သဉပါဒိသေသနိဗ္ဗာန်သို့ရောက်ရပါလို၏။ ကိလေသပရိနိဗ္ဗာန်သို့ရောက်ရပါလို၏။ကိလေသဝဋ်ပြတ်ခြင်းသို့ ရောက်ရပါလို၏။ ဤသို့စသည်ဖြင့် ကိလေသဝဋ်ပြတ်ခြင်းကိုတောင့်တဆုပန်သော်၎င်း။ ဤကောင်းမှုကြောင့် အရိယမဂ်ကိုရပါလို၏ စသည်ဖြင့် အရိယ မဂ်ကို တောင့်တ ဆုပန် သော်၎င်း။ ဤကောင်းမှုကြောင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလို၏။ ပြုနိုင်ရပါလို၏။ဤသို့စသည်ဖြင့် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုဆုပန်တောင့်တသော်

ဍင်း။ ဤသို့မိမိဉာဏ်အားထင်ရာ နှစ်ခြိုက်ရာ တပါးပါးကိုပင် ရည်မှတ်တောင့်တဆုပန်သော်လည်းအလုံးစုံကိုပင်ရ၏။ဟုမှတ်ရာ၏။ ။

အချို့ကား ယခင်ပြဆိုခဲ့ပြီးသော ဇာတိဂုတ်ပါဠိတော်၌လာသောသဥပါဒိသေသနိဗ္ဗာနဓာတ်အရကိုအရဟတ္တဖိုလ်ကိုကောက်ယူ၏။ ။အရဟတ္တဖိုလ်ကိုပရိယာယ်ဥပစာရအားဖြင့်အချို့သော်အရာ၀ယ်သဥပါဒိသေသနိဗ္ဗာနဟုဟောပြလာရှိသော်လည်း။ ဤဇာတိဂုတ်ပါဠိတော်အရာ၌မကောက်မယူသင့်။ ။အရဟတ္တဖိုလ်ကိုနိဗ္ဗာနဟူ၍ဍင်းသဥပါဒိသေသနိဗ္ဗာနဟူ၍ဍင်း ကိလေသပရိနိဗ္ဗာနဟူ၍ဍင်း အနုပါဒါပရိနိဗ္ဗာနဟူ၍ဍင်းရာဂက္ခယစသည်ဟူ၍ဍင်း ဟောပြသောအရာကားရှိ၏။ထိုတွင်ချဒ္ဒကပါဠ္ဍပါဠိတော်သုတ္တနိပါတ်ပါဠိတော်တို့၌ဟောတော်မူအပ်သော။ ။အရိယသစ္စာနဒဿနံ။ နိဗ္ဗာနသစ္ဆိကိရိယာစ။ ။ဟူသောမင်္ဂလသုတ်ဂါထာ၀ယ် နိဗ္ဗာနသစ္ဆိကိရိယာစ၌ အရဟတ္တဖိုလ်ကိုနိဗ္ဗာန်ဟူ၍ဟောတော်မူသည်။ ။ဤနိဗ္ဗါနသစ္ဆိကိရိယာစ၌အရဟတ္တဖိုလ်ကိုနိဗ္ဗာန်ဟုဟောတော်မူသည်၏အဖြစ်။နိဗ္ဗာနအရကိုအရဟတ္တဖိုလ်ကိုယူအပ်သည်၏အဖြစ်ကို။ ။နိဗ္ဗာနသစ္ဆိကိရိယာနာမ ဧတ္ထအရဟတ္တဖလံ အဓိပ္ပေတံ။ ။နိဗ္ဗာနသစ္ဆိကိရိယာနာမ။ နိဗ္ဗာနသစ္ဆိကိရိယမည်သည်။ ဧတ္ထ။ နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာကိုဟောပြသော ဤမင်္ဂလာသုတ်အရာ၌။အရဟတ္တဖလံ။အရဟတ္တဖိုလ်ကို။အဓိပ္ပေတံ။နိဗ္ဗာန်ဟုလိုအပ်၏။ ။ဤသို့ပြဆိုသောဍင်းအဖွင့်ချဒ္ဒကပါဌအဋ္ဌကထာကိုထောက်သဖြင့်သိအပ်၏။ ။ပရိညာပဟာန သစ္ဆိကိရိယာ ဘာ၀နာဘိ သမယ၀သေန။ စသည်ဟူရာ။ ။စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ။ဟူရာတို့၌ကဲ့သို့။ ဤ၌အရိယမင်္ဂဖြင့်မျက်မှောက်ပြုအပ်သောအရိယမင်္ဂ၏ အာရုံဖြစ်သောနိဗ္ဗာန်ကိုမယူမူ၍ အရဟတ္တဖိုလ်ကိုယူအပ်သည်၏အဖြစ်ကို အဘယ်ကြောင့်အဋ္ဌကထာဆရာ သိလေသနည်းဟူမူ။ ။အရိယမင်္ဂ၏ အာရုံဖြစ် သောနိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဟူသော သစ္ဆိကိရိယာမင်္ဂလာကို အရိယသစ္စာနဒဿနံ ဟူသောရှေ့ပုဒ်ဖြင့် ပြဆိုပြီးဖြစ်သောကြောင့်သိသည်။ဟူလေ။ ။ထိုကြောင့်ဍင်းအဋ္ဌကထာ၌။ ။ဇာတရဿပနနိဗ္ဗာနဿအရိယသစ္စာနဒဿနေနေ၀ သစ္ဆိကိရိယာသိဒ္ဓါ။ ။ဟုမိန့်ဆိုတော်မူသည်။ ။ဇာတရဿ။ အရဟတ္တဖိုလ်မှ တပါးသော၊ နိဗ္ဗာနဿ။မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကို။ သစ္ဆိကိရိယာပန။ မျက်မှောက်ပြု

ခြင်းဟူသော မဂ်လာသည်ကား။ အရိယသစ္စာနုဒဿနေနဝ။ အရိယ သစ္စာနုဒဿနံ ဟူသောပုဒ်ဖြင့်ပင်လျှင်။ ဝါ။အရိယသစ္စာလေးပါးကိုမြင် ခြင်းဟူသော မဂ်လာဖြင့်ပင်လျှင်။ သိဒ္ဓါ။ပြီး၏။ ။တဿပတ္တိဝါပစ္စ ဝေက္ခနာဝါ သန္တိကံရိယာနာမ။ ။ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ အရိယမဂ်ဖြင့်ကိစ္စလေးပါးကိုတပြိုင်နက် ပြီးစေလျက်နိဗ္ဗာန်ကိုအာရုံပြု ခြင်းဟူသော မျက်မှောက်ပြုခြင်းသာလျှင် စင်စစ်သန္တိကံရိယ ဖြစ်ရ ကား။ ဤ၌အရဟတ္တဖိုလ်ကိုရခြင်းရောက်ခြင်း။ မဟာကြံယာပစ္စဝေက္ခ နာဓောဖြင့် အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်းသာလျှင် သန္တိကံရိယမည် သည်။ဟုယူ။ ။တဿ။ ထိုအရဟတ္တဖိုလ်သို့။ ပတ္တိဝါ။ ရောက်ခြင်း သည်၎င်း။ပစ္စဝေက္ခနာဝါ။ မဟာကြံယာပစ္စဝေက္ခနာဉာဏ်ဖြင့်ဆင်ခြင် ခြင်းသည်၎င်း။ သန္တိကံရိယာနာမ။ သန္တိကံရိယမည်၏။ ။ထိုအရ ဟတ္တဖိုလ်သည်အဘယ်ကြောင့် နိဗ္ဗာနမည်ရလေသနည်း။ဟူမူ။ ။ အရဟတ္တမဂ်သည်သမုစ္ဆေဒအားဖြင့်အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍အ လုံးစုံသော ကိလေသာတို့၏တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ငြိမ်း ခြင်းသည်မုချအားဖြင့်နိဗ္ဗာနမည်၏။ ထိုကိလေသာအလုံးစုံတို့၏ တဖန် အသစ် မဖြစ်ကောင်းသော မဖြစ်ခြင်းဟူသော ငြိမ်းခြင်းနိဗ္ဗာန် သည် အရဟတ္တမဂ္ဂက္ခဏ၌ဖြစ်ရကားအရဟတ္တမဂ္ဂါနန္တရဖြစ်သောအရဟတ္တ ဖိုလ်သည်ထိုကိလေသာတို့၏ ငြိမ်းခြင်း၏အခြားမဲ့ဟူသော အနီး၌ဖြစ် သောကြောင့်ထိုကိလေသာတို့ငြိမ်းခြင်း၏နိဗ္ဗာနဟူသောအမည်ကိုထို ကိလေသာ ငြိမ်းခြင်း အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမိပူ ပစာရအားဖြင့် နိဗ္ဗာနမည်သည်။ ဟူလေ။ ။ဤကား။ ။နိဗ္ဗာနန္တိ စေတ္တအရဟတ္တဖလံအဓိပ္ပေတံ။တံဟိကိလေသပရိနိဗ္ဗာနန္တေ ဇာတတ္တာ နိဗ္ဗာနံနာမ။ ။ဟူသောနေတ္တိဋီကာနှင့်အညီတည်း။ ။ဋ္ဌေစ။ဤအ ရာ၌ကား။ အရဟတ္တ ဖလံ။ အရဟတ္တ ဖိုလ်ကို။ နိဗ္ဗာနန္တိ။ နိဗ္ဗာနဟူ၍။ အဓိပ္ပေတံ။အလိုရှိအပ်၏။ဟိသစ္စံ။မှန်၏။တံ။ထိုအရဟတ္တဖိုလ်သည်။ကိ လေသပရိနိဗ္ဗာနန္တေ။အရဟတ္တမဂ်သည် အကြွင်းမဲ့ဖျက်ပယ်အပ်သည် ဖြစ်၍ကိလေသာတို့၏ တဖန်အသစ်မဖြစ်နိုင်သော မဖြစ်ခြင်းဟုဆိုအပ် သော ကိလေသာတို့၏ ကုံစင် ကြွင်းမဲ့ ငြိမ်းခြင်း ဟူသော ကိလေသာ ပရိနိဗ္ဗာန်၏အနီး၌။ ဇာတတ္တာ။ ဖြစ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနံနာမ။ နိဗ္ဗာနမည်၏။ ။တနည်းလည်း။ ။တံပိဟိ ပဋ္ဌဂတိ ဝါနနေနဝါန

သညိတာယတဏှာယနိက္ခန္တတ္တာနိဗ္ဗာနန္တိပဝုစ္စတိ။ ။ဟူသောချဒ္ဒကပါဌ အဋ္ဌကထာနှင့်အညီ။ သတ္တဝါတို့ကိုသံသရာဝဋ်မှ မကင်းမကျွတ်မလွတ်နိုင်အောင်ဒေဝမနုဿ နိရယပေတတိရစ္ဆာနဟူသောဂတိငါးပါးတို့၌မပြတ်မချာအခါခါ အထပ်ထပ်ဖြစ်စေတတ်သောအားဖြင့်တင်းထိမ် ကလကာ အစရှိသည့် တို့ကို ချုပ်စပ်သော သူသည် တစပ်နှင့်တစပ်ကို ချုပ်စပ်ဘိသကဲ့သို့ ဂတိတပါးနှင့် တပါးကို ချုပ်စပ်တတ်သောကြောင့်ဝါနမည်သောဘဝဝိသယတဏှာ၏ တောင့်တစွဲလမ်းရာအာရုံ၏အဖြစ်ကို လွန်သောအားဖြင့် ထိုဝါနမည်သော တဏှာမှထွက်မြောက်သောကြောင့် အရဟတ္တဖိုလ်သည်ပင်မှချအားဖြင့် နိဗ္ဗာနမည်သည်။ဟူလေ။ ။ဟိသစ္စံ။နိဗ္ဗာနသန္တိကိရိယာ မဂ်လာအရာ၌နိဗ္ဗာနမည်သည်အရဟတ္တဖိုလ်ကိုလိုအပ်၏ဟု ငါဆိုသောစကားမှန်၏။ တံပိ။ ထိုအရဟတ္တဖိုလ်ကိုလည်း။ ပဉ္စဂတိဝါနနေန။ ဂတိငါးပါးတို့ကို တပါးနှင့်တပါး ချုပ်စပ်တတ် သောကြောင့်။ ဝါနသညိတာယ။ ဝါနဟုမှည့်ခေါ်ဝေါ်ပညတ် သမုတ်အပ်သော။ တဏှာယ။ တဏှာမှ။ နိက္ခန္တတ္တာ။ ကင်းလွတ် ထွက်မြောက်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ။နိဗ္ဗာနဟူ၍။ ပဝုစ္စတိ။ဆိုအပ်၏။ ၊သဉပါဒိသေသနိဗ္ဗာနဓာတုပိဋ္ဌာ။ ။ဟူသောနေတ္တိပါဠိတော်၌ အရဟတ္တဖိုလ်ကို သဉပါဒိသေသနိဗ္ဗာန်ဟူ၍ ဟောတော်မူသည်။ ။ဤ၌သဉပါဒိသေသ နိဗ္ဗာနဓာတုအရကို အရဟတ္တဖိုလ်ကိုယူအပ်သည်၏ အဖြစ်ကိုလည်း။ ။သဉပါဒိသေသ နိဗ္ဗာနဓာတုတိအရဟတ္တဖလံအဓိပ္ပေတံ။ တဥ္ဟိပညာပဓာနန္တိအာဟာသဉပါဒိသေသာနိဗ္ဗာန ဓာတုပိဋ္ဌာတိ။ ။ဟူသောနေတ္တိ အဋ္ဌကထာကို ထောက်သဖြင့်သိအပ်၏။ ။သဉပါဒိသေသ နိဗ္ဗာနဓာတုပိဋ္ဌာ။ အရဟတ္တမဂ်သည်အကြွင်းမဲ့ ပယ်အပ်သောကိလေသာမှကြွင်းသော ဉပါဒါနက္ခန္ဓာဟူသောဉပါဒိနှင့်တတွဖြစ်သော ကိလေသာတို့တဖန် အသစ်မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်း၏ သဉပါဒိသေသ နိဗ္ဗာနဓာတုဟူသော အမည်ကို ထိုကိလေသာတို့ငြိမ်းခြင်း၏ အနီး၌ဖြစ်၍ထိုငြိမ်းခြင်းအနီးရှိသော အရဟတ္တဖိုလ်၌ သမီပူပစာရအားဖြင့် တင်စား၍ သဉပါဒိ သေသ နိဗ္ဗာနဓာတုမည်သော အရဟတ္တ ဖိုလ်နှင့် ရှဉ်သော ပညာ။ ။အရဟတ္တဖလံ။ အရဟတ္တဖိုလ်ကို။ သဉပါဒိသေသ နိဗ္ဗာနဓာတူတိ။ သဉပါဒိသေသ နိဗ္ဗာနဓာတုဟူ၍။ အဓိပ္ပေတံ။ဤ၌လိုအပ်၏

တဒ္ဓ။ ထိုအရဟတ္တဖိုလ်သည်လည်း။ ပညာပဓာနံ။ပညာပြဓာန်းခြင်း ရှိ၏။
ဉာတိတဿ။ ထိုကြောင့်။ သဥပါဒိသေသနိဗ္ဗာနဓာတုပိဋ္ဌာတိ။ ဋ္ဌာပတိ ဟူ၍။
အာဟ။ဟောတော်မူ၏။ ။အာယုနော ဝေမတ္တံ အနတိက္ကမိတွာ အန္တရာ
ဝက်လေသပရိနိဗ္ဗာနံ အရဟတ္တံ ပတွော အန္တရာပရိနိဗ္ဗာယိနာမ။ ။ဟူ
သော သုတ်ပါဠိ ထေယသံဂီတိ သုတ်အဋ္ဌကထာ၌ အရဟတ္တဖိုလ်ကို ကိ
လေသပရိနိဗ္ဗာန်ဟူ၍မိန့်ဆိုတော်မူသည်။ ။အာယုနော။ သုဒ္ဓါဝါသ
ငါးဘုံတွင်မိမိဖြစ်ရာဘုံ၌အသက်အပိုင်းအခြားကာလ၏။ ဝေမတ္တံ။ထက်
ဝက်ဖြစ်သောအလယ်ကို။အနတိက္ကမိတွာ၊မလွန်မူ၍။ အန္တရာဝ။အလယ်
ကာလမှရှေ့ အဘို့ဟူသောအတွင်း၌သာလျှင်။ ကိလေသပရိနိဗ္ဗာနံ။ ကိ
လေသပရိနိဗ္ဗာန်ဟုဆိုအပ်သော။အရဟတ္တံ။ အရဟတ္တဖိုလ်သို့။ ပတွော။
ရောက်သောအနာဂါမ်ပုဂ္ဂိုလ်သည်။အန္တရာပရိနိဗ္ဗာယိနာမ။အန္တရာပရိ
နိဗ္ဗာယိမည်၏။ ။အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ အာဝုသော ဘဂဝတိ ဗြဟ္မ
စရိယံ ဝုဿတိ။ ။အစရှိသော ဝိသုဒ္ဓိ ၇ ပါး အစဉ်အားဖြင့် ရောက်အပ်
သော ဥာဏဒဿနဝိသုဒ္ဓိ၏အကျိုးကိုပြရာ။ ။မူလပဏ္ဏာသပါဠိတော်
ရထဝိနီတသုတ်၌ ဂဟဏုပါဒါနဝါဒီဆရာတို့ အလိုအားဖြင့် အရဟတ္တ
ဖိုလ်သည်အနုပါဒါ ပရိနိဗ္ဗာနမည်ကြောင်းကို။ ၎င်းအဋ္ဌကထာ၌။ ။
တတ္ထဂဟဏုပါဒါ နဝါဒိနော အာစရိယာအနုပါဒါ ပရိနိဗ္ဗာနန္တိ စတ္တာရော
ဥပါဒါနေ သုအညတရေနာပိ ကိဉ္စိဓမ္မံ အဂဟေတွာ ပဝတ္တံ အရဟတ္တ
ဖလံ အနုပါဒါပရိနိဗ္ဗာနန္တိ။ကထေန္တိ။ တံဟိ နစဥပါဒါနသမ္ပယုတ္တံ ဟုတွာ
ကိဉ္စိဓမ္မံ ဥပါဒိယတိ ကိလေသာနဉ္စ ပရိနိဗ္ဗာနန္တေ ဇာတတ္တာ ပရိနိဗ္ဗာနန္တိ
ကထေန္တိ။ ။ဟုပြဆိုတော်မူ၏။ ။တတ္ထ။ထိုဥပါဒါန် လေးပါးဟူ
သော ဂဟဏုပါဒါန်။ အဝိဇ္ဇာ ပစ္စယာသင်္ခါရာ စသည်၌ ပစ္စယကဲ့သို့
သော ပစ္စယ ဥပါဒါန် နှစ်ပါးတို့တွင်။, ဂဟဏုပါဒါနဝါဒိနော။ အနုပါဒါပရိ
နိဗ္ဗာနတ္ထံ၌ ဥပါဒါအရကို ဂဟဏုပါဒါန်ဟု ဆိုလေ့ရှိကုန်သော။ အာစရိ
ယာ။ ဆရာတို့သည်။ အနုပါဒါပရိနိဗ္ဗာနန္တိထ္တ။ အနုပါဒါပရိနိဗ္ဗာနံ ဟူ
သော ဤအရာ၌။ စတ္တာရော။ လေးပါးကုန်သော။ ဥပါဒါနေသု။ ဥပါဒါန်တို့
တွင်။ အညတရေနာပိ။ တပါးပါးဖြင့်လည်း။ ကိဉ္စိဓမ္မံ။ တစုံတခုသော
တရားကို။ အဂဟေတွာဝ။ မယူမူ၍သာလျှင်။ ပဝတ္တံ။ ဖြစ်သော။ အရ
ဟတ္တံ။အရဟတ္တဖိုလ်ကို။အနုပါဒါပရိနိဗ္ဗာနန္တိ။ အနုပါဒါပရိနိဗ္ဗာနန္တိ ဟူ
၍။ကထေန္တိ။ဆိုကုန်၏။ဟိသစ္စံ။မှန်၏။တံ။ထိုအရဟတ္တဖိုလ်သည်။ဥပါဒါ

နသမ္ပယုတ္တံ။ဥပါဒါနှင့်ရှဉ်သည်။ဟုတ္တွာ။ဖြစ်၍။ကိဉ္စိဓမ္မံ။ တစုံတခုသော တရားကို။နဥပါဒိယတိ။ ငါငါ၏ကိုယ်စသည်ဖြင့်မစွဲလမ်း။ ကိလေသာ နံ။ ကိလေသာတို့၏။ ပရိနိဗ္ဗာနန္တေ။ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ် ဖျက်အပ်သည်ဖြစ်၍ တဖန်အသစ် မဖြစ်နိုင်သော်အားဖြင့်မဖြစ်ခြင်းဟူ သောထက်ဝန်းကျင်ငြိမ်းခြင်း၏အနီး၌။ ဓာတတ္တာစ။ ဖြစ်သည်၏အဖြစ် ကြောင့်လည်း။ပရိနိဗ္ဗာနံ။ ပရိနိဗ္ဗာနမည်၏။ ဣတိ။ဤသို့။ ကထေန္တိ။ဆို ကုန်၏။ ။ဤမူလပဏ္ဏာသအဋ္ဌကထာကိုထောက်၍ပင် အရဟတ္တဖိုလ် ကိုသမီပူ ပစာရအားဖြင့်ပရိနိဗ္ဗာနဟူ၍ဧင်းအနုပါဒါပရိနိဗ္ဗာနဟူ၍ ဧင်း ခေါ်ဆိုအပ်သည်၏အဖြစ်ကိုလည်းသိလေ။ ။အရဟတ္တံအရဟတ္တန္တိ အာဝုသောသာရိပုတ္တဝုစ္စတိ။ ကတမံနုခေါ် အာဝုသော သာရိပုတ္တအရ ဟတ္တန္တိ။ယောခေါ် အာဝုသောရာဂက္ခယော ဒေါသက္ခယောမောဟက္ခ ယော ဣဒံဝုစ္စတိအရဟတ္တံ။ ။ဟူသောဇမ္ဗုခါဒက သုတ်ပါဠိတော်၌ အရဟတ္တဖိုလ်ကိုရာဂက္ခယစသည်ဟူ၍လည်းဟောတော်မူသည်။ ။ ဤအရဟတ္တဖိုလ်သည် အဘယ်ကြောင့် ရာဂက္ခယစသည် မည်လေသ နည်းဟူမူ။ ။အရဟတ္တံပနခယန္တေဥပ္ပန္နတ္တာခယောတိဝုတ္တံ။ ။ဟူ သောအဘိဓမ္မာဝတာရအဋ္ဌကထာ။ ။ရာဂါဒီနံခယန္တေဥပ္ပန္နတ္တာအရ ဟတ္တံရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိဝုစ္စတိ။ ။ဟူ သောသမ္မောဟဝိနောဒနီအဋ္ဌကထာ။ ။ခယန္တေတိရာဂါဒီနံပရိက္ခယာ ဝသာနေ။ ။ဟူသောအဘိဓမ္မတ္ထဝိကာသနီဋီကာ။ ။ဤအဋ္ဌကထာ ဋီကာတို့နှင့်အညီအရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့်အ ကြွင်းမဲ့ပယ် ဖျက်အပ်သည်ဖြစ်၍ ရာဂအစရှိသည်တို့၏ တဖန်အသစ်မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသောကုံခြင်း၏ အဆုံးဖြစ်သောအနီး၌ ဖြစ်သော ကြောင့်ထိုရာဂစသည်ကုံခြင်း၏ ခယဟူသောအမည်ကိုထိုရာဂစသည် ကုံခြင်းလျှင် အနီးရှိသောအရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအား ဖြင့်အရဟတ္တဖိုလ်ကိုခယဟူ၍ဆိုအပ်သည်။ဟူလေ။ ။အရဟတ္တံပန။ အရဟတ္တဖိုလ် ကိုကား။ ခယန္တေ။ရာဂစသည်တို့ ကုံသည်၏ အဆုံးဖြစ် သောအနီး၌။ဥပ္ပန္နတ္တာ။ဖြစ်သည်၏ အဖြစ်ကြောင့်။ခယောတိ။ခယဟူ၍။ ဝုစ္စတိ။ဟောတော်မူအပ်၏။ ။ရာဂါဒီနံ။ရာဂအစရှိသည်တို့၏။ခယန္တေ။ ကုံသည်၏ အဆုံးဖြစ်သောအနီး၌။ဥပန္နတ္တာ။ ဖြစ်သည်၏အဖြစ်ကြောင့်။ အရဟတ္တံ။ အရဟတ္တဖိုလ်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခ

ယောတိ။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောဟူ၍။ ဝုစ္စတိ။ ၏။ ။ခယန္တေတိ။ခယန္တေဟူသည်ကား။ ရာဂါဒိနံ။ ရာဂအစရှိသည်တို့၏။ ပရိက္ခယာဝသာနေ။ ကုံသည်၏အဆုံးဖြစ်သောအနိုး၌။ ။အန္တော နိဋ္ဌသမီပေစာ။ ဝသာနေပဒပူရဏော။ ဒေဟာဝယဝေကောဋ္ဌာသေ။နာ သသီမာသုလာမကော။ ။နိဋ္ဌိ။ပုံသိင်နပုံလိင်ဖြစ်သော။ အန္တော။အန္တ သဒ္ဒါသည်။သမီပေစ။ အနိုးဟူသာအနက်၌ဂင်း။အဝသာနေစ။အဆုံးဟူ သော၌အနက်၌ဂင်း။ ပဒပူရဏောစ။ ပုဒ်ပြည့်ရုံမျှဟူသောပဒပူရဏ၌ဂင်း။ ဒေဟာဝယဝေစ။အရှသိမ်အရှမဟူသောကိုယ်အစိတ်၌ဂင်း။ကောဋ္ဌာသေ စ။အဘို့အစု၌ဂင်း။ နာသသီမာသုစ။ ပျက်စီးခြင်းဟူသောအနက်အပိုင်း အခြားဟူသောအနက်တို့၌ဂင်း။ လာမကေစ။ ယုတ်မာခြင်းဟူသောအ နက်၌ဂင်း။ ဘဝေ။ဖြစ်၏။ ။ဤသို့အန္တသဒ္ဒါအနိုး ဟူသော အနက်ကို ဟောကြောင်းကို အဘိဓာ နပ္ပဒီပကကျမ်း၌ ပြဆိုလာရှိသည် ဖြစ်၍ခ ယန္တေကိုပရိက္ခယာသန္နေ ဟူ၍သော်ဂင်း ပရိက္ခယာသမီပေ ဟူ၍သော် ဂင်းဖွင့်သင့်သည်ပင်။ ။ခယောတိဝါမဂ္ဂေါဝုစ္စတိ။ခယေဉာဏန္တိအာ ဒိသုပိယ။တဿအန္တေနိရောဓာဝသာနေဉပ္ပန္နတ္တာ ခယောတိဝုတ္တံကာရ ဏူပစာရေနဝါ သမီပူပစာရေနဝါ။ ။ဟူ၍တနည်း ပြသော အဘိ ဓမ္မတ္ထဝိဘာဝနီဋီကာအလိုအားဖြင့် ရာဂစသည်တို့ကို အကြွင်းမဲ့ကင်း ကုံစေတတ်သောကြောင့် ခယမည်သော မဂ်ချုပ်သည်၏အခြားမဲ့၌အ နိုးအဆုံး၌ဖြစ်သောကြောင့် အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ ဟူသောအမည်ကိုထိုအရဟတ္တမဂ်၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ကာရဏူပစာရအားဖြင့်သော်ဂင်း။ အနိုးဖြစ်သောအရဟတ္တ မဂ်၏ ခယဟူသောအမည်ကို ထိုအရဟတ္တမဂ်လျှင် အနိုးရှိသော အရ ဟတ္တဖိုလ်၌တင်စား၍သမီပူပစာရအားဖြင့်သော်ဂင်း အရဟတ္တဖိုလ်ကို ခယဟုဆိုအပ်သည်ဟူလို၏။ ။ဝါ။ကား။ခယေဉာဏန္တိအာဒိသု။တို့၌။ မဂ္ဂေါ။ကို။ခယောတိ။ဟူ၍။ ဝုစ္စတိပိယ။ကဲ့သို့။ မဂ္ဂေါ။ကို။ခယောတိ။၍။ ဝုစ္စတိ။၏။တဿ။ထိုကိလေသာအလုံးစုံကိုကုံစေတတ်၍ ရချခယမည် သောအရဟတ္တမဂ်၏။ အန္တေနိရောဓာဝသာနေ။ ဘင်၏အစွမ်းဖြင့်ချုပ် သည်၏အံဆုံးဟူသောအနိုး၌။ဉပ္ပန္နတ္တာ။ကြောင့်။ကာရဏူပစာရေနဝါ။ အကြောင်းဖြစ်ဘောအရဟတ္တမဂ်၏ခယဟူသောအမည်ကိုထိုမဂ်၏အ ကျိုးဖြစ်သောအရဟတ္တဖိုလ်၌ တင်စားသော ကာရဏူပစာရအားဖြင့်

သော်ဒင်း။ သမိပူပစာရေနဝါ။ အနီးဖြစ်သော အရဟတ္တမဂ်၏ ခယဟူသောအမည်ကိုထိုအရဟတ္တမဂ်လျှင် အနီးရှိသော အရဟတ္တဖိုလ်၌တင်စား၍ သမိပူပစာရအားဖြင့်သော်ဒင်း။ အရဟတ္တံ။ အရဟတ္တဖိုလ်ကို။ ခယောတိ။ခယဟူ၍။ဝုတ္တံ။၏။ ။ဒွေမာဘိက္ခဝေ နိဗ္ဗာနဓာတုယော။ကတမာဒွေသဉပါဒိသေသာစနိဗ္ဗာနဓာတုအနုပါဒိသေသာစနိဗ္ဗာနဓာတူတိ။အစရှိသည်ဖြင့်ဟောတော်မူအပ်သောဣတိဝုတ်ပါဠိတော်၌သဉပါဒိသေသနိဗ္ဗာနဓာတုအရကို အောက်၌ ပြဆိုခဲ့သည် အတိုင်းရာဂဿစရှိသောကိသေသာတို့၏ အဘာဝကိုသာ ကောက်ယူလေ။ ။ဤဣတိဝုတ်ပါဠိတော်၌အနုပါဒိသေသနိဗ္ဗာနဓာတုအရကိုလည်းရဟန္တာတို့၏စုတိခန္ဓာကိုအချို့ဆရာတို့ ကောက်ယူကုန်၏။ ။ထိုသို့ ကောက်ယူခြင်းသည် လည်းမိမိ၏ မိရာဣတိဝုတ်ပါဠိ အဋ္ဌကထာ တို့နှင့် ဖြောင့်ဖြောင့်ပင်ဆန့်ကျင်သောကြောင့်မသင့်သည်သာဟုမှတ်အပ်၏။ ။အဘယ်သို့ဆန့်ကျင်သနည်းဟူမူ။ခီဏာသဝတို့၏ စုတိခန္ဓာတို့သည် ထိုခီဏာသဝ တို့၏ ပစ္စက္ခဘဝ၌ပင် ဖြစ်ကုန်သည်။ အနုပါဒိသေသ နိဗ္ဗာနဓာတ်၏ခီဏာသဝတို့ခန္ဓာ ပျက်ကြွေစုတေ သေဆုံးပြီးသည်မှ နောက်အဘို့ဖြစ်သောကာလ၌သာဖြစ်ကြောင်းကို။ ။အနုပါဒိသေသာသမ္ပရာယိကာ။ ။ဟူ၍ဣတိဝုတ်ပါဠိတော်၌ဟောတော်မူသည်။ဒင်းအဋ္ဌကထာ၌လည်း။ ။သမ္ပရာယိကာတိသမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေဘာဝါ။ဟူ၍ပြဆိုတော်မူသည်။ ။ဤသို့ဆန့်ကျင်သည်ဟူလေ။ ။ခီဏာသဝတို့၏စုတိခန္ဓာဟူသောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့သည်လည်းတဏှာဒိဋ္ဌိတို့သည်တပ်မက်စွဲလမ်းအပ်၍ဉပါဒိမည်ကြကုန်သည်ချည်းသာ ထိုပါဒိသေသမည်သော စုတိခန္ဓာငါးပါး တို့လည်း တပါးအားတပါးရှိကုန်သည်သာ။ တပါးသည်တပါးနှင့် အတူတကွဖြစ်ကုန်သည်သာဖြစ်၍သဉပါဒိသေသနိဗ္ဗာနဓာတုသာဖြစ်သည်။အနုပါဒိသေသနိဗ္ဗာနဓာတုမဖြစ်။ ထိုကြောင့်လည်း။ အနုပါဒိသေသနိဗ္ဗာနဓာတုအရကိုခီဏာသဝ တို့၏စုတိခန္ဓာကို ကောက်ယူသောဆရာတို့၏ စကားကိုမသင့်ဟူ၍သာမှတ်အပ်သည်။ ။ခီဏာသဝတို့၏စုတိခန္ဓာကို အနုပါဒါပရိနိဗ္ဗာန ဟူ၍ဒင်းအပစ္စယပရိနိဗ္ဗာနဟူ၍ဒင်းဟောပြသောအရာကားရှိ၏။ ။ထိုတွင်။ ။နိဗ္ဗိဒါဝိရာဂတ္ထာယ။ဝိရာဂေါဝိမုတ္တတ္ထာယ။ဝိမုတ္တိဝိမုတ္တိဉာဏဒဿနတ္ထာယ။ ဝိမုတ္တိဉာဏဒဿနံအနုပါဒါပရိနိဗ္ဗာ

နုတ္တာယ။ ။ဟူသောပရိဝါပါဠိတော်၌အနုပါဒါပရိနိဗ္ဗာနဟူ၍ဟော
တော်မူသည်။ ။အနုပါဒါပရိနိဗ္ဗာနတ္ထာယာတိ အပစ္စယပရိနိဗ္ဗာနတ္ထာ
ယ။အပစ္စယပရိနိဗ္ဗာနသ ဟိတံပစ္စယောဟောတိ။ တသ္မိံအနုပ္ပတ္တေအ
ဝသာံပရိနိဗ္ဗာယိတဗ္ဗတောတိ။ ။ဟူသောပရိဝါအဋ္ဌကထာ။ ။အ
ပစ္စယ ပရိနိဗ္ဗာနတ္ထာယာတိ အာယတိံပဋိသန္ဓိယာ အကာရဏဘူတ
ပရိနိဗ္ဗာနတ္ထာယ၊ ပရိနိဗ္ဗာနံဟိနာမ ဝိဏာသဝါနံ သဗ္ဗပစ္စယာ ရတိစိတ္တ
ကမ္မဇရူပသန်္တတိ ခန္ဓာ။ တေစသဗ္ဗကာရဏေတာသရန္တိနာနုသယာတာ
ယပုနဗ္ဘဝါယအနန္တရာဒိပစ္စယာနဟောန္တိ။ ။တသ္မာအပစ္စယပရိနိဗ္ဗာ
နန္တိဝုစ္စတိ။ ။ဟူသောဝင်းအဖွင့်ဝိမတိဝိနောဒနီဋီကာတို၌။ အပစ္စယ
ပရိနိဗ္ဗာနဟူ၍ပြဆိုတော်မူကုန်သည်။ ။နိဗ္ဗိဒါ။ နိဗ္ဗိဒဉာဏ်သည်။ဝိ
ရာဂတ္ထာယ။ အရိယမဂ်ဟူသောအကျိုးငှာ။ ဟောတိ။၏။ဝိရာဂေါ။အရ
ဟတ္တမဂ်သည်။ဝိမုတ္တတ္ထာယ။ အရဟတ္တဖိုလ်ဟူသောအကျိုးငှာ။ ဟော
တိ။၏။ဝိမုတ္တိ။သည်။ဝိမုတ္တိဉာဏဒဿနတ္ထာယ။ဝိမုတ္တိဉာဏဒဿနဟူ
သောပစ္စဝေက္ခနာဉာဏ်အကျိုးငှာ။ ဟောတိ။၏။ဝိမုတ္တိဉာဏဒဿနံ။န
ဟူသောပစ္စဝေက္ခနာဉာဏ်သည်။ အနုပါဒါပရိနိဗ္ဗာနတ္ထာယ။ ဟူသော
အကျိုးငှာ။ဟောတိ။၏။ ။အနုပါဒါပရိနိဗ္ဗာနတ္ထာယာတိ။ယဟူသည်
ကား။ အပစ္စယပရိနိဗ္ဗာနတ္ထာယ။ တဖန်ဘဝသစ်အား ကျေးဇူးမပြုနိုင်
ခြင်းတဖန်ဘဝသစ်၏ အကြောင်းမဖြစ်နိုင်ခြင်းဟူသောထက်ဝန်းကျင်
အကြွင်းမဲ့ငြိမ်းခြင်းဟူသောအပစ္စယပရိနိဗ္ဗာန်အကျိုးငှာ။ဟိသစ္စံ။မှန်၏။
တံ။ ထိုပစ္စဝေက္ခနာဉာဏ်ဟူသောဝိမုတ္တိဉာဏဒဿနသည်။အပစ္စယ
ပရိနိဗ္ဗာနသ။ အပစ္စယပရိနိဗ္ဗာန်၏။ ပစ္စယော။အကြောင်းသည်။ ဟော
တိ။ဖြစ်၏။ကသ္မာ။ အဘယ်ကြောင့်။ တံ။သည်။ အပစ္စယပရိနိဗ္ဗာနသ။
၏။ပစ္စယော။သည်။ဟောတိ။ဖြစ်သနည်း။တသ္မိံ။ ထိုဝိမုတ္တိဉာဏဒဿ
နသို့။အနုပ္ပတ္တေ။ အစဉ်အားဖြင့်ရောက်သည်ရှိသော်။ အဝသာံ။မချွတ်။
ပရိနိဗ္ဗာယိတဗ္ဗတော၊ ပရိနိဗ္ဗာန်ပြုအပ်သည်၏အဖြစ်ကြောင့်။တံ။သည်။
အပစ္စယပရိနိဗ္ဗာနသ။၏။ ပစ္စယော။ သည်။ဟောတိ။၏။ ။အပစ္စယ
ပရိနိဗ္ဗာနတ္ထာယာတိ။ယဟူသည်ကား။အာယတိံ။ရဟန္တာတို့ရတိခန္ဓာ
ဘင်ကွဲဏမှနောင်လာလတ္တံ့သောကာလ၌။ ပဋိသန္ဓိယာ။ပဋိသန္ဓေအား။
ဝါ။၏။အကာရဏဘူတပရိနိဗ္ဗာနတ္ထာယ။အကြောင်းမဟုတ်သည်ဖြစ်၍
ဖြစ်သောပရိနိဗ္ဗာန်ဟူသောအကျိုးငှာ။ဟိဝိတ္ထာရေမိ။ ချဲဦးအံ့။ပရိနိဗ္ဗာန်

နာမ။ပရိနိဗ္ဗာန်မည်သည်ကား။ ခီဏာသဝါနံ။ကုံပြီးသော အာသဝေါရှိ
ကုန်သောဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့၏။ဝါ။တို့အား။သဗ္ဗုပဓိမာ။ဖြစ်
သမျှသောခန္ဓာတို့၏ နောက်ဆုံးကာလ၌ဖြစ်ကုန်သော။ စုတိစိတ္တကမ္မဇ
ရူပသင်္ခါတာ။ စုတိစိတ်ကမ္မဇရုပ်ဟု ဆိုအပ်ကုန်သော။ ခန္ဓာ။ခန္ဓာတို့
တည်း။ဝါ။ ခန္ဓာတို့သည်။ ပရိနိဗ္ဗာနံနာမ။ ပရိနိဗ္ဗာနမည်၏။ တေစ။ထို
ရဟန္တာတို့၏ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူကုန်သော စုတိခန္ဓာတို့
သည်လည်း။သဗ္ဗာကာရတော။ ခပ်သိမ်းသောအခြင်းအရာအဘို့အပိုင်း
အခြားအားဖြင့်။သမုစ္ဆိန္နာနုသယတာယ။ ကောင်းစွာအကြွင်းမဲ့ကုံပြတ်
ပြီးသောအနုသယရှိသည်၏အဖြစ်ကြောင့်။ ပုနဗ္ဘဝါယ။တဖန်ဘဝသစ်
အား။ဝါ။ ဘဝသစ်၌။အနန္တရာဒိပစ္စယာ။ အနန္တရသတ္တိအစရှိသည်ဖြင့်
ကျေးဇူးပြုကုန်သည်။နဟောန္တိ။ မဖြစ်ကုန်။တသ္မာ။ ထိုသို့ပဋိသန္ဓေသစ်
အားအနန္တရာဒိပစ္စည်းဖြင့်ကျေးဇူးမပြုနိုင်သည်၏အဖြစ်ကြောင့်။တေ။ထိုရ
ဟန္တာတို့ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူကုန်သောစုတိခန္ဓာတို့ကို။အပစ္စ
ယပရိနိဗ္ဗာနန္တိ။အပစ္စယပရိနိဗ္ဗာနဟူ၍။ဝုစ္စန္တိ။ဆိုအပ်ကုန်၏။ ။ဝိမုတ္တိ
ဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ၌ ဥပါဒါအရကိုဂဟဏုပါဒါပစ္စ
ယုပါဒါနှစ်ပါးတွင်။ ဂဟဏုပါဒါကိုယူခဲ့သော် အနုပါဒါပရိနိဗ္ဗာနအရ
သည်အရဟတ္တဖိုလ်ကိုရရာ၏။ ထိုမဂ္ဂါနန္တရအရဟတ္တဖိုလ်မူကား။အရ
ဟတ္တမဂ်စသည်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ၏ရှေ့အဘို့၌ဖြစ်ရကား
ဝိမုတ္တိဉာဏဒဿန၏အကြောင်းသာဖြစ်၍ယင်း၏ အကျိုးမဟုတ်သော
ကြောင့်ဤအရာ၌ဥပါဒါအရကိုပစ္စယုပါဒါကိုယူ၍ အနုပါဒါပရိနိဗ္ဗာနအ
ရကိုအပစ္စယပရိနိဗ္ဗာနဖြစ်သောရဟန္တာတို့စုတိခန္ဓာကိုသာ ယူလေဟု
ပြခြင်းငှာ။အနုပါဒါပရိနိဗ္ဗာနတ္ထာယကိုအပစ္စယပရိနိဗ္ဗာနတ္ထာယဟုအဋ္ဌ
ကထာဆရာဖွင့်ပြတော်မူသည်။ ။အနုပါဒါပရိနိဗ္ဗာနအရကိုရဟန္တာ
တို့စုတိ ခန္ဓာဟူသော အပစ္စယပရိနိဗ္ဗာန်ကို ယူဟုဆို၏။ ဝိမုတ္တိဉာဏ
ဒဿနသည်အပစ္စယပရိနိဗ္ဗာန်၏ အကြောင်းမဖြစ်ခဲ့သော် ဝိမုတ္တိဉာဏ
ဒဿန၏ အကျိုးကို ပြသောအရာဖြစ်ရကား ဆရာစကားမသင့်ရာဟူ
ဘွယ်ရှိ၍။အပစ္စယပရိနိဗ္ဗာနဿဟိ တံ ပစ္စယောဟောတိကိုဆိုသော်မူ
သည်။ ။ဝိမုတ္တိဉာဏဒဿနသည်အပစ္စယပရိနိဗ္ဗာန်၏အကြောင်းဖြစ်
ပါ၏။ယင်းသို့အကြောင်းဖြစ်သောကြောင့် အနုပါဒါပရိနိဗ္ဗာနတ္ထာယကို
အပစ္စယပရိနိဗ္ဗာနတ္ထာယဟု ဖွင့်ပြသောစကားမှန်ပါ၏။ ဟူလို။ ။ဝိ

မုတ္တိဉာဏဒဿနသည်အပစ္စယပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သည်ဟူ၏။ အဘယ်ကြောင့်ကား ဝိမုတ္တိဉာဏ ဒဿနသည် အပစ္စယ ပရိနိဗ္ဗာန်၏ အကြောင်းဖြစ်လေသနည်း။ ဟူဘွယ်ရှိ၍။ တသ္မိံ အနုပ္ပတ္တေအဝသိံပရိနိဗ္ဗာယိတဗ္ဗတောကိုဆိုပြန်ရသည်။ ။ပြဆိုအပ်ပြီးသောအစည်အားဖြင့်အရဟတ္တမဂ္ဂဝိထိနောက်ပစ္စဝေက္ခနာသို့ ရောက်သည်ရှိသော်အသစ်တဖန်ပဋိသန္ဓေနေရပြန်ခြင်းမရှိ ပရိနိဗ္ဗာန်ပြုရရုံသာ ဖြစ်သောကြောင့် ထိုဝိမုတ္တိဉာဏဒဿနသည်အပစ္စယပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သည်။ ဟူလို။ ။အပစ္စယပရိနိဗ္ဗာနတ္ထာယဟူသောအဓ္ဓကထာ၌ပစ္စယသဒ္ဒါအဘယ်ကိုဟောသနည်း၊အပစ္စယနှင့်ပရိနိဗ္ဗာနကိုအဘယ်သမာသ်ပြုအပ်သနည်း။ဟူဖွယ်ရှိ၍။အပစ္စယပရိနိဗ္ဗါနတ္ထါယကိုအကါရဏာဘူတပရိနိဗ္ဗါနတ္ထာယဟုဋီကါဆရာဖွင့်ပြတော်မူသည်။ ။ဤ၌အကါရဏာသဒ္ဒါဖြင့်။ ။နိမိတ္တံကာရဏံဠာနံ။ပဒံဗီဇံနိဗန္ဓနံ။နိဒါနံပဘဝေါဟေတု။ သမ္ဘဝေါသေတုပစ္စယော။ ။ဟုအဘိဓာန်၌လာသည်နှင့်အညီ ပစ္စယသဒ္ဒါအကြောင်းဟောကာရဏပရိယာယ်ဟု ပြသည်။ ။ဘူတသဒ္ဒါဖြင့် အပစ္စယနှင့်ပရိနိဗ္ဗာနကို။အပစ္စယဘူတံပရိနိဗ္ဗာနံ အပစ္စယပရိနိဗ္ဗာနံဟုကမ္မဓာရယ်သမာသ်ပြုအပ်သည်ကိုပြသည်။ ။သမာသ်ပုဒ်ကို ဟုတွာသဒ္ဒါတဘူတစသည်လျှောက်၍ အဓ္ဓကထာဋီကာစသော သံဝဏ္ဏနာတို့၌ ဖွင့်သော်ကမ္မဓာရယ်သမာသ်ပြ။ ။ဟုတွာသဒ္ဒါတ။ ဘူတတထွေ။ ဝေဇ္ဇတိ။သဒ္ဒါရှိက။မှတ်သိကမ္မဓါရယာ။ ။နိယာမ်။ ။အပစ္စယပရိနိဗ္ဗာနတ္ထာယ၌ပရိနိဗ္ဗာနဟူသည်အဘယ်နည်း။ ကိလေသပရိနိဗ္ဗာန ခန္ဓပရိနိဗ္ဗာနစသည်ဟူရာမှာကဲ့သို့ကိလေသာတို့၏မဖြစ်ခြင်း၊ခန္ဓါတို့၏မဖြစ်ခြင်းဟူသောအဘာဝပညတ်ပင်ဖြစ်လေသလော။ဝါ။အဘယ်သည် ပရိနိဗ္ဗာနမည်သနည်း၊ ကိလေသာတို့၏အဘာဝစသည်လော။ဟူဖွယ်ရှိ၍။ ပရိနိဗ္ဗာနံဟိနာမစသည်ကိုဆိုတော်မူရပြန်သည်။ ။ပရိနိဗ္ဗာနံဟိနာမ ခန္ဓာသာပဓါန။ ။အပစ္စယပရိနိဗ္ဗာနတ္ထာယ၌ပရိနိဗ္ဗာနမည်သည်ခန္ဓါတို့တည်း။ဝါ။ ခန္ဓာတို့သည်ပရိနိဗ္ဗာနမည်သည်။ ဟူလေ။ ။အလုံးစုံပုဂ္ဂိုလ်ဟူသမျှတို့၏ခန္ဓာလော။ဟူဖွယ်ရှိ၍၊ ခီဏာသဝါနံကို။ရဟန္တာတို့သန္တာန်ဝယ်ဖြစ်လေသမျှခန္ဓာလော။ဟူဖွယ်ရှိ၍။ သဗ္ဗပစ္ဆိမာကို။ အဋ္ဌါပစ္စုပ္ပန်သန္တတိပစ္စုပ္ပန်အားဖြင့်ဖြစ်ကုန်သော ခန္ဓာတို့၏အဆုံးစွန် ခန္ဓာလောဟူဖွယ်ရှိ၍။စုတိစိတ္တကမ္မဇရူပသဒ္ဒါတာကို ဆိုပြန်ရသည်။ ။

ရတိစိတ္တကိုပဓါနပုဗ္ဗင်္ဂမအားဖြင့်ဆိုရကားထိုစိတ်နှင့်ရှည်သောစေတ
သိက်ခန္ဓာနှင့်တကွယူ။ ။ပရိနိဗ္ဗာနဟူသည်အလုံးစုံကုန်သော ခန္ဓာ
တို့၏နောက်ဆုံး၌ဖြစ်သောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသောရဟန္တာ
တို့၏ ရတိခန္ဓာဟူ၏။ ထိုခန္ဓာတို့ကိုပရိနိဗ္ဗာနဟူ၍သာမဆိုပဲ အဘယ်
ကြောင့် အပစ္စယပရိနိဗ္ဗာနဟုဆိုအပ်ကုန်သနည်း။ ဟူဖွယ်ရှိ၍။ တေစ
သဗ္ဗာကာရတေသစသည်ကိုဋီကာဆရာဆိုပြန်ရသည်။ ။တေစပစ္စ
ယာနဟောန္တိ။တသ္မာအပစ္စယပရိနိဗ္ဗာနန္တိဝုစ္စန္တိသာပဓာန။ ။ဈေးဖူး
မပြုတတ်။ကျေးဇူးပြုနိုင်သောအကြောင်းမဟုတ်သောကြောင့်အပစ္စယ
ပရိနိဗ္ဗာနဟုဆိုအပ်သည်ဟူ၏။ ။ထိုရဟန္တာ၏ရတိခန္ဓာတို့သည် အ
ဘယ်အားကျေးဇူးမပြုနိုင်ကုန်သနည်း။အဘယ်၏အကြောင်းမဖြစ်ကုန်
သနည်း။ ဟူဖွယ်ရှိ၍။ပုနဗ္ဘဝါယကို ဆိုပြန်ရသည်။ အဘယ် သတ္တိဖြင့်
ကျေးဇူးမပြုနိုင်သနည်း။ဟူဖွယ်ရှိ၍။ အနန္တရာဒိကို ဆိုပြန်ရသည်။ ။
ရဟန္တာတို့ ရတိခန္ဓာသည် တဖန်ဖြစ်ရန် ပဋိသန္ဓေအား အနန္တရအစရှိ
သောသတ္တိဖြင့်ကျေးဇူးမပြုနိုင်ဟူ၏။အဘယ်ကြောင့်ကားကျေးဇူးမပြု
နိုင်ရသနည်း။ဟူဖွယ်ရှိ၍။ သဗ္ဗာကာရတောသမုစ္ဆိန္နာ နုသယတာယ
ကိုဆိုပြန်ရသည်။ ။ခပ်သိမ်းသော အခြင်းအရာအပြားအားဖြင့် အရ
ဟတ္တမဂ်သည် အကြွင်းမဲ့ဖြတ်ပယ်အပ်ပြီးသော အနုသယရှိသည်၏အ
ဖြစ်ကြောင့်ကျေးဇူးမပြုနိုင်သည်။ဟူလေ။ ။ပစ္စယုပါဒါဝါဒိနောပနအနု
ပါဒါပရိနိဗ္ဗာနန္တိအပစ္စယပရိနိဗ္ဗာနံ။ပစ္စယဝသေနအနုပ္ပန္နံအသင်္ခတံအမ
တဓာတုမေဝ။ ။ဟူ၍မူလပဏ္ဏာသအဋ္ဌကထာ၌ပြဆိုအပ်သော။အနုပါ
ဒါပရိနိဗ္ဗာနတ္ထံ့ခေါ်အာဂုသောဘဂဝတိပြဟ္မစရိယံဝုသ္သတိဝယ်ဥပါဒါ
အရကိုပစ္စယုပါဒါကိုယူသောဆရာတို့အလိုအားဖြင့်။အနုပါဒါပရိနိဗ္ဗါန်
အပစ္စယပရိနိဗ္ဗာန်တို့၌ ပရိနိဗ္ဗာနအရကို ပစ္စယဟောတု အစရှိသော အ
ကြောင်း၏အစွမ်းဖြင့်မဖြစ်သောကံစိတ်စသောအကြောင်းတို့သည် မ
ပြုအပ်သောအမတသဘောဖြစ်သောနိရောဓသစ္စာကို ယူလို၏။ ။အ
နုပါဒါပရိနိဗ္ဗာနတ္ထံ့ခေါ်အာဂုသောတိဋ္ဌေအနုပါဒါပရိနိဗ္ဗာန်နာမအပစ္စ
ယပရိနိဗ္ဗာန်။ဒွေဝါဥပါဒါနာနိဂဟဏုပါဒါနဥ္စပစ္စယုပါဒါနဥ္စ။ဂဟဏုပါဒါ
နံနာမကာမုပါဒါနာဒိကံစတုဗ္ဗိဓံ။ပစ္စယုပါဒါနံနာမအဝိဇ္ဇာပစ္စယာသင်္ခါ
ရာတိဧဝံဝုတ္တပစ္စယာ။ ။ဟုဖွင့်ဆိုသော ဤမူလပဏ္ဏာသ အဋ္ဌကထာ
ဆရာသည်မြတ်စွာဘုရားသာသနာတော်၌ မြတ်သောအကျင့်ကိုကျင့်

သုံးခြင်းဖြပ်မှစရိယာဝါသ၏အကျိုးကိုဟောပြသောအရာဖြစ်၍အရာအါး
လျော်စွာအနုပါဒါပရိနိဗ္ဗာနံ၌ဥပါဒါကိုနှစ်ပါးပြဆို၍ အနုပါဒါပရိနိဗ္ဗာန
အရကိုဂဟဏုပါဒါနဝါဒီဆရာတို့ အလိုအားဖြင့်အရဟတ္တဖိုလ်ကို။ ပစ္စ
ယုပါဒါဝါဒီဆရာတို့အလိုအားဖြင့်အသင်္ခတအမတဓာတ်နိဗ္ဗာန်သတ္တ
ကို ကောက်ယူပြဆိုတော်မူသည်။ ။ပရိဝါအဋ္ဌကထာဝိမတိဝိနောဒနီဋီကာတို့၌ကား ဝိမုတ္တိဉာဏဒဿန၏ အကျိုးကိုပြသောအရာဖြစ်၍
အရေးအားလျော်စွာ အနုပါဒါပရိနိဗ္ဗာနအရကို ရဟန္တာတို့စုတိခန္ဓာကို
ကောက်ယူတော်မူသည်။ ။သပစ္စယာဓမ္မာအပစ္စယာဓမ္မာ။ ဟူသော
ဓမ္မသင်္ဂဏီရှုဒုက်၌ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်ကိုဟောသောအပစ္စယ
သဒ္ဒါကိုအဋ္ဌသာလိနီ၌။ ။နတ္ထိဧတေသံဥပါဒေဝါဋ္ဌိတိယံဝါ ပစ္စယောတိအပစ္စယာ။ ။ဟူ၍စတုတ္ထဝိဂ္ဂဟဗ္ဗီဟိသမာသ်ပြု၏။ ။ဧတေသံ။
ထိုပရမတ်အသင်္ခတဖြစ်သောနိဗ္ဗာန်တရားတို့အား။ ဥပါဒေ။ ဖြစ်ရန်၌။
ဝါ။ ဖြစ်ရန်ဘို့။ပစ္စယောဝါ။ဇနကအကြောင်းသည်ရှင်း။ ဌိတိယံ။တည်
ရန်၌။တည်ရန်ဘို့။ပစ္စယောဝါ။ ဥပထမ္ဘကအကြောင်းသည်ရှင်း။ နတ္ထိ။
မရှိ။ဣတိတသ္မာ။ ကြောင့်။အပစ္စယာ။အပစ္စယမည်ကုန်၏။ ။ပရမတ်
အသင်္ခတဖြစ်သောနိဗ္ဗာန်တရားသည် တရံတခါစစ်မျှတစုံတခုသောအ
ကြောင်းကြောင့်မျှဖြစ်တတ်သောတရားမဟုတ်သောကြောင့် ထိုနိဗ္ဗာန်
အားဖြစ်ရန်ဘို့ဇနကအကြောင်းလည်းမရှိ။တစုံတခုသောအကြောင်းမ
ထောက်မကူပဲနိစ္စရူဝသဿတအားဖြင့် အမြဲဓာဝရကည်နေသောတရား
ဖြစ်၍တည်ရန်ဘို့ဥပထမ္ဘကအကြောင်းလည်းမရှိသောကြောင့်အပစ္စယ
မည်သည်။ဟူလို။ ။၍ပရိဝါအဋ္ဌကထာ၌စုတိခန္ဓာကိုဟောသောအပစ္စ
ယသဒ္ဒါကိုကား တေစသဗ္ဗာကာရတောသမုစ္ဆိန္နာနုသယတါယပုနဗ္ဘ
ဝါယအနန္တရာဒိပစ္စယာနဟောန္တိ။ ။ဟူသောဝိမတိဝိနောဒနီဋီကာကို
ထောက်၍။နပစ္စယာအပစ္စယာ။ဟုတပ္ပုရိသ်သမာသ်ပြုလေ။ ။ခီဏာ
သဝတို့၏စုတိခန္ဓာသည်ထိုခီဏာသဝတို့အားကျပြီးသောဓာတိရှိသည်
ဖြစ်၍တဖန်ဘဝသစ်ဟူသော ပဋိသန္ဓေအားအနန္တရသမနန္တရစသော
ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုပြီ ဖြစ်သောကြောင့် အပစ္စယမည်သည်။
ဟူလို။ ။၍သို့အထူးကိုမှတ်လေ။ ။

ပြဆိုခဲ့ပြီးသောဗျာနသမနန္တရပရိနိဗ္ဗာန်ဗျာနင် ပစ္စဝေက္ခနာသမနန္တ
ရပရိနိဗ္ဗာန်မဂ္ဂါဒိပစ္စဝေက္ခနာသမနန္တရ ပရိနိဗ္ဗာန်နာမရူပါဒိ သမ္မသန်

သမနန္တရ ပရိနိဗ္ဗာန် ၄ ပါးတို့တွင်။ ဈာနသမနန္တရ၌ ပရိနိဗ္ဗာနာ သန္နဓောသည် မဟာကြိယာ ရူပကြိယာသာ ဖြစ်ရကား ဟာသိတုပ္ပါဒ်နှင့် မဆိုင်။ ဈာနင်္ဂ ပစ္စဝေက္ခနာ သမနန္တရ မဂ္ဂါဒိ ပစ္စဝေက္ခနာ သမနန္တရ ပရိနိဗ္ဗာန် နှစ်ပါးတို့၌ ပရိနိဗ္ဗာနာ သန္န စိတ်တို့၏ အာရုံသည် ဟာဒယ ဝတ္ထုမဟုတ်သောကြောင့် ဝတ္ထာရမဏ ပုရေဇာတ နိဿယပစ္စည်း နှင့်မဆိုင်။ ပရိနိဗ္ဗာနာသန္န စိတ်အရ၌ လည်း ဟာသိ တုပ္ပါဒ် စိတ်မပါ မဝင်နိုင်။ နာမရူပါဒိပစ္စဝေက္ခနာ သမနန္တရ ပရိနိဗ္ဗာန် အရာ၌ ပရိနိဗ္ဗာနာသန္နစိတ်တို့၏အါရုံသည်နာမ်ရုပ်ပညတ်တပါးပါးဖြစ်၍ရုပ်အရာ၌ဟာဒယဝတ္ထုပါဝင်ရကား ယင်းပရိနိဗ္ဗာန်သာဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်းနှင့် ဆိုင်သည်။ ဤပရိနိဗ္ဗာနာသန္န ပစ္စယုပ္ပန် စိတ်၌ သာလည်း ဟာသိတုပ္ပါဒ်ပါဝင်နိုင်သည်။ ။ခီဏာသဝပုဂ္ဂိုလ်တို့၏ပရိနိဗ္ဗာနာသန္နဝိထိစိတ်တို့သည် ကံကမ္မနိမိတ်ဂတိနိမိတ်ဟု မဆိုထိုက်သောနာမ်ရုပ်စသည်တွင်တပါးပါးကိုအာရုံပြုသည်ဟုပြဆိုသော။ ။ကတ္တစိပနအနုပ္ပန္နမာနသဿခီဏာသဝဿယထောပဋ္ဌိတံနာမရူပဓမ္မာဒိကမေဝစုတိပရိယောသာနာနံဂေါစရဘာဝံဂစ္ဆတိ။နကမ္မကမ္မနိမိတ္တာဒယော။ ။ဟုယခင်ပြဆိုခဲ့သောစကား၌။စုတိပရိယောသာနာနံ။ဟူသောပုဒ်ကို။ ။စုတိသင်္ခါတံပရိယောသာနံဧတေသန္တိစုတိပရိယောသာနာနိ။ ။ဟုတုလျာဓိကရဏစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု၍ အညပုဒ်၏အနက်ဖြစ်သောဒြဗ်၏ဂုဏ်ဖြစ်သော သမာသ်ပုဒ်၏အနက်နှင့်တကွ အညပုဒ်၏အနက်ကိုကောက်ယူရသောတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ။သမာသ်ပုဒ်၏အနက်ပါမယူပဲအညပုဒ်၏အနက်မျှ ကိုသာကောက်ယူရသော အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိနှစ်ပါးတွင်တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဟုယူ၍စုတိပရိယောသာနာနံဟူသောပုဒ်၏အရကိုအညပုဒ်၏အနက်ဖြစ်သော ပရိနိဗ္ဗာနာသန္နဝိထိစိတ်တို့ကိုသာ မကောက်ယူပဲ ပရိနိဗ္ဗာနစိတ်ဟူသောစုတိစိတ်နှင့်တကွ ကောက်ယူ၍ ခီဏာသဝပုဂ္ဂိုလ်တို့၏စုတိစိတ်သည် ဤဘဝပဋိသန္ဓေ၏ အာရုံဖြစ်သော ကံကမ္မနိမိတ်ဂတိနိမိတ်တို့တွင်တပါးပါးသောအာရုံကိုအာရုံမပြုမူ၍ပရိနိဗ္ဗာနာသန္နစိတ်တို့နှင့်အတူ။ ယင်းတို့ကဲ့သို့ပင် ကံကမ္မနိမိတ် ဂတိနိမိတ် မဟုတ်သောထိုခဏထင်တိုင်း သော နာမ်ရုပ် စသည်တွင် တပါးပါး ကိုအာရုံပြုသည်ဟု အချို့ဆရာတို့ ပြောဆိုသုံးဖြတ်ကြကုန်၏။ ။အချို့ဆရာ

တို့လည်း ရှေးနည်းတဂ္ဂဏာသံဝိညာဏ ဗဟုဗ္ဗီဟိပြု၍။ မြတ်စွာဘုရားသခင်တို့၏ စုတိစိတ်နှင့်တကွ ပရိနိဗ္ဗါနသန္တ ဝိထိစိတ်တို့သည် နိဗ္ဗါန်ကိုအာရုံပြုကုန်သည်ဟုပြောဆိုဆုံးဖြတ်ကုန်၏။ ။ထိုဆရာတို့စကားကိုမသင့်ဟူ၍သာမှတ်အပ်၏။အဘယ်ကြောင့်မသင့်နည်း။ ဟူမူ။ ။ပဋိသန္ဓိဘဝင်္ဂ။တထာစဝနမာနသံ။ဧကမေဝတထေဝေက။ ဝိသယဉ္စေကဇာတိယံ။ ။ဟူသောအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။ ။ဧကမေဝါလမ္ဗံဘူမိတောဇာတိတော သမ္ပယုတ္တဓမ္မတောသင်္ခါရတောစ သမာနမေဝ။ ။ဟူသောဋီကာကျော်တို့နှင့်အညီ တခုတည်းသော ဘဝ၌ဖြစ်သောပဋိသန္ဓေစိတ်ဘဝင်စိတ်စုတိစိတ်တို့သည် ကာမလျှင်ကာမချင်း ရူပလျှင်ရူပချင်းစသည်ဘုံအားဖြင့်တူမြဲ။ ဝိပါက်အဗျာကတချင်းဇာတ်အားဖြင့်လည်းတူမြဲ။ ၅၃ဖက် စေတသိက် ဟူသော သမ္ပယုတ္တဓမ္မအားဖြင့်လည်းတူမြဲ။သသင်္ခါရိကလျှင်သသင်္ခါရိကချင်း စသည်သင်္ခါရအားဖြင့်လည်းတူမြဲ။ ကံလျှင် ကံချင်း ကမ္မနိမိတ်လျှင်ကမ္မနိမိတ်ချင်း ဂတိနိမိတ်လျှင်ဂတိနိမိတ်ချင်း အာရုံအားဖြင့်လည်း တူမြဲသာဖြစ်သည်။ တရုံတခဏမျှမည်သည့်ကာလမည်သည့်ဘုံမည်သည်ပုဂ္ဂိုလ်ဟူ၍အနိမ့်အမြင့်အယုတ်အမြတ်ဂုဏ်မဲ့ဂုဏ်ရှိသို့ လိုက်စားငဲ့ညှာမရှိ။ မဖေါက်မပြန်ဟုတ်မှန်သောသဘော အားဖြင့်သာဖြစ်သော ပရမတ္ထသဘာဝဓမ္မဖြစ်သည်ဖြစ်၍။ခီဏာသဝပုဂ္ဂိုလ်တို့၏စုတိစိတ်ဖြစ်သည်ကိုကား။ဟုတပါးသောပုဂ္ဂိုလ်တို့၏စုတိစိတ်နှင့်မတူပဲ။ဤဘဝယူခဲ့ရင်းမူလ ပဋိသန္ဓေ၏အာရုံမှတပါး ပရိနိဗ္ဗာနသန္တဝိထိစိတ်တို့၏ အာရုံနှင့်တူသောအာရုံ ရှိသည် ဧကန်စင်စစ်မဖြစ်ကောင်းသည်သာ ဖြစ်သောကြောင့် မသင့်သည်။ဟူလေ။ ။ဧကဇာတိယံ။တခုတည်းသောဘဝ၌။ပရိယာပန္နံ။အကျုံးဝင်သော။ပဋိသန္ဓိစ။ပဋိသန္ဓေစိတ်သည်၎င်း။ ဘဝင်္ဂဉ္စ။ဘဝင်စိတ်သည်၎င်း။တထာ။ထိုအတူ။စဝနမါနသဉ္စ။စုတိစိတ်သည်၎င်း။ဧကဝိသယဉ္စေဝ။ တပါးသည်တပါးနှင့်တူသောအာရုံရှိသည်၎င်း။ တထေဝ။ထိုအတူသာလျှင်။ ဧကမေဝစ။ဘူမိဇာတိသမ္ပယုတ္တဓမ္မ သင်္ခါရအားဖြင့်တူသည်သာ၎င်း။ ဟောတိ။၏။ ။ဧကမေဝါတိ။ကား။ ဘူမိတောစ။ ဘုံအားဖြင့်၎င်း။ဇာတိတောစ။ အဗျာကတဇာတ်အားဖြင့်၎င်း။ သမ္ပယုတ္တဓမ္မတောစ။ ၅၃ဖက်စေတသိက် တရားအားဖြင့်၎င်း။ သင်္ခါရတောစ။ ၎င်း။သမာနမေဝ။ တူသည်သာလျှင်။ ဟောတိ။ ၏။ ။စုတိပရိယော

သာနသဒ္ဒါကို တုလျာဓိကရဏ စတုတ္ထီ ဗဟုဗ္ဗီဟိပင်ပြုသော်လည်း။ တဂ္ဂုဏသံဝိညာဏဟုမယူသင့်။အတဂ္ဂုဏသံဝိညာဏသါယူ၍။စုတိပရိယောသာနသဒ္ဒါ၏အရကို သမာသ်ပုဒ်၏အနက်ဖြစ်သောစုတိစိတ်နှင့်တကွမကောက်မယူမူ၍အညပုဒ်၏အနက်ဖြစ်သောပရိနိဗ္ဗာနသန္ဓိဝိထိစိတ်တို့ကိုသာကောက်ယူလေ။ ။စုတိပရိယောသာနာန ဇွေဓ မနောဒွါရိကဝိထိစိတ္တာနိယေဝါ ဓိပ္ပေတာနိ။ ။ဟူ၍ စုတိပရိယောသာနသဒ္ဒါ၏အရကိုစုတိစိတ်နှင့်တကွမကောက်ယူပဲ သက်သက်ဝိထိစိတ်တို့ကိုသာကောက်ယူသောမဏိမဉ္ဇူဆရာ၏အလိုအားဖြင့် လည်း စုတိပရိယောသာနသဒ္ဒါကို အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသာ ပြုလိုသည်။ခီဏာသဝတို့စုတိစိတ်ကိုလည်း ပုထုဇ္ဇန်သေက္ခတို့၏ စုတိစိတ်ကဲ့သို့ဤဘဝပဋိသန္ဓေ၏အာရုံကိုသာယူသည်ဟူ၍သာယူတော်မူ၏။ ။ပရိယောသာန.သဒ္ဒေါအနဘိဝိဓျွေတ္ထော။အတဂ္ဂုဏတ္ထော ဝဒ္ဓမ္ဗေါ၊ဥတရထာစုတိပဋိသန္ဓိနံသမာနာရမဏတာနသိယာ။ ။ပရိယောသာနသဒ္ဒေါ။စုတိပရိယောသာနာနံဟူသောအဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ ပရိယောသာနသဒ္ဒါသည်။ယသ္မာ။ ကြောင့်။ အနဘိဝိဓျွေတ္ထော။ အာပါတလိပုတ္တံဒေဝေါ ဝဿတိဝယ် အာသဒ္ဒါကဲ့သို့ အနဘိဝိဓိ အနက်ရှိသည်။ ဟောတိ။၏။တသ္မာ။ထိုသို့ဤ၌ပရိယောသာနသဒ္ဒါ၏ အနဘိဝိဓိအနက်ရှိသည်၏အဖြစ်ကြောင့်။စုတိပရိယောသာနသဒ္ဒသ။စုတိပရိယော သာနသဒ္ဒါ၏။အတဂ္ဂုဏတ္တော၀။သမာသ်ပုဒ်၏အနက်ဖြစ်သော်ဂုဏ်မဖက်သက်သက်အညပုဒ်၏အနက်ဖြစ်သောဒြဗ်အနက်ရှိသည်ဖြစ်၍စုတိစိတ်ဟူသောဂုဏ်မပါ သက်သက်ဒြဗ်သာဖြစ်သော ပရိနိဗ္ဗာနသန္ဓိ ဝိထိစိတ်ဟူသောအနက်ကိုသာလျှင်။ဒဋ္ဌဗ္ဗော။၏၊ဥတရထာ။စုတိပရိယောသာနသဒ္ဒါ၏အနက်အရကို အညပုဒ်၏အနက်ဖြစ်သော ပရိနိဗ္ဗာနသန္ဓိဝိထိစိတ်တို့ကိုသာမယူမူ၍သမာသ်ပုဒ်၏အနက်ဖြစ်သောစုတိစိတ်နှင့်တကွယူခဲ့သည်ရှိသော်။စုတိပဋိသန္ဓိနံ။စုတိပဋိသန္ဓေစိတ်တို့၏။သမာနာရမဏတာ။တူသောအာရုံရှိသည်၏အဖြစ်သည်။နသိယာ။မဖြစ်ရာ။ ။ဤအဖေဂ္ဂုသာရ ဋီပနီ အလိုအားဖြင့်လည်း။ အာဘဝဂ္ဂံ ကိတ္တိ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။၌အာသဒ္ဒါသည်အဘိဝိဓိအနက်ရှိသည်ဖြစ်၍အရဟံစသောဂုဏ်တော်တို့ဖြင့်ချီးမွမ်းအပ်အကြသော ကျော်စောသံသည် ဘဝဂ်ဘုံတိုင်အောင်ဘဝဂ်ဘုံနှင့်တကွ လွှမ်းပြန့်တက်နိုင်သည်ဟု ယူရသကဲ့

သို့။ ဤစုတိပရိယောသာနခါန်၌ ပရိယောသာန သဒ္ဒါသည် အတိဝိဓိအနက်ရှိသည်ဟုကြံ၍ စုတိပရိယောသာနသဒ္ဒါ၏အရကို စုတိစိတ်နှင့်တကွမကောက်မယူသင့်။ အာပါတလိပုတ္တံဒေဝေါဝဿတိ။ ဟူရာ၌ အာသဒ္ဒါသည်အနတိဝိဓိအနက်ရှိသည်ဖြစ်၍ပါတလိပုတ်ပြည် တိုင်အောင်မိုးရွာသည်ဟူသော်လည်းပါတလိပုတ်ပါပြန့်နှံ့၍ရွာသည်ဟုမယူရ၊ ပါတလိပုတ်ကိုထိရုံ၍သာ ရွာသည်ဟု ပါတလိပုတ်ကိုလွှတ်၍ ယူရသကဲ့သို့။ ဤ၌ပရိယောသာနသဒ္ဒါ၏အနက်ကိုလည်း အနဘိဝိဓိအနက်ကိုသာအလိုရှိအပ်သည်ဖြစ်၍စုတိစိတ်သို့ ထိရုံသောပရိနိဗ္ဗာနသန္နဝိထိစိတ်တို့ကိုသာယူအပ်သည်စုတိစိတ်နှင့်တကွမယူအပ်။ စုတိပရိယောသာနသဒ္ဒါကိုလည်းတုလျာဓိကရဏ် စတုတ္ထီဗဟုဗ္ဗီဟိပြု၍အတဂ္ဂုဏာသံဝိညာဏ သာ ယူအပ် သည်။ တဂ္ဂုဏာသံ ဝိညာဏ ဟု မယူအပ်။ အကယ်၍ တဂ္ဂုဏာသံဝိညာဏယူ၍ စုတိစိတ်နှင့်တကွ ကောက်ယူခဲ့သော်စုတိစိတ်သည်လည်း ကံကမ္မနိမိတ်စသည်ကိုအာရုံမပြုမူ၍ ပရိနိဗ္ဗာနသန္နစိတ်တို့ကဲ့သို့ထိုခဏထင်တိုင်းသောရုပ်နာမ်စသည်ကိုအာရုံပြုရာသည်။ ယင်းသို့ပြုကလည်း ခီဏာသဝတို့၏စုတိသည် မူလပဋိသန္ဓေစိတ်နှင့်အာရုံမတူရာ။တခုတည်းသောဘဝ၌ပဋိသန္ဓေဘဝင်စုတိစိတ်တို့ ဘုံဇာတ်သမ္ပယုတ်သင်္ခါရအာရုံအားဖြင့် တူမြဲသာ ဖြစ်သောကြောင့်ခီဏာသဝတို့စုတိစိတ်သည်လည်းဤဘဝပဋိသန္ဓေ၏အာရုံကိုသာအာရုံပြုသည်ဟူ၍ပင် ယူသည်။ ။စွယ်စုံကျော်ထင် ပုစ္ဆာဆရာလည်း။ ။ကတ္ထစိပနအနုပ္ပဇ္ဇမာနသဿခီဏာသဝဿ ယထော ပဋ္ဌိတံနာမရူပမဗ္ဗာဒိကမေဝ စုတိပရိယောသာနခါနံ ဂေါစရဘာဝံဂစ္ဆတိ။ နကမ္မကမ္မနိမိတ္တာဒယော။ ။ဟူသောဋီကာကျော်ကိုမှီ၍ပင်။ ။စုတိနီးစိတ်။သုံးနိမိတ်။ဆုံးပိတ်ရဟန္တာပြုလိမ့်နည်း။ ။ဟူ၍ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိအာသန္နဖြစ်သောဝိထိစိတ်တို့တွင်စုတိနှင့် အနီးဆုံး နေခဲ့ဆုံးဖြစ်သောစုတိအာသန္နဝိထိစိတ်သည်ပုထုဇန်သေက္ခတို့၏မရဏာသန္နဝိထိစိတ်တို့ကဲ့သို့ ကံကမ္မနိမိတ်ဂတိနိမိတ်မည်သောအာရုံကို အာရုံပြုပါလိမ့်ဦးမည်လော။ ဟူ၍ပရိနိဗ္ဗာနသန္န ဝိထိစိတ်တို့၌သာ သံသယထား၍မေးသည်။စုတိစိတ်၌သံသယထား၍မေးသည်မဟုတ်ဖြစ်၍ ဤဆရာ၏အလိုအားဖြင့်လည်း။အတဂ္ဂုဏာဟူ၍ပင်ယူလိုသည်။ခီဏာသဝတို့စုတိစိတ်သည်လည်း ပုထုဇန်သေက္ခတို့စုတိစိတ်ကဲ့သို့ ဤဘဝယူခဲ့

ရင်းပဋိသန္ဓေ၏အာရုံကိုသာအာရုံပြု၏ဟူ၍သာယူလိုသည်။ ။ငါတို့ကား စုတိပရိယောသာနသဒ္ဒါကို။ ပရိယောသာနေ စုတ် ဓေတသ္မိံ စုတိပရိယောသာနာနိ။ဟုဘိန္နာဓိကရဏပြုလို၏။ ။ဓေတသံ။ထိုဝိထိစိတ်တို့၏။ ပရိယောသာနေ။ အဆုံးဖြစ်သောအနန္တရ၌။ ဝါ။ ဓေတသံ။ တို့အား။ပရိယောသာနေ။မိမိဟူသောဝိထိစိတ်၏အဆုံးဖြစ်သောအနန္တရ၌။စုတိ။စုတိစိတ်သည်။အတ္ထိ။၏။ဉာတိတဿ။ ထိုသို့အဆုံး၌စုတိစိတ်ရှိသည်၏အဖြစ်ကြောင့်။ ဓေတာနိ။ထိုဝိထိစိတ်တို့သည်။ စုတိပရိယောသာနာနိ။မည်ကုန်၏။ ။မရဏာသန္နကာလ၌ နိမိတ်တပါး ထင်ပြီးမှ ပင်နိမိတ်တပါးကိုပြောင်းလွှဲ၍ ယူနိုင်သည်ကိုထောံသဖြင့် ထိုကာလဖြစ်သောစိတ်ဝိထိအများပင် မရဏာသန္နစိတ် မည်သည်။ ဗျာနက်ပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန် အရာ၌ ဗျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခနာနှစ်ဝိထိ၊ သမသီသိပုဂ္ဂိုလ်အရာ၌မဂ္ဂါဒိပစ္စဝေက္ခနာလေးဝိထိတို့သည်သာမညအားဖြင့် မရဏာသန္နဝိထိပင် မည်ကုန်သည် ဖြစ်၍။ စုတိအာသန္နာနံဟု အာသန္နသဒ္ဒါဖြင့်ဆိုချေသော် ထိုမရဏာသန္နအခါဖြစ်သောစိတ်ဝိထိအများတွင်အမှတ်မရှိတပါးပါးကိုယူရာခဲ့သည်ဖြစ်၍ထိုပစ္စဝေက္ခနာ ဝိထိ စိတ်တို့လည်း ဝိထိ တပါးနှင့်တပါး မတူ ပြား သောအာရုံရှိသောကြောင့်ပရိနိဗ္ဗာနာသန္နအရာဝယ်၍ကဲ့သို့သော ရှေ့ဝိထိတို့ကိုမယူသင့်။ စုတိစိတ်၏ရှေ့အနန္တရဖြစ်၍ မိမိဟူသောဝိထိ၏အဆုံး၌စုတိစိတ်ရှိသောစုတိစိတ်နှင့်အနီးဆုံးဖြစ်သောဝိထိစိတ်ကိုသာယူရမည်ဟု ပြတော်မူလိုသောကြောင့်။ စုတိအာသန္နာနံ ဟု အာသန္နသဒ္ဒါနှင့်မဆိုမူ၍စုတိပရိယောသာနာနံဟုပရိယောသာနသဒ္ဒါနှင့်ဋီကာကျော်ဆရာဆိုတော်မူသည်ဟုမှတ်ရမည်၊ ။

ဘုရားပစ္စေကဗုဒ္ဓါအရိယာသာဝကမှစ၍ချမိုးရှက်မလွတ် သတ္တဝါဟူသမျှတို့၏စုတိစိတ်သည်၍ဘဝယူခဲ့သောပဋိသန္ဓေစိတ်နှင့်ဘုံဇာတ်သမ္ပယုတ်သင်္ခါရအာရုံအားဖြင့်တူမြဲဖြစ်သော်၊ မြတ်စွာဘုရား၏ စုတိ ပရိနိဗ္ဗာန စိတ်သည် ၍ပစ္ဆိမဘဝ ပဋိသန္ဓေစိတ်နှင့် အာရုံ ဟူရာ၏။ ပဋိသန္ဓေစိတ်၏အာရုံဟူကလည်းသာမညအားဖြင့် ကံကမ္မနိမိတ်ဂတိနိမိတ်ဟူ၍သုံးပါးရှိခဲ့သည်။ တခုတည်းသော ဘဝ၌ပဋိသန္ဓေ တပါးတည်းသည်လည်း ထိုသုံးပါးလုံးကို အာရုံမပြုနိုင်။ ရသင့် သည်အားလျော်စွာတပါးပါးကိုသာ အာရုံပြုနိုင်သည်ဖြစ်၍ မြတ်စွာဘုရား၏ပဋိ

သန္တေ စိတ်သည်လည်းထိုသုံးပါးတွင်တပါးပါးကိုသာအာရုံပြုရသော ကြောင့်ထိုသုံးပါးတွင်အဘယ်ကိုအာရုံပြုသနည်းဟုခဲ့မူ။ ။မြတ်စွာ ဘုရား၏ပစ္ဆိမ ဘဝပဋိသန္ဓေ စိတ်သည် ကံကမ္မနိမိတ် ဂတိနိမိတ်ဟူ သောအာရုံသုံးပါးတွင်မည်သည့်အာရုံကို အာရုံပြုသည်ဟု ပါဠိအဋ္ဌက ထာဋီကာတို့၌တိုက်ရိုက်ပြဆိုသောအရာမလာမရှိသော်လည်း။ ဤပစ္ဆိ မဘဝပဋိသန္ဓေစိတ်သည် ဂတိနိမိတ်ဖြစ်သောရူပါရုံကို အာရုံပြုသည် ဟုယူသင့်၏။ ။ဤဂတိနိမိတ်ကိုအာရုံပြုသည်ဟု ယူရမည်ဟူသော စကားကို။ ။ရတနာပူရအဝမြို့မတည်မီပန်းရမြို့၌မင်းတို့ထီးနန်းစိုက် ထူစံနေစည်တတိယနန်းတည်ဆင်ဖြူငါးစီးသျှင်ကျော်စွာမင်းဘုရား၏ သားတော်ဖြစ်သော စတုတ္ထနန်းစံဆင်ဖြူ ၄ စီးသျှင် နရသူမင်းလက် ထက်။အဘိဓါနပ္ပဒီပကာကျမ်း၏ အဖွင့်သံဝဏ္ဏနာဖြစ်သော အဘိဓါန်ဋီ ကာကျမ်းကိုရေးပြု စီရင်သောစတုရင်္ဂ ဗလဘွဲ့အမည်ရှိသောအမတ် ကြီးမေးလျှောက်ရာ။ပုဂံဆရာတော် ဖြေကြားတော်မူအပ်သော။ ။ တို့စောထွန်လျှင်။ မချွတ်နိဗ္ဗာန်။စံဝင်သောခါ။ သစ္စာဒုက္ခာ။စတုတ္ထသာ။ ဈာန်အင်္ဂါကို၊ ပစ္စဝေက္ခနာသဘော။လျှင်လျှင်ဇောမှ။ တိတောအောင် ထွန်။မစ္စုမြာရ်ကို။ လွန်ခဲ့ကျော်ဘိ။စုတိတော်စိတ်။ အတိတ်နှင်နှင်။သုံး ပါးတွင်မူ။ထင်ဘိတစ်။ဂတိနိမိတ်။တိဟိတ်ပဋိသန္ဓေ။ စွဲနေသောခါ။တု သိတာမှ။ပဥ္စလောကန။ကြည့်ပြီးမှလျှင်။ ဘဝပြောင်းလာ။ ဤကြောင်း ရာကို။ပညာရှိတွေ။ ကြံမိစေလော့။ သန္ဓေဘဝင်။ သုံးအင်စုတိ။ တူဘိ အာရုံ။ပြုတုံမချွတ်။ပရမတ်သည်။ ။ဟောမှတ်ကေန်သာတမုံ့။ ။ ဟူသောဝိသဇ္ဇနာလင်္ကာနှင့်အညီဆိုလိုက်သည်။ ။ကဗျာလင်္ကာပင် ဖြစ်သော်လည်း။ အတိဒုဒ္ဒသဂမ္ဘီရဖြစ်သောဓမ္မသဘာဝကိုနေရာကျမ ဖောက်မပြန်ဟုတ်မှန်သည့်အတိုင်း သိစွမ်းပြဆိုနိုင်သော ယထာဘူတ တိက္ခဂမ္ဘီရစသော ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘုရား၏ပြည့်နက်ရသာ ဩဇာနဟ္ဂ အလွန်ယုတ္တိရှိသော စကားဖြစ်၍။ အာဂမ်သာဓကေပြုလုပ်ထုတ်ဆောင်ပြဆိုလိုက်သည်။ ။ဤစကားရပ် တို့တွင်။တို့စောထွန်လျှင်။မချွတ်နိဗ္ဗာန်။ စံဝင်သောခါ။ ပစ္စဝေက္ခနာသ ဘော။လျှင်လျှင်ဇောမှ။တိတောအောင်ထွန်။မစ္စုမြာရ်ကို။ လွန်ခဲ့ကျော် ဘိ။ဟူသောစကားတို့ဖြင့်။ မြဟ္မာနတ်လူ သုံးဘုံသူတို့၏ဦးညွတ်ပူဇော် ရာ။ မရေတွက်နိုင်ကြီးခိုင် ပြန့်ပြောများမြတ်သောသီလသမာဓိပညာစ

သောဂုဏ်တော် အပေါင်း တို့၏ တည်ရာ။ သုံး ဆယ် နှစ်ပါး သော ယောကျ်ားမြတ်တို့၏ လက္ခဏာ တော်ကြီး။ ရှစ်ဆယ်သောလက္ခဏာ တော်ငယ်ခြောက်သွယ်သောရောင်ခြည်တော်စသော အံ့အောချီးမွမ်း၍မကုံနိုင်သော ဘုန်းကြွက်သရေနှင့် ပြည့်စုံတော်မူသော ငါတို့ထွန်းထားရှင်စောဘုရားသည် မချွတ်ဧကန် မစ္ဆုမြာရ်ကို လွှန်ခဲ့နင်းကျော်။ အောင်တော်မူသောအားဖြင့်။ ပရိနိဗ္ဗာန် စံဝင်တော် မူသောအခါ ပရိနိဗ္ဗာနစုတိစိတ်တော်၏ ရှေ့အနန္တရဖြစ်သော ပစ္စဝေက္ခနာ သဇောရှိသောမနောဒွါရိကဇောဝိထိ၏အခြားမဲ့၌စုတိကျခြင်းဟူသောပရိနိဗ္ဗါန် စံဝင်တော်မူသည်ကိုပြသည်။ ဤတွင်လည်း။ မစ္ဆုမြာရ်ကို လွှန်ခဲ့ကျော်ဘိ။ဟူသောါစကားဖြင့်။တိဏ္ဏံ မာရာနံမတ္ထကံမဒ္ဒိတွာ။ ။တိဏ္ဏံ မာရာနံ။ ဒေဝပုတ္တကိလေသ အဘိသင်္ခါရဟူသော မာရ်သုံးပါးတို့၏။ မတ္ထကံ။ဦးထိပ်ကို။ မဒ္ဒိတွာ။နှိပ်နင်း၍။ ။ဤသို့ဒေဝပုတ္တကိလေသအဘိသင်္ခါရဟူသောမာရ်သုံးပါးကိုအောင်ကြောင်းကိုသာ ပြ၍ခန္ဓမာရ် မစ္ဆုမြာရ်နှစ်ပါးကို ချန်ထားသော သိလက္ခန်အဋ္ဌကထာ။ ။သဗ္ဗတ္ထမပ္ပ ရာဇိတာတိ သဗ္ဗေသု ဒေဝပုတ္တခန္ဓ ကိလေသ အဘိသင်္ခါရ မာရ သင်္ခါတေသုစတူသုဝေရေသုကေနစိပိအပရာဇိတာ။ ။သဗ္ဗတ္ထမပ္ပရာဇိတာတိ။ကား။ ဒေဝပုတ္တခန္ဓကိလေသအဘိသင်္ခါရမာရသင်္ခါတေသု။ဒေဝပုတ္တမာရ် ခန္ဓမာရ်ကိလေသမာရ် အဘိသင်္ခါရမာရ်ဟုဆိုအပ်ကုန်သော။ သဗ္ဗေသု။ ခပ်သိမ်းကုန်သော။ စတူသုဝေရေသု။ လေးပါးကုန်သောရန်တို့တွင်။ ကေနစိပိ။တပါးပါးသည်လည်း။ အပရာဇိတာ။ မင်္ဂလာတရားနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကိုမရှုံးစေအပ်မအောင်အပ်။ မရှုံးစေနိုင်မအောင်နိုင်ကုန်သည်ဖြစ်၍။ ။ဤသို့ရန်ကိုအောင်ကြောင်းကိုပြရာဝယ်ရှေ့မာရ်လေးပါးကိုသာပြ၍မစ္ဆုမြာရ်ကိုချန်ထား သောသုတ္တနိပါတ်မင်္ဂလာသုတ်အဋ္ဌကထာ။ ။သတိပိခန္ဓမစ္ဆုမြာရာနံအဇိတဘာဝေ တေသံပဟာတုံဇိတတ္တာဇိတဝါနာသမ။ ။ခန္ဓမစ္ဆုမြာရာနံ။ခန္ဓမာရ်မစ္ဆုမာရ်တို့ကို။ဝါ။တို့၏။ အဇိတဘာဝေ။မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်မပြုမီအောင်ပြီးမဟုတ်သည်၏အဖြစ်သည်။ သတိပိ။ရှိသော်လည်း။ တေသံ။ ထိုခန္ဓမာရ်မစ္ဆုမြာရ်တို့၏။ပဟာတုံ။အကြောင်းဖြစ်သော ကံကိလေသာကို။ဇိတတ္တာ။အောင်ပြီးဖြစ်သည်၏အဖြစ်ကြောင့်။ဇိတဝါနာသမ။ခန္ဓမာရ် မစ္ဆုမြာရ်တို့ကိုလည်းအောင်ပြီးပင်မည်သည်။ ပဟာတိ။၏။ ။ဤသို့

မာရ်ငါးပါးကိုအောင်တော်မူပြီးဖြစ်၍မြတ်စွာဘုရားသည် ဇိနဟူသော
အမည်ကိုရရာ၀ယ်။ခန္ဓမာရ်မစ္စုမာရ်နှစ်ပါးတို့ကို စင်စစ်အောင်ပြီးပင်
မဟုတ်သော်လည်း။ထိုမာရ်တို့၏အကြောင်းသမုဒယကိုပယ်ပြီးအောင်
ပြီးဖြစ်ရကားအောင်ပြီး ဟူ၍ပင် ဆိုအပ်ကြောင်းကို ပြသောသုတ္တနိဒ္ဒေ
သကျမ်းတို့ကိုထောက်မြီ၍ မစ္စုမာရ်ကို ထိုပရိနိဗ္ဗာနအခါမှ အကြွင်းမဲ့
အောင်မြင်သည်ဟုဆိုသင့်ကြောင်းကိုပြသည်။ ။အဇ္ဇာရသဟိဘေ
ဒေဟိ။ပိဘင်္ဂမာရဘညူနော။ ဒေသယိတွာမဟာ၀ီရော။ ယံတသော၀
အနန္တရံ။ ။ဟူသောဓါတုကထာအဋ္ဌကထာ၀ယ် မာရဘညူနော၏အ
ဖွင့်ဖြစ်သောရင်းမူလဋီကာ၌။မာရ်ငါးပါးလုံးကို ဗောဓိပင်၏အနီးရတ
နာပလ္လင်ထက်၌ပင်အောင်တော်မူကြောင်းကို။ ။တတ္ထဗလ၀ိဓမနဝိ
သယာတိက္ကမန ၀သေန ဒေ၀ပုတ္တ မာရဿ။ အပ၀တ္တိကရဏ၀သေန
ကိလေသာဘိသင်္ခါရ မာရာနံ။ သမုဒယပဟာနပရိညာ၀သေနခန္ဓမာ
ရဿမစ္စုမာရဿစာတိပဉ္စန္နံမာရာနံဗောဓိမူလေ၀ေဘဉ္ဇိတတ္တာပရူပ
နိဿယရဟိတံနိရတိ သယံတံဘညူနံ ဥပါဒါယ ဘဂ၀ါယော၀ မာရ
ဘညူနောတိထောမိတော။ ။ဟူ၍ပြဆိုတော်မူ၏။ ။တတ္ထ။ထို
မာရ်ငါးပါးတို့တွင်။ဗလ၀ိဓမနဝိသယာတိက္ကမန၀သေန။ လက်ရုံးအား
ပရိသတ်အားတို့ကိုဖျက်ဆီးသည်၏ အစွမ်း။ အစိုးရသောအရာကိုလွန်
သည်၏အစွမ်းဖြင့်။ ဒေ၀ပုတ္တ မာရဿစ။ ကိုဂုဏ်း။ အပ၀တ္တိကရဏ၀
သေန။ ကိုယ်တော်သန္တာန်၀ယ် တဖန် မဖြစ်ပြန် ကောင်းသည်ကို ပြု
တော်မူသည်၏အစွမ်းဖြင့်။ ကိလေသာဘိသင်္ခါရမာရာနဉ္စ။ တို့ကိုဂုဏ်း။
သမုဒယပဟာနပရိညာ၀သေန။ အကြောင်းကိုပယ်သည်၏အစွမ်းပိုင်း
ခြား၍သိသည်၏အစွမ်းဖြင့်။ခန္ဓမာရဿစ၊ကိုဂုဏ်း။မစ္စုမာရဿစ။ကို
ဂုဏ်း၊ဣတိ။သို့။ပဉ္စန္နံမာရာနံ။တို့ကို။ဗောဓိမူလေယေ၀၊ ဗောဓိပင်၏အနီး
ရတနာပလ္လင်ထက်၌ပင်လျှင်။ ၀ါ။ ၌သတင်းသုံးနေတော်မူသော အခါ၌
ပင်လျှင်။ဘဉ္ဇိတတ္တာ။ချိုးပဲ့ဖျက်ဆီးအောင်မြင်တော်မူပြီးသည်၏အဖြစ်
ကြောင့်။ ပရူပနိဿယရဟိတံ။သူတပါးတို့ကိုအားကိုး မှည်စပ်ဆည်း
ကပ်မှီခိုရခြင်းမှကင်းသော။ ၀ါ။သူတပါးတို့၏နည်းပေးနည်းပြမှီရာဥပ
နိဿယအကြောင်းမှကင်းသော။ နိရတိသယံ။ ကိုယ်တော်၏ဖျက်ဆီး
အောင်မြင်ခြင်းကသာအများတကာတို့၏ဖျက်ဆီးအောင်မြင်ခြင်းထက်လွန်
သာလွန်၍ကိုယ်တော်၏ဖျက်ဆီး အောင်မြင်ခြင်းထက်သာ လွန်သော

ဖျက်ဆီးအောင်မြင်ခြင်းမရှိသော်။တံဘဉ္ဇနံ။ထိုပြဆိုခဲ့ပြီးသောဖျက်ဆီး
အောင်မြင်ခြင်းကို။ ဥပါဒါယ။ အကြောင်းပြု၍။ ဘဂဝါယေဝ။မြတ်စွာ
ဘုရားကိုသာလျှင်။ မာရဘဉ္ဇနောတိ။ မာရ်ငါးပါးကိုဖျက်ဆီးအောင်
မြင်တော်မူသည်ဟူ၍။ဝါ။မူခြင်းဟူသောဂုဏ်ဖြင့်။ ဧထောမိတော။အဋ္ဌ
ကထာဆရာမြွက်စားချီးမွမ်းအပ်၏။ ။ဤဒိုကာဝယ်။ မာရဘဉ္ဇ
နောတိထောမိတောဖြင့်အဋ္ဌကထာ၌မာရဘဉ္ဇနော ဟူသောပုဒ်သည်
ပဓါနဝိသေသျဒဗ္ဗဝါစကမဟုတ်။အပဓါနဝိသေသနဂုဏဝါစကသာ်ဟူ
၍ဝှင်း။ ဖျက်ဆီးခြင်းဘဉ္ဇန ကြိယာနှင့်ပင် ဆိုသော်လည်း။ နန္ဒောဂေါ
ဃာတကော၌ဂေါဃာတကဂုဏ်။ ။အတ္တဘဉ္ဇနကော။ ပုန္နဘောဒ
ကောတို့၌ အတ္တဘဉ္ဇနဂုဏ် ပုန္နဘောဒဂုဏ်။ ။ဇူတ္တိ ရတ္တောသုရာ
ရတ္တော။အက္ခရတ္တောစယောနရော။ လဒ္ဓံလဒ္ဓံဝိနာသေတိ။တံပရာဘဝ
တောမုခံ။ ။၌ဇူတ္တိရတ္တစသောဂုဏ်များကဲ့သို့ ဂရဟိတဗ္ဗနိန္ဒိတဗ္ဗ
ဂုဏ်မဟုတ်။ပသံသိတဗ္ဗထောမိတဗ္ဗဂုဏ်သာဖြစ်သည်ဟူ၍ဝှင်းဒိုကာ
ဆရာပြသည်။ ။ဘဂ္ဂါတံဟ္တာဘဂဝါယေဝ၌။ ဘဂဝါဖြင့်အဋ္ဌကထာ
ဝယ်ဘဂဝါဟု ဝိသေသျဒဗ္ဗဝါစကပဓါနထည့်ရမည်ကို ပြသည်။ ဧဝ
ဖြင့်ပစ္စေကဗုဒ္ဓါအရိယာသာဝကတို့ကိုနစ်စေသည်။ပဉ္စန္နံမာရာနံဗောဓိ
မူလေယေဝဖြင့်ရတနာပလ္လင်ထက်သတင်းသုံးနေတော်မူသော ကာလ
အရဟတ္တမဂ္ဂါနန္တရဖိုလ်ခဏာ၌ပင် မာရ်ငါးပါးလုံးကို အောင်မြင်ဖျက်
ဆီးပြီးဖြစ်သည်၏အဖြစ်ကိုပြ၍ စုတိသောကာလသို့ ရောက်မှခန္ဓမာရ်
မစ္စုမာရ်တို့ကို အောင်မြင်ဖျက်ဆီးနိုင်သည်ဟူသော အယူကိုပယ်မြစ်
သည်။ ။ပဂ္ဂပနိသယရဟိတံဖြင့်သာဝကတို့၏မာရ်ငါးပါးကိုပယ်
ဖျက်အောင်မြင်ခြင်းကဲ့သို့သောအောင်မြင်ခြင်းကိုနစ်စေသည်။နိရတိသ
ယံဖြင့်ပစ္စေကဗုဒ္ဓါတို့၏ဖျက်ဆီးအောင်မြင်ခြင်းကဲ့သို့သော အောင်မြင်
ခြင်းကိုနစ်စေသည်။ ။သီလက္ခန္ဓစသော အဋ္ဌကထာတို့၏ အလိုအား
ဖြင့်ပဋိစ္စသမုပ္ပါဒ်ပုရိမ ဘဝစက်၌ဝိညာဏ်နာမ်ရုပ် သဠာယတနဖဿ
ဝေဒနာဟူသောပစ္စုပ္ပန်အကျိုးငါးပါးဖြစ်သောဝိပါက်နာမက္ခန္ဓာကမ္မဇ
ရုပ်ဟူသောခန္ဓာငါးပါးကိုခန္ဓမာရ်၊ထိုခန္ဓာတို့၏ အဆုံးစွန်ချုပ်ခြင်းဟူ
သောစုတိဘင်္ဂက္ခဏာကိုမစ္စုမာရ်ဟုယူ၍။ ထိုမာရ်နှစ်ပါးသည်ကိလေ
သာတို့ကုံငြိမ်းသောအခါမကုံသေးပဲကြွင်းကျန်ရစ်သဖြင့် စုတိခဏာသို့
ရောက်မှကုံရကားဝှင်းမာရ်နှစ်ပါးကိုအရဟတ္တမဂ်ခဏာ၌မဖျက်ဆီးနိုင်

သေးမအောင်သေး စုတိခဏသို့ရောက်မှ စင်စစ်အောင်သည်။ ဟူလို၏။ ။မူလဋီကာအလိုသော်ပဋ္ဌိမဘာဝစက်၌။ဘဝပစ္စယာဇာတိဝယ်ဇါတိ၏အရဖြစ်သောဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာဟူသော အကျိုးငါးပါးဖြစ်သောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသောခန္ဓာငါးပါးကိုခန္ဓမာရ်၏။ ဇာတိပစ္စယာဇရာမရဏံ၌ မရဏအရကိုမစ္စုမာရ်ဟုယူ၍။အနမတဂ္ဂသံသရာကာလပတ်လုံးမဂ်ရှေ့ဂေါတြဘုဝေါဒါန်ခဏတိုင်အောင်အနုသယ၏ အစွမ်းဖြင့်သန္တာန်သို့အစည်လိုက်၍ ကိန်းဆဲဖြစ်ဆဲဟုဆိုအပ်သောကိလေသာအလုံးစုံသည် သမုစ္ဆေဒပဟာန်အားဖြင့်အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ အရဟတ္တမဂ်ခဏ၌တဘန်မဖြစ်ကောင်းသောမဖြစ်ခြင်းဟူသောကုံငြိမ်းဆဲ။ အရဟတ္တမဂ္ဂါနန္တရဖိုလ်ခဏ၌ ကုံငြိမ်းပြီးဖြစ်သည်။ ယင်းသို့ကိလေသာ ကုံပြီးဖြစ်ရကားရှေးရှေးဘဝ ကာလတို့က ပြုခဲ့သော ကုသိုလ် အကုသိုလ် ကံဟူသောပုညာဘိသင်္ခါရအပုညာဘိသင်္ခါရ။အာနေဥ္စာဘိသင်္ခါရဟူသောအဘိသင်္ခါရဟူသမျှသည်တဏှာဟူသောအစေးမှခန်းခြောံသည်ဖြစ်၍ အရဟတ္တမဂ်ခဏကပင်ပဋိသန္ဓိဟူသော အကျိုးကိုဖြစ်စေနိုင်သောအစွမ်းသတ္တိမှကုံကင်းသည်။အရဟတ္တဖိုလ်သို့ရောက်သည်မှစ၍အသစ်လည်းမဖြစ်ကောင်းပြီဖြစ်၍။ ထိုကိလေသာ မာရ်အဘိသင်္ခါရ မာရ်နှစ်ပါးကိုမြတ်စွာဘုရားသည်ကိုယ်တော်သန္တာန်၌တဖန်မဖြစ်ကောင်းသည်။ ပဋိသန္ဓေဟူသောအကျိုးကို ဖြစ်စေခြင်းငှါမစွမ်းနိုင်အောင် ပြုသည်၏အစွမ်းဖြင့်အရဟတ္တမဂ်ခဏ၌ပင် အောင်ဆဲအရဟတ္တမဂ္ဂါနန္တရဖိုလ်ခဏ၌အောင်ပြီးဖျက်ဆီးပြီးဖြစ်သည်။ထာဝရနှစ်စည်အသီးကိုဆောင်သောသီးနေကြဖြစ်သောမြစ်မမြစ်သေးမကျန်ပယ်လှန်နုတ်ဖြတ်အပ်ပြီးသောအမြစ်ရှိသောသစ်ပင်ကြီးသည် အမြစ်ကိုမဖြတ်အပ်သည် ရှိသော်လာလတ္တံ့နှစ်၌အကြင်အသီးကိုဖြစ်စေရာ၏။ ထိုအသီးကိုအမြစ်အလုံးစုံအကုံပြတ်သော ခဏကာလကပင် ဖျက်ဆီးပြီး ဖြစ်သကဲ့သို့။ ပဋိသန္ဓေဟူသောအကျိုးကိုဖြစ်စေခြင်းပေးခြင်းငှါ စွမ်းနိုင်သော သတ္တိ ရှိသောအဝိဇ္ဇာတဏှာဟူသော ဖြတ်အပ်ပြီးသော ဝဋ်မြစ်ရှိသော ကုသိုလ်အကုသိုလ်ကံသည်အဝိဇ္ဇာတဏှာဟူသော မူလကို အရိယမဂ်ဖြင့်အကြွင်းမဲ့မပယ်မဖြတ်အပ်သေးသည်ရှိသော်စုတိ၏ အခြားမဲ့ကာလ၌အကြင်ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသောခန္ဓာငါးပါး ဟူသောအကြင်

အကျိုးကိုဖြစ်စေရာပေးရာ၏။ ထိုခန္ဓာဟူသောအကျိုးကို အရဟတ္တမဂ်ဖြင့်အပ္ပဝတ္တိဟူသောမူလကိုအကြွင်းမဲ့ပယ်ဖြတ်၍ အရဟတ္တမဂ္ဂါနန္တရဖိုလ်သို့ရောက်သော ခဏကာလကပင်ဖျက်ဆီးပြီးဖြစ်၍ မြတ်စွာဘုရားသည်ထိုခန္ဓာတို့၏အကြောင်းကိုပယ်သည်၏အစွမ်းဖြင့်၎င်း။ ။ဒိဏ္ဏာဇာတိဝုသိတံဗြဟ္မစရိယံကတံကရဏီယံနာပရံဣတ္ထတ္တာယာတိပဇာနာတိ။ ။ဟူ၍ငါအားပဋိသန္ဓေဟူသောဇာတိကုန်ပြီ။ ဤဖြစ်ဆဲဘဝမှတပါး၍မည်သော တစုံတခုသောဖြစ်ရန်ဘဝဌါမရှိပြီဟု မိုင်းခြား၍သိတော်မူသည်၏ အစွမ်းဖြင့်၎င်း။ ဗောဓိပင်၏အနီးရတနာပလ္လင်ထက်သိတင်းသုံးနေတော်မူသော ကာလကပင် ခန္ဓမာရ်မစ္စုမာရ်နှစ်ပါးကိုလည်းဖျက်ဆီးအောင်မြင်ပြီးပင် ဖြစ်သည်ဟူလို၏။ ဤသို့အထူးကိုမှတ်ရာ၏။ ။တေဒိသာနိကတ္ဖာန။သဗ္ဗတ္ထမပ္ပရာဇိတာ။ ။ဟူသောမဂ်လသုတ်ပါဠိတော်၏အဖွင့်ဖြစ်သောယခင်ပြဆိုခဲ့သော။ ။သဗ္ဗတ္ထမပ္ပရာဇိတာတိ သဗ္ဗေသုဒေဝပုတ္တ ခန္ဓကိလေသာဘိ သင်္ခါရမာရသင်္ခါ တေသုစတူသုဝေရေသုကေနစိပိ။ ။ဟူသောသုတ္တနိပါတ်အဋ္ဌကထါ၌သဗ္ဗတ္ထဝယ်တ္ထပစ္စည်းကိုနိဒ္ဒါရဏတ္ထ။ သဗ္ဗသဒ္ဒါဖြင့်မာရ်လေးပါးကိုယူတော်မူသည်ကိုဆင်ခြင်။ ။သဗ္ဗတ္ထ။ ဒေဝပုတ္တမာရ်ခန္ဓမာရ်ကိလေသမာရ်အဘိသင်္ခါရမာရ်ဟုဆိုအပ်ကုန်သော အလုံးစုံသောရန်တို့တွင်ဟုပေးစေလိုသည်။ သဗ္ဗတ္ထပစ္စည်းကိုဘုမ္မတ္ထ။သဗ္ဗအရကိုဒေသကာလစသည်ကိုယူ၍။ ။သဗ္ဗတ္ထမပ္ပရာဇိတာတိ သဗ္ဗေသု ဒေသကာလာဒိသုဝေရိယံ အပရာဇိတာ ဟူသော်လည်းသင့်၏။ ။သဗ္ဗတ္ထ။ အလုံးစုံသောမြို့ရွာစသောဒေသ။နေ့ညဉ့်စသောကာလ၌။ဟုပေး။ ။ပစ္စဝေက္ခနာသဘော။လျှင်လျှင်ဇောမှ။ ဟူသောစကားဖြင့် ဤအရာဝယ်ပရိနိဗ္ဗာနာသန္နဝိထိ၏ပစ္စဝေက္ခနာဝိထိ၏အဖြစ်။မနောဒွါရဝိထိအဖြစ်။တဒါရမဏာဝါရဇဝနဝါရနှစ်ပါးတွင်ဇဝနဝါရဝိထိအဖြစ်တို့ကိုပြသည်။ ။ဈာန်အင်္ဂါကို။ ဟူသောစကားဖြင့်ဤအရာဝယ် ဈာနင်္ဂပစ္စဝေက္ခနာမဂ္ဂါဒိပစ္စဝေက္ခနာနှစ်ပါးတွင် ဈာနင်္ဂပစ္စဝေက္ခနာကိုသာယူလေဟု ထိုပစ္စဝေက္ခနာဝိထိစိတ်တို့၏အာရုံကိုပြသည်။ ။စတုတ္ထသာ။ဖြင့် ပဌမဈာန်စသည်တို့၏ ဈာန်အင်္ဂါတို့ကိုနစ်စေ၍ စတုတ္ထဈာန်၌ရှိသောဈာန်အင်္ဂါကိုသာယူလေဟုပြသည်။ ။သစ္စာဒုက္ခဖြင့်စတုက္ကနည်းအားဖြင့် ရူပါဝစရစတုတ္ထဈာန် သမာပတ်။ အရဟတ္တဖိုလ်စတုတ္ထဈာန် သမာပတ်အား

ဖြင့်စတုတ္ထဈာန် နှစ်မျိုးတွင် ပရိနိဗ္ဗာန်ပြုတော်မူခါနီး အဆုံးစွန်ဝင်စား
အပ်သောထိုစတုတ္ထဈာန်၏သစ္စပိမုတ်ဖြစ်သော အရဟတ္တဖိုလ်စတုတ္ထ
ဈာန်အဖြစ်ကို နှစ်စေ၍ ဒုက္ခသစ္စာဖြစ်သော ရူပါဝစရကြိယာ စတုတ္ထ
ဈာန်အဖြစ်ကိုပြသည်။ ။ဤအလုံးစုံဖြင့်။ ။ဘဂဝါပနဈာနံသမာပဇ္ဇိ
တွာဈာနာဝုဋ္ဌာယဈာနင်္ဂါနိ ပစ္စဝေက္ခိတွာဘဝင်္ဂစိတ္တေန အဗျာကတေန
ဒုက္ခသစ္စေနပရိနိဗ္ဗာယိ။ ။ဟူသော သုတ်မဟာဝါ မဟာပရိနိဗ္ဗာန
သုတ်အဋ္ဌကထာနှင့်အညီ။ ဈာနသမာပတ်မှ ထသည်၏ အခြားမဲ့ဝယ်
ဝိထိတပါးမခြားမချပ်ဲ ပရိနိဗ္ဗာန်ပြုခြင်း ဟူသော ဈာနသမနန္တရပရိ
နိဗ္ဗာန်။ထိုအတူဈာန်အင်္ဂါကိုဆင်ခြင်သောဈာနင်ပစ္စဝေက္ခနာ၏အခြား
မဲ့၌ပရိနိဗ္ဗာန်ပြုခြင်းဟူသောဈာနင်ပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်။မဂ်
ဖိုလ်နိဗ္ဗာန်စသည် တပါးပါးကို ဆင်ခြင်သော ပစ္စဝေက္ခနာ၏အခြားမဲ့
၌ပရိနိဗ္ဗာန်ပြုခြင်းဟူသောမဂ္ဂါဒိပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်။ နာမ်
ရုပ်နိဗ္ဗာန်ပညတ်တို့တွင် တပါးပါးလျှင် အာရုံရှိသောဝိထိ၏အခြားမဲ့၌
ပရိနိဗ္ဗာန် ပြုခြင်းဟူသော နာမရူပါဒိသမ္မသန သမနန္တရ ပရိနိဗ္ဗာန်ဟူ
သောလေးပါးသောပရိနိဗ္ဗာန်တို့တွင်။မြတ်စွာဘုရား၏ဈာနင်ပစ္စဝေက္ခ
နာသမနန္တရပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်စံတော်မူသည်၏အဖြစ်။ ဇုတိပရိ
ယာယသာနဖြစ်သော ပစ္စဝေက္ခနာသည်စတုတ္ထဈာနင်ဖြစ်သောဧကဂ္ဂ
တာကိုဆင်ခြင်သော ပစ္စဝေက္ခနာ ဖြစ်ရကား ဧကဂ္ဂတာကိုအာရုံပြု၍
ပရိနိဗ္ဗာန်စံတော်မူသည်၏အဖြစ်ကိုပြသည်။ ။သန္တိမာရဗ္ဘာတိနိဗ္ဗာ
နံအာရမ္မဏံကတွာ။စက္ခုမာတိပဉ္စဟိစက္ခူဟိစက္ခုမာ။ ပရိနိဗ္ဗုတော
တိပရိနိဗ္ဗာယိ။ အယံဟေတ္ထ အတ္ထော။ နိဗ္ဗာနာရမ္မဏံစတုတ္ထဈာနဖလ
သမာပတ္တိံသမာပဇ္ဇိတွာတဒနန္တရမေဝ အနုပါဒိသေသာယ နိဗ္ဗာနဓာ
တုယာပရိနိဗ္ဗုတောတိ။ ။သန္တိမာရဗ္ဘာတိ။ ကား။ နိဗ္ဗာနံ။နိရောဓ
သစ္စာနိဗ္ဗာန်ကို။အာရမ္မဏံကတွာ။အာရုံပြု၍။စက္ခုမာတိ၊ ကား။ပဉ္စဟိ။
၅ပါးကုန်သော။စက္ခူဟိ။ဒိဗ္ဗစက္ခုဓမ္မစက္ခုဉာဏစက္ခုဗုဒ္ဓစက္ခုသမန္တ
စက္ခုတို့ဖြင့်။စက္ခုမာ။စက္ခုရှိတော်မူသော၊ပရိနိဗ္ဗုတောတိ။ကား။ပရိ
နိဗ္ဗာယိ။ပရိနိဗ္ဗာန်စံတော်မူပြီ။ဟိသစ္စံ။သန္တိမာရဗ္ဘကိုနိဗ္ဗာနံအါရမ္မဏံ
ကတွာဟုငါဖွင့်ဆိုသေါစကါးမှန်၏။အယံ။ဤယခုငါဆိုလတ့ံသည်ကါး။
ဧတ္ထ။ ဤနာဟုအဿာသပဿာသော။ ဌိတစိတ္တဿတာဒိနော။ အနေ
ဇောသန္တိမာရဗ္ဘ။စက္ခုမာပရိနိဗ္ဗုတော။ဟူသောဂါထာ၌။အတ္ထော။ဤ

ဂါထာကိုဟောရွတ်တော်မူသော်အနုရုဒ္ဓါမထေရ်၏အလိုတော်တည်း။ နိဗ္ဗာနာရမ္မဏံ။နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်လျှင်အာရုံရှိသော။ စတုတ္ထဈာနဖလသမါပတ္တိံ။စတုတ္ထဈာန်အရဟတ္တဖလသမာပတ်ကို။သမါပဇ္ဇိတွာ။ဝင်စားပြီး၍။တဒနန္တရမေဝ။ ထိုနိဗ္ဗာန်ဟူသောအာရုံ ရှိသောအရဟတ္တဖလစတုတ္ထဈာန်သမာပတ်မှထသည်၏အခြားမဲ့၌ပင်လျှင်။အနုပါဒိ သေသါယ။ကိလေသါမှကြွင်းကျန်ရစ်သော်ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ် ဟူသောဥပါဒိခန္ဓာမရှိသော။နိဗ္ဗာနဓါတုယာ။နိဗ္ဗာနဓာတ်ဖြင့်။ဝါ။ငြိမ်း ခြင်းသဘောဖြင့်။ပရိနိဗ္ဗုတော။ပရိနိဗ္ဗါန်စံတော်မူပြီ။ဝါ။ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းတော်မူပြီ။ဇာတိအယံ။ ဤဆိုအပ်ပြီးသည့်ကား။အဋ္ဌာ။ တည်း။ ။ဤအနုရုဒ္ဓါထေရဂါထာ အဓိပ္ပာယ်ကထာကဲ့သို့။ စတုတ္ထဈာန ဝုဋ္ဌဟိတွာ ဘဂဝါပရိနိဗ္ဗုတော။ ဟူသောမဟာ ပရိနိဗ္ဗာန သုတ်ပါဠိ တော်ဝယ် စတုတ္ထဈာန်အရကို အရဟတ္တဖိုလ် စတုတ္ထဈာန်ကို ယူ၍။ သဒ္ဒိမာရဏ္ဍ၏လည်း။ နိဗ္ဗာနံအာရမဏံကတွာဟူသောအနက်ကိုယူ၍။ မြတ်စွာဘုရား၏ အရဟတ္တဖလ စတုတ္ထဈာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြု တော်မူကြောင်း။ နိဗ္ဗာန်ကိုအာရုံပြု၍ ပရိနိဗ္ဗာန်ပြုတော်မူ ကြောင်းကိုပြ ဆိုသောဆရာတို့၏အယူဝါဒကိုလည်းနစ်စေသည်။ ။မြတ်ဘုရားပရိ နိဗ္ဗာန်၏ဈာနင်္ဂ ပစ္စဝေက္ခနာသမနန္တရ ပရိနိဗ္ဗာန်အဖြစ်။ ပရိနိဗ္ဗာနသန္တ ဝိထိစိတ်တို့၏ ဧကဂ္ဂတာလျှင်အာရုံရှိသည်၏ အဖြစ်တို့ကိုပြပြီး၍။ စုတိ စိတ်ဟူသော ပရိနိဗ္ဗာနစိတ်၏ အာရုံကိုပြလိုသောကြောင့်။ ။စုတိ တော်စိတ်။ အတိတ်နှင်နှင်။သုံးပါးတွင်မူ။ ထင်ဘိတစ်။ဂတိနိမိတ်။ ။ ဟူသောစကားတို့ကိုဆိုတော်မူပြန်သည်။ ။ဤတွင်စုတိတော်စိတ်။ အတိတ်နှင်နှင်။ဟူသောစကားဖြင့်။ပစ္စက္ခဘဝပဋိသန္ဓေစိတ်၏ရင်း။ရှေး အနန္တရဘဝ မရဏာသန္နဇောတို့၏ ရင်းအာရုံဖြစ် ထိုက်သော အတိတ် အာရုံပစ္စုပ္ပန်အာရုံ ကာလဝိမုတ်အာရုံသုံးပါးတွင် ကံကားအတိတ်သာ။ ဂတိနိမိတ်ကား ပစ္စုပ္ပန်။ ကမ္မ နိမိတ်ကား အချို့အတိတ်။ အချို့ ပစ္စုပ္ပန်။ အချို့ကာလဝိမုတ်ဖြစ်၏။ ။ထိုတွင်အချို့ကမ္မနိမိတ်နှင့် ဂတိနိမိတ်တို့ သည် ပစ္စုပ္ပန် အာရုံဖြစ်၏ ဟူ၍ပင်ဆိုအပ် သော်လည်း အတီတ ဘဝင် တချက်လွန်နှင့်ဥပါဒ်ပြိုင်သော ဝိဘူတာရုံပင်ဖြစ်စေ။ သတ္တရသာယုက ရုပ်မျိုးဖြစ်၍စိတ္တက္ခဏာ ၁၇ ချက်ခဏငယ် ၅၁ ချက်အသက် ရှေ့သည် ဖြစ်၍ပင်ပဋိသန္ဓေနောင်လေးချက်မြောက်ဖြစ်သော ဘဝင်စိတ်၏ဘင်ခ

ဏာနှင့်ပြိုင်၍သော ချုပ်သည်။ ပဋ္ဌမဘဝင်၏ ဥပါဒ်တိုင်အောင် မလိုက်မ ရောက် နိုင်သောကြောင့် ပဋိသန္ဓေ နောက် စတုတ္ထဘဝင် တိုင်ရုံသော ပစ္စုပ္ပန်အဖြစ်ဖြင့် တည်နိုင်၍ပဋ္ဌမဘဝင်မှစ၍ ခဏတ္တယကိုလွန်သဖြင့် အတိတ်ပင်ဖြစ်ရကား ထိုအာရုံပစ္စုပ္ပန်အဖြစ်၌တည်ခိုက်ဝယ်ဖြစ်သော စိတ် ၁၇ ချက်တွင် အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒစုတိ၏ စိတ်လေးချက်တို့မှာ ထိုဘဝယူခဲ့ရင်း ပဋိသန္ဓေ၏ အာရုံကိုသာ အာရုံပြုရ သည်။မနောဒွါရာဝဇ္ဇန်းဇောငါးချ တဒါရုံနှစ်ချ ပဋိသန္ဓေသစ်တချ။ယင်း နောင် ဘဝင် လေးချ အားဖြင့် ၁၃ ချက်သော စိတ်တို့သာ ထိုအာရုံကို ပစ္စုပ္ပန်အဖြစ်ဖြင့်ယူနိုင် အာရုံပြုနိုင် ကုန်သည်။ ပဋိသန္ဓေ နောင်ပဋ္ဌမ ဘဝင်မှစ၍ထိုဘဝဖြစ်သမျှဘဝင်စိတ် စုတိစိတ်တို့မူကားထိုကမ္မနိမိတ် ဂတိ နိမိတ်တို့ကို အတိတ်အဖြစ်ဖြင့်သာ ယူရအာရုံပြုရ သောကြောင့် ခပ်သိမ်းသောကာမပုဂ္ဂိုလ်တို့၏ စုတိစိတ်ဟူသမျှတို့ပင်အတိတ်နှင်နှင် သာဖြစ်သော အာရုံကိုသာ အာရုံပြုမြဲဖြစ်၍ မြတ်စွာဘုရား၏ စုတိစိတ် သည်လည်းအတိတ်နှင်နှင်သာဖြစ်သော မိမိဖြစ်သည့်နောက် စိတ္တက္ခဏာ တချက်လွန်ရုံမျှဖြင့်ဒွါရ၌ ထင်ခြင်းသို့ရောက်၍ ပိဘူတဖြစ်သော ရူပါရုံ ကိုသာအာရုံပြု၏ဟုပြသည်။ ။သုံးပါးတွင်မူ။ထင်ဘိတစ်။ဂတိနိမိတ်။ ဟူသော စကားဖြင့်စုတိစိတ်၏ အာရုံဖြစ် ကောင်းသော ကံကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးပါးတွင်။ မြတ်စွာဘုရား၏ စုတိစိတ်တော် သည်ဂတိနိမိတ်ကိုသာအာရုံပြု၏ဟုပြသည်။ ။မြတ်စွာဘုရား၏ပရိ နိဗ္ဗာနစုတိစိတ် တော်သည် ဂတိနိမိတ် ကိုသာ အာရုံပြုသည်ဟူ၏။ ထို စုတိစိတ် တော်၏ ဂတိနိမိတ်ကို အာရုံပြုသည်၏ အဖြစ်ကို အဘယ်သို့ သောအကြောင်းယုတ္တိကိုထောက်၍သိရပါအံ့နည်း။ဟူဘွယ်ရှိ၍။ ၊ တိဟိတ်ပဋိသန္ဓေ။စွဲနေသော့ခါ။တုသိတာမှ။ ပဥ္စာလောကန။ကြည့်ပြီးမှ လျှင်။ဘဝပြောင်းလာ။၍ကြောင်းရာကို။ပညာရှိတွေ။ကြံမိစေလော။ ။ ဟူသောစကားကို ဆိုပြန်သည်။ ။အဓိပ္ပါယ်ကား။ ဘုရားအလောင်း တော်သည်တုသိတာနတ်ပြည်၌ဖြစ်၍နတ်စည်းစိမ်ကိုခံစားစံနေတော် မူစဉ်စကြဝဠာတသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ ခညောင်းရိုသေ စွာအရှင်နတ်သားလောက၌ဘုရားဖြစ်ချိန် သင့်ပါပြီဟသည်ဖြင့်တောင်း ပန်တိုက်တွန်း ကြသော အခါ။ သမ္ဗာ သမ္ဗုဒ္ဓ မြတ်စွာ ဘုရား ဟူသမျှ၊ အဘယ်ကျွန်း အဘယ်ကာလ အဘယ်ဒေသ၌ ဖြစ်ပွင့်တော် မူကြလေ

သနည်းစသည်ဖြင့် ဤစကြာဝဠာဇမ္ဗူဒိပါ ကျွန်းကြီး၌ သာသနာလေး ဆင့်ပွင့်တော်မူကြမြဲ ဖြစ်၍ ရှေးဘုရား ရှင်တို့ အမြဲဖြစ်ပွင့်ရာ ဇမ္ဗူဒိပါ ကျွန်းကိုကြည့်ခြင်း။ဆုတ်ကပ်တွင်သာ။လူတို့အသက်သိန်းတန်းမှအော်။ ရာတန်းမှအထက်ဖြစ်သောကာလ၌သာဖြစ်ပွင့်တော်မူရိုးဖြစ်၍ ထိုကာ လကို ကြည့်ခြင်း။ ဇမ္ဗူဒိပါကျွန်း၏ ဗဟိုရ် ချက်မအချာ အဝန်းယူဇနာ ကိုးရာရှိသောမဇ္ဈိမဒေသ၌သာ ဖြစ်ပွင့်တော်မူမြဲ ထုံးစံရှိသည့်အတိုင်း ဖြစ်ပွင့်ရာ ဒေသကိုကြည့်ခြင်း။ မင်းပုဏ္ဏားအမျိုးနှစ်ပါးတွင် ကာလအ လျောက်လူတို့ အလေးအမြတ်ပြုအပ်သော အမျိုး၌သာဖြစ်ပွင့်ရိုးထုံးစံရှိ သည်ဖြစ်၍ ထိုကာလ လေးမြတ် ရှိသေကြသော အမျိုးကိုကြည့်ခြင်း။ အယွယ်အားဖြင့်မဇ္ဈိမပြုစင်သေါသိလနှင့်ပြည့်စုံသောဆယ်လနှင့်ခုနှစ် ရက်မျှအသက်ကြွင်းရှိသောမိန်းမ၏ ဝမ်းတိုက်၌သာ ပဋိသန္ဓေစွဲနေကြ မြဲအစဉ်ရှိသည်ဖြစ်၍မယ်တော်၏ဂုဏ်သဘောနှင့်တကွအာယုပရိစ္ဆေ ဒကိုကြည့်ခြင်းဟူသော ဒိပကာလ ဒေသကုလ မာတုအာယုပရိစ္ဆေဒ ဤငါးပါးတို့ကိုကြည့်တော်မူ၍ ညီညွတ်ကုံလုံပြည့်စုံသည်၏ အဖြစ်ကို မြင်သိ၍ယခုပဋိသန္ဓေ ယူသင့်ပြီဟုဆုံးဖြတ်သဖြင့်တုသိတာနတ်ပြည်မှ စုတေပြောင်းခွါလူ့ဘုံသို့လာခဲ့၍ မယ်တော်မဟာမာယာမိဖုရား၏ဝမ်း တိုက်၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်ဖြင့် တိဟိတ်ပဋိသန္ဓေစွဲနေ တော်မူသည်ကို ထောက်တွေးကြံဆသဖြင့်အနန္တရဖြစ်လတံ့ ဘဝဝယ် ရအပ်လတံ့သော ဒိပကာလသည်ငါးပါးကို။ အထူးအားဖြင့်မယ်တော် ၏အသက်အပိုင်းအခြားကို ကြည့်တော်မူပြီးမှ စုတေသော ကြောင့်။စု တေခါနီးမရဏာသန္နစိတ်သည်မယ်တော်သန္တာန်၌ရှိသောဝိဘူတဖြစ် သောပစ္စုပ္ပန် ရူပါရုံဟူသောဂတိနိမိတ်ကို အာရုံပြုရာသည်။ယင်းသို့ပြု ကလည်းပဋိသန္ဓေစိတ်သည်အနန္တရ ရှေးဘဝ မရဏာသန္နဇောနှင့်အာ ရုံတူမြဲဖြစ်၍ပစ္ဆိမဘဝ ပဋိသန္ဓေ စိတ်သည်လည်း ထိုပစ္စုပ္ပန်အဖြစ်၌ တည်ဆဲဖြစ်သောရူပါရုံဟူသော ဂတိနိမိတ်ကိုပင် အာရုံပြုသည်။ထို သို့ပြုသောကြောင့် စုတိစိတ်ဟူက ပဋိသန္ဓေစိတ်နှင့် အာရုံတူမြဲဖြစ်၍ စုတိတော်စိတ်၏ဂတိနိမိတ်လျှင်အာရုံရှိသည်၏ အဖြစ်ကိုပညာရှိတို့သိ ကြလေ။ဟူလို။ ။ပဉ္စမဟာဝိလောကန အမှုကိုပြုပြီးမှ စုတိခဲ့၍ပဋိ သန္ဓေ စွဲနေသည်ကို ထောက်တွေးကြံဆ၍ တုသိတာ၌ တည်စဉ်ဖြစ် သောမရဏာသန္နစိတ် ပစ္ဆိမဘဝပဋိသန္ဓေစိတ်တို့၏ဂတိနိမိတ်ကိုအာ

ရုံပြုခြင်းကြောင့်စုတိပရိနိဗ္ဗာနစိတ်တော်၏ဂတိနိမိတ်ကိုအာရုံပြုသည် ၏အဖြစ်ကိုသိရမည်ဟုဆို၏။ ထိုသို့ပင်မရဏာသန္နစိတ် ပဋိသန္ဓေစိတ် တို့သည်ဂတိနိမိတ်ကို အာရုံပြုသည်ပင်ဖြစ်စေ။ ပဋိသန္ဓေစိတ်၏အာရုံ တခြားစုတိစိတ်၏ အာရုံတပါး။ ၎င်းစိတ်နှစ်ပါးတို့ အာရုံမတူဘဲကွဲပြား ရှိကောင်းခဲ့သော်။ ပဋိသန္ဓေစိတ်ဂတိနိမိတ်ကို အာရုံပြုခြင်းဟူသောအ ကြောင်းကိုထောက်သဖြင့် စုတိစိတ်တော်၏ဂတိနိမိတ်ကိုအာရုံပြုသည်၏ အဖြစ်ကိုသိရမည်ဟု မဆိုသင့်တကား။ဟူဘွယ်ရှိ၍။ ။သန္ဓေဘဝင်။ သုံးအင်စုတိ။ တူဘိအာရုံ။ ။ဟူသောစကားကိုဆိုပြန်ရသည်။ ။အာ ဓိပ္ပါယ်ကား။ ။ပဋိသန္ဓိဘဝင်္ဂ။ တထာစဝန မာနသံ။ ဧကမေဝတ ထေဝေက။ ဝိသယဉ္စေကဇာတိယံ။ ။ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနှင့်အညီ။ တခုတည်းသောဘဝ၌ ပဋိသန္ဓေဘဝင်စုတိစိတ် ဟူသောဥပပတ္တိဘဝ၏ အစိတ်ဖြစ်သော စိတ်သုံးပါးတို့သည်တပါးနှင့် တပါးပြားသောအာရုံရှိသောမည်သည် မရှိကောင်းဘုံဇာတ်သမ္မယုတ် သင်္ခါရအာရုံအားဖြင့်တူမြဲဖြစ်၍ ပဋိသန္ဓေစိတ်တော်၏ ဂတိနိမိတ်လျှင် အာရုံရှိသည်၏အဖြစ်ကိုထောက်၍ စုတိစိတ်တော်၏ဂတိနိမိတ်ကိုအာ ရုံပြုသည်၏ အဖြစ်ကိုသိရမည်ဟု ဆိုသင့်ပါ၏။ဟူလို။ ။တခုသော ဘဝ၌ပဋိသန္ဓေဘဝင်စုတိစိတ်တို့အာရုံတူကြောင်းကိုပြသောသင်္ဂြိုဟ် ကျမ်းလာဂါထာကိုထောက်၍စုတိစိတ်တော်သည် ဂတိနိမိတ်လျှင်အာ ရုံရှိသော ပဋိသန္ဓေစိတ်တော်နှင့် တူသောအာရုံ ရှိသောကြောင့် စုတိ စိတ်၏ဂတိနိမိတ်ကိုအာရုံပြုကြောင်းကို သိရမည်ဟူသော စကားသင့် သည်ဟူ၏။ယင်းသို့သင်္ဂြိုဟ်ကျမ်း၌၎င်းစိတ် ၃ ပါးတို့အာရုံတူကြောင်းကို ဆိုသည်ပင်ဖြစ်စေ။ယင်းသည်သင်္ဂြိုဟ်စကားကိုယေဘုယျအားဖြင့်သာ ဆို၍အပကာအားဖြင့် မဟာဝိပါက်တိဟိတ်သောမနသာသဟဂုတ် စိတ် နှစ်ခုတို့တွင်တခုခုတို့ဖြင့်ပဋိသန္ဓေနေ၍ ပဝတ္တိကာလဝယ်မိမိရအပ်ပြီး သောမဟဂ္ဂုတ်ဈာန်တရားမှတစုံတခုသောအကြောင်းဖြင့်လျှောယုတ် သည်ဖြစ်၍ငါ့အားမြတ်သောမဟဂ္ဂုတ်ဈာန်တရားသည် ပျက်စီးလျှော ယုတ်ချေပြီဟုကြံအောင့်မေ့၍ ဂုဏဗျာသနဟူသောအကြောင်းသည် နှိပ် စက်အပ်သည်ဖြစ်၍သောကဒေါမနဿသဟဂုတ်မနောဒွါရိက ဒေါသ ဇောဝိထိစိတ်ကိုဖြစ်စေသောပုဂ္ဂိုလ်အားကါမဇောကါမသတ္တဝါကါမ အာရုံသုံးပါးစုံညီမှတဒါရုံဖြစ်ကောင်းသည်ဖြစ်၍ဤ၌မဟဂ္ဂုတ်အာရုံဖြစ်

ရကားတဒါရုံမဖြစ်ကောင်းမဖြစ်နိုင်ရာ။ယင်းသို့တဒါရုံမဖြစ်ကောင်း၍ ဘဝင်ချရမည်လည်းမိမိ၏မူလပဋိသန္ဓေနှင့်ဘုံဇာတ်စသည်ဖြင့်တူသော မဟာဝိပါက်သောမနဿ သဟဂုတ်ဘဝင်ကိုချခဲ့သော်။ သောမနဿ ဒေါမနဿဝေဒနာနှစ်ပါးတို့သည်အချင်းချင်းဆန့်ကျင်ဘက်အညမည ဝိရုဒ္ဓဖြစ်၍ သောမနဿသဟဂုတ်စိတ်၏ အခြားမဲ့၌ ဒေါမနဿသဟ ဂုတ်စိတ်မဖြစ်ကောင်း။ ဒေါမနဿသဟဂုတ်စိတ်၏ အခြားမဲ့၌လည်း သောမနဿ သဟဂုတ်စိတ်မဖြစ်ကောင်း။ ဒေါမနဿသဟဂုတ်ဇော ၏အခြားမဲ့၌။ ဥပေက္ခာသဟဂုတ်စိတ်သာဖြစ်ကောင်းဖြစ်နိုင်၍ သော မနဿ သဟဂုတ်စိတ် မဖြစ်ကောင်း မဖြစ်နိုင် သည်သာ ဖြစ်သော ကြောင့် ဇောနှင့် ဆန့်ကျင် ရာခဲ့သည်။ ဇောသို့လိုက်၍။ ဇောနှင့်မဆန့် ကျင်ရအောင်ဥပေက္ခာသဟဂုတ်ဘဝင်ကိုချခဲ့ကလည်း။ မူလပဋိသန္ဓေ နှင့်ဆန့်ကျင်ရာ ခဲ့သည်ဖြစ်၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှစ်ခု တွင်တခုခုသည်၍ဘဝဝယ်ရှေးကာလလေ့ကျက်ခဲ့ဘူးသောကာမအာ ရုံတပါးပါးကိုအာရုံပြု၍ အာဂန္တုကဘဝင်အဖြစ်ဖြင့် နှစ်ကြိမ်ဖြစ်ပြီးမှ ပဋိသန္ဓေနှင့်ဘုံဇာတ်စသည်တူသောပကတိမူလဘဝင်ဖြစ်သည်။ ။

မဟာဝိပါက်သောမနဿသဟဂုတ် စိတ်လေးခုတွင် တပါးပါးဖြင့်ပဋိ သန္ဓေနေ၍ပဝတ္တိကာလဝယ်မြတ်စွာဘုရားအဆင်းတော် တရားတော် သံအစရှိသောဣဋ္ဌာရုံတချက်လွန်ရုံမျှဖြင့် ဒွါရ၌ထင်ခြင်းသို့ရောက် သောအတိဣဋ္ဌာရုံကိုအာရုံပြု၍ဖြစ်သောပဉ္စဒွါရိကဝိထိ၌ဒေါသဇောကို ဖြစ်စေသောမိစ္ဆာဒိဋ္ဌိအစရှိသောပုဂ္ဂိုလ်တို့အားဒေါသဇောနောင်အခြား မဲ့၌ဥပေက္ခာသဟဂုတ်စိတ်သာဖြစ်ကောင်းသည်။ သောမနဿသဟ ဂုတ်စိတ်မဖြစ်ကောင်း။ အတိဣဋ္ဌာရုံ၌လည်း သောမနဿ သဟဂုတ် တဒါရုံငါးခုတွင်တခုခုသာဖြစ်ကောင်းသည်။ဥပေက္ခာသဟဂုတ်တဒါ ရုံမဖြစ်ကောင်းသည်သာဖြစ်သောကြောင့်ဒေါသဇောသို့လိုက်၍။ ဒေါ သဇောနှင့်မဆန့်ကျင်ရအောင် ဥပေက္ခာသဟဂုတ်တဒါရုံကိုချခဲ့သော် အာရုံနှင့်ဆန့်ကျင်ရာသည်။အတိဣဋ္ဌာရုံအားလျော်စွာထိုအာရုံနှင့်မဆန့် ကျင်ရအောင်သောမနဿသဟဂုတ်တဒါရုံကိုချခဲ့ပြန်လျှင်လည်း ဇော နှင့်ဆန့်ကျင်ရာခဲ့သည်သာဖြစ်၍ ဤကဲ့သို့သောအရာ၌ အလျှင်းပင်တဒါ ရုံစိတ်မဖြစ်နိုင်ပြီ။ ယင်းသို့တဒါရုံစိတ်မဖြစ်နိုင်သောကြောင့်ဘဝင်ချခဲ့ သော်ပြဆိုခဲ့ပြီးသည်အတိုင်းပဋိသန္ဓေစိတ်အားလျော်စွာ သောမနဿ

သဟာဂုတ်ဘဝင်ကို ချခဲ့သော် ဇောနှင့် ဆန့်ကျင်ရာသည်။ ဒေါသဇော အားလျော်စွာ ဥပေက္ခာသဟာဂုတ်ဘဝင်ကိုချခဲ့ကလည်းပဋိသန္ဓေစိတ်နှင့် ဆန့်ကျင်ရာခဲ့သည်ဖြစ်၍ဤကဲ့သို့သောအရာ၌လည်း ရှေး၌လေ့ကျက်ခဲ့ ဘူးသောအာရုံလျှင် အာရုံရှိသော ဥပေက္ခာသဟာဂုတ် သန္တီရဏ နှစ်ခု တွင်တခုခုသည်ပင် အာဂန္တုကဘဝင်အဖြစ်ဖြင့် နှစ်ကြိမ်ဖြစ်ပြီးမှ ပဋိ သန္ဓေနှင့်ဘုံဇာတ်စသည်တူသောပကတိမူလဘဝင်စိတ်ဖြစ်သည်။ ။ ဤပြဆိုခဲ့ပြီးသောအရာတို့၌ အာဂန္တုကဘဝင်စိတ်သည် ပဋိသန္ဓေစိတ် နှင့်အာရုံမတူသောကြောင့် ပဋိသန္ဓေစိတ်နှင့်အာရုံအားဖြင့် မတူသော ဘဝင်စိတ်ရှိသကဲ့သို့ ပဋိသန္ဓေနှင့်အာရုံမတူသောစုတိစိတ် ရှိကောင်း ခဲ့သော်။ ။ကတ္တစိပနအနုပ္ပန္နမာနသသဳဏာသဝသယထော ပဋ္ဌိတံ နာမရူပဓမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံဂစ္ဆတိ။ န ကမ္မကမ္မနိမိတ္တာဒယော။ ။ဟူသောဋီကာကျော်၌စုတိပရိယောသါန သဒ္ဒါကို။ စုတိသင်္ခါတံပရိယောသာနံဧတေသန္တိ စုတိပရိယောသာနာ နိ။ ဟုတုလျာမိကရဏစတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပြု၍တဂ္ဂုဏသံ ဝိညာ ဏကြံ၍ သမာသ်ပုဒ်၏ အနက်ဖြစ်သော စုတိစိတ်နှင့် တကွအညပုဒ်၏ အနက်ဖြစ်သော ပရိနိဗ္ဗာနသန္န ဝိထိစိတ် တို့ကို စုတိ ပရိယောသာန သဒ္ဒါ၏အနက်အရကောက်ယူ၍ ခီဏာသဝပုဂ္ဂိုလ်ဟူသမျှတို့၏စုတိစိတ် သည်ကံကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတွင် တပါးပါးကိုမျှ အာရုံမပြုပြီ။ ပရိနိဗ္ဗာနသန္န ဝိထိစိတ်တို့ကဲ့သို့။ ထိုခဏထင်တိုင်းသော နာမ်ရုပ်စ သည် တပါးပါးကိုသာ အာရုံပြုလေတော့ သည်ဟု ဆိုသောဆရာတို့ စကားဟုတ်မှန်ရာခဲ့သည်။ ယင်းသို့ဟုတ်မှန် ခဲ့ကလည်း ပဋိသန္ဓေစိတ် ဂတိနိမိတ်ကိုအာရုံပြုသည်ကိုထောက်၍ စုတိစိတ်တော်၏ဂတိနိမိတ် ကိုအာရုံပြုကြောင်းကိုသိရမည်ဟူသော စကားမသင့်ရာပါသေး။ ဟူ ဖွယ်ရှိ၍။ပြုတုံမချွတ်ဟူသောစကားကိုပြဆိုရပြန်သည်။ ။ပဋိသန္ဓေ ဘဝင်စုတိစိတ် သုံးပါးသည် တရံတခါစ်မျှမတူ ကွဲပြားသောအာရုံရှိ သောမည်သည်မရှိ။ မချွတ်မလွဲအမြဲဧကန္တနိယမအားဖြင့်တူမြဲသာဖြစ် သည့်ဖြစ်၍စုတိစိတ်တော်၏ဂတိနိမိတ်ကိုအာရုံပြုကြောင်းကိုဆိုသော စကားသင့်သည်သာ။ဟူလို။ ။ပဋိသန္ဓေဘဝင်စုတိစိတ်သုံးပါးတို့၏ တခုတည်းသော ဘဝ၌ သတ္တဝါဟူသမျှတို့အား အာရုံအားဖြင့်မချွတ် မလွဲတူမြဲသာဖြစ်သည်၏အဖြစ်ကို ပြကြောင်းဖြစ်သော၊ သန္ဓေဘဝင်။

သုံးအင်ရုတိ။ တူဘိအာရုံ။ပြုတုံမချွတ်။ ဟူသော၌စကားဖြင့်။ ။ပဋိသန္ဓိဘဝင်စု။ အစရှိသောသဗ္ဗိုဟ်ဂါထာကို ယေဘုယျသာဟု ယူ၍။ ကဏ္ဍဝိပန အနုပ္ပဗန္ဓမာနသသ အစရှိသော ဋီကာကျော်၌ စုတိပဋိသန္ဓိဘဝင်စိတ်တို့သည် ... သာနုသဒ္ဒါကိုလည်းတဂ္ဂဟဏသံဝိညာဏကြီး၍ ဒိဏာသဝဟူသမျှတို့၏ စုတိစိတ်သည်ပုထုဇန်သေက္ခတို့၏ စုတိစိတ်ကဲ့သို့ ကံကမ္မနိမိတ်ဂတိနိမိတ်တို့ကိုအာရုံမပြုပြီ။ ပရိနိဗ္ဗာန၁သန္တုဝိထိစိတ်တို့ကဲ့သို့ထိုခဏထင်တိုင်းသောနာမ်ရုပ်စသည်တွင်တပါးပါးကိုသာအာရုံပြုလေတော့သည် ဟုယူသောဆရာတို့၏ဝါဒကိုရင်း။ ။ထိုအတူ ယေဘုယျတဂ္ဂဟဏသံဝိညာဏကြီး၍။စတုတ္ထဗျာနာ၁ဝုဋ္ဌဟိတွာသမနန္တရာဘဂဝါပရိနိဗ္ဗုတော။ ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ စတုတ္ထဗျာန်အရကို အရဟတ္တဖလ သမာပတ်ကိုယူ၍။ သန္တိမာရဏ္ဏဟူသော ရင်းပါဠိ တော်၏လည်း။နိဗ္ဗာန်အာရမဏံကတွာဟူသော အနက်ကိုယူ၍ မြတ်စွာဘုရား၏စုတိစိတ်တော်သည် ပဋိသန္ဓေစိတ်၏အာရုံကိုအာရုံမပြုပြီ။ နိရောဓသာစွာဖြစ်သောနိဗ္ဗာန်ကိုသာ အာရုံပြုလေတော့သည်ဟု ယူသောဆရာတို့၏ ဝါဒကိုရင်း ပယ်မြစ်တော်မူ၏။ ။ထိုဝါဒ၏ မသင့်ကြောင်းကို အောက်၌ပြဆိုခဲ့ပြီ။ ။ယခင်ပြဆိုခဲ့သော ဇောပဋိသန္ဓေနှစ်ပါးတို့တွင် တပါးပါးနှင့်ဆန့်ကျင်ခြင်းကြောင့် ဘဝင်မဖြစ်နိုင်သောအရာဝယ်။ ဘဝင်မဖြစ်နိုင်ခြင်းကြောင့်ဝိထိစိတ်ဖြစ်ရမည်လည်း ဝိထိတခုနှင့်တခုအကြားဘဝင်မခြားပဲ ဝိထိနှစ်ပါးတို့ တဆက်တစပ်ထည်း ဖြစ်ကောင်းသောသဘောမည်သည်မရှိ။ကာမဘုံဝယ်နိရောဓသမာပတ်ကိုဝင်စားခိုက်ဖြစ်သောပုဂ္ဂိုလ်မှတပါးစိတ်ဝိညာဏ်ကင်းသော ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်း မရှိကောင်းသည်သာဖြစ်၍။ စိတ်ဝိညာဏ်ကင်းချေကဥပပတ္တိဘဝပြတ်ကင်းသဖြင့်သေခြင်းသို့သာရောက်ရသောကြောင့်။ ထိုဥပပတ္တိဘဝကိုမပြတ်မပျက်စေရအောင် စောင့်ရှောက်သောအားဖြင့် ဥပပတ္တိဘဝမပြတ်ကြောင်း ဘဝင်္ဂကိစ္စအဖြစ်ဖြင့် ဥပေက္ခာသန္တီရဏနှစ်ခုတွင်တခုခုသည် ပဋိသန္ဓေ၏အာရုံဖြစ်သော ကံကမ္မနိမိတ် ဂတိနိမိတ်အာရုံမှတပါး ဤဘဝရှေးကာလယူခဲ့ဘူးသော ကာမအာရုံတစုံတခုကိုအာရုံပြု၍ညွှတ်သည်အာဂန္တုအလား ဒေါသဇောမူလဘဝင်တို့၏အကြားဝယ်ဝင်ချပ်၍အာဂန္တုကဘဝင်္ဂကိစ္စအားဖြင့်ဖြစ်သော အာဂန္တုကဘဝင်ဖြစ်၍သာ ပဋိသန္ဓေနှင့်အာရုံမတူရှိလေသည်။ ပကတိမူလဘ

ဝင်ဟူသမျှနှင့်ရုတိစိတ်မှုကား ဤဘဝပဋိသန္ဓေစိတ်နှင့်ဘုမ္မိဇာတိသမ္ပယုတ္တဓမ္မသင်္ခါရအာရုံအားဖြင့်မချွတ်မလွဲတူမြဲသာဖြစ်သည်ဟုမှတ်အပ်၏။ ။တစုံတခုသောဘဝ၌ ပဋိသန္ဓေဘဝင်စုတိစိတ်တို့၏ အာရုံအားဖြင့်မချွတ်မလွဲတူမြဲသာဖြစ်သည့်၏အဖြစ်ကို အဘယ့်ကြောင့်သိပါသနည်း။ဟူဖွယ်ရှိ၍။ ။ပရမတ်သည်။ ။ဟောမှတ်ကေန်သာတမျှ။ ။ဟူသော စကားကို ဆိုပြန်ရသည်။ ။ဤအဘိဓမ္မာ ပိဋကတ် သည် ဝိနည်း ပိဋကတ်ကဲ့သို့ လွန်ကျူးသော အပြစ်အား လျော်စွာ ဆုမ္မရာယထာပရာဓသောသနာမဟုတ်။သုတ္တန်ပိဋကတ်ကဲ့သို့ သတ္တဝါတို့၏အလိုအကျိုက်စရိုက်အါးလျော်စွာဆုမ္မရာယထာနုလောမသာသနာလည်းမဟုတ်။ တစုံတယောက်သော ပုဂ္ဂိုလ်၏အလိုအကျိုက်သို့မလိုက်။ ယုတ်မြတ်ကြီးငယ် ရွေးချယ်ငဲ့ကွက် ညှာတာခြင်းကိုမပြု။ ဓမ္မသဘောအား လျော်စွာသတ္တဝါတို့ကိုဆုမ္မရာ ယတာဓမ္မ သာသနာဖြစ်သည် ဝိနည်း ပိဋကတ်ကဲ့သို့များသောအားဖြင့် ကဲ့ရဲ့ရှုတ်ချအာဏာပြ၍ ဟောကြားရာအာဏာဒေသနာမဟုတ်။ သုတ္တန်ပိဋကတ်ကဲ့သို့ များသောအားဖြင့် သတ္တပုဂ္ဂလဒေဝမနုဿဇ္ဈတ္တိပုရိသအစရှိသောဝေါဟာရပညတ်တို့ကို ဟောကြားရာ ဝေါဟာရ ဒေသနာလည်းမဟုတ်။ မဖေါက်မပြန် ဟုတ်မှန်သောပရမတ္ထသဘာဝဓမ္မတို့ကိုသာဟောကြားရာပရမတ္ထဒေသနာတော်မြတ်သာဖြစ်၍ ထိုအဘိဓမ္မာပိဋကတ်၌ ဟောပြလာရှိသော ပရမတ္ထသဘာဝ ဓမ္မတို့ကို ဟောတော်မူတိုင်းသာ ကေန်မုချ နိတတ္ထအမြဲနိယာမအားဖြင့်သာမှတ်ယူသင့်သေါကြောင့်ပဋိသန္ဓေဘဝင်စုတိစိတ်တို့၏တခုသောဘဝ၌ဘုမ္မိဇာတိသမ္ပယုတ္တဓမ္မသင်္ခါရအာရုံအားဖြင့် တူမြဲဖြစ်ကြောင်းကိုလည်းအဘိဓမ္မာပိဋကတ်၌ဟောပြအပ်သောကြောင့် ပဋိသန္ဓေဘဝင်စုတိစိတ်သုံးပါးတို့၏ တခုသောဘဝ၌ မချွတ်မလွဲအမြဲမုချကေန္တအားဖြင့် တူသော အာရုံရှိသည့်၏အဖြစ်ကို သိပါသည်။ ဟူလို။ ။

ဝတ္ထာ ရမ္မဏာနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်အရကို ကောက်ယူရာ အသိး အသိးသော ဆရာတို့ဝါဒကိုပြဆို၍။ ပစ္စည်းအရ ပစ္စယုပ္ပန်အရ။ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ပုံများကို။ သင်္ခေပအားဖြင့်ပြဆိုဦးအံ့။ ။မနောဓာတ်မနောဝိညာဏဓာတ် နှစ်ပါးတို့ကို ဆောင်တတ်။ ထိုဓာတ်နှစ်ပါးတို့၏တည်မှီရာဖြစ်၍ ဟဒယဝတ္ထုမည်သော ရုပ်သည်ပစ္စဝေါကာရဘုံ

ဝယ်ယောနိ ၄ ပါးတို့ဖြင့်ထိုက်သည့်အားလျော်စွာအသီးအသီးပဋိသန္ဓေ စွဲနေကြသော ပုဂ္ဂိုလ်ဟူ သမျှ၌ပင် မဖြစ်ကောင်းသော မည်သည်ချို့ သောမည်သည်မရှိ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စုတိစိတ်မှပြန်၍ ရေသော် ၁၇ ချက်မြောက် သောစိတ်၏ ဥပါဒ်ခဏတိုင်အောင်ဖြစ်လေ တိုင်းသောစိတ်တို့၏ ဥပါဒ်ဋ္ဌိဘင်ဟူသော ခဏတိုင်း၌ပင်ဖြစ်၏။ ဝိသေ သအားဖြင့် လူတို့သန္တာန်ဝယ် သားမြတ်နှစ်ခုတို့၏ အကြားရင်လယ်အ ချိုင့်အရပ်နှင့်ဆိုတည့်အတွင်းအရပ်၌ အပေါ်အဖတ်ကိုခွါ၍ အောက်သို့ မျက်နှာမှူလျက်တွဲလျားဆွဲထားအပ်သော်ပဒုမ္မာကြာဖူးသဏ္ဍာန်ရှိသော။ အပ၌ပြေပြစ်ချောမောသော။ အတွင်း၌သဘွတ်သီးအရုကဲ့သို့ ရှုတ်ထွေး သော။ ပညာထက်သောသူတို့အား စဉ်းငယ်ပွင့် ကျယ်သော။ ပညာမဲ့ သောသူတို့အား ငုံသောကျင်းသော အဝရှိသော နှလုံးသား၏ အတွင်း ဝယ်ပုံးညက်စေ့ခန့်ကျယ်သောတွင်းအခေါင်း၌တည်ရှိသော။ ရာဂစရိုက် ပြောသောသူတို့အား နီသောအဆင်းရှိသော။ ဒေါသစရိုက်ပြောသော သူတို့အား မည်းနက်သောအဆင်းရှိသော။ မောဟစရိုက်ပြောသောသူ တို့အား သားဆေးရေအဆင်းရှိသော။ ဝိတက်စရိုက် ပြောသော သူတို့ အားပဲပြုတ်ရေအဆင်းရှိသော။ သဒ္ဓါစရိုက်ပြောသောသူတို့အား မဟာ လှေကားပွင့် အဆင်းရှိသော။ ပညာစရိုက်ပြောသော သူတို့အားကြည် လင်သန့်ရှင်းသွေးသစ်စသောပတ္တမြားကျောက်အဆင်းရှိသောသွေးကို နှံ့၍တည်၏။ မိမိနှင့်ကလာပ်တူ ဖြစ်သော ဇီဝိနိန္ဒြေဂရုပ် ၅စ်ခုဇီဝိတ ရုပ်ဟူသော ကိုးပါးသောရုပ်တို့နှင့် မကွေမကွာ အတူတကွ တပေါင်း တည်းတစုတည်းသာဖြစ်၏။ မနောဓာတ် မနောဝိညာဏဓာတ်နှစ်ပါး တို့၏မှီရာ၏ အဖြစ်ဟူသောလက္ခဏာရှိ၏။ ဤသို့အစရှိသော ဒေသနာ နယသုတစကားစသည်ကိုအစဉ်လျှောက်၍ ရုပ်နာမ်တရားတို့ကို အသီး အသီးပိုင်းခြား၍ရှုဆင်ခြင်စဉ်ဟာဒယဝတ္ထုကိုအောက်မေ့ဆင်ခြင်သော အခါ၌၄င်း။ ထိုဟာဒယဝတ္ထုကိုပင် အနိစ္စစသောလက္ခဏာသို့ တင်၍ဆင် ခြင် သုံးသတ်သောအခါ အစရှိသည် တို့၌၎င်း။ ပုထုဇန် သေက္ခပုဂ္ဂိုလ် တို့အား။ ထိုဟာဒယဝတ္ထုလျှင်အာရုံရှိသော နာမရူပပရိစ္ဆေဒဉာဏ်သမ္မ သနဉာဏ်စသည့်နှင့် ရှဉ်သောမဟာကုသိုလ်ဇောသည်ဖြစ်၏။ ထိုဟာဒ ယဝတ္ထုကိုပင်အာရုံပြု၍ သာယာတပ်မက်နှစ်သက်စွဲလမ်းခြင်းဖြစ်မှား ခြင်းတွေဝေခြင်းတို့ကို ပြုသောပုထုဇ္ဇန်တို့အား ထိုက်သည်အားလျော်

စွာအကုသိုလ်ဇောတို့သည်ဖြစ်ကုန်၏။ ထိုပုထုဇ္ဇန်သေက္ခတို့အားထိုပြ
ဆိုအပ်ပြီသောကုသိုလ်အကုသိုလ်ကံတို့သည်အနန္တရဘဝ၌ထိုက်သည့်
အားလျော်စွာပဋိသန္ဓေအကျိုးကိုဖြစ်စေအံ့သည်ရှိသော်။ ထိုကံ၏အာရုံ
ဖြစ်၍။ ကမ္မနိမိတ်မည်သော ထိုဟာဒယ ဝတ္ထုသည် ပစ္စုပ္ပန်မွှာရုံကမ္မ
နိမိတ်ဖြစ်၍ မရဏာ သန္နအခါ မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။ထို
မနောဒွါရ၌ထင်ခြင်းသို့ရောက်သော ပစ္စုပ္ပန်ကမ္မနိမိတ်ဖြစ်သော ဟာဒ
ယဝတ္ထုကိုအာရုံပြု၍ ကာမသုဂတိ၌ဖြစ်လတ္တံ့သော ပုထုဇန်သေက္ခတို့
အားမဟာ ကုသိုလ်ဇောအပါယ်ဘုံ၌ ဖြစ်လတ္တံ့သော ပုထုဇန်တို့အား
အကုသိုလ်ဇော။အထူးမှာများသောအားဖြင့် ပြိတ္တာဘုံ၌ဖြစ်လတ္တံ့သော
သူတို့အား လောဘဇော။ငရဲ၌ ဖြစ်လတ္တံ့သောသူတို့အား ဒေါသဇော။
တိရစ္ဆာန်၌ဖြစ်လတ္တံ့သောသူတို့အားမောဟဇောတို့သည်မနောဒွါရိက
မရဏာသန္နဇော၏ အဖြစ်ဖြင့် ဖြစ်ကုန်၏။ ဟာဒယဝတ္ထုကိုပင် အနိစ္စစ
သည်ဖြင့်ရှုဆင်ခြင်ခြင်းစသည်ကို ပြုသောခီဏာသဝပုဂ္ဂိုလ်အား ကမ္မ
နိမိတ်ဟူ၍ မဆိုအပ်မဆိုထိုက်သော ထိုခဏ၌ထင်တိုင်းသော ပစ္စုပ္ပန်
ဟာဒယဝတ္ထုကိုအာရုံပြု၍မဟာကြိယာဇောသည် မရဏာသန္နဇောဖြစ်
၍ဖြစ်၏။ ဟာဒယဝတ္ထုကို အာရုံပြု၍ ရှုဆင်ခြင်သော ခီဏာသဝပုဂ္ဂိုလ်
အားမဟာကြိယာဇော မနောဒွါရဝိထိတို့ဖြစ်ပြီးသည်၏ အဆုံး၌ထိုဟာဒ
ယဝတ္ထုကိုပင်အာရုံပြု၍ ဟသိတုပ္ပါဒ်စိတ်ဖြင့် နှစ်သက် ဝမ်းမြောက်
သောအခါ၌ ဟသိတုပ္ပါဒ်ဇောသည် မရဏာသန္နဇောဖြစ်၍ဖြစ်၏။ ထို
အသီးအသီး ပြဆိုခဲ့ပြီးသော ပုထုဇ္ဇန်သေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့အား
မရဏာသန္နအခါ မနောဒွါရ၌ထင်ခြင်းသို့ ရောက်သောပစ္စုပ္ပန်ဟာဒယ
ဝတ္ထုရုပ်ကိုအာရုံပြု၍စုတိစိတ်နှင့် အနီးဆုံးနောက်ဆုံးဖြစ်သောမရဏာ
သန္နမနောဒွါရိကဝိထိစိတ် ဖြစ်လိုလတ်သော်ဘဝင်စလနဘဝင်ုပစ္ဆေဒ
ဟု ဘဝင်နှစ်ကြိမ်ဖြစ်ပြီးမှ မနောဒွါရာဝဇ္ဇန်းဇော တဒါရုံတို့ ထိုက်သည့်
အားလျော်စွာ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ရာ၌ထိုပစ္စုပ္ပန် ဟာဒယဝတ္ထုသည်
အတီတဘဝင် တချက်လွန်နှင့်ဥပါဒ်ပြိုင်၍ ဖြစ်သောဟာဒယဝတ္ထုဖြစ်အံ့
အတီတ ဘဝင်တကြိမ် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနော ဒွါရာဝဇ္ဇန်း
ဇော ၅ ကြိမ်တဒါရုံ ၂ ကြိမ်တို့ဖြစ်ပြီးမှ ဒုတိယ တဒါရုံနောင် ဘဝင်
၅ ကြိမ်ခြား၍စုတိစိတ်ဖြစ်၏။ အတီတဘဝင် ၂ ချက်လွန်နှင့်ဥပါဒ်ပြိုင်
သော ဟာဒယဝတ္ထုဖြစ်အံ့ ဒုတိယတဒါရုံနောင် ဘဝင် ၄ ကြိမ်အတီတ

ဘဝင် ၃ ချက်လွန်နှင့်ဥပါဒ်ပြိုင်သောဟဒယဝတ္ထုဖြစ်မှုဘဝင် ၃ ကြိမ်။ အတိတဘဝင် ၄ ချက်လွန်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုဖြစ်မှုဘဝင် ၂ ကြိမ်။အတိတဘဝင် ၅ ချက်လွန်နှင့်ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုဖြစ်မှုဒုတိယတဒါရုံနေဘင်ဘဝင် ၁ ကြိမ်ခြား၍ စုတိစိတ်ဖြစ်၏။ အတိတဘဝင် ၆ ချက်လွန်ဖြစ်မှုဒုတိယ တဒါရုံ၏အခြားမဲ့၌ စုတိစိတ်ဖြစ်၏။ အတိတဘဝင် ၇ ချက်လွန်ဖြစ်မှု ပဌမဇောနေဘင် ဘဝင်တကြိမ်ခြား၍စုတိစိတ်ဖြစ်၏။အတိတဘဝင် ၈ ချက်လွန်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုဖြစ်မှုပဌမဇော၏အခြားမဲ့၌ စုတိစိတ်ဖြစ်၏။ တခုသောဘဝ၌ကမ္မဇရုပ်ဟူသမျှသည် စုတိစိတ်မှစ၍ ပဋိလောမအားဖြင့် ရေသော် ၁၇ ချက်မြောက်သောစိတ်၏ဌီခဏကစ၍အသစ်မဖြစ်ပြီ။ ထိုသတ္တရသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော်အဆုံးစွန်ကမ္မဇရုပ်သည်စုတိစိတ်နှင့်ပြိုင်၍ချုပ်မြဲဖြစ်၍ ဤဟဒယဝတ္ထုသည်လည်း ကမ္မဇရုပ်ပင်ဖြစ်ရကား၊ ထိုသတ္တရသမစိတ်၏ဌီခဏကစ၍ အသစ်မဖြစ်ပြီ။ ၎င်းစိတ်၏ဥပါဒ်ခဏ၌ ဖြစ်သောဟဒယဝတ္ထုသည်စိတ္တက္ခဏ ၁၇ ချက်ခဏငယ် ၅၁ ချက် အသက်စေ့သည်ဖြစ်၍ စုတိစိတ်နှင့်ပြိုင်၍ ချုပ်ရကားစုတိစိတ်မှပြန်၍ ရေသော် ၁၆ ချက်မြောက်သောစိတ်တိုင်သောဘဝင်စိတ် ဝိထိစိတ်စုတိစိတ်တို့သည်ထိုသတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကိုသာမှီကြရကုန်သည်။ထိုစိတ်တို့တွင်ဘဝင်စိတ်စုတိစိတ်တို့သည်ထိုဘဝယူခဲ့ရင်းပဋိသန္ဓေစိတ်၏ အာရုံကိုသာ အာရုံပြုကြကုန်၏။ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောတဒါရုံတို့မူကားစုတိစိတ်မှစ၍ရေသော်သတ္တရသမစိတ်၏ဥပါဒ်ခဏ၌ ဖြစ်သော မိမိတို့မှီရာဟဒယဝတ္ထုကိုပင် အာရုံပြုကုန်ရကားထိုသတ္တရသမ စိတ်နှင့်အတူဥပါဒ်သော ပစ္စုပ္ပန်ဟဒယဝတ္ထုတခုတည်းသည်ပင်တခုတည်းသောခဏ၌ ကုသိုလ်အကုသိုလ် အဗျာကတဖြစ်သောမရဏာသန္နမနောဒွါရိကဝိထိစိတ်တို့အားထိုစိတ်တို့၏မှီရာ၏အဖြစ်အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုနိုင်သည်။ ။သမ္မောဟဝိနောဒနီပဋိစ္စသမုပ္ပါဒဝိဘင်အဋ္ဌကထာ၌။ ။အပရဿမရဏ သမယေဝတ္ထုပကာရကမ္မဝသေနနရကာဒီသု အဂ္ဂိဇာလဝဏ္ဏာဒိကံဒုဂ္ဂတိနိမိတ္တံမနောဒွါရေအာပါထမာဂစ္ဆတိ။ ။အစရှိသည်ဖြင့်စိတ္တက္ခဏတချက်လွန်ရုံမျှဖြင့်မနောဒွါရ၌ ထင်ခြင်းသို့ ရောက်သော ပစ္စုပ္ပန် ဂတိနိမိတ် ရူပါရုံကိုအာရုံပြု၍ မရဏာသန္နမနောဒွါရိကဝိထိဖြစ်ကြောင်းကို ပြဆိုသည်

ကိုထောက်မှီသဖြင့်။ ဤဝတ္ထာရမဏာပစ္စည်းပစ္စယုပ္ပန်အရာ၌ စိတ္တက္ခဏာ တချက် လွန်ရုံမျှဖြင့် မနောဒွါရ၌ထင်ခြင်းသို့ ရောက်သော ပစ္စုပ္ပန်ကမ္မ နိမိတ်ဖြစ်သော ဟဒယဝတ္ထုကို အာရုံပြု၍ မရဏာသန္န မနောဒွါရိက ဝိထိဖြစ်ပုံကိုပြလိုက်သည်။ ။ထိုပဋိသန္ဓေမှပြန်ဒဝိဘင်၌ ပြဆိုအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်ဖြစ်သောရူပါရုံသည် သတ္တရသာယုကရုပ်ဖြစ်၍၎င်း။ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောရုပ်ဖြစ်၍၎င်း အတီတဘဝင်တကြိမ်ဘဝင်စ လနဘဝင်ပြဿ္ဒ မနောဒွါရာဝဇ္ဇန်း ဇော ၅ ကြိမ်တဒါရုံ ၂ ကြိမ်စုတိ တကြိမ်အားဖြင့်စိတ္တက္ခဏာ ၁၂ ချက်လွန်ပြီးနောက်စိတ္တက္ခဏာ ၅ ချက် အသက်ကြွင်း ရှိသည်ဖြစ်၍ ပဋိသန္ဓေနောင်စတုတ္ထဘဝင်နှင့် ပြိုင်၍ချုပ် သည်။စိတ္တက္ခဏာနှစ်ချက်လွန် သုံးချက်လွန်စသော ဂတိနိမိတ်ဖြစ်မှု။ပဋိ သန္ဓေနောင် တတိယဘဝင် ဒုတိယဘဝင် စသည်နှင့် ပြိုင်၍ ချုပ်၏။ဤ ဝတ္ထာရမ္မဏာပစ္စည်းပစ္စယုပ္ပန်အရာ၌ ကားဟဒယဝတ္ထုရုပ်သည်အဇ္ဈတ္တ သန္တာန်၌ဖြစ်သေါ်တခုသေါ်ဘဝဝယ်အဆုံးစွန်ကမ္မဇရုပ်ဖြစ်၍စုတိစိတ် နှင့်ပြိုင်၍သါချုပ်မြဲဖြစ်သေါ်ကြောင့်၎င်း။သတ္တရသာယုကရုပ်ဖြစ်သေါ် ကြောင့်၎င်း။အတီတဘဝင်တကြိမ် ဘဝင်စလနဘဝင်ပြဿ္ဒမနောဒွါ ရာဝဇ္ဇန်ဇောငါးကြိမ်တဒါရုံနှစ်ကြိမ်အားဖြင့်စိတ္တက္ခဏာ၁၁ချက်လွန်ပြီး နေ၁်စိတ္တက္ခဏာ ၆ ချက်အသက်ကြွင်းရှိသေးရကား။ဒုတိယတဒါရုံနောင် ဘဝင် ၅ ကြိမ်ခြားပြီးမှစုတိစိတ်ဖြစ်သည်။ဤသို့အထူးကိုမှတ်။မနောဒွါ ရ၌ ထင်ခြင်းသို့မရောက်မီ အတီတဘဝင်နှစ်ချက်သုံးချက်စသည် လွန် ခြင်းရှိသောဟဒယဝတ္ထု၌စုတိရှေ့ဘဝင် ၄ ကြိမ် ၃ ကြိမ်စသည်ဖြစ်ပုံ ကိုလည်းပြဆိုခဲ့သည့်အတိုင်းသိလေ။ ။အချို့ဆရာတို့ကားဤဝတ္ထာရ မဏာပစ္စည်း၏ ပစ္စယုပ္ပန်တရားအရကို ကောက်ရာ အဘိညာဏ်ဒွေနှင့် တကွကောက်ယူသင့်၏ဟုယူ၍၎င်း။အဘိညာဏ်ဝိထိနောင်ကာမဇော ဝါရဝိထိတကြိမ်ခြားပြီးမှ။ ၎င်းကာမဇောဝိထိ၏ နောက်၌သာ စုတေ ကောင်းသည်ဟုယူ၍၎င်းမနောဒွါရ၌ထင်ခြင်းသို့မရောက်မီစိတ္တက္ခဏာ တချက် လွန်ခြင်းရှိသော စုတိစိတ်မှပြန်၍ ရေသော် ၁၇ ချက်မြောက် သောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို အာရုံပြု၍စုတိမကျမီအ တွင်းအဘိညာဏ်ဇောဝိထိတပါး ကာမဇောဝိထိတပါးအားဖြင့်နှစ်ပါး သောဝိထိတို့ဖြစ်ကုန်၏ဟုမှတ်ယူ၍။ ထိုသတ္တရသမစိတ်နှင့်အတူဥပါဒ် သောပစ္စုပ္ပန်ဟဒယဝတ္ထုရုပ်သည်သတ္တရသာယုကရုပ်ဖြစ်၍ အတီတ

ဘဝင်တကြိမ်ဘဝင်စလနဘဝင်ုပစ္ဆေဒမနောဒွါရာဝဇ္ဇန်းပရိကံဥပစာ
အနုလုံဂေါတြဘူအဘိညာဏ်အါးဖြင့်စိတ် ၉ ချက်ဖြစ်ပြီးနောင်စိတ္တက္ခဏ
ရှစ်ချက် အသက်ကြွင်းရှိသေးရကား အဘိညာဏ်နောင်ဘဝင် တကြိမ်
ခြား၍ ထိုအဘိညာဏ်၏ အာရုံဖြစ်သော ပစ္စုပ္ပန် ဟာဒယဝတ္ထု ကိုပင်
အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ကာမဇော ၅ ကြိမ်တို့ဖြစ်ပြီးမှပစ္ဆိမဇော၏
အခြားမဲ့၌စုတိစိတ် ဖြစ်သည်ဟူ၍ဆိုကုန်၏။ ။သမ္မာသမ္ဗုဒ္ဓမြတ်စွာ
ဘုရားအားသော်လည်း ယမကပါဋိဟာရိယကာလအစရှိသောလျှာက
ပဝတ္တိအခါ၌ပင်သော်လည်း ဝိထိတပါးနှင့်တပါး အကြားနည်းစွအဆုံး
ဘဝင် ၂ ကြိမ်ခြား၍ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုအပ်
သည်ဖြစ်၍ဝိထိတပါးနှင့်တပါး၏ အကြားဘဝင်တကြိမ်တည်းသာခြား
၍မဖြစ်ကောင်း သောကြောင့်ဒုင်း။ ဝိထိတပါးဖြင့် ယူအပ် အာရုံပြုအပ်
သောပစ္စုပ္ပန်ရုပ်အာရုံကို။ ထိုအာရုံမချုပ်မီဝိထိတပါးဖြင့်ဆက်လက်၍
ယူနိုင်အာရုံ ပြုနိုင်သော သဘောသည် အလျဉ်းပင် မရှိသော ကြောင့်
ဒုင်းထိုဆရာတို့၏ စကားကို မသင့်ဟူ၍သာ မှတ်ရမည်။ ။ဤပြဆို
ခဲ့ပြီးသောအဓိပ္ပါယ်ကို။ ။မရဏာသန္နဇဝနာနံပန ကိဉ္စိ ကမ္မနိမိတ္တ
သမ္မတံ ပစ္စုပ္ပန္နံ ဝမွာ ရမဏာမ္ပိ အာရမ္မဏံ ဟောတေဝ။ ဝေဠုကတွာ
ပဋ္ဌာနေ နိဿယပစ္စယာ အာရမ္မဏေတိ ဣတိဝုတ္တံ နဟိမရဏာသန္န
ဝိထိတော အညတ္ထ ဟာဒယဝတ္ထုဿာကုသလာဒိနံ ဧကဂ္ဂဏော နိဿ
ယာရမ္မဏပစ္စယာဘာဝေါလဗ္ဘတိ။ ။ဟူသောမဏိမဉ္ဇူ။ ။ကဒါစိ
ပနဧကမေဝဟာဒယဝတ္ထုယထာရဟံပုထုဇ္ဇနသေခါသေခါနံဝိပဿနာ
ဒိကာလေတေသံအာရမ္မဏဉ္စ ဝတ္ထုဉ္စ ဟောတေဝ။ ကဒါစိတေသံပုဂ္ဂ
လာနံ မရဏာသန္နဝိထိတော ပုဗ္ဗဘာဂေတေသံ စိတ္တာနံ ယထာရဟံ
တဒေဝအနိစ္စာဒိသမ္မသနရဇ္ဇနာဒိဝသေနအာရဗ္ဘပဝတ္တိတောမရဏာ
သန္နဝိထိယမ္ပိတေနေဝ ပဝတ္တိတောတေနတေသံဝုတ္တ နယေနတဒေဝ
ရဗ္ဘနိဿာယစပဝတ္တိယာ သမ္ဘဝတော။ ဝေဠုကတွာပဋ္ဌာနေနိဿယ
ပစ္စယာအာရမ္မဏေတိဣတိဝုတ္တံ။ ။ဟူသောမဏိဒီပ။ ။ဧကေတိနာမ
ကေပကရဏေပနဒိသာပါမေါက္ခာတိဝိသုတေနာစရိယေနနိဿယါ
ရမ္မဏာသမာဂမဗလာ ဥနာယတိဏ္ဏံ ဇဝနာနံ ပစ္စယကာရကံ ကမ္မဇံနာမ
ပဋ္ဌိမကမ္မဇဝတ္ထုံ မေဝါတိဝုတ္တံ။ ။ဧကေတိနာမကေကေသမ္ဘံပကရဏေ
စမော်ပါဠတိပါကဋေန နဒိကာသပထေရေန စုတိစိတ္တတောပဉ္စာယ

ဂဟိယမာနေသတ္တရသမစိတ္တဿဥပ္ပါဒေပဝတ္တံကော်ကမ္မဇံတိဏ္ဏံ ဝိထိ
ဂတာနံစိတ္တုပ္ပါဒါနံပစ္စယကာရနိယမေနာမ ပစ္ဆိမကမ္မဇဝတ္ထု မေဝါ
တိဝုတ္တံ။ ။ဟူသောပဋ္ဌာနသာရဒီပနီတို့ကိုမှီ၍ဆိုလိုက်သည်။ ။
မရဏာသန္နဇဝနာနံပန။ မရဏာသန္နဇောတို့၏ကား။ ကိဉ္စိ။တစုံတခု
သောဟဒယဝတ္ထုဟု ဆိုအပ်သော။ ကမ္မနိမိတ္တသမ္မတံ။ ကမ္မနိမိတ်ဟု
ခေါ်ဝေါ်သမုတ် အပ်သော။ ပစ္စုပ္ပန္နဓမ္မာရမ္မဏမ္ပိ။ ပစ္စုပ္ပန်ဓမ္မာရုံသည်
လည်း။အာရမ္မဏံ။အာရုံသည်။ ဟောတေဝ။ဖြစ်သည်သာလျှင်တည်း။
ဝေဠုကတ္တာဏ္ဍမိနာကာရဏေန။ ဤသို့ကမ္မနိမိတ်ဟု သမုတ်အပ်သော
ပစ္စုပ္ပန်ဓမ္မာရုံ ဖြစ်သော ဟဒယဝတ္ထု၏လည်း မရဏာသန္နဇောတို့၏
အာရုံဖြစ်သည်၏ အဖြစ်ကြောင့်။ ပဋ္ဌာနေ။ပဋ္ဌာန်းကျမ်း၌။ နိဿယပစ္စ
ယာအာရမ္မဏေတိကေတိ။ တိကေဟု၍။ဝုတ္တံ။ ဟောတော်မူအပ်၏။ ဟိ
သစ္စံ။ မှန်၏။ မရဏာသန္နဝိထိတော။ မရဏာသန္န ဝိထိမှ။ အညတ္ထ။
တပါးသော အရာ ဖြစ်သော ပဝတ္တိ ကာလ၌။ ဟဒယ ဝတ္ထုသာ။ မှီ
ရာဖြစ်သော ဟဒယဝတ္ထု၏။ ကုသလာဒိနံ။ ကုသိုလ်စသည် တို့အား။
ဝါ။ ကုသိုလ်အကုသိုလ် အဗျာကတတို့အား။ ဧကန္တတော။ တခုတည်း
သောခဏ၌။ နိဿယာရမ္မဏ ပစ္စယဘာဝေါ။ မှီရာ၏အဖြစ်၊ အာရုံ၏
အဖြစ်ဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကို။ နလဗ္ဘတိ။မရအပ်။ ။ကဒါစိ
ပန။တရံတခါ သောမရဏာသန္နကာလ၌ကား။ ဧကမေဝ။ တခုတည်း
သာလျှင် ဖြစ်သော ဟဒယဝတ္ထုသည်။ ယထာရဟံ။ ထိုက်သည်အား
လျော်စွာ။ ပုထုဇန သေခ သေခါနံ။ ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခ ပုဂ္ဂိုလ်
အသေက္ခပုဂ္ဂိုလ်တို့အား။ ဝါ။တို့၏။ဝိပဿနာဒိကာလေ။ အနိစ္စစသော
လက္ခဏာသို့တင်၍ ရှုဆင်ခြင်ခြင်းစသည်ကိုပြုသောကာလ၌။ တေသံ။
ထိုဝိပဿနာဇောစသောမရဏာသန္နဝိထိစိတ်တို့၏။အာရမ္မဏဉ္စ။အာရုံ
သည်၎င်း။ ဝတ္ထုစ။ မှီရာသည်၎င်း။ ဟောတေဝ။ ဖြစ်သည် သာလျှင်
တည်း။ကဒါစိ။တရံတခါ။ တေသံပုဂ္ဂလာနံ။ထိုပုဂ္ဂိုလ်တို့အား။ မရဏာ
သန္နဝိထိတော။မှ။ပုဗ္ဗဘာဂေ။ရှေးအဘို့၌။ တေသံစိတ္တာနံ။ထိုစိတ်တို့၏။
ယထာရဟံ။ အသေက္ခသေက္ခ ပုထုဇ္ဇန်တို့၌ ထိုက်သည်အားလျော်စွာ။
တဒေဝ။ ထိုဟဒယဝတ္ထုကိုပင်လျှင်။ အနိစ္စာဒိသမ္မသနရဇ္ဇနာဒိဝသေန။
အနိစ္စစသည်ဖြင့် သုံးသတ်ခြင်း တပ်မက်ခြင်း စသည်တို့၏အစွမ်းအား
ဖြင့်။အာရဗ္ဘ။အာရုံပြု၍။ပဝတ္တိတော။ ဖြစ်ခြင်းကြောင့်။မရဏာသန္နဝိထိ*

ယမို့။၌လည်း။ တေနေဝ။ ထိုအနိစ္စသည်ဖြင့် သုံးသပ်ခြင်း တပ်မက်ခြင်းစသည်တို့၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တိတော။ ဖြစ်ခြင်းကြောင့်။ တေန။ ထိုမရဏာသန္နဝိထိမှ ရှေးအဘို့၌ရင်း။ မရဏာသန္နအခါ၌ရင်း။အာနိစ္စာဒိသမ္မသနရဇ္ဇနစသည်တို့၏ အစွမ်းဖြင့်ကုသိုလ်စသော စိတ်တို့၏ ဟဒယဝတ္ထုကိုသာအာရုံပြု၍ ဖြစ်ခြင်းကြောင့်။ တေသံ။ ထိုကုသိုလ်စသောမရဏာသန္န ဝိထိစိတ်တို့၏။ ဝုတ္တနယေန။ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။တဒေဝ။ထိုစုတိစိတ်မှစ၍ရေသော်သတ္တရသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော တခုတည်းသော ဟဒယဝတ္ထုကိုသာလျှင်။ နိဿာယစ။ မှီ၍ရင်း။အာရဗ္ဘစ။အာရုံပြု၍ရင်း။ ပဝတ္တိယာ။ဖြစ်ခြင်း၏။ သမ္ဘဝတော။ဖြစ်သင့်သော ကြောင့်။ ဧကမေဝ ဟဒယဝတ္ထု။ တခုတည်းသော ဟဒယဝတ္ထုသည်ပင်လျှင်။တေသံ။ထိုကုသိုလ်စသောစိတ်တို့၏။အာရမ္မဏဉ္စ။သည်ရင်း။ဝတ္ထုစ။ သည်ရင်း။ ဟောတေဝ။တည်း။ ဝေဋ္ဌကတွာ။ဤသို့ ဟဒယဝတ္ထု တခုတည်းသည်ပင် မရဏာသန္နအခါ၌ ကုသိုလ် စသော စိတ်တို့၏အာရုံလည်းဖြစ် မှီရာလည်းဖြစ်သည်၏ အဖြစ်ကြောင့်။ ပဋ္ဌာနေ။၌။နိဿယပစ္စယာအာရမ္မဏောတိဏီတိ။ တိဏီဟူ၍။ဝုတ္တံ။၏။ ။ ပန။အပယူ တပါးကိုပြဦးအံ့။ ဧကီတိ နာမကော။ ဧကီဟူသော အမည်ရှိသော။ ပကရဏော။ကျမ်း၌။ ဒိသာပါမောက္ခာတိ။ ဒိသာပါမောက္ခဟူ၍။ဝိသုတေန။ကျော်စောထင်ရှားသော။ အာစရိယေန။သည်။ နိဿယာရမ္မဏာသမာဂမ ဿဒ္ဓနာယ။ နိဿယပစ္စည်း အာရမ္မဏပစ္စည်း နှစ်ပါး ပေါင်းဆုံ၍ ကျေးဇူးပြုသော ဿဒ္ဓနာ၌။ တိဏ္ဏံ ဇဝနာနံ။ ကုသိုလ်အကုသိုလ်အဗျာကတအားဖြင့် သုံးပါးသော ဇောတို့အား။ ပစ္စယကာရကံ။ နိဿယသတ္တိ အာရမ္မဏသတ္တိတို့ဖြင့် ကျေးဇူးပြုတတ်သော။ ကမ္မဇံနာမ။ကမ္မဇရုပ်မည်သည်။ ပစ္ဆိမကမ္မဇဝတ္ထုမေဝ။ တခုသောဘဝဝယ်အဆုံးစွန်ဖြစ်သော ကမ္မဇရုပ်ဟု ဆိုအပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက် မြောက်သော ဘဝင်စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသာလျှင်တည်း။ ဣတိ။သို့။ဝုတ္တံ။၏။ ။ဧကီတိနာမကော။ သော။ ဧကသ္မိံပကရဏေစ။တခုသောကျမ်း၌လည်း။ မော်ပါဠိတိ။မော်ပါဟူ၍။ပါကဋေန။တင်ရှားသော။နန္ဒိကာသပထေရေန။နန္ဒိကာသပမထေရ်သည်။စုတိစိတ္တတော။မှ။ ပဋ္ဌာယ။စ၍။ ဂဏိယမာနေ။ ပဋိလောမအားဖြင့်ရေတွက် အပ်သည်ရှိသော်။ သတ္တရသမ စိတ္တဿ။ တဆယ့်ခုနစ်ခု

မြောက်သောဘဝင်စိတ်၏။ဥပ္ပါဒေ။ဥပါဒ်ခဏ၌။ ပဝတ္တံ။ ဖြစ်သော။ဇော ကမ္မံ။ တခုသောကမ္မဇရုပ်သည်။ ဝိထိဂတာနံ။ မရဏာသန္နဝိထိ၌ဖြစ် ကုန်သော။တိဏ္ဏံ စိတ္တုပ္ပါဒါနံ။ကုသိုလ် အကုသိုလ် အဗျာကတအားဖြင့် သုံးမျိုးကုန်သောစိတ္တုပ္ပါဒ်တို့အား။ပစ္စယာကာရနိယမောနာမ။နိဿယ ပစ္စည်း အာရမ္မဏပစ္စည်းနှစ်ပါးစုံဖြင့် ကျေးဇူးပြုဟန်ကို မှတ်ကြောင်း ဖြစ်သောပစ္စည်းတရားမည်သည်။ ပန္တိမကမ္မဇဝတ္ထုမေဝ။သာတည်း။ ဣတိ။သို့။ဝုတ္တံ။၏၊ ။မဏိမဉ္ဇူ၌ မရဏာသန္န ဇဝနာနံပန။လ။ ဟော တေဝ။ဟူသောစကားသာဆိုလိုရင်းပဓာန။ ။မရဏာသန္နအခါစုတိ စိတ်မှပြန်၍ရေသော် တဆယ့်ခုနစ်ခုမြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်၍ စုထိစိတ်နှင့်တကွ တဆဲ့ခြောက်ချက်သော စိတ်တို့၏ မှီရာဖြစ် သောကမ္မနိမိတ်ဟု သမုတ်အပ်သော ပစ္စုပ္ပန်ဓမ္မာရုံ ဟဒယဝတ္ထုသည် ပင်မိမိကိုမှီသော မရဏာသန္နဇောဝိထိစိတ်တို့၏ အာရုံဖြစ်သည်သာ ဟူလို။ ။မရဏာသန္နဇောဝိထိစိတ်တို့၏မှီရာဖြစ်သောဟဒယဝတ္ထု တခုတည်းသည်ပင် ထိုမရဏာသန္နဝိထိစိတ်တို့၏ အာရုံဖြစ်သည်၏အ ဖြစ်ကိုအဘယ်ကြောင့်သိပါသနည်း။ ဟူဘွယ်ရှိ၍။ ဝေဒ္ဓကတွာ။လ။တိ ဏီတိဝုတ္တံ။ကိုဆိုပြန်ရသည်။ ။တခုတည်းသောဟဒယဝတ္ထု၏ကု သိုလ်စသော စိတ်တို့၏ မှီရာလည်းဖြစ် အာရုံလည်း ဖြစ်သည် ကားအ ကြောင်းထိုသို့ ဖြစ်သောကြောင့် နိဿယပစ္စယာ အာရမ္မဏော တိဏိ ဟုပဋ္ဌာန်း၌ ဟောတော် မူသည်ကားအကျိုး ထိုအကျိုးဖြစ် သောပါဠိ တော်ကိုမြင်သိထောက်ဆသဖြင့် ဖလာနုမာနနည်းအားဖြင့်တခုတည်း သောဟဒယဝတ္ထု၏ကုသိုလ်စသောစိတ်တို့၏မှီရာအာရုံဖြစ်သည်၏အ ဖြစ်တည်း ဟူသောအကြောင်းကို သိပါသည်။ဟူလို။ ။နိဿယပစ္စ ယာအာရမ္မဏောတိဏိဟူသောပဋ္ဌာန်းပါဠိတော်ကိုထောက်၍ကာရိယ ဥာပက ဖလာနုမာနအားဖြင့် မရဏာသန္နဇောတို့၏ ပစ္စုပ္ပန်ဓမ္မာရုံကမ္မ နိမိတ်ဖြစ်သောဟဒယဝတ္ထုကိုအာရုံပြုသည်၏အဖြစ်ကို သိသည်ဟူ၏။ မရဏာသန္နဝိထိမှတပါးသော်ပဝတ္တိကာလဖြစ်သောဝိထိတို့၌ကုသိုလ် စသည်တို့အားနိဿယသတ္တိ အာရမ္မဏသတ္တိဖြင့် ဟဒယဝတ္ထု၏ကျေး ဇူးပြုသည်၏အဖြစ်ကို ရကောင်းလဲ့သော် နိဿယပစ္စယာ အာရမ္မဏော တိဏိဟူ၍ပင်ဟောတော်မူသော်လည်း ထိုစကားကိုထောက်၍ ပစ္စုပ္ပန် ဓမ္မာရုံကမ္မနိမိတ်ဖြစ်သော ဟဒယဝတ္ထုကို အာရုံပြု၍ မရဏာသန္နဇော

တို့ဖြစ်ကြောင်းကိုသိ၏ဟုပြဆိုသော ဆရာစကားမသင့်ရာပါသေး။ ဟူဘွယ်ရှိ၍။ ။နဟိမရဏာသန္နဝိထိတော။လ။ ပစ္စယဘာဝေါလဗ္ဘတိ။ ဟူသောစကားကို ဆိုပြန်ရသည်။ တခုတည်းသော ဟာဒယဝတ္ထု၏ကုသိုလ်စသော စိတ်တို့အား တခုတည်း သောခဏ၌ နိဿယသတ္တိအာရမ္မဏသတ္တိတို့ဖြင့်ကျေးဇူးပြုသည်၏ အဖြစ်ကိုမရဏာသန္နဝိထိ၏အရာ၌သာရကောင်း၍ မရဏာသန္နဝိထိမှ တပါးသော ပဝတ္တိကာလ၌ ဖြစ်သောဝိထိအရာတို့နှိုက် မရကောင်း သော ကြောင့် ပဋ္ဌာန်းပါဠိတော်ကိုထောက် သဖြင့် ပစ္စုပ္ပန်ဓမ္မာရုံ ကမ္မနိမိတ် ဖြစ်သော ဟာဒယ ဝတ္ထု၏ မရဏာ သန္န ဇော တို့၏ အာရုံ ဖြစ် သည်၏ အဖြစ်ကို သိသည် ဟုငါဆိုသော စကား သင့်ပါ၏ ဟူလို။ ။တခုသော ဟာဒယ ဝတ္ထုသည်ပင် ပုထုဇန်သေက္ခ အသေက္ခ ပုဂ္ဂိုလ် တို့အား ထိုက်သည်အားလျော်စွာထိုဟာဒယဝတ္ထုကို အာရုံပြု၍ရှုဆင်ခြင်ခြင်းစသည်ကိုပြုသောကာလ၌ထိုဝိပဿနာဇောဝိထိစသည်တို့၏အာရုံလည်းဖြစ် ဝတ္ထုလည်းဖြစ်သည်သာဖြစ်ကြောင်းကိုပြဆိုသော။ ။ကာဒါစိပန။လ။ ဟောတေဝ။ ။ဟူသောစကားကိုသာမညအားဖြင့်ဆိုသော်လည်းမရဏာသန္နကာလ၌ဖြစ်သည်ကိုရည်၍ဆိုသည်ဟူ၍သာမှတ်။ ။မရဏာသန္နကာလ၌စုတိစိတ်မှပြန်၍ရေသော် တဆယ့်ခုနစ်ခုမြောက်သော ဘဝင်စိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုသည်ထိုဟာဒယဝတ္ထုရုပ်ကို အနိစ္စစသည်ဖြင့်သုံးသပ်ခြင်းပိုင်းခြား၍ ရှုခြင်းကိုပြုသော သေက္ခအသေက္ခတို့အားကုသိုလ်ကြိယာ ဝိပဿနာဇောဝိထိတို့၏ အာရုံလည်းဖြစ်မှီရာလည်းဖြစ်သည်။ ။ပုထုဇန်တို့အားတဆယ့်ခုနစ်ခုမြောက်သောစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုအာရုံပြု၍အနိစ္စစသည်ဖြင့် ရှုခြင်းစသည်တပ်မက်ခြင်းပြစ်မှားခြင်း စသည်ကိုပြုသော ကာလ၌ထိုက်သည်အားလျော်စွာကုသိုလ်ဇောအကုသိုလ်ဇောမနောဒွါရဝိထိစိတ်တို့၏အာရုံမှီရာဖြစ်သည်ဟူလို။ ။ဤမဏိဒီပ၌။ကာဒါစိပန။လ။ဟောတေဝ။ ဟူသောစကားသာပဓါန။ ။အဘယ့်ကြောင့် တခုသော ဟာဒယဝတ္ထုသည်ပင်ထိုပုဂ္ဂိုလ်တို့အားဝိပဿနာစသောကာလ၌ ထိုဝိပဿနာဇောစသည်တို့၏ အာရုံလည်းဖြစ်မှီရာလည်းဖြစ်ရလေသနည်း။ ဟူဘွယ်ရှိ၍။ ။ကာဒါစိတေသံ။လ။ ပဝတ္တိယာသမ္ဘဝတောဟူသော စကားကိုဆိုပြန်ရသည်။ ။တေသံဝတ္ထုနယေနတဒေဝါရမ္မဏံနိဿာယစ ပဝတ္တိ

ယာသ မ္မ ဝတော။သာသိုလိုရင်းပဓါန်။ ။ထိုပုထုဇန်သေက္ခအသေက္ခ တို့အား ထိုက်သည်အါး လျော်စွာ ဝိပဿနရေဇ္ဇနာဒိကါလေစသည်ဖြင့် ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့်ဝိပဿနာဇောစသော မရဏာသန္နဝိထိ စိတ်တို့၏ထိုသတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုပင်အါ ရုံပြု၍ဝင်းမှီ၍ဝင်းဖြစ်ခြင်းဖြစ်ရာသောကြောင့်တခုတည်းသော ဟာဒယ ဝတ္ထုသည်ပင်ထိုပုဂ္ဂိုလ်တို့အားဝိပဿနာကာလစသည်၌ ထိုမနောဒွါ ရိကကုသိုလ်အကုသိုလ်အဗျာကတဝိထိစိတ်တို့၏အာရုံလည်း ဖြစ်မှီရာ လည်းဖြစ်ပါသည်။ဟူလေ။ ။အဘယ့်ကြောင့်ထိုစိတ်တို့သည်ထိုဟာ ဒယဝတ္ထုတခုတည်းကိုသါအာရုံပြု၍ဝင်းမှီ၍ဝင်းဖြစ်နိုင်ရလေသနည်း။ ဟူဘွယ်ရှိ၍။ ။မရဏာသန္နဝိထိယမ္ပိတေနေဝပဝတ္တိတော။ တေန။ ။ ကိုဆိုပြန်ရသည်။ထိုပုဂ္ဂိုလ်တို့အားပဝတ္တိကာလ၌သါလျှင်ဟာဒယဝတ္ထု ကိုရှုဆင်ခြင်ခြင်းစသော အခြင်းအရာအားဖြင့် ထိုဝိထိစိတ်တို့ဖြစ်ကုန် သည်မဟုတ်သေး။မရဏာသန္နဝိထိ၌လည်းထိုစိတ်တို့၏ ဟာဒယဝတ္ထု ကိုအာရုံပြု၍ရှုဆင်ခြင်သော အခြင်းအရာအားဖြင့်ပင်ဖြစ်သည်။ ထိုသို့ ဖြစ်ခြင်းကြောင့်ထိုစိတ်တို့သည်ဟာဒယဝတ္ထုတခုတည်းကိုသာ အာရုံပြု၍ ဝင်းမှီ၍ဝင်းဖြစ်ရလေသည်။ဟူလေ။ ။အဘယ့်ကြောင့်ကားထိုပုဂ္ဂိုလ် တို့အားမရဏာသန္နဝိထိစိတ်တို့သည် ဟာဒယဝတ္ထုကိုအာရုံပြု၍အနိစ္စစ သည်ဖြင့်ရှုဆင်ခြင်ခြင်းစသော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း။ ဟူဘွယ်ရှိ၍။ ။ကဒါစိတေသံပုဂ္ဂလာနံ။လ။ အာရဗ္ဘပဝတ္တိတော။ကို ဆိုပြန်ရသည်။ ။မရဏာသန္နဝိထိသို့မရောက်မီရှေ့အတို့ဖြစ်သောပ ဝတ္တိကာလ၌ထိုပုဂ္ဂိုလ်တို့အား ထိုက်သည်အားလျော်စွာ ထိုဝိပဿနာ စိတ်တို့၏ဟာဒယဝတ္ထုကိုပင်အနိစ္စစသည်ဖြင့် ရှုခြင်းစသော အခြင်းအ ရာအားဖြင့်အာရုံပြု၍ဖြစ်ခြင်းကြောင့်မရဏာသန္နဝိထိ၌လည်းထိုပုဂ္ဂိုလ် တို့အားထိုစိတ်တို့၏ဟာဒယဝတ္ထုကို အနိစ္စစသည်ဖြင့်ရှုခြင်း စသောအ ခြင်းအရာအားဖြင့်ပင်အာရုံပြု၍ဖြစ်ရလေသည်။ဟူလို။ ။ပုထုဇန်တို့ အားဟာဒယဝတ္ထုကိုအာရုံပြု၍ရဇ္ဇနဒုဿနာ၏အစွမ်းဖြင့်ထိုက်သည်အား လျော်စွာဖြစ်သောအကုသိုလ်စေတနာကံသည်အနန္တရဘဝ၌ပဋိသန္ဓေ ဟူသောအကျိုးကိုဖြစ်စေလတ့်ဖြစ်မူ မရဏာသန္န အခါ ထိုကမ္မနိမိတ် ဖြစ်သောဟာဒယဝတ္ထုကိုပင် အာရုံပြု၍ ထိုက်သည်အားလျော်စွာအကု သိုလ်ဇောမနောဒွါရိကဝိထိစိတ်တို့ဖြစ်ကုန်သည်။ ထိုသို့ဖြစ်ရာ၌ထိုမဏ္ဍ

ဏာသန္တပိဋိ၌အကျုံးဝင်ကုန်သောမနောဒွါရာဝဇ္ဇန်းအကုသိုလ်ဇောတ ဒါရုံတို့သည်သတ္တရ သမစိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုသာ မှီကုန်၍ထိုဟာဒယဝတ္ထုကိုပင်အာရုံပြုကုန်သည်။ ပုထုဇန်သောတာပန် သကဒါဂါမ်တို့အားဟာဒယ ဝတ္ထုကိုအာရုံပြု၍ဝိပဿနာ ရှုခြင်းစသည် တို့၏အစွမ်းဖြင့်ပဝတ္တိကာလ၌ဖြစ်သောကာမာဝစရ ကုသိုလ်ကံသည် အနန္တရဘဝ၌ကာမဘုံဝယ် ပဋိသန္ဓေဟူသော အကျိုးကိုဖြစ်စေလတံ့ ဖြစ်မှုပစ္စုပ္ပန်ဘဝမရဏာသန္နအခါထိုကမ္မနိမိတ်ဖြစ်သောဟာဒယဝတ္ထု ကိုအာရုံပြု၍ကာမကုသိုလ်ဇောမနောဒွါရိကမရဏာသန္န ဝိထိစိတ်တို့ ဖြစ်ကုန်သည်။ထိုသို့ဖြစ်ရာ၌ ထိုဝိထိ၌အကျုံးဝင်ကုန်သော မနောဒွါရာ ဝဇ္ဇန်းကာမကုသိုလ်ဇောတဒါရုံတို့သည်စုတိစိတ်မှ ရှေ့သတ္တရသမဘာ ဝင်စိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုသာမှီကုန်၍ထိုဟာဒယဝတ္ထု ကိုပင်အာရုံပြု၍ဖြစ်ကုန်သည်။ ။ခီဏာသဝပုဂ္ဂိုလ်တို့အားကမ္မနိမိတ် ဟုမဆိုထိုက်သော ထိုခဏထင်တိုင်းသောထိုသတ္တရ သမဘာဝင်နှင့်အ တူဥပါဒ်သောဟာဒယဝတ္ထုကိုပင်ရှုဆင်ခြင်သောအားဖြင့် မရဏာသန္န အခါကာမကြိယာဇောမနောဒွါရိကမရဏာသန္န ဝိထိစိတ်တို့ ဖြစ်ရာ၌ ထိုဝိထိ၌အကျုံးဝင်ကုန်သောမနောဒွါရာဝဇ္ဇန်း ကာမကြိယာဇော တဒါ ရုံတို့သည်ထိုသတ္တရသမဘာဝင်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုသါ မှီကုန်၍ထိုဟာဒယဝတ္ထုကိုပင်အာရုံပြုကုန်သည်။ဟူလို။ ။ထိုပုဂ္ဂိုလ် တို့အားပြဆိုခဲ့ပြီးသည့်အတိုင်း ဝိပဿနာစသည်တို့၏ အစွမ်းဖြင့် ဖြစ် ကုန်သောထိုမနောဒွါရိကဝိထိစိတ်တို့၏တခုတည်းသော ဟာဒယဝတ္ထု သည်ပင်အာရုံလည်း ဖြစ်မှီရာလည်း ဖြစ်သည်သာ ဖြစ်ကြောင်းကိုအ ဘယ့်ကြောင့်သိပါသနည်း။ ဟူဘွယ်ရှိ၍။ ။ဝေဠုကဏ္ဍပဉှာနေ နိဿယပစ္စယာအာရမ္မဏောတိဏီတိဝုတ္တံ။ကိုဆိုပြန်ရသည်။ ။ပြဆို ခဲ့ပြီးသည့်အတိုင်း၏ပဉှာန်းပါဠိတော်ကို ထောက်၍ ကာရိယဥာပကဖ လာနုမာနနည်းအားဖြင့်သိပါသည်။ ဟူလို။ ။၏မဏိဒီပစကားဖြင့် လည်းဝတ္ထာ ရမ္မဏနိဿယ ပစ္စည်းကို မရဏာသန္န ကာလ၌ သာရ ကောင်းသည်၏အဖြစ်ကိုအရှင်အရိယဝံသအဂ္ဂမဟာသေနာပတိ မထေရ် ပြတော်မူသည်။ ။အချို့ကားယင်းမဏိဒီပဖြင့်ဝတ္ထာရမ္မဏနိဿယ ပစ္စည်းကို ပဝတ္တိကာလ မရဏာသန္နကာလ နှစ်ပါးစုံ၌ပင် ရကောင်း သည်၏အဖြစ်ကိုပြသည်ဟူ၏။ ။မဏိသာရမဉ္ဇူသာဋီကာမဏိဒီ

ပဋိကာန္တစ်ကျမ်းလုံး၌ပင်မရဏာသန္နကာလ၌သာ ရကောင်းသည့်၏အ
ဖြစ်ကိုပြသည်ဟူ၍သာ မှတ်လေ။ ။ဒိသာပါမောက္ခ မထေရ်နဒီ
ကာသပမထေရ်နှစ်ပါးတို့၏ အယူကိုပြသော အရာ၌လည်း ပြဆိုခဲ့ပြီး
သည့်အတိုင်းအကျယ်အားဖြင့်သိလေ။ ။အကျိုးပစ္စယုပ္ပန်တရားတို့အား
အာရမ္မဏာသတ္တိနိဿယသတ္တိနှစ်ပါးစုံဖြင့် တခုတည်းသော်ခဏာ၌ကျေး
ဇူးပြုတတ်သောအကြောင်းပစ္စည်းတရားအရကို စုတိစိတ်မှစ၍ပဋိလော
မအား၊ဖြင့်ရေသော်။၁၇ချက်မြော်ဖြစ်သောစိတ်နှင့်အတူဥပါဒ်သောဟ
ဒယဝတ္ထုကိုယူ၍အကျိုးပစ္စယုပ္ပန် တရားအရကိုထိုသတ္တရသမစိတ်နှင့်
အတူဥပါဒ်သောဟဒယဝတ္ထုကိုမှီ၍ယင်းဝတ္ထုကိုပင်အာရုံပြု၍ဖြစ်သော
အဆုံးစွန်သောမရဏာသန္နဝိထိ၌အကျုံးဝင်သောမနောဒွါရာဝဇ္ဇန်းဇော
တဒါရုံဖြစ်သောကုသိုလ် အကုသိုလ်အဗျာကတတရားကို ကောက်ယူ
၍ပြဆိုခဲ့ပြီးသော၌ဝိနိစ္ဆယသည့်အာရမ္မဏာပစ္စယ မူလနိဿယမူလိ၌။
အာရမ္မဏာပစ္စယာနိဿယေတိဏာ။ ဟူ၍ငင်း။ နိဿယပစ္စယ မူလအာ
ရမ္မဏာပစ္စယမူလိ၌။နိဿယပစ္စယာအာရမ္မဏေတိဏာဟူ၍ငင်း။ အာရမ္မ
ဏာဃဋနာ၌အာရမ္မဏာဃဋနာဝယ်တတိယဃဋနာ၌။ အာရမ္မဏာနိဿ
ယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တိဏိဟူ၍ငင်း။ နိဿယမူလက
ပကိဏ္ဏကဃဋနာဝယ်အဋ္ဌမဃဋနာ၌နိဿယအါရမ္မဏာပုရေဇာတဝိပ္ပ
ယုတ္တအတ္ထိအဝိဂတန္တိ တိဏိဟူ၍ငင်း။ဟောတော်မူအပ်သောပဋ္ဌာန်းပါ
ဠိတော်တို့နှင့်ညီ၏။ ဤပါဠိတော်တို့၌ အာရမ္မဏာ နိဿယနှစ်ပါးစုံဖြင့်
ပစ္စယုပ္ပန်တရားတို့အားတပြိုင်တည်း ကျေးဇူးပြုတတ်သော ပစ္စည်းတ
ရားအရကို။ ။တတိယံနိဿယေနဂုတ္တံ။ တတ္ထတိဏီတိဝတ္ထုဝသေန
အဗျာကတမူလာနိ။ဟူသောပဋ္ဌာန်းအဋ္ဌကထာနှင့်အညီ ပြဆိုခဲ့ပြီးသော
သတ္တရသမစိတ်နှင့်အတူဥပါဒ်သောတခုသောဘဝ၌အဆုံးစွန်ဖြစ်သော
ဟဒယဝတ္ထုကိုပင်ယူ။ ။တတိယံ။သုံးခုမြောက်ဖြစ်သော။အာရမ္မဏာ
နိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တိဏိ။ ဟူသောတတိယ
ဃဋနာကို။နိဿယေန။ နိဿယပစ္စည်းနှင့်။ သဟ။ တကွ။ဂုတ္တံ။ဟော
တော်မူအပ်၏။တတ္ထ။ ထိုတတိယဃဋနာပါဠိတော်၌။ တိဏီတိ။တိဏိ
ဟူသည်ကား။ဝတ္ထုဝသေန။ အဆုံးစွန်ဟဒယဝတ္ထု၏အစွမ်းဖြင့်။အဗျာ
ကတမူလာနိ။ အဗျာကတတရားလျှင်မူလရှိကုန်သော တရားသုံးပါးတို့
တည်း။ ။ဤမရဏာသန္နဝိထိ၌ဖြစ်ကောင်းသောစိတ်အရကိုပြသော၊

ပါဠိအဋ္ဌကထာတို့၌တိကာ၏ သရုပ်အရဖြစ်သော ထိုအဆုံးစွန် ဟာဒယ ဝတ္ထုဟူသောအဗျာကတမူလရှိသောတရားသုံးပါးအရကို။ ။အဗျာ ကတောအဗျာကတဿအဗျာကတောကုသလဿ။ အဗျာကတောအ ကုသလဿ။ ဟူသောဝင်းသဉ္ဇာဘေဒနှင့် အညီမရဏာသန္နဝိထိ၌အ ကျုံးဝင်သော်ကုသိုလ်အကုသိုလ်အဗျာကတတရားတို့ကိုယူ။ ဤ၌အဗျာ ကတောဟူသောကတ္တားအရကိုထိုအဆုံးစွန်ဖြစ်သော ဟာဒယဝတ္ထုကို ယူ။အဗျာကတဿဟူသော သမ္ပဒါန်အရကို မရဏာသန္န ဝိထိ၌ ဖြစ် ကောင်းသောမနောဒွါရာဝဇ္ဇန်းကြိယာ ဇောတဒါရုံတို့ကို။ ကုသလဿ ဟူသော သမ္ပဒါန်အရကိုလည်းဝင်းဝိထိ၌ ဖြစ်ကောင်းသော ကုသိုလ် ဇောကို။အကုသလဿဟူသော သမ္ပဒါန်အရကို အကုသိုလ် ဇောကို ယူ။ ။ဤသို့ဝတ္ထာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်အရကို မနောဒွါရာဝဇ္ဇန်း တဒါရုံတို့နှင့်တကွယူသင့်သည်ကိုထောက်သဖြင့် ယခင်မဏိမဉ္ဇူ။၌။ မရဏာသန္နဇဝနာနံပန။ဟူ၍ဇောမျှကိုသာယူသည်ကားဥပလက္ခဏာနိ ဒဿနနည်းအားဖြင့်သာ။ယင်းဖြင့်မနောဒွါရာဝဇ္ဇန်း တဒါရုံတို့ကိုလည်း ယူ။ကုသလာဒိနံ၌အာဒိအရကိုလည်း ယခင်ပြဆိုခဲ့ပြီးသော အကုသိုလ် အဗျာကတတို့ကိုပင်ယူ။ ။ရုပ်ကိုဖြစ်စေတတ်သောစိတ်သဉ်အသဿ သပဿာသကိုနှောင့်ရှက် တားမြစ်တတ်သောအမိဝမ်း၌ ကိန်းဆဲကာ လစတုတ္ထဈာန်ဝင်စားဆဲကာလစသည်မှတပါးသောအခါ၌အဿာသ ပဿာသကို မဖြစ်စေသော မည် သည်မရှိ ဖြစ်စေမြဲသာ ဖြစ်သော ကြောင့်ခပ်သိမ်းသော ကာမပုဂ္ဂိုလ် တို့အားလည်း စုတိစိတ်မှစ၍ပဋို လောမအားဖြင့်ရေသော်သုံးဆယ့်နှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခ ဏကစ၍အဿာသပဿာသအသစ် မဖြစ်နိုင်ပြီဖြစ်၍။ စိတ္တဇရုပ်သဉ် လည်းထိုပုဂ္ဂိုလ်တို့အားအဿာသ ပဿာသ အသစ်မဖြစ်ရာ။ ထိုသုံး ဆယ့်နှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏကစ၍ စိတ္တဇရုပ်ဟူသမျှ ပင်အသစ်မဖြစ်ပြီဟူ၍သင်္ဂြိုဟ်ရယမိုက်ကိုမှီ၍အယူရှိသော မူလဋီကာအ စရှိသောဆရာတို့အလိုအားဖြင့်။ပြီးရယ်ခြင်းဟူကဝိစိဝိညတ်နှင့်မကင်း ကောင်းမကင်းနိုင်။ ဝိညတ်ဟူကလည်းစိတ္တဇရုပ် စိတ္တဇမဟာဘုတ်တို့ ၏ထူးသောအခြင်းအရာဝိကာရမျှဖြစ်၍။ ဂဏောနိဿယဝိကာရဝဏ္ဏဖြစ် သောစိတ္တဇရုပ်တို့နှင့်ကင်း၍မဖြစ်ကောင်းသည်သာဖြစ်ရကား ထိုမရ ဏာသန္နအခါစုတိစိတ်မှပြန်၍ရေသော်သုံးဆယ့်သုံးချက်မြောက်သော

စိတ်၏ဥပါဒ်ခဏ၌ဖြစ်သော အဆုံးစွန်စိတ္တဇရုပ်သည် သတ္တရသမစိတ်
နှင့်ပြိုင်၍ချုပ်သဖြင့်သော်၌သမစိတ်၏ဥပါဒ်ခဏကစ၍အလျှင်းပင်စိတ္တ
ဇရုပ်မရှိပြီဖြစ်သောကြောင့် ထိုစိတ္တဇရုပ်၏ ဂုဏ်ဝိကာရ ဖြစ်သောဝိ
ညတ်လည်းထိုမရဏာသန္နအခါမဖြစ်ရာပြီ။ ဝိညတ်မဖြစ်ကလည်း ပြိုး
ရယ်ခြင်းဟူကဝစီဝိညတ်နှင့်ကင်း၍မဖြစ်ကောင်းသောကြောင့် ထိုမရ
ဏာသန္နအခါပြုံးရယ်ခြင်းကိုဖြစ်စေတတ်သော်ဟသိတုပ္ပါဒ်စိတ်ကိုမရ
ကောင်းရာပြုံးရယ်ခြင်းကိုဖြစ်စေတတ်သောစိတ်တဆဲ့သုံးခုတို့တွင်ဤ
အဟိတ်ကြိယာဇောတခုသာ ပြုံးရယ်ခြင်းမှတပါးအခြားကိစ္စကို မပြီး
စေဘဲပြုံးရယ်ခြင်းကိုသာပြုတတ်သောကြောင့် ဟသိတုပ္ပါဒ်မည်သည်။
ပြုံးရယ်ခြင်းဟူကလည်းမရဏာသန္နအခါတို့၌မဖြစ်ရာ။ ပကတိ
အခါ၌သာဖြစ်ရာသည်ဖြစ်၍ ပြုံးရယ်ခြင်းကိုဖြစ်စေတတ်သော ဟသိ
တုပ္ပါဒ်စိတ်သည်လည်းမရဏာသန္နကာလတို့၌ မဖြစ်ရာယင်းသို့
မဖြစ်ကလည်း ထိုဟသိတုပ္ပါဒ်စိတ်သည် ငါးကြိမ် ခြောက်ကြိမ် ဖြစ်
သောမည်သည်မရှိကောင်းပကတိအခါ၌သာဖြစ်၍။ ၇ ကြိမ်သာဖြစ်
ကောင်းသည်ဟုအယူရှိသောကြောင့်ဟသိတုပ္ပါဒ်စိတ်၏။ ၇ ကြိမ်သာ
ဖြစ်ကြောင်းကိုပြဆိုသော ပရမတ္ထဗိန္ဒုစာကို။ ဋီကာတို့ အလိုအား
ဖြင့်လည်းမရဏာသန္နအခါဟသိတုပ္ပါဒ်စိတ်ကို မရရာသည်သာဖြစ်၍
ဤမူလဋီကာစသည်တို့၏ အလိုသော်ဝတ္ထာ ရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်
တရားကိုကောက်ရာအဗျာကတအရ၌ဟသိတုပ္ပါဒ်ကိုမယူလို။ ။အမိ
ဝမ်း၌ကိန်းဆဲအခါစတုတ္ထမျာန် ဝင်စားဆဲအခါစသည်တို့၌ စိတ်သည်
အဿာသပဿာသကို မဖြစ်စေဘဲသက်သက် စိတ္တဇရုပ်ကိုသာဖြစ်
စေသကဲ့သို့။ မရဏာသန္နကာလ၌လည်းသုံးဆယ့်နှစ်ချက်မြောက်သော်
စိတ်၏ဥပါဒ်ခဏကစ၍အဿါသပဿာသကိုပင်မဖြစ်စေသော်လည်း
စိတ်သည်ဝိဏာသဝပုဂ္ဂိုလ်တို့အား စုတိစိတ်၏ ရှေ့အနန္တရ စိတ်တိုင်
အောင်ပုထုဇန်သေက္ခတို့အား စုတိစိတ် တိုင်အောင်ပင် ရုပ်ကိုဖြစ်စေ
သေး၏ဟုအယူရှိသောအဋ္ဌကထာစသည်တို့အလိုအားဖြင့်သော်။အဗျာ
ကတအရကိုဟသိတုပ္ပါဒ်နှင့်ပင်တကွ ကောက်ယူလို၏၊ ။ဤဟသိ
တုပ္ပါဒ်စိတ်သည်ဒွါရခြောက်ပါးလုံး၌ပင် ဖြစ်ကောင်း၏။ထိုသို့ ဖြစ်ရာ
တွင်ပဉ္စဒွါရ၌ ဖြစ်ခိုက်သော ဇောဟူသမျှ တို့၏ ပရိဒုဗ္ဗလ ဖြစ်ရကား
ဝိညတ်ကိုမဖြစ်စေနိုင်သည်သာ ဖြစ်၍။ ပြုံးရယ်ခြင်းဟူကလည်း ဝစီ

ဝိညတ်နှင့်မကင်းကောင်းသည့်သာဖြစ်၍ပဋ္ဌဒ္ဒါရန္တ ဖြစ်ခိုက်သောဟသိ
တုပ္ပါဒ်သည့်ပြုံးရယ်ခြင်းကိုမဖြစ်စေနိုင်။ ဝမ်းမြောက်သော အခြင်းအ
ရာအားဖြင့်သာဖြစ်သကဲ့သို့အဆုံးစွန်မရဏာသန္နဝိထိဇောတို့၏လည်း
စိတ္တက္ခဏာလေးချက်ငါးချက်စသည့်ကိုလွန်သဖြင့်ဒုဗ္ဗလ ဖြစ်သောဟဒ
ယဝတ္ထုကိုသာမှီရသောကြောင့်ထိုမရဏာသန္နဝိထိ၌ ဖြစ်သောဒုဗ္ဗလ
ဝတ္ထုကိုသာမှီရသော ဟသိတုပ္ပါဒ်စိတ်သည့်လည်း ပြုံးရယ်ခြင်းကိုမ
ဖြစ်စေမူ၍ဝမ်းမြောက်သော အခြင်းအရာအားဖြင့်သာဖြစ်သည်။ ဤသို့
ယူသော်အဗျာကတအရကို ဟသိတုပ္ပါဒ်နှင့် တကွပင် ကောက်ယူရာ
၏။ ။ဤ၌ကားဝတ္ထာရမ္မဏာပစ္စည်း၏ပစ္စယုပ္ပန်အရကို ကောက်ယူရာ
အဓ္ဒကထာစသည့်တို့အလိုအားဖြင့်ဟသိတုပ္ပါဒ်နှင့်တကွ ကောက်ယူပြ
ဆိုလိုက်သည်။ ။မရဏာသန္နအခါသောမနုဿသဟဂုတ်ဖြစ်သော
လောဘမူစိတ်မဟာကုသိုလ်စိတ် မဟာကြိယာစိတ် တဆယ့်နှစ်ခုတို့
ဖြစ်ကောင်းသည့်ကိုထောက်သဖြင့်လည်းခီဏာသဝပုဂ္ဂိုလ်တို့၏ မရ
ဏာသည့်အသံရှူမရဏာသာဖြစ်ရကားခီဏာသဝပုဂ္ဂိုလ်တို့၏သန္တာန်
၌သာဖြစ်ကောင်းသော။ဤဟသိတုပ္ပါဒ်စိတ်၏မရဏာ သန္နကာလ၌ဖြစ်
ကောင်းသည့်၏ အဖြစ်ကိုစင်စစ်သိအပ်၏။ ။စုတိစိတ်မှပြန်၍ရေ
သော် ၁၇ ချက်မြောက်သော ဘဝင်စိတ်နှင့်အတူ ဥပါဒ်သောဟဒယ
ဝတ္ထုကိုပစ္စည်း။မရဏာသန္န ဝိထိ၌အကျုံးဝင်သော မနောဒွါရာ ဝဇ္ဇန်
ကာမဇောတဒါရုံတို့ကိုပစ္စယုပ္ပန်ယူ၍။ ဤယခုပြဆိုခဲ့ပြီးသော ဝိနိစ္ဆယ
သည်။ ။ယဒိပနေတံဝတ္ထုနိဿယါရမ္မဏာဝသေနပဝတ္တံမရဏါသန္န
ကာလေစုတိတောပဋ္ဌိလောမဝသေနဂဏိယမာနသဿ သတ္တရသမဿ
ဘဝင်္ဂစိတ္တဿဥပ္ပါဒေဥပ္ပန္နံဟဒယဝတ္ထုအတ္တာနံနိဿာယ အာရမ္မဏံက
ရောန္တာနံကုသလာကုသလာဗျာကတသံခါတာနံတိဏ္ဏံ ရာသီနံပုရေဇာ
တနိဿယာသတ္တိယာဥပကာရကံ။ ။ဟုပဋ္ဌာနသာရဒီပဏီ၌ပြဆိုအပ်
သောနည်းနှစ်ပါးတွင်ဤပဌမနည်းနှင့်ညီ၏။ ။ဇော်ဝတ္ထု။ ဤဟဒယ
ဝတ္ထုသည်။နိဿယာရမ္မဏာဝသေန။နှစ်ပါးစုံသောနိဿယပစ္စည်းအာ
ရမ္မဏာပစ္စည်း၏အစွမ်းဖြင့်။ ယဒိပဝတ္တံ။ အကယ်၍ပစ္စယုပ္ပန် တရားတို့
အားတခုတည်းသောခဏာ၌ ပြိုင်၍ကျေးဇူးပြုသည့်ဖြစ်၍ဖြစ်ငြားအံ့။ ဇော်သ
တိ။ဤသို့တခုတည်းသော ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်တရားတို့အား
နိဿယပစ္စည်းအာရမ္မဏာပစ္စည်း၏အစွမ်းဖြင့်ပြိုင်၍ ကျေးဇူးပြုသည့်ရှိ

သော်။မရဏာသန္နကာလေ။ဠ္ဍ။စုတိတော။မှ။ပဋိလောမဝသေန။ ပဋိလုံ
၏အစွမ်းဖြင့်။ဂဏိယမာနသော။ ရေတွက်အပ်သော။ သတ္တရသမသော။
တဆယ့်ခုနစ်ကြိမ်မြောက်သော။ဘဝင်စိတ္တသော။၏။ဥပ္ပါဒေ။ ဥပါဒ်ခဏ
၌။ဥပ္ပန္နံ။သော။ဟဒယဝတ္ထု။သည်။အတ္တာနံ။မိမိကိုယ်ကို။ နိဿာယ။၍။
အာရမ္မဏံကရောန္တာနံ။အာရုံပြုကုန်သော။ကုသလာကုသလာဗျာကတ
သံခါတာနံ။ကုသိုလ်အကုသိုလ်အဗျာကတဟုဆိုအပ်ကုန်သော။တိဏ္ဏံ
ရာသီနံ။သုံးပါးသောတရားအစုတို့အား။ ပုရေဇာတနိဿယသတ္တိယာ။
ပုရေဇာတနိဿယသတ္တိဖြင့်။ဥပကာရကံ။ကျေးဇူးပြုသည်။ ဟောတိ။
၏။ ။မရဏာသန္နကာလဝယ် စုတိစိတ်မှရှေ့သတ္တရသမ စိတ်နှင့်အ
တူဥပါဒ်သောဟဒယဝတ္ထုသည် မိမိကိုမှီရာအာရုံပြု၍ ဖြစ်ကုန်သောမ
နောဒွါရာဝဇ္ဇန်ကာမဇောတဒါရုံဟူကုန်သော ကုသိုလ်အကုသိုလ်အဗျာ
ကတတရားသုံးမျိုးတို့အားမှီရာ၏အဖြစ် အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြု
နိုင်သည်ဖြစ်၍ဝတ္ထာရမ္မဏ နိဿယပစ္စည်း ပစ္စယုပ္ပန်အရကို မရဏာ
သန္နကာလဖြင့်ကောက်ယူပြဆိုအပ်သော၍ဝိနိစ္ဆယသဉ်သာအထူးသ
ဖြင့်ကောင်းမြတ်သောဝိနိစ္ဆယဖြစ်သည်ဟုတပါးကုန်သောဗဟုသုတ
ဆရာတို့ဆိုကြောင်းကိုလည်းရှင်းပမ္မာနသါရဒီပဏီ၌ပင်။ ။အပရေပ
နဗဟုဿုတာစရိယာ ဇေံဝဒန္တိမရဏာသန္န ကာလေ စုတိတော ပဋိ
လောမဝသေနဂဏိယမာနဿသတ္တရသမဿစိတ္တဿ ဥပ္ပါဒက္ခဏေ
ဥပ္ပန္နံဟဒယဝတ္ထုကုသလာဒီနံတိဏ္ဏံရာသီနံဥပကာရကန္တိ အယမေဝ
ဝိနိစ္ဆယောသုန္ဒရတရောတိ။ ။ဟုပြဆို၏။ ။ပန။ဝါဒတပါးကိုပြဦး
အံ့။အပရေ။တပါးကုန်သော။ဗဟုဿုတာစရိယာ။ များသောအကြားအ
မြင်ရှိကုန်သောဆရာတို့သည်။ဇေံ။သို့။ဝဒန္တိ။နိ၏။ကိံ ဝဒန္တိ။ အဘယ်သို့
ဆိုကုန်သနည်းဟူမူကား။ မရဏာသန္နကာလေ။ ၌။စုတိတော။ မှ။ပဋိ
လောမဝသေန။အစွမ်းဖြင့်။ဂဏိယမာနဿ။ရေတွက်အပ်သော။ သတ္တ
ရသမဿ။သော။စိတ္တဿ။၏။ ဥပ္ပါဒက္ခဏေ။၌။ ဥပ္ပန္နံ။သော။ ဟဒယ
ဝတ္ထု။သည်။ကုသလာဒီနံ။ ကုန်သော။ တိဏ္ဏံ ရာသီနံ။ သုံးပါးသောတ
ရားအစုတို့အား။ဥပကာရကံ။မှီရာ၏အဖြစ်အာရုံ၏ အဖြစ်ဖြင့်ကျေးဇူးပြု
သည်။ဟောတိ။၏။ဣတိတသ္မာ၊ ထိုသို့မရဏာသန္န ကာလဝယ်သတ္တရ
သမစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုတခုတည်းသည့်ပင် ကုသိုလ်
အကုသိုလ်အဗျာကတ တရားသုံးပါးတို့အား နိဿယသတ္တိ အာရမ္မဏာ

သတ္တိရှစ်ပါးစုံဖြင့်ကျေးဇူးပြုနိုင်သည်၏အဖြစ်ကြောင့်။အယမေဝပိနိဿ
ယော။ဝတ္ထုာရမ္မဏပစ္စည်းပစ္စယုပ္ပန်အရကိုမရဏာသန္နကာလဖြင့်မှတ်
၍ပြဆိုဆုံးဖြတ်အပ်သော ဤပိနိဿယသည်သာလျှင်။ သုန္ဒရတရော။အ
ထူးသဖြင့်ကောင်းမြတ်၏။ဣတိ။ သို့။ဝဒန္တိ။ကုန်၏။ ။ဤပြဆိုခဲ့ပြီး
သောမဏိသာရ မဉ္ဇူ။သာစသော ဆရာတို့အလိုသော် ဝတ္ထုာရမ္မဏ
ပစ္စည်း၏ပစ္စယုပ္ပန်အရကိုကောက်ယူရာ၌ အဘိဉာဏ်ဒွေကိုမကောက်
မယူလိုကုန်။

မရဏာသန္နအခါစုတိစိတ်မှ ရှေ့သတ္တရ သမစိတ်နှင့် အတူဥပါဒ်
သောဟဒယဝတ္ထု၊ကိုပစ္စည်းယူ၍ပစ္စယုပ္ပန်အရကို ကုသိုလ်အကုသိုလ်
အဗျာကတတရားတို့ကိုကောက်ယူ၍မဏိသာရမဉ္ဇူ။သာ ဆရာအစရှိ
ကုန်သော များစွာသော မထေရ်မြတ်တို့ ပြဆိုအပ်သော ဤပိနိဿယ
သည်။ ။နိဿယပစ္စယာအာရမ္မဏေတိဏိ။ အာရမ္မဏပစ္စယာနိဿ
ယေတိဏိ။ ။ဟူသောဒုမူလက သင်္ချာနှင့်ငင်း။ အာရမ္မဏနိဿယပု
ရေဇာတဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိတိဏိဟူသော တတိယဃဋနာနှင့်
ငင်း။ ။နိဿယမူလကပကိဏ္ဏကဃဋနာ၌။ နိဿယအာရမ္မဏပုရေ
ဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တိဏိ။ ။ဟူသောအဋ္ဌမဃဋနာနှင့်
ငင်းညီညွတ်သော်လည်း။ ။အာရမ္မဏအဓိပတိနိဿယ ဥပနိဿယ
ပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိဧကံ။ ။ဟူသောအာရမ္မဏဃဋ
နာဝယ်ပဉ္စမဃဋနာနှင့်ငင်း။ ။နိဿယဃဋနာဝယ် နဝမဃဋနာနှင့်
ငင်းဆန့်ကျင်ချေ၏အစရှိသည်ဖြင့်ပါဠိသံဝဏ္ဏနာတို့နှင့် ဆန့်ကျင်သည်
၏အဖြစ်ကိုဆရာတို့ဆိုကြကြောင်းကို။ငင်းပဋ္ဌာနသါရဒီပဏီ၌ပင်။ ။
ကိဉ္စာပျေဝံမဟာထေရဝရာအဝေါစုံ။ တထာပိဇေဝံဝဒိံသုဂုရုဝေါ။ မရ
ဏာသန္နကာလေယထာဝုတ္တဟဒယဝတ္ထုံ ဂဟေတွာပိနိဿယကရဏံ
ပါဠိယာစသံဝဏ္ဏနာယစ ဝိရောဓေါဝိယဒိဿတိ ဇေံဟိပိနိဿယကရ
ဏံဒွိန္နံပစ္စယာနံဒုမူလကာဒုတာယတိဏိတိသံချာယစ။ အာရမ္မဏဃဋ
နာယံအာရမ္မဏနိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိတိဏိတိ
တတိယဃဋနာယစ။နိဿယမူလကေပကိဏ္ဏကဃဋနာယံ နိဿယပု
ရေဇာတဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိတိဏိတိအဋ္ဌမ ဃဋနာယစသမေ
တိ။နပနအာရမ္မဏဃဋနာယံအာရမ္မဏအဓိပတိ နိဿယဥပနိဿယပု
ရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိဧကန္တိ ပဉ္စမဃဋနာယစ။ နိဿယ

ဃဋနာယံနိဿယအာရမ္မဏာဓိပတိဥပနိဿယပုရေဇာတဝိပ္ပယုတ္တ
အတ္ထိအဝိဂတန္တိကေန္တိနဝမ ဃဋနာယစသမေတိနပိ တသ္မိံကာလေ
လောဘသဟဂတဇဝနာနိတံဝတ္ထုံဂရုံကရောန္တိ။ဃဋနာယစ နိဿယ
အာရမ္မဏာဘူတဿဝတ္ထုဿ အာရမ္မဏာဓိပတျုပ နိဿယဘာဝေါ
ဝုတ္တောတျာယံပါဠိယာဝိရောဓေါ။ကထံသံဝဏ္ဏနာဝိရောဓောတိ။ဝိဘင်္ဂ
မှကထာယသံဝဏ္ဏနာယံမရဏာသန္နကာလေကုသလကြိယာ ဇဝနာနိ
မုဉ္စိဘာဝ တောန ပစ္စဝေက္ခန ဝိပဿနကိစ္စာနိ ကာတုံသက္ကောန္တီတိ
အာဂတော။ ဝုတ္တံဟိတတ္ထ အသံမုဠ္ဍှသအာဒိနဝါနုပဿတော ဝိဟာရ
တောတျာယံသံဝဏ္ဏနာဝိရောဓေါတိ။ ။ဟူ၍ပြဆို၏။ ။မဟာထေ
ရဝရာ။ အရှင်အရိယဝံသ အဂ္ဂမဟ္မ သေနာပတိမထေရ်။ အရှင်ဒိသာပါ
မောက္ခမထေရ်အစရှိကုန်သောမဟာထေရ်မြတ်တို့သည်။ ဧဝံ။ဤသို့ရ
တိစိတ်မှသတ္တုရသမဖြစ်သောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကို
ယူ၍။ကိစ္စာပိအဝေါစုံ။အကယ်၍ဆိုကုန်၏။တထာပိ။ ထိုသို့ပင်ဆိုကုန်
သော်လည်း။မရဏာသန္နကာလေ။၌။ယထာဝုတ္တံ။သော။ ဟဒယဝတ္ထုံ။
ကို။ဂဟေတွာ။၍။ဝိနိစ္ဆယကရဏံ။ ဆုံးဖြတ်ခြင်းကိုပြုခြင်းသည်။ ပါဠိ
ယာစ။နှင့်ရင်း။ သံဝဏ္ဏနာယစ။နှင့်ရင်း။ ဝိရောဓေါဝိယ။ ဆန့်ကျင်သကဲ့
သို့။ဒိဿတိ။ထင်၏။ဧဝံ။သို့။ဂရုဝေါ။ဆရာတို့သည်။ဝဒံ့သု။ကုန်၏။ ဟိ။
ထိုစကားကိုထင်ရှားပြဦးအံ့။ဧဝံဝိနိစ္ဆယကရဏံ။ဝတ္ထာရမ္မဏနိဿယ
ပစ္စည်းပစ္စယုပ္ပန်အရောဝယ် ပစ္စည်းအရကို ရတိစိတ်မှရှေ့ သတ္တုရသမ
စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကိုယူ၍ ဤသို့ဆုံးဖြတ်ခြင်းကိုပြု
ခြင်းသည်။ဣန္နံပစ္စယာနံ။ အာရမ္မဏပစ္စည်းနိဿယပစ္စည်း နှစ်ပါးတို့၏။
ဒုမူလကဘူတာယ။ဒုမူလကဖြစ်၍ဖြစ်သော။တိကာိတိသံချာယစ၊ တိကာိ
ဟူသောသင်္ချာနှင့်ရင်း။အာရမ္မဏဃဋနာယံ။၌။အာရမ္မဏနိဿယပုရေ
ဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တိကာိတိ။တိကာိဟူသော။ တတိယဃဋ
နာယစ။နှင့်ရင်း။နိဿယမူလကေ။၌။ ပကိဏ္ဏကဃဋနာယံ။၌။ နိဿယ။
လ။တိကာိတိ။တိကာိဟူသော။ အဋ္ဌမဃဋနာယစ။နှင့်ရင်း။ သမေတိ။ညီ
ညွတ်ပါပေ၏။ပန။ထိုသို့ပင်ယင်းတို့နှင့်ညီညွတ်သော်လည်း။အါရမ္မဏ
ဃဋနာယံ။၌။ အာရမ္မဏာဓိပတိနိဿယ။လ။ အဝိဂတန္တိကေ။ ဧကံ
ဟူသော။ပဉ္စမဃဋနာယစ။နှင့်ရင်း။နိဿယဃဋနာယံ။၌။ နိဿယအာ
ရမ္မဏာဓိပတိ။လ။အဝိဂတန္တိကေ။ဧကံဟူသော။ နဝမဃဋနာယစ။

နှင့်ဝှင်း။နသမေတိ။မညီ။ဟိသစ္စံ။မှန်၏။တသ္မိံကာလေ။ထိုမရဏာသန္န
ကာလ၌။ လောဘာသဟဂတစေတနာနိ။ မရဏာသန္နလောဘ သဟဂုတ်
စေတနာသည်။တံဝတ္ထုံ။ ထိုရုတိစိတ်မှ ရှေ့သတ္တရသမ စိတ်နှင့် အတူဥ
ပါဒ်သောဟဒယဝတ္ထုကို။နဂရုံကရောန္တိ။ အလေးအမြတ်အားဖြင့်အာရုံ
မပြုကုန်။ဃဋ္ဋနာယစ။ ဃဋ္ဋနာပါဠိတော်၌ကား။ နိဿယအာရမ္မဏာဘူ
တဿ။မှီရာအာရုံဖြစ်၍ဖြစ်သော။ဝတ္ထုဿ။ဟဒယဝတ္ထု၏။အာရမ္မဏာ
ဓိပတျူပနိဿယဘာဝေ။ အာရမ္မဏသတ္တိအဓိပတိသတ္တိဥပနိဿယ
သတ္တိတို့ဖြင့်ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်၏အဖြစ်ကို။ဝုတ္တော။
ဟောတော်မူအပ်၏။ ဣတိအယံ။ ဤပြဆိုအပ်ပြီးသည်ကား။ ပါဠိယာ။
တော်နှင့်။ဝိရောဓော။ဆန့်ကျင်ခြင်းတည်း။ ကထံသံဝဏ္ဏနာဝိရောဓော။
အဘယ်သို့ သံဝဏ္ဏနာနှင့် ဆန့်ကျင်သနည်း။ ဣတိ။ ဤသို့မေးငြားအံ့။ဝိ
ဘင်္ဂကထာယ။ သမ္မောဟဝိနောဒနီမည်သောသစ္စဝိဘင်းအဋ္ဌကထာ
၏။သံဝဏ္ဏနာယံ။အဘွင့်ဖြစ်သောမူလဋီကာ၌။ မရဏာသန္နကာလေ။၌။
ကုသလကြိယာဇဝနာနိ။ ကုသိုလ်ကြိယာဇော တို့သည်။ ဓုဋ္ဌာဘာဝ
တော။ဓုဋ္ဌာကာလ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပစ္စဝေက္ခန ဝိပဿန
ကိစ္စာနိ။ ပစ္စဝေက္ခနာကိစ္စဝိပဿနာကိစ္စတို့ကို။ ကာတုံ။ ပြုခြင်းငှါ။န
သက္ကောန္တိ။မစွမ်းနိုင်ကုန်။ဣတိအယံအဓိပ္ပါယော။ဤသို့သောအဓိပ္ပါယ်
သည်။ အာဂတော။ လာ၏။ ဟိသစ္စံ။ ၏။ တတ္ထ။ ထိုမူလဋီကာ၌။ အသံ
မုဋ္ဌသအာဒိနဝါနုပဿတောဝိဟရတောတိ။ဟူ၍။ ဝုတ္တံ။မိန့်ဆိုအပ်၏။
အယံ။ဤပြဆိုအပ်ပြီးသည်ကား။သံဝဏ္ဏနာဝိရောဓော။သံဝဏ္ဏနာနှင့်ဆန့်
ကျင်ခြင်းတည်း။ဣတိ။သို့။ဂရုဝေါ။တို့သည်။ဝဒိံသု။ကုန်၏။ ။မရဏာ
သန္နကာလ၌ဖြစ်ကုန်သော လောဘ စောတို့သည် ထိုရုတိ စိတ်မှ ရှေ့
သတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကိုအလေးအမြတ်အား
ဖြင့်အာရုံမပြုနိုင်။ ။ပစ္စုပ္ပန်ဟဒယဝတ္ထု၏လောဘသဟဂုတ်စောအား
အာရမ္မဏာဓိပတိနိဿယ သတ္တိတို့ဖြင့် ကျေးဇူး ပြုနိုင်သည်၏အဖြစ်
ကိုလည်း။ ။အာရမ္မဏာဓိပတိနိဿယဥပနိဿယပုရေဇာတဝိပ္ပ
ယုတ္တအတ္ထိအဝိဂတန္တိဧကံ။ ။ဟူသောအာရမ္မဏ ဃဋ္ဋနာဝယ်ပဉ္စမ
ဃဋ္ဋနာ၌ဝှင်း။ ။နိဿယအာရမ္မဏာဓိပတိဥပနိဿယပုရေဇာတ
ဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိဧကံ။ ။ဟူသောနိဿယဃဋ္ဋနာဝယ်နဝမ
ဃဋ္ဋနာ၌ဝှင်းဟောတော်မူအပ်သည်ဖြစ်၍ဟဒယဝတ္ထုလျှင်မှီရာရှိသော

ပစ္စုပ္ပန်ဟာဒယဝတ္ထုကိုပင် အလေးအမြတ်အားဖြင့် အာရုံပြု၍ ဖြစ်သော လောဘဇောအရကိုပဝတ္တိကာလ၌ဖြစ်သောမနောဒွါရိကဝိထိ၌အကျုံး ဝင်သောလောဘသဟဂုတ်ဇောကိုသာယူအပ်သည်။ မရဏာသန္နကာ လ၌ဖြစ်သောလောဘဇောကိုမယူအပ်မယူသင့်သည်သာဖြစ်၍။ ဝတ္ထာ ရမ္မဏနိဿယပစ္စည်းပစ္စယုပ္ပန်အရာ၌စုတိစိတ်မှ ရှေ့သတ္တရသမစိတ် နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုပစ္စည်းယူ၍မရဏာသန္န ကာလဖြင့် ဆုံးဖြတ်ပြဆိုအပ်သောထိုမဟာထေရ်မြတ်တို့ဝိနိစ္ဆယသည်။ ။အာရမ္မဏ အဓိပတိ။လ။ဧကံ။ ။ဟူသောပဉ္စမဃဋနာ။ ။နိဿယအာရမ္မဏ အဓိပတိ။လ။ဧကံ။ ။ဟူသောဤနဝမ ဃဋနာပါဠိတော်တို့နှင့် ဆန့် ကျင်သည်။ ။ထိုပစ္စည်း၏ပစ္စယုပ္ပန်အရ၌မဟာကုသိုလ်မဟာကြိယာ တို့နှင့်တကွကောက်ယူခြင်းသည်လည်းမရဏာသန္နကာလ၌ ဖြစ်ကုန် သောကာမကုသိုလ်ကြိယာတို့သည် ထိုမရဏာသန္န ကာလ၏ ရဋ္ဌာ ကာလဖြစ်သည်၏ အဖြစ်ကြောင့် ပစ္စဝေက္ခနာ ကိစ္စဝိပဿနာကိစ္စတို့ ကိုပြုခြင်းငှါမစွမ်းနိုင်ဟူသောအနက်အဓိပ္ပါယ်သည်သမ္မောဟဝိနောဒ နီသစ္စဝိဘင်း အဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလ ဋီကာ၌ လာရှိသော ကြောင့်သံဝဏ္ဏနာကျမ်းနှင့်လည်းဆန့်ကျင်သည်ဟူလိုကုန်၏။

ဤဝတ္ထာရမ္မဏ ပစ္စည်းပစ္စယုပ္ပန်အရာ၌ မရဏာသန္နအခါ စုတိစိတ် မှရှေ့ သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုကို ပစ္စည်း ယူ၍ ဆုံးဖြတ် ပြဆိုသော မဏိသာရ မဉ္ဇူသာ ဋီကာစသော ဆရာ မြတ်တို့၏ဝိနိစ္ဆယသည်။ ။အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿ ယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိဧကံ။ ။ဟူသောအာရမ္မဏ ဃဋနာဝယ်ပဉ္စမဃဋနာ။ ။နိဿယအာရမ္မဏအဓိပတိဥပနိဿယ ပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိဧကံ။ ။ဟူသောနိဿယဃဋ နာဝယ်နဝမဃဋနာ အစရှိသော ပဋ္ဌာန်းပါဠိတော် ဃဋနာဝါရတို့နှင့် ဆန့်ကျင်၏ဟု ပဋ္ဌာနသာရဒီပနီအစရှိသောဆရာတို့အပြစ်တင်ဆိုရာ ဝယ်အပြစ်မတင် ဆိုသင့်ကြောင်း။ ၎င်းပဋ္ဌာန်း ပါဠိတော်တို့နှင့် မဆန့် ကျင်ညီလျော်သင့်မြတ်သည်သာဖြစ်ကြောင်းကိုပြဆိုလိုက်ဦးအံ့။ ။

သောဇံ့တိပါကံတိကြိယံ။ စတုရူပဉ္စသောဇိနော။ တိပုညံ့ကာမပုညာသာ။ သောဇသာဓိပတိဘဝေ။ ။ဥတ္တရာဓိယုတ္တဋ္ဌာနံ။နိဗ္ဗာနံဥတ္တရဿစ။ ။ သောဇံ။ လောဘမူ စိတ်သည်၎င်း။ တိပါကဉ္စ။ ဒုက္ခသဟဂုတ် ကာယ ※

ဝိညာဏ်မှတပါးသော ကာမဝိပါက်ရူပဝိပါက် အရူပဝိပါက်ဟုဆိုအပ်သောသုံးမျိုးသောဝိပါက်စိတ်သည်ဗုင်း။ တိကြိယာဥ္စ။ ကာမကြိယာရူပကြိယာအရူပကြိယာဟူသောသုံးမျိုးသောကြိယာစိတ်သည်ဗုင်း။ စတုရူပဥ္စ။ ထိုက်သည်အားလျော်စွာကံစိတ်ဥတုအာဟာရ တို့ကြောင့်ဖြစ်သောလေးမျိုးသောစတုဇနိပ္ဖန္နရုပ်သည်ဗုင်း။ သေဖိနော။ လောဘမူစိတ်အား။ အဓိပတိ။ အာရမ္မဏာဓိပတိ ပစ္စည်းတပ်သည်။ ဟောတိ။ ၏။တိပုညံ။ ကာမကုသိုလ်ရူပကုသိုလ် အရူပကုသိုလ်ဟူသော သုံးမျိုးသောကုသိုလ်စိတ်သည်။ကာမပုညသာသေ။ ကာမကုသိုလ်စိတ်အားဗုင်း။သေဖသာသေ။ လောဘမူစိတ်အားဗုင်း။ အဓိပတိ။ အာရမ္မဏာ ဓိပတိပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်။ဘဝေ။ဖြစ်၏။ ဥတ္တရာ။လောကုတ္တရာစိတ်တို့သည်။ ဓိယုတ္တတ္တာနံ။ ဉာဏသမ္ပယုတ်ဖြစ်သော မဟာကုသိုလ်မဟာကြိယာစိတ်တို့အား။အဓိပတိ။သည်။ဘဝေ။၏။ နိဗ္ဗာနံ။နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်သည်။ ဓိယုတ္တတ္တာနဥ္စ။ ဉာဏသမ္ပယုတ်ဖြစ်သောမဟာကုသိုလ်မဟာကြိယာ စိတ်တို့အားဗုင်း။ ဥတ္တရသာသေ။ လောကုတ္တရာစိတ်အားဗုင်း။အဓိပတိ။သည်။ဘဝေ။၏။ ။ဟူသည်နှင့်အညီ။ လောဘမူစိတ်အကုသလဝိပါက်ကါယဝိညာဏ်မှတပါးသောတေဘုံမကာဝိပါက်တေဘုံမကကြိယာ စတုဇဖြစ်သောနိပ္ဖန္နရုပ်တို့သည် လောဘမူစိတ်အားအာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့်ကျေးဇူး ပြုနိုင်သည်ချည်းပင်ဖြစ်ကုန်သည်။လောဘမူစိတ်သည်လည်း ထိုလောဘမူစိတ်တေဘုံမကကုသိုလ်ဝိပါက်ကြိယာစတုဇနိပ္ဖန္နရုပ်ဟူသော် အာရုံကိုအလေးအမြတ်အါးဖြင့်အာရုံပြုနိုင်သည်ပင်ဖြစ်သည်။ ။ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက်သော မနောဓါတ်မနောဝိညာဏဓါတ်တို့သည်အမြဲပင်ဟဒယဝတ္ထုရုပ်ကိုမှီ၍သာဖြစ်ကြရ ကုန်သည်။ ထိုတွင် ပဋိသန္ဓေ ကိစ္စတပ်ခိုက် ဖြစ်သော ဥပေက္ခာသန္တီရဏ ၂ခု။မဟာဝိပါက် ၈ခု။ရူပဝိပါက်ငါးခုအားဖြင့်တဆဲ့ငါးခုသောမနောဝိညာဏ ဓါတ်စိတ်တို့သည် မိမိတို့မဖြစ်မီဖြစ်နှင့်သောပုရေဇာတဟဒယဝတ္ထုမရှိ။ ဟဒယဝတ္ထုကို မမှီမူ၍လည်းမဖြစ်ကောင်းသည်သာဖြစ်၍မိမိတို့နှင့်အတူဥပါဒ်ပြိုင်၍ဖြစ်သောသဟဇာတဝတ္ထုရုပ်ကိုပင်မှီ၍ဖြစ်ကြကုန်၏။ပဝတ္တမာဝင်စသော ပဝတ္တိကာလ၌ဖြစ်သောမနောဓါတ်မနောဝိညာဏဓါတ်တို့မူကား မိမိရှေ့အနန္တရစိတ်နှင့်အတူဥပါဒ်သောစိတ္တက္ခဏာတချက်ခန့်ကာလကိုလွန်၍ ဌီအဖြစ်သို့ရောက်

ပြီးသောဟာဒယဝတ္ထုကိုသာမှီ၍ဖြစ်ကြရကုန်သည်။ ထိုသို့မနောဓါတ်မနောဝိညာဏဓါတ်တို့၏မိမိရှေးအနန္တရစိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုသာမှီ၍ဖြစ်သည်၏အဖြစ်ကိုလည်း။ ။ပဋိသန္ဓိစိတ္တဿဥပ္ပါဒက္ခဏေဥပ္ပန္နံဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယ ဒုတိယဘဝင်္ဂံဥပ္ပဇ္ဇတိ။ တေနသဒ္ဓိံဥပ္ပန္နံဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယတတိယဘဝင်္ဂံဥပ္ပဇ္ဇတိ။ ဣမိနာနယေနယာဝတာယုကံစိတ္တပ္ပဝတ္တိဝေဒိတဗ္ဗာ။ ။ဟူသော၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာမဂ္ဂါမဂ္ဂ နိဒ္ဒေသကို ထောက်သဖြင့် သိအပ်၏။ ။ဤအဋ္ဌကထာ၌ယာဝတာ ယုကံဟူသော်လည်း စုတိစိတ် တိုင်အောင်မယူမူ၍။ စုတိ စိတ်မှရှေး သောဠသမ စိတ်တိုင်ရုံမျှသာယူလေ။ ။စုတိစိတ်မှရှေ့ ၁၅ ခုမြောက်သော စိတ်မှစ၍ စုတိစိတ်တိုင်အောင်တဆဲ့ငါးခုသောစိတ်တို့မူကားစုတိစိတ်မှရှေး၁၇ ခုမြောက်သော စိတ်၏ဌီခဏကစ၍ကမ္မဇရုပ်ဟူသမျှပင် အသစ်မဖြစ်ကောင်းပြီ ဖြစ်၍ မိမိရှေးအနန္တရစိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုရုပ်မရှိပြီသာ ဖြစ်သောကြောင့်အစဉ်အတိုင်းစိတ္တက္ခဏနှစ်ချက်လွန်မှစ၍တဆဲ့ခြောက်ချက်ကာလကိုလွန်သော ဌီအဖြစ်သို့ရောက်သော စုတိစိတ်မှရှေးသတ္တရသမစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော ဟာဒယဝတ္ထုတခုတည်းကိုသာ မှီ၍ဖြစ်ကြရကုန်သည်။ ထိုစိတ်၁၅ခုမှတပါးပဋိသန္ဓေနောင်ပဌမဘဝင်မှစ၍စုတိစိတ်မှရှေးသောဠသမစိတ်တိုင်အောင်ပဝတ္တိကာလဝယ်ဖြစ်သမျှသောမနောဓါတ်မနောဝိညာဏဓါတ် စိတ်တို့ မူကားမိမိ ရှေးအနန္တရစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထု၊ စိတ္တက္ခဏတချက်ခန့်ကာလ၌ဖြစ်သောဟာဒယဝတ္ထုကိုသာထိုက်သည်အား လျော်စွာအမြဲမှီ၍ ဖြစ်ကြရကုန်၏။ ။ဤပြဆိုအပ်ပြီးသောအနက်သဘောကို၊ ယခင်ပြဆိုခဲ့ပြီးသောဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်တကွ၊ ။ဧတာနိစသမ္ပိဏ္ဍနာဒီနိစုတိအာသန္နာနိဇဝနာဒီပိ ပေတာနိတိဋ္ဌမ္ဘံ တာနိဟိတဒုဒ္ဓံ ကမ္မဇရူပဿ အနုပ္ပတ္တိတောဧကသ္မိံယေဝ ဟာဒယဝတ္ထုသ္မိံ ဝတ္တန္တိ။ ဣတရာနိပန ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေဟာဒယဝတ္ထုသ္မိံဥတ္တရုတ္တရာနိပဝတ္တန္တိ။ ။ဟူသောအနုဋီကာကိုမှီ၍ဆိုလိုက်သည်။ ။ဧတာနိစ။ ။ဤမိမိတို့ရှေ့စိတ္တက္ခဏ၂ချက်မြော်၃ချက်မြောက်စသော စိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကို မှီကုန်သောစိတ်အရတို့ကို။ စုတိအာသန္နာနိ။ စုတိစိတ်နှင့်အနီးဆုံးနောက်ဆုံးဖြစ်သောမရဏာသန္နဝီထိ၌ဖြစ်ကုန်သော။ သမ္ပိဏ္ဍနာဒီနိ။ သမ္ပိဏ္ဍိုင်

စသောစိတ်တို့ကို။ ဣဓ။ ဤအံရာ၌။ အဓိပ္ပေတာနိ။ လိုအပ်ကုန်၏။ ဣတိ။ သို့။
ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ ဟိသစ္စံ။ မှန်၏။ တာနိ။ ထိုစုတိ၏အနီးဖြစ်သော မရ
ဏာသန္နဝီထိ၌အကျုံးဝင်ကုန်သော သမ္မုဒိန္နိုင်းစသောစိတ်တို့သည်။ ဝါ။
သမ္မုဒိန္နိုင်းသန္တီရဏာဝုဋ္ဌော ဇောတဒါရုံစိတ်တို့သည်။ တဒုဒ္ဒံ။ ဤစုတိ
စိတ်မှပြန်၍ရေသော် ၁၇ ချက်မြော်သော စိတ်၏ဥပါဒ်ခဏမှအထက်ဖြစ်
သောထိုစိတ်၏ဌီခဏစသောနောက်ကာလ၌။ ကမ္မဇရူပသသ။ ကမ္မဇရုပ်
၏။ အနုပ္ပတ္တိတော။ မဖြစ်ခြင်းကြောင့်။ ကေသိဉ္စိ ယေဝဟာဒယဝတ္ထုနံ့။ စု
တိစိတ်မှပြန်၍ ရေသော် ၁၇ ချက်မြော်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်၍
ဌီအဖြစ်သို့ရောက်သောဟာဒယဝတ္ထုတရုတည်း၌သာလျှင်။ ဝတ္တန္တိ။ ဖြစ်
ကုန်၏။ ။ဣတရာနိပန။ မရဏာသန္နကာလ၌ ဖြစ်သောစိတ်မှတပါး
ကုန်သော ပဋိသန္ဓေနောင် ပဉ္စမဘဝင်မှစ၍ စုတိစိတ်မှရှေ့ ၁၆ ချက်
မြောက် စိတ်တိုင်အောင်သော စိတ်တို့သည်ကား။ ပုရိမပုရိမ စိတ္တက္ခ
ဏုပ္ပန္နေ။ မိမိတို့ရှေးရှေးအနန္တရစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော။ ဟာဒယ
ဝတ္ထုသ္မိံ။ ၌။ ဥတ္တရုတ္တရာနိ။ နောက်နောက်အနန္တရဖြစ်သောစိတ်တို့သည်။
ပဝတ္တန္တိ။ မှီ၍ဖြစ်ကြကုန်၏။ ။ဤအနုဋီကာ၌ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေ
ဟူသောစကားကိုယေဘုယျအားဖြင့်သာဆိုသည်နိရောဓဝုဋ္ဌာနာနန္တရ
ကာလ၌ ဖြစ်သော အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်တို့သည် မိမိရှေ့
အနန္တရ စိတ္တက္ခဏကာလ၌ ဖြစ်သော စိတ်မရှိ သောကြောင့် မိမိရှေ့
စိတ္တက္ခဏ တချက်ခန့် ကာလ၌ဖြစ်သော ဟာဒယဝတ္ထု ကိုသာ မှီကုန်
သည်။ ။အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာ၌စိတ်တို့သည် စိတ္တက္ခဏတ
ချက်လွန်ခြင်းရှိသောဟာဒယဝတ္ထုကိုမှီကြောင်းကိုပြရာ၌ ဧကစိတ္တက္ခဏာ
တိက္ကမဟူသောစကားကိုစိတ္တက္ခဏတချက်ခန့်ကာလကိုမျှမလွန်သေး
သောဟာဒယဝတ္ထု၏အားနည်းသည်၏ အဖြစ်ကြောင့်ဥပါဒ်ပြီးသည်နောက်
စိတ္တက္ခဏတချက်ခန့်ကာလကိုလွန်သဖြင့်သာလျှင်အားရှိသည်၏အဖြစ်
ကိုပြခြင်းငှါသာဆိုအပ်သည်။ စိတ္တက္ခဏ ၂ ချက်ခန့် ၃ ချက်ခန့် ၄ ချက်
ခန့်စသောကာလကိုလွန်ခြင်းရှိသော ဟာဒယဝတ္ထု၏စိတ်တို့၏မှီရာ၏အ
ဖြစ်မဖြစ်သောကြောင့်ဆိုသည်မဟုတ်။ ဤသို့စိတ္တက္ခဏ ၂ ချက် ၃ ချက်
စသည်ကိုလွန်ခြင်းရှိသောဟာဒယဝတ္ထု၏စိတ်တို့၏ မှီရာဖြစ်သည်၏အ
ဖြစ်စိတ်တို့သည်မိမိရှေ့အနန္တရစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုမှ
တပါး စိတ္တက္ခဏ ၂ ချက် ၃ ချက်စသည်ကို လွန်ခြင်းရှိသော ဟာဒယ

ဝတ္ထုကိုလည်းမှီသည်၏အဖြစ်ကြောင့်၊ သမ္ပယုတ္တနာဒိနိယတိအာသန္နာဒိ အစရှိသောစကားကို အနုဋီကာဆရာဆိုတော်မူကြောင်းကို။ ။ဧက စိတ္တက္ခဏာတီတ္တမေဝါတိစ အနတီတေက စိတ္တက္ခဏာသဒ္ဓလတာယ ဧကစိတ္တက္ခဏာတီတ္တမေဝနေဝါလဝဘာဝဒဿနတ္ထံ ဝုတ္တံ။နပန္ဒိတိစဝ စိတ္တက္ခဏာတီတာနံနိဿယဘာဝါဘာဝတော။ဝေဒ္ဓကတ္တွာ ဝုတ္တံအာစ ရိယမေဖ္ဖပါလ ထေရေန သမ္ပယုတ္တနာဒိနိ ဝတိအာသန္နာဒိ တဒ္ဒွံကမ္မဇရူ သဿအနုပ္ပတ္တိတော။ဧကဿ ယေဝဟာဒယဝတ္ထုဿ ဝတ္တနတော်တိ။ ။ဟူ၍ အနုဋီကာကိုသာဓကေ ပြုလုပ်၍ပြဆိုတော်မူ၏။ ။ဤဋီကာဆရာ၏အ လိုအားဖြင့်လည်းမရဏာသန္နကာလ၌ဖြစ်သောစိတ်တို့၏သာစိတ္တက္ခဏာ ၂ ချက် ၃ ချက်စသည်လွန်ခြင်းရှိသော ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သည်၏အ ဖြစ်။မရဏာသန္နကာလ၌ဖြစ်သောစိတ်တို့မှတပါးပဋိသန္ဓေ နောင်ပဉ္စမ ဘဝင်မှစ၍စုတိစိတ်မှစ၍ ရှေ့သော ၁၆ သမစိတ်တိုင်အောင်သောပဝတ္တိ ကာလဝယ်ဖြစ်သမျှသော စိတ်တို့သည် မိမိရှေ့အနန္တရ စိတ်နှင့် အတူ ဥပါဒ်သောစိတ္တက္ခဏာတချက်ခန့်ကာလကိုလွန်ခြင်းရှိသေါ်ဟာဒယဝတ္ထု ကိုသာမှီ၍ ဖြစ်ကုန်သည်ဟူ၍ပင် ယူတော်မူ၏။ ။ပဋိသန္ဓေဖြစ်သော ရုပ်တို့သည်နည်းစွအဆုံးမိမိဖြစ်သည်နောက်စိတ္တက္ခဏာတချက်ခန့်ကာ လကိုလွန်ပြီးမှသာဌီရဉ္စ ရှေ့ရှုကျခြင်း ရှေ့ရှုထင်ခြင်းသို့ရောက်နိုင်သည် ဌီရဉ္စထင်ပြီးနောက်ဘဝင်စလန ဘဝင်ုပစ္ဆေဒဖြစ်ပြီးမှ ဝိထိစိတ်တို့၏ အာရုံအဖြစ်သို့ရောက်ကုန်သည်ဖြစ်၍ ဟာဒယဝတ္ထုဖြစ်သောအာရုံသည် လည်းစိတ္တက္ခဏာတချက်ခန့်ကာလကို လွန်ပြီး၍သာဌီရဉ္စ ရှေ့ရှုကျခြင်း ထင်ခြင်းဖြစ်ပြီးနောက်ဘဝင် ၂ ကြိမ်ကျပြီးမှဝိထိစိတ်တို့၏အာရုံအဖြစ် သို့ရောက်နိုင်သောကြောင့်ပဝတ္တိကာလ၌ဖြစ်သေါ်ပဋိသန္ဓေဟာဒယဝတ္ထု သည်မိမိလျှင်မှီရာရှိသော နောက်အနန္တရစိတ်၏ အာရုံအဖြစ်သို့မရောက် နိုင်သည်သာဖြစ်ရကား။ ပြဆိုခဲ့ပြီးသောပဝတ္တိကာလ၌ ဖြစ်သောဟာဒ ယဝတ္ထုသည်မိမိကိုမှီသောနောက်အနန္တရစိတ်အားမှီရာ၏အဖြစ်အာရုံ ၏အဖြစ်ဟူသော ၂ ပါးစုံသောသတ္တိဖြင့် ပြိုင်၍တခုတည်းသောခဏာ၌ တစုံတခုသောတရားအားကျေးဇူးမပြုနိုင်။ ဟာဒယဝတ္ထုဟူသောအဗျာ ကတတရား၏ ကုသိုလ်အကုသိုလ် အဗျာကတ စိတ်တို့အား နိဿယ သတ္တိအာရမ္မဏာသတ္တိ ၂ ပါးစုံဖြင့်တခုတည်းသောခဏာ၌ တပြိုင်တည်း ကျေးဇူးပြုကြောင်းကိုလည်း။ အာရမ္မဏာပစ္စယာနိဿယေ တိဏ်ိအစရှိ

သည်ဖြင့်ပဋ္ဌာန်း၌ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ထိုကုသိုလ်
အကုသိုလ်အဗျာကတ တရားသုံးပါးတို့အား နိဿယသတ္တိ အာရမ္မဏ
သတ္တိ ၂ ပါးစုံတို့ဖြင့်တပြိုင်တည်း ကျေးဇူးပြုသောဟဒယဝတ္ထုအရကို
ရတိစိတ်မှစ၍ ရှေ့သတ္တရသမစိင်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို
သာ ယူအပ်သည်၏အဖြစ်ကို စင်စစ်သိအပ်၏။ ။ယင်းသို့ နိဿယ
ပစ္စည်းအာရမ္မဏပစ္စည်း ၂ ပါးစုံဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူး
ပြုနိုင်သော အရာဝယ်ပစ္စည်းအရသည်ရတိစိတ်မှစ၍ ရှေ့သတ္တရသ
စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသာ ဖြစ်သောကြောင့် အဓိပတိ
ပစ္စည်းနှင့်တကွ အာရမ္မဏနိဿယပစ္စည်း ၂ ပါးစုံဖြင့် လောဘမူစိတ်
အားကျေးဇူးပြုသောအရာ၌လည်း ထိုသတ္တရသမစိနှင့်အတူဥပါဒ်သော
ဟဒယဝတ္ထုသာဖြစ်ရကား။ ဝတ္ထာရမ္မဏပစ္စည်းအရာ၌ ရတိစိတ်မှစ၍
ရှေ့သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အကြောင်း
ပစ္စည်းယူ၍ပြဆိုဆုံးဖြတ်အပ်သော ဒိသာပါမောက္ခမထေရ်နဒိကာသပ
မထေရ် မဏိဒီပဋီကာ မဏိသာရ မဥ္ဇူသာ ဋီကာတို့ကိုစီရင်ရေးပြု
သော်အရိယဝံသအဂ္ဂမဟာသေနာပတိမထေရ်အစရှိသော်မထေရ်မြတ်တို့
၏ဝိနိစ္ဆယသည်။ ။အာရမ္မဏမူနိဿယမူလိဝယ်။အာရမ္မဏပစ္စယာ
နိဿယေတိကဵဟူသောဃဋနာဝါရ။ ။နိဿယမူလအာရမ္မဏမူလိ
ဝယ်ဟောတော် မူအပ်သော။ နိဿယပစ္စယာ အာရမ္မဏေတိကဵ။ ဟူ
သောဃဋနာဝါရ။ ။အာရမ္မဏဃဋနာဝယ်။အာရမ္မဏနိဿယပုရေ
ဇာတဝိပ္ပယုတ္တ အတ္ထိအဝိဂတန္တိတိကဵ။ ဟူသော တတိယ ဃဋနာဝါ
ရ။ ။နိဿယမူလပကိဏ္ဏကဃဋနာဝယ်နိဿယဃဋနာ၌။နိဿယ
အာရမ္မဏ ပုရေဇာတဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိတိကဵ။ ဟူသောအဋ္ဌမ
ဃဋနာဝါရ၌နိယာဓိပတိပါဠိတော်တို့နှင့်သာ ညီသည်မဟုတ်။ အာရမ္မ
ဏဃဋနာဝယ် အာရမ္မဏ အဓိပတိနိဿယ ဥပနိဿယ ပုရေဇာတ
ဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိကေံ၊ ဟူသောပဉ္စမဃဋနာဝါရ။ ။နိဿယ
ဃဋနာ ဝယ်။ နိဿယ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ
ဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိကေံ။ဟူသောနဝမဃဋနာဝါရ။ ။အဓိပတိ
မူသုဒ္ဓအာရမ္မဏာဓိပတိ။ဃဋနာသုံးပါးတို့တွင်။ ။အဓိပတိအာရမ္မဏ
နိဿယဥပနိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိကေံ။ဟူသော်
တတိယဃဋနာဝါရ။ ။ပုရေဇာတမူ၌ ဃဋနာသုံးပါးတို့တွင်။ ။

ပုရေဇာတ အာရမ္မဏာဓိပတိနိဿယ ဥပနိဿယ ဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိ ကော်။ ။ဟူသော ဆန္ဒဃဋနာဝါရ ဤသာဓိပတိဃဋနာဝါရ ပါဠိတော်တို့နှင့်လည်းညီညွတ်သည်သာဖြစ်သောကြောင့်။ထိုဒိသာပါမောက္ခမထေရ်အစရှိသောမထေရ်မြတ်တို့၏ ဝိနိစ္ဆယသည်ပဋ္ဌာနသာရဒီပနီ အစရှိသောဆရာတို့ အပြစ်တင်ဆိုသည်အတိုင်း ပါဠိဝိရောဓမဖြစ်ဟု မှတ်အပ်၏။ ။ဤသာဓိပတိ ဃဋနာဝါရလေးပါးတို့၌ ကေ အရက္ခိမရဏာသန္တဝိထိ၌အကျုံးဝင်သော ကုသိုလ်အကုသိုလ်အဗျာကတဟူသောပစ္စယုပ္ပန်တရားသုံးမျိုးတွင် အကုသိုလ်ဖြစ်သော လောဘမူစိတ်ကိုသာယူ။ ပစ္စည်းအရကိုလည်း ရတိစိတ်မှစ၍ ရွှေသတ္တရသမစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာယူ။ ဤပြဆို ခဲ့ပြီးသော လောဘမူ စိတ်ကိုသာ ယူသင့်သည်၏အဖြစ်။ ဟဒယဝတ္ထု ကိုသာယူသင့်သည်၏အဖြစ်ကိုလည်း အစည်အတိုင်း ဤလေးပါးသောဃဋနာဝါရပါဠိတော်၏အဖွင့်ဖြစ်သော။ ။ပဉ္စမေကေန္တိနိဿယတောအဗျာကတမူလကံအကုသလံ။ ။တတိယေကေန္တိဝတ္ထုအကုသလဿ။ ။တတိယေဝတ္ထုမေဝအကုသလဿ။ ။ဆဋ္ဌံဝတ္ထုနောအာရမ္မဏာဓိပတိကာလ ဝသေန။ ။ဟူသောအဋ္ဌကထာတို့ကို ထောက်သဖြင့်သိအပ်၏။ ။ပဉ္စမေ။ပဉ္စမဃဋနာ၌။ ကေန္တိ။ကား။ နိဿယတော။မှီရာအားဖြင့်။ အဗျာကတ မူလကံ။ ဟဒယဝတ္ထု ရုပ်ဟူသော အဗျာကတတရားလျှင်မူလရှိသော။ကော်။တမျိုးသောလောဘမူဟူသောအကုသိုလ်စိတ်တည်း။ ။တတိယေ။တတိယဃဋနာ၌။ကေန္တိ။ကား။ဝတ္ထု။ဟဒယဝတ္ထုရုပ်သည်။ အကုသလဿ။ လောဘမူစိတ်ဟူသော အကုသိုလ်အား။ ။တတိယေ။တတိယဃဋနာ၌။ဝတ္ထုမေဝ။ရတိစိတ်မှရွှေသတ္တရသမစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည်သာလျှင်။ အကုသလဿ။အား။ ။ဆဋ္ဌံ။ခြောက်ခုမြောက်သောဃဋနာကို။ဝတ္ထုနော။၏။အာရမ္မဏာဓိပတိကာလဝသေန။ လောဘမူစိတ်အားအာရမ္မဏာဓိပတိပစ္စည်းတပ်သောကာလ၏အစွမ်းဖြင့်။ဝုတ္တံ။၏။ ။ဤအဋ္ဌကထာတို့၌ကေ၏သရုပ်ကိုအကုသလဟုသာမညအားဖြင့် ပြဆိုသော်လည်း။ဒေါသမူစိတ် ၂ ခု မောဟမူစိတ် ၂ ခုအားဖြင့် ၄ ပါးလော,အကုသိုလ်စိတ်တို့သည်တစုံတခုသော အာရုံကိုမျှ အလေးအမြတ်အားဖြင့် အာရုံပြုသောမည်သည်မရှိ။ ယင်းစိတ်လေးခုတို့အား အာရမ္မဏာဓိပတိပစ္စည်းတပ်။

သောတစုံတခုသောတရားမည်သည်မရှိရကား။ထိုအကုသလအရကို
လောဘမူစိတ်ကိုသာယူ။ ။မရဏာသန္နကာလ၌ ဖြစ်သောမရဏာ
သန္နဝိထိ၌အကျုံးဝင်သောလောဘမူစိတ်၏အာရုံကိုအလေးအမြတ်ပြု၍
စွဲလမ်းတပ်မက်သည်၏အဖြစ်။ အာရုံ၏ထိုလောဘမူ စိတ်အား အာရမ္မ
ဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုလည်း။ ။
သဗ္ဗတ္ထပန ဒုဂ္ဂတိပဋိသန္ဓိနိန္နာယစုတိယာ ပုရိမဇဝနာနိ အကုသလာနိ
ဇ္ဈတရာယစ ကုသလာ နိတိနိဿိနဿိ။ နိမိတ္တာဿာဒဂဓိတံဝါ ဘိက္ခဝေ
ဝိညာဏံ တိဋ္ဌမာနံတိဋ္ဌေယျ အနုဗျဉ္ဇနဿာဒဂဓိတံဝါ။ တသ္မိံစေသမ
ယေကာလံ ကရေယျ ဌာနမေတံ ဝိဇ္ဇတိယံ ဒွိန္နံဂတိနံအညတရံ ဂတိံ
ဥပပဇ္ဇေယျနိရယံဝါတိရစ္ဆာနယောနိံဝါတိဟိဝုတ္တံ။တဿာအာသန္နံ
အကုသလံဒုဂ္ဂတိယံ ကုသလဥ္စ သုဂတိယံပဋိသန္ဓိယာ ဥပနိဿယော
ဟောတိ။ ။ဟူသောမူလဋီကာကို ထောက်သဖြင့် သိအပ်၏။ ။
သဗ္ဗတ္ထ။အလုံးစုံသောအရာ၌။ ဒုဂ္ဂတိပဋိသန္ဓိနိန္နာယ။ ဒုဂ္ဂတိပဋိသန္ဓေသို့
ညွတ်သော။စုတိယာ။စုတိ၏။ ပုရိမဇဝနာနိ။ ရှေ့ဖြစ်သော မရဏာသန္န
ဝိထိ၌အကျုံးဝင်သောဇောတို့သည်။အကုသလာနိ။ အကုသိုလ်တို့သည်။
ဟောန္တိ။ ဖြစ်ကုန်၏။ ဇ္ဈတရာယ။ ဒုဂတိပဋိ သန္ဓေမှတပါး သုဂတိပဋိ
သန္ဓေသို့ညွတ်သော။စုတိယာ။၏။ ပုရိမဇဝနာနိ။တို့သည်။ ကုသလာနိ။
ကုသိုလ်တို့သည်။ဟောန္တိ။ကုန်၏။ဇ္ဈတိ။ဤသို့။နိဿိနဿိ။ဆုံးဖြတ်ကုန်၏။
ဟိသစ္စံ။ မှန်၏။ နိမိတ္တာဿာဒဂဓိတံဝါ။လ။ တိရစ္ဆာနယောနိံဝါတိ။ဝါ
ဟူ၍။ဝုတ္တံ။ဟောတော်မူအပ်၏။တဿာ။ထိုစုတိ၏။အာသန္နံ။အနည်းဖြစ်
သောမရဏာသန္နဝိထိ၌အကျုံးဝင်သော၊အကုသလံ။အကုသိုလ်သည်။
ဒုဂ္ဂတိယံ။ဒုဂ္ဂတိဘုံ၌။ပဋိသန္ဓိယာ။ပဋိသန္ဓေ၏။ ဥပနိဿယော။အားကြီး
သောအကြောင်းသည်။ဥပနိဿယပစ္စည်းသည်။ဟောတိ။၏။ တဿာ။
ထိုစုတိ၏၊အာသန္နံ။ သော။ကုသလဉ္စ။သဉ်လည်း။ သုဂတိယံ။သုဂတိဘုံ
၌။ပဋိသန္ဓိယာ။အား။ ဥပနိဿယော။ ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု
သည်။ဟောတိ။ဖြစ်၏။ဝါ။ ပဋိသန္ဓိယာ။၏။ဥပနိဿယော။ အထောက်
အပံ့သည်။ဟောတိ။ဖြစ်၏။ ။ဘိက္ခဝေ။တို့။ ယသ္မိံသမယေ။ အကြင်
အခါ၌။တိဋ္ဌမာနံ။ တည်သော။ဝိညာဏံ။ လောဘဇောဝိညာဏ်သည်။
နိမိတ္တာဿာဒဂဓိတံဝါ။ဇ္ဈတ္တိပုရိသစသောနိမိတ်အါရုံ၌ပြင်းစွာသာယာ
တပ်မက် နှစ်သက်စွဲလမ်းသော ရာဂဖြင့် တွယ်တာဖွဲ့ရှက်သည်ဖြစ်၍

၎င်း။အနုဗျဉ္ဇနဿာဒဂဓိတံဝါ။ လက်ခြေစသောအနုဗျဉ္ဇနအာရုံ၌ပြင်း
စွာသာယာတပ်မက်နှစ်သက် စွဲလမ်းသောရာဂဖြင့် တွယ်တာ ဖွဲ့ရှက်
သည်ဖြစ်၍၎င်း။ တိဋ္ဌေယျ။ တည်ရာ၏။ တဿံ သမယေ၊ထိုအခါ၌။စေ
ကာလံကရေယျ။အကယ်၍သေငြားအံ့။နိရယံဝါ။ငရဲသို့၎င်း။တိရစ္ဆာန
ယောနိံ ဝါ။ တိရစ္ဆာန်အမျိုးသို့၎င်း။ ဣတိ။ သို့၊ ဒွိန္နံဂတီနံ။ ၂ ပါးသော
ဂတိတို့တွင်။အညတရံ။ တပါးပါးသော။ဂတိံ။သို့။ ယံယေနဋ္ဌာနေန။အ
ကြင် ဇံ့ကြောင်းကြောင့်။ ဂစ္ဆေယျ။ လားရာ၏။တံဌာနံ။ ထိုအကြောင်း
သည်။ဝိဇ္ဇတိ။ရှိ၏။ ။သေခါနီးကာလဝယ် သားမယားရွှေငွေစသော
နိမိတ္တ အနုဗျဉ္ဇနအာရုံ၌ ကပ်ငြိသာယာတွယ်တာသော လောဘမူစိတ်
ဖြစ်၍ သေဆုံးရသော သူသည် အနန္တရဘဝဝယ်နိရယဂတိ တိရစ္ဆာန
ဂတိနှစ်ပါးတွင်တပါးပါးသို့ပဋိသန္ဓေအားဖြင့်လားရရောက်ရကြောင်း
ကိုဟောတော်မူသည်ကိုထောက်သဖြင့်ဒုဂတိပဋိသန္ဓေသို့ညွတ်သော
စုတိ၏ရှေ့အဘို့ မရဏာသန္န ကာလဝယ် အကုသိုလ်ဇောတို့သာ ဖြစ်
ကုန်သည်။ထိုဒုဂတိပဋိသန္ဓေသို့ညွတ်သော စုတိ၏အနီး၌ဖြစ်သောအ
ကုသိုလ်ဇောသည် ဒုဂတိ ပဋိသန္ဓေအား ဥပနိဿယအားဖြင့်ကျေးဇူး
ပြုသည်။ သုဂတိပဋိသန္ဓေသို့ညွတ်သောစုတိ၏ ရှေ့အဘို့မရဏာသန္န
ကာလဝယ် ကုသိုလ်စိတ်တို့သာ ဖြစ်ကုန်သည်၊ သုဂတိ ပဋိသန္ဓေသို့
ညွတ်သောစုတိ၏ရှေ့အနီး၌ဖြစ်သော ကုသိုလ်ဇောသည် သုဂတိပဋိ
သန္ဓေအားဥပနိဿယအားဖြင့် ကျေးဇူးပြုသည်။ဟူလို။ ။သေခါနီး
ကာလဝယ်သားမယားရွှေငွေစသော နိမိတ္တအနုဗျဉ္ဇနဖြစ်သောအာရုံ၌
ကပ်ညိတွယ်တာသော လောဘဖြစ်၍ သေဆုံးခြင်းကြောင့် ငရဲ၌ဖြစ်
ကြောင်းကိုမိမိမယားသည်စေခိုင်းအပ်သည်ဖြစ်၍ မင်း၏ဝတ်ပန်းခင်း
၌ဝတ်ပန်းပွင့်တို့ကို ခိုးယူခြင်းကြောင့် တံကျင်လျှိုခံရသော သေခါနီး
ကာလဝယ်၎င်းမယားကို လောဘဖြင့်ငဲ့ကွက်တောင့်တ၍ သေဆုံးသ
ဖြင့်ငရဲသို့ ကျရောက်သောယောကျ်ား၏ ဝတ္ထုစသည်ကို ထောက်သ
ဖြင့်သိအပ်၏။ ။သောဧဝံမာတုဂါမံအာရဗ္ဘ ဝိလပန္တောယေဝကာလံ
ကတွာ နိရယေနိဗ္ဗတ္တိ။ ။ကေနိပါတ်။ ပုပ္ဖရတ္တ ဇာတ် အဋ္ဌကထာ
ပါဌ်။ ။သော။ ထိုတံကျင်လျှိုခံရသောယောကျ်ားသည်။ဧဝံ။ ဤသို့။
မာတုဂါမံ၊မိမိ၏မယားဖြစ်သောမာတုဂါမကို။အာရဗ္ဘ။ ရည်ရော်၍။
အာရုံပြု၍။ဝိလပန္တောယေဝ။လောဘဖြင့်တောင့်တရော်ရမ်းမြည်တမ်း

စည်ပင်လျှင်။ ကာလံကတွာ။သေ၍။နိရယေ။၌။ နိဗ္ဗတ္တိ။ဖြစ်၏။ ။သေ
ခါနီးကာလဝယ်၊ ဥစ္စာ၌ တပ်မက်မော သဖြင့် သေဆုံး ခြင်းကြောင့်
တိရစ္ဆာန်၌ ဖြစ်ရကြောင်းကိုလည်း ဂင်္ဂါမြစ်၏ အနီးဝယ် ကုဋေ ၄၀
သောဥစ္စာကို မြှုပ်ထား၍ သေခါနီးကာလ ထိုဥစ္စာ၌ကပ်ငြိတွယ်တာ
သော လောဘစိတ်ဖြင့် သေဆုံးခြင်းကြောင့် ထိုဥစ္စာ၏အထက်၌ မြွေ
ဖြစ်ရသော ဗာရာဏသီသူဌေးဝတ္ထုစသည်ကိုထောက်သဖြင့် သိအပ်
၏။ ။တသ္မိံပနကာလေ ဗါရာဏသိဝါသိဇေကောစ သေဋ္ဌိနန္ဒိတိရေ
စတ္တာလိသကောဋိဓနံနိဓေဟိတွာဝမရဏ္ကာခနေတဏှာယ ခနေပိဋ္ဌေသဗ္ဗေါ
ဟုတွာနိဗ္ဗတ္တိ။ ။ဧကနိပါတ်သဗ္ဗံကိရဇာတ်အဋ္ဌကထာ။ ။တသ္မိံ
ပနကာလေ။ ထိုအခါ၌။ဗာရာဏသိဝါသိ။ ဗာရာဏသီပြည်၌ နေသော။
ဧကော။တယောက်သော။သေဋ္ဌိစ။သူဌေးသည်လည်း။နဒိတိရေ။ဂင်္ဂါ
မြစ်ကမ်း၌။စတ္တာလိသကောဋိဓနံ။ကုဋေ၄၀သောဥစ္စာကို။နိဓေဟိတွာဝ။
မြှုပ်ထားသိုမှီးပြီး၍သာလျှင်။မရဏ္ကာ။သေသည်ရှိသော်။ခနေတဏှာယ။
သေခါနီးကာလဝယ်မိမိဥစ္စာ၌၊တွယ်တာကပ်ငြိသော တဏှာကြောင့်။
ခနေပိဋ္ဌေ။ ဥစ္စာ၏အထက်၌။ သပ္ပေါ။မြွေသည်။ ဟုတွာ။ဖြစ်၍။ တနည်း။
သပ္ပေါဟုတွာ သပ္ပသဘာဝေန။ မြွေ၏အဖြစ်ဖြင့်။ နိဗ္ဗတ္တိ။ ဖြစ်ရလေ
၏။ ။သေခါနီးကာလ လော်ဘဇောကျ၍သေဆုံးရာ ငရဲတိရစ္ဆာန်တို့
၌သာဖြစ်သည်မဟုတ်။ ပြိတ္တာလည်းဖြစ်၏။ ဤသို့ပြိတ္တာဖြစ်ကြောင်းကို
လည်း ကုံရောင်းဝယ်ကူးသန်းခြင်း၌ သုဝဏ္ဏဘူမိသို့သင်္ဘောဖြင့်သွား
ရာသေဆုံးသောသေခါနီးကာလဝယ် မယား၌ တဏှာဖြင့် တပ်မက်၍
သေဆုံးခြင်းကြောင့်သမုဒ္ဒရာအလယ်၌ဝိမာနပြိတ္တာဖြစ်ရသော ဥပါသ
ကာ၏ဝတ္ထုစသည်ကိုထောက်သဖြင့်သိအပ်၏။ ။သောကတကုသ
လော။ ဒေဝလောကံအနုပပဇ္ဇိတွာဇုတ္ထိယာပဋိဗဒ္ဓစိတ္တတာယပနသမုဒ္ဒ
မဇ္ဈေဝိမာနပေတောဟုတွာနိဗ္ဗတ္တိ။ ။ပေတဝတ္ထုအဋ္ဌကထာ။ ။
ကတကုသလော။ ပြုအပ်ပြီးသောကုသိုလ်ရှိသော။ သော။ ထိုသတင်း
သည်ဒါယကာသည်။ဒေဝလောကံ။နတ်ပြည်၌။အနုပပဇ္ဇိတွာ။မဖြစ်မူ၍။
ဇုတ္ထိယာ။မိမိမယားဖြစ်သောမိန်းမ၌။ ပဋိဗဒ္ဓစိတ္တတာယပန။တွယ်တာ
ဘွဲ့ရှက်တပ်မက်သော စိတ်ရှိသည်၏အဖြစ်ကြောင့်ကား။သမုဒ္ဒမဇ္ဈေ။
သမုဒ္ဒရာလယ်၌။ ဝိမာနပေတော။ဝိမာနပြိတ္တာသည်။ ဟုတွာ။၍။နိဗ္ဗတ္တိ။
၏။ ။ယခင်မူလဋီကာဝယ်သာဓကပြုလုပ်ပြဆိုအပ်သော။နိမိတ္တသာ

ဒုဂ္ဂမိတံဝါဘိက္ခဝေပိဉ္စါဏံတိဒွေမါနံတိဒွေဒွေယျ။အနုဗျဉ္ဇနသဿာဒုဂ္ဂမိတံ
ဝါ။ အစရှိသောသင်္ဂါယနာတနဝဂ္ဂသံယုတ် ပါဠိတော်၌။ အဿာဒသဒ္ဒါနှင့်
ဟောတော်မူသည်ကိုထောက်သဖြင့် အဿာဒနသဘောရှိသော လော
ဘကိုသာယူ၍ပြဆိုလိုက်သည်။ ။ငင်းသံယုတ်အဋ္ဌကထာ၌ကား။ ။
စက္ခုဒွါရသ္မိံ ဟိအာပါထဂတေ အာရမ္မဏေရတ္တစိတ္တံဝါ ဒုဋ္ဌစိတ္တံဝါမူဠ္ဌ
စိတ္တံဝါ အာရမ္မဏရသံ အနုဘဝိတွာ ဘဝင်္ဂြံ ဩတရတိ ဘဝင်္ဂေဋ္ဌတွာ
ကာလံကြိယံ ကရောတိ တသ္မိံ သမယေကာလံ ကရောန္တဿ ဒွေဂတိ
ယောပါဋိကင်္ခါ ဣမဿ သမယဿ ဝသေနတံဝုတ္တံ။ ။ဟူ၍သော့ခါနီး
ကာလဝယ် ဒုဋ္ဌဖြစ်သော ဒေါသမူစိတ်။ မူဠ္ဌဖြစ်သော မောဟမူ စိတ်
ဖြစ်၍ သေဆုံး ခြင်း ကြောင့် လည်း ငရဲ တိရစ္ဆာန် တို့၌ ဖြစ်ရ မြဲပင်
ဖြစ်သောကြောင့် သာမညအားဖြင့် ဒုဋ္ဌစိတ်မူဠ္ဌစိတ်တို့နှင့်တကွ ကောံ
ယူပြဆိုတော်မူသည်။ ။ဟိသစ္စံ။မှန်၏။ စက္ခုဒွါရသ္မိံ။ စက္ခုဒွါရ၌။
အာပါထဂတေ။ ထင်ခြင်းသို့ ရောက်သော။ အာရမ္မဏေ။ ရူပါရုံ၌။ ရတ္တ
စိတ္တံဝါ။တပ်သော ရာဂစိတ်သည်ငင်း။ဒုဋ္ဌစိတ္တံဝါ။ ပြစ်မှားသော ဒေါသ
စိတ်သည်ငင်း။မူဠ္ဌစိတ္တံဝါ။ တွေဝေသောမောဟစိတ်သည်ငင်း။အာရမ္မ
ဏရသံ။အာရုံ၏အရသာကို။အနုဘဝိတွာ။ခံစားပြီး၍။ ဘဝင်္ဂံ။ဘဝင်သို့။
ဩတရတိ။သက်၏။ကျ၏။ဘဝင်္ဂေ။ဘဝင်အရာ၌။ဌတွာ။တည်၍။ကာလက
ရိယံ။သေခြင်းကို။ကရောတိ။ပြု၏။တသ္မိံ သမယေ။ထိုအခါ၌။ကာလံ။ကို။
ကရောန္တဿ။ပြုသောသူအား။ဒွေဝဂတိယော။ ငရဲတိရစ္ဆာန်ဟုဆိုအပ်
သောဂတိ ၂ ပါးတို့ကိုသာလျှင်။ပါဋိကင်္ခါ။ အလိုရှိအပ်ကုန်၏။ဣမဿ
သမယဿ။ ဤအခါ၏။ ဝသေန။ အစွမ်းဖြင့် ။ဣတံ။ထိုစကားကို။ ဝုတ္တံ။
ဟောတော်မူအပ်၏။ ။

ယသ္မာပနနကေဝလံအဋ္ဌက်ိဝကော မဂ္ဂေါဝ ပဋိပဒါ။ ပုဗ္ဗေဝခေါပန
ဿကာယကမ္မံဝစီကမ္မံအာဇီဝေါ သုပရိသုဒ္ဓေါဟောတီတိ ဝစနတော
ပနပုဂ္ဂလဇ္ဈာသယဝသေန ပဉ္စင်္ဂိကောပိမဂ္ဂေါပဋိပဒါယေဝါတိဒေသိ
တော။တသ္မာတံနယံဒဿေတုံပဉ္စင်္ဂိကဝါရောပိနိဒ္ဒိဋ္ဌော။ ။ဟူသော
သဠာယတနဝိဘင်္ဂသုတ်အဋ္ဌကထာ၏အဘွင့်ဖြစ်သောမူလဋီကာ
၌။ ။စက္ခာဒိသုအဿာဒနဝသေနအဿာဒယုတ္တဿအဿံမူဠ္ဌဿအာဒီန
ဝါနုပဿိနောဝိဟရတောတာယေဝဝေဒနာနဂါမိနိယာဝိပဿနာယ။ ။
အစရှိသည်ဖြင့် စက္ခုအစရှိသော သင်္ခါရတရားတို့၌ ကပ်ငြိတွယ်တာ

သာသယာမက်မောခြင်းကင်းသောအားထုတ်ရှင်စပ်ခြင်းမရှိတွေ့ဝေခြင်း
မရှိအပြစ်ကိုသာရှု၍နေလေ့ရှိသော ပုဂ္ဂိုလ်အားဝုဋ္ဌာနဂါမိနီ ဝိပဿနာ
ဖြစ်ကြောင်းကိုပြဆိုသေါစကားကိုထောက်၍။ထိုစကါးမှဗျတိရိက်ပြန်
သောအားဖြင့်သံမုဋ္ဌကာလ၌မဟာကုသိုလ်မဟာကြိယာဇောတို့သည်
ပစ္စဝေက္ခနာဝိပဿနာ ကိစ္စတပ်၍မဖြစ်နိုင်ရာ။ မရဏာသန္နကာလဟူ
ကလည်းမုဋ္ဌကာလသာ ဖြစ်သောကြောင့်။ ထိုမရဏာသန္နကာလ၌
မဟာကုသိုလ် မဟာကြိယာဇောတို့သည် ပစ္စဝေက္ခနာကိစ္စဝိပဿနာ
ကိစ္စတို့ကိုပြုခြင်းငှာမစွမ်းနိုင်သည်သာဟု အနက်အဓိပ္ပါယ်ကျရောက်
သည်ဟုမှတ်ထင်၍။ ထိုမရဏာသန္နကာလ၌ မဟာကုသိုလ် မဟာကြိ
ယာ ဇောတို့သည် ပစ္စဝေက္ခနာကိစ္စ ဝိပဿနာ ကိစ္စတို့ကို ပြုခြင်းငှာ
မစွမ်းနိုင်ဟူသောအနက်အဓိပ္ပါယ်သည်။ ၎င်းမူလဋီကာ၌လာ၍ဟုမှတ်
ထင်ယူမှား၍။ ။ကဒါစိပနဧကေမေဝဟာဒယဝတ္ထုံယထာရဟံပုထုဇ္ဇန
သေခါသေခါနံ ဝိပဿနာဒိကာလေ တေသံအာရမ္မဏာဠဝတ္ထုံစဟော
တေဝ။ ။အစရှိသည်ဖြင့် မရဏာသန္န ကာလ၌ပင် မဟာကုသိုလ်
မဟာကြိယာ ဇောတို့၏ ပစ္စဝေက္ခနာကိစ္စဝိပဿနာကိစ္စ အားဖြင့်ဖြစ်
ကြောင်းကိုအရှင်အရိယဝံသစသော မထေရ်မြတ်တို့ပြဆိုဆုံးဖြတ်ခြင်း
ကိုပြုခြင်းသည် မူလဋီကာနှင့်ဆန့်ကျင်၏ဟူ၍ပဋ္ဌာနသာရဒီပဏီစသော
ဆရာတို့အပြစ် တင်ဆိုရာ၌လည်း။ မူလဋီကာဆရာသည် မရဏကာလ
ဟူသမျှကို သံမုဋ္ဌမရဏာချည်းသာဟု ယူတော်မမူသော ကြောင့်၎င်း။
မရဏာဟူသမျှသည် သံမုဋ္ဌမရဏာ ချည်းသာမဟုတ်။ အသံမုဋ္ဌ မရဏာ
လည်းရှိသောကြောင့်၎င်း၊ မဟာကုသိုလ် မဟာကြိယာ ဇောတို့သည်
မရဏာသန္နကာလ၌ပင် ပစ္စဝေက္ခနာကိစ္စ ဝိပဿနာကိစ္စတို့ကိုပြုခြင်း
ငှာစွမ်းနိုင်သောကြောင့်၎င်း။အပြစ်မတင်ဆိုသင့်သည်သာဟုမှတ်အပ်
၏။ ။မူလဋီကာဆရာ၏မရဏကာလဟူသမျှကို သံမုဋ္ဌမရဏာချည်း
သာဟုယူတော်မမူသည်၏အဖြစ်ကို။ ။အညာသံမုဋ္ဌကာလကြိယာ
နာမဟောတိ။ ပရံမုခံဂစ္ဆန္တဿဃဟိ ပဏ္ဏတော။ တိဝိနေန အသိနာသိသံ
ဆိန္ဒန္တဿ။ ။အစရှိသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ၏ အဖွင့်ဖြစ်
သော။ ။ကမ္မာဒိအနုဿရဏဗျာပါရ ရဟိတတ္တာသံမုဋ္ဌကာလကြိ
ယာတိဝုတ္တာ။အဗျာပါရေနေဝဟိ တတ္ထကမ္မာဒိ ဥပဋ္ဌာနံဟောတိ။ ။ဟူ
၍ထားသန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍လတ်တလောသေရသောကာ

လစသည်၌ ကံကမ္မနိမိတ်တို့သည် တစုံတရာ ဗျာပါရကို မပြုတဲထင်သည်ဖြစ်၍ ရှေး၌ ပြုခဲ့ဘူးသော ဒါနကုသိုလ် သရဏဂုမ် သီလစသော ကုသိုလ်ဟု ဆိုအပ်သောကံ။ ထိုကံပြီးမြောက်ကြောင်းဖြစ်သော ဆွမ်း သင်္ကန်းကျောင်းစရပ် တန်ဆောင်းအစရှိသောကမ္မနိမိတ်အစရှိသည်တို့ကိုအောက်မေ့ခြင်းဗျာပါရမှကင်းသောကြောင့်ဤကဲ့သို့သောလတ်တလော သေခြင်းကို သံမုဠှ သေခြင်းဟု အဋ္ဌကထာ ဆရာဆို တော်မူကြောင်းကိုပြဆိုတော်မူသည်ဖြစ်၍။ပြဆိုခဲ့ပြီးသော ကံကမ္မနိမိတ်အာရုံတို့ကိုအောက်မေ့ခြင်း ဗျာပါရနှင့်မကင်းသော မရဏကိုအသံမုဠှမရဏဟုပြဆိုသည့်ပင်ဖြစ်သောကြောင့်။ မရဏဟူသမျှကို သံမုဠှမရဏချည်းသာဟုမှုလဋီကာဆရာယူတော်မမူသည်၏အဖြစ်ကိုသိရာ၏။ ။ကမ္မာဒိအနုဿရဏဗျာပါရရဟိတတ္တာ။ကံစသည်ကိုအောက်မေ့ခြင်းအစရှိသောဗျာပါရမှကင်းသည်၏အဖြစ်ကြောင့်။ သံမုဠှကာလကြိယာတိ။ထါးသန်လျက်ဖြင့်ဦးခေါင်းကိုဖြတ်ခြင်းစသည်ကြောင့်လတ်တလော သေရသောသေခြင်းကိုတွေဝေသောသေခြင်းဟူ၍။ဝုတ္တာ။အဋ္ဌကထာဆရာဆိုတော်မူအပ်၏။ ဟိသစ္စံ။ မှန်၏။တတ္ထ။ ထိုလတ်တလော သေရာ၌။ အဗျာပါရေနေဝ။ အားထုတ်ကြောင့်ကြခြင်းဗျာပါရမရှိဘဲ သာလျှင်။ ကမ္မာဒိဥပဋ္ဌာနံ။ ကံစသော အာရုံ၏ မရဏာသန္နဇောအား ထင်ခြင်းသည်။ဟောတိ။၏။ ။မရဏကာလဟူသမျှသည်သံမုဠှမရဏချည်းသာမဟုတ်အသံမုဠှမရဏလည်းရှိသည်၏ အဖြစ်ကိုလည်း။ သေခါနီးကာလဝယ်မရဏာသန္နဇောစိတ်ကိုသဒ္ဓါစသော တရားတို့သည်ကြည်လင်စေအပ်သည်ဖြစ်၍မတွေမဝေသေဆုံးရသောပုဂ္ဂိုလ်တို့၏ သုဂတိဘုံ၌ဖြစ်ရကြောင်းကို ဟောပြတော်မူအပ်သော။ ။ဍာမဗ္ဗိစာယံသမယေ။ ကာလံကရိယာထပုဂ္ဂလော။ သုဂတိံဥပပဇ္ဇေယျ။ စိတ္တေပသန္နေသပသာဒိတံ။ ။စေတောပသာဒဟေတုဟိ။သတ္တာဂစ္ဆန္တိသုဂ္ဂတိံ။ ။ဟူသောဇာတိဝတ်ပါဠိတော်ကိုထောက်သဖြင့်ရင်း။ သီလ၏အကျိုးအာနိသင်ကိုပြရာသီလရှိသောပုဂ္ဂိုလ်သည်သီလနှင့် ပြည့်စုံခြင်းကြောင့်မတွေမဝေသေရကြောင်းကိုဟောတော်မူအပ်သော။ ။သီလဝါသီလသမ္ပန္နော်အသံမုဠ္ဟောကာလံကရောတိ။ ။ဟူသော်အင်္ဂုတ္တိုရ်ပါဠိတော်ကိုထောက်သဖြင့်ရင်းစင်စစ်သိအပ်၏။ ။ဍာမဗ္ဗိသမယေ။ဤစိတ်ကြည်လင်သောအခါ၌။အယံပုဂ္ဂလော။ဤပုဂ္ဂိုလ်သည်။စေ။အကယ်၍။ကာလံ

သေခြင်းကို။ကရိယာထ။ပြုငြားအံ့။ဇေ၀ံသတိ။ ဤသို့စိတ်ကြည်လင်သေါ အခါ၌သေရသည်ရှိသော်။သုဂတိံ။လုဘုံနတ်ပြည်ဟုဆိုအပ်သောသုဂ တိဘ၀သို့။ဥပပဇ္ဇေယျ။ပဋိသန္ဓေယူနေစွဲရောက်နိုင်၏။ကသ္မာ။အဘယ့် ကြောင့်နည်းဟူမူကား။ အဿပုဂ္ဂလဿ။ထိုပုဂ္ဂိုလ်၏။ စိတ္တံ။သေခါနီး ကာလမရဏာသန္နဇောစိတ်သည်။ဝါ။ကို။ပသာဒိတံ။ သဒ္ဓါစသောကု သိုလ်တရားတို့ ကြည်လင်စေအပ်သည်။ ဟိယသ္မာ။ အကြင့် ကြောင့်။ ဟောတိ။ဖြစ်၏။တသ္မာ။ ထိုသို့သေခါနီးအခါမရဏာသန္နဇောစိတ်သည် သဒ္ဓါစသော ကုသိုလ်တရားတို့ ကြည်လင်စေအပ်သောကြောင့်။ သုဂ တိံ။လူ့ဘုံနတ်ပြည်ဟုဆိုအပ်သောသုဂတိဘ၀သို့။ဥပပဇ္ဇေယျ။ရောက် နိုင်၏။ ။သီလဝါ။သီလရှိသောပုဂ္ဂိုလ်သည်။သီလသမ္ပန္နော။ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ဝါ။ စုံသောကြောင့်။အသံမူဠှော။ တွေဝေခြင်းကင်း သည်ဖြစ်၍။ကာလံကရောတိ။သေရ၏။ ။သေခါနီးကာလဝယ်မိမိပြု အပ်ပြုဘူးသောဒါနသီလစသောကုသိုလ်ကိုအောက်မေ့ဆင်ခြင်သဖြင့် မတွေမဝေသေဆုံးခြင်းကြောင့်သုဂတိဘုံနှိုက်ပဋိသန္ဓေအားဖြင့် ဖြစ်ရ ကျန်သော ပုဂ္ဂိုလ်တို့၏ ဝဏ္ဏ သက်သေသည် အထင်အရှားများစွာရှိ သည်ကိုထောက်သဖြင့်လည်း အသံမူဠှမရဏာရှိသည်၏ အဖြစ်ကိုစင် စစ်သိအပ်၏။ ။မရဏာသန္နကာလဝယ်မဟာကုသိုလ်မဟာကြိယာ ဇောတို့၏ ပစ္စဝေက္ခနာ ကိစ္စဝိပဿနာ ကိစ္စတပ်၍ ဖြစ်နိုင်ကြောင်းကို လည်း ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခနာဇောဝိထိ၏အခြားမဲ့၌ပ ရိနိဗ္ဗာန်ပြုသော ခီဏာသဝပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန်၏ ဈာနင် ပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်မည်ကြောင်းကိုပြဆိုသော။ ။ဈာနာဝုဋ္ဌာယပုန ဈာနင်္ဂါနိပစ္စ ဝေက္ခိတွာ ဘဝင်ံဩတိဏ္ဏာသ တပ္ပေ္တဝ ပရိနိဗ္ဗာနံပစ္စ ဝေက္ခနာ သမနန္တရံနာမ။ ။ဟူသောမဟာ ပရိနိဗ္ဗာနသုတ် အဋ္ဌက ထာကိုထောက်သဖြင့်ရင်း။မြတ်စွာဘုရား၏ဈာန်အင်္ဂါကိုဆင်ခြင်သေါ ပစ္စဝေက္ခနာ ဇောဝိထိ၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုတော်မူကြောင်းကိုပြ ဆိုသော။ ။ဘဂဝါပနစတုတ္ထဈာနာဝုဋ္ဌာယ ဈာင်္ဂါနိပစ္စဝေက္ခိတွာ ဘဝင်္ဂစိတ္တေနအဗျာကတေနဒုက္ခသစ္စေနပရိနိဗ္ဗာယိ။ ။ဟူသောရင်း အဋ္ဌကထာကိုထောက်သဖြင့်ရင်း။ ။ဇီဝိတသမသီသိပုဂ္ဂိုလ်၏တခု ယုတ် ၂၀ မြောက်ဖြစ်သောပယ်ဖြိုးကိလေသာကို ဆင်ခြင်သောပစ္စ ဝေက္ခနာဇောဝိထိ၏ အခြားမဲ့၌ စုတိပရိနိဗ္ဗာနစိတ် ဖြစ်ကြောင်းကို ပြ

ဆိုသော။ ။ယသ္မိံဟိဝါရေမဂ္ဂ ဝုဋ္ဌာနံနာမဟောတိ။ သောတာပတ္တိမဂ္ဂေပဉ္စ ပစ္စဝေက္ခဏာနိ သကဒါဂါမိ မဂ္ဂေပဉ္စ အနာဂါမိ မဂ္ဂေပဉ္စအရဟတ္တမဂ္ဂေစတ္တာရီတိ ဧကူနဝီသတိမေ ပစ္စဝေက္ခဏာဉာဏောပတိဋ္ဌာယ ဘဝင်္ဂံဩတရိတွာ ပရိနိဗ္ဗာယတိ။ ။ဟူသောပုဂ္ဂလ ပညတ်အဋ္ဌကထာ။ ။ဘဝင်္ဂံဩတရိတွာတိပရိနိဗ္ဗာနစိတ္တမေဝဘဝင်္ဂေါတရနဘာဝေနဝုတ္တံ။ ။ဟူသောဝင်းမူလဋီကာ။ ။အရဟတ္တမဂ္ဂဝီထိနောင်မဂ်ဖိုလ်နိဗ္ဗာန်ပယ်ပြီးကိလေသာတို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ၄ ပါးတို့တွင်တပါးပါးသောပစ္စဝေက္ခဏာဇောဝီထိ၏အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုသောရဟန္တာပုဂ္ဂိုလ်၏ဇီဝိတသမသီသိပုဂ္ဂိုလ်မည်ကြောင်းကိုပြဆိုသော။ ။မဂ္ဂါနန္တရံပနဖလံဖလာနန္တရံဘဝင်္ဂံ။ ဘဝင်္ဂတော ဝုဋ္ဌာယပစ္စဝေက္ခနံ။ တံပရိပုဏ္ဏံဝါ အပရိပုဏ္ဏံဝါ။ တိခိဏေန အသိနာသီသံဆိန္ဒန္တဿပိဟိဧကောဝါ ဒွေဝါပစ္စဝေက္ခဏာအဝဿံဥပ္ပဇ္ဇန္တိယေဝ။စိတ္တာနံပနလဟု ပရိဝတ္တိတာယ အာသဝက္ခယောစ။ ဇီဝိတ ပရိယာဒါနဉ္စဧကက္ခဏေဝိယပညာယတိ။ ။ဟူသောသဂါထဝဂ္ဂသံယုတ်ဂေါဓိကသုတ်အဋ္ဌကထာတို့ကိုထောက်သဖြင့်ဝင်း။ ။ရုပ်နာမ်သင်္ခါရတရားတို့ကိုအနိစ္စဒုက္ခအနတ္တအစရှိသည်ဖြင့်ရှုဆင်ခြင်သော ဝိပဿနာဇောဝီထိ၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုသောဇီဝိတသမသီသိပုဂ္ဂိုလ်အများပင်ရှိကောင်းသည်ကိုထောက်သဖြင့်ဝင်းစင်စစ်သိအပ်၏။

မရဏာသန္နကာလ၌ အဘိညာဏ်ကို ရကောင်း မည်လော မရကောင်းမည်လော ဟူမူ။ ။ရကောင်း၏ ဟူလေ။ ။ယင်းသို့ ရကောင်းကြောင်းကို အဘယ့်ကြောင့်သိသနည်းဟူမူ။ စျာန်မှထသည်၏အခြားမဲ့၌ ဝီထိတပါး မခြားမချပ်ဘဲ စုတိပရိနိဗ္ဗာနစိတ်ဖြစ်သောခီဏာသဝပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန်သည် စျာနသမနန္တရပရိနိဗ္ဗာန်မည်၏။ စျာန်မှထပြီး၍ထိုစျာန်၌ရှိသော စျာန်အင်္ဂါတို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အခြားမဲ့၌ဝီထိတပါးမခြားမချပ်ဘဲစုတိပရိနိဗ္ဗာနစိတ်ဖြစ်သောခီဏာသဝပုဂ္ဂိုလ်၏ ပရိနိဗ္ဗာန်သည် စျာနင်္ဂပစ္စဝေက္ခဏာ သမနန္တရပရိနိဗ္ဗာန်မည်၏ဟုစျာနသမနန္တရပရိနိဗ္ဗာန် စျာနင်္ဂပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်နှစ်ပါးတို့၏အထူးကိုပြရာ။ ။တတ္ထစျာနံသမာပဇ္ဇိတွာစျာနာဝုဋ္ဌာယဘဝင်္ဂံဩတိဏ္ဏဿတတ္ထေဝပရိနိဗ္ဗာနံစျာနသမနန္တရံနာမ။စျာနာဝုဋ္ဌာယပန စျာနင်္ဂါနိပစ္စဝေက္ခိတွာ ဘဝင်္ဂံဩတိဏ္ဏဿ တတ္ထေဝပ

ရိနိဗ္ဗာနံပစ္စဝေက္ခနာ သမနန္တရံနာမ။ ။ဟူ၍သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌။ ။ဝတ္ထု။လ။ ဈာနသမနန္တရံနာမံ။ ဟုဈာန်ဇောဏ်၏အခြားမဲ့၌ဝီထိတပါးမခြားဘဲစုတိပရိနိဗ္ဗာနစိတ်ဖြစ်ကြောင်းကိုပြဆိုသည်ကိုထောက်သဖြင့် မရဏာသန္နအခါ အဘိညာဏ် စိတ်ဖြစ်ကောင်းသည်၏အဖြစ်ကို သိပါသည်။ဟူလေ။ ။ဤမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌။ ဈာန်မှထပြီးနောက် ပစ္စဝေက္ခနာဝီထိတို့ခြား၍။ ထိုပစ္စဝေက္ခနာဝီထိ၏အခြားမဲ့၌ပရိနိဗ္ဗာန်ပြုသည်ကို ဈာနင်္ဂပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်ဟုအသီးပြဆိုသည်ကိုထောက်သဖြင့်ဈာနသမနန္တရပရိနိဗ္ဗာန်၏ဈာန်ဇောနောင်ပစ္စဝေက္ခနာဝီထိမခြားဘဲ စုတိပရိနိဗ္ဗာနစိတ်ဖြစ်သောပရိနိဗ္ဗါန်၏အဖြစ်ကိုသိအပ်၏။ ။စတုက္ကနည်းအားဖြင့် ရူပဈာန်လေးပါး။ အရူပဈာန်လေးပါးအားဖြင့် သမာပတ် ရှစ်ပါးလုံး၌ပင်ဈာန်ကိုရစအာဒိကမ္မိကကာလ၌၎င်း။ရပြီးသောဈာန်ကို နောက်၌အသီးအသီးဝင်စားသောသမာပတ္တိသမာပဇ္ဇနကာလ၌၎င်း။သမာပတ်ရှစ်ပါးလုံးကိုရပြီးသောပုဂ္ဂိုလ်အားဈာန်၌ လေ့လာခြင်းဝသီဘာဝကို ဖြစ်စိမ့်သော၌အနုလောမ ပဋိလောမအားဖြင့်၎င်း။ ဈာန်တချခြားနှစ်ချခြားကသိုဏ်းစသော အာရုံတချခြား နှစ်ချခြား စသော ဈာနုက္ကန္တိကဧကန္တရိကစသောအားဖြင့်၎င်း။သမာပတ်ကိုဝင်စားသောကါလ၌၎င်း။အဘိညာဏ်ကိုပြီးစေခြင်း၌အဓိဋ္ဌာန ပါဒကအဘိညာပါဒကဖြစ်သော သမာပတ်တို့ကိုဝင်စားသောကာလ၌၎င်းဈာန်သမာပတ်မှ ထပြီးသည်၏အခြားမဲ့၌အသီးအသီးထိုဈာန်၌ရှိသောဈာန်အင်္ဂါတို့ကိုဆင်ခြင်သော ပစ္စဝေက္ခနာဝီထိဖြစ်မြဲသာ ဖြစ်သည်။ ဈာနင်္ဂပစ္စဝေက္ခနာနှင့် ကင်းသော သမာပတ်မည်သည်မရှိ။ ။ကပါးသောပုဂ္ဂိုလ် သာမညကို မဆိုထားဘိ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအါးသော်လည်းရေမီးအစုံအစုံသောတန်ခိုးပြာဋိဟာကိုပြုရာကာလဝယ်။ လျင်စွာဖြစ်သောကာလ၌သော်လည်းပါဒကဈာန်သမာပတ်တို့မှထသည့်၏အခြားမဲ့၌ ဈာနင်္ဂပစ္စဝေက္ခနာဝီထိမှကင်းသောမည်သည်မရှိ။ အာဝဇ္ဇနပသီ၏သိခါပတ္တဖြစ်သည်၏ အဖြစ်ကြောင့်ကားထိုဈာနင်္ဂပစ္စဝေက္ခနာဇောတို့ ၇ ကြိမ်ပြည့်မှီအောင်မဖြစ်မူ၍လေးကြိမ်ငါးကြိမ်မျှဖြစ်နိုင်ခြင်းဖြင့်သာထူးကြောင်းကိုအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌။ ။ဘဂဝတောပနယမကပါဋိဟာရိယကာလာဒိသုလဟုကပဝတ္တိယံစတ္တာရိပဉ္စဝါပစ္စဝေက္ခနစိတ္တာနိဘဝန္တီတိဝဒန္တိ။ ။

ဟူ၍။ ။ငင်းအဖွင့်ဋီကာကျော်၌လည်း။ ။ဘဂဝတော။လ။ဝဒန္တီတိ ဘဂဝတောယမကပါဋိဟာရိယကာလာဒီသုဥဒကဣန္ဒ အဂ္ဂိက္ခန္ဒပဝတ္တ နာဒိအဗ္ဘုံဝိသုံဝိသုံပါဒကဗျာနံသမာပဇ္ဇိတွာတတော ဝုဋ္ဌာယဗျာနင္ဂမ္မေ ဝိသုံဝိသုံအာဝဇ္ဇေန္တဿအာဝဇ္ဇန ဝသိတာယ မတ္တကပတ္တိယာအာဝဇ္ဇန တပ္ပရောဝဓိတွာဘိနီဟာရောဟောတိတိယထာဝဇ္ဇိတဗျာနင်္ဂါရမ္မဏာ ဓိစ္ဆာရိပစ္စဝါပစ္စဝေက္ခနဇဝနဓိတွာဓိပဝတ္တန္တီတိဝဒန္တိ အဓ္ဒကထာစရိ ယာ။ ။ဟူ၍ပြဆိုကြကုန်၏။ — ။ဤအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ဘဂဝတောဟူသောစကားကိုနိဒဿနဥပလက္ခဏာအားဖြင့်သာဆိုအပ် သည်။ထက်လျင်သောပညာ တန်ခိုးရှိသော အရှင်သာရိပုတြာ။ အရှင် မောဂ္ဂလာန်စသောပုဂ္ဂိုလ်တို့အားလည်းလျင်စွာ တန်ခိုးဘန်ဆင်းသော ကာလ၌ပစ္စဝေက္ခနာ ဇောတို့လေးကြိမ်ငါးကြိမ် ဖြစ်ကြောင်းကိုဝိသုဒ္ဓိ မဂ်အဋ္ဌကထာကိုသာကြည့်ပြီ၍။ ။ဘဂဝတောတိစဉ္စာဒိနိဒဿနမတ္တံ အညေသံပိဓမ္မ သေနာပတိအာဒိနံဝေဂုပေ အဘ္ဒာယိက ကာလေအပရိ ပုဏ္ဏဇဝနာနံပဝတ္တနတော။ တထာစဝုတ္တံအဋ္ဌကထာယံ အယဥ္စမတ္တက ပတ္တာဝသိတာဘဂဝတောယမကပါဋိဟာရိယကာလေ အညေသံဝါဧ ဝရူပေကာလေတိ။ ။ဟူ၍ဋီကာကျော်၌ပင်ပြဆို၏။ ။ဤသဘိုဟ်ဋီ ကာကျော်တို့၌အနက်အဓိပ္ပါယ်ကိုအောက်၌အကျယ်ပြဆိုခဲ့ပြီးဖြစ်၍ ဤ ၌ပါဠိမျှကိုသာပြဆိုလိုက်သည်။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လည်း ပဌမဈာန် မှထ၍ရှေးဦးစွာ။ထိုဈာန်၌ရှိသောဝိတက်ကို ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုဈာန်၏နောက်၌ဖြစ်သောဘဝင်အယဉ်ကိုဖြတ်၍ ဖြစ်သောမနောဒွါ ရာဝဇ္ဇန်း၏အခြားမဲ့၌ဝိတက်လျှင်အာရုံရှိကုန်သော လေးကြိမ်သော်ငင်း။ ငါးကြိမ်သော်ငင်း။ ပစ္စဝေက္ခနာဇောတို့ဖြစ်ကုန်၏။ ထိုပဌမပစ္စဝေက္ခ နာဝိထိနောက်ဘဝင်နှစ်ကြိမ်ဖြစ်ပြီးမှတဖန်ဝိစာရလျှင် အာရုံရှိသောမ နောဒွါရာဝဇ္ဇန်ပစ္စဝေက္ခနာဇောလေးကြိမ်ငါးကြိမ်ဖြစ်၏။ ဤသို့စသည် ဖြင့်ဈာန်အင်္ဂါငါးပါးတို့နှိုက်အစဉ်မပြတ် ပစ္စဝေက္ခနာစိတ်ကို အာရုံ၌ အကြင်အခါဖြစ်စေခြင်းငှါစွမ်းနိုင်၏ထိုအခါထိုပုဂ္ဂိုလ်အား။ အာဝဇ္ဇနဝ သီသည်ပြီးစီးခြင်းသို့ရောက်သဉ်မည်ကြောင်း။ ဤပစ္စဝေက္ခနာဇောတို့ လေးကြိမ်ငါးကြိမ်မျှဖြစ်အောင် လျော့လာခြင်းအထွဋ်အထိပ်သို့ ရောက် သောအာဝဇ္ဇနဝသီကိုမြတ်စွာဘုရားအားယမက ပါဋိဟာရိယကာလ၌ ရအပ်ကြောင်း။ အရှင်သာရိပုတြာစသောပုဂ္ဂိုလ်တို့အားလည်း ဤယမ

ကပါဠိုဟာရိယကဲ့သို့ သဘောရှိသောလျှင်စွာ ပြုအပ်သော တန်ခိုးဖန်
ဆင်းခြင်းကိုပြုသောကာလ၌ ရအပ်ကြောင်း။ ဤပစ္စဝေက္ခနာဇောလေး
ကြိမ်ငါးကြိမ်မျှဖြစ်ရအောင်လျှင်သောအာဝဇ္ဇန ဝသီထက်လွန်၍ လျှင်
သောအာဝဇ္ဇနဝသီမည်သည်မရှိကြောင်းကိုဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။
ပဌမဇ္ဈာနတောဝုဋ္ဌာယပဌမံဝိတက္ကံအာဝဇ္ဇယတောဘဝင်္ဂံဥပစ္ဆိန္ဒိတွာ
ဥပ္ပန္နာဝဇ္ဇနာနန္တရံဝိတက္ကာရမ္မဏာနေဝစတ္တာရိပဉ္စဝါဇဝနာနိဇဝန္တိ။ တ
တောဒွေဘဝင်္ဂါနိ။တတောပုနဝိစာရာရမ္မဏံအာဝဇ္ဇနံ။ ဝုတ္တနယာနေဝ
ဇဝနာနီတိဧဝံပဉ္စသုဈာနင်္ဂေသုယဒါနိရန္တရံစိတ္တံပေသေတုံသက္ကောတိ။
အထဿအာဝဇ္ဇနဝသီသိဒ္ဓါဟောတိ။ အယံပနမတ္ထကပ္ပတ္တာဝသီတာဘ
ဂဝတောယမကပါဠိဟာရိယေလဗ္ဘတိ။ အညေသံဝါဧဝရူပေကာလေ။
ဣတောပရံသီဃတရာအာဝဇ္ဇနဝသီနာမနတ္ထိ။ ။ဟူ၍ပြဆို၏။ ။ပဌ
မဇ္ဈာနတော။မှ။ဝုဋ္ဌာယ။၍။ပဌမံ။ရှေးဦးစွာ။ဝိတက္ကံ။ ထိုဈာန်၌ရှိသောဝိ
တက်ကို။ အာဝဇ္ဇယတော။ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ ဘဝင်္ဂံ။ ကို။
ဥပစ္ဆိန္ဒိတွာ။ဖြတ်၍။ ဥပ္ပန္နာဝဇ္ဇနာနန္တရံ။ ဖြစ်သောဝိတက်လျှင် အာရုံရှိ
သောမနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌။ ဝိတက္ကာရမ္မဏာနေဝ။ဝိတက်လျှင်
အာရုံရှိသည်သာ ဖြစ်ကုန်သော။ စတ္တာရိဇဝနာနိဝါ။ လေးကြိမ်သော
ပစ္စဝေက္ခနာဇောတို့သည်၎င်း။ပဉ္စဇဝနာနိဝါ။ တို့သည်၎င်း။ ဇဝန္တိ။စော
ကုန်၏။ တတော။ ထိုဝိတက်ကိုဆင်ခြင်သောပစ္စဝေက္ခနာဝိထိဖြစ်ပြီး
သည်မှ။ပရံ။၌။ဒွေ။နှစ်ကြိမ်ကုန်သော။ဘဝင်္ဂါနိ။ဘဝင်စိတ်တို့သည်။ဘ
ဝန္တိ။ကုန်၏။ ။ဝိထိတပါးနှင့်တပါးသည်ဘဝင်မခြားပဲတဆက်တ
စပ်တည်းမဖြစ်ကောင်းဘဝင်အယဉ် ပြတ်မှသာလည်းဖြစ်နိုင်သည်။ဝိ
ထိစိတ်ဖြစ်လို၍ပြတ်သောဘဝင်ကိုသာဘဝင်္ဂုပစ္ဆေဒဟုခေါ်သည်။ဘ
ဝင်ပြတ်လို၍ပကတိသဘောမှလှုပ်ရှားသော အခြင်းအရာအားဖြင့် ဖြစ်
သောဘဝင်ကိုသာဘဝင်္ဂစလနဟုခေါ်အပ်သည်ဖြစ်၍။ဝိသုဒ္ဓိမဂ်အဋ္ဌက
ထာဝယ်ဈာန်အင်္ဂါတို့ကိုဆင်ခြင်သောပစ္စဝေက္ခနာဝိထိတို့၏ အကြား
မဂ်ဖိုလ်စသည်ကိုဆင်ခြင်သောပစ္စဝေက္ခနာဝိထိတို့၏ အကြား၌ဘဝင်
နှစ်ကြိမ်ဖြစ်ကြောင်းကိုပြဆိုရာ။ဒွေဘဝင်္ဂါနိ၌ဘဝင်နှစ်ကြိမ်အရကိုဘ
ဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒမှတပါးပကတိဘဝင်ကိုယူ၍ ဤကဲ့သို့လဟုက
ပဝတ္တိအရာ၌ပင်ပစ္စဝေက္ခနာဝိထိတပါးနှင့်တပါးအကြားဘဝင် ၄ ကြိမ်
ခြား၍ယူရမည်ကဲ့သို့ရှိ၏။ဆရာတို့ကားဒွေဘဝင်္ဂါနိအရကိုဘဝင်္ဂစလ

နဘာဝင်္ဂပစ္စေ့ဒကိုပင်ယူရမည်ဟုဆိုကုန်၏။ ။သဘောသက်ရောက်ဆင်
ခြင်၍ယူကြပါလေ။ ။ဤဒွေဘာဝင်္ဂါနီဟူသောစကားကိုဘဝင်္ဂစလန
မဖြစ်မီဖြစ်သောဘဝင်ကိုယူ။ ။ဤဒွေဘာဝင်္ဂါနီဟူသောစကားကိုအ
များနှင့်ဆက်ဆံသောသိခါပတ္တအာဝဇ္ဇန ဝသိကိုပြဆိုသော အရာဝယ်
ဆိုသောကြောင့်အရှင်သာရိပုတြာစသည်တို့အားလည်း ဤသို့သဘော
ရှိသောအဗ္ဗာယိက ကာလ၌ ဘဝင်နှစ်ကြိမ်သာ ဖြစ်သည်ဟု ယူရန်ရှိ
၏။ ၊ ။တတော။ထိုဘဝင်ဖြစ်ပြီးသည်မှ။ပရံ။နောက်၌။ပုန။တဘန်။ဝိစါ
ရာရမ္မဏံ။ဝိစာရလျှင်အာရုံရှိသော။အာဝဇ္ဇနံ။ မနောဒွါရာဝဇ္ဇန်သည်ဧင်း။
ဥပ္ပဇ္ဇနယာနေဝ။ဆိုအပ်ပြီးသောနည်းရှိသည်သာလျှင်ဖြစ်ကုန်သော။ဇဝ
နာနိစ။လေးကြိမ်ငါးကြိမ်သောပစ္စဝေက္ခနာဇောတို့သည်ဧင်း။ ဘဝန္တိ။
ဖြစ်ကုန်၏။ဣတိဝေ။သို့။ပဥ္စသု။ငါးပါးကုန်သော။ဈာနင်္ဂေသု။ ဈာန်အင်္ဂါ
တို့၌။ယဒါ။အကြင်အခါ၌။နိရန္တရံ။မပြတ်။စိတ္တံ။ ပစ္စဝေက္ခနာစိတ်ကို။ပေ
သေတုံ။စေလွှတ်ခြင်းငှါ။သက္ကောတိ။ စွမ်းနိုင်၏။အထ။ထိုသို့ဈာန်အင်္ဂါ
ဟူသောအာရုံတို့၌ ပစ္စဝေက္ခနာစိတ်ကိုမပြတ် ဖြစ်စေခြင်းငှါ စွမ်းနိုင်
သောအခါ၌။အဿ။ထိုပုဂ္ဂိုလ်အား။အာဝဇ္ဇနဝသီ။ အာဝဇ္ဇနဝသီသည်။
သိဒ္ဓါ။ပြီးစီးသည်။ဟောတိ။၏။ မတ္တကပ္ပတ္တာ။ အထွဋ်အထိပ်သို့ရောက်
သော။အယံပနဝသီ။ဤအာဝဇ္ဇနဝသီကိုကား။ဘဂဝတော။အား။ယမက
ပါဋိဟာရိယေ။ယမကပါဋိဟာရိယကာလ၌။ လဗ္ဘတိ။ရအပ်၏။ အညေ
သံဝါ။ မြတ်စွာဘုရားမှ တပါးကုန်သော အရှင်သာရိပုတြာစသည်တို့
အားလည်း။ဧဝရူပေ။ဤသို့သဘောရှိသော။ကာလေ။အဗ္ဗာယိကကာလ
၌။လဗ္ဘတိ။၏။ဣတော။ ဤမတ္တကပ္ပတ္တအာဝဇ္ဇနဝသီထက်။ပရံ။ အလွန်။
သိဃ်တရာ။အထူးသဖြင့်လျှင်သော။အာဝဇ္ဇနဝသီနာမ။မည်သည်။နတ္ထိ။
မရှိ။ ။ဈာန်ဟူသည်ဈာန်အင်္ဂါအပေါင်းဖြစ်ရကား ဈာန်၌အာဝဇ္ဇနဝ
သီကိုပြီးစေလိုသောယောဂီပုဂ္ဂိုလ်သည် အစဉ်အတိုင်းဈာန်အင်္ဂါတို့
ကိုဆင်ခြင်အပ်ဆင်ခြင်ထိုက်ဆင်ခြင်ရမည်ဟုပြခြင်းငှါ။ ပဌမံဝိတက္ကံ
အာဝဇ္ဇယတော။ အစရှိသော စကားကို အဋ္ဌကထာ ဆရာဆိုတော်မူ
ကြောင်းကို။ဧင်းမဟာဋီကာ၌။ ။အင်္ဂသမုဒါယဘာဝတောဈာနဿ
ဈာနေအာဝဇ္ဇနဝသိံ နိပ္ဖါဒေတုကာမေနပဋိပါတိယာဈာနင်္ဂါနိအါဝဇ္ဇေ
တဗ္ဗာနီတိအာဟ။ပဌမံဝိတက္ကံအာဝဇ္ဇယတောတိ။ဟုပြဆို၏။ ။ဈာ
နဿ။ဈာန်ဟူသည်၏။ အင်္ဂသမုဒါယဘာဝတော။ ဈာန်အင်္ဂါအပေါင်း

၏အဖြစ်ကြောင့်။ဗျာနေ။ဗျာန်၌။အာဝဇ္ဇနဝသိ°။ အာဝဇ္ဇနဝသီကို။နိပ္ပါဒေတုကာမေန။ပြီးစေလိုသောယောဂီပုဂ္ဂိုလ်သည်။ဗျာနင်္ဂါနိ။ ဗျာန်အင်္ဂါတို့ကို။ပဋိပါတိယာ။အစည်အတိုင်း။အာဝဇ္ဇေတဗ္ဗာနိ။ ဆင်ခြင်အပ်ကုန်၏။ဇာတိ။ ဤသို့နှလုံးပြု၍။ ဝါ။ ဇာတိ။ သို့။ဒသေတုံ။ ပြခြင်းငှါ။ ပဋ္ဌမံဝိတက္ကံအာဝဇ္ဇယတောတိ။ တောအစရှိသောစကားကို။ အာဟ။အဋ္ဌကထာဆရာဆိုတော်မူ၏။ ။ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာဝင်းမဟာဋီကာတို့ကိုထောက်သဖြင့်ဗျာန်အင်္ဂါတို့ကိုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည်အနန္တရကာလ၌ထခဲ့သောဗျာန်သည် ဗျာန်အင်္ဂါငါးပါးရှိသော ပဋ္ဌမံကဗျာန်ဖြစ်အံ့ဝိတက်ကစ၍အစည်အတိုင်ဆင်ခြင်အပ်၏။စတုယင်္ဂကဗျာန်ဖြစ်အံ့ဝိစာရကစ၍။ တိဝင်္ဂကဗျာန်ဖြစ်အံ့ပိတိကစ၍။ သုခဧကဂ္ဂတာဟူသောအင်္ဂါနှစ်ပါးရှိသောဗျာန်ဖြစ်အံ့သုခကစ၍။ဥပေက္ခာဧကဂ္ဂတာဟူသောဗျာန်အင်္ဂါနှစ်ပါးရှိသောဗျာန်ဖြစ်အံ့ ဥပေက္ခာကစ၍အစဉ်အတိုင်းသာဆင်ခြင်အပ်သည်။ အမှတ်မဲ့တပါးပါးကစ၍မဆင်ခြင်အပ်မဆင်ခြင်သင့်။မဂ္ဂဝိထိနောင်မဂ်ဖိုလ်စသည်ကို ဆင်ခြင်သောပစ္စဝေက္ခနာအရာ၌မဂ်ဖိုလ်နိဗ္ဗာန် ပယ်ပြီးကိလေသာ ကြွင်းကိလေသာ အားဖြင့်ငါးပါးတို့ကိုငါးပါးလုံးကို မဆင်ခြင်ဘဲ နှစ်ပါးသုံးပါးစသော အချို့ကိုသာဆင်ခြင်သော်ဆင်ခြင်ရသကဲ့သို့ဤဗျာန်အင်္ဂါတို့ကိုဆင်ခြင်သောအရာ၌အချို့မျှကိုသာ မဆင်ခြင်မူ၍ ထခဲ့သောဗျာန်၌ ရှိသမျှသောဗျာန်အင်္ဂါကိုအကုံသာဆင်ခြင်အပ်သည်ဟုသိလေ။ ။ထိုဗျာန်အင်္ဂါတို့ကိုဆင်ခြင်သောဗျာနင်ပစ္စဝေက္ခနာအရာ၌ အထွန့်အထိပ်သို့ရောက်သောပစ္စဝေက္ခနာဝသီ၌သာပစ္စဝေက္ခနာဇောတို့ ငါးကြိမ်ဖြစ်ကြောင်းကိုဆိုအပ်သည်၏အဖြစ်ကြောင့်ပစ္စဝေက္ခနာဇောတို့ ၇ ကြိမ်ဖြစ်သည်ရှိသော်။ မတ္တကပ္ပတ္တ ပစ္စဝေက္ခနဝသိမဟုတ်။ ပစ္စဝေက္ခနဝသီ သာမညသာဖြစ်သည်ဟု မှတ်အပ်၏။ ထိုကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌။ ဗျာနင်ပစ္စ ဝေက္ခနာ ယံပန မတ္တကပ္ပတ္တာယေဝ ပဉ္စဝေနာနိတိ ဝုတ္တတ္တာ ဝုတ္တနယေန သတ္တသုဇဝနေသု ပစ္စဝေက္ခနဝသီယေဝ ဟောတိ။ ဟုပြဆိုလေသည်။ ။ဗျာနင်ပစ္စဝေက္ခနာယံပန။ဗျာနင်ပစ္စဝေက္ခနာအရာ၌ကား။မတ္တကပ္ပတ္တာယေဝ။အထွန့်အထိပ်သို့ရောက်သောပစ္စဝေက္ခနာဝသီ၌သာလျှင်။ပဉ္စဇဝနာနိ။ငါးကြိမ်သောပစ္စဝေက္ခနာဇောတို့သည်။ဥပ္ပဇ္ဇန္တိ။န်၏။ဇာတိ။သို့၊ဝုတ္တတ္တာ။ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဝုတ္တနယေန။ဆိုအပ်ပြီးသော

နည်းဖြင့်။ သတ္တာသုဇဝနေသု။ ချနစ်ကြိမ်သော ဇောတို့သည်။ ဥပ္ပန္နေသု။ ဖြစ်ကုန်သည်ရှိသော်။ပစ္စဝေက္ခနဝသိယောဝ။ပစ္စဝေက္ခနဝသီသည်သာလျှင်။ဟောတိ။၏။ ။လောကီလောကုတ္တရာဖြစ်သော ဥာဏစရိယာတို့တွင်လောကီဥာဏစရိယတို့၏ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကိုအကြွင်းမဲ့ကောင်းစွာ မပယ်ဖျက်နိုင်သည်၏အဖြစ်ကြောင့်လောကီဥာဏစရိယတို့၌မပြတ်လေ့လာသည်၏အဖြစ်။ အားရှိသည်၏အဖြစ်သို့ရောက်စေသောအားဖြင့် ဝသီဘာဝကို ရအပ်ရကောင်း သည်သာ။ မရဘဲ မရှိစေအပ်။ လောကုတ္တရာဖြစ်သော ဥာဏစရိယ တို့၌ကား ထိုလောကုတ္တရာဥာဏစရိယတို့၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့ကိုသမုစ္ဆေဒပဋိပဿဒ္ဓိအားဖြင့် အကြွင်းမဲ့ကောင်းစွာပယ်ဖြတ်အပ်သည်၏အဖြစ်ကြောင့် ထိုလောကုတ္တရာဥာဏစရိယတို့၌ ဝသီဘာဝသည်မိမိသဘောအားဖြင့်ပင်ပြီးရကား အခါခါလေ့လာဝင်စားအားရှိအောင်ပြုသောအားဖြင့်ဝသီဘာဝသို့ ရောက်စေရခြင်း ကိစ္စမည်သည် မရှိကြောင်းကို ဝိသုဒ္ဓိမဂ်မဟာဋီကာ၌။ ။ဥာဏစရိယာသု ပန လောကုတ္တရာနံဥာဏစရိယာနံဝသီဘာဝါပါဒနကိစ္စံနာမနတ္ထိပဋိပက္ခာသသုပိဟာတတ္တာသဘာဝ သိဒ္ဓေါတတ္ထဝသီဘာဝေါ။ လောကီယာနံပန ပဂုန ဗလဝဘာဝါပါဒနေနဝသီဘာဝေါလဗ္ဘတေဝ။ ။ဟုပြတော်မူ၏။ ။ ဥာဏစရိယာသုပန။ဥာဏစရိယတို့၌ကား။ လောကုတ္တရာနံ။လောကုတ္တရာဖြစ်ကုန်သော။ ဥာဏစရိယာနံ။တို့အား။ တေသံ။ ထိုလောကုတ္တရာတရားတို့၏။ ပဋိပက္ခာသ။ ဆန့်ကျင် ဘက်ဖြစ်သော ကိလေသာကို။ သုပိဟာတတ္တာ။ အကြွင်းမဲ့ ကောင်းစွာ ပယ်ဖျက်အပ်ပြီး သည်၏အဖြစ်ကြောင့်။တတ္ထ။ထိုလောကုတ္တရာဖြစ်သောဥာဏစရိယ၌။ ဝသီဘာဝေါ။ ဝသီဘော်သည်။ သဘာဝသိဒ္ဓေါ။ သဘောအား ဖြင့်သာပြီး၏။ ဇာတိတသ္မာ။ ထိုသို့လောကုတ္တရာ တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကိလေသာကိုအကြွင်းမဲ့ကောင်းစွာ ပယ်ဖျက်အပ်ပြီးသည်ဖြစ်၍ ထိုလောကုတ္တရာဖြစ်သောဥာဏစရိယ၌ဝသီဘာဝသည်သဘောအားဖြင့်သာပြီးသည်၏ အဖြစ်ကြောင့်။ ဝသီဘာဝါပါဒနကိစ္စံနာမ။ ဝသီဘော်သို့ရောက်အောင်ပြုရခြင်းကိစ္စမည်သည်။ နတ္ထိ။မရှိပြီ။ လောကီယာနံပန။လောကီဥာဏစရိယ တို့အားကား။ ပဂုနဗလဝဘာဝါပါဒနေန။ လေ့လာသည်၏ အဖြစ်အားရှိသည်၏ အဖြစ်သို့ရောက်စေသောအားဖြင့်။ ဝသီဘာဝေါ။

ကို။လဗ္ဘတေဝ။ရအပ်ရသင့်သည်သာတည်း။ ။ဤသို့ရှုပအရှုပဗျာန်တို့အားဗျာန်ကို ရစအာဒိကမ္မိက ကာလ ဝသိဘာဝ ဖြစ်စေခြင်းပါဒက ဖြစ်စေခြင်း၌သာ နောက်ဝင်စားသော သမာပတ္တိ သမာပဇ္ဇန ကာလတို့၌ ထိုဗျာန်နောင် ဗျာန်အင်္ဂါတို့ကိုဆင်ခြင်သော မနောဒွါရိကပစ္စဝေက္ခနာဝိထိတို့နှင့် မကောင်း ကောင်းသည်သာ ဖြစ်သောကြောင့် ဤ၌ဗျာန်မှထသည်နောက်ဝိထိတပါးမခြားဘဲ ရုတ်ပရိနိဗ္ဗာနစိတ် ဖြစ်ကြောင်းကိုပြဆိုသောဗျာန သမနန္တရ ပရိနိဗ္ဗာန်အရာ၌ ဗျာနအရကို ယခင်ပြဆိုခဲ့ပြီးသောအာဒိကမ္မိက ကာလသမာပတ္တိ သမာပဇ္ဇန ကာလတို့၌ ဖြစ်သောဗျာန်ဇောတို့ကို မယူအပ်။ ဤ၌ဗျာန အရသည် ထိုပြဆိုခဲ့ပြီးသောဗျာန်ဇောတို့မဟုတ်ဟုသိသာသည်။ ။မဂ်စိတ်ဖိုလ်စိတ်တို့သည် လောကီဗျာန်စိတ်တို့နှင့်ဗျာန်အင်္ဂါတူသည်ကိုအစွဲပြု၍ ဗျာနမည်ကန်သော်လည်း မဂ္ဂဝိထိနောင် ပစ္စဝေက္ခနာ ဝိထိမဖြစ် ကောင်းသည် မည်သည် မရှိ။ ငါးပါးလုံးပင် အပြည့်အစုံ မဖြစ်သော်လည်း တပါး သော်ရင်း နှစ်ပါးသော်ရင်းမချွတ်ဖြစ်ရမြဲသာ ဖြစ်သည်။ ။ဤမဂ္ဂဝိထိနောင် ပစ္စဝေက္ခနာဝိထိတို့ဖြစ်ရာဝယ်ဝိနိစ္ဆယကို။ ဇိဝိတသမသီသိ ပုဂ္ဂိုလ်ကိုပြဆိုသောအရာ၌ဆိုခဲ့ပြီ။ ။ဖလသမာပတ္တိ ဝိထိနောက်၌လည်း နိရောဓသမာပတ်မှထသော ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖလသာညာတည်းရှေးဦးစွာဖြစ်သလော။ ပစ္စဝေက္ခနာဉာဏ်တည်း ရှေးဦးစွာဖြစ်သလော ဟူ၍ ဖောဋ္ဌပါဒပရိဗိုဇ်မေးလျှောက်သော ကာလအရဟတ္တဖလ သညာရှေးဦးစွာဖြစ်ကြောင်း။ထိုနောက်မှပစ္စဝေက္ခနာဉာဏ်ဖြစ်ကြောင်းကိုဟောတော်မူသည်ဟုပြဆိုသော။ ။ဇူဒါနိနိရောဓဝုဋ္ဌာနံပုဒ္ဓ နေ္တာဘဂဝါ နိရာဓဝုဋ္ဌဟန္တဿ ကိံပဌမံ အရဟတ္တဖလ သညာ ဥပ္ပဇ္ဇတိ။ဥဒါဟု ပစ္စဝေက္ခနဉာဏန္တိ ဝဒတိ။ အထဿဘဂဝါ ယဿွာဖလ သညာဝပဌမံ ဥပ္ပဇ္ဇတိ။ ပစ္ဆာပစ္စဝေက္ခနဉာဏံ။ တသ္မာသညာခေါ ဖောဋ္ဌပါဒါတိအာဟ။ ။ဟူသောသီလက္ခန်ဖောဋ္ဌပါဒသုတ်အဋ္ဌကထာကို ထောက်သဖြင့် ပစ္စဝေက္ခနာဝိထိဖြစ်ကြောင်းကိုသိသာသည်။ ။ဤ၌ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထသောကာလကို မေးလျှောက်သော အရာဖြစ်၍သာ။ အရဟတ္တဖိုလ်နောင် ပစ္စဝေက္ခနာ ဖြစ်ကြောင်းကို ဟောတော်မူသည်။ထိုနိရောဓသမာပတ်ကိုရဟန္တာတို့သာဝင်စားနိုင်သည်မဟုတ်။ အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းဝင်စားနိုင်သည်သာဖြစ်သောကြောင့်အနာ

ဂါမ်ပုဂ္ဂိုလ်တို့အားနိရောဓသမာပတ်မှ ထသည့်၏အခြားမဲ့၌ဖြစ်သော
အနာဂါမိဖိုလ်၏နောင်၌လည်းပစ္စဝေက္ခနာဝိထိဖြစ်၏ဟူ၍ပင်သိသာသည်။
ဤနိရောဓါနန္တရဖြစ်သောအနာဂါမိဖိုလ် အရဟတ္တဖိုလ်နောင်ပစ္စဝေက္ခ
နာဝိထိဖြစ်သည်ကိုထောက်သဖြင့် အနာဂါမိဖလသမာပတ်အရဟတ္တဖလ
သမာပတ်ဝိထိတို့၏နောက်၌လည်းပစ္စဝေက္ခနာဝိထိဖြစ်သည်ပင်ဖြစ်ရာ
သည်။ယင်းကိုထောက်သဖြင့်လည်း သောတာပတ္တိဖလသမာပတ္တိသကဒါ
ဂါမိဖလသမာပတ္တိဝိထိတို့၏နောက်၌လည်း ပစ္စဝေက္ခနာဝိထိဖြစ်သင့်
တော့သည်သာဖြစ်၍ အရိယာပုဂ္ဂိုလ်တို့အား ထိုက်သည်အားလျော်စွာ
အသီးအသီးမိမိတို့ရသောဖိုလ်ကို ဝင်စားသောအခါ၌လည်းဖလသမာ
ပတ်မှထသည့်၏ အခြားမဲ့၌ ပစ္စဝေက္ခနာ ဝိထိဖြစ်၏ ဟူ၍ပင် ယူသင့်
သည်။ဤပစ္စဝေက္ခနာသည်ဈာန်အင်္ဂါတို့ကို ဆင်ခြင်သောပစ္စဝေက္ခနာ
မှုကားမဟုတ်။ မဂ်နိဗ္ဗာန်စသည်ကိုဆင်ခြင်သောပစ္စဝေက္ခနာလည်းမ
ဟုတ်။ ဤယခုငါ၏သန္တာန်၌ဖြစ်ခဲ့သောတရားကားအရဟတ္တဖိုလ်တည်း
စသည်ဖြင့်သိသော ထိုက်သည်အားလျော်စွာ မိမိတို့ဖိုလ်ကို ဆင်ခြင်
သော ပစ္စဝေက္ခနာ သာ။ ဤပစ္စ ဝေက္ခနာ၏ ဖိုလ်ကို ဆင် ခြင် သော
ပစ္စဝေက္ခနာ၏အဖြစ်ကိုလည်း။ ။တတ္ထသညုပ္ပါဒါတိ အရဟတ္တဖလ
သညာယဥပ္ပါဒါပဗ္ဗာဋ္ဌဒံအရဟတ္တဖလန္တိဝိံပစ္စဝေက္ခနာဉာဏုပ္ပါဒေါ
ဟောတိ။ ။ဟူသောဋီကာအဋ္ဌကထာကို ထောက်၍ပင်သိလေ။ ။
ဋ္ဌဒါနိ။ ယခုအခါ၌။ နိရောဓာ။ နိရောဓသမာပတ်မှ။ ဝုဋ္ဌာနံ။ ထခြင်းကို။
ပုဋ္ဌဋ္ဌော။မေးလျှောက်လိုသော ဖောဋ္ဌပါဒပရိဗိုဇ်သည်။ ဘဂဝါ။ဘုန်း
တော်ကြီးလှသော မြတ်စွာဘုရား။ နိရောဓာ။မှ။ ဝုဋ္ဌဟန္တဿ။ထသော
ရဟန္တာပုဂ္ဂိုလ်အား။အရဟတ္တဖလသညာ။ အရဟတ္တဖလသညာသည်။
ပဌမံ။ ရှေးဦးစွာ။ ဥပ္ပဇ္ဇတိကိံ။ ဖြစ်သလော။ ဥဒါဟု။ ထိုသို့မဟုတ်မူ။
ပစ္စဝေက္ခနဉာဏံ။ပစ္စဝေက္ခနာဉာဏ်သည်။ပဌမံ။စွါ။ဥပ္ပဇ္ဇတိကိံ။လော။
ဣတိ။သို့။ဝဒတိ။မေးလျှောက်၏။အထ။ ထိုသို့မေးလျှောက်သောအခါ၌။
အဿ။ထိုပရိဗိုဇ်အား။ ဝိသဇ္ဇေန္တော။ ဖြေကြားတော်မူလိုသော။ဘဂဝါ။
မြတ်စွာ ဘုရားသည်။ ယသ္မာ။ ကြောင့်။ ဖလသညာ၀။ အရဟတ္တဖလ
သညာသည်သာလျှင်။ပဌမံ။စွာ။ ဥပ္ပဇ္ဇတိ။၏။ပဗ္ဗာ။ နောင်၌။ပစ္စဝေက္ခန
ဉာဏံ။သည်။ဥပ္ပဇ္ဇတိ။၏။တသ္မာ။ ထိုသို့ဖလသညာသာ ရှေးဦးစွာဖြစ်၍
နောက်မှ ပစ္စဝေက္ခနာ ဉာဏ်ဖြစ်သည့်၏ အဖြစ်ကြောင့်။ သညာခေါ

ဖောဋ္ဌပါဒေါတိ။သညာခေါဖောဋ္ဌပါဒဤသို့အစရှိသောစကားကို။အာဟ။ ဟောတော်မူ၏။တတ္ထဝစနေ။၌။သညုပ္ပါဒါတိ။ သညုပ္ပါဒါဟူသဉ်ကား။ အရဟတ္တဖလသညာယ။၏။ဥပ္ပါဒါ။ ဖြစ်ပြီးသည်မှ။ပစ္ဆာ။ နောက်၌။ဉာဒံ။ ဤငါ၏သန္တာန်၌ဖြစ်သောဖိုလ်ကား။ အရဟတ္တဖလံ။တည်း။ဉာတိဝေံ။သို့။ ပစ္စဝေက္ခနဉာဏုပ္ပါဒေါ။ ပစ္စဝေက္ခနာဉာဏ်၏ဖြစ်ခြင်းသည်။ဟောတိ။ ၏။ ။ဤသို့ ဖိုလ်ဇောတို့ နောက်၌လည်း ပစ္စဝေက္ခနာ ဝိထိမကင်း ကောင်းသည်သာဖြစ်၍ဈာန်မှထသည်၏အခြားမဲ့၌ဝိထိတပါးမခြားဘဲ စုတိပရိနိဗ္ဗာနစိတ်ဖြစ်ကြောင်းကိုပြရာ ဤဈာနသမနန္တရပရိနိဗ္ဗါန်အရာ ၌ဈာနအရကိုလောကုတ္တရာဖြစ်သော ဈာန်ကိုလည်းမယူအပ်မယူသင့် မယူထိုက်။ဈာန်ဇောနောင်ပစ္စဝေက္ခနာဝိထိမဖြစ်ဘဲ။ ပစ္စဝေက္ခနာဝိထိ မှကင်းသော ဈာန်ကို ရှာသော် အဘိညာဏ်ကိစ္စ တပ်ခိုက်သော ရူပါ ဝစရစတုတ္ထဈာန်နိရောဓသမာပတ်၏ရှေ့အနန္တရ၌ ဖြစ်သောစတုတ္ထာ ရုပ္ပဈာန်အားဖြင့်နှစ်ပါးမျှကိုသာရကောင်းသည်။ ။ထိုဈာန်နှစ်ပါးတို့ တို့၏နောက်၌အဘယ့်ကြောင့်ထိုဈာန်၌ရှိသောဈာန်အင်္ဂါတို့ကိုဆင်ခြင် သောပစ္စဝေက္ခနာဝိထိမဖြစ်လေသနည်း။ဟူမူ။ ။ထိုနှစ်ပါးတို့တွင်အ ဘိညာဏ်ကိစ္စတပ်ခိုက်သောရူပါဝစရစတုတ္ထဈာန်မှာမိမိ ၏အခြားမဲ့ ၌ဝိထိစိတ်ဖြစ်သော်မိမိဟူသောအဘိညာဏ်၏အာရုံလျှင်အာရုံရှိသော ဝိထိစိတ်သာ ဖြစ်မြဲဖြစ်၍ ထိုအဘိညာဏ်ဈာန်၌ ရှိသောဈာန်အင်္ဂါကို ဆင်ခြင်သောပစ္စဝေက္ခနာ ဝိထိမဖြစ်လေသည်။ နိရောဓသမာပတ်၏ ရှေ့အနန္တရဖြစ်သော စတုတ္ထာရုပ္ပဇော၏အခြားမဲ့၌လည်း ထိုစတုတ္ထာ ရုပ္ပဇောချုပ်သည်မှ အနန္တရခဏ ကစ၍နိရောဓ နန္တရဖြစ်သောဖိုလ် ဇော၏ရှေ့အနန္တရ ခဏ တိုင်အောင်သော ခဏကာလ အတွင်း၌ စိတ် စေတသိက် စိတ္တဇရုပ်တို့ မဖြစ်ခြင်းဟူသော နိရောဓ သို့သာ ရောက် သည်ဖြစ်၍ ထိုစတုတ္ထာရုပ္ပ ဈာန်၌ရှိသော ဈာန်အင်္ဂါကိုဆင်ခြင် သော ပစ္စဝေက္ခနာ ဝိထိမဖြစ်သည်။ ဟူလေ။ ။ထိုမိမိ အခြားမဲ့၌ ဈာနင် ပစ္စဝေက္ခနာဝိထိမှ ကင်းသောဈာန် နှစ်ပါးတွင် နိရောဓ သမာပတ်ကို ဝင်စားဆဲသော ကာလအတွင်း စုတေခြင်းပရိနိဗ္ဗာန်ပြုခြင်း မည်သည် အလျှင်းပင်မဖြစ်ကောင်းသောကြောင့်ဈာန်၏ အခြားမဲ့၌စုတိပရိနိဗ္ဗာန် ဖြစ်ကြောင်းကို ပြရာဈာန သမနန္တရ ပရိနိဗ္ဗာန်အရာ၌ ဈာနအရကိုထိုနိ ရောဓ၏ ရှေ့အနန္တရ၌ ဖြစ်သောစတုတ္ထာရုပ္ပ ဈာန်ကိုလည်း မယူအပ်

မယူသင့် မယူကောင်း။ အဘိညာဏ် ကိစ္စတပ်ခိုက်သော ရူပါဝစရ စတုတ္ထ ဈာန်၏ အခြားမဲ့၌ သေ်ကား ဈာန်အင်္ဂါကို ဆင်ခြင် သော ပစ္စဝေက္ခနာဝိထိလည်း မဖြစ်ကောင်း။ ဧတိပရိနိဗ္ဗာန်ပြုခြင်းလည်းဖြစ်ကောင်းသည်သာဖြစ်၍ဈာနသမန္တရ ပရိနိဗ္ဗာန်အရာ၀ယ်ဈာနအရကို အဘိညာဏ်ကိစ္စတပ်ခိုက်သော ရူပါဝစရကြံယာ စတုတ္ထဈာန်ကိုသာ ယူလေ။ ။ခီဏာသဝပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်သည် ဈာနသမာပဇ္ဇန ပရိနိဗ္ဗာန်။ သဘ်ါရသမ္ဘာဝနပရိနိဗ္ဗာန်။ ပစ္စဝေက္ခနာ ပရိနိဗ္ဗာန်အားဖြင့် သုံးပါးတွင် တပါးပါးဖြင့်သာ ပရိနိဗ္ဗာန်ပြုကုန်သည်။ ။ထိုသုံးပါးတို့တွင် ဈာန်မှ ထသည့်၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုခြင်းသည် သမာပတ္တိ သမာပဇ္ဇန ပရိနိဗ္ဗာန်မည်၏။ သင်္ခါရ တရားတို့ကို အနိစ္စစသည်ဖြင့်သုံးသပ်သော ဝိထိ၏အခြားမဲ့ ၌ပရိနိဗ္ဗာန်ပြုခြင်းသည်သင်္ခါရသမ္ဘာဝန ပရိနိဗ္ဗာန် မည်၏။ ဈာန်အင်္ဂါကို ဆင်ခြင်သော ဈာနင်ပစ္စဝေက္ခနာဝိထိ။ မဂ်ဖိုလ် စသည်ကို ဆင်ခြင်သော မဂ္ဂါဒိ ပစ္စဝေက္ခနာ ဝိထိ တို့တွင် တပါးပါး သော ပစ္စ ဝေက္ခနာ ဝိထိ၏ အခြား မဲ့၌ပရိ နိဗ္ဗာန် ပြုခြင်းသည်ပစ္စဝေက္ခနာပရိနိဗ္ဗာန်မည်၏။ ထိုသုံးပါးတို့တွင်ဈာနဝိထိ။ အနိစ္စစသည်ဖြင့် သုံးသပ်သော ဝိထိ။ ဈာန်အင်္ဂါ စသည်ကို ဆင်ခြင်သောဝိထိဟူသမျှသည် မနောဒွါရိကဝိထိချည်းသာ ဖြစ်သည်။ ဤသို့ ခီဏာသဝပုဂ္ဂိုလ်တို့၏သမာပတ္တိသမာပဇ္ဇနပရိနိဗ္ဗာန်သင်္ခါရသမ္ဘာဝန ပရိနိဗ္ဗာန်ပစ္စဝေက္ခနာပရိနိဗ္ဗာန်တို့တွင်တပါးပါးဖြင့်သာ ပရိနိဗ္ဗာန်ပြုမြဲဖြစ်သည်၏အဖြစ်။ဤသုံးပါးဖြင့် ပရိနိဗ္ဗာန်ပြုရာမရဏာသန္န ဝိထိတို့၏ မနောဒွါရိကဝိထိသာဖြစ်သည်၏အဖြစ်ကြောင့်။ ။ကတ္တစိပနအနုပ္ပဇ္ဇမာနဿခီဏာသဝဿယထောပဋ္ဌိတံနာမရူပဓမ္မာဒိကမေဝ ဧတိပရိယောသာနာနံဂေါစရဘာဝံဂစ္ဆတိ။ နကမ္မကမ္မနိမိတ္တာဒယော။ဟူသော ဋီကာကျော်၌ ဧတိပရိယောသာနာနံ ဟူသောစကားကို မနောဒွါရိက ဝိထိစိတ်တို့၏အစွမ်းဖြင့်သာလျှင်အရှင်သုမင်္ဂလသာမိဆရာ ဆိုတော်မူကြောင်းကို။ ။ဧတိပရိယောသာနာနန္တိ ဣဓ မနောဒွါရိကဝိထိစိတ္တာနိ ယေဝအဓိပ္ပေတာနိ။ သမာပတ္တိသမာပဇ္ဇနသင်္ခါရသမ္ဘာဝန ပစ္စဝေက္ခနေဟေဝ ပရိနိဗ္ဗာယနတော။ ။ဟူ၍မဏိမဉ္ဇူ၌ပြဆိုသည်။ ။ဤ မဏိမဉ္ဇူ၌ သမာပတ္တိသမာပဇ္ဇနအားဖြင့် ပရိနိဗ္ဗာန်ပြုသည်ဟူသော စကားကို မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌လာသော ဈာနသမန္တရ

ပရိနိဗ္ဗာန်ကိုရည်၍ဆိုသည်။သဉ္ဇါရသမ္ဘသနအားဖြင့်ပရိနိဗ္ဗာန်ပြုသည်ဟူသောစကားကိုဋီကာကျော်၌လာသော နာမရူပါဒိပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်ကိုရည်၍ ဆိုသည်။ ပစ္စဝေက္ခနာအားဖြင့် ပရိနိဗ္ဗာန်ပြုသည်ဟူသောစကားကိုမဟာ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ လာသော ဈာနင်္ဂပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်။ ပုဂ္ဂလပညတ်ပါဠိ အဋ္ဌကထာဋီကာသံယုတ်အဋ္ဌကထာတို့၌လာသော မဂ္ဂါဒိပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်အားဖြင့်နှစ်ပါးသော ပရိနိဗ္ဗာန်တို့ကိုရည်၍ဆိုသည်။ ။ထိုပရိနိဗ္ဗာန်တို့တွင်မြတ်စွာဘုရားသည်၎င်း။အရှင်သာရိပုတြာမထေရ်အစရှိသောအချို့သောခီဏာသဝ အရှင်တို့သည်၎င်း။ ဈာနင်္ဂပစ္စဝေက္ခနာ သမနန္တရပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန်ပြုကုန်၏။အရှင်ဗာကုလမထေရ်အရှင်အာနန္ဒာမထေရ် ကောဏ္ဍညီ ကိဏ္ဍာရိမ၏သား ဖြစ်သော အရှင်တိဿမထေရ်အစရှိသောအချို့သောခီဏာသဝအရှင်တို့သည် ဈာနသမနန္တရပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်၏။ အရှင်ဂေါဓိကမထေရ် အရှင်ဝက္ကလိမထေရ် အရှင်ဆန္နမထေရ် အစရှိသောအချို့သော ခီဏာသဝအရှင်တို့သည်မဂ္ဂါဒိပစ္စဝေက္ခနာသမနန္တရပရိနိဗ္ဗာန်ဖြင့်ပရိနိဗ္ဗာန်ပြုကုန်၏။ ခပ်သိမ်းသောသုက္ခဝိပဿက ရဟန္တာအရှင်တို့နှင့် အချို့သောဈာနလာဘီခီဏာသဝအရှင်တို့သည် သဉ္ဇါရသမ္ဘသန ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်၏။ ။သမာပတ္တိသမာပဇ္ဇနသဉ္ဇါရသမ္ဘသနပစ္စဝေက္ခနေဟော၊။ ။ဟူသော ယခင်မဏိမဉ္ဇူ၌ သမာပတ္တိ သမာပဇ္ဇနဝယ် သမာပတ္တိဟူသည်ကို အဘိညာဏ်ကိစ္စ တပ်ခိုက်သော ရူပါဝစရ စတုတ္ထဈာန်ကိုရည်၍သာဆိုသည်ဟုယူ။ ။အဘိညာဉ်ကို သမာပတ္တိဟုဆိုသောအရာမထင်သောကြောင့် ဝသီဘာဝသို့ရောက်စေခြင်းစသော အကျိုး၌ဝင်စားအပ်သောပကတိသမာပတ်ကိုရည်၍ပင်ဆိုသည်ဟု ယူခဲ့သော်ပြဆိုခဲ့ပြီးသောယုတ္တိအာဂမ်သာဓကစကားတို့နှင့် ဆန့်ကျင်ရာခဲ့သည်။ အရှင်အရိယဝံသဓမ္မသေနာပတိမထေရ်မြတ်သည်၍သို့ဆန့်ကျင်သောစကားကို ဆိုတော် မမူရာသည်သာဖြစ်၍ ပကတိ သမာပတ္တိဈာန်ကိုရည်၍မဆို။ အဘိညာဉ်ကိစ္စတပ်ခိုက်သောဈာန်ကိုရည်၍သာဆိုသည်ဟု ဧကန်မုချမှတ်အပ်၏။ ။ဈာနသမနန္တရ ပရိနိဗ္ဗာန်ဟူရာ၌ ဈာနအရသည်စင်စစ်မုချ ဧကန္တအားဖြင့် အဘိညာဉ်ကိစ္စတပ်ခိုက် ဖြစ်သော ရူပါဝစရကြိယာစတုတ္ထဈာန်သာဖြစ်သောကြောင့် ကြိယာအဘိညာဉ်

၏အခြားမဲ့၌ ဓိဏာသဝပုဂ္ဂိုလ်တို့ရတိပရိနိဗ္ဗာနစိတ်ဖြစ်ကောင်းသည်။ ၎င်းပရိနိဗ္ဗာနသသန္တအခါကြိယာအဘိညာဉ်ဖြစ်ကောင်းသည်ကို သိအပ်၏။ ။

ဝတ္ထာရမ္မဏာနိဿယပစ္စည်းအရာ၌ရဟိစိတ်မှ ရှေ့သတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကို အကြောင်းပစ္စည်းယူ၍ မနောဒွါရိကမရဏာသန္နဝိထိ၌အကျုံးဝင်သော အာဝဇ္ဇနျ်ဇောတဒါရုံတို့ကိုအကျိုးပစ္စယုပ္ပန်ဟုကောက်ယူသောအရာ၌အဘိညာဉ်ဒွေနှင့်တကွကောက်ယူသင့်မည်လော မကောက်ယူသင့်မည်လောဟူမူ။ ။ပြဆိုခဲ့ပြီးသော ဝတ္ထာရမ္မဏာနိဿယပစ္စည်းပစ္စယုပ္ပန်အရကိုမရဏာသန္နကာလဖြင့်သါဆုံးဖြတ်ပြဆိုသောမဏိသာရမဉ္ဇူသာဆရာ မဏိဒီပဆရာ ဒိသာပါမောက္ခဆရာနဒီကသာပဆရာစသော ဆရာတို့၏ အလိုအားဖြင့် အဘိညာဉ်ဒွေကို မကောက်မယူလို။ ။တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ငါ၏ဟာဒယဝတ္ထုကိုသိလို၏ဟုပရိကံကိုပြုခြင်းကြောင့်ထိုမိမိ၏ဟာဒယဝတ္ထုကိုပင်မှီရာအာရုံပြု၍အဘိညာဉ်စိတ်ဖြစ်ရာထိုဟာဒယဝတ္ထုသည်အဘိညာဉ်ဒွေ၏မှီရာအာရုံဖြစ်သည်ဟု ဋီကာကျော်ဆရာတို့ယူကြောင်းကို။ ။ဋီကာကျော်ပနဇ္ဈာနိမာပုဂ္ဂလောမမဟာဒယဝတ္ထုံဇာနိဿာမိတိပရိကမ္မံ ကတွာ တမေဝ နိဿယာ ရမ္မဏံ ကတွာ အဘိညာဉာဏာသဉ္ပန္နကာလေဇေတံဟာဒယဝတ္ထု အဘိညာဒွယဿနိဿယာ ရမ္မဏံဟောတိတိဝဒန္တိ။ ။ဟုပဋ္ဌာနသာရဒီပဏီ၌ပြဆိုအပ်သောဋီကာကျော်ဆရာတို့အလိုအားဖြင့်သော် အဘိညာဉ်ဒွေနှင့်တကွပင် ကောက်ယူလိုကုန်၏။ ။ဤဝါဒ၌ဥပလက္ခဏာအားဖြင့် အဘိညာဉ်ဒွေကို ပြဆိုသည်ဖြစ်၍ဤဋီကာကျော်ဆရာတို့၏အလိုအားဖြင့် ဝတ္ထာရမ္မဏာနိဿယပစ္စည်း၏ပစ္စယုပ္ပန်အရကိုအဘိညာဉ်ဒွေနှင့်တကွ မနောဒွါရာဝဇ္ဇနျ်ကာမဇောတဒါရုံဟူသောမရဏာသန္နဝိထိစိတ္တုပ္ပါဒ်တို့ကိုကောက်ယူလိုကုန်၏။ ။

ပန။ ဝါဒတပါးကိုပြဦးအံ့။ ဋီကာကျော်။ကုန်သော။အာစရိယာ။ တို့သည်။ ဈာနိမာ။ အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံသော။ ပုဂ္ဂလော။ သည်။မမ။ငါ၏။ ဟာဒယဝတ္ထုံ။ကို။ဇာနိဿာမိ။သိအံ့။ သိလို၏။ဣတိ။သို့။ ပရိကမ္မံ။ပရိကံကို။ကတွာ။ပြု၍။ ပြုခြင်းကြောင့်။ တမေဝဟာဒယဝတ္ထုံ။ ထိုရဟိစိတ်မှ ရှေ့ သတ္တရသမ စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထု ကိုပင်လျှင်။ နိဿယာရမ္မဏံ။ မှီရာအာရုံကို။ကတွာ။၍။အဘိညာဉာဏာသ။၏။ဥပ္ပန္န

ကာလေ။ဖြစ်သောကာလ၌။ဧတံဟာဒယဝတ္ထု။သည်။အဘိညာဒွယဿ။
အဘိညာဉ်ဒွေ၏။နိဿယာရမ္မဏံ။သည်။ ဟောတိ။၏။ဣတိ။သို့။ ဝဒန္တိ။
ကုန်၏။ ။ဤကေစွေဆရာတို့၏ဝါဒ၌ ဝတ္ထာရမ္မဏနိဿယပစ္စည်း၏
ပစ္စယုပ္ပန်အရကို နိဿယပစ္စယာ အာရမ္မဏေတိကံ အစရှိသော ပါဠိ
တော်ကိုထောက်၍ ကုသိုလ်အကုသိုလ်အဗျာကတဖြစ်သော မရဏာ
သန္နဝိထိစိတ်အားလုံးကိုကောက်ယူသင့်လျက် အဘိညာဉ်ဒွေမျှကိုသာ
ကောက်ယူ သောကြောင့် အဗျာပိတဒေါသ ရောက်ကြောင်းကို ။
တေသံဝါဒေအဗျာပိတဒေါသော အာပဇ္ဇတိ နဟိဧတံ ဝတ္ထု၊အဘိညာ
ဒွယဿေဝနိဿယာရမ္မဏံဟောတိအကုသလာဒီနမ္ပိနိဿယာရမ္မဏံ
သမ္ဘဝတိ။ အာရမ္မဏ ပစ္စယာ နိဿယေတိကံတိစ။ နိဿယပစ္စယာ
အာရမ္မဏေတိကံတိစသမ္ဗန္ဓာယဝိရောဓောပိအာပဇ္ဇတိ။ ။ဟုရင်း၌ပြ
ဆိုသော ဆရာတို့၏ အလိုအားဖြင့်လည်း အဘိညာဉ်ဒွေနှင့် တကွပင်
ကောက်ယူလိုကုန်၏။ ။တေသံ၊ ထိုကေစွေဆရာတို့၏။ ဝါဒေ။၌။ အ
ဗျာပိတဒေါသော။အလုံးစုံကိုမနှံ့ခြင်းဟူသော အဗျာပိတဒေါသသည်။
အာပဇ္ဇတိ။ရောက်၏။ဟိသစ္စံ။မှန်၏။ဧတံဝတ္ထု။ထိုစုတိစိတ်မှပြန်၍ရေ
သော်သတ္တရသမစိတ်နှင့်အတူဥပါဒ်သော်ဟာဒယဝတ္ထုသည်။အဘိညာ
ဒွယဿေဝ။ အဘိညာဉ်နှစ်ပါး၏သာလျှင်။ နိဿယာရမ္မဏံ၊ သည်။ န
ဟောတိ။ ဖြစ်သည်မဟုတ်။အကုသလာဒီနံပိ။ အကုသိုလ်စသည်တို့၏
လည်း။နိဿယာရမ္မဏံ။သည်။ သမ္ဘဝတိ။ဖြစ်၏။ နိဿယပစ္စယာ အာ
ရမ္မဏေတိကံတိစ၊ တိကံဟူ၍ရင်း။ အာရမ္မဏပစ္စယာနိဿယေတိကံ
တိစ။တိကံဟူ၍ရင်း။သမ္ဗန္ဓာယ။ ဟောတော်မူအပ်သောတိကံဟူသော
သမ္ဗန္ဓာနှင့်။ ဝိရောဓောပိ။ ဆန့်ကျင်ခြင်းသည်လည်း။ အာပဇ္ဇတိ။ဖြစ်၏။
ဣတိ။သို့။အာစရိယာ။တို့သည်။ဝဒန္တိ။ကုန်၏။ ။ပဋ္ဌာန်းအကောက်တို့
၌လည်းစုတိစိတ်မှပြန်၍ရေသော်တဆယ့်ခုနစ်ချက်မြောက်သော စိတ်
နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကို အကြောင်း ပစ္စည်းယူ၍ ထိုဝတ္ထု
လျှင်မှီရာအာရုံရှိသောအကျိုးပစ္စယုပ္ပန်တရားတို့ကိုကောက်ရာ အချို့အ
ရကောက်တို့၌သာအဘိညာဉ်ဒွေနှင့်တကွကောက်ယူကုန်သည်။အချို့
အရကောက်တို့၌အဘိညာဉ်ဒွေနှင့်တကွ မကောက်မယူကုန်။ ။ထို
ဝါဒနှစ်ပါးတို့တွင် အဘိညာဉ် ဒွေနှင့်တကွ ကောက်ယူသော ဆရာတို့
၏အလို အာဘော် ကိုရှေးဦးစွာ ပြအံ့။ ။ဈာန သမနန္တရ ပရိနိဗ္ဗာန်

အရာ၌ ကြိယာ အဘိဓာန်ညွှ ဓော နောင် ပရိနိဗ္ဗာန် ပြုကောင်းသည်။ ထိုသို့ ပရိနိဗ္ဗာန် ပြုရာ ကြိယာ အဘိညာဉ် ဓော သည်ပင် မရဏာသန္နကာလ၌ ဖြစ်ကောင်းသည်ကို ထောက်၍ စုတိစိတ်မှ ရှေးသတ္တုရသမစိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုကိုမှီရာအာရုံပြု၍ မရဏာသန္န ဝိထိ စိတ်တို့ ဖြစ်ရာ၌လည်း ကြိယာအဘိညာဉ်ဓောသည် မရဏာသန္န ဓော၏ အဖြစ်ဖြင့် ဖြစ်နိုင်ရာသည်။ ယင်းသို့ စုတိစိတ်မှ ရှေးသတ္တရသမစိတ်နှင့်အတူဥပါဒ်သော ပစ္စုပ္ပန်ဟာဒယဝတ္ထုကိုမှီရာ အာရုံပြု၍မရဏာသန္နအခါကြိယာအဘိညာဉ်ဓော ဖြစ်နိုင်သည်ကိုထောက်သဖြင့်လည်း ကုသိုလ်အဘိညာဉ်ဓောသည်လည်း ထိုအခါထိုသို့သော အခြင်းအရာအားဖြင့်ဖြစ်နိုင်ရာ၏ဟု နှလုံးထား၍ထိုပစ္စုပ္ပန် ဟာဒယဝတ္ထုလျှင်မှီရာအာရုံရှိသော မရဏာသန္နစိတ်တို့ကို ကောက်ရာ အဘိညာဉ်ဒွေနှင့်တကွ ကောက်ယူတော်မူကြသည် ဖြစ်ကုန်ရာသည်။ ။အဘိညာဉ်ခုနစ်ပါးတွင်ကား ပုဗ္ဗေနိဝါသ အဘိညာဉ်သည် အတိတ်ခန္ဓာစသည်ကိုသာအာရုံပြုသည်။ အနာဂတံသအဘိညာဉ်သည်လည်း အနာဂတ်ခန္ဓာစသည်ကိုသာအာရုံပြုသည်ဖြစ်၍ ထိုအဘိညာဉ်နှစ်ပါးသည် ပစ္စုပ္ပန်တရားလျှင် အာရုံရှိသောဝတ္ထာရမ္မဏာ နိဿယပစ္စည်း၏အကျိုးပစ္စယုပ္ပန်တရားတို့ကိုကောက်ယူပြဆိုသော ဤအရာနှင့်မဆိုင်။ ကာလဘေဒဖြစ်၍ ထိုအဘိညာဉ်နှစ်ပါးကို ဤအရာ၌မကောက်မယူသင့်။ ။ယထာကမ္မုပဂအဘိညာဉ်သည်အတိတ်ကံကိုသာအာရုံပြုသည်။ စေတောပရိယအဘိညာဉ်သည်လည်းသူတပါးတို့၏စိတ်ကိုသာလျှင် အာရုံပြုသည်။ဒိဗ္ဗစက္ခုအဘိညာဉ်သည်လည်းပစ္စုပ္ပန်ရူပါရုံကိုသာအာရုံပြုသည်။ဒိဗ္ဗသောတအဘိညာဉ်သည်လည်း ပစ္စုပ္ပန်သဒ္ဒါရုံကိုသာအာရုံပြုသည်ဖြစ်၍ ဤအဘိညာဉ်လေးပါးလုံးပင် ပစ္စုပ္ပန်ဟာဒယဝတ္ထုလျှင် မှီရာအာရုံရှိသော ဝတ္ထာရမ္မဏာနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ကို ကောက်ယူပြဆိုသော ဤအရာနှင့်မဆိုင်။ အာရမ္မဏာသရူပဘေဒဖြစ်၍။ ၎င်းအဘိညာဉ်လေးပါးကိုလည်းဤအရာ၌ မကောက်မယူသင့်ရာ။ ။အဓိဋ္ဌာနိဒ္ဓိဝိကုပ္ပနိဒ္ဓိမနောမယိဒ္ဓိဟူသောဣဒ္ဓိဝိဓအဘိညာဉ်သုံးပါးတွင်လည်းအရှင်မဟာမောဂ္ဂလာန်မထေရ်သည်နန္ဒောပနန္ဒနဂါးမင်းကိုဆုံးမရာမိမိကိုယ်ကိုနဂါးအသွင်အယောင်ဂဠုန်အသွင်အယောင် ဖန်ဆင်းသကဲ့သို့မိမိကိုယ်ကိုအသွင်တပါးဖန်ဆင်းခြင်းသာ ဝိကုပ္ပနိဒ္ဓိမည်သည်။

ရူပကာယကိုနာမကာယသို့အစဉ်လိုက်စေသည်၏အစွမ်းဖြင့် စိတ္တက္ခဏာတချက်ခန့်မျှဖြင့်ဖြဟ္မဘုံစသော ဝေးစွာသောအရပ်သို့သွားရောက်နိုင်ခြင်းစသည်ကိုပြုသော ဈာန်ဒွိသည်သာ မနောမယိဒ္ဓိမည်သည်ဖြစ်၍ ဤဝိကုပ္ပနိဒ္ဓိမနောမယိဒ္ဓိ နှစ်ပါး သည်လည်း ဝတ္ထုရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ကိုပြဆိုသော၍အရာနှင့်မဆိုင်သောကြောင့် ယင်းနှစ်ပါးကိုလည်း မကောက်မယူသင့်ရာ။ ။ဗျာနသမန္တရပရိနိဗ္ဗာန်အရာ၌ဗျာနအရကိုတေဇောဝါတ်လျှင်အာရုံရှိသောအဘိဉ္ဉာနိဒ္ဓိဖြစ်သောဈာန်ဒွိဝိဓအဘိဉာဉ်ကိုယူရသကဲ့သို့၍ ဝတ္ထုရမ္မဏနိဿယပစ္စည်း၏ ပစ္စယုပ္ပန်အရကိုပြဆိုကောက်ယူသောအရာ၌လည်းအဘိဉာဉ်ဒွေအရကို စုတိစိတ်မှရှေ့သတ္တရသမစိတ်နှင့်အတူဥပါဒ်သောပစ္စုပ္ပန်ဟဒယဝတ္ထုလျှင်မှီရာအာရုံရှိသော အဓိဋ္ဌာနိဒ္ဓိဖြစ်သော ဈာန်ဒွိဝိဓအဘိဉာဉ်ကိုသာ ကောက်ယူရမည်ဟုလိုကုန်၏။ ။အချို့သောဆရာတို့ကား ဒိဗ္ဗစက္ခု အဘိဉာဉ်ဖြင့် ဟဒယဝတ္ထု၏ တည်မှီရာ နှလုံးသွေးကိုအာရုံပြု၍ ကြည့်ရှုသောပုဂ္ဂိုလ်အားထိုနှလုံးသွေး၌တည်သောဟဒယဝတ္ထုသည် ထိုအဘိဉာဉ်၏အာရုံဖြစ်ရာသောကြောင့်၍ဂတ္ထုရမ္မဏနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားကိုကောက်ယူရာအဘိဉာဉ်ဒွေအရကိုဒိဗ္ဗစက္ခု အဘိဉာဏ်ကိုယူရမည်ဟုဆုံးဖြတ်ပြဆိုကုန်၏။ ။အချို့ဆရာတို့လည်း ကရဇကာယကိုအာရုံပြု၍ ဈာန်ဒွိဝိဓအဘိဉာဉ်ဖြစ်ခိုက် ထိုအဘိဉာဉ်သည် ကရဇကာယ၌အကျုံးဝင်သော ဟဒယဝတ္ထုကိုလည်း အာရုံပြုသည်ပင်မည်ရာသောကြောင့် ဤဝတ္ထုရမ္မဏ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်အရကိုကောက်ယူပြဆိုသောအရာ၌အဘိဉာဉ်ဒွေနှင့်တကွပင် ကောက်ယူရမည်ဟုလိုကုန်၏။ ။ဝတ္ထုရမ္မဏနိဿယပစ္စည်း၏ ပစ္စယုပ္ပန်အရကိုကောက်ယူရာ အဘိဉာဉ်ဒွေကို မကောက်မယူသင့်ဟု အယူရှိသောမဏိသာရမဉ္ဇူသာစသောဆရာတို့၏ အလိုအာဘော်ကိုပြဦးအံ့။ ။ထိုအဘိဉာဉ်ကိုအဓ္ဓသမာပတ္တိလာဘီပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်သည်။ ထိုပုဂ္ဂိုလ်တို့တွင်လည်းကုသိုလ်အဘိဉာဉ်သည်အာသဝေါမကုံသေးသောပုထုဇန်သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌သာဖြစ်ကောင်းသည်။ ထိုပုထုဇဉ်သေက္ခတို့သည်လည်း မကုံသေးသော အာသဝမကုံသေးသောဇာတိရှိကုန်ရကား။စုတိစိတ်၏အခြားမဲ့ဝယ် မချုတ်ပင်ပဋိသန္ဓေနေရကြဦးမည်ဖြစ်သည်ဖြစ်၍ မိမိတို့ရအပ်သောသမာပတ်ရှစ်ပါးတွင် အ

ကြင်သမာပတ်ကို များစွာလေ့လာဝင်စားအံ့။ အနန္တရဘာဝဝယ်ထိုဈာန်၏အကျိုးပေးရာဖြစ်ဟူ၍ဘုံ၌သာဖြစ်ရကုန်သည်။ မပြတ်လေ့လာဝင်စားအပ်သောအာစိဏ္ဏဈာန်ချည်းသာဖြစ်ခဲ့သော် ပုဂ္ဂိုလ်အလိုရှိအပ်တောင့်တအပ်သောဖြစ်လိုသော ဖြစ်ဟူ၍ဘုံ၌ ဖြစ်ရကြကုန်သည်။ အထူးတောင့်တခြင်းမရှိခဲ့သော်သေခါနီးဝင်စားအပ်သောဈာန်၏ အကျိုးပေးရာဘုံ၌ဖြစ်ကြရကုန်သည်။အထူးတောင့်တခြင်းသေခါနီးအခါဈာန်ကိုဝင်စားခြင်းလည်းရှိခဲ့မူထိုသမာပတ်ရှစ်ပါးတွင် အမြတ်ဆုံးဖြစ်သော သမာပတ်၏အကျိုးပေးရာဘုံ၌သာ ဖြစ်ကြရမြဲဖြစ်ရကား နေဝသညာ နာသညာယတနဘုံ၌သာ ဖြစ်ရကုန်သည်။ ။ဤဈာနလာဘီပုဂ္ဂိုလ်တို့၏ အနန္တရဘာဝဝယ်ဖြစ်လတံ့ဘုံအရကိုပြဆိုရာ၌စကားကို။ ။အဋ္ဌသမာပတ္တိလာဘိနံပနကိံနိယမေတိ။ပဂုဏဈာနံ။ယဒေဝသပဂုဏံဟောတိ။တေနေဝဥပပဇ္ဇတိ။ သဗ္ဗေသုပဂုဏေသုကိံနိယမေတိ။ ပစ္ဆိမာ။ ယတ္ထဥပပတ္တိံပတ္ထေတိတတ္ထေဝ။ပတ္ထနာယအသတိကိံနိယမေတိ။ မရဏသမယေ သမာပန္နာ သမာပတ္တိ။ မရဏသမယေ သမာပန္နာနတ္ထိ ကိံနိယမေတိ။နေဝသညာနာသညာယတနသမာပတ္တိ။ ဧကံသေနေဝဟိ နေဝသညာနာသညာယတနေဥပပဇ္ဇတိ။ ။ဟူသော သမ္မောဟဝိနောဒနီဓမ္မဟဒယဝိဘင် အဋ္ဌကထာ။ ။ကိံနိယမေတီတိကိံဈာနံ ဥပပတ္တိံ နိယမေတိ။ ။ဟူသောဋီကာ၊ ။ကိံဈာနန္တိအဋ္ဌသုဈာနေသုကတရံဈာနံ။ ။ဟူသောဋီကာ၊ အနုဋီကာတို့ကိုမှီ၍ ဆိုလိုက်သည်။ ။အဋ္ဌသမာပတ္တိလာဘိနံ။ သမာပတ်ရှစ်ပါးလုံးကိုရကုန်သောပုဂ္ဂိုလ်တို့အား။ကိံ။ဈာနံ။အဘယ်ဈာန်သည်။နိယမေတိ။အနန္တရဘာဝဝယ်ဖြစ်ရလတံ့ပဋိသန္ဓေကိုမှတ်သနည်း။ ပဂုဏဈာနံ။ မပြတ်လေ့လာ သုံးစွဲမှီဝဲဝင်စားအပ်သောဈာန်သည်။နိယမေတိ။ကိုမှတ်၏။ယဒေဝ။ အကြင်ဈာန်ကိုသာလျှင်။အသ။ထိုဈာနလာဘီပုဂ္ဂိုလ်အား။ပဂုဏံ။ မပြတ်လေ့လာသုံးစွဲမှီဝဲဝင်စားအပ်သည်။ဟောတိ။၏။တေနေဝ။ ထိုမပြတ်လေ့လာသုံးစွဲမှီဝဲဝင်စားအပ်သောဈာန်ဖြင့်သာလျှင်။ ဥပပဇ္ဇတိ။ ထိုဈာန်၏အကျိုးပေးရာဘုံ၌ဖြစ်ရပဋိသန္ဓေနေရ၏။သဗ္ဗေသု။ အလုံးစုံသောဈာန်တို့သည်။ပဂုဏေသု။ မပြတ်လေ့လာသုံးစွဲမှီဝဲဝင်စားအပ်သော ဈာန်တို့ချည်းဖြစ်ခဲ့သော်။ကိံ။ အဘယ်ဈာန်သည်။ နိယမေတိ။နည်း။ ပစ္ဆိမာ။ တောင့်တခြင်းသည်။နိယမေတိ။၏။ယတ္ထ။အကြင်ဘုံ၌။ဥပပတ္တိံ။ပဋိသန္ဓေနေခြင်း

ကို။ပဝ္တေ္တတိ။တောင့်တ၍။တဝ္တေ္တ၀။ ထိုတောင့်တအပ်တိုင်းသောဘုံ၌
သာလျှင်။ဥပပဇ္ဇတိ။ပဋိသန္ဓေအားဖြင့်ဖြစ်၏။ပဏ္ဏနာယ။ အလိုးတောင့်
တခြင်းသည်။အသတိ။မရှိခဲ့သော်။ကိံ။သည်။နိယမေတိ။နည်း။ မရဏ
သမယေ။သေခါနီးကာလ၌။သမာပန္နာ။ ဝင်စားအပ်သော။ သမာပတ္တိ။
သမာပတ်သည်။နိယမေတိ။၏။ မရဏသမယေ။၌။ သမာပန္နာ။ သော။
သမာပတ္တိ။သဥ်။နတ္ထိ။မရှိခဲ့အံ့။ကိံ။သည်။နိယမေတိ။နည်း။ နေ၀သညာ
နာသညာယတနသမာပတ္တိ။ သည်။နိယမေတိ။၏။ဟိသစ္စံ။ မှန်၏။ကောံ
သေနေ၀။ စင်စစ်အားဖြင့်သာလျှင်။သော။ ထိုနိကန္တိစသည်အလိုးမရှိ
သောအဇ္ဈသမာပတ္တိလာဘီပုဂ္ဂိုလ်သည်။ နေ၀သညာ နာသညာယတ
နေ။ဘုံ၌။ ဥပပဇ္ဇတိ။၏။ ။ကိံနိယမေတီတိ။ တိဟူသည်ကား။ ကိံ
ဈာနံ။အဘယ်ဈာန်သည်။ဥပပတ္တိံ။ပဋိသန္ဓေကို။ နိယမေတိ။နည်း။ ။
ကိံဈာနန္တိ။ကိံဈာနံဟူသည်ကား။ အဇ္ဈသုဈာနေသု။ ရှစ်ပါးသောဈာန်
တို့တွင်။ကတရံဈာနံ။ အဘယ်ဈာန်သည်။ နိယမေတိ။နည်း။ ။ဤသို့
ဈာနလာဘီပုထုဇဥ် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၌
ထိုက်သည်အားလျော်စွာဖြစ်ကောင်းရာဖြိုဟ္ဓဘုံအလိုးကိုသိလေ။ ။
ထိုပုဂ္ဂိုလ် တို့အားမရဏာသန္နအခါ ဖြစ်ကုန်သောမဟာကုသိုလ်ဇော
တို့သည် ထိုက်သည်အားလျော်စွာ ပညတ်တရားမဟဂ္ဂုတ်တရားဖြစ်
သောကမ္မနိမိတ်ကိုသာ အာရုံပြုကုန်သည်။ ကာမာ၀စရ တရားတို့ကို
အာရုံမပြုနိုင်။ အနန္တရဘဝ၀ယ်ကာမဘုံ၌ ဖြစ်လတံ့သော ပုဂ္ဂိုလ်တို့၏
မရဏာသန္နဝိထိစိတ်တို့သည်ကာမာ၀စရဖြစ်ကုန်သောကံကမ္မနိမိတ်
ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကိုသာအာရုံပြုမြဲဖြစ်သောကြောင့်
ဤ ၀ဏ္ဏာရမ္မဏ နိဿယပစ္စည်း ပစ္စယုပ္ပန် တရားတို့ကိုပြရာ ပစ္စည်း
တရားအရသည်ဟာဒယ၀တ္ထုရုပ်ဖြစ်သော ကာမတရားသာဖြစ်ရကား
ထိုဟာဒယ၀တ္ထုရုပ်ဟူသော ကမ္မနိမိတ်လျှင်အာရုံရှိသော မရဏာသန္န
ဝိထိနောင်စုတိကျသော ပုဂ္ဂိုလ်တို့သည်လည်း အနန္တရဘဝ၀ယ်ကာမ
ဘုံ၌ဖြစ်လတံ့သော ပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်သည်။ ဈာနလာဘီဖြစ်ကုန်
သောကာမပုထုဇဥ်သောတာပန်သကဒါဂါမ်တို့သည်ကာမဘုံ၌ဖြစ်လို
သောနိကန္တိရှိခဲ့သော်အနန္တရဘဝ၀ယ်ကာမသုဂတိခုနစ်ဘုံတွင် တဘုံ
ဘုံ၌ဖြစ်ကောင်းသော်လည်းထိုပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ဖြစ်လိုသော
နိကန္တိရှိသည်မှစ၍ မိမိရပြီးသောဈာန်ကို လေ့လာ၀င်စားခြင်းကိုမပြု

ပြီ။ စွန့်လွှတ်အပ်သောဈာန်ရှိသည်သာဖြစ်ကုန်ရကားစုတေခါနီးကာလ
ဝယ်အဘိညာဉ်ကိုဝင်စားမည်ကိုမဆိုထားဘိ။ ဈာနသမာပတ်ကိုမျှဝင်
စားခြင်းကိုမပြုကုန်ရာသည်သာဖြစ်၍စုတိစိတ်မှရှေ့သတ္တရသမဘဝင်
စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ် ကမ္မနိမိတ်လျှင် မှီရာအာရုံရှိ
သောမရဏာသန္နမနောဒွါရိကဝီထိ၏နောက်၌စုတိကျ၍ ကာမသုဂတိ
ဘုံ၌ဖြစ်လတ့်သော ထိုပုထုဇဉ်သောတာပန် သကဒါဂါမ်တို့အား မရ
ဏာသန္နအခါကုသိုလ်အဘိညာဉ်သည် အလျှင်းပင် မဖြစ်နိုင်ရာ။ ။
ယင်းသို့မရဏာသန္နအခါ ကုသိုလ်အဘိညာဉ် မဖြစ်ကောင်းခဲ့ကလည်း။
ကြိယာအဘိညာဉ်သည်လည်းမရဏာသန္နအခါမဖြစ်ကောင်းခဲ့ရာ။ ဤ
သို့နှလုံးပြု၍ ဝတ္ထာရမ္မဏ နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်တရားအရကို
ကောက်ယူပြဆိုရာအဘိညာဉ်ဒွေကို မကောက်မယူကြသည် ဖြစ်ကုန်
ရာသည်။ ။ဤဝတ္ထာရမ္မဏနိဿယပစ္စည်း ပစ္စယုပ္ပန်အရကို ပဝတ္တိ
ကာလဖြင့်သာဆုံးဖြတ်ပြဆိုသောဆရာတို့သည်လည်း ပစ္စုပ္ပန်ဟဒယ
ဝတ္ထုလျှင်မှီရာအာရုံရှိသောအဘိညာဉ်ကိုမရဏာသန္နအခါမရကောင်း
ရာဖြစ်၍ဤပစ္စည်း ပစ္စယုပ္ပန်အရကိုမရဏာသန္နကာလဖြင့် ယူခဲ့သော်
ပစ္စယုပ္ပန်တရားအရ၌ အဘိညာဉ်ဒွေမပါကျန်လွတ်ရာခဲ့သည်။ အာရမ္မ
ဏပစ္စယာနိဿယေတိက်စသည်၌တိက်၏သရုပ်အပြားကို။ အဗျာက
တောအဗျာကတဿအဗျာကတော အကုသလဿအဗျာကတောကု
သလဿ။ ဟူ၍သာမညအားဖြင့်သာပြသောကြောင့် အဗျာကတောအ
ဗျာကတဿ၌။ အဗျာကတဿဟူသောသမ္ဗန္ဓိန်အရကို ကြိယာအဘိ
ညာဉ်နှင့်တကွ ယူသင့်ရာသည်။ အဗျာကတောကုသလဿ၌။ ကုသ
လဿဟူသော သမ္ဗန္ဓိန် အရကိုလည်း ကုသိုလ် အဘိညာဉ်နှင့်တကွ
ကောက်ယူသင့်ရာသည်။ ထိုအဘိညာဉ်ဒွေသည်လည်းဟဒယဝတ္ထုရုပ်
ကိုမှီနိုင်အာရုံပြုနိုင်သည်သာဖြစ်၍ ဝတ္ထာရမ္မဏနိဿယပစ္စည်း၏ ပစ္စ
ယုပ္ပန် အရကို အဘိညာဉ်ဒွေနှင့်တကွ ရယူနိုင်အောင် ဤဝတ္ထာရမ္မဏ
ပစ္စည်း၏ပစ္စယုပ္ပန်အရကို ပဝတ္တိကာလဖြင့်သာ ပြဆိုကောက်ယူ သင့်ရာ
သည်ဟုနှလုံးပြု၍ပဝတ္တိကာလဖြင့်ပြဆိုကြသည်ဖြစ်ကုန်ရာသည်။ ။
အချို့ဆရာတို့ကား ဤဝတ္ထာရမ္မဏပစ္စည်းပစ္စယုပ္ပန်အရကိုမရဏာသန္န
အခါ၌ မရကောင်းပဝတ္တိအခါ ဟဒယဝတ္ထု ဟူသော ပစ္စုပ္ပန်ဓမ္မာရုံကို
အာရုံပြု၍ဖြစ်သော မနောဒွါရိကဝီထိဝယ် ထိုပစ္စုပ္ပန်ဟဒယဝတ္ထုဖြစ်

သောဝမ္မာရုံသည် စိတ္တက္ခဏတချက်လွန်ရုံမျှဖြင့် မနောဒွါရ၌ထင်ခြင်း
သို့ရောက်သော ဝတ္ထုဖြစ်အံ့။ အတီတ ဘဝင် တကြိမ် ဘဝင် စလန
ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်ဇော ၇ ကြိမ်တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးမှ
ဒုတိယတဒါရုံနောင် စတုတ္ထဘဝင်နှင့်ပြိုင်၍ချုပ်၏။ အစဉ်အတိုင်းအတိ
တဘဝင်နှစ်ချက်လွန် သုံးချက်လွန် လေးချက်လွန် ငါးချက်လွန် သော
အတီတဘဝင်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုဖြစ်အံ့။ တတိယဘဝင်
ဒုတိယဘဝင် ပဌမဘဝင် ဒုတိယတဒါရုံတို့နှင့် ပြိုင်၍ချုပ်၏။ ဤစိတ်တို့
တွင်မနောဒွါရဝိထိ၏ ရှေ့နောက် ဘဝင်တို့သည် မိမိတို့၏ ရှေ့အနန္တရ
စိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုမှီ၍ ဤဘဝယူခဲ့ရင်းပဋိသန္ဓေ
စိတ်၏အာရုံကို အာရုံ ပြုကုန်၏။ မနော ဒွါရာဝဇ္ဇန် ဇောတဒါရုံ တို့တွင်
ကား မနောဒွါရာဝဇ္ဇန်သည် မိမိရှေ့အနန္တရ ဘဝင်နှင့်အတူ ဥပါဒ်သော
ဟာဒယ ဝတ္ထုကိုမှီ၍။ ပဌမဇောသည် မနောဒွါရာ ဝဇ္ဇန်နှင့် အတူဥပါဒ်
သောဟာဒယဝတ္ထုကိုမှီ၍။ ဒုတိယဇောအစ ဒုတိယတဒါရုံအဆုံးရှိသော
စိတ်တို့သည်လည်းအစဉ်အတိုင်း ပဌမဇောစသော မိမိတို့ရှေ့အန န္တရ
စိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုမှီကုန်၍။ ရှေးဦးအစ အတီတ
ဘဝင်နှင့်အတူ ဥပါဒ်သောပစ္စုပ္ပန် ဟာဒယဝတ္ထုကိုသာ အာရုံပြုကုန်၏။
ဤသို့အာဝဇ္ဇန်ဇောတဒါရုံတို့သည် အသီးအသီးသောဟာဒယဝတ္ထုကိုမှီ
၍မှီရာဟာဒယ ဝတ္ထုမှတပါးအခြားသော ဟာဒယဝတ္ထုကိုသာ အာရုံပြု
ကုန်သော်လည်း ထိုစိတ်တို့၏မှီရာလည်း ဟာဒယဝတ္ထုအာရုံလည်းဟာဒ
ယဝတ္ထုဖြစ်ရကားမှီရာအာရုံတို့၏ ဟာဒယဝတ္ထုအဖြစ်ဖြင့်တူသည်ကိုစွဲ
၍သာဟာဒယဝတ္ထု၏ နိဿယသတ္တိ အာရမ္မဏသတ္တိတို့ဖြင့်မနောဒွါရာ
ဝဇ္ဇန်ဇော တဒါရုံဟူသော ကုသိုလ်အကုသိုလ် အဗျာကတ တရားတို့
အားကျေးဇူး ပြုကြောင်းကို ရည်၍သာ။ အာရမ္မဏပစ္စယာ နိဿယေ
တိဏိ။ နိဿယပစ္စယာအာရမ္မဏေတိဏိ အစရှိသည်ကိုဟောတော်မူ
သည်။စင်စစ်အားဖြင့် တခုတည်းသော ဟာဒယဝတ္ထုသည် တခုတည်း
သောခဏ၌တပြိုင်တည်း ထိုကုသိုလ်အကုသိုလ် အဗျာကတဖြစ်သော
မနောဒွါရာဝဇ္ဇန်ဇော တဒါရုံတို့အား နိဿယသတ္တိအာရမ္မဏသတ္တိတို့
ဖြင့်ကျေးဇူးပြုခြင်းငှာမစွမ်းနိုင်ဟုယူကုန်၏။ ။ဟာဒယဝတ္ထု၏ပစ္စုပ္ပန်
တရားတို့အား နိဿယပစ္စယသတ္တိ အာရမ္မဏပစ္စယသတ္တိ နှစ်ပါးစုံတို့
ဖြင့် တပြိုင်တည်း ကျေးဇူး ပြုနိုင် ခြင်းကို မရအပ်မရကောင်း။ ဟာဒ

ယဝတ္ထုဖ၏နိဿယ အခြင်းအရာအားဖြင့် ကျေးဇူးပြုနိုင်သည့်၏ အဖြစ်တည်းဟူသောသတ္တိ။ အာရုံအခြင်းအရာအားဖြင့် ကျေးဇူးပြုနိုင်သည့်၏ အဖြစ်တည်းဟူသောသတ္တိကိုမစွန့်သည့်၏အဖြစ်ကိုရည်၍ သာပဋ္ဌာန်းပါဠိတော်၌။ နိဿယပစ္စယာ အာရမ္မဏောတိကဂ်ိဟူ၍ဂ်ိုင်း။ အာရမ္မဏပစ္စယာ နိဿယေ‌ာတိကဂ်ိဟူ၍ဂ်ိုင်းဟောတော်မူသည်ဟု ရွှေကျောင်းသင်္ဃရာဇာ ဆရာတော်စတုရင်္ဂဗလအမတ်ကြီး စသောဗဟုဿုတ ဆရာတို့ဆိုကြကြောင်းကို။ ။သုဝဏ္ဏဝိဟာရ သံဃရာဇ စတုရင်္ဂဗလာဒယောပန ဗဟဝေါဗဟုဿုတာစရိယာ နိဿယာကာရသတ္တိစအာရမ္မဏာကာရသတ္တိစာတိ ဒွေသတ္တိယော ဧကတောနလဗ္ဘန္တိ ဟာဒယဝတ္ထုနော နိဿယာကာရသတ္တိယာစ အာရမ္မဏာကာရ သတ္တိယာစ အဝိဇဟာနမေဝ သန္ဓာယ နိဿယပစ္စယာ အာရမ္မဏေတိကဂ်ိတိစ အာရမ္မဏ ပစ္စယာ နိဿယေတိကဂ်ိတိစ ဂဏ္ဍနံ့ဝဒန္တိ။ ။ဟုပဋ္ဌာနသာရ ဒီပကဂ်ိ၌ပြဆို၏။ ။ပန။အယူတပါးကိုပြဦးအံ့။ သုဝဏ္ဏဝိဟာရ သံဃရာဇစတုရင်္ဂဗလာဒယော။ ရွှေကျောင်းသံဃရာဇာ မဟာထေရ်မြတ် စတုရင်္ဂဗလအမတ်ကြီးအစရှိကုန်သော။ ဗဟဝေါ။များစွာကုန်သော။ ဗဟုဿုတာစရိယာ။ဗဟုသုတဆရာတို့သည်။ ဝတ္ထုနော။ ဟာဒယဝတ္ထု၏။ ဝါ။အား။ နိဿယာကာရသတ္တိစ။ ပစ္စယုပ္ပန်တရားတို့အား မှီရာဖြစ်သောအခြင်းအရာအားဖြင့်ကျေးဇူးပြုနိုင်သည့်၏ အဖြစ်တည်းဟူသော အစွမ်းသတ္တိ ၎င်း။အာရမ္မဏာကါရသတ္တိစ။အာရုံဖြစ်သေ‌ါအခြင်းအရာအားဖြင့်ကျေးဇူးပြုနိုင်သည့်၏အဖြစ်တည်းဟူသောအစွမ်းသတ္တိ၎င်း။ဣတိ။သို့။ဒွေသတ္တိယော။ နှစ်ပါးသောသတ္တိတို့ကို။ ဧကတော။ တပြိုင်နက်။ နလဗ္ဘန္တိ။မရအပ်ကုန်။ ဟာဒယဝတ္ထုနော။၏။ နိဿယာကာရသတ္တိယာစ။ နိဿယာကာရသတ္တိကို၎င်း။ အာရမ္မဏာကာရ သတ္တိယာစ။ ကို၎င်း။ အဝိဇဟာနမေဝ။ မစွန့်ခြင်းကိုသာလျှင်။ သန္ဓာယ။ရည်၍။ နိဿယပစ္စယာအာရမ္မဏောတိကဂ်ိတိစ။တိကဂ်ိဟူ၍၎င်း။ အာရမ္မဏပစ္စယာ နိဿယေတိကဂ်ိတိစ။ဟူ၍၎င်း။ပဋ္ဌာနေ။၌။ဂဏ္ဍနံ။၏။ဣတိ၊သို့။ဝဒန္တိ။ဆိုကုန်၏။ ။ဤဗဟုသုတဆရာတို့ အလိုအားဖြင့်လည်း မနောဒွါရဝိထိ၌ အကျုံးဝင်ကုန်သော မနောဒွါရာဝဇ္ဇန်ဇော တဒါရုံစိတ်တို့သည် အသီးအသီးမိမိတို့ရှေ့အနန္တရစိတ်နှင့်အတူဥပါဒ်သေ‌ါဟာဒယဝတ္ထုကိုမှီကုန်၍ ယင်းဝိထိ၏ရှေ့အတိတဘဝင်နှင့်အတူဥပါဒ်သေ‌ါဟာဒယဝတ္ထုကိုအာရုံပြုကုန်သည်ဖြစ်၍မှီရာ

ဝတ္ထုတခြားအာရုံဝတ္ထုတခြားစီ ဖြစ်သော်လည်းထိုဟဒယဝတ္ထုတို့၏မှီ
ရာ၏အဖြစ်အာရုံ၏အဖြစ်ဖြင့်ကျေးဇူးပြုခြင်းသဘောသတ္တိကိုမစွန့်သည်
ကိုရည်၍သာနိဿယပစ္စယာအာရမ္မဏောတိကဲစသော စကားကိုဟော
တော်မူလေသည်ဟုယူ၍ ဤဝတ္ထာရမ္မဏာနိဿယပစ္စည်းကိုပဝတ္တိကာလ
ဖြင့်ပင်ယူလိုကုန်၏။ ။ကေစွေပနအာစရိယာပုရိမပုရိမစိတ္တက္ခဏေဥပ္ပန္နေ
ဟဒယဝတ္ထုသ္မိံဥတ္တရုတ္တရာနိပဝတ္တန္တိတိဝုတ္တတ္တာ ပန္တိမဿပန္တိမဿ
စိတ္တုပ္ပါဒဿပုရိမပုရိမစိတ္တက္ခဏေဥပ္ပန္နေ ဟဒယဝတ္ထု သ္မိံနိဿိတဘာ
ဝေါနိယတောတိကတွာ အတီတဘာဝင်္ဂဿ ဥပ္ပါဒေဥပ္ပန္နံ ဟဒယဝတ္ထုံ
အာရမ္မဏံကတွာမနောဒွါရာဝဇ္ဇနာဒိကဿပုရိမပုရိမစိတ္တက္ခဏာဿ
ဥပ္ပါဒေဥပ္ပန္နံဟဒယဝတ္ထုံနိဿာယ ဝိပဿနာဘိဇာနနရဇ္ဇနဒုဿနမုယှ
နာဒိကာလေတိဏ္ဏံကုသလာကုသလာဗျာကတာနံ နိဿယသတ္တိယာစ
အာရမ္မဏာသတ္တိယာစဥပကာရကံ။ သတိပိဗွိန္နံဝတ္ထုနံနာနာဘာဝေဟဒ
ယဝတ္ထုဘာဝေနသဒိသတ္တာဧကမေဝတ္ထုံ သန္ဓာယပါဠိယံနိဿယ ပစ္စယာ
အာရမ္မဏောတိကဲတျာဒိဝုတ္တန္တိဝဒိံသု။ ။ဟူ၍ပဋ္ဌာနသာရဒီပနီ၌ပြ
ဆိုအပ်သော၍ ကေစွေဆရာတို့၏ဝါဒ၌ အဓိပ္ပါယ်ကိုလည်း ပြဆိုခဲ့ပြီး
သောဗဟုသုတဆရာတို့ဝါဒ၌ပြဆိုခဲ့ပြီးသည့်အတိုင်းပင်မှတ်လေ။ ။ပန။
ဝါဒတပါးကိုပြဦးအံ့။ကေစွေ။အချို့ကုန်သော။အာစရိယာ၊ တို့သည်။ပုရိမ
ပုရိမစိတ္တက္ခဏေဥပ္ပန္နေ။ရှေးရှေးအနန္တရစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော။ဟဒ
ယဝတ္ထုသ္မိံ။၌။ဥတ္တရုတ္တရာနိ။နောက်နောက်အနန္တရ၌ဖြစ်ကုန်သောစိတ်တို့
သည်။နိဿာယ။မှီ၍။ပဝတ္တန္တိ။ဖြစ်ကုန်၏။ဣတိ။သို့။ဝုတ္တတ္တာ။အနုဋီကာ
ဆရာဆိုတော် မူအပ် သည်၏ အဖြစ်ကြောင့်။ ပန္တိမဿ ပန္တိမဿ။
နောက်နောက်ဖြစ်သော။ စိတ္တုပ္ပါဒဿ။စိတ္တုပ္ပါဒ်၏။ ပုရိမပုရိမစိတ္တက္ခ
ဏေဥပ္ပန္နေ။ရှေးရှေးအနန္တရစိတ်၏ဥပါဒ်ခဏ၌ဖြစ်သော။ဟဒယဝတ္ထုသ္မိံ။
၌။နိဿိတဘာဝေါ။မှီသည်၏အဖြစ်သည်။နိယတော။မြဲ၏။ဣတိကတွာ
ဣမိနာကာရဏေန။ ဤနောက်နောက်စိတ်၏ ရှေးရှေးအနန္တရစိတ်၏ဥ
ပါဒ်ခဏ၌ဖြစ်သောဟဒယဝတ္ထုကိုမှီ၍ဖြစ်ခြင်းမြဲသည်၏အဖြစ်တည်း
ဟူသောအကြောင်းကြောင့်။ဝါ။ ဣတိကတွာ။ ဤသို့နှလုံးပြု၍။အတီတ
ဘဝင်္ဂဿ။၏။ဥပ္ပါဒေ။ ၌။ဥပ္ပန္နံ။သော။ ဟဒယဝတ္ထုံ။ ကို။ အာရမ္မဏံ
ကတွာ။အာရုံပြု၍။ မနောဒွါရာဝဇ္ဇနာဒိ ကဿ။ မနောဒွါရာဝဇ္ဇန်းအစရှိ
သောစိတ်၏။ပုရိမပုရိမစိတ္တက္ခဏာဿ။ ရှေးရှေးအနန္တရစိတ္တက္ခဏာ၏။

ဥပ္ပါဒေ။ ၌။ ဥပ္ပန္နံ။ သော။ ဟာဒယဝတ္ထုံ။ ကို။ နိဿာယ။ ၍။ ဝိပဿနာဘိဇာနန ရဇ္ဇနဒုဿနမုယှနာဒိကါလေ။ အနိစ္စစသည်ဖြင့်ရှုခြင်းပိုင်းခြား၍သိခြင်း တပ်မက်မောခြင်း ပြစ်မှားခြင်းတွေဝေခြင်းစသည်ကို ပြုသောကာလ ၌။ ကုသလာကုသလာဗျာကတာနံ။ ကုန်သော။ တိဏ္ဏံ။ သုံးပါးကုန်သော တရားအစုတို့အား။ နိဿယသတ္တိယာစ။ နိဿယသတ္တိဖြင့်ငှင်း။ အာရမ္မဏာသတ္တိယာစ။ ဖြင့်ငှင်း။ ဥပကာရကံ။ ကျေးဇူးပြုသည်။ ဟောတိ။ ၏။ ဗွိန္နံ ဝတ္ထုနံ။ နှစ်ပါးကုန်သော အာရုံဖြစ်သောဝတ္ထုမှီရာဖြစ်သောဝတ္ထုတို့၏။ နာနာဘါဝေ။ အသီးအခြားတပါးစီ၏အဖြစ်သည်။ သတိပိ။ ရှိသော်လည်း။ ဟာဒယဝတ္ထုဘာဝေန။ ဟာဒယဝတ္ထု၏အဖြစ်ဖြင့်။ သဒိသတ္တာ။ တူသည်၏ အဖြစ်ကြောင့်။ ဇာမမတ္တံ။ ဤကုသိုလ်အကုသိုလ်အဗျာကတမနောဓါတ်ရိက စိတ်တို့၏မှီရာဝတ္ထု တခြားအာရုံဝတ္ထုတခြားဖြစ်သော်လည်း ထိုမှီရာ ဝတ္ထုအာရုံဝတ္ထုတို့၏ဟာဒယဝတ္ထုအဖြစ်ဖြင့်တူသည်၏အဖြစ်တည်းဟူ သောသဘောကို။ သန္ဓာယ။ ၍။ ပါဠိယံ။ ၌။ နိဿယပစ္စယာအာရမ္မဏောတိ ဏိတျာဒိ။ တိဏိအစရှိသော စကားကို။ ဝုတ္တံ။ ၏။ ဣတိ။ သို့။ ဝဒိံသု။ ဆို ကုန်၏။ ။ အနက်အတိုင်းအဓိပ္ပါယ်ကိုသိလေ။ ။ ပဝတ္တိကာလဝယ်ဝိ ဘူတာရုံဝိထိ၏ရှေ့အနီးအတိတဘဝင်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထု ကိုအာရုံပြု၍ဖြစ်ကုန်သောမနောဓါတ်ရိက အာဝဇ္ဇန်းဇော တဒါရုံ စိတ်တို့ သည်ထိုအတိတဘဝင်၏ဥပါဒ်ခဏာ၌ ဖြစ်သော ဟာဒယ ဝတ္ထုကိုပင်မှီ ကုန်သည်။ ထိုအတိတဘဝင်၏ဥပါဒ်ခဏာ၌ဖြစ်သော ဟာဒယဝတ္ထုသည် ပင်ထိုအာဝဇ္ဇန်းဇောတဒါရုံဟူသောကုသိုလ်အကုသိုလ် အဗျာကတတ ရားသုံးမျိုးတို့အားနိဿယသတ္တိ အာရမ္မဏာသတ္တိ နှစ်ပါးစုံတို့ဖြင့်ကျေး ဇူးပြုသည်။ ဤသို့သောသဘောကိုရည်၍ပဋ္ဌာန်းပါဠိတော်၌။ ။ နိဿ ယပစ္စယာအာရမ္မဏေတိဏိ။ အာရမ္မဏာပစ္စယာနိဿယေတိဏိ။ ။ ဟူ၍ဟောတော်မူကြောင်းကိုပြဆိုသောဝါဒ၏ သမါနဝါဒဖြစ်ကြောင်း ကိုပဋ္ဌာနသာရဒီပဏီ၌ပြဆိုလာရှိသည့် အတိုင်းထိုဝါဒတို့ကိုပြဆိုလိုက် ဦးအံ့။ ။ အယံပနသမာနဝါဒေါပဝတ္တိကာလေဝိဘူတာရမ္မဏာဝိထိယံ အတီတဘဝင်္ဂသဉပ္ပါဒေဉပ္ပန္နံ့ဟာဒယဝတ္ထု ယထာဝုတ္တာနံပဉ္စဝေကျွနဝိ ပဿနာဘိဇာနနာဒိ ဝသပ္ပဝတ္တာနံ။ ကုသလစိတ္တုပ္ပါဒါနံ့ဥ ရဇ္ဇနဒုဿန မုယှနဝသပ္ပဝတ္တာနံ အကုသလစိတ္တုပ္ပါဒါနဥ ဝိပဿနာဘိဇာနနာဝဇ္ဇန တဒါရမ္မဏာဝသပ္ပဝတ္တာနံ အဗျာကတစိတ္တုပ္ပါဒါနဥာတိ တိဏ္ဏံရာသိနံ

နိဿယာရမ္မဏာသတ္တိယာစတာယသဒ္ဒိံ ပုရေဇာတ ဝိပ္ပယုတ္တအတ္ထိအဝိ
ဂတသတ္တိယာစဥပကာရကံ။တဿာပါဠိယံနိဿယပစ္စယာဒါရမ္မဏော
တိဏ္ဏိတိစအာရမ္မဏပစ္စယာနိဿယေတိဏ္ဏိတိစ နိဿယပုရေဇာတ
အာရမ္မဏဝိပ္ပယုတ္တအတ္ထိ အဝိဂတန္တိတိဏ္ဏိတျာဒိစဝုတ္တံ။ တိဏ္ဏိတိစအ
ဗျာကတောအဗျာကတဿအဗျာကတော ကုသလဿအဗျာကတော
အကုသလဿာတိသမ္ဗန္ဓောဒေါဝေဒိတဗ္ဗော။တတ္ထဟိအဗျာကတော
တိပဒဿသရူပတ္တဘူတံယထာဝုတ္တံဟာဒယဝတ္ထု ယဒိအာဝဇ္ဇနကြိယာ
ဇဝနာနိတဒါရမ္မဏာနိစ နိဿယာရမ္မဏံကရောန္တိ။ အဗျာကတောအ
ဗျာကတဿာတိသရူပတ္တော။ယဒိပနတံဝတ္ထုံ ကုသလာဇဝနာနိနိဿ
ယာရမ္မဏံကရောန္တိ။အဗျာကတောကုသလဿာတိ သရူပတ္တော။ယဒိ
ပနအကုသလဇဝနာနိနိဿယါရမ္မဏံကရောန္တိအဗျာကတောအကုသ
လဿာတိသရူပတ္တောဝေဒိတဗ္ဗော။ယဒါပနတံဂရုကာရကယောဘိသ
ဟာဂတဇဝနာနိနိဿယာရမ္မဏံကရောန္တိ။တဒါတံဝတ္ထုလောဘာ သဟ
ဂတဇဝနဿေဝဥပကာရကံ။ တဿာတာဟိသဒ္ဒိံ အဓိပတိဥပနိဿ
ယေပက္ခိပိတွာအဓိဟိပစ္စယသတ္တိဟိပစ္စယ ဘာဝေါဟောတိ။တေနေဝ
တာဒိသဿပစ္စယပစ္စယုပ္ပန္နဿ ဝသေနနိဿယာ ရမ္မဏာအဓိပတျုပ
နိဿယပုရေ ဇာတဝိပ္ပယုတ္တ အတ္ထိအဝိဂတန္တိ ဧကေန္တိဃဋနာယသရူ
ပတ္တောဝေဒိတဗ္ဗော။ ။အယံပန။ဤယခုဆိုအပ်လတ္တံ့သဉ်ကား။သမာန
ဝါဒေါ။ဆရာအများတို့အညီအညွတ်ယူကြသောသမါနဝါဒတည်း။ပဝတ္တိ
ကာလေ။၌။ဝိဘူတာရမ္မဏဝိထိယံ။ မနောဒွါရိကဝိဘူတာရုံဝိထိ၌။အတိ
တဘဝင်္ဂဿ။၏။ ဥပ္ပါဒေ။၌။ဥပ္ပန္နံ။ ဖြစ်သော။ဟာဒယဝတ္ထု။ သည်။ ယထာ
ဝုတ္တာနံ။ဆိုအပ်ပြီးသောအပြားရှိကုန်သော။ ပစ္စဝေက္ခနဝိပဿနာဘိဇာ
နနာဒိဝသပ္ပဝတ္တာနံ။ထိုဟာဒယဝတ္ထုကိုရှုဆင်ခြင်ခြင်း အနိစ္စစသည်ဖြင့်
ရှုခြင်းပိုင်းခြား၍သိခြင်းစသည်တို့၏အစွမ်းဖြင့်ဖြစ်ကုန်သော။ ကုသလ
စိတ္တုပ္ပါဒါနဉ္စ။ မဟာကုသိုလ်စိတ်အဘိညာဏ်ကုသိုလ်စိတ်ယင်းတို့နှင့်
ရှဉ်ကုန်သောစေတသိက်သုံးဆယ့်သုံးခုဟူကုန်သော ကုသိုလ်စိတ္တုပ္ပါဒ်
တို့အားလည်း။ ရဇ္ဇနဒုဿနမုယှနဝသပ္ပဝတ္တာနံ။ ဟာဒယဝတ္ထုကို တပ်နှစ်
သက်ခြင်းပြစ်မှားခြင်း တွေဝေခြင်းတို့၏ အစွမ်းဖြင့် ထိုက်သည်အား
လျော်စွာဖြစ်ကုန်သော။ အကုသလစိတ္တုပ္ပါဒါနဉ္စ။ အကုသိုလ် စိတ်တ
ဆယ်နှစ်ခုဇာသာမဇ္ဈိမဂ္ဂယ ကုဏ္ဍုစ္စကြည်သော စေတသိက်နှစ်ဆယ့်

လေးချဟူကုန်သောအကျသိုလ်စိတ္တုပ္ပါဒ်တို့အားဧဝင်း။ ဝိပဿနာဘိဇာန
နာဝဇ္ဇနတဒါရမ္မဏာဝသပ္ပဝတ္တာနံ။ထိုဟဒယဝတ္ထုကိုရှုဆင်ခြင်ခြင်းမိုင်း
ခြား၍သိခြင်းအာဝဇ္ဇန်တဒါရုံတို့၏အစွမ်းဖြင့်ဖြစ်ကုန်သော။အဗျာကတ
စိတ္တုပ္ပါဒါနဥ္စ။ မနောဒွါရာဝဇ္ဇန်ကာမကြိယာဇော တဒါရုံကြိယာအဘိ
ညာဏ်ယင်းတို့နှင့်ထိုက်သည်အား လျော်စွာရှဉ်သော စေတသိက်သုံး
ဆယ့်သုံးချဟူကုန်သော အဗျာကတ စိတ္တုပ္ပါဒ်တို့အားဧဝင်း။ ဣတိ။ သို့။
တိဏ္ဏံ ဂြာသိနံ။ ကုသိုလ်အကုသိုလ်အဗျာကတဟူကုန်သော တရားသုံး
ပါးအစုတို့အား။ နိဿယာရမ္မဏာသတ္တိယာစ။နိဿယသတ္တိအာရမ္မဏာ
သတ္တိဖြင့်ဧဝင်း။တာယ။ထိုနိဿယပစ္စဉ်းအာရမ္မဏာပစ္စည်းနှင့်။ သဒ္ဓိံ။တ
ကွ။ပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတသတ္တိယာစ။ပုရေဇာတသတ္တိဝိပ္ပ
ယုတ္တသတ္တိအတ္ထိသတ္တိအဝိဂတသတ္တိဖြင့်ဧဝင်း။ ဥပကာရကံ။ ကျေးဇူးပြု
သည်။ဟောတိ။၏။ တသ္မာ။ ထိုသို့ပဝတ္တိကာလဝယ်ဝိဘူတာရုံဝိထိ၌
အတိတဘဝင်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု၏ထိုဟဒယဝတ္ထုလျှင်မှီ
ရာအာရုံ ရှိကုန်သော မနောဒွါရိက ကုသိုလ် အကုသိုလ် အဗျာ ကတ
စိတ္တုပ္ပါဒ်တို့အား အာရမ္မဏာနိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတ
ဟူသော၍ခြောက်ပစ္စယသတ္တိတို့ဖြင့် ထိုက်သည်အားလျော်စွာကျေးဇူးပြု
သည်၏အဖြစ်ကြောင့်။ပါဠိယံ။၌။ နိဿယပစ္စယာအာရမ္မဏောတိဏ္ဏံတိ
စ။ဟူ၍ဧဝင်း။အာရမ္မဏာပစ္စယာနိဿယေတိဏ္ဏံတိစ။ဟူ၍ဧဝင်း။ နိဿယ
ပုရေဇာတအာရမ္မဏာဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တိဏ္ဏံတ္တာဒိစ။တိဏ္ဏံ၍
သို့အစရှိသည်ဟူ၍ဧဝင်း။ဝုတ္တံ။၏။တိဏ္ဏံတိစဧွ။တိဏ္ဏံဟူသော၍ပါဠိ
တော်၌လည်း။ အဗျာကတော အဗျာကတဿ အဗျာကတော ကုသ
လဿအဗျာကတောအကုသလဿာတိ။ ကုသလဿဟူသော။သင်္ချာ
ဘေဒေါ။သင်္ချာအပြားကို။ ဝေဒိတဗ္ဗော။၏။ဟိ။ ထိုစကားကိုထင်ရှားပြ
လိုက်ဦးအံ့။တတ္ထ။ထိုသင်္ချာဘေဒ၌။အဗျာကတောတိပဒဿ။ အဗျာက
တောဟူသောကတ္တားပုဒ်၏။ သရူပတ္ထဘူတံ။ သရုပ် အနက် ဖြစ်၍ဖြစ်
သော။ယထာဝုတ္တံ။ သော။ဟဒယဝတ္ထု။ ကို။အာဝဇ္ဇနကြိယာဇဝနာနိစ။
မနောဒွါရာဝဇ္ဇန်ကာမ ကြိယာဇောအဘိညာဏ် ကြိယာဇောတို့သည်
ဧဝင်း။တဒါရမ္မဏာနိစ။တို့သည်ဧဝင်း။နိဿယာရမ္မဏံ။ မှီရာအာရုံနှစ်ပါး
စုံကို။ ယဒိကရောန္တိ။ အကယ်၍ ပြုကုန်အံ့။ အဗျာကတော အဗျာက
တဿာတိသရူပတ္ထော။ အဗျာ ကတောအဗျာကတဿ ဝယ်အဗျာက

တသသဟူသောသမ္ဗန္ဓ်ါန်၏သရူပတ္တကို။ ဝေဒိတဗ္ဗော။၏။ တံဝတ္ထု။ကို။ ကုသလဇဝနာနိ။ကာမကုသိုလ် အဘိညာဏ် ကုသိုလ် ဇောတို့သည်။ နိဿယါရမ္မဏံ။ကို။ယဒိကရောန္တိ။အံ့။ အဗျာကတောကုသလဿာတိ သရူပတ္တော။အဗျာကတော်ကုသလဿဝယ် ကုသလဿဟူသော်သမ္ဗန္ဓ်ါန်၏သရူပတ္တကို။ဝေဒိတဗ္ဗေါ။၏။ပန။အဘိုတပါးကိုဆိုဦးအံ့။တံဝတ္ထု။ ကို။အကုသလဇဝနာနိ။တို့သည်။နိဿယာရမ္မဏံ။ကို။ယဒိကရောန္တိ။အံ့။ အဗျာကတောအကုသလဿာတိသရူပတ္တော။ အဗျာကတောအကုသလဿဝယ် အကု သလဿ ဟူသော သမ္ဗန္ဓ်ါန်၏ သရူပတ္တကို။ ဝေဒိတဗ္ဗော။၏။ပန။အဘိုတပါးကိုဆိုဦးအံ့။ယဒါ။အကြင်အခါ၌။ တံ။ထိုအတိတဘဝင်နှင့်အတူဥပါဒ်သော်ဟာဒယဝတ္ထု၊ကို။ဂရုကာရကလောဘသဟဂတဇဝနာနိ။အလေးပြုတတ်သော်လောဘသဟဂုတ်ဇော်တို့သည်။ နိဿယာရမ္မဏံ။ကို။ ယဒိကရောန္တိ။ အံ့။တဒါ။၌။ တံဝတ္ထု။ ထိုဟာဒယဝတ္ထု၊သည်။လောဘသဟဂတဇဝနဿေဝ။အားသာလျှင်။ဥပကာရကံ။သည်။ ဟောတိ။၏။တသ္မာ။ကြောင့်။တာဟိ။ ထိုခြောက်ပစ္စည်းတို့နှင့်။ သဒ္ဓိံ။တ ကွ။အဓိပတိဥပနိဿယော။အဓိပတိပစ္စည်း ဥပနိဿယပစ္စည်းတို့ကို။ပက္ခိ ပိတွာ။ထိုခြောက်ပစ္စည်းတို့၌ထည့်၍။အဋ္ဌဟိပစ္စယသတ္တိဟိ။ ရှစ်ပစ္စယသတ္တိ တို့ဖြင့်။ပစ္စယဘာဝေါ။ကျေးဇူးပြုသည်၏အဖြစ်သည်။ဟောတိ။၏။တေနေ ဝ။ထိုကြောင့်သာလျှင်။ တာဒိသဿ။ထိုသို့သဘောရှိသော။ပစ္စယ ပစ္စ ယုပ္ပန္နဿ။ ၏။ဝသေန။ဖြင့်။ နိဿယာရမ္မဏာအဓိပတျုပနိဿယပုရေ ဇာတဝိပ္ပယုတ္တာအတ္ထိအဝိဂတန္တိ ကေန္တိ ဃဋနာယ။ကော်ဟူသောဃဋနာ ၏။သရူပတ္တော။ကို။ဝေဒိတဗ္ဗော။၏။ ။အဓိပ္ပါယ်ကိုအနက်အတိုင်းသိ လေ။လွယ်လှပြီ။ ။ရှေးကာလဇာသင်သားအပေါင်းတို့သည်ဤဝတ္ထာ ရမ္မဏာပစ္စည်းပစ္စယုပ္ပန်အရကိုကြံစည်ဆုံးဖြတ်ကြကုန်သည် ရှိသော်ဟုတ် မှန်သေချာစွာနေရာကျမဆုံးဖြတ်နိုင်သည်ဖြစ်၍ ယုံမှားသံသယကို ပယ် ဖျော်ရခြင်းအကျိုးငှာ ဘုရားနှစ်ဆူသုံးဆူတို့ကို တွေ့မှီဘူးမြင်ရဘူးကုန် သော်ရှည်သောအသက်ရှိသော တန်ခိုးကြီးသောဘုမ္မစိုးတို့သို့ချဉ်းကပ် မေးမြန်းကြကုန်၏။ ထိုအခါထိုနတ်တို့က ဤဝတ္ထာရမ္မဏာပစ္စည်းအရဖြစ် သောဟာဒယဝတ္ထု၊ကို ပစ္စက္ခကာလဖြင့် ယူရမည်ဟုမြတ်စွာဘုရားတို့ ထံမှကြားဘူးကြောင်းကိုပြန်ကြားသော စကားကိုယုံကြည်သဖြင့်များ စွာသော သောတုဇနတို့သည် ပစ္စက္ခကာလ၌ ဟဒယဝတ္ထု၏ကုသိုလ်

အကုသိုလ်အဗျာကတတရားတို့အား နိဿယယပစ္စည်းအာရမ္မဏပစ္စည်းတို့
ဖြင့်ကျေးဇူးပြုသည်၏အဖြစ်ကို အလွန်နှစ်သက် ကြကြောင်းကိုလည်း။
၎င်းပဋ္ဌာနသာရ ဒီပနီ၌ပင်။ ။ဧဝံပိစသုတံ၊ ပုဗ္ဗေဟိ ကိရသဗ္ဗေပိ
သောတုဇနာ ဧတသ္မိံ ဌာနေ ဝိနိစ္ဆယေကရိယမာနေ သံသယဝိနောဒ
နတ္ထာယမဟိဒ္ဓိကေဒွေတယော သမ္မာသမ္ဗုဒ္ဓပရိဝတ္တေ သမ္ပာပုဏာန္တေ
ဒေဝ ပုတ္တေ ဥပသံကမိတွာ ပုစ္ဆိံသု။ ဒေဝ ပုတ္တာ ပဝတ္တိယံ·ဟဒယ
ဝတ္ထုဿ ဂဟိတဘာဝေါ သမ္ဗုဒ္ဓါနံသန္တိကာ အမှေဟိသုတာပုဗ္ဗာတိ
ဝဒိံသု။ တံသုတွာ သဗ္ဗေပိ သောတုဇနာ ပဝတ္တိယံယထာ ဝုတ္တဟဒယ
ဝတ္ထုနောနိဿယာရမ္မဏဘာဝံအတိဝိယတုဿိံသု။ ။ဟုပြဲဆို၏။ ။
စ။အဘို့တပါးကိုဆိုဦးအံ့။ ဧဝံပိ။ဤသို့လည်း။ သုတံ။ ငါတို့ကြားအပ်ဘူး
၏။ဟိ။ထိုစကားကိုထင်ရှားပြဦးအံ့။ပုဗ္ဗေ။ ရှေးကာလ၌။သဗ္ဗေပိ။အလုံးစုံ
လည်းဖြစ်ကုန်သော။ သောတုဇနာ။ စာသင်သားတို့သည်။ ဧတသ္မိံ ဌာ
နေ။ ဤဝတ္ထာရမ္မဏနိဿယပစ္စည်း ပစ္စယုပ္ပန်အရာ၌။ ဝိနိစ္ဆယေ။အဆုံး
အဖြတ်ကို။ကရိယမာနေ။ပြုအပ်သည်ရှိသော်။သံသယဝိနောဒနတ္ထာယ။
ယုံမှားခြင်းကိုပယ်ဖျောက်ခြင်းအကျိုးငှာ။ မဟိဒ္ဓိကေ။ တန်ခိုးကြီးကုန်
သော။ ဒွေတယောသမ္မာ သမ္ဗုဒ္ဓ ပရိဝတ္တေ။ နှစ်ဆက် သုံးဆက်သော
ဘုရားရှင်တို့ကို။သမ္ပာပုဏာန္တေ။ မှီကုန်သော။ ဒေဝပုတ္တေ။တို့ကို။ဥပသံ
ကမိတွာ။ချဉ်းကပ်၍။ပုစ္ဆိံသု။မေးကြကုန်၏။ဒေဝပုတ္တာ။တို့သည်။ပဝတ္တိ
ယံ။၌။ဟဒယဝတ္ထုဿ။၏။ဝါ။ကို။ဂဟိတဘာဝေါ။ ယူအပ်သည်၏အဖြစ်
ကို။ သမ္ဗုဒ္ဓါနံ။တို့၏။ သန္တိကာ။ အထံမှ။အမှေဟိ။ အကျွန်ုပ်တို့သည်။
သုတပုဗ္ဗာ။ ကြားအပ်ဘူးပါ၏။ ဣတိ။သို့။ဝဒိံသု။ လျှောက် ဆိုကုန်၏။
တံ။ထိုနတ်တို့လျှောက်ထားသောစကားကို။ သုတွာ။ကြား၍။သဗ္ဗေပိ။ကုန်
သော။ သောတုဇနာ။တို့သည်။ ပဝတ္တိယံ။၌။ ယထာဝုတ္တ ဟဒယဝတ္ထု
နော။ဆိုအပ်ပြီးသောအပြားရှိသော ဝိဘူတာရုံဝိထိ၏ရှေ့အတီတဘဝင်
နှင့်အတူဥပါဒ်သောဟဒယဝတ္ထု၏။ နိဿယာ ရမ္မဏဘာဝံ။ ကုသိုလ်
အကုသိုလ်အဗျာကတဖြစ်သော ပစ္စယုပ္ပန်တရားတို့၏မှီရာ၏အဖြစ်အာ
ရုံ၏အဖြစ်ကို။အတိဝိယ။အလွန်လျှင်။ တုဿိံသုကိရ။ နှစ်သက်ကြကုန်
သတဲ့။ ။ပဋ္ဌာနသာရဒီပနီဆရာ၏ အလိုကိုပြဦးအံ့။ ။တေနေတံ
ဝုစ္စတိ။ ။ဝိဘူတာလမ္ဗဝိထိမှိပဝတ္တေ ပဌမာတီတေ။ ဘဝင်္ဂေအာဒိ
ကာလေယံ။ ဝတ္ထုပုရေဝ ပစ္စယော။ ။တံတံဝ နိဿယာ လမ္ဗံ။

ကရောန္တာနံတိရာသီနံ။သုက္ကကဏှအဝါစီနံ။နိဿယာရမ္မဏံဘာဝေ။ ။
ပါဠိဃဋနဝါရေပိ။ သံသန္ဒတိဂုရုပိစ။ သုနိစ္ဆိယတိ ယတောတံ။ ဝိညူ
သုမ္ဘုပလက္ခယေတိ။ ။တသ္မာယထာဝုတ္တ ယုတ္တိတောစ။ အာဂမ
တောစပရံပရ သုတသာဓကေ တောစ ပဝတ္တိယံ ယထာဝုတ္တ ဟာဒယ
ဝတ္ထုသြ တိဏ္ဏံရာသီနံ နိဿယာရမ္မဏာ ဘာဝေါ ယုတ္တ တရောတိ
ဒဋ္ဌဗ္ဗော။ ။ပဋ္ဌာနသာရဒီပနီ။ ။တေန။ထိုပဝတ္တိကာလဝိဘူတာရုံ
ဝိထိဝယ် ဤဝိထိ၌အကျုံးဝင်သော ကုသိုလ် အကုသိုလ် အဗျာကတ
တရားသုံးမျိုးတို့၏ အတိတဘဝင်နှင့်အတူ ဥပါဒ်သောဟာဒယဝတ္ထုတခု
တည်းကိုပင် မှီလည်းမှီ အာရုံလည်းပြုသည်ဟု ယူသောဝါဒ သာလျှင်
သမာနဝါဒ ဖြစ်သည်၏အဖြစ်ကြောင့်။ ဇေတံ။ဤဝိဘူတာလမ္ဗဝိထိမှ။လ။
ဝိညူ သုမ္ဘုပ လက္ခယေပိ။ ယေဟူသော သင်္ဂဟ ဂါထာ စကားကို။
ဝုတ္တံ။၏။ ။ပဝတ္တေ။ပဝတ္တိကာလ၌။ ဝိဘူတာလမ္ဗဝိထိမှိ။ ဝိဘူတာရုံ
ဝိထိ၌။ပဌမာတီတေဘဝင်္ဂေ။ ပဌမအတိတဘဝင်၌။အာဒိကာလေ။အစ
ဖြစ်သောဥပါဒ် ခဏကာလ၌။ပဝတ္တံ။ဖြစ်သော။ယံဝတ္ထု။ အကြင်ဟာဒယ
ဝတ္ထုသည်။ ပုရေဝပစ္စယော။ ပုရေဇာတပစ္စည်း တပ်သည်သာလျှင်။
ဟောတိ။၏။ တံဝတ္ထုံ။ ထိုပဝတ္တိကာလ ဝိဘူတာရုံ ဝိထိဝယ်အတိတ
ဘဝင်၏ဥပါဒ်ခဏ၌ဖြစ်သောဟာဒယဝတ္ထုကို။နိဿယာလမ္ဗံ။မှီရာအာ
ရုံကို။ ကရောန္တာနံ။ ပြုကုန်သော။ သုက္ကကဏှအဝါစီနံ။ သုက္ကဖြစ် သော
ကုသိုလ်ကဏှဖြစ်သော အကုသိုလ် အဝါစီဖြစ်သော အဗျာကတဟူ
ကုန်သော။တိရာသီနံ။ သုံးပါးသော တရားအစုတို့၏။ တံဝ။ထိုအတိတ
ဘဝင်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုတခုတည်းသည်ပင်လျှင်။နိဿ
ယာရမ္မဏံ။မှီရာလည်းဖြစ်အာရုံလည်းဖြစ်သည်။ဘာဝေ။ဖြစ်၏။ယတော
ယသ္မာ။ အကြင့် ကြောင့်။ ဇေတံ ဝိနိစ္ဆယံ။ ဤသမာနဝါဒီ ဆရာ တို့၏
ဝိနိစ္ဆယသည်။ ပါဠိဃဋန ဝါရေပိ။ ပဋ္ဌာန်း ပါဠိ တော်၌ လာ သော
အာရမ္မဏ ပစ္စယာ နိဿယေ တိကာ အစရှိသော ဃဋနာဝါရ တို့နှင့်။
သံသန္ဒတိ။နှီးနှောညီညွတ်၏။ ဇေတံ။ ဤအဆုံးအဖြတ်ကို။ ဂုရုပိစ။ ဆရာ
တို့သည် လည်း။ သုနိစ္ဆိယတိ။ ကောင်းစွာ ဆုံးဖြတ် အပ်၏။ တသ္မာ။
ထို့ကြောင့်။ ဇေတံဝိနိစ္ဆယံ။ ဤပဝတ္တိကာလဝယ်ရှေးဦးအစအတိတဘ
ဝင်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုတခုတည်းသည်ပင်ဝိဘူတာရုံဝိထိ
၌အကျုံးဝင်ကုန်သောကုသိုလ်အကုသိုလ်အဗျာကတ တရားတို့၏အာရုံ

လည်းဖြစ်မှိရာလည်းဖြစ်၏ဟုဆုံးဖြတ်သောဝိနိစ္ဆယကို။ ဝိညူ။ပညာရှိ
သည်။သုဓ္ဓါ။ကောင်းမွန်မြဲမြံစွာ။ဥပလက္ခယေ။မှတ်ရာ၏။ ။တသ္မာ။
ထိုသို့ပဝတ္တိကာလဝယ်ပဌမအတိတဘဝင်နှင့်အတူ ဥပါဒ်သောဟာဒယ
ဝတ္ထုသည်ပင်လျှင်မနောဒွါရိကကုသိုလ်အကုသိုလ် အဗျာကတစိတ်တို့
၏မှိရာလည်း ဖြစ်အာရုံလည်းဖြစ်၏ဟု ဆုံးဖြတ် ပြဆိုသော ဝိနိစ္ဆယ
သည်သာပါဠိ ဟဋ္ဌနာနှင့်ညီညွတ်ဆရာတို့လည်း ကောင်းစွာဆုံးဖြတ်
အပ်မှာ်ယူသင့်သည်၏အဖြစ်ကြောင့်။ယထါဝုတ္တယုတ္တိတော၀။အကြင်
အကြင်ပြဆိုခဲ့ပြီးသော အသင့်ယုတ္တိ အားဖြင့်၎င်း။ အာဂမတော၀။ပါဠိ
အာဂုမ်အားဖြင့်၎င်း။ ပရိပုရ သုတသာဓကတော၀။အဆင့်ဆင့်ကြားဘူး
သောသာဓကစကားဖြင့်၎င်း။ပဝတ္တိယံ။၌။ယထာဝုတ္တဟာဒယဝတ္ထုသည်။
ပြဆိုအပ်ခဲ့ပြီးသေါ်အပြားရှိသေါ်ရှေးဦးအစအတိတဘဝင်နှင့်အတူဥပါဒ်
သောဟာဒယဝတ္ထု၏။ တိဏ္ဏံရာသီနံ။ကုသိုလ်အကုသိုလ်အဗျာကတတ
ရားသုံးပါးသောအစုတို့၏။နိဿယာရမ္မဏဘာဝေါ။ မှိရာအာရုံဖြစ်သည်
၏အဖြစ်ကို။ ယုတ္တတာရောတိ။ အထူးသဖြင့် သင့်မြတ်၏ဟူ၍။ ဒဠှမွာ။
သန္နိဋ္ဌာန်ကျကြေနပ်မှတ်အပ်၏။ ။ဝတ္ထာရမ္မဏ နိဿယပစ္စည်းပစ္စ
ယုပ္ပန်အရကို ပဝတ္တိကာလ၌ ဖြစ်သောတရားတို့ဖြင့်သာ ပြဆိုဆုံးဖြတ်
သင့်သည်ဟုယူသောဆရာတို့ဝါဒတွင် ပဝတ္တိကာလဝယ် အသီးအသီး
မိမိတို့ရှေ့အနန္တရစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုသာ မှိကုန်၍
အာဝဇ္ဇန်ဇောတဒါရုံဟူကုန်သောမနောဒွါရိက ဝိထိစိတ်တို့သည်ထိုဝိ
ထိရှေ့အတိတဘဝင်နှင့်အတူ ဥပါဒ်သောဟာဒယဝတ္ထုကို အာရုံပြုကုန်
သည်ဖြစ်၍အာရုံဖြစ်သောဝတ္ထုမှိရာဖြစ်သော ဝတ္ထုတို့မတူထူးခြားကွဲ
ပြားသေါ်လည်းထိုဝတ္ထုတို့၏။နိဿယာကာရသတ္တိအာရမ္မဏာကာရ
သတ္တိကိုမစွန့်သည်၏ အဖြစ်ကိုရည်၍၎င်း။ ဟာဒယဝတ္ထု အဖြစ်ဖြင့်တူ
သည်၏အဖြစ်ကိုရည်၍၎င်း။ ဟာဒယဝတ္ထု၏ ကုသိုလ်အကုသိုလ်အဗျာ
ကတတရားတို့အား အာရမ္မဏ နိဿယ သတ္တိစသည်ဖြင့် ကျေးဇူးပြု
ကြောင်းကို။အာရမ္မဏပစ္စယာနိဿယယေတိဏ်စသည်ဖြင့် ဟောတော်
မူသည်ဟုပြဆိုဆုံးဖြတ်သော ရွှေကျောင်းသင်္ဃရာဇာမဟာထေရ်စတု
ရင်္ဂဗလအမတ်ကြီးအစရှိသောဗဟုသုတ ဆရာကြွေဆရာတို့၏ဝါဒ
သည်ပဋ္ဌာန်းပါဠိတော်ဝယ်ကခုတည်းသောတရား၏ အထူးထူးသော
သတ္တိဖြင့်ကျေးဇူးပြုနိုင်သည်၏အဖြစ်သာလာရှိ၍ အသီးအသီးသော၁

ဏကာလရှိသော နာနက္ခဏိကတရားတို့၏ တခုတည်းသောသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်မလာမရှိသောကြောင့် သဘောအားဖြင့်ဆန့် ကျင်သကဲ့သို့ထင်သည်ဟု ဆရာတို့ဆိုကြောင်းကို။ ပဋ္ဌာနသာရဒီပဏီ၌။ ။တေသံသဘာဝဝိရောဓေါဝိယဒိဿတီတိဝဒန္တိဂရုဝေါ။ပဋ္ဌာနေ ဟိဧကေသဓမ္မဿနာနာ ပစ္စယ ဘာဝေါ အာဂတော နနာ နက္ခဏိက ဓမ္မဿဧကပစ္စယဘာဝေါတိ။ ။ဟုပြဆို၏။ ။တေသံ။ထိုအာရမ္မ ဏနိဿယပစ္စည်းအရာ၌မှီရာဖြစ်သော ဝတ္ထုတခြား အာရုံဖြစ်သော ဝတ္ထုတခြားဟုယူသော ဆရာတို့၏။ဝါဒေ။၌။ သဘာဝဝိရောဓေါဝိယ။ သဘောအားဖြင့်ဆန့်ကျင်သကဲ့သို့။ဒိဿတိ။ထင်၏။ ဣတိ။သို့။ဂရုဝေါ။ တို့သည်။ဝဒန္တိ။ ကုန်၏။ဟိသစ္စံ။၏။ဝါ။ ဟိယသ္မာ။ကြောင့်။ပဋ္ဌာနေ။၌။ ဧကဓမ္မဿ။၏။နာနာပစ္စယဘာဝေါ။အထူးထူးသောသတ္တိဖြင့်ပစ္စယုပ္ပန် တရားတို့အားကျေးဇူးပြုသည်၏အဖြစ်သည်။အာဂတော။ လာ၏။နာနက္ခ ဏိကဓမ္မဿ။ အသီးအသီးသောခဏရှိသောတရား၏။ ဧကပစ္စယဘာ ဝေါ။တခုတည်းသောသတ္တိဖြင့် ပစ္စယုပ္ပန်တရားတို့အားကျေးဇူးပြုသည် ၏အဖြစ်သည်။နအာဂတော။ မလာ။ဣတိတသ္မာ။ကြောင့်။သဘာဝဝိရော ဓေါဝိယ။သကဲ့သို့။ဒိဿတိ။၏။ ။နောက်နောက်စိတ်၏ရှေ့ရှေ့အနန္တ ရစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုကို အသီးအသီး မှီ၍ဖြစ် ကြောင်းကို။ ။ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေ ဟဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာ နိပဝတ္တန္တိ။ ။ဟူ၍အနုဋီကာ၌ဆိုလေသည်ကားယေဘုယျအားဖြင့်မှီ ၍ဖြစ်သည်ကိုပြခြင်းငှာသာဆိုတော်မူသည်။အပ္ပကအားဖြင့်သော်ဖြစ် ပြီး၍စိတ္တက္ခဏနှစ်ချက်သုံးချက်စသော ကာလကိုလွန်သော စိတ္တက္ခဏ နှစ်ချက်သုံးချက်စသည်ခြားသော ဟဒယဝတ္ထုကို မှီ၍လည်း အာဝဇ္ဇန် ဇော အစရှိသောစိတ်တို့ ဖြစ်ကောင်းသောကြောင့် ပဝတ္တိကာလဝယ် မနောဒွါရိက ဝိထိစိတ်တို့သည် ထိုဝိထိ၏ရှေ့ အတိတဘဝင်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုကိုအာရုံပြု၍ ထိုအာရုံဖြစ်သော ဟဒယဝတ္ထု တခုတည်းကိုပင် မှီ၍ဖြစ်ကုန်၏ဟု ပြဆိုသောသမာနဝါဒီ ဆရာတို့၏ ဝိနိစ္ဆယသည်။ အာရမ္မဏပစ္စယာ နိဿယေတိဏီ အစရှိသောပဋ္ဌာန်း ပါဠိတော်တို့နှင့်ညီလျော်သင့်မြတ်ကြောင်းကိုပဋ္ဌာနသာရဒီပဏီ၌။ ။ ဧတ္ထစကသ္မာ ယထာ ဝုတ္တဝတ္ထု စိတ္တုပ္ပါဒန္တရိကံ သမာနံအာဝဇ္ဇနာဒိနံ နိဿယာရမ္မဏသတ္တိယာ ဥပကာရကံ။ အာဝဇ္ဇနာဒိနိစ တံနိဿယာ

ရမ္မဏံကရောန္တိ။ နနုပုရိမပုရိမ စိတ္တက္ခဏုပ္ပန္နေ ဟဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာနိပဝတ္တန္တီတိအနန္တရကာယံဝုတ္တတ္တာ။ ပစ္ဆိမာပစ္ဆိမာစိတ္တုပ္ပါဒါပုရိမပုရိမသ္မိံစိတ္တုပ္ပါဒေ ဥပ္ပန္နံဟဒယဝတ္ထုံ နိဿာယပဝတ္တန္တီတိ။ ဝုစ္စတေ ဗာဠှံဟိဝတ္ထုစိတ္တုပ္ပါဒန္တရိကံပိသမာနံ။ အတ္တတောဒုရန္တရိကစိတ္တုပ္ပါဒါနံ ပုရေဇာတနိဿယပစ္စယော သမ္ဘဝတော။ တထာဟိမရဏာသန္နကာလေ။ ပုဗ္ဗေဝတ္ထုတံဝိထိဂတာနံ စိတ္တုပ္ပါဒန္တရိကာနံ ကုသလာကုသလာဗျာကတသံခါတာနံ တိပ္ပကာရာနံစိတ္တုပ္ပါဒါနံ။ ပုရေဇာတနိဿယပစ္စယောဟောတိတိ။ အနန္တရကာယံပန ဥတ္တရုတ္တရာနံပုရိမပုရိမစိတ္တုပ္ပါဒက္ခဏုပ္ပန္နဝတ္ထုံနိဿယထိယေဘုယျေနဝုတ္တာတိဝိညာယတိ။ ယထာလောကတော အမ္ဗဝနံခဒိရဝနံ သာသနတော အာရမ္မဏ ပုရေဇာတမေဝါကျာဒိ။ တထာဟိယသ္မိံဝနေ သတိပိအညေသံဇမ္ဗုပနသာဒိရုက္ခာနံဝိဇ္ဇမာနဘာဝေတံ အမ္ဗခဒိရာနံဗဟုတ္တာ အမ္ဗဝနန္တိခဒိရဝနန္တိစ ဝုစ္စတိ။ ယထာစသာသနေ သတိပိအဘိညာ ဉာဏသတေန ပဝတ္တေ တဗ္ဗိသရူပဿ သဟဇာတာရမ္မဏဘာဝေ သဟဇာတအတ္ထိနော ဝိသုံပဝတ္တနသ ဗဟုတ္တာ အာရမ္မဏ ပုရေဇာတ မေဝါတိ ဝုစ္စတိ။ ဧဝံ ဟဒယဝတ္ထုဿသတိပိစိတ္တုပ္ပါဒန္တရိကဒူရဘာဝေ။ အနန္တရုပ္ပန္နာနံစိတ္တုပ္ပါဒါနံ နိဿယဘာဝဿ ဗဟုတ္တာ အနန္တရကာယံ တထာဝုတ္တန္တိ ဝိညာယတိ။ ဧတ္ထ ကတ္ဝာ ဝိဘူတာရမ္မဏဝိထိယံ အတီတဘဝင်္ဂဿ ဥပ္ပါဒေဥပ္ပန္နံ ဟဒယဝတ္ထုယထာဝုတ္တာနံအာဝဇ္ဇနာဒိစိတ္တုပ္ပါဒါနံ နိဿယာရမ္မဏပစ္စယောဟောတိတျာယ မဇ္ဈော ဝေဒိတဗ္ဗာဝေတိ။ အညဒတ္ထုပနာယ မဇ္ဈော အာရမ္မဏ ဃဋ္ဋနာယံ ယထာဝုတ္တ ပစ္ဆိမဃဋ္ဋနာယ သမေတိ။ နိဿယဃဋ္ဋနာယံ စပကိဏ္ဏကဃဋ္ဋနာယံအဋ္ဌမဃဋ္ဋနာယ သမေတိ။ ။ ဟူ၍ဝိစစ်ပြဆို၏။ ။စ။ စောဒနာကို ပြ၍ဖြေဆိုဦးအံ့။ ဧတ္ထ။ ဤပဝတ္တိကာလအတိတဘဝင်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသျှင်အာရုံရှိကုန်သော မနောဒွါရိကကုသိုလ် အကုသိုလ်အဗျာကတ ဝိထိစိတ်တို့၏ထိုအာရုံဖြစ်သော ဝတ္ထုတခုတည်းကိုပင်မှီ၍ ဖြစ်ကြောင်းကိုပြဆိုသော သမာနဝါဒိဆရာတို့၏ဝါဒ၌။ ကသ္မာ။ ကြောင့်။ယထာဝုတ္တဝတ္ထု။ ဆိုအပ်ပြီးသောအပြားရှိသော ပဝတ္တိကာလဝယ်ဝိဘူတာရုံဝိထိ၏ ရှေ့အတိတဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော ဟဒယ ဝတ္ထု သည်။ စိတ္တုပ္ပါဒန္တရိကံ။ ဘဝင်စလနဘဝင်္ဂုပစ္ဆေဒအစရှိသောစိတ္တုပ္ပါဒ်ခြားသည်။ သမာနံ။ ဖြစ်

လျက်။ အာဝဇ္ဇနာဒိနံ။ အာဝဇ္ဇန်းအစရှိသောဝိထိစိတ်တို့အား။ နိဿယဿ ရမ္မဏာ သတ္တိယာ။ နိဿယသတ္တိ အာရမ္မဏာ သတ္တိဖြင့်။ ဥပကာရကံ။ ကျေးဇူးပြုနိုင်သည်။ဟောတိ။ဖြစ်သနည်း။ အာဝဇ္ဇနာဒိနိစ။ မနောဒွါရာ ဝဇ္ဇန်း အစရှိသော ဝိထိစိတ်တို့ သည်လည်း။ တံ။ထိုအတိတ ဘဝင်၏ ဥပါဒ်ခဏာ၌ဖြစ်သောဟဒယဝတ္ထုကို။ နိဿယာရမ္မဏံ။ မှီရာအာရုံကို။ ကရောန္တိ။ ပြုနိုင်ကုန် သနည်း။ ပုရိမပုရိမ စိတ္တက္ခ ဏုပ္ပန္နေ။ ရှေးရှေး အန္တရစိတ်၏ ဥပါဒ်ခဏာ၌ဖြစ်သော။ ဟဒယဝတ္ထုသ္မိံ။၌။ ဥတ္တရုတ္တရာနိ။ အထက်အထက်ဖြစ်သောနောက်စိတ်တို့သည်။ ပဝတ္တန္တိ။မှီ၍ဖြစ်ရကုန် ၏။ဣတိ။သို့။ အနုဋီကာယံ။၌။ ဝုတ္တတ္တာ။ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ပန္တိမာပန္တိမာ။ နောက်နောက်ဖြစ်ကုန်သော။ စိတ္တုပ္ပါဒါ။ စိတ္တုပ္ပါဒ်တို့ သည်။ပုရိမပုရိမသ္မိံ။သော။စိတ္တုပ္ပါဒေ။စိတ်၏ဥပါဒ်ခဏာ၌။ဥပ္ပန္နံ။သော။ ဟဒယဝတ္ထုံ။ကို။ နိဿာယ။၍။ပဝတ္တန္တိနနု။ ဖြစ်ပါကုန်သည်မဟုတ်တုံ လော။ဣတိအယံ။ ဤသည်ကား။ပုစ္ဆာ။ အမေးတည်း။ ပရိဟာရော။ အဖြေကို။မယာ။ငါသည်။ ဝုစ္စတေ။ဆိုလိုက်ဦးအံ့။ ဟိဝိတ္ထာရေမိ။ အံ့။ဣဒံ ဝတ္ထု။ ဤအတိတဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သောဟဒယ ဝတ္ထုသည်။ စိတ္တုပ္ပါဒန္တရိကံ။ ဘဝင်စလနဘဝင်ုပစ္ဆေဒ အစရှိသောစိတ္တုပ္ပါဒ်ခြား ခြင်းရှိသည်။သမာနံပိ။ ဖြစ်လျှင်းသော်လည်း။အတ္တတော။သဘောအား ဖြင့်။ဒုရန္တရိကစိတ္တုပ္ပါဒါနံ။ စိတ္တက္ခဏာနှစ်ချက် သုံးချက်စသည်ဝေးခြား ခြင်းရှိသောစိတ္တုပ္ပါဒ်တို့၏။ ပုရေဇာတနိဿယပစ္စယော။ ပုရေဇာတ နိဿယပစ္စည်းသည်။သမ္ဘဝတေဝ။ဖြစ်ပါသလျှင်ကတည်း။တထာဟိ တတောဧဝ။ ထိုသို့ဟဒယဝတ္ထု၏ စိတ္တက္ခဏာဝေးခြားသော စိတ္တုပ္ပါဒ် တို့၏ပုရေဇာတ နိဿယပစ္စည်း ဖြစ်သည်၏ အဖြစ်ကြောင့်သာလျှင်။ မရဏာသန္နကာလေ။၌။ပုဗ္ဗေ။ စုတိစိတ်မှပြန်၍ရေသော် တဆယ့်ခုနစ် ချက်မြောက်သောဘဝင်စိတ်၏ ဥပါဒ်ခဏာဟူသောရှေးကာလ၌။ဝတ္ထုံ။ ဖြစ်သောဟဒယဝတ္ထုသည်။ စိတ္တုပ္ပါဒါန္တရိကာနံ။ နှစ်ချက် သုံးချက်စ သောစိတ္တုပ္ပါဒ် ခြားခြင်းရှိကုန်သော။ တံဝိထိဂတာနံ။ ထိုမရဏာသန္န ဝိထိ၌ဖြစ်ကုန်သော မနောဒွါရာဝဇ္ဇန် ဇောတဒါရုံ ဟူကုန်သော။ ကုသ လာကုသလာဗျာကတသင်္ခါတာနံ။ ဟုဆိုအပ်ကုန်သော်။တိပ္ပကာရာနံ။ သုံးပါးအပြားရှိကုန်သော။ စိတ္တုပ္ပါဒါနံ။တို့၏။ ပုရေဇာတ နိဿယပစ္စ ယော။သည်။ ဟောတိ။ ၏။ဣတိ၊ ဤသို့မှတ် အပ်၏။ အနုဋီကာယံပန။၌

ကား။ဥတ္တရုတ္တာနံ။တို့၏။ပုရိမပုရိမစိတ္တုပ္ပါဒကွဏာဉ္ပန္နဝတ္ထုနိဿယတာ
ရှေးရှေးဖြစ်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုလျှင်မှီရာရှိ
သည်၏အဖြစ်ကို။ ယေဘုယျေန။များသောအားဖြင့်။ဝါ။ယေဘုယျနည်း
အားဖြင့်။ ဂုတ္တာ။၏။ ဉာတိ။သို့။ဝိညာယတိ။သိအပ်၏။ ယထာ။အဘယ်ကဲ့
သို့နည်းဟူမူကား။လောကတော။လောကအားဖြင့်။အမ္ဗဝနံခဒိရဝနံတိ။
အမ္ဗဝနံခဒိရဝနံဟူသကဲ့သို့တည်း။ သာသနတော။ဖြင့်။အာရမ္ဘဏပုရေ
ဇာတ▲မဝါတျာဒိ။ အာရမ္ဘဏပုရေဇာတစသည် ဟူသကဲ့သို့ တည်း။
ဟိဝိတ္ထာရေမိ။အံ့။ယသ္မိံဝနေ။အကြင်တော၌။အညေသံ။သရက်ပင်ရှား
ပင်မှတပါးကုန်သော။ဇမ္ဗုပနသာဒိရုက္ခာနံ။ သပြေပင်ပိန်းနဲပင်စသော
သစ်ပင်တို့၏။ ဝိဇ္ဇမာနဘာဝေ။ ရှိသည်၏အဖြစ်သည်။သတိပိ။ရှိသော်
လည်း။ အမ္ဗခဒိရာနံ။ သရက်ပင် ရှားပင်တို့၏။ ဗဟုတ္တာ။ များသည်၏
အဖြစ်ကြောင့်။တံဝနံ။ ထိုတောကို။အမ္ဗဝနန္တိစ။သရက်တောဟူ၍၎င်း။
ခဒိရဝနန္တိစ။ရှားတောဟူ၍၎င်း။ ဂုတ္တတိယထာစ။ ဆိုအပ်သကဲ့သို့၎င်း။
သာသနေ။၌။ အဘိညာဥာဏသ။ ဉာဏ်ဝိဓအဘိညာဥ် ဥာဏ်၏။တေန။
ထိုအဘိညာဥ်ဥာဏ်သည်။ပဝတ္တေတဗ္ဗသ။ ဖြစ်စေအပ်သော။ရူပသ။
နိမ္မိတရုပ်၌အကျုံးဝင်သောရုပ်၏။သဟဇာတာရမ္ဘဏဘာဝေ။သဟဇာတ
အာရုံဖြစ်သည်၏အဖြစ်သည်။သတိပိ။ရှိသော်လည်း။သဟဇာတအတ္ထိနော။
သဟဇာတတ္ထိပစ္စည်းတပ်သောတရား၏။ဝိသုံပဝတ္တနသ။ပုရေဇာတတ္ထိ
ဖြစ်သောအာရုံမှအသီးဖြစ်ခြင်း၏။ဗဟုတ္တာ။ များသည်၏အဖြစ်ကြောင့်။
အာရမ္ဘဏပုရေဇာတမေဝါတိ။အာရမ္ဘဏပုရေဇာတဟူ၍သာလျှင်။ဂုတ္တ
တိယထာစ။ကဲ့သို့၎င်း။ ဧဝံတထာ။တူ။ဟဒယဝတ္ထုသ။ အတီတဘဝင်
နှင့်အတူဥပါဒ်သောဟဒယဝတ္ထု၏။ စိတ္တုပ္ပါဒန္တရိကဒုရဘာဝေ။ နှစ်ချက်
သုံးချက်စသောစိတ္တုပ္ပါဒ်ခြားခြင်းရှိသည်ဖြစ်၍ ဝေးသည်၏အဖြစ်သည်။သ
တိပိ။ရှိသော်လည်း။အနန္တရုပ္ပန္နာနံ။မိမိနှင့်ဥပါဒ်ပြိုင်၍ဖြစ်သောစိတ်မှနောံ
အခြားမဲ့၌ဖြစ်ကုန်သော။စိတ္တုပ္ပါဒါနံ။တို့၏။နိဿယဘာဝသ။မှီရာဖြစ်
သည်၏အဖြစ်၏။ဗဟုတ္တာ။ များသည်၏အဖြစ်ကြောင့်။ အနုဋီကာယံ။၌။တ
ထာ။ ထိုပြဆိုခဲ့ပြီးသည့်အတိုင်း။ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေဟဒယဝတ္ထု
သ္မိံ ဥတ္တရုတ္တရာနံပဝတ္တန္တိ။ဟူ၍။ဂုတ္တံ။၏။ဉာတိ။သို့။ ဝိညာယတိ။၏။ဧဝမ္ဗု
ကတ္တာ ဉာမိနာကာရဏေန။ ဤသို့သော ပုရိမပုရိမစသော စကားကို
ယေဘုယျအားဖြင့်သာအနုဋီကာဆရာဆိုသည်ဟုသိအပ်သည်၏အဖြစ်❋

တည်းဟူသောအကြောင်းကြောင့်။ ဝိဘူတာရမ္မဏဝိထိယံ၊ ပဝတ္တိကာ
လဝိဘူတာရုံဝိထိ၌။အတီတဘဝင်္ဂသ။ ရှေးအတီတဘဝင်၏။ဥပ္ပါဒေ။၌။
ဥပ္ပန္နံ။သော။ဟဒယဝတ္ထု။သည်။ယထာဝုတ္တာနံ။ကျန်သော။အာဝဇ္ဇနာဒိ
စိတ္တုပ္ပါဒါနံ။ တို့၏။နိဿယာရမ္မဏပစ္စယော။သည်။ ဟောတိ။၏။ ဇာတိ
အယံအထွေ။ ဤသို့သော အနက်ကို။ ဝေဒိတဗ္ဗော။ သိအပ်သည်သာ
တည်း။ဇာတိအယံ။ကား။ပရိဟာရော။တည်း။အညဒတ္ထုပနစိန်စစ်သော်
ကား။ အယံအထွေ။ ဤသမာနဝါဒီဆရာတို့ဆုံးဖြတ်ပြဆိုအပ်သော အ
နက်သဘောသည်။အာရမ္မဏဃဋနာယံ။၌။ယထာဝုတ္တပဥ္စမဃဋနာယ။
ပြဆိုခဲ့အပ်ပြီးသောအပြားရှိသောပဉ္စမဃဋနာပါဠိတော်နှင့်။ သမေတိ။
၏။နိဿယဃဋနာယံ။၌။ ပကိဏ္ဏကဃဋနာယ။ ၏။ အဋ္ဌမဃဋနာယစ။
နှင့်လည်း။သမေတိ။၏။ ။

ပဥ္စဝေါကာရဘုံဝယ်ယောနိလေးပါးတို့ဖြင့် ထိုက်သည်အားလျော်
စွာပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်ဟူသမျှတို့၏ ပဋိသန္ဓေစိတ်သည်မိမိ
နှင့်အတူ ဥပါဒ်ပြိုင်၍ဖြစ်သော သဟဇာတ ဟဒယဝတ္ထုရုပ်ကိုသာ မှီ
သည်။ ပဌမဘဝင်အစရှိသော စိတ်တို့မူကား မိမိတို့၏ ရှေ့ရှေ့အနန္တရ
စိတ်နှင့်အတူဥပါဒ်သောပုရေဇာတဟဒယဝတ္ထုကိုမှီ၍ဖြစ်ကြကြောင်း
ကို။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏနိဒ္ဒေသ၌။ ။ပဋိသန္ဓိစိတ္တသ
ဥပါဒက္ခဏေ ဥပ္ပန္နံ ဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယ ဒုတိယဘဝင်္ဂံ
ဥပ္ပဇ္ဇတိ။တေနသဒ္ဓိံဥပ္ပန္နံဌာနပတ္တံပုရေဇာတံဝတ္ထုံနိဿာယ တတိယ
ဘဝင်္ဂံဥပ္ပဇ္ဇတိ။ဇာမိနာနယေနယာဝတာယုကံစိတ္တပဝတ္တိဝေဒိတဗ္ဗာ။ ။
ဟုပြဆိုတော်မူသည်။ ။ပဋိသန္ဓိစိတ္တဿ၊၏။ဥပါဒက္ခဏေ။၌။ ဥပ္ပန္နံ။
သော။ဌာနပတ္တံ။ ဌီသို့ရောက်ပြီးသော။ ပုရေဇာတံ။ပုရေဇာတဖြစ်သော။
ဝတ္ထုံ။ ဟဒယဝတ္ထုကို။နိဿာယ။၍။ ဒုတိယဘဝင်္ဂံ။သည်။ဥပ္ပဇ္ဇတိ။၏။
တေန။ ထိုဒုတိယဘဝင်စိတ်နှင့်။သဒ္ဓိံ။ကွ။ဥပ္ပန္နံ။သော။ဌာနပတ္တံ။သော။
ပုရေဇာတံ။ သော။ ဝတ္ထုံ။ကို။ နိဿာယ။၍။ တတိယဘဝင်္ဂံ။ သည်။
ဥပ္ပဇ္ဇတိ။၏။ဇာမိနာနယေန။ဤနည်းဖြင့်။ယါဝတာယုကံ။အသက်ထက်ဆုံး။
စိတ္တပဝတ္တိ။စိတ်၏ဖြစ်ခြင်းကို။ဝေဒိတဗ္ဗာ။၏။ ။ဤအဋ္ဌကထာ၌ယာဝ
တာယုကအရကိုစုတိစိတ်မှစ၍ပဋိလောမအားဖြင့်ရေသော်စိတ္တက္ခဏ
၁၇ ချက်မြောက်တိုင်အောင်သော်စိတ်တွင်ရွေ့သါယူ။စုတိစိတ်မှစ၍ပန္တရ
သမစိတ်တိုင်အောင်သော စိတ်တဆယ့်ငါးခုတို့မူကားစုတိစိတ်မှရှေ့

သတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုကိုသာမှီကုန်သည်။ပ
ဝတ္တိကာလဝယ်အတိမဟန္တာရုံတဝိထိ။ မဟန္တာရုံနှစ်ဝိထိ။ပရိတ္တာရုံခြောက်
ဝိထိအားဖြင့် ပဥ္စဒွါရိကဝိထိ ကိုးရတ္တို့၌ပါရှိသော ပဥ္စဝိညာဏ်စိတ်တို့မှ
ကား။ဘဝင်္ဂစလနမှ ရှေ့တချက်မြောက်စိတ်မှစ၍ ကိုးချက်မြောက်တိုင်
အောင်စိတ်တို့၏ ဥပါဒ်ခဏ၌ဖြစ်ကုန်သော ပဥ္စပသာဒဝတ္ထုတို့ကိုသာ
အစဉ်အတိုင်းမှီကုန်သည်ဖြစ်၍။ ပဌမဘဝင်အစရှိသော နောက်နောက်
စိတ်တို့သည်ပဋိသန္ဓေအစရှိသော ရှေးရှေးအနန္တရစိတ်တို့၏ ဥပါဒ်ခဏ
၌ဖြစ်သောဝတ္ထုရုပ်ကိုသာမှီကြောင်းကိုပြဆိုသော ဤဝိသုဒ္ဓိမဂ်စကား
ကိုယေဘုယျအားဖြင့်သာ ဆိုသည်ဟုမှတ်။ ။အနုဋီကာ၌လည်း။ ။
ပုရိမပုရိမစိတ္တက္ခဏုပ္ပန္နေ ဟာဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာနိပဝတ္တန္တိ။ ။
ဟူသောစကားကိုယေဘုယျအားဖြင့်ပင်ဆိုသည်ဟူ၍မှတ်။အပ္ပကာအါး
ဖြင့်သော်ပြဆိုခဲ့ပြီးသည့်အတိုင်း ပဋိသန္ဓေစိတ်သည်မိမိနှင့်အတူ ဥပါဒ်
သောသဟဇာတဝတ္ထုကိုမှီသည်။ စုတိစိတ်မှ ရှေ့ပန္နရသမစိတ်မှစ၍
စုတိစိတ် တိုင်အောင်သော စိတ်တဆယ့်ငါးခု တို့သည် အစဉ်အတိုင်း
စိတ္တက္ခဏနှစ်ချက်လွန်မှစ၍ စိတ္တက္ခဏတဆယ့်ခြောက်ချက် လွန်ခြင်း
ရှိသောဟာဒယဝတ္ထုကိုသာမှီကုန်သည်ဟုမှတ်လေ။ ။ရှေးရှေးအနန္တရ
စိတ်နှင့်အတူဥပါဒ်သော စိတ္တက္ခဏတချက် အသက်ကာလလွန်ခြင်းရှိ
သောဟာဒယဝတ္ထုကို နောက်နောက်အနန္တရစိတ်တို့ မှီကြောင်းကိုပြဆို
ရာဝယ်ဧကစိတ္တက္ခဏာတိက္ကမ ဟူသောစကားကို စိတ္တက္ခဏာတချက်
ခန့်ကာလကိုမျှ မလွန်သော ဟာဒယဝတ္ထု၏ အားနည်း သည်၏ အဖြစ်
ကြောင့်။ စိတ္တက္ခဏ တချက်ကာလကို လွန်သဖြင့်သာ အားရှိသည်၏
အဖြစ်ကို ပြခြင်းငှါသာဆိုအပ်သည်။ စိတ္တက္ခဏ နှစ်ချက်သုံးချက်လေး
ချက်စသည်ကိုလွန်ခြင်းရှိကုန်သောဟာဒယဝတ္ထုတို့၏ ဝိညာဏ်၏မှီရာ
မဖြစ် သည်၏ အဖြစ်ကြောင့် ဆိုအပ်သည် မဟုတ် ကြောင်းကို။ ။
ဧက စိတ္တက္ခဏာ တိက္ကမောတိစ အနတီတေက စိတ္တက္ခဏာဿ ဒုဗ္ဗလ
တာယ ဧကစိတ္တက္ခဏာ တိက္ကမေန တဿဗလဝ ဘာဝဒဿနတ္ထံ ဝုတ္တံ။
နပနဒွိတိစတုစိတ္တက္ခဏာတီတာနံ နိဿယဘာဝါဘာဝတော။ ။ဟူ
၍အဘိဓမ္မာဝတာရအဋ္ဌကထာ၏အဖွင့်ဖြစ်သောအဘိဓမ္မတ္ထဝိကာသနီ
ဋီကာ၌ပြဆိုသည်ဖြစ်၍ ဤဋီကာဆရာ၏အလိုအားဖြင့်လည်း။ဝိသုဒ္ဓိမဂ်
အဋ္ဌကထာအနုဋီကာတို့၌ နောက်နောက်စိတ်သည် ရှေ့ရှေ့အနန္တရစိတ်၏

နှင့်အတူ ဥပါဒ်သော ဟာဒယ ဝတ္ထုကိုမှီ၍ ဖြစ်သည်၏ အဖြစ်ကို ပြဆို
သောစကားကို ယေဘုယျ အားဖြင့် ပြဆိုသည် ဟူ၍သာ ယူရမည်၏
အဖြစ်ကိုပင်ပြသည်။ ။စိတ်သည်မိမိရှေ့အနန္တရစိတ်နှင့်အတူဥပါဒ်
သောဟာဒယဝတ္ထုကိုသာယေဘုယျအားဖြင့်မှီ၍အပ္ပကအားဖြင့်စိတ္တက္ခ
ဏနှစ်ချက်သုံးချက် လေးချက်စသည်ကို လွန်ခြင်းရှိသော ဟာဒယဝတ္ထု
ကိုလည်း မှီသည်၏အဖြစ်ကို အဘယ့်ကြောင့် သိပါသနည်း။ ဟူဘွယ်
ရှိ၍။ ။ဝေဠကတွာဂုတ္တံအာစရိယ ဓမ္မပါလထေရေနသမ္ပိဏ္ဍိတ္ဝာဒိန္န
ရတိအာသန္နာနိတဒ္ဓ ံကမ္မဇရူပဿ အနုပ္ပတ္တိတော ကေသိ္ဉ ံယေဝဟာဒ
ယဝတ္ထုသိ္ဉ ံဝတ္တန္တိ။ ။ဟူ၍အနုဋီကာစကားကိုထောက်၍သိကြောင်း
သာဓကပြုလုပ်၍ထုတ်ဆောင်ပြဆိုတော်မူသည်။ ။စုတိ၏အနီးကာ
လပဋ္ဌဒွါရိက မရဏာသန္နဝိထိ၌ ဖြစ်ကုန်သောသမ္ပိဏ္ဍိတ်းအစရှိသော
စိတ်တို့သည်စုတိစိတ်မှစ၍ ပဋိလောမအားဖြင့်ရေသော်တဆယ့်ခုနစ်
ချက်မြောက်သော စိတ်၏ဥပါဒ်ခဏ၌ဖြစ်သော ဟာဒယဝတ္ထုမှအထက်
ဖြစ်သောဒုင်းစိတ်၏ဌီခဏစသော နောက်ကာလ၌ ကမ္မဇရုပ်ဟူသမျှ၏
တဖန်အသစ်မဖြစ်ခြင်းကြောင့် ထိုသတ္တရသမစိတ်၏ ဥပါဒ်ခဏ၌ဖြစ်
သောတခုတည်းသောဟာဒယဝတ္ထု၌သာ မှီ၍ဖြစ်ကြရကြောင်းကိုအနု
ဋီကာဆရာပြဆိုသောကြောင့် စိတ်သည်အပ္ပကအားဖြင့် စိတ္တက္ခဏနှစ်
ချက်သုံးချက်စသည် လွန်ခြင်းရှိသော ဟာဒယဝတ္ထုကိုလည်း မှီသည်၏
အဖြစ်ကိုသိပါသည်။ဟူလို။ ။ကေစိတ္တက္ခဏာ တိက္ကမေ‌ာတိစ။နေ့ံ
နောက် စိတ်၏ ရှေ့ရှေ့ စိတ်နှင့် အတူ ဥပါဒ် သော ဟာဒယ ဝတ္ထုကိုမှီ
ကြောင်းကိုပြရာဝယ်ကေစိတ္တက္ခဏာတိက္ကမ ဟူသောစကားကိုလည်း။
အနတိတေကစိတ္တက္ခဏာဿ။စိတ္တက္ခဏာတချက်ကိုမျှမလွန်သေးသော
ဟာဒယ ဝတ္ထု၏။ဒုန္နလတာယ။ အားနည်း သည်၏ အဖြစ်ကြောင့်။ ကေ
စိတ္တက္ခဏာတိက္ကမေန။ စိတ္တက္ခဏာတချက်ကို လွန်သဖြင့်။ ဗလဝဘာဝ
ဒဿနတ္ထံ။အားရှိသည်၏ အဖြစ်ကိုပြခြင်းငှာ။ ဝုတ္တံ။၏။ဒွိတိစတုစိတ္တက္ခ
ဏာတိတာနံ။ စိတ္တက္ခဏာနှစ်ချက် သုံးချက်လေးချက်ကို လွန်ခြင်းရှိကုန်
သောဟာဒယဝတ္ထုတို့၏။ နိဿယဘာဝါဘာဝတော။ စိတ်၏မှီရာမဖြစ်
သည်၏ အဖြစ်ကြောင့်။ နပနဝုတ္တံ။ ဆိုအပ်သည် မဟုတ်။ ဝေဠကတွာ။
ဤသို့စိတ္တက္ခဏာ နှစ်ချက် သုံးချက်လေးချက်ကို လွန်ခြင်းရှိသော ဟာဒယ
ဝတ္ထုတို့၏စိတ်၏ မှီရာမဖြစ်သည်မဟုတ် မှီရာဖြစ်သည်သာ ဖြစ်သော

ကြောင့်။အာစရိယဓမ္မပါလထေရေန။ ဆရာဓမ္မပါလမထေရ်သည်။အနု
ဋီကာယံ။၌။သမ္ပဋိစ္ဆနာဒိနိ။လ။ဝတ္တန္တိတိ။ဝတ္တန္တိဟူ၍။ဝုတ္တံ။ မိန့်ဆိုတော်
မူအပ်၏။ စုတိအာသန္နာနိ။ စုတိ၏အနီးဖြစ်သော ပဉ္စဒွါရဝိထိ၌ဖြစ်ကုန်
သော။ သမ္ပဋိစ္ဆနာဒိနိ။တို့သည်။ တဒုဒ္ဒံ။ထိုစုတိစိတ်မှ ပြန်၍ရေသော်
၁၇ ချက် မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ဟာဒယ ဝတ္ထုမှ
အထက်ဖြစ်သောနောက်ကာလ၌။ ကမ္မဇရူပဿ။ ကမ္မဇရုပ်ဟူသမျှ၏။
အနုပ္ပတ္တိတော။ မဖြစ်ခြင်းကြောင့်။ ဧကသ္မိံယေဝဟာဒယဝတ္ထုသ္မိံ။စုတိ
စိတ်မှရှေ့သတ္တရသမစိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုတခုတည်း
၌သာလျှင်။နိဿာယ။၍။ဝတ္တန္တိ။ဖြစ်ကုန်၏။ ။ဤအနုဋီကာ၌သမ္ပဋိစ္ဆ
နာဒိနိဧကသ္မိံယေဝဟာဒယဝတ္ထုသ္မိံဝတ္တန္တိ။သာပဓာန။ ။သမ္ပဋိစ္ဆိုင်းစ
သောစိတ်တို့သည်သတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုတခု
တည်းကိုသာလျှင်မှီ၍ဖြစ်ကုန်သည်ဟူရာဝယ်သမ္ပဋိစ္ဆိုင်းစသည်အရကို
ပဝတ္တိကာလ၌ဖြစ်သော စိတ်ကိုယူရအံ့လော။ ဟူဘွယ်ရှိ၍။ စုတိအာ
သန္နာနိကို ဆိုပြန်ရသည်။ ။အဘယ်ကြောင့် ထိုစုတိ အာသန္န ဖြစ်
သောသမ္ပဋိစ္ဆိုင်း စသောစိတ်တို့သည် ထိုသတ္တရသမ စိတ်နှင့်အတူ
ဥပါဒ်သောဟာဒယဝတ္ထုတခုတည်း၌သာမှီ၍ဖြစ်ရလေကုန်သနည်း။ဟူ
ဘွယ်ရှိ၍။တဒုဒ္ဒံကမ္မဇရူပဿအပဝတ္တိတော။ကိုဆိုပြန်ရသည်။ ။
ထိုသတ္တရသမစိတ်နှင့်အတူဥပါဒ်သောဟာဒယဝတ္ထုမှအထက်ဖြစ်သော
နောက်ကာလ၌ ကမ္မဇရုပ် ဟူသမျှပင် မဖြစ်ပြီ ဖြစ်သောကြောင့်ယင်း
ဝတ္ထုတခုတည်း၌သာမှီ၍ဖြစ်ကြရကုန်သည်။ ဟူလို။ ။ဤဝိသုဒ္ဓိမဂ်
အဋ္ဌကထာအနုဋီကာ။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာတို့ အလိုအားဖြင့်ပဉ္စ
ဝေါကာရ ဘုံဝယ် ဖြစ်ခိုက်သော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍သာ
ဖြစ်ကြရကုန်သည်။ ဝတ္ထုရုပ်ကိုမမှီဘဲဖြစ်သော မည်သည်အလျှင်းပင်
မရှိကောင်း။ထိုစိတ်တို့တွင်လည်း မနောဓာတ်မနောဝိညာဏဓာတ်တို့
သည်ဟာဒယ ဝတ္ထုရုပ်ကိုသာ အမြဲမှီရကုန်သည်။ ဟာဒယဝတ္ထုအများ
တွင်လည်းမိမိရှေ့စိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သောဟာဒယဝတ္ထု
ရှိခဲ့သော်ဥပါဒ်ပြီးနောက် စိတ္တက္ခဏ တချက်ခန့် ကာလကို လွန်ခြင်းရှိ
သောဟာဒယ ဝတ္ထုမှတပါး အခြားဝတ္ထုကိုမမှီကုန်။ ထိုပဉ္စဝေါကာရ
ပုဂ္ဂိုလ်တို့၏ပဋိသန္ဓေစိတ်မူကား ဤဘဝဝယ်မိမိမဖြစ်မီ ရှေ့အဘို့ကာ
လ၌ဖြစ်သောဟာဒယဝတ္ထုမည်သည်မရှိသောကြောင့် သာမိမိနှင့်အတူ

ဥပါဒ်သောဟဒယဝတ္ထုရုပ်ကိုမှီရလေသည်။ ထိုပုဂ္ဂိုလ်တို့အားမရဏာသန္နကာလ၌ဖြစ်ကုန်သောစုတိစိတ်မှစ၍ ပဋိလောမအားဖြင့် ရေသော်တဆယ့်ငါးချက်မြောက် စိတ်တိုင်အောင်သော စိတ်တဆယ့် ငါးခုတို့သည်။ ထိုပုဂ္ဂိုလ်တို့အားစုတိစိတ်မှ ရှေ့သတ္တရသမစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သောဟဒယဝတ္ထုမှအထက်ဖြစ်သောနောက်ကာလ။ ထိုသတ္တရသမစိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ် ဟူသမျှပင် အသစ်မဖြစ်ပြီ ဖြစ်သောကြောင့်စိတ္တက္ခဏတချက်ခန့်အသက်ကာလကို လွန်ခြင်းရှိသော ဟဒယဝတ္ထုဟူ၍မရှိသည်သာ ဖြစ်ရကား။ စိတ္တက္ခဏနှစ်ချက်ခန့် သုံးချက်ခန့်ကာလမှစ၍ စိတ္တက္ခဏ တဆယ့်ခြောက်ချက်ခန့် အသက်ကာလ လွန်ခြင်းရှိသော ထိုသတ္တရသမစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုတခုတည်းကိုသာမှီ၍ဖြစ်ကြရကုန်သည်ဟုယူတော်မူကုန်သည်ဖြစ်၍ စိတ်တို့၏စိတ္တက္ခဏနှစ်ချက် သုံးချက်စသောအခန့်ကာလကိုလွန်ခြင်းရှိသော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ရာကာလအရကို မရဏာသန္နကာလကိုသာယူတော်မူကုန်သည်။ ယင်းမှတပါး ပဝတ္တိကာလကို ယူတော်မမူကုန်။ ။ပဋ္ဌာနသာရဒီပဏီ၌သမာနဝါဒီဟုပြဆိုအပ်သောဆရာတို့မူကား စိတ်တို့၏အပ္ပကအားဖြင့် စိတ္တက္ခဏနှစ်ချက် သုံးချက်ခန့်ကာလစသည်ကိုလွန်ခြင်းရှိသော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ရာကာလအရကိုမရဏာသန္နမှတပါးသောပဝတ္တိကာလကိုယူ၍ပဝတ္တိကာလဝယ်ဝိဘူတာရုံဝိထိရှေ့အတီတဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုကိုပစ္စည်း။ ထိုမနောဒွါရိကဝိဘူတာရုံဝိထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းဇောတဒါရုံ ဟူကုန်သော ကုသိုလ် အကုသိုလ် အဗျာကတ တရားတို့ကိုပစ္စယုပ္ပန်ဟုယူ၍ဝတ္ထာရမ္မဏ နိဿယ ပစ္စည်းပစ္စယုပ္ပန်အရကိုဆုံးဖြတ်ပြဆိုသောကြောင့်။ ထိုဆရာတို့၏ဝိနိစ္ဆယသည် ပြဆိုခဲ့ပြီးသောဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဋီကာ အဘိဓမ္မတ္ထဝိဘာဝနီဋီကာတို့နှင့် ဆန့်ကျင်သောဝိနိစ္ဆယသာ ဖြစ်ရာသည်။ ။မဏိသာရ မဉ္ဇူသာ ဋီကား။ ၌ဝတ္ထာရမ္မဏနိဿယပစ္စည်းပစ္စယုပ္ပန်အရကိုပဝတ္တိကာလဖြင့်ပြဆိုဆုံးဖြတ်သောဆရာတို့ဝိနိစ္ဆယ၏မသင့်ကြောင်းကို။ ။ကေစိပနဇ္ဈမမတ္တမသလ္လက္ခေတွာကေက္ခဏေ နိဿယာရမ္မဏ ပစ္စယဘာဝံ ဝိနိစ္ဆယေ အတိဝိယ ကိလမန္တိ။ ဝိနိစ္ဆိနန္တာစအညထာ ဝိနိစ္ဆိနန္တိ။ ထံတေသံမတိမတ္တံ။ ။ဟူ၍ပြဆိုပယ်ဖျက်တော်မူ၏။ ။ကေစိပန။ အချို့ဆရာတို့

သည်ကား။ ဣမမတ္ထံ။ ဤယခုငါ ပြဆိုခဲ့ပြီးသော စုတိစိတ်မှ ပြန်၍ရေ
သော်တဆယ့်ခုနစ်ချက် မြောက်သောစိတ်နှင့်အတူ ဥပါဒ်သောဟဒယ
ဝတ္ထုတခုတည်း၏ မရဏာသန္နဝိထိ၌အကျုံးဝင်သောမနောဒွါရာဝဇ္ဇန်
ဇောတဒါရုံတို့အား တခုတည်းသောခဏ၌ အာရမ္မဏသတ္တိ နိဿယ·
သတ္တိနှစ်ပါးစုံအားဖြင့် ကျေးဇူးပြုသည်၏ အဖြစ်တည်းဟူသော အနက်
သဘောကို။အသံလက္ခဏတ္ထာ။ မမှတ်နိုင်ကုန်သည်ဖြစ်၍။ ကေက္ခဏော။
တပြိုင်တည်းသောခဏ၌။ နိဿယာရမ္မဏပစ္စယဘာဝဝိနိစ္ဆယေ။တခု
တည်းသောဟဒယဝတ္ထု၏ နိဿယသတ္တိ အာရမ္မဏသတ္တိနှစ်ပါးစုံဖြင့်
ကုသိုလ်အကုသိုလ်အဗျာကတဖြစ်သော ပစ္စယုပ္ပန်တရားတို့အားကျေး
ဇူးပြုသည့်၏အဖြစ်ကိုဆုံးဖြတ်ခြင်း၌။ အတိဝိယကိလမန္တိ။ အလွန်လျှင်
ပင်ပန်းကြကုန်၏။ဝိနိစ္ဆိနန္တာစ။ဆုံးဖြတ်ကြကုန်သော်လည်း။အညထာ။
ပဋ္ဌာန်း ပါဠိတော်နှင့်အညီ ငါပြဆိုခဲ့ပြီးသော ဝိနိစ္ဆယမှ တပါးသော
အခြင်းအရာအားဖြင့်။ဝိနိစ္ဆိနန္တိ။ ဆုံးဖြတ်ကြကုန်၏။ တံ။ထိုကေစိဆရာ
တို့၏အဆုံးအဖြတ်သည်။တေသံ။ထိုကေစိဆရာတို့၏။မတိမတ္တံ။အလိုမျှ
သာတည်း။ ။ငါပြဆိုခဲ့သည်အတိုင်း ဟဒယဝတ္ထု၏ ကုသိုလ်အကု
သိုလ်အဗျာကတတရားတို့အား အာရမ္မဏသတ္တိ နိဿယသတ္တိနှစ်ပါးစုံ
ဖြင့်ကျေးဇူးပြုသည်၏အဖြစ်ကိုဆုံးဖြတ်ရာ၌မရဏာသန္နကာလဖြင့်ဆုံး
ဖြတ်သည်မှတပါးပဝတ္တိကာလဖြင့် ဆုံးဖြတ်ပြဆိုသော ကေစိဆရာတို့
၏အဆုံးအဖြတ်သည်ပါဠိအဋ္ဌကထာ တို့နှင့်မညီ မိမိတို့အလိုအထင်မျှဖြင့်
သာပြဆိုဆုံးဖြတ်သော ဝိနိစ္ဆယဖြစ်၍ ထိုအဆုံးအဖြတ်ကို မမှတ်အပ်။
ဟူလို။ ။

ဇောတိရတနာပုဏ္ဏမဟာရာဇဓာနီယာ ဒက္ခိဏေ တိဂါဝုတ ပမာဏေ
နဝပုရသာနဂရသာဗာဟိရေပစ္ဆိမုတ္တရေသံဌိတသာသနဒ္ဓမ္မမာမကာနံ
နိဝါသဘူတသ ဗဟိနဂရနာမသ မဟာဂါမသ ဥတ္တရာသန္နေမဟာ
မဘာရုတ္တ ဝဏ္ဏသာသာသပပ္ပမာဏ သတ္တရသ သတ္တုဓာတုနိဓါနစေတိယ
အယောမယပဋိမာဒိနံ ပတိဋ္ဌာနဘူမိဘူတေ မနောရမ္မေ မဟာရာမေ
ဝသန္တေနတံ ဂါမဇာတိကေန ဇာတိတော ဧကူနသတ္တတိ ဝဿေန ဥပ
သမ္ပဒတော ဧကူနပန္နာသ ဝဿေန စန္ဒဝံသာ လင်္ကာရေန မဟာဗဟိ
နဂရာစရိယေန ပျဉ်းမနားနဂရဝါသီနံ သဟာပုညကာရီနံ ဂဏာဥက္ကဋ္ဌဘူ
တေဟိ ဥပါသကေဟိသဒ္ဓိံ ဆရာဆောင်ဇောတိဝိသုတေနဓမ္မကထိကာ

စရိယေန ပုဏ္ဏိတ ပုဏ္ဏာယ ဗျာကတမိဒံ ပုဏ္ဏာ ဗျာကရဏံ နာမဖိန
စက္ကသာသနိုသဟာသ စတုသတ စတ္တာလီသမေ သက္ကရာဇသာ ကောသ
ဟာသနိုသတ အဋ္ဌပဥ္စာသမေဝသော သာရဝဏ္ဏမာသသာ ဇုဏှပက္ခ
ဒွါဒသမေ နိဋ္ဌိတံ။ ။ရတိဏ္ဍမိနာ ဝစနက္ကမေန။ ဤမျှအဝိုင်းအရှည်ရှိ
သောစကားအစဉ်ဖြင့်။ရတနာပုဏ္ဏမဟာရာဇဓာနီယာ။ရတနာပုံမင်းနေ
ပြည်ကြီးမှ။ဒက္ခိဏော။တောင်အရပ်ဖြစ်သော။ တိဂါဝုတပမာဏော။သုံး
ဂါဝုတ်ပမာဏရှိသောအရပ်၌။ နဝပုရသနဂရသ။မြို့သစ်မြို့ကြီး၏ဝဲဘက်
ရေ။အပ၌။ပြင်၌။ဝါ။အပဖြစ်သော။ပြင်ဖြစ်သော။ပစ္ဆိမုတ္တရေ။အနောက်
မြောက်ထောင့်အရပ်၌။သံဝိဇ္ဇတသ။ ကောင်းစွာတည်သော။ သဒ္ဒမ္မမာ
မကာနံ။သူတော်ကောင်းတရား၌ အလွန်စုံမက်မြတ်နိုးခြင်းရှိကုန်သော
သူတို့၏။နိဝါသဘူတသ။အမြဲနေရာဖြစ်၍ဖြစ်သော။ဗဟိနဂရနာမသ။
မြို့ပြင်မည်သော။မဟာဂါမသ။ရွာကြီး၏။ ဥတ္တရာသန္နေ။မြောက်အရပ်အနီး
၌။ဝါ။အနီးဖြစ်သောမြောက်အရပ်၌။ မဟာမဟာရတ္တဝဏ္ဏသာသာပမာ
ဏသတ္တရသသတ္တုဂါတုနိဂါနစေတိယအယောမယပဋိမာဒိနံ။ များစွာ
သော်ဖြူဟ္ဝနတ်လူတို့သည်ပူဇော်အပ်ပူဇော်ထိုက်သောအဆင်းအားဖြင့်
ပုလဲအဆင်းပမာဏအားဖြင့်မုန်ညင်းစေ့ပမာဏရှိသောမြတ်စွာဘုရား
၏ ၁၇ ဆူသော ဓာတ်တော်တို့ကို ဌာပနာရာ ဖြစ်သော ဘိနပ်တော်
အတောင် ၃၀ အမြင့် ၃၅ တောင် ရှိသော သကျမဥ္စ။ စေတီတော်။
ဘိနပ်တော် ၄၅ တောင်အမြင့်အတောင် ၅၀ ရှိသောရတနာရံသီစေတီ
တော်။ ရောင်လျှံတော်ကုံ အရပ်ခြောက်တောင်ပမာဏရှိသောသကျ
မာရဇိန် အမည်ရှိသော ကြေးရုပ်ရှင်တော် အစရှိသော များစွာသော
စေတီတော်ရုပ်ပွါးတော်တို့၏။ ပတိဋ္ဌာနဘူမိဘူတေ။ ကိုးကွယ်တည်
ထားရာ မြေအရပ်ဖြစ်၍ ဖြစ်သော။ မနောရမ္မေ။ နှလုံးမွေ့လျော် ပျော်
ဘွယ်ရှိသော။မဟာရာမေ။ကျောင်းတိုက်ကြီး၌။ဝသန္တေန။ သီတင်းသုံး
နေသော။ တံဂါမဇာတိကေန။ ထိုမြို့ပြင်ကြီး ရွာလျှင် ဘွားရာဇာတိရှိ
သော။ဇာတိတော။ ဘွားသောကာလမှ။ပဋ္ဌာယ။စ၍။ ဝဿဂဏနေန။
နှစ်အရေအတွက်အားဖြင့်။ဧကူနသတ္တတိဝဿေန။တနှစ်လျော့ ၇၀ နှစ်
အရေအတွက်ရှိသော။ဥပသမ္ပဒတော။ပဉ္စင်းဖြစ်သောကာလမှ။ပဋ္ဌါယ။
၍ ဝဿဂဏနေန။ဖြင့်။ ဧကူနပဉ္စာသဝဿေန။ တဝါလျော့ ၅၀ သိက္ခာ
ဝါရှိသော။စန္ဒဝံသာလင်္ကာရေန။အရှင်စန္ဒဝံသာလင်္ကာရအမည်ရှိသော။

မဟာဗဟိနဂရာစရိယေန။မြို့ပြင်ကြီးဆရာတော်သည်။ပျည်းမနားနဂရဝါသိနံ။ ပျည်းမနားမြို့၌ နေကုန်သော။ သဟာပုညကာရိနံ။ အပေါင်းအသင်းဘွဲ့သော အားဖြင့် ဘုရား ဝတ်တက် ခြင်း အစရှိသော ကုသိုလ်ကောင်းမှုကိုအတူတကွပြုလေ့ရှိကုန်သောအရာမက များစွာကုန်သောသူတို့၏။ ဂဏဉက္ကဋ္ဌဘူတေဟိ။ ဂိုဏ်းအသင်းတို့၏ အကြီးဥက္ကဋ္ဌဖြစ်၍ဖြစ်ကုန်သော။ဥပါသကေဟိ။ ဒါယကာတို့နှင့်။သဒ္ဓိံ။ကွ။ ဆရာဆောင်ဉာတိဝိသုတေန။ ဆရာမြောင်ဆောင်ဟူ၍ကျော်စောထင်ရှားသော။ဓမ္မကထိကာ စရိယေန။ တရားဟော ဆရာသည်။ ပုဋ္ဌိတပဋ္ဌာယ။ မေးလျှောက်အပ်သောပဋ္ဌာကို။ ဗျာကတံ။ ဝေဘန်ပိုင်းခြား၍ ဖြေကြားရာဖြစ်သော။ပဋ္ဌာဗျာကရဏံနာမ။ပဋ္ဌာဗျာကရဏအမည်ရှိသော။ ဋ္ဌာဒံပကရဏံ။ဤကျမ်းသည်။ ဇိနစက္ကသာ။ မြတ်စွာဘုရားသာသနာတော်၏။ ဝဿဂဏနေန။လွန်ပြီးသောနှစ်အရေအတွက်အားဖြင့်။ဒွိသဟဿစတုသတ စတ္တာလီသမေ။ ၂၄၄၀ မြောက် ဖြစ်သော။ ဝဿေ။နှစ်၌။သက္ကရာဇဿ။ကောဇါသက္ကရာဇ်၏။ဝဿဂဏနေန။နှစ်အရေအတွက်အားဖြင့်။ ဧကသဟဿဒွိသတအဋ္ဌပဏ္ဏာသမေ။ ၁၂၅၈ ခုမြောက်ဖြစ်သော။ဝဿေ။နှစ်၌။သာရဝဏ္ဏမာသဿ။ဝါခေါင်လ၏။ ဇုဏှပက္ခဒွါဒသမေ။လဆန်း ၁၂ ရက်နေ့၌။နိဋ္ဌိတံ။ပြီးဆုံးခြင်းသို့ရောက်ပြီ။ ။

ပဋ္ဌာဗျာကရဏကျမ်းဤတွင်ရွေ့ပြီး၏။

# စက္ခာဒိဥပ္ပတ္တိဒီပကကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗဝိတထတောဉေယျံ။သယံအညာသိတံဇိနံ။ဗုဒ္ဓါတုလံဓမ္မံသံဃံ။ နတွာနယံသုဒီပယံ။ ။ပုဇွန်ထောင်မဟာဝိဟာရော။စရိယေနာဘိယာစိ တော။ တံတဒါ ဂတံကရိဿံ။ စက္ခာဒုပ္ပတ္တိဒီပကံ။ ။ယော ဗုဒ္ဓေါ။ အကြင်မြတ်စွာဘုရားသည်။ သဗ္ဗံပိ။ အလုံးစုံလည်းဖြစ်သော။ ဉေယျံ။ သင်္ခါရ ဝိကာရလက္ခဏာ နိဗ္ဗာန်ပညတ်တည်းဟူသော ဉေယျတရားကို။ တံထတော ။မဘောက်မပြန် ဟုတ်မှန်တိုင်းသော အခြင်းအရာသဘော အားဖြင့်။သယံ။ကိုယ်တော်တိုင်။ အညာသိ။သိတော်မူပြီ။ဇိနံ။ကြွင်းမဲ့ကုံ စင်မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော။ အတုလံ။ သီလစသော ဂုဏ်တို့ဖြင့်တစုံတယောက်သောသူနှင့် တူတော်မမူသော။ ဝါ။သီလစ သောဂုဏ်တို့ဖြင့် တူသောတစုံတယောက်သော သူရှိတော် မမူသော။ တံဗုဒ္ဓဉ္စ။ ထိုမြတ်စွာဘုရားကိုလည်းကောင်း။ တဿဗုဒ္ဓဿ။၏။ဓမ္မဉ္စ။ ဆယ်ပါးသောတရားတော်ကိုလည်းကောင်း။ သံဃဉ္စ။ ရှစ်ပါးသောအ ရိယာသင်္ဃာတော်မြတ်ကို လည်းကောင်း။အဟံ။သည်။ နတွာနမာမိ။ရှိ။ နတွာ။၍။ ပုဇွန်ထောင် မဟာဝိဟာရာစရိယေန။ ရန်ကုန်မြို့ပုဇွန်ထောင် တိုက် ကျောင်းကြီးဆရာတော်သည်။ အဘိယာစိတော။ ဂဏ္ဌသေယက ပုဂ္ဂိုလ်တို့အားစက္ခု၊သောတ၊ဃာန၊ဇိဝှါ၊အါယတနလေးပါး။စက္ခုဒသ က၊သောတဒသက၊ဃာနဒသက၊ဇိဝှါဒသက၊ကလာပ်လေးစဉ်းတို့၏စ ၍ ဖြစ်ရာကာလကိုပါဠိအဋ္ဌကထာဋီကာကြီးတို့နှင့် အညီဟုတ်မှန်သည် အတိုင်း နေရာကျပြဆိုဆုံးဖြတ်တော်မူပါမည် အကြောင်းနှင့် ရှိသေစွာ တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍။ ဝါ။အပ်သောကြောင့်။ တံတ ဒါဂတံ။ ထိုထိုပါဠိတော်အဋ္ဌကထာဋီကာတို့၌လာသော။ နယံ။နည်းကို။

သုဒိပယံသုဒိပယန္တော။ ကောင်းစွာဆောင်ပြလျက်။ စက္ခာဒုပ္ပတ္တိဒီပကံ။ ဂဗ္ဘသေယက ပုဂ္ဂိုလ်တို့အား စက္ခာယတန စသော အာယတန လေးပါး။စက္ခုဒသကစသော ကလာပ်လေးစဉ်းတို့၏ စ၍ဖြစ်ရာကာလကိုပြဆိုရာ ပြဆိုကြောင်းဖြစ်၍ စက္ခာဒိ ဥပ္ပတ္တိဒီပက မည်သော ကျမ်းကို။ ကရိဿံ။စီရင်ရေးပြုပေအံ့။ ။

ဂဗ္ဘသေယကပုဂ္ဂိုလ်တို့အား စက္ခာယတနစသော အာယတနလေးပါး။စက္ခုဒသကအစရှိသော ကလာပ်လေးစဉ်းတို့၏ စ၍ဖြစ်ရာကာလကိုသာမှတ်သိလိုကြောင်းနှင့် တောင်းပန်လျှောက်ထားအပ်သော်လည်း။ မြတ်စွာဘုရားအား ရှုန္တကဘီလူးသည် မေးလျှောက်ရင်းဝတ္ထုနိဒါန်းနှင့်တကွထိုဂဗ္ဘသေယက ပုဂ္ဂိုလ်တို့အား ကလလ၊အဗ္ဗုဒစသောအစည်အားဖြင့်ဖြစ်ရာကာလ။ဖြစ်ပုံအခြင်းအရာစသည်နှင့်တကွပြပေအံ့။ ။ မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည် ရှုန္တက ဘီလူးသည် သိမ်းဆည်းစောင့်ရှောက် အပ်သော တောင်ထွတ်ရှိ၍ ရှုန္တကဂူ မည်သောတောင်ဝယ်ရှုန္တကဘီလူး၏ဗိမာန်၌ သီတင်းသုံးနေတော်မူသောအခါ။ရုပ်သည်ပင်ပုဂ္ဂိုလ်သတ္တဝါတည်းဟု အယူရှိသော ထိုရှုန္တကဘီလူးသည် စက္ခုစသောရှုန္တေ အင်္ဂါကြီးငယ်တို့နှင့် အပြည့်အစုံ တပြိုင်နက် တည်းပင်သတ္တဝါသည်အမိဝမ်း၌ ဖြစ်၏ဟုမှတ်ယူ၍။ အကယ်၍ရုပ်သည်ပုဂ္ဂိုလ်သတ္တဝါမဟုတ်ခဲ့အံ့။ ဂဗ္ဘသေယက၏ အမိသည် စားသုံးအပ်သောငါးအမဲစသောဝတ္ထုသည်ဝမ်းတွင်း၌ တညည့်တည်နေသဖြင့် ကျက်နပ်၍ အမြုပ်ကဲ့သို့ ကျေပျက်သည်နှင့်အတူ ထိုရုပ်သည် ကျေပျက်ရာ၏ဟူသောအယူဖြင့်။ ။ရူပံနဇီဝန္တိ ဝဒန္တိဗုဒ္ဓါ။ ကထံန္វယံဝိန္ဒတိမံသရီရံ။ ကုတဿအဋ္ဌိယ ကပိဏ္ဍမေတိ။ ကထံန္វယံသဇ္ဇတိ ဂဗ္ဘရသ္မိံ။ ။ဟူသောဂါထာဖြင့်။ ရှင်တော်ဘုရား၊ မြတ်စွာဘုရားတို့သည် ရုပ်ကိုသတ္တဝါပုဂ္ဂိုလ်မဟုတ်ဟု ဟောတော်မူကုန်၏။ ထိုသို့ဟောတော် မူတိုင်းအကယ်၍ရုပ်သည် သတ္တဝါပုဂ္ဂိုလ် မဟုတ်ဘဲ ရုပ်တခြား ပုဂ္ဂိုလ်လည်းတခြားကွဲပြားခဲ့အံ့။ဤသတ္တဝါသည်ရုပ်ဖြစ်သော ဤကိုယ်ကိုအဘယ်မှရပါသနည်း။ထိုသတ္တဝါအားသုံးရာသောအရိုး၊ကိုးရာသောအသားဆိုင်သည်အဘယ်မှလာပါသနည်း။ သတ္တဝါမဟုတ်သော ဤရုပ်သည်အမိဝမ်းတိုက်ဝယ် အဘယ်သို့သောအကြောင်းဖြင့် ကပ်ရပ်တည်နေနိုင်သနည်းဟူ၍ မြတ်စွာဘုရားအား လျှောက် ထား၏။ ။ဘဂ္ဂဝါ။ ဖြေဘုန်း

တော်ရှင် သခင်ဘုရား။ဗုဒ္ဓေါ။ ဘုရားရှင်တို့သည်။ ရူပံ။ ရုပ်ကို။ နဇိဝန္တိ။ သတ္တဝါပုဂ္ဂိုလ် မဟုတ်ဟူ၍။ ဝဒန္တိ။ ဟောတော်မူကုန်၏။ ဇ‌ေထ။ထိုသို့ ဟောတော် မူသည်အတိုင်းရုပ်သည် သတ္တဝါပုဂ္ဂိုလ် မဟုတ်ခဲ့သော်။ အယံသတ္တော။ ဤသတ္တဝါသည်။ ဇူမ်သရီရံ။ ရုပ်ဖြစ်သော ဤကိုယ်ကို။ ကထံ။အဘယ်သို့သော အကြောင်းဖြင့်။ ဝိန္ဒတိနူ။ရပါသနည်း။ အသော။ ထိုသတ္တဝါ၏။ဝါ။အား။ အဋ္ဌိယကပိဏ္ဍံ။ သုံးရာသောအရိုး၊ ကိုးရာသော အသားစိုင်သည်။ ကုတော။ အဘယ်မှ။ ဇေတိ။ လာပါ သနည်း။ အယံ သတ္တော။သည်။ ကထံ။ ဖြင့်။ဂဗ္ဘရသဒ္ဓိံ။ အမိဝမ်း တိုက်၌။ သဇ္ဇတိနူ။ ပြည့်ရုံငြိကပ်တည်နေနိုင်သနည်း။ ။ဇူတာယံကောဝရူပေန။ ။ဟူသော အဂ်ုတ္တိုရ်၏ ပါဠိတော်စသည်၌ သက်သက်သော ဇူဓာတ်သည် ဂတိအနက်ကိုဟော၏။ ဇူတာယံကိုဇူတိအယံဟုပုဒ်ဖြတ်။ ဇူတိကားဇူ ဓာတ်အာချာတ်တိဝိဘတ်။ကြိယာပုဒ်။ဂမနဂတိဥာဏဂတိပဝတ္တနဂတိ ဟူသော ဂတိသုံးပါးတွင်ကား ပဝတ္တနဂတိဖြစ်၍။ ။အယံပုဂ္ဂလော။ သည်။ကောဝရူပေန။အမျက်ထွက်သော အသွင်ဖြင့်။ဇူတိ။ဖြစ်၏။ ။ ဤသို့မြန်မာပြန်။ ။မနသာစေပဒုဋ္ဌေန။ဘာသတိဝါကရောတိဝါ။တ တောနံဒုက္ခမန္ဒေတိ။စက္ကံဝဝဟတောပဒံ။ ။ဟူသောဓမ္မပဒပါဠိတော် ဝယ်အန္ဒေတိစသည်၌ကဲ့သို့ အနုဧရှေးရှိသော ဇူဓာတ်သည်လည်း ဂတိ အနက်ကိုပင်ဟော၏။ ဂတိသုံးပါးတွင်ကားဂမနဂတိဖြစ်၍။ ။ယော ပုဂ္ဂလော။သည်။ပဒုဋ္ဌေန၊ဖြစ်မှားထိုသော။ဝါ။ ဒေါသသည်ဖျက်ဆီးအပ် သော။မနသာ။စိတ်ဖြင့်။ ဘာသတိဝါ။ ဆိုသော်လည်းဆိုအံ့။ ကရောတိ ဝါ။ပြုသော်လည်းပြုအံ့။ တတော။ ထိုပဒုဋ္ဌစိတ်ဖြင့်မကောင်းမှုကိုပြော ဆိုပြုလုပ်ခြင်းကြောင့်။ စက္ကံ။ ရထားလှည်းဘီးစက်သည်။ ဝဟတော။ ရထား၌ကအပ်သောဝန်ကိုဆောင်သောနွား၏။ ပဒံ။ခြေရာသို့။အန္ဒေတိ ဇူဝ။ အစဉ်လိုက် သကဲ့သို့။ ဒုက္ခံ။ ဆင်းရဲသည်။နံ။ ထိုပဒုဋ္ဌ စိတ်ဖြင့်မ ကောင်းမှုကိုပြောဆိုပြုလုပ်သောပုဂ္ဂိုလ်သို့။ အန္ဒေတိ။ အစဉ်တစိုက်အ မြဲလိုက်၏ဟုပေး။ ။အာဧရှေးရှိသောဇူဓာတ်မူကား။ ။အယံသော သာရထိဇေတိ။ ။ဟူသောမုဂပက္ခဇာတ်ဝယ်ဇေတိစသည်၌ကဲ့သို့လာ ခြင်းဟူသောအနက်ကိုဟော၏၊ ။အယံဇေတိ။ ဤသို့ရှေ့ရှုမျက်နှာမူ ၍ဤယခုလာလတ်သည်ကား။သောသာရထိ။ ငါ့သားတေမိကိုတော၌ မြှုပ်သတ်မည်ဟု နံနက်အခါက ဆောင်ယူသွားသော ထိုရထားထိန်း

သုနန္တာပင်တည်း။ဟုပေး။ ။တေိကိုအာတေိဟုပဒစ္ဆေဒပြု။သရာသရေ လောပံနှင့်စီရင်။ ။ဤကုတသာဗန္ဒီယကဝိဏ္ဏမေတိဝယ်တေိစ္ဆလည်း အာရှေးရှိသော ဋ္ဌခေါတ်ဟူ၍မှတ်။ ။ထိုသို့မေးလျှောက်သောအခါ မြတ်စွာဘုရားသည်ထိုဇူန္တကဘိလူးအားသင်မှတ်ထင်သည်အတိုင်းရုပ် သည်သတ္တဝါမဟုတ်။သတ္တဝါသည်အရိုးအသားစသည်နှင့်အပြည့်အစုံ တပြိုင်နက်တည်းသာလျှင် အမိဝမ်းတိုက်၌ ဖြစ်သည် မဟုတ်။ တနွေ့ တနွေ့ ဂစဉ်အားဖြင့်ကြီးပွါးရသည်ဟုပြတော်မူလိုသောကြောင့်။ ။ ပဌမံကလလံဟောတိ။ ကလလာဟောတိအဗ္ဗုဒံ။ အဗ္ဗုဒါဇာယတေပေ သိ။ ပေသိနိဗ္ဗတ္တတေဃနော။ ဃနာပသာခါဇာယန္တိ။ ကေသာလောမာ နခါပိစ။ ။အစရှိသောဂါထာတို့ကိုဟောတော်မူသည်။ ။ပဌမံ။ ရှေးဦးအစ ပဋိသန္ဓေခဏကာလ၌။ ကလလံ။ ကလလရေကြည်သည်။ ဟောတိ။၏။ ကလလာ။ ကလလရေကြည်ဖြစ်ရာပဌမသတ္တာဟမှ။ပရံ။ နောက်ဖြစ်သော ဒုတိယသတ္တာဟ၌။ အဗ္ဗုဒံ။ သားဆေးရေ အဆင်းရှိ သော အမြှုပ်သည်။ ဟောတိ။၏။ အဗ္ဗုဒါ။ အမြှုပ်ဖြစ်ရာ သတ္တာဟမှ။ ပရံ။နောက်ဖြစ်သောတတိယသတ္တာဟ၌။ ပေသိ။ သွေးသစ်သောပုလဲ နှစ်အဆင်းရှိသောသားတစ်သည်။ ဇာယတေ။ဖြစ်၏။ ပေသိ။ သားတစ် ဖြစ်သည်မှ။ပရံ။ နောက်ဖြစ်သောစတုတ္ထသတ္တာဟ၌။ ဃနော။ကြက်ဥ သဏ္ဌာန်ပမာညီစွာဝန်းသောအခဲသည်။ နိဗ္ဗတ္တတေ။ဖြစ်၏။ ဃနာ။ဃန ဖြစ်သည်မှ။ဝါ။ဖြစ်ရာသတ္တာဟမှ ပရံ။ နောက်ဖြစ်သောပဉ္စမသတ္တာဟ ၌။ပသာခါ။ခြေနှစ်ဖက်လက်နှစ်ဖက် ဦးခေါင်းအားဖြင့်ငါးဖြာသောခက် မတို့သည်။ဇာယန္တိ။ဖြစ်ကုန်၏။တတော။ထိုခက်မငါးဖြာဖြစ်ပြီးသည်မှ။ ပရံ။ နောက်ဖြစ်သောမိမိတို့ဖြစ်သင့်ရာကာလ၌။ ကေသာစ။ ဆံပင်တို့ သည်လည်းကောင်း။လောမာစ။ အမွေးတို့သည်လည်းကောင်း။နခါပိစ၊ လက်သည်းခြေသည်းတို့သည်လည်းကောင်း။ဇာယန္တိ။ဖြစ်ကုန်၏။ ။ ဤသို့ ဟောတော် မူသည်အား လျော်စွာ လူဖြစ်သော ဂန္ဓဗ္ဗသေယက ပုဂ္ဂိုလ်အားပဋိသန္ဓေဥပါဒ်ခဏကာလ၌ မိန်းမယောကျ်ားတို့ဝယ်ထိုက် သည်အားလျော်စွာကာယဒသက၊ ဘာဝဒသက၊ဝတ္ထုဒသကဟူသော ကလာပ်သုံးစဉ်းရုပ်သုံးဆယ်ဟူသော ကလလရေကြည်သဥ်ပဋိသန္ဓေ စိတ်နှင့်ပြိုင်၍ကံဟူသော အကြောင်းကြောင့်ဖြစ်၏။ ထိုကမ္မဇရုပ်သည် ဖြစ်သမျှသောစိတ်၏ဥပါဒ်၊ ဌီ၊ဘင်၊ခဏတိုင်း၊ ခဏတိုင်းဖြစ်၍ထိုကမ္မဇ

ကလာပ်တို့၌ပါသော တေဇောဓာတ်ဟူသော ဥတုသည်လည်းမိမိနှင့် ဥပါဒ်ပြိုင်၍ ဖြစ်သောစိတ်၏ ဋ္ဌိခဏ၌ဥတုဇကလာပ်ကို ဖြစ်စေရကား။ ထိုအသီးအသီးသောဥတုသည် ဖြစ်စေအပ်သောဥတုဇရုပ်သည်လည်း စိတ်၏ဥပါဒ်၊ဌီ၊ဘင်ခဏတိုင်း၌ဖြစ်၏။ စိတ္တဇရုပ်မှာပဋိသန္ဓေနောင်ပဌမဘဝင်မှစ၍စိတ်ဥပ္ပါဒ်ခဏတိုင်းဖြစ်၏။ ဤသို့ရုပ်အဆင့်ဆင့် တိုးတက်ဖြစ်ပွါး၍ ခုနစ်ရက်ပတ်လုံးကလလအဖြစ်ဖြင့်တည်၏။ ထိုနောင်ဒုတိယသတ္တာဟ၏အစရက်၌ သားဆေးရေ အဆင်းရှိသော အမြှုပ်ဟူသော အဗ္ဗုဒဖြစ်၍ ဒုတိယ သတ္တာဟ ပတ်လုံး တည်၏။ ထိုနောင် တတိယ သတ္တာဟ၏ အစ ရက်၌ သွေးသစ် စသော ပုလဲနှစ် အဆင်း ရှိသော နူသော~~သားတစ်~~မာဟူသောပေသိဖြစ်၍ တတိယသတ္တာဟပတ်လုံးတည်၏။ ထိုနောင်စတုတ္ထသတ္တာဟ၏အစရက်၌ ကြက်ဥသဏ္ဍာန်ပမာညီစွာဝန်းသော အခဲဟူသောဃနဖြစ်၍ စတုတ္ထသတ္တာဟ ပတ်လုံးတည်၏။ ထိုဃနဖြစ်ရာ စတုတ္ထသတ္တာဟ၏ အခြားမဲ့ဖြစ်သော ပဉ္စမသတ္တာဟ၌ လက်နှစ်ဖက်ခြေနှစ်ဖက် ဦးခေါင်းဟူသောခက်မငါးဖြာအလို့ငှါ ငါးခုသောအပုတို့သည်ဖြစ်ကုန်၏။ ။ကလလစသောငါးပါး၏သတ္တာဟတခုစီအစဉ်အားဖြင့် ဖြစ်ကြောင်းကိုဆို၏။ ထိုတွင်အစည်အတိုင်းဖြစ်ကြောင်းကိုဆိုသောစကားသည်။ ပဌမံကလလံဟောတိအစရှိသောပါဠိတော်လာသည်အတိုင်း ပြဆိုသောကြောင့် သင့်လှပေပြီ။ ယင်းတို့၏ ပဌမ သတ္တာဟမှစ၍ ပဉ္စမသတ္တာဟတိုင် သတ္တာဟ တခုစီစဉ်၍ ဖြစ်ကြောင်းကိုအဘယ့်ကြောင့်သိပါသနည်း။ဟူမူ။ ပသာခဖြစ်ရာကာလမှ အခြားမဲ့ဖြစ်သောခြောက်ချခြောက်သောသတ္တာဟမှစ၍ နောက်သုံးဆဲ့ ခြောက်သတ္တာဟတို့ကိုဟောတော်မမူပဲဒေသနာတော်ကိုချုံး၍ ကလလသတ္တာဟမှစ၍ရေသော် လေးဆဲ့နှစ်ကြိမ်မြောက်ဖြစ်သော သတ္တာဟ၌ကိုယ်ဝန်ဟူသောသူငယ်ရင့်သောကါလကိုယူ၍ ဆံ၊အမွေး၊လက်သည်း၊ ခြေသည်းတို့ဖြစ်ကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်။ ဃနာပသာခါ‌ဇာယန္တိ။ ဟူ၍ ခက်မငါးဖြာတို့ဖြစ်ရာကို ဟောတော်မူပြီး၍။ကေသာလောမာနခါပိစဟူ၍ ဟောတော်မူကြောင်းကိုပြဆိုသော။ ။ဆူတောပရံဆဋ္ဌသတ္တမာဒိနိသတ္တာဟာနိအတိက္ကမ ဒေသနံသံခိပိတွာ ဒွါစတ္တာလီသေ သတ္တာဟေ ပရိဏတကာလံ ဂဟေတွာဒဿေန္တောကေသာတိအာဒိမာဟ။ ။ဟူသော သံယုတ် အဋ္ဌကထာ

ဝယ် ဋီကာတော၌ပရံ၌ဋ္ဌီကာမသဒ္ဒါ၏အစွဲအရဖြစ်သော ခက်မငါးဖြာတို့၏ဖြစ်ရာသတ္တာဟသည်။ဆဋ္ဌသတ္တမာဒိနီသတ္တာဟာနီအတိက္ကမစသော နေ့ံ·ာအားကိုထောက်၍ ဆဋ္ဌသတ္တာဟမှ ရှေးဖြစ်ခဲ့သော် ပဉ္စမသတ္တာဟသာဖြစ်ရကား ကလလ အဗ္ဗုဒပေသိဃန၊ ပဉ္စပသာခ တို့သည် ပဌမဒုတိယ၊တတိယ၊စတုတ္ထ၊ပဉ္စမသတ္တါဟတို့၌အစဉ်အတိုင်းသတ္တာဟတချိစဉ်၍ဖြစ်သည်ကိုသိပါသည်။ ။ဃနဖြစ်ပြီးနောက် ခက်မငါးဖြာတို့ဖြစ်ကုန်သည်ဟူသော်လည်းခြေချောင်း၊ လက်ချောင်း၊မျက်စိ၊နား၊နှာခေါင်းစသည်နှင့်တကွ အပြည့်အစုံဖြစ်ကုန်သည်မဟုတ်သေး။ ခြေနှစ်ဖက်၊လက်နှစ်ဘက်၊ ဦးခေါင်းဟူသောခက်မငါးဖြာဖြစ်ရန် အကျိုး၌ ငါးခုသောအဖုတို့သာ ဖြစ်ကုန်သေးသည်။ ထိုအဖုငါးခု ဟူသောခက်မငါးဖြာ၏ဖြစ်ရာကာလလည်းပဉ္စမသတ္တာဟဖြစ်၍ပဉ္စမသတ္တာဟ၌ယင်းတို့ဖြစ်ကြောင်းကိုပြဆိုသော။ ။ဃနာပသာခါဇာယန္တိတိပဉ္စမေသတ္တာဟေဗွိန္နံ ဟတ္ထပါဒါနံ သီသဿစတ္ထာယပဉ္စပိဠကာဇာယန္တိ။ ဟူသော ရင်းအဋ္ဌကထာဝယ်ငါးခုမြောက်သောသတ္တာဟ၌ ခက်မငါးဖြာအကျိုး၌ငါးခုသောအဖုတို့ ဖြစ်ကုန်၏ဟူသည်ကို ထောက်သဖြင့်လည်းကလလ၊အဗ္ဗုဒ၊ပေသိ၊ဃန၊ လေးပါးတို့ပဌမ၊ဒုတိယ၊တတိယ၊စတုတ္ထသတ္တာဟတို့၌အစဉ်အတိုင်းဖြစ်ကုန်၏ဟုသိပါသည်။ဟူလေ။ ။ ဋီကာတော။၌ခက်မငါးဖြာတို့ဖြစ်ရာပဉ္စမသတ္တာဟမှ။ ပရံ။နောက်၌။ဆဋ္ဌသတ္တမာဒိနီ။ ခြောက်ခုမြောက်သော သတ္တာဟ၊ ခုနစ်ခုမြောက်သော သတ္တာဟအစရှိကုန်သော။ သတ္တာဟာနိ။ သတ္တာဟတို့ကို။ အတိက္ကမ။ လွန်၍။ဒေသနံ။ ဒေသနာတော်ကို။ သံခိပိတွာ။ ချုံး၍။ ဒွါစတ္တာလီသေသတ္တာဟေ။၄၂ သတ္တာဟကာလ၌။ပရိဏတကာလံ။သူငယ်တည်းဟူသော ဝတ္ထု၏ ရင့်သော ကာလကို။ ဂဟေတွာ။ယူ၍။ ဒဿေန္တော။ပြတော်မူလိုသောမြတ်စွာဘုရားသည်။ကေသာတိအာဒိံ။ ကေသာ၌သို့အစရှိသောစကားကို။အာဟ။ ဟောတော်မူ၏။ ။ဃနာပသာခါ ဇာယန္တိတိ။ ဃနာပသာခါဇာယန္တိဟူသည်ကား။ပဉ္စမေ။ ကလလသတ္တာဟမှငါးခုမြောက်ဖြစ်သော။ သတ္တာဟေ။ ပဉ္စမသတ္တာဟ၌၊ ဗွိန္နံ ဟတ္ထပါဒါနဉ္စ။ လက်နှစ်ဖက်ခြေနှစ်ဖက် တို့၏ရင်း။ သီသဿစ။ ဦးခေါင်း၏ရင်း။အတ္ထာယ။အကျိုး၌။ပဉ္စပိဠကာ။ငါးခုသောအဖုတို့သည်။ဇာယန္တိ။ ဖြစ်ကုန်၏။ ။သင်္ခေပဝဏ္ဏနာဋီကာဝယ်မူလဋီကာဆရာ၏အလိုကိုပြ

ရာဠ်ရှေးဦးစွာကလလဖြစ်ပြီးနောက်နှစ်သတ္တာဟပတ်လုံးတည်၍ တတိယသတ္တာဟ၌အဗ္ဗုဒ။ ပဥ္စမသတ္တာဟ၌ပေသိ။ သတ္တမသတ္တာဟ၌ဃန။ နဝမသတ္တာဟ၌ခက်မငါးဖြာတို့ဖြစ်၍ နှစ်သတ္တာဟစီတည်ကြောင်းကို ပြဆိုသော။ ။အဘိဓမ္မဋီကာကာရမတေနပနကလလံ ဒွေသတ္တာဟံ။ အဗ္ဗုဒံဒွေသတ္တာဟံ၊ပေသိဒွေသတ္တာဟံ။ ဃနံဒွေသတ္တာဟံ။ပဉ္စပသာခါ ဒွေသတ္တာဟံဟောန္တိ။ ။ဟူသောစကားသည် အလျှင်းပင်မူလဋီကာဆရာ၏အလိုတော်မကျ။မူလဋီကာဆရာကားသံယုတ်အဋ္ဌကထာဆရာနှင့်ဝါဒကွဲပြားမရှိအတူတူပင်ယူတော်မူသည်။ ။ပန။ အထူးကိုပြဦးအံ့။ အဘိဓမ္မဋီကာကာရမတေန၊ အဘိဓမ္မာဋီကါကိုစီရင်ရေးပြုတော်မူသောအရှင်အာနန္ဒာဆရာ၏အလိုတော်အားဖြင့်။ကလလံ။ ကလလရေကြည်သည်။ဒွေသတ္တာဟံ။ပဌမဒုတိယနှစ်သတ္တာဟပတ်လုံး။ ဟောတိ။ ၏။အဗ္ဗုဒံ။သည်။ ဒွေသတ္တာဟံ။ တတိယစတုတ္ထနှစ်သတ္တာဟပတ်လုံး။ ဟောတိ။၏။ပေသိ။သည်။ ဒွေသတ္တာဟံ။ ပဉ္စမဆဋ္ဌမနှစ်သတ္တာဟပတ်လုံး။ဟောတိ။၏။ဃနံ။ သည်။ ဒွေသတ္တာဟံ၊ သတ္တမအဋ္ဌမနှစ်သတ္တာဟပတ်လုံး။ဟောတိ။၏။ပဉ္စပသာခါ။ခက်မငါးဖြာတို့သည်။ ဒွေသတ္တာဟံ။ နဝမဒသမနှစ်သတ္တာဟပတ်လုံး။ဟောန္တိ။ကုန်၏။ ။

ဆံအမွေးခြေသည်းလက်သည်းတို့သည် ကလလသတ္တာဟမှ ၄၂ ကြိမ်မြောက်ဖြစ်သော ဒွါစတ္တာလီသမသတ္တာဟသို့ရောက်မှ ဖြစ်ကုန်သည်ဟူ၍ကေသာစသည်တို့၏ဖြစ်ရာကာလကို သံယုတ်အဋ္ဌကထာ၊ မဟာနိဒ္ဒေသအဋ္ဌကထာတို့၌။ ။တတ္ထ ကေသာလောမာနခါပိစာတိ ဒွါစတ္တာလီသေသတ္တာဟေဇာတာနိဇာယန္တိ။ ဟူ၍။ ။သဒ္ဒေပဝဏ္ဏနာဋီကာ၌လည်း။ ။ကေသာဒယောပန ဒွါစတ္တာလီသမေ သတ္တာဟေ ဟောန္တိ။ ဟူ၍ပြဆိုတော် မူကြလေသည်ကား။ ၄၂ သတ္တာဟသော်ရက်ပေါင်း ၂၉၄ ရက်ဖြစ်၍ ၉ လနှင့် ၂၄ ရက် ရသည် ဖြစ်သော့ကြောင့်။ ဆယ်လစေ့ရောက် အလွန်မွေးဘွားချိန်နီးလှပြီဖြစ်ရကား အလွန်အားဖြင့် အလုံးစုံပြည့်စုံသည်ကို ရည်၍သာ ပြဆိုတော်မူကြကုန်သည်။ ။တတ္ထ။ထိုဂါထာ၌။ ကေသာလောမာနခါပိစာတိ။ကေသာ။လ။ဟူသည်ကား။ဒွါစတ္တာလီသေသတ္တာဟေ။ ၄၂ သတ္တာဟ၌။ဇာတာနိ။ထိုဆံအမွေးခြေသည်းလက်သည်းတို့သည်။ ဇာယန္တိ။ဖြစ်ကုန်၏။ ။ကေသာဒယောပန။ဆံပင်စသည်တို့မူကား။ဒွါစတ္တာလီသမေ။ ကလလ

သတ္တာဟာမှ ၄၂ ကြိမ်မြောက်ဖြစ်သော။သတ္တာဟော။၌။ဟောန္တိ။ကျန်၏။ ။
ပဉ္စမဘဝိကဖြစ်သော ဘုရားလောင်း၏မယ်တော်မှ တပါးကျန်သော
မိန်းမတို့သည်ကိုးလတို့ ပတ်လုံးသော်၎င်း။ ဆယ်လတို့ပတ်လုံးသော်
၎င်းကိုယ်ဝန်သူငယ်ကိုဝမ်းဖြင့်ဆောင်လွယ်၍သွားရကြောင်းကိုပေါ်
ဟော်မူသော၊အညာဣတ္ထိယော နဝဝါဒသဝါမာသေဂဗ္ဘံကုစ္ဆိနာပရိဟ
ရိတွာဝိဇာယန္တိ။ဟူသောမဟာပဒါနသုတ်ပါဠိတော်ကိုထောက်သဖြင့်
ဆယ်လစေ့ရောက်မှသာဘွားသည်မဟုတ်။ကိုးလနှင့်ပင်ဘွားကြောင်း
ကိုသိသာသည်။ ။အညာ။ပဉ္စမဘဝိကဘုရားလောင်း၏မယ်တော်မှ
တပါးကျန်သော။ဣတ္ထိယော။မိန်းမတို့သည်။ နဝဝါမာသေ။ ကိုးလတို့
ပတ်လုံးသော်၎င်း။ဒသဝါမာသေ။ ဆယ်လတို့ပတ်လုံးသော်၎င်း။ ဂဗ္ဘံ။
သူငယ်တည်းဟူသောကိုယ်ဝန်ကို။ ကုစ္ဆိနာ။ ဝမ်းဖြင့်။ ပရိဟရိတွာ။
လွယ်ဆောင်၍။ဝိဇာယန္တိ။ဘွားကျန်၏။ ။ဤပါဠိတော်ဝယ် နဝဝါ
ဒသဝါမာသေ၌ ဝါသဒ္ဒါ၏ အစွမ်းဖြင့်။ သတ္တဝါမာသေအဋ္ဌဝါမာသေ
ဧကာဒသဝါမာသေဒွါဒသဝါမာသေအစရှိသောအနက်တို့ကိုပေါင်းယူ
ကြောင်းကို၎င်းသုတ်၏အဖွင့်ဖြစ်သောသုတ်မဟာဝါအဋ္ဌကထာ၌။ ။
နဝဝါ ဒသဝါတိဧတ္ထဝါသဒ္ဒေန ဝိကပ္ပနဝသေနသတ္တဝါအဋ္ဌဝါ ဧကာ
ဒသဝါဒွါဒသဝါတိဧဝမာဒီနံသင်္ဂဟောဝေဒိတဗ္ဗော။ ။ဟူပြဆိုတော်
မူသောကြောင့်ကိုးလဆယ်လတို့ဖြင့်သာမွေးဘွားသည်မဟုတ်။ ၇ လ
ဖြင့်လည်းဘွား၏။ရှစ်လဖြင့်လည်းဘွား၏။ ။နဝဝါဒသဝါတိဧတ္ထ။နဝ
ဝါဒသဝါဟူသောဤပုဒ်၌။ဝါသဒ္ဒေန။ဝါသဒ္ဒါ၏။ဝိကပ္ပနဝသေန။အထူး
ကြံစည်ပေါင်းယူခြင်း၏အစွမ်းဖြင့်။သတ္တဝါမာသေ။ ၇ လတို့ ပတ်လုံး
သော်၎င်း။ အဋ္ဌဝါမာသေ။ရှစ်လတို့ပတ်လုံးသော်၎င်း။ ဧကာဒသဝါမာ
သေ။တဆယ့်တလတို့ပတ်လုံးသော်၎င်း။ဒွါဒသဝါမာသေ။တဆယ့်နှစ်
လတို့ပတ်လုံးသော်၎င်း။ဂဗ္ဘံ။ကို။ကုစ္ဆိနာ။ဖြင့်။ပရိဟရိတွါ။၍။ဝိဇါယန္တိ။
ကျန်၏။ ဧဝမာဒီနံ။ ဤသို့အစရှိသော အနက်တို့ကို။ သင်္ဂဟော။ ပေါင်း
ယူခြင်းကို။ဝေဒိတဗ္ဗော။၏။ ။ထိုတွင်။ ခုနစ်လနှင့်မွေးဘွားသော သူ
ငယ်သည် အသက်ရှင်ကြောင်း။ အချမ်း အပူ ကိုကား သည်းမခံ နိုင်
ကြောင်း။ ရှစ်လနှင့်မွေးဘွားသောသူငယ်သည်အသက်မရှင်ကြောင်း။
ကိုးလ ဆယ်လစသည်တို့ဖြင့် မွေးဘွားသော သူငယ်တို့ အသက် ရှင်
ကြောင်းကို၎င်းအဋ္ဌကထာ၌။ ။တတ္ထသတ္တမာသဇာတောဇီဝတိ။သီ

တုဏှာကွမေပနနဟောတိ။အဋ္ဌမာသဇာတောနဇီဝတိ။ အဝသေသာဇီ
ဝန္တိ။ ဟူ၍ပြဆိုတော်မူ၏။ ။တတ္ထ။ထိုခုနစ်လနှင့် မွေးဘွားသောသူ
ငယ်စသည်တို့တွင်။သတ္တမာသဇာတော။ ခုနစ်လနှင့်မွေးဘွားသောသူ
ငယ်သည်။ဇီဝတိ။အသက်ရှင်၏။ပန။ ထိုသို့ပင်အသက်ရှင်သော်လည်း
သီတုဏှာကွမေ။အချမ်းအပူကိုခံနိုင်သည်။ နဟောတိ။မဖြစ်။အဋ္ဌမာသ
ဇာတော။ ရှစ်လနှင့် မွေးဘွားသော သူငယ်သည်။ နဇီဝတိ။ အသက်မ
ရှင်။အဝသေသာ။ ထိုမှကြွင်းကျန်သော ကိုးလနှင့်ဘွားသော သူငယ်စ
သည်တို့သည်။ဇီဝန္တိ။ အသက်ရှင်ကုန်၏။ ထိုကိုးလနှင့်ဘွားသောသူစ
သည်တို့သည် အချမ်းအပူကိုလည်း ခံနိုင်ကုန်၏။ ။ခုနစ်လနှင့် မွေး
ဘွားသော သူငယ်သည်ပင် အသက်ရှင်ပါလျက်။ ရှစ်လနှင့် မွေးဘွား
သောသူငယ်သည်အဘယ့်ကြောင့်အသက်မရှင်ပါသနည်း။ဟူခဲ့မူ။ ။
ရှစ်လနှင့်မွေးဘွားသောသူငယ်သည် ခုနစ်လနှင့်မွေးဘွားသောသူငယ်
ထက်အရွယ်အားဖြင့်ကြီးသော်လည်း။ ထိုသူအားအချိုကုန်သောအရေ
အရပ်တို့ကြီးပွါးခြင်းသို့ရောက်ကုန်ရကား။ယောနိဝနှင့်ထိခိုက်ခြင်းကို
သည်းမခံနိုင်ကြောင်း။ ထိုသို့သည်းမခံနိုင်သောကြောင့် အသက်မရှင်
ကြောင်း။ ခုနစ်လနှင့်ဘွားသောသူငယ်ကား ထိုအရေအရပ်တို့ကြီးပွါး
ခြင်းသို့မရောက်သေးသည်ဖြစ်၍ ယောနိဝနှင့်ထိခိုက်ခြင်းကို သည်းခံ
နိုင်ရကားခုနစ်လနှင့် မွေးဘွားသောသူငယ်မှ အသက်ရှင်ကြောင်းကို။
သုတ်မဟာဝါဠိကာ၌။ ။အဋ္ဌမာသ ဇာတောကာမံ သတ္တမာသဇာ
တော ဝုဒ္ဓဝယော။ ဧကစ္စေပန စမ္မပဒေသာ ဝုဒ္ဓိံ ပါပုဏန္တာ၊ ဃံနှံနံနသ
ဟန္တိ။ တေနသောနဇီဝတိ။ သတ္တမာသ ဇာတဿပန နတာဝတေဇာ
တာတိဝဒန္တိ။ဟုပြဆိုတော်မူ၏။ ။အဋ္ဌမာသဇာတော။ရှစ်လနှင့်မွေး
ဘွားသောသူငယ်သည်။ သတ္တမာသ ဇာတော။ ခုနစ်လနှင့် မွေးဘွား
သောသူငယ်ထက်။ ကာမံ ဝုဒ္ဓဝယော။ အကယ်၍ကြီးရင့်သောအရွယ်
ရှိ၏ရှင့်။ပန။ ထိုသို့ပင်ခုနစ်လနှင့်မွေးဘွားသော သူငယ်ထက် အယွယ်
ကြီးသော်လည်း။ဧကစ္စေ။အချို့ကုန်သော။ စမ္မပဒေသာ။အရေအရပ်တို့
သည်။ဝုဒ္ဓိံ။ကြီးပွါးခြင်းသို့။ပါပုဏန္တာ။ ရောက်ကုန်သည်ဖြစ်၍။ဃံနှံ။
မွေးဘွားစဉ်အခါအမိ၏ယောနိဝနှင့်ထိခိုက်ခြင်းကို။နသဟန္တိ။သည်းမ
ခံနိုင်ကုန်။ တေန။ ထိုသို့ထိခိုက်ခြင်းကို သည်းမခံနိုင်သော ကြောင့်။
သော။ထိုရှစ်လနှင့်မွေးဘွားသောသူသည်။ နဇီဝတိ။ အသက်မရှင်နိုင်။

သတ္တမာသဇာတသ်ပန၊ ခုနစ်လနှင့်မွေးဘွားသော သူငယ်အားကား။ ဟော။ထိုအရေအရပ်တို့သည်။ နတာဝဇာတာ။မဖြစ်ကုန်သေးသည်ဖြစ် ၍။ဃန္နံ။ကို။သဟန္တိ။သည်းခံနိုင်ကုန်၏။တေန။ ထိုသို့သည်းခံနိုင်သော ကြောင့်။ သော။ ထိုခုနစ်လနှင့် မွေးဘွားသော သူငယ်သည်။ ဇီဝတိ။ အသက်ရှင်၏။ ဣတိ။ဤသို့။ အာစရိယာ။ ဆရာတို့သည်။ ဝဒန္တိ။ဆိုကြ ကုန်၏။ ။ဤသို့ပြည့်စုံအောင်သမ္ဗန်။ ။ဆံအမွေးစသည်ဖြစ်ပြီးဖြစ် သော ကြောင့် ပဋိသန္ဓေနေ၍ ကိုးလရှိသော သူငယ်သည်ပင် အလုံးစုံ ပြည့်စုံသည်မည်ကြောင်းကို။ သံယုတ်ဋီကာ၌။ ။နဝမာသိကောဟိ ဂဗ္ဘော ပရိပုဏ္ဏော နာမ ဟောတိ။ကေသာလောမာဒိနိဗ္ဗတ္တိတော။ ။ ဟုပြဆိုတော်မူသောကြောင့်ရင်း။ ယခင်ပြဆိုခဲ့ပြီးသောပါဠိအဋ္ဌကထာ တို့၌ခုနစ်လနှင့်မွေးဘွား၍ အသက်ရှင်သောသူငယ်အားဆံအမွေးစသည် တို့ မွေးဘွားစဉ်အခါ ပါရှိရာ သောကြောင့်ရင်း။ ။ဆယ်လစေ့ရေ့ မွေးဘွားစသူငယ်တို့၌ဆံပင်တို့သည်လက်တသစ်ခွဲနှစ်သစ်ရှည်လျက် ပါရှိသည်ကိုပစ္စက္ခမြင်သောကြောင့်ရင်း။ ပဋိသန္ဓေနေသည်မှခြောက် လကျော်ခုနစ်လရက်ပေါင်းနှစ်ရာကျော်စ ကာလကစ၍ပင် ဆံအမွေးစ သည်တို့သည် လူဂဗ္ဘသေယကတို့အား စ၍ဖြစ်ကုန်၏ဟု မှတ်ယူသင့် ၏။ ။ဟိသဒ္ဒါ။မှန်၏။နဝမာသိကော။ ပဋိသန္ဓေနေ၍ကိုးလရှိပြီးသော။ ဂဗ္ဘော။ ကိုဝန်ဟူသောသူငယ်သည်။ ကေသာလောမာဒိနိဗ္ဗတ္တိတော။ ဆံအမွေးစသည်တို့ ဖြစ်ပြီးဖြစ်သောကြောင့်။ ပရိပုဏ္ဏောနာမ။ ပြည့်စုံ သည်မည်သည်။ဟောတိ။၏။ အချို့ဆရာတို့ကား။ အဋ္ဌိဇ္ဈမသိဉ္စ ကာယေ ကေသာ လောမာ နခါဒန္တာ တစော။ အစရှိသည်ဖြင့် ဟောတော်မူအပ် သောဆံပင် အမွေး အစရှိသော ၃၂ ပါးသော ကာယ ကောဋ္ဌာသ တို့ သည်။ ဆံပင်ကစ၍ အစဉ်အတိုင်း ဩကာသမသတ္တာဟမှစ၍ ဒွါစတ္တာ လီသမသတ္တာဟတိုင် ၃၂ ပါးသော သတ္တာဟတို့၌ တပါးစီဖြစ်ကုန်၏ ဟုဆိုကုန်၏။ ။အာဂမ်ယုတ္တိသဘောလက္ခဏာအလျှဉ်းပင်မရှိသော စကားဖြစ်၍ထိုကိုမမှတ်အပ်။ ။

ဂဗ္ဘသေယကပုဂ္ဂိုလ်တို့အါးကလလအဗ္ဗုဒပေသိဃနပဉ္စပသါခတို့ ၏အစဉ်အားဖြင့် ဖြစ်ခြင်းဖြစ်ရာ ကာလတို့ကို ဆရာပြ၍ သိရပေပြီ။ထို ပုဂ္ဂိုလ်တို့အါးစက္ခု၊သောတ၊ဃာန၊ ဇိဝှာတို့၏ဖြစ်စဉ်ဖြစ်ရာကာလတို့ ကိုအဘယ်သို့သိအပ်သနည်းဟူမူ။ကလလဟူသည် ကာယဒသကဝတ္ထု၊

ဒသကဘာဝဒသကကလာပ်ရုပ်ပင်ဖြစ်၍ထိုကလလရုပ်သည်လည်းပဋိသန္ဓေစိတ်နှင့်ပြိုင်၍ပင်ဖြစ်ရကားအဇ္ဈတ္တိကာယတနခြောက်ပါးတွင်။ ကာယဒသက ကလာပ်၌ပါသော ကာယပသာဒသည် ကာယာယတန။ ပဋိသန္ဓေစိတ်သည်မနာယတနဖြစ်သောကြောင့်မနာယတန ကာယာယတနနှစ်ပါးတို့သည်ပထမသတ္တာဟပဋိသန္ဓေခဏကာလ၌ပင် ဖြစ်ကုန်၏။ စက္ခာယတနစသည်တို့မူကား။ခက်မငါးဖြာတို့ဖြစ်ရာ ပဉ္စမသတ္တာဟမှ နောက်ဆဋ္ဌသတ္တာဟမှစ၍ဒသမသတ္တာဟတိုင်အောင် ငါးသတ္တာဟအတွင်းသူငယ်ဟူသော ဝတ္ထုရင့်ခြင်းသို့ရောက်သဖြင့် ပသာဒဖြစ်သော စက္ခု၊ သောတ။ ဃာန၊ဇိဝှာတို့၏ဖြစ်ရာသဏ္ဌာရစက္ခု၊သောတ၊ဃာန၊ဇိဝှါဟူသောမျက်စိနားနှာခေါင်းလျှာတို့ ပသာဒ တည်လောက် ဖြစ်လောက်အောင်ပြည့်စုံစွာဖြစ်ကုန် ရင့်ကုန်ပြီးပြစ်၍ ကောဒသမသတ္တာဟ၌ ဖြစ်ကုန်၏ဟု သိအပ်သည်။ဟူလေ။ ။အဇ္ဈတ္တိကာယတနခြောက်ပါးတို့တွင်။ မနာယတနကာယာယတနနှစ်ပါးတို့သည် ပထမသတ္တာဟပဋိသန္ဓေခဏ၌ စက္ခာယတနသောတာယတနဃာနာယတနဇိဝှာယတန လေးပါးတို့သည်ကောဒသမသတ္တာဟ၌ဖြစ်ကုန်သည်ကိုအဘယ်ကြောင့်သိသနည်း။ဟူမူ။ ။ဂဗ္ဘသေယကပုဂ္ဂိုလ်တို့အားအဇ္ဈတ္တိကာယတနခြောက်ပါးတွင် မနာယတန ကာယာယတန နှစ်ပါး တို့သာ ပဋိသန္ဓေခဏ၌ ဖြစ်ကြောင်း။စက္ခာယတနစသောကြွင်းလေးပါးတို့သည် ထိုဘဝပဋိသန္ဓေကိုဖြစ်စေတတ်သောကံကြောင့်သော်၎င်းယင်းမှတပါး ပဝတ္တိအကျိုးမျက်ကိုဖြစ်စေတတ်သောကံကြောင့်သော်၎င်း။ခုနစ်ဆယ် ခုနစ်ညည့်ဟူသောသတ္တာဟပေါင်းတဆဲ့တခုတို့တွင်ကလလသတ္တာဟမှနေ၍ တဆယ်တခုမြောက်သော။ကောဒသမသတ္တာဟ၌ဖြစ်ကြောင်းကိုပြဆိုသော်။ ။ဂဗ္ဘသေယကာနံအဇ္ဈတ္တိကာယတနေသု မနာယတန ကာယာယတနာနေဝ ပဋိသန္ဓိက္ခဏေဥပ္ပဇ္ဇန္တိ။ သေသာနိစတ္တာရိသတ္တ သတ္တတိရတ္တိမှိ။ တာနိစ ခေါယေန ကမ္မုနာပဋိသန္ဓိဂဟိတာ။ တသောဝအညာသဝါ ကတတ္တာ တိ။ ။ဟူသောကထာဝတ္ထုအဋ္ဌကထာကိုထောက်၍သိသည်။ဟူလေ။ ။အဇ္ဈတ္တိကာယတနခြောက်ပါးတို့သည်သံသေဒဇဥပပါတ် ပုဂ္ဂိုလ်တို့အားပဋိသန္ဓေခဏ၌အတူတကွတပြိုင်တည်းဖြစ်ကုန်သကဲ့သို့ ဂဗ္ဘသေယကတို့အားမဖြစ်ကုန်။အစဉ်အားဖြင့်ပဋိသန္ဓေခဏ၌မနာယတန ကာယာယတနနှစ်ပါး။ကောဒသမသတ္တာဟ၌စက္ခုစသောအာယတနငပါးတို့ဖြစ်

ကျန်သည့်ကားအကြောင်း။ ထိုသို့ဖြစ်သောကြောင့်၊ ဂဗ္ဘသေယကာနံ အဇ္ဈတ္တိကာယတနေသု။ စသောစကားကို အဓ္ဓကထာဆရာ ဆိုသည့် ကားအကျိုးဖြစ်၍၊ အကျိုးဖြစ်သောထိုစကားကို တွေ့မြင်ထောက်ဆ၍ ပါဠိနည်းအားဖြင့် ဂဗ္ဘသေယက တို့အား အစဉ်အားဖြင့် ပဋိသန္ဓေခဏ၌မနာယတန ကာယာယတနနှစ်ပါး ဧကာဒသမသတ္တာဟ၌ စက္ခုစသော လေးပါးတို့ဖြစ်ခြင်းဟူသော အကြောင်းကိုသိသည်။ ဟူ လို။ ၄ ။ဂဗ္ဘသေယကာနံစသောစကားကို အဓ္ဓကထာဆရာဆိုသောအ ခါ၌ အဇ္ဈတ္တိကာယတနတို့၏ ထိုပုဂ္ဂိုလ်တို့အား အစဉ်အားဖြင့် ပထမ သတ္တာဟ၌နှစ်ပါး။ ဧကာဒသမသတ္တာဟ၌ လေးပါးဖြစ်သည့်ကား အ ကြောင်း။ထိုစကားသည်အကျိုး။ ။ထိုစကားကိုမြင်ကြားထောက်ဆ ၍ဂဗ္ဘသေယကတို့အားအစဉ်အားဖြင့်ပထမသတ္တာဟကာလပဋိသန္ဓေ ခဏ၌ မနာယတနကာယာယတနနှစ်ပါး။ ဧကာဒသမသတ္တာဟကာလ ၌စက္ခွာယတနစသော အာယတနလေးပါးတို့ဖြစ်သည်ကိုဧသာတုဇနေသု ဏန္တာတို့သိသောအခါ ထိုစကားသည်အကြောင်း။ ထိုအာယတန တို့၏ ထိုသို့ဖြစ်ခြင်းကို သိသည့်ကား အကျိုး ဤသို့ အရောအား လျော်စွာ အ ကြောင်း အကျိုး ဖြစ်သည်။ အရာခပ်သိမ်း ဤနည်းချည်းမှတ်။ ။ဂဗ္ဘ သေယကာနံ။ ဂဗ္ဘသေယက ပဋိသန္ဓေနေကျန်သော ပုဂ္ဂိုလ် တို့အား၊ အဇ္ဈတ္တိကာယတနေသု၊အဇ္ဈတ္တိကာယတနခြောက်ပါးတို့တွင်။ မနာယတ နကာယာယတနာနေဝ။မနာယတနကာယာယတန နှစ်ပါးတို့သည်သာ လျှင်။ပဋိသန္ဓိက္ခဏေ။ ပဋိသန္ဓေခဏကာလ၌။ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။သေ သာနိ။ မနာယတနကာယာယတနတို့မှကြွင်းကုန်သော။ စတ္တာရိ။လေး ပါးကုန်သောစက္ခွာယတန သောတာယတနဃာနာယတနဇိဝှါယတန တို့သည်။ သတ္တသတ္တတိရတ္တိမှို၊ ခုနစ်ဆယ့်ခုနစ်ညည့် အရေအတွက်ရှိ သောတဆယ့်တခုသောသတ္တာဟတို့တွင်ကလလသတ္တာဟမှတဆယ် တခုမြောက်သောဧကာဒသမသတ္တာဟ၌။ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။တာနိစ ခေါ။ထိုဧကာဒသမသတ္တာဟ၌ဖြစ်ကုန်သော စက္ခွာယတနအစရှိသော လေးပါးသောအာယတနတို့သည်လည်း။ယေနကမ္မုနာ။ အကြင်ကံဖြင့်။ ပဋိသန္ဓိ။ဤဘဝပဋိသန္ဓေကို။ ဂဟိတာ။ ယူအပ်၏။ တသေဝကမ္မုသာ။ ဤဘဝပဋိသန္ဓေကို ပေးတတ်သောထိုကံ၏သာလျှင်။ဝါ။ ကံသည်သာ လျှင်။ကတတ္တာဝါ။ပြုပြုအပ်သည်၏အဖြစ်ကြောင့်ရင်း။ အညသာ။ဤဘဝ

ပဋိသန္ဓေကို ပေးတတ်သောကံမှ တပါးသောပဝတ္တိ အကျိုးမျှကိုပေးတတ်သောကံ၏။ဝါကံသည်။ကတတ္တာဝါ။ပြုအပ်သည်၏ အဖြစ်ကြောင်းငင်း။ဥဇ္ဇပ္ပတ္တိ၊ဖြစ်ကုန်၏။ ။ဂန္ဓသေယကပုဂ္ဂိုလ်တို့အါးစက္ခုအစရှိကုန်သောအာယတနလေးပါးတို့၏ကောဒသမသတ္တာဟဌဖြစ်သည်ကိုဤကထာဝတ္ထုအဋ္ဌကထာကိုထောက်၍သာသိအပ်သည်မဟုတ်သေး။ကောဒသမသတ္တာဟမှရှေးဟူသော အတွင်းဖြစ်သော ဆယ်ချ မြောက်သောသတ္တာဟတိုင်ရက်ပေါင်းခုနစ်ဆယ်ကာလ၌တည်သော ပန္ဓမဘာဝိကဂန္ဓသေယက ဥပပဇ္ဇန္တပုဂ္ဂိုလ်အား ကလလ ဟူသော ကာယဒသကဝတ္ထုဒသကဘာဝဒသကကလာပ်တို့၌အကျုံးဝင်သော ရူပါရုံသည်ပင်ရူပါယတနဖြစ်၍။ထိုရူပါယတနသည် ပဋိသန္ဓေခဏကာလကပင်ဖြစ်ပြီးဖြစ်ရကားရူပါယတနသည်မဖြစ်လတံ့။စက္ခာယတနမူကား မိမိဖြစ်သင့်ရာကာလသို့မရောက်သေးသောကြောင့်မဖြစ်သေး။ဖြစ်လတံ့သာဖြစ်ကြောင်းကို ပြဆိုသော။ ။အထကာသ္မာယဿဝါပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ။တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတီတိ။ အာမန္တာတိပဋိညာတံ။နနုစဂန္ဓသေယကဿပန္ဓမဘာဝိကဿဥပပဇ္ဇန္တဿကောဒသမသတ္တာဟာဗ္ဘြရတောဌိတဿရူပါယတနံဥပ္ပဇ္ဇိဿတိ။နောစစက္ခာယတနံဥပ္ပဇ္ဇိဿတီတိ။တသ္မိံဘဝေဘာဝိဿဿဥပါဒဿအနာဂတဘာဝေနအဝစနတော။ ။ဟူသောယမိုက်မူလဋီကာ၌။ ။ဂန္ဓသေယကဿပန္ဓမဘာဝိကဿ ဥပပဇ္ဇန္တဿကောဒသမသတ္တာဟာဗ္ဘြရတောဌိတဿရူပါယတနံဥပ္ပဇ္ဇိဿတိ။ နောစစက္ခာယတနံဥပ္ပဇ္ဇိဿတိ။ ဟူသော စကားကို ထောက်၍ငင်း။ ။ယဿဝါပန ယတ္ထ ရူပါယတနံ။ ဥပ္ပဇ္ဇိတ္ထ။ တဿတတ္ထဃာနာယတနံ ဥပ္ပဇ္ဇတီတိ။ ကာမာဝစရာစဝန္တာနံ အဃာနကာနံကာမာဝစရံ ဥပပဇ္ဇန္တာနံ ရူပါဝစရာနံ တေသံတတ္ထရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ နောစတေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတိ။ ဟူသောပါဠိတော်၌။ အဃာနကာနံကာမာဝစရံ ဥပပဇ္ဇန္တာနံ ဟူသောစကားကို ဃာနာယတန ဖြစ်ရာ ကာလသို့ မရောက်နိုင်။ ဃာနာယတနမဖြစ်မီချုပ်ပျက် ရတေရလတံ့သော ဝိပါက်နာမက္ခ န္ဓာကဍုတ္တာရုပ် အစဉ်ဟူသော အကျိုး မျှကိုသာ ဖြစ်စေ၍ ဃာနာယတနကို မဖြစ် စေနိုင်သောကံဖြင့်ယူအပ်သောပဋိသန္ဓေရှိကုန်သော ကောဒသမသတ္တာဟမှရှေ့အတွင်းဖြစ်သောပဋိသန္ဓေစွဲနေသောနေ့မှခုနစ်ဆဲ့တရက်သို့မရော်

ရှိကာလ၌ ရတော လတ့်သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ဟော တော်မူကြောင်းကိုပြဆိုသော။ ။ယံပနယာသာဝါပနယတ္တရူပါယတနံဥပ္ပဇ္ဇိတ္ထ။ တဿတတ္ထ ဃာနာယတနံဥပ္ပဇ္ဇတိတိ။ ကာမာဝစရာ စဝန္တာနံအဃာနကာနံကာမာဝစရံ ဥပပဇ္ဇန္တာနံ ရူပါဝစရာနံ။ တေသံတတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။နောစတေသံတတ္ထဃာနာယတနံ ဥပဇ္ဇတိတိဇ္ဇေဿအဃာနကာနံကာမာဝစရံဥပပဇ္ဇန္တာနန္တိ ဝုတ္တံ။ တံယေဝကောဒသမ သတ္တာဝါသာဖြစ်ရ တော့ကာလံကရိဿန္တိ။ တေသံဃာနာယတနာ နိဗ္ဗတ္တကကမ္မေနဂဟိတပဋိသန္ဓိကာနံ ဝသေနဝုတ္တန္တိဝေဒိတဗ္ဗံ။ ။ဟူသော ရင်းငိုကာကို ထောက်၍ရင်း သိအပ်၏။ ။ပဋိသန္ဓေ နေသည့်နောက် ကောဒသမ သတ္တာဝါမှ ရှေ့ အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလ၌တည်သော၍ဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်၍ အနုပါဒိသေသပရိနိဗ္ဗာန ဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ့်ဖြစ်၍အဆုံးစွန်သောဘဝရှိသောဂဗ္ဘသေယကဥပ ပန္နကပုဂ္ဂိုလ်အား စက္ခာယတနသည် ဖြစ်ပြီးဖြစ်ဆဲမဟုတ်မဖြစ်သေးဖြစ် လတ့်သာဟု ပြဆိုတော်မူသောကြောင့် စက္ခာယတနသည် ကောဒသမသတ္တာဝါ၌ဖြစ်၏ဟူ၍ရင်း။ ။ပဋိသန္ဓေနာမကန္ခာကမ္မဇရုပ်ဟူသောကံသည် ဖြစ်စေအပ်သော အကျိုးသည် ဃာနာယတနဖြစ်ရာကာလတိုင်ရောက်အောင်မတည်နိုင် ဃာနာယတနမဖြစ်မီချုပ်ပျက်လတ့်ဖြစ်၍ဃာနာယတနကို မဖြစ်စေနိုင်သောကံဖြင့် ယူအပ်သောပဋိသန္ဓေရှိကုန်သော ကောဒသမသတ္တာဝါမှ ရှေ့အတွင်းကာလ၌ရတော လတ့်သောပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်။အဃာနကာနံကာမါဝစရံဥပပဇ္ဇန္တာနံ။ဟူသောစကားကို ဟောတော်မူကြောင်းကို ပြသဖြင့် ပဋိသန္ဓေကာလမှစ၍ဆယ်သတ္တာဟရက်ပေါင်း ခုနစ်ဆယ်ရသည့်တိုင်အောင်။ဃာနာယတနမဖြစ်သေး ဖြစ်ဆဲမဟုတ်ကြောင်းကို ပြသောကြောင့်ဃာနာယတနသည်လည်း ကောဒသမ သတ္တာဟ၌ဖြစ်၏ ဟူ၍ရင်း မူလငိုကာဆရာအယူရှိသည့်၏ အဖြစ်ကိုသိသာသည်။ ။စကားတိုက်ဆိုက်အလျှဉ်းသင့်ရာစက္ခာယတန ဃာနာယတနတို့ကို ပြသဖြင့်စကားမတိုက်ဆိုက်အလျှဉ်းမသင့်၍သာ သောတာယတန ဇိဝှာယတနတို့ကိုမပြမဆိုသော်လည်းစက္ခာယတန ဃာနာယတန တို့ကဲ့သို့ ၌သောတာ ယတန ဇိဝှါယတန တို့သည်လည်း ကောဒသမ သတ္တာဟ၌ ဖြစ်ကုန်၏ဟူ၍ဗင် အယူတော်ရှိသည်ဟုမှတ်အပ်၏။ ။အထ။ ထိုသို့ကောဒသမသတ္တာ

ဟာ၌ဖြစ်လတ့ံ စက္ခာယတန၏ ဥပါဒ်ကိုအနာဂတ် အဖြစ်ဖြင့် ယူသင့်ပါ
လျက်။ယဿဝါပန ရူပါယတနံနုပ္ပဇ္ဇိဿတိ။ တဿစက္ခာယတနံ နုပ္ပဇ္ဇိ
ဿတီတိ။ ယဿဝါပန။ လ။ နုပ္ပဇ္ဇိဿတိဟူသော ပုစ္ဆာကို။ အာမန္တာ
တိ။အာမန္တာဟူ၍။ ကသ္မာ။ အဘယ့်ကြောင့်။ ပဋိညာတာ။ ဝန်ခံအပ်သ
နည်း။ ။တနည်း။ယဿဝါပန။အကြင်ပုဂ္ဂိုလ်အားကား။ရူပါယတနံ။
ရူပါယတနသည်။နုပ္ပဇ္ဇိဿတိ။ မဖြစ်လတ့ံ။တဿ။ထိုရူပါယတနမဖြစ်
လတ့ံသောပုဂ္ဂိုလ်အား။စက္ခာယတနံ။ စက္ခာယတနသည်။နုပ္ပဇ္ဇိဿတိ။
မဖြစ်လတ့ံလော့။ဣတိပုစ္ဆာ။ ဤသို့သောအမေးကို။အာမန္တာတိ။ရူပါယ
တနမဖြစ်လတ့ံသောပုဂ္ဂိုလ်အား၊စက္ခာယတနမဖြစ်လတ့ံဟူ၍။ ကသ္မာ။
အဘယ့်ကြောင့်။ပဋိညာတာ။ဝန်ခံအပ်သနည်း။ ဧကာဒသမသတ္တာဟာ။
ရှေးဦးစွာသောကလလသတ္တာဟမှစ၍ရေသော်တဆယ့်တခုမြောက်ဖြစ်
သောသတ္တာဟမှ။ဩရတော။ရှေး၌။ဝါ။ အတွင်း၌။ဝါ။အတွင်းဖြစ်သော
ရက်ပေါင်းခုနစ်ဆယ်ကာလ၌။ဌိတဿ။တည်သော။ ပစ္ဆိမဘဝိကဿ။
ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်သဖြင့် အနုပါဒိသေသပရိနိဗ္ဗာန
ဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ့ံဖြစ်၍ နောက်ဆုံးဖြစ်သော ဘဝရှိသော။ဥပ
ပန္နဇ္ဇိဿ။ပဋိသန္ဓေနေဆဲဖြစ်သော။ ဂဗ္ဘသေယကဿ။ ဂဗ္ဘသေယက
ပုဂ္ဂိုလ်အါး။ရူပါယတနံ။ရူပါယတနသည်။နုပ္ပဇ္ဇိဿတိ။ပဋိသန္ဓေခဏ၌
ပင်ဖြစ်ဆဲဖြစ်၍မဖြစ်လတ့ံ။ စက္ခာယတနံ။စက္ခာယတနသည်။နုပ္ပဇ္ဇိဿ
တိ။မဖြစ်လတ့ံသည်ကား။နော။မဟုတ်။ဥပ္ပဇ္ဇိဿတိဧဝနူ။မိမိဖြစ်သင့်
သောကာလ ဧကာဒသမသတ္တာဟသို့ ရောက်သောအခါဖြစ်လတ့ံသာ
ဖြစ်သည်မဟုတ်ပါလော။ဣတိအယံ။ ဤသည်ကား။စောဒနာ။စောဒနာ
ခြင်းတည်း။တသ္မိံဘဝေ။ ခဏပစ္စုပ္ပန်။ သန္တတိပစ္စုပ္ပန်။အဒ္ဓါပစ္စုပ္ပန်ဟူ
သောပစ္စုပ္ပန်သုံးပါးတွင် အဒ္ဓါပစ္စုပ္ပန် ဖြစ်သော ထိုဘဝတခုတည်း၌။
ဘဝိဿဿ။ဖြစ်လတ့ံသော။ဥပါဒဿ။ဥပါဒ်ကို။အနာဂတဘာဝေန။
အနာဂတ် အဖြစ်ဖြင့်။ အဝစန တော။ ဟောတော်မမူသော ကြောင့်။
တဿ။ ထိုဧကာဒသမသတ္တာဟမှ အတွင်း၌တည်သော ပစ္ဆိမဘဝိက
ဥပပန္နဇ္ဇိ ဖြစ်သော ဂဗ္ဘသေယက ပုဂ္ဂိုလ်အား။ စက္ခာယတနံ။ သည်။
နုပ္ပဇ္ဇိဿတိ။ဖြစ်လတ့ံမဟုတ်။တသ္မာ။ထိုကြောင့်။အာမန္တာတိ။အာမန္တာ
ဟူ၍။ ပဋိညာတာ။ ဝန်ခံအပ်၏။ ။ယဿဝါပန။ အကြင်ပုဂ္ဂိုလ်အား
ကား။ယတ္ထ။ အကြင်မိမိ ဖြစ်ခိုက်သောဘုံ၌။ ရူပါယတနံ။ ရူပါယတန

ည်။ဥပ္ပဇ္ဇိတ္ထ။ဖြစ်ဘူးပြီ၊တသာ။ ထိုမိမိဖြစ်ခိုက်သောဘုံ၌ရူပါယတန
ဖြစ်ဘူးသောပုဂ္ဂိုလ်အား။တတ္ထ။ထိုမိမိဖြစ်ခိုက်သောဘုံ၌။ ဃာနာယတ
နံ။ဃာနာယတနသည်။ဥပ္ပဇ္ဇတိ။ဖြစ်ဆဲလော။ ဇာတိပုဂ္ဂလာယံ။ဤသို့သော
အမေးသည်။သတိ။ရှိသော်။ကာမာဝစရာ။ ကာမာဝစရတဆယ့်တဘုံ
မှ။စဝန္တာနံ။ စုတေဆဲဖြစ်ကုန်သော။ တေသံ။ထိုပုဂ္ဂိုလ်တို့အားရင်း။အ
ဃာနကာနံ။ ဃာနမရှိကုန်သော။ ကာမာဝစရံ။ ကာမာဝစရဘုံ၌။ ဥပ
ပဇ္ဇန္တာနံ။ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ တေသံ။ထိုပုဂ္ဂိုလ်တို့အားရင်း။
ရူပါဝစရာနံ။ သုဒ္ဓါဝါသမှတပါး ရူပါဝစရပုဂ္ဂိုလ်ဖြစ်ကုန်သော။ တေ
သံ။ထိုပုဂ္ဂိုလ်တို့အားရင်း။တတ္ထ။ထိုမိမိတို့ဖြစ်ခိုက်သောဘုံ၌။ရူပါယတ
နံ၊ ရူပါယတနသည်။ ဥပ္ပဇ္ဇိတ္ထ။ဖြစ်ဘူးပြီ။ တေသံ။ ထိုပြဆိုခဲ့ပြီးသော
ပုဂ္ဂိုလ်တို့အား။ တတ္ထ။၌။ ဃာနာယတနံ။ ဃာနာယတနသည်။ နော စ
ဥပ္ပဇ္ဇတိ။ဖြစ်ဆဲမဟုတ်။ ဇာတိဗ္ဗော။ ဤပါဠိတော်၌။အဃာနကာနံကာမာ
ဝစရံဥပပဇ္ဇန္တာနန္တိ။ အဃာနကာနံ။ လ။န္တာနံဟူသော။ ယံဝစနံ။ အကြင်
စကားကို။ဝုတ္တံ။ ဟောတော်မူအပ်၏။ တံဝစနံ။ထိုအဃာနကာနံစသော-
စကားကို။ ယေ။အကြင်ဂဗ္ဘသေယျကဥပပဇ္ဇန္တပုဂ္ဂိုလ်တို့သည်။ ဧကာဒ
သမသတ္တာဟာ။ ကလလသတ္တာဟကစ၍ ရေသော် တဆယ့်တကြိမ်
မြောက်ဖြစ်သောဧကာဒသမသတ္တာဟမှ။ဩရတော။အတွင်းဖြစ်သော်
ရှေ့ ရက်ပေါင်း ခုနစ်ဆယ်တွင် တနေ့နေ့ ကာလ၌။ ယသ္မာ။ အကြင်
ကြောင့်။ကာလံကရိသန္တိ။ ပစ္စုပ္ပန်ဘဝ၏အဆုံးကာလကိုပြုလတံ့။ ဝါ။
ကာလံ။ သေခြင်းကို။ ကရိသန္တိ။ ပြုကုန်လတံ့။ဝါ။ ကာလံကရိသန္တိ။
သေကုန်လတံ့။ ။ပဌမ၌ကာလသဒ္ဒါ အခါသာမညကို ဟောသော်
လည်း ပကရဏအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကိုယူ။ ဒုတိယ၌
ကာလသဒ္ဒါမစ္စုပရိယါယ်။တတိယ၌ကားသေခြင်းကိုပြုသောဟူသည်
သေခြင်းကြိယာအခြား။ပြုခြင်းကြိယာအခြားမဟုတ်ပြီ။ကာလံကရိသ
တိတိမရိသတိဟူသည်နှင့်အညီ သေသည်ကိုပင်ယူဟုပြသည်။ ။
တသ္မာ။ထိုသို့ဃာနာယတနဖြစ်ရမည့်ကာလဧကာဒသမသတ္တာဟသို့မ
ရောက်မီအတွင်း အကြားကာလ၌ပင် သေကုန်လတံ့ဖြစ်သောကြောင့်။
ဃာနာယတနာနိဗ္ဗတ္တကကမ္မေန။ဃာနာယတနကိုမဖြစ်စေနိုင်သောကံ
ဖြင့်။ဂဟိတပဋိသန္ဓိကာနံ။ ယူအပ်သောပဋိသန္ဓေရှိကုန်သော။ တေသံ။
ထိုပုဂ္ဂိုလ်တို့၏။ဝသေန။အစွမ်းဖြင့်။ဝုတ္တံ။ ဟောတော်မူအပ်၏။ဇာတိ။ဤ

သို့။ ဝေဒိတဗ္ဗံ။ သိအပ်၏။ ။ယသ္သပိပါကော ဃာနာ ယတနုပ္ပတ္တိ တောပုရေတရမေဝနိရုဇ္ဈိဿတိ။ တံဃာနာယတနာ နိဗ္ဗတ္တကကမ္မန္တိ ဝုတ္တံ။ ။ဟူသောအနုဋီကာနှင့်အညီ။ သိသာအောင်ယသ္သာတသ္သာထပ်ြ ၍ပေး။ ။ယဿ။ အကြင်ပဋိသန္ဓေကိုဖြစ်စေတတ်သောကံ၏။ ဝိပါ ကော။ အကျိုးဖြစ်သောဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်သည်။ ဃာနာယတ နုပ္ပတ္တိတော။ ဃာနာယတနဖြစ်ရာ ဧကာဒသမသတ္တာဟမှ။ ပုရေတရ မေဝ။ ရက်ပေါင်း ခုနစ်ဆယ် အတွင်း ကာလ ရှေးဦးစွာက ချုပ်ချျင်။ နိရုဇ္ဈိဿတိ။ ရတေသောအားဖြင့်ပျက်ချုပ်လတ့ံ။ တံကမ္မံ။ ထိုကံကို။ ဃာနာယတနာနိဗ္ဗတ္တကကမ္မန္တိ။ ဃာနာယတနကိုမဖြစ်စေနိုင်သောကံ ဟူ၍။ဝုတ္တံ။မူလဋီကာဆရာမိန့်ဆိုတော်မူအပ်၏။ ။အထကာသ္မာယဿ ဝါပန အစရှိသည်ဖြင့် ယခင်ပြဆိုခဲ့သော မူလဋီကာ၌ ကျမ်းဆရာ၏အ လိုအာဘောဂကိုသောတုဇနတို့ နေရာကျသိမှတ်လွယ်အောင် မကျဉ်း မကျယ် အဓိပ္ပါယ်ကို ပြဆိုလိုက်ဦးအံ့။ ။ယဿဝါပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ။ တဿစက္ခာယတနံဥပ္ပဇ္ဇိဿတိ။ ဟူ၍ရူပါယတနဖြစ်လ တ့ံပုဂ္ဂိုလ်အား စက္ခာယတန ဖြစ်ပါလတ့ံလောဟု မေးသောပုစ္ဆာကို။ အာမန္တာဟူ၍။ ရူပါယတန ဖြစ်လတ့ံပုဂ္ဂိုလ်အား စက္ခာယတနဖြစ်လတ့ံ ဖင်ဟုတ်ကြောင်းကိုအဘယ့်ကြောင့် ဝန်ခံအပ်သနည်း။ ဤဖြစ်ဆဲဘဝမှ နောက်အနန္တရဘဝ၌ ဂဗ္ဘသေယကပဋိသန္ဓေနေ၍ ထိုဒုတိယဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ့ံပုဂ္ဂိုလ်အား ထိုဘဝပဋိသန္ဓေအခါ၌ရူပါယတနဖြစ်လ တ့ံ။စက္ခာယတနမူကား ဂဗ္ဘသေယက ပဋိသန္ဓေဖြစ်၍ ထိုပဋိသန္ဓေနှင့် အတူတကွမဖြစ်ကောင်းသောကြောင့် မဖြစ်လတ့ံသည်သာ မဟုတ်ပါ လော။ ယင်းသို့ ပစ္စက္ခာဘဝမှနောက် အနန္တရ ဘဝ၌ ဂဗ္ဘသေယကပဋိ သန္ဓေနေ၍ ထိုဘဝပရိနိဗ္ဗာန်ပြုလတ့ံသော ပုဂ္ဂိုလ်အားရူပါယတနသာ ဖြစ်လတ့ံဖြစ်၍ စက္ခာယတန ဖြစ်လတ့ံမဟုတ်သောကြောင့်။ ယဿဝါ ပနရူပါယတနံဥပ္ပဇ္ဇိဿတိ။ တဿစက္ခာယတနံဥပ္ပဇ္ဇိဿတိ။ ဟူသော ပုစ္ဆာကို။ ။ယေဂဗ္ဘသေယကာဟုတွာပရိနိဗ္ဗာယိဿန္တိ။ တေသံရူပါ ယတနံဥပ္ပဇ္ဇိဿတိ။ နောစတေသံ စက္ခာယတနံဥပ္ပဇ္ဇိဿတိ။ ဣတရေ သံရူပါယတနဉ္စဥပ္ပဇ္ဇိဿတိ။ စက္ခာယတနဉ္စဥပ္ပဇ္ဇိဿတိ။ ဟူသောတ ဘက်ရှုနှစ်ဘက်ရဝိဘင်းဖြင့်အနန္တရဘဝ၌ဂဗ္ဘသေယက ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ့ံသောပုဂ္ဂိုလ်တို့အား ရူပါယတနသာဖြစ်လတ့ံ။ စက္ခာ

ယတနကား မဖြစ်လတ့် ဟူ၍သာ ဖြေဆိုသင့် ပါသည် မဟုတ်လော။ ဟူမူ။ ။ဤသို့မဖြေဆိုသင့်ဟူလေ။ ။အဘယ့်ကြောင့်ဤသို့မဖြေဆိုသင့်သနည်းဟူမူ။ ။အနန္တရဘဝ၌ ဂဗ္ဘသေယက ပဋိသန္ဓေ နေ၍ထိုသုဝပရိနိဗ္ဗာန် ပြုလတ့်ဖြစ်၍ ရူပါယတနဖြစ်လတ့် အနာဂတ်အခိုက်အတန့် ရသော ဤပစ္စက္ခ ဘဝ၌ တည်နေစဉ် ဖြစ်သော ပုဂ္ဂိုလ်အား ထိုဒုတိယဘဝပဋိသန္ဓေနေသောအခါပဋိသန္ဓေစိတ်နှင့်အတူတကွရူပါယတနဖြစ်လတ့်။ ထိုရူပါယတန ဖြစ်ပြီး နောက် ပဝတ္တိအခါ ကောဓသမသတ္တာဟ၏အစနေ့ ဖြစ်သော ခုနစ်ဆယ်တရက် မြောက်သောနေ့၌စက္ခာယတနလည်းဖြစ်လတ့်ဖြစ်၍ထိုစက္ခာယတနသန္တာန်၏အစစွာဖြစ်သောဥပါဒ်ကိုဖြစ်လတ့်ဟူသော အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်သောကြောင့် မဖြေသင့်ဟူလေ။ ။ယင်းသို့ ကောဓသမ သတ္တာဟ၌ ဖြစ်လတ့်ဖြစ်သော စက္ခာ ယတန၏ဉပါဒ်ကို အနာဂတ် အဖြစ်ဖြင့် ဝန်ခံအပ်သည်ရှိသော်။ထိုသို့အနာဂတ် အဖြစ်ဖြင့် ဝန်ခံအပ်ပါလျက်။ ။ယဿဝါပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ တဿစက္ခာယတနံ နုပ္ပဇ္ဇိဿတိတိ။ ဟူ၍ရူပါယတန မဖြစ်လတ့်သော ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်လတ့်လောဟုမေးသောပုစ္ဆာကို။ အာမန္တာဟူ၍ ရူပါယတနမဖြစ် လတ့်သောပုဂ္ဂိုလ်အားစက္ခာယတနလည်းမဖြစ်လတ့်သည်ပင်ဟုတ်၏ဟုအဘယ်ကြောင့်ဝန်ခံဖြေဆိုတော်မူအပ်လေသနည်း။ ပဋိသန္ဓေနေသည်နောက် ကောဓသမသတ္တာဟမှ ရှေ့အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလ၌တည် သောထိုဘဝ၌ပင် အနုပါဒိ သေသ ပရိနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်ဖြစ်၍အဆုံးစွန်သောဘဝရှိသော ဂဗ္ဘသေယကပဋိသန္ဓေနေသော ပစ္ဆိမ ဘဝိကဂဗ္ဘသေယက ဉပပဇ္ဇန္တပုဂ္ဂိုလ်အား ကလလရုပ်ဟူသောဝတ္ထုကာယဘာဝ ဒသကကလာပ်၌ အကျုံးဝင်သောဝဏ္ဏဟူသော ရူပါရုံသည်ပင် ရူပါယတနဖြစ်၍ ထိုရူပါ ယတနသည် ပဋိသန္ဓေခဏ၌ပင်ဖြစ်ရကား ရူပါယတနသည်မဖြစ်လတ့်။ စက္ခာယတနမူကား မိမိဖြစ်သင့်ရာ ကောဓသမသတ္တာဟသို့ မရောက်သေးသောကြောင့်မဖြစ်သေးသော်လည်းကောဓသမသတ္တာဟသို့ရောက်သော အခါဖြစ်လတ့်သည်သာမဟုတ်ပါလော။ ယင်းသို့ထိုပုဂ္ဂိုလ်အား စက္ခာယတနဖြစ်လတ့်ဖြစ်ကလည်း။ ။ယဿဝါပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ။ဟူသောပုစ္ဆာကို။ ။ဂဗ္ဘ သေယကာနံပစ္ဆိ-

မဘာဝိကာနံဥပပန္နာနံ တေသံရူပါယတနံ နုပ္ပဇ္ဇိဿတိ။နော စ တေသံ စက္ခာယတနံနုပ္ပဇ္ဇိဿတိစသည်ဖြင့်သာဖြေဆိုသင့်ပါသည်မဟုတ်လော။ ဟူမူ။ ။သင်စောဒကကြီးသည်အတိုင်း ဤသို့မဖြေဆိုသင့်။ ပါဠိတော်လာသည်အတိုင်း အာမန္တာဟူ၍သာ ဖြေဆိုသင့်သည်။ ဟူလေ။ ။အဘယ်ကြောင့် ဤသို့မဖြေသင့်ဘဲအာမန္တာဟူ၍ ဖြေဆိုသင့်လေသနည်း ဟူမူ။ ။ဘဝခြား၍ဖြစ်လတ့ံသောတရား၏ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသောကြောင့် ဤသို့မဖြေဆိုသင့်ပဲ အာမန္တာဟူ၍သာဖြေဆိုသင့်သည်။ဟူလေ။ ။အဘယ်ကြောင့်ကား ဘဝခြား၍ဖြစ်လတ့ံသောတရား၏ဥပါဒ်ကိုသာအနာဂတ်အဖြစ်ဖြင့်ဟောတော်မူ၍ ထိုပစ္စက္ခဘဝ တွင်ရွေ့ ဖြစ်လတ့ံ-တရား၏ဥပါဒ်ကို အနာဂတ် အဖြစ်ဖြင့် ဟောတော်မမူလေသနည်း။ဟူပြန်မူ။ ။ဘဝခြား၍ဖြစ်လတ့ံတရား၏ ဥပါဒ်ကိုသာအဒ္ဓါပစ္စုပ္ပန်၌ အကျုံးမဝင်သောကြောင့် အနာဂတ်အဖြစ်ဖြင့်ဟော၍ ပစ္စက္ခဤဘဝတွင်ရွေ့ ဖြစ်လတ့ံ တရား၏ ဥပါဒ်ကို အဒ္ဓါပစ္စုပ္ပန်၌ အကျုံးဝင်သောကြောင့် အနာဂတ်အဖြစ်ဖြင့် မဟောသည်။ ဟူလေ။ ။ပြဆိုအပ်ပြီးသော အကြောင်းကြောင့် ဘဝခြား၍ ဖြစ်လတ့ံ တရား၏ဥပါဒ်ကိုသာအနာဂတ်အဖြစ်ဖြင့် ဟောတော်မူသည်၏အဖြစ်။ ထိုပစ္စက္ခဘဝ၌ပင်ဖြစ်လတ့ံတရား၏ဥပါဒ်ကိုအနာဂတ်အဖြစ်ဖြင့်ဟောတော်မမူအပ်သည်၏အဖြစ်ကို အဘယ်ကြောင့်သိသနည်း အဘယ်ကို ထောက်၍သိပါသနည်း။ဟူမူ။ ။ယဿဃာနိန္ဒြိယံဥပ္ပဇ္ဇတိ။ တဿပုရိသိန္ဒြိယံဥပ္ပဇ္ဇိဿတီတိ။ ဃာနီနံပဉ္စမဘာဝိကာနံဥပပန္နာနံ။ ယာစဃာနိယောဇေတေနေဝဘာဝေနကတိစိဘဝေဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ။ ယာစရူပါဝစရံ အရူပါဝစရံဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ။တာသံဥပပန္နာနံ ဃာနိန္ဒြိယံဥပ္ပဇ္ဇတိ။ နောစတာသံပုရိသိန္ဒြိယံဥပ္ပဇ္ဇိဿတိ။ ဟူသောဃာနိန္ဒြိယယမိုက်ပါဠိတော်ကိုမြင်သောကြောင့်သိပါသည်။ ထိုပါဠိတော်ကိုထောက်၍သိပါသည်။ဟူလေ။ ။အဘယ်သို့ ဃာနိန္ဒြိယယမိုက်ပါဠိတော်ကိုထောက်၍ဤပစ္စက္ခဘဝ၌ဖြစ်လတ့ံတရား၏ ဥပါဒ်ကိုအနာဂတ်အဖြစ်ဖြင့်မဟောသည်၏အဖြစ်။ လာလတ့ံအခြားဘဝ၌ ဖြစ်လတ့ံ တရား၏ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသည်၏အဖြစ်ကိုသိပါသနည်း။ဟူမူ။ ။ဤပါဠိတော်ဝယ်ဤဘဝ၌ပင်အရဟတ္တမဂ်ကို ရ၍အနုပါဒိသေသပရိနိဗ္ဗာနဓါတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ့ံသော ပုဂ္ဂိုလ်သန္တေ

နေ့ဆဲဖြစ်သောပဋ္ဌိမဘာဝိကမိန်းမ တစုံတခုသောဘဝ၌မှ ယောကျ်ား ဖြ်အဖြစ်ဖြင့်ပုရိသိန္ဒြေနှင့်တကွမဖြစ်မူ၍ ဣတ္ထိန္ဒြေဟူသော ဣတ္ထိဘာဝ ကြုံင့်သာလျှင်ကာမဘုံ၌သာမိန်းမအဖြစ်ဖြင့် နှစ်ဘဝသုံးဘဝစသည်ဖြစ် ပြီး၍အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ့ံသောပဋိသန္ဓေနေဆဲ ဖြစ်သောမိန်းမ။အနန္တရဘဝ၀ယ်ရူပဘုံအရူပဘုံ၌ဖြစ်၍ ကာမဘုံသို့ပဋိ သန္ဓေ၏အစွမ်းအားဖြင့်တဘန်မလာပဲ ထိုရူပဘုံအရူပဘုံ၌သာ ထိုက် သည့်အားလျော်စွာဖြစ်သဖြင့်အရဟတ္တဖိုလ်သို့ရောက်၍ပရိနိဗ္ဗာန်ပြုလ တ့ံသောကာမဘုံ၌ပဋိသန္ဓေနေဆဲဖြစ်သောမိန်းမတို့ကိုပုရိသိန္ဒြေမဖြစ် လတ့ံဟူ၍ဟောတော်မူသည်။ထိုမိန်းမတို့တွင်ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြု လတ့ံသောပဋ္ဌိမဘာဝိကဥပပဇ္ဇန္တမိန်းမတို့မှာ ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြု လတ့ံဖြစ်၍နောင်ဖြစ်ရန်အခြားဘဝမရှိပြီးဖြစ်သောကြောင့် ပုရိသိန္ဒြေ မဖြစ်လတ့ံ။ဣတ္ထိဘောဖြင့်သာလျှင်ကာမဘုံ၌ပင်လျှင်နှစ်ဘဝသုံးဘဝစ သည်ဖြစ်ပြီး၍ပရိနိဗ္ဗာန်ပြုလတ့ံသောဥပပဇ္ဇန္တမိန်းမတို့အား ကာမဘုံ၌ ဘဝအများပင်ဖြစ်သေးသော်လည်း။ဣတ္ထိဘာဝနှင့်သာအမြဲရှည်၍မိန်းမ သာဖြစ်လတ့ံဖြစ်သောကြောင့် ပုရိသိန္ဒြေမဖြစ်လတ့ံ။ အနန္တရဘဝ၌ပင် ရူပဘုံအရူပဘုံ၀ယ်ဖြစ်၍ပရိနိဗ္ဗာန်ပြုလတ့ံသော ကာမဥပပဇ္ဇန္တမိန်းမ တို့မှာလည်း ထိုရူပဘုံအရူပဘုံသည်ဘာဝရုပ်နှစ်ပါးလုံး၏ပင် ဖြစ်ရာမ ဟုတ်သောကြောင့်ပုရိသိန္ဒြေမဖြစ်လတ့ံ။ ဤသို့ထိုမိန်းမတို့အားအခြား သောဘဝ၌ပုရိသိန္ဒြေမဖြစ်လတ့ံသည်ကိုရည်၍သာ။ ။ပဋ္ဌိမဘာဝိကာ နံဣတ္ထီနံဥပပဇ္ဇန္တီနံ။လ။ပုရိသိန္ဒြိယံနုပ္ပဇ္ဇိဿတိ။ဟူသောစကားကိုဟော တော်မူသည်။အကယ်၍ ဖြစ်ဆဲပစ္စုပ္ပန္နဘဝ၌ပင် ပုရိသိန္ဒြေ မဖြစ်လတ့ံ သည်ကိုရည်၍ဟောတော်မူသည်ဖြစ်အံ့။ယောကျ်ား၏အဖြစ်ဖြင့်သား နှစ်ယောက်ရပြီးမှ ကစ္စည်းမထေရ်ကိုစိတ်ဖြင့် မကောင်းကြံစည်ပြစ် မှားမိသော သောရေယျသူဌေးသားအားထိုပြစ်မှားသော ဗလ၀အကု သိုလ်ကံကြောင့် ပဋိသန္ဓေ နေစဉ်ကပါသော ပုရိသိန္ဒြေကွယ်ချုပ်၍ ဒုဗ္ဗလကုသိုလ်ကံဟောင်းကြောင့်ဣတ္ထိန္ဒြေကိုရသဖြင့်မိန်းမဖြစ်ပြီးနေ၍ မိန်းမအဖြစ်ဖြင့်သားနှစ်ယောက်ရပြီးမှတဖန်မထေရ်ကိုကန်တော့သောအ ခါဒုဗ္ဗလအကုသိုလ်ကံကြောင့်ပ၀တ္တိကာလ၌ဖြစ်ပေါ်လာသောဣတ္ထိန္ဒြေ ကွယ်ချုပ်၍ ထိုကန်တော့သော ဗလ၀ကုသိုလ်ကံကြောင့် တဖန်ပုရိ သိန္ဒြေအသစ်ဖြစ်လာပြန်၍နောက်၌ ရဟန်းပြုသဖြင့် ဝိပဿနာကိုအား

ထုတ်၍အရဟတ္တဖိုလ်သို့ ရောက်သည့်ဖြစ်၍ ပဋ္ဌမဘာဝိက ဖြစ်သော ယောက်ျား တို့အား မဂ်ဖိုလ်ကိုမရမီ ပုထုဇန်အဖြစ်၌ တည်စဉ်အခါ လိင်ပြန်ထိုက်သောအကြောင်းရှိခဲ့သော် လိင်ပြန်ခြင်းဖြစ်သကဲ့သို့။ ဝါ ပဋ္ဌမဘာဝိကအစရှိကုန်သောမိန်းမတို့အားလည်းမဂ်ဖိုလ်ကိုမရမီပုထု ဇန်အဖြစ်၌ တည်စဉ် ထိုဘဝ၌ပင်တစုံတခုသော အကြောင်းကြောင့် လိင်ပြန်သော်ပြန်ထိုက်သော သဘောရှိရကား ထိုလိင်ပြန်သောမိန်းမ တို့အားဇာတ္တိလိင်ကွယ်ချုပ်ခဲ့ကထိုဘဝပဝတ္တိကာလ၌ ပုရိသိန္ဒြေဖြစ်လ တံ့ပင် ဖြစ်သောကြောင့် ထိုစကားကို ဟောတော်မမူရာ။ ဟောကား ဟောတော် မူသည်သာဖြစ်ရကား ဤပါဠိတော်ကို ထောက်၍ပစ္ဆိမ ဘဝ၌ဖြစ်လတံ့ တရား၏ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော်မမူ သည်၏အဖြစ်။အခြားဘဝ၌ဖြစ်လတံ့တရား၏ဥပါဒ်ကိုသာအနာဂတ်အ ဖြစ်ဖြင့်ဟောတော်မူသည်၏အဖြစ်ကိုသိပါသည်။ဟူလေ။ ။ကတိဝိ ဘဝေဒသေသတွာ။ ဟူ၍ဘဝသဒ္ဒါဖြင့် ဟောတော်မူသည်ကို ထောက် သဖြင့်လည်းအခြားဘဝ၌ ဖြစ်လတံ့တရား၏ဥပါဒ်ကိုသာ အနာဂတ်အ ဖြစ်ဖြင့်ဟောတော်မူသည်၏အဖြစ်ကိုစင်စစ်သိအပ်၏။ ။ဤ၌ကတိဝိ ဘဝေဟူရာဝယ်ကတိဝိဟူသည်အမြဲသချ်ာမဟုတ်။ နှစ်ဆယ်သုံးဆယ် စသည်မှထောက်၍နှစ်ချသုံးချစသည်သည့်ကတိဝိ။ နှစ်ရာသုံးရာစသည်မှ ထောက်၍ နှစ်ဆယ် သုံးဆယ် စသည်သည့် ကတိဝိ။ နှစ်ထောင် သုံး ထောင်စသည်မှထောက်၍ နှစ်ရာသုံးရာ စသည်သည့်ကတိဝိစသည် မည်၏ဟုမှတ်လေ။ ။ယဿ။အကြင်ပုဂ္ဂိုလ်အား။ဇာတ္တိန္ဒြိယံ။ဇာတ္တိန္ဒြေ သည်။ဥပ္ပဇ္ဇတိ။ဖြစ်ဆဲ။တဿ။ထိုဇာတ္တိန္ဒြေဖြစ်ဆဲသောပုဂ္ဂိုလ်အား။ပုရိ သိန္ဒြိယံ။ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇိဿတိ။ ဖြစ်လတံ့လော။ဆူတိ။ဤသို့မေး အပ်၏။ ဝါ။ ဤသို့မေးသည်ရှိသော်။ ပဋ္ဌမဘာဝိကာနံ။ ဤဘဝ၌ပင်အရ ဟတ္တဖိုလ်သို့ရောက်သဖြင့်ပရိနိဗ္ဗာန်ပြုလတံ့ဖြစ်၍အဆုံးစွန်သောဘဝရှိ ကုန်သော။ဥပပဇ္ဇန္တီနံ။ကာမသုဂတိ ချနစ်ဘုံတွင်တဘုံဘုံ၌ပဋိသန္ဓေနေ ဆဲဖြစ်ကုန်သော။ ဇာတ္တိန္ဒြေ။ တိဟိတ်ပုထုဇန်အောက်ဖလဋ္ဌာန်နှစ်ယော် ဖြစ်ကုန်သောမိန်းမတို့အားငင်း။ ယာဇာတ္တိယော။ ပုထုဇန်လေးယောက် အောက်ဖလဋ္ဌာန်နှစ်ယောက်ဟူကုန်သောအကြင်မိန်းမတို့သည်။ ဧတေ နေဝဘာဝေန။ ထိုဇာတ္တိန္ဒြေဟူသောဇာတ္တိဘောဖြင့်သာလျှင်။ ကတိဝိဘာ ဝေ။ ကာမဘုံ၌ပင်လျှင် နှစ်ဘဝသုံးဘဝစသည်တို့ကို။ ဒသေသတွာ။ပဋိ

သင်္ခေနေသည်၏ အစွမ်းအားဖြင့်ပြ၍။ ပရိနိဗ္ဗာယိသသတ္တိ။ ပရိနိဗ္ဗာန်ပြု ကျိန်လတ့်။ဥပပတ္တိနံ။ ကာမတဆယ့်တဘုံတို့တွင်တဘုံဘုံ၌ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တာသံဣတ္ထိနဥ။ ထိုမိန်းမ တို့အားရင်း။ ယာဣတ္ထိ ဒုံးယာ။ တိဟိတ်ပုထုဇန် အောက်ဖလဋ္ဌာန် နှစ်ယောက်ဟူကုန်သောအ ကြင်မိန်းမတို့သည်။ရူပါဝစရံ။ ရူပါဝစရဘုံ၌သော်ငင်း။ အရူပါဝစရံ။အ ရူပါဝစရဘုံ၌သော်ငင်း။ဥပပဇ္ဇိတွာ။ အခြားမဲ့ဘဝ၌ပဋိသန္ဓေ၏အစွမ်း ဖြင့်ဖြစ်၍။ပရိနိဗ္ဗာယိသသတ္တိ။လတ့်။ ဥပပတ္တိနံ။ကာမသုဂတိခုနစ်ဘုံတို့ တွင်တဘုံဘုံ၌ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ တာသံဣတ္ထိနဥ။အားရင်း။ ဣတ္ထိန္ဒြိယံ။သည်။ဥပ္ပဇ္ဇတိ။ဖြစ်ဆဲ။တာသံ။ ထိုဆိုအပ်ပြီးသောသဘောရှိ သောမိန်းမတို့အား။ ပုရိသိန္ဒြိယံ။သည်။ နောစဥပ္ပဇ္ဇိသတိ။ ဖြစ်လတ့် မဟုတ်။ ။ယခင်ဋီကာ စကားနှစ်ရပ်၌။ ဩရတော ငှိတသဩရ တောကာလံကရိသတ္တိတို့၌ဩရသဒ္ဒါသည်ဥရသဒ္ဒါမှဖြစ်သည်။ ။ ဥရသဒ္ဒါ သည်ကား။ ဥဒက္ခ လာဘေ သတ် ရတ္တိပဟာရတ္တိ ဓွောတိဥ ရော။ ။ဟူသောဧကက္ခရ ကောသဋီကာနှင့်အညီ။ လူတို့သည်သား သွီးဆွေမျိုးစသော ချစ်ကျွမ်းဝင်သော သူတို့ပျက်စီးခြင်းအစရှိသောအ ကြောင်းကြောင့် သောက ဒေါမနဿဖြင့် စိတ် မသာရွှင် အလွန်ပင် ပန်းခြင်းစေတသိက ဒုက္ခကို ရသည်ရှိသော် လက်ဆုပ်လက်သီးလက် ဝါးပြက်တို့ဖြင့်ထုနှက်တီးခတ်ရာဖြစ်၍ရင်ဘတ်ကိုဟောသည်။ ။ထို ဥရသဒ္ဒါနောင်သကပ္ပွဒ္ဒ ဏပစ္စည်းသက်၍။ ဥရမေဝဩရံဟုပြု။ ။ ပိသတ္တိဟိံသတ္တိ ပဋ္ဌတ္ထိကာဧွော တိပိဋ္ဌ။ ဟူသည်နှင့်အညီ။ မိမိ၏ဆန့် ကျင်ဘက်ကဲ့အလိုရှိကုန်သော ရန်သူအစရှိသောသူတို့သည်တထောင် လက်ဆုပ် ကြံ့ဒုတ်အစရှိသည်ဖြင့် ထောင်းထုရိုက်နှက် နှိပ်စက်ညှဥ်း ဆဲရာဖြစ်၍ ကျောက်ကုန်းကျောသည် ပိဋ္ဌမည်၏။ ။ဓွော။ ဤရင်၌။ မနသော။လူတို့သည်။ဥဒက္ခလာဘေ။ သားသွီးစသည်တို့ပျက်စီးခြင်းစ သောအကြောင်းကြောင့် စိတ်ပင်ပန်းခြင်း စေတသိကဒုက္ခကိုရသည်။ သတိ။ ရှိသော်။ ရတ္တိပဟာရတ္တိ။ လက်ဆုပ် လက်ဝါးပြက်ဖြင့် တီးနှက် ပုတ်ခတ်ကုန်၏။ ဣတိတသ္မာ။ ထိုသို့ တီးခတ်ရာ ဖြစ်သည်၏ အဖြစ် ကြောင့်။သော။ထိုရင်သည်။ ဥရော။ဥရမည်၏။ ဥရမေဝ။ရင်သည်ပင် လျှင်။ဩရံ။ ဩရမည်၏။ ။ဓွော။ဤကျောက်ကုန်း၌။ ပဋ္ဌတ္ထိကာ။ဆန့် ကျင်ဘက်ကဲ့အလိုရှိကုန်သောသူတို့သည်။ ပိသတ္တိဟိံသတ္တိ။တထောင်

ဘာသာပါဌ်အတိုင်း။ သိက္ခာပဒါနိ။သိက္ခာပုဒ်တို့ကို။ သမာဒါတဗ္ဗာနိ။ခံယူဆောက်တည်အပ်ကုန်၏။ပါဌ်။သိက္ခာပုဒ်ပါဌ်ကို။အဓိပ္ပါယ်။မသိသော/ပုဂ္ဂိုလ်သည်။ ဗုဒ္ဓပညတ္တံ။ မြတ်စွာဘုရားဟောကြား ပညတ်သိစေအပ်သော။ဥပေါသထံ။ဥပုသ်ကို။အဓိဋ္ဌာမိတိ။ဓိဋ္ဌာန်ဆောက်တည်ပါ၏ ဟူ၍။ပါ။ဗုဒ္ဓပညတ္တံဥပေါသထံအဓိဋ္ဌာမိတိ။ ဗုဒ္ဓပညတ္တံဥပေါသထံအဓိဋ္ဌာမိ ဟူ၍။အဓိဋ္ဌာတဗ္ဗံ။ဆောက်တည်အပ်၏။အညံ။ရဟန်းစသောခံယူရာတပါးကို...လဘာ[illegible]။ မရသောပုဂ္ဂိုလ်သည်။ အတ္တနာပိ။မိမိကိုယ်တိုင်လျှောက်လျှား ဘာသာလည်း။ အဓိဋ္ဌာတဗ္ဗံ။၏။ ဝိဘာဝနေ။ပန။ နှုတ်မြွက်ခြင်းကိုကား။ ကာတဗ္ဗာယေဝ။ ပြုအပ်သည်သာတည်း။ ။ဇာမဗ္ဗရတ္တိ။ဤညည့်ပတ်လုံးငင်း။ဇာမဗ္ဗဒိဝသံ။ ဤနေ့ပတ်လုံးငင်း။ဇာတိ။ဤသို့။ကာလပရိစ္ဆေဒံ။ကာလအပိုင်းအခြားကို။ကတွာ။ပြု၍။ ဥပေါသထင်္ဂဝသေန။ဥပုသ်အင်္ဂါ၏အစွမ်းဖြင့်။ အဋ္ဌသိက္ခာပဒါနိသမာဒိယာမိတိ။အဋ္ဌသိက္ခာပဒါနိသမာဒိယာမိဟူ၍။ ဧကတောကတွာ။ သိက္ခာပုဒ်ရှစ်ပါးလုံးကို တပေါင်းတည်းပြု၍။ ဝိဘာဝေံကတွာ။ နှုတ်မြွက်သည်ကိုပြု၍။ သမာဒါတဗ္ဗာနိ။ကောင်းစွာခံယူဆောက်တည်အပ်ကုန်၏။ဝါ။တနည်းကား။ပုန။ ရှစ်ပါးလုံးကိုတပေါင်းတည်းခံယူပြီးနောက်တဘန်။ ပါဏာတိပါတာဝေရမဏိသိက္ခာပဒံသမာဒိယာမိတိ။ သမာဒိယာမိ ဤသို့အစရှိသည်ဟူ၍။ဝါ။ မိအစရှိသည်ဖြင့်။ဝေံ။ဤသို့။ ပစ္စေကံ။ အသီးအသီးတပါးစီ။ဝိဘာဝေံကတွာ။၍။ယထာပါဌ်။ မဂဓဘာသာပါဌ်အတိုင်း။ သမာဒါတဗ္ဗာနိ။ကုန်၏။ ။ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံသမာဒိယာမိအစရှိသည်ဖြင့်သမာဒိယာမိတိုင်အောင်ရွတ်ဆို၍ဆောက်တည်ရမည်ဟုဆို၏။အဋ္ဌအဋ္ဌကထာဝယ် သရဏဂုဏ်ပေးရာယူရာ၌ဗုဒ္ဓံသရဏံဂစ္ဆာမိအစရှိသည်ဖြင့်ရွတ်ဆို၍ပေးရယူရသကဲ့သို့။ သိက္ခာပုဒ်တို့ကိုပေးရာယူရာ၌လည်း ပါဏာတိပါတာဝေရမဏိ သိက္ခာပဒံသမာဒိယာမိအစရှိသည်ဖြင့်ရွတ်ဆို၍ပေးရမည် အကြောင်းကိုပြဆိုသောဝါဒကို။ထိုသို့ရွတ်ဆို၍ပေးရခံယူရမည်ဟူသော စကားသည် ပါဌ်တော်ဝယ်မလာမရှိ။အဋ္ဌကထာတို့၌လည်းမရှိမလာကြောင်းကို ဝိနည်းမဟာဝါပဗ္ဗဇ္ဇာခန္ဓကအဋ္ဌကထာဝယ်။ ။အဋ္ဌအဋ္ဌကထာယံပနအဟံဘန္တေ ဗုဒ္ဓံနာမ ယောယာဝဇီဝံပါဏာတိပါတာဝေရမဏိသိက္ခာပဒံသမာဒိယာမိတိဝေံသရဏဒါနံပိယ သိက္ခာပဒဒါနံပိဂုတ္တံ။ တံနေဝပါဠိယံ နအဋ္ဌက*

ထာသုအဋ္ဌိပဟူ၍ပြဆိုပယ်ဖျက်ပြီးဖြစ်သောကြောင့်ရင်း။ ။ခုဒ္ဒကပါဠိပါဠိတော်ဝယ်။ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံသမာဒိယာမိ အစရှိသည်ဖြင့်သမာဒိယာမိ တိုင်အောင်ရှိသည်ကိုလည်း မြတ်စွာဘုရား ဟောတော်မူရင်းကဤသို့မဟုတ်။ နေ၁သင်္ဂါယနာတင်သောအခါ၌သာ။ သမာဒါယသိက္ခတိသိက္ခာပဒေသုဟူ၍သမာဒါနကြိယာနှင့်တကွ ဟောတော်မူအပ်သောပါဠိတော်။ သရဏဂုံပေးရာယူရာတို့၌ဗုဒ္ဓံသရဏံဂစ္ဆာမိအစရှိသည်ဖြင့်အမှယောဂဥတ္တမပုရိသ်ဖြင့် ဟောပြောတော်မူ အပ်သောပါဠိတော်တို့ကိုအစည်လျှောက်၍ထောက်မှီသဖြင့် သင်္ဂါယနာတင်အရှင်တို့သာ ဝါစနာမဂ္ဂသို့ တင်ထား ကုန်သည် ဖြစ်၍ သာရှိကြောင်းကိုခုဒ္ဒကပါဠအဋ္ဌကထာ၌။ ။တာနေတာနိသမာဒါယသိက္ခတိသိက္ခာပဒေသူတိသုတ္တာ နုသာရေန၊သရဏဂမနေသုစ ဒသိတပါဠာနုသာရေန ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိတိဧဝံ ဝါစနာမဂ္ဂံအာရောပိတာနီတိဝေဒိတဗ္ဗာနိ။ ။ဟူ၍ပြဆိုအပ်သော ကြောင့်ရင်း။ ။ဝိနည်းမဟာဝါပါဠိတော်၌။ ။ပါဏာတိပါတာဝေ ရမဏီ။လ။ဇာတရူပရဇတပဋိဂ္ဂဟနာဝေရမဏီဟူ၍သိက္ခာပဒံသမာဒိ ယာမိဟူသောပုဒ်တို့မပါ ဝေရမဏီတွင် ရွေ့သာဟောတော် မူသော ကြောင့်ရင်း။သိက္ခာပုဒ်တို့ကိုပေးယူသောအခါတို့၌။ သိက္ခာပဒံသမာဒိ ယာမိတိုင်အောင် မရွတ်မဆိုမူ၍ ဝေရမဏီတွင် ရွေ့သာရွတ်ဆိုသင့် သည်မဟုတ်ပါလော။ ဟူမူ။ ။သာမဏေတို့မှာ သရဏဂုံ ပေးယူ သောအခါဆရာတပည့်နှစ်ပါးစုံတို့ ဥဘတောသုဒ္ဓိဖြစ်အောင် သိထိလ ဓနိတစသည်ပြီပြင်စွာရွတ်ဆိုပေးနိုင်ယူနိုင်၍။ တတိယံပိသံဃံသရဏံ ဂစ္ဆာမိဟု မိအက္ခရာဆုံးအောင် ရွတ်ဆိုယူမိလျှင်ပင် သာမဏေအဖြစ် ပြီးမြောက် အောင်မြင်၍ သာမဏေအဖြစ် သာမဏေဘုံ၌ တည်ပြီးဖြစ် သည်။ သာမဏေရပဗ္ဗဇ္ဇမည်သည့်သရဏဂုံတို့ဖြင့်သာပြီးရကား၊သိက္ခာ ပုဒ်တို့ကို အသီးအခြား ပေးဘွယ် ခံယူဘွယ် မရှိပြီ။ သက်သက် ကျင့် ဆောင်ရန်သိက္ခာပုဒ်တို့ကိုဖြည့်ကျင့်နိုင်ခြင်းအကျိုး၄ါသိအပ်သိသင့်သိ ကောင်းသိထိုက်သောကြောင့်ထိုသာမဏေသစ်သည်မှတ်သိနိုင်လော ် သောပညာရှိ သဘောရှိခဲ့မူ သရဏဂုံ ယူရာအရပ်၌ပင်လျှင် လွန်ကြူး ကျော်နင်းမရှိ။ ကောင်းမွန်လုံခြုံစွာ စောင့်ထိန်းအပ် စောင့်ထိန်းရမည့် သိက္ခာပုဒ်ဆယ်ပါးတို့ကိုမဂဓဘာသာပါဠိလာရှိသည့်အတိုင်း။ ပါဏာ

တိပါတာဝေရမဏီ။ လ။ ဓာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏီဟူ၍
ညွှန်ပြသင်္ခြားအပ်ကြောင်း။ပါဠိဘာသါအတိုင်းသင်ကြားမှတ်ယူခြင်း
ငှါမစွမ်းနိုင်သောနုံ့သောပညာရှိသောသာမဏေအားအနက်၏အစွမ်း
ဖြင့်ပင်မြန်မာဘာသာ အစရှိသောအမှတ်မရှိ ဘာသာတပါးပါးဖြင့်ပင်
ပြောကြားခြင်းငှါအပ်ကြောင်း။ သာမဏေတို့အား သရဏဂုံပေးသကဲ့
သို့။ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိ အစရှိသည်ဖြင့်
သိက္ခာပုဒ်တို့ကိုလည်းပေးရမည်ဟူ၍ အဋ္ဌကထာ၌ ပြဆိုအပ်သော
စကားသည်ပါဠိအဋ္ဌကထာ၌မလာမရှိကြောင်းကိုဝိနည်းမဟာဝါပဗ္ဗဇ္ဇ
ခန္ဓကအဋ္ဌကထာ၌။ ။ဝေတ္တာတာဟိသာမဏေရဘူမိယံ ပတိဋ္ဌိတော
ဟောတိ။ သစေပနေသ ဂတိမာ ပဏ္ဍိတဇာတိကော။ အထဿတသ္မိံ
ယေဝဌာနေသိက္ခာပဒါနိဥဒ္ဒိသိတဗ္ဗာနိ။ ကထံ။ယထာဘဂဝတာဥဒ္ဒိဋ္ဌာ
နိ။ဝုတ္တံဟေတံ။ အနုဇာနာမိဘိက္ခဝေ သာမဏေရာနံ ဒသသိက္ခာပဒါနိ
တေသုစ သာမဏေ ရေဟိ သိက္ခိတုံ။ ပါဏာတိပါတာ ဝေရမဏီ။လ။
ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏီတိ။ အဋ္ဌကထာယံပနအဟံ
ဘန္တေဗုဒ္ဓံ့နာမေ ယာဝဇီဝံ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံသ
မာဒိယာမီတိဧဝံ သရဏဒါနံဝိယ သိက္ခာဒါပနံပိဝုတ္တံ။ တံနေဝပါဠိယံန
အဋ္ဌကထါသုအတ္ထိ။တသ္မာယထာပါဠိယာဝဥဒ္ဒိသိတဗ္ဗါနိ။ပဗ္ဗဇ္ဇာဟိသ
ရဏဂမနေဟေဝသိဒ္ဓါ။ သိက္ခာပဒါနိပန ကေဝလံသိက္ခာပဒ ပူရဏတ္ထံ
ဇာနိတဗ္ဗာနိတသ္မာပါဠိယံ အာဂတနယေန ဥဂ္ဂဟေတုံအသက္ကောန္တဿ
ယာယကာယစိဘာသာယအတ္ထဝသေနပိအာစိက္ခိတုံဝဋ္ဋတိ။ ။ဟုပြ
ဆို၍သာမဏေတို့အား ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိ
ယာမိအစရှိသည်ဖြင့်သိက္ခာပုဒ်တို့ကိုလည်း ပေးရမည်ဟုဆိုသောအဋ္ဌ
အဋ္ဌကထာစကားကိုပယ်လေသည်ကား။ သာမဏေတို့မှာသရဏဂုဏ်
ဖြင့်သာသာမဏေရပဗ္ဗဇ္ဇ အောင်မြင်ပြီးစီးသည်။ သိက္ခာပုဒ်တို့ကိုခံယူ
ဆောက်တည်မှ သာမဏေ ဖြစ်သည် မဟုတ်ဖြစ်၍ သိက္ခာ ပုဒ်တို့ကို
အသီးပေးဘွယ်မရှိသည်ကိုရည်၍ပြဆိုပယ်ဖျက်သော စကားသာဖြစ်
သည်။သိက္ခာပုဒ်တို့ကိုပေးယူဆောက်တည်ကုန်သောလူတို့၏သမာဒါ
နဝိရတိအရာမဟုတ်။ ။ဟိသစ္စံ။မှန်၏။ဧတ္တာဝတာ။ဤသို့သရဏဂုဏ်
ယူကာမျှဖြင့်။ သာမဏေရဘူမိယံ။ သာမဏေ အဖြစ်ဟူသော သာမ
ဏေဘုံ၌။ပတိဋ္ဌိတော။တည်သည်။ ဟောတိ။၏။ သစေသော။ ဤသာမ

ဏောသည်။ ဂတိမာ။ ရေးခြားလိမ္မာ မှတ်သိနိုင်လောက်သော ပညာရှိ
သည်။ပဏ္ဍိတဇာတိကော။ပညာရှိသဘောရှိသည်။ ယာစေဟောတိ။အ
ကယ်၍ဖြစ်အံ့။ အထ၊ ထိုသို့ရေးခြားလိမ္မာ မှတ်သိနိုင် လောက်သော
ပညာရှိသည်ရှိသော်။ အဿ။ ထိုသာမဏေသစ်အား။ တသ္မိံ ယေဝဌာ
နေ။ ထိုသရဏဂုဏ်ပေးယူရာအရပ်၌ပင်လျှင်။ သိက္ခာပဒါနိ။ သာမဏေ
တို့ဖြည့်ကျင့်စောင့်ထိန်းအပ်ကုန်သော သိက္ခာပုဒ်တို့ကို။ဥဒ္ဒိသိတဗ္ဗာနိ။
ညွှန်ကြားပြောပြအပ်ကုန်၏။ကထံ။အဘယ်သို့။ဥဒ္ဒိသိတဗ္ဗာနိ။ညွှန်ကြား
ပြောပြအပ်ကုန်သနည်းဟူမူကား။ ယထာ။အကြင်သို့သောအခြင်းအရာ
ဖြင့်။ဘဂဝတာ။မြတ်စွာဘုရားသည်။ဥဒ္ဒိဋ္ဌာနိ။ညွှန်ကြားဟောပြတော်မူ
အပ်ကုန်၏။ တထာ။ထိုပါဏာတိပါတာဝေရမဏီ အစရှိသည်ဖြင့်မြတ်
စွာဘုရားညွှန်ကြားဟောပြတော်မူသည်အတိုင်း။ဥဒ္ဒိသိတဗ္ဗာနိ။ကုန်၏။
ဟိသစ္စံ။မှန်၏။ အနုဇာနာမိဘိက္ခဝေ။လ။ ဝေရမဏီတိ။အနုဇာနာမိ။လ။
ဝေရမဏီဟူသော။ဧတံဝစနံ။ ဤစကားကို။ဝုတ္တံ။ ဟောတော်မူအပ်၏။
ပန။အထူးကိုပြဦးအံ့။ အန္ဓအဋ္ဌကထာယံ။ အန္ဓအဋ္ဌကထာ၌။ သရဏဒါနံ
ဝိယ။ ဗုဒ္ဓံသရဏံဂစ္ဆာမိ အစရှိသည်ဖြင့် သရဏဂုဏ် ပေးခြင်းကဲ့သို့။
အဟံဘန္တေဣတ္ထံနာမော ယာဝဇီဝံ ပါဏာတိပါတာဝေရမဏီ သိက္ခာ
ပဒံသမာဒိယာမီတိ။အဟံဘန္တေ။လ။ သမာဒိယာမိစသည်ဟူ၍။ ဧဝံ။ဤ
သို့။သိက္ခာပဒါနမ္ပိ။ သိက္ခာပုဒ်တို့ကိုပေးရခြင်းကိုလည်း။ဝုတ္တံ။ဆိုအပ်၏။
တံ။ ထိုအန္ဓအဋ္ဌကထာ၌ ဆိုအပ်သောသိက္ခာပုဒ် ပေးရမည်ဟူသော
စကားသည်။ ပါဠိယံ။ပါဠိတော်၌။ နေဝအတ္ထိ။မရှိ။ အဋ္ဌကထာသု။အန္ဓ
အဋ္ဌကထာမှ တပါးကုန်သော မဟာအဋ္ဌကထာ မဟာပစ္စရိက်အဋ္ဌက
ထာကုရုဒ္ဓအဋ္ဌကထာ အစရှိကုန်သော အဋ္ဌကထာတို့၌။ နအတ္ထိ။ မရှိ။
တသ္မာ။ ထိုသို့သရဏဂုဏ် ပေးရသကဲ့သို့ သိက္ခာပုဒ်တို့ကိုလည်းပေးရ
မည်ဟူသောစကား၏ ပါဠိအဋ္ဌကထာတို့၌ မရှိသည်၏အဖြစ်ကြောင့်။
ယထာပါဠိယာဝ။ပါဏာတိပါတာဝေရမဏီ။လ။ ဇာတရူပရဇတပဋိဂ္ဂ
ဟဏာဝေရမဏီဟူ၍ပါဠိတော်လာတိုင်းသာလျှင်။ဥဒ္ဒိသိတဗ္ဗာနိ။ညွှန်
ကြားပြဆိုအပ်ကုန်၏။ ဟိသစ္စံ။၏။ သာမဏေရပဗ္ဗဇ္ဇာ။ သာမဏေရ
ပဗ္ဗဇ္ဇာသည်။ သရဏဂမနေဟေဝ။ သရဏဂုဏ်တို့ဖြင့်သာလျှင်။ သိဒ္ဓါ။
အောင်မြင်ပြီးစီးသည်။ ဟောတိ။၏။ ပန။ထိုသို့ သရဏဂုဏ် ဖြင့်ပင်သာ
လျှင်သာမဏေအဖြစ်အောင်မြင် ပြီးမြောက်သော်လည်း။ကေဝလံ။သာ

မဏောဖြစ်မြောက်အောင်ပြုခြင်းနှင့် မရောမရှက်သက်သက်။သိက္ခာပဒ ပုရဏဏ္ဍံ။ သိက္ခာပုဒ်တို့ကိုသာမဏေတို့၏ ဖြည့်ကျင့်ရခြင်းအကျိုး၄၅ါ။ သိက္ခာပဒါနိ။ သိက္ခာပုဒ်တို့ကို။ ဇာနိတဗ္ဗာနိ။ သိအပ်သိသင့်သိကောင်း သိထိုက်ကုန်၏။တဿာ။ ထိုသို့ဖြည့်ကျင့်ရန် သိက္ခာပုဒ်တို့ကိုသာမဏေ တို့သိကောင်း သိထိုက်သည််၏ အဖြစ်ကြောင့်။ တာနိ။ ထိုသိက္ခာပုဒ်တို့ ကို ပါဠိယံ။ ဝိနည်းမဟာဝါ ပါဠိတော်၌။ အာဂတနယေန။ လာတိုင်း သောနည်းဖြင့်။ဥဂ္ဂဟေတုံ။ ပါဏာတိပါတာဝေရမဏီ။လ။ဇာတရူပရ ဇတပ ဋိဂ္ဂ ဟဏာ ဝေရမဏီဟူ၍ သင်ယူခြင်း၄၅ါ။ အသက္ကော န္တ သာ။ မစွမ်း နိုင်သော သာမဏေ အား။ ယာယကာယ ဂိဘာ သာယ။ ပါဠိ တော် လာသည့်အတိုင်း မာဂဓဘာသာမှတပါးအကြင် အမှတ်မရှိတ ချသော ဘာသာဖြင့်။ အတ္ထဝသေနပိ။ အနက်အရ သဘော၏ အစွမ်း ဖြင့်လည်း။ အာစိက္ခိတုံ။ ပြောကြားခြင်း၄၅ါ။ ဝဋ္ဋတိ။ သင့်၏။ ။ယခင် ဝိနည်း မဟာဝါပဗ္ဗဇ္ဇာခန္ဓကအဋ္ဌကထာ၌ သာမဏေရပဗ္ဗဇ္ဇာ အရာဝယ် သရဏဂုံကိုပေးသကဲ့သို့သိက္ခာပုဒ်ကိုလည်းပေးရမည်ဟု အန္တအဋ္ဌက ထာ၌ဆိုသောစကားကိုပယ်လေသည်ကား ၎င်းအဋ္ဌကထာစကားကို အစွဲအမှီပြု၍သာမဏေရပဗ္ဗဇ္ဇာသည်သရဏဂုံမျှဖြင့် ပြီးမြောက်အောင် မြင်ခြင်းမဖြစ်သေး။သိက္ခာပုဒ်တို့ကိုပေးယူဆောက်တည်မှ သာမဏေ ရပဗ္ဗဇ္ဇာပြီးမြောက်အောင်မြင်သည်ဟု မှတ်ထင်ရန်ရှိသောကြောင့်။ ထို သို့သောမှတ်ထင်ခြင်းမှ ကင်းစေခြင်း၄၅ါသာ အရှင်ဗုဒ္ဓဃောသဆရာ ပယ်မြစ်တော်မူသည်။ သက်သက်မပေးကောင်း ခံယူဆောက်တည် ခြင်းကို မပြုကောင်းသောကြောင့် ပယ်မြစ်တော်မူသည်မဟုတ်။ ရှေ့ သိက္ခာပုဒ် ငါးပါးကို လွန်ကျူးသော သာမဏေအား သရဏဂုံပေးပြီး နောက် သိက္ခာပုဒ်တို့ကိုလည်း ပေးရမည့် အကြောင်းကို အဋ္ဌကထာ ဆရာပင်ပြဆိုတော်မူသည်။ ဆိုဟန်ကိုပြလိုက်ဦးအံ့။ ။သာမဏေတို့ အား သိက္ခာပုဒ်ဆယ်ပါးအနက် အသွင်တပါး လဲလှယ်၍ သာမဏေအ သွင်ကိုဖျက်ပယ်ရခြင်း၏အကြောင်းဖြစ်သော။ သုရာမေရယမဇ္ဇပမာ ဒဋ္ဌာနာဝေရမဏီတိုင်အောင်သောရှေ့သိက္ခာပုဒ်ငါးပါးတွင် တပါးပါး သောသိက္ခာပုဒ်ကို လွန်ကျူးလျှင်ပင် သရဏဂုံ သီလစသည် ပျက်စီး ကင်းမဲ့သံဃလာဘ်ကိုမရ သာမဏေအသွင်တချမှုသာကြွင်းကြောင်း။ သိက္ခာပုဒ်ကိုအခါခါ လွန်ကျူးသောအားဖြင့် ပြောများသော အပြစ်ရှိ

သောနောင်မလွန်ကြူးမှု၍စောင့်စည်းလိုခြင်း အာယတိံသံဝရဋ္ဌမတည်
သောသာမဏေဖြစ်အံ့နှင်ထုတ်အပ်ကြောင်း။အခေါတလျှင် ရှောင်တ
ခင်ထိုသိက္ခာပုဒ်ငါးပါးတွင်တပါ ပါးကိုလွန်ကြူးမိ၍ငါသည်မကောင်း
သဖြင့်လွန်ကြူးခြင်းအမှုကိုပြုအပ်မိချေသည်။ နောင်ဤကဲ့သို့သောအမှု
ကိုမပြုတော့အံ့ဟုအာယတိံသံဝရဋ္ဌတည်လိုသည် ဖြစ်မူရှေးရဟန်းတို့
ပေးရင်းသာမဏေအသွင်ကို ဖျက်ပယ်ရန်မရှိပြီ။ သရဏဂုံကိုသာပေး
အပ်ဥပဇ္ဈာယ်ကိုသာ ယူစေအပ်တော့သည်။ သိက္ခာပုဒ်တို့မူကား သရ
ဏဂုံခံယူသဖြင့်သာလျှင်ပြီးပြည့်စုံကုန်သည်။သာမဏေတို့၏သရဏဂုံ
သည်ရဟန်းတို့၏ဥပသမ္ပဒဉတ္တိစတုတ္ထကမ္မဝါစာနှင့်တူရကား ရဟန်း
တို့အားထိုဉတ္တိစတုတ္ထကံကိုပြုသဖြင့်ပင်စတုပါရိသုဒ္ဓိသီလသည် ပြည့်
စုံသကဲ့သို့ သာမဏေ တို့အား သရဏဂုံဖြင့်ပင် သိက္ခာပုဒ်တို့ကို ခံယူ
ဆောက်တည်ပြီးဖြစ်သည်မည်ကြောင်း။ယင်းသို့သရဏဂုံဖြင့်ပင်ခံယူ
ဆောက်တည်ပြီးမည်ကောင်းသော်လည်း မြဲမြံစွာပြုခြင်း ဒဠှီကရဏ
အကျိုး။ နောင်မကျိုးမပေါက်စေရ ကောင်းမွန်လုံခြုံစွာ စောင့်ရှောက်
ခြင်းဟူသောအာယတိံသံဝရဋ္ဌတည်စေခြင်းအကျိုးငှါသိက္ခာပုဒ်တို့ကို
ပေးအပ်ကြောင်း။ ဝိကာလဘောဇနာဝေရမဏီအစရှိသောနောက်သိက္ခာ
ပုဒ်ငါးပါးတွင်တပါးပါးကိုလွန်ကြူးသော သာမဏေအားကား အသွင်
ကိုဖျက်ပယ်ခြင်းကို ပြုဘွယ်မရှိပြီ။ သဲဒဏ် ရေဒဏ် ပေးခြင်းစသော
ဒဏ်ပေးခြင်းအမှုကိုသာပြုအပ်သည်။သိက္ခာပုဒ်တို့ကိုမူ ပေးသော်ငှင်း
မပေးသော်ငှင်းအပ်သော်လည်း ဒဏ်အမှုဖြင့် နှိပ်ကွပ်ဆုံးမပြီးနောက်
ပေးအပ်သည်သာဖြစ်ကြောင်းတို့ကို။ ။ယထာစဘိက္ခူနံ ပါဏာတိ
ပါတာဒိသုတာတာ အာပတ္တိယော ဟောန္တိ။ နတထာသာမဏေရာနံ။
သာမဏေ ရောဟိ ကုန္ထကိပိလ္လိကမ္ပိ မာရေတွာမကုံ ရဏ္ဍကံပိဘိန္ဒိ
တွာနာသေတဗ္ဗတံယေဝပါပုဏာတိ။တာဝဒေဝဿသရဏဂမနာနိစ
ဥပဇ္ဈာယဂဟဏဉ္စသေနာသနဂါဟောစပဋိပဿမ္ဘတိ။ သံဃလာဘံန
လဘတိ။ လိင်္ဂမတ္တမေဝဧကံအဝသိဋ္ဌံဟောတိ။ သောသစေ အာကိဏ္ဏ
ဒေါသောဟောတိ။ အာယတိံသံဝရေနတိဋ္ဌတိ။ နိက္ကဍ္ဎိတဗ္ဗော။ အထ
သဟသာဝရဇ္ဈိတွာဒုက္ကဋံ မယာကတန္တိ ပုနသံဝရေ ဌာတုကာမော
ဟောတိ။လိင်္ဂနာသနကိစ္စံ နတ္ထိ။ယထာနိဝတ္ထပါရုတဿေဝသရဏာနိ
ဒါတဗ္ဗာနိ။ဥပဇ္ဈာယောဒါတဗ္ဗော။ သိက္ခာပဒါနိပနသရဏဂမနေနေဝ

ဇူဏှာနိ။သာမဏေရာနံဟိ သရဏဂမနံဘိက္ခူနံဥပသမ္ပဒကမ္မဝါစာသဒိ သံ တသ္မာဘိက္ခူနံဝိယစတုပါရိသုဒ္ဓိသီလံဇူမါနိဒသသီလာနိသမာဒိန္နာ ဝ ဟောန္တိ။ဝေံသန္တေပိဒဋ္ဌိကရဏတ္ထံအာယတိံသံဝရေပတိဋ္ဌာပနတ္ထံ နဒါတဗ္ဗါနိ။ ။ယာနိပနသဏ္ဍတရာနိပဥ္စသိက္ခာပဒါနိ။တေသုဘိန္နေသု နာသေတဗ္ဗော။ဒဏ္ဍကမ္မံကာတဗ္ဗံ။သိက္ခာပဒေပန ပုနဒိန္နေပိအဒိန္နေပိ ဝဋ္ဋတိ။ ဒဏ္ဍကမ္မေနပနပိဋ္ဌေတွာအာယတိံ သံဝရေဌပနတ္ထာယဒါတဗ္ဗ မေဝ။ ...ဋ္ဌင်းပဗ္ဗဇ္ဇခန္ဓကအဋ္ဌကထာ။ ။ဘိက္ခူနံ။ရဟန်းတို့အား။ ပါ ဏာတိပါတာဒိသု။ သူ၏အသက်ကို သတ်ခြင်းစသည်တို့၌။ တာတာ အာပတ္တိယော။ထိုထိုအာပတ်တို့သည်။ ဟောန္တိယထာ။ ဖြစ်ကုန်သကဲ့ သို့။တထာ။ထို့အတူ။သာမဏေရာနံ။ တို့အား။နဟောန္တိ။မဖြစ်ကုန်။ဟိ။ ထိုစကားကိုထင်ရှားစေဦးအံ့။ဝါ။ဟိသဒ္ဒ ံ။မှန်၏။သာမဏေရော။သည်။ ကုန္ထကိပိလ္လိကံပိ။ ခြပဝက်ကိုသော်လည်း။ မာရေတွာ။သတ်၍။ ဝါ။ သတ်ခြင်းကြောင့်။မက်ုရဏ္ဍကံပိ။ကြမ်းပိုးဥကိုသော်လည်း။ဘိန္ဒိတွာ။ ဖေါက်ခွဲမိ၍။ဝါ။ဖေါက်ခွဲခြင်းကြောင့်။နာသေတဗ္ဗတံယေဝ။ အသွင်ကို ဖျက်အပ်သည်၏အဖြစ်သို့သာလျှင်။ပါပုဏာတိ။ရောက်၏။ တာဝဒေဝ။ ထိုခြပဝက်စသည်ကိုသတ်ခြင်းစသည်ကိုပြုမိသောခဏ၌ပင်လျှင်။သ ရဏဂမနာနိစ။ယူအပ်ပြီးသေါသရဏဂုံတို့သည်လည်း။ပဋိပဿမ္ဘန္တိ။ ပျက်သောအားဖြင့်ငြိမ်းကုန်၏။ ဥပဇ္ဈာယဂဟဏဥ္စ။ ဥပဇ္ဈာယ်ယူခြင်း သည်လည်း။ ပဋိပဿမ္ဘတိ။ ၏။ သေနာသနဂါဟောစ။ ကျောင်းခံယူ ခြင်းသည်လည်း။ ပဋိပဿမ္ဘတိ။၏။သံဃလာဘံ။သံဃလာဘ်ကို။ နလ ဘတိ။မရ။ဧကံ။တခုသော။လိင်္ဂမတ္တမေဝ။ ရဟန်းတို့ပေးအပ်သောသာ မဏေအသွင်မျှသည်လာလျှင်။ အဝသိဋ္ဌံ။ကြွင်းကျန်သည်။ ဟောတိ။၏။ သော။ထိုသိက္ခာပုဒ်ကို လွန်ကြူးသောသာမဏေသည်။ အာကိဏ္ဏဒေါ သော။ အခါခါလွန်ကြူး၍ပွမ်းသောအပြစ်ရှိသည်။ သစေဟောတိ။ အ ကယ်၍ဖြစ်အံ့။အာယတိံသံဝရေ။ နောင်ဤကဲ့သို့မလွန်ကြူးပဲ ကောင်း စွာစောင့်ရှောက်တော့အံ့ဟူသောအာယတိံသံဝရ၌။ သစေနတိဋ္ဌတိ။ အကယ်၍မတည်အံ့။ဝေံသတိ။ ဤသို့အာကိဏ္ဏဒေါသဖြစ်၍ အာယတိံ သံဝရ၌ မတည်သည် ရှိသော်။ နိက္ကဍ္ဎိတဗ္ဗော။ နှင်ထုတ် အပ်သည်။ ဟောတိ။၏။သဟသာ။ အဆောတလျင်ရှောင်တခင်။ဝီရဇ္ဈိတွာ။ ချွတ် ယွင်းလွန်ကြူးမိ၍။မယာ။ငါသည်။ဒုက္ကဋံ။မကောင်းသဖြင့်ပြုအပ်သော

သိက္ခာပုဒ်ကို လွန်ကြူးခြင်းအမှုကို။ ကတံ။ပြုအပ်မိချေပြီ။ ဣတိ။ ဤသို့
အောက်မေ့ဆင်ခြင်၍။ပုန။ နောင်တဖန်။ သံဝရေ။ လုံခြုံစွာစောင့်စည်း
ခြင်း၌။ဌာတုကာမော။တည်လိုသည်။အထဟောတိ။ အကယ်၍ဖြစ်အံ့။
ဧဝံသတိ။ ဤသို့အာယတိံသံဝရ၌ တည်လိုသည်ရှိသော်။ တဿ။ ထို
သာမဏေအား။လိင်္ဂနာသနကိစ္စံ။အသွင်ကိုဖျက်ဖွယ်ကိစ္စသည်။ နတ္ထိ။
မရှိပြီ။ယထာနိဝတ္ထပါရုတဿေဝ။ဝတ်မြဲရုံမြဲတိုင်းသောအသွင်ရှိသော
သာမဏေအားသာလျှင်။သရဏာနိ။ သရဏတို့ကို။ဒါတဗ္ဗာနိ။ ဗုဒ္ဓံသ
ရဏံဂစ္ဆာမိ စသည်ဖြင့် ရွတ်ဆို၍ ပေးအပ် ကုန်၏။ ဥပဇ္ဈာယော။ ဥ
ပဇ္ဈာယ်ကို။ဒါတဗ္ဗော။ပေးအပ်၏။ပန။ပေးယူမှုပြီးသည်မှတပါးမပေး
ယူပဲပင်ပြီးသည်ကိုပြဦးအံ့။ သိက္ခာပဒါနိ။ သိက္ခာပုဒ်တို့သည်။ သရဏ
ဂမနေနေဝ။ သရဏဂုံဖြင့်ပင်လျှင်။ဣဇ္ဈန္တိ။ ပြီးပြည့်စုံကုန်၏။ ဟိသစ္စံ။
သိက္ခာပုဒ်တို့သည် မပေးယူသော်လည်း သရဏဂုံဖြင့်ပင် ပြီးပြည့်စုံ
ကုန်၏ဟုငါဆိုသောစကားမှန်၏။ သာမဏေရာနံ။တို့၏။ သရဏဂမနံ။
သရဏဂုံသည်။ဘိက္ခုနံ။တို့၏။ ဥပသမ္ပဒကမ္မဝါစာသဒိသံ။ ဥပသမ္ပဒ
ကမ္မဝါစာနှင့်တူ၏။တသ္မာ။ ထိုသို့သာမဏေတို့၏သရဏဂုံသည်ရဟန်း
တို့၏ဥပသမ္ပဒကမ္မဝါစာနှင့်တူခြင်းကြောင့်။ဘိက္ခုနံ။တို့အား။စတုပါရိ
သုဒ္ဓိသီလံ။စတုပါရိသုဒ္ဓိသီလသည်။သမာဒိန္နံဝိယ။ဥပသမ္ပဒဉတ္တိစတုတ္ထ
ကမ္မဝါစာဖြင့်ပင် ခံယူဆောက်တည်သည် မည်သကဲ့သို့။ သာမဏေ
ရာနံ။တို့အား။ဣမာနိဒသသီလာနိ။ ဤပါဏာတိပါတာဝေရမဏီအစရှိ
သောဆယ်ပါးသောသီလတို့သည်။သမာဒိန္နာနေဝ။သရဏဂုံဖြင့်ပင်ခံ
ယူဆောက်တည်သည် မည်ကုန်သည်သာလျှင်။ ဟောန္တိ။ ကုန်၏။ဧဝံ
သန္တေပိ။ဤသို့သရဏဂုံဖြင့်ပင်သီလတို့ကိုခံယူဆောက်တည်သည် မည်
သော်လည်း။ဒဠှီကရဏတ္ထဉ္စ။မြဲမြံစွာပြုခြင်းအကျိုးငှါလည်း။အာယတိံသံ
ဝရေ။၌။ပတိဋ္ဌာပနတ္ထဉ္စ။တည်စေခြင်းအကျိုးငှါလည်း။ပုန။တဖန်။ဒါတဗ္ဗာ
နိ။ပေးအပ်ကုန်၏။ ။အဿ။ထိုသာမဏေအား။ဉာတရာနိ။ ရှေ့သိက္ခာ
ပုဒ်ငါးပါးမှတပါးကုန်သော။ယာနိပဉ္စသိက္ခာပဒါနိ။ဝိကာလဘောဇနာ
ဝေရာမဏီအစရှိသောအကြင်နောက်သိက္ခာပုဒ်ငါးပါးတို့သည်။ သန္တိ။
ရှိကုန်၏။တေသု။ထိုနောက်သိက္ခာပုဒ်တို့သည်။ဘိန္နေသု။ ပျက်ကုန်သည်
ရှိသော်၊နနာသေတဗ္ဗော။ အသွင်ကိုမဖျက်အပ်။ ဒဏ္ဍကမ္မံ။ သဲဒဏ်ရေ
ဒဏ်ပေးခြင်းစသော်အမှုကို။ကာတဗ္ဗံ။ပြုအပ်၏။သိက္ခာပဒေပန။သိက္ခာ

ပုဒ်ကိုသော်ကား။ပုန။ တဖန်။ဒိန္နေပိ။ပေးအပ်သော်ငြားး။ အဒိန္နေပိ။မပေး
အပ်ပဲပင်သော်ငြား။ဝဋ္ဋတိ။သင့်၏။ ပန။ထိုသို့သိက္ခာပုဒ်တို့ကိုမပေးပဲပင်
သင့်သော်လည်း။ ဒဏ္ဍကမ္မေန။သဲဒဏ်ရေဒဏ်စသောဒဏ်ပေးခြင်း အ
ဖြင့်။ပိဋ္ဌေကွာ။ ဆုံးမနှိပ်ကွပ်ပြီး၍။အာယတိံ သံဝရေ။၌။ ဌပနတ္ထာယ။
ထားခြင်း တည်စေခြင်း အကျိုးငှါ။ သိက္ခာပဒံ။ ကို။ ဒါတဗ္ဗမေဝ။ပေး
အပ်သည် သာတည်း။ ။ယခင်အဒ္ဓကထာ၌။ ယထာစ ဘိက္ခုနံ ပါ
ဏာတိပါတာဒီသု။ လ။ နာသေတဗ္ဗတံ ယေဝ ပါပုဏာတိ။ ဟူသော
စကားဖြင့်။ ။ရဟန်းတို့အား ပါဏာတိပါတ အရာဝယ်။ ယောပန
ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ။ အစ ရှိသည်ဖြင့်
လူကိုသတ်လျှင်ပါရာဇိကအာပတ်။ ။ယောပနဘိက္ခုသဉ္စိစ္စပါဏံဇီ
ဝိတာဝေါရောပေယျပါစိတ္တိယံ။ဟူ၍တိရစ္ဆာန်ကိုသတ်လျှင်ပါစိတ်အါ
ပတ်၊ ။အဒိန္နာဒါန်အရာဝယ်တပဲအောက်လျော့သော ဥစ္စာကိုခိုးယူ
လျှင်ဒုက္ကဋ်အာပတ်။တပဲမှစ၍ငါးပဲမပြည့်သောဥစ္စာကို ခိုးယူလျှင်ထုလ္လ
စင်အာပတ်။ငါးပဲမှစ၍ထိုထက်လွန်သောဥစ္စာကိုခိုးယူလျှင် ပါရာဇိက
အာပတ်။မုသာဝါဒအရာဝယ်။ ယောပနဘိက္ခုအနဘိဇာနံဥတ္တရိမနုဿ
ဓမ္မံအလမရိယဉာဏဒဿနံ သမုဒါစရေယျ။ အစရှိသည်ဖြင့်မိမိ၌ထင်
ရှားမရှိသောဈာန်မဂ်ဖိုလ်စသောဥတ္တရိမနုဿဓမ္မကိုရှိလေရလေဟန်။
ရှိလေရလေယောင် မိဟုတ်မလျှားလှည့်စား၍ပြောကြားလျှင်ပါရာဇိက
အာပတ်။ ။သမ္ပဇာနမုသာဝါဒေပါစိတ္တိယံ။ ဟူ၍ဥတ္တရိမနုဿဓမ္မအ
ဘူတာရောစနမှတပါးမဟုတ်မလျှားလှည့်စား ပြောဆိုသောအရာ၌ပါ
စိတ်အာပတ်။ ဤသို့အစရှိသည်ဖြင့် ပါဏာတိပါတာဝေရမဏိ အစရှိ
သောသိက္ခာပုဒ်ငါးပါးကိုလွန်ကြူးရာ၌ ထိုထိုအာပတ်သို့ရောက်ခြင်းအ
ပြစ်အထူးဖြစ်ကြောင်းကိုဟောတော်မူအပ်သည်ဖြစ်၍ အပြစ်အထူးဖြစ်
ကုန်သကဲ့သို့ သာမဏေတို့မှာငြားသိက္ခာပုဒ်တို့ကို လွန်ကြူးရာ၌အပြစ်
လေးပေါ့အထူးမရှိပြီ။ပါဏာတိပါတအရာဝယ် အယုတ်သဖြင့်ခြပဝက်
မျှကိုသော်လည်းသတ်ခြင်းကြမ်းပိုးဥကိုသော်လည်း ဖောက်ခွဲခြင်း။အ
ဒိန္နာဒါန်အရာဝယ်အနည်းငယ်မျှသောပစ္စည်းကိုသော်လည်းခိုးယူခြင်း
အစရှိသည်ကိုပြုကျင့် လွန်ကြူး မိသည်ရှိသော် သာမဏေ အသွင်ကို
ဖျက်ပယ်အပ်ဖျက်ပယ်ထိုက်သည်၏ အဖြစ်တည်းဟူသော အပြစ်သို့
သာရောက်သည်။ ဤသို့သောအထူးကိုပြတော်မူသည်။ ။အထသ

တသ္မိံ ယေဝဌာနေသိက္ခာပဒါနိဥဒ္ဒိသိတဗ္ဗာနိ။ ဟူ၍သာမဏေသစ်အား ထိုသရဏဂုံပေးရာ အရပ်၌ပင်လျှင် သိက္ခာ ပုဒ်တို့ကို ညွှန်ကြားပြော ကြားအပ်သည်ကိုပြဆိုလျက် ထိုသာမဏေသစ်အား သရဏဂုံပေးသ ကဲ့သို့သိက္ခာပုဒ်တို့ကိုလည်း ပေးရမည်ဟုပြဆိုသော အဋ္ဌကထာ ဆရာ၏စကားကို အဋ္ဌကထာဆရာ ပယ်မြစ်တော်မူသည်ကိုထောက် သဖြင့်သာမဏေတို့အားလွန်ကြူးခြင်းကြောင့် လိင်္ဂနာသနဒဏ္ဍကမ္မနာ သနအဖြစ်သို့ရောက်ကြောင်းဖြစ်သောသိက္ခာပုဒ်တို့ကိုလွန်ကြူး[...]ချင့် ကျိုးပေါက်ပြောက်ကျားမရှိစေရ လုံခြုံကောင်းမွန် ရှိသေစွာ ထိမ်းသိမ်း စောင့်ရှောက် ကျင့်ဆောင်နိုင်စေရန် အကျိုး၄ါ သိက္ခာပုဒ်တို့ကိုပြော ကြားပြသပို့ချသင်ကြားစေခြင်းသဉ်သိက္ခာပဒဥဒ္ဒိသနံပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့်ဆောက်တည်ခံယူ စိမ့်သော၄ါ ဤကဲ့သို့ ရွတ်ဆို၍ ပေးသည်ကား သိက္ခာပဒဒါန။ ဤသို့ သိက္ခာပဒဥဒ္ဒိသနနှင့်သိက္ခာပဒဒါနသဘောအထူးကိုသိအပ်သည်။ ။ သာမဏေတို့၏သရဏဂုံသည်ရဟန်းတို့ ဥပသမ္ပဒ ကမ္မဝါစာနှင့်တူရ ကားသာမဏေတို့အား သရဏဂုံဖြင့်ပင်သိက္ခာပုဒ်တို့ ပြီးပြည့်စုံသော ကြောင့်ရဟန်းတို့အားထိုကမ္မဝါစာဖြင့်ပင်စတုပါရိ သုဒ္ဓိသီလဆောက် တည်ပြည့်စုံသည်မည်သကဲ့သို့ သရဏဂုံပင် ဆယ်ပါးသောသီလတို့ ကိုခံယူဆောက်တည် ပြည့်စုံသည်မည်ကုန်သည်။ လူတို့၌သော်သရ ဏဂုံမျှဖြင့်သီလရှိသည်မမည်သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်မှသာ သမာဒါနသီလ ရှိကုန်သည်။ ။သောပန သီလာဘာဝေါ ဒုဝိဓော။ သိက္ခာပဒသသအသမာဒါနေနသမာဒိန္နဿဘေဒေန။ ။ဟူသည်ကို ထောက်။ ။သောပနသီလာဘာဝေါ။ ထိုသီလမရှိခြင်းသည်။သိက္ခာ ပဒဿ။ကို။အသမာဒါနေန။ မခံယူမဆောက်တည်ခြင်းကြောင့်။သီလာ ဘာဝေါ။သီလ မရှိခြင်းငှင်း။ သမာဒိန္နဿ။ ခံယူဆောက်တည်အပ်ပြီး သောသိက္ခာပုဒ်၏။ဘေဒေန။ပျက်ခြင်းကြောင့်။ သီလာဘာဝေါ။ငှင်း။ဣ တိ။သို့။ဒုဝိဓော။ နှစ်ပါးအပြားရှိသည်။ ဟောတိ။၏။ ။သရဏာနိဒါ တဗ္ဗာနိဥပဇ္ဈာယေဒါတဗ္ဗာ။ဟူ၍သိက္ခာပုဒ်ကို လွန်ကြူးသောသာမ ဏေအားသရဏတို့ကို ပေးရမည်အကြောင်း ဥပဇ္ဈာယ်ပေးရမည်အ ကြောင်းကိုသာပြဆို၍သရဏဂုံဆောက်တည် ခံယူရမည်အကြောင်း ဥပဇ္ဈာယ် ယူရမည် အကြောင်းကို မပြဆိုသော်လည်း။ ဗုဒ္ဓံ သရဏံ

ဂန္ထာဓိမိအစရှိသည်ဖြင့် ရဟန်းပေးသည့်အတိုင်း ခံယူဆောက်တည်မှ သာသာသာမဏေရပဗ္ဗဇ္ဇအဖြစ်ပြီးမြောက်အောင်မြင်ခြင်းဖြစ်သည်။ ဥပဇ္ဈာယောမေ ဘန္တေဟောဟိ။ ဟုရွတ်ဆို၍ ယူမှသာ ဥပဇ္ဈာယ်ယူခြင်းပြီးမြောက်သည် ဖြစ်၍ သရဏဂုံ ခံယူဆောက်တည်ခြင်း ဥပဇ္ဈာယ်ယူခြင်းတို့ကို မချွတ်ပင်ပြုအပ်သည်ကိုထောက်သဖြင့်။ ဇေဝံသန္တေပိဒဋ္ဌီက ဏဂ္ဂံအာယတိံသံဝရေပတိဋ္ဌာပနတ္တဒ္ဓုပနဒါတဗ္ဗာနိ။ဟူ၍ငှ။ ။ ဒဏ္ဍကမ္မေနပနပိဋ္ဌေတွာ အာယတိံ သံဝရေဌပနတ္တာယ ဒါတဗ္ဗမေဝ။ ဟူ၍ငှ။ သိက္ခာပုဒ်ကိုလွန်ကြူးသောသာမဏေအား ထိုက်သည်အားလျော်စွာသရဏဂုံပေးခြင်း ဒဏ်ပေးခြင်းတို့ကို ပြုပြီးနောက်သိက္ခာပုဒ်တို့ကိုပေးရမည်ဟု ပြဆိုရာ၌လည်း ပေးရမည်ဟူ၍သာ ပြဆို၍ခံယူဆောက်တည်ရမည်ကိုမပြမဆိုသော်လည်း ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိအစရှိသည်ဖြင့် ရွတ်ဆိုခံယူဆောက်တည်ရမည်အကြောင်းကို စင်စစ်သိသာသည်။ ။ထို့ကြောင့်ယခုကာလ ညှန်က်ဝတ်တက်ကြရာ ဒဋ္ဌီကမ္မအကျိုး၌ သာမဏေတို့အား သိက္ခာပုဒ်တို့ကိုပေးရာခံယူဆောက်တည်စေရာ၌လည်းပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိ အစရှိသည်ဖြင့် ရွတ်ဆို၍သာပေးသင့်ခံယူဆောက်တည်သင့်သည်။ ။သိက္ခာပုဒ်တို့ကို ခံယူရာ၌လည်း လူတို့အားရဟန်းသာမဏေလူဥပါသကာအစရှိသောတပါးသော ပုဂ္ဂိုလ်တို့၏အထံ၌သော်ငှ မိမိကိုယ်တိုင်လျောက်လျှားသော်ငှ ခံယူဆောက်တည်ရ၏။သာမဏေတို့သော်ကား ရဟန်းတို့၏ အထံ၌သာခံယူဆောက်တည်ရကုန်သည်။ ။သရဏဂုံဆောက်တည်ရာ၌လည်း လူတို့မှာ ဆတ္တလုင်အာဝုဋ္ဌာဝကဘိလုးစသည်တို့ဆောက်တည်သကဲ့သို့ဗုဒ္ဓံသရဏံဂစ္ဆာမိစသည်မှ တပါးသော အခြင်းအရာအားဖြင့်လည်း ဆောက်တည်ကောင်း၏။သာမဏေတို့သော်ကား သာမဏေရပဗ္ဗဇ္ဇအရာ၌သရဏဂုံသည် ဥပသမ္ပဒအရာဝယ် ကမ္မဝါစာနှင့်တူသောကြောင့်ဗုဒ္ဓံသရဏံဂစ္ဆာမိအစရှိသည်ဖြင့်မဂဓဘာသာအတိုင်း သိထိလဓနိတစသည်တို့ကိုမချွတ်မယွင်းစေရ ဉာဏ်တောသုဋ္ဌိဖြစ်အောင် ဆရာရွတ်ဆိုသောအတိုင်း မဂဓဘာသာဖြင့် သာပြီပြင်စွာရွတ်ဆိုခံယူဆောက်တည်ရကုန်သည်။ ။ချဒ္ဒကပါဠ္ဌအဋ္ဌကထာဝယ်ပြဆိုအပ်သော။ ။ဇေဝံသရဏဂမနေဟိ သာသနေ့ာတာရံ ဒသေတွာ ဩတိဏ္ဏာန ဥပါသကေနဝါ

ပဗ္ဗဇ္ဇိတေနဝါယောသု သိက္ခာပဒေသု ပထမံ သိက္ခိတဗ္ဗံ။ တာနိဒသေသ တုံနိက္ခိတ္တာသသိက္ခာပဒပါဠိသသ ဋ္ဌဒါနိဝဏ္ဏနတ္ထံအယံမာတိကာ။ ဟူသော အနုသန္ဓေ စကား။ ။ပရမတ္ထ ဇောတိကာယ သိက္ခာပဒ ဝဏ္ဏနာ နိဋ္ဌိတာ။ ။ဟူသော နိဂုမ်း စကားတို့ကို ထောက်သဖြင့် ၎င်းအဋ္ဌကထာ ဆရာ၏အလိုအားဖြင့် ခုဒ္ဒကပါဌ ပါဠိတော်၌ပါရှိသော ဤဒုတိယသုတ်သည် သိက္ခာပုဒ်တို့ကို ဟောပြရာ သိက္ခာပဒ သုတ်သည် ဖြစ်သည်။ သိက္ခာပုဒ်တို့ကို ခံယူဆောက် တည်နည်း ဆောက်တည် ပုံကိုဟောပြရာသိက္ခာပဒသမာဒါနသုတ်မဟုတ်ဟုယူတော်မူသည်။ ။ ဤသိက္ခာပုဒ်တို့ကို အဘယ် ပုဂ္ဂိုလ် သည် အဘယ် မြို့ရွာ ဒေသဝယ် အဘယ်အခါကာလ၌ အဘယ်သို့သော အကြောင်းကြောင့် အဘယ်အကျိုးငှါဟောအပ်လေကုန်သနည်းဟူသောအမေးကို။ ။အထခေါဘဂဝါကပိလဝတ္ထုသ္မိံယထာဘိရန္တံဝိဟရိတွာယေနသာဝတ္ထိတေနစာရိကံပက္ကမိအနုပုဗ္ဗေနစာရိကံ ပက္ကမာနောယေနသာဝတ္ထိတဒဝသရိ။ တတြသုဒံဘဂဝါသာဝတ္ထိယံဝိဟရတိဇေတဝနေ အနာထပိဏ္ဍိကဿအာရာမေ။တေနခေါပနသမယေန။ပ။ အထခေါသာမဏေရာနံဧတဒဟောသိ။ကတိနုခေါအမှာကံသိက္ခာပဒါနိကတ္ထစအမှေဟိသိက္ခိတဗ္ဗန္တိ။ဘဂဝတောဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိဘိက္ခဝေသာမဏေရာနံဒသသိက္ခာပဒါနိတေသုစ သာမဏေရေဟိ သိက္ခိတုံ။ပါဏာတိပါတာ ဝေရမဏီ။လ။ဇာတရူပရဇတပဋိဂ္ဂဟဏာဝေရမဏီတိ။ ။ဟူသော ဝိနည်းမဟာဝါပဗ္ဗဇ္ဇာခန္ဓကပါဠိတော်ကိုဆောင်ပြ၍။ဤသိက္ခာပုဒ်တို့ကို မြတ်စွာဘုရားသာဟောတော်မူကြောင်း။သာဝကစသည်တို့ဟောအပ် သည်မဟုတ်ကြောင်း။ ဤသိက္ခာပုဒ်တို့ကိုသာဝတ္ထိပြည်ဝယ်ဇေတဝန်ကျောင်း သား၏ဥယျာဉ်၌ အနာထပိဏ် သူဌေးကြီးသည်ဆောက်လုပ်လှူဒါန်းအပ် သောကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ သာမဏေတို့ အားငါတို့စောင့်ထိမ်းရမည် သိက္ခာပုဒ်တို့ မည်မျှရှိလေကုန်သနည်းစ သည်ဖြင့် အကြံဖြစ်သည်ကို လျှောက်ထားခြင်းကြောင့်။သာမဏေတို့ ကျင့်ဆောင်ရန်သိက္ခာပုဒ်တို့ကို ပညတ်ပိုင်းခြားခြင်းငှါ ဟောတော်မူ ကြောင်းကို။ ။ဧတာနိပါဏာတိပါတာဝေရမဏိအာဒိနိဒသသိက္ခာပ ဒါနိဘဂဝတာဝေဝုတ္တာနိ။ နသာဝကာဒီဟိ။ တာနိစ သာဝတ္ထိယံဝုတ္တာ နိဇေတဝနေ အနာထပိဏ္ဍိကဿအာရာမေ။ အာယသ္မတော ရာဟုလံပဗ္ဗာ

ဧတွာကပိလဝတ္ထုတောသာဝတ္ထိံ အနုပ္ပတ္တေန သာမဏေရာနံသိက္ခာ ပဒဝဝတ္ထာပနတ္ထံ။ ။ဟုပြဆိုသော ဤအဋ္ဌကထာဆရာ၏အလိုအား ဖြင့်ဤသိက္ခာပုဒ်ဆယ်ပါးတို့ကိုဟောတော်မူရင်းကာလ၌ဝိနည်းမဟာ ဟာဝါဝယ်သာမဏေတို့ ဖြည့်ကျင့်ရန်ဟောတော်မူသည်။ ဤသိက္ခာ ပုဒ်တို့သည် ဝိနည်း ပါဠိတော်ဝယ် သာမဏေတို့ ဖြည့်ကျင့်ရန်ဟော တော်မူအပ်သောသိက္ခာပုဒ်ပင်ဖြစ်သည်ဟုယူတော်မူသည်။ ။ပြဆို ခဲ့ပြီးသည့်အတိုင်း ဤသုတ်သည်သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်ပုံ ကိုဟောပြရာမဟုတ်။ သိက္ခာပုဒ်တို့ကိုဟောပြရာ သိက္ခာပဒသုတ်သာ ဖြစ်၍။ ဤသိက္ခာပုဒ်ဆယ်ပါးတို့သည် ဝိနည်းမဟာဝါ၌ သာမဏေတို့ ဖြည့်ကျင့်ရန်ဟောတော်မူအပ်သောသိက္ခာပုဒ်ဖြစ်ခဲ့သော်။ဝိနည်းမဟာ ဝါပဗ္ဗဇ္ဇာခန္ဓကပါဠိတော်၌ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံသမာ ဒိယာမိအစရှိသည်ဖြင့် သမာဒိယာမိတိုင်အောင်မပါမရှိ။ ပါဏာတိပါ တာဝေရမဏီ အစရှိသည်ဖြင့်ဝေရမဏီတွင်ရွေ့မျှသာ ပါရှိသည်ဖြစ် ၍။ဤခုဒ္ဒကပါဌ၌လည်း။ ပါဏာတိပါတာဝေရမဏီ။ လ။ဇာတရူပရဇ တပဋိဂ္ဂဟဏာဝေရမဏီ။ ဟူ၍ဝေရမဏီတွင်ရွေ့သာရှိရာခဲ့သည်၊ပါ ဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိ။ လ။ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏီသိက္ခာပဒံသမာဒိယာမိ။ ဟူ၍သမာဒိယာမိတိုင် အောင်မရှိရာပါ။ထိုသို့လျှက်အဘယ်ကြောင့်။ ပါဏာတိပါတာဝေရမ ဏီသိက္ခာပဒံသမာဒိယာမိ။ အစရှိသည်ဖြင့်သမာဒိယန ကြိယာနှင့်တ ကွရှိရလေသနည်း။ ဟူဘွယ်ရှိ၍။ တာနေတာနိစသည်ကိုမိန့်ဆိုပြန်ရ သည်။ ။ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိစသည် ဟူ၍ဤခုဒ္ဒကပါဌ၌ဝါစနာမဂ္ဂသို့တင်ထားလေသောကြောင့် ပါဏာတိ ပါတာဝေရမဏီ သိက္ခာပဒံသမာဒိယာမိစသည်ဟူ၍ သမာဒိယနကြိ ယာနှင့်တကွရှိလေသည့်ဟူလို။ ။မြတ်စွာဘုရားသည်ဝိနည်းမဟာ ဝါဝယ်ဟောတော် မူရင်းအခါ ဝေရမဏီတွင်၍ သာဟောတော်မူပါ လျှက်အဘယ်ကိုစွဲမှီထောက်ဆသဖြင့် သင်္ဂါယနာတင်အရှင်တို့သည် သမာဒိယာမိတိုင်အောင် သမာဒိယနကြိယာနှင့် တကွခုဒ္ဒကပါဌကျမ်း ဝယ်ဝါစနာမဂ္ဂသို့တင်တော်မူကြလေသနည်း။ဟူဘွယ်ရှိ၍။ ။သမာ ဒါယသိက္ခတိသိက္ခာပဒေသုတိ သုတ္တာနုသာရေန သရဏ ဂမနေသုစ ဒသသိတပါဠာနုသာရေန။ဟူသောစကားတို့ကိုဆိုတော်မူရပြန်သည်။*။

သိက္ခာပုဒ်တို့ကိုခံယူဆောက်တည်၍ကျင့်သုံးကြောင်းကိုဟောပြတော်မူအပ်သောသမာဒါယသိက္ခတိသိက္ခာပဒေသုဟူ၍သမာဒါနကြိယာနှင့်တကွဟောတော်မူအပ်သောပါဠိတော်ကို အစဉ်လျှောက်၍ထောက်ရှုသဖြင့်၎င်း။ သရဏဂုံအရာ၌အမှယောဂဥတ္တမ ပုရိသ်ဝိဘတ်နှင့်ဗုဒ္ဓံသရဏံဂစ္ဆာမိအစရှိသည်ဖြင့်ဟောတော်မူအပ်သောပါဠိတော်ကိုအစဉ်လျှောက်၍ထောက်ရှုသဖြင့်၎င်း။လူတို့အားသမာဒါနကျသိလ်ဖြစ်ရေသို့၍သိက္ခာပုဒ်တို့ကိုလူတို့ခံယူဆောက်တည်ရပုံခံယူဆောက်တည်နည်းကိုပြခြင်း၌သမာဒါနကြိယာအမှယောဂဥတ္တမပုရိသ်နှင့်တကွ သမာဒိယာမိတိုင်အောင်ဝါစနာမဂ္ဂသို့တင်ထားလေသည်။ ဟူလို။ ။ဤသို့ခုဒ္ဒကပါဌအဋ္ဌကထာ ဆရာသည်ဤသုတ်ကို သိက္ခာပဒသမာဒါနသုတ်မဟုတ်။သိက္ခာပုဒ်တို့ကိုဟောပြရာ သိက္ခာပဒသုတ်သာဖြစ်သည်ဟုယူ၍၎င်း။ဤသိက္ခာပုဒ်တို့ကိုပြရာသိက္ခာပဒပါဠိကိုလည်း ဝိနည်းမဟာဝါ၌ဟောတော်မူရင်းပါဠိကိုပင်ဤခုဒ္ဒကပါဌ၌ ဝါစနာမဂ္ဂသို့တင်သည်ဟူ၍၎င်း။ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိအစရှိသည်ဟူ၍သမာဒိယာမိ တိုင်အောင်ရှိသည်ကို သင်္ဂါယနာတင်အရှင်တို့ဝါစနာမဂ္ဂသို့တင်ထားသည်ဟူ၍ ဆိုတော်မူခြင်းသာဖြစ်သည်။ သိက္ခာပုဒ်တို့ကိုလူတို့ခံယူဆောက်တည်သောအရာ၌ သမာဒိယာမိတိုင်အောင်မရွတ်ဆိုပဲ။ပါဏာတိပါတာဝေရမဏိ အစရှိသည်ဖြင့်ဝေရမဏိတွင်ရွေ့ရွတ်ဆိုလျှင်ပင် သမာဒါနဝိရတိဖြစ်ပြီဟုပြဆိုတော်မူသည်မဟုတ်။ ။

ဧဝံ။ဤသို့။သရဏဂမနေဟိ။သရဏဂုံတို့ဖြင့်။သါသနောတါရံ။မြတ်စွာဘုရားသာသနာတော်သို့သက်ဝင်ခြင်းကို။ ဒဿေတွာ။ပြတော်မူပြီး၍။ဩတိဏ္ဏေန။သါသနာတော်သို့သက်ဝင်ပြီးသော။ဥပါသကေနဝါ။ဒါယကာသည်၎င်း။ပဗ္ဗဇိတေနဝါ။သာမဏေသည်၎င်း။ ယေသုသိက္ခာပဒေသု။အကြင်သိက္ခာပုဒ်တို့၌။ပထမံ။ ရှေးဦးစွာ။သိက္ခိတဗ္ဗံ။ ကျင့်အပ်၏။ တာနိ။ထိုသိက္ခာပုဒ်တို့ကို။ဒဿေတုံ။ပြခြင်းငှါ။ နိက္ခိတ္တသ။ထားအပ်သော။သိက္ခာပဒပါဌဿ။သိက္ခာပုဒ်တို့ကိုဟောပြရာပါဠိကို။ ဣဒါနိ။ဤယခုအခါ၌။ ဝဏ္ဏနတ္ထံ။ ဖွင့်ပြခြင်း အကျိုးငှါ။အယံ။ ဤပြဆိုလတ္တံ့သည်ကား။မာတိကာ။မာတိကာတည်း။ ။ပရမတ္ထဇောတိကာယ။ပရမတ္ထဇောတိကအမည်ရှိသော။ ခုဒ္ဒကအဋ္ဌကထာယ။ ခုဒ္ဒကအဋ္ဌကထာ၌။သိက္ခာပဒဝဏ္ဏနာ။ သိက္ခာပဒသုတ်၏ အဖွင့်သည်။နိဋ္ဌိတာ။ အပြီးသို့

ရောက်ပြီ။ ။တာနိဇတောနိသိက္ခာပဒါနိ။ထိုသိက္ခာပုဒ်တို့ကို။ သမာဒါယသိက္ခတိသိက္ခာပဒေသုတိ သုတ္တာနုသာရေနစ။ သမာဒါယသိက္ခတိပဲက္ခာပဒေသုဟူ၍ သမာဒါနကြိယာနှင့်တကွ ဟောတော်မူအပ်သောပါဠိတော်ကိုအစဉ်လျှောက်၍ ထောက်မှီသဖြင့်၎င်း။ သရဏာဂမနေသု။ သရဏဂုံတို့၌။ ဒသိတပါဌာနုသာရေနစ။ ဗုဒ္ဓံသရဏံဂစ္ဆာမိအစရှိသည့်ဖြင့် အမှယောဂဥတ္တမ ပုရိသ်အာချာတ်ဝိဘတ်ဖြင့် ဟောတော်မူအပ်သောပါဠိတော်ကို အစဉ်လျှောက်၍ ထောက်မှီသောအားဖြင့်၎င်း။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိတိ။ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိအစရှိသည့်ဟူ၍။ဇဝံ။ ဤသို့။ဝါစနာမဂ္ဂံ။စကားအစဉ်သို့။အာရောပိတာနိ။သင်္ဂါယနာတင်အရှင်တို့သင်္ဂါယနာတင်သောအခါတင်ထားအပ်ကုန်၏။ ဣတိ။ဤသို့။ ဝေဒိတဗ္ဗာနိ။သိအပ်ကုန်၏။ ။ယောခေါ်ပြဟ္မဏာပသန္နစိတ္တောသိက္ခာပဒါနိသမာဒိယတိ။ပါဏာတိပါတာဝေရမဏီ အဒိန္နာဒါနာဝေရမဏီ ကာမေသုမိစ္ဆာစာရာဝေရမဏီ၊ မုသာဝါဒါ ဝေရမဏီ၊ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာဝေရမဏီ။ ။ဟူသော ဒီဃ နိကာယ် သီလက္ခန် ကူဋ ဒန္တသုတ်ပါဠိတော်ဝယ်၊ပါဏာတိပါတာဝေရမဏီအစရှိသည်ကို။သိက္ခာပဒါနိသမာဒိယတိ၌။ သိက္ခာပဒါနိဟူသော သဒ္ဒပဝတ္တိ၏သရုပ်ကို ပြခြင်းငှါသာဟောတော်မူသည် သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်သော အခြင်းအရာ သမာဒါနာကာရကိုပြခြင်းငှါ ဟောတော်မူသည်မဟုတ်ဖြစ်၍။၎င်းပါဠိတော်ကို။ ။ဗြာဟ္မဏ။ပုဏ္ဏား။ယောခေါပုဂ္ဂလော။သည်။ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ သိက္ခာပဒါနိ။ တို့ကို။ သမာဒိယတိ။ ကောင်းစွာခံယူဆောက်တည်၏။ ကတမာနိသိက္ခာပဒါနိ။အဘယ်သိက္ခာပုဒ်တို့ကို။သမာဒိယတိ။သနည်း။ပါဏာတိပါတာဝေရမဏီ။ ပါဏာတိပါတာဝေရမဏီ သိက္ခာပုဒ်၎င်း။ အဒိန္နာဒါနာဝေရမဏီ။၎င်း။ ကာမေသုမိစ္ဆာစာရာဝေရမဏီ။ ၎င်း။ မုသာဝါဒါဝေရမဏီ။ ၎င်း။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ။၎င်း။ ဣတိဣမာနိသိက္ခာပဒါနိ။ တို့ကို။ သမာဒိယတိ။၏။ ။ဤသို့သာ မြန်မာပြန်။ ။ဗြာဟ္မဏ။ ပုဏ္ဏား။ ယောခေါပုဂ္ဂလော။သည်။ ပသန္နစိတ္တော။၍။ သိက္ခာပဒါနိ။တို့ကို။သမာဒိယတိ။၏။ ကိံသမာဒိယတိ။ အဘယ်သို့ခံယူဆောက်တည်သနည်းဟူမူကား။ပါဏာတိပါတာဝေရမဏီ။ပါဏာတိပါတာဝေရမ္

ဏာိဟူ၍။ ဝါ။ပါဏာတိပါတာ။မှ။ဝေရမဏိ။ ကြဉ်ရှောင်ပါ၏။လ။သုရာ
မေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိ။ဟူ၍။ ဝါ။သုရာမေရယမဇ္ဇပမာဒဋ္ဌာ
နာ။ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ၊
ဝေရမဏိ။ကြဉ်ရှောင်ပါ၏။ဣတိ။သို့။သမာဒိယတိ။၏။ ။ဤသို့မြန်မာ
မပြန်သင့် မပြန်အပ်။ ။အကယ်၍ ပါဏာတိပါတာ ဝေရမဏိအစရှိ
သောစကားသည်။ သိက္ခာပုဒ်တို့ကို ဆောက်တည်သော အခြင်းအရာ
သမာဒါနာကာရကိုပြသောစကားဖြစ်ခဲ့အံ့။ ထိုပါဏာတိပါတာဝေရမ
ဏိအစရှိသည်တို့၌။ဝေရမဏိအရသည်၊ သမာဒါနဝိရတိ တပါးတည်း
သာဖြစ်ရာခဲ့သည်။ သမ္ပတ္တဝိရတိ၊ သမာဒါနဝိရတိ၊ သမုစ္ဆေဒ ဝိရတိ
အားဖြင့်ဝိရတိသုံးပါးလုံးကို ရသည်မဖြစ်ရာ။ ယင်းသို့သမာဒါနဝိရတိ
တပါးတည်းကိုသာရ၍။ဝိရတိသုံးပါးလုံးကိုမရခဲ့သော်။ ။တတ္ထပါ
ဏာတိပါတာဝေရမဏိတိအာဒိသု ဝေရမဏိနာမဝိရတိ။ သာတိဝိဓာ
ဟောတိသမ္ပတ္တဝိရတိ၊သမာဒါနဝိရတိ၊သေတုဃာတဝိရတီတိ။တတ္ထ
ယောသိက္ခာပဒါနိ အဂဟေတွာကေဝလံ အတ္တနောဇာတိ ဝေါတ္တကုလ
ပ်ဒေသာဒီနိ အနုသာရိတွာ၊ နမေဋ္ဌံပဋိရူပန္တိ ပါဏာတိပါတာဒီနိနက
ရောတိ။ သမ္ပတ္တဝတ္ထုံ ပရိဟရတိ။ တဿာအာရကာဝိရမတိ။ တဿ
သာဝိရတိသမ္ပတ္တဝိရတီတိဝေဒိတဗ္ဗာ။ ။အဋ္ဌတထေ္ဂဇ္ဇိဝိတဟေတုပိ
ပါဏံနဟနာမိတိဝါ ပါဏာတိပါတာဝိရမာမိတိဝါ။ဝေရမဏိံသမာဒိ
ယာမိတိဝါဝေံသိက္ခာပဒါနိဂဏှန္တဿပနဝိရတိ သမာဒါနဝိရတီတိဝေ
ဒိတဗ္ဗာ။ ။အရိယသာဝကာနံပနမဂ္ဂသမ္ပယုတ္တာဝိရတိသေတုဃာတ
ဝိရတိနာမ။ ။ဟူသောဝင်းကုဋ္ဌဒ္ဒကသုတ် အဋ္ဌကထာ၌။ ပါဏာတိပါ
တာဝေရမဏိအစရှိသည်ဝယ်။ ဝေရမဏိအရကို။ တတ္ထပါဏာတိပါ
တာဝေရမဏိတိအာဒိသု ဝေရမဏိနာမဝိရတိ။ သာတိဝိဓာ ဟောတိ
သမ္ပတ္တဝိရတိ၊ သမာဒါနဝိရတိ သေတုဃာတ ဝိရတီတိ။ အစရှိသည်
ဖြင့် ဝိရတိ သုံးပါးလုံးကို ကောက်ယူ၍ အဋ္ဌကထာဆရာ မပြသင့်မပြ
တန်ရာ။ပြကားပြတော်မူခဲ့သည်ဖြစ်၍ပါဏာတိပါတာဝေရမဏိအစရှိ
သောစကားသည်သမာဒါနာကာရကို ပြသောစကားမဟုတ်။သိက္ခာပ
ဒါနိဟူသောသရူပဝတ္ထု၏သရုပ်ကို ပြသောစကားသာဖြစ်၍။ သိက္ခာပုဒ်
ကိုခံယူ ဆောက်တည်သောပုဂ္ဂိုလ်သည် ပါဏာတိပါတာ ဝေရမဏိ
အစရှိသည်ဖြင့် ဝေရမဏိတွင်ရွေသာရွတ်ဆိုခံယူဆောက်တည်ခြင်း

ကိုမပြုဘဲပြဆိုခဲ့ပြီးသောဘိက္ခုနီဝိဘင်းပါဠိတော် ခုဒ္ဒကပါဌပါဠိတော် သမာဒိန္နသုတ်အဋ္ဌကထာ ဤကူဋဒန္တသုတ် အဋ္ဌကထာ စသည်တို့၌လာ သောနည်း တို့တွင် နှစ်သက်ရာနည်း တပါးပါးဖြင့်သာ ခံယူဆောက် တည်ခြင်းကိုပြုသင့်သည်။ ။ပြဆိုခဲ့ပြီးသောအကြောင်းကြောင့်သာ မဟုတ်သေး။ ဤပါဏာတိပါတာ ဝေရမဏိ အစရှိသော စကားသည် သိက္ခာပုဒ်တို့ကိုခံယူဆောက်တည်သောအခြင်းအရာ သမာဒါနာကာရ ကိုဟောပြတော်မူသောစကားဖြစ်ခဲ့အံ့။ သိက္ခာပုဒ်တို့ကို ခံယူဆောက် တည်လိုသော ပုဂ္ဂိုလ်သည်။ ပါဏံနဟာနာမိ အစရှိသည်ဖြင့်သော်၎င်း။ ပါဏာတိပါတာဝိရမာမိ အစရှိသည်ဖြင့်သော်၎င်း။ ပါဏာတိပါတာ ဝေရမဏိံ သမာဒိယာမိ အစရှိသည်ဖြင့် သော်၎င်း နှစ်သက်ရာတပါး ပါးဖြင့်ရွတ်ဆိုခံယူ ဆောက်တည်ရမည်ဟူ၍။ ။အဋ္ဌတင္ဂေ ဇိဝိတ ဟောတုပိပါဏံနဟာနာမိတိဝါ။ ပါဏာတိပါတာဝိရမာမိတိဝါ။ ဝေရမ ဏိံသမာဒိယာမိတိဝါ။ ဇဝံသိက္ခာပဒါနိဂဏှန္တဿပန ဝိရတိသမာဒါန ဝိရတီတိ ဝေဒိတဗ္ဗာ။ ။ဟုသိက္ခာပုဒ်တို့ကို ခံယူဆောက်တည်ဟန် အခြင်းအရာသမာဒါနာကာရကို အသီးအခြားအဋ္ဌကထာဆရာပြတော် မမူတန်ချေ။ ပြကားပြတော်မူသည်သာ ဖြစ်ရကား။ ဤပါဏာတိပါတာ ဝေရမဏိအစရှိသော စကားသည် သမာဒါနကာရကို ပြသောစကား မဟုတ်။သိက္ခာပဒါနိဟူသောသရူပဝန္တ၏သရုပ်ကို ပြသောစကားသာ ဖြစ်သောကြောင့်။ ပါဏာတိပါတာဝေရမဏိ အစရှိသည်ဖြင့် ဝေရမ ဏိတွင်၍သာရွတ်ဆိုခံယူဆောက်တည်ခြင်းကိုမပြုမူ၍။ ပြဆိုခဲ့ပြီးသည့်အ တိုင်းသာခံယူဆောက်တည်ခြင်းကိုပြုအပ်ပြုသင့်သည်။ ။တတ္ထ။ထိုယော ခေါ်ဗြဟ္မဇာလအစရှိသောပါဠိတော်၌။ပါဏာတိပါတာဝေရမဏိတိအာ ဒိသု။ဏာတိ ဤသို့အစရှိသည်တို့၌။ဝေရမဏိနာမ။ဏာမည်သည်။ဝိရတိ။ဝိရတိ ပင်တည်း။သာ။ထိုဝိရတိသည်။ သမ္ပတ္တဝိရတိ။သမ္ပတ္တဝိရတိ၎င်း။သမာဒါ နဝိရတိ။၎င်း။သေတုဃာတဝိရတိ။၎င်း။ဣတိ။သို့။တိဝိဓာ။သုံးပါးအပြား ရှိသည်။ ဟောတိ။၏။ တတ္ထ။ထိုသုံးပါးတို့တွင်။ယောပုဂ္ဂလော။ သည်။ သိက္ခာပဒါနိ။တို့ကို။အဂဟေတွာ။မယူ၍။ ကေဝလံ။သက်သက်။အတ္တနော။ ၏။ဇာတိဂေါတ္တကုလပဒေသာဒီနိ။တို့ကို။အနုဿရိတွာ။၍။ မေ။ငါ့အား။ ဧတံ။ဤဒုစရိုက်အမှုကိုပြုခြင်းသည်။နပတိရူပံ။မလျောက်ပတ်။ဣတိ။ဤသို့ နှလုံးပြု၍။ ပါဏာတိပါတာဒီနိ။တို့ကို။ နကရောတိ။မပြု။ သမ္ပတ္တဝတ္ထုံ။

ကို။ပရိဟာရတိ။၏။ တတော။မှ။အာရကာ။ ဝေးစွာ။ဝိရမတိ။၏။တဿ။
၏။ဝါ။အား။သာဝိရတိ။ကို။သမ္ပတ္တဝိရတိတိ။ဟူ၍။ ဝေဒိတဗ္ဗာ။၏။ ။
ဤသို့စသည်မြန်မာပြန်။ ။ဤပြဆိုခဲ့ပြီးသောစကားတို့ကို ထောက်၍
ၦင်း။ ။ဤသိက္ခာပုဒ် ဆယ်ပါးတို့တွင် ပါဏာတိပါတာ ဝေရမဏိ
အဗြဟ္မစရိယာ ဝေရမဏိဟူကုန်သောရှေးဦးစွာသိက္ခာပုဒ်နှစ်ပါးတို့သည်
ၦင်း။မုသာဝါဒါဝေရမဏိဟူသောစတုတ္ထသိက္ခာပုဒ်။သုရာမေရယမဇ္ဇ
ပမာဒဋ္ဌာနာဝေရမဏိဟူသော ပဉ္စမသိက္ခာပုဒ်တို့သည်ၦင်း။ နိစ္စသီလ၏
အစွမ်းဖြင့် ဥပါသကာတို့ အားၦင်း သာမဏေ တို့အားၦင်း ဆက်ဆံ
ကြောင်း။ဥပေါသထသီလ၏အစွမ်းဖြင့် လူဥပါသကာတို့အားနစ္စဂီတဝါ
ဒိတဝိသုကဒဿနာဝေရမဏိဟူသောသတ္တမအင်္ဂါ။မာလာဂန္ဓဝိလေပ
နဓါရဏမဏ္ဍနဝိဘူသနဋ္ဌာနာဝေရမဏိဟူသော အဋ္ဌမအင်္ဂါ။ဤနှစ်ပါး
ကိုသတ္တမအင်္ဂါအဖြစ်ဖြင့် တပါးတည်းပြုလုပ်၍။ ဇာတရူပရဇတပဋိဂ္ဂ
ဟဏာဝေရမဏိဟူသော နောက်ဆုံးဖြစ်သော အင်္ဂါကိုချန်လှပ် လွှတ်
ထား၍အလုံးစုံကုန်သော သိက္ခာပုဒ်တို့သည် သာမဏေတို့နှင့် ဆက်ဆံ
ကြောင်း။ နောက်ဆုံးဖြစ်သောဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏိ
သိက္ခာပုဒ်မူကား သာမဏေတို့၏သာ အထူးဖြစ်၍ဖြစ်သော သိက္ခာပုဒ်
ဖြစ်ကြောင်းကို။ ။ဧတ္ထစအာဒိတော ဒွေစတုတ္ထပဉ္စမာနိစဥပါသကာ
နံသာမဏေရာနဉ္စ သာဓာရဏာနိ နိစ္စသီလဝသေန။ ဥပေါသထ သီလ
ဝသေနပနဥပါသကာနံ သတ္တမဋ္ဌမံ ဧကံအင်္ဂံကတွာ သဗ္ဗပစ္ဆိမဝဇ္ဇာနိ
သဗ္ဗာနိသာမဏေရေဟိသာဓာရဏာနိ။ ပစ္ဆိမံပနသာမဏေရာနမေဝ
ဝိသေသဘူတံ။ ။ဟုပြဆို၍ ငါးပါးသော သိက္ခာပုဒ် ရှစ်ပါး သော
သိက္ခာပုဒ်တို့ကို အထူးသီးခြားပြဆိုတော်မမူဘဲ သိက္ခာပုဒ်ဆယ်ပါးတို့
မှ အသီးအသီးထုတ်နုတ်၍သာ အချို့နိစ္စသီလ၏။ အချို့ဥပေါသထသီလ
၏အစွမ်းဖြင့်လူသာမဏေတို့အားဆက်ဆံကြောင်း။သတ္တမအင်္ဂါအဋ္ဌမ
အင်္ဂါတို့ကိုတပါးတည်း ပေါင်းကြောင်းစသည်ဖြင့် စိစစ်ပြဆို တော်မူ
သည်ကိုထောက်သဖြင့်ၦင်း။ ဤအဋ္ဌကထာဆရာ၏အလိုအားဖြင့်ခုဒ္ဒပါ
ဌပါဠိတော်ဝယ် ငါးပါးသောသိက္ခာပုဒ်၊ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို
အသီး ဟောတော် မမူဟု မှတ်ယူအပ်သည်။ ။၈။ အထူးကိုပြဦးအံ့။
ဧ တ္ထ။ဤသိက္ခာပုဒ်၁၀ပါးတို့တွင်။အာဒိတော။အစ၌။ဝုတ္တာနိ။ဟောတော်
မူအပ်ကုန်သော။ ဝါ။အာဒိတော။ အစဖြစ်ကုန်သော။ဒွေစ။ နှစ်ပါးကုန်

သော။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပုဒ်၊ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပုဒ်တို့ သည်ဂင်း။ စတုတ္ထ ပဉ္စမာနိစ။ မုသာဝါဒါ ဝေရမဏီဟူသောစတုတ္ထသိက္ခာပုဒ်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီဟူသောပဉ္စမသိက္ခာပုဒ်တို့သည်ဂင်း။ နိစ္စသီလဝသေန။ နိစ္စသီလ၏အစွမ်းဖြင့်။ဥပါသကာနဉ္စ။ လူဥပါသကာတို့အားဂင်း။ သာမဏေရာနဉ္စ။သာမဏေတို့အားဂင်း။သာဓာရဏာနိ။ဆက်ဆံကုန်၏။ ဥပါသကာနံ။လူဒါယကာတို့၏။ဝါ။တို့အား။ ဥပေါသထသီလဝသေန။ ဥပေါသထသီလ၏အစွမ်းဖြင့်။သတ္တမဋ္ဌမံ။နစ္စဂီတဝါဒိတဝိသူကဒဿနဟူသော်သတ္တမအင်္ဂါ။မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနဟူသောအဋ္ဌမအင်္ဂါကို။ဧကံအင်္ဂံ ကတွာ။အင်္ဂါတပါးတည်းပြုလုပ်၍။သဗ္ဗပစ္ဆိမဝဇ္ဇာနိ။အလုံးစုံတို့၏နောက်ဆုံး ဖြစ်သော ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီဟူသောသိက္ခာပုဒ်သည်ကြဉ်အပ်ကုန်သော။ သဗ္ဗာနိ။ အလုံးစုံကုန်သော။ပါဏာတိပါတာဝေရမဏီအစ။ဥစ္စာသယနမဟာသယနာဝေရမဏီအဆုံးရှိကုန်သော ရှစ်ပါးကုန်သော သိက္ခာပုဒ်တို့သည်။ သာမဏေရေဟိ။သာမဏေတို့နှင့်။သာဓာရဏာနိ။ဆက်ဆံကုန်၏။ပန။ထူးသည်ကိုဆိုဦးအံ့။ပစ္ဆိမံ။ နောက်ဆုံးဖြစ်သောဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီဟူသောဆယ်ချမြောက်သောသိက္ခာပုဒ်သည်။သာမဏေရာနမေဝ။သာမဏေတို့၏သာလျှင်။ဝိသေသဘူတံ။ ထူးသောသိက္ခာပုဒ်ဖြစ်၍ဖြစ်၏။ ။ယခုကာလအချို့ခုဒ္ဒကပါဌပါဠိတော်ပေတို့၌ကား သိက္ခာပုဒ်ငါးပါး ရှစ်ပါးဆယ်ပါးသုံးစုလုံးပင် ပါဏာတိပါတာဝေရမဏီသိက္ခာပဒံသမာဒိယာမိ အစရှိသည်ဖြင့်။ အသီးအသီး သမာဒါန ကြိယာနှင့်တကွရှိ၏။ ။ဤခုဒ္ဒကအဋ္ဌကထာကို ထောက်လျှင်။ ငါးပါးသောသိက္ခာပုဒ်ရှစ်ပါးသော သိက္ခာပုဒ်အသီးသီးခံ ယူဆောက် တည်နည်း၌ နားလည်သိကျွမ်းလိမ္မာပိမ့်သောအကျိုးငှါ ရှေးဆရာမြတ်တို့ ရေးသွင်းထဉ့်ထားကြသည်ဟု ယူရန်ရှိသည်။ ။ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇာခန္ဓကပါဠိတော်၌။ပါဏာတိပါတာ ဝေရမဏီအစရှိသည်ဖြင့် သိက္ခာပဒံသမာဒိယာမိဟူသောစကားမပါ။ဝေရမဏီတွင်ရှေ့သာဟောတော်မူလေသည်လည်းသိက္ခာပုဒ်တို့ကိုခံယူဆောက်တည်နည်း ခံယူဆောက်တည်ပုံသမာဒါနအခြင်းအရာကိုဟောတော်မူသောအရာမဟုတ်။ သာမဏေတို့အားငါတို့စောင့်ရှောက်ကျင့်သုံးရန်သိက္ခာပုဒ်တို့ကားမည်မျှရှိလေကုန်သနည်း။

အဘယ်သိက္ခာပုဒ်တို့၌ ငါတို့ဖြည့်ကျင့်အပ် လေသနည်းဟု အကြံဖြစ်၍ မြတ်စွာဘုရားအား လျှောက်ထားရာတွင် သာမဏေတို့အား ဆယ်ပါး ကျန်သောသိက္ခာပုဒ်တို့ကို ထိုသိက္ခာပုဒ်တို့၌ ဖြည့်ကျင့်စိမ့်သော၄ါ ခွင့် ပြုတော်မူသည်ဟုခွင့်ပြုတော်မူပြီးမှ ထိုဆယ်ပါးသောသိက္ခာပုဒ်အ[illegible]။ သိက္ခာပုဒ်ဆယ်ပါးသရုပ်ကိုပြခြင်း၄ါသာ။ ။အထခေါ်သာမဏေ[illegible] နံဧတဒဟောသိ။ ကတိနုခေါ်အမှာကာံ သိက္ခာပဒါနိ။ ကတ္ထစ အမေ[illegible] သိက္ခိတဗ္ဗန္တိ။ဘဂဝတောဧတမတ္ထံအာရောစေသုံ။အနုဇာနာမိဘိ[illegible]ဝေ သါမဏေရာနံ ဒသသိက္ခာပဒါနိ တေသုစသာမဏေရေဟိ[illegible]က္ခိတုံ။ပါ ဏာတိပါတာ ဝေရမဏိ။လ။ ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏိ တိ။ ။ဟူ၍ဝေရမဏိတွင်ရွှေသာဟောတော်မူသည်။ဤသို့သိက္ခာပုဒ် တို့ကိုခံယူဆောက်တည်နည်းကိုဟောပြသောအရာမဟုတ်။ သိက္ခာပုဒ်တို့၏ သရုပ်ကိုဟောပြတော်မူသောအရာသာဖြစ်သောကြောင့်။ဤပါဠိတော် ဝယ်ဝေရမဏိတွင်၍သာရှိသည်တကားဟုထော်ထားခြင်းကို ပြုသဖြင့် သိက္ခာပုဒ်တို့ကိုလူတို့ခံယူဆောက်တည်သောအခါ၌။ ပါဏာတိပါတာဝေ ရမဏိအစရှိသည်ဖြင့် ဝေရမဏိတွင်ရွှေသာမရွတ်ဆိုပဲ။ပါဏာတိပါ တာဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့် သမာဒိယာမိ တိုင်အောင်အသီးအသီးရွတ်ဆို ခံယူဆောက်တည်သင့်သည်။ ။အ ထခေါ်။ထိုသို့အရှင်ရာဟုလာကို သာမဏေပြုပြီးနောက် သာဝတ္ထိပြည် ဝယ်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ၌။သာ မဏေရာနံ။ သာမဏေတို့အား။ ဧတံဧသောပရိဝိတက္ကော။ ဤသို့သော အကြံသည်။အဟောသိ။ ဖြစ်၏။ ကိံ အဟောသိ။ အဘယ်သို့ဖြစ်သနည်း ဟူမူကား။အမှာကံ။ ငါတို့အား။ဝါ။ငါတို့၏။ သိက္ခာပဒါနိ။ ဆောင်ရွက် ဖြည့်ကျင့်ရန်သိက္ခာပုဒ်တို့သည်။ကတိနုခေါ်။အဘယ်မျှအရေအတွက်ရှိ လေကုန်သနည်း။ကတ္ထစ။အဘယ်သိက္ခာပုဒ်တို့၌လည်း။အမှေဟိ။ ငါတို့ သည်။သိက္ခိတဗ္ဗံ။ ကျင့်အပ်သနည်း။ဣတိ။ဤသို့အကြံဖြစ်၏။ဘဂဝတော။ မြတ်စွာဘုရားအား။ဧတမတ္ထံ။ ထိုသာမဏေတို့အားဖြစ်သောအကြံကို။ အာရောစေသုံ။ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ။ တို့။ သာမဏေရာနံ။ တို့အား။ဒသသိက္ခာပဒါနိ။သိက္ခာပုဒ်ဆယ်ပါးတို့ကို။တေသုစ။ထိုဆယ် ပါးသောသိက္ခာပုဒ်တို့၌လည်း။ သာမဏေရေဟိ။ တို့သည်။ သိက္ခိတုံ။ ဖြည့်ကျင့်စိမ့်သော၄ါ။အနုဇာနာမိ။ ငါဘုရားခွင့်ပြုတော်မူ၏။ဘိက္ခဝေ။

တို့။ပါဏာတိပါတာဝေရမဏီ။ ပါဏာတိပါတာဝေရမဏီသိက္ခာပုဒ်တပါး။ လ။ ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏီ။ ဇာတရူပရဇတပဋိဂ္ဂဟဏာဝေရမဏီသိက္ခာပုဒ်တပါး။ဣတိ။ဤသို့။ဣမါနိ။ဤဆယ်ပါးတို့သည်။သာမဏေရာနံ။တို့၏။သိက္ခာပဒါနိ။ ဖြည့်ကျင့်ဆောင်ရွက်ရန်သိက္ခာပုဒ်တို့တည်း။ဣမေသုစ။ ဤသိက္ခာပုဒ်ဆယ်ပါးတို့၌လည်း။ သာမဏေရေဟိ။ တို့သည်။သိက္ခိတုံ။ ဖြည့်ကျင့်စိမ့်သောငှါ။ အနုဇာနာမိ။၏။ ။အဘိဓမ္မာသိက္ခာပဒဝိဘင်းပါဠိတော်၌။ ။ပဉ္စသိက္ခာပဒါနိ။ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ။ အဒိန္နာဒါနာဝေရမဏီ သိက္ခာပဒံ။ လ။ သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာဝေရမဏီ သိက္ခာပဒံ။ ။ဟူ၍ပဉ္စသိက္ခာပဒါနိဟူသောဥဒ္ဒေသ၌ ငါးပါးသောသိက္ခာပုဒ်အရသရုပ်ကိုဝေဘန်ရာနိဒ္ဒေသဝယ်။ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ အစရှိသည်ဖြင့် သိက္ခာပဒသဒ္ဒါနှင့်တကွ ဟောတော်မူသည်။ ။ဝိနည်းမဟာဝါပဗ္ဗဇ္ဇာခန္ဓကပါဠိတော်၌ကား။ ။အနုဇာနာမိဘိက္ခဝေ သာမဏေရာနံဒသသိက္ခာပဒါနိ။ တေသုစ သာမဏေရေဟိသိက္ခိတုံ ဝယ်သိက္ခာပုဒ်ဆယ်ပါးအရသရုပ်ကိုပြရာ၌။ ။ပါဏာတိပါတာဝေရမဏီ။လ။ ဇာတရူပရဇတပဋိဂ္ဂဟဏာဝေရမဏီ။ ။ဟူ၍သိက္ခာပဒသဒ္ဒါမပါ။ဝေရမဏီတွင်ရွေ့သာဟောတော်မူသည်။ ။ယောခေါ်ဖြာဟ္မဏာပသန္နစိတ္တောသိက္ခာပဒါနိသမာဒိယတိ။ပါဏာတိပါတာဝေရမဏီ။လ။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ။ ။ဟူသောသီလက္ခန်ကူဋဒန္တသုတ်ပါဠိတော်ဝယ်လည်း။ သိက္ခာပဒါနိဟူသော သရူပဝန္တ၏သရုပ်ကိုပြရာသိက္ခာပဒသဒ္ဒါမပါ ပါဏာတိပါတာဝေရမဏီစသည်ဖြင့် ဝေရမဏီတွင်ရွေ့သာဟောတော်မူသည်ဖြစ်၍ ဝေရမဏီဟူသည်နှင့်သိက္ခာပဒဟူသည်အတူတူပင်ဖြစ်သည်။ ။ပါဏာတိပါတာဝေရမဏီ သိက္ခာပဒအစရှိသည်၏အရဖြစ်သော တရားကိုလည်း။ ။တတ္ထကတမံ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ။ယသ္မိံသမယေကာမါဝစရံကုသလံစိတ္တံဥပ္ပန္နံဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံပါဏာတိပါတာဝိရမန္တဿ။ ယာတသ္မိံသမယေပါဏာတိပါတာအာရတိဝိရတိပဋိဝိရတိဝေရမဏီအကိရိယာအကရဏံအနဇ္ဈာပတ္တိဝေလာအနတိက္ကမောသေတုဃာတော။ ဣဒံဝုစ္စတိ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ။ ။တတ္ထကတမံအဒိန္နာဒါနာဝေရမဏီသိက္ခာပဒံ။ ယသ္မိံ။လ။ ဉာ

ဏာသမ္ပယုတ္တံ အဒိန္နာဒါနာဝိရမဏ္ဍသာ။ ယာတသ္မိံသမယေ အဒိန္နာဒါနာ အာရတိ။လ။ ဣဒံဝုစ္စတိအဒိန္နာဒါနာဝေရမဏီသိက္ခာပဒံ။ ။အစရှိသည် ဖြင့်ပါဏာတိပါတအစရှိသည်တို့မှ ကြည်ရှောင်သောပုဂ္ဂိုလ်အား ဖြစ် သောဝိရတိတရားတို့ကိုဋင်း။ ။တတ္ထကတမံ ပါဏာတိပါတာဝေရ မဏီသိက္ခာပဒံ။ယသ္မိံ။လ။ပါဏာတိပါတာဝိရမဏ္ဍသာ။ ယာတသ္မိံသမ ယေစေတနာသဉ္စေတနာသဉ္စေတယိတတ္တံ။ဣဒံဝုစ္စတိပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ။ ။အစရှိသည်ဖြင့် ပါဏာတိပါတာအဒိန္နာဒါန် အစရှိသည်တို့မှ ကြည်ရှောင်သော ပုဂ္ဂိုလ်အားဖြစ်သော ဝိရမဏာကု သိုလ်စေတနာကိုဋင်း။အဘိဓမ္မါသိက္ခါပဒဝိဘင်းပါဠိတော်၌ကောက်ယူ ဟောပြတော်မူသည်ဖြစ်၍။ ပါဏာတိပါတာဝေရမဏီအစရှိသည်တို့ ၌။ဝေရမဏီအရသည်လည်း ထိုပါဏာတိပါတ အစရှိသည်မှ ကြည် သောပုဂ္ဂိုလ်အားဖြစ်သော သမ္မာကမ္မန္တ၊သမ္မာဝါစာအစရှိသော ဝိရတိ တရားဝိရမဏာကုသိုလ်စေတနာတရားပင်ဖြစ်သည်ဟုမှတ်အပ်၏။ ပဉ္စသိက္ခာပဒါနိ။ ငါးပါးကုန်သောသိက္ခာပုဒ်တို့ဟူသည်။ ပါဏာတိပါ တာဝေရမဏီသိက္ခာပဒံ။ ပါဏာတိပါတာဝေရမဏီသိက္ခာပုဒ်တပါး။ လ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏီ သိက္ခာပုဒ်တပါး။ ဣမာနိပဉ္စ။ ဤငါးပါး တို့ တည်း။တတ္ထ။ ထိုငါးပါးသောသိက္ခာပုဒ်တို့တွင်။ ပါဏာတိပါတာဝေ ရမဏီသိက္ခာပဒံ။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပုဒ်ဟူသည်။ က တမံ။အဘယ်နည်း။ယသ္မိံသမယေ။အကြင်အခါ၌။ ပါဏာတိပါတာ။မှ။ ဝိရမဏ္ဍသာ။ ကြည်ရှောင်သောပုဂ္ဂိုလ်အား။ သောမနဿ သဟဂတံ။ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော။ ဉာဏသမ္ပယုတ္တံ။ ဉာဏ်နှင့် ယှဉ် သော။ ကာမာ ဝစရံ။ ကာမာ ဝစရ ဖြစ်သော။ ကုသလံ စိတ္တံ။ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ။ ဖြစ်သည်။ ဟောတိ။ ၏။ တသ္မိံသမယေ။ ထိုအခါ၌။ပါဏာတိပါတာ။ မှ။ယာအာရတိ။ အကြင် ကြဉ်ရှောင်ခြင်း သည်။ယာဝိရတိ။သည်။ ယာပဋိဝိရတိ။သည်။ ယာအကိရိယာ။အကြင် ပါဏာတိပါတအမှုကိုမပြုခြင်းသည်။ယံအကရဏံ။သည်။ ယာအနဇ္ဈာ ပတ္တိ။အကြင်လွန်ကျူး၍မရောက်ခြင်းသည်။ယောဝေလာအနတိက္ကမော။ အကြင်စဉ်းကမ်းအပိုင်းအခြားကို မလွန်ခြင်းသည်။ ယောသေတု ဃာ တော။အကြင်လွန်ကျူးခြင်း၏အကြောင်းကိုဖြတ်ခြင်းသည်။ အတ္ထိ။ရှိ၏။

ဋ္ဌုဒ်။ ဤပါဏာတိပါတမှကြဉ်ရှောင်ခြင်းစသည်ကို။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ။ပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်ဟူ၍။ ဝုစ္စ တိ။ဆိုအပ်၏။ ။တတ္ထ။တွင်။ ပါဏာတိပါတာဝေရမဏီသိက္ခာပဒံ။ ဟူသည်။ ကတမံ။နည်း။ ယသ္မိံသမယေ။၌။ ပါဏာတိပါတာ။ မှ။ဝိရ တဿသာ။အား။ ယောမနသသဟဂတံ။သော။ ဉာဏသမ္ပယုတ္တံ။သော။ ကာမာဝစရံ။သော။ကုသလံစိတ္တံ။ သည်။ဥပ္ပန္နံ။ သည်။ဟောတိ။၏။တ သ္မိံသမယေ။၌။ယာစေတနာ။ အကြင်စေ့ဆော်အားထုတ်ခြင်းစေတနာ သည်။ယာသဉ္စေတနာ။သည်။ယံစေတယိတတ္တံ။အကြင်ကောင်းစွာစေ့ ဆော်အားထုတ်သောသူ၏အဖြစ်တည်းဟူသောစေတနာသည်။အတ္ထိ။ ၏။ဋ္ဌုဒ်သာစေတနာ။ထိုပါဏာတိပါတမှ ကြဉ်ရှောင်သောပုဂ္ဂိုလ်အား ဖြစ်သောဝိရမဏ ကုသိုလ်စေတနာကို။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ။ပုဒ်ဟူ၍။ဝုစ္စတိ။၏။ ။အဒိန္နာဒါနာဝေရမဏီသိက္ခာပုဒ်အစ ရှိသောကြွင်းသိက္ခာပုဒ်တို့ အရကိုလည်း။ အဒိန္နာဒါန ဝိရတိ တရားစ သည်။ အဒိန္နာဒါန်စသည်မှရှောင်ကြဉ်ခြင်း ဝိရမဏကုသိုလ်စေတနာ တို့ကိုကောက်ယူလေ။ ။ပါဏာတိပါတာဝေရမဏီအစရှိသည်တို့ ၌ဝေရမဏီအရကိုလည်း။ သီလက္ခန်ကုဋဒန္တသုတ် အဋ္ဌကထာ၌။ ။ ပါဏာတိပါတာဝေရမဏီတိအာဒီသုဝေရမဏီနာမဝိရတိ။ ။ဟူ၍ သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ၌လည်း။ ။အတ္ထတောပနဝေရမဏီတိကု သလစိတ္တသမ္ပယုတ္တာဝိရတိ။ ။ဟူ၍။ပါဏာတိပါတစသည်မှရှောင် ကြဉ်သောပုဂ္ဂိုလ်အားဖြစ်သောကုသိုလ်စိတ်နှင့်ယှဉ်သောဝိရတိကိုပင် ကောက်ယူတော်မူသည်။ ။ပါဏာတိပါတာဝေရမဏီတိအာဒီသု။ ပါဏာတိပါတာဝေရမဏီအစရှိသည်တို့၌။ ဝေရမဏီနာမ။ဝေရမဏီ မည်သည်ကား။ဝိရတိ။သမ္မာဝါစာသမ္မာကမ္မန္တသမ္မာအာဇီဝ ဟူသောဝိ ရတိတရားပင်တည်း။ဝါ။တရားသည်။ဝေရမဏီနာမ။ ဝေရမဏီမည် ၏။ ။ဝေရမဏီတိ။ ပါဏာတိပါတာဝေရမဏီအစရှိသည်၌ဝေရမ ဏီဟူသည်။အတ္ထတော။သရုပ်တရားကိုယ်အားဖြင့်။ကုသလစိတ္တသမ္ပ ယုတ္တာ။ကုသိုလ်စိတ်နှင့်ယှဉ်သော။ဝိရတိ။ဝိရတိစေတသိက်တရားပင် တည်း။ ။ပါဏာတိပါတာဝေရမဏီအစရှိသည်၌ဝေရမဏီဟူသည် သရုပ်တရား ကိုယ်အားဖြင့် ဝိရတိပင်ဆို၏။ ထိုဝိရတိသည် အဘယ် ကြောင့်ဝေရမဏီမည်သနည်း။ဟူမူ။ ။ဝိရမတိဝိရမန္တိဝါတေယဝိ

ရမဏာမတ္တမေဝဝါဒေသာတိ ဝေရမဏိ။ဝေရံပါပံမဏာတိဝိနာသေတိတိ
ဝေရမဏိ။ ။ဟူ၍မဏိမဉ္ဇူ။ ။ဝေရံမဏာတိဝိနာသေတိတိဝေရမ
ဏိ။ ။ဟုအဘိဓာနသာလိနီ။ ။ဝေရံမဏာတိတိဝေရမဏိ။ဝေရံပဇဟာတိ
တိအတ္ထော။ဝိရမတိဝါဧတာယကရဏာဘူတာယ ဝေရမှာပုဂ္ဂလောဘိ
ဝိကာရသေဝေကာရံကတွာဝိဝေရမဏိ။ ။ဟုသမ္မောဒိနီသုတ်အဋ္ဌက
ထာ။ ။ဝေရန္တိ ပါဏာတိ ပါတာဒိကံ ပါပဓမ္မံ။ သောဟိ ဝေရ ဟေ
တုတ္တာဝေရန္တိဝုစ္စတိ။ တံမဏာတိမယိဋ္ဌိတဿယကထမာဂစ္ဆသီတိ
တဇ္ဇေန္တော်ဝိယနီဝါရေတီတိဝေရမဏိ။ဟုဇင်းသုတ်ဋီကာ။ ချုဒ္ဒကပါဌအ
ဋ္ဌကထာ။ ။ဝေရဟေတုတာယဝေရံဝုစ္စပါတိ ဏာတိပါတာဒိပါပ
ဓမ္မော။တံမဏာတိမယိဋ္ဌိတဿယ ကထမာဂစ္ဆသီတိတဇ္ဇေန္တော်ဝိယနိ
ဟာရေတီတိဝေရမဏိ။တတောဝါပါပဓမ္မတော ဝိရမတိဧတာယာတိဝိ
ရမဏိတိဝတ္တဗ္ဗေနိရုတ္တိနယေန-ဣကာရဿဧကာရံကတွာ ဝေရမဏိ
တိဝုတ္တံ။ ။ဟုသီလက္ခန်ဋီကာတို့၌မိန့်ဆိုအပ်သည်နှင့်အညီ။ပါဏာတိပါ
တအစရှိကုန်သော ပါပဓမ္မတို့မှကြဉ်ရှောင်တတ်သည်၏ အဖြစ်ကြောင့်
၎င်း။မိမိဟူသောဝိရတိ၏ ကိန်းရာဖြစ်သော ပုဂ္ဂိုလ်၏၎င်း။မိမိနှင့်ယှဉ်
ကုန်သောသမ္ပယုတ္တဓမ္မတို့၏၎င်း။ ထိုပါပဓမ္မတို့မှ ကြဉ်ရှောင်ကြောင်း
ဖြစ်သည်၏အဖြစ်ကြောင့်၎င်း။ထိုပါပဓမ္မတို့မှ ရှောင်ကြဉ်ခြင်းမျှပင်ဖြစ်
၍၎င်း။ သူရဲကောင်းယောကျ်ားသည် ဤမြို့ရွာ ရပ်ကွက်ဝယ် ငါရှိပါ
လျက်အဘယ်ကြောင့် ဤအရပ်သို့သင်တို့လာရအံ့နည်းဟု သူပုန်ရန်သူ
တို့ကိုခြိမ်းချောက် မောင်းမဲဘိသကဲ့သို့။ ဤပုဂ္ဂိုလ်သန္တာန်ဝယ် ငါဟူ
သော ဝိရတိတရား ထင်ရှား ရှိပါလျက်။ တည်နေ ပါလျက် အဘယ့်
ကြောင့်။အဘယ်သို့သောအကြောင်းဖြင့် ဤပုဂ္ဂိုလ်သန္တာန်ဝယ်သင်တို့
ဖြစ်ရအံ့နည်းဟုထိုပါပဓမ္မတို့ကိုခြိမ်းချောက်မောင်းမဲဘိသကဲ့သို့။ခြိမ်း
ချောက်မောင်းမဲသလို။ ခြိမ်းချောက် မောင်းမဲသည်နှင့်အတူ နှင်ထုတ်
တားမြစ် ဖွန့်ဖြစ်ပယ်ရှား တတ်သည်၏ အဖြစ်ကြောင့်၎င်း ဝေရမဏိ
မည်ပါသည်။ဟူလေ။ ။ယာဝိရတိ။ အကြင်သမ္မာကမ္မန္တအစရှိသော
ဝိရတိသည်။ဝိရမတိ။ ပါဏာတိပါတအစရှိကုန်သော မကောင်းမှုဒုစ
ရိုက်တရားတို့မှ ရှောင်ကြဉ်တတ်၏။ဣတိတသ္မာ။ ထိုသို့မကောင်းမှုဒုစ
ရိုက်တို့မှ ကြဉ်ရှောင်တတ်သည်၏အဖြစ်ကြောင့်။ သောဝိရတိ။ထိုဝိရ
တိသည်။ဝေရမဏိ။ဝေရမဏိမည်၏။ဝါ။တနည်းကား။ဧတာယဝိရတိ

ယာ။ဤဝိရတိဖြင့်။ဓမ္မာ။ထိုဝိရတိနှင့်ယှဉ်သောတရားတို့သည်။ဝိရမန္တိ။ ပါဏာတိပါတအစရှိကုန်သော မကောင်းမှု ဒုစရိုက်တို့မှ ကြဉ်ရှောင် တတ်ကုန်၏။ဣတိတသ္မာ။ ထိုသို့သမ္ပယုတ်တရားတို့၏ မကောင်းမှုဒုစ ရိုက်တို့မှကြဉ်ရှောင်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ သောဝိရတိ။ သည်။ဝေရမဏီ။ဏီမည်၏။ဝါ။ကား။သောဝိရတိ။ ထိုဝိရတိဟူသည်။ ဝိရမဏာ မတ္တာမေဝ။ ပါပဓမ္မတို့မှ ကြဉ်ရှောင်ခြင်း မျှသာတည်း။ ဣတိ တသ္မာ။ကြောင့်။ဝေရမဏီ။မည်၏။ဝါ။ကား။ယာဝိရတိ။ အကြင်ဝိရတိ သည်။ဝေရံပါပံ။ ရန်သူ ဟူသော မကောင်းမှု ဒုစရိုက်ကို။ဝါ။ရန်၏အ ကြောင်းဖြစ်၍ ဝေရမည်သောပါဏာတိပါတစသော မကောင်းမှုကံ ကို။မဏာတိဝိနာသေတိ။ဖျက်ဆီးတတ်၏။ဣတိတသ္မာ။ ကြောင့်။သောဝိ ရတိ။သည်။ဝေရမဏီ။ဏီမည်၏။ ။ယာဝိရတိ။သည်။ဝေရံ။ပါဏာ တိပါတစသောရန်ကို။ မဏာတိဝိနာသေတိ။၏။ ဣတိတသ္မာ။ကြောင့်။ သာဝိရတိ။သည်။ ဝေရမဏီ။မည်၏။ ။ယာဝိရတိ။သည်။ ဝေရံ။ကို။ မဏာတိ။စွန့်ပယ်တတ်၏။ဣတိတသ္မာ။ကြောင့်။သာဝိရတိ။ သည်။ဝေရ မဏီ။၏။ဝေရံ။။ကို။ပဇဟာတိ။စွန့်ပယ်တတ်၏။ဣတိအယံအတ္ထော။ဤစွန့် ပယ်ခြင်းဟူသောအနက်သည်။အတ္ထော။ဝေရမဏီသဒ္ဒါ၏အနက်တည်း။ ဝါ။ကား။ ကရဏဘူတာယ။ ကရိဏ်းဖြစ်၍ဖြစ်သော။ ဧတာယဝိရတိ ယာ။ထိုဝိရတိဖြင့်။ပုဂ္ဂလော။ထိုဝိရတိ၏ကိန်းရာဖြစ်သောပုဂ္ဂိုလ်သည်။ ဝေရမှာ။ ပါဏာတိပါတအစရှိသောရန်မှ။ဝိရမတိ။ ရှောင်ကြဉ်တတ် ၏။ဣတိတသ္မာ။ထိုသို့ဝိရတိနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ပါဏာတိပါတစ သောရန်မှကြဉ်ရှောင်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ သာဝိရတိ။ ထိုဝိရတိသည်။ ဝိကာရသော။ ဝိအက္ခရာကို။ဝါ။ ဝအက္ခရာ၏ မှီရာဖြစ် သောဣအက္ခရာကို။ဧကာရံကတွာပြီ။ဧအက္ခရာပြု၍လည်း။ဝါ။ဝ၏မှီ ရာပြု၍လည်း။ဝေရမဏီ။မည်၏။ ။ဝေရန္တိ။ဝေရံဟူသည်ကား။ပါ ဏာတိပါတာဒိကံ။ပါဏာတိပါတအစရှိသော။ပါပဓမ္မံ။မကောင်းမှုတ ရားကို။ဟိသစ္စံ။မှန်၏။သောပါပဓမ္မော။ ထိုပါဏာတိပါတအစရှိသော မကောင်းမှု တရားကို။ ဝေရဟေတုတ္တာ။ ရန်၏ အကြောင်း၏ အဖြစ် ကြောင့်။ဝေရန္တိ။ ဝေရဟူ၍။ရန်ဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ တံဝေရံ။ထိုရန် ၏အကြောင်းဖြစ်၍ဝေရမည်သော ပါဏာတိပါတစသောပါပဓမ္မကို။ ဇဟေ။ဤပုဂ္ဂိုလ်သန္တာန်၌။မယိ။ဝိရတိဟူသောဂါသည်။ ဌိတာယ။တည်

နေပါလျက်။ ကထံ။အဘယ်သို့သော အကြောင်းကြောင့်။ အာဂန္တုသိ။ သင်လာရလိမ့်မည်နည်း။ ဣတိ။ဤသို့။ တဒွေဠှိကိဝိယ။ စင်စစ်ပင် မြိမ်းချောက်ခြင်းကို မပြုတတ်သော်လည်း။ မြိမ်းချောက်မောင်းမဲသကဲ့သို့ဖြစ်၍။မဏာတိနိဝါရေတိ။တားမြစ်တတ်၏။ဣတိတသ္မာ။ကြောင့်။ ဝေရမဏီ။မည်၏။ ။ပါဏာတိပါတာဒိပါပဓမ္မာ။ပါဏာတိပါတစသောပါပဓမ္မကို။ဝေရဟေတုတာယ။ရန်၏အကြောင်း၏ အဖြစ်ကြောင့်။ဝေရန္တိ။ဟူ၍။ဝုစ္စတိ။၏။တံဝေရံ။ကို။ဣဓ။ဤပုဂ္ဂိုလ်သန္တာန်၌။ ဝါ။ဤတရားအပေါင်းအစု၌။မယိ။ ဝိရတိဟူသောငါသည်။ ဌိတာယ။ တည်နေပါလျက်။ကထံ။အဘယ်သို့သောအကြောင်းကြောင့်။ အာဂန္တုသိ။သင်လာရလိမ့်မည်နည်း။ဣတိ။သို့။တဒွေဠှိကိဝိယ။သကဲ့သို့ဖြစ်၍။ မဏာတိနိဟာရတိ။နှင်ထုတ်တတ်၏။ဣတိတသ္မာ။ကြောင့်။ဝေရမဏီ။မည်၏။ဝါ။ကား။ဧတာယဝိရတိယာ။ဖြင့်။တတောပါပဓမ္မတော။မှ။ဝိရမတိ။ ရှောင်ကြဉ်တတ်၏။ဣတိတသ္မာ။ကြောင့်။ ဝိရမဏီတိ။ဝိရမဏီဟူ၍။ ဝတ္တဗ္ဗေ။ဆိုအပ်လျက်။နိရုတ္တိနယေန။ဝဏ္ဏဝိကာရနိရုတ္တိနည်းအားဖြင့်။ဣကါရဿ။ဝ၏မှီရာအစိတ်ဖြစ်သောဣအက္ခရာကို။ဧကာရံကတွာ။ ဧအက္ခရာပြု၍။ဝေရမဏီတိ။ဝေရမဏီဟူ၍။ဝုတ္တံ။၏။ ။အစဉ်အတိုင်းသာဓကပါဠိတို့၏အနက်။ ။ယခင်အဋ္ဌကထာ ဋီကာတို့၌။ ဝိကာရဿဧကာရံကတွာပိ။ဟူ၍၎င်း။ နိရုတ္တိနယေနဣကာရဿဧကာရံကတွာ။ ဟူ၍၎င်း ဝိအက္ခရာ၏ဝေအပြု။ဣ၏ဧပြုကိုဆိုခြင်းသည်။ဝိရှေ့ရှိသောရမုဓါတ်ကတ္တားအနက် ကရိယာအနက်ဘောအနက်၌ ယုပစ္စည်းသက်၍ကတ္တုသာဓနကရဏသာဓနဘာဝသာဓနဖြင့်ပြီးသော ဝေရမဏီသဒ္ဒါကိုရည်၍သာ။ ဝေရသဒ္ဒါအနီးရှိသောမဏဓါတ် ယုပစ္စည်းဖြင့်ပြီးသောဝေရမဏီသဒ္ဒါ၌ကား မူလရင်းကပင်ဝေရသဒ္ဒါဖြင့်ပြီးရကားပြုဖွယ်မရှိပြီ။ ။ပါဏာတိပါတ အစရှိသော ကာယဒုစရိုက်သုံးပါး။ မုသာဝါဒ အစရှိသောဝစီ ဒုစရိုက်လေးပါး ဟူသော ဒုစရိုက် ခုနစ်ပါးတို့မှ ရှောင်ကြဉ်ကြောင်းဖြစ်သောပါဏာတိပါတာ ဝေရမဏီအစရှိသော ဝေရမဏီခုနစ်ပါးအရသာရုပ်ကို ဝိရမဏကုသိုလ်စေတနာတို့ကို၎င်း။ ဝိရတိတို့ကို၎င်းကောက်ယူသင့်ကြောင်းကိုအဋ္ဌသာလိနီအဋ္ဌကထာ၌။ ။တေသုဟိပဋိပါဋိယာသတ္တစေတနာပိဝဋ္ဋန္တိ။ဝိရတိယောပိ။ ။ဟုပြဆိုတော်မူ၏။ ။ဟိသစ္စံ။၏။ တေသု။ ထိုဆယ်ပါးသောသုစရိုက်တို့တွင်။ ပဋိပါဋိယာ။

တိုင်း။သတ္တ။ ချနစ်ပါးကုန်သော ပါဏာတိပါတာဝေရမဏိအစရှိကုန်
သောသုစရိုက်တို့သည်။စေတနာပိ။ဝိရမဏာကုသိုလ်စေတနာတို့သည်
လည်း။ဝဋ္ဋန္တိ။ ကောက်ယူခြင်းငှါသင့်ကုန်၏။ ဝိရတိယောပိ။ ဝိရတိတို့
သည်လည်း။ဝဋ္ဋန္တိ။၏။ ။ယင်းသို့ပါဏာတိပါတာဝေရမဏိအစရှိသည်
တို့၌ဝေရမဏိ၏အရသည် ပါဏာတိပါတစသည်မုသာဝါဒစသည်တို့မှ
ကြဉ်ရှောင်ခြင်းသမ္မာကမ္မန္တသမ္မာဝါစာစသော ဝိရတိတရား ဝိရမဏာ
ကုသိုလ်စေတနာတရားပင်ဖြစ်၍ ပြဆိုခဲ့ပြီးသောခံယူဆောက်တည်နည်း
တို့ကိုဆို၍ ခံယူ ဆောက်တည့်ခြင်းကိုမပြုဘဲ ပါဏာတိပါတာဝေရမ
ဏိအဒိန္နာဒါနာ ဝေရမဏိ အစရှိသည်ဖြင့် ဝေရမဏိတွင်ရွေရွတ်ဆို
သောပုဂ္ဂိုလ်အား ထိုပါဏာတိပါတ အစရှိသည်တို့မှ ကြဉ်ရှောင်ခြင်း
ဝိရတိတရားဝိရမဏာကုသိုလ်စေတနာတို့ဖြစ်ပါကုန်၏။ ယင်းသို့ဖြစ်က
လည်းပါဏာတိပါတာဝေရမဏိအစရှိသည်ဖြင့်ဝေရမဏာ ှင်ရွေသာ
ရွတ်ဆိုခြင်းသည် သင့်ပါ၏ဟု အချို့ဆရာတို့ ဆိုကုန်၏။ ။အချို့
ဆရာတို့ကလည်း သမ္မာဝါစာ၏ အရသည်အသက်မွေးခြင်း ဟူသော
အကြောင်း မရှိသော မုသာဝါဒ အစရှိသော ဝစီ ဒုစရိုက် လေးပါးတို့
မှကြဉ် ကြောင်း ဝိရတိတရား ဖြစ်သည်။ သမ္မာ ကမ္မန္တ အရသည် အ
သက်မွေးခြင်း ဟူသော အကြောင်း မရှိသော ပါဏာတိ ပါတအစရှိ
သောကာယဒုစရိုက် ၃ ပါးတို့မှကြဉ်ကြောင်း ဝိရတိတရားဖြစ်သည်။
ထိုသို့ပင်ဖြစ်သော်လည်း ထိုသမ္မာဝါစာ သမ္မာကမ္မန္တောဟူသောသဒ္ဒါ
တို့ကိုရွတ်ဆိုသောပုဂ္ဂိုလ်၏သန္တာန်ဝယ်။ ထိုမုသာဝါဒစသည်ပါဏာ
တိပါတစသည်မှကြဉ်ရှောင်ကြောင်း သမ္မာဝါစာ သမ္မာကမ္မန္တ ဝိရတိ
တို့ကိုသိသောအသိဉာဏ်သာဖြစ်ရာ၍ ထိုဝိရတိတရားတို့ မဖြစ်သကဲ့
သို့ရှင်း။ လောဘအရသည် လောဘစေတသိက် ဖြစ်သော်လည်း။ ထို
လောဘောဟူသောသဒ္ဒါကို ရွတ်ဆိုသော ပုဂ္ဂိုလ်သန္တာန်ဝယ် အကြိမ်
ကြိမ်အခါခါများစွာပင်ရွတ်ဆိုသော်လည်း လောဘစေတသိက်ကိုသိ
သောအသိဉာဏ်သာဖြစ်ရာ၍ လောဘစေတသိက် မဖြစ်သကဲ့သို့ရှင်း။
ထိုပါဏာတိပါတာဝေရမဏိအစရှိသည်ဖြင့်သမာဒိယာမိမပါဝေရမ
ဏိတွင်ရွေသါရွတ်ဆိုသောပုဂ္ဂိုယ်သန္တာန်ဝယ်ဝိရတိကိုသိသောအသိ
ဉာဏ်သာဖြစ်ရာ၍ သမာဒါနဝိရတိတရား ဝိရမဏာစေတနာတရားတို့
ဖြစ်မည်မဟုတ်ဖြစ်သောကြောင့်မရွတ်မဆိုသင့်။ဟုဆိုကုန်၏။ ။သိ

လသိက္ခာပုဒ်တို့ကို ခံယူဆောက်တည်အံ့ဟူသော အမှတ်ဖြင့် ရွတ်ဆို
သောကြောင့်သိက္ခာပဒံသမာဒိယာမိမပါ။ ပါဏာတိပါတာဝေရမဏိ
အစရှိသည်ဖြင့်ဝေရမဏိတွင်ရွေ့သာရွတ်ဆိုလျှင်ပင် သမာဒါနပိရတိ
ဖြစ်ရာပါပြီဖြစ်၍ဝေရမဏိတိုင်ရုံရွတ်ဆိုဆောက်တည်ခြင်းသည်သင့်
ရာသည်သာမဟုတ်ပါလောဟူပြန်ခဲ့အံ့။ ။ပါဠိအဋ္ဌကထာဋီကာဂဏ္ဌိ
ရပိနိဿယအရပ်ရပ်တို့တွင် တစုံတရာ၌မျှ ပါဏာတိပါတာဝေရမဏိ
အစရှိသည်ဖြင့်ဝေရမဏိတိုင်ရုံရွတ်ဆို၍လည်းခံယူဆောက်တည်သင့်
၏ဟုပြဆိုသောစကားသည်အလျှင်းပင်မရှိသောကြောင့် မသင့်ရာသည်
သာဟုလေ။ ။ထိုကြောင့် ဒါယကာဒါယကာမတို့အား သီလသိက္ခာ
ပုဒ်တို့ကို ပေးသော အရှင်ကောင်းတို့သည် မဟုတ်မလျှား မှားယွင်း
ဖောက်ပြန်သည်ကို အမှန်ပင်ဖြစ်၏ဟု မှတ်ထင်ခြင်းကို မဖြစ်စေရအ
ကြောင်းတု အကြောင်းရောင်ကို ဆောင်ပြဆွဲငင် သွန်သင် ပြောကြား
ခြင်းစသည်ကိုမပြုမူ၍ မေတ္တာပုဗ္ဗင်္ဂမ အတ္ထသံဟိတစိတ်ဖြင့် ပါဠိအဋ္ဌ
ကထာကျမ်းဂန်လာသည်နှင့်ညီလျော်စွာ ပေးနိုင်တော်မူကြပါစေကုန်
သတည်း။ ။သီလသိက္ခာပုဒ်တို့ကို ခံယူဆောက်တည် ကျင့်သုံးကုန်
သောဒါယကာအပေါင်းတို့လည်း မိမိတို့ သန္တာန်ဝယ် သမာဒါနပိရတိ
တရားလှလှကောင်းကောင်းကြီးဖြစ်ပွါးအောင်မြင်သဖြင့် များစွာသော
အာနိသင်အကျိုး တိုးတက်ကြီးမားခြင်းကို တောင့်တသဖြင့် ပါဠိအဋ္ဌ
ကထာလာသည်အတိုင်း။ ။ပါဏံနဟာနာမိ၊ အစရှိသည်ဖြင့်၎င်း။ ။
ပါဏာတိပါတာ ပိရမာမိ။ စသည်ဖြင့်၎င်း၊ ။ပါဏာတိ ပါတာ ပဋိ
ဝိရမာမိစသည်ဖြင့်၎င်း။ ။ပါဏာတိပါတာဝေရမဏိံသမာဒိယာမိ။
စသည်ဖြင့်၎င်း။ ။ပါဏာတိပါတာဝေရမဏိံသိက္ခာပဒံသမာဒိယာ
မိ။စသည်ဖြင့်၎င်း။ ။ပါဏာတိပါတာဝေရမဏိ သိက္ခာပဒံ သမာဒိ
ယာမိ၊ စသည်ဖြင့်၎င်းပြဆိုခဲ့ပြီးသော ခံယူဆောက်တည်နည်းတို့တွင်
နှစ်သက်ရာ တပါးပါးသော နည်းအားဖြင့် ခံယူဆောက်တည် နိုင်ကြ
ကုန်စေသတည်း။ ။ဝိဘတ်မပါဝေရမဏိတွင်ရွေ့သာရွတ်ဆို၍ ရှစ်
ပါးလုံးစေ့သည်နောက်မှ သိက္ခာပဒံသမာဒိယာမိဟုရွတ်ဆို၍ ပေးကြ
ယူကြသည်မှာ ကျမ်းဂန်၌ ဤကဲ့သို့ရေးသား ထားရိုးမရှိ။ ဤသို့လည်း
ရွတ်ဆို၍ပေးရယူရမည်မဟုတ်။ ။ဝေရမဏိံဟုနိဂ္ဂဟိတန္တနှင့်ရွတ်
ဆို၍နောက်ဆုံး၌ သိက္ခာပဒံသမာဒိယာမိဟု ရွတ်ဆိုခြင်း သည်လည်း

သမာဒါနအရာပေးယူသောအခါ ဤသို့ရွတ်ဆိုရမည်မဟုတ်။ ဒွိပကနည်း
သုံးပါးတွင်အန္တဒွိပကနည်းအားဖြင့်ပါဠိပဗန္ဓရေးထားသောအရာ၌ကား။
သင့်ပေ၏။ သီလခံယူဆောက်တည်သောအခါ၌သော်အသီးအသီးယှဉ်၍
သာရွတ်ဆိုခံယူသင့်သည်။ ။ယဒါပိကေနစိကာရဏေနဝတ္တုံ ဤအ
သင်္ကေ္ခာနေ္တာပါဏာတိပါတာအဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာပဋိဝိရ
မာမိတိဣမါနိသိက္ခာပဒါနိဟတ္ထမုဒ္ဒါယဂဏှာတိ။ ။ဟူသောအဋ္ဌသာ
လိနီအဋ္ဌကထာဝယ်သိက္ခာပုဒ်တို့ကိုခံယူဟန်ကိုပြဆိုသောစကားအရာ
၌။ ပါဏာတိပါတာပဋိဝိရမာမိ အဒိန္နာဒါနာ ပဋိဝိရမာမိကာမေသုမိစ္ဆာ
စါရာပဋိဝိရမာမိဟူ၍ပဋိဝိရမါမိသဒ္ဒါကိုဝါကျသုံးပါးလုံး၌အသီးအသီး
ယှဉ်၍ဆိုအပ်လျက်အန္တဒွိပကနည်းအားဖြင့် အဆုံးဝါကျ၌သာ ထား၍ဆို
လေသည်။သိက္ခာပုဒ်တို့ကိုခံယူဆောက်တည်သောအရာ၌သော်။ ပါဏာတိ
ပါတာပဋိဝိရမာမိအစရှိသည်ဖြင့်ပဋိဝိရမါမိဟူသောပုဒ်ကိုရှေ့ပုဒ်တို့နှင့်
လည်းအသီးအသီးယှဉ်၍ရွတ်ဆိုခံယူသင့်သည်။ ။ယတောခေါမဟာ
နာမဥပါသကောပါဏာတိပါတာပဋိဝိရတောဟောတိ။ အစရှိသည်၌
ပဋိဝိရတသဒ္ဒါကို။ ။ပဋိဝိရမတီတိပဋိဝိရတော။ ။ယောပုဂ္ဂ
လော။ သည်။ ပဋိဝိရမတိ။ ပါဏာတိ ပါတ စသည်တို့မှ ကြဉ်ရှောင်
တတ်၏။ ဣတိတသ္မာ။ ကြောင့်။ သောပုဂ္ဂလော။ သည်။ပဋိဝိရတော။တ
မည်၏။ ဤသို့ကတ္တုသတ် ဝစနတ်ပြု၍ ပဋိဝိရတ အရကို နာမကတ္တား
ဖြစ်သောပုဂ္ဂိုလ်ကိုကောက်ယူ၍တဖန်ကြိယာပဓါနကောက်ယူပြန်သ
ဖြင့်။ ။ဥပါသကော။ ဒါယကာသည်။ ပါဏာတိပါတာ။ မှ။ပဋိဝိရ
တော။ ကြဉ်ရှောင်၏။ ဤသို့ပေးရ သကဲ့သို့ ပဋိဝိရတသဒ္ဒါကို။ပဋိဝိရ
မာမီတိပဋိဝိရတော။ ။ယောအဟံ။အကြင်ငါသည်။ပဋိဝိရမာမိ။ပါ
ဏာတိပါတစသည်မှကြဉ်ရှောင်၏။ ဣတိတသ္မာ။ကြောင့်။ သောအဟံ။
သည်။ပဋိဝိရတော။တမည်၏။ ဤသို့ပြု၍ပဋိဝိရတအရကိုအမှကတ္တား
ဖြစ်သောပုဂ္ဂိုလ်ကို ကောက်ယူ၍ တဖန်ကြိယာပဓာန ယူပြန်သဖြင့်။
အဟံ။သည်။ပါဏာတိပါတာ။မှ။ ပဋိဝိရတော။ ကြဉ်ရှောင်ပါ၏။ဤသို့
ပေးသင့်ခံယူသင့်သည်နှင့်အတူ။ပါဏာတိပါတာဝေရမဏီအစရှိသည်
၌ဝေရမဏီသဒ္ဒါကိုလည်း။ ဝိရမာမီတိဝေရမဏီ။ ဟုကတ္တုသတ်ပြု၍။
ဝေရမဏီအရကိုအမှကတ္တားဖြစ်သောပုဂ္ဂိုလ်ကို ကောက်ယူ၍ တဖန်
ကြိယာပဓာန ကောက်ယူပြန်သဖြင့်။ ပါဏာတိပါတာ။မှ။ ဝေရမဏီ။

ကြည့်ရှောင်ပါ၏။ ဤသို့မြန်မာပြန်ဆိုသင့်ခဲ့သော်။ သိက္ခာပဒံ သမာဒိ
ယာမိမပါပဲ။ ပါဏာတိပါတာဝေရမဏိ စသည်ဖြင့် ရွတ်ဆို ဆောက်
တည်လျှင်ပင်ဆောက်တည်သည်မည်ကောင်းပါသည်ဖြစ်၍။ ပါဏာတိ
ပါတာဝေရမဏိစသည်ဖြင့်။ ဝေရမဏိတွင်၍ရွတ်ဆိုခံယူခြင်း သည်
လည်းသင့်ရာပေသည်သာမဟုတ်ပါလော။ဟူပြန်ခဲ့အံ့။ ။ဝေရမဏိသဒ္ဒါ
ပုဂ္ဂိုလ်ကိုဟောသောအရာသည်ပါဠိအဋ္ဌကထာဋီကာတို့၌မလာမရှိ။ဝိရ
တိတရားဝိရမဏစေတနာစသည်တို့ကိုဟောသောအရာသာများသည်
အားလျော်စွာလာရှိသောကြောင့်။ ဝေရမဏိတွင်၍ ရွတ်ဆိုခံယူခြင်း
သည်မသင့်သည်သာ။ ဟူလေ။ ။ဥပေါသထဒိဝသေပနပါတောဝ
ဘိက္ခုဿဝါဘိက္ခုနီယာဝါဒသသီလလက္ခဏညုနောဥပါသကဿဝါ
ဥပါသိကါယဝါသန္တိကေဝါစံဘိန္ဒိတွာအဋ္ဌသိက္ခါပဒါနိသမါဒိယါမိတိ
ဧကတောဝါပါဏာတိပါတာဝေရမဏိသိက္ခာပဒံသမာဒိယါမိတိအာ
ဒိနာပစ္စေကံဝါယထာပါဠိသမာဒါတဗ္ဗာနိ။ပါဠိံအဇာနန္တေနဗုဒ္ဓပညတ္တံ
ဥပေါသထံအဓိဋ္ဌါမိတိအဓိဋ္ဌာတဗ္ဗံ။အညံအလဘန္တေနအတ္တနာပိအဓိဋ္ဌါ
တဗ္ဗံ။ ဝစီဘေဒေါပနကာတဗ္ဗောယေဝ။ ။ဟူသောတိကအင်္ဂုတ္တိုရ်
ဝိသာခုပေါသထသုတ် အဋ္ဌကထာ။ ။ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသန္တိ
ကာလ ပရိစ္ဆေဒံကတွာ ဥပေါသထင်္ဂဝသေန အဋ္ဌသိက္ခာပဒါနိ သမာ
ဒိယာမိတိ ဧကတောကတွာ။ ပုနဝါပစ္စေကံ ပါဏာတိပါတာ ဝေရမ
ဏိသိက္ခာပဒံသမာဒိယာမိတိ ဧဝံဝစီဘေဒံကတွာ ယထာပါဠိ အဓိဋ္ဌာ
တဗ္ဗာနိ။ ။ဟူသောရင်းဋီကာတို့၌ဝစီဘေဒံကတွာဟူ၍ရင်း။ ဝစီဘေ
ဒေါကာတဗ္ဗောယေဝဟူ၍ရင်း မိန့်ဆိုတော်မူကြသောကြောင့် ပြဆိုခဲ့
ပြီးသောနည်းတို့တွင် ကြိုက်နှစ်သက်ရာ တပါးပါးသောနည်းဖြင့် နှုတ်
မြွက်ရွတ်ဆို၍သာခံယူဆောက်တည်ရမည်။ ။ပါဏာတိပါတာ အ
ဒိန္နာဒါန် ကာမေသုမိစ္ဆာစာရဟူသော ကာယဒုစရိုက် ၃ ပါးတို့မှကြဉ်
ရှောင်ကြောင်းဖြစ်သောကာယကံသီလ၏ ဒွါရသုံးပါးတို့၌ဖြစ်ကြောင်း။
မုသာဝါဒပိသုဏဝါစာဖရုသဝါစာသမ္ဖပ္ပလာပဟူသောဝစီဒုစရိုက် ၄ ပါး
တို့မှကြဉ်ကြောင်းဖြစ်သော ဝစီကံသီလ၏ဒွါရ ၃ ပါးတို့၌ဖြစ်ကြောင်း
စသည်ကိုပြဆိုရာဖြစ်သော။ ။ယဒါဟိကေနစိကာရဏေနဝတ္ထုံ အ
သက္ကောန္တောပါဏာတိပါတာအဒိန္နာဒါနာကာမေသုမိစ္ဆာစာရာ ပဋိဝိရ
မာမီတိ ဣမာနိသိက္ခာပဒါနိ ဟတ္ထမုဒ္ဒါယဂဏှာတိ။ တဒါကမ္မံ ကာယ

ကမ္မံ။ ဒွါရံပိကာယဒွါရမေဝ။ ဇေ၀ံကုသလံ ကာယကမ္မံ ကာယဒွါရေသ မုဋ္ဌာတိ။ တေဟိစိတ္တေဟိသဟဂတာ အနဘိဇ္ဈာဒယော စေတနာပက္ခိကာဝါဟောန္တိ အဗျောဟာရိကာဝါ။ ယဒါပနတာနေဝသိက္ခာပဒါနိ ဝစီဘေဒံကတွာဂဏှာတိ။ တဒါကမ္မံကာယကမ္မံ။ ဒွါရံပနဝစီဒွါရံဟောတိ။ ဇေ၀ံကုသလံကာယကမ္မံ ဝစီဒွါရေသမုဋ္ဌာတိ။ တေဟိစိတ္တေဟိ သဟဂတာအနဘိဇ္ဈာဒယော စေတနာပက္ခိကာ ဝါဟောန္တိ အဗျောဟာရိကာဝါ။ ယဒါပနတေသုသိက္ခာပဒေသုဗိယျ မာနေသု ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ မနသာဝပါဏာတိပါတာ အဗြဟ္မစရိယာကာမေသုမိစ္ဆာစာရာပဋိဝိရမာမီတိ ဂဏှာတိ။ တဒါကမ္မံ ကာယကမ္မံ။ ဒွါရံပန မနောဒွါရံ ဟောတိ။ ဇေ၀ံကုသလံကာယကမ္မံမနောဒွါရေသမုဋ္ဌာတိ။ တေဟိစိတ္တေ ဟိသဟဂတါအနဘိဇ္ဈာဒယေါစေတနာပက္ခိကါဝါဟောါန္တိအဗျော့ါဟါရိ ကာဝါ။ မုသါဝါဒါဝေရမဏီတိအါဒိနိပနစတ္တါရိသိက္ခါပဒါနိဂုတ္တနယေ နေဝကာယာဒီဟိ ဂဏှန္တဿကုသလံဝစီကမ္မံတိသုဒွါရေသု သမုဋ္ဌာတိ တိဝေဒိတဗ္ဗံ။ ။ဟူသောအဋ္ဌသာလိနီအဋ္ဌကထာ၌သိက္ခာပုဒ်တို့ကို လက်ဖေါက်ပြန်ခြင်း စသော ကိုယ်ဖြင့် ဆောက်တည် ခံယူကြောင်း။ စိတ်ဖြင့်ဆောက်တည်ခံယူကြောင်းတို့ကိုပြဆိုလေသည်ကား။တစုံတ ခုသောအကြောင်းကြောင့်နှုတ်မြွက်ရွတ်ဆို၍ခံယူဆောက်တည်ခြင်းငှာ မစွမ်းနိုင်သေါအရာကိုရည်၍သာ ပြဆိုသည်ဖြစ်၍နှုတ်မြွက်ရွတ်ဆို၍ခံ ယူဆောက်တည်ခြင်းငှါ စွမ်းနိုင်သောအရာဖြစ်လျှင် အင်္ဂုတ္တိုရ်အဋ္ဌက ထာဥပေါသထဝဂ်ဆွယ်ဟူ... 

ထာဒင်းဝိုကာတို့၌ပြဆိုအပ်သည်အတိုင်း နှုတ်မြွက်၍သာခံယူဆောက် တည်ရမည်ဟုမှတ်အပ်၏။ ။ဟိ။ချဲ့ဦးအံ့။ယဒါ။အကြင်အခါ၌။ ကေန စိကာရဏေန။ တစုံတခုသောအကြောင်းဖြင့်။ဝါ။ ကြောင့်။ဝတ္တုံ။ နှုတ် မြွက်ရွတ်ဆိုခြင်းငှာ။ အသက္ကောန္တော။မစွမ်းနိုင်သည်ဖြစ်၍။ ပါဏာတိ ပါတာအဗြဟ္မစရိယာ ကာမေသုမိစ္ဆာစာရာပဋိဝိရမာမီတိ။ ပါဏာတိပါ တာပဋိဝိရမာမိ။ အဗြဟ္မစရိယာပဋိဝိရမာမိ။ ကာမေသုမိစ္ဆာစာရာပဋိဝိရ မာမိဟူ၍။ဝတ္တုံ။ နှုတ်မြွက်ရွတ်ဆိုခြင်းငှာ။ အသက္ကောန္တော။ မစွမ်းနိုင် သည်ဖြစ်၍။ဝါ။နိုင်သောကြောင့်။ ဣမာနိသိက္ခာပဒါနိ။ ဤပါဏာတိပါ တာဝေရမဏီ အဗြဟ္မစရိယာဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ ဟူကုန်သော သိက္ခာပုဒ် ၃ ပါးတို့ကို။ ဟတ္ထမုဒ္ဒါယ။ လက်ဆုပ်ပြခြင်း ဖြင့်။ဝါ။ လက်ဆုပ်ပြခြင်းစသော ကိုယ်အမူအရာဖြင့်။ ဂဏှာတိ။ ဆောင်

တည်ခံယူ၍။တဒါ။ ထိုပါဏာတိပါတာဝေရမဏိစသောသိက္ခာပုဒ် ၃
ပါးတို့ကိုကိုယ်ဖြင့်ဆောက်တည်ခံယူသောအခါ၌။ကမ္မံ။ ကံသည်။ကာ
ယကမ္မံ။ ကာယကံသည်။ ဟောတိ။၏။ဒွါရံပိ။ဒွါရသည်လည်း။ ကာယဒွါ
ရမေဝ။ ကာယဒွါရသည်သာလျှင်။ ဟောတိ။၏။ ဧဝံ။ ဤသို့။ ကုသလံ။
ကုသိုလ်ဖြစ်သော။ ကာယကမ္မံ။ကာယကံသည်။ ကာယဒွါရေ။ကာယဒွါ
ရ၌။သမုဋ္ဌာတိ။ဖြစ်၏၊တေပဟိစိတ္တေဟိ။ ထိုစိတ်တို့နှင့်။ သဟဂတာ။တ
ကွဖြစ်ကုန်သော၊အနဘိဇ္ဈာဒယော။ အနဘိဇ္ဈာအစရှိသည်တို့သည်။ဝါ။
အနဘိဇ္ဈာအဗျာပါဒသမာဒိဋ္ဌိတို့သည်။ ဝါ၊ အနဘိဇ္ဈာဟူသော အလော
ဘ။အဗျာပါဒဟူသောအဒေါသ။ သမာဒိဋ္ဌိဟူသောအမောဟတို့သည်။
စေတနာပက္ခိကာဝါ။အပဓါနဖြစ်၍ ကုသိုလ်ကာယကံစေတနာ၏အဘို့
ရှိကုန်သည်လည်း။ဟောန္တိ။ကုန်၏။အဗ္ဗောဟာရိကာဝါ။ မနောကံဟူ၍
မခေါ်လောက်ကုန်သည်လည်း။ဝါ။ မနောကံဟူသောအမည်ဝေါဟာရ
ကိုမရ ကုန်သည်လည်း။ ဟောန္တိ။ ၏။ ပန။ ကာယကံ ကာယဒွါရနိုက်
ဖြစ်သည်မှတပါးဝစီဒွါရ၌ဖြစ်သည်ကိုပြဦးအံ့။ ယဒါ။၌။ တာနေဝသိက္ခာ
ပဒါနိ။ထိုပါဏာတိပါတာဝေရမဏိအစရှိသောသိက္ခာပုဒ် ၃ ပါးတို့ကို
ပင်လျှင်။ဝစီဘေဒံကတွာ။ ပါဏာတိပါတာပဋိဝိရမာမိအစရှိသည်ဖြင့်
နှုတ်မြွက်ခြင်းကိုပြု၍။ ဂဏှာတိ။၏။ တဒါ။၌။ကမ္မံ။ သည်။ ကာယကမ္မံ။
သည်၊ ဟောတိ။၏။ဒွါရံပန။ဒွါရမူကား။ ဝစီဒွါရံ။သည်။ဟောတိ။၏။ဧဝံ။
သို့။ကုသလံ။သော။ကာယကမ္မံ။သည်။ဝစီဒွါရေ။၌။သမုဋ္ဌာတိ။၏။ တေ
ဟိစိတ္တေဟိ။တို့နှင့်။သဟဂတာ။ကုန်သော။ အနဘိဇ္ဈာဒယော။တို့သည်။
စေတနာပက္ခိကာဝါ။ ကုန်သည်လည်း။ ဟောန္တိ။ကုန်၏။ အဗ္ဗောဟာရိ
ကာဝါ။ကုန်သည်လည်း။ဟောန္တိ။ကုန်၏။ပန။ အဖို့တပါးကိုဆိုဦးအံ့။ယ
ဒါ။၌။တေသုသိက္ခာပဒေသု။ ထိုပါဏာတိပါတာဝေရမဏိအစရှိသော
သိက္ခာပုဒ် ၃ ပါးတို့ကို။ ဒိယျမာနေသု။ တစုံတယောက်သောသူသည်
ပေးအပ်ကုန်သည်ရှိသော်။ ကာယင်္ဂဝါစင်္ဂါနိ။ ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့
ကို။အစောပေတွာ။ မလှုပ်စေမူ၍။ မနသာဝ။ စိတ်ဖြင့်သာလျှင်။ ပါဏာ
တိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာပဋိဝိရမာမီတိ။ ပါဏာတိ
ပါတာပဋိဝိရမာမိ။ အဒိန္နာဒါနာပဋိဝိရမာမိ။ ကာမေသုမိစ္ဆာစာရာပဋိဝိ
ရမာမိဟူ၍။ ဂဏှာတိ။ဆောက်တည်ခံယူ၏။ တဒါ၊၌။ကမ္မံ။သည်။ ကာ
ယကမ္မံ။သည်။ဟောတိ။၏။ဒွါရံပန။ကား။မနောဒွါရံ။သည်။ ဟောတိ၊၏။

ဧဝံ။သို့။ကုသလံ။သော။ကာယကမ္မံ။သည်။ မနောဒွါရေ။၌။သမုဋ္ဌာတိ။၏။ တေဟိဝိညတ္တိဟိ။ တို့နှင့်။သဟဂတာ။ ကုန်သော။အနဘိဇ္ဈာဒယော။ တို့သည်။စေတနာပက္ခိကာဝါ။ ကုန်သည်လည်း။ဟောန္တိ။ကုန်၏။အဗ္ဗောဟာရိကာဝါ။ကုန်သည်လည်း။ဟောန္တိ။ကုန်၏။ပန။ကုသိုလ်ဝစီကံ၏ဒွါရသုံးပါးတို့၌ ဖြစ်သည်ကိုပြဦးအံ့။ မုသာဝါဒါဝေရမဏီတိအာဒိနိ။ မုသာ ဝါဒါဝေရမဏီ ဤသို့အစရှိကုန်သော။ ဝါ။ မုသာဝါဒါဝေရမဏီ ပိသုနဝါစာ ဝေရမဏီ ဖရုသဝါစာဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ ဟူကုန်သော။စတ္တာရိသိက္ခာပဒါနိ။ ၄ ပါးသောသိက္ခာပုဒ်တို့ကို။ ဝုတ္တနယေနေဝ။ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ကာယာဒိဟိ။ ကိုယ်အစရှိသည်တို့ဖြင့်။ ဂဏှန္တဿ။ ဆောက်တည်ခံယူသောပုဂ္ဂိုလ်အား။ ကုသလံ။သော။ ဝစီကမ္မံ။သည်။တိသုဒွါရေသု။တို့၌။ သမုဋ္ဌာတိ။၏။ ဇာတိ။သို့။ ဝေဒိတဗ္ဗံ။၏။ ။မဏိမဉ္ဇူ။၌လည်းပါဏာတိပါတာဝေရမဏီအစရှိသောသိက္ခာပုဒ်တို့ကိုဒွါရသုံးပါးလုံးဖြင့်ပင်ခံယူဆောက်တည်ကြောင်းကို။ ။သမာဒိယန္တဿာတိပါဏာတိပါတာဝေရမဏီအာဒိနိတိဏ္ဏံ ဒွါရာနံအညတရေနဒွါရေနသမာဒိယန္တဿဂဏှန္တဿ။ ။ဟူ၍ပြဆို၏။ ။သမာဒိယန္တဿာတိ။သမာဒိယန္တဿဟူသည်ကား။ပါဏာတိပါတာဝေရမဏီအာဒိနိ။ပါဏာတိပါတာဝေရမဏီအစရှိသောသိက္ခာပုဒ်တို့ကို။ တိဏ္ဏံ ဒွါရာနံ။သုံးပါးသောဒွါရတို့တွင်။ အညတရေနဒွါရေန။တပါးပါးသောဒွါရဖြင့်။သမာ။ကောင်းစွာ။အာဒိယန္တဿဂဏှန္တဿ။ခံယူသောသူ၏။ ။ဤအဋ္ဌကထာစသည်၌။ သိက္ခာပုဒ်တို့ကိုမနောဒွါရဖြင့်ဆောက်တည်ခံယူကြောင်း။ ကာယကံကုသိုလ်ဝစီကံကုသိုလ်သီလ၏မနောဒွါရ၌ဖြစ်ကြောင်းကိုပြဆိုသောကြောင့်၎င်း။ ထိုထိုအရာဝယ်စိတ်ကိုပဓါနအားဖြင့်ပြဆိုသောကြောင့်၎င်း။ ။သီလသိက္ခာပုဒ်တို့ကို။ ဆောက်တည်ခံယူသော ပုဂ္ဂိုလ်သည်လည်း။ ဆောက်တည် ခံယူလိုသောစိတ်ဖြင့်။ ပါဏံနဟနာမိ။ အစရှိသည်ဖြင့်ပြဆိုခဲ့ပြီးသောဆောက်တည်ခံယူနည်းတို့တွင် တပါးပါးသောနည်းဖြင့် ဆောက်တည်ခံယူရမည်ကို။ပါဏာတိပါတာဝေရမဏီအစရှိသည်ဖြင့် ဝေရမဏီတွင်ရွေ ရွတ်ဆို ခံယူမိသော်လည်း ၎င်းစကားကို ရွတ်ဆိုသော ပုဂ္ဂိုလ်သည် သီလဆောက်တည်ခံယူလိုသောစိတ်ဖြင့်ရွတ်ဆိုသောကြောင့်ရွတ်ဆိုကြောင်းဖြစ်သောစိတ်သို့လိုက်သောအားဖြင့် သီလဆောက်တည်ခံယူ

ခြင်း သမာဒါနကိစ္စပြီးမြောက် ရာ၏ဟု မှတ်ယူရန်ရှိသော်လည်း။ ပါဠိအဋ္ဌကထာဋီကာတို့၌ပါဏာတိပါတာ ဝေရမဏီအစရှိသည်ဖြင့် ဝေရမဏီတွင်၍သာ ရွတ်ဆိုဆောက်တည်ခံယူကောင်း၏ဟု ဟောပြသော အရာမရှိမလာသောကြောင့် စင်းချိန်သဖွယ်ဖြစ်သော ပါဠိအဋ္ဌကထာဋီကာတို့၌ တိုက်ရိုက်လာရှိသောနည်းကို မယူဘဲ လက်ရန်းဆသကဲ့သို့။ ပါဏာတိပါတာဝေရမဏီ အစရှိသည်ဖြင့် ဝေရမဏီတွင်၍သာ ရွတ်ဆိုခံယူလျှင်ပင် သမာဒါနဖြစ်၏ဟုပြဆိုသောနည်းကိုမယူမူ၍ ပါဠိအဋ္ဌကထာဋီကါတို့၌တိုက်ရိုက်ပြဆိုလါရှိသောနည်းတို့တွင်ကြို က်နှစ်သက်ရာတပါးပါးသောနည်းဖြင့်သာ ပေးနိုင်ယူနိုင်ကြပါစေကုန်။ ။

ဇာတိအရိက္ခယ မဟာနဂရေ သဒ္ဒေဝမဟိတသတ္တု ကေသဓာတုနိဓာနမဟာတိကူဋစေတိယဝရဿ၊ ပုရတ္ထိမာသန္နေဗင်္ဂလားစရိယာရာမေမနောရမ္မေဝိဟာရေဝသန္တေန ဇာတိတောသတ္တတိဝဿေနဥပသမ္ပဒတောပဉ္စာသဝဿေန စန္ဒဝံသာလင်္ကာရေနမဟာဗဟိနဂရာစရိယေန ရစိတောယံ သီလသမာဒါန ပိနိဿယောနာမ ဇိနစက္ကဿ ဒွိသဟဿ စတုသတဧကစတ္တာလီသမေ သက္ကရာဇဿဧကသဟဿ ဒွိသတဧကူနသဋ္ဌိမေဝဿေ၊ ဘဒ္ဒရမာသဿဇုဏှပက္ခ ဒွါဒသမေနိဋ္ဌိတော။ ။

ဇာတိဇရာမိနာ ဩဘာကေနဝစနတ္တမေန။ ဤမျှအတိုင်းအရှည် ရှိသောစကားအစဉ်ဖြင့်။အရိက္ခယမဟာနဂရေ။ ဟံသာဝတီရန်ကုန်မြို့ကြီး၌။ သဒ္ဒေဝမဟိတသတ္တုကေသဓာတုနိဓာနမဟာတိကူဋစေတိယဝရဿ။ နတ်နှင့်တကွသော လောကသည် ပူဇော်အပ် ပူဇော်ထိုက်သော မြတ်စွာဘုရား၏ဆံတော်ဓာတ်ကို ဌာပနာရာဖြစ်သော မြတ်သောတိကုံစေတီတော်ကြီး၏။ ပုရတ္ထိမာသန္နေ။ အရှေ့ မျက်နှာ အနီးဖြစ်သော ကျောင်းတော်ရာမြေ အရပ်နိုက်။ ဗင်္ဂလားစရိယာရာမေ။ ဗင်္ဂလား ဆရာတော်ကျောင်းတိုက်၌။ မနောရမ္မေ။ ပညာရှိသူတော် ကောင်းတို့၏ နှလုံးမွေ့လျော်ဘွယ်ဖြစ်သော။ဝိဟာရေ။ ရန်ကုန်မြို့ကမ်းနားလမ်းရပ်နေ ပွဲစားစံကျောင်းတကာမောင်ဘောသိန်း စံကျောင်းအမ မယ်ကျင် ဇနီးမောင်နှံတို့သည်ဆောက်လုပ် လှူဒါန်းအပ်သောကျောင်း၌။ ဝသန္တေန။သံလျင်မြို့ဝယ်သီမသမုတိကံရွက်ဆောင်ရန် မန္တလေးမြို့မှရန်ကုန်မြို့သို့ကြွရောက်တပည့်ဆရာတော် သင်္ဃာတော် အများ၏ တောင်းပန် လျှောက်ထားခြင်းကိုဝန်ခံသဖြင့်သီတင်းသုံးနေတော်မူသော။ ဇာတိတော။ အမိ

ဝမ်းမှဖွားသောကာလမှ။သတ္တတိဝဿေန။ နှစ်ရေခုနစ်ဆယ်အသက်ရှိ
သော။ဥပသမ္ပဒတော။ ပဉ္စင်းခံသောကာလမှ။ပဉ္စာသဝဿေန။ နှစ်ရေ
ငါးဆယ်သိက္ခာဝါရှိပြီးသော။စန္ဒဝံသာလင်္ကာရေန။ စန္ဒဝံသာလင်္ကာရ
အမည်ရှိသော။မဟာဗဟိနဂရာစရိယေန။ မြို့ပြင်ကြီးဆရာတော်သည်။
ရစိတော။ရေးပြုစီရင်အပ်သော။ သီလသမာဒါနဝိနိစ္ဆယောနာမ။သီလ
သမာဒါနဝိနိစ္ဆယအမည်ရှိသော။ အယံဂန္ထော။ဤကျမ်းသည်။ဇိနစက္ကဿ။
မြတ်စွာဘုရား သာသနာတော်၏။ ဒွိသဟဿစတုသတ ဧကစတ္တာလီ
သမေ။ ၂၄၄၁ ခုမြောက်ဖြစ်သော။ ဝဿေ"နှစ်၌။ သက္ကရာဇဿ။ကော
ဇာသက္ကရာဇ်၏။ ဧကသဟဿဒွိသတဧကူနသဋ္ဌိမေ။၁၂၅၉ ခုမြောက်
ဖြစ်သော။ဝဿေ။နှစ်နှိုက်။ ဘဒ္ဒရမာသဿ။ တော်သလင်းလ၏။ဇုဏှ
ပက္ခဒွါဒသမေ။ လဆန်း ၁၂ ရက်နေ့နှိုက်။ နိဋ္ဌိတော။ ပြီးဆုံး ခြင်းသို့
ရောက်၏။ ။

သီလသမာဒါနဝိနိစ္ဆယကျမ်းဤတွင်ရွေ့ပြီးပြီ။

# သရဏသဂ္ဂပါဒိဒသသံနကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

သရဏံ သဗ္ဗပါဏိနံ။ ဗုဒ္ဓါဒိသရဏတ္တယံ။ နတွာတဿ သဂ္ဂပါဒိံ ဒသသယိဿံယထာတတ္ထံ။ ။သဗ္ဗပါဏိနံ။ ခပ်သိမ်းသော ဗြဟ္မာနတ်လူပုဂ္ဂိုလ်ဟူသမျှတို့၏။သရဏံ။ မှီခိုကိုးကွယ်ရာဖြစ်သော။ ဝါ။ စိတ်၏ ကြောက်ရွံ့တုန်လှုပ်ခြင်းကိုဖြစ်စေတတ်သော အပါယ်ဘေးဝဋ်ဆင်းရဲ ဘေးစသည်သို့ ကျရောက်စေ တတ်သော အကုသိုလ်ကို နှိပ်စက်ဖျက် ဆီးတတ်သော။ ဗုဒ္ဓါဒိသရဏတ္တယံ။ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအစရှိ သောသရဏသုံးပါးအပေါင်းကို။ နတွာနမာမိ။ရှိခိုးပါ၏။ နတွာ။ရှိခိုးပြီး ၍။တဿ။ထိုသုံးပါးသောသရဏ၏။ယထာတတ္ထံ။ဟုတ်မှန်တိုင်းသော။ သဂ္ဂပါဒိံ။သရုပ်အရအစရှိသည်ကို။ ယထာတတ္ထံ။ဟုတ်မှန်တိုင်း။ဒသသ ယိဿံ။ပြပေအံ့။ ။

ဗုဒ္ဓဓမ္မသံဃာသည်သရဏဂုံအရာ၌လါသော်သရဏဋ္ဌာန သရဏတ္တ ယအရ ဖြစ်သော ဗုဒ္ဓဓမ္မသံဃာ။ ရတနတ္တယ ပဏာမ အရာနှိုက်လာ သောပဏာမိတဗ္ဗရတနတ္တယအရဖြစ်သော ဗုဒ္ဓဓမ္မသံဃာဟု ရှိသည် တွင်။ဤနှိုက်သရဏတ္တယ အရသရုပ်ကိုပြလိုရင်းဖြစ်သော်လည်း ရတ နတ္တယအရသရုပ်ဖြစ်သောဗုဒ္ဓဓမ္မသံဃာကို ရှေးဦးစွာပြအံ့။ ။ရတ နတ္တယပဏာမ အရာ၌ ရတနာအရကို ပြရာ။ ဆွဲသကျမ်း၏ အဖွင့်ဖြစ် သောသံပျင်ဋီကာမဏိဒီပကျမ်းမဏိသာရမဉ္ဇူသာကျမ်းတို့၌။ ။ ဗုဒ္ဓေါသဗ္ဗညုတညာဏံ။ ဓမ္မော လောကုတ္တရောနဝ။ သံဃောမဂ္ဂဖလ ဋ္ဌောတိ။ဣစ္စေတံရတနတ္တယံ။ ။ဟူသောဂါထာကိုဆောင်၍ပြတော်မူ ကုန်၏။ ။ထိုတွင် ဤဂါထာကို။ ။တတ္ထသဗ္ဗညုတညာဏံဗုဒ္ဓေါဗုဒ္ဓ ဝါဘဂဝါစ။နဝဝိဓောလောကုတ္တရောတမ္ဘူတောဓမ္မောစ။မဂ္ဂဖလဋ္ဌော မဂ္ဂဖလေသုဋ္ဌိတောသံဃောစ ဣတိဣမိနာပကာရေနဘေဒေနေတံဗုဒ္ဓေါ

ဒိဋ္ဌဿံရတနဿံ နာမာတိအတ္ထော။ ။ဟုဖွင့်ပြ ယောဇနာ သော
မဏိမဥ္ဇူအလိုသော် ဤဂါထာကို။ ။သမ္ဗုဒ္ဓတညာဏံ။သမ္ဗုဒ္ဓတ
ညာဏ်ကို။ဗုဒ္ဓေါစ။ သိတော်မူပြီးသောမြတ်စွာဘုရားရှင်း။နဝ။မဂ်လေး
ပါးဖိုလ်လေးပါးနိဗ္ဗာန်အားဖြင့် ကိုးပါးအပြားရှိသော။ လောကုတ္တရော။
လောကုတ္တရာဖြစ်သော။ ဓမ္မောစ။ တရားတော်ရှင်း။ မဂ္ဂဖလဋ္ဌော။မဂ်
ဖိုလ်တို့၌တည်သော။သံဃောစ။ ရှစ်ပါးသောအရိယာသံဃာရှင်း။ဇာတိ
ဇာမိနာ ပကာရေန။ ဤသို့သော အပြားအားဖြင့်။ ဧတံ။ ဤဘုရားတရား
သံဃာသုံးပါးအပေါင်းသည်။ရတနတ္တယံ။ ရတနာသုံးပါးအပေါင်းမည်
၏။ ။ဟုမြန်မာပြန်လို၏။ ။တတ္ထ။ထိုဂါထာ၌။သမ္ဗုဒ္ဓတညာဏံ။ကို။
ဗုဒ္ဓေါဗုဒ္ဓဝါ။သိတော်မူပြီးသော။ဘဂဝါစ။မြတ်စွာဘုရားရှင်း။နဝဝိဓေါ။
မဂ်လေးပါးဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ကိုးပါးအပြားရှိသော။ လော
ကုတ္တရောတန္တုတော။လောကုတ္တရာဖြစ်၍ဖြစ်သော။ဓမ္မောစ။ရှင်း။မဂ္ဂ
ဖလဋ္ဌောမဂ္ဂဖလေသုဋ္ဌိတော။မဂ်ဖိုလ်တို့၌တည်သော။သံဃောစ။ ရှင်း။
ဇာတိဇာမိနာပကာရေနဘေဒေန။ ဤသို့သောအပြားအားဖြင့်။ ဧတံဗုဒ္ဓါ
ဒိတ္တယံ။ဤဘုရားစသော ၃ ပါးအပေါင်းသည်။ရတနတ္တယံနာမ။ရတနာ
၃ ပါးအပေါင်းမည်၏။ဇာတိအယံ။ဤသည်ကား။အတ္ထော။အနက်တည်း။ ။
ဗုဒ္ဓေါ သမ္ဗုဒ္ဓတညာဏန္တိ ဧတ္ထ သမ္ဗုဒ္ဓတညာဏံ ဗုဒ္ဓေါဉာတော အဓိဂ
တောဘဂဝါတိအတ္ထော။ ။ဟုဖွင့်ဆိုသောသံပျင်ဋီကာအလိုအားဖြင့်
လည်း။ ။သမ္ဗုဒ္ဓတညာဏံ။ကို။ဗုဒ္ဓေါ။သိတော်မူသောမြတ်စွာဘုရား
ရှင်း။ဝါ။ ရတော်မူသောမြတ်စွာဘုရားရှင်း။ ။စသည်ဖြင့်မဏိမဥ္ဇူ
ကဲ့သို့ပင်ပေးလို၏။ ။ဗုဒ္ဓေါသမ္ဗုဒ္ဓတညာဏန္တိ ဧတ္ထ။၌။သမ္ဗုဒ္ဓတညာ
ဏံ။ ကို။ ဗုဒ္ဓေါဉာတော။ သိတော်မူသော။ ဝါ။ ဗုဒ္ဓေါအဓိဂတော။ရ
တော်မူသော။ဘဂဝါစ။ရှင်း။ဇာတိအယံ။ကား။အတ္ထော။တည်း။ ။အဓိ
ဂတောတိပါဠ္ဌသောသံအဓိပ္ပါယ်ဟာရိတ္တာ သမ္ဗုဒ္ဓတညာဏံအဓိဂတောခန္ဓ
သန္တာနသန်ါ်တော ပုဂ္ဂလောဗုဒ္ဓေါနာမာတိ အတ္ထောဝဂဟော တဗ္ဗော။
တဒဓိဂတောတသ္မိံ ယေဝဗုဒ္ဓပညတ္တိယာ နိရုဠ္ဌဘာဝတော။ ။ဟုပြ
ဆိုသောမဏိဒိပဆရာ၏အလိုအားဖြင့်ကား။ ။သမ္ဗုဒ္ဓတညာဏံ။ကို။
အဓိဂတော။ ရသောခန္ဓာအစဉ်ဟု ဆိုအပ်သောသမ္မာသမ္ဗုဒ္ဓ မြတ်စွာ
ဘုရားဟူသောပုဂ္ဂိုလ်အထူးသည်၊ ဗုဒ္ဓေါ။ဗုဒ္ဓမည်၏။ နဝ။သော။လော
ကုတ္တရော။လောကုတ္တရာတရားသည်။ ဓမ္မော။ဓမ္မမည်၏။ မဂ္ဂဖလဋ္ဌော။

မဂ်၌ တည်သော ပုဂ္ဂိုလ်လေးယောက် ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေး
ယောက်ဟူသော ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်သည်။ သံဃော။
သဃ်မည်၏။ ။ဤသို့ သညီသညာ ပကတိဝိဂတိ ကတ္တားယူ၍ပြန်
လို၏။ ။သဗ္ဗညုတညာဏံ။သဗ္ဗညုတညာဏ်သည်။ဗုဒ္ဓေါ။ဗုဒ္ဓမည်၏။ ။
ဟူ၍အချုံ့ဆရာတို့ ပြန်ဆိုသောအနက်ကို။ ဗုဒ္ဓဟူသောနာမ ပညတ်၏
သဗ္ဗညုတညာဏ်၌မထင်ခြင်း။ သဗ္ဗညုတညာဏ်ကိုဗုဒ္ဓဟူ၍ ခေါ်ဝေါ်
သောအရာ မရှိခြင်းကြောင့် မယူသင့် ကြောင်းကိုလည်း။ ၊ ၊ဗုဒ္ဓေါ
သဗ္ဗညုတညာဏသ္မိံဝတ္တေသဗ္ဗညုတညာဏံ ဗုဒ္ဓေါနာမာတိအဝတ္တဗ္ဗာနဂ
ဟေတဗ္ဗော။ တသ္မိံဗုဒ္ဓပညတ္တိယာ အနိရုဠှ ဘာဝတော။ ။ဟုဇင်း
ကျမ်း၌ပင်ပြ ဆိုတော်မူ၏။ ။ဗုဒ္ဓေါ သဗ္ဗညုတညာဏသ္မိံ ဝတ္တေ။ ၌။
သဗ္ဗညုတညာဏံ။သည်။ဗုဒ္ဓေါ။ဗုဒ္ဓမည်၏။ဣတိအဝတ္တာ။ဤသို့သောအ
ချုံ့ဆရာတို့ပြန်ဆိုသောအနက်ကို။ နဂဟေတဗ္ဗော။ မယူအပ်။ကသ္မာ။အ
ဘယ်ကြောင့်သဗ္ဗညုတညာဏ်သည်ဗုဒ္ဓမည်၏ဟူသော အနက်ကိုမယူ
အပ်သနည်းဟူမူကား။ တသ္မိံ။ထိုသဗ္ဗညုတညာဏ်၌။ ဗုဒ္ဓပညတ္တိယာ။
ဗုဒ္ဓဟူသော နာမပညတ်၏။ အနိရုဠှဘာဝတော။ မထင်သည်၏ ဖြစ်
ကြောင့်။နဂဟေတဗ္ဗော။အင်။အဓိဂတောတိပါဠ္ဌသော။သဗ္ဗညုတညာ
ဏံဟူသောဒုတိယာဝိဘတ်အဆုံးရှိသောပုဒ်နှောင်အဓိဂတောဟူသော
ပါဌ်ကြွင်းကို။ အဇ္ဈာဟရိတွာ။ဆောင်၍။သဗ္ဗညုတညာဏံ။ ကို။အဓိဂ
တော။ရသော။ ခန္ဓသန္တာနသင်္ခါတော။ ခန္ဓာအစဉ်ဟုဆိုအပ်သော။ ပုဂ္ဂ
လော။ပုဂ္ဂိုလ်သည်။ဗုဒ္ဓေါနာမ။ဗုဒ္ဓမည်၏။ ဣတိအဝတ္တာဝ။ဤသို့သော
အနက်ကိုသာလျှင်။ ဂဟေတဗ္ဗော။ ယူအပ်၏။ ကသ္မာ။ အဘယ်ကြောင့်
သဗ္ဗညုတညာဏ်ကိုရသောပုဂ္ဂိုလ်သည်ဗုဒ္ဓမည်၏ဟူသောအနက်ကို
သာယူအပ်ယူသင့်ယူထိုက်သနည်းဟူမူကား။ တဒဓိဂတော။ထိုသဗ္ဗညု
တညာဏ်ကို ရသည်ရှိသော်။ တသ္မိံယေဝ။ထိုသဗ္ဗညုတညာဏ်ကိုရ
သောပုဂ္ဂိုလ်၌သာလျှင်။ဗုဒ္ဓပညတ္တိယာ။ဗုဒ္ဓဟုခေါ်ဝေါ်ခြင်းနာမပညတ်
၏။နိရုဠှဘာဝတော။ထင်သည်၏အဖြစ်ကြောင့်တည်း။ ။ဘုရားတဦး
ဟူသော ဗုဒ္ဓရတနာ၌ ဗုဒ္ဓသဒ္ဒါ၏သာထင်ခြင်း။ ဘဂဝါစသောသဒ္ဒါတို့
၏မထင်ခြင်းကြောင့်။ ။သဗ္ဗညုတညာဏံဗုဒ္ဓေါညာတောအဓိဂတော
ဘဂဝါ။ ဟုပြဆို သောသံပျင် ဋီကာဆရာ၏ စကားကို ဆင်ခြင် အပ်
ကြောင်းကို။ ။ဧဝံသ ဝဏ္ဏနာယံပန ဗုဒ္ဓေါသဗ္ဗညုတညာဏသ္မိံဝတ္တေ

သဗ္ဗညုတညာဏံဗုဒ္ဓေါဉာဏတောအဓိဂတောဘဂဝါတိအဇ္ဈောတိဝုတ္တံ။
တဒေတံဗုဒ္ဓရတနေဗုဒ္ဓသဒ္ဒဿဝနိရုဠှဘာဝတောဝိစာရေတဗ္ဗံ။ ။
ဟုဂဏ်းကျမ်း၌ပင်ပြဆို၏။ ။ဿြာသဝဏ္ဏနာယံပန။ညာသ်ကျမ်း၏အဖွင့်
ဖြစ်သောသံပျင်ဋီကာ၌ကား။ဗုဒ္ဓေါသဗ္ဗညုတညာဏာနိဿြေယ။သဗ္ဗညုတ
ညာဏံ ဗုဒ္ဓေါဉာဏတော အဓိဂတ ဘဂဝါတိ အဇ္ဈောတိ။ ဗုဒ္ဓေါ၊ လ။
အဇ္ဈော ဟူ၍။ ဝုတ္တံ။ ဖွင့်ဆိုအပ်၏။ တဒေတံဝေါဝစနံ။ ထိုသံပျင်ဋီကာ
ဆရာ၏စကားကို။ ဗုဒ္ဓရတနေ။ ဘုရားရတနာ၌။ ဗုဒ္ဓသဒ္ဒဿဝ။ ဗုဒ္ဓ
သဒ္ဒါ၏သာလျှင်။နိရုဠှဘာဝတော။ ထင်သည့်၏အဖြစ်ကြောင့်။ဝိစာရေ
တဗ္ဗံ။ ဆင်ခြင်အပ်ဆင်ခြင်သင့်၏။ ။ဤမဏိဒီပဆရာကားသံပျင်ဋီ
ကာပါဌ်ကို။ ။သဗ္ဗညုတညာဏံ။ကို။ဗုဒ္ဓေါဉာဏတော။သိတော်မူသော
မြတ်စွာဘုရားသည်။ဝါ။ဗုဒ္ဓေါအဓိဂတော။ ရတော်မူသောမြတ်စွာဘု
ရားသည်။ဘဂဝါ။ဘဂဝါမည်တော်မူ၏။ ။ဟူ၍သညီသညာပကတိ
ဝိကတိကဗ္ဗားအနက် ပြန်လိမ့်မည်ဟု မှတ်ထင်၍ အပြစ် တင်ဆိုလေ
သည်။ဋီကာဆရာမှုကားမဏိဒီပဆရာထင်သည့်အတိုင်းပြန်ဆိုလိုသည်
မဟုတ်ပေ။သဗ္ဗညုတညာဏံ။ကို။ ဗုဒ္ဓေါဉာဏတော။သိတော်မူသော။ဝါ။
ဗုဒ္ဓေါအဓိဂတော။သော။ဘဂဝါ။ မြတ်စွာဘုရားဂုဏ်။ဤသို့သာပေးလို
ရကား။ဤသို့ပေးကလည်းဟုတ်မှန်သောအနက်သာ ဖြစ်သောကြောင့်
အပြစ်မတင် ဆိုထိုက်ပေ။ ။သဂြိုဟ် ဋီကာဟောင်းဝယ် ဆောင်ပြ
သောဂါထာ၌ကား။ဗုဒ္ဓေါသဗ္ဗညုတညာဏတောဟုပုံလိပ်ပထမနှင့်ရှိ၏။
မဏိမဉ္ဇူ၌လည်း။ဗုဒ္ဓေါသဗ္ဗညုတညာဏတောဟုပုံလိပ်ပထမာဝိဘတ်နှင့်
နှင့်ပါဌ်ရှိခဲ့မူ။ ။သဗ္ဗညုတညာဏတော။သဗ္ဗညုတညာဏ်နှင့်ပြည့်စုံသော။
ဗုဒ္ဓေါ။မြတ်စွာဘုရားဂုဏ်။ ဟုအနက်ပြန်ဆိုရမည်အကြောင်းကို။ ။
ဗုဒ္ဓေါသဗ္ဗညုတညာဏောတိပါဌေပနသဗ္ဗညုတညာဏသမန္နာဂတော
ဗုဒ္ဓေါစာတိအဇ္ဈော။ ။ဟုပြဆိုတော်မူ၏။ ။ဗုဒ္ဓေါသဗ္ဗညုတညာ
ဏောတိပါဌေ။ဟူသောပါဌ်သည်။သတိပန။ရှိခဲ့မူကား။သဗ္ဗညုတညာ
ဏသမန္နာဂတော။သဗ္ဗညုတညာဏ်နှင့်ပြည့်စုံသော။ ဗုဒ္ဓေါစ။ ဘုရား
ဂုဏ်။ဇာတိအဇ္ဈော။ဤသို့သောအနက်ကို။ဝေဒိတဗ္ဗော။သိအပ်၏။ ။မ
ဏိဒီပ၌လည်းအချို့သောကျမ်းဂန်ပေဝယ်။ ဗုဒ္ဓေါသဗ္ဗညုတဉာဏော
ဟူသောပါဌ်သည်လည်းရှိသည်ဟု ဆရာတို့ ဆိုကြကြောင်း။ ထိုသို့ပုံ
လိပ်ပထမာဝိဘတ်နှင့်ရှိသောပါဌ်သာအထူးသဖြင့်ကောင်းကြောင်း။

၍သို့ရှိခဲ့သော်။ ။သဗ္ဗညုတဉာဏေ။သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ဗုဒ္ဓေါ။ဗုဒ္ဓမည်၏။ ဟုအနက်ပြန်ရမည်အကြောင်း။ထိုသဗ္ဗညုတဉာဏေါဟူသောပုဒ်သည်။သဒ္ဒါဒိတော၊ဏဟူသော၊ကစ္စည်းသုတ်ဖြင့် အသသတ္တိအနက်၌ဓိရင်အပ်သောဏပစ္စည်းအဆုံးရှိသောတဒ္ဓိတ်ပုဒ်ဖြစ် ကြောင်းကို။ ။ကစ္စာယနပကရဏေဗုဒ္ဓေါသဗ္ဗညုတဉာဏောတိပါ ဠိဒ္ဒေါဗုဒ္ဓ။ ။သောယေ၀သန္ဒုရတရော။ တတ္ထပနသဗ္ဗညုတဉာ ဏသမနာဂတော ပုဂ္ဂလောဗုဒ္ဓေါနာမာတိ အတ္ထော။ သဗ္ဗညုတဉာ ဏောတိဣဒံဟိ သဒ္ဒါဒိတောဏာတိ သုတ္တေနအာသတျတ္ထေပိဟိတဏ ပစ္စယ၀သေနတဒ္ဓိတန္တပဒန္တိ။ ။ဟုပြဆိုတော်မူ၏။ ။ကစ္စာယနပက ရဏော။အချို့သောကျမ်းဂန်ပေ၌။ဗုဒ္ဓေါသဗ္ဗညုတဉာဏောတိပါဠိဒ္ဒေါပိ။ ဗောဓာဟူသောပါဌ်သည်လည်း။ အတ္ထိတိ။ရှိ၏ဟူ၍။ ၀ဒန္တိ။ဆရာတို့ဆို ကုန်၏။သောယေ၀။ထိုသို့ရှိသောပါဌ်သည်သာလျှင်။ သန္ဒုရတရော။အ လူးသဖြင့်ကောင်းပေ၏။တတ္ထပန။ ထိုဗုဒ္ဓေါသဗ္ဗညုတဉာဏောဟုရှိ သော၊ပါဌ်၌ကား။သဗ္ဗညုတဉာဏသမနာဂတော။သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော။ပုဂ္ဂလော။သည်။ဗုဒ္ဓေါနာမ။မည်၏။ ဣတိအတ္ထော။ကို။ဝေ ဒိတဗ္ဗော။၏။ဟိသစ္စံ။၏။သဗ္ဗညုတဉာဏောတိဣဒံ။သဗ္ဗညုတဉာဏော ဟူသော၍ပုဒ်သည်။သဒ္ဒါဒိတောဏာတိသုတ္တေန။ သဒ္ဒါဒိတောဏဟူ သောသုတ်ဖြင့်။ အာသတျတ္ထေ။ အသသတ္တိအနက်၌။ ဝိဟိတဏပစ္စယ၀ သေန။ ဓိရင်အပ်သောဏပစ္စည်း၏ အစွမ်းဖြင့်။ တဒ္ဓိတန္တပဒံ။တဒ္ဓိတ် ပစ္စည်းအဆုံးရှိသောပုဒ်တည်း။ ။သဒ္ဒေါဟူသောပုဒ်မှာတပုဒ်ထည်း သာဖြစ်၍တဒ္ဓိတန္တသာဖြစ်သင့်သည်။ ၍၌ကားပုဒ်နှစ်ခုဖြစ်၍။သဗ္ဗညု တံဉာဏံအဿါတိသဗ္ဗညုတဉာဏောဟူ၍ဗဟုဗ္ဗိဟိသမါသ်ပြုသော် လည်းသင့်သည်ပင်။ ။၍ဂါထာပထမပါဒဖြင့်။ ။သဗ္ဗညုတဉာဏ် သည်သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအားသာရှိသည်။ သမ္မာသမ္ဗုဒ္ဓမြတ် စွာဘုရားသာသဗ္ဗညုတဉာဏ်နှင့်ပြည့်စုံသည်။ငင်းမြတ်စွာဘုရားသာ သဗ္ဗညုတဉာဏ်ကိုရသည်။ တပါးပုဂ္ဂိုလ်တို့ မရကောင်းဖြစ်သော ကြောင့်။သုတဗုဒ္ဓသာဝကဗုဒ္ဓပစ္စေကဗုဒ္ဓသမ္မာသမ္ဗုဒ္ဓဟူသောဗုဒ္ဓ ၄ ပါးတွင်။ဝါ။သမ္မာဗုဒ္ဓသမ္ဗုဒ္ဓသမ္မာသမ္ဗုဒ္ဓဟူသောဗုဒ္ဓ၃ပါးတွင်၍ရတ နတ္တယကိုပြဆိုသောအရာဝယ်ဗုဒ္ဓအရဗုဒ္ဓရတနာအရကို တပါးဗုဒ္ဓတို့ ကိုနှစ်စေ၍သမ္မာသမ္ဗုဒ္ဓကိုသာယူအပ်သည်၏အဖြစ်ကိုပြတော်မူသည်။

သရဏာဂုံ အရာဝယ်။ ဗုဒ္ဓ သရဏာအရကို ဆတ္တမာတာဝဝိမာန ဝတ္ထု ပါဠိတော်၌။ ။ယောဝဒတံပဝရောမနုဇေသု။ သကျမုနိဘဂဝါကတ ကိစ္စော။ပါရဂတောဗလဝိရိယသမင်္ဂိ။တံသုဂတံသရဏာတ္ထမုပေဟိ၊ ။ ဟူ၍ဟောတော်မူသည်။ ။မာတာဝ။ဆတ္တလုလင်။ ယောသုဂတော။ အကြင်မြတ်စွာဘုရားသည်။မနုဇေသု။လူတို့တွင်။ဝါ။တို့၌။ ဝဒတံ ဝဒန္တာ နံ။သစ္စာ၄ပါးတရားကို ဟောကြားတတ်သောသူတို့ထက်။ ပဝရော။အ ထူးသဖြင့်မြတ်တော်မူ၏။သကျမုနိ။သာကီဝင်မင်းတို့၏အထွဋ်အမြတ် ဖြစ်သောမုနိဖြစ်တော်မူ၏။ဝါ။သာကီဝင်မင်းမျိုးရဟန်းဖြစ်တော်မူ၏။ ဘဂဝါ။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ ကတကိစ္စော။ပြု အပ်ပြီးသောတဆဲ့ခြောက်ချက်သောမဂ်ကိစ္စရှိတော်မူ၏။ဝါ။ပြုအပ်ပြီး သောအလုံးစုံသောဗုဒ္ဓကိစ္စရှိတော်မူ၏။ ပါရဂတော။နိဗ္ဗာန်တည်းဟူ သောကမ်းတဘက်သို့ ရောက်တော်မူ၏။ ဗလဝိရိယသမင်္ဂိ။ ဆယ်ပါး သောကာယဗလ ညာဏဗလ သမ္မပဓာန် လုံ့လနှင့် ပြည့်စုံတော်မူ၏။ တံသုဂတံ။ထိုမြတ်စွာဘုရားကို။သရဏာတ္ထံ။ကိုးကွယ်ခြင်းငှါ။ ဥပေဟိ။ ဆည်းကပ်လေလော။ ။ခုဒ္ဒကပါဌအဋ္ဌကထာ၌လည်းဗုဒ္ဓသရဏာအ ရာ၌ပင်ဗုဒ္ဓအရကို။ ။သဗ္ဗဓမ္မေသုအပ္ပဋိဟတညာဏနိမိတ္တာနုတ္တရဝိ မောက္ခာဓိဂမပရိဘာဝိတ ခန္ဓသန္တာနမုပါဒါယပညတ္တော။ သဗ္ဗညုတ ညာဏပဒဋ္ဌာနံဝါ သစ္စာဘိသမ္ဗောဓိမုပါဒါယ ပညတ္တော သတ္တဝိသေ သောဗုဒ္ဓေါနာမ၊ ။ဟူ၍ပြဆိုတော်မူသည်။ ။သဗ္ဗဓမ္မေသု။သင်္ခါ ရဝိကာရလက္ခဏာနိဗ္ဗာန်ပညတ်ဟူသောအလုံးစုံသော ဉေယျတရားတို့ ၌။အပ္ပဋိဟတညာဏနိမိတ္တါနုတ္တရဝိမောက္ခာဓိဂမပရိဘာဝိတခန္ဓသန္တာ နံ။ပိတ်ပင်ဆီးတားမရှိ ကြွင်းမဲ့ကုံစင် သိမြင်နိုင်သောသဗ္ဗညုတညာဏ် တော်၏အကြောင်းဖြစ်သောမိမိထက်လွန်ကဲသော တရားမရှိ၍အနုတ္တ ရမည်သောအရဟတ္တမဂ်ညာဏ်ဖြင့် ထုံအပ်သောခန္ဓာအစဉ်ကို။ဥပါ ဒါယ။ အကြောင်းအစွဲပြု၍။ ပညတ္တော။ဘုရားဟူ၍ သမုတ်ပညတ်ခေါ် ဝေါ်အပ်သော။သတ္တဝိသေသော။သတ္တဝါအထူးသည်။ဗုဒ္ဓေါနာမ။ဗုဒ္ဓမည် ၏။ဝါ။တနည်းကား။သဗ္ဗညုတညာဏပဒဋ္ဌာနံ၊သဗ္ဗညုတညာဏ်တော် ၏နီးစွာသောအကြောင်းပဒဋ္ဌာန်ဖြစ်သော။ သစ္စာဘိသမ္ဗောဓိံ။ပရိညာ ပဟာနသစ္ဆိကိရိယာဘာဝနာဘိသမယအားဖြင့်သစ္စာ ၄ပါးတို့ကိုပိုင်း ခြားထင်ထင်ဟုတ်မှန်စွာသိမြင်တတ်သောအရဟတ္တမဂ်ညာဏ်ကို။ဥပါ

ဒါယ။အကြောင်းဗျူပွတ္တိနိမိတ်ပြု၍။ပညတ္တော။သော။သတ္တဝိသေသေါ။ သည်။ဗုဒ္ဓေါနာမ။၏။ရှေးဝိကပ်၌ခန္ဓာအစည်ကိုအကြောင်းပြု၍။နောက် ဝိကပ်၌အရဟတ္တ မဂ်ညာဏ်ကို အကြောင်းပြု၍ဘုရားဟု သမုတ်အပ် သောသတ္တဝါပုဂ္ဂိုလ်အထူးသည်ဗုဒ္ဓမည်သည်ဟူလို၊ ရှေ့ဝိကပ်၌ခန္ဓာ သန္တာနအရကိုအရဟတ္တမဂ်ညာဏ်ဖြင့် ထုံအပ်သော ခန္ဓာအစည်ကိုယူ။ နှစ်ဝိကပ်လုံး၌ပင်အရဟတ္တမဂ်ညာဏ်အရကို သဗ္ဗညုတ ညာဏ်၏အ ကြောင်းပဒဋ္ဌာန်ဖြစ်သောအရဟတ္တ မဂ်ညာဏ်ကိုသာ ယူဟုပြသည်။ ယင်းသို့သဗ္ဗညုတညာဏ်၏ ပဒဋ္ဌာန်ဖြစ်သောအရဟတ္တ မဂ်ညာဏ်ကို သာယူသဖြင့်။သဗ္ဗညုတညာဏ်ဟူသည်လည်း သမ္မာသမ္ဗုဒ္ဓမြတ်စွာဘု ရား၌သာ ဖြစ်ကောင်းရကား ဤသရဏဂုံ အရာ၌ ဗုဒ္ဓအရကိုလည်းပြ ဆိုခဲ့ပြီးသောတပါးသောဗုဒ္ဓတို့ကိုနစ်စေ၍သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ကိုသာယူအပ်သည်၏ အဖြစ်ကိုပင်ပြသည်။ အရဟတ္တမဂ္ဂ ဝိထိဖြစ်ပြီး နောင်မှသဗ္ဗညုတညာဏ်ဖြစ်ရကား၊အရဟတ္တမဂ်ဟူသော်လောကုတ္တရာ ညာဏ်သည် မဟာကြိယာညာဏ် ဟူသော သဗ္ဗညုတ ညာဏ်၏အ ကြောင်း။ သဗ္ဗညုတညာဏ်သည်အရဟတ္တမဂ်ညာဏ်၏ အကျိုးဖြစ်၍။ သဗ္ဗညုတညာဏပဒဋ္ဌာနံကိုသဗ္ဗညုတညာဏ်၏နီးစွာသော်အကြောင်း ဖြစ်သောဟုမြန်မာပြန်သည်။ဧင်းပုဒ်ကို။ ။သဗ္ဗညုတညာဏဿပဒဋ္ဌာနံ သဗ္ဗညုတညာဏပဒဋ္ဌာနံဟုဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု။ ။ဤကားခပ် သိမ်းသောဆရာတို့၏အလို။ ။ငြမ်းဆင်၍သာစေတီတော်ကိုထီးအ ထွင့် တင်နိုင်ရကား ငြမ်းဆင် ခြင်းသည် ထီးအထွင့် တင်ခြင်း၏ အ ကြောင်း။ ထီးအထွင့် တင်ခြင်းသည် ငြမ်းဆင်ခြင်း၏ အကျိုးဖြစ်သော် လည်း။ ဖြစ်လတ္တံ့သောထီးတင်ခြင်းအကျိုးကိုငြမ်းဆင်ခြင်း၏အကြောင်း အရာ၌ထား၍စေတီတော်ကိုထီးအထွင့်တင်မည့်ကြောင့်ငြမ်းဆင်သည် ဟုဆိုသကဲ့သို့ဧင်း။ နှာခေါင်းပြတ်ခြင်းကြောင့် သေခြင်းဖြစ်ရကား။နှာ ခေါင်းပြတ်ခြင်းသည်သေရခြင်း၏အကြောင်း။ သေရခြင်းသည်နှာခေါင်း ပြတ်ခြင်း၏အကျိုးဖြစ်သော်လည်းထိုအကျိုးဖြစ်သော်ဖြစ်လတ္တံ့သော်သေ ခြင်းကိုနှာခေါင်းပြတ်ခြင်း၏အကြောင်းအရာ၌ထား၍သေမည့်ကြောင့်နှာ ခေါင်းပြတ်သည်ဟုဆိုသကဲ့သို့ဧင်း။ အရုဏ်တက်ခြင်းကြောင့်နေထွက် ခြင်းဖြစ်ရကား။ အရုဏ်တက်ခြင်းသည်နေထွက်ခြင်း၏အကြောင်း။ နေ ထွက်ခြင်းသည် အရုဏ်တက်ခြင်း၏ အကျိုးဖြစ်သော်လည်းထိုဖြစ်လတ္တံ့

သော်အကျိုးနေထွက်ခြင်းကိုအရဏ်တက်ခြင်း၏အကြောင်းအရာ၌ထား၍နေထွက်မည့်ကြောင့်အရဏ်တက်သည်ဟုဆိုသကဲ့သို့ရင်း။ အရဟတ္တမဂ်ဉာဏ်ဖြစ်ပြီးမှသဗ္ဗညုတ ဉာဏ်ဖြစ်ရကား အရဟတ္တမဂ်ဉာဏ်သည်သဗ္ဗညုတဉာဏ်၏အကြောင်း။ သဗ္ဗညုတဉာဏ်သည်အရဟတ္တမဂ်ဉာဏ်၏အကျိုးဖြစ်သော်လည်းထိုဖြစ်လတ့်အကျိုးသဗ္ဗညုတဉာဏ်ကိုပင်အရဟတ္တမဂ်ဉာဏ်၏ အကြောင်းအရာ၌ ထား၍အရဟတ္တ မဂ်ဉာဏ်သည်သဗ္ဗညုတဉာဏ်လျှင်နီးစွာသော်အကြောင်းပဒဋ္ဌာန်ရှိသည်ဟုစေတီတော်ကိုဖြမ်းဆင်၍ထိုးတင်သော်အရာစေတီယကုဋ္ဌေပမာ။ နွှာခေါင်းပြတ်၍ သေသော အရာနာသာ ဘက်မရဏောပမာ။ အရဏ်တက်၍နေထွက်သောအရာ။ အရုဏောဒယသူရိယုဂ္ဂမနောပမာ တို့ကိုယူ၍ပြဆိုသော နေတ္တိဂဏ္ဌိပုဒ်ဆရာ၏အလိုသော်သဗ္ဗညုတညာဏ ပဒဋ္ဌာန်ံဟူသောပုဒ်ကို။ ။သဗ္ဗညုတညာဏံပဒဋ္ဌာန်ံဧတဿာတိသဗ္ဗညုတညာဏပဒဋ္ဌာန်ံဟုစတုတ္ထီဗဟုဗ္ဗိဟိသမါသ်ပြု။ ။သဗ္ဗညုတညာဏပဒဋ္ဌာန်ံ။သဗ္ဗညုတညာဏ်တော်ဟူသော်နီးစွာသော်အကြောင်းရှိသော်။ဟုပေး။ ။ဧတဿ။ ထိုအရဟတ္တမဂ်ဉာဏ်အား။သဗ္ဗညုတညာဏံ။ သဗ္ဗညုတညာဏ်ဟူသော။ပဒဋ္ဌာန်ံ။နီးစွာသော်အကြောင်းသည်။အတ္ထိ။ ၏။ဉာတိတဿာ။ ကြောင့်။တံ။ ထိုအရဟတ္တမဂ်ညာဏ်သည်။သဗ္ဗညုတညာဏပဒဋ္ဌာန်ံ။မည်၏။ ။ယခင်ဂါထာဝယ်။ဓမ္မောလောကုတ္တရောနဝဟူသောဒုတိယပါဒဖြင့်ရတနတ္တယပဏာမအရာ၌ဓမ္မအရ ဓမ္မရတနာအရကိုမဂ် ၄ ပါးဖိုလ် ၄ ပါးနိဗ္ဗာန်အားဖြင့် ၉ ပါးအပြားရှိသော လောကုတ္တရာတရားကိုယူဟုပြသည်။ ။စတုမဂ္ဂဖလနိဗ္ဗာန ဝသေနနဝဝိဓေါ။ပရိယတ္တိယာသဟဒသဝိဓေါဝါဓမ္မော။ ။ဟူ၍ဋီကာကျော်၌။ ။သောစတုန္နံအရိယမဂ္ဂါနံ စတုန္နဥ္စအရိယဖလာနံနိဗ္ဗာနဿစဝသေနနဝဝိဓေါ။ ပါဠိဓမ္မေနသဒ္ဓိံဒသဝိဓေါဝါ။ ။ဟူ၍သပြိုဟ် ဋီကာဟောင်း၌ဆယ်ပါးလုံးကိုပင်တနည်းကောက်ယူ၏။ ။စတုမဂ္ဂဖလနိဗ္ဗာနဝသေန။၄ ပါးသောမဂ် ၄ ပါးသောဖိုလ်နိဗ္ဗာန်၏အစွမ်းဖြင့်။နဝဝိဓေါ။ ၉ ပါးအပြားရှိသောတရားသည်။ဓမ္မော။ဓမ္မမည်၏။ဝါ။တနည်းကား။ပရိယတ္တိယာ။ပရိယတ်နှင့်။သဟ။တကွ။ဒသဝိဓေါ။ဆယ်ပါးအပြားရှိသော်တရားသည်။ဓမ္မော။၏။ ။သောဓမ္မော။ထိုဓမ္မသည်။စတုန္နံ။ ၄ ပါးကုန်သော။အရိယမဂ္ဂါနဉ္စ။တို့၏၎င်း။စတုန္နံ။ ကုန်သော့။ အရိယဖလာနဉ္စ။ တို့၏၎င်း။

နိဗ္ဗာနသသစ။၏ရင်း။ ဝသေန။ဖြင့်။နဝဝိဓေါ။ ၉ ပါးအပြားရှိ၏။ ဝါ။ကား။
ပါဠိဝမ္မေန။ပါဠိဖြစ်သောပရိယတ္တိဓမ္မနှင့်။သဒ္ဓိံ။တကွ။ဒသဝိဓော။ ဆယ်
ပါးအပြားရှိ၏။ ။သရဏဂုံအရာ၌ဓမ္မအရကိုမဂ်ဖိုလ်နိဗ္ဗာန်တို့ကိုဋကေ
ဆရာတို့ကောက်ယူကြောင်း။ ကိုယ်တော်၏အလိုသော်မဂ်နိဗ္ဗာန်တို့ကို
သာကောက်ယူသည်ကိုနှစ်သက်ကြောင်းကိုချဒ္ဒကပါဌအဋ္ဌကထာ၌။ ။
မဂ္ဂဖလနိဗ္ဗာနာနိဓမ္မောတိ ဧကေဘာဝိတမဂ္ဂါနံ သစ္ဆိကတနိရောဓါနဉ္စ
အပါယေသုအပတနဘာဝေနဓါရဏတော ပရမဿာသဝိဓါနတောစ
မဂ္ဂဝိရာဂါဝေတ္ထမဿိ့ံအထ္တေဓမ္မောတိအမှာကံခန္တိ။ ။ဟုပြဆိုတော်မူ
၏။ ။မဂ္ဂဖလနိဗ္ဗာနာနိ။မဂ်ဖိုလ်နိဗ္ဗာန်တို့သည်။ဓမ္မော။ သရဏဂုံအရာ
၌ဓမ္မမည်၏။ ဣတိ။သို့။ဧကေ။ အချို့ကုန်သောဆရာတို့သည်။ ဝဒန္တိ။ဆို
ကုန်၏။ ဘာဝိတမဂ္ဂါနံစ။ ပွါးစေအပ်ပြီးသော မဂ္ဂသစ္စာ ရှိသည်လည်း
ဖြစ်ကုန်သော။ သစ္ဆိကတနိရောဓါနဉ္စ။ မျက်မှောက်ပြုအပ်ပြီးသော နိ
ရောဓသစ္စာရှိသည်လည်းဖြစ်ကုန်သော။ ပုဂ္ဂလာနံ။တို့ကို။အပါယေသု။
အပါယ်ဘုံတို့၌။ အပတနဘာဝေန။ မကျစေသည်၏အဖြစ်ဖြင့်။ ဓါရဏ
တောစ။ ဆောင်တတ်သည်၏အဖြစ်ကြောင့်ရင်း။ ပရမဿာသဝိဓါန
တောစ။ လွန်စွာသက်သာရရအောင် စီရင်တတ်ပြုတတ်သည်၏ အ
ဖြစ်ကြောင့်ရင်း။ မဂ္ဂဝိရာဂါဝေ။ မဂ်နိဗ္ဗာန်တို့သည် သာလျှင်။ ဧတ္ထမိ့ံ
အထ္တေ။ ဤသရဏဂုံအရာ၌။ ဓမ္မော။ဓမ္မမည်၏။ ဣတိအယံ။ ဤသရဏဂုံ
အရာ၌ ဓမ္မအရကိုမဂ်နိဗ္ဗာန်ကိုသာကောက်ယူခြင်းသည်။ အမှာကံ။ငါ
တို့၏။ခန္တိ။နှစ်သက်သောအရာတည်း။ ။တတ္ထသရဏန္တိပဒတ္ထတော
တာဝဟိံသတီတိသရဏံ။ ဟိံသတ္ထသဟိသရဏ သဒ္ဒဿဝသေနေ
တံပဒံဒဋ္ဌဗ္ဗံ။ တသ္မာသရဏဂတာနံတေနေဝသရဏဂမနေန ဝန္နဘယံ
စိတ္တုတြာသံကာယိကံဒုက္ခံ ဒုဂ္ဂတိပရိယာပန္နံသဗ္ဗံပိဒုက္ခံ ဟနတိဝိနာ
သေတိတိအတ္ထော။ ရတနတ္တယဿေတံအဓိဝစနံ။ အထဝါဟိတေ ပ
ဝတ္တနေနသတ္တာန်သမ္ပန္နသိလာ ဘိက္ခုဝေဝိဟာရထာတိအာဒိနာ အတ္ထေနိ
ယျောဇနေနအဟိတါစနိဝတ္တနေနပါဏာတိပါတဿခေါပနပါပကော
ဝိပါကောပါပကံအဘိသမ္ပရာယန္တိအာဒိနာအာဒိနဝဒဿနာဒိမုခေနအ
နတ္ထတောနိဝတ္တနေနသတ္တာနံဘယံဟိံသတိ။ ဟိတာဟိတေသုအပဝတ္တိ
ပဝတ္တိဟေတုကံ ဗျသနံအပဝတ္တိ ကရဏေန ဝိနာသေတိ ဗုဒ္ဓေါ၊ ဘဝ
ကန္တာရဥတ္တာရဏေနမဂ္ဂသင်္ခါတောဓမ္မော သတ္တာနံဘယံဟိံသတိ။ ဣ

တရောအဿာသဒါနေန။ အပ္ပကာနံပိဒါနဝသေန ပူဇာဝသေနစ ဥပနိ
တာနံသက္ကာရာနံ ဝိပုလဖလပဋိလာဘကရဏေနသတ္တာနံ ဘယံဟိံသ
တိသံယောအနုတ္တရအင်္ဂဒက္ခိဏေယျဘာဝတော။ ။ဟူသောသာရတ္ထ
ဒီပနီဋီကာဝယ်ဓမ္မ၏သရဏမည်ကြောင်းဘယဟိံသနဖြစ်ကြောင်းကို
ပြရာ၊ဘဝကန္တာရ။လ။အဿာသဒါနေန။ ဟူသောစကားဖြင့်လည်း။ ဓမ္မ
အရကိုမဂ်နိဗ္ဗာန်တို့ကိုသာကောက်ယူတော်မူသည်။ ။သုမင်္ဂလ ဝိ
လာသိနီမည်သောသီလက္ခန်အဋ္ဌကထာ၌ကား။ ဆတ္တမာဏဝကဝိမာန
ဝတ္ထု(ဂါထာပါဠိတော်ကိုဆောင်ပြ၍ ဤသရဏဂုံအရာ၌ပင် ဓမ္မအရကို
မဂ်ဖိုလ်နိဗ္ဗာန်ပရိယတ်အားဖြင့် ဆယ်ပါးလုံးကိုပင် ကောက်ယူရမည်
အကြောင်းကို။ ။နကေဝလဉ္စအရိယမဂ္ဂေါစေဝနိဗ္ဗာနဉ္စ။ အပိစခေါအ
ရိယဖလေဟိသဒ္ဓိံပရိယတ္တိဓမ္မောပိ။ ဝုတ္တံဟေတံ ဆတ္တမာဏဝကဝိမာ
နေ။ ။ရာဂဝိရာဂမနေဇမသောကံ။ဓမ္မမသင်္ခတမပ္ပဋိကူလံ။ မဓုရမိမံ
ပဂုဏံသုဝိဘတ္တံ။ ဓမ္မမိမံသရဏတ္ထမုပေဟီတိ။ ။ဧတ္ထဟိရာဂဝိရာ
ဂေါတိမဂ္ဂေါကထိတော။အနေဇမသောကန္တိဖလံ။ ဓမ္မမသင်္ခတန္တိနိဗ္ဗာ
နံ။ အပ္ပဋိကူလမဓုရမိမံပဂုဏံသုဝိဘတ္တန္တိပိဋကတ္တယေန ဝိဘတ္တာသဗ္ဗ
ဓမ္မခန္ဓာတိ။ ။ဟုပြဆိုတော်မူ၏။ ။ကေဝလံ။သက်သက်။အရိယ
မဂ္ဂေါစေဝ။ အရိယမဂ်သည်ငင်း။ နိဗ္ဗာနဉ္စ။နိဗ္ဗာန်သည်ငင်း။ ဓမ္မော။ဓမ္မ
မည်သည်။န။မဟုတ်သေး။ အပိစခေါ။စင်စစ်သော်ကား။ အရိယဖလေ
ဟိ။ အရိယဖိုလ် ၄ ပါးတို့နှင့်။ သဒ္ဓိံ။တကွ။ ပရိယတ္တိဓမ္မောပိ။ ပရိယတ်
တရားသည်လည်း။ဓမ္မော။ သရဏဂုံအရာ၌ပင်ဓမ္မမည်၏။ ဟိသစ္စံ။မဂ်
နိဗ္ဗာန်မျှမက ဖိုလ်နှင့်တကွပရိယတ္တိဓမ္မသည်လည်း ဤသရဏဂုံအရာ၌
ဓမ္မမည်၏ဟုငါဆိုသောစကားမှန်၏။ ဆတ္တမာဏဝကဝိမာနေ။ ဆတ္တ
မာဏဝကဝိမာနဝတ္ထု၌။ ရာဂဝိရာဂ။လ။မုပေဟီတိ။ ရာဂဝိရာဂ။လ။ မု
ပေဟိဟူသော။ဧတံဂါထာဝစနံ။ ဤဂါထာစကားကို။ဘဂဝတာ။ မြတ်
စွာဘုရားသည်။ဝုတ္တံ။ဟောတော်မူအပ်၏။ဟိသစ္စံ။မှန်၏။ဧတ္ထ။ဤဂါထာ
၌။ရာဂဝိရာဂန္တိဣမိနာ။ရာဂဝိရာဂံဟူသောဤပုဒ်ဖြင့်။မဂ္ဂေါ။၄ ပါးသော
အရိယမဂ်ကို။ကထိတော။ဟောတော်မူအပ်၏။ အနေဇမသောကန္တိဣ
မိနာ။အနေဇမသောကံဟူသောဤပုဒ်ဖြင့်။ဖလံ။ ၄ ပါးသောအရိယဖိုလ်
ကို။ ကထိတံ။၏။ ဓမ္မမသင်္ခတန္တိဣမိနာ။ဖြင့်။ နိဗ္ဗာနံ။ကို။ ကထိတံ။၏။
အပ္ပဋိကူလံ မဓုရမိမံပဂုဏံ သုဝိဘတ္တန္တိဣမိနာ။ဖြင့်။ ပိဋကတ္တယေန။

ပိဋကတ် ၃ ပုံဖြင့်။ဝိဘတ္တာ။ဝေဘန်အပ်ကုန်သော။သဗ္ဗဓမ္မခန္ဓာ။ အလုံး
စုံရှစ်သောင်းလေးထောင်သောဓမ္မခန္ဓာတို့ကို။ကထိတာ။ ဟောတော်
မူအပ်ကုန်၏။ ။မာဏာဝ။ဆတ္တလုလင်။တွံ။သင်သည်။ရာဂဝိရာဂံ။ရာဂ
၏ကင်းကြောင်းဖြစ်သော။ ဝါ။ရာဂလျှင်အဦးရှိသော ကိလေသာခပင်း
၏တဖန်မဖြစ်နိုင်ကြောင်းဟူသော ကင်းကြောင်းဖြစ်သော။ ဣမံ ဓမ္မံ။
ဤလေးပါးသောအရိယမဂ် တရားကိုဂင်း။ အနေဇံ။ ထိုထို အာရုံ၌ တုံ
လှုပ်တတ်၍ဇောမည်သောတဏှာမရှိသော။ အသောကံ။ ဥပဒ်ဗျသန
အစရှိသောအကြောင်းတို့ကြောင့် စိုးရိမ်ပူပန်တတ်သော သမ္ပယောဂ
သောက အာရမဏိက သောကမှကင်းသော။ ဣမံဓမ္မံ။ ဤလေးပါး
သောအရိယဖိုလ်တရားကိုဂင်း။ အသင်္ခတံ။ တစုံတခုသော အကြောင်း
တရားသည်မျှမပြုအပ်သော။ ဣမံဓမ္မံ။ ဤနိဗ္ဗာန်တရားကိုဂင်း။ အပ္ပဋိ
ကူလံ။ တစုံတရာသဒ္ဒါအနက်အားဖြင့် နှောင့်ရှက်ခြင်းကင်းသော။မဓုရံ။
မွန်မြတ်သာယာသော။ပဂုဏံ။အမြဲမပြတ်လေ့လာအပ်သော။သုဝိဘတ္တံ။
ကောင်းစွာဝေဘန်ဟောကြားတော်မူအပ်သော။ ဣမံဓမ္မံ။ဤပရိယတ်
တရားကိုဂင်း။ သရဏတ္ထံ။ကိုးကွယ်ရာဟူသောအကျိုးငှာ။ဝါ။ဝဋ်ဆင်း
ရဲဘေးအပါယ်ဘေးစသည်ကို နှိပ်နင်းပယ်ဖျက်ရခြင်းအကျိုးငှာ။ တွံ။
သင်သည်။ဥပေဟိ။ဆည်းကပ်လော။ ။အတ္တာနံ။ဓါရေန္တေ။စတုသုအပါ
ယေသုဝဋ္ဋဒုက္ခေသုစအပတမာနေကတွာဓါရေတီတိဓမ္မော။ ။ယော
သဘာဝေါ။ အကြင်သဘောတရားသည်။ အတ္တာနံ။မိမိကို။ ဓါရေန္တေ။
ကျင့်ဆောင်ကုန်သော။သတ္တေ။သတ္တဝါတို့ကို။ စတူသုအပါယေသု။အ
ပါယ် ၄ ဘုံတို့၌ဂင်း။ ဝဋ္ဋဒုက္ခေသု။ဝဋ်ဆင်းရဲတို့၌ဂင်း။ အပတမာနေ။
မကျစေသည်တို့ကို။ကတွာ။ပြု၍။ဓါရေတိ။ဆောင်တတ်၏။ဣတိတသ္မာ။
ကြောင့်။သောသဘာဝေါ။ထိုသဘောတရားသည်။ဓမ္မော။ဓမ္မမည်၏။ ။
ဤဋီကာကျော်စသည်၌။ သတ္တဝါတို့ကို အပါယ် ၄ ပါးဝဋ်ဒုက္ခများ၌မ
ကျစေမူ၍ဆောင်သောဟူသည် သတ္တဝါတို့ကို ထိုအပါယ်ဘေးစသည်
တို့၌ ဖြစ်စေကျရောက်စေတတ်သော ကိလေသာတို့ကိုပယ်သတ်ဖျက်
ဆီးခြင်းပင်ဖြစ်ကြောင်းကိုဋီကာကျော်၌ပင်။ ။ဓါရဏာဠ္ဌပနေတသသ
အပါယာဒိနိဗ္ဗတ္တကကိလေသဝိဒ္ဓံသနံ။ ။ဟုပြဆိုတော်မူသည်။ ။
ဇတသ။ထိုတရားတော်၏။ဓါရဏာဠ္ဌပန။ အပါယ်စသည်၌မကျစေမူ၍
ဆောင်သောဟူသည်။အပါယာဒိနိဗ္ဗတ္တကကိလေသဝိဒ္ဓံသနံ။ သတ္တဝါ

တို့ကိုအပါယ်စသည်၌ ဖြစ်စေတတ်သောကိလေသာတို့ကိုပယ်သတ် ဖျက်ဆီးခြင်းပင်တည်း။ ။သရတိဟိံသတိတိသရဏံအစရှိသည်ဖြင့်။ ထိုထိုအဋ္ဌကထာဋီကာတို့ဝယ်။ သတ္တဝါတို့၏ဝဋ္ဋဒုက္ခကာယိကဒုက္ခဒုဂ္ဂ တိဒုက္ခဟူသောဘေးကို ညှဉ်းဆဲနှိပ်စက်ပယ်ဖျက်တတ်သည် ဟူရာ၌ ထိုဘေးကိုပယ်ဖျက်ခြင်းဟူသည်လည်း သတ္တဝါတို့ကိုထိုဒုက္ခဘေးတို့ ၌ဖြစ်စေ ကျရောက်စေတတ်သော ကိလေသာကို နှိပ်စက်သတ်ဖျက် ခြင်းပင်ဖြစ်သည်။ ထိုကိလေသာတို့ကိုဖျက်ဆီးခြင်းကိလေသဝိဒ္ဓံသန သတ္တိကိုလည်းအရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် ထိုက်သည် အားလျော်စွာ မိမိတို့ပယ်သင့်ပယ်ထိုက်သောကိလေသါတို့ကိုအကြွင်း မဲ့သတ်ပယ်ဖျက်ဆီးနိုင်သည်။ နိဗ္ဗာန်သည်လည်း အရိယမဂ်သည် ကိ လေသာတို့ကိုသမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ဖျက်ပယ်ဖျက်ဆီးသည်ဟူ သော်လည်းနိဗ္ဗာန်ကိုအာရုံပြု၍သာ ဖျက်ဆီးနိုင်သည်။ နိဗ္ဗာန်အာရုံနှင့် ကင်း၍မဖျက်ဆီးနိုင်ဖြစ်၍ အရိယမဂ်၏ သမုစ္ဆေဒပဟာန်အားဖြင့် ကိ လေသာတို့ကိုဖျက်ဆီးရာ၌ ထိုကိလေသာတို့ကို အကြွင်းမဲ့ဖျက်ဆီးနိုင် ခြင်းဟူသော အကျိုးပြီးခြင်း၏ အကြောင်းဖြစ်သည်ဖြစ်၍ အရိယမဂ် နိဗ္ဗာန်တို့၌သာ မုချအားဖြင့် ရကောင်းကြောင်း။ ဖိုလ်ပရိယတ် တို့တွင် ကား အရိယဖိုလ်သည်သမုစ္ဆေဒအားဖြင့် မဂ်ပယ်ပြီးကိလေသာတို့ကို ပင် အငွေ့အသက် အခိုးအကင်းမျှ မကြွင်းမကျန်စေရထပ်မံ၍ ငြိမ်းစေ သည်၏အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့်။ ပရိယတ်သည် လည်းကိလေသာတို့ကိုအကြွင်းမဲ့ပယ်ဖျက်တတ်သောထိုအရိယမဂ်ကို ရခြင်း၏အကြောင်းဖြစ်သောကြောင့်။ ဖိုလ်ပရိယတ်တို့၌ ထိုကိလေသ ဝိဒ္ဓံသန သတ္တိသဘောကို ပရိယာယ်အားဖြင့်သာ ရကောင်းကြောင်း ကို။ ။တံအရိယမဂ္ဂသကိလေသသမုစ္ဆေဒဘာဝတောနိဗ္ဗာနဿစ အာရမ္မဏဘာဝေန တဿတဒတ္ထသိဒ္ဓိဟေတုတာယနိပ္ပရိယာယတော လဗ္ဘတိ။ ဖလဿပနကိလေသာနံပဋိပဿမ္ဘနဝသေနမဂ္ဂါနုကူလပဝတ္တိ တော ပရိယတ္တိယာစတဒ ဓိဂမဟေတုတာယာတိ ဥဘိန္နံပိ ပရိယာယ တောတိဒဋ္ဌဗ္ဗံ။ ။ဟူ၍ဋီကာကျော်၌ပြဆိုတော်မူသည်။ ။အရိယ မဂ္ဂဿ။၏။ကိလေသသမုစ္ဆေဒဘာဝတော။ ကိလေသာတို့ကိုအကြွင်း မဲ့ပြတ်ကင်းအောင်ပယ်ဖျက်သည်၏အဖြစ်ကြောင့်။နိဗ္ဗာနဿစ။ နိဗ္ဗာန် ၏လည်း။ အာရမ္မဏဘာဝေန။ အာရုံ၏အဖြစ်ဖြင့်။တဿ။ ထိုအရိယမဂ်

၏။ တဒင်္ဂသိဒ္ဓိဟောတုတာယ။ ထိုကိလေသာတို့ကိုသမုစ္ဆေဒအားဖြင့် ပယ်ခြင်းဟူသောအကျိုးပြီးခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ မဂ္ဂနိဗ္ဗာနာနံ။မဂ်နိဗ္ဗာန်တို့၏။ဝါ။တို့အား။တံကိလေသပဋိပ္ပဿနံ။ထိုကိလေသာတို့ကိုဖျက်ဆီးခြင်းကို။ နိပ္ပရိယာယတော။ မုချအားဖြင့်။ လဗ္ဘတိ။ ရအပ်၏။ ပန။ နိပ္ပရိယာယ အားဖြင့် ရအပ်သည်မှ တပါး ပရိယာယအားဖြင့်သာ ရအပ်သည်ကိုပြဦးအံ့။ဖလဿ။အရိယဖိုလ်လေးပါး၏။ကိလေသာနံ။အရိယမဂ်သည်ပယ်အပ်ပြီးသောကိလေသာတို့ကို။ ပဋိပဿမ္ဘနဝသေန။ တဖန်ငြိမ်းစေသည်၏အစွမ်းဖြင့်။မဂ္ဂါနုကူလပဝတ္တိတော။မဂ်အားလျော်စွာဖြစ်ခြင်းကြောင့်။ပရိယတ္တိယာစ။ပရိယတ်၏လည်း။တဒဓိဂမဟေတုတာယ။ ထိုအရိယမဂ်ကိုရခြင်း၏အကြောင်း၏အဖြစ်ကြောင့်။ ဣတိ။ဤသို့။ဥဘိန္နံပိ။နှစ်ပါးကုန်သောဖိုလ်ပရိယတ်တို့၏လည်း။ဝါ။တို့အားလည်း။ တံကိလေသပဋိပ္ပဿနံ။ကို။ပရိယာယတော။ပရိယာယ်အားဖြင့်။ လဗ္ဘတိ။ ရအပ်၏။ ။ကသ္မာ ဣဒိကာဒ္ဒလည်း။ ။ဓါရေတီတိ ဓမ္မော။ အယံဟိယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယ ဒုက္ခေ သံသာရ ဒုက္ခေစ အပတမာနေ ကတွာ ဓါရေတီတိ။ တံနိဗ္ဗတ္တကကိလေသပဋိသန္ဓေဟ္ဌုဓါရဏံ၊ ဝေဠု ကတွာ အရိယမဂ္ဂေါ တဿ တဒင်္ဂသိဒ္ဓိဟေတုတာယ နိဗ္ဗာနဉ္စာတိ ဥဘယမေဝ နိပ္ပရိယာယတော ဓါရေတိ။ အရိယဖလဉ္စ ပန တံသမုစ္ဆိန္နကိလေ သပဋိပဿမ္ဘနေန တဒနုကူလ တာယ ပရိယတ္တိ စ မ္မော တဒဓိဂမဟေတုတာယာတိ ဥဘယံပိ ပရိယာယတော ဓါရေတီတိ ဝေဒိတဗ္ဗံ။ ။ယော သဘာဝေါ၊အကြင်သဘောတရားသည်။သတ္တေ။သတ္တဝါတို့ကို။ဓါရေတိ။ ဒုက္ခဟူသမျှသို့ မကျရအောင်ပြု၍ ဆောင်တတ်၏။ ဣတိတသ္မာ။ ကြောင့်။သော သဘာဝေါ။သည်။ဓမ္မော။ဓမ္မမည်၏။ ဟိသစ္စံ။မှန်၏။ဝါ။ဟိ ဝိတ္ထာရေမိ။အံ့။ အယံသဘာဝေါ။ ဤမဂ်ဖိုလ်နိဗ္ဗာန်ပရိယတ်ဟူသောသဘောတရားသည်။ ယထာနုသိဋ္ဌံ။ မြတ်စွာဘုရား ဆုံးမတော်မူတိုင်း။ မြတ်စွာဘုရား၏ အဆုံးမတော်နှင့်လျော်စွာ၊ ပဋိပဇ္ဇမာနေ။ ကျင့်ကုန်သော။သတ္တေ။သတ္တဝါတို့ကို။ အပါယဒုက္ခေ။အပါယ်ဆင်းရဲ၌ဒုက္ခ။သံသာရဒုက္ခေ။သံသရာဝဋ်ဆင်းရဲနှိုက်၎င်း။ အပတမာနေ။မကျစေသည် တို့ကို။ကတွာ။၍။ ဓါရေတိ။ဆောင်တတ်၏။ ဣတိ။ဤသို့မှတ်အပ်၏။စ။ ဆက်၍ဆိုဦးအံ့။ဝေဠု။ ဤသတ္တဝါတို့ကိုအပါယ ဒုက္ခသံသာရဒုက္ခနှိုက်မ ကျစေသည်တို့ကိုပြု၍ ဆောင်သည်ဟူရာနှိုက်။တံနိဗ္ဗတ္တကကိလေသပဋိ

သန်ံ။ထိုသတ္တဝါတို့ကိုအပါယဒုက္ခသံသာရဒုက္ခနှိုက်ဖြစ်စေတတ်သော
ကိလေသာကိုဖျက်ဆီးခြင်းသည်။ ဓာရဏံ။ဆောင်ခြင်းမည်၏။ ဝေဋ္ဌ
ကတ္တာဇ္ဇုမိနာကာရဏောန။ဤသို့သတ္တဝါတို့ကို အပါယဒုက္ခစသည်၌ဖြစ်
စေတတ်သောကိလေသာတို့ကို ဖျက်ဆီးခြင်းသည်ပင်လျှင် သတ္တဝါတို့
ကိုဆောင်ခြင်းမည်သည်၏အဖြစ်ကြောင့်။ အရိယမဂ္ဂေါစ။ကိလေသာတို့
ကိုသမုစ္ဆေဒပဟာန်အားဖြင့်အကြွင်းမဲ့ဖြတ်ပယ်တတ်သော အရိယမဂ်
သည်၎င်း။ဘာသ။ထိုအရိယမဂ်၏။ တဒတ္ထသိဒ္ဓိဟေတုတာယ။ ထိုသတ္တ
ဝါတို့ကိုအပါယဒုက္ခစသည်၌ ဖြစ်စေတတ်သော ကိလေသာတို့ကိုအ
ကြွင်းမဲ့ဖြတ်ပယ်ဖျက်ဆီးနိုင်ခြင်းဟူသော အကျိုးပြီးခြင်း၏အကြောင်း
၏အဖြစ်ကြောင့်။နိဗ္ဗာနဉ္စ။နိဗ္ဗာန်သည်၎င်း။ဇာတိ။ဝံ့။ ဥဘယမေဝ။အရိယ
မဂ်နိဗ္ဗါန်အားဖြင့်နှစ်ပါးသောတရားသည်သာလျှင်။ နိပ္ပရိယာယတော။
မုချအါးဖြင့်။ဓါရေတိ။ဆေါင်သည်မည်၏။ပန။ မုချအားဖြင့် ဆေါင်သေါ
တရားမှတပါးပရိယာယ်အားဖြင့်ဆောင်သေါတရားကိုပြဦးအံ့။အရိယ
ဖလဉ္စ။အရိယဖိုလ်သည်လည်း။တံသမုစ္ဆိန္နကိလေသပဋိပဿမ္ဘနေန။
ထိုအရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ဖြတ်ပယ်အပ်သော ကိလေသာ
တို့ကို တဖန်ငြိမ်းစေသောအားဖြင့်။ တဒနုကူလတာယ။ ထိုအရိယမဂ်
အားလျော်သည်၏အဖြစ်ကြောင့်။ပရိယတ္တိဓမ္မောစ။ ပရိယတ်တရားသည်
လည်း။တဒဓိဂမဟေတုတါယ။ထိုအရိယမဂ်ကိုရခြင်း၏အကြောင်း၏အ
ဖြစ်ကြောင့်။ ဇာတိ။ဝံ့။ဥဘယမ္ပိ။ဖိုလ်ပရိယတ်တရားနှစ်ပါးသည်လည်း။ပ
ရိယါယတော။ပရိယာယ်အားဖြင့်။ဓာရေတိ။ဆောင်သည်မည်၏။ဇာတိ။ဝံ့။
ဝေဒိတဗ္ဗံ။၏။ ။ဤသို့လျှင်ရတနတ္တယပဏာမအရာ၌၎င်း။သရဏဂုံအ
ရာ၌၎င်း။ဓမ္မအရကိုကိလေသဝိဒ္ဒံသနသတ္တိဂုဏ်ကိုမုချနိပ္ပရိယါယအား
ဖြင့်ရသောတရားကိုသာရည်၍ကောံမှုမဂ်၄ပါးနှင့်၊နိဗ္ဗာန်ကိုသာကောံ။
ပရိယာယအားဖြင့်ရသောတရားနှင့်တကွကောက်မှုဖိုလ်၄ပါးနှင့်တကွ
၉ ပါးကို၎င်း။ပရိယတ်နှင့်တကွဆယ်ပါးလုံးကိုသော်၎င်းကောံ။ထိုတွင်
ချဒ္ဒကပါဠ္ဌအဋ္ဌကထာ၊သာရတ္ထဒီပနီဋီကာတို့၌ မုချနိပ္ပရိယာယအားဖြင့်
ရသည်ကိုသာယူ၍မဂ် ၄ ပါးနှင့် နိဗ္ဗာန်ကိုသာ ကောက် ယူတော်မူ
သည်။ ။မဂ္ဂဖလနိဗ္ဗာနာနိဓမ္မောတိငေကေ။ ။ဟုချဒ္ဒကပါဌ္ဌအဋ္ဌက
ထာ၌ပြဆိုအပ်သောငကေဝါဒ။ ။ဓမ္မောလောကုတ္တရောနဝ။ဟူသော
ယခင်ဂါထာအလိုအားဖြင့်ပရိယါယအားဖြင့်၊ရသည်ကိုလည်းယူ၍ဖိုလ်

၄ ပါးနှင့်တကွ ၉ ပါးကောက်ယူသည်။ ။သတ္တမာနဝကပိမာနဝတ္ထု ပါဠိတော်။ သီလက္ခန်အဋ္ဌကထာ။ သဂြိုဟ်ဋီကာဟောင်း ဋီကာကျော် ကင်္ခါဋီကာတို့၌ပရိယတ္တိဓမ္မနှင့်တကွဆယ်ပါးလုံးကိုပင်ကောက်သည် ဟုမှတ်အပ်၏။ ။သံဃောမဂ္ဂဖလဋ္ဌောတိ။ဟူသောတတိယပါဒဖြင့်ရ တနတ္တယပဏာမအရာ၌သံဃအရသံဃရတနာအရကိုမဂ္ဂဋ္ဌာန်၄ယောက် ဖလဋ္ဌာန်၄ယောက်ဟူသောအရိယာပုဂ္ဂိုလ်ရှစ်ယောက်ကိုသာကောက် ယူတော်မူသည်။ ။ကလျာဏပုထုဇဉ်သဃ်ာသည်လည်းအရိယာတို့ ၌ဖြစ်သောအယူသီလတူမျှသည်၏အဖြစ်တည်းဟူသော ဂုဏ်ဖြင့်ပင်မ ပေါင်းစုအပ်သော်လည်းဝန်ဆင်းရဲမှထွက်မြောက်ခြင်း ထွက်မြောက် ကြောင်းအဖို့ရှိသောပုထုဇဉ်တို့၏ဥဿာဖြစ်သော အယူသီလတူမျှသည် ၏အဖြစ်ဖြင့်ပေါင်းအပ်သည်ဖြစ်၍မြတ်သောအလှူကို ခံခြင်းလက်အုပ် ချီခြင်းတို့ကိုခံထိုက်သော သဃ်ာပင်ဖြစ်ရကား။ ဒါန၏ ရှေ့အဘို့၌ဖြစ် သောပုရိမစေတနာကိုဒါန၌ သဂြိုဟ်အပ်သကဲ့သို့။ ကလျာဏပုထုဇဉ် ၏လည်းအရိယမဂ်၏ ရှေ့အဘို့ဖြစ်သောအကျင့်၌ တည်သည်၏အဖြစ် ကြောင့်ပုထုဇဉ်သဃ်ာတို့ကိုလည်းအရိယာသဃ်ာ၌ပင် သွင်းယူရမည် အကြောင်းကို။ ဤရတနတ္တယ ပဏာမ အရာ၌။ ။ပေါထုဇ္ဇနိကာသံ ဃာသာပိပုဗ္ဗဘာဂပဋိပဒါယဋ္ဌိတတ္တာပုရိမ စေတနာဝိယဒါနေဧတ္ထဝ သင်္ဂဟောဒဋ္ဌဗ္ဗော။ သောပိဟိဂေါတြဘူပိအရိယေန ဒိဋ္ဌိသီလသာမညေနအ သံဟတော၊နိယျာနိကပက္ခိယေနပနပေါထုဇ္ဇနိကေနသံဟတတ္တာဒက္ခိ ဏေယျ ပါဏိပါတာရဟော သံဃောယေဝါတိ။ ။ဟုပြဆိုသော ကင်္ခါဋီကာအလိုအားဖြင့် ကလျာဏ ပုထုဇဉ်နှင့်တကွ ကောက်ယူလို ၏။ ။ပေါထုဇ္ဇနိကာသံဃာသာပိ။ ကလျာဏ ပုထုဇဉ် အဖြစ်၌တည် သောသဃ်ာ၏လည်း။ ပုဗ္ဗဘာဂပဋိပဒါယ။ အရိယမဂ်၏ ရှေ့အဘို့ဖြစ် သောအကျင့်၌။ဌိတတ္တာ။တည်သည်၏အဖြစ်ကြောင့်။ပုရိမစေတနာ။ဒါ န၏ရှေ့အဘို့၌ဖြစ်သောပုဗ္ဗစေတနာကို။ဒါနေ။ဒါန၌။ သင်္ဂဟာ။သဂြိုဟ် ရေတွက်ခြင်းကို။ ဒဋ္ဌဗ္ဗာဝိယ။ မှတ်အပ်သကဲ့သို့။ ဧတ္ထဝ။ ဤအရိယာ သဃ်ာ၌သာလျှင်။သင်္ဂဟော။ကို။ဒဋ္ဌဗ္ဗော။မှတ်အပ်၏။ဟိသစ္စံ။စင်စစ်ဧ ကန်မှန်၏။သောပိ။ထိုကလျာဏပုထုဇဉ်သဃ်ာသည်လည်း။အရိယေန။ အရိယာတို့၏ဥဿာဖြစ်သော။ဒိဋ္ဌိသီလသါမညေန။အယူသီလတူမျှသည် ၏အဖြစ်တည်းဟူသောဂုဏ်ဖြင့်။ဂေါတြဘူပိအသံဟတော။အကယ်၍ကား

မပေါင်းအပ်၏ရှင့်။ပန။ထိုသို့ပင်အရိယာတို့၏ ဥစ္စာဖြစ်သောအယူသီလ
တူမျှသည့်၏အဖြစ်ဖြင့်မပေါင်းအပ်သော်လည်း။နိယျာနိက ပက္ခိယေန။
ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သောအဘို့၌ဖြစ်သော။ပေါထုဇ္ဇ
နိကေန။ ပုထုဇဉ်တို့၏ ဥစ္စာဖြစ်သော အယူသီလ တူမျှသည့်၏အဖြစ်
တည်းဟူသောဂုဏ်ဖြင့်။သံဟတတ္တာ။ပေါင်းအပ်သည့်၏အဖြစ်ကြောင့်။
ဒက္ခိဏေယျပါဏိပါတာရဟော။မြတ်သောအလှူကိုခံထိုက် လက်အုပ်
ချီခြင်းအရိုအသေပြုခြင်းကိုခံထိုက်သော။သံဃောယေဝ။ သံဃာသည်
သာလျှင်။ဟောတိ၊ ၏။ဣတိ။ဤသို့မှတ်အပ်၏။ ။သရဏဂုံအရာ၌သံ
ဃာအရကို။ ။စတုဗ္ဗိဓအရိယမဂ္ဂသမင်္ဂိနံ စတုသာမညဖလသမာဓိ
ဝါသိတခန္ဓသန္တာနာနဉ္စပုဂ္ဂလာနံသမူဟောဒိဋ္ဌိသီလသံဃာတေနသံဟ
တတ္တာသံဃော။ ဝုတ္တဉ္စေတံဘဂဝတာ။ တံကိံမညသိအာနန္ဒယေဝေါ
မယာဓမ္မာအဘိညာဒေသိတါ။သေယျထိဒံစတ္တာရောသတိပဋ္ဌာနာစတ္တာ
ရောသမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနိ သတ္တ
ဗောဇ္ဈင်္ဂါအရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ။ပဿသိနောတွံအာနန္ဒဣမေသု
ဓမ္မေသုဒွေပိဘိက္ခူနာနာဝါဒါတိ။အယံဟိပရမတ္ထသံဃောသရဏဂ္ဂ
မနိယော။သုတ္တေသုစအာဟုနေယျော။လ။လောကဿာတိဝုတ္တော။ဧတံ
ပနသရဏံဂတဿအညသ္မိံပိဘိက္ခုသံဃေဝါဘိက္ခုနီသံဃေဝါဗုဒ္ဓပ
မုခေဝါသံဃေသမုတိသံဃေဝါစတုဝဂ္ဂါဒိဘေဒေဧကပုဂ္ဂလေပိဝါဘာ
ဂဝန္တံဥဒ္ဒိဿပဗ္ဗဇိတေဝ ဝန္ဒနာဒိကိရိယာယသရဏဂမနံ နေဝဘိဇ္ဇတိန
သံကိလိဿတိ။ ။ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာ၌အရိယာသံဃာကိုသာ
ကောက်ယူတော်မူသည်။ ။ဤအဋ္ဌကထာ၌။စတုဗ္ဗိဓ။လ။သမူဟော
ဖြင့်သံဃာအရကိုပြသည်။ ဒိဋ္ဌိသီလသံဃာတေန သံဟတတ္တာဖြင့် အရိ
ယာပုဂ္ဂိုလ်အပေါင်း၏သံဃာမည်ခြင်း၏ အကြောင်းကိုပြသည်။ဝုတ္တဉ္စေ
တံစသည်ဖြင့်အယူဝါဒစသည်တူဟန်ကိုသာကေဖြင့် အကျယ်ဆောင်
ပြသည်။အယံဟိ။လ။ဂမနိယောဖြင့်ဤသရဏဂုံအရာ၌ အရိယာသံဃာ
ကိုသာယူအပ်သည့်၏အဖြစ်ကိုပြသည်။ သုတ္တေသုစအစရှိသည်ဖြင့်ထို
ကိုပင်ထပ်၍ပြသည်။ ။ယင်းသို့သံဃံသရဏံဂစ္ဆာမိ၌သံဃာအရကို
အရိယာသံဃာကိုသာယူခဲ့သော်။ အရိယာမှတပါးသောဘိက္ခုသံဃာ
အစရှိသည်၌ရှိခိုးခြင်းစသည်ကိုပြု၍ ဆည်းကပ်ကိုးကွယ်သော သူတို့
အားသရဏဂုံပျက်ခြင်း ညစ်နွမ်းခြင်းဖြစ်၏ဟူ၍ပင် မှတ်ရတော့မည်

လော။ဟူဖွယ်ရှိ၍။မပျက်ကြောင်းစသည်ကိုပြခြင်းငှါ။ တော်ပနစသည်ကိုပြဆိုပြန်သည်။ ။စတုဗ္ဗိဓအေရိယမဂ္ဂသမင်္ဂိနံ။ လေးပါးအပြားရှိသောအရိယမဂ်နှင့် ပြည့်စုံကုန်သော။ပုဂ္ဂလာနဥ္စ။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၏ငင်း။ စတုသာမညဖလသမာဓိဝါသိတ ခန္ဓသန္တာနာနံ။ လေးပါးသောဖိုလ်တို့ဖြင့်ထုံအပ်သော ခန္ဓာအစဉ်ရှိကုန်သော။ ပုဂ္ဂလာနဥ္စ။ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ငင်း။ သမူဟော။အပေါင်းသည်။ ဒိဋ္ဌိသီလသံဃာတေန။အယူဝါဒသီလ အကျင့်တူသောပေါင်းခြင်းဖြင့်။ သံဟတတ္တာ။ပေါင်းအပ်သည်၏အဖြစ်ကြောင့်။ သံဃော။ သံဃမည်၏။စသဒ္ဒေါ။ မှန်၏။တံကိံမည။သိ။လ။နာနာဝါဒါဒါတိ။ တံကိံမည။သိ။လ။ နာနာဝါဒါဒါဟူသော။တော်ဝစနံ။ထိုစကားကို။ဘဂဝတာ။မြတ်စွာဘုရားသည်။ဝုတ္တံ။ ဟောတော်မူအပ်၏။အာနန္ဒ။အာနန္ဒာ။ယံဝစနံ။အကြင်စကားကို။မယာ။ ငါဘုရားသည်။ဝုတ္တမာနံ။ဟောတော်မူအပ်လတ့်။တံဝစနံ။ထိုစကါးကို။ကိံမည။သိ။သင်အသို့အောက်မေ့မှတ်ထင်အံ့နည်း။ အာနန္ဒ။န္ဒာ။ဝေါ။ သင်တို့အား။မယာ။ငါဘုရားသည်။ယေဓမ္မာ။ အကြင်တရားတို့ကို။ အဘိညာအဘိညာယ၊သဗ္ဗညုတဉာဏ်ဖြင့်ပိုင်းခြားမြင်သိ၍။ ဒေသိတာ။ ဟောအပ်ကုန်ပြီ။ဓမ္မဒိဋ္ဌမေဓမ္မာ။ သင်တို့အားငါဟောကြားသော ဤတရားတို့ဟူသည်။သေယထာကတမေ။အဘယ်တရားတို့နည်းဟူမူကား။စတ္တာရော။ လေးပါးကုန်သော။သတိပဋ္ဌါနာ။သတိပဋ္ဌါန်တို့ငင်း။စတ္တါရော။ကုန်သော။သမ္မပ္ပဓာနာ။တို့ငင်း။စတ္တာရော။ ကုန်သော။ ဣဒ္ဓိပါဒါ။ပါဒ်တို့ငင်း။ ပဉ္စ။ငါးပါးကုန်သော။ဣန္ဒြိယာနိ။ ဣန္ဒြေတို့ငင်း။ပဉ္စ။ကုန်သော။ဗလာနိ။ ဗိုလ်တို့ငင်း။သတ္တ။ခုနစ်ပါးကုန်သော။ဗောဇ္ဈင်္ဂါ။ဗောဇ္ဈင်တို့ငင်း။အဋ္ဌင်္ဂကော။အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။အရိယော။ မြတ်သော။ဝါ။အရိယာတို့၏ဥစ္စာဖြစ်သော။မဂ္ဂေါ။ငင်းတည်း။ အာနန္ဒ။န္ဒာ။ဓမ္မေသုဓမ္မေသု။ ဤလေးပါးသောသတိပဋ္ဌာန်စသောတရားတို့၌။နာနာဝါဒါ။အထူးထူးသောပြားသောအယူဝါဒ ရှိကုန်သော။ ဒွေပိဘိက္ခူ။ နှစ်ယောက်ကုန်သော ရဟန်းတို့ကိုလည်း။တွံ။သင်သည်။ပဿသိနော။မြင်ဘူး၏လော။ ။ဟိသဒ္ဒေါ။ဤသရဏဂုံအရာ၌အရိယာရှစ်ယောက်အပေါင်းသည် သံဃမည်၏ဟုငါဆိုသောစကားမှန်၏။ အယံပရမတ္ထသံဃော။ ဤပရမတ္ထအရိယာသံဃာတော်ကို။သရဏန္တိ။ သံသရာဝဋ်ဆင်းရဲစသည်ကို နှိပ်စက်ပယ်ဖျက်တတ်၍သတ္တဝါအများ၏ ကိုးကားမှီခိုရာပေဟူ၍။ ဂမနိယော။ ဆည်း

ကပ်မှိဝဲအပ်၏။ သုတ္တေသုစ။ သုတ္တန် ပါဠိတော်တို့၌လည်း။ အာဟနေ
ယျော။လ။ လောကဿာတိ။ဟူ၍။ဝုတ္တော။ ဟောတော်မူအပ်၏။တော်။
၌အရိယာသံဃာကို။ သရဏံ။ကိုးကွယ်လည်းလျောင်းပုန်းအောင်းမှိခို
ရာဟူ၍။ဂတဿပန။ ဆည်းကပ်မှိဝဲကိုးကွယ်သော သူအားကား။ဝါ။
၏ကား။အညဿိ ပိ။ အရိယာသံဃာမှတပါးလည်းဖြစ်သော။ ဘိက္ခုသံ
ဃော ဝါ။ရဟန်းယောကျာ်းသံဃာ၌ဗ်င်း။ ဘိက္ခုနီသံဃော ဝါ။၌ဗ်င်း။ဗုဒ္ဓပ
မုခေ။ဘုရားအမှူးရှိသော။သံဃော ဝါ။၌ဗ်င်း။ စတုဝဂ္ဂါဒိဘေဒေ။စတုဝဂ်
သံဃာစသည်အပြားရှိသော။ သမုတိသံဃော ဝါ။ သမုတိသံဃာ၌ဗ်င်း။
ဘဂဝန္တံ။မြတ်စွာဘုရားကို။ဥဒ္ဒိဿ။ရည်၍။ ပဗ္ဗဇိတော။ရဟန်းပြုသော။
ကောပုဂ္ဂလေ ဝိ ဝါ။တယောက်တည်းသောပုဂ္ဂိုလ်၌ဗ်င်း။ဝန္ဒနာဒိကိရိယာ
ယ။ရှိခိုးခြင်းအစရှိသည်ကိုပြုရာ၌။ဝါ။ ပြုခြင်းကြောင့်။ သရဏာဂမနံ။သ
ရဏာဂုံသည်။နေဝဘိဇ္ဇတိ။မပျက်။နသံကိလိဿတိ။မညစ်နွမ်း။ ။ဆတ္တ
ဝိမာနဝတ္ထု ပါဠိတော်၌လည်း။ ဆတ္တလုင်အား သံဃာတော်ကိုလည်း
ကိုးကွယ်လည်းလျောင်းပုန်းအောင်းမှိခိုရာဟူသောအကျိုး၄ါဆည်းကပ်
လေလောဟုတိုက်တွန်းဆုမ္မဟောပြတော်မူသောအရာဝယ်။ ။ယတ္ထ
စဒိန္နံ မဟပ္ဖလမာဟု။ စတူသုသုစိသုပုရိသ ယုဂေသု။ အဋ္ဌစပုဂ္ဂလဓမ္မ
ဒသါ တေ။သံဃမိမံသရဏာတ္ထုမုပေဟိ။ ။ဟူ၍သရဏာဂုံအရာ၌သံ
ဃာအရကိုအရိယာသံဃာကိုသာယူ၍ဟောတော်မူသည်။ ။မာဏဝ။
ဆတ္တလုင်။သုစိသု။ စင်ကြယ်သော သီလစသော ဂုဏ်နှင့် ပြည့်စုံကုန်
သော။ စတူသု ပုရိသယုဂေသု။ လေးပါး အစုံသော ယောကျာ်းမြတ်
ဖြစ်ကုန်သော။ ယတ္ထယေသု အဋ္ဌပုဂ္ဂလေသု။ အကြင်ရှစ်ယောက်ကုန်
သော အရိယာပုဂ္ဂိုလ်တို့၌။ဒိန္နံ။ ပေးလှူအပ်သော အလှူကို။ မဟပ္ဖလံ။
များမြတ်ဖွံ့ဖြိုး အကျိုးကြီး၏ဟူ၍။ ဗုဒ္ဓါ။ ဘုရား ရှင်တို့သည်။ အာဟု။
ဟောတော် မူကုန်၏။ ဓမ္မဒသာ။ သစ္စာလေးပါးတရားတို့ကို ပရိညာ
ပဟာနသစ္ဆိကိရိယာ ဘာဝနာဘိသမယအားဖြင့် သိမြင်ကုန်ပြီးသော။
တေပုဂ္ဂလာ။ ထိုအရိယာ ပုဂ္ဂိုလ်တို့သည်။ အဋ္ဌစ။ ရှစ်ယောက် တို့သာ
တည်း။ဣမံသံဃံ။ ၌ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်တို့၏ အပေါင်း
ဖြစ်သောသံဃာတော်ကို။ သရဏတ္ထံ၊ကိုးကွယ်ခြင်းဟူသော အကျိုး
၄ါ။တွံ။သင်သည်။ ဥပေဟိ။ ဆည်းကပ်လော။ ။သီလက္ခန်အဋ္ဌက
ထာ၌လည်း၌ဆတ္တဝိမာနဝတ္ထုပါဠိတော်ကိုပင်သာကေဥပကာအဖြစ်

ဖြင့်ထုတ်ဆောင်ပြဆို၍သရဏဂုံအရာဝယ်သံဃာအရကို။ ။ဒိဋ္ဌိသီလသံဃာတေနသံဟတောတိသံဃော။ သောအတ္ထတော်အဋ္ဌအရိယပုဂ္ဂလသမူဟော။ ဝုတ္တံဟေတံတသ္မိံယေဝဝိမာနေ။ ။ယတ္ထစဒိန္နံမဟပ္ဖလမာဟု၊စတူသုသုစိသုပုရိသယုဂေသု။အဋ္ဌစပုဂ္ဂလဓမ္မဒသာတေ။သံဃမိမံသရဏတ္ထမုပေဟိတိ။ ။ဟူ၍အရိယာသံဃာကိုသာကောက်ယူပြဆိုတော်မူ၏။ ။ယောပုဂ္ဂလသမူဟော၊ အကြင်ပုဂ္ဂိုလ် အပေါင်းကို။ ဒိဋ္ဌိသီလ သံဃာတေန။ အယူသီလ တူမျှသော ပေါင်းခြင်းဖြင့်။ သံဟတော။ပေါင်းအပ်၏။ဉာတိတဿာ။ကြောင့်။သောပုဂ္ဂလသမူဟော။သည်။သံဃော။သံဃာမည်၏။ သောသံဃော။ ထိုသံဃာဟူသည်။ အတ္ထတော။သရုပ်အားဖြင့်။အဋ္ဌအရိယပုဂ္ဂလသမူဟော။ရှစ်ပါးသောအရိယာပုဂ္ဂိုလ်အပေါင်းပင်တည်း။ဟိသစ္စံ။ ဤသရဏဂုံအရာ၌ သံဃာအရကိုအရိယာပုဂ္ဂိုလ်ကိုကောက်ယူသော ငါ၏ အယူသည်မှန်၏။ ဘဂဝတာ။သည်။တသ္မိံယေဝဝိမာနေ။ ထိုဆတ္တမာဏဝိမာနဝတ္ထု ပါဠိတော်၌ပင်လျှင်။ယတ္ထစ။လ။ မုပေဟိတိ။ယတ္ထစ။လ။ မုပေဟိဟူသော။ဝေါဂါထာဝစနံ။ကို။ ဝုတ္တံ။၏။ ။မဏိသာရမဉ္ဇူသာဋီကာ၌ကား။ သံဃာအရကိုဒက္ခိဏေယျသံဃာသမုတိ သံဃာဟူနှစ်ပါးခွဲ၍ အရိယာသံဃာသည် ဒက္ခိဏေယျသံဃာမည်ကြောင်း။ ထိုအရိယာပုဂ္ဂိုလ်ကိုသာ သံဃာဟုယူရသောအရာသည်။သံဃံသရဏံဂစ္ဆာမိ။အစရှိသောသရဏဂုံအရာ၌လာကြောင်း။ ပုထုဇဉ်အရိယာမရွေး ၄ ပါးသော ဝဂ်အစရှိသော ဝိနည်းပညတ်ဖြင့်ပြီးသောသံဃာသည် သမုတိသံဃာမည်ကြောင်း။ ထိုသမုတိသံဃာအရသည်။ သုဏာတုမေဘန္တေသံဃော အစရှိသည်တို့၌ လာကြောင်း။ ဤပဏာမအရာ၌သံဃာအရကိုအရိယာသံဃာကိုသာ ယူအပ်၏ဟုဆရာတို့ ဆိုကြကြောင်း။ ကင်္ခါဋီကာ၌ကား ပဏာမအရာဝယ်သံဃာအရကိုကလျာဏပုထုဇဉ်နှင့်တကွကောက်ယူကြောင်း၊ ထိုကင်္ခါဋီကာ ဆရာကောက်ယူ သည်အတိုင်း ပဏာမ အရာ၌ သံဃာ အရကို ကလျာဏပုထုဇဉ်နှင့်တကွ ကောက်ယူခြင်းသည် သင့်လျော်ကြောင်းကို။ ။သံဃောဒုဝိဓေါဒက္ခိဏေယျသံဃောသမုတိသံဃောတိ။တတ္ထအဋ္ဌအရိယပုဂ္ဂလသမူဟောဒက္ခိဏေယျသံဃောနာမ။ ဒက္ခန္တိဧတာယသတ္တာယထာဓိပ္ပေတာဟိ သမ္ပတ္တိဟိဝဍ္ဎန္တိတိ ဒက္ခိဏာ။ ပရလောကံသဒ္ဒဟိတွာဒါတဗ္ဗဒါနံ။ တံဒက္ခိဏံအရဟတိ ဒက္ခိဏာယဝါ ဟိတော

ယသ္မာနံ မဟာဗ္ဗလကာရိကာယပိသောခေတ်တိဒက္ခိဏေယျော။ ဒိဋ္ဌသိ
လသဿံတေနသံဟတောတိသံဃော။ဒက္ခိဏေယျောစသောါသံဃော
စာတိဒက္ခိဏေယျသံဃောတိကတွာ။သောါသံဃံသရဏံဂစ္ဆာမိတိအာ
ဒိသုအာဂတော။ အပိသေသေနစတုဝဂ္ဂါဒိကောဘိက္ခုသမူဟောသမ္မု
တိသံဃောနာမ။သမဂ္ဂံကမ္မံသရပဂစ္ဆတိတိသံဃော။သရုတိယာစတု
ဝဂ္ဂါဒိ ဝိနယပညတ္တိယာ သိဒ္ဓေါသံဃော သရုတိသံဃောတိ ကတွာ။
သောသုဏာတုမေဘန္တေ သံဃောတိ အာဒိသုအာဂတော။ ဉာဝပနပရ
မတ္ထသံဃာသင်္ဃါတောဒက္ခိဏေယျသံဃောဝအဓိပ္ပေတောတိဝဒန္တိ။ ။
ကင်္ခါဝိတရဏိဋီကာယံပနသမ္မုတိသံဃောပိဂဟိတော။ဝုတ္တံဟိတတ္ထ
ပေါထုဇ္ဇနိကသံဃသာပိ ပုဗ္ဗဘာဂပဋိပဒါယဋ္ဌိတတ္တာ ပူရိမစေတနာ
ဝိယဒါနေဇ္ဈော သင်္ဂဟောဒဋ္ဌဗ္ဗော။ သောပိဟိကဉ္စာပိအရိယေန ဒိဋ္ဌ
သိလသာမညေန အသံဟတော နိယျာနိက ပက္ခိယေန ပန ပေါထုဇ္ဇ
နိကေနသံဟတတ္တာ ဒက္ခိဏေယျပဏိပါတာရဟောသံဃော ယေဝါ
တိ။ တံယုတ္တံကလျာဏပုထုဇ္ဇနေသသာပိ သေက္ခသင်္ဂဟတော။ ။ဟု
ပြဆိုတော်မူ၏။ ဤမဏိမဉ္ဇူ။အလိုအားဖြင့်လည်းသရဏဂုံအရာ၌သံဃာ
အရကိုအရိယာသံဃာကိုသာယူလို၏။ ။သံဃော။သည်။ဒက္ခိဏေယျ
သံဃော။ဇင်း။ သရုတိသံဃော။ဇင်း။ဉာတိ။သို့။ဒုဝိဓော။ နှစ်ပါးအပြားရှိ
၏။တတ္ထ။ ထိုနှစ်ပါးသောသံဃာတို့တွင်။ အဓ္ဓအရိယပုဂ္ဂလသမူဟော။
သည်။ဒက္ခိဏေယျသံဃောနာမ။မည်၏။တောယ။ ဤအလှူဖြင့်။သတ္တာ။
သတ္တဝါတို့သည်။ ယထာဓိပ္ပေတာဟိ။ အကြင်အကြင် အလိုရှိအပ်တိုင်း
ကုန်သော။သမ္ပတ္တိဟိ။ စည်းစိမ်ချမ်းသာတို့ဖြင့်။ဒက္ခန္တိဝဍ္ဎန္တိ။ ပွါးများ
ကုန်၏။ ဉာတိတသ္မာ။ကြောင့်။ သာပုညကိရိယာ။သည်။ဒက္ခိဏာ။ ဒက္ခိ
ဏာမည်၏။ပရလောကံ။ တမလွန်လောကကို။သဒ္ဓဟိတွာ။ ယုံကြည်၍။
ဒါတဗ္ဗဒါနံ။ပေးလှူအပ်သောအလှူကိုရ၏။ယောပုဂ္ဂလော။သည်။တံဒက္ခိ
ဏံ။ ထိုအလှူကို။ အရဟတိ။ ခံခြင်းငှာထိုက်၏။ ဉာတိတသ္မာ။ ကြောင့်။
သောပုဂ္ဂလော။သည်။ဒက္ခိဏေယျော။ ဒက္ခိဏေယျမည်၏။ဝါ။တနည်း
ကား။ယသ္မာ။ကြောင့်။နံဒက္ခိဏံ။ထိုအလှူကို။ မဟာဗ္ဗလကာရိကာယ။ကြီး
ကျယ်ပြန့်ပြောများမြတ်သောအကျိုးရှိသည်ကိုပြုသောအားဖြင့်။ ဝိသော
ခေတိ။သုတ်သင်တတ်၏။ ဉာတိတသ္မာ။ကြောင့်။ သောပုဂ္ဂလော။သည်။
ဒက္ခိဏေယျော။မည်၏။ဝါ။ကား။ယောပုဂ္ဂလော။သည်။ ဒက္ခိဏာယ။အ

လှူအား။ဟိတော။လျှော်၏။ဣတိတသ္မာ။ကြောင့်။ သောပုဂ္ဂလော။သည်။ ဒက္ခိဏေယျော။ မည်၏။ ယောပုဂ္ဂလသမူဟော။ ကို။ ဒိဋ္ဌိသီလသင်္ဃာ တေန။ အယူသီလတူမျှသောပေါင်းခြင်းဖြင့်။သံဟတော။ပေါင်းအပ်၏။ ဣတိတသ္မာ။ကြောင့်။သောပုဂ္ဂလသမူဟော။သည်။ သံဃော။သံဃာမည် ၏။သောပုဂ္ဂလသမူဟော။သည်။ဒက္ခိဏေယျောစ။အလှူကိုခံထိုက်သည် လည်း။ ဟောတိ။၏။ သံဃောစ။ အယူသီလတူမျှသောပေါင်းခြင်းဖြင့် ပေါင်းအပ်သည်လည်း။ဟောတိ။၏။ဣတိကတွာဣမိနာကာရဏေန။ဤ သို့သောအကြောင်းကြောင့်။ဒက္ခိဏေယျသံဃောနာမ။ ဒက္ခိဏေယျသံ ဃာမည်၏။သော။ ထိုဒက္ခိဏေယျဖြစ်သောအရိယာသံဃာကိုသာသံဃာ ဟုဆိုရခြင်းသည်။ သံဃံသရဏံဂစ္ဆာမိတိအာဒိသု။ သံဃံသရဏံဂစ္ဆာ မိဟူသောသရဏဂုံအရာစသည်တို့၌။အာဂတော။လာ၏။ အပိသေသေ န။ပုထုဇ္ဇဉ်အရိယာမရွေးသာမညအားဖြင့်။စတုဝဂ္ဂါဒိကော။ စတုဝဂ္ဂအ စရှိသော။ဘိက္ခုသမူဟော။ရဟန်းအပေါင်းသည်။ သမုတိသံဃောနာ မ။မည်၏။ ယောဘိက္ခုသမူဟော။သည်။သမဂ္ဂံ။အညီအညွတ်။ ကမ္မံ။စ တုဝဂ္ဂစသေါကံသို့။သရုပဂစ္ဆတိ။ကောင်းစွါကပ်တတ်၏။ဣတိတသ္မာ။ ကြောင့်။သောဘိက္ခုသမူဟော။သည်။သံဃော။မည်၏။ သမုတိယာစ တုဝဂ္ဂါဒိပိနယပညတ္တိယာ။စတုဝဂ္ဂအစရှိသောဝိနည်းပညတ်တော်ဖြင့်။ သိဒ္ဓေါ။ပြီးသော။သံဃော။သံဃာတည်း။ဣတိကတွာဣမိနာကာရဏေ န။ကြောင့်။ သမုတိသံဃော။ မည်၏။သော။ ထိုပုထုဇ္ဇဉ်အရိယာမရွေး သာမညဖြစ်သောရဟန်းအပေါင်းကို သံဃာဟုဆိုရခြင်းသည်။သုဏာ တုမေဘန္တေသံဃောတိအာဒိသု။ဤသို့အစရှိသေါအရာတို့၌။အာဂတေါ။ ၏။ပန။ ထိုသို့ပင်ဒက္ခိဏေယျသံဃာသမုတိသံဃာဟုနှစ်ပါးပြားသော် လည်း။ဣဓ။ဤပဏာမအရာ၌။ပရမတ္ထသံဃာသင်္ခါတော။ပရမတ္ထသင်္ဃာ ဟုဆိုအပ်သော။ ဒက္ခိဏေယျသံဃော၀။ကိုသာလျှင်။ အဓိပ္ပေတော။၏။ ဣတိ။ဝှ့။အာစရိယာ။ တို့သည်။ဝဒန္တိ။ကုန်၏။ကင်္ခါဝိတရဏီဋီကာယံပန။ ၌ကား။ သမုတိသံဃောပိ။ကိုလည်း။ဂဟိတော။ယူအပ်၏။ဟိသစ္စံ။၏။ တတ္ထ။ ထိုကင်္ခါဝိတရဏီဋီကာ၌။ ပေါထုဇ္ဇနိကသံဃဿာပိ။ လ။ သံ ဃောယေဝါတိ။ ပေါထုဇ္ဇနိကသံဃဿာပိ။ လ။ သံဃောယေဝဟူ၍။ ဝုတ္တံ။၏။ကလျာဏပုထုဇ္ဇနဿာပိ။ကလျာဏပုထုဇ္ဇဉ်သင်္ဃာကိုလည်း။ သေက္ခသင်္ဂဟတော။ အဋ္ဌကထာတို့ဝယ် သေက္ခပုဂ္ဂိုလ်၌ သင်္ဂြိုဟ်ရေ

တွက်အပ်သောကြောင့်။တံ။ ထိုကလျာဏပုထုဇဉ်သင်္ဃာကိုလည်း သံ
ဃပဏာမအရာဝယ်ယူအပ်၏ဟူ၍ ကင်္ခါဝိတရဏီဋီကါဆရာဆိုသော
စကားသဉ်။ယုတ္တံ။သင့်၏။ ။ဤဝိမာနဝတ္ထုပါဠိတော်သီလက္ခန်အဋ္ဌက
ထာခုဒ္ဒကပါဌအဋ္ဌကထာမဏိသာရမဉ္ဇူသာတို့ဝယ် သရဏဂုံအရာ၌
သံဃာအရကိုအရိယာပုဂ္ဂိုလ်ကိုသာကောက်ယူဟောပြတော်မူသည်။ ။
အချို့သောဆရာမြတ်တို့ကား။ ကင်္ခါဝိတရဏီဋီကာဝယ်။ ရတနတ္တယ
ပဏာမအခွင့်အရာ၌ကလျာဏပုထုဇဉ်သင်္ဃာကိုလည်း အရိယာသင်္ဃာ၌သွင်း
ယူသကဲ့သို့ရင်း။ အဋ္ဌကထာတို့၌ကလျာဏပုထုဇဉ်သင်္ဃာကိုဒက္ခိဏေ
ယျသင်္ဃာသောက္ခပုဂ္ဂိုလ်တို့၌ သွင်းယူသကဲ့သို့ရင်း။ ဤသရဏဂုံအရာ၌
လည်းကလျာဏပုထုဇဉ်သင်္ဃာကိုလည်း အရိယာသင်္ဃာ၌သွင်း၍ပင်ယူ
ရမည်ဟုမိန့်ဆိုကုန်၏။ ။သရဏ ၃ ပါးတို့ကိုရှေးနော်အစဉ်အားဖြင့်ဆို
ရကြောင်းကိုပြဆိုရာ။ ။ဧတေသုစတိသုသရဏဝစနေသုသဗ္ဗသတ္တာ
နံအဂ္ဂေါတိကတွာပထမံဗုဒ္ဓေါ။ တပ္ပဘဝတောတဒုပသေဝိတတောစ
တဒနန္တရံဓမ္မော။ တဿဓမ္မဿ အာဓါရကတော တဒါသေဝန တော
စအန္တေသံဃော။ သဗ္ဗသတ္တာနံဝါ ဟိတေဝိနိယောဇ ကောတိကတွာပ
ထမံဗုဒ္ဓေါ။ သဗ္ဗသတ္တ ဟိတတ္တာတဒနန္တရံ ဓမ္မော။ ဟိတာဓိ ဂမာယ
ပဋိပန္နောအဓိဂတဟိတောစာတိကတွာအန္တေသံဃော။ ။ဟူသော
စကားဝယ်။ဟိတာဓိဂမာယပဋိပန္နော၌ဟိတအရသဉ်အရိယမဂ်နိဗ္ဗာန်
ပင်ဖြစ်ရကား။ ထိုအရိယ မဂ်နိဗ္ဗာန်တွင် သောတာပတ္တိမဂ်ကို ရခြင်း
ငှာကျင့်သောပုဂ္ဂိုလ်ဟူကလည်း ကလျာဏပုထုဇဉ်သာ ဖြစ်ရာသော
ကြောင့် ဤသရဏဂုံအရာ၌လည်း ကလျာဏ ပုထုဇဉ်ကို သံဃာအရ၌
သွင်းယူခြင်းသည်သင့်ရာပေ၏ဟူ၍လည်းယူကြ၏။ ။စ။အဖို့တပါးကို
ဆိုဦးအံ့။ဧတေသုတိသုသရဏဝစနေသု။ သရဏဂုံကိုဟောပြကြောင်း
ဖြစ်သောထိုစကား ၃ ရပ်တို့၌။ဗုဒ္ဓေါ။မြတ်စွာဘုရားသည်။သဗ္ဗသတ္တာ
နံ။ ခပ်သိမ်းသောသတ္တဝါရှိသမျှတို့ထက်။အဂ္ဂေါ။မြတ်တော်မူ၏။ ဣတိ
ကတွာ။ ဤသို့နှလုံးပြု၍။ဝါ။ဣတိကတွာဣမိနာကာရဏေန။ ဤသို့သော
အကြောင်းကြောင့်။ဗုဒ္ဓေါ။ကို။ပထမံ။ရှေးဦးစွာ။ ဝုတ္တော။ဟောတော်မူ
အပ်၏။ဓမ္မဿ။၏။တပ္ပဘဝတောစ။ထိုဒေသကဖြစ်သောမြတ်စွါဘုရား
လျှင်အကြောင်းအမွန်ရှိသည်၏အဖြစ်ကြောင့်ရင်း။ တဒုပသေဝိတတော
စ။ထိုမြတ်စွာဘုရားတို့သည် ဂေါစရာသေဝနဘာဝနာသေဝနအားဖြင့်

မပြတ်မှိဝဲအပ်သည်၏ အဖြစ်ကြောင့်ငင်း။ တဒနန္တရံ။ ထိုမြတ်စွာဘုရား တည်းဟူသောသရဏာကိုဟောပြသည်၏အခြားမဲ့၌။ ဓမ္မော။ ကို။ ဝုတ္တော။ ၏။ တာသဓမ္မသာ။ ထိုတရားတော်၏။ အာခါရကတောစ။ တည်ရာဖြစ်သောကြောင့်ငင်း။ တဒါသေဝနတောစ။ ထိုတရားကိုမပြတ် မှိဝဲ့တတ်။ ထိုတရားတော်လျှင် မပြတ်မှိဝဲရာ ရှိခြင်းကြောင့်ငင်း။ အန္တေ။ အဆုံး၌။ သံဃော။ ကို။ ဝုတ္တော။ ၏။ ဝါ။ တနည်းကား။ ဗုဒ္ဓေါ။ သည်။ သဗ္ဗသတ္တာနံ။ အလုံးစုံသောသတ္တဝါတို့ကို။ ဟိတော။ အစီးအပွါး၌။ ဝိနိယောဇကော။ ယှဉ်စေတော်မူတတ်၏။ ဇာတိကတ္တာ။ ၍။ ဝါ။ ဇာတိကတ္တာဇာမိနာကာရဏော။ ကြောင့်။ ဗုဒ္ဓေါ။ ကို။ ပထမံ။ စွါ။ ဝုတ္တော။ ၏။ သဗ္ဗသတ္တဟိတတ္တာ။ ခပ်သိမ်းသောသတ္တဝါတို့၏အစီးအပွါး၏အဖြစ်ကြောင့်။ တဒနန္တရံ။ ၌။ ဓမ္မော။ ကို။ ဝုတ္တော။ ၏။ သံဃော။ သည်။ ဟိတာဓိဂမာယ။ အစီးအပွါးကိုရခြင်းသိခြင်းငှာ။ ပဋိပ္ပန္နောစ။ ကျင့်သည်လည်း။ ဟောတိ။ ၏။ အဓိဂတဟိတောစ။ ရအပ်ပြီးသော အစီးအပွါးရှိသည်လည်း။ ဟောတိ။ ၏။ ဇာတိကတ္တာ။ ၍။ ဝါ။ ဇာတိကတ္တာဇာမိနာကာရဏော။ ကြောင့်။ တဒနန္တရံ။ ထိုတရားတော်ကိုဟောသည်၏အခြားမဲ့၌။ သံဃော။ ကို။ ဝုတ္တော။ ၏။ ။ ယာခင်သာရဏ္ဏ ဒိပနီဝယ်။ တဏ္ဍသရဏာန္တိစသည်ဖြင့်သရဏံဝယ် သရဏ်တ်၏ညှင်းဆဲခြင်းဟိံသနတ္ထကိုဟောသည်၏အဖြစ်။ ယုပစ္စည်း၏ကတ္တားအနက်၌ သက်သည်၏အဖြစ်ကြောင့်သရဏာသဒ္ဒါကိုကတ္တုသာဓ်ပြုအပ်သည်၏ အဖြစ်တို့ကိုပြသည်။ ။ တသ္မာသရဏာဂတာနံစသည်ဖြင့်ဤ၌ညှင်းဆဲ သောဟူသည်ဖျက်ဆီးခြင်းဖြစ်ကြောင်း။ ရတနာ ၃ ပါးတို့ကိုကိုးကွယ် ရာဟူ၍ဆည်းကပ်ကြောင်းဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဝဋ်ဆင်း ရဲဘေးစသည်၏အကြောင်းဖြစ်သောကိလေသာတို့ကို ဖျက်ဆီးရကား ထိုကိလေသာတို့၏အကျိုးဖြစ်သော ဝဋ်ဆင်းရဲဘေးစသည်ကိုဖျက်ဆီး သည်မည်ကြောင်း။ ထိုသရဏာဂမနအရဖြစ်သောကုသိုလ်သည် ရတ နာ ၃ ပါးကိုအာရုံပြု၍ ထိုဘေးစသည်ကို ဖျက်ဆီးရချေရကား။ အာရုံ ဖြစ်သောရတနာ ၃ ပါးသည်ပင်ဖျက်ဆီးသည်မည်ကြောင်းသရဏာအ ရကိုရတနာ ၃ ပါးကိုကောက်ယူရမည်အကြောင်းတို့ကိုပြသည်။ ။ အထဝါအစရှိသောနောက်ဝိကပ်ဖြင့်ကား ရတနာ ၃ ပါးတို့၏အသီးအ သီးသောမိမိတို့ဂုဏ်သတ္တိအကြောင်းဖြင့် အသီးအသီးဘေးကိုဖျက်ဆီး ဟန်။ အသီးအသီးသရဏာမည်ကြောင်းကိုပြသည်။ ။ တဏ္ဍ။ ထိုဗုဒ္ဓံ

